၉၇၄၄

သာသနသောဓက သံဃရာဇာ သာသနာပိုင်ဆရာတော်
သာသနာပြု သုဓမ္မာဆရာတော်, ဂိုဏ်းချုပ်ဆရာတော်,
ဂိုဏ်းအုပ်ဆရာတော်, ဂိုဏ်းထောက်ဆရာတော်,
အနုဝဇ္ဇက ဆရာတော်-စသော
အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်
ဝိနည်းမိုရ်ဆရာတော်ဘုရားကြီးအများ တရားကျမ်းဂန်
လမ်းမှန်သိပ်သည်း နိဿယည်းမှုတင် စီရင်လက်စွဲ
အမြဲသုံးသပ် ဆုံးဖြတ်တော်မူကြသော

ဝိနယသမုဋ္ဌာဝိနိစ္ဆယကျမ်း

(တတိယတွဲ)

ကဗျာ့ပဏ္ဍိတ-ဦးနိဂြောဓ အသျှင်
တည်းဖြတ် သုတ်သင် ပြုပြင်စီမံသည်။

မူပိုင်ရှင်
ဦးစံညွန့် ၏ သမီး-ဒေါ်ဖွားခင်၊ သား-ဦးလှမောင်-ဒေါ်မိမိ
ရန်ကုန်-မန္တလေး ပိဋကတ်စာအုပ်ဆိုင်
ဈေးချိုတော်-စီရုံ၊ အမှတ် (၂—၃) မန္တလေးမြို့။



နိဒါနခဏ္ဍ ဂါထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

စောရံ ဝေရံ နရံ ခဂ္ဂေါ၊ သံဆိန္ဒတိ အသေသတော၊
တထာယံနိဿယော အဂ္ဂေါ၊ သံသုံ ဆိန္ဒေ အသေသတော။
(အာသီသပဋ္ဌနာ-သန်လျက်ဂါထာပါဌ်)

ရိပုံ ဇယတု။ ။ခဂ္ဂေါ-မဏိရတနာ ချယ်စီမွမ်းသော တန်းဆာ လက်နက်ထားသန်လျက်သည်၊ စောရံ-လောဘရမ္မက် လွှမ်းမိုးတက်၍ နိုင်ထက်တမူ အရယူသော ခိုးသူကိုရင်း၊ ဝေရံ - တဦးနှင့်တဦး ကျေးဇူးမဆို မျက်လိုမာန်အိုက် စရိုက်မဖြူ ရန်သူသဖွယ်ဖြစ်သော၊ နရံ-မဇ္ဈေ ဋ္ဌသော အဘိဇ္ဈာပြောထူ နိုင်ထက်ကလူ သောင်းကျန်းမူသော လူကိုရင်း၊ အသေသတော-ခပ်သိမ်းဥဿုံ လုံးစုံပြို့ပြို့ အကြွင်းမဲ့အောင်၊ သံဆိန္ဒတိယထာ-ခန္ဓာနာမ်ရုပ် ဝိညာဏ်ပြုတ်အောင် ဖြတ်ခုတ်တတ်သကဲ့သို့၊ ဧဝံတထာ - ထိုသန်လျက်မင်း ဝိညာဏ်ကင်းအောင် ဖြတ်ခြင်းဥပမာနှင့် အတူ၊ အဂ္ဂေါ- မြင့်မြတ်သော၊ ဝါ, အဇ္ဈေါ-အဖိုးအနဋ္ဌ ထိုက်တန်လှသော၊ အယံနိဿယော-ဤ (ဝိနယသမ္မဟ) နာမပညတ် ကမ္ပည်းတပ်သော အဆုံးအဖြတ်သည်၊ သံသုံ-ဉာဏ်ရောင်ပညာ မလင်းသာအောင် အဝိဇ္ဇာမောဟ ပွမ်းပွမ်းထ၍ နှေ့ညဖိစီးသော ခိုးသူကြီး သံသယကို၊ အသေသတော-အကြွင်းအကျန် မရှိအောင်၊ ဆိန္ဒေ ဆိန္ဒတိ-ဝိနိစ္ဆယအရာ အဖြာဖြာကို ပါရဂူမြောက် မှာဘက်ကမ်းရောက် ထုတ်ချောက်ဆောလျင် ကုန်စင်အောင်ဖြတ်တတ်၏၊ ဝါ-ဖြတ်တတ်စေတမင့်၊ ဝါ-ဖြတ်စေတမ့်၊ ဝါ-ဖြတ်စေခလို။

ဤကား နိဒါနခဏ္ဍ-အာသီသပဋ္ဌနာ မှုရာ
သန်လျက်ဂါထာပါဌ်အနက် ပြီး၏။

နိဒါန်း

အောင်သူတကာတို့၏ ပဝရာဘိသုခဇ ဓမ္မဿာမိ မုနိအထွတ်၊ တမွတ်
ဥသျှောင်၊ အောင်သူမျှားဘ၊ သိရိန္ဒဖျား၊ လူသုံးပါးတို့၏ ပတ္တမြားဝဇိရာ
နီလာမြသား၊ ပြယိုးယားအစစ်၊ ပြည်တန်မျက်နှစ်၊ အတုလကေရာဇ်၊ကာမရူပ
အရူပသိမ်းကျုံး သုံးဘုံလုံး၌ မင်းဆုံးဓမ္မရာဇ် ဖြစ်တော်မူသော ဒေဝါတိဒေဝ
ဗြဟ္မာတိ ဗြဟ္မာ့၊ပဝရပြဘင်၊ မာရ်နှင်ပရမေ၊ စောဘုန်းဝေသည်၊ သချေ်လေး
ထပ်၊ ကပ်တသိန်းပွား၊ဘုရားလောင်းတို့ တံတွာ၊ ပါရမီစာဂ၊ စရိယသုံးဆင့်၊
အကိုက် ညွန့်ခက်၊ အရွက်ဖူးငုံ၊ အမုံလှတင့်၊ မြင့်ထက်မြင့်၍၊ ရင့်လေရကား၊
ငါးပါးတပြင်၊ မာရ်သေ့နင်ကို၊ အောင်မြင်တိုက်လှည်းရာ ဒေဝသည်းဖွန်၊
မာရ်ပြည်စွန်ကို၊ အောင်တံခွန်ဆောက်၊ အောင်သေသောက်ရာ၊ အပရာဇိတ၊
ဘူမျှော့ဦးကင်၊ ပလ္လင်ရွှေနန်း၊ သိမ်းမြန်းချုပ်ချာ၊ ထေးသစ္စာကို၊ ဆရာမရှိ၊
ကိုယ်ထူးသိ၍၊ မိပတိမှန်ချက်၊ အရဟတ္တမဂ်၊ ကနက်လွတ်ကျွန်း၊ ဖြူဝန်း
ဖွင့်လှစ်တော်မူသဖြင့် ငါးဆင့်ဥဒေယျ၊ အနန္တသာဂရ အနာဝရဏ သဗ္ဗညုတ
ညာဏ်ကို ပန်ဆင်တော်မူပြီးမှ မဏ္ဍလသုံးလီ၊ ကြွချီဒေသစာ၊ ဝေနေယျကြာ၊
သတ္တဝါကို၊ ဒေသနာရေအေး၊ တိုက်ကျွေးဝေ့၊ ကောဏ္ဍညသုဘဒ်၊ စဆုံး
သတ်သား၊ လူနတ်တရုံ၊ ကုန်အောင်စုံကို၊ ဘုံခေမာသောင်၊ နိဗ္ဗာန်ခေါင်သို့၊
ကြည်းဆောင်သယ်ငင်၊ ကယ်တင်ကူးတို့၊ ပို့ယူနုတ်၍၊ ထုတ်ပေအနန္တ၊ ဗုဒ္ဓ
ကိစ္စ၊ သဗ္ဗတော ဘဒြ၊ ပြီးကုန်င–သဖြင့်၊ အမတရွှေဘုံ၊ ရိပ်မြုံတင့်ဆန်း၊
သာကြွင်နန်းကို နန်းသိမ်းသဘင်၊ ခံရင်ရိက်တီး၊ ပြည်ကြီးနိဗ္ဗာန်၊ စံဝင်တော်
မမူမီ ထို၍များစွာ၊ သတ္တဝါကို၊ မဟာကရုဏာတော် နှိုးဆော်တိုက်တွန်း
လေရကား ကိုယ်စား တော်စား၊ ရည်မှတ်သား၍၊ ဘုရားငါနှင့်၊ အသင့်
အာရုံ၊ မကြုံမကြိုက်၊ မတွေ့ထိုက်လည်း၊အမြိုက်ကိုးပါး၊ ငါ့တရားကို၊ ကြား
နာရ၍၊ တကွငါနှင့်၊ အသင့်ကြုံကြိုက်၊ ငါ့စရိက်ကို၊ လိုက်ကြပစေ၊ မဂ္ဂဖလ၊
နိဗ္ဗာနကို၊ ရပစေဟု၊ စေ့ရေပိုင်းခြား၊ ယုဂဖလ၊ ဓမ္မအပြား၊ ငါးထောင်အား
ဖြင့်၊ ထားတော်မူခဲ့သော သာသနာတော်သည် သပြေမင်္ဂလာ၊ ဇမ္ဗူဒီပါ၊
သိရိဌယ၊ နာမဘိမေယျာ၊ လင်္ကာဒီပ၊ ရတနာပုဥ္၊ ရတနာပုဏ္ဏ၊ နွတ္တ
ကြောင်းလျှော်၊ ကောင်းခြီးခေါ်သည်၊ ဤရတနာပုံ ရွှေမြို့တော်ကြီး၌ ညီးညီး
ဝင်းဝါ၊ ထောင်ရောင်ဖြာသည်၊ စကြာနေမင်း၊ သုံးကျွန်းခပင်း၊ ပြိုးပြိုးဝင်း
သကဲ့သို့ ရှင်လူခပင်းတို့၏ စီးပွားချမ်းသာကို ရှာယူဖြည့်တင်း၍ သာသနာ
တော် တည်းဟူသော နေမင်းသည် ထွန်းလင်းတောက်ပတော်မူပေသတည်း။

ယင်းသို့ တာရိဿရ၊ လသီတဂူ၊ယုန်ဖြူရွှေအိမ်၊ ထိန်ထိန်လှည့်ဝန်း၊မြန်တို့ ကျွန်း၌၊ ကွန့်ရွှန်းမြူးကာ၊ပမာတန်ဆောင်၊ ပြောင်ပြောင်ကြီး ထွန်းတောက်ပ တော်မူစဉ်အခါ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး သားတော် မင်းတရား ကြီး မင်းထီးမင်းဖျား မင်းဘ သားနှစ်ပါး မြှောက်စားကိုးကွယ်တော်မူသော သုံးပုံပိဋကတ်၊ မုခပါဌ်ကို၊ တတ်လိုသူတို့၏ ကိုးကွယ်ရာတမူလည်း ဖြစ်ထ သော ပညာမုံရည်၊ထေရ်စွယ်စုံဟု၊ အာရုံတွေးထောက်၊ ရွေးကောက်ပြီးကာ၊ သုဓမ္မာဝယ်၊ တင့်တယ်စွာ ဌာနန္တရ ဝိသေသဖြင့် အထူးခြီးပ၍ ဝိဝါဒ ဖြစ် ကြသည့် အနာထပုဂ္ဂိုလ်တို့၏ ကိုးကွယ်ရာတမူလည်း ဖြစ်ထသော လောကီ အရာ၊ ဘာသာသက္ကဋ၊ ဗျာကရုဏာဒဏ္ဍီ၊ ဘင်္ဂရီ နာဂရီ ဗာဟီကျမ်းဂန်၊ အဘိဓာန်အလင်္ကာ၊ သဒ္ဒါ ပုဒ်ပါဌ်၊ ရုပ်ဓာတ်ပစ္စည်း၊ ဆန်းနည်းမတြာ၊ ဂါထာဥပဒေ၊ အနေအထား၊ စကားဥပါယ်၊ မှတ်ဖွယ်ကျမ်းရိုး၊ ဆိုမျိုး ဘာသာ၊ အရာရာတို့၌၊ လိမ္မာတတ်ကျွမ်းသော တန်းခိုးသတင်း ကျော်စော ခြင်းလည်း ရှိထသော ခမာဇာဂရိယ စသည်အင်္ဂါ နာယကဂုဏ် ခြောက်ဖြာ ဖြင့် မာနကိုမထောင်လွှား သူတပါးနှင့် မဆန့်ကျင် ဖြူစင်သော သိက္ခာပုဒ် ကို မယုတ်မနွမ်းစေရ၊ အတ္တုက္ကံသန ပရဝမ္ဘနမရှိ၊ နိဝါတဝုတ္တိ အလီနဝိရိယ ဥဇုကသမာစာရ သီလသမာဓိ စသောဂုဏ်တို့ဖြင့် ပြည့်စုံလှစွာသော မဟာ ထေရ်ကြီး တမူလည်းဖြစ်ထသော ဤသို့ စသည့် ဂုဏ်ပေါင်း၊ ရေသော် ညောင်းမျှ၊ အသောင်းမက၊ သိဿာနုသိဿတို့၏ ကိုးကွယ်မှီခို ရှိသေလေး မြတ်ကြရာ ဖြစ်တော်မူသော သာသနဝံသောဓက သံဃရာဇာ (မောင်း ထောင်) သာသနာပိုင် ဆရာတော်ဘုရားကြီးမှစ၍ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု လှုလှူခတ်နိုင်၊ တံဆိပ်မင်းစံ၊ နာမံထင်ပေါ်၊ ကျမ်းဂန်တတ် ပုဂ္ဂိုလ်ကျော် ဆရာတော် ဘုရားကြီးတို့သည် စီရင်ဆုံးဖြတ်အပ်သော ဤ (ဝိနယ သမူဟ ဝိနိစ္ဆယကျမ်း) တတိယတွဲ ကို မန္တလေးမြို့ ဈေးချိုတော် စီရုံ- ဆိုင်နံပါတ် ၂-၃၊ ရန်ကုန် မန္တလေး ပိဋကတ် စာအုပ်တိုက်ဆိုင်ရှင် (ဦးစံညွန့် သား- မောင်လှမောင်)က ကောင်းမွန်သည်ထက် ကောင်းအောင် ထပ်မံလုပ်ဆောင် ပါသတည်း။

ဤဝိနယသမူဟ ဝိနိစ္ဆယကျမ်း-တတိယတွဲ၌ ပါဝင်သော ဝိနည်းဆိုင်ရာ အသုံးအဖြတ် ကျမ်းစာများ

မန္တလေး-ရတနာပုံ ပဉ္စမမြို့တည် နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘုရင် မင်းတုန်းမင်းတရားကြီးဘုရား မြောက်စား ကိုးကွယ်တော်မူသော ဥဇ္ဇယျ- ဓမ္မာဘိဝံသ သိရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု လွှတ်တုခတ်နှိပ်တံဆိပ်တော်ရ မန္တလေးမြို့ရှေ့ မဟာဝိသုတာရာမတိုက်တော် ကြီး မဟာတုလွှတ်ဘုံစံ ရွှေကျောင်းကြီး၏အရှင် ထိပ်ခေါင်တင် သာသနာ ပိုင် ဆရာတော်ဘုရားကြီးသည် ဝိဝါဒါဓိကရဏ စောဒက စုဒိတကပုဂ္ဂိုလ် တို့ အဆို နှစ်ပြင်ကို စီရင်ဆုံးဖြတ်တော်မူသော-

ဝိဝါဒဝိနိစ္ဆယကျမ်း

ကုန်းဘောင်မင်းအစ ပဉ္စမ အလောင်းမင်းတရားကြီး မြောက်ချီးကိုးကွယ် တော်မူသော အတုလသာသနာပိုင် ဆရာတော် စီရင်ဆုံးဖြတ်တော်မူသော

အတုလဖြတ်ထုံး

အရည္ဝါသီ တောရပုဂ္ဂိုလ် ဝိနည်းမိုရ် ဆရာတော်ဘုရားကြီးအများ ရေးသား ဆုံးဖြတ်တော်မူသော-

ဝိနယဝိနိစ္ဆယရာသီကျမ်း

ကထိနဝိနိစ္ဆယကျမ်း

ကျီးသဲလေးထပ်ဆရာတော် အရှင်မုနိန္ဒာဘိဓဇ စီရင်အပ်သော-

အလဇ္ဇီပဂ္ဂဟဝိနိစ္ဆယကျမ်း

မိတ်ဆက်နိဒါန်း

ကွယ်ပခြင်း ၄ မျိုး လောက၌ တိမ်ကောကွယ်ပခြင်း အမျိုးမျိုး ရှိသည့်အနက် မဂ်လေးပါး ဖိုလ်လေးပါး,ပဋိသမ္ဘိဒါလေးပါး, ဝိဇ္ဇာသုံးပါး, အဘိညာဉ်ခြောက်ပါး ကွယ်ပခြင်းဟု ဆိုအပ်သော အဓိဂမ အန္တရဓာန်။ (နိဗ္ဗာနမ္ပန အန္တရဓာနဘာဝတော ဣဓ န ဂယှတိ။)

အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာဟု ဆိုအပ်သော သိက္ခာသုံးရပ်ကို ကြိုးပမ်းအားထုတ်မှု ကွယ်ပခြင်းဟု ဆိုအပ်သော ပဋိပတ္တိ အန္တရဓာန်။

ပိဋကတ်သင်ကြားမှု ကွယ်ပခြင်းဟု ဆိုအပ်သော ပရိယတ္တိ အန္တရဓာန်။

ရဟန်းကောင်း ရဟန်းစစ်အသွင် ကွယ်ပခြင်းဟု ဆိုအပ်သော လိင်္ဂအန္တရဓာန်။

ဘုရားရှင်၏ ဓာတ်တော် မွေတော်စစ်များ ကွယ်ပခြင်းဟု ဆိုအပ်သော ဓာတု အန္တရဓာန်-ဤငါးပါးသော ကွယ်ပခြင်းကို သာသနာတော် ကျမ်းဂန်များက အသိအမှတ်ပြုထားကြသည်။

ပရိယတ္တိ ကွယ်ပခြင်း ထို ကွယ်ပခြင်း ငါးမျိုးအနက် ပရိယတ္တိ ကွယ်ပမှုသည် အလွန် အရေးကြီးသော ကွယ်ပမှုကြီး ဖြစ်သည်၊ အကြောင်းသော်ကား...ပရိယတ္တိကွယ်လျှင် ပဋိပတ္တိကွယ်သည်၊ ပဋိပတ္တိကွယ်လျှင် အဓိဂမခေါ်သော ပဋိဝေဓ ကွယ်လေတော့သည်၊ ပဋိဝေဓ ကွယ်လွန်လျှင် တလောကလုံး မှောင်ကြီးအတိ ဖုံးလွှမ်း လေတော့သည်၊ အကြင်မျှလောက် ဘုရားတည်းဟူသော နေမင်း, ဘုရားတည်းဟူသော လမင်း တဖန် မပေါ်ထွက်သေး၊ ထိုမျှလောက် လောကသူ လောကသားတို့၏ အသိဉာဏ် အာယ်အနုကလေးဖြင့် ထိုထိုပရမတ်တရား, ဓာတ်တရားတို့၏ (သဘာဂ ဓမ္မာနံ - သဘာဝဓမ္မာနံ မဟုတ်) အမည်သညာမျှ ကိုပင် မသိ မမြင်နိုင်ရှာ၊ ထို့ကြောင့် ပရိယတ္တိ ကွယ်ပမှုကြီး မဖြစ်ရအောင် တတ်နိုင်သမျှ ကာကွယ် ကြိုးစားကြရန်မှာ ဗုဒ္ဓဘာသာဝင် ရှင် လူတိုင်း၏ မလွှဲမသွေ ဧကန် တာဝန်ကြီးတရပ်ပင် ဖြစ်ပေသည်။

ကွယ်ပုံအစဉ် ပရိယတ္တိသာသနာ ကွယ်လုလတ်သော် ပဋ္ဌမအဖွင့် အဋ္ဌကထာများ (အနက်အဓိပ္ပါယ်)ကွယ်ပေသည်၊ နောက်မှ ပါဠိတော် ကွယ်သည်၊ ပါဠိတော်များတွင်လည်း အဘိဓမ္မာခုနစ်ကျမ်း အလျင် ကွယ်သည်၊ နောက်-အင်္ဂုတ္တရနိကာယ် ကွယ်သည်၊နောက်-သံယုတ္တနိကာယ်, နောက်-မဇ္ဈိမနိကာယ်, နောက် ဒီဃနိကာယ် ကွယ်သည် (ရှေးရှေးကျမ်း နောက်မှ ကွယ်၍ နှောင်းနှောင်းကျမ်း အလျင် ကွယ်သည်ကား ကွယ်ရိုး တည်း။)

ထိုအချိန်တွင် ဝိနယနှင့် ဇာတကများ ကျန်ရှိနေသေးသည်၊ ဝိနည်း ပိဋကတ်ကို ယဇ္ဇိရဟန်းတော်များသာ ဆောင်ကြတော့၏၊ လာဘ် လာဘ လိုသားသူများကား သုတ္တန် ပါဠိတော်များကို ဟောသော်လည်း မှတ်မိနိုင် သူ မရှိကြ၍ (ယူဆ၍) ဇာတ်ဘော်များကိုသာ ဆောင်ကြ၏။

ဇာတ်ဘော်များတွင်လည်း ဝေဿန္တရာဇာတ်တော်ကြီး အလျင် ကွယ်၍ အပဏ္ဏကဇာတ်တော် နောက်ဆုံးမှ ကွယ်၏။

ဝိနည်းတွင်လည်း ပရိဝါပါဠိတော် အလျင်ကွယ်၍ ဉပုသ်ခန်းခေါ် ဝိနည်း မာတိကာပါဠိမှ နောက်ဆုံး ကျန်ရစ်၏၊ (ဉပေါသထက္ခန္ဓကမတ္တန္တိ ဝိနယ မာတိကာပါဠိမာဟ။ ။အင်္ဂုတ္တိုရ်ဋီကာသစ်။)

ထိုအချိန်အထိ သာသနာသက် တည်ရှိနေသေးသည်၊ ဝိနည်းတည်လျှင် သာသနာတည်သည်၊ ဝိနည်းကား...သာသနာတော်၏ အသက်ပေတည်း။

ဤကား ပရိယတ္တိသာသနာ ကွယ်ပပုံ အစုအစဉ် အမြွက်တည်း။

စာပေကွယ်ပုံ ဂန္ထန္တရ စာပေလည်း တစတစ ပျောက်ကွယ်တိမ်မြုပ်တတ် သော သဘောရှိသည်၊အလိုအလျောက် ဆွေးမြေ့သွားခြင်း ...ဘေး, ရေဘေး,ခြဘေး-စသော အန္တရာယ်များကြောင့် ပျောက်ပျက်သွား ခြင်းကား သင်္ဘာနယ်ဝင် ပေ, ပုရပိုက်, စာအုပ်စာတမ်းများ၏ 'ဝိပရိဏာမဋ္ဌ' ခေါ် ဒုက္ခသစ္စာအနက် အချက်ကြီး တချက်ပင် ဖြစ်လေစွ... ဩ။

"ဂ"ငယ်သုံးခု၊ ဦးသျှစ်ယု"ခေါ် "ရွှေပြည်အင်းဝ၊ ပုဂံစသား၊ မြန်မာ့ လက်နက်၊ ပျက်လသော"အချိန်အခါကလည်း မြန်မာတို့၏ ပေ, ပုရပိုက်

အမှတ်အသားများ မည်မျှ ပျက်စီး ဆုံးရှုံးသွားမည်ကို တွေးတောကြည့်က နှလုံး စိတ်ဝမ်း ချမ်းမြေ့နိုင်စရာပင် မရှိပါ၊ (သာသနာလင်္ကာရ စာမျက်နှာ ၁၅၃-ကြည့်ပါ။)

ပဥ္စမ အင်းဝခေတ် ပျက်စီးပြီးနောက် ဒုတိယ အင်းဝခေတ်ပေါ် တောင်ဖီလာ ဆရာတော်ဘုရားကြီး (၉၄၀-၁၀၁၃)၏ အသံကို နားထောင်ကြည့်ပါဦး။

ငါတို့ ပဥ္စင်းပျိုက ကြည့်သော ကျမ်းဂန်သည် အများပင် ယခု မတွေ့၊

(မင်းရဲသိင်္ခသူ အခမ်း၊ ကျော်အောင်စံထား အပြေ။)

ဖုန်းတောက်သော ဖိုးတော်မင်းတရားကြီး ဆရာ-လောကီကျမ်း, သာသနာကျမ်း အစုစု "လိုတ ရနိုင်" နေသော မောင်းထောင် သာသနာပိုင်ကြီး၊ နောက် မဟာဇေယျသင်္ကြံ, မဟာဓမ္မသင်္ကြံ, မျက်နှာကြီးလှသော မင်းတိုင်ပင် အမတ် ဆရာကြီး ဦးမြတ်နေ (၁၁၁၅-၁၁၉၄)၏ အသံကိုလည်း နားထောင်ကြည့်ပါဦး။

စာပေ မစုံလင်၍ ခဲခက်၏။

(နေမိတ္တက ဝိဇ္ဇာကျမ်း)

ဤမျှကြီးမားသော ပုဂ္ဂိုလ်ကျော်တို့၏ လက်ထက်များမှာပင် ဤမျှ စာပေကျမ်းဂန် စုံလင်ခြင်း မရှိ၊ အခက်အခဲ တွေ့ခဲ့ကြသည် ဆိုသော် ခေတ်ပျက် အမျိုးမျိုး၏ အကြိမ်ကြိမ် ဖြတ်ကျော်ခြင်း ခံခဲ့ရသော ကျွန်ုပ်တို့၏ခေတ်, စာဟောင်း ပေဟောင်းများကို အမည်မျှသာ ကြားဘူး၍ စာကိုယ်များကို မတွေ့ရတော့သော ကျွန်ုပ်တို့၏ခေတ်, ဤခေတ်၌ ရှားပါးလှသော စာမူပေါင်းများစွာကို အနဿ ဘဏ္ဍာတိုက်ကြီး အနေအားဖြင့် သွတ်သွင်း သိမ်း မြှုပ်နှံထားရာ ကျမ်းကား- အဘယ်ကျမ်းနည်း။

အဖြေသော်ကား-ဝိနယသမုဟ ဝိနိစ္ဆယကျမ်း သုံးတွဲပေတည်း။

ဝိနယသမုဟ ဝိနိစ္ဆယကျမ်း သုံးတွဲကို စုဆောင်း စီစဉ်သော ပုဂ္ဂိုလ်ကြီးသည် ၁၂၀၃-ခု၊ သီတင်းကျွတ်လပြည့်ကျော် (၅) ရက်နေ့၊ မန္တလေးမြို့

မြန်မာနိုင်ငံလုံးဆိုင်ရာ နဝမမြောက် ကွန်ဖရင့်ကြီးမှ ကြီးမှူးကျင်းပသော ရတု, လင်္ကာ, ပျို့, ကဗျာ ပြိုင်ယှဉ်ပွဲကြီးတွင် "ကဗျာပဏ္ဍိတ" ဘွဲ့နှင့် ပဉ္စမ ရွှေတံဆိပ်ရ ဆရာတော်(ဦးနိဂြောဓ)အသျှင်မြတ် ဖြစ်သည်၊ ဆရာတော်ကြီး သည် ရဟန်းငယ်ဘဝမှ စ၍ စုဆောင်းမိသမျှ စာမူများအနက် ဝိနည်းနှင့် စပ်ဆိုင်သော စာမူများကို "ဝိနယသမူဟ ဝိနိစ္ဆယ ပထမတွဲ, ဒုတိယတွဲ, တတိယတွဲ"ဟု သုံးတွဲခွဲခြမ်းစိစဉ်၍ မန္တလေးမြို့ ဈေးကြိုတော် စီရုံ (ရန်ကုန် မန္တလေး-ပိဋကတ်စာအုပ်တိုက်ဆိုင် ပိုင်ရှင် ဦးစံညွန့်) အား မူပိုင်အဖြစ် ရိုက်နှိပ် ထုတ်ဝေစေတော်မူသည်၊ ဦးစံညွန့်လက်ထက်မှာလည်း အကြိမ်ကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

နောက် ဦးစံညွန့်၏ သား ဦးလှမောင်၊ ဦးစံညွန့်၏ သ္မီး-ဒေါ်ဖွားခင် တို့ လက်ထက်မှာလည်း အကြိမ်ကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

ဝိနယသမူဟ ဝိနိစ္ဆယကျမ်း သုံးတွဲ၌ သံဃရာဇာနှင့် ရာဇာမိရာဇဂုရု ဆရာတော်ကြီး သုံးဆယ်ကျော်တို့၏ ကျမ်းကြီး ကျမ်းငယ် (၁၀၀) တရာမျှ ပါဝင်သည်။

ကျွန်ုပ်သည် ဤကျမ်း သုံးတွဲကို မရ, ရအောင် ကြိုးစားရှာဖွေခဲ့ရ၏၊ ပါဠိ ဘာသာ, မြန်မာဘာသာ နှစ်ဘာသာလုံးအတွက် အထူး ကျေးဇူးများ ကြောင်း လက်တွေ့ ဖြစ်ခဲ့ရ၏၊ ဝိနည်း အဆုံး အဖြတ်များ အတွက်လည်း မကြာ မကြာ လှန်လှော ကြည့်ရှုရ၏၊ သာသနာဝင်နှင့် ပတ်သက်၍ သိစရာ များ ရှိသဖြင့် မကြာမကြာ လှန်လှော ကြည့်ရှုရ၏၊ ပုဒ်ပါဌ် အက္ခရာ သုတ် သင်မှု, ပညတ်နက်, ဓမ္မသတ်, ဖြတ်ထုံး, လယ်ယာမြေ ပြည်သူပိုင် ပြုလုပ် သော အရေးအခင်း၊ ကင်းဝန်မင်းကြီး၏ သေတမ်းစာအကြောင်း၊ ကျီးသဲ လေးထပ် ဆရာတော်ကြီး၏ အလင်္ကာပဂ္ဂဟ ဝိနိစ္ဆယကျမ်း၊ ဗိုးတော်ဘုရား အမေးတော်ပုံ၊ အတုလဆရာတော် ဖြတ်ထုံး၊ ပဉ္စမ ကျော်အောင်စံထား ဆရာတော်၏ အနုသုရာ ဝိနိစ္ဆယ စသော စာမူကောင်းများကြောင့် လက် မလွှတ်နိုင် ဖြစ်ခဲ့ရ၏။

ဘုရားကိုးဆူ ပူဇော်သောအခါ ရဟန္တာရှစ်ပါး အနေအထားနှင့် ပတ် သက်၍ တတိယ မောင်းထောင်ဆရာတော် ရေးသား ဆုံးဖြတ်အပ်သော "ဘုရားကိုးဆူ အဆုံးအဖြတ်" ကား ရှားလှသော စာမူကောင်းတခု ဖြစ် သည်။

နံမည်ကျော် ဗန်းမော် ဆရာတော်ကြီး ပြုစုသော စာမူ လက်ရာကောင်းများကို တွေ့ရှိလိုသူများသည် အခြား ရှာနေဘွယ် မရှိ၊ ဝိနယသမူဟဝိနိစ္ဆယ ပထမတွဲ-ဒုတိယတွဲများမှာသာ ရှာဖွေရမည် ဖြစ်လေသည်။

စာပေမြတ်နိုးသော ပုဂ္ဂိုလ်တိုင်းကပင် ဤမျှကြီးမား ကျယ်ဝန်း၍ ရှားပါးကောင်းမွန်လှသော ကျမ်းကြီး (သုံးတွဲ) ဖြစ်မြောက်အောင် ပြုစုစီစဉ်တော်မူသော ဆရာတော် ဦးနိဂြောဓ အသျှင်မြတ်နှင့် ပုံရိုက်ထုတ်ဝေသူ ဦးစံညွန့်၊ ၎င်း၏ သား, သမီးများ ဖြစ်ကြသော ဦးလှမောင်-အစ်မ ဒေါ်ဖွားခင်တို့အား ကျေးဇူးဥပကာရ အထူး တင်သင့်ပေသတည်း။

ဆန်းထွန်း
မြန်မာစာပေဌာန
မန်းတက္ကသိုလ်
၄-၁၁-၅၇

ကျွန်ုပ်တို့တိုက် မူပိုင်စာအုပ်များကို ထုတ်နုတ်၍
ကြော်ငြာလိုက်ပါသည်။

၁ ဆန္ဒပုံစံပဏ္ဏာရ တံခွန်ကျမ်းကြီး၊
ဗန်းမော်မူ၊တောင်မြို့ဆရာတော် ဦးနန္ဒိယ နှင့် ဗန်းမော်တိုက် ဦးဇင္ဃိလ
တို့ စီရင်ရေးသားသော ကျမ်းကြီးဖြစ်ပါသည်။

၂ ရာဇဝင်နှင့်ပတ်သက်လျှင် (မှန်နန်း မဟာရာဇဝင်တော်ကြီး) ကမှ
သေချာ မှန်ကန်၍ စိတ်ချရပါသည်၊ ပ-ဒု-တ သုံးတွဲ။

၃ (အဘိဓာန်နိသျ – ကျော်အောင်စံထားမှု) အဘိဓာနတ္ထပိဿာဒနီ
ကျမ်းနှင့် ဆရာတော် ဦးနာရဒ ရေးသားသော (နာမဂ္ဂဏာ ဒီပနီ
ကျမ်း) သုံးခဲစောင်တွဲ။

၄ (တက်နည်း ထွက်နည်း နိဿယည်းကျမ်း)
မန္တလေးမြို့ ဘုရားကြီးတိုက် ဆရာတော်-ဦးနာရဒ အထူး စီရင်
ရေးသားတော်မူသည်။

၅ ဗေဒင်ပညာ လိုက်စားသူတိုင်းနှင့် ဗေဒင်ဆရာတို့၏ အသဲစွဲ
(ဗေဒဝိဇ္ဇာ ကိုးစောင်တွဲကျမ်းကြီး)

၆ သာခါအကြောင်း သိလိုပါက (အဋ္ဌသာခါ ယတြာဗေဒင်ကျမ်း) ကို
လက်ကိုင်ထားတော်မူပါ။

၇ (အင်္ဂဝိဇ္ဇာ မဟာဋီကာကြီး) ဒွါဒရာသီကျမ်း အဖွင့်၊ ဇော်ကဝိဇ္ဇာ
ကျမ်း၊ အာယုစိန္တာကျမ်းနှင့် ဂြဟစိန္တာကျမ်း၊ အင်္ဂဝိဇ္ဇာ ကွန်ချာ
သိပ္ပံကျမ်း၊ သတ္တာဗိသ နက္ခတ်ဝတ္ထု အဟောများ ပါသည်။

၈ (ကဗျာကြေးမုံ-ပိဋကတ်ကြေးမုံ)မြန်မာနိုင်ငံလုံးဆိုင်ရာ နဝမမြောက်
ကွန်ဖရင့်ကြီးမှ ကဗျာပြိုင်ယှဉ်ပွဲကြီးတွင် ကဗျာ ပထ္ယိတဘွဲ့ ပဌမဆု
ရွှေတံဆိပ်ရ (ဦးနီဂြောဓ) အသျှင် စီရင် ရေးသားတော်မူသည်။

၉ ပပ္ပစကြာ မဟာဋီကာသစ်ကျမ်း (မြဝတီ ဆရာတော်)
မန္တလေးမြို့ ဘုရားကြီးတိုက် ဟံသာဝတီ ဆရာတော်၏ ၂၅-ခဏ်း
အနက္ခရာယ်ကင်း ပဗ္ဗာဇနီယ ကမ္မဝါစာ။

ဒေါ်ဖွားခင်-နှင့် (မောင်)ကိုလှမောင်
ရန်ကုန်-မန္တလေး ပိဋကတ်စာအုပ်ဆိုင်
ဈေးချို စီရုံ-အမှတ်(၂-၃)
မန္တလေး။

ဦးလှမောင်-ဒေါ်မိမိ၊
မိဘဂုဏ်ရောင်-စာအုပ်ဆိုင်
ဈေးချို စီရုံ-အမှတ် (၁၁-၁၂)
မန္တလေး။

မန္တလေးမြို့-မြို့ရှေ့ တိုက်တော် သာသနာပိုင် ဆရာတော်ဘုရားကြီး၏
အဆုံး အဖြတ်

ဝိဝါဒဝိနိစ္ဆယကျမ်း။

နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရှေးရှေးသော ဘဝ ကာလအထူးက ဆည်းပူးတော်မူခဲ့သော ပါရမီတော် ပုညသမ္ဘာရ အဆောက်အဦ တို့သည် ပဒုမ္မာမုံရင့်သည် ပွင့်အံ့ ရှေးရှုမူလျက် တဆင့်ထက် တဆင့် ကြီးရင့်ခိုင်မာသကဲ့သို့ ယုတ္တမုတ္တဝါဒီ ဒိယဝါစာ မဟာဂုဏာကရအစစ် ဖြစ်တော်မူထသော "အလဇ္ဇီ နိဂ္ဂဟတ္ထာယ လဇ္ဇီပဂ္ဂဟတ္ထာယ" စသော ကျမ်းဂန်နှင့်အညီ အလဇ္ဇီပုဂ္ဂိုလ် အလိုယုတ်မာ မိစ္ဆာ ဘေးရန် သာသနန္တရာယ် အပေါင်းတို့၏–

> ဒိဝသဿ ဒွိက္ခတ္တုံ နှတ္တာ တိက္ခတ္တုံ ဝဏ္ဏာနိ ပရိဝတ္တေတွာ အလက်တ ပဋိမဏ္ဍိတာနံ စက္ကဝတ္တိအာဒီနံပိ မနုဿာနံ ဂန္ဓော ယောဇနသတေ ဌိတာနံ ဒေဝါနံ ကဏ္ဍေ အာသတ္တကုဏပံဝိယ ဗာဓတိ။

ဟူသော ဒီဃနိကာယ် မဟာဝဂ် ပါယာသိရာဇညသုတ် အဋ္ဌကထာ စသော ကျမ်းဂန်နှင့် အညီ တနေ့ နှစ်ကြိမ်နှစ်ကြိမ် ရေချိုး၍ သုံးကြိမ်သုံးကြိမ် ပုဆိုးအဝတ်ကို လဲလှယ်ပြီးလျှင် အဖိုးအနဂ္ဃ ရတနာတန်းဆာအထူးတို့ဖြင့် တန်းဆာဆင်ခြင်း ရှိကုန်သော စကြဝတေးမင်း အစရှိကုန်သော လူတို့၏ အနံ့ကိုပင်သော်လည်း ယူဇနာ တရာက နတ်တို့အား လည်ဝယ်ဆွဲသော အကောင်ပုပ်ကဲ့သို့ စက်ဆုပ် ရွံရှာခြင်းရှိလေသကဲ့သို့ ဝတ်ရုံသွားလာ လှည့်ပတ် မလျောက်ပတ်သော ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို မြင်မိကြားမိလျှင် လည်ဝယ် ဆွဲလာသော အကောင်ပုပ်ကဲ့သို့ စက်ဆုပ် ရွံရှာတော်မူလျက် မပြတ်ညည်းတွားခြင်း အလေ့လည်း ရှိတော်မူထသော လဇ္ဇီပေသလ သိက္ခာကာမ ပုဂ္ဂိုလ်တို့ဘိုကား မစက်မရက် မြတ်နိုးသဖြင့် "မာတာ ယထာ

နိယံပုတ္တမာယုသာ ကေပုတ္တမနုရက္ခေ” စသော ပါဠိတော်နှင့် အညီ သားတယောက် မိခင်သည် ချစ်ကြည်လေးမြတ်ခြင်း ပြင်းစွာ ရှိသကဲ့သို့ အတိမာနုတ္တ ဂုဏ်နှင့် ပြည့်စုံတော်မူထသော သီရိဝဇ္ဇန သူဌေးသား မဟောသဓာ ပညာရှိ သုခမိန်၊ အာဒါသမုခမင်းတို့သည် တခုသော အဋ္ဋကဝိဝါဒအမှု၌ ဥပါယ်အရာတို့ဖြင့် သေချာစွာစစ်ဆေး၍ မေးမြန်း စီရင်ဆုံးဖြတ်လေသကဲ့သို့ ရှေးရှေးသော ဘဝ ကာလ အထူးက ဆည်းပူးအပ်သော ကုသိုလ်တော် အဟုန်ကြောင့် ပြည့်စုံလှာသော ဇာတိပညာ မဟာပုညဇညာဏ် ဆရာမွန် ဆရာမြတ်တို့ထံမှ သင်အံ လေ့ကျက် ဆောင်ရွက်မှတ်သားတော်မူသဖြင့်၎င်း၊ တပည့်သံဃာ ဂိုဏ်းတို့အား ပရိယတ္တိဓမ္မကို မပြတ်ပို့ချတော် မူသဖြင့်၎င်း ရအပ်သော ပါဠိဟာရိယပညာ မဟာဝါယာမဇညာဏ် တို့ဖြင့် အဖန်ဖန် စစ်ဆေး မေးမြန်းတော်မူပြီးမှ–

> ယဒိဒံ တတ္ထ တတ္ထ ကာလညုတာ သိယာစ သော တတ္ထ ကာလေ ဇာတံ ကာလံ ဉတွာ အဝဏ္ဏာရဟဿ အဝဏ္ဏကထနံ ဝဏ္ဏာရဟဿ ဝဏ္ဏကထနံ ပဏ္ဍိတာနံ ပကတိတိ ဒဿေတိ။

ဟူသော စတုက္က အင်္ဂုတ္တိုရ်၏ အဋ္ဌကထာပါဠ်နှင့်အညီ ထိုထိုလျောက်ပတ် သင့်တင့်သော ကာလ၌ အဝဏ္ဏာရဟ ပုဂ္ဂိုလ်တို့အား ကျေးဇူးမဲ့ကိုဆိုခြင်း၊ ဝဏ္ဏာရဟ ပုဂ္ဂိုလ်တို့အား ကျေးဇူးကို ဆိုခြင်းသည် ပညာရှိတို့ အလေ့သဘော ဖြစ်ရကား အလဇ္ဇီ ပုဂ္ဂိုလ်တို့အား နှိပ်နင်းသဖြင့် လဇ္ဇီပုဂ္ဂိုလ်တို့အား ချီးမြှောက်သဖြင့် စီရင် ဆုံးဖြတ်ခြင်း အလေ့ရှိတော်မူထသော တခဏချင်း လျင်မြန်စွာ ထိုးထွင်းနိုင်သော ပညာတော် တမူလည်း ရှိထသော “လဇ္ဇိနာမ အဘိန္နိတဗ္ဗံ ဘိန္ဒတိ”ဟူသော အင်္ဂုတ္တရ နိကာယ် အဋ္ဌကထာကို ပညာတော် ရှေးရှုသဖြင့် တွေးသိ မြင်မြော်လျက် အမှုသည် လူရှင် ရဟန်းတို့က ပူဇော်သောလာဘ်ကို တခဏချင်း ဇီဝိတိန္ဒြေမှ ရွှေလျှော ကင်းပြတ်စေတတ်သော ဟလာဟလ အဆိပ်ကဲ့သို့ ရှုရှာတော်မူလျက် မယူမခံခြင်း အလေ့ဖြင့် တိုင်းနိုင်ငံအလုံး ကျော်စောထင်ရှားထသော ဘုန်းတော်ကြီး၍ သက်တော်ရှည်သော ငါတို့ကျေးဇူးရှင် “ဉေယျဓမ္မာဘိဝံသ သိရီပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု” တံဆိပ် နာမံတော် ရှိသော ဆရာတော်ဘုရားကြီးသည် ဓမ္မာစရိယ ဖြစ်တော်မူသော ‘သူရိယာဘိဝံသ သိရီပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု” တံဆိပ် နာမံတော် ရှိသော သာသနာပိုင် ဆရာတော် ဘုရားကြီးသည် ဇီဝိတိန္ဒြေဟူသော ရေခန်းခြောက်သဖြင့် ကမ္မဇရုပ်ကလာပ် ဟူသော ကြာပဒုံ

သည် ညှိုးကြုံခြောက်သန်း နွမ်းရိလေလျှင် ယူဇနာ၁ငါးဆယ် ကြီးကျယ်စွာသော နေဗိမာန်သည် အတ္တုဂ်မတောင်သို့ ဝင်လေလျှင် လေးဆယ့်ကိုးယူဇနာ ကြီးကျယ်စွာသော လဗိမာန်သည် ဥဒည်းတောင်ထက်မှ ထွက်ပြူလာ၍ သတ္တဝါ ခပင်းတို့အား အလင်းဖြင့် ကျေးဇူးပြုပြန်သကဲ့သို့ သာသနာတော်ကို ဆက်သက်၍ ကျေးဇူးပြုပြန်ရကား သာသနာတော်သည် မွန်းတည့်နေကဲ့သို့ တောက်ပ ထွန်းလင်း၏၊ ထိုအခါ အလဇ္ဇီပုဂ္ဂိုလ်တို့သည် နေ့အခါ ခင်ပုပ် ငှက်ငယ်ကဲ့သို့ရင်း, ဓမ္မိကရာဇာတို့ မင်းမူခဲသာအခါဝယ် ဒါမရိက ခိုးသူကဲ့သို့ရင်း ဥကြွောင်း မပြုဝံ့ပဲ ကြောက်ရွံ့ကြသဖြင့် သာယာငြိမ်းချမ်း၍ သာသန ပစ္စတ္တိက ဘေးရန် အပေါင်းမှလည်း ကင်းလွတ်၏၊ ‚ရှေးရှေးက နိဿယမရှိသော မဟာနိဒ္ဒေသ အဋ္ဌကထာ, ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ တို့ကို သွားလာခြင်း နည်းပါး၍ စေးချုံပိတ်ပေါင်းတို့ဖြင့် ထွေးရှက်သော ခရီးလမ်းမကဲ့သို့ သုတ်သင်ကြည့်ရှုခြင်းနည်းပါး၍ ပါဠ်ပျက်, ပါဠ်ဆိုးတို့ဖြင့် ထွေးရှက်သော ပုဒ် ပါဠ် အက္ခရာတို့ကို အထူးထူးသော ဂန္ထန္တရတို့ဖြင့် ညှိနှိုင်း သုတ်သင် ပြင်ဆင်တော်မူ၍ အနက်မြန်မာ ပြန်တော်မူ၏၊ ထိုအခါ-

ဒါန သီလ ပရိစာဂ စသော ရာဇဓံ ဆယ်ပါး၊

သဿမေဓ ပုရိသမေဓ သမ္မာပါသ ဝါစာပေယျ-ဟူသော သင်္ဂဟ တရား ၄-ပါး၊

ဘေဒ ဒဏ္ဍ သာမ ဒါန-ဟူ၍ အဘိဓာန်ကျမ်း၌ လာသော ရန် အောင်ကြောင်း ၄-ပါး၊

သာမ ဒါန ဘေဒ ဒဏ္ဍ မာယာ ဥပေက္ခာ ဣန္ဒဇာလ-ဟူ၍ လောကီနိဃဏ္ဍု ကျမ်းများ၌ လာသော ရန်အောင်ကြောင်း ခုနစ်ပါး၊

သစ္စာ ဓမ္မ ဝိရိယ စာဂ-ဟူ၍ ဝါနရိန္ဒဇာတ်၌ လာသော ရန် အောင်ကြောင်း ၄-ပါး၊

ဒက္ခိယ သူရိယ ပညာ-ဟူ၍ တယောဓမ္မ ဇာတ်၌ လာသော ရန် အောင်ကြောင်း ၃-ပါး၊

ပဘာဝ ဥဿာဟ မန္တ-ဟူသော သတ္တိ ၃-ပါး၊

သန္ဓိ ဝိဂ္ဂဟ ယာန အာသန ဒွေဓာ အာသရ-ဟူသော ရာဇဂုဏ် ၆-ပါး၊

အစရှိသော ရာဇပြကတေ့ အဓလေ့ဖွယ်ရာဖြင့် ပြည့်စုံစွာသော အမရ ပုရ ရွှေမြို့တော်ကြီးကို နှစ်ကြိမ်မြောက် ဖန်ဆင်းတည်ထောင်တော်မူသော

မဟာလောက မဏိရူဠ္ဂ ဒါယကာ မင်းတရားကြီး၊ ထိုမင်းတရားကြီး၏ ပုဗ္ဗု-ဌာယီ ပစ္ဆာနိပါတီ ကိံကာရပဋိဿဝိနီ-စသော အင်္ဂါလက္ခဏာနှင့် ပြည့်စုံစွာသော တောင်ညာနန်းနေ မဟေသီ မိဖုရားခေါင်ကြီး၊ ထိုမင်းတရားကြီး, မိဖုရားခေါင်ကြီး ၂-ပါးတို့၏ ဓညပုည သမ္ပန္န သဒ္ဓါပသန္န-စသော ဂုဏ်နှင့်ပြည့်စုံစွာသော သမီးတော်မင်းမြတ်တို့သည် မဟာအဘယာရာမ, မဟာဝိဇိတာရာမတိုက်ကြီး နှစ်ရပ်နှင့်တကွ လူသာမန်တို့သည် အတုယူခြင်းငှါ မတတ်စကောင်းသော ရွှေနီဖလံ ဖလ်မှန် မြကျောက်တို့ဖြင့် တောက်လောင်ဘနန်း ခြူးပန်း ခြူးနွယ် မကန်းကွက် မကန်းပြောက် ပန်းညှောက် ပန်းအုံ ပန်းရုံ ပန်းကြွ စသော လက်အမှုတို့ဖြင့် နတ်ဝိသုကံတို့သည် ဖန်ဆင်းလှာဘိသကဲ့သို့ ထင်မိမက်မောလျက် အံ့ဩ၍ မကုန်နိုင်သော ဘုံဆောင် ပြာသာဒ်တို့ဖြင့် ခြီရံလျက် ကျောင်းတော်တို့ကို ဆောက်လုပ်၍ လှူဒါန်းကြ၏၊ ထိုမင်းတရားသည် တရံရောအခါ နတ်စည်းစိမ်ကို ခံစားလေလျှင် တိုင်းနိုင်ငံအလုံးကို ဘုန်းလက်ရုံး အာဏာဖြင့် သိမ်းကျုံးခြင်းငှါ စွမ်းနိုင်သော သားတော် အိမ်ရှေ့နန်းလျာ မဟာဥပရာဇာသည် ခမည်းတော် အရိုက်အရာကို သိမ်းပကားတော်မူလေသည်၊ ထိုအခါ “ဌေယျဓမ္မာဘိဝံသ သိရိပဝရာ လင်္ကာရဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု” ဆရာတော် ဘုရားကြီးသည် သာသနာ့ ဝန်ကို နှစ်ပေါင်း ရှည်ကြာ ကာလပတ်လုံး ကြည့်ရှုရွက်ဆောင်ရကား ငြီးငွေ့သဖြင့် ကြောင့်ကြမဲ့ နေတော်မူ၏။

နောင်တဖန် ညီတော်မင်းတရားကြီး ရွှေထီး ရွှေနန်း သိမ်းမြန်းစိုးအုပ်တော်မူ၍ ရာဇဓမ္မ-စသော ပြကတေ့ အဝလေ့တို့နှင့် ပြည့်စုံလျက် ရာဇဂြိုဟ်ပြည်ကြီး၌ မိမိသည် တလ တလ၌ ခြောက်ကြိမ် ခြောက်ကြိမ် အဋ္ဌင်္ဂဥပေါ-သထသီလကို ဆောက်တည်၍ မင်းမိဖုရား မှူးတော် မတ်တော် မင်းပရိသတ်အပေါင်းအားလည်း ဆောက်တည်ကြကုန်၏လော်ဟု ညီမူရာ အရှုခံတွင် မပြတ် မေးတော်မူလေ့ရှိသဖြင့် အဋ္ဌင်္ဂဥပေါသထသီလကို ဆောက်တည်ကြရကြောင်းနှင့် ဝတ္ထု၊ အဋ္ဌကထာ၌ လာသော ဗိမ္ဗိသာရမင်းကြီးကဲ့သို့ မိမိလည်း တလ တလ၌ ရှစ်ကြိမ် ရှစ်ကြိမ် အဋ္ဌင်္ဂဥပေါသထသီလကို ဆောက်တည်၍ မင်း မိဖုရား မှူးတော် မတ်တော် မင်းပရိသတ်တို့အား ဆောက်တည်ကြကုန်၏လော်ဟု ညီမူရာ အရှုခံတွင် မပြတ်မေးလေ့ရှိသဖြင့် အဋ္ဌင်္ဂဥပေါသထသီလကို ဆောက်ဘည်ကြရ၏ ပညာရှိ သူတော်ကောင်းတို့အားလည်း အလွန်မြတ်နိုးလေ့ရှိ၏၊ သာသနာတော်၏ အကျိုးစီးပွားကိုလည်း အလွန် အလိုရှိ၏၊ သီဟိုဠ်ကျွန်း ကူရုကဏ္ဏတိဿ မင်း၏ သား မဟာဒါဌိကမင်း၏ နောင်

တော် ဘာတိက မဟာဒါဠိကာ၊ ဝေါဟာရ တိဿမင်း၏ ခမည်းတော် သိရိနာဂ စသော မင်းတို့သည် အနုရာဓမြို့၌ ရှေး ဘေးလောင်းတော် ဒုဋ္ဌဂါမဏိမင်း၏ ကုသိုလ်တော် မဟာစေတီ စသည်များကို ရွှေနီဖလံ တို့ဖြင့် မွမ်းမံ၍ အသစ် ပြုပြင်ပြန်သကဲ့သို့ ရတနာသိဉ်္ချ ကုန်းဘောင် ရွှေပြည်တော်ကြီး၌ ရှေး ဘေးလောင်းတော် သိရိဓမ္မာသောက မင်း၏ ကုသိုလ်တော် ရွှေတန်းဆာ, အင်ကြင်းတော စေတီများကို ရွှေနီဖလံတို့ဖြင့် မွမ်းမံ၍ အသစ်ပြုပြင်ပြန်၏၊ သီဟိုဠ်ကျွန်း ဇုဒ္ဓနာဂမင်း၏ သား စန္ဒမုခသိဝ၊ မဟလ္လက မင်း၏ သား ဘာ-တိက တိဿ စသော မင်းတို့သည် မဏိကာရ ကန်တော်, ဒန္တက ကဏ္ဍဝါပိ ကန်တော် စသည်များကို ပြုစုသကဲ့သို့ ကြိုးကြာဥ ကန်, ရင်းမ ကန်တော် စသည်များကို ပြုစုတော်မူ၏၊ သီဟိုဠ်ကျွန်း ဘာတိက တိဿမင်း၏ ညီတော် တိဿ စသော မင်းတို့သည် မဟာမေဃဝန် သိမ်တော်, မဟာဝိဟာရ သိမ်တော်များကို ရဟန်းတို့ ကံကြီးကံငယ် ရွက်ဆောင်ရန် သမုတ်သကဲ့သို့ ရတနာသိဉ်္ချ ကုန်းဘောင် ရွှေပြည်တော်ကြီး၏ လေးမျက်နှာ တူရှုအရပ်၌ ရဟန်းတို့ ကံကြီး ကံငယ် ရွက်ဆောင်ရန် သိမ်တော်များကိုလည်း သမုတ်တော်မူ၏၊ ထိုမင်းတရားကြီးသည် မင်္ဂလာအိမ်တော်ကပင် သဒ္ဓါယုံကြည်ရင်း ရှိသည်နှင့် ထို "ဉေ ယျဓမ္မာဘိဝံသ သိရိပဝရာ လင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ် နာမံတော် ရှိသော ဆရာတော် ဘုရားကြီးကိုပင် သာသနာရေး သာသနာမှုကို ကြည့်ရှုစောင်မပါဟု ဆောက်နှင်းပြန်လျှင် ငါတို့ကဲ့သို့သော သူသည် သာသနာတော်ကို မကြည့်မရှု အပ္ပေါ-သုက္က ကာလရှည်ကြာ မနေသင့်ပေဟု မိမိ၌ ဆင်းရဲငြိုငြင် ပင်ပန်းအံ့သည်ကို သမန်းမြက်ခြောက် သစ်ရွက်လောက်မျှ အောက်မေ့တော် မမူပဲ မြတ်စွာဘုရား ရွှေမျက်နှာတော်ကို ထောက်၍ ဝန်ခံတော်မူပြီးလျှင် ထိုထို လောကဓမ္မအမှုတို့၌ တန်ဆိုးလက်ဆောင်ကို မငဲ့, မျက်နှာ ကြီး ငယ် မရွယ် မထောက် တရားလမ်းသက်ရာ စီရင်ပါမည်ဟု စေတီတော်ရှေ့ဝယ် အဓိဋ္ဌာန်တော်မူ၍ ထိုထို လောက,ဓမ္မအမှုတို့ကို စီရင်ဆုံးဖြတ်တော်မူ၏၊ ထိုသို့ စီရင်ဆုံးဖြတ်ရာ သဒ္ဒေပ ရစိကြောင့် ဝိနိစ္ဆယသုခ နိဗ္ဗာနအလ္လိုင်ပါ ထိုထို ပါဠိဥပဒေသတို့ကို မဆောင်ပဲ အနက်သဘောမျှကို ယူ၍ စီရင်ဆုံးဖြတ်တော်မူချက်များကို စိစ်တမ်း စစ်ချက်နှင့် တကွ နောင်လာသူ အပေါင်းတို့အား မှတ်သားကြည့်ရှုရန် ဆိုင်ရာဆိုင်ရာ ပါဠိဥပဒေသကို ထုတ်ဆောင်၍ မျက်မှောက်ထင်ထင် သိမြင်ရသော ပညာသာမိ အမည်ရှိသော ငါသည် ရေးသားလိုက်သတည်း။

(ဤတွင် နိဒါန်း ပြီး၏)

---

(၁) သက္ကရာဇ် ၁၂၁၅–ခု၊ကဆုန်လပြည့်ကျော် ၁၂–ရက်နေ့ ဆိဋ္ဌန်ရွာနေ တကာ ငရွှေဘီ–ကောတင်တို့ အစစ်ခံချက် ဘုရား....၊

ဘုရားတပည့်တော်တို့ ရွှေ ငွေ ပိုးစည်းများကို ကာလဝိပ္ပတ္တိအတွင်းဖြစ်၍ ဆိဋ္ဌန်ရွာရှေ့ကျောင်းနေ ဘုန်းတော်ကြီး ဦးသီရိထံ အပ်နှံ ထားပါသည်၊ နောက် နှစ်ရက်ခန့်ကြာလျှင် စိတ်စက်မချ၍ ကျောင်းသို့သွားပြီးလျှင် တပည့်တော်တို့ ဥစ္စာကို အခြား လုံခြုံရာမှာ ထားပါမည် ပေးပါဟု ဆိုလျှင် နင်တို့ ဥစ္စာ ရှိ၏၊ နေရာ ခက်လှသေးသည် ဆိုပါသည်၊ ၎င်းနောက် အတန်ကြာလျှင် သွား၍ မေးမြန်း လျှောက်ထားရာ သူခိုးတို့ ဆောင်ယူ၍ ပျောက်သည်ဟု ပြောဆိုပါသည်၊ အချို့သူပစ္စည်းများ မပျောက်ပဲ တပည့်တော်တို့ ပစ္စည်းများသာ ပျောက်ပျက်၍ မယုံကြည်နိုင်ပါ ဘုရား။

သက္ကရာဇ် ၁၂၁၅-ခု၊ ကဆုန်လပြည့်ကျော် ၁၂-ရက်နေ့ ဆိဋ္ဌန်ရွာရှေ့ကျောင်းနေ ရဟန်း ရှင်သီရိ-အစစ်ခံချက်ဘုရား....၊

တကာ ငရွှေဘီ-ကောတင်တို့က ရွှေ ငွေ ပစ္စည်းရပ်များကို တပည့်တော်ထံ ဆရာ တကာ ဖြစ်သည်နှင့် အအပ် အနှံခံ၍ စာတိုက်ကြားမှာ ထားရာမှ ယူ၍ အိပ်ရာခင်းအောက်မှာ ထားပါသည်၊ ၎င်းနေရာတွင်ပင် မလုံစနိုး၍ ဝစ္စကုဋိတွင်းမှာ ချထားရာမှ ပျောက်ပျက်ပါသည်၊ မည်သူယူ၍ ပျောက်ပျက်ကြောင်းကိုလည်း ဘုရားတပည့်တော် မသိပါ ဘုရား။

ဆိဋ္ဌန်ရွာနေ ငရွှေဘီ–ကောတင်တို့က အချိန်အတွယ်နှင့် ရွှေ ငွေပိုးစည်းများကို ဆိဋ္ဌန်ရွာရှေ့ကျောင်းနေ ဆရာဖြစ်သူ ရဟန်း ရှင်သီရိထံ အပ်နှံကြောင်းနှင့် အလျှောက် အထားရှိသည်၊ ရဟန်း ရှင်သီရိကလည်း အအပ်ခံရကြောင်း ဥစ္စာပျောက်ပျက်ကြောင်းများနှင့် ဝန်ခံချက် ရှိသည်။

> တံ ပန ဥပနိမိနာမ သံဂေါပနတ္ထာယ အတ္တနော ဟတ္ထေ ပရေဟိ ဌပိတံ ဘဏ္ဍံ၊ အဂုတ္တဒေသတော ဌာနာ စာဝေတွာ ဂုတ္တဋ္ဌာနေ ဌပနတ္ထာယ ဟရတော အနာပတ္တိ၊ ထေယျစိတ္တေနပိ ဌာနာ စာဝေန္တဿ အဝဟာရော နတ္ထိ၊ ကသ္မာ အတ္တနော ဟတ္ထေ နိက္ခိတ္တတ္တာ၊ ဘဏ္ဍဒေယျံ ပန ဟောတိ၊ ထေယျစိတ္တေန ပရိဘုဥ္ဇ–တောပိ ဧသေဝ နယော။

ဟူသော အဋ္ဌကထာ ပါဠိ လာသည်နှင့်အညီ ရဟန်း ရှင်သီရိသည် မိမိ ထေယျစိတ်ဖြင့် သုံးဆောင်သည်မှုလည်း ဖြစ်စေ၊ သူဆိုးတို့ ခိုးယူသွားသည်

မူလည်း ဖြစ်စေ၊ အဝဟာရ မဖြစ်၊ ဘဏ္ဍာစားထိုက်၏၊ ရဟန်း ရှင်သီရိက အရပ်တပါးသို့ ပြောင်းရွှေ့၍ ထားသော်လည်း ဌာနာစာဝန အရာမဟုတ် ရကား ပါရာဇိက အာပတ်ဖြင့် မဆုံးဖြတ်သင့်၊ အကယ်၍ ထေယျ စိတ်ဖြင့် ပြောင်းရွှေ့သော်ကား 'ထေယျစိတ္တေန ပန ဂဟဏေ ဒုက္ကဋတော နမုစ္စတီတိ ဝေဒိတဗ္ဗံ၊' ဟူသော ဝိမတိ ဋီကာများနှင့်အညီ ဒုက္ကဋ်အာပတ်မှ မလွတ်ရာ၊ ဤဥပနိက္ခိတ္တအရာ၌ တစုံတခု ပရိယာယ်အားဖြင့် လွတ်ကောင်းသည် မဟုတ်။

ပရိယာယောစ အာဏတ္တိ၊ တတိယေ ဒုတိယေ ပန၊
အာဏတ္တိယေဝ သေသေသု၊ ဒွယမေတံ နလဗ္ဘတိ။

ဟူ၍ လက်သန်း အဋ္ဌကထာများ၌ လာသော်လည်း ထိုစကားသည် နိရဝသေသဂါဟိက စကားမဟုတ်၊ မဟုတ်ကြောင်းကိုလည်း "န ဟေတ္တ ဥပနိက္ခိတ္တဘဏ္ဍေ ပရိယာယေန မုတ္တိ အတ္ထိ"စသည်ဖြင့်၎င်း, "ပရသန္တကဿ ပရေဟိ ဂဏှာပနေစေဝ ပရိယာယတော မုတ္တိ၊ န သဗ္ဗတ္ထာတိ ဂဟေတဗ္ဗံ" ဟူ၍၎င်း မိန့်အပ်သော ဝိမတိဋီကာပါဌ်တို့ကိုထောက်၍ သိအပ်တော့သည်၊ ရဟန်း ရှင်သီရိမှာ- ထေယျစိတ်နှင့် မပြောင်းမရွှေ့ပါ ဝန်ခံသောကြောင့် ဂဟဏ ဒုက္ကဋ်မှ လွတ်စေ၊ "ကပ္ပိယဝတ္ထုံဝါ အကပ္ပိယဝတ္ထုံဝါ ဟောတု၊ အန္တမသော မာတုကဏ္ဏပိလန္ဓနတာလပဏ္ဏံပိ ဂိဟိသန္တကံ ဘဏ္ဍာဂါရိက သီသေန ပဋိသာမေန္တဿ ပါစိတ္တိယမေဝ" စသော အဋ္ဌကထာပါဌ်နှင့် အညီ လူတို့၏ ဘဏ္ဍာကို သိမ်းဆည်းခြင်းကြောင့် ပဋိသာမန ပါစိတ် အာပတ်ကို ဒေသနာကြားစေ၊ ဥပနိက္ခိတ္တ ဘဏ္ဍာဖြစ်ရကား ရဟန်းရှင်သီရိ တာဝန်ချည်းဖြစ်၍ ရဟန်းရှင်သီရိက ဘဏ္ဍာရင်းကိုပေးစေ၊ ဘဏ္ဍာရင်းကို မရလျှင် ဘဏ္ဍာစား ပြန်ပေးစေ။

သက္ကရာဇ် ၁၂၁၅-ခု၊ ကဆုန်လပြည့်ကျော် ၁၂-ရက်နေ့၊ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၂) သက္ကရာဇ် ၁၂၁၅-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉-ရက်နေ့ ရေပုတ္တာလင်ရွာနေ ရဟန်းရှင်ကဝိ-အစစ်ခံချက်ဘုရား....၊

ဆရာဦးဉာဏ-သည် ဘုရားတပည့်တော်အား ဂရုသဏ်, လဟု သဏ် ပစ္စည်းရပ်များကို သက္ကရာဇ် ၁၂၀၂-ခုနှစ် ပေးအပ်ပါသည်၊ ၎င်းနောက် သက္ကရာဇ် ၁၂၀၆-ခုနှစ်တိုင် ရောက်ပြန်ကာလ ၎င်းပေးပြီး ပစ္စည်းရပ်များ၌ သုံးစွဲလိုသော ဆန္ဒကို သိ၍ ဆရာတပည့် ဖြစ်သည်နှင့် တပည့်တော်ကပင် အရှင်ဘုရားပစ္စည်းလည်း တပည့်တော်ပင်၊ တပည့်တော်ပစ္စည်းလည်း အရှင်

ဘုရားပင်၊ အပိုင်းအခြားမရှိ ဋီသန္တက ပြုပြန်ပါသည်၊ ၎င်းပစ္စည်းရပ်များကို နောင်ဦးညဏ သေခါနီးကာလ စာတမ်းအက္ခရာများနှင့် ပေးခဲ့သည်ဟု ဆို၍ ရှင်ပရမ, ရှင်အရိယ-တို့ သိမ်းယူစိုးအုပ်၍ နေပါသည်ဘုရား။

သက္ကရာဇ် ၁၂၁၅-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃-ရက်နေ့ ရဟန်း ရှင်ပရမ, ရှင်အရိယ-တို့ အစစ်ခံချက်ဘုရား....၊

ဆရာဦးညဏ-သည် သေလွန်ခါနီး၌ သိရှိသူ ပုဂ္ဂိုလ်များရှေ့ စာတမ်း အက္ခရာများနှင့် အသေအချာပေးခဲ့၍ ဘုရားတပည့်တော်လည်း ဆရာသမား ပစ္စည်းများကို မပျောက်မပျက်ရအောင် ထိန်းသိမ်း၍နေပါသည်၊ ဣဿရိယ သဘောဖြင့် နေထိုင်သိမ်းဆည်းသည် မဟုတ်ပါ၊ ဝိနည်းဓမ္မကံကြောင်း သက်၍ ပေးဝေသင့်လျှင် ပေးဝေမည် နှလုံးပိုက်၍ နေပါသည်ဘုရား။

ရေပုတ္တသင်ရွာနေ ရှင်ညဏတပည့် ရှင်ကဝိ, ရှင်ပရမ, ရှင်အရိယတို့ ဆရာဖြစ်သူ ရှင်ညဏ-၏ အမွေပစ္စည်းရပ်များနှင့် အစပ်အရှက် အပြော အဆို ရှိကြသည်မှာ ဆရာဖြစ်သူ အရှင်ညဏသည် ယုံကြည်ရင်းရှိသည်နှင့် အညီ သက္ကရာဇ် ၁၂၀၂-ခုနှစ် တပည့်ရှင်ကဝိကို ဂရုဘဏ် လဟုဘဏ် ပစ္စည်းရပ်များကို ပေးအပ်ပြီးနောက် သက္ကရာဇ် ၁၂၁၆-ခုတွင် ဆရာတပည့် ပြောဆိုကြရာ-

ဣမံ တုယှံ ဒေမိ ဒဒါမိ ဒဇ္ဇာမိ ပြဓောဇေမိ ပရိစ္စဇာမိ ဝိဿဇ္ဇာမိ နိဿဇ္ဇာမီတိ ဝါ ဣတ္ထန္နာမဿ ဒေမိ (ပ) နိဿဇ္ဇာမီတိ ဝါ ဝဒတိ၊ သမ္မုခါဝါ ပရမ္မုခါဝါ ဝုတ္တေ ဒိန္နံယေဝ ဟောတီတိ ဒါနလက္ခ-ဏဿစ တုယှံ ဂဏှာဟီတိ ဝုတ္တေ မယှံ ဂဏှာမီတိ ဝဒတိ၊ သုဒိန္နံ သုဂ္ဂဟိတဉ္စာတိ ဂဟဏလက္ခဏဿစ ဝုတ္တတ္တာ မမ သန္တကံ တဝစ မမ စ ဟောတူတိ ဝေမာဒိဝစနေန သမာနပရိက္ခာရံ ကာတုံ ဝဋ္ဋတီတိ အာစရိယာတိ လိခိတံ။

ဟူ၍ ဝဇိရဗုဒ္ဓိဋီကာ မဟာဝဂ္ဂ-မတသန္တက ကထာ အဖွင့်၌ နယဂ္ဂါဟ၏ အစွမ်းအားဖြင့် ပြအပ်သော ဋီသန္တကသမာနပရိက္ခာရ အစီအရင်ရှိသည်နှင့် အညီ တပည့်ဖြစ်သူ ရှင်ကဝိက အရှင်ဘုရားပစ္စည်းလည်း တပည့်တော် ပစ္စည်းပင်၊တပည့်တော်ပစ္စည်းလည်း အရှင်ဘုရားပစ္စည်းပင်၊အပိုင်းအခြားမရှိ ဋီသန္တကအတူ ကတိကဝတ် ပြုကြပြန်သည်၊ ၎င်းနောက် အရှင်ညဏ သေ ခါနီးကာလ ငါပိုင်ဆိုက်သမျှ ပစ္စည်းရပ်များကို သင်တို့အား ပေးပါ၏ဟု

အက္ခရာစာတမ်းများနှင့် တပည့် ရှင်ပရမ, ရှင်အရိယတို့ကို ပေးအပ်ပြန်သည်မှာ–

ဣဒ္ဓိန္နံ သန္တကံ ဟောတိ အဝိဘတ္တံ၊ ကေသွိ° ကာလကတေ ဥတရော သာမိ၊ ဗဟူနမ္ပိ သန္တကေ ဧသေဝ နယော၊ သဗ္ဗေသု မတေသု သံဃိကံ ဟောတိ၊ သစေပိ အဝိဘဇိတွာ သဒ္ဓိဝိဟာရိကာဒီနံ ဒေန္တိ၊ အဒိန္နမေဝ ဟောတိ။

ဟူ၍ မိန့်အပ်သော မဟာဝါအဋ္ဌကထာ စီဝရက္ခန္ဓကဌ် ဤကား သူ၏ ဥစ္စာ၊ ဤကား ငါ၏ဥစ္စာဟူ၍ငင်း, မိမိပိုင်ထိုက်သော ထက်ဝက်ဥစ္စာကို နှလုံးပြု၍ငင်း, မပေးချေသော်သာ အဝိဘဇ္ဇိတ ဒိန္န မည်ကောင်းသည်ဟု အတ္တယုတ္တိ သက်သည်နှင့်အညီ ငါပိုင်ထိုက်သော ပစ္စည်းရပ်များကို သင်တို့အား ပေးပါ၏ဟု အရှင်ဉာဏက ဝစီဘေဒ မြွက်၍ မိမိပိုင်ထိုက်သော ထက်ဝက်သောဥစ္စာကို နှလုံးပြု၍ ပေးသည်ဖြစ်သောကြောင့်–

ဝိဘဇိတွာ ဒိန္နံ ပန သုဒိန္နံ၊တံ တေသု မတေသုပိ သဒ္ဓိဝိဟာရိကာဒီနံယေဝ ဟောတိ၊ န သံဃဿ။

ဟူ၍မိန့်အပ်သော ငင်းအဋ္ဌကထာ ဆရာ၏ အလိုတော်သို့ သက်သည်ဖြစ်၍ ဝိဘဇ္ဇိတဒိန္န မည်စကောင်းရကား အရှင်ဉာဏ၏ သပိတ်သက်န်းမှ တပါး ပစ္စည်းရပ်များကို နှစ်ဖို့ပြု၍ တဖို့ကို ရှင်ကဝိက သိမ်းယူစေ၊ တဖို့ကို ရှင်ပရမ ရှင်အရိယတို့က သိမ်းယူစေ၊ သက်န်း သပိတ်များကို ''အနုဇာနာမိ ဘိက္ခဝေ ဂိလာနုပဋ္ဌာကာနံ ပတ္တစီဝရံ ဒါတုံ'' ဟူ၍ မြတ်စွာဘုရားသခင် အမိန့်တော် ဓမ္မကံ ကြောင်းအားဖြင့်ငင်း, ''ဥဘော စေ ဒက္ခိတာ ပုတ္တာ သမ္မန္တမနိနော သိယုံ'' စသော ဓမ္မသတ်ကျမ်းလာ လောကကြောင်းအားဖြင့်ငင်း သေခါနီး ကာလ၌ ပြုစုမွေးမြူသော ရှင်ပရမ, ရှင်အရိယတို့က သိမ်းယူစေ၊ သက်န်း သပိတ် မရှိခဲ့လျှင် ထိုနှင့်လျော်သော ပစ္စည်းဘဏ္ဍာကို ပေးရာ၏ဟု ဗုဒ္ဓ မတညှ အဋ္ဌကထာဆရာတို့ မိန့်ဆိုချက်နှင့်အညီ ထိုက်လျောက်သော ပစ္စည်း ဘဏ္ဍာများကို အဘိုးချ၍ ယူစေ၊ ငရှမ်းအို ဆောက်သည့် ကျောင်းမှာ ကြီးမြတ် သင့်တင့်သည် ဖြစ်၍ သီတင်းသိက္ခာ ဝါကြီးသူ ရှင်ကဝိ-က ''သေရဿ အဂ္ဂါသနံ ဒါတဗ္ဗံ'' ဟူသည်နှင့် အညီ သိမ်းယူ နေထိုင်စေ၊ တောင်ကျောင်းမှာ သီတင်းသိက္ခာ ဝါငယ်သူ ရှင်ပရမ, ရှင်အရိယ-တို့က သိမ်းယူနေထိုင်စေ။

န ဟိရည သုဝဏ္ဏေန၊ ပရိက္ခီယန္တိ အာသဝါ၊
အမိတ္တာ ဝဓကာ ကာမာ၊ သပတ္တာ သလ္လဗန္ဓနာ။

ဟူသော သုဘာဂကမ္မာရဓိတု ထေရီဂါထာပါဠိ။

န ဟိရညသုဝဏ္ဏေန ပရိက္ခီယန္တိ အာသဝါတိ ကာမာသဝါ-ဒယော ဟိရညသုဝဏ္ဏေန န ကဒါစိ ပရိက္ခယံ ဂစ္ဆန္တိ၊ အထခေါ တေဟိ ဧဝ ပရိဝနုန္တေဝ၊ တေနာဟ အမိတ္တာ ဝဓကာ ကာမာ သပတ္တာ သလ္လဗန္ဓနာတိ။

ဟူသော ၎င်းအဋ္ဌကထာနှင့် အညီ ရဟန်းသုံးဦးသားတို့မှာ ပစ္စည်းဘဏ္ဍာ ဥစ္စာရပ်များသည်ကား အာသဝ စသော တရားတို့၏ ပွားများကြောင်းသာ ဖြစ်သည်ဟု နှလုံးသွင်း၍ ပစ္စည်းဘဏ္ဍာ ဥစ္စာများကို အစွဲပြုပြီးလျှင် တဏှာ မာနတို့ကို မဖြစ်စေပဲ တဦးနှင့်တဦး ချစ်ကြည်လေးမြတ်လျက် ရဟန်းတရား ကိုသာ ကြိုးစားအားထုတ်၍ နေထိုင်ကြစေ။

သက္ကရာဇ် ၁၂၁၅-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃-ရက်နေ့ သာသနာ ပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၃) သက္ကရာဇ် ၁၂၁၅-ခု၊ နတ်တော်လပြည့်ကျော် ၁၁-ရက်နေ့ ဗန့်ကျီတိုက် ပန်တူးရွာကျောင်းနေ ရှင်ဝဏ္ဏ ရှင်အရိန္ဒမ-တို့ အစစ်ခံချက်ဘုရား....၊

မင်းအိုတိုက် ကောလင်းမိဖုရားကျောင်း၌ နေစဉ်ကာလ သာမဏေ ကုမာရက ဘုန်းကြီးသည် တပည့်တော်၏ ဝစ္စမဂ်ကို မေထုန် မှီဝဲပါသည်၊ ထိုအခါ ဦးဝဏ္ဏ အရှင်ဘုရားလည်း ဘုန်းကြီး ခြေရင်းတွင် အိပ်လျက်ရှိ၍ သိမည်စိုးသောကြောင့် ဖဆိုင် ခေါင်းရင်းက ဆင်းသွားရာ ခြင်ရုံကို နင်းမိ၍ တထွာ တမှန့် စုတ်ပြတ်ပါသည်ဆို၍ ကြည့်လော့ ဆိုသည်အတိုင်း စုတ်ပြတ် ပါသည်၊ သာမဏေ ကုမာရကို ဘုန်းကြီးက မဆို မဆုံးမပဲ ဆွမ်းစား ပန်းကန်ပြား ပေးပြီးလျှင် ချော့မော့၍ နှင်ထုတ်လိုက်ပါသည်၊ နောက်တဖန် မောင်ထုံးကျောင်းတွင် နေစဉ်ကာလ သာမဏေ သုမနက ဘုန်းကြီးသည် သူ့ အင်္ကျီဇာတ်ကို တယောက်တလှည့် အစုတ်ခိုင်းပါသည်၊ တပည့်တော်တို့ က စက်ဆုပ်သောကြောင့် မျက်နှာလွဲ၍ နေလျှင် နင်ရှုံလျှင် ငါစုတ်မည်ဆို၍ တပည့်တော် အင်္ကျီဇာတ်ကို စုတ်ပါသည်ဟု ပြောဆိုပြန်ပါသည်၊ ပြောဆို ကြောင်းကို ဘုန်းကြီးသိလျှင် ချော့မော့၍သာ ထားပါသည်၊ တစုံတရာမျှ

မဆိုမဆုံးမပါ၊ ထိုနောက်တဖန် သာမဏေဂန္ဓမာက ဘုန်းကြီးသည် တပည့်တော် ဝစ္စမဂ်ကို မေထုန်မှီဝဲပါသည်၊ တောကျောင်းမှာ တခါ, ရွာကျောင်းမှာ နှစ်ခါ မှီဝဲပါသည်ဟု ပြောဆိုပြန်သောကြောင့် သံသယကုက္ကုစ္စ မကင်းရှိ၍ မပေါင်းမဖေါ်နိုင် ရှိပါသည်ဘုရား။

ရှင်ဝဏ္ဏ ရှင်အရိန္ဒမ ရှင်အာဒိစ္စတို့က ရှင်နန္ဒဓဇအား သာမဏေ ကုမာရ သာမဏေ သုမန, ဂန္ဓမာ တို့က ဆရာဖြစ်သူ ရှင်နန္ဒဓဇသည် တပည့်တော်ကို ဂါမဓမ္မ ရွာသူတို့၏ အမှုကို ပြုကျင့်ပါသည်ဟု ပြောဆိုချက်နှင့် စောဒနာကြသည်၊ ဝတ္ထုလည်း အများသက်ခဲ့သည် ဖြစ်၍–

ဝေံ လဇ္ဇီတွာ စောဒိယမာနော အလဇ္ဇီ ဗဟူသုပိ ဝတ္ထူသု ဥပ္ပန္နေသု ပဋိညံ့ နဒေတိ၊ သော နေဝ သုဒ္ဓေါတိ ဝတ္တဗ္ဗော၊ န အသုဒ္ဓေါတိ။

ဟူ၍ အဋ္ဌကထာ လာသော်လည်း စောဒကဖြစ်သူ ရှင်ဝဏ္ဏ ရှင်အရိန္ဒမ ရှင်အာဒိစ္စတို့သည် အလဇ္ဇီသဘော၌ တည်သည်, လဇ္ဇီသဘော၌ တည်သည်ကိုလည်း မပိုင်းခြားနိုင်ရာ၊ ဝတ္ထုသည် သုံးယောက်တို့ကိုလည်း စုံညီ ပြည့်စုံအောင်လည်း မရ၊ ရသည့် ဝတ္ထုသည်တို့ကလည်း ဝုတ္တာနုသန္ဓိ မညီမညွတ် ထွက်ဆိုသည်၊ စောဒကပုဂ္ဂိုလ်တို့ကလည်း သံသယ မကင်း အတင်းအမာ စောဒနာခဲ့သည်၊ စုဒိတက ရှင်နန္ဒဓဇ ကလည်း ကာယသံသဂ္ဂကိုမျှ ဝန်မခံ အလျှင်း ပယ်ခဲ့သည်၊ ဘုရား, ရဟန္တာ အဘိညာဏ်ရှင်တို့၏ အရာသာ ဖြစ်သည်၊ ရှင်ဝဏ္ဏ ရှင်အရိန္ဒမ ရှင်အာဒိစ္စ တို့ မယုံကြည်နိုင်က မိမိတို့ဘာသာ ကြဉ်ရှောင်၍သာ နေစေ၊ ရှင်နန္ဒဓဇ၏ အကျိုးအပြစ်ကို အပြောအဆို မရှိစေနှင့်၊ ရှင်ဝဏ္ဏ ရှင်အရိန္ဒမ ရှင်အာဒိစ္စတို့၏ စကားကို ယုံကြည်သည့်ပုဂ္ဂိုလ်တို့မှာလည်း ရှင်နန္ဒဓဇကို မပေါင်းဖေါ်လိုလျှင် နေစေ၊ ရှင်နန္ဒဓဇမှာလည်း မိမိသီလ အပျက်အစီး မရှိ ပကတိအတိုင်းပင် နှလုံးပိုက်လျှင် မြေအပြင်၌ ပေါင်းဖေါ်သူ မရှိသော်လည်း ကံကို ယိုး၍ မိမိအား“ဘဂဝတော ဩဝါဒေ ဌိတာနံ ဧဒိသာယ အာရက္ခာယ ကရဏီယံ နတ္ထိ”ဟူ၍ ကေနိပါတ်သယမ္ဘူ တဒထရာ အဋ္ဌကထာ လာသည်နှင့်အညီ သီလ သမာဓိ သတိ ဝီရိယမှတပါး အခြားသော အာရက္ခာယ ကိစ္စ မရှိပြီ၊ သီလ သမာဓိ သတိ ဝီရိယကို အဖေါ်သဟဲပြု၍ သာသနာတော်၌ ချမ်းသာစွာ နေထိုင်စေ၊ ရှင်နန္ဒဓဇ၏ ပြောဆို ဝန်ခံချက်ကို ယုံကြည်သည့် ပုဂ္ဂိုလ်တို့မှာလည်း ရှင်နန္ဒဓဇနှင့် ပေါင်းဖေါ်ကြစေ။

သက္ကရာဇ် ၁၂၁၅-ခု၊ နတ်တော်လပြည့်ကျော် ၁၁-ရက်နေ့ သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အမိန့်တော်။

(၄) ရေပုတ္တလင်း္ရွာနေ ဆရာ ဦးဉာဏ တပည့် ရှင်ကဝိ, ရှင်ပရမ, ရှင်အရိယ၊ အလယ်ကုန်းရွာ ငရှမ်းအို မယား မိစီတို့ ရဟန်း ရှင်ဉာဏ ဥစ္စာများနှင့် အစပ်အရှက် စာချုပ်ပေတည်းကို ပြ၍ ပြောဆို လျှောက်ထားကြသည်မှာ-

၁၂၀၀-ပြည့်၊ တော်သလင်းလပြည့်ကျော် ၄-ရက်နေ့ ချုပ်သည့်စာသည် မိစီ တင်ပြချက်, ရဟန်း ရှင်ကဝိ တင်ပြချက် စာချုပ်နှစ်ရပ် ညီသည်၊ ဒုတိယ စာချုပ်မှာ ရေးစာချုပ်ကို သတိမရ၍ ဆရာဖြစ်သူ ဦးဉာဏက မှတ်မိသမျှ ရေးသား၍ သက္ကရာဇ် ၁၂၀၀-ခုနှစ်မှ တပည့်ဖြစ်သူ ရှင်ကဝိကို ၎င်းစာကို ပေးအပ်ကြောင်းနှင့် ရှင်ကဝိကပင် ထွက်ဆိုသည်၊ ပဌမစာချုပ် အခိုင်အမာ ဖြစ်သည်၊ ၎င်းပဌမ အချုပ်အထွက် ကျောင်းတကာ ဖြစ်သူ ငရှမ်းအို က မည်သည့် မြေအရပ်ကို တပည့်တော် ဆောက်သည့် ကျောင်းအား လှူပါ၏၊ အချုပ်ထွက်သည်၊ ရဟန်း ဦးဉာဏကို လှူသည်- ဟူ၍ အချုပ်မထွက်၊ ၎င်း ဝိဟာရ သင်္ဃိက ပစ္စည်းကို ကျောင်းတွင် နေသူ ပုဂ္ဂိုလ် ဂိုဏ်း, သံဃာသာ ထိုက်သည်၊ ၎င်းကျောင်းတွင် မနေသည့် ဂိုဏ်း သံဃာ ပုဂ္ဂိုလ်တို့မှာ ရေ စက်ပင် ခံသော်လည်း မထိုက်၊ ၎င်းပစ္စည်းရပ်ကို ဦးဉာဏ ပုဂ္ဂိုလ်က အပေး အကမ်း အဖျက်အဆီးကို မပြုထိုက်၊ ၎င်းအချုပ် အထွက်မှာ ငရှမ်းအို က ငါဆောက်သည့်ကျောင်းကို ပြုစုရစ်ဟု မယားဖြစ်သူ မိစီကိုသာ အပ်သည်၊ ဆရာဖြစ်သူ ဦးဉာဏကို မအပ်၊ ဆရာဖြစ်သူ ဦးဉာဏလည်း မိစီကပ်လှူသည် ကိုသာ သုံးဆောင်ထိုက်သည်၊ ငရှမ်းအို ဆိုချက်အတိုင်း ကျောင်း, လယ် ယာမြေရပ်ကို မိစီက လုပ်ဆောင်၍ ကျောင်းတွင်ရှိသည့် ဂိုဏ်း, သံဃာ ပုဂ္ဂိုလ်တို့ကို လုပ်ကျွေးစေ၊ ပေါင်နှံ ချေးငှါးသည့် ပစ္စည်းရပ်များမှာ မိမိက မပျောက် မပျက်ရအောင် ငရှမ်းအို ဆိုချက်အတိုင်း ကုသိုလ်ပြုလုပ်စေ၊ ငရှမ်းအို ဆောက်သည့် ကျောင်းမှာလည်း လှူရင်းကပင် သံဃိက အလှူဖြစ်၍ စတုဒိသာ သံဃာသာ အစိုးရသည်၊ ရေစက်ခံသူ ဆရာဦးဉာဏမှာ သံဃာ့ ပစ္စည်းကို စောင့်ရှောက် သိမ်းဆည်း နေထိုင်ရုံမျှသာ ဖြစ်သည်၊သူတပါးကို မပေးသိုက်၊ ၎င်းကျောင်းမှာ ဆရာဦးဉာဏ တပည့် သုံးဦးသားတို့တွင် ဝိနည်း မမွက်ကြောင်းအားဖြင့် ထိုက်သည့် သီတင်းကြီး ရှင်ကဝိ စောင့်ရှောက် နေ ထိုင်စေ၊ ရှင်ကဝိ-က ချသားမှ သီတင်းငယ်ကို စောင့်ရှောက် နေထိုင်စေ၊ ၎င်းကျောင်းတွင် မနေ မထိုင် ပြင်ပ ရဟန်း သံဃာတို့ကလည်း ကျောင်းနှင့် စပ်၍ အပြောအဆို မရှိစေနှင့်၊ ဆုံးဖြတ်ချက်အတိုင်း ဂိုဏ်း သံဃာတို့မှာ ဝိနည်းမမွက်နှင့်အညီ သုံးဆောင်စေ။

သက္ကရာဇ် ၁၂၁၅–ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁–ရက်နေ့ ဆရာတော် သံဃာတော်တို့နှင့် သာသနာပိုင် ဆရာတော်ဘုရားကြီး ဆုံးဖြတ်တော်မူချက်။

(၅) သက္ကရာဇ် ၁၂၁၅–ခု၊ ပြာသိုလဆန်း ၁၃–ရက်နေ့ ဒိပဲယင်းကွဲရွာနေ ဘိုးဦး ဆိုသူ သူငယ် အစစ်ခံချက်ဘုရား....၊

တပည့်တော် မြောက်ကျောင်း ဆရာ ဦးအာလောကထံ နေရာမှ မပျော်၍ ဦးနန္ဒိယထံ နေရာ ဦးနန္ဒိယသည် သူတပါးဆေးလိပ်ကို ပေးရာသလောဟု ရိုက်နှက်ပြီးသည်နောက် အရက် ၁၀–ရက်ကျော်လောက်ကြာလျှင် ဘုရားတပည့်တော်ကို မေထုန်မှီဝဲပါသည်၊ မှီဝဲသည့်ကာလကလည်း ဘုရားတပည့်တော်က ပက်လက်အိပ်၍ ခံနေရပါသည်၊ တပည့်တော်၏ ဝစ္စမဂ်သို့ လက်တဆစ်ခန့် သွင်းမိမည်ထင်ပါသည်၊ သည်နောက်လည်း ငါးခါ ခြောက်ခါ မှီဝဲပါသည်၊ နောက်အခါများမှာ မသွင်းမိပါ ဘုရား။

သက္ကရာဇ် ၁၂၁၅–ခု၊ ပြာသိုလဆန်း ၁၃–ရက်နေ့ ရှင်နန္ဒိယ အစစ်ခံချက် ဘုရား....၊

ဘုရားတပည့်တော်၏ ကျောင်းတွင် ဘိုးဦး နေလာ၍ သဒ္ဒါချေ ရပ်တွက်၍ အဟုတ်အဟတ် မဆို မရနိုင်၊ သိမ်းဆည်းနေကျ စာပေများကို မသိမ်းမဆည်း နေသောကြောင့် တုပ်နှောင်၍ ရိုက်လျှင် ထွက်၍ပြေးသောကြောင့် ခေါ်ရာ အစ်ကို ဘိုး လိုက်လာပါသည်၊ လာပြီးလျှင် မြောက်ကျောင်းမှာ နေသောအခါ တရံတဆစ်မျှ အရိုက်အနှက် မခံရပါ၊ ကိုယ်တော်ထံ နေခါမှ အရိုက်အနှက် ခံရပါသည်၊ ရိုက်နှက်ခံရုံမက တုပ်နှောင်၍ထားသည်ကို စိတ်နာလှသည်ဟု အစ်ကိုဘိုးက ပြောဆိုပါသည်၊ ဤကဲ့သို့ လျှောက်လျှင် တပည့်တော်က ငါ လိမ္မာအောင်သာ ရိုက်သည်၊ ဘိုးဦးကိုသာ ခေါ်ခဲ့ဆိုလျှင် တပည့်တော်ညီကို ကြေးငွေနှင့် ပေါင်၍ထားသည့် ကျွန် မဟုတ်ပါဟု မလေးမစား လျှောက်ထားသောကြောင့် အစ်ကို ဘိုး ကို ဒဟတ်သားဒုတ်နှင့် ရိုက်နှက်မိပေသည်၊ ၎င်းနောက်မှ မေထုနမ္မေနှင့် စပ်ရှက်၍ စွပ်စွဲပြောဆိုပါသည်၊ တပည့်တော်လည်း ဘိုးဦးနှင့် စပ်ရှက်၍ ကာယသံသဂ္ဂ မဖြစ်စဘူးပါ ဘုရား..၊ တပည့်တော်သည်လည်း ရဟန်းဦးပဥ္စင်းနှင့်အတူဘက္ခ နေ့တိုင်း နေ့တိုင်းပင် အိပ်ပါသည်၊ တယောက်ထီးထီး မအိပ်စဘူးပါ ဘုရား ၊ ၎င်းနေ့လျှင် နှစ်ကြိမ်မြောက် "ပုနပ္ပုနံ အနုဝဋ္ဋေ တဗ္ဗော" ဟူသော ပါဠိတော်နှင့်အညီ တဖန် စစ်ကြော မေးမြန်းပြန်ရာ–

သူငယ် ဘိုးဦး အစစ်ခံချက် ဘုရား....၊

စာတက်ရာမှာ တခါ ရိုက်နှက်ပါသည်၊ ထိုနောက် ထွက်ပါတော့မည် လျှောက်ထားရာလည်း တခါရိုက်နှက်ပါသည်၊ မေထုနမွှ အစပ်အရှက်မှာ ရှေးအစစ်ခံချက်အတိုင်း မှန်ပါသည် ဘုရား....။

ဂုဏ်းနေ့ပင် သုံးကြိမ်မြောက် လောကကြောင်းအားဖြင့် ထောက်သော် ခိုးထုပ်နှင့်တကွ မိသော ခိုးသူကိုသော်လည်း သေချာစွာ စစ်ဆေးမေးမြန်းရသော တရားသူကြီးတို့၏ ပဝေဏီသို့ သက်၍ရင်း, ဓမ္မကံကြောင်း အားဖြင့် ထောက်သော် မလ္လာမင်းသား အရှင်ဒဗ္ဗအား လက်ဝါးပြင်ဝယ် တင်၍ ထားသော ပတ္တမြားကဲ့သို့ ရှေ့ညာဏ်တော်ဖြင့် မြင်တော်မူလျက် ၃–ကြိမ် တိုင်တိုင် မေးမြန်းတော်မူသော အနုဝဇ္ဇက အမှုတို့၌ အတုလဇေဋ္ဌ ဖြစ်တော်မူသော ဘုရားသခင်၏ ဥပဒေသသို့သက်၍ရင်း ဆိတ်ငြိမ်ရာသို့ ခေါ် ပြီးလျှင် အနုဝဇ္ဇက ပုဂ္ဂိုလ်တဦးသာ စစ်ကြော မေးမြန်းပြန်ရာ–

သူငယ် ဘိုးဦး အစစ်ခံချက် ဘုရား....၊

ဘုန်းတော်ကြီး ဦးနန္ဒိယသည် တဝါတွင်းလုံးလုံး မင်းရွာသို့သွားခိုက် နှစ်ရက်သာ ပြတ်ပါသည်၊ ကြွင်းသည့်နေ့ရက်များမှာ အခြား အလပ် အပြတ် မရှိ နေ့တိုင်းပင် မှီဝဲပါသည်ဘုရား။

ဒိဝဲယင်းကဲ့ရွာ ရှင်နန္ဒိယ၌ တပည့်ဖြစ်သူ သာမဏေလူထွက် ဘိုးဦးက ဒွယံ ဒွယံ သမာပတ္တိ အမှုနှင့် စွပ်စွဲပြောဆိုရာ သံဃာတို့ စစ်မေးလျှင်–

> ကေစ္စသာ ဟိ သမ္မုခါကထာ ပရမ္မုခါကထာယ န သမေတိ၊ ပရမ္မုခါကထာစ သမ္မုခါယ ကထာယ၊ တထာ ပုရိမကထာစ ပစ္ဆိမကထာယ၊ ပစ္ဆိမကထာစ ပုရိမကထာယ။

ဟူ၍ ဥဒါန်းအဋ္ဌကထာ စသည်တို့၌ လာသည်နှင့်အညီ ဇုရိယာပုတ် လည်း မညီမညွတ် ထွက်ဆိုသည်၊ အကြိမ်အခါလည်း ပြောမိ ပြောရာ ရှေ့နောက် မညီမညွတ် ထွက်ဆိုသည်၊ ရှေးအဖို့၌လည်း သူတပါးတို့ အရိပ် အမြွက်မျှ မပြောမကြား၊ဆရာဆုံးမမှ သူတပါးသွန်သင်၍ ပြောဆိုသည်ဟု–

‘ ဥဒကဝိပ္ပန္ဒနေနေဝ ဟိ မစ္ဆော ခုဒ္ဒကော မဟန္တောတိ ပညာယတိ”

ဟူသော ဥဒါန်း အဋ္ဌကထာပါဠိနှင့် အညီ ရေပွက်အဟုန်ကို မြင်သဖြင့် ရေ ဝယ် ကျက်စားသော ငါး၏ အကြီးအငယ် ပမာဏကို ဆ၍ သိရာသကဲ့သို့ အဘူတကထာအဖြစ်ဖြင့် အရိပ်အရောင်ထင်သည်။

“ဂဟေတဗ္ဗဂဟဏံ ကတ္တဗ္ဗကရဏံ အပဿန္တော အဒ္ဓါရိက်ံ ဃရံ ပဝိဋ္ဌောဝိယ စရတိ” ဟူသော ဥဒါန်းအဋ္ဌကထာများနှင့်အညီ တောင်တိမ်းမြောက်ပါး စကားအရာ အင်္ဂါမညီ အစီအလျဉ်မသင့် ကစင့်ကရဲ ရှိရကား တံခါးမဲ့သော အိမ်သို့ ဝင်သောအခါကဲ့သို့ ဖြစ်သည်၊ စုဒိတက ရှင်နန္ဒိယမှာလည်း ရွာသူတို့၏ အကျင့်ကို ပြုသော ရဟောဂတ အရပ်၌ သူတပါးတို့နှင့် မရောမနှော နေစဘူးသည်မရှိ ထွက်ဆိုသည်၊ ကျောင်းနေ ပရိသတ်များကလည်း ရှင်နန္ဒိယနှင့် တညီတညွတ် ထွက်ဆိုသည်၊ ရှင်နန္ဒိယမှာ ရှေးကံအလျောက်သာ အစွပ်အစွဲခံရခြင်း ဖြစ်သည်၊ ပစ္ဆိမဘဝိက ဖြစ်သော မလ္လာမင်းသား ရှင်ဒဗ္ဗသည် အနဝဇ္ဇဖြစ်ပါလျက် ရှေးဝဋ်ဟောင်းနှင့်မကင်းရကား မေတ္တိယ ဘုမဇကတို့ အစွပ်အစွဲကို ခံရချေသည်၊ အစိန္တေယျ သုံးလူ့ထွတ်ထား ဘုရားသခင်လျက်လည်း ခုနစ်နှစ်ပတ်လုံး နောက်တော်ကလိုက်၍ အပြစ်ကိုရှာသော မာရ်မင်း, ခုနစ်နှစ်ပတ်လုံး နောက်တော်ကလိုက်၍ အပြစ်ကို ရှာသော ဥတ္တရလုလင်တို့သည် အဏုမြူတလုံးခန့်မျှ ကိုယ်တော်၏ အပြစ်ကို မမြင်သဖြင့်-

သတ္တဝဿာနိ ဘဂဝန္တံ၊ အနုဗန္ဓိ ပဒါပဒံ၊
ဩတာရံ နာဓိဂစ္ဆိဿံ၊ သမ္ဗုဒ္ဓဿ သတီမတော။

ဟူသော ဂါထာဖြင့် ထောမနာ၍ ပြန်ရပါလျက် မလိမ္မာသော တိတ္ထိအပေါင်းကို အမှီရသဖြင့် တက်ကြွသော စိဉ္စမာဏ၏ အစွပ်အစွဲကို ခံတော်မူရချေသည်များကို ထောက်၍ ရှင်နန္ဒိယမှာ “ဝေရံ အဝေရေန သမ္မတိ” ဟူ၍ ဟောတော်မူသည်နှင့်အညီ ရန်မူသောသူကို ရန်မတုံ့ပဲ မိမိရှေးဝိပါက်ကံဟောင်း အကြောင်းကိုသာ နှလုံးသွင်း၍ နောက်နောက်သော ဘဝတို့၌ ဤကဲ့သို့ အစွပ်အစွဲခံရခြင်း၏ အကြောင်း မကောင်းသော ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်များကို ကြဉ်ရှောင်စေ၊ စောဒကဝတ္ထုသည်တို့၏ အထွက်အဆိုများနှင့် သံဃာတို့ အရှုံးအရှာ မရှိသင့်။

(၁) တဆင့်မှာသောစကား၊ (၂) မျက်ကွယ်ဆိုသော စကား၊ (၃) နှစ်ခွန်းပြောသော စကား၊ (၄) အမျက်နှင့်တကွဆိုသောစကား- ဟူ၍ လောကီမနုဿာရဓမ္မသတ် ရွှေ့မျဉ်းကျမ်း၌လာသော တရားဆင်ရာ တရားသူကြီးတို့ မယုံကြည်အပ်သော စကားလေးခွန်းတို့တွင် ဝတ္ထုသည် သူငယ်၏ စကားသည် နှစ်ခွန်းပြောသော စကား, အမျက်နှင့်တကွဆိုသော စကားဖြစ်သည်၊ ငတိုးဆိုသူ အစ်ကိုယ်၏ စကားလည်း တဆင့်မှာသော စကားကဲ့သို့

ဖြစ်သည်၊ မြောက်ကျောင်းနေ ရှင်အာလောက စကားလည်း ဆိတ်ကွယ်ရာမှ ဖြစ်ခဲ့သော စကားကို အိမ်သို့ရောက်ခါမှ ရွာသူကြီးတို့ မှတ်သားပါဟု တိုင်တမ်းပါချေသော်လည်း သက်သေမဝင်ထိုက်၊ အလိုအလျောက် ကြားမှ သက်သေ ဝင်ထိုက်ကြောင်းများကို ဓမ္မသတ်ကျမ်းလာသည်နှင့်အညီ သက်သေ ရလောက်သောစကား မဟုတ်၊ ဝတ္ထုသည် လာရောက်သဖြင့် ပြောဆို၍ ကြားခြင်းမျှသာဖြစ်သည်၊ ထိုသူတို့၏ စကားကို မယုံကြည်ရာ၊ ရှင်နန္ဒိယ ရှေးထက်တိုး၍ သီလ, သမာဓိကို လုံခြုံစွာစောင့်ရှောက် သိမ်းဆည်းလျက် သာသနာတော်၌ ချမ်းသာစွာ နေထိုင်စေ။

သက္ကရာဇ် ၁၂၁၅-ခု၊ ပြာသိုလဆန်း ၁၃ - ရက်နေ့၊ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၆) သက္ကရာဇ် ၁၂၁၅-ခု၊ တပို့တွဲလဆန်း ၆-ရက်နေ့
ဒရယ်ကောင်းတိုက်နေ သာမဏေ ရှင်ပရမ-အစစ်ခံချက်ဘုရား....၊

ရှင်အဂ္ဂ သက်နီး ဘိနပ် ပစ္စည်းဘဏ္ဍာ ပျောက်လျှင် သောမောင်ကို မယုံသင်္ကာရှိ၍ စစ်မေးရာ သောမောင်က ခိုးယူကြောင်းကို ထွက်ဆို၍ ရပါသည်၊ ဘုရားတပည့်တော် သားအဘကိုလည်း ၎င်းတိုက်အုပ်ဆရာ ကျောင်းနေ တပည့် ဦးပဍ္ဍင်း ဦးကေသရ, ရွှေဆိုင်တို့က နှုတ်ပေးသွန်သင်သူ ဆို၍ ဘမ်းဆီးလျှင် ဘုရားတပည့်တော် ရှင်ပရမမှာ လွတ်ရာလွတ်ကြောင်း ရှန်းထွက်၍ ပြေးရပါသည်၊ အဘ ဘိုးသူတော်ကို ဘမ်း၍ ရိုက်နှက်ပြီးလျှင် ချည်နှောင်ထားပါသည်၊ ချည်နှောင်ထားခိုက် တပည့်တော်တို့ ပိုးပုဆိုး ချည်ပုဆိုး- ၂၊ မဲတင်းတိမ်-၁၊ ပိတ်အင်္ကျီ-၁၊ ပိုးဆာပါ တပိုင်၊ ငါးမျိုး ပုဝါ- ၂၊ လက်ကိုင်ပုဝါ-၁၊ ကွမ်းအစ် ထုံးဘူးစုံ- ၂၊ နှီးသားဖါချာ ငွေ ကွပ်ဆေးအိုးဆေးတံ-၁ များကို အတင်းအဓမ္မ သိမ်းယူပါသည်ဘုရား။

သက္ကရာဇ် ၁၂၁၅-ခု၊ ပြာသိုလဆန်း ၆-ရက်နေ့
အဘဖြစ်သူ သီတင်းသည် အစစ်ခံချက်ဘုရား....၊

သောမောင် ခိုးယူသည့် ပစ္စည်းရပ်များကို တပည့်တော်နေရာမှာ ထားပါသည်ဆို၍ တပည့်တော်က ရှာဖွေကြည့်ရှုလျှင် ၎င်းခိုးယူသည့် ပစ္စည်း ရပ်များကိုတွေ့၍ လွတ်ရာသို့ ပစ်လိုက်ပါသည်၊ တပည့်တော်ကို နှုတ်ပေး သွန်သင်သည် ဆို၍ ရိုက်နှက် ဘမ်းဆီး တုပ်နှောင် ထားပါသည်၊ တုပ် နှောင်ထားခိုက် တပည့်တော် ပစ္စည်းများကိုလည်း အဓမ္မ သိမ်းယူ၍ ပျောက် ပျက်ပါသည်ဘုရား။

သက္ကရာဇ် ၁၂၁၅-ခု၊ ပြာသိုလဆန်း ၆-ရက်နေ့
ရဟန်း ရှင်ကေသရ အစစ်ခံချက် ဘုရား....၊

ဘိုးသူတော်ကို ရိုက်နှက်အောင် ဘုရားတပည့်တော်က မစေမခိုင်းရပါ၊ ဘိုးသူတော်ပစ္စည်းရပ်များ ပျောက်ပျက်သည်ကိုလည်း မသိရပါ၊ ဘုရားတပည့်တော်က သိမ်းယူလေဟု မစေမခိုင်းရပါဘုရား။

သက္ကရာဇ် ၁၂၁၅-ခု၊ ပြာသိုလဆန်း ၆-ရက်နေ့
ဝေယျာဝစ္စကရဖြစ်သူ ဘိုးဆိုင် အစစ်ခံချက် ဘုရား....၊

တပည့်တော်ကို သံဃာတို့ ဆွမ်းခံသွားရာ အစောင့်အရှောက် ထားခဲ့၍ ပစ္စည်းဘဏ္ဍာ အမြောက်အမြား ပျောက်ပျက်လျှင် မနေမထိုင်သာရှိ၍ စောင်း မြောင်း ကြည့်ရှုလျှင် သောမောင် လက်ရမ်းက တက်လာ၍ ဘဏ္ဍာထားရာ တိုက်ခန်းသို့ ဝင်သည်ကိုမြင်၍ ဘမ်းဆီးလျှင် ဘိုးသူတော်လည်း သက်န်း ကို ယူ၍ ထွက်ပြေးသွားသောကြောင့် ဘိုးသူတော်လက်မှာပင် သက်န်းများ ကို တွေ့မြင်၍ ဘိုးသူတော်ကိုလည်း ဘမ်းဆီးရိုက်နှက်၍ စစ်မေးပါသည် ဘုရား။

သက္ကရာဇ် ၁၂၁၅-ခု၊ ပြာသိုလဆန်း ၆-ရက်နေ့
သက်န်းရှင် ရဟန်း ရှင်ဝိဇယ-အစစ်ခံချက်ဘုရား....၊

ဘုရားတပည့်တော် သက်န်းကို ဘိုးသူတော်လက်မှာ ရပါသည်၊ ဘိနပ်မှာ သောမောင်အစစ်ခံချက်နှင့် ဘိုးသူတော်နေရာ စရပ်အတွင်း မံဘုရားအောက် မှာ ယူ၍ ရပါသည်ဘုရား။

'သံကိုကြွက်စား၊ သားကို စွန်ချီသည်'ဟူ၍ ဆိုသော ကုန်သည် နှစ်ဦးတို့၏ စကားကဲ့သို့ ထောက်လှမ်းရန် မရှိ၊ ယုတ္တိမဲ့ချေရကား ၎င်း ၆ – ရက်နေ့ညတဘန် စစ်ကြော မေးမြန်းပြန်ရာ-

ဆိုင် အစစ်ခံချက်ဘုရား....၊

ဒရယ်ကောင်းရွာရှေ့ တိုက်အုပ် ဦးလယ်တွင်းနှင့် ၎င်းတပည့် ဦးကေသရ တို့က ပေါ်အောင် စစ်ရမည် စေခိုင်းသောကြောင့် စစ်ရပါသည်၊ ယခင် ပြောသည်မှာ ဆရာသမားဖြစ်၍ အပြစ်ကြီးစွာ ရောက်မည်စိုး၍ တပည့်တော် အလိုအလျောက် စစ်မေး ရိုက်နှက်ကြောင်းနှင့် ပြောဆိုမိပါသည်၊ စစ်ကြော

သည့် ကာလလည်း ကျောင်းတွင်း ကျောင်းပြင် ရွာထဲကထွက်၍ လူသူ အများပင် ကြည့်ရှုလာကြပါသည်၊ ဘိုးသူတော်ဥစ္စာကို မည်သူ ယူသည်ဟူ၍ မသိပါ၊ သောမောင်ကို စစ်မေးရာ ဘိုးသူတော်လက်မှာ ရှိကြောင်းနှင့် ထွက်ဆို၍ ရှာဖွေစိစစ်လျှင် ပိုးကောစီ - ၁၊ ပိုးသင်းပိုင် - ၁၊ ချည်ကောစီ - ၁၊ ဘုံပိုင်ရေဘိနပ်-၁ များကို ရပါသည်ဘုရား။

လယ်တွင်း ဒရယ်ကောင်းရွာရှေ့တိုက်နေ သီတင်းသည် သူတော်ကို ဦးပဥ္စင်းဦးကေသရက ဆိုင်ကိုစေ၍ တပည့်တော်ကို ခိုးဝှက်သည်ဟု အရိက်အနှက် အဂုတ်အခတ်ကိုလည်း ခံရပါသည်၊ တပည့်တော် ပစ္စည်းရပ်များ ကိုလည်း သိမ်းယူပါသည် လျှောက်ချက်ရှိ၍ ရဟန်း ရှင်ကေသရ ဆိုင်တို့ကို စစ်မေးလျှင် သောမောင် ဆိုသူသည် သက်န်းထည်ရေ-၄၊ ဘုံပိုင်ရေဘိနပ်များကို ခိုးယူသည်နှင့် စစ်မေးလျှင် သူတော်က ခိုးယူရာ ရပစ္စည်းများကို ယူသွား၍ စရပ်မှာ ထားသည်ကိုမြင်၍ သူတော်ကိုလည်း စစ်မေးပါသည်၊ ထွက်ဆိုသည့် သူတော်မှာ သောမောင် ခိုးယူသည့် ပစ္စည်းရပ်များကို သူတော်ထံမှာ တွေ့လျက်ပင် ရှိသည်ဖြစ်၍-

လောကကြောင်းအားဖြင့် ကြီးလှစွာသော ဆင်ပေါက်ကို မျက်မှောက်ထင်ထင် မမြင်စေခြင်းငှါ ဗန်းဖြင့် ဖုံးအုပ်ဘိသကဲ့သို့ ခိုးထုပ် ခိုးထည်နှင့် တကွ လက်ပူးလက်ကြပ် တွေ့မြင်ရကား ဆင်ကောင်ကိုမြင်လေလျှင် ဆင်ခြေရာကို မရှာသင့် ဆိုသကဲ့သို့ ထိုသူတော်မှာ ပေဋ္ဌာစရက အဝစာရဖြစ်၍ ရာဇဒဏ်မှ မလွတ်သင့်ပြားသော်လည်း ဓမ္မကံကြောင်းအားဖြင့် သူတော်၏ ရှေးအဖို့က လက်ခြေ ငြိမ်သက်သည်များကို ရွာမုန်းကြီး တောရဘုန်းကြီး ရှင်မဥ္ဇူတို့က ထောက်လှမ်းစုံစမ်းစေ သူတော်က ပိုးချည်ပုဆိုး-၁၊ ဝါချည်ပုဆိုး-၁၊ မဲတင်းတိမ်-၁၊ ထုံးဘူးစုံကွမ်းအစ်-၁၊ ငွေဆေးအိုး-၁၊ နှီးချောဖါ-၁၊ပိုးဆာပါ တပိုင်၊ ငါးမျိုးပုဝါ နှစ်ပိုင်၊ လက်ကိုင်ပုဝါ-၁၊ ပိတ်အင်္ကျီ-၁ များကို သိမ်းယူပျောက်ပျက်သည်ဟု ဆိုသည်မှာ လောဘနိုင်ငံသို့ လိုက်၍ ဒေါသနိုင်ငံသို့ လိုက်၍ စာရင်းတင်ပြသည် ဟူ၍လည်း မသိဖြစ်သည်၊ မည်သူထံက ရသည်,မည်သည့်ကာလ ရသည်,သူတော်ထံမှာရှိသည်ကို မြို့ကန္နားဈေးပြင် စရပ် တန်ဆောင်း မြစ်ကမ်း ရေဆိပ်ဟူ၍ လောကီမနုသာရ ဓမ္မသတ် ရွှေမျဉ်းကျမ်းများ၌ လာသော သက်သေရရာ ဌာနလေးရပ်သို့ သက်၍ လောဘနည်းသူ မောဟနည်းသူ သဒ္ဓါတရားနှင့် ပြည့်စုံသောသူ ဟူ၍ ၎င်းမနုသာရ ဓမ္မသတ် ရွှေမျဉ်းကျမ်းများ၌ လာသော ခုံသက်သေထိုက်သသူ လေးဦးတွင် ယထာလဒ္ဓ သာဓကနှင့် ရွာမုန်းကြီး တောရ ဘုန်းတော်ကြီး ရှင်မဥ္ဇူတို့ထံ အမှန်အကန် ဆိုစေ၊ သူတော်ဆိုသည်အတိုင်း မှန်လျှင်-

ဒုပ္ပညာ ဟိ ကထာ ဥဒကေ ဂေဏ္ဍုဝိယ ဥပ္ပလဝတိ – ဟူ၍ ဥဒါန်း အဋ္ဌကထာ လာသည်နှင့်အညီ ရဟန်း ရှင်ကေသရ၏ စကားသည် ယုတ္တိမဲ့ လျက် တရားသူကြီး ဝိနည်းမိုရ် ပုဂ္ဂိုလ်တို့ မယုံကြည်အပ်သော စကား လေးခွန်းသို့ သက်သည်။

ပဋိညံ န ဒေတိတိ သစေ မယာ ကတဒေါသံ ဝက္ခာမိ၊ မယှံ အနုဝဇ္ဇကာ ဘိဇ္ဇိဿန္တီတိ ပဋိညံ န ဒေတိ။

ဟူသော ဝိမတိဝိနောဒနိဋီကာ လာသည်နှင့်အညီ ကြောက်ရှက်စနိုး၍ ကွယ်ဝှက်သော စကားဖြစ်ရကား ရိုက်နှက်ပုတ်ခတ်အောင် မစေမခိုင်းရပါ ဟု ကွယ်ပျက်သော်လည်း ဆိုင် ထွက်ဆိုချက်အတိုင်း အာဏတ္တိက ရဟန်း လက်တွင် ဆရာ ရှင်ကေသရ တို့က ယုတ်မာကြေ့ကြမ်း ဟော့ရမ်းသည့်သူ ဖြစ်၍ နှိပ်နင်းခြင်းကို ရှေးရှုလျက် သိမ်းယူ ပျောက်ပျက်သည့်အရာ ဖြစ်သည်။

တတြ သစာယံ ဘိက္ခု ကိလမေတွာ နံ ဒဿာမိတိ ဒါနေ သဥဿာဟော ရက္ခတိ တာဝ။

ဟူသော အဋ္ဌကထာပါဠ် ဥပနိမိကထာအဖွင့်နှင့် အညီ ဌာနာစာဝန အရာ မဟုတ်ရကား ဘဏ္ဍာစား ပြန်ပေးစေ၊ သူတော်အစစ်ခံချက်အတိုင်း ၎င်း ပစ္စည်းရပ်များ မရှိလျှင် သူတော်လည်း ပေါင်းဖေါ်လေးမြတ် ချစ်ခင်အပ် သော အဆွေခင်ပွန်း မဟုတ်၊ မိတ္တ ဒုဗ္ဘိ ဖြစ်၍ နေရာဌာနမှ ထုတ်၊ အရိုက် အနှက် အပုတ်အခတ် ခံရသည်မှာ....

(၁) ဥစ္စာလို၍ ဆွဲငင်ခြင်း၊
(၂) ခိုက်ရန်ဖြစ်၍ ဆွဲငင်ခြင်း၊
(၃) ရန်သူ ဟူ၍ ဆွဲငင်ခြင်း၊
(၄) ခိုးသူ ဟူ၍ ဆွဲငင်ခြင်း

အားဖြင့် လေးပါးသော ဆွဲငင်ခြင်းတို့တွင် ရန်သူဟူ၍ ဆွဲငင်ရာ၌ သေ သော် ကျွန်ငါးယောက်၊ ပုတ်ခတ်၍ သေသော် ကျွန်သုံးယောက်၊ ဆွဲငင်သည် အတွင်း ဖျားနာ၍ သေမူ ကျွန် ၎င်းသုံးယောက် လျော်စေ၊ ခိုးသူဟူ၍ ကိုင် ရာ၌ လျော်ပြစ် မရှိ၊ လွတ်ငြိမ်းစေ၊ ဓမ္မသတ်ကျမ်း လာသောကြောင့် မိမိ ကံကို ယိုးစွဲ၍ နေစေ၊ ဝတ္ထုမလောက် ပျောက်ပျက်သမျှ ပစ္စည်းရပ်များကို အထူး မဆိုစေနှင့်၊ လွတ်လပ်စေ။

သက္ကရာဇ် ၁၂၁၅ – ခု၊ ပြာသိုလဆန်း ၇ – ရက်နေ့၊ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၇) သက္ကရာဇ် ၁၂၁၅-ခု၊ တပို့တွဲလပြည့်ကျော် ၈-ရက်နေ့

သာဝဇ္ဇ, အနဝဇ္ဇ နှစ်ပါးတို့တွင် အနဝဇ္ဇ၊ သတေကိစ္ဆ, အတေကိစ္ဆ နှစ်ပါးတွင် သတေကိစ္ဆ၊ မဟာသာဝဇ္ဇ,အပ္ပသာဝဇ္ဇ နှစ်ပါးတွင် အပ္ပသာဝဇ္ဇ၊ ဒေသနာကံ, ဝုဋ္ဌာနကံ နှစ်ပါးတွင် ဒေသနာကံသို့ အမှုသည် ရဟန်း၏ သက်ဝင်ခြင်းကို ရှေးရှုလျက် စစ်ဆေး မေးမြန်းရာ-

ပိတောက်ချောင် သံဃာတစုတို့ လျှောက်ချက် ဘုရား....၊

ရှင်စန္ဒလင်္ကာကို ပိတောက်ချောင် ဆရာတော်ဘုရားကြီး မရှိသည်နောက် ရဟန်းတို့၏ အမူအရာ အသွားအလာ မလျောက်ပတ်သောကြောင့် အကြိမ်ကြိမ် ဆုံးမကြ၍ ဝန်ခံပြီး မကြောက်မရွံ့ အဘန်တလဲလဲ ကျင့်ပါသည်၊ယခုနောက် ရှင်ဂုဏပုဂ္ဂိုလ်ဘ ရှင်စန္ဒာလင်္ကာရကို မာတုဂါမနှင့်တကွ ညည့်အခါ အချိန်မလျော် ကျောင်းတွင်း ကျောင်းပြင် လမ်းခရီးတိုင်း အကြိမ်ကြိမ် တွေ့မြင်၍ သံဃာတို့အား ပြောကြားသောကြောင့်ရင်း, ကာယသမာစာရ စသော အမူအရာ မသင့်ကြောင့်ရင်း ရှောင်ကြဉ်၍ နေထိုင်ကြပါသည် ဘုရား..။

သက္ကရာဇ် ၁၂၁၅-ခု၊ တပို့တွဲလပြည့်ကျော် ၈-ရက်နေ့

လောကကြောင်းအားဖြင့်ထောက်သော် ခိုးထုပ်နှင့်တကွ လက်ပူး လက်လက်ကြပ် မိသော ခိုးသူကိုသော်လည်း သေချာစွာ စစ်ဆေး မေးမြန်း၍ စီရင်သော တရားသူကြီးတို့၏ ထုံးပဝေဏီသို့ သက်၍ရင်း, ဓမ္မကံကြောင်းအားဖြင့် ထောက်သော် ကာလန္တကရွာ သူဌေးသား ရဟန်း သုဒိန်, ဓနိယ, ဆဗ္ဗဂ္ဂီ စသော သူတို့၏ အမူအရာများကို လက်ဝါးပြင်ဝယ် တင်၍ထားသော ရှိရှားသီးကဲ့သို့ရင်း လေးတောင်တိုက်ခန်းဝယ် ဘမ်းဆီးမိသော သူခိုးကဲ့သို့ရင်း အလွန်ထင်ရှားစွာ အသာဓာရဏ သဗ္ဗညုတဉာဏ်ဖြင့် မှန်ကန်စွာ သိမြင်တော်မူလင့်ကစား "သစ္စံ ကိရ" စသည်ဖြင့် မေးမြန်းတော် မူ၍ အပြစ်အလျောက် ဆုံးမတော်မူသော အနဝဇ္ဇက အမှုတို့အား စစ်ဆေးမေးမြန်းခြင်းသည် အလွန် လိမ္မာတော်မူလှသော ဘုရားသခင် နည်းဥပဒေသသို့ သက်၍ ရင်း ရှင်စန္ဒလင်္ကာ၏ ပြုကျင့်သော အမှုသည် လူ ရှင် ရဟန်းတို့အား ထင်စွာ သိကြသော်လည်း "မြူရာတွင် ဖွပ်လျှင် ဖွေးသည်၊ ထူရာတွင် ထပ်လျှင် သေးသည်" ဆိုသကဲ့သို့ ရှင်စန္ဒလင်္ကာအား စစ်ကြောမေးမြန်းရာ-

ရှင်စန္ဒာလင်္ကာ အစစ်ခံချက် ဘုရား....၊

ဘုရားတပည့်တော်သည် သာသနာနှင့် မထိုက်မတန် ရှေးကံအလျောက် မှောက်မှားကျင့်ကြံမိသည် မှန်ပါသည်၊မြင့်မြတ်သော ပဥ္စင်းအဖြစ်မှ လျော၍ ယုတ်နိမ့်သော သာမဏေအဖြစ်၌ တည်လိုပါသည်ဘုရား....။

ပိတောက်ချောင် ရှင်စန္ဒလင်္ကာသည် ဝိသဘာဂနှင့် ရောရှက်၍၊ ဒွယံ ဒွယသမာပတ္တိအမှု ပြုကျင့်သည်ကို ရဟန်းဖြစ်သူ ရှင်ဂုဏ တွေ့မြင်သည်နှင့် အပေါင်းသံဃာတို့အား ပြောကြားလျှင် အပေါင်းသံဃာတို့သည် ရှင်စန္ဒလင်္ကာ၏ ပုဗ္ဗာပရ အမှုအကျင့်ကို ထောက်ချင့်၍ မပေါင်းမဖေါ် နေသည်ကို မင်းရောဇ ကြားသိ၍ ရှေး ဘေးလောင်းတော် သိရိဓမ္မာသောက မင်းသည် အရည်းရှင်ယောင် တိတ္ထိတက္ကတွန်း တို့အား အရှင် မောဂ္ဂလိပုတ္တ တိဿ မထေရ်၏ ဩဝါဒကို အမှီပြုလျက် သုတ်သင် ရှင်းလင်း၍ သာသနာတော်၏ အကျိုးစီးပွားကို သားတော်, မြေးတော်တို့၏ အကျိုးစီးပွားမက ရွက်ဆောင်တော်မူသော ထုံးဥပဒေသနှင့်အညီ–

ဆရာတော်နန်းတော်သို့ဝင်ရာ စစ်ကိုင်းတောင်သည် ရှေးရှေးကာလက များစွာသော ပစ္စေကဗုဒ္ဓါ အရှင်တို့၏ ကိန်းဝပ်ရာ ရာဇဂြိုဟ်ပြည်၏ အနီး ဣသိဂိလိတောင်ကဲ့သို့ သီလရောင်, သမာဓိ ရောင်တို့ဖြင့် တပြောင်ပြောင် ထွန်းလင်းပါသည်၊ သီလအနံ့, သမာဓိအနံ့တို့ဖြင့်လည်း တကြိုင်ကြိုင် မွှေးပြန့် ပါသည်ကို အလဇ္ဇီပုဂ္ဂိုလ် နေထိုင်၍ မသင့်တင့်လေရကား စစ်ကိုင်းတောင် သည် ညှီဟောင်သိုးပုပ်သကဲ့သို့ ယခုရှိပါသည်၊ရှင်းလင်းသုတ်သင်တော်မူပါ ဟု တကာတော် မင်းကြောရာဇပင် သာသနာ့ ဒါယကာဖြစ်၍ စောဒက အဘိယာစက ပုဂ္ဂိုလ် ဖြစ်ပါတော့သည်ဟု အလျောက် အထားရှိ၍ စစ်ကိုင်း ပုဂ္ဂိုလ်တို့ကို အမှုသည်နှင့်တကွ ချခေါ်မေးမြန်းလျှင် ကိုယ်တိုင် ကိုယ်ကြပ် ပင် တွေ့မြင်ကြောင်းကို လျှောက်သည်၊ အမှုသည် ရှင်စန္ဒလင်္ကာလည်း ရှေးရှေးကာလ၌–

> ဒုဿီလော ဟိ ဂူထ ပဋိစ္ဆာဒနတ္ထံ တိဏပဏ္ဏာဒိစ္ဆာဒနံ ဝိယ အတ္တနော ဒုဿီလဘာဝံ ပဋိစ္ဆာဒနတ္ထံ သုဗ္ဗတာနံ ဆဒနံ ကတွာ အဟံပိ ဘိက္ခုုတိ ဘိက္ခုမဇ္ဈေ ပက္ခန္ဒတိ။

ဟူ၍ သုတ္တနိပါတ် စုန္ဒသုတ် အဋ္ဌကထာလာသည်နှင့်အညီ မစင်ဘင်ပုပ်ကို မျက်ဆုပ်ဖြင့် ဖုံးလွှမ်း၍ထားသကဲ့သို့ မိမိ၏ဒုဿီလအဖြစ်ကို သူတော်ကောင်း တို့ အကျင့်ဖြင့် ဖုံးလွှမ်း၍ ငါလည်း ရဟန်းပင်တကားဟု ရဟန်းများအလယ်

၌ သွားလာနေထိုင်သော်လည်း ယခုဝိနိစ္ဆယဘောင်သို့ သက်လျှင် တွင်းဝိတ်သော မြွေကဲ့သို့ ဖြောင့်စင်းလျက် ဝန်ခံသည်၊ တပည့်တော်မှာ ရှေးကံအလျောက် ဖြစ်သည်ကို သံဃာတို့အား မပင်မပန်းစေပါပြီ၊ သာမဏေအဖြစ်၌ တည်၍ တရားကို အားထုတ်ပါတော့မည် လျှောက်သည်၊ ၎င်းလျှောက်ချက်အတိုင်း–

လောကသုံးပါး၌ မဟာကရုဏာတော်ရှင် သဗ္ဗညု ဘုရားသခင်သည် ဝဋ္ဋတိုင်း ဝေသာလီပြည်သား ရဟန်းတို့အား သနားတော်မူသော်လည်း ချင်းတို့ကံအလျောက် မှောက်မှားသော အကျင့်ဖြင့် ဂင်္ဂါမြစ်ကြီးကို တားဆီးဝိတ်ဆို့သကဲ့သို့ ပဉ္စမပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူပါလျက် အာဏာတော်ကိုမတည် လွန်ကျူးလေရကား အပြစ်အလျောက် နှိမ့်ချတော်မူသော ဘုရားသခင် ဥပဒေသို့ သက်၍ "စာဂေါ ယော ဘိက္ခု ဘာဝသ၊ သာ ပါရာဇိကာ ဒေသနာ"ဟူ၍ လက်သန်းအဋ္ဌကထာ လာသည်နှင့်အညီ ရဟန်းအဖြစ်ကို စွန့်ခြင်းသည် ပါရာဇိက အာပတ်ကို ဒေသနာကံ ကုစားသည် မည်ရကား ရှင်စန္ဒလင်္ကာ–မှာ သာမဏေသိက္ခာကို ခံယူ၍ ရှင်ပဏ္ဍိတနှင့်တကွ ရှေး ပေါင်းရင်း သံဃာတို့က အဆုံးအမဩဝါဒပေးရာ နာယူ၍ တရားကို အားကုက် နေထိုင်စေ၊ နောင်ကာလများ၌လည်း....

သလ္လပေ အသိဟတ္ထေန၊ ပိသာစေနာပိ သလ္လပေ။
အာသီဝိသံပိ အာသီဒေ၊ ယေန ဒဋ္ဌော န ဇီဝတိ။

စသည်ဖြင့် ဗုဒ္ဓမဟာ့ညူ အဋ္ဌကထာဆရာတို့ မိန့်ဆိုတော်မူသည်နှင့်အညီ။

ငါနှင့် စကားပြောလျှင် ဤသန်လျက်ဖြင့် ခုတ်ဖြတ်မည် ဆိုသောသူနှင့် ၎င်း, ငါနှင့် စကားပြောလျှင် ကျွတ်ကျွတ်ဝါး၍ ကိုက်စားမည် ဆိုသော မြေဘုတ်ဘီလူးနှင့် ၎င်း, ငါနှင့် စကားပြောလျှင် ကိုက်သတ်မည် ဆိုသော မြွေနဂါးနှင့်၎င်း စကားပြောဟောခြင်းသည် သင့်မြတ်သေး၏၊ မာတုဂါမနှင့် အကျွမ်းဘဝင် လျှပ်ပေါ် လော်လီသဖြင့် စကား မပြောရာ-ဟူ၍ ပရိနိဗ္ဗာန် စံခါနီးကာလ ညီတော် အာနန္ဒာ အရှင်မြတ်အား ဆုံးမတော်မူခဲ့သော ဘုရားသခင်ဒေသနာတော်ကို ထောက်၍ ရှင်စန္ဒလင်္ကာမှာ မာတုဂါမနှင့် ရောရှက် ပြောဟော နေထိုင်ခြင်းကို မပြုပဲ ကိုယ်စိတ်နှလုံးကို ဆုံးမကံမြစ်၍ နေထိုင်စေ။

သက္ကရာဇ် ၁၂၁၅–ခု၊ တပို့တွဲလပြည့်ကျော် ၈–ရက်နေ့ သာသနာပိုင်ဆရာတော်ဘုရားကြီး အမိန့်တော်။

(ဂ) သက္ကရာဇ် ၁၂၁၅-ခု၊ တန်ခူးလဆန်း ၁၂-ရက်နေ့တွင်

တေနပတိ ဘိက္ခဝေ ဗုဒ္ဓမေ ဘိက္ခူ အနုယုဥ္ဇထာတိ ဗုဒ္ဓံ ဝတွာ ဘဂဝါ ဥဌာယာသနာ ဝိဟာရံ ပါဝိသိ။

ဟူသော ပါရာဇိကပါဠိ-မေတ္တိယ ဘူမဇက ဘိက္ခုဝတ္ထု ဒေသနာ လာရှိသည်နှင့် အညီ မလ္လာမင်းသား အရှင် ဒဗ္ဗ-အား အညဘာဂိယ ကိစ္စဒေသ အမှုဖြင့် စွပ်စွဲသော မေတ္တိယဘူမဇက ရဟန်းအား စစ်ဆေး မေးမြန်းခြင်း အနုဝတ္တက အရာ၌ ရှင့်ဒေ မျှော်ခေါ်တော်မမူပဲ မျက်နှာလွှဲတော်မူ၍ ရဟန်းများအား ဆောက်နှင်းတော်မူသော ဘုရားသခင် နည်းဥပဒေသို့ သက်၍ သိရှိသူ သက်သေ စုံရာတို့နှင့်တကွ အမှုသည်တို့အား စစ်ဆေးမေးမြန်းကြလေဟု အမိန့်တော်မြတ် သတပတ်ရွှေကြာကို ဦးထိပ်မှာ ဆင်ကြရသဖြင့် စစ်ဆေး မေးမြန်းရာ-

တကာ ရေစ် အစစ်ခံချက်ဘုရား....၊

တောင်တော်ရွာ ကျောင်းနေ ဆရာဦးကိတ္တိထံ ဝက်ကောင်ရေ ဂ-ကို ရွှေမြို့တော်ခန ဆရာတော်များထံ လှူဒါန်းရန် အဘိုးငွေရွက်နီ ဂဝိ-ပေး၍ ညဥ့် ၃-ချက်တီး အချိန်ဝယ် ဝယ်ယူရပါသည်၊ ၎င်းဝက်ဘိုး ငွေရွက်နီ ဂဝိ-ကိုလည်း ဘုန်းတော်ကြီး ဦးကိတ္တိလက်ဝယ် ထားခဲ့ရပါသည်၊ ရောင်းဝယ်သည်ကာလ ကျောင်းတွင် ဘိုးသူတော်လည်း အခြားအရပ်သို့ သွားခိုက်ဖြစ်၍ မသိပါ၊ ကျောင်းသားသူငယ်ကိုလည်း မသိပါစေနှင့်ဆို၍ မသိအောင် သို၀ှက်၍ ပေးခဲ့ရပါသည်ဘုရား။

သက္ကရာဇ် ၁၂၁၅-ခု၊ တန်ခူးလဆန်း ၅-ရက်နေ့

ရက္ခဗိုဝ်းနတ်သည် ငါဟူ၍ စဥ်းလဲ ကောက်ကျစ်ငြားသော်လည်း ချင်း၏ အမှုအရာ မျက်လွှာမခတ်ခြင်းလျှင် ဤသူကား လူစင်စစ်မဟုတ်ဟု သိလင့်ငြားလည်း ပရိသတ်တို့၌ ထင်စေခြင်းငှါ ရထားစီးခြင်း စသော အမှုဖြင့် မဟောသဓာသုခမိန် စစ်ဆေး မေးမြန်းသကဲ့သို့ စစ်ဆေးမေးမြန်ရာ-

တောင်တော်ရွာကျောင်းနေ ရဟန်း ရှင်ကိတ္တိ အစစ်ခံချက်ဘုရား....၊

တကာရေစ်က ကိုယ်တော်အရှင်မြတ်မှာ ဝက်ကြောင့် အမှုကိစ္စ များပါသည်၊ ဘေးရန်လည်း များပါသည်၊ ဤဝက်များကို ရွှေမြို့တော် ဆရာ

တော်များထံ လျှုဒါန်းရအောင် သနားတော်မူပါဟု လျှောက်ထားသော ကြောင့် လှူဒါန်းရန်ဖြစ်လျှင် ဘမ်းယူတော့ဟု အခွင့်ပြုမိပေသည်၊ ဘုရား တပည့်တော်မှာလည်း ရွှေမြို့တော်ဝန်-ဝိုင်ဇတ် လက်ထက် ဝက်သတ္တဝါများ ကို မမွေးကြစေနှင့် ဆင့်ဆို၍ ရပ်ရွာ တကာများက အသီးအသီး ကျောင်း မှာ လွှတ်ထားလာသောကြောင့် ၎င်းဝက်များ ရှိနေပါသည်၊ ဘုရားတပည့် တော်လည်း မည်သည့်ကာလမှ ဝက်များကို ရောင်းစား ဖလယ်ဘူးသည် မရှိပါဘုရား။

သက္ကရာဇ် ၁၂၁၅–ခု၊ တန်ခူးလဆန်း ၁၂–ရက်နေ့ မိုးကောင်းရွာကျောင်းနေ ရဟန်း ရှင်ဝိမလာစာရ, သုံးထပ်ကျောင်းနေ ရဟန်း ရှင်ဇာဂရ, မြင်းခုံတိုင်ရွာကျောင်းနေ ရဟန်း ရှင်စန္ဒတို့ အစစ်ခံချက်ဘုရား....၊

ဦးကိတ္တိက ကျောင်းတွင် ဝက်များကို တကာများအား ပေးအပ်၍ လှည်း နှင့် ဘမ်းဆီးလာလျှင် အုတ်အော်သောင်းသဲ ဖြစ်၍ ရပ်ရွာတကာများက လျှောက်ထားလျှင် တကာ ပြောက ဘမ်းဆီးစေသည် ကြား၍ ပြောထံ မဘမ်း မဆီး ငြိမ်ဝပ်စွာ နေပါဟု မေတ္တာရပ်ခံပါသည်၊ ပြောကလည်း တပည့်တော်တို့ မေတ္တာရပ်ခံပါသည် အတိုင်း လှူပါသည်၊အဘယ်အကြောင်း ကြောင့် ဘမ်းဆီးရသနည်း မေးလျှင် ဦးကိတ္တိက ဘမ်းဆီးယူတော့ဟု အနုညာတ ပြုသောကြောင့် ဘမ်းပါသည်ဟု ဆိုပါသည်၊ ဆိုသည်ကာလ ကျောင်းတကာ ဘိုးကျော်, မြေတ်ဖြူ, သောညို တို့ အသိဖြစ်ပါသည်ဘုရား။

သန်ရွာ တောင်တော်နေ ရဟန်း ရှင်ကိတ္တိထံ ရှိသည့် ဝက် ၈–ကောင် ငရစ်ဆိုသူက အကျပ် ၈ဝ-ပေး၍ ဝယ်ရကြောင်းနှင့် လျှောက်ချက်ရှိသည်၊ ရဟန်း ရှင်ကိတ္တိက သည်း ကြေးငွေနှင့် မရောင်းမချရပါ၊ သည်နေရာထက် ချမ်းသာသည့် နေရာမှာ လွှတ်ပါမည် ဆိုသောကြောင့် ဘမ်းယူတော့ဟု အခွင့်ပြုရကြောင်းနှင့် အစစ်ခံထွက်ချက် ရှိသည်၊ အမှုသည်တို့ အနီး အပါး တွင် နေထိုင်ကြသည်၊ ရဟန်းဝိမလာစာရ, ရှင်ဇာဂရ, ရှင်စန္ဒမှဥ္စတို့ကလည်း ရဟန်း ရှင်ကိတ္တိ၌ ဖြစ်ဆာ စွန်းငြိမည်ဘင်၍ ၎င်းဝက်များကို တောင်းချေ စေခိုင်းသူ ရွာသူကြီး ပြောကဲ့ မဘမ်းမဆီးပါနှင့် ဆရာတို့အား လှူဒါန်းပါ မေတ္တာရပ်ခံ၍ ပြောက ၎င်းဝက်များကို လှူကြောင်း ယခုလက်ရှိ သိမ်းဆည်း ၍ ထားရကြောင်းများကို ထွက်ဆိုချက် ရှိသည်။

ဧရစ်က ဥစ္စာကြေးငွေပေး၍ ဝယ်ရကြောင်းကို အစစ်ခံချက် ရှိသော်လည်း "ကောင်းကင် လက်ဖှော့သတ်၊ ညဥ့်မိုက်ခရီးသွား" ဆိုသကဲ့သို့ အလိုယုတ်မာ သံသရာဘေးကိုမထောက် မကြောက်မရွံ့၍ အစစ်ခံခြင်းမျှသာဖြစ်သည်၊ ည-ညဥ့်အချိန်အခါ ဆိတ်ငြိမ်ရာ၌ ငွေကိုပေးအပ်၍ ဝယ်ရပါသည်ဟု တကာဧရစ် အစစ်ခံသည်မှာ မိုက်မည်းသောအရပ်, ဆိတ်ငြိမ်သောအရပ်ဤအရပ်နှစ်ပါး၌ သက်သေမရရာ-ဟူ၍ ဓမ္မသတ်ကျမ်း အထင်အရှားရှိသည်နှင့် သက်သေအများ တင်ပြရန် မရှိအောင် စဉ်းလဲ၍ ကာဆီးပိတ်ဆို့သောဆင်ခြေစကားဖြစ်သည်၊ ဝယ်သည်ကာလ အဖေါ် ငွေမောင် ပါပါ၏ဟုအစစ်ခံသည်မှာလည်း စုံရာတို့ရှေ ရောင်းခြင်း, အဘိုးပြတ်၍ ရောင်းခြင်း၊ စုံရာတို့ရှေ ဝယ်ခြင်း, အဘိုးပြတ်၍ ဝယ်ခြင်း-ဟူ၍ ဓမ္မသတ်ကျမ်းလာသောရောင်းခြင်း ၂-ပါး, ဝယ်ခြင်း ၂-ပါးမှ မလွတ်သာအောင် တကာဧရစ်စဉ်းလဲ၍ ဆင်ခြေရှက်ခြင်းမျှသာ ဖြစ်သည်၊ တေးခပ်ပြာကို အထူးထူးသောဆေးရည်တို့ဖြင့် သွန်းလောင်းပြီးလျှင် စဉ်းလဲ၍ ရွှေ - ဟု ရောင်းသော်လည်း လိမ္မာသော ရာပြတ်ပွဲစားနှင့် တွေ့ကြုံလျှင် မယုံနိုင်ရာ၊ ရေမှုန်သောဘူးတောင်းတို့ သဘောသည် ပေါလောသာ ပေါ်သကဲ့သို့ ပရိသတ်တို့၏အလယ်၌ စဉ်းလဲသော အမှုအရာသည် ထင်ရှားရာသည်၊တကာဧရစ် အစစ်ခံချက်အတိုင်း မှန်ချေလျှင် ရှာသူကြီး ပြေးက မလျှုဒါန်းရာ၊ ရဟန်းတို့ကအလျှုခံစဉ်ကာလလည်း တားဆီးရမည်ကို မတားမဆီး၊ ကာလရွှေလျော၍မပျောက်ဆုံးရှုံးရာသော တရားကို ဓမ္မသတ်ကျမ်း ပြလျက်ရှိသည်၊ ဧရစ်ဆိုသူမှာ–

> အနုဏ္ဏာယ ပရိသက္ကန၊ အလာဘာယ ပရိသက္ကန၊အာဝါသာယ ပရိသက္ကန၊ အက္ကောသန၊ ဘေဒန၊ ဗုဒ္ဓဿ အဝဏ္ဏဘာသန၊ ဓမ္မဿ အဝဏ္ဏဘာသန၊ သံဃဿ အဝဏ္ဏဘာသန။

ဟူ၍ ပဋိက္ကုဋ္ဌနကံ၏ အကြောင်းရှစ်ပါးတွင် အနုဏ္ဏာယ ပရိသက္ကန အကြောင်းဖြင့် သပိတ်မှောက်ခြင်းအမှုကို ပြုသင့် ပြုထိုက်သော်လည်း မြတ်စွာဘုရား သခင်သည် အာဒိကမ္မိက ပုဂ္ဂိုလ်တို့အား အာဏာတော်ပညတ်ဟုဆိုအပ်သော အာပတ်မှ လွတ်စေသည်ကို နှလုံးသွင်းပြီးလျှင် တကြိမ်တခါမိုက်မှား ဟော့ရမ်းသည်ကို သည်းခံ၍ ပဋိက္ကုဋ္ဌနကံမှ လွတ်ငြိမ်း ချမ်းသာစေ၊ ယိုးစွဲ စွပ်ဆိုရာ၌ ယိုးစွဲတိုင်း မမှန်ဖေါက်ပြန် ချွတ်ယွင်းချေလျှင် ယိုးစွဲသမျှ ဥစ္စာဒဏ်ကို ယိုးစွဲသူခံစေ၊ လောကီဓမ္မသတ် ဖြတ်ထုံးရှိသည်နှင့်အညီယိုးစွဲသော ငွေရွက်နီ (၈ဝ) ကို ယိုးစွဲသူ တကာဧရစ် ခံသင့်ပြားလည်း

ရဟန်းတို့နှင့် စပ်၍ဖြစ်ရကား လျော်စေ မဆိုသာပြီ၊ ၎င်းဥစ္စာဒဏ်မှ လွတ်လပ်စေ၊ ရဟန်းရှင်ကိတ္တိမှာလည်း ချမ်းသာစွာ သာသနာတော်မှာ နေထိုင်စေ၊ ၎င်းဝက် ရှစ်ကောင်ကိုလည်း သိမ်းဆည်း စောင့်ရှောက်မြဲအတိုင်း ရဟန်း ရှင်ဝိမလာစာရ, ရှင်ဇာဂရ, ရှင်စန္ဒမဥ္ဇူ-တို့က သိမ်းဆည်းစောင့်ရှောက်စေ။

သက္ကရာဇ် ၁၂၁၅-ခု၊ တန်ခူးလဆန်း ၅-ရက်နေ့၊ သာသနာပိုင်ဆရာတော်ဘုရားကြီး အမိန့်တော်။

(၉) သက္ကရာဇ် ၁၂၁၅-ခု၊ တန်ခူးလဆန်း ၇-ရက်နေ့ ဒီပဲရင်းကွဲရွာနေ ရှင်စန္ဒ ဝန်ခံချက်ဘုရား....၊

ဘုရားတပည့်တော်မှာ လူဖြစ်စဉ် ကာလက တကာမ တယောက်နှင့် သင့်မြတ်ရာတွင် မိဘတို့ စိတ်မတူ၍ ကြေးကုန်ငွေကျ ရှိပြီးနောက် ၎င်းတကာမနှင့် တိတ်တဆိတ် မိဘတို့ မသိအောင် တရပ်တကျေးပြေးသွားရာ ဘုရား တပည့်တော်ထံမှ ၎င်းတကာမ ထွက်သွားရာ ကာလ ကြာလွန်မှ ဖွားမြင်သော သားဖြစ်ပါသည်၊ ဘုရားတပည့်တော်လည်း အသက်ဝိညာဏ် ထင်ရှားရှိသေးသည် ဖြစ်ပါသည်၊ သို့ဖြစ်၍ အမွေပစ္စည်းရပ် လယ်ယာများကို မပေးမအပ်ပါသည်ဘုရား။

ဒီပဲရင်းကွဲရွာနေ မိနု, မိရှမ်း, မိဝ တို့က အမွေစားဘက် ရဟန်းရှင်စန္ဒသည် အမွေဆိုင် လယ်ယာများကိုသာ ခွဲခြမ်းကောင်းခံ၍ အချုပ်စာရင်းများကို မပြမသ မပေးမကမ်း ရဟန်းရှင်စန္ဒ နေကြောင်းနှင့် လျှောက်ထားသည်မှာ- အမွေဥစ္စာမှာ စိတ်တူ စိတ်မျှ စုံရာတို့ရွေ့ ဓမ္မသတ်ကျမ်းခွဲဘမ်းထုံးစံနှင့်မည့် ဝေဘန်ပြီးဖြစ်သည်၊ အချုပ်စာရင်းများကို အမွေစားဘက် မိနု မိရှမ်း မိဝ တို့က ကူးယူစေ၊ ရဟန်းဖြစ်သူ ရှင်စန္ဒလည်း အမွေစားဘက် ဖြစ်၍ လက်မကွာ စာရင်းစာချုပ် ရှိစေ၊ ရဟန်းရှင်စန္ဒ ရထိုက်ပိုင်ထိုက်သည့် အမွေဥစ္စာများမှာ အသက်ဝိညာဏ် ထင်ရှားရှိပါသေးသည်ဆို၍ မဝေမခြမ်း မပေးမကမ်းမနေသာ၊ အဘနှင့် သားမယား သေလွန်သည်နောက် အမွေခွဲဝေရာ ကရားစကား ဝိနိစ္ဆယလည်း ဓမ္မသတ်ကျမ်းဝယ် အထင်အရှား ရှိသည်ဖြစ်သည်၊ နိပါတ် ကျမ်းဂန်များမှာလည်း မိဘတို့ မသေလွန်မီက မိမိတို့အဘိုးကို ချန်ထား၍ သားသမီးတို့အား အသီးအသီး အမွေဥစ္စာရပ်များကို ပေးဝေကြောင်းနှင့် အထင်အရှား လာရှိသည်ဖြစ်သည်၊ လင်ကို မပန်မကြားထွက်သွားသော မယားမှ ဖွားမြင်သော သား

ဖြစ်သည် ဆို၍လည်း မဝေမခြမ်း မပေးမကမ်း မနေသာ၊ အတူတကွ သင့်နေပြီးမှ မိဘတို့ မနှစ်သက်၍ အရပ်တပါးသို့သွားရာ ပဋိသန္ဓေ အရင့်အမာ ရှိလျှင် မိဘတို့ထံ ပြန်လိုသော ဆန္ဒရှိသည်မှာလည်း ပဋာစာရီ မဟာပန္ထက, စူဠပန္ထကတို့၏ မိခင်များလည်း မိဘစိတ်မတူသော လင်နှင့်တကွ ထွက်ပြေး၍ နောက်တဖန်လာပြန်သည်ကို ထောက်လျှင် မိန်းမတို့၏ ရှေးပဝေဏီ အစဉ်အဆက်ပင် ဖြစ်သည်ဟု ဆိုရန်ရှိသည်။

မိဘထံ ပြန်လိုပါသည်ဟု လင်အား အခွင့်ပန်ရာ ပဋာစာရီ တို့၏ လင်များကဲ့သို့ မဝိုမလိုက်သူ လင်မှာသာ ရှေးထုံးစံနှင့် မညီ ချွတ်ယွင်းသည်၊ မာတုဂါမတို့၏ သဘောသည် အလွန်စောင့်ရှောက် သိမ်းဆည်းနိုင်ခဲသဖြင့်-

ဇုတ္တိယော ဟိ သတ္တဘုမ္မကေ နိပ္ပုရိသေပိ ပါသာဒေ ဥပရိ ဘုမ္မိယံ ဝသာပေတွာပိ ကုစ္ဆိယံ ပက္ခိပေတွာပိ နသက္ကာ ရက္ခိတုံ၊ တသ္မာ ကိဋ္ဌာဒိ ဂါဝိယောဝိယ သဗ္ဗကာလံ ရက္ခိနိယာ ဟောန္တိ။

ဟူ၍ မိန့်အပ်သော ထေရာ အဋ္ဌကထာနှင့် အညီ ဘုံခုနစ်ဆင့် ရှိသော ပြာသာဒ်၌ ငယ်ရွယ်စဉ်ကာလမှစ၍ စောင့်ရှောက် သိမ်းဆည်းအပ်သော အက္ခဓုတ္တ ပုဏ္ဏားပ၏ သတို့သမီးငယ်, ဒါနေဘာလူးသည် ကြိုတ်ဝယ် ထည့်သွင်းပြီးလျှင် ခံတွင်း၌ အမြဲငုံ၍ စောင့်ရှောက်အပ်သော သူဌေးသမီးတို့ ထုံးများကိုထောက်၍ လင်ကိုစွန့်ပစ်၍ ထွက်သွားရာ၌ စိတ်ခုခံ၍ ဥစ်းသားအား အခမ္မမခွဲမခြမ်း မပေးမကမ်း မနေသင့်ပြီ၊ထင်းပုံခေါင်းချ ပေါင်းဖော်စုံဘက်ပါမည်ဟု ကတိသစ္စာပန္နက်ပြီးမှုလည်း-

"မာတုဂါမဿ အန္တရေ သစ္စံ နာမ ဒုလ္လဘံ" ဟူ၍ မိန့်အပ်သော သမ္မုလ ဇာတ်အဋ္ဌကထာ, 'ယာသု သစ္စဝစနံ လဒ္ဓုံ နသက္ကာ၊ ဇုတ္တိယော ဟိ အဂ္ဂိံပိ ပဝိသန္တိ၊ ဝိသံပိ ခါဒယန္တိ၊ ဥဗ္ဗန္ဓိတွာပိ ကာလံကရောန္တိ။ န ပန သစ္စေ ဌာတုံ သက္ကောတိ" ဟူ၍ မိန့်အပ်သော ထေရာ အဋ္ဌကထာ လာရကား မိန်းမတို့၏သဘောပင်ဟု အသင့်အားဖြင့် နှလုံးသွင်းထားရာသည်၊ လင်သွားရာ မိဘကို ပစ်စွန့်၍ လိုက်လာရကား သူသတ်နှင့် တူသော ဝဓက ဘရိယ၊ ခိုးသူနှင့်တူသော စောရီဘရိယ၊ ဘိုးဘွားနှင့်တူသော အယျဘရိယ၊ အမိနှင့်တူသော မာတာဘရိယ၊ ညီငယ်နှင့်တူသော ကနိဋ္ဌ ဘရိယ၊ အဆွေခင်ပွန်းနှင့်တူသော သခီဘရိယ၊ ကျွန်မနှင့် တူသော ဒါသီဘရိယ- ဟူ၍ မယား ခုနစ်ယောက်တို့တွင် မာတာဘရိယ၊ ကနိဋ္ဌဘရိယ၊ သခီဘရိယ သဘောသို့ သက်ပေသည်၊ ဓနက္ကီတ၊ ဆန္ဒဝါသိနီ၊ ဘောဂဝါသိနီ၊

ပဉ္စဝါသိနီ၊ ဩဒပတ္တကိနီ၊ ဩဘတစုမ္ဗိတာ၊ ဒါသီဘရိယာ၊ ကမ္မကာရီဘရိယာ၊ ဓဇာဟဋ္ဌမှဟုတ္တိ အားဖြင့် မယားတကျိပ်တို့တွင်လည်း ဆန္ဒဝါသိနီ မယား သဘောသို့ သက်ပေသည်၊ သက်လျှင်လည်း-

ဉာမာ ခေါ သုဇာတေ ပုရိသဿ သတ္တဘရိယာ၊ တာသု ဝဓကာ သမာ စောရီသမာ အယျသမာတိ ဉမာ တိဿော နိရယေ နိဗ္ဗတ္တန္တိ၊ ဉတရာ စတဿော နိမ္မာနရတိ ဒေဝလောကေ။

ဟူ၍ သုဇာတဇာတ် ပစ္စုပ္ပန်ဝတ္ထု၌ ဟောတော်မူရကား သဂ္ဂ, မဂ္ဂသို့ လားအံ့သော မယားမြတ်ပင် ဖြစ်ပေသည်၊ မိမိသားမဟုတ်ဟု ဆိုလိုငြား လည်း ရဟန်းရှင်စန္ဒ အမွေ မပေးမကမ်းလို၍ ဆိုခြင်းမျှသာ ဖြစ်သည်၊ သူတပါးတို့ ယုံကြည်အောင် အမှန်အကန် သစ္စာပန္နက်၍ မဆိုနိုင်ချေ၊ တဖက်ကလည်း တရားဘောင်မှာ သစ္စာပန္နက်၍ အမှန်အကန် ဆိုဝံ့သသူ သာ ဖြစ်၍ ၎င်းအမွေဝေရာ အပြောင်သားမှ တံသော်လည်း အမွေစုသို့ သက်ဝင်ချေသည် ဖြစ်၍၎င်း, သားကောင်းမရှိလျှင် သားဆိုး အလုံးခံယူ စေ ဓမ္မသတ်ကျမ်း လာသည်ဖြစ်၍၎င်း, "မာတာ ပိတူနံ ဘာရံ နကရောတိ၊ နလဘေ ဒါယဇ္ဇံ သော၊ ကသ္မာ န ဇာနတ္တာ မာတာပိတု ဂုဏံ" ဟူ၍ မဟာ သမ္မတမင်းမှစ၍ အမွန်ဖြစ်သော သီရိခေတ္တရာ ပြူမင်းထီးလက်ထက် တကြိမ်၊ ရာမညမင်းတို့ လက်ထက် တကြိမ်, ဆင်ဖြူရှင်မင်း လက်ထက် တကြိမ်၊ ရာဇ မဏိစူဠာဒါယကာ သာလွန်မင်းတရားကြီး လက်ထက် တကြိမ် ဤသို့ လေး ကြိမ် တိုင်တိုင် သုတ်သင်အပ်သော မနုသာရ ဓမ္မသတ် ကျမ်းများ၌ မိဘတို့ ဝန်ကို မရွက်ဆောင်သော သားကို အမွေမှ အပဖြစ်ကြောင်းကို ဆိုသည်၊ ယခု သား-ငမိတ်လည်း မိဘတို့ ဝန်ဖြစ်သော မင်းမှုမင်းခင်း စသည်များကို ရွက်ဆောင်သသူ ဖြစ်၍ ၎င်းရှင်စန္ဒက အမွေဥစ္စာများကို ဘုရားသခင်အား အမွေဥစ္စာများကို တောင်းသော သားတော် ရာဟုလာကို လောကုတ္တရာ ဥစ္စာအမွေကို ပေးသနားတော်မူသကဲ့သို့ သား-ငမိတ်အား လောကီအမွေ ဥစ္စာကို ထက်ဝက်ဝေခြမ်း၍ ပေးစေ၊ ဒါန သီလ ဘာဝနာတို့၌ ဥဿာဟ မကင်း မပျင်းမရိ ကြိုးစားအားထုတ်အောင် ဆုံးမ သွန်သင်သဖြင့် တရား အမွေဥစ္စာများကိုလည်း တတ်အားသမျှ ပေးကမ်း ဝေဘန်စေ။

သက္ကရာဇ် ၁၂၁၅-ခု၊ တန်ခူးလဆန်း ၇-ရက်နေ့ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၁၀) သက္ကရာဇ် ၁၂၁၆-ခု၊ ကဆုန်လဆန်း ၁၄-ရက်နေ့ ရှင်ပုည, ရှင်အရိန္ဒမ-တို့ အစစ်ခံချက်ဘုရား....၊

တပည့်တော်တို့ တိုက်အတွင်း ရှင်နန္ဒိယ ဆိုသူသည် ပရိသုဒ္ဓ ပြု၍ ကျောင်းကို သံဃာအား ဆောက်နှင်း၍ ထွက်သွားရာ ကျောင်းတကာက တပည့်တော်ကျောင်းမှာ ဘုန်းကြီးမရှိ လစ်လပ်ရှိပါသည်၊ သင့်သည့် ဘုန်းကြီးကို တင်ထားပါ လျှောက်လျှင် မည်သည့်ပုဂ္ဂိုလ်ကို နှစ်သက်သနည်း မေးရာတွင် ထေရ်ကြီး ဝါကြီး ဖြစ်သူ ဦးအရိန္ဒမပင် သင့်မြတ်ပါသည် ကျောင်းတကာ လျှောက်သောကြောင့် ရှင်အရိန္ဒမလည်း တပည့် သား သာမဏေများကို အစောင့်တင်ထားပြီးလျှင် ကိစ္စရှိ၍ ကျေးရွာ ခဏခေတ္တ ပြန်သွားခိုက် ၎င်းတိုက်နေ ရှင်သာဂရ, ရှင်ရသ တို့သည် အစိုးတရပြု၍ သာမဏေများကို မနေနှင့် တားဆီး နှောင့်ရှက်သည် မက ယခု ရှင် အရိန္ဒမ ရောက်လာ၍ ကျောင်းကို တက်မိလျှင်ပင် သိက္ခာဝါကြီးသည်ကို မထောက်မငဲ့ပဲ ရှင်သာဂရ, ရှင်ရသ, ရှင်နေမိန္ဒ, ရှင်ဇာနန္ဒာသဘ တို့သည် ဒုတ်ကိုယ်စီ ကိုင်စွဲ၍ ဆွဲငင်ရိုက်နှက်မည့် သူအများ ဝန်းဝိုင်း၍ ကျောင်း ပေါ်သို့ တက်ပြီးလျှင် အတင်းအဓမ္မ တရားမဲ့ အရှင်မဲ့ပြု၍ တိုက်ထဲမှာ မွေနှောက်သည်များကို ခံနေရပါသည် ဘုရား။

သက္ကရာဇ် ၁၂၁၆-ခု၊ ကဆုန်လဆန်း ၁၄-ရက်နေ့ ရှင်သာဂရ, ရှင်ရသ တို့ အစစ်ခံချက် ဘုရား....၊

ရှင်နန္ဒိယ ဆိုသူ ရဟန်းသည် လူ့ဘောင်သို့ ဝင်သွားလျှင် ကျောင်းကို သံဃာတို့အား ဆောက်နှင်းခဲ့သောကြောင့် သံဃာတို့က ကြည့်ရှုနေသည် တွင် တိုက်ရှင် ဦးပုညသည် သံဃာတို့အား မပန် မကြား ရှင်အရိန္ဒမကို တင်ထား၍ တပည့်တော်တို့ ဆီးတားပါသည်၊ ဒုတ် လှန်ကန် စသည်များ နှင့် မရိုက် မနှက် မယူမဆောင်ရပါ ဘုရား။

သထုံတိုက်နေ ရဟန်း ရှင်ရသ, ရှင်သာဂရ, ရှင်နေမိန်, ရှင်ဇာနန္ဒာသဘ တို့သည် အရာမ်အတွင်း သံဃိကကျောင်း၌ တိုက်ရှင် ရဟန်း ရှင်ပုည-က ချထားသော ရဟန်း ရှင်အရိန္ဒမ ကို ကျောင်းမှနှင့် နှင်ထုတ်၍ ဝိဝါဒအမှု ဖြစ်ကြသည်မှာ....မြတ်စွာဘုရားသခင်သည် တရံရောအခါ ခုနစ်သိန်းသော အမျိုးတို့၏ နေရာ, ရှင်ရသေ့ ၏ သခ်မ်း ကျောင်းရာ, ရတနာ အပေါင်းတို့၏ စုဝေးရာ သာဝတ္ထိပြည်၏ အနောက်တောင် ယွန်းသောအရပ်ဝယ် ငါးဆယ့် လေးကုဋေသော အသပြာတို့ကို စွန့်၍ သုဒတ္တ မည်သော အနာထပိဏ်

သူဌေးသည် ဆောက်လုပ်အပ်သော တဆယ့်ရှစ်မင်းပယ်စာ အရာမ်ရှိသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေထိုင်သောအခါ သတ္တရသဝဂ္ဂီ ရဟန်းတို့သည် ဇေတဝန်ကျောင်းတော်၏ အစွန်အနားတွင် တခုသော သံဃိက ကျောင်းကို ခိုအောင်း မှီတင်းအံ့သောငှါ ပြုပြင်ကြလတ်သော် ထို ဆဗ္ဗဂ္ဂီရဟန်းတို့က ဟောင်းရမ်းသောအမူအရာ ကျင်နာခြင်း ကင်းသဖြင့် ၎င်း သံဃိကကျောင်း၊မှ သတ္တရသဝဂ္ဂီ ရဟန်းတို့အား လက်၌ ကိုင်ငင်၍ နှင်ထုတ် ရာတွင် ''ဒါရကဿ ဗလံ အာရောဒနံ'' ဟု ကျမ်းဂန် လာသည်နှင့်အညီ သူငယ်တို့၏ အဓလေ့ သဘာဝဖြင့် သက်ကြီး ရွက်တငင် ပင်ပန်းစွာ ငိုယိုရာ တွင် များစွာသော ရဟန်းတို့က အကြောင်းကို မေးမြန်းသဖြင့် သိပြီးသည် နောက် ဘုရားကို လျှောက်လျှင် ခြီးမြှောက်သင့်သော ပုဂ္ဂိုလ်တို့အား ဘုံ ဘဝဂ်၌ တင်ထားဘိသကဲ့သို့ နှိမ့်ချသင့်သော ပုဂ္ဂိုလ်တို့အား အဝီစိနရက်၌ ချထားဘိသကဲ့သို့ ခြီးမြှောက် နှိမ့်ချတော်မူခြင်းကား ဘုရားရှင်တို့၏ အဓလေ့ တံထွာ ဓမ္မတာသဘောဖြစ်သည်နှင့်အညီ ဆဗ္ဗဂ္ဂီ ရှင်ကြမ်းတို့အား ဟောင်းရမ်း သော မူဟန်ကြောင့် "ကထံ ဟိ နာမ တုမှေ မောဃပုရိသာ" အစရှိသည် ဖြင့် ကဲ့ရဲ့ရှုံ့ချတော်မူပြီးလျှင်–

ယော ပန ဘိက္ခု ဘိက္ခုံ ကုပိတော အနတ္တမနော သံဃိကာ ဝိဟာရာ နိက္ကဍ္ဍေယျဝါ နိက္ကဍ္ဍာပေယျဝါ ပါစိတ္တိယံ။

ဟူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူသည်၊ ဤသို့ ပညတ်တော်မူအပ်သော အာဏာတော်ကို မတည်၊ လွန်ကျူး၍ ရဟန်း ရှင်ရသ, ရှင်သာဂရ,ရှင်နေမိန် အရှင်ဇာနန္ဒာသဘာ တို့သည် ကျင့်ကြသူ ဖြစ်သည်၊ အကြောင်းရင်း ဖြစ်သော ဤဝတ္ထု၌ ဆဗ္ဗဂ္ဂီ ရဟန်းတို့က သတ္တရသဝဂ္ဂီ ရဟန်းတို့အား ''ဂီဝါယံ ဂဟေတွာ နိက္ကဍ္ဍိံသု'' ဟူ၍ နှင်ထုတ်ကြောင်းကို ဆိုသော်လည်း "ဟတ္ထေန အနာမသိတွာ နိက္ခမာတိဝတွာ ဝါစာယ နိက္ကဍ္ဍန္တဿာပိ သေဝ နယော" ဟူ၍ ဗုဒ္ဓမတ္တညူ အဋ္ဌကထာဆရာတို့သည် ကိုယ်လက်ဖြင့် နှင်ထုတ်ခြင်း, နှုတ် ဖြင့် နှင်ထုတ်ခြင်း နှစ်ပါး၌ ဝိနိစ္ဆယကို အထူး ညွှန်းတော်မူသည်နှင့် အညီ ကိုယ်တိုင် လက်ဖြင့်ဆွဲငင်၍ မချရပါဟု အမြွက်ထောင်၍ အစစ်ခံသော် လည်း မြေပေါ်၌ ငါမနေလိုပြီဟု ခုန်သော ယုန်သူငယ်သည် ခုန်တိုင်းပင် လျှင် မြေမှ မလွန်နိုင်သကဲ့သို့ ပညတ်တော်မူသော ပါစိတ်အာပတ်မှ လွတ်ရာ လွတ်ကြောင်း ရှာကြံ၍ အစစ်ခံ ဆင်ခြေလဲသော်လည်း ပါစိတ်မှ မလွတ် သာပြီ၊ အနာပတ္တိ ဝါရ၌ "အလဇ္ဇိံ နိက္ကဍ္ဍတိ" ဟူ၍ ဟောတော်မူသည်နှင့် အညီ အလဇ္ဇီ သဘောသို့သက်အောင် နိကာမိတဗ္ဗ ဖြစ်သော ရဟန်း ရှင်

အရိန္ဓမ-ကို နှင်ထုတ်သူ နိကာ္ဘစုက ရဟန်းတို့က မဆိုနိုင်၊ အနာပတ္တိ ဝါရသို့ မသက်ချေရကား တံခါးတိုက်ခန်း အရေးအတွက်ဖြင့် ပါစိတ် အာပတ်ကို ဒေသနာ ကြားစေ။

ရဟန်း ရှင်သာဂရ, ရှင်ဇမ္ဗုဒ္ဓါသဘ, ရှင်နေမိန်တို့သည် ဗာရာဏသီပြည် မြပတ္တဒတ်မင်း မင်းမူစဉ် ဟေမဝန် တောရဂုံ စုရိပ်ဂနိုင် မြိုင်အရပ်တွင် သစ်ခေါင်းခွ တခု၌ မျောက်တခု နေသည်ကို မိုးရွာ၍ စိုစွတ်သော မျောက်တခုက သူ့နေရာကို ကိုယ့်ဌာန ပြုလို၍ ထိုအရပ်၏ မနီး မဝေးသော တောအရပ် ဝယ် သစ်သီး ကြီး ငယ် ပေါများကြောင်းနှင့် ၎င်းမျောက် ဖြားယောင်းရာတွင် အကယ်ထင်၍ ထွက်သွားခိုက် ဝင်၍ နေပြီးလျှင် ဆီးတား၍ ထိုအခါ မဝင်ရအောင် ရန်မူသော မျောက်ညို၏ ထုံးကဲ့သို့ တိုက်အလုံး မငြိမ်မသက် ရှိ၍ တိုက်ရှင် ရဟန်း ရှင်ပုည ထွက်သွားခိုက်တွင် တိုက်နေ ရဟန်းများနှင့် ပေါင်းရုံး စုဝေးကြပြီးလျှင် သမဂ္ဂ အဓမ္မကံဖြင့် ပြန်လှန်၍ ရဟန်း ရှင်ပုည လာရောက်ပြန်လျှင် ထိုတိုက် ထိုကျောင်း၌ ခိုအောင်းမှီတင်းခြင်းကို အလျှင်း မပြုနိုင်အောင် ကြံဆောင်ကြကြောင်းများကိုလည်း သံဃာတို့က လျှောက်ထား၍ ကြားသိရလျက်ရှိသည်၊ အမှုသည်နှစ်ဦးတို့ကိုပင် တိုက်တာကို ထိန်းသိမ်း၍ ပရိသတ်ကို ဆုံးမနိုင်လောက်သော သတ္တိဗျတ္တိကို ထောက်စမ်းလျှင် အသက် သိက္ခာ ပညာ ငယ်ရွယ်ကြသေးသဖြင့် ကျောက်စရစ်ကုန်း ကျစ်တီးပြင် အရပ်၌ ရေကြောင်း ရေလမ်းကို ရှာ၍ ရခြင်းငှါ ငြုပြင်သကဲ့သို့ ဖြစ်ချေသည်၊ အစွမ်းပကား အင်အား နည်းပါးလျက် လက်ဖွေ့ လက်ပမ်းသည် ပြုလိုသသူကဲ့သို့ ရှိကြမည်ဖြစ်သည်၊ နောင်တိုက်တာကို ထိန်းသိမ်း၍ ပရိသတ်ကို ဆုံးမနိုင်လောက်သော ဝိနည်းသိက္ခာပုဒ် လိမ္မာသည့်ပုဂ္ဂိုလ်ကို ရွေးချယ်၍ တိုက်တာ၌ အကြီး အကဲ ထားမည်၊ မထားမီကာလ ရှေး ထိန်းသိမ်းမြဲ အတိုင်း ရှင်ပုည ထိန်းသိမ်းစေ၊ လောကကြောင်းအားဖြင့် ညည့်ခ အချိန်ခါ မဲ့၌ လူသူ အမြောက်အမြားနှင့် သူ့အိမ် သူ့ရာသို့ တက်လာချေလျှင် ရာဇဝတ် မင်းဒဏ်မှ ထိုသူ မလွတ်ရာသော်လည်း လောကကြောင်းသာ ဖြစ်၍ ရဟန်းတို့၌ မည်ကဲ့သို့ မဆိုသာပြီ၊ "န ပရေ ပဂံ နိကဍ္ဍေထ၊ နာတိမညေထ" စသော ဒေသနာတော်နှင့်အညီ တယောက်နှင့် တယောက်သည် ဒေါသကို သိမ်း၍ ပြေငြိမ်းစေ။

' ဥဒ္ဒုမာယိကာတိ ခေါ ဘိက္ခု ' ' စသော မူလပဏ္ဏာသ ဝမ္မိကသုတ် ဒေသနာတော်၌ ဥဒ္ဒုမာယိက မည်သော ဖါးသည် လက်သည်းခွံ ပမာဏ အခန့်သာ ရှိလျက် ထန်းရွက် ချုံနွယ်တို့၏ အကြား၌ နေ၏၊ ထိုဖါးသည်

လှန်ကန်စွန်း နွယ်စွန်း မြေမိုး အုတ် ကျောက်တို့ဖြင့် ထိပါး ပစ်ခတ်အပ်သည်ရှိသော် တန္တွေတန္တွေ ကြီး၍ အုတ်ရှစ်သီးမှည့် ပမာဏ အခန့် ရှိလျက် အခြေနှစ်ဘက်တို့သည် မြေ၌မထိပဲ သွားခြင်း ဇရိယာပုထ် ပြတ်၍ ကျီး, စွန် စသည်တို့၏ အစာဖြစ်လေသကဲ့သို့ ထို့အတူ အမျက်ဒေါသသည် ရှေးဦးစွာ စိတ်နောက်ကျုကာမျှ ဖြစ်၏၊ ထိုအခါ မငြိမ်းစေနိုင်ခဲ့သော် တိုးပွား၍ မျက်စိမျက်နှာ ဖေါက်ပြန်ခြင်းသို့ ရောက်စေ၏၊ ထိုအခါ မငြိမ်းစေနိုင်ခဲ့သော် နှုတ်ခမ်း လှုပ်ခြင်းသို့ ရောက်စေ၏၊ ထိုအခါ မငြိမ်းစေနိုင်ခဲ့သော် နင် သင် အို ဟယ်-စသည်ဖြင့် ဖရုသဝါစာဖြင့် မြွက်ဟခြင်းသို့ ရောက်စေ၏၊ ထိုအခါ မငြိမ်းစေနိုင်ခဲ့သော် ထိုမှ ဤမှ ကြည့်ခြင်းသို့ ရောက်စေ၏၊ ထိုအခါ မငြိမ်းစေနိုင်ခဲ့သော် လက်ဖြင့် လှန်ကန် အုတ် ကျောက် တို့ကို ကိုင်ခြင်းသို့ ရောက်စေ၏၊ ထိုအခါ မငြိမ်းစေနိုင်ခဲ့သော် ထိုလှန်ကန် အုတ် ကျောက်ဖြင့် ပစ်ခတ်ခြင်းသို့ ရောက်ခစေ၏၊ ထိုအခါ မငြိမ်းစေနိုင်ခဲ့သော် ပရဃာတန အတ္တဃာ-တနသို့ ရောက်ခစေ၏ ဟူ၍ မြတ်စွာဘုရား အလိုတော်ကို ဖွင့်ပြသော အဋ္ဌ-ကထာ လာသည်နှင့်အညီ အမှုသည် နှစ်ဦးတို့မှာ ယခုဖြစ်ပွားသော ဒေါသကို ဥဒ္ဓုမာယိက ဖါးကဲ့သို့ တိုးပွားခြင်း မရှိရအောင် သိမ်းဆည်း၍ ဒုဂ္ဂတိဘုံဘဝသို့ လားရခြင်း၏အကြောင်း မကောင်းသော ပါပ အကုသလ ကိမ္ဗိသ အနိဋ္ဌဂိပါကတရား နှလုံးထား၍ ရဟန်းတရားကိုသာ ကြိုးစားအားထုတ်၍ နေထိုင်ကြစေ။

သက္ကရာဇ် ၁၂၁၆ – ခု၊ ကဆုန်လဆန်း ၁၄ - ရက်နေ့၊ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၁၁) သက္ကရာဇ် ၁၂၁၆-ခု၊ ကဆုန်လပြည့်ကျော် ၇-ရက်နေ့ သထုံတိုက်နေ ရဟန်း ရှင်ဇာဂရ,ရှင်ရှသ-တို့ အစစ်ခံချက်ဘုရား....၊

သထုံတိုက်အုပ် ဆရာ ဦးပုည မှာ တောင်ကြဉ်ရပ်နေ တကာ ငနိုင်ဘ မာတုဂါမနှင့်တကွ ကြက်သရေတိုက်ခန်းတွင် အတူတကွ စကားပြောသည်ကို သိမြင်ကြားရပါသည်ဟု တပည့်တော်တို့အား ပြောဆို၍ သိရပါသည်၊ ရဟန်းတို့နှင့် မလျောက်ပတ်သော ငွေတိုးချခြင်းအမှုကို ပြုကျင့်ကြောင်းကို မြိစားတကာ ငကာ-တို့က ပြောကြား၍ သိရပါသည်၊ အရေးတော် မတိုင်မီ ကာလအရှည် အလျားပင် အင်္ဂရတ်ထိုး၍ နေခြင်း, မြင်းမွေးခြင်း,ရဟန်းတို့နှင့် မလျောက်ပတ်သော မာတုဂါမတို့နှင့် ပြက်ရယ်ပြု၍ မရန်းသီး ၄က်ပျောသီး

အစရှိသည်တို့ဖြင့် ပစ်ခတ်ခြင်း အစရှိသော အလဇ္ဇီမှုကို ပြုကျင့်ကြောင်းနှင့် ဒါယိကာမတို့ ပြောကြား၍ သိရပါသည်ဘုရား။

သက္ကရာဇ် ၁၂၁၆-ခု၊ ကဆုန်လပြည့်ကျော် ၇-ရက်နေ့ သထုံတိုက်အုပ် ရဟန်း ရှင်ပုညအစစ်ခံချက် ဘုရား....၊

မာတုဂါမနှင့် တကွ မနေ မထိုင် စကားမပြောမဆိုရ၊ ရဟန်းတို့ အမှုအရာ မဟုတ် ယုတ်မာသော ငွေတိုးချခြင်း အမှုများကို မပြုမကျင့်ရပါ၊ အရေးတော်အတွင်း တပ်သားတို့ ပစ်ထားခဲ့သည့် အင်္ဂရိတ် ဗို လုံများကို တွေ့မြင်၍ စူးစမ်းသဖြင့် ထိုးပါသည်၊ မိန်းမငယ် ယောကျ်ားငယ်များကို ကျီစား၍ မရန်းသီး ငှက်ပျောသီးများကို ကျောင်းပေါ်ကနေ၍ ပစ်လိုက်ပါသည်၊ ညီ ငရွှေမိတ် မြင်းကို အရေးတော်အတွင်း ကျောင်းအောက်မှာ ထားလာ၍ ခဏ ခေတ္တ ကြည့်ရှုပါသည် ဘုရား။

သထုံတိုက်နေ ရဟန်းတို့သည် ၎င်းတိုက်အုပ် ရဟန်းရှင်ပုညကို အမှုပြစ်ရှာ၍ ပြောဆိုပြီးလျှင် အလဇ္ဇီပုဂ္ဂိုလ်၏ အဆိုအဆုံးမ ဩဝါဒကို မခံမယူ အအုပ်အချုပ် မခံ မနေပါရမည့် အကြောင်းနှင့် လျှောက်ထားသည်မှာ- ရွှေနောက်စကားကို ညှိနှိုင်းဆင်ခြင်သော် ငါတို့အပေါ်တွင် အအုပ်အချုပ် အကြီးအကဲ မပြုပါပြီတကားဟု ငါတို့က တစုံတရာ အပြစ်အဆာတင်၍ မခပြောမဆိုလိုပြီ၊ ဤတိုက်တာကို မအုပ်မချုပ်လိုပါဟု သံဃာတို့ရှေ့ ဝန်ခံပါတော့ဟု တိုက်နေ ရဟန်းများက ဆိုသောအကြောင်းကို ၎င်းတိုက်အုပ် ရဟန်း ရှင်ပုညက ဆင်ခြေလဲ၍ လျှောက်ချက်ရှိသည်၊ ၎င်း လျှောက်ချက် အတိုင်း မှန်, မမှန်ကို ကေန်မုချသိလို၍ ထိုသထုံတိုက်နေ ရဟန်းတို့ မေးမြန်းပြန်လျှင် ဆိုခဲ့ကြောင်းနှင့် အစစ်ခံချက်ရှိသည်၊ ၎င်းစကားရပ်များကို ထောက်ထား နှိုင်းရှည့် ဆင်ခြင်လျှင်-

တိယဂ်ဏ မည်သော ပြည်ကြီး၌ ထီးနန်းစိုးအုပ်၍ မင်းလုပ်သော သူရိယဝံသ မည်သော မင်းလက်ထက် ဆင်ဖြူရတနာ မရှိ၍ အိုးထိန်း သည်အား တိုင်ပင်နှီးနှော ပြောဆိုတော်မူလျှင် အိုးထိန်းသည် သည် ကဝါသည်အား တစုံတခုသော အကြောင်းနှင့် ရန်ငြိုးမုန်းထားသဖြင့် ဆင်ဖြူရတနာ မရှိပါလျှင် ကာဠာဝက ဆင်ကိုပင် ဖြူစင်သန့်ရှင်းစွာ ကဝါသည်တို့အား ဖွပ်လျှော်စေရသော် သင့်လျော်မည် ထင်ကြောင်းနှင့် ၎င်း အိုးထိန်းသည် လျှောက်လေသော် ကဝါသည်ကို ခေါ်၍ ဆင်တော်ရတနာကို ဖြူစွာဖွပ်၍

ပေးရမည်ဟု အမိန့်တော်မြတ်ရှိလျှင် ပဏ္ဍိတ လက္ခဏာ မာယာ သာဒြေယျ အမှု၌ ထိုကဝါသည် လိမ္မာစေ့ဆော်သဖြင့် အမိန့်တော် ဗျာဒိတ်ကို ဦးထိပ် ထက် ရွက်ဆင်ရသည့်အတိုင်း ဆင်တော်ရတနာကို ဖြူစွာဖွပ်ရအောင် ပေါင်း ချောင်အိုး လိုပါသည်ဟု လျှောက်ထားသဖြင့် အိုးထိန်းသည်က ဆင်တော် ရတနာကို ဖြူစွာဖွပ်ရန် ပေါင်းချောင်အိုး လုပ်စေ-ဟု အမိန့်တော် ထုတ်ပြန် တော်မူလျှင် "ထူလျှင် မကျက်၊ ပါးလျှင်ပျက်" ၍ တသက်ပန်လုံး ပေါင်း ချောင် အိုးတော်ကို လုပ်၍ မဆုံးနိုင်သော ဝတ္ထုကို မနုဝိနယ ဓမ္မသတ် ဖြတ်ထုံး စာဟောင်း စာတမ်းများ၌ ပြဆိုသည်လည်း တဖြာ—

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဆက်ရက်ငယ်ကို ဖြားယောင်း၍ သစ်ခေါင်းဝယ် မှီနေသော မြွေဟောက် မြွေကြမ်းကြီးကို ဘမ်းယူစေလျှင် မြွေမှန်းသိ၍ ကိုင်မိသော ထိုမြွေကို "ဟေဟေ" ဟူသော အသံဖြင့် အတန်ငယ် ကြွေးဟစ်၍ ကိုင်ပစ်လေလျှင် စေခိုင်းသူ ဆေးသမားမှာ အကြောင်းအား လျော်စွာ လည်မှာ ရစ်ပတ်၍ လတ်တလော ဝိပါက်ကို ခံရ၏ဟု နိပါတ် တော်၌ အထင်အရှား လာလျက်ရှိချေသည်။

မဟာနာမ် မည်သော ဥပါသကာကို မေတ္တာမငဲ့ ရန်ငြိုးဖွဲ့၍ ကဲ့ရဲ့ အဖန်ဖန် တောင်းပန်အပ်သော ဒေါဏသပ္ပိကို အလိုရှိသော အယောင် ဟန်ဆောင်ပြီးလျှင် တောင်းပန်ခဏ မရတည့်သော အတွက်ကြောင့် ဆဗ္ဗဂ္ဂီ ရဟန်းတို့က "ကိံပန တယာ အာဝုသော အဒါတုကာမေန ပဝါရိတေန၊ ယံ တွံ ပဝါရေတွာ န ဒေသိ" ဟု ကဲ့ရဲ့ရှုတ်ချ၍ အပြစ်အဆာ ရှာကြံလေ လျှင် လောကသုံးပါး၌ အတုလရာဇာ မဟာဓမ္မရာဇ် ဖြစ်တော်မူသော ဘုရားသခင်၏ ရွှေနားတော် ကြားသိလျှင် မိမိတို့ အပြစ်အား လျော်စွာ "ကထံဟိနာမ တုမှေ မောဃပုရိသာ" အစရှိသည်ဖြင့် အောက်နရက်၌ ချထားဘိသကဲ့သို့ ကဲ့ရဲ့တော်မူသော ဝတ္ထုလည်း မဟာနာမသိက္ခာပုဒ်၌ အထင်အရှားလာလျက် ရှိချေသည်။

ဖင်းဝတ္ထုများကို ထောက်ထားကြည့်ရှုလျှင် ယခု သထုံတိုက်နေ ရဟန်း များလည်း သူတပါး၏ အပြစ်ကို ရှာကြံ၍ မိမိတို့၏ အထက်၌ တင်ပြန်ရာ သည်၊ လေညာသို့ လွှင့်အပ်သော မြူသည် ရှေးရှုတဖန် မိမိသို့လည်း လာပြန် သကဲ့သို့ သူတော်ကောင်းတို့၌ ရှာကြံအပ်သော အပြစ်သည် မိမိသို့သာ လည်လာပြန်၏ဟု ဓမ္မပဒပါဠိတော်၌ ဟောတော်မူအပ်သော တရားတော် နှင့် အညီ ရှင်ပုညဲ၌ အပြစ်ကို ရှာကြံသော သထုံတိုက်နေ ရဟန်းများမှာ အပြစ်တင်ချေသည်၊ စောဒကပုဂ္ဂိုလ်တို့၏ လက္ခဏာကို ဟောတော်မူရာ

ခန္ဓက ပါဠိတော်၌ "မေတ္တာစိတ္တေန ဝက္ခာမိ၊ နော ဒေါသန္တရေန" ဟူ၍ လာသည်နှင့်အညီ ဤသထုံဘိုက်ခေနရဟန်းများက ဒေါသခုံ၍ ရှာကြံသော အရာသာ ဖြစ်ရကား စောဒကပုဂ္ဂိုလ်တို့၏ လက္ခဏာအဝင်အပါ မေတ္တာစိတ်နှင့် ကင်းဝေးချေသည် ဖြစ်၍ ဒုဋ္ဌစောဒနာသာ ဖြစ်သည်၊ ၎င်းတို့ ထွက်ဆိုချက် အတိုင်း တိုက်အုပ် တိုက်ချုပ် လုပ်လိုမှ ဝုဋ္ဌာနကံ ဒေသနာကံတို့ဖြင့် ကုစားရမည်၊ တိုက်အုပ် တိုက်ချုပ် မလုပ်လိုလျှင် ထိုဝုဋ္ဌာနကံ ဒေသနာကံများသည် ဘုရားသခင် အာဏာတော်ဖြစ်လျက် ချမ်းသာစေ ဆိုရာ ရောက်ချေသည်၊ ဆိုရာရောက်သဖြင့်လည်း အလျား လေးတောင် လုံးပတ်အားဖြင့် လှည်းပုံတောင်းချက် ပမာဏရှိသော မဏိဇောတိရသ မည်သော လေးကျွန်းသနင်း စကြာမင်း၏ ပတ္တမြားရတနာကို မလိမ္မာသသူ လူသာမန်တို့ ခိုးယူပြီးလျှင် ကောက်ရိုးလှည်း၌ ဆွဲ၍ ဆောင်ဘိသကဲ့သို့ မထိုက်တန်သော ဘုရားသခင်၏ အာဏာတော်စက်ကို မိမိတို့အာဏာပြု၍ ပြောဆိုသည်ဟု အတ္ထာပတ္တိ ဓျတိခရက နည်းအားဖြင့် အပြစ်ကြီးစွာ ရောက်လျက် ရှိချေသည်၊ လောကခကြောင်းအားဖြင့်လည်း ယိုးတိုင်းမမှန်ချေလျှင် ယိုးစွဲသမျှ အပြစ်ဒဏ်ကို ယိုးစွဲသူခံစေဟု ဓမ္မသတ်၌ လာလျက်ရှိကြသည်၊ ဤကဲ့သို့ ကြော့ကြမ်းဟော့ရမ်း သော့သွမ်းသသူများ ဖြစ်သည်၊ ရှေးအမိန့်တော်အတိုင်း ချင်းတို့ကို ဆုံးမပဲ့ပြင် သွန်သင်နိုင်သူတို့ကို ရှာကြံ၍ နေစေ၊ ၎င်းတိုက်မှာ မနေစေလင့်၊ ဝတ်မြေဝန်က ဆင့်။

သက္ကရာဇ် ၁၂၁၆–ခု၊ ကဆုန်လပြည့်ကျော် ၇–ရက်နေ့ သာသနာပိုင်ဆရာတော်ဘုရားကြီး အမိန့်တော်။

(၁၂) သက္ကရာဇ် ၁၂၁၆–ခု၊ ကဆုန်လဆန်း ၆–ရက်နေ့ ငါးပတ်ချောင်းရွာ ရဟန်း ရှင်နရိန္ဒ–အစစ်ခံချက်ဘုရား....၊

ဘုရားတပည့်တော် ငါးပတ်ချောင်းရွာသို့ သွား၍ ရဟန်းသိက္ခာကို ယူပါသည်၊ ယူပြီးနောက် လေး, ငါးရက်ခန့်ရှိလျှင် မြင်းစန်တိုက်နေ ဦးတိလောကက ခေါ်လာ၍ လိုက်လာရပါသည်၊ ရောက်လာရပါသည်၊ ရောက်လျှင် ဘုရားတပည့်တော် ပစ္စည်း ပိုးသင်္ကန်း, ဖျင် ၄–စင်းများကို ငါသိမ်းဆည်းမည်ဆို၍ အပ်နှံထားပါသည်၊ များမကြာ တောင်းလျှင် သူခိုးတို့ ခိုးသွားပြီဟု ပြောဆိုပြီးလျှင် ၎င်း ပစ္စည်းရပ်များတွင် ဖျင် ၃-စင်းကိုသာ ပေး၍ ပိုးသင်္ကန်း ဖျင်တစင်းများ မရရှိပါသည်၊ တပည့်တော်ပစ္စည်းကို တောင်းဆိုမှ ဦးတိခလောက-က ကြေးဘုရား ဆင်းတုတော်ကို နင်ခိုးသည်ဟု ယိုး၍

ကြိုးနှင့် တုပ်နှောင်ပြီးလျှင် လည်ကို ခြေနှင့်နင်း၍ ရိုက်ပါသည်၊ မခံလို၍ တိုက်အုပ်ဆရာ ဦးအာစာရထံ လျှောက်ထားပါသည်ကို တဖက်စောင်း နှိပ်စက်၍ တိုက်မှ နှင်ထုတ်ပါသည်ဘုရား။

သက္ကရာဇ် ၁၂၁၆-ခု၊ နယုန်လဆန်း ၂-ရက်နေ့

မြင်းဝန်တိုက်နေ ရဟန်း ရှင်တိလောက-က ဥစ္စာထုပ်နှင့် စွဲကိုင်မိလျက် ငါ သူခိုး မဟုတ်ဟု ပျက်ကွယ်သကဲ့သို့ အတင်း ပျက်ကွယ်ရာတွင် ၎င်းရှင် တိလောက ရှေးရှေးက ကစားဘက်ဖြစ်သူ တကာဘိုးကို စစ်မေးရာ—

တကာ ဘိုး အစစ်ခံချက် ဘုရား....၊

ဦးတိလောကနှင့် ဖဲခုံညင်း ကစားရာ ဘုရားတပည့်တော်က အောင်နိုင်၍ ပိုးသင်္ကန်း၊ အချိန် ၁၂-ဝိဿာရှိ ခေါင်းလောင်း၊ ငွေ ၂-ကျပ်၊ ဒေါင်းလန်း-၂ များကို ဦးတိလောက-က ပေးသွင်း၍ ရပါသည်၊ ဘုရားတပည့်တော်ကဲ့သို့ ဦးတိလောကနှင့် ကစားဘက် ငတောက်တာ ဆိုသူမှာလည်း စလုံ ပန်းကန်-၁၊ ကြေးဖလား-၁၊ ပန်းကန် လုံးရေ ၄-များကို ဦးတိလောကက ပေးသွင်း၍ ရကြောင်းကိုလည်း သိမြင်ပါသည်၊ ထိုမှတပါး အခြားသူများနှင့် ကစားသည်ကိုလည်း ကြားပါ၏၊ မည်သည့်ပစ္စည်းကို လောင်းစားသည်ဟု မသိရပါဘုရား။

မြင်းဝန်တိုက်နေ ရဟန်း ရှင်တိလောက သည် လူသူတော်ကောင်းတို့မှ မပြုမကျင့်သော အက္ခဓုတ္တ, သုရာဓုတ္တ စသော မသူတော်တို့၏ အမူအရာသာ ဖြစ်သော ကြွေအန်ပုဆစ်ပစ်ခြင်း, ခုံညင်းကစားခြင်း စသောအမှုကို ပြုကျင့်ပြီးလျှင် သူတထူးတို့၏ ပစ္စည်း ဘဏ္ဍာများကို ခိုးဝှက် ပေါင်နှံ လောင်းစားသည်မှာ သင်္ကန်းရှင် ရဟန်း ရှင်နရိန္ဒက မိမိ သင်္ကန်းဟူ၍ အတတ်အအပ် ဆိုနိုင်ရကား သင်္ကန်းကို ယူစေ။

ဒေါသာ ကရောတိ အဿုတံ၊ ကော အဒေါသတောဝိစ၊
ကော ကရောတိ အဿုတံ၊ ဒွိဓာ အဿုတလက္ခဏံ။

ဟူ၍ မနုသာရ ဓမ္မသတ်ကျမ်း ဒုတိယပရိစ္ဆေဒ၌ ပြအပ်သော ဂါထာလာသည်နှင့်အညီ အမျက်ထွက်၍ လောင်းတမ်းမှုခြင်း အမျက်မထွက်ပဲ လောင်းတမ်းမှုခြင်းအားဖြင့် နှစ်ပါးသော လောင်းတမ်းမှုခြင်းတို့တွင် ယခု ရဟန်း ရှင်တိလောကမှာ အမျက်မထွက်ပဲ အသာအကြည် လောင်းတမ်းမှုသောကြောင့်—

ဒေါသာဘူတံ နခါဒေယျ၊ နိယမသာ အဘာဝတော၊
အဒေါသာဘူတံ ခါဒေယျ၊ နိယမဿစ ဘာဝတော။

ဟူ၍ ၎င်းမနုသာရ ဓမ္မသတ်ကျမ်း၌ အမျက်မထွက်ပဲ လောင်းတမ်းမှုခြင်းကို စားအပ် ခံယူအပ်၏ဟု လာသည်နှင့်အညီ လောင်းတမ်း အောင်သသူ ဘိုးမှာ စားထိုက်ပေသည်ဖြစ်၍ ၎င်းသက်နှင်းကို ခံယူရာ၌ လောက, ဓမ္မ အားဖြင့် ပြစ်ဆာ မစွန်းမငြိသာ။

ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည်ကြီး၏ အရှင် ကောရဗ္ဗမင်းမှ သော်လည်း လောကီ နီဃဏ္ဍုကျမ်း ဋီကာဆရာတို့ အလိုအားဖြင့် ခြေသုံးခုနှင့် အစွယ် ရှစ်ချောင်းရှိသဖြင့် စက်ဆုပ်ဘွယ်သော ကိုယ်ရှိသောကြောင့်, သာသနာ တော်ကျမ်း သုတ္တနိပါတ် ဓမ္မိကသုတ် အဋ္ဌကထာဆရာ၏ အလိုအားဖြင့် ကုဝေရပုဏ္ဏား ဖြစ်ဘူးသောကြောင့် ကုဝေရမည်သော, လောကီနီဃဏ္ဍု ဋီကာ ကျမ်းဆရာတို့၏ အလိုအားဖြင့် ဝိသာဝဏ မည်သော နတ်သို့်း၏သား ဖြစ်သောကြောင့်- ဒီဃနိကာယ် ပါထိကဝဂ် အာဋ္ဌာနာဋိယသုတ်၌ ဟော တော်မူသော ဘုရားသခင် အလိုတော်အားဖြင့် ဝိသာဏ - မည်သော ရာဇ ဌာနီ ပြည်ကြီး၏ အရှင် ဖြစ်သောကြောင့် ဝေဿဝဏ်မည်သော နတ်မင်း၏ နှမသားဖြစ်သော ပုဏ္ဏက ဘီလူးအား အသက်နှင့်အမျှ ထပ်တူ မြတ်နိုးအပ် သော ဝိဓုရ အမတ် သုခမိန်ကို စင်လျက် လောင်းတမ်း ရလေသည်၊လောင်း တမ်း အောင်သသူ ဘိုးမှာ မိမိတို့အလျောက် တောင်းခံ၍ လောင်းတမ်း ဥစ္စာကို ခံယူစေ၊ သက်နှင်းကို သက်နှင်းရှင် ရဟန်း ရှင်နရိန္ဒက မိမိတို့ ဥစ္စာဟု အတတ်အအပ် ဆိုနိုင်ပေရကား ပြန်ယူစေ။

မြတ်စွာဘုရားသခင်သည်လည်း သိင်္ဂါလောဝါဒသုတ်၌ ကြွေအန်ပုဆစ် ကစားလောင်းတမ်းမှုရာ၌ အောင်သသူမှာ ရန်ပွားကြောင်း ရှုံးသသူမှာ ဥစ္စာ စည်းစိမ် ပျက်စီးကြောင်းကို "ဇယံ ဝေရံ ပသဝတိ၊ ဇိနော ဝိတ္တံ အနုသောစတိ" စသည်ဖြင့် ဟောတော်မူချေသည်၊ ယခု ရဟန်း ရှင်တိလောက -အား ရဟန်းတန်မဲ့ လူယုတ်မာတို့ကဲ့သို့ ကြွေအန်ပုဆစ် လောင်းတမ်းမှုရာမှာ ဆို ဘွယ် မရှိ၊ ပျက်စီးခြင်း၏ အကြောင်းသာ ဖြစ်သည်၊ ကင်္ခာဂိရိ ဇနပုဒ်၌ အဿဇိ ပုနဗ္ဗသုက ရဟန်းများကဲ့သို့ ပရိဟာရ ပထကိဋ္ဌန, အက္ခကိဋ္ဌန, ဂိဟိ သံသဋ္ဌ စသော အမှုတို့ကို ပြုကျင့်သည်ဖြစ်၍ ပဗ္ဗာဇနီယ ကံဖြင့် နှိပ်နင်းခြင်း ငှါ ထိုက်သော်လည်း ရဟန်း ရှင်တိလောကမှာ ဌာနစာဝန ဓရနိက္ခေပဖြင့် ဆုံးဖြတ် ထိုက်သော သူတထူးတို့၏ ပစ္စည်းဘဏ္ဍာ ဥစ္စာ အမြောက်အမြားကို

ခိုးသူသို့ဝှက်၍ လောင်းတမ်းမူသသူ ဖြစ်ရကား"တမူပေါ်တွင် တမူရှာ၊တနာ ပေါ်တွင် တနာထပ်သည်"ဆိုသကဲ့သို့ ဒုတိယ ပါရာဇိက အာပတ်ဖြင့်ငြိတွယ် ရှက်ထွေးလျက် ရှိချေသည်၊ ရဟန်း ရှင်တိဿလောက–ကလည်း ဆင်ကောင်ကို ဖန်းဖြင့် ဖုံးသကဲ့သို့ ပျက်ကွယ်ငြားသော်လည်း အထင်အရှား အများပင် သိကြောင်းနှင့် တကာ ဘေိုး အစစ်ခံချက် ရှိသည်၊ ရဟန်း ရှင်တိဿလောက ရှင်နရိန္ဒ တို့ တွေ့ကြသဖြင့် အချင်းချင်း ပြောဆိုကြရာ နဂါးဇာတ်သည် ပဋိသန္ဓေ နေသောအခါ, စုတေသောအခါ, သတိ လွတ်ကင်းလျက် အိပ်စက် သောအခါ, ဇာတ်တူ နဂါးမ၌ မေထုန်မှီဝဲသောအခါ ဤအခါများ၌ နဂါး အမူအရာ ပေါ်လာသကဲ့သို့ရှင်း အရှင်မောဂ္ဂလာန်အား ပြစ်မှား ဟော့ရမ်း သော သေဿသာက်ကြူးတို့သည် ယစ်မူး မေ့လျော့သောအခါ မိမိတို့အမူအရာ ပေါ်လာသကဲ့သို့ရှင်း, သိန်း–ဒေဝိန်း–ကာမိန်း, ပုကုသ်တို့သည် ဆိတ်ငြိမ်ရာ၌ ပေါင်းမိကြသဖြင့် မိမိတို့ အမူအရာ ပေါ်လာသကဲ့သို့ရှင်း တယောက်နှင့် တယောက်လည်း အတူတူ ပြုကျင့်ကြသည်ကို လျှောက်ထားရာသလောဟု ပြောဆိုကြကြောင်းကို မဟောသဓာ သုခမိန်သည် သူလျှိုသူခက်တို့ကို နားပါး ထောင်စေသကဲ့သို့ နားပါးထောင်စေရာ ကြားသိရလျက်ရှိသည်၊ နောက် နောင် အလင်္ဇီ သူယုတ်မာတို့သည် ဤကဲ့သို့ ကြော့ကြမ်း ဟော့ရမ်းသော အမူကိုပြုကြလျှင် မြတ်စွာဘုရား သာသနာတော် ဆုတ်ယုတ်ခြင်း၏အကြောင်း ဖြစ်ချေရကား သာသနာတော်မှာ မနေစေလင့်၊ ဝတ်မြေဝန်က အဝတ်ဖြူ လည်း၍ အစုကို အပ်။

ရှင်နရိန္ဒအား ဘုရားဆင်းတုတော်ကို ယူလေဟန်ပြု၍ ရိုက်နှက် တုပ် နှောင်သည်မှာ သူ့ဥစ္စာကို မပေးလို၍ ကိုယ့်ဥစ္စာနှင့် ကာဆီးဟန် အရိပ် အယောင် ထင်သည်၊ လောကဓမ္မသတ်ထုံးနှင့် ဆုံးဖြတ်မှုကား "ယထာ ဘဂ္ဂ အသစ္စကံ" ဟူ၍ ဓမ္မသတ်ကျမ်း၌ ယိုးစွဲတိုင်း မမှန် ဖေါက်ပြန် ချွတ်ယွင်းချေ သော် ယိုးစွဲသမျှ ဥစ္စာဒဏ်ကို စွဲသူခံစေဆိုသော် ဘုရား ဆင်းတုတော်၏ ထိုက်တန်သောအဘိုးကို ရှင်တိဿလောက–က လျော်သင့်သည်၊ သင့်လင့်ငြား သော်လည်း သေပြစ် သေဒဏ် သင့်၍ ကွပ်ညှပ်အံ့သော သူကို ဥစ္စာဒဏ်, ကြိမ်ဒဏ်ခတ်သဖြင့် ပစာမူတေ့ အံ့နည်း၊ ပပျောက် လွတ်ငြိမ်းစေ၊ သာသ နာတော် ထုံးနှင့် ဆုံးဖြတ်မှုကား....

တရံခါအခါ မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့က သတ္တရသဝဂ္ဂီ ရဟန်းတို့အား မုန်းထားလိုသော စိတ်ဖြင့် ပုတ်ခတ်ရိုက်နှက်၍ ရွေနားတော်

ကြားသိရာတွင် "ယောပနဘိက္ခု ဘိက္ခုဿ ကုပိတော အနတ္တမနော ပဟာရံ ဒဒေယျ ပါစိတ္တိယံ" ဟူ၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဖြင့် ပါစိတ် အာပတ် သင့်လင့်ငြားလည်း ဂရုကံ ရှိလျက် ကင္ခတ္တာကံ အကျိုးမပေးနိုင် သကဲ့သို့ ရှင်တိလောက၌ ဂရုကပရဘဏ္ဍာဥစ္စာ အမြောက်အမြားကို ခိုး၍က်၍ လောင်းစားသသူ ဖြစ်ရကား ပါရာဇိကအရာသို့ ပါစိတ် မဝင်သာပြီ။

ရှင်စန္ဒက တိုက်အုပ်ဆရာ ဦးအာစာရသည် တဖက်စောင်းပြု၍ တိုက်မှ နှင်ထုတ်ပါသည်ဟု လျှောက်ထားသည်မှာ သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ သတ္တရသဝဂ္ဂီ ရဟန်းတို့အား လည်း၌ကိုင်ငင်၍ နှင်ထုတ်သော ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်သော နိက္ကဍ္ဎန သိက္ခာ ပုဒ် အနာပတ္တိဝါရ၌ 'အလဇ္ဇိံ နိက္ကဍ္ဎတိ"ဟူ၍ ဟောတော်မူရာ ပါဠိ၏အဖွင့် အဋ္ဌကထာ၌...

> အလဇ္ဇိံ နိက္ကဍ္ဎတိဝါတိ အာဒိသု ဘဏ္ဍနကာရက ကလဟ- ကာရကမေဝ သကလသံဃာရာမတော နိက္ကဍ္ဎိတုံ လဗ္ဘတိ၊ သော ဟိ ပက္ခံ လဘိတွာ သံဃံပိ ဘိန္ဒေယျ။ အလဇ္ဇိအာဒယော ပန အတ္တနော ဝသနဋ္ဌာနတောယေဝ နိက္ကဍ္ဎိတဗ္ဗာ၊ သကလ သံဃာ- ရာမတော နိက္ကဍ္ဎိတုံ န ဝဋ္ဋတိ။

ဟူ၍ လာသောကြောင့် ယခု ရဟန်းရှင်နရိန္ဒ မှာလည်း ပစ္စည်းဘဏ္ဍာ ဥစ္စာ ပျောက်ပျက်၍ တောင်းရမ်း ရှာဖွေကာမျှဖြင့် ဘဏ္ဍနကာရက-ကလဟ ကာရက မဆိုသင့်ရကား အလုံးစုံသော သံဃာအာရာမ်မှ အပ မပြုသင့်ပဲ လျက် တိုက်အုပ်ဆရာ ရဟန်း ရှင်အာစာရ-က အလုံးစုံသော သံဃာအာရာမ် မှ အပ ပြုခြင်းသည် အဋ္ဌကထာနှင့် ဆန့်ယောင်ထင်ငြားလည်း....

> သကလ သံဃာရာမတော နိက္ကဍ္ဎိတုံ နဝဋ္ဋတီတိ ဣဒံ အနနုရူပ- တော ဝုတ္တံ၊ ပါပဂရဟိတာယ ဟိ အကုပိတစိတ္တေန နိက္ကဍ္ဎာ- ပေန္တဿ ဣမိနာ သိက္ခာပဒေန အာပတ္တိ နတ္ထိ ကုပိတော အနတ္တ- မနောတိ ဝုတ္တတ္တာ။ အညာပေက္ခာ အာပတ္တိ န ဒိဿတိ။

ဟူ၍ ဝိမတိဝိနောဒနီ ဋီကာဆရာဆိုသောကြောင့် ပါပဂရဟိတ အကု- ပိတ စိတ်ဖြင့် နှင်ထုတ်သော အရာဖြစ်၍ အပြစ်မဆိုသာ၊ စိတ်၏လျင်မြန် သော ဖေါက်ပြန်ခြင်းရှိ၍ အကြားအကြား၌ ကုပိတစိတ် ဥပါဒ်လာငြား သော်လည်း-

အလဇ္ဇီ နိဂ္ဂဟတိတိ အာဒိသု စိတ္တသာ လဟုပရိဝတ္တိတာယ အန္တရန္တရာ ကောပေ ဥပ္ပန္နေပိ အနာပတ္တိ အလဇ္ဇိတာဒိ ပစ္စယေနေဝ နိဂ္ဂဟနသာ အာရဒ္ဓတ္တာ။

ဟူ၍ ဝိမတိဝိနောဒနီဋီကာ လာရကား အကြား အကြား၌ ဥပါဒ်လာသော ကောပစိတ်ကြောင့် အပြစ်မဆိုသာပြီ၊ တိုက်အုပ်ဆရာပြုသူ ရှင်အာစာရလည်း မိမိ တိုက်အတွင်း၌ ဤကဲ့သို့ ကျင့်ကြံသူတို့ကို မသိ မမြင်ရပါဟု လျှောက်ထားသည်မှာ မာလိန်မှူးပြုလျက် ရေကြောင်းကို မသိ ဆိုသကဲ့သို့ ပေါ့တန်သော အပြစ်နှင့် ဒဏ်သင့်ငြားလည်း တကြိမ်တခါ အာဒိကမ္မိကဖြစ်၍ ချမ်းသာစေ၊ နောင် ဤကဲ့သို့ ငါ့နား ကြားသိရလျှင် အပြစ်အလျောက် စီရင်မည်၊ ရဟန်း ရှင်နန္ဒိယမှာလည်း ရှင်တိလောကနှင့် တကွ ပူးပေါင်း၍ အလဇ္ဇီ အမှုကို ပြုကျင့်သသူ ဖြစ်သည်၊ ၎င်းတိုက်မှာ မနေစေနှင့်၊ တိုက်မှနှင်ထုတ်။

သက္ကရာဇ် ၁၂၁၆ – ခု၊ နယုန်လဆန်း ၁၂ - ရက်နေ့၊ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၁၃) သက္ကရာဇ် ၁၂၁၆–ခု၊ နယုန်လပြည့်ကျော် ၂–ရက်နေ့ ကမ်းမြင့်မြို့ကျေးလက် အနောက်ဘက် ဆားထုံးရွာကျောင်းနေ ရဟန်း ရှင်သုမန–အစစ်ခံချက် ဘုရား....၊

ဘုရား တပည့်တော်၏ ရဟန်းဒါယိကာမကြီး မိထွန်းပိုင်မြေ ဆားထုံး မြောက် ကျေးပင်ဒုံ ခေါ်ဝေါ်သော ခံတောအနောက် လယ်မြေမိသား ၅–တွင်းကို အရင်းပြု၍ ပစ္စည်း ၄–ပါးအလှူငှါ သက္ကရာဇ် ၁၁ဂဂ–ခု၊ ကဆုန်လဆန်း ၉–ရက်နေ့တွင် လှူပါသည်၊ လှူသည့်ကာလ ငရွှေပေး, ငရွှေရိုး, ကျောင်းအမ မိငလှ, သီလသည် မိခွေးတို့ အသိဖြစ်ပါသည်၊ လှူပြီးနောက် ၎င်းဒါယိကာမကိုပင် အပ်၍ထားပါသည်၊ ၎င်းဒါယိကာမလည်း ၎င်းလယ်မြေမှ အသီးအနှံဖြင့် တဆယ့်ရှစ်နှစ်ပတ်လုံး ဆွမ်းပန်းပြုစု၍ နေပါသည်၊ မိထွန်းပိုင်မသေမီ အိုမစွမ်း မျက်စိမမြင်ရှိရာ ငရွှေမင်းထံ နေပါသည်၊နေသည့်တွင် မဆိုင်သူ ငရွှေမင်းက ဖေလူးထံ ရောင်းချ၍ အရပ်တပါးသို့ သွားပါသည်၊ ယခုဝယ်သူ ဖေလူးသား ပေကာ ကြေးနှင့်ဝယ်၍ ရပါသည်ဟု မပေး မအပ် နေပါသည်ဘုရား။

သက္ကရာဇ် ၁၂၁၆-ခု၊ နယုန်လပြည့်ကျော် ၅-ရက်နေ့
ဗန့်ကျီတိုက်နယ် ပေါင်းပတာရွာနေ ငပု အစစ်ခံချက်ဘုရား....၊

ကမ်းမြင့်မြို့ ကျေးလက် အနောက်ဘက် ဆားထုံးရွာနေ မောင်ရွှေမင်း မယား ရှင်ကေးဘို့က သုံးစွဲရန် ငွေ လိုပါသည်ဟု တပည့်တော် အဘ မောင်ဖလူးထံ ဆားထုံးရွာ နယ်အတွင်း ခံတောလယ်မြေ မိသား ၅-တွင်း, ပျိုး ၅၀၀-ဝင် လယ်မြေ အရှေ့သို့လားသော် ဘိုးနွဲ့မြေအထိ တောင်သို့လား သော် မောင်ဝိုင်မြေအထိ မြောက်သို့ လားသော် ဘိုးနွဲ့မြေအထိ အနောက်သို့ လားသော် မောင်ဖလူး မြေအထိ ၎င်းလယ်မြေကို အစိုးရပိုင် ဝယ်ပါဟု ဆို လျှင် ၎င်းတို့ ဆိုချက်အတိုင်း ငွေခမွးရွက်နီမှန်ပေါ် ၄-မူးကဲ အချိန် ၃ဝ- ပေး၍ အစိုးရပိုင် ဝယ်ရပါသည်ဖြစ်၍ ၎င်း ၁၁၉၅-ခုနှစ်က ဝယ်၍ လုပ် စား နေပါသည်၊ တခွန်းတပါဒမျှ မပြောမဆို မတားမဆီးပါ၊ ၁၂၁၃- ခုနှစ်တိုင် ရောက်မှ ဦးသုမနက မိထွန်းပိုင်လှူသည့် မြေလယ်ယာ ဟူ၍ ပြော ဆို လာသည် ဖြစ်၍ ၎င်းကို မပေးမအပ် နေပါသည်ဘုရား။

ဆားတုံးရွာ ရဟန်း ရှင်သုမန, ဗန္ဓကျီတိုက် ပေါင်းပတာရွာနေ တကာ ငပုတို့ လယ်မြေအမှုနှင့် ပြောဆိုကြသည်မှာ ရဟန်း ရှင်သုမနက ပစ္စယ ဒါယိကာမ မိထွန်းပိုင် ဆိုသူသည် ဆားထုံးရွာ နယ်အတွင်း ခံတောခေါ် လယ်မြေမိသား ၅-တွင်း, ပျိုး ၅၀၀-ဝင် လယ်မြေများကို ပရိသတ်တို့ရှေ့ လှူကြောင်းကို စာရင်းတင်ပြသည်၊ လူဖြစ်သူ ငပုကလည်း ၎င်းမြေရပ်များ ကို ငွေမွေးရွက်နီမှန်ပေါ် ၄-မူးကဲ ၃ဝ-ပေး၍ မိထွန်းပိုင်ကို ပြုစုသသူ ငရွှေမင်း မယား မိကေးတို့ထံ ဝယ်ယူရကြောင်းကို စာရင်း တင်ပြသည်၊ မိကေးမိထွန်းပိုင်တို့လည်း အချင်းချင်း အမွေစားဘက်မဟုတ်၊ ဆွေမျိုးအနာ- ထဖြစ်သဖြင့် ပြုစုသသူသာ ဖြစ်သည်၊ မိထွန်းပိုင်လှူသည်အတိုင်း လယ်မြေရပ် များကို ဆားထုံးရွာနေ ရဟန်း ရှင်သုမနက စုံရာတို့ရှေ့ ရောင်းခြင်း, အဘိုး ပြတ်၍ ရောင်းခြင်း အားဖြင့် နှစ်ပါးသော ရောင်းခြင်း, စုံရာတို့ရှေ့ ဝယ်ခြင်း, အဘိုးပြတ်၍ ဝယ်ခြင်းအားဖြင့် နှစ်ပါးသော ဝယ်ခြင်း တရားကို မွေသတ် ကျမ်း ပြသည်နှင့် အညီ စုံရာတို့ရှေ့ ရောင်း,ဝယ် ကြကြောင်းများကိုလည်း ဝယ်သူ သား ငပုတို့က အစစ်ခံချက်ရှိသည်။

မူလသာမိမှိ နိက္ခမေ တံဘာရော ကိဏကသော ဝမူလေ အဒိဒ္ဒေ
ဓနက္ကိတော န မုဋ္ဌေ စောရဒက္ကာယ၊ ဇာနေ သတိ ယထာအန္တိယေ
မုဋ္ဌေ စောရဒက္ကာယ၊ နိက္ခမေဝ သသာမိကေ၊ဒဒေ ဒတ္တာဝ သအန္တံ။

မူလသာမိမှ-ဥစ္စာရှင်ရင်းသည်၊ နိက္ခမေ-ပေါ်ထွက်လသော်၊ တံဘာရော-ထို့ဝယ်မိသော ဝန်သည်၊ ကီဏကသော ဝ-ဝယ်သူအားသာလျှင်၊ ဟောတိ-ထင်၏၊ မူလေ-ရောင်းသသူကို၊ အဒိဋ္ဌေ-မတွေ့မမြင်ချေသော်၊မနေ့ကြိုတော-ဝယ်သသူသည်၊ စောရဒဏ္ဍာယ-ခိုးပြစ်ဒဏ်မှ၊ န မုစ္စေ-မလွတ်တို့ရာ၊ဇာနေ-သိသူမြင်သားသည်ငှင်း၊ ယထာအဓ္ဓိယေ-တန်ဘိုးပေး၍ ဝယ်ယူရခြင်းသည်ငှင်း၊ သတိ-ရှိသော်၊ စောရဒဏ္ဍာယ-ခိုးပြစ်ဒဏ်မှ၊ မုစ္စေ-ဝယ်သူလွတ်လပ်စေ၊ သသာမိကေ-ဥစ္စာရှင်ရင်းသည်၊ နိက္ခမေဝ-ထွက်ပေါ်လာသော်လည်း၊ သအဍ္ဍံ-မိမိ အဘိုးကို၊ ဒတွာဝ-ပေးမှသာလျှင်၊ တံ-ထိုဝယ်ယူ၍ ရသော ဥစ္စာကို၊ ဒဒေ-ပြန်ပေးစေ။

ဟူ၍ မနုသာရဓမ္မသတ် ရွှေမျဉ်းကျမ်း၌ လာသည်နှင့်အညီ ဝယ်ယူသသူ ငဖေလူး သား-ငပုက သက်သေစုံရာတို့ရှေ့ ဝယ်ယူရပါသည်ဟု စာရင်းတင်ပြရာ သိရှိသသူ သက်သေစုံရာတို့ကို ထောက်လှမ်း မေးမြန်းပြန်လျှင် သေလွန်ပါပြီဟု အစစ်ခံသဖြင့် မှန်မမှန် ဟုတ်မဟုတ်ကို ကမ္ဘာလားသင့်သော်လည်း ရဟန်းနှင့်စပ်သော အမှုဖြစ်၍ ကမ္ဘာလားစေ မဆိုသာပြီ၊ မဆိုသာငြား သော်လည်း စကားရှေ့နောက်ကို ထောက်ထားချေသော် ရေမြွက်အဟုန်ကို မြင်ချေလျှင် ရေ၌ကျက်စားသော ငါး၏ အကြီး,အငယ် ပမာဏကို ဆ၍သိရာသကဲ့သို့ တကာငပု ထွက်ဆိုချက် စကားဖြင့် ကေန်မုချ ဝယ်ယူရကြောင်း ထင်ရှား သိသာသည်ဖြစ်၍ "ဇာနေ သတိ" အစရှိသော ဓမ္မသတ်တရားသို့ သက်ပေသည်၊ ရဟန်း ရှင်သုမနမှာသည်း ကာလရှည်ကြာ တဘာငပု လုပ်ကိုင် စားသောက်၍ နေသည်ကို မတားမဆီးပဲ ယခုမှ တားဆီး ပြန်သောကြောင့် လောကကြောင်းအားဖြင့် အမွေဥစ္စာ မြေရာသော ဓမ္မသတ်ထုံးဖြင့် ဆုံးဖြတ်သင့်သော်လည်း ဘုရားသခင် အာဏာတော်သမ္ဗဇာနမုသာဝါဒ, ပသယှာဝဟာရ-စသော အပြစ် ထင်ရှားရှိသည်ဖြစ်၍ငှင်း, အဘူတဝါဒီ နိရယံ ဥပေတိ-စသော သုတ္တန်ပါဠိ၌ ဟောတော်မူသော အပြစ် ထင်ရှားရှိသည်ဖြစ်၍ငှင်း, ကေသရရာဇာ ခြင်္သေ့မျိုးဖြစ်က မြက်ကိုမစား ဆိုသကဲ့သို့ ဘုရားသခင် တပည့်သားတော် ဖြစ်က ဤရွေ့လောက်သော အပြစ်၌ မလွန်ကျူးသင့်ပြီဟု နှလုံးပိုက်၍ငှင်း,တကာမ မိထွန်းပိုင် ပေးလှူစဉ်ကာလ သိရှိသူအများကိုပင် တင်ပြနိုင်သည်ဖြစ်၍ငှင်း, တကာငပုက လှူ မလှူ ပေး,မပေး၌ တွေးဆငြင်းခုံလျက် ယုံမှားရန် မရှိသင့်ပြီ၊ တကာငပုက ငှင်းလယ်ယာများကို ငွေ ၃၀-ပေး၍ ဝယ်ယူပါသည် အစစ်ခံချက်အတိုင်း ငှင်းသယ်ယာများကို ရဟန်းရှင်သုမနက ယူလိုလျှင် ရောင်း

ဝယ်သသူ ငွေရှမင်း မယား မိကေးတို့ ထင်ရှား မရှိပြီဖြစ်၍ ရဟန်း ရှင်သုမနကပင် ၎င်းဝယ်ရင်းငွေ ၃၀–ကိုပေး၍ ရွေးယူစေ၊ ရဟန်း ရှင်သုမနမှာ–

မုတ္တာ မဏိဝေဠုရိယော သင်္ခါပဝါဠံ လောဟိတင်္ကော မသာရ- ဂလ္လံ သတ္တရတနာနိ ဒါသီ ဒါသ ခေတ္တံ ဝတ္ထုံ ပုပ္ဖါရာမ ဖလာရာမာ- ဒယောတိ ဣမာနိ ဒုက္ကဋဝတ္ထူနိစ အတ္တနော၀ါ စေတိယ သံဃ ဂဏပုဂ္ဂလာနံဝါ အတ္ထာယ သမ္ပဋိစ္ဆိတုံ နဝဋ္ဋန္တိ၊ တသ္မာ သာဒိတုံ နဝဋ္ဋတီတိ ဒဿနတ္ထံ န ခေါ မယန္တိ အာဒိ ဝုတ္တံ။

ဟူသော မာတိကာ အဋ္ဌကထာပါဠိနှင့် အညီ မိမိအလို့ငှါရင်း, စေတီ သံဃာ,ဂိုဏ်း, ပုဂ္ဂိုလ်တို့၏ အလို့ငှါရင်း, ခံခြင်းငှါ သာယာခြင်းငှါ မအပ်သော ဒုက္ကဋ်ဝတ္ထုအဝင်အပါ လယ်ယာမြေများကို မခံ မသာယာသင့်။

ဣမံ တဠာကံ ဣမံ ခေတ္တံ ဣမံဝတ္ထုံ ဝိဟာရဿ ဒေမာတိ ဝုတ္တေ ပဋိက္ခိပိတုံ နလဗ္ဘတိ။

ဟူသော သမန္တပါသာဒိက အဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာ များနှင့် အညီ ကျောင်းအား လှူမှသာလျှင် ထိုလယ်ယာများကို ခံအပ် သာယာအပ်သည်၊ ကျောင်းအားလှူ၏ ဆိုသော်လည်း သံဃိကကျောင်းအား လှူမှ သာလျှင် ခံအပ်ကြောင်းကိုလည်း "ဝိဟာရဿ ဒေမာတိ သံဃိက ဝိဟာရံ သန္ဓာယ ဝုတ္တံ" ဟူသော ဝိမတိ ဝိနောဒနီ ဋီကာပါဠိဖြင့် သိအပ်တော့သည်။

ခေတ္တာဒယော ပန သဗ္ဗေ သံဃဿေဝ ဝဋ္ဋန္တိ၊ ပါဠိယံ ပုဂ္ဂလိက ဝသေန ဂဟေတုံ အနနုညာတတ္တာတိ ဒဋ္ဌဗ္ဗံ။

ဟူ၍ ဝိမတိဝိနောဒနီဋီကာ လာရကား သံဃိက ကျောင်းအား လှူ၍ သံဃာအားသာ အပ်သည်၊ ဂိုဏ်း,ပုဂ္ဂိုလ်တို့ မအပ်ချေ၊ ရဟန်း ရှင်သုမနက ပစ္စည်းလေးပါး အလို့ငှါ တကာမ မိထွန်းဝိုင်က လှူသောကြောင့် ခံပါသည် ဟု လျှောက်ထားသော်လည်း–

စတ္တာရော ပစ္စယေ ပရိဘုဉ္ဇတူတိ ဒေတီတိ ဧတ္ထာပိ ဘိက္ခုသံဃော စတ္တာရော ပစ္စယေ ပရိဘုဉ္ဇတု တဠာကံ ဒမ္မီတိဝါ စတုပစ္စယ ပရိ- ဘောဂတ္ထံ တဠာကံ ဒမ္မီတိ ဝါ ဒေတိ၊ ဝဋ္ဋတီတိယေဝ၊ ဣတော တဠာကတော ဥပ္ပန္နေ စတ္တာရော ပစ္စယေ ဒမ္မီတိ ဝုတ္တေ ပန ဝတ္တဗ္ဗမေဝ နတ္ထိ။ ။ဟူသော သာရတ္ထဒီပနီဋီကာ။

> စတ္တာရော ပစ္စယေ ပရိဘုဉ္ဇတူတိ ဒေတိတိဇ္ဇေ ဘိက္ခုသံဃဿ စတုပစ္စယ ပရိဘောဂတ္ထာယ တဥ္ဇာကံ ဒမ္မိတိဝါ ဣတော တဥ္ဇာကတော ဥပ္ပန္နေ စတ္တာရော ပစ္စယေ ဒမ္မိတိဝါ ဝတ္တုံပိ ဝဋ္ဋတိ၊ ဣဒဥ္စ သံဃဿ ပရိဘောဂတ္ထာယ ဒိယျမာနညေဝ သန္ဓာယ ဝုတ္တံ၊ ပုဂ္ဂလဿ ပန ဧဝံပိ ဒိန္နတဥ္ဇာကခေတ္တာဒိ န ဝဋ္ဋတိ။

ဟူသော ဝိမတိ ဝိနောဒနီဋီကာ လာရှိသည်နှင့် အညီ သံဃာတို့အား ပစ္စည်းလေးပါးအလို့ငှါ လှူဒါန်းမှသာလျှင် ခံအပ်ချေသည်၊ တဥ္ဇာကနှင့် ခေတ္တ၌ အဆုံးအဖြတ်လည်း အထူးအပြားမရှိ၊ မရှိသော အကြောင်းကိုလည်း "တဥ္ဇာကံ ခေတ္တ ပဝိဋ္ဌတ္တာ နသမ္ပဋိစ္ဆိတဗ္ဗန္တိ ဝုတ္တံ" ဟူသော သာရတ္ထ ဒီပနီ, ဝိမတိဝိနောဒနီ ဋီကာပါဌ်တို့ကို ထောက်၍ သိအပ်တော့သည်၊ လယ်ယာမြေများကို မခံအပ်ဟူ၍ ဝိနည်းပါဠိ၌ ဟောတော်မမူငြားလည်း-

> ခေတ္တဝတ္ထု ပဋိဂ္ဂဟဏာ ပဋိဝိရတော ဟောတီတိ အာဒိနာ သုတ္တန္တေသု အာဂတပဋိက္ခေပေါ ဘဂဝတာ အာပတ္တိယာပိ ဟေတု ဘာဝေန ကတောတိ ဘဂဝတော အဓိပ္ပါယံ ဇာနန္တေဟိ သံဂီတိ မဟာထေရေဟိ ခေတ္တဝတ္ထုပဋိဂ္ဂဟဏာဒိ နိဿိတော အယံ သဗ္ဗောပိ ပါဠိမုတ္တက ဝိနိစ္ဆယော ဝုတ္တောတိ ဂဟေတဗ္ဗံ။

ဟူသော ဝိမတိဝိနောဒနီ ဋီကာပါဌ်နှင့် အညီ "ခေတ္တဝတ္ထု ပဋိဂ္ဂဟဏာ ပဋိဝိရတော ဟောတိ"ဟူ၍ ဒီဃနိကာယ် ကျမ်းတို့၌ ဟောတော်မူအပ်သော ပဋိက္ခေပ ပညတ်ကို အာပတ်၏ အကြောင်းဖြင့် ပြုအပ်၏ဟု စကြာမင်းထံ ဝယ် သားကြီး ရတနာကဲ့သို့ အလိုတော်မြတ် အလုံးစုံကို အကုန်အစင် သိမြင်နိုင်သော သင်္ဂါယနာတင် အရှင်မဟာကဿပ အစရှိသော မထေရ်မြတ်တို့သည် လယ်ယာမြေကို ခံယူခြင်းနှင့်စပ်သော 'ပါဠိမုတ္တက ဝိနိစ္ဆယ" ကို ပြတော်မူရကား ဘုရားဟောပင် မှချယူရာသည်၊ ယခု ရှင်သုမနမှာ လည်း မိမိအလို့ငှါ လယ်ယာများကို ခံယူကြပြီးလျှင် ထိုလယ်ယာများနှင့် စပ်၍ တရားစကား ဝိဝါဒ ဖြစ်ကြသည်မှာ အစာကိုသာ စုံမက်မြတ်နိုး၍ မုဆိုး၏ ကျော့ကွင်းကို မမြင်သော တောသားသတ္တဝါတို့ကဲ့သို့ လယ်ယာမှ ဖြစ်သော အသီးအနှံကိုသာ မြင်၍ မြတ်စွာဘုရားသခင် အာဏာတော် ပညတ် ဒုက္ကဋ် အာပတ်ကို မရှုမငဲ့ရာ ရောက်သည်၊ လိမ္မာသော ဝိနည်းမိုရ် ပုဂ္ဂိုလ်တို့ထံ ဝိနည်းကံဖြင့် အပ်အောင်ပြုပြီးလျှင် ခေတ္တပဋိဂ္ဂဟဏ အကပ္ပိယ ဒုက္ကဋ်အာပတ်ကို ဒေသနာကြားစေ၊ ကောင်းစွာနိသော ခြေလေးဘက်ရှိ

သော ကေသရရာဇာ ခြင်္သေ့မျိုးမှန်လျှင် သုသာန် တံမြက်ချေးစုရာ အရပ်တို့၌ မနေမူ၍ ယူဇနာ သုံးထောင်ကျယ်သော ဟေမဝန်တောသို့သက်၍ မဏိဂုဟာ ၌သာ နေသကဲ့သို့ရင်း, မနောဟရ ပတ္တမြားရတနာမှန်လျှင် သံကာရကုဋပံသု ပဗ္ဗတ စသည်တို့၌ မတည်မူ၍ ဝေဘူလ တောင်ထိပ်၌သာ တည်သကဲ့သို့ ရင်း, ယူဇနာ တရာ့ငါးဆယ်ရှိသော ဂဠုန်ငှက်မင်းမျိုး မှန်ပါလျှင် ရွာတံခါး ကြက်ဆူတော စသည်တို့၌ မနေမူ၍ လက်ပံတော၌သာ နေသကဲ့သို့ရင်း, မြတ်စွာဘုရား တပည့်သားတော် ရဟန်းမှန်လျှင် ဂန္ထဓုရ, ဝိပဿနာဓုရ နှစ်ပါး၌ မွေ့လျော်ရာလျက် လူတို့ကဲ့သို့ လယ်ယာနှင့်စပ်၍ ဝိဝါဒအမှုကို ပြုကျင့်ကာ လူတို့အမှုအရာ၌ မမွေ့မလျော်သင့်၊ နောင်ဤကဲ့သို့ အမှုအကျင့် ကို မပြုကျင့်ပဲ ဝိမုတ္တိပါဒ မူလဖြစ်သော ဂန္ထဓုရ, ဝိပဿနာဓုရ နှစ်ပါး ကိုသာ ကြိုးစားအားထုတ်၍ နေစေ။

သက္ကရာဇ် ၁၂၁၆–ခု၊ နယုန်လပြည့်ကျော် ၂–ရက်နေ့တွင် သည်းထန် စွာရွာသော မိုးကြီးသည် ကြည်း,ရေ၌ နေသော သတ္တဝါ နှစ်ဦးတို့ စိတ် နှလုံးကို ရှင်ပြုံးခစေလျက် ဝိဓုရ သုခမိန်သည် ဂဠုန်, နဂါး, သိကြား ကောရဗ္ဗတို့၏ နှလုံးကို ရွှင်ပြုံးစေလျက် လေးဦးသားတို့၏ တရားဝိဝါဒကို ဆုံးဖြတ်လေသကဲ့သို့ရင်း, အမှုသည် လူ ရှင် နှစ်ဦးတို့ကို ရွှင်မြူးနှစ်သက်စေ လျက် ဆုံးဖြတ်အပ်သော သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၁၄) ဘုရားတပည့်တော် တလုပ်မြို့ကျေး ဆီးတောရွာသူကြီး သမန်ကျော်ခေါင် ခြေတော်ဦးခိုက်၍ ရှိခိုး အသနားတော်ခံပါသည် ဘုရား....၊

အထက် ဘိုးဘ-သူကြီး လူကြီးတို့ စီးနင်းရန် အောင်ပန်းခေါ် လှော် လှေကို ထောင်ထား၍ ဘိုးဘ စဉ်ဆက် ဘုရားတပည့်တော်တိုင် စီးနင်း နေသည့် လှေကို ဘကြီးတော်ဘုရားလက်ထက် ကောက်ယူ၍ ရွှေဖဝါး တော်အောက်သို့ ပို့ဆက်ရလျှင် လှေကို မဆုံးရအောင် ဘုရားတပည့်တော် ငွေ ၁ဝဝိ–ကျော် အကုန်ခံ၍ ပေးကမ်း ဆောင်ရွက် ရွာသို့ ပြန်ရောက်လျှင် အသစ်ပြင်ဆင် လုပ်ဆောင်ရာ စရိတ်ငွေ ၇ဝိ–ကျော် ကျကုန်၍ စီးနင်း နေ သည့်အတွင်း ရွာတွင် ဆရာဘုန်းတော်ကြီးက ရွှေတိဂုံဘုရားကို အဖူးအမြော် သွားလိုသည်၊ မင်းတို့လှော်လှေကို ခဏ ငါစီးသွားမည်၊ ငှါးယူစီးသွား၍ အောက်အရပ်သို့ ရောက်လျှင် ဘုန်းတော်ကြီးကို ကျောင်းဆောက်လုပ် ကိုး ကွယ် ထားသောကြောင့် မလာဖြစ်ရှိ၍ လှေကို ယူလှည့်ပါ၊ ငရွှေ ဆိုသူတွင် မှာထားလိုက်၍ လှေကို အယူသွား စေလွှတ်မည် ရှိသည်အတွင်း တလုပ်မြို့

ကျေး မြင်းခြံရွာမှာ သီတင်းသုံးနေသူ ဦးပဍ္ဍင်း ဦးမိတ်ထံ လျှော်ကို အသစ် ပြင်ဆင်၍ လုပ်မည်ကို တွေ့၍ တားဆီးပါသည်ကို မနေသောကြောင့် ဂိုဏ်း အုပ်ဆရာများထံ လျှောက်ထားပြောဆိုရာ ဦးဘဲ-ဦးမိတ်တို့ တိုင်ပင် လည် ဆယ်၍ အပြောင့်အမတ် မပြောမဆိုသောကြောင့် နေရသည်နှင့် အောက် ဆရာ ဘုန်းကြီးထံ လူစေလွှတ်မေးရာ ဦးမိတ်–က ရွာသို့ရောက်လျှင် သူကြီး ထံ အပ်ပေးပါမည်၊ ငါ့ထံ လျှောက်ထားပြောဆိုသွားသောကြောင့် လျှော်ကို ငါပေးလိုက်သည် ပြောဆိုမှာထားလိုက်၍ နောက် ပြောဆိုမည်ရှိရာ တလုပ်မြို့ မိုယ် ကြွက် သား အေဲ-ဘိုးတေ တို့နှင့် ပူးပေါင်း နေသောကြောင့် မပြော မဆိုဝံ့ နေရပါသည်၊ အမိန့်တော်ရှိရာ ဦးထိပ်ရွက်ပါရမည့် အကြောင်းကို ရှိခိုး နားတော် လျှောက်ဝံ့ပါသည်ဘုရား။

ဘုရားတပည့်တော် မြင်းခြံ–ဦးဥတ္တမ လျှောက်ဝံ့ပါသည် ဘုရား....၊

ခယိုရွာ– ပေါက်စောင့်ရွာ– ဆင်ကာရွာ- ကျွန်းပြတ်ရွာ– ဆီးတောရွာ ၎င်း ငါးရွာသား တပည့် တကာ စုရုံး၍ အောင်ပန်းဆိုသည့် လျှော်ကို ဝယ် ပြီးလျှင် ဖက်ပင်ကျောင်း ဘုန်းကြီးဦးဇာနန္ဒာသဘ ကို ဆင်မြူရှင် စဉ့်ကူးမင်းတို့ လက်ထက်ဆီက လှူကြပါသည်၊ ၎င်း ဦးဇာနန္ဒာသဘ ဂရုဘဏ်၊ လဟုဘဏ် ပစ္စည်းများကို တပည့်ဖြစ်သူ ဦးဇာနန္ဒကို ပေးအပ်ခဲ့ပါသည်၊ ၎င်း ဦးဇာနန္ဒ ကာ လအရှည်ဒကြာ ဆီးတောရွာမှာ သီတင်းသုံးနေပါသည်ဘုရား၊ ဤကာလ ဘကြီးတော် လက်ထက် နှောင့်ရှက်ကြသောကြောင့် ဦးဇာနန္ဒ လျှော်ကို မင်း ကေရာဇ် အကောက်နှင့် ကောက်ယူ၍ သွားပါသည်၊ဤအကြောင်းကို ဦးဇာနန္ဒ က တပည့်ဖြစ်သူ ဦးမင်း-ကို ပြန်ပြောပြီးလျှင် ကျောင်းကိုလှူသော ကျောင်း လျှော်ဖြစ်ကြောင်းကို မင်းထံတက်၍ ပြောချေ စေလွှတ်ပါသည်၊ ဦးမင်း ရွှေမြို့ တော်မှာ တက်၍ မင်းထံ ကျောင်းလျှော်ဖြစ်ကြောင်းကို ပြောဆိုလျှင် ကျောင်း လျှော်ဖြစ်လျှင် ပြန်ပေးစေ အမိန့်တော် ရှိသောကြောင့် ငွေ ကြေး တပဲ လေး ရွေး အကုန်အကျ မရှိ လျှော်ကို ပြန်၍ ရခဲ့ပါသည် ဘုရား။

ထိုနောက် အကြောင်း မညီမညွတ်သောကြောင့် ဦးဇာနန္ဒမှာ အောက်အရပ် သို့ စုံသွားပြီးလျှင် ညောင်ခြေတောရွာမှာ ကာလ အရှည်အကြာ နေထိုင်ပါ သည်၊ ဘုရားတပည့်တော်လည်း ဆရာတပည့် အဆွေအမျိုးဖြစ်၍ ၁၂၁၅-ခု နှစ် ဦးဇာနန္ဒ ကို အဖူးအမြော် ရောက်ပါသည်၊ ဤကာလ ဆရာတပည့် ဆွေ မျိုး ဖြစ်ကြောင်းကို သိ၍ ဦးဇာနန္ဒ–က မောင်မင်းတို့ ဘိုးဘွား စုရုံး၍ လှူသော လျှော် ပျက်စီး၍ နေပြီ၊ ဤလျှော်ကို မောင်မင်းက ပြုပြင်၍ သုံးဆောင်တော့၊

မောင်မင်းကို ငါက ပေးလှူပါ၏ ဆို၍ တပည့်တော်ကို ဆွေမျိုးဆရာဖြစ်သူ ဦးဇုန္ဒ-က ပေးလှူလိုက်ပါသည်၊ တပည့်တော်ကလည်း ရပ်ရွာက စီးခဲ့သော လှေကို ဦးဇုန္ဒအား လှူခဲ့ပါသည်၊ ရပ်ရွာသို့ ရောက်သောကာလ လှေပျက်စီးသောကြောင့် လက်သွားဆရာများကို ခေါ်၍ လုပ်ပါစေသည်ကို ဆီးတောရွာသူကြီး လာပြီးလျှင် ငါ့လှေကို လုပ်ရာသည်လားဆို၍ မြင်းခြံရွာအုပ်ထံ လက်သွားကို အပ်နှံပါသည်၊ မြင်းခြံရွာအုပ်က လက်သွားကို ခေါ်၍ စစ်မေးလျှင် ဦးဥတ္တမ-က သူ့လှေကို လုပ်ပါ ဆိုသောကြောင့် ကျွန်တော် လုပ်ရပါသည်ဟု အစီရင်ခံလျှင် ရွာအုပ်က သံဃာတော်များ အမှု ဖြစ်ပေသည်၊ ကျွန်တော်နှင့် မဆိုင်ပါ၊ ဂိုဏ်းအုပ်ဆရာတော်ထံမှာ လျှောက်ဟု ဆိုပါသည်၊ ဆီးတောသူကြီးလည်း ဂိုဏ်းအုပ် ဆရာတော်ထံသွား၍ ဘုရားတပည့်တော် လှေကို ဦးဥတ္တမ လုပ်ဆောင်ပါသည်၊ စီရင်တော်မူပါဟု လျှောက်ပါသည်၊ ဂိုဏ်းအုပ်ဆရာတော်ဘုရားက ဦးဥတ္တမကို ခေါ်၍ နှစ်ဦး အစုံအညီ စစ်မေးသည် ကာလ ဆီးတောသူကြီးက ဦးဇုန္ဒာသဘ-ကို လှူသောလှေ မဟုတ်ပါ၊ အခိုက်အတန့်သာ ကျောင်းမှာ ထားသည့် လှေဖြစ်ပါသည် အစစ်ခံပါသည် ဘုရား။

တပည့်တော်ကို စစ်မေးလျှင် တပည့်တော်က ကျောင်းလှေဖြစ်ကြောင်း ဦးဇုန္ဒာသဘကို လှူကြောင်း လျှောက်ပါသည်၊ ထိုအခါ ဂိုဏ်းအုပ်ဆရာတော်ဘုရားက မောင်မင်းတို့အမှုသည် နှစ်ဦးသားတို့ တဦးက မလှူပါ, တဦးက လှူကြောင်းကို အသီးအသီး ဆိုကြသည်၊ သို့ဖြစ်၍ မည်သူစကားဟုတ်မည် မဟုတ်မည်ကို အမှန်အကန် ငါမသိနိုင်ဖြစ်၍ အစီရင်ခက်သည်၊ ဦးဥတ္တမကို လှေလဲလိုက်သော ဦးဇုန္ဒလည်း အသက်ထင်ရှားရှိ သေးသည်၊ နှစ်ဦးသား ဦးဇုန္ဒထံ အညီသွား၍ မေးမြန်းကြရမည်၊ ဦးဇုန္ဒက ဦးဇုန္ဒာသဘကို ငါးရွာသားတို့ စုရုံး၍ လဲသော လှေမဟုတ်၊ အခိုက်အတန့်သာ ကျောင်းမှာ ထားသော လှေဖြစ်သည်ဟု ဆိုလျှင် ဆီးတော သူကြီးနှင့်တကွ ငါးရွာသားတို့ ရသင့်ပေသည်၊ ဦးဇုန္ဒက ဦးဇုန္ဒာသဘကို လဲသော လှေဖြစ်သည်ဆိုလျှင် ဦးဇုန္ဒ လဲလိုက်သော် ဦးဇုန္ဒ, ဦးဥတ္တမတို့က ရသင့်ပေသည်ဆိုလျှင် ဆီးတောသူကြီးက ဦးဥတ္တမနှင့် စုံ၍ မသွားဝံ့ပါ လျှောက်ပါသည်၊ မသွားဝံ့လျှင် မောင်မင်းတို့ ကိုးကွယ်သော ဆီးတော ဘုန်းကြီးကို ဦးဥတ္တမနှင့် ငါက လွှတ်လိုက်မည်၊ ဦးဇုန္ဒက ပြန်ပြောလိုက်သော စကားများကိုလည်း စာပေနှင့် အသေအချာရေး၍ ယူစိမ့်မည်၊ အမိန့်ရှိလျှင် ဆီးတောဘုန်းကြီးကိုလည်း မယုံကြည်ပါဟု ဆီးတောသူကြီးက လျှောက်ပါသည်၊ မယုံလျှင် ဆီးတောသူကြီးချည်း သွား၍ ဦးဇုန္ဒကို အသေအချာ လျှောက်ချေ၊ ဦးဥတ္တမ

ကို မထည့်လိုက်ဘူး၊ ပြန်ပြောလိုက်သော စကားများကိုသာ စာပေနှင့်သာ မှတ်ယူခဲ့၊ ဦးဥတ္တမကို ငါက ယုံစိမ့်မည် အမိန့်ရှိလျှင် ဘုရားတပည့်တော် လည်း မသွားလိုပါ လျှောက်ပါသည်၊ မသွားလိုလျှင် ဦးဥတ္တမချည်း လွှတ်လိုက်မည်၊ ပြန်ပြောလိုက်သည်ကိုလည်း စာပေနှင့် မှတ်သား၍ ယူခဲ့စိမ့်မည် ယုံမည်လော မေးပါသည်၊ ဆီးတောသူကြီးက မယုံနိုင်ပါ လျှောက်ပါသည်။

ထိုအခါ ဂိုဏ်းအုပ်ဆရာတော် စိတ်ဆိုး၍ မောင်မင်းတို့ကို အနည်းနည်း မယုံ ယုံအောင် ငါမေးပါသည်ကို တခုမျှ အခွင့်မရ၊ ဦးဇာနိန္ဒာသဘကို လဲသောလျှော မှန်လိမ့်မည်၊ မှန်သောကြောင့် သင်တို့ အမေးမသွားဝံ့ရှိသည်၊ မမှန်လျှင် မေးဝံ့ရမည်၊ သင်တို့မူလမဟုတ် ရဟန်းသံဃာကိုလည်း မရှိသေ၊ သင်တို့နှင့် ဆိုင်သော လျှောမဟုတ်ပဲလျက် သံဃာတော်များကို စွပ်စွဲသည်၊ ငေါက်ငမ်း မောင်းမဲပါသည်၊ ထိုအခါ ဆီးတောသူကြီးက လျှောကို ဘုရားတပည့်တော်တို့နှင့် မဆိုင်လျှင် ဘကြီးတော် လက်ထက် ၎င်းလျှောကို မင်းဧကရာဇ် ကောက်သောကြောင့် ငွေကျပ်အစိတ် တပည့်တော်တို့ ကုန်ကျရပါသည်၊ ၎င်းငွေ ကျပ်အစိတ်ကို မကောက်သင့်ပါ လျှောက်ပြန်ပါသည်၊ ဂိုဏ်းအုပ် ဆရာတော်ဘုရားက ဤငွေကျပ်အစိတ် ကုန်သည်လို့ ဆိုသော စကားလည်း နင်တို့ တောင်တောင် မြောက်မြောက် လှည့်ဖြား၍ ပြောဆိုသော စကားသာ ဖြစ်လိမ့်မည်၊ ရဟန်းသံဃာတို့ကို မရှိမသေ ပြောလိုရာ ပြောချင်တိုင်း ပြောကြသောသူများ ဖြစ်သောကြောင့် ငေါက်ငမ်း ပြီးလျှင် ရိုက်နှက်မည် ဆိုသောကြောင့် ဆီးတော သူကြီး ဆီးတော ဒါယကာများ ထွက်၍ သွားပြီးလျှင် ခမည်းတော် လက်ထက်ကကို သားတော် ပုဂံမင်း လက်ထက်တိုင် မပြောမဆို နေကြပါသည်၊ ယခုမှတဖန် ငြိမ်းပြီးကံကို အသစ် ဖြစ်အောင် ရှာကြံ၍ ပြောဆိုကြသောသူများ ဖြစ်ပါသည်၊ ဤအကြောင်းအရာများကို ကြားသိသူ ဂိုဏ်းအုပ်ဆရာတော်, ၎င်းတပည့် ဦးပညာ, မင်းကျောင်း ဘုန်းဘုရားကြီး, ၎င်းတပည့် ဦးကံပေး, ဦးဝါယမ, ဦးပျား, ဦးဝဲတို့ အသိဖြစ်ပါသည်၊ ၎င်းနောက် ဆီးတောသူကြီး ဆီးတော ဒါယကာများက နှောင့်ရှက်ကြောင်းကို ညောင်ခြေတောက် ဦးဇာနိန္ဒ ကြားသိ၍ ဂိုဏ်းအုပ်ဆရာတော်, မင်းကျောင်း ဆရာတော်ကြီးများထံ သူပိုင်သောလျှောဖြစ်၍ ဦးဥတ္တမကို လှူလိုက်ကြောင်းကို အသေအချာ စာပေနှင့် လျှောက်လိုက်ပါသည်၊ ၎င်းလျှောက်လိုက်သော စာလည်း ယခုတိုင် ရှိပါသေးသည်ဘုရား။

ဆီးတောရွာသူကြီး သမန်ကျော်ခေါင်မှစ၍ ရပ်ရွာသူကြီး လူကြီးတို့နှင့် မြင်းခြံရွာ ရဟန်းရှင်ဥတ္တမတို့ လျှောအမှုနှင့် ပြောဆိုကြသည်မှာ ဆီးတောရွာ

သူကြီးတို့က ရဟန်းသံဃာအား မူလစ္ဆင့်အဖြစ်ဖြင့် မလှူဒါန်းရပါ၊ ရဟန်းသံဃာတို့အား အရပ်တပါး စီးသွားလိုလျှင် စီးသွားရန် ကျောင်း၌ ထားပါသည်ဟု လျှောက်ချက်ရှိ၍ ၎င်းတို့ လျှောက်ချက်အတိုင်း သူတပါးတို့ ယုံကြည်အောင် အမှန်အကန် ဘိက္ခုသန္တကမဟုတ်ကြောင်းကို ဆိုနိုင်မည်လော၊ စစ်ဆေးခမေးမြန်းလျှင် ၎င်းတို့က ဆင်ဖြူရှင် မင်းတရားကြီး လက်ထက်က တည်ထောင်သော လှေဖြစ်၍ ကာလ အခွန့်ရှည်သောကြောင့် အမှန်အကန် အသေအချာ မဆိုနိုင်ပါ ထွက်ဆိုသည်၊ ဂိဟိသန္တကကို ပရိသုဒ္ဓစိတ်ဖြင့်ပင် ရဟန်းတို့ သုံးဆောင်ထိုက်သည်၊ ဘိက္ခုသန္တကကို ပရိသုဒ္ဓစိတ်ဖြင့်ပင်သော်လည်း လူတို့ မသုံးဆောင်ထိုက်၊ ရဟန်းတို့ဥစ္စာဖြစ်စေ၊ ရဟန်းရှင်ဥတ္တမက ဆီးတောရွာ ကျောင်းနေ ရှင်ဥတ္တမ, ရှင်ဇာနိုသဘ,ရှင်ဇာနိတို့ ဆက်လက်၍ ခံယူကြသည်ကိုသာ ဆိုနိုင်၍ သံဃိကဖြစ်သည်, ပုဂ္ဂလိက ဖြစ်သည်ကို အမှန်အကန် အသေအချာ မဆိုနိုင်ပါ ထွက်ဆိုချက်ရှိသည်၊သံဃိက ပစ္စည်းကို ပုဂ္ဂလိကသုံးဆောင်လျှင် အပြစ်ရှိသည်၊ ပုဂ္ဂလိက ပစ္စည်းကို သံဃိက သုံးဆောင်လျှင် အပြစ်မရှိ၊ သံဃိက ပစ္စည်းအဖြစ်ဖြင့်သာ သုံးဆောင်ကြစေ၊ ရဟန်းရှင်ဥတ္တမ ပြသည့် သက်သေတို့လည်း-

> အဘိနိတော သက္ခိပုဋ္ဌော ဧဟိ ဘော ပုရိသ ယံ ဇာနာသိ၊ တံ ဝဒေဟီတိ၊ သော အဇာနံဝါ အာဟ ဇာနာမီတိ၊ ဇာနံဝါ အာဟ န ဇာနာမီတိ၊ အပဿံဝါ အာဟ ပဿာမီတိ၊ ပဿံဝါ အာဟ န ပဿာမီတိ။ ဣတိ အတ္တဟေတုဝါ ပရဟေတုဝါ အာမိသကိဉ္စိက္ခ ဟေတုဝါ သမ္ပဇာနမုသာ ဘာသိတာ ဟောတိ၊ အယံ ဝုစ္စတိ ဂူထဘာဏီ။

ဟူသော ပုဂ္ဂလပညတ် ပါဠိ။

> အယံ ဝုစ္စတီတိ အယံ ဧဝရူပေါ ပုဂ္ဂလော ဂူထသဒိသ ဝစနတ္တာ ဂူထဘာဏီတိ ဝုစ္စတိ၊ ယထာ ဟိ ဂူထံနာမ မဟာဇနဿ အနိဋ္ဌံ ဟောတိ အကန္တံ၊ ဧဝမေဝ ဣမဿ ပုဂ္ဂလဿ ဝစနံ ဒေဝမနုဿာနံ အနိဋ္ဌံ ဟောတိ အကန္တံ။

ဟူသော ၎င်းအဋ္ဌကထာပါဌ်၌ လာသည်နှင့်အညီ မစင် ဘင်ပုပ်ကဲ့သို့ စက်ဆုပ် ရွံရှာအပ်သော စကားဖြင့် မတည်မဘန့်မခိုင်မခံ့ ပြောဆိုရကား ဝိနည်းမိုရ် ပုဂ္ဂိုလ် တရားသူကြီး ခုံသမတ်တို့ မှတ်သားယုံကြည်အပ်သော သက်သေမဟုတ်သဖြင့်-

အလဟ္ဆနသဒါ မောဟံ၊ ပုဏ္ဏေယျ တေ တယော သင်္ဂါ၊
တတော ပရေ နော ပုဏ္ဏေယျ၊ ကောတိံသဋ္ဌ သင်္ဂါယော။

ဟူသော ဓမ္မသတ်ကျမ်း ဂါထာလာသည်နှင့် အညီ မမေးအပ်သော အသဒ္ဒေယျ စသော သက်သေ သုံးကျိပ်တယောက် တို့တွင် ဉာတိဝါဒက, မိတ္တဝါဒက သက်သေဖြစ်သည်၊ ရတနာပြောင်မွန် ဆဒ္ဒန်မျိုး မှန်သော်လည်း ကြိန်အင်လက္ခဏာ မစုံချေက ဂဏ်သရေ ညှိုးနွမ်း၍ မင်းခမ်း ပွဲသဘင်မှာ မင်္ဂလာဆင်ဖြူတော်ဟု ခေါ်ဝေါ်သမိုက်ခြင်းငှါ မထိုက်သကဲ့သို့ အမှုသည် ရဟန်းတို့က တင်ပြသော သက်သေစုံရာပင် ဟူသော်လည်း–

ကေစ္စသာ ဟိ သမ္မုခါကထာ ပရမ္မုခါယ ကထာယ န သမေတိ၊ ပရမ္မုခါကထာစ သမ္မုခါယ ကထာယ၊ တထာ ပုရိမကထာ စ ပစ္ဆိမကထာယ၊ပစ္ဆိမကထာစ ပုရိမကထာယ၊ သော ကထေန္တေနေဝ သတ္တာ ဇာနိတုံ အသုစိ သော ပုဂ္ဂလောတိ။

ဟူသော သဂါထာဝဂ္ဂ ကောသလ သံယုတ်အဋ္ဌကထာ, ဥဒါန်းဆဋ္ဌဝဂ် အဋ္ဌကထာများနှင့် အညီ ၎င်းတို့လျှောက်ထားသော စကားရှေ့နောက် အစဉ် ဖြင့် မပြောင့်မမှန်သော အခြင်းအရာသည် လေးတောင်ပမာဏ တိုက်ခန်း ဝယ် ဘမ်းဆီးမိသော သူခိုးကဲ့သို့ဂ၎င်း, လေးထောင့်ကန်ငယ်၌ အလွယ်တကူ ဘမ်းမိသော မိကျောင်း, ဒွန်းစဏ္ဍားအိမ်၌ ပြည့်ဝတို့လက်ဝယ် အဖိုးအနဂ္ဃ ရတနာ စကြာခင်းပတ္တမြားကို ခိုးစား၍ တွေ့ချေသော် အမွေဥစ္စာဟု ကွယ် ဖျက်သော်လည်း မရှက်သေးချေသာ ဆိုသဖြင့် ထိုသူတို့၏ စကားကို တပါး သော သူတို့ မမှတ်ယူနိုင်သကဲ့သို့ဂ၎င်း, အလွန်ထင်ရှားလျက် မတိမ်းမရှောင် သာချေ၊ ရေဝဿနစ်သော ဖူးတောင်းကဲ့သို့ ပေါ်လောပေါ်လျက် ရှိချေသည်။

အောက်အရပ် ညောင်ခြေတောက်ရွာနေ ရှင်ဇဋိလက လျှောက်လိုက်သည့် စကားမှာလည်း ရဟန်းတို့ ဥစ္စာ ဖြစ်ကြောင်းကိုသာ ဆိုသည်၊ ပုဂ္ဂလိက အမွေခံဖြစ်သည်, သံဃိက အမွေခံဖြစ်သည်ကို မဆို၊ သံဃိက ဖြစ်ခဲ့မူ ပုဂ္ဂိုလ် မပေးထိုက်ချေ၊ ၎င်းအောင်ပန်းလှေရှင် ရှင်ဇဋိလ ယူသွားရင်းနေရာ ဆီးတော ကျောင်းမှာ ထားစေ၊ ဆီးတော ရွာနေ လူတို့က အခိုက်အတန့် စီနင်းလို လျှင် ရဟန်းတို့ကို ပန်ကြား၍ စီးနင်းစေ၊ လူတို့က ပြင်ဆင် လုပ်ဆောင်လို လျှင်လည်း ရဟန်းတို့ကို ပန်ကြား၍ ပြင်ဆင် လုပ်ဆောင်စေ၊ ကုန်ကျသည့် စရိတ်ကိုလည်း ရဟန်းရှေ့မှောက် မှတ်ထားစေ၊ ဆီးတောကျောင်းနေ ရဟန်း သံဃာတို့က အရပ်တပါးသို့ စီးသွားလိုလျှင် ဆီးတောရွာသူကြီး လူကြီးတို့ ကို ပန်ကြား၍ စီးနင်းစေ၊ ရဟန်း သံဃာတို့က ပြင်ဆင်လုပ်ဆောင်လိုလျှင်

လည်း ဆီးတောရွာသူကြီး လူကြီးတို့ကို ပန်ကြား၍ ပြင်ဆင် လုပ်ဆောင်စေ၊ ကုန်ကျသည့် စရိတ်ကိုလည်း ဆီးတောရွာသူကြီး လူကြီးတို့ ရှေ့မှောက်၌ မှတ်ထားစေ၊ ရဟန်းရှင်ဥတ္တမက ငွေ-၁ဝ၀, ၂ဝ၀-စရိတ်အကုန်ခံ၍ ပြင်ဆင် လုပ်ဆောင်ရပါသည် ဆိုသည်မှာ ရှင်ဥတ္တမထံက ရသသူကို သိမြင်သသူ ပညာရှိတို့ကို ထောက်၍ ဆီးတောရွာ သူကြီး လူကြီးတို့က ပေးစေ၊ဆီးတော ရွာ ဒါယကာတို့လည်း–

မာတရိ ပိတရိစာပိ၊ အထော ဇေဋ္ဌမှိ ဘာတရိ၊
အာစရိယေ စတုတ္ထမှိ၊ သမဏ ဗြာဟ္မဏေသုစ။
တေသု န မာနံ ကယိရာထ၊တေသု အသ သဂါရဝေါ၊
တျာသ အပစိတာ အသု၊ တျာသု သာဓု သုပူဇိတာ။

ဟူသော သဂါထာဝဂ္ဂ ဗြာဟ္မဏသံယုတ်ပါဠိနှင့် ထေရဂါထာ အဋ္ဌကထာ- ဆတ္တနိပါတ ပုရောဟိတပုတ္တ ဇေန္တတ္ထေရဂါထာ အဖွင့် လာသည် နှင့်အညီ မာန်မာန ဒေါသဖြင့် မုန်းထားမှုခြင်းကို မပြုအပ်သော ပုဂ္ဂိုလ် ခြောက်ယောက်တို့တွင် အဝင်အပါ ရဟန်းသူမြတ်တို့အား မာန်မာန ခက် ထန်သဖြင့် မုန်းထားမှုခြင်းကို မပြုထိုက်။

ယံ မုသာ ဘဏတော ပါပံ၊ ယံ ပါပံ အရိယူပဝါဒိနော၊
မိတ္တဒ္ဒုနောစ ယံ ပါပံ၊ ယံ ပါပံ အကတညုနော၊
တမေဝ ပါပံ ဖုသတု၊ ယော တေ ဒုဋ္ဌေ သုဇမ္ပတိ။

ဟူသော သက္ကသံယုတ်ပါဠိ။

ယံ မုသာ ဘဏတော ပါပန္တိ ဇမ္ဗုသိ်ကပေ့ ပဋ္ဌမကပ္ပိကေသု စေတိယရညော ပါပံ သန္ဓာယာဟ၊အရိယူပဝါဒိနောတိ ကောကာ- လိကဿ ဝိယ ပါပံ၊ မိတ္တဒ္ဒုနော စ ယံ ပါပန္တိ မဟာကပိဇာတ- ကေ မဟာသတ္တေ ဒုဋ္ဌစိတ္တဿ ပါပံ၊ အကတညုနောတိ ဒေဝဒတ္တ သဒိသဿ အကတညုနော ပါပံ၊ ဇမ္ဗုနိ ကိရ ဇမ္ဗုသိ် ကပ္ပေ စတ္တာရိ မဟာ ပါပါနိ။

ဟူသော ဌင်းအဋ္ဌကထာကျမ်း လာသည်နှင့်အညီ ဆီးတောရွာ သူကြီး လူကြီးတို့သည် အစိန္တေယျ သုံးလူ့ထွတ်ထား မြတ်စွာဘုရား၏ သာသနာ တော်၌ မွေ့လျော် ကျင့်ဆောင်သော ရဟန်း ရှင်ဥတ္တမအား အဘူတဝါဒ အဖြစ်ဖြင့် စွပ်စွဲပြောဆို ကဲ့ရဲ့ရှုတ်ချသဖြင့် ကပ်ဦးစေတိယမင်း၏ မုသာဝါဒ ကံ မဟုတ်သော်လည်း မုသာဝါဒနှင့် တစိတ်အားဖြင့် အကျိုးတူသော

ကြောင့်ရင်း, အရိယူပဝါဒကံနှင့် အလားတူ အကျိုးဖြစ်သင့်ရကား အရိယူ-ပဝါဒကံ ထိုက်သသူ ကောကာလိက၏ အကုသိုလ်နှင့် တစိတ်အားဖြင့် တူသောကြောင့်ရင်း ဤဘဒ္ဒကပ် ကမ္ဘာ၀ယ် စေတိယမင်း၏ မုသာဝါဒကံ, ကောကာလိက ကဲ့သို့ အရိယူပဝါဒကံ, မဟာကပိဇာတ်၌ မျောက်မင်းအား ပြစ်မှားကျင့်သွပ် ကျိုးမနပ်သော ဒေဝဒတ်အလောင်း လယ်ထွန်ယောက်ျား၏ မိတ္တဒ္ဒုကံ, ဒေဝဒတ်နှင့် အလားတူသော အကတညူ ပုဂ္ဂိုလ်တို့၏ကံအားဖြင့် လေးပါးသော မဟာသာဝဇ္ဇ ကံကြီးတို့တွင် မုသာဝါဒ, အရိယူပဝါဒကံ တစိတ်အလားတူဖြစ်၍ ကြီးစွာသော ဆင်းရဲခြင်းသို့ ရောက်အံ့သော ဘေး ကို ထောက်၍ ဆီးတောရွာ သူကြီး လူကြီးများတို့မှာ ရဟန်း ရှင်ဥတ္တမ၌ အမျက်ဒေါသ မာန်မာနကို သိမ်းအုပ်၍ နောင် ဤကဲ့သို့ အမှု မပြုမကျင့်ပဲ တဒဟု ပဗ္ဗဇိတ သာမဏေများ၌သော်လည်း ပူဇော်ခြင်း မြတ်နိုးခြင်းကို ပြုကြစေ၊ ရဟန်း ရှင်ဥတ္တမမှာလည်း–

ဘိက္ခုနော ဟိ ပဗ္ဗဇိတကာလတော ပဋ္ဌာယ အပရိမာဏ သီလက္ခန္ဓ ဂေါပနံ အရညဝါသော ဓုတင်္ဂ ပရိဟရဏံ ဘာဝနာ ရာမတာတိ ဧဝမာဒိ ကိစ္စံ နာမ။

ဟူသော တေရသနိပါတ် သောဏကောဠိဝိသထေရာအဋ္ဌကထာ လာ သည်နှင့်အညီ ရဟန်းတို့၏ ကိစ္စဖြစ်သော သီလကို စောင့်ရှောက်ခြင်း တော နေခြင်း, ဓုတင်ကို ဆောင်ခြင်း, ဘာဝနာ၌ မွေ့လျော်ခြင်း အစရှိသော မြတ်စွာဘုရားသခင် အလိုတော်ရှိသော အမှုတို့ကို ပြုကျင့်၍သာ မနေပဲ-

အကိစ္စံတိ ပတ္တမဏ္ဍနံ စီဝရ ကာယဗန္ဓန အံသဗဒ္ဓ ဆတ္တုပါ-ဟန တာလဝဏ္ဋ ဓမ္မကရဏမဏ္ဍနန္တိ ဧဝမာဒိ ပရိက္ခာရမဏ္ဍနံ ပစ္စယဗာဟုလိယန္တိ ဧဝမာဒိ ဘိက္ခုနော အကိစ္စံနာမ။

ဟူသော ရင်းအဋ္ဌကထာ လာသည်နှင့် အညီ ရဟန်းတို့၏ကိစ္စ မဟုတ်၊ ဘုရားသခင် အလိုတော်မရှိသော သပိတ်, သင်္ကန်း, ခါးပန်း, အံသကိုင်း, ထီး, ဘိနပ်, ယပ်ဝန်း, ဓမ္မကရိဏ် စသော ပရိက္ခရာကို တန်ဆာဆင်ခြင်း,ပစ္စည်း ဘဏ္ဍာဥစ္စာတို့ကို ထိန်းသိမ်းခြင်း အစရှိသော အမှုတို့တွင် အကျုံးဝင်သော လှေကို ပြုခြင်း, လှေအစရှိသော ပစ္စည်းဘဏ္ဍာ ဥစ္စာကို ထိန်းသိမ်းခြင်းသည် မလျောက်ပတ်ချေ၊ တပါးသော မင်း၏ နိုင်ငံ၌ နေပါလျက် တပါးသော မင်း၏ အမှုကို ပြုကျင့်ရွက်ဆောင် သသူကဲ့သို့ရင်း, ရွှေပန်းထိမ်သည်၏ သား ဖြစ်ပါလျက် နွားကျောင်းခြင်း အမှု ပါလနကိစ္စကို ပြုကျင့် ရွက်ဆောင်သသူ

ကဲ့သို့ရင်း, ဘုရားသခင်၏ တပည့်သားတော် ဖြစ်ပါလျက် လူတို့၏ အမှုဖြစ်သော လှေကိုစွဲ၍ ဝိဝါဒအဋ္ဋကအမှုကို ပြုကျင့်ခြင်းသည်–

တံ ကယိရတိ၊ တေသံ မာနနဋ္ဌံ ဥက္ခိပိတ္ဝာ စရဏေန ဥန္နဠာနံ
သတိ ဝေါဿဂ္ဂေန ပမတ္တာနံ စတ္တာရောပိ အာသဝါ ဝနဋ္ဌိ။

ဟူသော ရင်းအဋ္ဌကထာ လာသည်နှင့်အညီ အာသဝေါတရား လေးပါးတို့၏ ပွားများကြောင်းသာ ဖြစ်ချေသည်၊ ရဟန်း ရှင်ဥတ္တမမှာ နောင် ဤကဲ့သို့ အမှုကို မပြုမကျင့်ပဲ ဘုရားသခင် အလိုတော်ရှိအပ်သော သီလကို စောင့်ရှောက်ခြင်း စသော ရဟန်းတို့ ကိစ္စကိုသာ ပြုကျင့်နေထိုင်စေ။

သက္ကရာဇ် ၁၂၁၆ – ခု၊ ဝါဆိုလဆန်း ၄– ရက်နေ့၊ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၁၅) ဘုရားတပည့်တော် အသည်ဝန် မဟာသိဟသူရ ရှိခိုးနားတော် လျှောက်ပါသည်ဘုရား။

အဘ အသည်ဝန်ကြီး အမိ အသည်ဝန်ကြီး ကတော်တို့က ဆင်းသက်၍ ဘုရားတပည့်တော်တိုင် ပိုင်ဆိုင် စေခိုင်း၍ သင်္ဃကဖြစ်သည်၊ ရဟန်းဆိုသူ ရှင်ဇမ္ဗူဒ္ဓသဘသည် အဆက်ဆက်သော ကျေးဇူးကို မမျှော်မထောက်၊ မိဘ ဘိုးဘွားတို့တွင် ထင်ရှားရှိသည့် ဒြဗျမျိုးကို ရှင်းလင်း ပြေကုန်အောင် မဆပ် မပေး ရှိနေသောကြောင့် နောင်တော် ပုဂံမင်းလက်ထက် အထွင်းတော် လွှတ်တော်များမှာ လူကဲ့သို့ မေတ္တာရပ်ခံ လျှောက်ထား၍ ရှင်းလင်း ပြောဆိုကြရာ ထွက်ဆိုချက် စာချုပ် ဖြတ်စာများကို ကွယ်ကန်ဖျက်ဖေါက်၍ အဆင့်ဆင့် မြို့နှင့်မကင်း ညီဖြစ်သူ ငရွှေရင်း, ငရွှေညှင်း တို့ကို အတင်းခေါ်ယူ လက်ခံ သိမ်းထား၍လျှောက်ဝင် စကားရပ်အတိုင်း ရှင်းလင်း ပြီးငြိမ်းအောင် မပြု၊ ဘုရားတပည့်တော် မြို့ရှင်ကို မတိုင် မပြော၊ အလျှောက် ရဟန်းခံသည် သာမဏ တရားစကား မပြီးမရှင်းမိ လျှောက်ဝင် ညီငယ် နှစ်နှင့် ရွှေမြို့တော်က ပြောင်းလဲ၍ အဝမြို့ ငွေစင်ချောင်း ရတနာမဥ္စူဘုရား မြောက်ကျောင်းတွင် နေထိုင်ပြီးလျှင် ဘုရားတပည့်တော်ကျွန် ငရွှေရင်း, ငရွှေညှင်းတို့ကို အလျှောက် သက်နိုးဝတ်ထားကြောင်းများကို ကြားသိနေရပါသည်၊လျှောက်ဝင်အမှု အရပ်ရပ်ကိုအမိန့်တော်ရှိရာ ဦးထိပ်ရွက်ရပါမည့်အကြောင်းကို ရှိခိုးနားတော်လျှောက်ပါသည် ဘုရား။

ရဟန်းဖြစ်သူ ရှင်ဇမ္ဗူဒ္ဓသဘနှင့် ရင်းညီ သာမဏေဖြစ်သူ ငရွှေရင်း,ငရွှေညှင်း တို့မှာ ဘိုးဖြစ်သူ ငပိန်, ငပြေ, မိလှဦး အမိ မိကွယ်တို့ ချေးယူ

သည့် မြိရပ်ငွေ ၃၄၃၀၊ ၅-မူးငွေကို မြိရှင် အသည်ဝန် မဟာသီဟသူရ-က ရရန်ရှိ၍ တောင်းခံရာ သက္ကရာဇ် ၁၂၁၂-ခု၊ ပဌမဝါဆိုလဆန်း ၁၂-ရက်နေ့ လူကြီးစုံရာတို့နှင့် ငပိန်, ငပြေ, မိလှဦး အမိ မိကွယ်တို့ ဝေပုံကျငွေ ၃၄၃၀၊ ၅-မူးငွေအနက် ဖြန့်ဖြေသည့် ၁၅၀-ငွေတို့ကို မပေးမဆပ် ချေးယူသည်ကို မသိရပါ၊ မိဘတို့လည်း အသက်ဝိညာဏ် ထင်ရှားရှိစဉ်က မပြောမဆိုဘူးပါဟု အတင်းအမာ ပြောဆိုသောင်းကျန်း၍ ဟော့ရမ်းသော ဟန်ဖြင့် ခုခံလျက် နေသောကြောင့် မြိရှင် အသည်ဝန် မဟာသီဟသူရက ၎င်းတင် မြိရပ်ကို ပေးဆပ် စေလိုကြောင်းနှင့် လျှောက်ထားသည်မှာ...ရဟန်းရှင်ဇုန္နာသဘသည် ကာလကို တွက်စစ်လျှင် နှစ်ရှည် ရက်ဝေးက ဘေး,ဘိုးတို့ချေးယူသည်ကို မသိရပါ ဆိုသည်၊ ဆင်ခြေရှက်၍ လျှောက်ချက် စကားမှာ မြစ်တဘက်က ဝက်လက် ကင်သည် ဆိုသကဲ့သို့ အရာမရောက် မထောက်မထား အဖျားရောဂါကို ပါဒရက်ဆေးဖြင့် တိုက်သော် သူနာ၏ ကြမ္မာကချမ်းသာပေးမှ အရေးလှရာသည် ဆိုသကဲ့သို့၊ ယခု ဆင်ခြေစကားထွက်မှာတဖက်အမှုသည် ကြွေးရှင်၏ နိုင်ငံသို့ လိုက်လံစုရုံး၍ လုံးလုံး ပါလျက် ရှိချေပြီ၊ လောကီ မမှုသတ်ကြောင်းအားဖြင့်လည်း ကြွေးမြီ တရားမှာ ထီးကျိုးစည်ပေါက်၍ မှုလည်း ပပျောက်စေ မလာ၊ ဝိနည်းဓမ္မကံကြောင်း အားဖြင့်လည်း....

> န ဘိက္ခဝေ ဣဏာယိကောတိ ဧတ္ထ ဣဏာယိကောနာမ ယဿ ပိတိ ပိတာမဟောဟိ ဝါ ဣဏံ ဂဟိတံ ဟောတိ။ သယံ ဝါ ဣဏံ ဂဟိတံ ဟောတိ၊ ယံဝါ အာထပေတွာ မာတာ ပိတူဟိ ကိဉ္စိ ဂဟိတံ ဟောတိ၊ သော တံ ဣဏံ ပရေသံ ဓာရေတီတိ ဣဏာယိကော။

ဟူသော အဋ္ဌကထာ၌ မိဘ ဘိုးဘွားတို့ ချေးယူသော မြီဖြင့် ဣဏာယိက မည်ကြောင်း ဆပ်ပေးသင့်ကြောင်းကို လာသည်၊ လောကကြောင်း ဓမ္မကံကြောင်း အားဖြင့်လည်း မိဘ ဘိုးဘွားတို့ ချေးယူသည်ကို သိ,ကြားမှ ပေးဆပ်စေ မဆို၊ အစိန္တေယျ သုံးလူ့ထွတ်ထား ဘုရားသခင် လက်ထက်ကောသလတိုင်း သာဝတ္ထိပြည်ဝယ် ဘာရဒွါဇ အမျိုးမှ ပေါက်ဖွားသော ပုဏ္ဏား တယောက်သည် ရှေးရှေးဘဝ ကာလအထုးက ဆည်းပူးခဲ့သော ဒါနကုသိုလ်သည် နည်းပါးသဖြင့် စားသောက်ရန် မရှိ၊မိဘတို့ အမွေ ပါလေသမျှ အလုံးလည်း ပြုန်းတီးပျက်စီးခြင်းသို့ ရောက်သဖြင့် အထောက်အခံ မရှိရမိရာ အသပြာ ငွေကြေးတို့ကို ချေးယူ သုံးစွဲသဖြင့် ကာလ ရှည်ကြာလျှင်

များစွာသော မြိုရှင်တို့က ဘမ်းဆီး တောင်းခံရာ ကျီးငှက်အပေါင်းတို့သည် ဝိုင်းအုံ ထိုးဆိတ်အပ်သော ခင်ပုပ်ငှက်ကဲ့သို့ရင်း, ခွေးအပေါင်းတို့သည် ဝိုင်းအုံ ဘမ်းဆီးအပ်သော မျောက်ကဲ့သို့ရင်း မတည်မရပ်နိုင်သဖြင့် တိမ်းရှောင် ပုံးကွယ်၍ လယ်တောသို့ သွားပြီးလျှင် နွားကျောင်း၍ နေရာ တဆယ့်ခြောက် ခုသော နွားတို့သည် ကျက်စားရာမှ ပျောက်သဖြင့် ပတောက်ပရစ် စိတ်ညစ် ပူဆာလျက် မဟာဘောဂ ဗျာသနဖြင့် နှိပ်စက်၍ နေရာတွင် မဟာကရုဏာ တော်ရှင် သဗ္ဗညုထွတ်ထား၏ တရားဓမ္မ ဒေသနာကြောင့် မုံအာရုံရင့် ပွင့်လု ဆဲဆဲသော သတပတ် ရွှေကြာ ပဒုမာကို နေအာရုံ သင့်ဘိသကဲ့သို့ ရင့်ပြီး သော ပါရမီကံသည် စိမ်လှုံ့ဆော် အပ်သည်ဖြစ်၍ ပဗ္ဗဇ္ဇဥပသမ္ပဒ ဘုံသို့ ရောက်လေလျှင်....

န ဘိက္ခဝေ ဣဏာယိကော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟု ပညတ်တော်မူအပ်သော သိက္ခာပုဒ် ပါဠိ။

သစေ ပနဿ ဉာတိ သာလောဟိတာ မယံ ဒဿာမ၊ ပဗ္ဗာဇေထ နန္တိ ဣဏံ အတ္တနော ဘာရံ ကရောန္တိ၊ အညော ဝါ ကောစိ တဿ အာစာရသမ္ပတ္တိံ ဒိသွာ ပဗ္ဗာဇေထ နံ၊အဟံ ဣဏံ ဒဿာမီတိ ဝဒတိ၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ၊ တေသု အသတိ ဘိက္ခုနာ တထာရူပဿ ဥပဋ္ဌာ- ကဿာပိ အာရောစေတဗ္ဗံ သဟေတုကော သတ္တော ဣဏပလိ- ဗောဓေန န ပဗ္ဗဇတီတိ၊ သစေ သော ပဋိပဇ္ဇတိ။ ပဗ္ဗာဇေတဗ္ဗော။

ဟူသော အဋ္ဌကထာ အာဏာဘော်ပညတ် အမိန့်တော်မြွတ်ရင်းနှင့် အညီ ထိုပုဏ္ဏား၏ အာစာရသမ္ပတ္တိ ဣဏပလိဗောဓ သဟေတုက အဖြစ်ကို သဟာဿကျွံ အမည်ရှိလျက် မျက်စိတထောင် အမြင်ဆောင်သော သိကြား မင်းသည် မြင်းမိုရ်တောင်ထိပ်မှ ဤလောက အစုကို ကြည့်ရှုဘိသကဲ့သို့ သိန်း သန်း ကုဋေ သချေ်များဖြင့် အမြင်ဆောင်သော သုံးလူ့ထွတ်ထား သိကြား မင်း မြတ်သည် အရဟတ္တမိုလ် တရားတည့်ဟူသော မြင်းမိုရ်တောင်ထိပ်မှ ကြည့်ရှုတော်မူ၍ မြင်လေလျှင် ဤပုဏ္ဏားအား ငါမှတပါး အခြား ကိုးကွယ် ရာ အတီမှာရှိတော့အံ့နည်းဟု ဆင်ခြင်တော်မူပြီးလျှင် ဤသူ၏ကြွေးမြီကား ငါဘုရား၏ တာဝန်ဖြစ်ပါစေဟု ရွှေနှုလုံးတော်ပိုက်၍ ရဟန်းပြုတော်မူပြီး လျှင် ပသေနဒီကောသလမင်းကြီးထံ အရိယာတို့၏ယာစန ကာယဝိညတ် ဖြင့် ရပ်ခံတော်မူ၍ ဤရွှေဤမျှရှိ၏ဟု ရေတွက်ခြင်းငှါ ခဲယဉ်းလှစွာသော အသပြာ မြိရပ်ကို ဆပ်တော်မူရချေသည်။

သီဟိုဠ်ကျွန်း အနုရာဓမြို့နေ သူဌေးကြီးအိမ်၌ အစေခံကျွန် ထွက်သွား၍ အခြားအရပ်သို့ ရောက်လျှင် သားတယောက်ဖွားမြင်၍ ကြီးမြင့်လေသော် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုပြီးမှ မိမိ၏အာဂမသုဒ္ဓိ မရှိကြောင်းကို သိလျှင် မြို့ရှင်သူဌေးထံသွား၍ ပြောကြား တောင်းပန်သဖြင့် ကြည်ညိုစိတ်နှလုံးရှိသောကြောင့် ကျွေးမြီ စာရင်းကိုဖျက်၍ စတုပစ္စယ ဒါယကာ အဖြစ်ဖြင့် ချီးမြှင့် ပြုစုဘူးသော ထုံးဥပဒေသလည်း ရှိသည်။

ဘိုး ဘွား မိဘတို့ ချေးယူသော ကျွေးမြီရပ်ကို ဘိက္ခုစာရဝတ်ဖြင့်သော်လည်း ရှာမှီး၍ ဆပ်စေ၊ ဝိနည်းကျမ်းဂန် လာရှိချေသည်ဖြစ်၍ ယခု ရဟန်း ရှင်ဇမ္ဗုသဘမှာ ဘိုးဘွား မိဘတို့ ချေးယူသည့် မြီရပ်များကို စင်စစ် မချွတ် ဆပ်ခပေးရာသည်၊ မသိမမြင် မိဘတို့ မပြောမကြားဘူးပါ ဟူ၍ အဆို ဆင်ခြေမရှက်သာ၊ လောကအားဖြင့်၎င်း, ဓမ္မအားဖြင့်၎င်း တရားတော်သို့ သက်သော အဆိုစကား မဟုတ်ချေ၊ မြို့ရှင် မကြည်ညိုခြင်း၏ အကြောင်းသာ ဖြစ်သည်၊ မြို့ရှင် အသည်ဝန် မဟာသီဟသူရလည်း ဆွေမျိုးဉာတိ တူသားဖြစ်၍၎င်း, မြတ်စွာဘုရားသခင် တပည့်သားတော် ဖြစ်၍၎င်း, တင်မြီရပ်များကို သံဃာတော်တို့အား လှူပါဟု တောင်းပန်လျှင် မြို့ရှင် အသည်ဝန် မဟာသီဟသူရက မြတ်စွာဘုရား သာသနာတော်၌ ပျော်မိုက်၍ နေပါလျှင် မတောင်းမခံလိုပါပြီဟု လျှောက်ချက်ရှိသည့်အတိုင်း ရဟန်း ရှင်ဇမ္ဗုသဘ သားချင်းပေါက်ဖော် ၃-ယောက်တို့သည် သာသနာတော်၌ မွေ့လျော် ပျော်မိုက်သဖြင့် အသည်ဝန် မဟာသီဟသူရက အတောင်းအခံ မရှိစေနှင့်၊ ငြိမ်ဝပ်စွာ နေထိုင်စေ။

ဆဒ္ဒန်ဆင်မင်း၏ လက်တွင်းဝယ် သေခြင်းမှလွတ်သော ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လျက် ရသော့ ရဟန်း၏ အယောင်ဆောင်သော တောသားမုဆိုးမှာ အရဟဒ္ဓဇဖြစ်သော သင်္ကန်း အဝတ်ကြောင့် လွတ်လေသည်သာ၊ တစုံတခုသော ရသေ့ ဇော်ဂီ တပသီတို့၏ ထိုးကွင်း လက်ဖွဲ့ ခလှဲ့ အင်းအိုင် ဂါထာ မန္တရားကြောင့် ဘုရားအလောင်း ဆင်မင်းသည် ချမ်းသာပေးသည် မဟုတ်ချေ၊ မြို့ပြင်ဆင် ဖန်ဆင်းရန်ထားသော သစ်တိုကို ခိုးယူမိသော ဓနိယမထေရ်မှာ မြတ်စွာဘုရား၏ သင်္ကန်းတော် အရောင်အဝါကြောင့် ဗိမ္ဗိသာရမင်းကြီး ချမ်းသာပေးလေသည်၊ မိမိ၏ တစုံတခုသော ဘုန်းတန်ခိုး အာနုဘာဝကြောင့် ချမ်းသာရသည် မဟုတ်ချေ၊ ဘဂ္ဂတိုင်း အာဠဝိပြည်သား ရဟန်းတယောက်သည် ကျောင်းဆောက်ရန် သစ်ကို အလိုရှိ၍ဖြတ်ရာ မြစ်တားသော ရက္ခဗိုဝ်းနတ်မိန်းမ၏ သားငယ်ကို ဓားရှယ်၍ ခုတ်မိသော ရဟန်း

မှာ-မြတ်စွာဘုရားသခင်၏ ရွှေမျက်နှာတော်ကြောင့် မဖမ်းမစား မနှိပ်စက်ပဲ ချမ်းသာပေးလေသည်၊ မိမိအား ချစ်မြတ်နိုးသဖြင့် ရက္ခဖိုင်း နတ်မိန်းမက ချမ်းသာပေးသည် မဟုတ်ချေ၊ ယခုမြီစား ရဟန်း ရှင်ဇမ္ဗူသဘ သားချင်းမွေးပေါက်ဖော် သုံးယောက်တို့မှာလည်း မြတ်စွာဘုရားသခင်၏ သာသနာတော် ရိပ်မြုံကို ခိုလှုံမိသဖြင့် မြီရှင် အသည်ဝန် မဟာသီဟသူရက ချမ်းသာပေးသည်၊ ၎င်းတို့က အဆို ဆင်ခြေစကား တည်တန့်ခြင်းကြောင့် ချမ်းသာရလေသည်ဟု မာန်မမူသာချေ၊ ဘာရဒွါဇ ပုဏ္ဏားသည် ဘုရားသခင်နှင့် ကောသလ မင်းတို့ကြောင့် ဆင်းရဲငြိုငြင် ပင်ပန်းခြင်းမှ လွတ်လေလျှင် အရဟတ္တဖိုလ် တည်းဟူသော အောင်ပန်းကို ဆင်၍ ကျေးဇူးတုံ့ပြန်၍ ဆပ်သကဲ့သို့ ရဟန်း ရှင်ဇမ္ဗူသဘတို့မှာ သာသနာတော်၌ ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးကို ကြိုးစားအားထုတ်၍ အသည်ဝန် မဟာသီဟသူရအား ကျေးဇူး တုံ့ပြန်ဆပ်စေ။

သက္ကရာဇ် ၁၂၁၆-ခု၊ ဝါခေါင်လပြည့်ကျော် ၁၁-ရက်နေ့ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၁၆) ဘုရားကျွန်တော် အရှင်နန်းမတော်ဘုရား ကျွန်တော်မျိုး သည်းအူ ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား....၊

စစ်ကိုင်းမြို့အနောက် ဘုံသာတုလွတ်တိုက်တော်တွင် ဘုရားကျွန်တော့်ဘိုး ဦးအောင်ပု သိတင်းသုံးနေစဉ် ကျောင်းတော် အရံစောင့် တောတ်ခိုင်ကို ကပ္ပိယကာရက ပြု၍ အမွေ မကွဲမပြား လယ်မြေကို လုပ်ဆောင်စေ၍ ဦးအောင်ပုမရှိလျှင် တောတ်ခိုင် သိမ်းစုဆို၍ လယ်တို့ကို ဆရာတော် သိမ်းယူပါသည်၊ ဘုရားဘေးတော်ဘုရား လက်ထက်တော်ကကို ဘုရား့ခမည်းတော်ဘုရား ရွှေလက်သက်တော် ရောက်မှ ဆရာတော် ဦးသုမနက ဆက်ခံသင့်ကြောင်းနှင့် မယ်တော်ဘုရားထံ မေတ္တာရပ်ခံ၍ ဘုရား ကျွန်တော်ကို ကျေးရွာ မြေတိုင်တော်က ဘုရားတကာတို့ အစစ်ခံချက်အတိုင်း ဆရာတော် အပ်ထားခဲ့သည့် လယ်မြေကို ယခုတိုက်နေ ဦးပဥ္စင်းတို့က အတင်းနှုတ်ယူထွန်ယက်သည်များကို ခံနေရပါသည်၊ အထက် အမွေကြောင်းအလျောက် ဆရာတော်ဘုရား အပ်ပေးခဲ့သည့် အတိုင်း အငြိမ် အသက် လုပ်ကိုင်ပါရအောင် အမိန့်တော် ကယ်မသနားတော် မူပါမည့်အကြောင်းကို အရှင်သာကိုးကွယ်ရာဖြစ်၍ ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား။

**သက္ကရာဇ် ၁၂၁၆-ခု၊ ဝါခေါင်လပြည့်ကျော် ၁၂-ရက်နေ့
စစ်ကိုင်းမြို့ မင်္ဂလာရွှေဘုံတိုက်နေ ရဟန်း ရှင်နန္ဒိယ
ရဟန်း ရှင်ဝိမလာစာရတို့-အစစ်ခံချက်ဘုရား....၊**

ဘုရားတပည့်တော်တို့ မင်္ဂလာရွှေဘုံတိုက် သံဃာတစုတို့မှာ မင်းအိုဆရာတော်ဘုရားကြီးမှ ဆင်းသက်၍ မင်းအိုဆရာတော် ဘုရားကြီးက ဦးဘုံကို ပေးခဲ့ပါသည်၊ ဦးဘုံမရှိနောက် ဦးသုမနကို ပေးခဲ့ပါသည်၊ ဦးသုမနမှာ လတ်တလော ရောဂါကပ်ရောက်၍ အမှတ်မရ မပေးမအပ်ဲ သေလွန်၍ တိုက်သံဃာတစုတို့ သံဃိက လယ်ယာအဖြစ်ဖြင့် သုံးဆောင်၍ နေကြပါသည်၊ ဦးသုမန ရှိစဉ်ကလည်း ပဲ့နင်းများက အရာတော်မြေဟု နှောင့်ရှက်၍ မြို့ဝန် ငပွင့်ထံ ပြောဆိုလျှင် ငပွင့်က ပေးသည့်စာမှာ-သံဃိကမြေ အဖြစ်ဖြင့် ဝန်စာပ ါသည်လျှင် ဦးသုမနက စာကိုကြည့်၍ သံဃိကမဟုတ် ပုဂ္ဂလိက ဖြစ်ကြောင်းကို ပြင်၍ ရေးသားသည်ကို အသိမြင်ပါသည်၊ နှစ်စဉ်မပြတ် ငုင်းလယ်ကို လုပ်ကိုင်သသူ သေည်းအူ ငရွှေဝါတို့လည်း အသီးအခွန် မြေရေတွက် အစုအဆကို တိုက်သံဃာတို့အား လျှုဒါန်း၍ လုပ်ဆောင်ရပါသည်၊ယခုမှ သေည်းအူတဦးသာ ကန့်ကွက်၍ မိဘအမွေရလယ်-ဟု အနှောင့် အရှက် ရှိပါသည်ဘုရား။

နန်းမတော် ကျွန်တော်မျိုး သေည်းအူနှင့် စစ်ကိုင်းမြို့ ဘုံသာတုလွတ်တိုက်နေ ရဟန်း ရှင်ဝိမလာစာရ, ရှင်နန္ဒိယ, ရှင်မေဓာတို့ စစ်ကိုင်းမြို့ အနောက် ငါးထပ်ကြီးအနီး လယ်မြေကျော်ကိုစွဲ၍ ပြောဆို လျှောက်ထားကြသည်မှာ-

သေည်းအူက တပည့်တော်ဘိုး ဘုန်းကြီးဖြစ်သူ ဦးအောင်ပု ပိုင်ထိုက်သည့် လယ်မြေများကို တပည့်တော် အမွေခံအမွေဆက် ထင်ရှားရှိလျက် ဘုံသာတုလွတ်တိုက် သံဃာတို့က သိမ်းယူကြောင်း, ဘုံသာတုလွတ် သံဃာတို့ကလည်း မင်းအို ဆရာတော် လက်ထက်က စ၍ သံဃာတို့ အဆက်မပြတ် သုံးဆောင်ကြကြောင်းများနှင့် လျှောက်ထား ပြောဆိုကြသည်၊ သေည်းအူမှာ ဘိုးဘ ပိုင်ဆိုင်သည့် လယ်ယာဖြစ်စေ, ရဟန်းတို့ ပိုင်ဆိုင်သည့် လယ်ယာဖြစ်စေ အမရပုရ ပဋ္ဌမမြို့တည် မင်းတရားကြီးလက်ထက် အရာတော် သိမ်းယူသည် ဖြစ်၍ မင်းဘဏ္ဍာ ဖြစ်သည်၊ အမွေဆိုင် အမွေစားတို့ မပိုင်ထိုက်၊ အရာတော် သိမ်းယူသည် ဟူသည်လည်း-

ကာသိတိုင်း ဗာရာဏသီပြည်၌ ပုရောဟိတ် ပုဏ္ဏား, မယားပုဏ္ဏေးမ, သားငယ်လေးယောက်တို့ တောထွက်၍ အမွေဆက် အမွေခံ ပြတ်ရာတွင် သေ

ကာရီ မင်းကြီး အရာတော် သိမ်းယူချေသည်၊ သိဝိတိုင်း ဇေတုတ္တရာပြည်၌ ကလိင်္ဂတိုင်းသား ဇူဇကာ ပုဏ္ဏား၌ နှစ်ပါးသော မြေးတော်တို့၏ ကိုယ်ဘိုး ငွေကို သေလွှန်သော ပုဏ္ဏား၏အမွေစား အမွေခံ ကြွင်းကျန်သသူရှိမူ ယူလာ စေဟု ရွှေပြည်တော် အတွင်း၌ မင်းကြားရိုက်စည်ကို လည်စေတော်မူပြီး လျှင် အမွေခံ အမွေဆက် မထွက် မလာသည်ဖြစ်၍ သိဝိရာဇ် မင်းကြီး အရာတော် သိမ်းယူချေသည်၊ ကောသလတိုင်း သာဝတ္ထိပြည်၌ အမျိုးသား တယောက်၏ နောက်ဆက် အမွေခံ ပြတ်လေသဖြင့် ပသေနဒီကောသလ မင်းကြီး အရာတော် သိမ်းယူချေသည်၊ သက္ကတိုင်း ကောသမ္ဗီပြည်ဝယ် မာဂဏ္ဍီ မိဖုရားအား ထားအပ်သောအာဏာ ရာဇဝတ်တော်မျက်၍ ဆွေဆက် မျိုးပိုံ ကို အကုန်အစင် ကွပ်ညှပ်တော်မူပြီးလျှင် ချင်းတို့ဥစ္စာကို အရာတော် သိမ်း ယူချေသည်၊ အမွေခံ အမွေဆက် မပျက်မယွင်း ထင်လင်းမချွတ် ရာဇဝတ် တော်ခံ မင်းဒဏ်မသင့်ပဲ အရာတော်သိမ်းယူကြောင်းကို ဇာတ် နိပါတ် ဝတ္ထု သက်သေ မလာမရှိ ဓမ္မသတ်ကျမ်းများ၌လည်း အလိုတော်ရှိကာ အရာတော် သိမ်းယူစေ မလာ၊ ယခု သည်းအူကလည်း စိုးမင်းက အရာတော်သိမ်းယူ၍ ရဟန်း သံဃာတို့နှင့် ပူးပေါင်း ကပ်ခိုပြီးလျှင် နှုတ်ယူရကြောင်းနှင့် လျှောက် ထားချက်ရှိသည်၊ စိုးမင်းတို့လည်း မဟာသမ္မတမင်းမှ စ၍ မင်းတို့ ကျင့်ရာ သော ထုံးပဝေဏီကို အစဉ်မှီး၍ ကျင့်ကြသည့် အရာဖြစ်သည်၊ သည်းအူ ဘိုး ဘွား မိဘတို့၌ အဆက်အမွေခံလည်း မပြတ်၊ ရာဇဝတ် မင်းဒဏ်လည်း မသင့်စဘူးကြောင်းကို စုံရာသိမြင်သူတို့ကလည်း ထွက်ဆိုသည်။

သည်းအူမှာ မြွေဖမ်းမလိမ္မာသော အလမ္ဗာယ်၌ ဖမ်းအပ်သော မိမိ မြွေသည်ပင် မိမိအန္တရာယ်မူသကဲ့သို့ အရာတော်သိမ်းယူကြောင်းကို လျှောက် ထားသော မိမိစကားဖြင့်ပင် မိမိရှုံးခြင်းသို့ ရောက်သင့်ချေသည်၊ အကယ်၍ စိုးခင်းတို့သည် အနိသမ္မကာရဖြစ်၍ အမွေခံအမွေဆက် တင်းလင်းရှိပါလျက် နှင့် အရာတော် သိမ်းယူချေလျှင် ရေမြေအရှင် ဖြစ်၍ မည်သို့ မဆိုသာပြီ၊ ၎င်းဘဏ္ဍာကို မင်းပင် ဆက်လက်၍ မဟာတုလွတ်ဘုံကျော် ကျောင်းတော့် ဒါယကာ မယ်တော်ကြီးက ရဟန်း ရှင်သုမနကို လှူပြန်သည်၊ပုဂ္ဂလ သန္တက. ဖြစ်သည်၊ ဂိဟိသန္တက မဟုတ်၊ ရဟန်း ရှင်သုမန သေလွန်ပြန်လျှင် တစုံ တယောက်သော သူတို့အား မပေးမအပ်ခဲ့သည် ဖြစ်၍ သံဃိက သံဃာတို့ အစိုးရပြန်သည်၊ လူပုဂ္ဂိုလ်တို့ အစိုးမရ၊ ၎င်းသံဃိက လယ်မြေ ရပ်ကို သံဃာဥစ္စာ ဖြစ်သည်နှင့်အညီ ဘုံသာတုလွတ်တိုက် သံဃာ အဆက်ဆက်တို့ ဝိနည်းဓမ္မကံနှင့် အညီ ကပ္ပိယ ပစ္စည်းကို သိမ်းယူခံစေ၊ သည်းအူမှာ

အကယ်၍ အမွေဆက် အမွေခံ မှန်လျှင်မူလည်း လူသူ စိုးမင်းတို့ထံသာ လျှောက်ထားရန်ရှိသည်၊ အလှူခံ သံဃာတို့အား မနှောင့်မရှက်သာ၊ရဟန်းတို့အား ဒါယကာတို့က ပရိစာဂစေတနာပြဌာန်း၍ လှူဒါန်းချေလျှင် ဝိနည်းဝမ္မကံအားဖြင့် ပြစ်ဆာ မစွန်းမငြိသာ၊ သည်းအူမှာ အမွေခံ စင်စစ်မှန်ကြောင်းကို စုံရာ ခုံသမတ်တို့ရှေ့ ယုံကြည်နိုင်ခန့် လောက်အောင် အမှန်အကန် ဆိုနိုင်လျှင် လယ်မြေ၏တန်ဘိုးကို ပေး၍ ရွေးယူစေ။

သက္ကရာဇ် ၁၂၁၆–ခု၊ ဝါခေါင်လပြည့်ကျော် ၁၃-ရက်နေ့၊သာသနာပိုင်ဆရာတော်ဘုရားကြီး အမိန့်တော်။

(၁၇) ဘုရားတပည့်တော် ခေါ်တော်ရှာ ဂိုဏ်းအုပ် ရှင်သုမန ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဘုရား....၊

ဘုရားတပည့်တော်တို့ ခေါ်တော်ဂိုဏ်းသား အချို့ပုဂ္ဂိုလ်တို့သည် အဆိုအဆုံးအမကို မခံ၊ အခြားဂိုဏ်းသို့ ဝင်မည် ပြောဆို၍ ဘုရားတပည့်တော် ဂိုဏ်းဝင် သံဃာတို့နှင့် ကံကြီး ကံငယ် ရောရှက်၍ နေထိုင်ကြပါသည်၊ အမိန့်တော်မြတ်ရှိရာ ဦးထိပ်ထက် ဆင်ရွက်၍ အသေအချာ ဂိုဏ်းမှတ်သားပြီးလျှင် အဆုံးအမ ဩဝါဒ ပေးပါရမည်အကြောင်းကို ရှိခိုးအသနားတော်မြတ် ခံပါသည်ဘုရား။

ခေါ်တော်ဂိုဏ်းဝင် သံဃာတို့တွင် သုံးဆယ့်တကျောင်း သံဃာတို့သည် မငြိမ်မသက် နေရာမကျ ရှိကြသည်မှာ အများသံဃာတို့ မညီမညွတ် ရှိခြင်းသည်ကား ပစ္စုပ္ပန်သံသရာ အကျိုးစီးပွား ဆုတ်ယုတ်ခြင်း၏ အကြောင်းသာ ဖြစ်သည်၊ ဝေသာလီမင်းတို့သည်လည်း ရှေးအခါ အပရိဟာနိယတရားကို စောင့်ရှောက်သိမ်းဆည်းသောကြောင့် အဇာတသတ်မင်းကြီးသည် မြေကြီး တုန်လှုပ်ဘနန်းမျှသော စစ်သည်အပေါင်းတို့နှင့်တကွ တိုက်ခိုက်ငြားသော်လည်း ဝေပစိတ္တိ အသုရာ နတ်မင်း၏ စစ်သည် အပေါင်း တို့သည် တသောင်းယူဇနာ တာဝတိံသာ ထိပ်ဗွေဝယ် ရွှေမြေရတနာ မဟာအယုဇ္ဈပုရ မည်သော မသက္ကသာရ နန်းမြို့သို့ ချဉ်းကပ်မိလျှင် ကြောင်၏ အနီးအပါးသို့ ချဉ်းကပ်မိသော ကြွက်ကဲ့သို့ရင်း၊ဂဠုန်၏ အနီးအပါးသို့ ချဉ်းကပ်မိသော နဂါးကဲ့သို့ရင်း၊မြွေပါ၏ အနီးအပါးသို့ ချဉ်းကပ်မိသော မြွေကဲ့သို့ရင်း ကစင့်ကရဲ ဇပ်ကွဲဇင်းပြတ် ပြေးဆုတ်ကြလေသည်၊ နောင် ဝဿကာရ ပုဏ္ဏားကြောင့် ကွဲပြားယွင်းချွတ် မညီမညွတ်ဖြစ်လတ်သော် အလွယ်တကူ ယူတော်မူခလှည့်ဟု ဆိုဘိသကဲ့သို့ ရန်သူနိုင်ငံသို့ လိုက်ရလေသည်ကား မညီမညွတ်

ကွဲပြားခြင်းကြောင့် လိုက်ရကြောင်းကိုလည်း ကျမ်းဂန် အထင်အရှားရှိသည်၊ ဝဋ္ဋဇာတ်၌လည်း ဘုရားအလောင်း ငုံးမင်း၏ အဆုံးအမ၌တည်၍ အပေါင်းတို့ ညီညွတ်ကြသောကြောင့် မုဆိုးဝိုက်ကွန်၌ ငြိလျက် ဖမ်းမိအံ့သောဘေးမှ လွတ်ဘူးလေသည်၊ အစိန္တေယျ သုံးလူ့ထွတ်ထား ဘုရားသခင်သည်လည်း-

> သမဂ္ဂါ ဟိ သံဃော သမ္မောဒမာနော အဝိဝဒမာနော ဧကုဒ္ဒေ-
> သော ဖာသု ဝိဟရတိ။

ဟူ၍ သမဂ္ဂသမ္မောဒ အဖြစ်ကြောင့် သံဃာတို့ ချမ်းသာစွာ နေထိုင်ရကြောင်းကို အထင်အရှား ဟောတော်မူလျက် ရှိချေသည်၊ ထိုသို့ အထင်အရှား ဘုရားသခင် အဆုံးအမ ဩဝါဒ ပေးလျက် မနာမယူ သံဃာ ကွဲပြားခြင်းကြောင့် ဆင်းရဲငြိုငြင် ပင်ပန်းကြရလေသည်၊ အရှင် ဖုဿမထေရ်သည်လည်း ဤသို့ ရဟန်းတို့အား ဖြစ်အံ့သောအကြောင်းကို အနာဂတံသ ဉာဏ်တော်ဖြင့် မြော်ခေါ်တော် မူလတ်၍-

> အညာတမာနိနော ဓမ္မေ၊ ဂန္တိရေ တိရဂေါစရာ။
> လဟုကာ အဂရု ဓမ္မေ၊ အညမညမဂါရဝါ၊
> ဗဟု အာဒီနဝါ လောကေ၊ ဥပ္ပဇ္ဇိဿန္တျနာဂတေ။
> သုဒေသိတံ ဣမံ ဓမ္မံ၊ ကိလိသေဿန္တိ ဒုမ္မတီ။

အစရှိသည်ဖြင့် တိံသနိပါတ်ထေရဂါထာ၌ နောင် လာလတ္တံ့သော အခါဝယ် များစွာသော ရဟန်းတို့သည် ပညာရှိဟန် ဖန်ဆောင်ပြီးလျှင် အချင်းချင်း ဂါရဝတရားမှ ကင်းလျက် များစွာသော အပြစ်အဆာတင်ခြင်းသည် ဤလောက၌ ထင်ရှား ဖြစ်သဖြင့် မြတ်စွာဘုရား ဟောတော်မူအပ်သော သုတ်, အဘိဓမ္မာ, ဝိနည်း တရားသည် ညစ်နွမ်းလတ္တံ့ဟူ၍ ဟောတော်မူသော ဒေသနာတော်မြတ်နှင့်အညီ ခေါ်တောဂိုဏ်းဝင် သံဃာတို့သည် ငါ-ငါတကားဟု ထောင်လွှားကြီးပလျက် အညမည ဂါရဝ တရားမှ ကင်းလျက် ရှိကြသည်၊ သဘော စိတ်မတူ လက်မတူသော အပေါင်းအဖေါ်၌ အတူတကွ နေရခြင်းသည် ဆင်းရဲချေသည်၊ ဆင်းရဲကြောင်းကိုလည်း "အပ္ပိ-ယေဟိ သမ္ပယောဂေါ ဒုက္ခော" ဟူ၍ မြတ်စွာဘုရားသခင်က ဟောကြားတော်မူလျက်ပင် အထင်အရှား ရှိချေသည်၊ ခေါ်တောဂိုဏ်း သံဃာတို့မှာ....

> ဥဒုမ္ဗရဿ ပုပ္ဖဥ္စ၊ စန္ဒမှိ သသကံ ယထာ၊
> ဂါနသာနံ ယထာ ခီရံ၊ ဒုလ္လဘာ လောက နာယကာ။

ဟူသော ဝိတသောက ထေရာအပါဒါန်ပါဠိ လာရှိသည်နှင့်အညီ ဤ ဖလာကဌ် ရေသဖန်းပွင့်, လဝိမာန်၌ ယုန်ရေးတံဆိပ်,စပါးကြီးငန်းမြွေတို့၏ နို့ရည်ကို ရှာဖွေ ထောက်လှမ်းသော်လည်း ပင်ပန်းရုံသာ၊ရခြင်းငှါ ခဲယဉ်း ကုတ်ကော်သကဲ့သို့ သုံးလူ့ထွတ်ထား ဘုရားသခင်တို့၏ အဆုံးအမ သာသ နာတော်ကိုလည်း အလွန်ရခဲလျက် ရတော်ငြားသော ဘုရားသခင် သာသနာ တော်၌ ဖမ္မလျော်ပျော်ပိုက်လျက် ဘုရားသခင် အလိုတော်ရှိအပ်သော ပရိ ယတ်, ပဋိပတ်တရားကို အားထုတ်၍သာ မနေပဲ တဦးနှင့် တဦး အကျူး အလွန် စောင့်လင့်၍ ခိုက်ရန် ဒေါသ ဝိဝါဒဖြင့် ငြူစူစောင်းမြောင်းလျက် နေထိုင်ကြသည်မှာ နေသာဒ ပုဏ္ဏားသည် နတ်နဂါးတို့ နေရာသို့ရောက်လျှင် အတိုး အနန္တထိုက်သော ပတ္တမြားရတနာကို မဟာဗောဓိသတ် ဘူရိဒတ် နဂါးမင်းက ဆောက်နှင်း ပေးအပ်လျက် မယူပဲ ထွက်သွားခြင်းကြောင့် သူ ဆင်းရဲ ဒုက္ခိတ အဖြစ်မှ မတော်လှန်နိုင်သကဲ့သို့၊ ခေါတောဂိဏ်းဝင် သံဃာတို့ မှာလည်း သာသနာတော် ဟူသော နဂါးပြည်မှ ဘုရားသခင် ပေးသနား တော်မူအပ်သော အဆုံးအမကို မနာယူပဲ သံသရာ ရှည်လျားသဖြင့် ပြောင်း သွားကြရသည် ရှိသော် ဝဋ္ဋနိဿိတ ဒုက္ခိတအဖြစ်မှ မတော်လှန်နိုင်ခြင်း၏ အကြောင်းသာ ဖြစ်ချေသည်။

ရွာစွန်နိဂုံနေ ရဟန်းနှစ်ဦးတို့သည် ကမ္ဗလာ သုံးထည်ကို မည်သည့် ဝတ္ထုကို မည်သူ ယူစေဟု မဝေဘန် မခွဲခြားနိုင်သဖြင့် ဝိဝါဒအခင်း ငြင်းခုံ၍ နေကြသည် အခိုက်ဘွင် ဆိုက်ရောက်လာသော အရှင်ဥပနန္ဒသည် ယုတ် ညံ့သော ကမ္ဗလာ နှစ်ထည်ကို ဥစ္စာရှင် ရဟန်းနှစ်ဦးအား ခွဲဝေ ပေးအပ်၍ မြတ်သော ကမ္ဗလာ တထည်ကို ယူဆောင်၍ သွားသော အဒ္ဓုပွတ္တိကြောင့် ဟောတော်မူအပ်သော သတ္တကနိပါတ် ဒုဋ္ဌပုပ္ဖဇာတ်ဝယ် ဖျံနှစ်ကောင် ငါး သေကို မဝေဘန် မခွဲခြမ်းနိုင်သဖြင့် မိန်းမှိုင်လက်ချ ဝိဝါဒဖြင့် နေကြသည် အ ခိုက်တွင် မြေခွေးလာ၍ ဦးခေါင်းကို မည်သူက ယူလေ, အမြီးကို မည်သူက ယူလေ ဝေဘန် ပေးအပ်ပြီးမှ ဆူဖြိုးသော အလယ်ပိုင်းကို ဝေဘန်သသူ ဆရာ အား ထိုက်၏ဟု ဆောင်ယူရာတွင် မသာသော စိတ်နှလုံးဖြင့် နေထိုင်ရ ကြောင်း, ဝိဝါဒအခင်း ငြင်းခုံကြသော အရာသည် ပစ္စုပ္ပန် သံသရာ အကျိုး စီးပွား ဆုတ်ယုတ်ကြောင်းကို အစိန္တေယျ သုံးလူ့ထွတ်ထား ဘုရားသခင် ဟောတော်မူသည်များကို ထောက်ထားစာနာလျှင် ဝိဝါဒအမှုကိုမပြုမကျင့်ပဲ ငြိမ်ဝပ်စွာ အချင်းချင်း သဂါရဝ သပတိဿဝ တရားကိုသာ ပွားများ သိမ်း ဆည်း၍ နေထိုင်ကြရာသည်။

ယခုအခါ ခေါတောဂိုဏ်းဝင် သံဃာတို့အား မညီမညွတ် ကွဲပြားကြသည်မှာ အစိန္တေယျ သုံးလူ့ထွတ်ထား ဘုရားသခင်သည် မညီမညွတ် ကွဲပြားကြသော ကောသမ္ဗက ရဟန်းတို့အား ညီညွတ်စေခြင်းကို မြွက်ခေါ်တော်မူသောအားဖြင့် နှစ်ပါးသောအတိုဌ် သမပက္ခ ပြုတော်မူလျက် သိမ်းပိုက် ပြုသ ဆုံးမတော်မူသည့် ဥပဒေနည်းကို အစဉ်မှီးလျှင် စိတ်နှလုံး ချမ်းမြေ့ရာ၌ နေထိုင်ရမှ ကာယသုခ, စိတ္တသုခနှစ်ပါးကို ရကြမည့်အရာဖြစ်သည်၊ ၎င်းသုံးဆယ့်တကျောင်း သံဃာတို့မှာ ခေါတောဂိုဏ်း, ရတနာသိခဂိုဏ်း, လှထွေဂိုဏ်း ၃-ရပ်တို့တွင် နှစ်ခြိုက်ရာ ဂိုဏ်းသို့ဝင်၍ နေထိုင်ကြစေ၊ ရတနာသိခ ဂိုဏ်းအုပ်ပုဂ္ဂိုလ်တို့ကလည်း ဝင်လာသည့် ပုဂ္ဂိုလ်တို့၏ သဘောသကန်ကို ထောက်ချင့်၍ လက်ခံသိမ်းဆည်းစေ၊ ဝင်လာသည့် ပုဂ္ဂိုလ်တို့၏ စာရင်းကိုတင်ပြလာစေ၊ ဘုရားသခင် စက်ဆုပ်တော်မူအပ်သော အမှုကို ပြုကျင့်လေ့ကျက်၍ နေ့ရက်ကို ကုန်ခန်းစေသော ရဟန်းဆိုး ရဟန်းညစ်တို့ကို လက်မခံစေနှင့်၊ ရဟန်းဆိုး ရဟန်းညစ်တို့ကို လက်ခံသိမ်းဆည်း၍ နောင်ကြားသိရလျှင် ဂိုဏ်းအုပ်ပုဂ္ဂိုလ်တို့ကို ဂိုဏ်းအုပ် အရာက နှုတ်မည်၊ ၎င်း သုံးဆယ့်တကျောင်း သံဃာတို့ နောင်တဖန် ခေါတောဂိုဏ်းသို့ ပြန်၍ ဝင်လိုလျှင်လည်း ဝင်စေ၊ ခေါတောဂိုဏ်းအုပ်ကလည်း လက်ခံစေ၊ သခွတ်တော ဘုန်းတော်ကြီးမှာ ဇရာဒုဗ္ဗလ သတိသမ္မောသ အရွယ်သို့ ရောက်ကပြီဖြစ်၍ မိမိအာရာမ်အတွင်း သီတင်းသုံးနေသည့် သံဃာတို့နှင့် ချမ်းသာစွာ နေထိုင်စေ။

သက္ကရာဇ် ၁၂၁၆-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆-ရက်နေ့ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၁၈) တရုပ်မြို့ တောင်လက် ပြောင်းပြာတိုက်နေ ရှင်ဒီပ-လျှောက်လိုက်ပါဘုရား....၊

ဘုရားတပည့်တော် တကာမကြီးနှင့်တကွ ဦးရိုးသုံးယောက်တို့ အမွေဆိုင်မြေအတွင်း ဂိုဏ်းထောက်ဆရာ ရှင်ဇူန္နာသဘ-က တကာတို့ ပိုင်ထိုက်သည့်မြေပေါ်တွင် ကျောင်းကန် ဆောက်လုပ် လိုပါကြောင်းကို ပန်ကြားလျှင် တပည့်တော်တို့ ရောင်းလည်း မရောင်းလိုပါ၊ ကိုယ်တော် အရှင်အား တသက်လျှာ လှူပါ၏ဆို၍ ကျောင်းအာရာမ်ပြုလုပ်သည်၊ ၎င်းဂိုဏ်းထောက်ဆရာ ရှင်ဇူန္နာသဘနေ၍ သုံးဝါ, လေးဝါခန့် ရှိ၍ ဥယျာဉ် စိုက်ပျိုးသည့်ကာလ တပည့်တော်တို့မြေမှာ အမွေပုံ အမွေစား များပါသည်၊ ထာဝရ သစ်ပင်တို့ကို စိုက်ပျိုးတော် မမူပါနှင့်ဟု လျှောက်ထားလျှင် စိုက်မိသမျှကို မဆိုကြနှင့်၊ နောင်နင်တို့မြေပေါ်မှာ စိုက်လျှင် နင်တို့ သစ်ပင်ပါဟု အမိန့်ရှိ၍

နေရပါသည်၊ အာရာမ်အတွင်း၌ တကာဦးမိုး ဘုရားတည်လိုသည့် ကာလလည်း ရှင်ဇာနန္ဒာသဘက ညွှန်ကြား၍ အမွေစားတို့ထံ ပန်ပြီးမှ တည်ရပါသည်၊ ၎င်း ရှင်ဇာနန္ဒာသဘ ပြန်တော်မူလျှင် အမွေစား သုံးယောက်တို့က အာရာမ် ဥယျာဉ်နှင့်တကွ ဘုရားတပည့်တော်ကို အညီအညွတ် လှူကြပါသည်၊ ၎င်း ရှင်ဇာနန္ဒာသဘ၏ ဂရုဘဏ် လဟုဘဏ် အမွေခံ ဖြစ်သူ ရှားကိုင်းတိုက်နေ ရှင်ဂန္ဓာဘိသူရအထံ အကြောင်းနှင့်တကွ လျှောက်ထား တောင်းရမ်းပါသော်လည်း အတင်းမပေးမအပ်ပဲ နေသောကြောင့် ဆိုင်ရာ ဂိုဏ်းအုပ်ထံ ပြောဆိုကြရာ ဂိုဏ်းအုပ် ဆရာတော်က ငါ မဆုံးဖြတ်နိုင်၊ ရွှေမြို့တော်သို့ တက်လေတော့ဟု ခွင့်ပြု၍ ဗားကရာ ဆရာတော်ထံ လျှောက်ထားရာတွင်မှ ဂိုဏ်းအုပ်ဆရာက မျက်နှာကြီးငယ် မရှုယ်မထောက် ဝိနည်း ဓမ္မကံနှင့်အညီ ပြီးပြတ်အောင် စီရင်ဆုံးဖြတ်ရမည်၊ စစ်တမ်း စစ်ချက်နှင့် တကွ ဆုံးဖြတ်စာကိုသည်း ဂိုဏ်းအုပ်က တင်ပြ ဆက်သွင်းစေဟု အမိန့်တော်ပေးရာတွင် ဂိုဏ်းအုပ် ဆရာ ဆုံးဖြတ်သည်မှာ– မြေအာရာမ်ကို တပည့်တော် ရှင်ဒီပ ပိုင်စေ ဆုံးဖြတ်ပါသည်၊ မြေပေါ်ရှိ သစ်ပင်နှစ်ရပ်ကို မြေရှင်ရစေ, စိုက်ပျိုးသူ သစ်ပင်ရှင် ရစေ အထူး မဆုံးဖြတ်သောကြောင့် ဗားကရာ ဆရာတော်ထံ တဖန် လျှောက်ထားပြန်လျှင် မြေပေါ်ရှိ သစ်ပင် ၂–ရပ်ကို ပြီးပြတ်အောင် စီရင်ဆုံးဖြတ်ရမည်၊ နောင် ၎င်းသစ်ပင် မြေမှုနှင့် စပ်၍ အလျှောက်အထား မရှိစေနှင့် ပြီးပြတ်အောင်စီရင်၊စီရင်ဆုံးဖြတ်ချက်ကို ဂိုဏ်းအုပ်က ဆက်သွင်းစေဟု အမိန့်တော် ပေးပြန်ပါသည်၊ အမိန့်တော်အတွင်း မဆုံးဖြတ်မီ ဂိုဏ်းအုပ် ဆရာ တစုံတခုသော ရောဂါကြောင့် ဘဝတပါး ပြောင်းသွားသည် ဖြစ်၍ အဆုံးအဖြတ် ဝိနိစ္ဆယကို မရပါသောကြောင့် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ကိုခိုလှုံ၍ ရွှေတော်တွင် အမှန်အကန် ဖြစ်ပါရမည့် အကြောင်းကို လျှောက်ပါသည်ဘုရား။

ဘုရားတပည့်တော် တရုပ်မြို့စီရင်စု ပြောင်းပြာရွာရှေ့ကျောင်းတိုက်နေ ရှင်ပဒုမ, ခြေတော်ဦးခိုက် နားတော် လျှောက်ပါသည်ဘုရား....၊

ပြောင်းပြာရွာနေ တကာမ မိဗိုင်းဖြူ ပိုင်ထိုက်သည့် ၁–တင်းကြဲခန့်မြေကို အမွေခံ သားသမီးများကို ပန်ကြား၍ ဂိုဏ်းထောက်ဆရာ ရှင်ဇာနန္ဒာသဘကို လှူဒါန်းပါသည်၊ ဂိုဏ်းထောက်ဆရာ ကွယ်လွန်ပြန်လျှင် ရှားကိုင်းဆရာ ရှင်ဂန္ဓာဘိသူရကို ဂရု,လဟုပစ္စည်းနှင့်တကွ စာတမ်းစာမှတ် အသေအချာ ရေးသား ပေးအပ်ခဲ့ပါသည်၊ ရှားဂိုဏ်းဆရာကလည်း တပည့်တော် ရှင်ပဒုမကို တပည့်ဖြစ်၍ မြီးမြောက် မ,စသောကြောင့် အငြိမ်အဝပ် တပည့် သံဃာ

တို့နှင့် နေထိုင်ပါသည်ကို မိဗိုင်းဖြူ မြေး ရှင်ဒိပ-က အမွေစားတို့ထံ အလှူခံပြီး ဖြစ်သည်၊ ဂိုဏ်းထောက်ဆရာကို တသက်လျှာသာ လှူသည်၊ ပြောဆိုမွေနှောက်သောကြောင့် သွေးသောက်ကြီး ကြေ‌ာက အမွေစားတို့မှာ အဘိုးပြတ်ဆို ပေး၀ယ်၍ ရှားကိုင်းဆရာကိုပင် ထပ်မံ၍ လှူဒါန်းပြန်ပါသည်၊ တသက်လျှာသာ လှူသည်မှန်လျှင် ရှားကိုင်းဆရာကို လှူစဥ်ကာလက ထွက်ပေါ် တားဆီးသင့်ပါသည်၊ အမိန့်တော်မြတ် ရှိရာ ဦးထိပ် ရွက်ပါရမည့်အကြောင်းကို ရှိခိုးနားတော် လျှောက်ပါသည်ဘုရား။

တလုပ်မြို့ ပြောင်းပြာရွာရှေ့ ကျောင်းနေ ရှင်ဒိပသည် ဘိုးဘွားပိုင်ဆိုင်သည့် အာရာမ်မြေများကို ရောင်းစားပြီးလျှင် တဖန် ၎င်းအာရာမ်မြေ၀ယ်သိတင်းသုံးနေကြသော သံဃာတို့နှင့် ဝိဝါဒ ဖြစ်ကြ၍ ၎င်းအာရာမ်ကို ရလိုကြောင်းနှင့် ငါ့ထံ လျှောက်ထားပြန်သည်၊အထူးထူးသော ကွဲရဲ့ရှုတ်ချခြင်းတို့ဖြင့် မိမိကျေးဇူးရှင် ဆရာဖြစ်သူ အရှင်ဂန္ဓာဘိသူရအား စွပ်စွဲ ပြောဆိုလျက်ရှိသည်၊ ကျေးဇူးကို တုံ့ပြန်၍ ဆပ်ရန်ဖြစ်လျက် တုံ့ပြန် ဆပ်မည်ကိုထား၍ ပြစ်မှား ဟော့ရမ်းသော အမှုအရာဖြင့် ပြုကျင့် ပြောဆိုပြန်သည်၊

မာတရိ ပိတရိစာပိ၊ အထော ဇေဋ္ဌမှိ ဘာတရိ၊
အာစရိယေ စတုတ္ထမှိ၊ သမဏ ဗြာဟ္မဏေသုစ။
တေသု န မာနံ ကယိရာထ၊ တေသု အသာ သဂါရဝေါ၊
တျာသ အပစိတာ အသာ၊ တျာသု သာဓု သုပူဇိတာ။

ဟူသော သဂါထာဝဂ္ဂ ဗြာဟ္မဏသံယုတ် ပါဠိနှင့်,ထေရဂါထာ အဋ္ဌကထာ ဆတ္တနိပါတ ပုရောဟိတပုတ္တဇေန္တတ္ထေရ ဂါထာ အဖွင့်များ၌ မိခင်, ဘခင် အစ်ကိုကြီး ဆရာသမား ရဟန်း, ပုဏ္ဏား သူတော်ကောင်းတို့၌ မာန်မာန အမျက်ဒေါသ မမူအပ်ဟု ဟောတော်မူလျက် ရဟန်း ရှင်ဒိပသည် မာန်မာန အမျက်ဒေါသ မမူအပ်သော မိမိကျေးဇူးရှင် ဆရာဖြစ်သူ အရှင် ဂန္ဓာ-ဘိသူရအား ပြစ်မှား ကျင့်သွပ်ခြင်းကို ပြုချေသည်၊ ပြုသဖြင့်လည်း ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးစီးပွား ပျက်စီးဆုတ်ယုတ်ခြင်း၏ အကြောင်းဖြစ်ချေသည်၊ ထိုသို့ မပြစ်မှားသင့် မပြစ်မှားထိုက်သော ဆရာသမားတို့၌ ပြစ်မှား ကျင့်သွပ်ခြင်းကိုပြုသဖြင့် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးစီ ပွား ပျက်စီး ဆုတ်ယုတ်ရာ၌-

ရှေးသရောခါ ဥဒယဇာတ်၌ သုရုန္ဓန-ဟူသော အမည်ဖြင့် ထင်ရှားသော, ရှုဠသုတသောမ ဇာတ်၌ သုဒဿန-ဟူသော အမည်ဖြင့် ထင်ရှားသော, သောဏနန္ဒ ဇာတ်၌ ဗြဟ္မဝဍ္ဎန- ဟူသော အမည်ဖြင့် ထင်ရှားသော, ခဏ္ဍ

ဟာလဇာတ်၌ ပုပ္ဖဝတီ ဟူသော အမည်ဖြင့် ထင်ရှားသော, သခ်ေြာဟ္ဗဏ ဇာတ်၌ မောဠိနီ- ဟူသော အမည်ဖြင့် ထင်ရှားသော, ယုဓဥ္စယ ဇာတ်၌ ရမ္မ-ဟူသော အမည်ဖြင့် ထင်ရှားသော တဆယ့်နှစ်ယူဇနာ အဝန်းရှိသော ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ငါတို့ ဘုရားအလောင်းတော် ဂုတ္တိလ စောင်းသမား၌ သင်ကြားမှိခို၍ နေသော တပည့် ဒေဝဒတ်၏ အလောင်း မူသိလ-စောင်းသမားသည် ဆောင့်ကြောင့် ထိုင်တတ်ကာမျှ ဖြင့် ငါခြသေ့်ဟူ၍ ထင်မှားသော ဘားသူငယ်ကဲ့သို့ရင်း, အခြေလေးဘက် ဦးခေါင်း အမြီး မှင်ဆံ တူကာမျှဖြင့် ကေသရရာဇာ ခြသေ့်မင်းကို ရန်တင်း မူသော မြေခွေးကဲ့သို့ရင်း, ငွေအသပြာကို လည်မှာဆွဲကာမျှဖြင့် မာနထောင် လွှား၍ ဝိဒေဟရာဇ် မင်းကြီးကို မထိမ့်မူသော ပုတ်သင်ငယ်ကဲ့သို့ရင်း, ဆရာ သခင် ကျေးဇူးရှင်ဖြစ်သော ဂုတ္တိလ စောင်းသမားကို ထောင်လွှမ်း ဟော့ရမ်း ကြော့ကြမ်းသမှု ပြုမိချေသောကြောင့် ပဉ္စုပ္ပန်ဘဝတွင်ပင် မျက်မြင် အထင် အရှား အကျိုးစီးပွား ပြုန်းတီး၍ ပျက်စီးဘူးကြောင်းကို ဒုကနိပါတ် ဂုတ္တိလ ဇာတ်၌ ဟောတော်မူလျက် အထင်အရှား ရှိချေသည်၊ အကျိုးစီးပွားမဲ့ကို ပြုသည်ကို မဆိုထားဘိ၊ ဆရာ၏ ကျေးဇူးကို ထိမ်မြှုးမိခြင်းကြောင့် ဘား သူငယ်ကို မြှောက်၍ ခံတွင်းဖြင့် ဖမ်းယူ ကစားသော ဥဗျိုင်း၏ အမူအရာ အသွင်အပြင်ကို မြင်၍ အတုမူရာတွင် အာသေဝန သတ္တိဖြင့် အဖန်တလဲလဲ ကစားခြင်းကြောင့် ထား, လှံ, သေနတ်ကို မြှောက်၍ ခံတွင်းဖြင့် ဖမ်းရာ ဆရာကို မေးသည်ရှိသော် အလိုလို တတ်ကြောင်းကို ပြောကြားသဖြင့် ထား လှံ စူး၍ ဆုံးရှုံးလေသည်ဟု ထုံးဟောင်းသက်သေလည်း လာရှိချေသည်။

ထိုမှ တပါးလည်း အကြင် သစ်ပင်၏ အရိပ်တွင် ခိုလှုံဘူးသော သူသည် ထိုသစ်ပင်၏ အခက်အရွက်ကို မချိုးမဖဲ့စကောင်းဟု ဘုရား အလောင်း တော်မိမင်းသားသည် ရထားထိန်း သုနန္ဒာအား ဟောကြားအပ်သော အဆုံး အမလည်း ရှိသည်၊ အကိုရ ပေတဝတ္ထုပါဠိ အစရှိသည်တို့၌လည်း–

ယဿ ရုက္ခဿ ဆာယာယ၊ နိသီဒေယျ သယေယျဝါ၊
န တဿ သာခံ ဘဥ္ဇေယျ၊ မိတ္တဒုဗ္ဘော ဟိ ပါပကော၊
ယဿ ရုက္ခဿ ဆာယာယ၊ နိသီဒေယျ သယေယျဝါ၊
န တဿ ပတ္တံ ဟိံသေယျ၊ မိတ္တဒုဗ္ဘော ဟိ ပါပကော။

ဟူ၍ လာချေသည်၊ ၎င်းပါဠိ၌ပင်လျှင်–

ယဿေကရတ္တိံပိ ဃရေ ဝသေယျ၊
ယတ္ထန္နပါနံ ပုရိသော လဘေထ။

န တဿ ပါပံ မနသာပိ စိန္တယေ၊
ကတညုတာ သပ္ပုရိသေဟိ ဝဏ္ဏိတာ။

အစရှိသည်ဖြင့် အကြင်သူ၏ အထံဝယ် တနေ့တည့်မျှ တည်းခိုနေထိုင်ရသဖြင့် အကြင်သူ၏ တလုပ်ထမင်း တရှုတ်ဟင်းကို ခံတွင်းလျှာ နူးရုံမျှ သုံးဆောင်ရဘူးသည် ဖြစ်အံ့၊ ထိုသူအား အကျိုးစီးပွားမဲ့ကို မနောကံမျှ မကြံအပ်ကြောင်းကို ပြလျက်ရှိသည်။

ထိုမှတပါး ဘုရားအလောင်း ဝိဓုရအမတ်သည် ပုဏ္ဏက နတ်ဘီလူးအား ဟောကြားအပ်သော တရား, နေသာဒ ပုဏ္ဏား၏အဖြစ်ကို ဆိုရာ စကားများ၌လည်း မိတ္တဒုဗ္ဘိပုဂ္ဂိုလ်တို့၏ အပြစ်ကား များစွာပင် လာရှိချေသည်များကို ထောက်လျှင်-

ယခု ရဟန်း ရှင်ဒိဗ္ဗမှာ မပြစ်မှားအပ်သော ဆရာသမားအား ပြစ်မှားခြင်းကြောင့် အပါယ်လေးပါးသည် တံခါးပွင့်လျက် ဆွေမျိုးဉာတိတို့၏ အိမ်ကဲ့သို့ ကြိမ်ကြိုက် ကြုံတွေ့ရာသည်၊ ဘုရားသခင်လက်ထက်လည်း သုနက္ခတ္တသည် လောကသုံးပါး၌ အတုမရှိသော ဆရာမြတ်စွာဘုရားကို ပြစ်မှား၍သော၍ အခေလက တက္ကတွန်းကို အမှီရလေလျှင် နွားခြေရာခွက်ကို အမှီရသဖြင့် ဆင်ပြောင်ကြီးကို မထီမဲ့မြင်ပြု၍ ပျက်စီးလေသော ကျွဲချေးပိုးယယ်ကဲ့သို့ ဘုရားသခင်ကို မထီမဲ့မြင်ပြု၍ အကျိုးစီးပွား ပျက်စီးလေသည်များကို ထောက်၍လည်း မိတ္တဒုဗ္ဘိအဖြစ်မှ ဆုတ်နစ်ရာသည်။

မိဘဆရာသမားတို့အား မပြစ်ပယ်အပ် ဆိုရာမှာလည်း အဿမုခီ ဘီလူးမအား အမိရင်းစစ် ဖြစ်လှည့်ငြားသော်လည်း မပွားလတ္တံ့သော သုစရိုက်ကို မြင်သဖြင့် ဖဲကြဉ် ရှောင်ခွါသော ဘုရားအလောင်း လုလင်, သိဂ္ဂည်းပရိဗိုဇ် အဆုံးအမမှ မင်္ဂပိုလ်တည်းဟူသော အကျိုးစီးပွား မဲ့အံ့သည်ကိုမြင်၍ ဖဲကြဉ် ရှောင်ခွာသော ဥပတိဿ, ကောလိတတို့ကဲ့သို့ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးစီးပွား ဆုတ်ယုတ်လတ္တံ့ဖြစ်မူ ဖဲကြဉ် ရှောင်ခွါရာ၏။

ဝိနည်းကျမ်းဂန်များ၌လည်း အသဇ္ဇိပုဂ္ဂိုလ်ကို အမှီအခိုသဟဲပြု၍ မနေသင့်ကြောင်းကို ပြလျက်ရှိချေသည်၊ ယခု ရှင်ဒိဗ္ဗ ဆရာဖြစ်သူ အရှင်ဂန္ဓာဘိ-သူရသည် လဇ္ဇိပေသလ သိက္ခာကာမ ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ် ဖြစ်ကြောင်းနှင့် ကျော်စောထင်ရှားသည် ဖြစ်၍ ငါနား ကြားသိရသည်၊ ဤကဲ့သို့ ဆရာမွန်ဆရာမြတ်တို့ကို ကဲ့ရဲ့ရှုတ်ချခြင်းသည်ကား စင်စစ် အနိဋ္ဌဖလ ဝိပါကတရားဖြစ်သည်၊ အလဇ္ဇိပုဂ္ဂိုလ် ဆရာကိုသော်လည်း ဖဲကြဉ် ရှောင်ခွါသင့်ကြောင်းကိုသာ ကျမ်းဂန်များ၌ဆိုသည်၊ ထိုအလဇ္ဇိပုဂ္ဂိုလ်အား ပဒုဋ္ဌစိတ်ဖြင့် မကဲ့ရဲ့အပ်

ချေ၊ အကယ်၍ သီလဝိပ္ပတ္တိ အာစာရဝိပ္ပတ္တိ ရှိလျှင်းမူလည်း မေတ္တာစိတ်ဖြင့်သာ စောဒနာသင့်ချေသည်၊ လောကကြောင်းအားဖြင့်လည်း မိဘ ဆရာသမားတို့အား မရိုမသေ မလေးမခန့် ပြစ်မှားသသူကို ရာဇဝတ် မင်းဒဏ်သင့်စေ၊ ဓမ္မသတ် ကျမ်းဂန် ပြလျက်ရှိ ချေသည်၊ ယခု ရဟန်း ရှင်ဒီပမှာ ကာလမြင့်ရှည်စွာ ဆရာသမား သံဃာတို့အား မဟုတ်မမှန် အာရာမ်မြေနှင့်စပ်၍ စွပ်စွဲ ပြောဆိုပြီးလျှင် ဆရာ, သံဃာတို့အား ညှဉ်းဆဲကလူ မှုသသူ ဖြစ်သည်၊ တလုပ်မြို့နယ် အတွင်းမှာ မနေစေနှင့်၊ တလုပ်မြို့နယ် အတွင်းက ထုတ်၊ မိမိပြုအပ်သော အကုသိုလ်မှ ပျောက်ပစေခြင်းငှါ ဂိုဏ်းသံဃာတို့အား ကန်တော့၍ သံဃာတို့က သည်းခံမှ ၎င်းဂိုဏ်းမှာ ဝင်နေစေ၊ အာရာမ်ယာမြေနှင့်စပ်၍ ဖြစ်သော အမိကရုဏ်းမှာ ဝိနည်း ဓမ္မကံအားဖြင့် ၎င်းအာရာမ်အတွင်း သီတင်းသုံးနေသော ရှင်ဂန္ဓာဘိသူရ, ရှင်ပဒုမတို့က ရသင့်သည် အတိုင်း ဝိနည်းဓမ္မကံ ကျမ်းဂန်အလာကို ထင်ရှားစွာပြ၍ တိုက်တော်အတွင်း အာရာမ်တံဆိပ်တော်ရ ဆရာတော်တို့က အသေအချာ ဖြတ်တမ်း ဖြတ်စာ တင်၍ စီရင် ဆုံးဖြတ်ကြစေ။

သက္ကရာဇ် ၁၂၁၆-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄—ရက်နေ့ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၁၉) ပြောင်းပြာရွာကျောင်းနေ ရဟန်း၊ရှင်ပဒုမ, ရှင်ဒီပတို့ အာရာမ်မြေနှင့် စပ်၍ ဝိဝါဒ ဖြစ်ကြသည့် အမှုမှာ-

ဘုန်းတော်ကြီး၍ သက်တော်ရှည်သော ဆရာတော်ဘုရားကြီးက ၎င်းအမှုကို တိုက်တော် အာရာမ်အတွင်း တံဆိပ်တော်ရ ဆရာတော်တို့နှင့် တကွသံဃာတို့က ဝိနည်းဓမ္မကံနှင့်အညီ စီရင်ဆုံးဖြတ်ကြစေ၊ အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ကြရသည့်အတိုင်း ရှေးဦးစွာ အမှုသည် ရဟန်းတို့ကို စစ်ဆေးမေးမြန်းလျှင် ရဟန်း ရှင်ဒီပက ဘိုးဘွားတို့ ပိုင်ဆိုင်သည့် အာရာမ်မြေကို ဂိုဏ်းထောက်ဆရာ ရှင်ဇာနိန္ဒာသဘအား အလှူခံပုဂ္ဂိုလ် တသက်လျှာ တာဝကာလိက အခိုက်အတန့် ကျောင်းဆောက်၍ နေထိုင်တော်မူပါတော့ဟု လှူဒါန်းပါသည်ကို ၎င်း ဂိုဏ်းထောက်ဆရာ ရှင်ဇာနိန္ဒာသဘ-သေ၊ အမွေခံ ဂရုဘဏ် လဟုဘဏ် ပစ္စည်းရပ်များကို ဆက်လက် သိမ်းယူသသူ ရှင်ဂန္ဓာဘိသူရက မပေးမအပ် အနိုင်အပိုင် အစိုးတရ နေထိုင်သည်ကို ခံနေရကြောင်းနှင့် လျှောက်ထားချက်ရှိသည်။

၎င်း ရှင်ဂန္ဓာဘိသူရနှင့် တပည့်ဖြစ်သူ ရှင်ပဒုမ တို့ကလည်း ပြောင်းပြာရွာနေ တကာမ မိမိုင်းဖြူက အမွေခံ သားသမီးများကို ပန်ကြား၍ ဂိုဏ်း

ထောက်ဆရာ ရှင်ဇမ္ဗုဒ္ဓသဘအား မူလဆွဲအဖြစ်ဖြင့် လှူဒါန်းပါသည်၊ ၎င်း ဂိုဏ်းထောက်ဆရာ ရှင်ဇမ္ဗုဒ္ဓသဘ-သေ၊ အမွေဥစ္စာ ဂရာဘဏ် လဟုဘဏ် ပစ္စည်းရပ်များကို စာတမ်းစာချုပ် အသေအချာနှင့် ရွာကိုင်းဆရာ ရှင် ဂန္ဓာဘိသူရ-အား ဝိနည်းဓမ္မကံနှင့် အညီ သုဒိန္န သုဂဟိတမြောက်အောင် ဆောက်နှင်းပေးအပ်ခဲ့ပါသည်၊ ရွာကိုင်းဆရာကလည်း တပည့်တော် ရှင် ပဒုမ-အား တပည့်ဖြစ်သည်နှင့် ဒြီးမြောက်ပါသည်ကို မိဗိုင်းဖြူ ,မြေး ရဟန်း ရှင်ဒီပ-က အမွေစားတို့ထံ အလှူခံပြီးဖြစ်သည်၊ ရှေးလှူစဉ် ကာလ ကလည်း တသက်လျှာသာ လှူသည်ဟု ပြောဆိုမွေနှောက်လျှင် ဝိဝါဒ အဓိကရုဏ်းမှ ကင်းပြတ်စိမ့်သောငှါ သွေးသောက်ကြီး ကြော-က အမွေစားတို့ထံ ဝယ်ယူ ပြီးလျှင် ထပ်မံ၍ လှူဒါန်းပြန်ကြောင်းကို ထွက်ဆိုချက် ရှိသည်။

၎င်း အဆိုနှစ်ပြင်ကို ဆင်ခြင်စာနာသော် အကယ်၍ ရဟန်း ရှင်ဒီပ အဆို အတိုင်း အလှူခံပုဂ္ဂိုလ် တသက်လျှာ တာဝတာလိက လှူသည်မှန်သော် အလှူ ခံ ပုဂ္ဂိုလ် ဂိုဏ်းထောက်ဆရာ ရှင်ဇမ္ဗုဒ္ဓသဘ သေလွန်သည့် နောက် ကာလ အရှည်အလျား မိဗိုင်းဖြူ၊ ၎င်းသေ အမွေခံ သား, သွီးတို့ တသန္တာန် တောင်းခံ လျှောက်ထားရာလျက် မတောင်းမခံ မလျှောက်မထား၊ ယခု မြေး ရှင်ဒီပ တွင်မှ တောင်းခံ လျှောက်ထားခြင်းသည် ဓမ္မသတ်ကြောင်းအားဖြင့် အမွေမျော၍ ပပျောက် ဆုံးရှုံးရာသည်၊ ဆုံးရှုံးရာသော်လည်း လောကီ ကြောင်းသာဖြစ်၍ ဓမ္မကံကြောင်းအားဖြင့် ဆင်ခြင်သော် ထာဝရကံ ကျောင်း ဆောက်ရန် မြေကို တာဝကာလိက အခိုက်အတန့် လှူသည်ဆိုသည်လည်း လှူသူဒါယိကာမ မိဗိုင်းဖြူသည် ကျောင်း ဟူသော ထာဝရကံ၏လည်း ဤရွေ ဤမျှ ကာလ အခွန့်ရှည်၍ တည်အံ့သော အကြောင်းကို မသိမရှိတန်ရာ၊ သိလျှင်လည်း ထာဝရကံ ကျောင်းဆောက်၍ နေတော်မူပါတော့ဟု မြေကို တာဝကာလိက မလှူဒါန်းရာ၊ အကယ်၍ တာဝကာလိက လှူငြားအံ့၊ အလှူခံ ပုဂ္ဂိုလ် ဂိုဏ်းထောက်ဆရာ ရှင်ဇမ္ဗုဒ္ဓသဘ သေလွန်လျှင် မိဗိုင်းဖြူ ၎င်းသား, သွီးတို့ တောင်းယူရာသည်၊အကယ်၍ တာဝကာလိက လှူသည်မှန်လင့်ကစား နောင် ဝိဝါဒဖြစ်ကြ၍ သွေးသောက်ကြီး ကြော က ဆိုင်ဝိုင်သူ အမွေစားတို့ ထံ တန်ဘိုးပေး၍ ဝယ်ယူသည် ကာလ ရဟန်း ရှင်ဒီပ-က အမွေစားတို့ထံ အလှူခံပြီးဖြစ်လျှင် အမွေစားတို့ မရောင်းသင့်၊ မရောင်းသင့်ပဲလျက် ရောင်း ငြားသော်လည်း ရှင်ဒီပ-က တားဆီးကန့်ကွက်ရာသည်၊အစိုးရ သွေးသောက် ကြီးက အနိုင်အပိုင် ရောင်းရမည် ဆို၍ ကြောက်သောကြောင့် ခဏခေတ္တ ရောင်းချကြဦးတော့ဟု အခွင့်ပေးလိုက်ပါသည်ဟု ရှင်ဒီပ-က အဆိုရှိသော်

လည်း တရားဘောင်သို့ သက်ဝင်သော စကားမဟုတ်ရကား ဝိနည်းမိုရ် ခံသမတ်တို့ မမှတ်ယူသာချေ၊ "သံကို ကြွက်စား၊ သားကို စွန်ချီ" ဆိုသော စကားကဲ့သို့ မုခါရုဠ စကားသာ ဖြစ်သည်၊ အကယ်၍ ရှေးအထက်က တသက်လျှာသာ တာဝကာလိက အခိုက်အတန့် လှူသည်ဖြစ်စေ၊ နောင် ဝိဝါဒဖြစ်ကြ၍ ၎င်း ဝိဝါဒကို ကင်းပြတ်စေခြင်းငှါ သွေးသောက်ကြီး ကြောက အမွေစားတို့ထံ တန်ဘိုးကိုပေး၍ ဝယ်ယူပြီးလျှင် ထပ်မံ၍ အရှင် ဂန္ဓာဘိသူရအား လှူပြန်သောကြောင့် အလှူခံပုဂ္ဂိုလ် ရှင်ဂန္ဓာဘိသူရ ပင် ပိုင်သည်၊ ပိုင်သည်နှင့်တပည့် ရှင်ပဒုမ အား ဆောက်နှင်းသည့်အတိုင်း ရှင်ပဒုမ ၎င်း အာရာမ်မြေဥယျာဉ် သစ်ပင်များကို သိမ်းယူ နေထိုင်စေ။

သက္ကရာဇ် ၁၂၁၆–ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄–ရက်နေ့ တိုက်တော် ဆရာတော်, သံဃာတော်တို့ စီရင်ဆုံးဖြတ်ချက်။

(၂၀) ဦးဝိဇယဗုဒ္ဓိ မေတ္တာရပ်ခံပါသည် တကာတော်....၊

ကျွန်ုပ်ကို သာသနာတော်တွင်းသို့ သွတ်သွင်းချီးမြှောက်သူ ပဉ္စာလ မြို့စားဟောင်း ဝန်တော်အိမ်သို့ တကာ ဆရာဖြစ်၍ ပင့်ဘိတ်သွားရာ ကျွန်ုပ်ကို မှုပြစ်ခရှိ မဆိုင်သူ အမိန့်တော်ရေး စေ–က လမ်းခရီး၌ တောက်တီး၍ သည် ရဟန်းရှူးကို ဘမ်းဆီး ရိက်ပုတ် ထောင်းသတ် မွေ့ရမ်း ဆွဲငင် နှင်ထုတ်ရမည်၊ အဓိန့်လေ်ရေး စေ–က စေခိုင်းသောကြောင့် ချမ်းသာ, ရေစ်, ဖေစိတို့နှင့် လူအများ ဝန်းဝိုင်းစေပြီးလျှင် မိတိုင် ဘာလဲ ဆဲရေးတိုင်းထွာ၍ လက်ရောက်လက်ပါ အနာအကျင်ပြုကျင့်သည်၊ သည်သာမက မိုခိုကျိန်းအောင်း ဆည်းကပ် နေထိုင်သည့် ဥပဇ္ဈာယ်ပြုသူ ဆရာများ ကျောင်းတိုက်သို့လည်း အမိန့်တော်ရေး စေ ကျိုးယုတ်ရှက်ကွဲ သွားပုပ် လေလွင့် သွားလာ လျှောက်ထားပြောဆိုသည်များကို ခံနေရပါသည်၊ အမိန့်တော်ရေး စေ–က ၎င်းအပြစ်များကို ဆွေမျိုးတစုဝိုင်းအုံတောင်းပန် ကန်တော့လိုကြောင်းနှင့် ကျွန်ုပ်ထံ ပြောလျှောက် စေလွှတ်ရာ ကျွန်ုပ်က ရေစကြို တရားသူကြီး စီရင်ထုံး ရှိသည့်အတိုင်း တဆယ့်နှစ်ဌာန စေ့နှံ့အောင်သာ တောင်းပန် ကန်တော့ပါတော့သည်းခံစိတ် ပြေပါမည် ပြောလိုက်သည့်စကား, ဥပဇ္ဈာယ် ဆရာနှင့် တကာများတို့ ပြောကြသည့် စကားများကို မရိုမသေ လူမမှတ်သောကြောင့် ယနေ့ထက်တိုင် စေ နေ့ရှည်သွား၍ မတောင်းပန် မကန်တော့ဘဲ နေပါသည်၊အမိန့်တော်ရေး စေ ကဲ့သို့ အမိန့်တော် အာဏာကို မထောက် မကြောက်၊ရဟန်းသံဃာတော်များကို မဟုတ် မတရား လျှောက်ထားပြောဆို ပြုကျင့်သည်ဖြစ်၍ ရဟန်းသံဃာတို့ သာသနာတော်မြတ်ကို ထမ်းဆောင်နိုင်တော့မည်

မဟုတ်ပါ၍ မေတ္တာရပ်ခံပါသည့် တကာတော်၊ အရှင် ဝိဇယဗုဒ္ဓိက လွှတ်တော် ဝန်ကြီးများထံ မေတ္တာရပ်ခံပါသည့် မေတ္တာစာ။

လွှတ်တော်ဝန်ကြီးများက ဆရာတော်ဘုရားကြီးထံ လျှောက်ထားအပ်လှာသည့် မြစ်ငွေ့မိဖုရား သမီးတော်က ဥပသမ္ပဒအဖြစ်ဖြင့် ခြီးမြှင့်၍ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့သည့် ရဟန်းရှင်ဝိဇယဗုဒ္ဓိသည် ဒါယကာတို့က မထောက် မအားသည်အခိုက် ဖြစ်၍ ဆွမ်း, သင်္ကန်း မထောက်ပံ့သည်ကို အကြောင်းပြု၍ ရဟန်းတို့ အကျင့်နှင့်မညီ ကသောင်းကနင်း ပြောဆို ရေရွတ် မောင်းမဲကြောင်းနှင့် ဒါယကာတို့က လျှောက်ထားချက် ရှိသည်၊ရဟန်းရှင်ဝိဇယဗုဒ္ဓိ ကလည်း ဒါယကာတို့သည် သံသရာဘေးကို မတွေးမထောက် မကြောက်မလန့် ကဲ့ရဲ့ဆဲရေး ရေရွတ်ပါသည်၊ တွန်းထိုး ပုတ်ခတ်၍ အိမ်မှ နှင်ထုတ်ပါသည် လျှောက်ထားချက် ရှိသည်၊ ၎င်း ဆင်ခြေ နှစ်ပြင်ကို ပညာစက္ခုဖြင့် ကြည့်ရှုဆင်ခြင်သော် ရဟန်း ရှင်ဝိဇယဗုဒ္ဓိသည် ရဟန်းတန်လျက်နှင့် ရဟန်းတို့ အမူအရာ မဟုတ်၊ ဘုရား စက်ဆုပ်တော်မူသော အသာဓုကကမ္မ ပဒုဋ္ဌဒေါသ လုဒ္ဒါစာရအမှုကို မြတ်စွာဘုရား အာဏာတော် အဆုံးအမ၌ မတည်၊ လွန်ကျူး၍ ပြုကျင့် ဟောရမ်း သော့သွမ်းခြင်းကြောင့် ဒါယကာတို့ ကဲ့ရဲ့ဆဲရေး ရေရွတ်ခြင်းကို ခံရလေသည်၊ ဤကဲ့သို့ ရဟန်းတန်လျက်နှင့် ရဟန်းတို့ အမူအရာမဟုတ်၊ ဘုရား စက်ဆုပ်တော်မူသော အသာဓုကကမ္မ ပဒုဋ္ဌ ဒေါသ လုဒ္ဒါစာရအမှုကို ပြုကျင့်ခြင်းကြောင့် ဆဲရေးရေရွတ်ခြင်းကို ခံရလေသည်ကား ရဟန်းရှင်ဝိဇယဗုဒ္ဓိသာ မဟုတ်။

ငါတို့ ဘုရားအလောင်း ဖွတ်မင်း ဖြစ်စဉ် ကာလကလည်း ရသေ့စဉ်းလဲ တဦးသည် ထူးမြတ်သော အရသာရှိသော ဖွတ်သား ဟင်းလျာကို ဆွမ်းခံရာမှ ရခဲ့၍ စားသောက်မိလျှင် ရသ တဏှာသည် မီးပုံယမ်းကျ ဆိုသကဲ့သို့ အလွန်နှိပ်စက်အပ်သည်ဖြစ်၍ ကြည်ညိုလေးမြတ်သဖြင့် အခါမပြတ် မှီဝဲဆည်းကပ်နေကျဖြစ်သော ဖွတ်မင်းကို ဟင်းလျာ ချက်ပြုတ်၍ ပရဘုတ်အံ့သောငှါ ခြီအပ်သော သင်္ကန်း၏အကြား၌ ဝှက်ထားအပ်သော ဆောက်ပုတ်ဖြင့် ခစားရာမှ ထ၍ သွားသောအခါတွင် ပစ်လွှတ်လိုက်သဖြင့် လှီးလွဲ ချော်ချွတ်၍ မမှန်လျှင် ပြန်၍ ဖွတ်မင်းက ကြည့်ရှုသော် ဒုကမ္မကာရီ မညီမညွတ်သော ကိုယ် အမူအရာ နှုတ်အမူအရာနှင့် ပြင်သာချော၍ အတွင်းဆန်းသော ရေသဖန်းသီးကဲ့သို့ ထို ရှင်ရသေ့၏ အကြောင်းကို သိလေလျှင် အသူတရာ နက်လှစွာသော တောင်ပို့က နေ၍-

"ကိံ တေ ဒုမ္မခ" စသောဂါထာပါ၌တို့ဖြင့် ဟယ်ရသေ့မိုက် နင်ကဲ့သို့သော သူယုတ်မာ၌ ဖန်ဝါရည်စွန်းလျက် သက်တင်ရန်းကဲ့သို့သော သက်န်းကို ဝတ်ရုံစံပယ်သဖြင့် အဘယ်မူ စအံ့နည်း၊ ရှေးအခါက ငါတမူကား သူခတ်ကောင်း ထင်မှတ်၍ ဆည်းကပ်မိသည်၊ ဤသည့်ကာလမှ နောက်ကို သက်ပျောက်၍ ခန္ဓာဆုံးသည်တိုင်အောင် နင်၏ထံပါးသို့ ငါကား မလာပြီဟု ဘန္တိဘန္တာ ရေရွတ်၍ တောင်ပို့တွင်းသို့ ဝင်လေကြောင်းကို စတုက္ကနိပါတ် ဂေါဓဇာတ်၌ လာလျက်ရှိသည်။

ဤလောက၌ မိဘတို့စကားကို မနာမယူချေလျှင် ပစ္စက္ခဘဝ၌လည်း အကျိုးစီးပွား ဆုတ်ယုတ်ပျက်စီးခြင်းသည်ကား အနိဋ္ဌဖလ ဝိပါကဖြစ်သော အကုသိုလ်တရား၏ အကျိုးပေးခြင်း သဘောတံတွာ ဓမ္မတာပင်ဟု မှတ်အပ်သည်။

ရှေးသရောအခါ ဗာရာဏသီ ပြည်မြတ်ဝယ် ပြဟ္မဒတ်မင်း မင်းမူစဉ် စည်တီးသမား သားအဘနှစ်ယောက်တို့သည် အခစားစည်တီး၍ ပြန်လည်ခဲ့ရာ စောရကန္တာရ ခရီး၌ ဆောင်ယူခဲ့သော အိမ့်ရှင် စည်ကြီးကို မတီး မဆော်လင့်ဟု အဘဖြစ်သူက တားမြစ်ပါလျက် အာဏာမတည် တီးဆော်ခြင်းကြောင့် စည်တီး၍ရခဲ့သော အသပြာကို ခိုးသူတို့ လုယက်၍ ပျက်စီးဘူးလေသည်။

ခရုသင်းမှုတ်သော သားအဘ၌လည်း ဤနည်းအတူပင် အဘစကားကို မနာမယူခြင်းကြောင့် ခရုသင်းမှုတ်၍ ရခဲ့သော အသပြာကို ခိုးသူတို့ လုယက်၍ ပျက်စီးဘူးလေသည်။

ဂိဇ္ဈဇာတ်၌လည်း အဘ လင်းတငှက်၏ စကားကို မနာမယူ၊ ကောင်းကင် ခရီး၌ ကျက်စားချက်လွန်၍ ဝေရမ္ဘလေတွင် ကြေမွပြုန်းတီး ပျက်စီးဘူးလေသည်။

ဖွတ်ခင်း ဇာတ်၌လည်း အဘဖြစ်သူ ဖွတ်မင်း၏ စကားကို မနာမယူ ပုတ်သင်နှင့် ပေါင်းဖော်၍ မုဆိုး လက်တွင်းဝယ် သေခြင်းသို့ ရောက်ဘူးလေသည်။

ယခု ရဟန်းရှင်ဝိဇယဗုဒ္ဓိမှာလည်း လူသုံးပါးတို့၏ မိဘသဖွယ် ဖြစ်တော်မူသော ဘုရားသခင်၏ အာဏာတော် အဆုံးအမ၌ မတည်၊ ပြုလိုရာ ပြုသောကြောင့် ကဲ့ရဲ့ ရေရွတ်ခြင်းကို ခံရလေသည်၊ ရဟန်းပြု၍ ပစ္စယဒါယကာ အဖြစ်ဖြင့် ဒြီးဓမြာက် ထောက်ပံ့ပါမည်ဟု လျှောက်ထားပြီးမှ မထောက်မအားခိုက် ဖြစ်၍ မပေးမကမ်း မလှူဒါန်းပဲ နေသည်မှာ ပေးလှူ

ပါမည် ဝန်ခံပြီးမှ မပေးမလှူနေလျှင် ပေးလှူစေ, အနိုင်အပိုင် တောင်းယူစေဟု ဝိနည်းကျမ်းဂန် ဓမ္မကံအားဖြင့် ဘုရားသခင် ပညတ်တော် မလာမရှိချေ၊ ဓမ္မသတ် လောကီကြောင်းအားဖြင့်လည်း ပေးမည် ဝန်ခံလျှင် ဝန်ခံတိုင်း ပေးစေ၊ မပေးနေလျှင် မည်ကဲ့သို့ အပြစ်ဒေါသ တင်စေဟု မလာမရှိချေ။

ပေးခြင်းခြောက်ပါးကို ဝေဘန်ရာ ဓမ္မသတ် ကျမ်းများ၌ကား ပေးပြီးမှ တုံ့ပြန်ကောင်း တောင်းပြန်သင့် မတောင်းပြန်သင့် အဆုံးအဖြတ်သာ လာရှိချေသည်၊ ပေးလှူပါမည် ဝန်ခံပြီးမှ မထောက်ခအားခိုက် ဖြစ်၍ မပေးမလှူနေရာ၌ ဓမ္မကံကြောင်း လောကီကြောင်း နှစ်ပါးအားဖြင့်ပင် အနုမြူတလုံးခန့်မျှ အပြစ် မတင်သာချေ၊တောင်းသူမှာသာ တောင်းခါမရ သီလညစ်နွမ်း၍ ရဟန်းတို့ရာခြွေသော ပျက်စီးရလေသည်။

လောကီပမာအားဖြင့် ဆိုသော် ကြီးစွာသော ရှားပင်ခေါင်း၌ ဖွတ်တခု ဝင်သည်ကို မြင်လှာသဖြင့် ရသာရုံ၌ တပ်မက်မောရကား တောသွား မုဆိုးတို့၏ ဓမ္မတာ ဆောင်ယူခဲ့သော ထားဖြင့် ထိုရှားပင်၏အခေါင်းကို ဖေါက်ထွင်း ခုတ်ဖြတ်လေလျှင် ခုတ်ဖြတ်သော ရှားပင်မှာ အရာမထင်ပဲ ခုတ်ဖြတ်တိုင်း ခုတ်ဖြတ်တိုင်း မိမိထား၌ အသွားပဲ့သည်ကို မမြင်သော တောသွားမုဆိုးကဲ့သို့ ရဟန်း ရှင်ဝိဇယဗုဒ္ဓိမှာလည်း ပစ္စည်း လေးပါး၌ ရမ္မက်စွဲကပ်သဖြင့် မရပ်မနား အနိုင်အပိုင် တောင်းငြားသော်လည်း တစုံတခုကိုမျှ မရသဖြင့် တောင်းရာမထင်ပဲ တောင်းတိုင်း တောင်းတိုင်း မိမိ၏ သီလ တည်းဟူသော ထား၌ အသွားပဲ့သည်ကို မရှုမငဲ့သဖြင့် ကဲ့ရဲ့ရှုတ်ချအပ်သည်၏ အဖြစ်သို့ ရောက်လေသည်။

ရဟန်း ရှင်ဝိဇယဗုဒ္ဓိက ဒါယကာတို့သည် ဖမ်းဆီးဆွဲငင်၍ နှင်ထုတ်ကြောင်းနှင့် လျှောက်ထားချက် ရှိသည်မှာ ဒါယကာတို့သည်–

ဘုဇင်္ဂမံ ပါဝကဉ္စ၊ ခတ္တိယဉ္စ ယသဿိနံ၊
ဘိက္ခုဉ္စ သီလသမ္ပန္နံ၊ သမ္မဒေဝ သမာစရေ။

ဟူသော ကောသလ သံယုတ်ပါဠိ လာရှိသည်နှင့်အညီ ငယ်သည်ဟူ၍ မထိမ့်မမူအပ်သော မြွေ, မီး, မင်း, ရဟန်းတို့တွင် အဝင်အပါ ရဟန်းဖြစ်သူတို့အား ကဲ့ရဲ့ရှုတ်လျှင် အလာဘာယ ပရိသက္ကန၊ အနတ္ထာယ ပရိသက္ကန၊ အနာဝါသာယ ပရိသက္ကန-အစရှိသော ပတ္တနိက္ကုဇ္ဇနကံ ပြုရသော အကြောင်း

ရှစ်ပါးတွင် တပါးပါးဖြင့် ပတ္တုက္ကဋ္ဌနကံကို ပြုထိုက်၏ဟု ဝိနည်းအဋ္ဌကထာများ၌ လာသော်လည်း ယခု ဒါယကာတို့က မကဲ့ရဲ့ မရေရွတ်ရပါ အမှန်ရှေ့ဘော်တွင် ဆိုပါမည်ဟု ရဲတင်းသံတင်းလျက် လျှောက်ထားချေရကား ကောင်းကင် လက်ဝှေ့သတ် ဆိုသကဲ့သို့ ဝတ္ထုမရှိပဲ ပတ္တုက္ကဋ္ဌနကံကို မပြုသင့်ပြီ၊ လောကကြောင်းအားဖြင့်ကား ယုတ်သောသူက မြတ်သောသူကို ဆဲရေးရေရွတ်လျှင် ပါးနား ရိုက်နှက်ပိုင်စေ ဆိုသော်လည်း မဆဲရေးရပါ အမှန်ဆိုနိုင်ချေရကား ပါးနားရိုက်၍ အထိုက်အလိုက် မဆုံးမ သင့်ပြီ၊ ရဟန်းရှင်ဝိဇယဗုဒ္ဓိမှာ ရဟန်းတို့နှင့် မတန် လွတ်ရုံးသွား၍ လူတို့ကဲ့သို့ ပြောဆိုလိုရာ ပြောဆိုသောသူ ဖြစ်သည်၊ ရွှေမြို့တော်နှင့်တကွ စစ်ကိုင်း,အဝမှာ မနေစေနှင့် ဝတ်မြေဝန်က နှင်ထုတ်။

သက္ကရာဇ် ၁၂၁၆-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁-ရက်နေ့ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၂၁) ဘုရားတပည့်တော် ကုန်သည် ငရွှေခို ခြေတော်ဦးခိုက် နားတော် လျှောက်ပါသည် ဘုရား။

ကုန်သည်ဘာဝ သူတထူးအထည်အလိပ် ပစ္စည်းဥစ္စာရစ်များကို ယူငင်၍ ကူးသန်းရောင်းဝယ် သွားရာ ဗြိတရေဘ်ရွာ တောရကျောင်းတိုက်နေ ဦးစန္ဒ တပည့် ငထွန်းဆိုသူကို ဘုရားတပည့်တော်က ကုန်ထမ်းခေါ်သွားရာ လမ်းခရီးတွင် ငထွန်း မပြောင့်၍ ပိုးပုဆိုး, ပိုးထဘီ,ငွေနား အလေးများကို ဖါနှင့်တကွ ခိုးယူ ထွက်သွားသောကြောင့် စုံစမ်းလိုက်လံရှာဖွေရာ ဗြိတရေဘ်ရွာ တောရကျောင်းနေ ငထွန်းဆရာ ဦးစန္ဒနှင့် တွေ့၍ ငထွန်းလာသည်လော လျှောက်ခမေးရာ ဦးစန္ဒက ငါ့ထံ ငထွန်းလာရောက်၍ ငထွန်းတွင် ပါသည့် အထည်အလိပ် ငွေနား အလေးများကို ပြသရာ နင်မည်သည်က ရခဲ့သနည်းမေးလျှင် ငထွန်းက တပည့်တော် အိမ်ကြီးတအိမ်တွင် ညဉ့်အချိန်မဲ့ကို တက်၍ ခိုးယူခဲ့သည့် ပစ္စည်းဥစ္စာဖြစ်ပါသည် ပြောဆို၍ ၎င်းတွင်ပါသည့် အထည်အစ် ပိုးပုဆိုး ပိုးထဘီ ငွေနား-၄၊ ဖါ-၁ များကို ငါယူ၍ ထားလိုက်သည် ပြောဆိုသောကြောင့် ဦးပဥ္စင်းထံ ရှိသည်ဆိုသည့် အထည်အလိပ် ဖါများသည် တပည့်တော် အထည်အလိပ် ဖြစ်ပါသည် ပြောဆိုလျှောက်တောင်းရာ မပေးမရပါ၊ ငထွန်းနှင့်စုံညီမှ ပေးမည်ပြောဆိုရှိ၍ မှန်ရာကို ဦးထိပ်ရွက်ဆင်ပါရမည့်အကြောင်းကို ရှိခိုးနားတော် လျှောက်ပါသည်ဘုရား။

ပြဲတရော်ရွာ တောရကျောင်းနေ ရှင်စန္ဒ ရှိခိုး အသနားတော်မြတ် ခံပါသည်ဘုရား....၊

ဘုရားတပည့်တော်ထံ ငထွန်းဆိုသူ ဒါယကာတယောက်သည် လူတို့နှင့် စပ်သောအဝတ်ပုဆိုးများကို အပ်ထားပါရစေ လျှောက်လျှင် ရဟန်းတို့နှင့် မအပ်၍ အထပ်ထပ် ပယ်ပါသည်ကို အတင်းပစ်သွား၍ ဝတ္တရားနှင့်အညီ သိမ်းထားပါသည်ကို အရာမ်ပိုင် မြို့ဝန်မြို့ထိန်းတို့က မူလမမှန်သော ပစ္စည်း ဖြစ်သည်၊ ပေးအပ်ရမည် အတင်း တောင်းသောကြောင့် ဝိနည်းတော်လာရာ မှန်ကန်စွာ မသိနိုင်ပါ၍ မှန်ကန်စွာဖြစ်ပါရမည် အကြောင်းကို ရှိခိုးအသနား တော်မြတ် ခံပါသည်ဘုရား။

ရွှေမြို့တော် မြို့တွင်းနေ ကုန်သည် ငခိုဆိုသူတို့၏ အထည်အလိပ် ကြေး ငွေများကို အိမ်တွင်ငှါးရမ်း၍ စေခိုင်းသည့် ငထွန်းဆိုသူသည် ခိုးယူသွား ပြီးလျှင် ပြဲတရော်ရွာ တောရ သီတင်းသုံးနေသည့် ရဟန်းရှင်စန္ဒထံ အထည် အလိပ် အချို့အဝတ်များကို အပ်နှံခဲ့၍ ပစ္စည်းရှင် ငခိုသိလျှင် ရဟန်း ရှင်စန္ဒ ထံ တောင်းခံရာ ရဟန်းရှင်စန္ဒကလည်း ဝိနည်းအရာဖြစ်၍ ဝိနည်းမိုရ်ပုဂ္ဂိုလ် တို့ထံ စောဒနာ၍ ပေးသင့်လျှင် ပေးမည်၊ မပေးသင့်လျှင် မပေးနေမည် ပြော ဆိုသဖြင့် အမှုမပြီမ်း လျှောက်ထား ပြောဆို လာကြသည်မှာ အအပ်အနှံခံသူ ရဟန်း ရှင်စန္ဒမှာ လောကကြောင်း ဓမ္မသတ်ကျမ်း မနုဆရာတို့ အလိုနှင့် ညှိနှိုင်းသော်-

"မူလေ ဒိဋ္ဌေ ဓနဂ္ဂါတော၊ စောရဒဏ္ဍာယ နမုဉ္စေ" ဟူ၍ မနုသာရ ရွှေမျဉ်း ဓမ္မသတ်ကျမ်း၌ သူခိုးလက်မှ ဝယ်၍ရသော ပစ္စည်းဘဏ္ဍာ ဥစ္စာ ခမ်းနား ကျွဲ နွား, မြင်း, ဆင်ကို ဥစ္စာရှင်တွေ့ချေ၍ ရောင်းလာသသူ သူခိုးကို လက်ညှိုးညွှန်ကာ မပြနိုင်လျှင် ထိုဝယ်သသူပင် ခိုးသူဖြစ်၍ ခိုးပြစ်ဒဏ်မှ မလွတ်ရာ ဆိုသောကြောင့် ရဟန်းရှင်စန္ဒမှာ အအပ်အနှံခံ၍ သိမ်းထားသည် ဖြစ်စေ, ဝယ်ယူ၍ သိမ်းထားသည်ဖြစ်စေ သူခိုးကို မအပ်နိုင်လျှင် ခိုးပြစ် ဒဏ်မှ မလွတ်သာချေ။

ရှေးသရောအခါ ကြို့ပင်ကြီး၏ အနီးအပါးတွင် တည်ထောင် ဖန်ဆင်း သောကြောင့် ကောသမ္ဗီမည်သော, တနည်း- ကြို့ပင်အများ ပေါက်ရောက် ရာ ဖြစ်သောကြောင့် ကောသမ္ဗီမည်သော, တနည်း ကောသမ္ဗက မည်သော ရှင်ရသေ့၏ ပျော်မွေ့ကိန်းအောင်းသော ကျောင်းသင်္ခမ်းရာတွင် တည်ထောင် ဖန်ဆင်းသောကြောင့် ကောသမ္ဗီမည်သော, တနည်း ခါဒထ, ဗိဝထ-စသော မြို့၏ အသံဆယ်ပါးဖြင့် မြေကြီး ဖိန့်ဖိန့် သိမ့်လုဘနန်းမျှ ရှိသောကြောင့်

ကောသမ္ဗီမည်သော ရာဇဌာနီ မင်းနေပြည်ကြီး၌ ကောသမ္ဗကမင်း လက်ထက် သူလျှောင်, သူပျက်, သူဝှက်, သူခိုးတို့သည် ညည့်အချိန်အခါ၌ သူတထူးတို့၏ ဥစ္စာကို ခိုးယူပြီးလျှင် ဥစ္စာရှင်တို့ လိုက်လံဖမ်းဆီးကြသဖြင့် သုသာန်တစအရပ်၌ မဏ္ဍပျရှင်ရသေ့၏ အနီးအပါးတွင် ချထားပစ်စွန့် ပြေးသွားကြလေသော် ဥစ္စာရှင်တို့သည် ဥစ္စာထုပ်နှင့်တကွ ဥစ္စာထုပ်၏ အနီးအပါးတွင် ရှင်ရသေ့ကို မြင်လေလျှင် အို အချင်းတို့....ဖန်ရည် စွန်းသော အဝတ်ကို ဝတ်ရုံလျက် သူတထူးတို့၏ ဘဏ္ဍာ ဥစ္စာများကို ခိုးဝှက်ယူဆောင် ခြင်းသည် မလျော်လေစွတကား ဟု အများထောင်းထု၍ ပြုအပ်သော ဒဏ် ကို ခံရဘူးလေသည်။

ထိုမှတပါး ဥတ္တရမထေရ်များလည်း ခိုးသားတို့ ဥစ္စာဘဏ္ဍာကို ချထား လာခြင်းကြောင့် အပြစ်များစွာ ရောက်ဘူးလေသည်၊ ဤကဲ့သို့သော အပြစ် တို့ကို အနန္တဝိသယ သဗ္ဗညုတ ဉာဏ်တော်ဖြင့် မြော်ခေါ်တော်မူပြီးလျှင် ငါ ဘုရား၏ တပည့်သားတော်များမှာ ဂိဟိသန္တကကို အန္တိမပရိက္ခေဒအားဖြင့် မပျက်ခစေလို၍ ထိုရဟန်းက ကောက်ယူ သိမ်းထားလေလျှင် ပုဏ္ဏားက တဖန် ပြန်လည်၍ ရှာဖွေကြည့်ရှုရာ ထိုရဟန်းက ပေးကမ်းသဖြင့် ရပြန်လေသော် သောက ယုံတမ်းအားဖြင့် ထက်ဝက်သော ဥစ္စာကို ထိုရဟန်းအား ပေးထိုက် သဖြင့် မပေးရအောင် ငါ၏ဥစ္စာကိုစင်လျက် ဤရဟန်းသည် ညစ်ညမ်းသော စိတ်ရမ္မက်ဖြင့် ဝှက်ထားပြီးလျှင် ငါးရာမျှကိုသာ ပေးလေသည်ဟု ထောင်းထု ရိုက်နှက်၍ သွားရာတွင် ဘုရားသခင် ရှေ့နားတော်ကြား၍-

"ယော ပန ဘိက္ခု ရတနံ ဝါ ရတနသမ္မတံ ဝါ ဥဂ္ဂဏှေယျ ဝါ ဥဂ္ဂဏှာပေ-ယျ ဝါ ပါစိတ္တိယံ" ဟူ၍ ပဌမမူလ ပညတ်ကို ထားတော်မူသည်။

ထို့နောင်တဖန် ဇေတဝန်ကျောင်းတော် အာရာမ်အတွင်း၌ ဝိသာခါ ဒါယိကာမ၏ ဝတ်ဆင်သော အဘိုးကိုးကုဋေ ထိုက်သော မဟာလတာ တန်းဆာကို နောက်ပါ အိမ်ကျွန်မသည် သတိလစ်၍ မေ့ကျန်ရစ်ရာ မြတ်စွာ ဘုရားသခင်အား ရဟန်းတို့ လျှောက်ထားသဖြင့် ကြားသိတော်မူလေလျှင် "တေန ဟိ ဘိက္ခဝေ ဥဂ္ဂဟေတွာ နိက္ခိပထ"ဟူ၍ ကရဝိက်ငှက်မင်း, ဗြဟ္မာ မင်းတို့၏ အသံကဲ့သို့ ချောင်လှစွာသော အသံတော်ဖြင့် မိန့်တော်မူပြီးလျှင်-

> အနုဇာနာမိ ဘိက္ခဝေ ရတနံ ဝါ ရတနသမ္မတံ ဝါ အဇ္ဈာရာမေ ဥဂ္ဂဟေတွာ ဝါ ဥဂ္ဂဟာပေတွာ ဝါ နိက္ခိပိတုံ ယဿ ဘဝိဿတိ၊ သော ဟရိဿတီတိ။

ဟူ၍ အနုညာတစကားဖြင့် ဟောကြား မြွက်ဟတော်မူပြီးလျှင်-

ယော ပန ဘိက္ခု ရတနံ ဝါ ရတနသမ္မတံ ဝါ အညတြ အဇ္ဈာရာမာ ဥဂ္ဂဏှေယျ ဝါ ဥဂ္ဂဏှာပေယျ ဝါ ပါစိတ္တိယံ။

ဟူ၍ နှစ်ကြိမ်မြောက် ပဌမအနုပညတ်ကို ထားတော်မူသည်။

ထို့နောင်တဖန် ကာသိတိုင်းမှာ အနာထပိဏ်သူဌေး၏ အမှုလုပ်ရာဝယ် ဒါယကာ တယောက်သည် ဝမ်းမြောက် ဝမ်းသာ သဒ္ဓါရှင်လန်းလျက် ရဟန်းတပါးအား ပင့်ဖိတ်၍ ဆွမ်းကျွေးပြီးလျှင် အဆောတလျှင် ရွှေငါးခင် ပြူအပ်သော အမှုရှိသဖြင့် ဆွမ်းကျွေးရာမှထ၍ သွားလေလျှင် ဆင်ဝတ်သော လက်စွပ်ကို မေ့ကျန်ရစ်သဖြင့် ထိုရဟန်း ထိုနေရာမှ မထပဲ ကြည့်ရှု စောင့် ထိန်းလျက် နေစဉ်အခါ ထိုဒါယကာ လာရောက်သဖြင့် မကြွမသွားပဲ ကြာ မြင့်စွာ နေတော်မူကြောင်းများကို လျှောက်ထားသဖြင့် ပြန်ကြား၍ ထို လက်စွပ်ကို အပ်နှင်း ညွှန်ပြခဲ့၍ သာဝတ္ထိပြည်သို့ ရောက်လေလျှင် ဇေတဝန် ကျောင်းတော် အာရာမ်အတွင်း၌ သီတင်းသုံးနေသော ရဟန်းတို့အား ပြော ကြားသဖြင့် ၎င်းရဟန်းတို့က မြတ်စွာဘုရားသခင်အား လျှောက်ထားလျှင်-

အနုဇာနာမိ ဘိက္ခဝေ ရတနံ ဝါ ရတနသမ္မတံ ဝါ အဇ္ဈာရာမေ ဝါ အဇ္ဈာဝသထေ ဝါ ဥဂ္ဂဟေတွာ ဝါ ဥဂ္ဂဟာပေတွာ ဝါ နိက္ခိပိတုံ ယဿ ဘဝိဿတိ၊ သော ဟရိဿတိ။

ဟူ၍ အနုညာတစကားဖြင့် ဟောကြား မြွက်ဟတော်မူပြီးလျှင်-

ယော ပန ဘိက္ခု ရတနံ ဝါ ရတနသမ္မတံ ဝါ အညတြ အဇ္ဈာရာ- မာ ဝါ အဇ္ဈာဝသထာ ဝါ ဥဂ္ဂဏှေယျ ဝါ ဥဂ္ဂဏှာပေယျ ဝါ ပါစိတ္တိယံ၊ ရတနံ ဝါ ပန ဘိက္ခုနာ ရတနသမ္မတံ ဝါ အဇ္ဈာရာမေ ဝါ အဇ္ဈာဝသ- ထေ ဝါ ဥဂ္ဂဟေတွာ ဝါ ဥဂ္ဂဟာပေတွာ ဝါ နိက္ခိပိတဗ္ဗံ ယဿ ဘဝိဿတိ၊ သော ဟရိဿတီတိ။

ဟူ၍ သုံးကြိမ်မြောက် ဒုတိယ အနုပညတ်ကို ထားတော်မူသည်။

ဤသို့ အကြိမ်ကြိမ် အဖန်ဖန် ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်ကို မငဲ့၊ လူတို့ပစ္စည်းဘဏ္ဍာကို သိမ်းဆည်းခြင်းကြောင့် ရဟန်း ရှင်စန္ဒမှာ ဤသို့သော အမှုကို တွေ့ကြုံချေသည်၊ လောကကြောင်း မဖွဲ့သတ်ထုံးဖြင့် ဆုံးဖြတ်ချေသော် ခိုးသူငတွန်းကို အပ်စေ၊ မအပ်နိုင်လျှင် ခိုးသူငတွန်း ခိုးယူ သမျှ ဥစ္စာဒဏ်ကို ရှင်စန္ဒက ခံစေ၊ ရာဇသတ်ထုံးဖြင့် ဆုံးဖြတ်ချေသော် ခိုးသူ ငတွန်းကို အပ်၊ မအပ်နိုင်လျှင် ခိုးသူငတွန်း ခိုးယူသမျှ ဥစ္စာဒဏ်ကို ခံစေ၊ သူခိုးကို လက်ခံသသူ ဖြစ်၍ အပြစ်ကို ထင်ရှားအောင် နောင် မြင်သသူ

ကြောက်ရွံ့အောင် ရာဇဒဏ်ခတ်၍လွှတ်ဟု စီရင်သင့်သည်၊ စီရင်သင့်ပြား လည်း ဘုရားသခင် တပည့်သားတော်ဖြစ်၍ ခိုးသူ ထွေန်းက မအပ်မနဲ့ပဲ ယူဆောင်သွားသော် လက်မဲ့ဥစ္စာဒဏ်, ရာဇဝတ်ဒဏ်နှစ်ပါးမှ ငြိမ်း၍ ပလပ် စေ၊ သာသနာတော်၌ ဝိနည်းခမ္ဘကံ ထုံးဖြင့် ဆုံးဖြတ်မှုကား-

သာမိကာပိ သာလယာ, စောရာပိ သာလယာ၊ပံသုကူလသညာယ ခါဒန္တဿ ဘဏ္ဍဒေယျံ၊ ထေယျစိတ္တေန ဂဏှတော ဥဒ္ဓါရေယေဝ အဝဟာရော၊ဘဏ္ဍံ အဋ္ဌာပေတွာ ကာရေတဗ္ဗော။

ဟူသော ပါရာဇိကဏ် အဋ္ဌကထာ ဒုတိယပါရာဇိက ကုသသင်္ကာမန ဝတ္ထုကထာ အဖွင့်,

ခါဒန္တဿ ဘဏ္ဍဒေယျန္တိ စောရဿဝါ သာမိကဿဝါ သမ္ပတ္တဿ ဒိန္နံ သုဒိန္နမေဝ ကိရ။ ။ဟူသော ဝဇိရဗုဒ္ဓိဋီကာ။

ဘဏ္ဍဒေယျန္တိ ဥဘိန္နံသာလယဘာဝေ သတိ စောရဿဝါ သာမိကဿဝါ သမ္ပတ္တဿ ကဿစိ ဒါတုံ ဝဋ္ဋတီတိ ဝဒန္တိ။

ဟူသော သာရတ္ထဒီပနီဋီကာတို့၌ ခိုးယူ၍သွားသော ဥစ္စာကို ဥစ္စာရှင်တို့ ဖမ်းဆီးမိအံ့သည်မှ ကြောက်သောကြောင့် ခိုးသူတို့ချထားခဲ့ရာ ဥစ္စာရှင် ခိုးသူ နှစ်ဦးတို့ကပင် အာလယ မပြတ်မစဲကြသော်လည်း ခိုးယူအပ်သော ဥစ္စာ သည် ခိုးသူ,ဥစ္စာရှင် နှစ်ဦးနှင့် ဆက်ဆံသဖြင့် ဒွိသန္တက ဘဏ္ဍာနှင့်တူ၏-ဟု နှလုံးပိုက်တော်မူကြ၍ ပံသုကူလ အဖြစ်ဖြင့် သုံးဆောင် ကောက်ယူမိသော ရဟန်းမှာ ဥစ္စာရှင်နှင့် ခိုးသူနှစ်ဦးမှာ ရှေးဦးစွာ ရောက်လာသသူအား ဘဏ္ဍာစား ပြန်ပေးသင့်ကြောင်းကို ဆိုသည်။

"ဥဘိန္နံ သာလယ ဘာဝေပိ စောရဿ အဒတွာ သာမိကဿေဝ ဒါတဗ္ဗံ၊ စောရေနာပိ သာမိကဿေဝ ဒါတဗ္ဗတော" ဟူ၍ ဝိမတိဝိနောဒနီဋီကာ၌ "သာမိကာ နိရာ လယာ စောရာ သာလယာ"စသည်ဖြင့် ဥစ္စာရှင် အာလယ ပြတ်စဲမှ ခိုးသူ၏ သန္တက အဖြစ်ဖြင့် အဒိန္နာဒါန် အရာ၌ ဆုံးဖြတ်သော ဒုတိယဝါကျ အဋ္ဌကထာစကားကို ရှုတော်မူ၍ ခိုးသူကပင်သော်လည်း ဥစ္စာ ရှင်အား ပေးဆိုက်ရသသောကြောင့် ဥစ္စာရှင်အားသာ ဘဏ္ဍာစား ပြန်ပေး သင့်ကြောင်းကို ဆိုသည်၊ ၎င်းဝိနည်းဋီကာ သုံးရပ်တွင် ယခုဋီကာနှစ်ရပ် အလို ငါးပင် ရှေးဦးစွာ ရောက်လာသည်ဖြစ်၍ ၎င်းဝိမတိဝိနောဒနီဋီကာ အလို ငါးပင် ဥစ္စာရှင် မှန်သည်ဖြစ်၍ ၎င်းခိုးသူ ထွေန်း ဥစ္စာရှင် ငါး နှစ်ဦး သားတို့ကပင် အာလယ မပြတ်မစဲကြသော်လည်း ဥစ္စာရှင်ငါးအား ခိုးသူ

ထွေန်းက ရှင်စန္ဒထံ အပ်နှံခဲ့သည့် လက်ရှိဥစ္စာ ဘဏ္ဍာ ပစ္စည်းရပ်များကို ပေးစေ။

ရဟန်း ရှင်စန္ဒမှာ တောင်ပံတောင်လက် မစုံမီ ပြန်လိုသော ငှက်ငယ်များကဲ့သို့ရင်း, ခြေလက်ရိုးဆစ် မမာမီ ခုန်လွှားလိုသော မျောက်သူငယ်ကဲ့သို့ရင်း ဝိနည်း သိက္ခာပုဒ်တော်၌ ကျွမ်းကျင် လိမ္မာခြင်း အားမကြီးမီက တိုက်သီး တိုက်ခြား နေလိုသဖြင့် အာဇာနေယျ ဝလာဟက သိန္ဓောမျိုးပင် မှန်လင့်ကစား မြင်းစီး ဆရာမှကင်း၍ မြင်း၏ အလိုလို အသွားညက်၍ ဆက်နပ်မည် မဟုတ်၊ ပုဗ္ဗေကတ ပုညရှင်ပင် မှန်လင့်ကစား သပ္ပုရိသူပနိဿယ စက်မှ ကင်း၍ ထိုးထွင်းသော ပညာနှင့် လိမ္မာသသူ လူတယောက် ဟူ၍ ခေါ်ဝေါ်စလောက်မည် မဟုတ်၊ ပစ္ဆိမ ဘဝိက ဘဗ္ဗပုဂ္ဂိုလ်ပင် မှန်လင့်ကစား ပရတောဃောသမှ ကင်း၍ သောတာပတ္တိမဂ်သို့ တက်နိုင်မည် မဟုတ်၊ အစိန္တေယျ အပ္ပမေယျ အနန္တဝိသယ သဗ္ဗညုတဉာဏ်တော်၏အရာ သိက္ခာပုဒ် ပညတ်တော်၌ သိ,ကြားလိမ္မာသော ဆရာမြတ်တို့၏ လဒ္ဓေါပဒေသမှ ကင်း၍ ထိုးထွင်းနိုင်မည်မဟုတ်ဖြစ်၍ ရဟန်းရှင်စန္ဒသည် ဝိနည်းသိက္ခာပုဒ်၌ အကြားအမြင် အားနည်းသေးသဖြင့် ဘုရား မြစ်တားတော် မူအပ်သော ပညတ်တော်ကို လွန်၍ လူတို့၏ ဥစ္စာကို မသိမ်းဆည်းအပ်လျက် လူဟူဆန်းကာမျှမက ပရဘဏ္ဍာ ဥစ္စာခမ်းနားကို ခိုးစား ငှက်ယူသော မသူတော်၏ ဥစ္စာကိုစင် သိမ်းဆည်းမိလျက် ရှိချေသည်၊ "ဗလက္ကာရေန ပါတေတွာ ဂဟေသုစ ပဋိသာမေတုံ ဝဋ္ဋတိ" ဟူသော အဋ္ဌကထာပါဠိနှင့် အညီ အရှင်ပိလိန္ဒဝစ္ဆမထေရ်၏ အာရာမိက ရွာသားတယောက်၏ သတို့သမီးငယ်မှာ အရှင်ပိလိန္ဒဝစ္ဆမထေရ်၏ ဣဒ္ဓါနုဘာဝကြောင့် ဖြစ်သော်လည်း ရွှေတန်းဆာကြောင့် ဒွန်းစဏ္ဍားမှာ ပတ္တမြား လက်စွပ်ကို ဝတ်ဆင်သကဲ့သို့ လူ အင်နှင့် တန်းဆာဂုဏ်မမျှသဖြင့် ကောသလမင်းထံ အစစ်အကြော ခံရသကဲ့သို့ အင်အားမတန်သော ဘဏ္ဍာဖြစ်၍ တားဆီး သိမ်းဆည်းမိကြောင်းကို ရဟန်းရှင်စန္ဒပင် အစစ်ခံချေသည် ဖြစ်လျက် ဗလက္ကာရ အဝိသယ အနာပတ္တိခေတ်သို့ သက်အောင် မဆိုသာပြီ၊ ကပ္ပိယ ဝတ္ထုဖြစ်စေ, အကပ္ပိယဝတ္ထုဖြစ်စေ အယုတ်အားဖြင့် အမိဆင်ဝတ်သော ထန်းရွက်နားချောင်းကို အစပြု၍ ဂိဟိသန္တကကို အအပ်အနှံ မခံအပ်ဟူ၍ ဝိနည်းအဋ္ဌကထာ လာသည်ကိုထောက်၍ ဘုရားသခင် အာဏာတော်ကို လွန်ကျူးသော ဂိဟိသန္တကကို သိမ်းဆည်းခြင်းကြောင့် သင့်သော ပဋိသာမန ပါစိတ်အာပတ်ကို ဒေသနာကြားစေ။

သက္ကရာဇ် ၁၂၁၆ – ခု၊ တန်ဆောင်မုန်းလဆန်း ၂-ရက်နေ့၊ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၂၂) ဘုရားတပည့်တော် လက်သစ်ရပ် ရွှေပန်းတိုက်နေ ရှင်ပဏ္ဍိတ, ခြေတော်ဦးခိုက် ရှိခိုးအသနားတော်မြတ် ခံဝံ့ပါသည် ဆရာတော် ဘုရား....၊

ဘုရားတပည့်တော် ဆရာဦးဒိပက ဘဝတပါး မပြောင်းမသွားမီ သူပိုင်ထိုက်သည့် ကျောင်း, ကျောင်းအာရာမ်များကို စာချုပ်နှင့်တကွ သက္ကရာဇ် ၁၂၁၆-ခု၊ နယုန်လပြည့်ကျော် ၁၄-ရက်နေ့၊ ဦးဒိပ ကိုယ်တော်က တပည့်ရှင်ပဏ္ဍိကို နှစ်ကိုယ့်တစိတ်ပြု၍ ဂရုဘဏ် လဟုဘဏ် အစရှိသည်များကို ကျောင်းနှင့်တကွ ဒွိသင်္ဃကပြုသည့်စာ ရေး၍ ဦးနန္ဒ, ဦးပညာ, ဦးပဏ္ဍိတတို့ရှေ့ ပေးချုပ်သည်၊ ရွှေပန်းတိုက်တွင် သံဃာတို့ရှေ့ ပေးပြီးလျက် ဆရာ ဘဝတပါး ပြောင်းသွားသည့်နောက် ယခုမှ ရှင်အာဒိစ္စပုဂ္ဂိုလ် အနှောင့်အရှက်ကို ခံနေရပါသည်၊ စာချုပ်နှင့် ပေးသည်ကိုလည်း ထိုပုဂ္ဂိုလ် အသိဖြစ်ပါသည်၊ ရှင်အာဒိစ္စနှင့် ရှေ့တော်တွင် အမိန့်တော်ရှိရာ ဦးထိပ်ထက် ဆင်ရွက်ပါရမည့် အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် သုရား။

လက်သစ်ရပ်နေ ရဟန်းရှင်ဇမ္ဗုဒ္ဓသဘ, ရှင်ပရမ, ကျောင်းတကာ ငရဲ, ကျောင်းအမ မိချမ်းငြိမ်းတို့နှင့် ညောင်ကန်တိုက်နေ ရှင်ဂုဏတို့ ဆရာတော်ဦးခန္တီ၏ အမွေပစ္စည်း ဂရုဘဏ်, လဟုဘဏ် ကျောင်းအာရာမ်, မြေအာရာမ်များကို စွဲ၍ အခင်းဖြစ်ကြသည်မှာ ရှင်ဇမ္ဗုဒ္ဓသဘ, ရှင်ပရမ တို့ကလည်း အမွေပစ္စည်း ဂရုဘဏ် လဟုဘဏ် ပရိက္ခရာများကို ဆရာတော် ဦးခန္တီမသေမီ စုံရာပုဂ္ဂိုလ် ဝိနည်းမိုရ်တို့ရှေ့ စာတမ်း အက္ခရာ တင်၍ သုဒိန္နသုဂဟိတ မြောက်အောင် ပေးယူရကြောင်းနှင့် ထွက်ဆိုသည်၊ ကျောင်းတကာ ငရဲ, ကျောင်းအမ မိချမ်းငြိမ်းတို့ကလည်း ဆရာတော်ဦးခန္တီ မသေလွန်မီ စုံရာပုဂ္ဂိုလ်တို့ရှေ့ စာတမ်းအက္ခရာနှင့် အသေအချာ ကျောင်းကို ပေးအပ်ခဲ့ပါသည်၊ ရှင်ဂုဏကလည်း ရှေးအထက်ကျော် ကာလကပင် ဘုရားတပည့်တော်နှင့် ဒွိသင်္ဃကပြုပါသည် ထွက်ဆိုသည်၊ ၎င်းအဆို သုံးရပ်ကို ဆင်ခြင်သော် ရှင်ဇမ္ဗုဒ္ဓသဘ, ရှင်ပရမတို့မှာ ဆရာတော်ဦးခန္တီ မသေလွန်မီကာလ ဂရုဘဏ်, လဟုဘဏ် ပစ္စည်းရပ်များကို ပေးအပ်ခဲ့ကြောင်းကို သက်သေ စုံရာနှင့်တကွ စာတမ်းအက္ခရာ တင်နိုင်သည်၊ ကျောင်းတကာ ကျောင်းအမတို့ကလည်း ဆရာတော်ဦးခန္တီ သေလွန်ခါနီးကာလ ကျောင်းကို ပေးခဲ့

ကြောင်းကို သက်သေစုံရာနှင့်တကွ စာတမ်းအကျွရာ တင်ပြနိုင်သည်၊ တပြည် ရပ်ခြား တိုင်းတပါးက ကုလားလူမျိုး မှန် မမှန်ကို နာတန်သက်သေ ရှိပြီ ဆိုသကဲ့သို့ သက်သေစုံရာ စာတမ်းအကျွရာ တင်ပြနိုင်သဖြင့် ပေး, မပေး အပ်, မအပ်၌ ဝိနည်းမိုရ်ခံသမတ် တွေးတောယုံမှား ဝိုးဝါးရန် မရှိ၊ ပေးအပ်သည် မှန်ပြီ၊ မှန်သည့်အတိုင်း ၎င်း အဆိုနှစ်ရပ်ကို ရှိစေဦး၊

တတိယ ဆင်ခြေအဝင် ရှင်ဂုဏအဆိုကို ထောက်ပြန်သော် ရှေးအထက် ကျော် ကာလက ဆရာတော် ဦးခန္တီနှင့် ဒွိသန္တက သမာနပရိက္ခာရ အဖြစ် ဖြင့် ဇေတဝန အမှုကို ပြုကြောင်းကိုသာ ဆိုနိုင်၍ သက်သေစုံရာ စာတမ်း အကျွရာကို မတင်ပြနိုင်၊ မတင်မပြနိုင်လျှင်ပင် လောကီမြွှသတ် ဖြတ်ထုံး အားဖြင့် ဆုံးရှုံးသင့်ပြီ၊ ဆုံးရှုံးသင့်ငြားလည်း ဘုရားသခင်သာသနာတော်ဝယ် ဝိနည်း ဒေသနာကို ကိုးကွယ်ရာဖြစ်၍ ယုတ္တိကိုရှာသော် ဆရာတော် ဦးခန္တီ နှင့် ရှင်ဂုဏသည် တကွတူနေ အန္တေဝါသိက တပည့်ရင်းလည်း မဟုတ်၊ ရပ်ရွာနီးစပ်ကာမျှသာ ဖြစ်သည်၊ ဆွေမျိုးဉာတိပေါက်ဖော် တော်သည်လည်း မဟုတ်၊ တယောက်နှင့် တယောက်သည် ဒွိသန္တက ပြုကြလျှင် ရေဝယ်သား သကဲ့သို့ အခြားမထင် ချစ်ကျွမ်းဝင်၍ ခုံမင်လေးမြတ်မှ ပြုကြစမြဲ ဖြစ်သည်၊ ရှင်ဂုဏမှာ ဆရာတော်ဦးခန္တီထံ တဝါတချေ နေထိုင်ဘူးသည်လည်း မဟုတ်၊ ယုတ္တိဆင်ခြင်လျှင် လိုချင်မက်မော လောဘဇောကြောင့် ပြောမိပြောရာ အစွဲ မှားသော တရားဟု ဝိနည်းမိုရ်ခံသမတ်တို့ ယူရန်ရှိသည်၊ အမုန်ယစ်သော တောဆင်ကို ချွန်းမတင်ပဲ လွှတ်သကဲ့သို့ ကတောင်ချောက်ချား မာန်ထောင် လွှား၍ တရားသဘင်ဝယ် စိတ်ထင်တိုင်း ရေရွတ်လျက် အနုဝဇ္ဇကပုဂ္ဂိုလ် ဝိနည်းမိုရ်ရှေ့ ပြောလိုရာ ပြောသောကြောင့် စိတ္တ ဝိပ္ပလ္လာသ ဒေါသခက်ထန် မာန်မာန တက်ကြွားသသူဟု အတူနေထိုင်သူတို့ ပြောဆိုလျှောက်ထားကြ သော စကားသည် အမှန်ပင် ယူသင့်တော့သည်၊ စိတ္တဝိပ္ပလ္လာသ အဖြစ်ဖြင့် ထင်ရှားသော်လည်း ထိုပုဂ္ဂိုလ်၏ စကားကြောင့် ယုံမှားသော ပုဂ္ဂိုလ်တို့က ချီးထောက်မြှောက်စား၍ တရားမသေ အနေမကျ ရှိရာသည်။

ရှေးသရောအခါ ဟေမဝန္တာတောဝယ် ကြီးစွာသော ဥသျှစ်ပင်၏အောက် ထန်းပင်ငယ် အရင်းတွင် စင်းလျှင်း ဝပ်လျား၍ နေသော ယုန်သူငယ်သည် ဥသျှစ်သီးကြွေသည်ကို မြေပြိုသည် ထင်မှတ်၍ မရပ်မဆိုင်း ထွက်ပြေးပြီးလျှင် မြင်မြင်သမျှ တောသားအပေါင်း အခြေ လေးချောင်း သတ္တဝါတို့အား ယခု ဤခါ မဟာပထဝီ ပြိုခဲ့ပြီဟု ဘန္တီဘန္တာ ပြောဆိုပြီးလျှင် ထိုယုန်သူငယ်၏ စကားကို နာယူမှားကြသဖြင့် တောသားသတ္တဝါအပေါင်းတို့ ဆင်းရဲကြီးစွာ

ရောက်ကြဘူးလေသည်၊ ယခု ရှင်ဂုဏဆိုသူ ရဟန်းသည် ပရမ်းပတာ ပြော လိုရာ ပြောသဖြင့် နာယူမှားကြလျှင် ဝိုးဝါးသက်ာ မိစ္ဆာဉာဏ် သက်ရာသည် ဖြစ်၍ ဆရာတော်ဦးခန္တီ၏ အမွေခံ ရဟန်း သုံးဦးသားနှင့် တကွ ကျောင်း တကာ ကျောင်းအမတို့ သဒ္ဓါရှင်လန်း၍ လှူဒါန်းသဖြင့် ၎င်းအာရာမ်ဝယ် နေထိုင်သသူ ရဟန်းတို့အား ယုံမှားသံသယ ရှိအောင် ဖြစ်လာသော အမိ-ကရဏ်းကို အဆုံးအဖြတ်ပေးရာသည်၊ အဆုံးအဖြတ် ပေးချေသော် အမွေခံ ရဟန်း သုံးဦးသားနှင့်တကွ ကျောင်းတကာ ကျောင်းအမတို့မှာ–

သစေ ပန သော ဇီဝမာနေ‌ောယေဝ သဗ္ဗံ အတ္တနော ပရိက္ခာရံ နိဿဇ္ဇိတွာ ကဿစိ အဒါသိ၊ ကောစိ ဝါ ဝိဿာသံ အဂ္ဂဟေသိ၊ ယဿ ဒိန္နံ၊ ယေနစ ဂဟိတံ၊ တဿေဝ ဟောတိ။

ဟူ၍ မဟာဝါဝိဝရ ခန္ဓကအဋ္ဌကထာ မတသန္တကကထာအဖွင့်၌ လာသော ကြောင့် ဆရာတော်ဦးခန္တီ အသက်ဝိညာဉ် ထင်ရှားရှိစဉ် ကာလက ဝိနည်း ဒေသနာတော်နှင့်အညီ ဝတ္တမာန် ကာလဖြင့်မှတ်၍ သုဒိန္နလက္ခဏာ မြောက် အောင် ပေးခဲ့သည့်အတိုင်း သုဂဟိတ လက္ခဏာမြောက်အောင် ခံယူကြ သော ရဟန်းသုံးဦးသားတို့မှာ ပစ္စည်းပရိက္ခရာ ဂရုဘဏ် လဟုဘဏ်များကို သိမ်းယူသုံးဆောင်စေ၊ ကျောင်းမှာ ကျောင်းတကာ ကျောင်းအမ တို့အား ပေးခဲ့ရကား ကျောင်းတကာ ကျောင်းအမတို့သာ သဒ္ဓါပြဋ္ဌာန်းရာ လှူဒါန်း စေ၊ ဂုဏဆိုသူ ရဟန်းမှာ မတည်မတရား မှားယွင်းသော အကျင့်အကြံဖြင့် စိတ်မာန်ကြွား၍ တရားအလွဲ စွဲမှားသူ ဖြစ်သည်၊ ဓမ္မသတ်ထုံးဖြင့် ဆုံးဖြတ် မူကား တရားကိုခံစေ၊ ကုန်စရိတ်ကို ပြန်ပေးစေ၊ ရာဇသတ်ထုံးဖြင့် ဆုံးဖြတ် မူကား တရားကို ခံ၊ ကုန်စရိတ်ကို ပြန် ရာဇဒဏ်ခတ်၍လွှတ်၊ ယခုဖြစ်ကြသော အမှုမှာ မြတ်စွာဘုရား သာသနာတော်ကို ထမ်းသော ရဟန်းဖြစ်၍ တောင် ယာမှာ ခန့်ဆင်သကဲ့သို့ ဓမ္မသတ် ရာဇသတ်ဖြတ်ထုံး မဆိုင်သာပြီ၊ ဝိနည်း ဓမ္မကံအားဖြင့်သာ ဆုံးဖြတ်ရာသည်၊ ဆုံးဖြတ်သော်–

"သာမိကဿ ဝိခတိ ဥပ္ပါဒေတိ၊ အာပတ္တိ ထုလ္လစ္စယဿ" ဟူသော ဒေသနာတော်နှင့် အညီ တရားဆိုင်ပြိုင်ရာ ဥစ္စာရှင်၌ ဝိမတုပ္ပါဒန ဟူသော ကံခကြောင့်သင့်သော ထုလ္လစည်း အာပတ်ကို ဒေသနာကြားစေ။

သက္ကရာဇ် ၁၂၁၆-ခု၊ တန်ဆောင်မုန်းလဆန်း ၅-ရက်နေ့၊ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၂၃) ဆားထုံးရှာ ရှင်ဝိစာရိန္ဒ, ရှင်ဝိမလတို့ ပြောဆိုလျှောက်ထားသည့် အဓိကရဏ်းကို တန်းကျောင်းဆရာ သံဃာတို့ ဆုံးဖြတ်ကြသည်မှာ....

ရှင်ဝိမလသည် ဝိသဘာဂနှင့် ဒွယံဒွယ သမာပတ္တိအမှုကို ပြုကျင့်ကြောင်းကို သာမဏေ ရှင်စန္ဒ, ရှင်အာစိဏ္ဏ, ရှင်သုဇာတ–တို့ ထင်မြင်ကြောင်း ဘုရားရှေ့ သံဃာတော်ရှေ့ သစ္စာပန်ကျ၍ ပြောဆိုဝန်ခံကြောင်းများကို ဖြတ်စာတွင် တင်ပြီးလျက် ‘‘ပဋိညာယ ကာရေတဗ္ဗ’’ ဟူသော ပါဠိအရကို ကိုးစားတိုင်တည်၍ အမှုသည် စုဒိတက ရဟန်း၏ ပဋိညာဉ်ကို မရသဖြင့် နေဝသုဒ္ဓ နာသုဒ္ဓ အဖြစ်ဖြင့် ဆုံးဖြတ်ကြသည့်အရာသည် လဇ္ဇီ အလဇ္ဇီပုဂ္ဂိုလ်နှစ်ပါးကို မခြားမနား ထွေးရှက်၍ ဉာဏ်သက်သဖြင့် ဆုံးဖြတ်ကြလေသည်၊ အလဇ္ဇီ ပုဂ္ဂိုလ်တို့မှာမူ ပဋိညာဉ်ကို မရလင့်ကစား ဝတ္တာနုသန္ဓိဟု ဆိုအပ်သော မိမိအမှုအကျင့်ဖြင့်ပင် အဆုံးအဖြတ် ပေးသင့်သည်၊ ပေးသင့်ကြောင်းကိုလည်း–

စောဒကော အာဟ အာပန္နောသိ၊
စုဒိတကော အာဟ အနာပန္နောသိ၊
ဥဘော အနုက္ခိပန္တော၊ ပဋိညာနုသန္ဓိတေန ကာရယေ၊
ပဋိညာ လဇ္ဇီသု ကတာ၊ အလဇ္ဇီသု ဧဝံ န ဝိဇ္ဇတိ၊
ဗဟုမ္ပိ အလဇ္ဇီ ဘာသေယျ၊ ဝတ္တာနုသန္ဓိတေန ကာရယေ။

ဟူသော ပရိဝါပါဠိ။

စုဒိတကံ အပ္ပဋိပုစ္ဆိတွာ ကတံ၊ တဿေဝ အပ္ပဋိညာယ ကတံ။

ဟူသော ကမ္မခန္ဓကအဖွင့် စူဠဝါ အဋ္ဌကထာ။

အပ္ပဋိညာယ ကတန္တိ ဝတ္ထုံဝါ အာပတ္တိံဝါ အသမ္ပဋိစ္ဆာပေတွာ ကတံ၊ ယော ပန သဗ္ဗေသံ ပဿန္တာနံ ဧဝ ဝတ္ထုံ ဝီတိက္ကမံ ကတွာ ပစ္ဆာ ကမ္မကရဏဘယေန န ကရောမီတိ မုသာ ဝဒတိ၊ တဿ ဘိက္ခူနံ သမ္မုခေ ဝီတိက္ကမကရဏမေဝ ပဋိညာ။

ဟူသော ၎င်းအဖွင့်–ဝိမတိဝိနောဒနီ ဋီကာများကို ထောက်၍ သိအပ်သည်၊ သာမဏေတို့ အတပ်အအပ် ထင်ထင် သိမြင်လျက်ရှိပြီးသည်ကို နိုးထုပ်နိုးထည်နှင့်တကွ လက်ပူးလက်ကြပ် အတပ်အအပ် တွေ့မြင်လျှင် နိုးသူ ဟုတ်, မဟုတ်ကို စစ်ဆေးမေးရန် မရှိသကဲ့သို့ရင်း, ဆင်ကောင်ကိုစင် မြင်လျက်

ရှိချေသော် ဆင်ခြေရာကို မရှာသင့်ပြီ ဆိုသကဲ့သို့ရင်း, အမှုသည် စုဒိတက ပုဂ္ဂိုလ်၏ ပဋိညာဉ် ဝန်ခံခြင်းကို အလိုမရှိအပ်ပြီ၊ ကုဝေရ မည်သော ဝေဿဝဏ် နတ်မင်း၏ ဆောက်ပုတ် လက်နက်ဖြင့် ရိုက်နှက်ပုတ်ခတ်မိလျှင် နတ်ဆေးဝါး မန္တရားတို့ဖြင့် ကုသ၍ ရသည်မရှိ၊ စုတိခြင်းသည်သာ အဆုံး ရှိလေသကဲ့သို့ မြတ်စွာဘုရားသခင်သည် ပါတလ သဂ္ဂ မဂ္ဂ ဟူသော ခရီး သုံးချောင်းဖြင့် စီးသွားသော အချို့အရာ၌ တဂါဝုတ်, အချို့အရာ၌ ယူဇနာခွဲ အချို့အရာ၌ တယူဇနာ နက်ကျယ်လျက် ယူဇနာငါးရာ ရှည်လျားသော ဂင်္ဂါ မြစ်ကြီး တားဆီး ပိတ်ဆို့သကဲ့သို့ ပညတ်တော်မူအပ်သော အနာဝသေသ ပါရာဇိက အာဏာတော်၌ မတည်၊ အာဏာတော်ကို ကျူးလွန်ရကား အာဏာတော်ဟူသော လက်နက်ဖြင့် ရိုက်နှက်ပုတ်ခတ်မိသဖြင့် ဝိမလဆိုသူ ရဟန်းမှာ ဝုဋ္ဌာနကံ ဒေသနာကံ နှစ်ပါးဖြင့် ကုစားရသော်လည်း သိက္ခာ ပစ္စက္ခာန ဟူသော စုတိမရဏကို တားမြစ်နိုင်ဘွယ် မရှိပြီ၊ မြတ်စွာဘုရား သာသနာတော်ဝယ် သိက္ခာကျခြင်း၏ စုတိမရဏ မည်ကြောင်းကိုလည်း-

"မရဏံ ဟေတံ ဘိက္ခဝေ ယော သိက္ခံ ပစ္စက္ခာယ ဟီနာယာဝတ္တတိ" ဟူသော ဘုရားသခင် ဒေ္ဒနာတော်ထွက် ပါဠိ၊ "သိက္ခာ ပစ္စက္ခာနံ ဟိ အရိယဿ ဝိနယေ မရဏံနာမ" ဟူသော ထေရာဂါထာ အဋ္ဌကထာများကို ထောက်၍ သိအပ်သည်။

ဤသောကဌ် မဟာသမုဒ္ဒရာဝယ် လှိုင်းဘေးဟူသော ဥမ္မိဘယ၊မိကျောင်း ဘေး ဟူသော ကုမ္ဘီလဘယ၊ ဝဲဘေးဟူသော အာဝဋ္ဋဘယ၊ မကန်းဘေး ဟူ သော သုသုကာဘယတို့နှင့် တွေ့ကြုံလျှင် သတိသမ္ပဇညမှ ကင်းသော ထမုံ သူကြီး သင်္ဘောစီးယောကျ်ားတို့သည် ပျက်စီးရာသကဲ့သို့ မြတ်စွာဘုရားသခင် သာသနာတော်ဝယ် ရဟန်း ပြုပြီးလျှင် အသက် ငယ်ရွယ်သသူက သိ့ကြား လိမ္မာသဖြင့် ဩဝါဒ ပေးလေလျှင် ငါ၏ မြေးမျှ ငယ်ရွယ်သသူက ခေါင်းဖြူ စွယ်ကျိုးလျက် ဘိုးဘွားမျှလောက်စင် အကြင်ငါ့အား သင်ကြား ဆုံးမရာ သလောဟု ဒေါသခုခံလျက် စိတ်မာန်တက်၍ လူထွက်လေသော ရဟန်းမှာ လေကြမ်းမုန်တိုင်းကြောင့် လှိုင်းဘေးနှင့်တွေ့ကြုံ၍ ပျက်စီးလေသော လှေနှင့် တူ၏၊ စားကာ, အိပ်ကာ ငါနေရလတ္တံ့ဟု သာသနာတော်ဝယ် ရှင်ရဟန်း ပြုပြီးလျှင် အကပ္ပိယမံသ, ဝိကာလ ဘောဇန- စသော သိက္ခာပုဒ်ကို သင် ကြားမိ၍ သိရလေလျှင် ရေတွေ့သော ယုန်သည် ခုန်လွှား ပြန်နစ်သကဲ့သို့ ညစ်ညမ်းသော စိတ်စက်ကြောင့် လူထွက်လေသော ရဟန်း အပေါင်းမှာ မိကျောင်းဘေးတွေ့ကြုံ၍ ပျက်စီးလေသော လှေနှင့်တူ၏၊သဒ္ဓါရှင်လန်းလျက်

ရဟန်းပြုပြီးလျှင် ဆွမ်းခံသွားရာ ဆွမ်းခံရွာလယ်တွင် ကြီးကျယ်သော စည်းစိမ်နှင့် အိမ်ကြီးရှင် သူဌေးကို မြင်တည့်လာလျှင် ငါလည်း ရှေးလူဘဝက ဤမျှလောက်သော ဥစ္စာ ခမ်းနားသည် ထင်ရှားရှိ၏၊ ငါလည်း ထိုသူ၏ စည်းစိမ်ဝယ် ရိပ်ငြိမ်ဝန်းရံ၍ ခံစားသကဲ့သို့ ခံစားဦးမည်ဟု ကြံစည်စိတ်ပျက်လူထွက်သော ရဟန်းစဉ်းလဲမှာ ဝဲနှင့်တွေ့ကြုံ၍ ပျက်စီးလေသော လှေနှင့်တူ၏၊ သံသရာဝယ် နောင်လာလတ္တံ့သော အကျိုးကို မျှော်ကိုးထောက်ရှုလျက် ရဟန်းပြုပြီးလျှင်ဆင်ယင်ဝတ်စား ပျော်ပါးမြူးတူးလျက် ထူးမြတ်သော ကာမဂုဏ်ဖြင့် ခံစားသော သတ္တဝါသွိုးငယ်ကို တင့်တယ်သော ဇာတ္ထ,သုဘ သဘောဖြင့် ရှုမိလေရကား သတိသမ္ပဇည ဟူသော အထိန်းအကျောင်းမှ ကင်း၍ ဆင်းရဲရာ လူ့ဘောင်သို့ ပြေးဝင်လေသော ရဟန်းမှာ မကန်းနှင့်တွေ့ကြုံ၍ ပျက်စီးလေသော လှေနှင့်တူ၏ ဟူ၍ မဇ္ဈိမနိကာယ်, မဇ္ဈိမပဏ္ဏာသ စာတုမသုတ်, အင်္ဂုတ္တရနိကာယ်ကျမ်းများ၌ ဘုရားသခင်ကိုယ်တိုင် ဖြစ်စေအပ်သော အာဟစ္စ ဘာသိတ ဒေသနာဝယ် လာသော ဘေးအစုတွင် ယခုရှင်ဝိမလမှာ ဝိသဘာဂ အသုဘ အနိဋ္ဌာရုံ ကာမဂုဏ်၌ အာရုံစွဲလမ်း၍ ငါ ရဟန်းဟူသော သညာကိုမျှ မဖြစ်စေဝဲ ရာဂတည်းဟူသော ဘီလူးသံဘက်တို့သည် နှိပ်စက်အပ်သည်ဖြစ်၍ အရောင်အလင်းကြောင့် မီးပုံတွင်းသို့ သက်ဆင်းမိသော ပိုးပရံကဲ့သို့ မြတ်စွာဘုရား သာသနာတော်တည်းဟူသော မဟာသမုဒ္ဒရာတွင် ရှင်ဝိမလ၏ ခန္ဓာပဉ္စက-ဟူသော သင်္ဘော လှေဘောင်သည် ဝိသဘာဂအာရုံ ကာမဂုဏ်တည်းဟူသော မကန်းခံတွင်း၌ ပျက်စီးခြင်းသို့ ရောက်လေသည်၊ မြတ်စွာဘုရားသခင်လည်း ဥဒ္ဒနီဇာတ်, ရာမဇာတ်, ပုပ္ဖရတ္တဇာတ်, မောရဇာတ်, မဟာမောရဇာတ်, အသာကဇာတ်, မဏ္ဍဇာတ်, ဥစ္ဆင်္ဂဘတ္တဇာတ်, သေယျဇာတ်, သုယောနန္ဒီဇာတ်, ဂုမ္ဗိယဇာတ်, အလမ္ဗုသာဇာတ်, နိလိနိကာဇာတ်, ဥမ္မာဒန္တီဇာတ်, ကုသဇာတ်-စသော နိပါတ်တော်များ၌ ကိလေသာ တဏှာရာဂ နှိပ်စက်ညှဉ်းပန်း၍ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးစီးပွား ဆုတ်ယုတ်ကြောင်းကို ဟောတော်မူချေသည်၊ ယခု ရှင်ဝိမလ မှာ....

> ဒုဿီလော ဟိ ဂူထံ ပဋိစ္ဆာဒနတ္ထံ တိဏပဏ္ဏာဒိစ္ဆဒနံဝိယ အတ္တနော ဒုဿီလဘာဝံ ပဋိစ္ဆာဒနတ္ထံ သုဗ္ဗတာနံ ဆဒနံ ကတွာ အဟံပိ ဘိက္ခုုတိ ဘိက္ခုမဇ္ဈေ ပက္ခန္ဒတိ။

ဟူသော သုတ္တနိပါတ် စုန္ဒသုတ် အဋ္ဌကထာ လာသည်နှင့်အညီ မစင်ဘင်ပုပ်ကို မျက်ဆုပ်ဖြင့် ဖုံးလွှမ်းဘိသကဲ့သို့ မိမိ၏ ဒုဿီလအဖြစ်ကို ရဟန်း

ကောင်းတို့ အမှုအရာဖြင့် ဖုံးလွှမ်း၍ ငါလည်း ရဟန်းတပါးဟု ရဟန်းများ အလယ်၌ သွားလာနေထိုင်ခြင်းသည် မသင့်တင့်ပြီ၊ လေးထောင်တိုက်ခန်း ဝယ် ဘမ်းဆီးမိသော ခိုးသူကဲ့သို့ရင်း, လေးထောင့်ကန်ငယ်၌ အလွယ်တကူ ဘမ်းဆီးမိသော မိကျောင်းကဲ့သို့ရင်း, လှည်းနှင့် ဆင်သည် ရင်ဆိုင် တွေ့ဘိ သကဲ့သို့ရင်း,မတိမ်းသာ မရှောင်သာ ပက်ပင်းပါ ထင်ထင် သိမြင်ကြကြောင်း ကို သာမဏေတို့က အတပ်အအပ် ဘုရားသခင်ရှေ့ သစ္စာပန္နက်၍ ဆိုဝံ့ သည် မှန်ချေသော် မရဏာသန္နဇောဝီထိဖြင့် စုတိမရဏာသို့ကျ ရောက်ပြီးသော သူကို လူပညာရှိ ကဝိသုခမိန် လိမ္မာလှစွာသော ဆေးသမားကို မဆိုထား ဘိဦး၊ သိကြားနတ်မင်း၏ ဘိသက္ကဇီဝက-စသော နတ်ဆေးသမား ဒေဝ ရာဇာ-စသော နတ်, ရသေ့,ဇော်ဂီ, တပသီတို့မှသော်လည်း အထူးထူးသော နတ်ဆေးဝါး, နတ်မန္တရားတို့ဖြင့် ကုစားပါသော်လည်း မရှင်ပြန်ရာသကဲ့သို့ ဂုဏ္ဍာနကံ, ဒေသနာကံ နှစ်ပါးဖြင့် ကုစားရန် မရှိ၊မြတ်စွာဘုရားသခင်၏ အာ ဏာတော်၌ မတည်၊အာဏာတော်ကို လွန်ကျူး၍ ဘုရားသခင် အမှုတော်ကို ထမ်းရွက်နိုင်သသူ မဟုတ်၊ မြတ်စွာဘုရားသခင် ငြိးမြှောက် ပေးသနားတော် မူအပ်သော စတုပါရိသုဒ္ဓိသီလဟူသော ဌာနန္တရမှ ရွှေလျောပိုက်သိမ်း၍ ပဥ္စင်္ဂသီလ, အဌင်္ဂသီလ, ဒသင်္ဂသီလ-ဟူသော တန်းဆာဖြင့်သာ ဆင်ယင် ဝတ်စား၍ ဝိမုတ္တိရသ နိဗ္ဗာနသစ္စာ၏ အခြေဖြစ်သော ကုသိုလ် တရားတို့ကို ပွားများ နေထိုင်စေ။

သက္ကရာဇ် ၁၂၁၆-ခု၊ တန်ဆောင်မုန်းလဆန်း ၈-ရက်နေ့ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၂၄) သက္ကရာဇ် ၁၂၁၇-ခု၊ ကဆုန်လဆန်း ၅-ရက်နေ့ သုံးထပ်တိုက်နေ ရဟန်း ရှင်အာလောက, တပည့် ရှင်ဇယန္တတို့ အစစ်ခံချက်ဘုရား....၊

ဘုရားတပည့်တော်တို့ ကျောင်းကို ခဲ, အုတ်, ကျောက် အကြိမ်များစွာ ကျသဖြင့် စုးစမ်း ရှာဖွေလျှင် ရဟန်း ဦးသုန္ဒရ ခဲ,အုတ်,ကျောက် များစွာ ပုံ၍ စုနေသည်ကို တွေ့မြင်ပါသည်၊ ၎င်းနောက် တရက်ကြာလျှင် သူတပါးတို့က ခဲ,အုတ်, ကျောက် စုရာအရပ်မှာ ရပ်ပြု နံထား ရှိတတ်သည်ဟု ပြောဆိုကြ၍ တဖန်ထိုအရပ်သို့ သွား၍ ကြည့်ရှုပြန်လျှင် မြေဝယ် နံ့ထားသော အင်းအိုင် အရုပ်တို့ကို တွေ့မြင်ရပါသည်၊ ၎င်းနောက် သာမဏေ အာစရကို သစ်ပင် ပေါ်က ချောင်းမြောင်း၍ ကြည့်ရှုနေစေသည်၊ ဦးသုန္ဒရသည် မြှုပ်ထားရာ

အရပ်သို့ ကြည့်ရှုပေါ်ယက်လာပါသည်၊ ၎င်းနောက် တဖန် လက်ဆွဲလှည်း ငယ်နှင့် ခဲကိုတင်ပြီးလျှင် သူငယ်တယောက် ဆွဲငင်စေ၍ လာပါသည်၊ တပည့် တော်တို့ လိုက်၍ကြည့်ရှုလျှင် ထားနှင့်အုပ်မိုး၍ တိမ်းရှောင်သွားရပါသည်၊ မရပ်မခံနိုင်ရှိ၍ သံဃာတို့ထံ လျှောက်ထားသည့် ကာလ ပဌမမှုနှင့် ကြည့် ရှောင်ကြသသူဖြစ်သည်၊ ငါတို့မစီရင်ပြီဟု သံဃာကြီးများက မိန့်ဆိုလိုက်ပါ သည် ဘုရား။

သက္ကရာဇ် ၁၂၁၇-ခု၊ ကဆုန်လဆန်း ၅-ရက်နေ့
ရဟန်း ရှင်သုန္ဒရ, အစစ်ခံချက်ဘုရား....၊

ဘုရားတပည့်တော် အုတ်,ကျောက် ခဲနှင့် မပစ်ရပါ၊ ရပ်ပြုနံထားကိုလည်း မပြုရပါ၊ လှည်းနှင့် အုတ်ကျောက်တို့ကို မတိုက်ရပါ၊ သနပ်ခါး ထင်းကိုသာ တိုက်ခဲ့ပါသည်၊ အမှုသည် နှစ်ဦးတို့၏ စကားကို မှတ်သားမိသဖြင့် သိသာ လျှင်းမှုလည်း "မြူရာတွင် ဖွပ်လျှင်ဖွေးသည်၊ ထုရာတွင် ထပ်လျှင်လေးသည်" ဆိုသကဲ့သို့ ဒဋ္ဌိကမ္မ ဂရုကအလို့ငှါ ၎င်း ၁၂၁၇-ခု၊ ကဆုန်လဆန်း ၅-ရက် နေ့ပင် ရဟန်းရှင်သုန္ဒရကို စစ်မေးပြန်ရာ နှစ်ကြိမ်မြောက် အစစ်ခံချက်ဘုရား။

ဘုရားတပည့်တော် အုတ်ကျောက်နှင့် ပစ်မည်ကိုထား၍ ပစ်အံ့ဟု မနော ကံမှ မကြံမစည်မိပါ၊ ရပ်ပြုနံထားအမှုကို မပြုပါ၊ ပြုမည်ကို မဆိုထားဘိဦး ရပ်ပြုနံထား အစီအရင်ကို နားမျှမလည်၊ ည-ညဉ့် အချိန်အခါကို လှည်းခင် ထိပ်နှင့် သနပ်ခါးထင်းကို တောအရပ်မှ ယူဆောင်၍ လာပါသည်၊ အုတ် ကျောက် မဟုတ်ပါ၊ ယခု အစစ်ခံချက် လျှောက်ထားသည့်အတိုင်း မှန်ပါ သည်၊ မထိမ်မ၀ှက် မကောက်မကျစ်ပါ၊ ရှင်ဇာယန္တတို့သာ ဘုရားတပည့် တော်အား အနတ္ထကာမ ဒုဋ္ဌကာမဖြစ်၍ စင်စစ် အကျိုးမဲ့ ဖြစ်စေခြင်းငှါ ရွှေနားဘော်မြတ် ထွေးရှက်အောင် တဖက်ဘား စကားဖြင့် လျှောက်ထား ခြင်းမျှသာ ဖြစ်ပါသည်ဘုရား။

ညောင်ဦးရွာ ရဟန်းရှင်သုန္ဒရသည် ကျောင်းသခ်မ်း တပည့် ပရိသတ်တို့ နှင့် အတည်အကျ ရဟန်းတရားကို ကျင့်ဆောင် နေထိုင်သသူမဟုတ်၊ စရပ် တန်ဆောင်းများမှာ နေ၍ မသင့်သည့် အကျင့်အကြံနှင့် နေသသူဖြစ်သည်၊ သစ်ကိုင်း ချော်ချွတ်ကျသော မျောက်အိုသည် မျောက်အပေါင်း၌ မနေရ၊ ငါတို့မျောက်မျိုးဟူသည် သစ်တပင်မှ တပင်၊ တခက်မှ တခက်သို့ ရှောက်ရှက် ခတ်သွား၍ ပျော်ပါး မွေ့လျော်သော အမျိုးဖြစ်လျက် ဇာတ်ပျက်သသူ ဖြစ်

သည်ဟု မျောက်အပေါင်းတို့က နှင်ထုတ်သကဲ့သို့ အများ ဂိုဏ်းသံဃာတို့ သည် ဥပုသ် ပဝါရဏာ စသော ကံကြီး ကံငယ်ဖြင့် မပေါင်းဖော်နိုင်ကြ၍ အပပြုသူ ဖြစ်သည်၊ သံဃာတို့ကို စစ်မေးစေရာ အရည့ဝါသီ တောရပ် ဝယ် မှီ၍ ကောဓာရီ ကျင့်နေကြောင်းနှင့် အစစ်ခံ လျှောက်ထားချက် ရှိသည် မှာ "ဂဏဝါသိနော့တိ ပမတ္တာ ဟောန္တိ၊ ဘောဓာရာပမတ္တာ" ဟူသော သဂါထာဝဂ္ဂ သံယုတ် အဋ္ဌကထာများ၌ အပေါင်းအဖော်နှင့် နေသော ဂဏဝါသီ ပုဂ္ဂိုလ်တို့မှာ ပမာဒတရား ပွားများကြောင်း အပေါင်းအဖော်နှင့် ကင်း၍ တယောက်ထီးတည်းနေသော ကောဓာရီ ပုဂ္ဂိုလ်တို့မှာ အပမာဒတရား ပွားများကြောင်းကို မိန့်ဆိုသည်နှင့် အမြွက်ဆောင်၍ ကောဓာရီ ကျင့်ကြံဟန် နှင့် ပြောဆို လျှောက်ထားသည်မှာ-

တောမီးဝိုင်းမိ၍ ကိုးကွယ်ရာ မသိ ရှိရာတွင် သေလိုလျှင် ဤသစ်ပင်မှာ ပင် သေစေတော့ဟု သစ်ပင်တခုကို ဦးခေါင်းနှင့် တိုး၍နေရာ ကံကြမ္မာ အလျောက် လောင်စာ နည်းပါးသော အရပ်နှင့် ကြုံကြိုက်သဖြင့် မြွက်သင်း သကဲ့သို့ မွေးညှင်းမျှသာ လောင်၍ ငြိမ်းလေရကား သစ်ပင်တို့ကို ဖေ့၍ ထိခိုက်ရာအရပ်ဝယ် မွေးညှင်းတို့သည် မြင်း၏ ဦးစွန်းကဲ့သို့ ဝန်းလျက်တည် သည်ကို တရံရောအခါ ရေသောက်ရာတွင် မိမိဦးစွန်းကို မြင်၍ ဤလျှင်တခါ ငါ၏ အသက်မွေးရာ ဖြစ်တော့သည်ဟု ကြွက်အပေါင်းတို့ နေရာသို့ သွားပြီး လျှင် မီးလောင်၍ ကွင်းပါသည်ကို သတ္တဝါအပေါင်းတို့အား သနားတတ် သော အသွင်ဖြင့် မဂ်လာဦးစွန်း ထားသည်ဟု လှည့်ဖြား သွေးဆောင်ရာ ဘုရားအလောင်းတော် ကြွက်မင်း သိလေလျှင် ကြွက်အများဝိုင်း၍ ကိုက်ကြ လေသဖြင့် သေဆုံးလေသော ဒေဝဒတ်အလောင်း မြေခွေးကဲ့သို့ ရဟန်းတို့ နှင့် မလျော်သော အမှုအရာကြောင့် သံဃာတို့က အပပြု၍ နေသည်ကို ကောဓာရီ ကျင့်ဟန်နှင့် ပြောဆို လျှောက်ထားခြင်းမျှသာ ဖြစ်သည်၊ ရဟန်း သုဒ္ဓရသည် စဉ်းလဲကောက်ကျစ်သော စိတ်အကြံဖြင့် ကေသရရာဇာ ခြင်္သေ့ မျိုးမှန်လျက် မြက်ကိုမစားတန်ရာ ဆိုသကဲ့သို့ ကောဓာရီ အရည့ဝါသီ ပုဂ္ဂိုလ် မှန် ပုဂ္ဂိုလ်မြတ် ဖြစ်လျက် ဤကဲ့သို့ ယုတ်မာသော အမှုကို မပြုမကျင့်တန်ရာ၊ အမှုနှင့် အမှုသည် ရဟန်းတို့သည် ပန်းမှိုက်စွန့် အမှုနှင့် စကြာမင်းကဲ့သို့ အလွန်တရာ ကွာဝေးကြချေသည်။

"ဝေရိနော ပန ကထာ နာမ ကဏ္ဌာ န ဟောတိ" ဟူသော အဋ္ဌကထာ ပါဠိနှင့်အညီ အမျက်မာန်အိုက်၍ ခိုက်ရန်ဖြစ်ပွားသော တဖက် အမှုသည်

ရဟန်းတို့၏ ဒုဋ္ဌကာမစိတ်ဖြင့် စွပ်စွဲခြင်းမျှသာ ဟု အနုဝဇ္ဇက ဝိနယဓရပုဂ္ဂိုလ်တို့ ဝိုးဝါးယိုမှား တွေးတောခြင်း ရှိအောင် ပြောဆို လျှောက်ထားသော မာယာ သာဌေယျ စကားဖြစ်သည်၊ ကေစာရီနေ၏ ဟူသော်လည်း-

ရှေးသရောအခါ ယုတ်မာ ကြမ်းထမ်းသော သဘောရှိသဖြင့် ဆင် အပေါင်းတို့ ရှောင်ခွါ၍ ကေစာရီ လှည့်လည်သွားလာ ကျက်စား နေထိုင် လျက် ဗိလုံးငှက်ယင်ကို နင်းပွတ်တိုက်၍ သွားချေသဖြင့် သေဆုံးလေသော် ကျီး, ငှက်, ဖါး, ယင် တို့ကို အဖေါ်သဟဲရ၍ အမိဗိလုံးငှက်မ လုပ်ကြံရာ တွင် ခန္ဓာပျက်ပြုန်း၍ ဆုံးရှုံးလေသော ဒေဝဒတ်အလောင်း ကေစရဏ ဆင်ကဲ့သို့ ကိုယ်နှုတ် အမူအရာ မကောင်းသဖြင့် အပေါင်းတို့ ရှောင်ခွါ၍ ကေစာရီ နေထိုင်ရသည်များကို ဘုရားသဗ္ဗညု အစရှိသော သူတော်ကောင်း တို့ ခြီးမွမ်းရာ မဟုတ်ချေ၊ ရဟန်းသုန္ဒရမှာလည်း ယုတ်မာ ကြမ်းထမ်းသော ကိုယ်နှုတ် အမူအရာကြောင့် ဂိုဏ်းသံဃာတို့ အပပြု၍ အထီးကျန် ကေစာရီ နေရခြင်းသာ ဖြစ်သည်၊ ရဟန်းသုန္ဒရမှာ ဥပမာအားဖြင့် ဆိုသော် အပရိသုဒ္ဓ ဝစီသမာစာရ, အပရိသုဒ္ဓကာယသမာစာရ ဖြစ်၍ ရှေ့မှဌင်း နောက်မှဌင်း ဝေးသော နိဗ္ဗာန်ဟူသော ရွာရှိသဖြင့် မဂ်ဖိုလ် ဟူသော လျှောက်ပတ်သော ဘောဇဥ်ကို မရ၊ သမထ,ဝိပဿနာ ဟူသော လျှောက်ပတ်သော ဆေးကို လည်း မရ၊ ကလျာဏပုထုဇန် ဆရာမွန် ဆရာမြတ် ဟူသော လျှောက်ပတ် သော အလုပ်အကျွေးလည်း မရှိ၊ ဘုရား ပစ္စေကဗုဒ္ဓါ သာဝက ဟူသော ရွာတပါး၌ သနားကြင်နာတတ်သော ရွာသူကြီး လူအုပ်တို့နှင့်လည်းမတွေ့ မကြုံသဖြင့် သံသရာ ဟူသော အခွန့်ရှည်သော ခရီး၌ တတောက်ပတ်ပတ် သွားလာသော အနာထဂိလာန ပုဂ္ဂိုလ်နှင့်တူသည်၊ ရဟန်း သုန္ဒရ၏ အလို ကို ထောက်လျှင်လည်း အမှုဟောင်းကိုပစ်၍ အမှုသစ်ကို ယူနိုင်မည့် အရိပ် အယောင် မထင်၊ ပုဂံမြို့ နယ်လေးရပ် ရှစ်ရပ်အတွင်းမှာ မနေစေလင့်၊ မြို့ဝန် သူကြီး, ဂိုဏ်း သံဃာတို့က ထုတ်။

သက္ကရာဇ် ၁၂၁၇ - ခု၊ ကဆုန်လဆန်း ၆ - ရက်နေ့၊ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၂၅) ဘုရားတပည့်တော် ပွတ်တိုင်ကျောင်းနေ ရှင်အာလေ-က ရှိခိုး အသနားတော်မြတ် လျှောက်ဝံ့ပါသည် ဘုရား....၊

တပည့်တော်အား ပစ္စည်းရှင် ဉောင်းတို့က သံဃာတို့ရှေ့ လှူပြီးသော ပစ္စည်းများကို ဂိုဏ်းအုပ်ဆရာတော် တပည့် ရှင်သူရိယက မင်းတဲဆရာထံ

ပစ္စည်းရှင်တို့က မကြေမချမ်း ပြောလိုရိပ် ရှိပါသည်ဟု လျှောက်ထားရာ မင်းတဲဆရာက ပစ္စည်းရှင် ညောင်းကို ခေါ်၍ သံဃာမျက်မှောက်၌ မေးမြန်းသည့်ကာလ တပည့်တော်သည် ရှေးအထက်ကလည်း လှူပြီး ဖြစ်ပါသည်၊ ယခုလည်း တဖန်ထပ်၍ လှူပါတော့သည်ဟု လျှောက်ထား သောကြောင့် အနဝဇ္ဇ အဖြစ်ဖြင့် မင်းတဲဆရာ နှုတ်ဖြင့်ဆုံးမ၍ ငြိမ်းပြီးသော ကံကို ယခုမှ တဖန်ထပ်၍ ဂိုဏ်းအုပ်ဆရာတော်တပည့် ရှင်သူရိယက ဒုတိယ ပါရာဇိကဖြင့် စွပ်စွဲသည်ကို ခံနေရပါသည်၊ မကွေးရာ ဂိုဏ်းအုပ်ဆရာတော်ကလည်း ဂိုဏ်း သံဃာတို့ကို အပေါင်းအဖော် မပြုကြနှင့် ဆင့်ဆို၍ သံဃာ တို့ကလည်း အပေါင်းအဖော် မပြုသောကြောင့် ဂိုဏ်းအုပ်ဆရာတော်ထံ လေးကြိမ်, ငါးကြိမ် စီရင်ပါမည့်အကြောင်း တောင်းပန် လျှောက်ထားသော်လည်း မစီရင်ပါ၊ အလွှာကိုမျှ လက်မခံ၍ ရွှေတော်မှာ စောဒက ရှင်သူရိယက ရှင်သူရိယ ဆုံးမရင်း မင်းတဲဆရာတို့နှင့် အစုံအညီ ရှင်းလင်းရပါမှ ချမ်းသာပါရမည့် အကြောင်းကို ရှိခိုးအသနားတော်ခံ လျှောက်ဝံ့ပါသည် ဘုရား။

သက္ကရာဇ် ၁၂၁၇-ခု၊ နယုန်လဆန်း ၁၀-ရက်နေ့
ပွတ်တိုင်ကျောင်းနေ ရဟန်း ရှင်အာလောက - အစစ်ခံချက်ဘုရား....၊

တရုပ်မျှော်မြို့စားနှင့် ကျေးကျွန် အဆက်အနွယ်မကင်းသူ ညောင်း ထွက်ပြေး၍ မပြေး ကျန်ရစ်သူ မယား မိငုံက မသေလွန်မီ တူဖြစ်သူ ငလှိုင်း ငသိုင်း ငဆိုင်း ငငြိမ်းတို့ကို ပြောဆိုအပ်နှင်းခဲ့၍ တရုပ်မျှော်မြို့စားကို သုတ်သင် ကွပ်ညှပ်၍ အရက် လေးဆယ်ခန့် ကြာလျှင် တပည့်တော်အား ငလှိုင်း ငသိုင်း ငဆိုင်း ငငြိမ်းတို့က ညောင်းအိမ်တွင် မြှုပ်ထားသည့် ရွှေငွေ ပစ္စည်းရပ်များကို ယူ၍ ပေးတော်မူပါ လျှောက်ထားသောကြောင့် သွေးသောက်ကြီး ငရောက် ထံ တိုင်တောလျှင် သွေးသောက်ကြီး ငရောက်ကလည်း အမှုအခင်း ပြေငြိမ်း စဲပြီး ဖြစ်၍ အလိုရှိတိုင်း သိမ်းဆည်း ဆောင်ယူပါဟု လျှောက်ထားသော ကြောင့် တပည့်တော် ဆောင်ယူ၍ ဘထွေးတော်သူ ငပုထံ အပ်နှံထားပါ သည်၊ ၎င်းနောက် အပ်နှံပစ္စည်းရပ်များကို ငလှိုင်း ငသိုင်း ငဆိုင်း ငငြိမ်း တို့ကို ပေးအပ်ပါသည်၊ ယူကာလလည်း ငလှိုင်း ငသိုင်း ငဆိုင်း ငငြိမ်းတို့ ဥစ္စာဟူသော အမှတ်ဖြင့် ယူပါသည်ဘုရား။

သက္ကရာဇ် ၁၂၁၇-ခု၊ နယုန်လဆန်း ၁၀-ရက်နေ့
အလယ်သွေးသောက်ကြီး ငရောက် အစစ်ခံချက်ဘုရား....၊

တရုပ်မျှော်မြို့စားကို ကွပ်ညှပ် စီရင်သည့်အတွင်း ညောင်းအိမ်ကို ဘုရား တပည့်တော် စောင့်ရှောက် သိမ်းဆည်း၍ နေပါသည်၊ အမှုတော် ပြေငြိမ်း၍

အရက် လေးဆယ်ခန့် ကြာလွန်မှ ပွတ်တိုင်ကျောင်းနေ ဦးအာလောကလာ၍ တကာပညာင်း အိမ်တွင်းရှိ ငှက်ခပျာပင်တို့ကို တူးယူလိုပါသည် တိုင်တော လာလျှင် ဘုရားတပည့်တော်က ဥစ္စာကို ရယူလိုဟန် ရှိကြောင်းကို အရိပ် အခြေယောင် သိ၍ အမှုအခင်း ပြေငြိမ်းပြီးဖြစ်၍ ဘုရားတပည့်တော်အား မတိုင် တော့ပါလင့်တော့ အလိုတော်ရှိတိုင်း ယူတော်မူပါဟု လျှောက်ထားလိုက် ပါသည်။

ငုင်းနေ့ အလယ်ဘောင်ကျောင်းနေ
ရဟန်း ရှင်ဇာဂရ-အစစ်ခံချက် ဘုရား....၊

ဘုရားတပည့်တော် ကျောင်းပေါ်သို့ ရှင်သူရိယ လာခိုက်တွင် ညှောင်း အနီးအပါးသို့ လာလျှင် ဘုရားတပည့်တော်က ခေါ်၍ ညှောင်းရောက်လာ သည့်ကာလ ရှင်သူရိယက "တကာ- ပျောက်ဆုံးသော တကာ၏ ပစ္စည်း ရပ်များကို သိလိုပါသည်" ပြောဆိုလျှင် ညှောင်းပြောဆို၍ ရှင်သူရိယ မှတ် သားသည်ကို မြင်ရပါ၏၊ တကာ အလိုအလျောက် ပျောက်ပျက်သည့် ပစ္စည်း ရပ်များကို မရကြောင်းနှင့် လျှောက်ထားသည် မဟုတ်ပါဘုရား။

ငုင်းနေ့ ရဲစုရွာနေ ရဟန်း ရှင်သူရိယ-အစစ်ခံချက်ဘုရား....၊

ရာဇဝတ်မင်းဒဏ် သင့်သည့် ပစ္စည်းရပ် ဖြစ်၍ ငုင်းအမှုအခင်း မပြေ မငြိမ်းသေး ဖြစ်၍ ငုင်းမင်းထိုက်သည့်ဘဏ္ဍာကို ယူသောကြောင့် ဝိနယ ကုက္ကုစ္စဖြစ်၍ စိတ်မစင်ကြယ်နိုင်ပါ ဘုရား။

မကွေးရာမြို့စီရင်စု ပွတ်တိုင်ရွာ ရဟန်း ရှင်အာလောကမှာ
တရုပ်မျှော်မြို့စား အမှုဖြစ်သည့်ကာလ တရုပ်မျှော်မြို့စား ကျေးကျွန်
ဥစ္စာများကို သိမ်းဆည်းမိ၍ သံဃာတို့က
မနှစ်သက်နိုင်ကြောင်းနှင့် လျှောက်ထားသည်မှာ-

ရှင်အာလောကကို စစ်မေးလျှင် တရုပ်မျှော်စား ကျေးကျွန် ညှောင်း မယား မိငုံတို့ အမှုရောက်ရာ ညီ၁သား လှိုင်း သိုင်း ဆိုင်း ငြိမ်း တို့အား ပစ္စည်းရပ်များကို ပေးအပ်ခဲ့ပါသည်၊ လှိုင်း သိုင်း ဆိုင်း ငြိမ်း တို့သည် ဘုရားတပည့်တော်ထံ တိမ်းရှောင်၍ နေရာ လှိုင်း သိုင်း ဆိုင်း ငြိမ်း တို့က ဘုရားတပည့်တော်တို့ ပစ္စည်းရပ်များကို ယူဆောင်၍ ပေးပါဟု လျှောက်ထားသောကြောင့် လှိုင်း သိုင်း ဆိုင်း ငြိမ်းတို့ ဥစ္စာဟူသော

အမှတ်ဖြင့် ယူဆောင်၍ ဘုရားတပည့်တော် ဘထွေး ငပုထံ အပ်နှံထားပါသည်၊ ၎င်းနောက် ကာလမကြာမြင့်မီ ဘထွေးငပုထံမှ ယူ၍ ငလှိုင်း ငသိုင်း ငဆိုင်း ငငြိမ်း တို့ကို ပေးအပ်ပါသည်၊ ငလှိုင်း ငသိုင်း ငဆိုင်း ငငြိမ်းတို့ကလည်း ဘုရားတပည့်တော် ဘထွေး ငပုထံမှာပင် အပ်နှံပြန်ကြောင်းများနှင့် အစစ်ခံသည်၊ ငလှိုင်း ငသိုင်း ငဆိုင်း ငငြိမ်း တို့ကလည်း ဦးအာလောက-က ဘုရားတပည့်တော်တို့ကို ပေးအပ်ကြောင်း နောက်မှ ဘုရားတပည့်တော်တို့ လျှောက်လျှား ငပုထံ အပ်နှံကြောင်းများနှင့် ရှင်အာလောက အစစ်ခံချက်နှင့် တညီတညွတ်တည်း ထွက်ဆိုကြသည် ဖြစ်၍ သံဃာတို့က ရှင်အာလောက၌ သိက္ခာပုဒ်တော် အဒိန္နာဒါန် ဘဏ္ဍဒေယျ ပညတ်တို့ဖြင့် အစွပ်အစွဲ ကုက္ကုစ္စ သံသယမရှိရာ၊ အစိုးရ အရှင်မင်းတို့က ရာဇဝတ် မင်းဒဏ်သင့်သသူ ညှင်း အိမ်ခထောင်ခမ်းနား ပစ္စည်းပစ်ယံများကို အစောင့်အရှောက် အသိမ်းအဆည်း ထားသသူ အရပ်သွေးသောက်ကြီး သွေးဆော်တို့ကလည်း စုဒိတကရဟန်း ဦးအာလော ကကိုသာ မိမိတို့ဆိုင်ရာ ပစ္စည်းများကို ပေးလိုက်ရသည် မဟုတ်ပါ၊ စောဒကရဟန်း ဦးသူရိယကိုလည်း ဤသို့ပင် ပေးလိုက်ရပါသည်၊ အစစ်ခံ ထွက်ဆိုချက်ကို ထောက်လျှင် စောဒကရဟန်း ရှင်သူရိယသည် ဆရာသမား ဖြစ်၍ အသင့်အတင့်ကို အလိုရှိသဖြင့်သာ မေတ္တာစိတ်ဖြင့် ရာဇဿ ဘဏ္ဍာဥစ္စာဖြစ်၍ ကုက္ကုစ္စ မကင်းနိုင်ခြင်းကြောင့် စောဒနာပါသည်ဟု မျက်ကွယ် ချောစား၍ လျှောက်ထားသည်မှာ ...

> မယှံ နလာဋေ သာသပမတ္တံ ပိဠကံ ပဿသိ၊အတ္တနော နလာဋေ တာလပက္ကမတ္တံ မဟာဂဏ္ဍံ န ပဿသီတိ ဝဒတိ။

ဟူသော ဥပရိပဏ္ဏာသ အဋ္ဌကထာ ကိန္တိသုတ်အဖွင့် လာသည်နှင့် အညီ ထိုမင်းလက်ထက်, ထိုမင်းနိုင်ငံအမှုနှင့် ထိုသူစောင့်ရှောက်ရာ ဘဏ္ဍာနှင့်တကွ လူတို့တောင်း၍ ဆောင်ယူလျက် မိမိအမှုကိုကား မရှုဆိတ်ပဲ ရှင်အာလောက အမှုကိုသာ ရှုဆိတ်၍ စောဒနာခြင်းသည် ဘုရားသခင်၏သာသနာတော်ဝယ် ဆရာဖြစ်၍ အသင့်အတင့် ရှိသဖြင့်သာ မေတ္တာစိတ်ဖြင့် ရာဇဿ ဘဏ္ဍာဥစ္စာ ဖြစ်၍ ကုက္ကုစ္စ မကင်းနိုင်ခြင်းကြောင့် စောဒနာပါသည်ဆိုသော စကားသည် စဉ်းလဲကောက်ကျစ်၍ ဆိုခြင်းမျှသာ၊ အိုင်းအမာရောဂါ စွဲကပ်သောသူက အိုင်းအမာရောဂါကို ကုစားမည် ဆိုသော်လည်း ထိုသူ၏အမှုကို အဘယ်သူ ရှုဆိတ်နိုင်တော့မည်နည်း၊ သူနာက ဆေးဆရာ လုပ်ဦးမည် ဆိုသကဲ့သို့ စိတ်အလိုကို မဆုံးမနိုင်ခြင်းကြောင့် ဆိုခြင်းမျှသာ၊ပညာရှိတို့ နှလုံးမှုသင့် မှုထိုက်သော စကားမဟုတ်၊ ယုတ္တိမဲ့ချေရကား အမုန်ယစ်သော တောဆင်ကို ချွန်း

မတင်ပဲလွှတ်သကဲ့သို့ရင်း, ပွဲသမားလှေဆရာ မာလိန်မှူး မပါ လွှင့်သော လှေသဘောကဲ့သို့ရင်း ပညာအထိန်း ကင်းသော စကားသာ ဖြစ်သည်ဟု ဝိနည်းမိုရ်ပုဂ္ဂိုလ် တရားသူကြီးတို့ မှတ်သင့်တော့သည်၊ ဆရာသမားဖြစ်၍ စောဒနာပါသည်ဟု မေတ္တာစိတ်ဖြင့် စောဒနာဟန် အရိပ်အယောင် ထင်ရှားအောင်ဆိုသော်လည်း မလိုမုန်းထားမှုသဖြင့် စောဒနာကြောင်းကား ကောင်းကင်ပြင်ဝယ် လဗိမာန်ကဲ့သို့ ထင်ရှားသဖြင့် ဝိုးဝါးတွေးဆရန် မရှိပြီ၊ ဆင်ပြောင်ကို မန်းဖြင့် ဖုံးဘိသကဲ့သို့ရင်း, နေဗိမာန်, လဗိမာန်တို့၏ အရောင်ကို လက်ကွယ်ဘိသကဲ့သို့ရင်း မိမိ၏ဒေါသန္တရ စိတ်ကို ဖုံးလွှမ်းခြင်းမျှ ဆိုသောစကားသာ ဖြစ်သည်၊ မြတ်စွာဘုရားသခင်၏ တပည့်သားတော် ဖြစ်သောသုနက္ခတ္တ,ဒေဝဒတ်တို့သည်လည်း မြတ်စွာဘုရားသခင်၏ အကျိုးမဲ့ကို ပြုဘူးသော ထုံးကို ထောက်လျှင် ဆရာသမားဖြစ်၏ ဟူ၍ ဆိုကာမျှကို ဒေါသစိတ်ဖြင့် မစောဒနာရာဟု ပညာရှိတို့ မစွဲလမ်းသင့်ပြီ၊ ရဟန်း ရှင်သူရိယ- က ဘုရားတပည့်တော်မှာ ပစ္စည်းဥစ္စာ ပါသည်ကို မသိ၊ အရပ် သွေးသောက်ကြီးထံလူကိုသာ တောင်း၍ ယူဆောင်ပါသည် ဆိုသည်မှာလည်း အကယ်၍ ပစ္စည်းဥစ္စာကို ဆောင်ယူသသူ ရဟန်း ရှင်အာလောက၌ အမှုအပြစ် အညစ်အကြေးတင်ခဲ့မူ အဝိညာဏက ရတနာ, သဝိညာဏက ရတနာတို့တွင် အဝိညာဏကရတနာထက် သဝိညာဏကရတနာ မြတ်ကြောင်းကို သုတ္တနိပါတ် အဋ္ဌကထာ, ဓမ္မပဒ အဋ္ဌကထာများ၌ ဆိုခြင်းကြောင့် အဖိန္ဒာဒါန် သိက္ခာပုဒ်တော်ဝယ် အပဒ, ဒွိပဒ, စတုပဒ အားဖြင့် မြတ်စွာဘုရားသခင် အဆုံး အဖြတ်ထားတော်မူခြင်းကြောင့်ရင်း, အဝိညာဏက ရတနာထက်ဝယ် သဝိညာဏကရတနာကို စွပ်၍ နှစ်ဘက်ရဆောင်ယူသူ ရဟန်း ရှင်သူရိယမှာ ဆိုဘွယ်မရှိပြီ၊ ဆိုရန်ရှိလျက် မိမိအမှုကို မရှုဆိတ်ပဲ သူတပါးအမှုကိုသာ ရှုဆိတ်ခြင်းကားသာဓုဇနလက္ခဏာ ပညာရှိတို့ အမှုမဟုတ်ချေ၊ ဘုရားတပည့်မှာ အဝိစိနရက်သို့ သက်လိုလျှင် သက်စေ၊ ကိုယ်ထော်အရှင်မြတ်သာ မသက်ပါလင့် ဆိုရာရောက်သည်၊ ရောက်သဖြင့်လည်း ငရဲနရက်၌ သူတပါးတို့ကို မကျရောက်စေပဲ မိမိတို့ချည်းသာ ကျရောက်၍ ဝန်တို မငြွေရစိတ်ဖြင့် ဟန့်တားသကဲ့သို့ ပြုသည်ဟု ဆိုရန်ရှိသည်။

လောကူပမာအားဖြင့် ဆိုချေသော် ကျီးနှင့် တောဝက်သည် မည်းနက်သော အဆင်းအားဖြင့် အချင်းချင်း အတူတူ ဖြစ်လျက် ကျီးငှက်ယုတ်မာကမိစ္ဆာရန် လိုခသာစိတ်ဖြင့် မည်းနက်သော ဝက်အို-ဟူ၍ ကဲ့ရဲ့ရှုတ်ချဘိသကဲ့သို့သာ ဖြစ်သည်၊ အစုစု အရပ်ရပ်အတွက် အဆိုအမှု အနေကို ထောက်လျှင် တစုံတခု အပြစ်အဆာ မထင်၊ အများ ဃံဃာတို့ ရဟန်းရှင်အာလောက

၌ သံသယ ကုက္ကုစ္စ ကင်းလျက် ဥပုသ် ပဝါရဏာ-စသော ကံကြီး, ကံငယ်၌ အတူတကွ ပေါင်းဖော် နေထိုင်စေ။

သက္ကရာဇ် ၁၂၁၇-ခု၊နယုန်လဆန်း ၁၁-ရက်နေ့၊ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၂၆) ဘုရားတပည့်တော် တလုပ်မြို့-မလေးရွာနေ ငပေ ရှိခိုး နားတော်လျှောက်ပါသည် ဘုရား၊

ဆီးပင်ကန်ရွာနေ ရဟန်းတော် ဦးစန္ဒာဝရ-က တမာပင်ခေါ် ယာမြေကို ရဟန်းတော်ဆွေမျိုး ငတော ထံ ပေါင်နှံပါသည်၊ ငတောက ဘုရားတပည့်တော်ထံ ပေါင်နှံ၍ လက်ရှိချတင် လုပ်စားပါသည်ကို ငတော ထွက်ပြေးမှ ရဟန်းတော်က သိမ်းယူသောကြောင့် ဂိုဏ်းအုပ် ဆရာတော်ထံ လျှောက်ထားရာ ခင်ကြီးပြန် ရဟန်းတို့ အစုံအညီတွင် ငတော-က ငပေထံ ပေါင်နှံကြောင်းကို ဦးစန္ဒာဝရ သိကြောင်းနှင့် ထွက်ဆိုသည် ဖြစ်သည်၊ ငပေ ထံ ရဟန်းတော်က ရွေးနှုတ်စေ စီရင်သည်ကို ဦးစန္ဒာဝရ-က သဘောမတူ၍ ဖြတ်စာ မရေးပါနှင့် လျှောက်သောကြောင့် ဖြတ်စာ မရေးမသား ဂိုဏ်းထောက်ဆရာတော့်ထံ အယူခံရမည် ဆင့်ဆိုပြန်၍ ဂိုဏ်းထောက်ဆရာတော့်ထံ အယူခံရာ ကြောင်နှောင်သံကွင်း အမိန့်ရှိပြီးလျှင် ယာမြေကို ငပေ-က မပြောစေနှင့် စီရင်သည်ကို ဘုရားတပည့်တော်က သဘောမမျှ၍ ဖြတ်စာမချပါနှင့် သာသနာပိုင် ဆရာတော်ဘုရားကြီးမှာ လျှောက်ထား၍ ရှုံး, နိုင် ခံရပါမည်ကို လျှောက်ထားပါသည်ကို ဖြတ်စာရေးသားထားပါသည်၊ ၎င်းယာမြေမှုကို အမိန့်တော်ရှိရာ ဦးထိပ်ရွက်၍ ပြီးပြတ်ပါရမည့် အကြောင်း ရှိခိုး နားတော် လျှောက်ပါသည် ဘုရား။

ဘုရားတပည့်တော် ရှင်စန္ဒာဝရ လျှောက်ဝံ့ပါသည် ဘုရား....၊

သစ်ရုံ ဆုတောင်းပြည့်ဘုရား စေတီတော်မြတ် အရံအကာ ဘုရားတပည့်တော် ဘေး၊ တည်ထားခဲ့သော မုတ်, တံတိုင်း, စောင်းတန်း, ခြသေ့် အပြီးမသတ်ရှိ၍ တပည့်တော် လူ့ဝတ်နှင့် နေစဉ်ကာလ ငတော ထံ ပေါင်ထားသည့် ဘိုးဘပိုင် ယာမြေကို မုတ်, တံတိုင်း, စောင်းတန်း, ခြသေ့် ဖြစ်စေချင်ပါသည်၊ကပ္ပိယ တကာကို အကြောင်းကြားလျှင် ကပ္ပိယ တကာ ငဝိုက်-က ပေါင်ရင်းလူ ငတောမှာ အထင်အရှား စုံရာလူကြီးတို့နှင့် ရွေးနှုတ်ပါသည်၊ ငတော, ငဒေပတို့ ဘိုးဘေး သွင်းသည့်ကာလ လည်း တပည့်တော်ကို လူဝတ်နှင့် နေစဉ် မြေရှင်ဖြစ်သည်နှင့်အညီ မပန်မကြားပါ၊ ခန့်ထားတော်မူသည့်

ဂိုဏ်းအုပ်ဆရာတော်က အယူခံ ချထား၍ ဂိုဏ်းထောက်ဆရာတော်ထံ အယူခံကြရာ ငပေ-က ရကောင်းသည် မဆိုသာ ပလဝ်စေ စီရင်ချက်ရှိပါသည်ကို မငြိမ်းပါရ၊ ငပေ-က အရှင့်ထံ ၎င်းယာမြေမှုကို လျှောက်ထား ချခေါ်ပြန်သောကြောင့် ရွှေဘဝါးတော်အောက် ရောက်ရပါသည်၊ အမိန့်တော်ရှိရာ ဦးထိပ်ရွက်ဆင်ပါရမည်အကြောင်းကို လျှောက်ပါသည် ဘုရား။

တလုပ်မြို့စီရင်စု ဆိးပင်ကန်ရွာ ရှင်စန္ဒာဝရနှင့် တကာ ငပေတို့ ယာမြေအမှုနှင့် လျှောက်ထား ပြောဆိုကြသည်မှာ-

ရဟန်း ရှင်စန္ဒာဝရကို ဘိုး,ဘတို့ ပိုင်ဆိုင်သည့် လယ်ယာမြေရပ်ကို တကာ ငတောဆိုသူထံ ပေါင်နှံ၍ထားရာ တကာ ငတောက လက်ဆင့်ကူး၍ ငပေထံ ပေါင်နှံပြန်သည်၊ပေါင်နှံသည့်ကာလ ငတောက ရဟန်း ရှင်စန္ဒာဝရအား တိုင်ကော၍ ရဟန်း ရှင်စန္ဒာဝရက သမစိတ္တဖြစ်သဖြင့် အခွင့်ပေးသော်သာ ငတော မြေရပ်ကို ရဟန်း ရှင်စန္ဒာဝရ ခံသင့်သည်၊ ယခုမှာ ငတော ပေါင်နှံသည့်ကာလ ရဟန်း ရှင်စန္ဒာဝရသည် အရပ်တပါး သွားလာခိုက် ဖြစ်၍ မကြား မသိရပါ၊ ရဟန်း ပယောဂ အာဏတ္တိက ကင်းလွတ်သည်၊ ငပေမှာ ကြွက်ကို မနိုင်သောကြောင့် ကျီကို မီးရှို့သည် ဆိုဘိသကဲ့သို့ မြေရှင် ရဟန်း ရှင်စန္ဒာဝရအား မပန်မကြား ရောင်းစား ပေါင်နှံချေသဖြင့် ခိုးဝှက်၍ ရောင်းစား ပေါင်နှံရာ ရောက်သည်၊ ငတော တရပ်တကျေး ပြေးသွားတိမ်းရှောင်၍ နေသဖြင့် ဆန်စဉ်ရာ ကျည်ပွေ့မလိုက်သင့်ပြီ ဆိုသကဲ့သို့ ရစားရစေ နှလုံးပိုက်၍ မြေပိုင်မြေရှင် ရဟန်း ရှင်စန္ဒာဝရ လက်ဝယ် မလုမယက်သာပြီ၊ ငပေက လည်း မိမိထံ ပေါင်နှံသသူ ငတောကို လိုက်လံရှာဖွေခြင်းငှါ ခဲသဖြင့် မဆိုင်ရာ ဆိပ်ကမ်းသို့ ဆိုက်မှားသော သင်္ဘောလှေကဲ့သို့ရင်း, ဆင်ခြေခံ ဒဲ့စွဲမှားသော တရားကဲ့သို့ရင်း, ခိုးဝှက်၍ ရောင်းစားပေါင်နှံသော ဥစ္စာကို လောဘ ရမ္မက် နိုင်ငံသို့ သက်လျက် လက်ခံသိမ်းဆည်းခြင်း မှားလေသည်၊ ငပေမှာ သဇီဝတေန အဇီဝတေန အားဖြင့်ရင်း, ဌာနာစာဝိတေန အဌာနာစာဝိတေန အားဖြင့်ရင်း ဆရာတို့ပြအပ်သော ခိုးယူရာ ဝတ္ထုနှစ်ပါးတို့တွင် အဇီဝ အဌာနာစာဝိတ ဘဏ္ဍာဖြစ်၍ အိပ်ရာ နေရာ ဘဏ္ဍာ တိုက်ခန်းများဝယ် သိုထား သိမ်းဆည်းရာမှ ရအပ်သည် မဟုတ်သောကြောင့် ခိုးယူရောင်းစား ပေါင်နှံသသူ ငတောကို လက်ရောက် အပ်သင့်လျက် ပစ္စန်ကိုထား၍ လက်ကိုမျှ အရန္တဘ်လေ ဆိုသကဲ့သို့ ငတောက လယ်ယာမြေများကို နှံထား၍ ငတောထံ တင်ပနှင့် ရသည့်ငွေကို ရလိုကြောင်းနှင့် လျှောက်ထားသည်မှာ တင်ပနှင့် ရသည့်ငွေကို ရမည် မဆိုထား၊ခိုးဝှက်၍ ရောင်းစား ပေါင်နှံသသူ ငတောကို

လက်ရောက် မအပ်ရ လွှတ်လပ်လေသည်သာ အသင့်ဖြစ်တော့သည်၊ ငပေမှာ မိမိတို့ဆိုင်ရာ ငတောနှင့်သာ ပြောဆိုစေ၊ ရဟန်း ရှင်စန္ဒာဝရမှာ ငတောထံ မြေကို နှံထား၍ တင်ရှိနှင့်သည့် ငွေမြီရပ်ကို ပေးဆပ်ပြီးဖြစ်၍ ငတောက ရှင်စန္ဒာဝရထံ အပ်ပြီးဖြစ်၍ ၎င်း ဘိုး,ဘတို့ ပိုင်ဆိုင်သည့် မြေရပ်များကို သိမ်းယူစေ။

သက္ကရာဇ် ၁၂၁၇ - ခု၊ နယုန်လဆန်း ၁၁ - ရက်နေ့ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၂၇) ဝတ်မြေဝန် ခြေတော်ဦးခိုက် လျှောက်ပါသည်ဘုရား....၊

ပြည်မြို့စိရင်စု ကျွန်းတောလှရွာ ဂိုဏ်းထောက်ဆရာ ဦးကေးကျောင်းနေ ပြည်မြို့ကျေးဇာတိ မောင်ရှင် ပဏ္ဍိသည် မြို့တော်သို့ တက်လာ၍ ဘုံးအိုးရဟန်း ဦးတုဘ်ကြီး ကျောင်းတွင် ခေတ္တနေပြီးမှ သာဂရမြို့သို့ ပြောင်း၍ သာဂရ ဆရာဘော်ထံ ရဟန်းပြု၍ တဝါရပြီးနောက် ရွှေယင်မျှော် ဘုရားကို အဖူး လာရာ ဘုရားအနီး ကျောင်းစရပ်တွင် ခေတ္တ တည်းနေသည့်အခိုက် သက်န်း အချို့အရုံ နည်းပါးသည်နှင့် ရွာကြီးနေ ဘုရား အာရာမ်စောင့် ရွှေလှကို အခ ပေးပါမည်ဆို၍ ၄ားရမ်း ချုပ်စေရာ ငရွှေလှနှင့် သက်န်းချုပ်မှုတွက် ကိစ္စမပြီး ခင် သက်န်းထုပ်ကို ရဟန်း ရှင်ပဏ္ဍိ ဆွဲငင်လုယက်ရာ ငရွှေလှ မပေးမအပ်ဝဲ ဆွဲငင်စဉ် ချည်ပုတ်တုတ်နှင့် ဦးပဏ္ဍိ ရိုက်နှက်သော ဒဏ်ဖြင့် အာရာမ်စောင့် ငရွှေလှ ၁၂၁၇-ခု၊ ကဆုန်လဆန်း ၁၁-ရက်နေ့ သေဆုံးလျှင် ရာဇဝတ်မှု ဖြစ်နှင့် မကင်းသာသောကြောင့် ဘုရားအာရာမ်စောင့် ငကြီး ငလွှမ်းနှင့် လူငယ်တယောက်တို့ ရဟန်းဦးပဏ္ဍိကို ဆောင်ယူ၍ ရွှေမြို့တော်သို့ ပို့ရောက် ပါသည်၊ အမိန့်တော်ရှိရာ ဦးထိပ်ရွက်ပါရမည့်အကြောင်း ခြေတော်ဦးခိုက် လျှောက်ပါသည်ဘုရား။

ပြည်မြို့စိရင်စု ကျွန်းတောလှရွာ ရဟန်းရှင်ပဏ္ဍိဆိုသူသည် ရွှေယင်မျှော် ဘုရားရှင် အာရာမ်စောင့် ငရွှေလှဆိုသူကို ရိုက်နှက်ပုတ်ခတ်ရာ သေလွန်၍ ရဟန်းရှင်ပဏ္ဍိကို စစ်မေးလျှင် ဒေါသအလိုက် ရိုက်နှက် ပုတ်ခတ်မိပါသည်၊ သေစေလိုသော စေတနာနှင့် ရိုက်နှက် ပုတ်ခတ်သည် မဟုတ်ပါ တွက်ဆို သည်၊ ၎င်းထွက်ဆိုချက်ကို ထောက်လျှင်-

ဘုရားသခင် လက်ထက် တရံရောအခါ နေရှိန် ပူပြင်းသော အခါဝယ် အမေ့အလျော့ ချွတ်ယွင်း ပျင်းရိချေသဖြင့် နေဝင်ခါနီးကာလမှ အဆော တလျှင် ရှောင်တခင် စပါးလှန်းသသူကဲ့သို့ မန္ဒ ဓိဋ္ဌ ဝဏ္ဏ ဗလ စသော

အရွယ် ငယ်စဉ်အခါက ကာမဂုဏ်ယစ်မူး၍ မြူးထူးပျော်ပါး မိုက်မှား မေ့လျော့လတ်သဖြင့် ပဥ္စာရ ဒသက ထိုင်းမှိုင်း မူးဝေသော အရွယ်သို့ရောက်မှ ဝမ်းမြောက် ဝမ်းသာ သဒ္ဓါရှင်လန်းသောစိတ်ဖြင့် ချစ်စွာသော သားငယ်နှင့်တကွ မြတ်စွာဘုရားသခင် သာသနာတော်တွင်းသို့ဝင်၍ ရဟန်းပြုလေလျှင် အရွယ်လွန်မှ ထမ်းပိုးတင်၍ ကသော နွားကဲ့သို့ရင်း, အရွယ်လွန်မှ ဆက်ကြိုးတပ်သော မြင်းကဲ့သို့ရင်း, အရွယ်လွန်မှ ရဟန်းပြုသောကြောင့် ဂိဟိဘာဝအာစိဏ္ဏ အလေ့အကျက်ကို မဖျက်ဆီးနိုင်သဖြင့် သူတပါးမလို၍ ပစ်စွန့်သောဟောင်းနွမ်း ကျိုးပျက်သော သပိတ် သင်္ကန်း စသည်တို့ကို သိမ်းဆည်းခြင်း, မပြုအပ်သည်ကို ပြု၍ ပြုအပ်သည်ကို မပြုခြင်း ဝယဝုန ဂုဏ်ကိုစွဲ၍ ဝိနည်းသိက္ခာပုဒ်တော်ဝယ် မြော်မြင်သသူ လူလိမ္မာတို့က ကျိုးကြောင်းပြ၍ ဆုံးမပါသော်လည်း မနာယူခြင်းစသော အပြစ်တို့ကြောင့် အခြားရဟန်းတို့ ရယ်ဘွယ်သာဖြစ်၍ သားရဟန်းငယ်ကိုလည်း အခြားရဟန်းတို့က ဤရဟန်းငယ်ကား ဤရဟန်းကြီး သား ဟု ကျီစား ဖက်ရမ်း၍ ရယ်သွမ်းသွေးကြလျှင် အဘရဟန်းကြီးအား မုန်းထားမှုရင်း ရှိသည်နှင့် သံဃာတို့ စည်းဝေးသောအခါတို့၌ နေမိနေရာ ထိုင်မိထိုင်ရာ မှိုင်မိမှိုင်ရာ နေသဖြင့် သံဃာတို့ ငံ့လင့်ကြရလျှင် သား ရဟန်းငယ်က ဤသက်ကြီးအို ရဟန်းကြောင့် ငါ၏ ဂုဏ်အသရေ ယုတ်နိမ့်ချေတော့သည်ဟု နှလုံးပိုက်၍ ကျောက်ကုန်း လည်ကုပ်ကို ဆုပ်ကိုင်တွန်းထိုး ပုတ်ခတ်သဖြင့် သေလွန်လေလျှင် ဘုရားသခင် ရှေ့နားတော် ကြားသိ၍—

ကိံ စိတ္တော တွံ ဘိက္ခု—ဟူသော ပါဠိဖြင့် ရဟန်း... သင်သည် အဘယ်စိတ်ရှိသနည်းဟု မေးတော်မူလေလျှင်—

နမရဏာဓိပ္ပါယော အဟံ ဘဂဝါ—ဟူသောပါဠိဖြင့် ဘုန်းတော်ကြီးလှသော ရှင်ပင်ဘုရား၊ ဘုရားတပည့်တော်အား သေစေလိုသော စေတနာမရှိပါဟု ရှေ့နားတော် လျှောက်လေလျှင် "အနာပတ္တိ ဘိက္ခု န မရဏာဓိပ္ပါ-ယဿ" ဟူ၍ အနုဝဇ္ဇကကို ထိုပုဂ္ဂိုလ်အပေါင်းတို့၏ အဓိပတိ ဝိနယဓရေပါမောက္ခအစစ် ဖြစ်တော်မူသော ဘုရားသခင်၏ အာဟစ္စပါဠိဝိနယကထာဒေသနာတော် ပါဠိ ပညတ်တော်မူရင်းနှင့် အညီ လက်ကျူးလွန်သူ ရှင်ပဏ္ဍိမှာ အခစားချုပ်စေသော သင်္ကန်းကို နေ့ရက် ကြာမြင့်စွာ မပေးမအပ် နေသောကြောင့် အတင်း သင်္ကန်းကိုယူရာ ငရှေလှဆိုသူက လုယက်လာသဖြင့် အမျက်မာန် အလိုက် ရိုက်နှက် ပုတ်ခတ်သောကြောင့် သေစေလိုသော စေတနာ မရှိပါဟု အစစ်ခံ ထွက်ချက်အတိုင်း ယုတ္တိရှိရာသည်၊ ရှိသဖြင့်လည်း

နမရဏာဓိပ္ပါယ သဘောသို့ သက်သည်၊ နမရဏာဓိပ္ပါယ သဘောသို့ သက်သဖြင့်လည်း–

"အနာပတ္တိ အသဉ္စိစ္စ အဇာနန္တဿ န မရဏာဓိပ္ပါယဿ ဥမ္မတ္တကဿ အာဒိကမ္မိကဿ" ဟူသော အနာပတ္တိ ပါဠိဝယ် "နမရဏာဓိပ္ပါယဿာတိ မရဏံ အနိစ္ဆန္တဿ၊ ယေန ဟိ ဥပက္ကမေန ပရော မရတိ၊ တေန ဥပက္ကမေန တသ္မိံ မာရိတေပိ နမရဏာဓိပ္ပါယဿ အနာပတ္တိ၊ ဝက္ခတိ စ အနာပတ္တိ ဘိက္ခု န မရဏာ ဓိပ္ပါယဿာတိ" ဟူသော အဋ္ဌကထာ ပါဌ်နှင့် အညီ နမရဏာ ဓိပ္ပါယဖြင့် ပုတ်ခတ်ချေ၍ သေလင့်ကစား မနုဿဝိဂ္ဂဟ တတိယ ပါရာဇိက အာပတ်ဖြင့် အနာပတ္တိသို့ သက်သည်။

မနုဿ ဇာတိက ပါဏော၊ ပါဏ သညိတာ၊ ဝဓကစိတ္တံ၊ ဥပက္ကမော၊ တေန မရဏန္တိ၊ ဣမာနေတ္ထ ပဉ္စအင်္ဂါနိ။

ဟူသော မာတိကာ အဋ္ဌထထာ။

ပါဏော မနုဿကော ပါဏ–သညိတာ ဃာတစေတနာ၊
ပယောဂေါ တေန မရဏံ၊ ပဉ္စေတေ ဝဓဟေတုယော။

ဟူသော လက်သန်း အဋ္ဌကထာများနှင့်အညီ လူဇာတ်ရှိသော သတ္တဝါ၊ သတ္တဝါဟူသော အမှတ်၊ သတ်လိုသော စေတနာ၊ပယောဂ၊ ထိုပယောဂဖြင့် သေခြင်းဟူသော ပါဏာတိပါတ အင်္ဂါ ငါးပါးတို့တွင် ဝဓက စေတနာ အင်္ဂါ ချွတ်သည်ဖြစ်၍ ပါဏာတိပါတ ကံလည်း မမြောက်၊ အန္တိမဝတ္ထုသို့ လည်း မရောက်။

တရံရောအခါ မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ သီတင်းသုံး နေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့က သတ္တရသဝဂ္ဂီ ရဟန်း တို့အား ဆွဲရမ်းကိုင်ငင်၍ ပုတ်ခတ်ရာတွင် သတ္တရသဝဂ္ဂီ ရဟန်းတို့ သက်ကြီး ရှိုက်တငင် ငိုယိုကြသဖြင့် ရှေ့နားတော် ကြားသိ၍–

"ယော ပန ဘိက္ခု ဘိက္ခုဿ ကုပိတော အနတ္တမနော ပဟာရံ ဒဒေယျ၊ ပါစိတ္တိယံ။

ဟူသော ဒေသနာကံ သိက္ခာပုဒ်ကို ပညတ်တော်မူရာဝယ်–

ပဟာရံ ဒေတိ အာပတ္တိ ပါစိတ္တိယဿာတိ ဧတ္ထ ပဟရိတု–ကာမတာယ ပဟာရေ ဒိန္နေ သစေပိ မရတိ၊ ပါစိတ္တိယမေဝ။

ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ပဟာရိတုကာမ ကုပိတ အနတ္တမန စိတ်ဖြင့် ရဟန်းတယောက်ကို ပုတ်ခတ်ရာ သေလွန်ငြားလည်း ပါစိတ်အာပတ်မှ တပါး အခြား အာပတ်သို့ မသက်သင့်ပြီ၊ ယခု ရဟန်းရှင်ပဏ္ဍိတမှာ အနုပသမ္ပန္နဖြစ်သူ ရွှေယင်မျှော်ဘုရားရှင် အာရာမ်စောင့် ငရွှေလှကို ရိုက်နှက်ပုတ်ခတ်သောကြောင့် "အနုပသမ္ပန္နေ အနုပသမ္ပန္နသညီ ကုပိတော အနတ္တမနော ပဟာရံ ဒေတိ အာပတ္တိဒုက္ကဋဿ" ဟူသော အာပတ္တိဝါရ စတုက္ကစက်၌ "အနုပသမ္ပန္နဿာတိ ဂဟဋ္ဌဿဝါ ပဗ္ဗဇိတဿဝါ ဣတ္ထိယာဝါ ပုရိသဿဝါ အန္တမသော တိရစ္ဆာနဂတဿာပိ ပဟာရံ ဒေတိ ဒုက္ကဋံ" ဟူသော အဋ္ဌကထာ ပါဠိနှင့်အညီ ဂဟဋ္ဌအနုပသမ္ပန္န ဖြစ်သူ ရွှေယင်မျှော် ဘုရားရှင် အာရာမ်စောင့်လူကို ရိုက်နှက်ပုတ်ခတ်၍ သေဆုံးငြားလည်း ဒုက္ကဋ်အာပတ်သာ သင့်သည်။

လောကကြောင်းအား ဖြင့်လည်း ဥစ္စာကို လုံ၍ ကိုင်ငင်ခြင်း ခိုက်ရန်ဖြစ်၍ ကိုင်ငင်ခြင်း ရန်သူဟူ၍ ကိုင်ငင်ခြင်း ခိုးသူဟူ၍ ကိုင်ငင်ခြင်း အားဖြင့် လေးပါးသော ကိုင်ငင်ခြင်းတို့တွင် ယခု ရဟန်း ရှင်ပဏ္ဍိမှာ မိမိဥစ္စာသက်န်းကို လို၍ ကိုင်ငင်ချေသည်၊ ကိုင်ငင်၍ သေလွန်သော် ဥစ္စာနှင့် လျော်ဒဏ်မျှခဲ့သော် တွက်ချစေ၊ ဥစ္စာက နည်းချေသော် လျော်စေ၊ မနုရွှေမျိုး ဓမ္မသတ်ကျမ်း လာသောကြောင့် ငရွှေလှ သိမ်းယူထားသည့် ရှင်ပဏ္ဍိ သင်္ကန်းမှာ ဝိတ်ရမတီ အနီသင်္ကန်း ဖြစ်ရကား အဘိုးကို တွက်လျှင် လေးအသပြာဝက်ခန့်မျှသာ တန်သည်၊ ရှင်ပဏ္ဍိ ရိုက်နှက်ပုတ်ခတ်သော ဒဏ်ကြောင့် သေသူငရွှေလှမှာ အသက်ကိုယ်ဘိုး အသပြာ သုံးရာတန်သည် ဖြစ်၍ ဆင်ပြောင်နှင့် မြွေခွေးသည် အလေးအပေါ့ မညီ ဆိုဘိသကဲ့သို့ ရှိချေသည်၊ ရဟန်းရှင်ပဏ္ဍိမှာ သေသူ ငရွှေလှနာစဉ် ကိုယ်ဘိုး အသပြာ သုံးရာ လျော်ဒဏ်လျော်ပြစ် ရှိငြားလည်း သေသူ ငရွှေလှ မယား မိကြော့က အမှုမပြုလိုပါပြီ၊ အသက်ဘိုးကိုလည်း မပြောမဆိုလိုပါပြီ ထွက်ဆိုသောကြောင့် လောကကြောင်းအားဖြင့် လျော်ဒဏ် လျော်ပြစ်လည်း ရှင်ပဏ္ဍိတမှာ မတင်သာပြီ၊ လောကကြောင်းအား ဖြင့်လည်း ရဟန်း ရှင်ပဏ္ဍိ ပြုသည့်အမှုသည် အလွန်ရန့်ရင်း ကြမ်းထမ်းသည် ဖြစ်၍ အာယတိ သံဝရ အကျိုး၄ါ ရွှေယင်မျှော်ဘုရားရှင်မှာ စေတီယင်္ဂဏ ဝတ်ကို ပြုစေ၊ ဝတ်မြေဝန်က အာရာမ်စောင့်ခေါင်းကြီးတို့ကို အပ်။

သက္ကရာဇ် ၁၂၁၇ – ခု၊ ကဆုန်လဆန်း ၁၂–ရက်နေ့၊ သာသနာပိုင်ဆရာတော်ဘုရားကြီး အမိန့်တော်။

(၂၈) ဘုရားတပည့်တော် တမူးခန်းပတ်အဝင် အင်းကုန်းရွာ ရှင်ဝိလာသမဥ္စု ရှိခိုးနားတော် လျှောက်ပါသည် ဘုရား....၊

တပည့်တော် နားမလည်၍ ဆရာသမား တိုက်တွန်းသောကြောင့် ၁၉-နှစ်နှင့် ပဥ္စင်းပြုပြီးလျှင် လေးဝါရှိမှ ပန်းသာခင်ကြီး ဦးအောင်မင်း, ဝဲကသာခင်ကြီး ဦးသီရိ တို့က ရဟန်းပြုသည့် နှစ်, လကို မေးမြန်းစိစစ်လျှင် ရဟန်းမဖြစ်မမြောက် ထပ်မံ၍ ပဥ္စင်းခံရမည် ပြောဆိုလျှင် ဘုရားတပည့်တော်လည်း ထပ်မံ၍ ယခု ဥပဇ္ဈာယ်ဆရာများနှင့် ပဥ္စင်းခံပြီး ဖြစ်ပါသည်ကို ကင်းတပ်ဆရာဦးမြတ်စံ က ထပ်မံ၍ ခံသော်လည်း ရဟန်းမဟုတ်၊ မပေါင်းဖေါ်လို၊ အများ သံဃာကိုလည်း အပေါင်းအဖေါ် မပြုကြနှင့်ဟု ရဝရွာ ရှင်ပြုအစည်းအဝေးတွင် ဆင့်ဆို ကြဉ်ထားရှိပါသည်၊ တမူခန်းပတ်နယ်တွင် ထေရ်ကြီး ဝါကြီးဖြစ်၍ အများသံဃာတို့ပင် အပေါင်းအဖေါ်မရှိ၊ကြဉ်ထားသည်ကို ခံနေရပါသည်၊ အမိန့်တော်မြတ်ကို ဦးထိပ်ရွက်၍ မှန်ရာဖြစ်ပါမည့်အကြောင်းကို ရှိခိုးနားတော် လျှောက်ပါသည် ဘုရား။

ခန်းပတ်မြို့ စီရင်စု အင်းကုန်းရွာ ရှင်ဝိလာသမဥ္စု ကို ပရိပုဏ္ဏဝီသ - ဟူသော ဥပသမ္ပဒကံ၏ အင်္ဂါလက္ခဏာ ချွတ်၍ သံဃာတို့က သံဝါသိကပဋိက္ခေပ ပြုကြသည်ကို ခံနေရကြောင်းနှင့် အလျှောက်အထား ရှိသည်မှာ....

> ပရိပုဏ္ဏ ဝီသတိ ဝဿောတိ ပဋိသန္ဓိ ဂဟဏတော ပဋ္ဌာယ ပရိပုဏ္ဏဝီသတိဝဿော၊ ဂဗ္ဘဝီသောပိ ဟိ ပရိပုဏ္ဏဝီသတိ ဝဿောတွေဝ သင်္ချံ ဂစ္ဆတိ။

ဟူသော အဋ္ဌကထာပါဠိနှင့် အညီ ပဋိသန္ဓေ စွဲနေသဖြင့် ကလလရေကြည်တည်သည် ကာလမှစ၍ အရေအတွက် အပိုင်းအခြားကို ယူအပ်ရကား အကြင်သူသည် တဆယ့်နှစ်သပတ်လုံး အမိဝမ်းဝယ် စွဲလမ်း ပဋိသန္ဓေ နေပြီး၍ မဟာပဝါရဏာ နေ့၌ ဖွားမြင်၏၊ ထိုသူကို ဖွားမြင်သည့်နေ့မှ စ၍ တဆယ့်ကိုးနှစ်တိုင် ရောက်လျှင် မဟာပဝါရဏာ နေ့ကို လွန်၍ အထွက်တရက်နေ့၌ ပဥ္စင်းခံအပ်သည်၊ မဟာပဝါရဏာနေ့၌ ဖွား၍ တဆယ့်ကိုးနှစ် ရှိပြီးသော သာမဏေကို ဝါခေါင်လပြည့်နေ့ကို လွန်၍ အထွက်တရက်နေ့၌ ပဥ္စင်းခံခြင်းကို အလိုရှိကုန်သော ထေရဝါဒ အာစရိယပဝေဏီမှာ တခုခုသော နှစ်၌ စာတုဒ္ဒသီ ခြောက်ဥပုသ်တို့သည် ဖြစ်ရကား အနှစ် နှစ်ဆယ်တိုင်လျှင် လေးလ ယုတ်ကုန်သဖြင့် ရေ, မြေသနင်း မင်းတို့သည် သုံးနှစ်တကြိမ် ရက်,လ တို့ကို

ငင်ကုန်ရကား တဆယ့်ရှစ်နှစ် တိုင်လျှင် ခြောက်လ တိုးပွားကုန်သဖြင့် ၎င်း ခြောက်လတို့တွင် ရက်မစုံဥပုသ်အတွက် ၄–လတို့ကို နုတ်၍ ကျန် ၂–လနှင့် သော် မိမိဖွားမြင်သော မဟာပဝါရဏာနေ့ မတိုင်မီ ဝါခေါင်လပြည့်ကျော် တရက် ဟူသော ပဏ္ဍိမိက ဝဿူပနာယိက နေ့ကပင် ပဥ္စင်းခံသင့်၏ ဟူသော ထေရဝါဒ အာစရိယ ပဝေဏီကို အဋ္ဌကထာ၌ ပြလျက် ရှိသည်၊ ပဋိသန္ဓေ နေရာမှာလည်း တဆယ့်နှစ်လ ပတ်လုံး အမိဝမ်းမှာ နေသသူဖြစ်အံ့၊ ဖွား၍ အနှစ် နှစ်ဆယ်တိုင်လျှင် နှစ်ဆယ့်တနှစ် ရှိ၏၊ ခုနစ်လပတ်လုံး အမိဝမ်းမှာ ပဋိသန္ဓေ နေသသူဖြစ်အံ့၊ ဖွား၍ အနှစ် နှစ်ဆယ်တိုင်လျှင် နှစ်ဆယ့် ခုနစ်လ ရှိ၏၊ ခြောက်လ ပဋိသန္ဓေ နေသသူတို့မှာ ခန္ဓာ အရှည်မခံ၊ အသက်မရှည် ဟု ဝိနည်းအဋ္ဌကထာတို့၌ လာသည်ကို ထောက်လျှင် အန္တိမ ပရိစ္ဆေဒ အား ဖြင့် ခုနစ်လ ပဋိသန္ဓေနေသည်ကို အစွဲအလမ်းပြု၍ သာသနာတော်၏ အစီး အပွားကို ရွက်ဆောင်ပေလတ္တံ့သော အမျိုးကောင်းသားတို့အား ရဟန်း ပဥ္စင်း ခံရာသည်။

ယခု ရှင်ဝိလာသမဥ္ဇူမှာ ဖွားသက္ကရာဇ်, ရဟန်းခံ သက္ကရာဇ် များကို တွက်စစ်သော် ဂဗ္ဘဝီသ အရေအတွက်ဖြင့်သော်လည်း အပရိပုဏ္ဏ ဝီသတိ ဝဿ ပုဂ္ဂိုလ်ဖြစ်၍ ဥပသမ္ပဒကံ မမြောက်၊ ဥပသမ္ပဒကံ မမြောက်၍ ရဟန်း ပင် မဖြစ်သော်လည်း သုဒ္ဓသညာကြောင့် ဝဇ္ဇနီယ ပုဂ္ဂိုလ်အဖြစ်မှာ မတည်၊ ထို ကံကြီး, ကံငယ်၌ ကံကို မပျက်စေ၊ ရဟန်း မဟုတ်သောကြောင့်လည်း စတုဝဂ်, ပဉ္စဝဂ်, ဒသဝဂ်, ဝီသတိဝဂ်ဖြင့် ပြုအပ်သော ကံတို့၌ ဂိုဏ်းပြည့် ပြု လုပ် ဆောင်ရွက်သော် ကံ မမြောက်၊ ''သောပိ စ ယာဝ န ဇာနာတိ၊တာ- ဝဿ နေဝ သဂ္ဂန္တရာယော န မောက္ခန္တရာယော ဉ တွာ ပန ဥပသမ္ပဇ္ဇိတဗ္ဗံ'' ဟူ၍ မိန့်အပ်သော အဋ္ဌကထာပါဠိနှင့်အညီ အကြင်မျှလောက်သော ကာ လပတ်လုံး မိမိ၏ ရဟန်းမဖြစ်မြောက်သည်ကို မသိသေး၊ ထိုမျှလောက်သော ကာလပတ်လုံး သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ်ကို မပြုသည်၊ သည်မှနောက်၌ကား တဖန်ထပ်၍ ရဟန်းပဥ္စင်း ခံအပ်ရကား ရှေးဦးရဟန်းခံပြီးမှ လေးနှစ်ခန့်ကြာ လွန်လျှင် ဝိနည်းသိက္ခာပုဒ်၌ လိမ္မာသသူ ဝိနည်းမိုရ်ပုဂ္ဂိုလ်တို့က ပြောဆိုပြသ သဖြင့် မိမိ၏ ဥပသမ္ပဒကံ မမြောက်ကြောင်းကို သိလျှင် နေ့ရက် မရှည် မကြာ သိက္ခာ ထပ်ကြောင်းနှင့် လျှောက်ထားချက် ရှိသည်အတိုင်း နောက် တဖန် ထပ်ယူသော သိက္ခာပုဒ်ဖြင့် ထေရဝါစဉ် အရေ အတွက်ကို ပြုစေ၊ ခန်းပတ် မြို့နယ် ဂိုဏ်းသံဃာ တို့လည်း မရှုံရှာ အပ်သည်ကို ရှုံရှာသဖြင့် မခရှောင်ကြဉ်အပ်သည်ကို ရှောင်ကြဉ်သဖြင့် တံစုန်း သစ်ငုတ်ကို မြေဘုတ်

ဘီလူးဟူသော အမှတ်ဖြင့် ရှောင်ကြဉ်မိသော ခရီးသွား ယောက်ျားကဲ့သို့ ၎င်း, မိမိတို့ အပေါင်းအသင်းတို့မှ ပေါက်ဖွားသော ဆင်ငယ်ကို စင်လျက် မြူတင်၍ ဆင် မသန့်ရှင်းကာမျှဖြင့် ငါတို့ အပေါင်းအသင်း မဟုတ်ဟု စက်ဆုပ် ရွံရှာလျက် ဖဲခွါ ရှောင်ကြဉ်မှားသော ဆင်များ အပေါင်းကဲ့သို့၎င်း အပရိပုဏ္ဏ ဝိသတိဝသ အပြစ် အညစ်အကြေး တင်ကာမျှဖြင့် အဘဗ္ဗ ဝဇ္ဇနီယ ပုဂ္ဂိုလ်ဟု ရှောင်ကြဉ်ကြခြင်းသည် မသင့်မလျော်၊ နောက်ထပ်သော သိက္ခာဖြင့်သာ သာသနာတော်ဝယ် မွေလျော်စွာ နေထိုင်စေ။

သက္ကရာဇ် ၁၂၁၇-ခု၊ နယုန်လဆန်း ၁၁-ရက်နေ့၊ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၂၉) ဘုရားတပည့်တော် သာစည်ရွာနေ တကာ–ငရွှေး လျှောက်ပါသည်ဘုရား....၊

ရဟန်း ဦးပညာက အဘ မသေလွန်မီ ကျောင်းဆောက်ပါ၊ အဘမှာ ယာနှစ်ခင်းရှိသည်၊ ငါ အမွေခံပါမည် ဟူ၍ ငွေ နှစ်ဆယ်ကျော်နှင့် ကျောင်း ဆောက်ရပါသည်၊ ၎င်းနောက် အဘသေလွန်ခါနီးတွင် ယာတခင်းကို အဘ သုံးစားသည့် ငွေပြင်ရှိသည်ဟု စာချုပ်ထား၍ ယူပါသည်၊ ယာတခင်းကို ဆွမ်းမွေးယာဟု ခံယူပါသည်၊ ၎င်းနောက် အခြားကျောင်းတကာထံ ဆွမ်း မွေးယာကို အပ်ပါသည်၊ ယာတခင်းကို ငွေနှင့် ပေါင်ပါသည်၊ ၎င်းနောက် ပေါင်ထားသည့် ယာကို ငွေသုံးဆယ်ကျော်နှင့် တပည့်တော်က ရွေးနုတ်ရပါ သည်၊ ဆွမ်းမွေးယာကိုလည်း ဆွမ်းပြုမြဲ ပြုဟု စာချုပ်နှင့် အပ်နှံသည်ကို တဖန် တပည့်တော်က ရပါသည်၊ ၎င်းနောက် ဆွမ်းမွေးယာကို ငမြတ်သင်းက တရားပြုလုပ်ရာ ငွေလေးဆယ်ကျော် စိုက်ထုတ်နှင့်ရသည် ဖြစ်၍ ဦးပညာက တကာ ငွေကို မဆပ်မပေးနိုင်မီ ဆွမ်းမွေးယာကို လုပ်စားပါတော့ဆို၍ စုံရာ စာချုပ်နှင့် အပ်နှံသည်ကို တဖန် တပည့်တော်က ရပါသည်၊ ၎င်းနောက် မနှင်းငုံက ဆွမ်းမွေးယာကို တရားပြုလုပ်ရာ ဦးပညာက ရွှေနေခေါ်၍ ၎င်း ရွှေနေတို့စကားကို နားထောင်၍ ဆောင်ရန်ရှိသမျှ စိုက်၍ဆောင်နှင့်ပါဆို သောကြောင့် ငွေတပိဿာကျော် စိုက်ထုတ် ဆောင်ရွက်ရပါသည်၊ ၎င်း နောက် ငရွှေမြိုက ဆွမ်းမွေးယာကို တရားပြုလုပ်ရာ ငွေငါးကျပ် စိုက်ထုတ် ရပါသည်၊ သို့ပင် အဘန်တန် အပ်နှံလျက် အတန်တန် စိုက်ထုတ်လျက် ကျောင်းဆောက်ပေးရလျက်ကို ယခုမှ ရဟန်းဦးပညာက ဆွမ်းမွေးယာတွက် ကုန်ငွေ တပိဿာ ငါးဆယ်ကျော် မဆပ်မပေးပဲ မင်းမှိစိုးကပ်ပြု၍ မိုလ်စာ

ခံပြီးလျှင် ရွာအုပ် လူကြီးတို့ ဆီးတားနှောင့်ရှက် သိမ်းယူခံနေရပါသည်၊ ရဟန်းဦးပညာနှင့် တရားရှိရာ ရွှေတော်တွင် ရှင်းလင်း၍ အမိန့်တော်မြတ်ကို ဦးထိပ်ရွက်ပါရမည့် အကြောင်းကို ဆရာတော် ဘုရားကြီးသာ ကိုးကွယ်ရာ ဖြစ်ပါ၍ ရှိခိုးနားတော် လျှောက်ပါသည်ဘုရား။

ဘုရားတပည့်တော် ရှင်ပညာ ရှိခိုးနားတော်လျှောက်ပါသည်ဘုရား.....၊

အဘ လှူထားသည့် ယာမြေကို တကာ ငရွှေး လိမ်လည် ကောက်ကျစ် စဉ်းလဲ ကြံစည်၍ ပြောဆိုသည် ဖြစ်ပါသောကြောင့် ဘုရား တပည့်တော် ရှင်ပညာသည် သာသနာတော်၌ ရပ်တန့်နိုင်ပါအောင် အဘလှူရင်းအတိုင်း ဆွမ်းပစ္စည်းကို သုံးစွဲပါရမည့်အကြောင်းကို ရှိခိုး နားတော် လျှောက်ပါသည် ဘုရား။

သာစည်ရွာ တကာ ငရွှေးတို့ အဘလက်ထက် သားရဟန်းအား လှူခဲ့သည့် ဆွမ်းဝတ်မြေမှုနှင့် လျှောက်ထား ပြောဆိုကြသည်မှာ–

ရဟန်းရှင်ပညာ တကာ ငရွှေးတို့ အဘဖြစ်သူ ငမင်းသည် အမွေခံ သား သမီးတို့အား အထိုက်အလိုက် လယ်ယာ မြေများကို ပေးဝေပြီးမှ အိုစရိတ် သေစရိတ် ချန်ထားသည်၊ ဗောဓိမြေမှာ သေစရိတ် ထားခဲ့သည့် အတိုင်း သားရဟန်း ရှင်ပညာက ၎င်းမြေရပ်နှင့် သင့်ပြိုဟ်သည်၊ အောက်ကျင်းမြေကို အဘဖြစ်သူ ငမင်းက သားရဟန်း ရှင်ပညာကို သံသရာစရိတ်ပြု၍ လှူခဲ့ သည်၊ အဘငမင်း လှူသည့်အရာ,သားရဟန်း ရှင်ပညာ ခံယူသည့် အရာများ သည် နဝအဓမ္မိက ဒါနာနိ-ဟူသော ပရိဝါ ပါဠိ၌-

> နဝအဓမ္မိကဒါနာနီတိ သံဃဿ ပရိဏတံ အညသံဃဿ စေတိ-
> ယဿ ပုဂ္ဂလဿ ပရိဏာမေတိ၊ စေတိယဿ ပရိဏတံ အညစေတိ-
> ယဿ သံဃဿ ပုဂ္ဂလဿ ပရိဏာမေတိ၊ ပုဂ္ဂလဿ ပရိဏတံ အည-
> ပုဂ္ဂလဿ သံဃဿ စေတိယဿ ပရိဏာမေတီတိ ဧဝံ ဝုတ္တာနိ နဝ။

ဟူ၍ ဗုဒ္ဓဃောသ အဋ္ဌကထာ ဆရာသည် ဖွင့်ပြအပ်သော အဓမ္မိက ဒါန ကိုး ပါး တို့တွင် သံဃာ,စေတီ, ပရပုဂ္ဂလတို့အား ညွတ်ပြီးသည်ကို မိမိသို့ သွေး ဆောင်၍ ရဟန်းရှင်ပညာ အလှူခံသည့် မဟုတ်ရကား တပါးပါးသော အဓမ္မိက ဒါနသို့ မသက်ချေ၊ စင်စစ်သော်ကား " တိဏိ ဓမ္မိက ဒါနာနိ " ဟူသော ပရိဝါပါဠိ၌ -

တီဏိ ဓမ္မိက ဒါနာနီတိ သံဃဿ ပရိဏတံ သံဃဿ ပရိဏာမေတိ၊ စေတိယဿ ပရိဏတံ စေတိယဿ ပရိဏာမေတိ ပုဂ္ဂလဿ ပရိဏတံ ပုဂ္ဂလဿ ပရိဏာမေတီတိ ဧဝံ ဝုတ္တာနိ တီဏိ။

ဟူ၍ ဗုဒ္ဓမတညု အဋ္ဌကထာဆရာသည် ဖွင့်ပြအပ်သော ဓမ္မိကဒါန သုံးပါးတို့တွင် မိမိဟူသောပုဂ္ဂိုလ်အား ညွတ်ပြီးသည်ကို မိမိဟူသော ပုဂ္ဂိုလ်သို့ပင် ညွတ်စေ၍ ခံယူသောကြောင့် ပုဂ္ဂလဿ ပရိဏတ ပုဂ္ဂလဿ ပရိဏတ ဓမ္မိကဒါနသို့ သက်သည်ဖြစ်၍ ဝိနည်းဓမ္မကံကြောင်းအားဖြင့် အပြစ်မထင်။

လောကကြောင်းအား ဖြင့်လည်း "ကတံ နဝမံ တေဟိ၊ ဒါနဘာဂဋ္ဌာပိယံ" ဟူ၍ မနုကျမ်းများ၌ မိမိအဘိုးအရာ ဒါနအလို့ငှါ ချန်ထားပြီးမှ သားသမီး တို့အား အမွေဥစ္စာကို ဝေဘန်ရသော ထုံး ပြသည်ဖြစ်၍ ၎င်းနိပါတ်တော်များ၌လည်း မိမိအဘိုးရာ ဒါနအလို့ငှါ ချန်ထားပြီးမှ သားသမီးတို့အား အမွေဥစ္စာ ဝေဘန်ရသော ထုံးပဝေဏီ လာသည်ဖြစ်၍၎င်း ယခု တကာ မေင်းမှာလည်း အမွေခံသားသမီးတို့အား အထိုက်အလျောက် အမွေဥစ္စာကို ပေးဝေပြီးမှ မိမိအဘိုးရာမှ ဒါနအလို့ငှါ သား ရဟန်း ရှင်ပညာအား လှူသည်ဖြစ်ရကား သားချင်းအမွေခံတို့က မပန်မကြား လှူသည်ဟူ၍၎င်း, သားသမီးတို့ မျက်ကွယ် လှူသည်ဟူ၍၎င်း အနှောင့်အရှက် အပြောအဆို မရှိစေနှင့်၊ အဘမေင်း လှူသည့်အတိုင်း ရဟန်း ရှင်ပညာမှာ ဝိနည်းဓမ္မကံနှင့်အညီ သုံးဆောင်စေ၊ ၎င်းကျောင်းမွေးယာကို ငမြတ်သင်း ဆိုသူက နှောင့်ရှက်၍ ငွေ အကျပ်လေးဆယ်၊ မိနှင်းငုံ နှောင့်ရှက်၍ ငွေ တဆယ့်ခြောက်ကျပ် တမတ်၊ ငရွှေမြို့ နှောင့်ရှက်၍ ငွေ ငါးကျပ်၊ သုံးရပ်ပေါင်း ငွေခြောက်ဆယ်ကျော်ကို ရဟန်းရှင်ပညာ အတွက်တာနှင့် တကာ ငရွှေး စိုက်ထုတ် ဆောင်ရွက်ရသည်မှာ ရဟန်းရှင်ပညာသည် တကာငရွှေးနှင့်အတူတကွ မြို့တော်သို့ တက်၍ မျက်မှောက် ဆောင်ရွက်ကြသည် ဖြစ်လျက် ကုန်ကျသည့် စရိတ်ကို မသိလေဟန်နှင့် စဉ်းလဲကောက်ကျစ်၍ ဝိနည်းမိုရ် ပုဂ္ဂိုလ်တို့အား လှည့်ဖျား ပြောဆိုသော်လည်း ကုန်ကျသည့် စရိတ်ကို မခံပဲ ကျောင်းမွေးယာကို အလွယ်တကူ ယူလို၍ ပြောခြင်းမျှသာ၊ ၎င်းကုန်ကျသည့် စရိတ်ကို ရှင်ပညာက ပေးစေ၊ ၎င်းကုန်ကျသည့် စရိတ်အတွက်တာနှင့် ယာပေါ်မှာ တင်နှင့်ရသည်မှာ ငရွှေးက ၎င်းယာကို ရွေးနုတ်၍ ရဟန်း ရှင်ပညာထံ အပ်စေ၊ ငရွှေးက ၎င်းယာကို တပည့်တော်သာ လုပ်ဆောင်ထိုက်သည် အပြောအဆို မရှိစေနှင့်၊ ရဟန်း ရှင်ပညာ နှစ်မြိုက်သသူကို ချတင်လုပ်ဆောင်စေ၊

၎င်းယာကို မရွေးမနုတ်နိုင်သည့်အတွင်း ရဟန်း ရှင်ပညာက အပြောအဆို အသိမ်းအယူ မရှိစေနှင့်၊ ငရွေးက ရွေးနုတ်၍ပေးမှ သိမ်းယူစေ။

သက္ကရာဇ် ၁၂၁၇-ခု၊ နယုန်လပြည့်ကျော် ၄-ရက်နေ့၊ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၃၁) သက္ကရာဇ် ၁၂၁၇-ခု၊နယုန်လပြည့်ကျော် ၉-ရက်နေ့ ကောလင်းမြို့ ကြာအင်းကျောင်းနေ ရဟန်း ရှင်ဝီရိယ, ရှင်သီရိမာလာ ရှင်ကလျာဏတို့-အစစ်ခံချက် ဘုရား....၊

ရှေးအထက်က ရှင်သြဘာသ တောင်းယူစဥ်ကာလ ဝိနည်းဓမ္မကံနှင့်လျော် စွာ ယူလျှင် ပေးပါမည်၊ ယူပါတော့ဆိုလျက် အသေအချာ ယုံကြည်လောက် အောင် ဝိနည်းဓမ္မကံနှင့် လျော်စွာဆို၍ မယူနိုင်ဟု ဆရာသမားတို့ ပြောဆို သည်ကို ကြားသိရဘူးပါသည်၊ ၎င်းနောက် ရှင်အဂ္ဂဓမ္မစာရီ တောင်းယူစဥ် ကာလလည်း စာချုပ်စာရင်းကို မတင်မပြပါ၊ တင်ပြယူပါမူကား ဤကဲ့သို့ အရှင်မြတ်တို့ထံ မရောက်သင့်ပါပြီ၊ ရှေးကာလက မပြ၊ ယခုမှ စာချုပ် စာရင်းကို တင်ပြ ပြန်သောကြောင့် ဘုရားတပည့်တော် မယုံကြည်နိုင်ပါ ဘုရား။

သက္ကရာဇ် ၁၂၁၇-ခု၊ နယုန်လပြည့်ကျော် ၉-ရက်နေ့၊ ဆားကျင်းရွာ ကျောင်းနေ ရှင်အဂ္ဂဓမ္မစာရီ-အစစ်ခံချက်ဘုရား....၊

၁၁၀၉-ခု၊ တပေါင်းလပြည့်နေ့ မြေနိုင်စဥ်ကျောင်း တောင်ပေါ်ကျောင်း ရှင် ရှင်မိတိမာ, ကျောင်းမဆရာ ရှင်ဝိမလာစာရ, စဥ်ကျောင်းရှင် ရှင် ကဝိန္ဒ, သာမဏေ ရှင်ဇဝန, ရှင်ဝိမလ, တကာ ငရွေးတို့ရှေ့ ဆရာ ဦးသုနန္ဒ က တပည့် ရှင်သြဘာသအား ငါပိုင်ထိုက်သော ပိဋကတ်အရပ်ရပ် ဂရုဘဏ် လဟုဘဏ် ပစ္စည်းရပ်များကို သင့်အား ပေးပါ၏၊ တပည့် ရှင်သြဘာသက လည်း ကိုယ်တော်အရှင် ပေးသည့်အတိုင်း ယူပါ၏၊ ၎င်း ဆရာတပည့်တို့ ပေးယူသည့်ကာလ စာစီစာရေး ဝန်းသိုမြို့ ဂိုဏ်းအုပ် ကျောင်းမ ဆရာတော် ရှင်ဝိမလာစာရ ဖြစ်ပါသည်၊ ၎င်းနောက် ၁၂၁၃-ခု၊ တန်ဆောင်မုန်းလဆန်း ၃-ရက်နေ့တွင် ချပ်သင်းကျောင်းနေ တပည့် ရှင်သြဘာသက ဆားကျင်း ကျောင်းနေ အရှင်အဂ္ဂဓမ္မစာရီအား ကျောင်းအာရာမ်နှင့် တကွ ဂရုဘဏ် လဟုဘဏ် ပစ္စည်းရပ်များကို ပေးပါ၏ ဆိုပါသည်၊ တပည့်တော်ကလည်း ယူပါ၏ဆို၍ ယူသည့်ကာလ သိရှိသူ ဦးပဥ္ဇင်း မိတိမာ ဦးပဥ္ဇင်း ကလျာဏ

သာမဏေ ရှင်သုမန,၊ရှင်ဒိပ, ကျောင်းတကာ သောရှဲ သားငရွှေနိုင် စာတိုက် တကာ ငမိုးတို့ရွှေ ဖြစ်ပါသည်၊ ဦးသြဘာသ ပိုင်ထိုက်သည့် ပစ္စည်းရပ်များ စာပေများကို အဆောင်အယူ သွားသောကာလ ကောလင်း သံဃာတို့က ဝိနည်းခမ္မကံနှင့် လျှော်စွာယူလျှင် ပေးပါမည် ယူပါတော့ မဆိုကြပါ၊တပည့် တော် အဆောင်အယူ သွားသောကာလကလည်း စာချုပ်စာရင်း တင်ပြပါ သော်လည်း ၎င်းတို့က လက်မခံကြပါဘုရား။

ပင်းသာမြို့စီရင်စု ဆားကျင်းရွာ ရဟန်းရှင်အဂ္ဂဓမ္မစာရီ ကောလင်းမြို့ ရဟန်းရှင်သီရိမာလာ ရှင်ဝိရိယ ရှင်ကလျာဏတို့က ရှင်သုနန္ဒ ပိုင်ထိုက်သည့် စာပေပိဋကတ် ဓမ္မက္ခန္ဓာ စာပေ ပစ္စည်းပရိက္ခရာများနှင့် စပ်လျဉ်း၍ သံဃာ ချင်းချင်း ငြင်းခုံပြောဆို လျှောက်ထားကြသည်မှာ-

ပဌမ မထေရ် ရှင်သုနန္ဒ–က ဒုတိယ မထေရ် ရှင်သြဘာသအား အသေ အချာ စာချုပ်သက္ကရာဇ် သိရှိသူ သက်သေ သာဓကများနှင့် ပေးအပ်ခဲ့သည်၊ ဒုတိယ မထေရ် ရှင်သြဘာသကလည်း တတိယ မထေရ် ရှင်အဂ္ဂဓမ္မစာရီ အား အသေအချာ ပေးအပ်ခဲ့ကြောင်းကို စာရင်း တင်ပြလျက် ရှိသည်၊ ကောလင်းမြို့ ရှေးအထက် သံဃာကြီးတို့က-

တာနိ စီဝရာနိ အာဒါယ သာဝတ္ထိံ ဂန္တွာ-စသည်ဖြင့်လာသော မဟာဝါ စီဝရခန္ဓက ပါဠိ၌-

> တာနိ စီဝရာနိ အာဒါယ သာဝတ္ထိံ ဂန္တွာတိ ဧတ္တ တာနိ စီဝရာနိ ဂတ ဂတဋ္ဌာနေ သံဃိကာနေဝ ဟောန္တိ၊ ဘိက္ခူဟိ ဒိဋ္ဌမတ္တမေဝေတ္တ ပမာဏံ။

စသည်ဖြင့် ဗုဒ္ဓမတည ့ အဋ္ဌကထာဆရာ ဖွင့်ပြတော်မူသည်နှင့် အညီ ရောက်ရာရောက်ရာ သံဃိကဟူသည် စကားအမြွက်မျှကိုသာ စွဲ၍-

> သစေ ပန သော ဇီဝမာနောယေဝ သဗ္ဗံ အတ္တနော ပရိက္ခာရံ နိဿဇ္ဇိတွာ ကဿစိ အဒါသိ၊ ကောစိ ဝါ ဝိဿာသံ အဂ္ဂဟေသိ၊ ယဿ ဒိန္နံ၊ယေနစ ဂဟိတံ၊ တံ တဿေဝ ဟောတိ၊တဿ ရုစိယာ ဧဝ ဂိလာနုပဋ္ဌာကာ လဘန္တိ။

ဟူသော ၎င်းအဋ္ဌကထာ၌ သဇီဝသန္တာန် ဝိညာဏ် ထင်ရှားရှိစဉ်က သူတပါးတို့အား ပေးစွန့်ခဲ့သော်၎င်း တစုံတယောက်သောသူက ဝိဿာသ ဂါဟဖြင့် ယူလိုသော်၎င်း, ပေးအပ်သသူ ယူသသူတို့ ရကြောင်းကို ဆိုသော

စကားကို မထောက်မထား မစိစစ်ပဲ သိမ်းယူသိမ်းကြလေသည်ကား အစာကိုသာမြင်၍ ကျော့ကွင်းကို မမြင်သော ငှက်ကဲ့သို့ ပစ္စည်းဘဏ္ဍာ ပရိက္ခရာများကိုသာမြင်၍ မိမိတို့အထက်သို့ ကျရောက်လတ္တံ့သော အပြစ်တို့ကိုမမြင်ပဲ ထင်တိုင်း ပြောဆို ပြုကျင့်ကြလေသည်၊ လောက၌လည်း ထိုထိုမင်းတို့သည် ပရိက္ခရာ ဘဏ္ဍာ ဥစ္စာခမ်းနားများ၌ အမွေခံမရှိ၊ ဥစ္စာသည် အာဂန္တုကပင် ဖြစ်သော်လည်း အသေအချာ မောင်းကြေးနင်းခတ်၍ အမွေခံရှိ မရှိကို သိသာ ခြားနားမှ သိမ်းယူရာသည်၊ သိဝိတိုင်း ဇေတုတ္တရာ ပြည်၌ သိဥ္စည်းမင်းကြီးလည်း ရသာရုံ၌ တပ်မက်ခမောသဖြင့် အစားလွန်၍ တမလွန် ပြောင်းသွားသော ဇူဇကာ ပုဏ္ဏားမှာ နှစ်ပါးသော မြေးတော်တို့၏ ကိုယ်ဘိုးငွေ အသပြာ ကြွင်းကျန်ရစ်သဖြင့် တပြည်ရပ်ခြား တိုင်းတပါးမှ ပုဏ္ဏား သူယုတ်မာဟု အများပင် သိကြသော်လည်း အမွေခံ တစုံတယောက်ရှိလျှင် ပေါ်ထွက်ခဲ၊ အမိန့်တော်မြတ်ဖြင့် ဇေတုတ္တရာပြည်ဝယ် စည်လည်စေ၍ အမွေခံ မရှိကြောင်းကို ထင်ရှား သိစေပြီးမှ သိမ်းယူ၍ ရွှေတိုက်တော် အတွင်းသို့ သွင်းဘူးသော ထုံးလည်း အထင်အရှား ရှိချေသည်၊ ဤကဲ့သို့ လောကစာရိတ္တကို လောကသနင်း မင်းတို့မှာလည်း စောင့်ရှောက်ပါလျက် "သစေပန သော ဇိဝမာနော" အစရှိသော အဋ္ဌကထာနှင့်အညီ မသေလွန်မီက ပေးအပ်ခဲ့သဖြင့် အမွေခံထင်လင်း ရှိလျက် ကောလင်း သံဃာတို့သည် မြတ်စွာဘုရားသခင်၏ အာဏာတော်,အဋ္ဌကထာဆရာတို့၏ ဝိနိစ္ဆယကိုမထောက်၊ သာသနာ့ စာရိတ္တကို ဖျက်ဆီး၍ သေလွန်သူ ရဟန်း ရှင်သုနန္ဒ၏ ပစ္စည်း ဘဏ္ဍာ ပရိက္ခရာများကို သိမ်းဆည်းကြလေသည်၊ မသေလွန်မီ ကာလက ရှင်သုနန္ဒက ရှင်ဩဘာသကို မပေးမအပ်သဖြင့် သံဃိကဖြစ်ကြောင်းကို မဆိုနိုင်၊ သဘောကို ထောက်လျှင် လိုချင်သောအတွက် ရမ္မက်အားကြီး၍ တားဆီး ခြင်းမျှသာ။

ဥပမာအားဖြင့် ဆိုသော် တယောက်သော သူသည် ညဥ့် မှောင်မိုက်သော အခါ အနီးအပါးသို့လာသော နွားတခုကို မြင်လေလျှင် ဤသည်ကား ငါ၏ နွားပင်တည်းဟု အမှတ်ရှိသဖြင့် ချည်နှောင်ဘမ်းဆီး၍ ထားရာ နွားရှင်လာ၍ ခွါနေချိန် အထွေထွေ အရပ်ရပ် အမှတ်အသားများနှင့် အသေအချာ ဆို၍ ညီညွတ်ပါလျက် မပေး မအပ်ခြင်းကြောင့် စိုးမင်းထံ အပ်နှံ၍ တောင်းသောအခါမှ အသာအကြည် ထည့်အပ်လိုက်ရသဖြင့် ထိုဘမ်းဆီး၍ ထားသသူမှာ မပျောက် မပျက်ရအောင် ထိန်းသိမ်း စောင့်ရှောက်ရသည်သာ မိမိ၌ အရာထင်သကဲ့သို့ ကောလင်း သံဃာတို့မှာလည်း ၎င်းစာပေ ပိဋကတ် ပစ္စည်း

ဘဏ္ဍာ ပရိက္ခရာများကို ထိန်းသိမ်း စောင့်ရှောက်ရခြင်းသာ မိမိတို့၌ အရာ ထင်လေသည်၊ "ယဿ ဒိန္နံ၊ ယေနစ ဂဟိတံ၊ တဿေဝ ဟောတိ" ဟူသော အဋ္ဌကထာပါဠိနှင့် အညီ အသက်ဝိညာဏ် ထင်ရှားရှိစဉ်ကာလ တဦးနှင့်တဦး ကြည်နူး ချစ်ခင် ခံမင်ကြသဖြင့် ပေးအပ်ခဲ့ကြောင်း ခံယူရကြောင်းကို ရှင်အဂ္ဂဓမ္မစာရီက စာချုပ်သက္ကရာဇ်ကို တင်ပြသည့်အတိုင်း ရှင်သုနန္ဒ ရပိုင်ထိုက်သည့် ပစ္စည်းရပ်များကို ရှင်အဂ္ဂဓမ္မစာရီက သိမ်းယူစေ။

သက္ကရာဇ် ၁၂၁၇-ခု၊ နယုန်လပြည့်ကျော် ၉-ရက်နေ့၊ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၃၁) ဘုရားတပည့်တော် ရွာမုန်းကြီးတောရ ရဟန်း ရှင်ကောဏ္ဍည ခြေတော်ဦးခိုက် ရှိခိုးအသနားတော်ခံ လျှောက်ဝံ့ပါသည်ဘုရား။

တပည့်တော်ဆရာ ရွာမုန်းကြီးတောရ ဘုန်းကြီးပိုင်ထိုက်သည့် ဂရုဘဏ် လဟုဘဏ် ကျောင်း ကန် အာရာမ် ပစ္စည်းရပ်များကို ရှေးအတွိက တစုံ တယောက်သော သူကိုမျှ မအပ်ရှိ၍ စုတိစိတ် ကျခါနီးကာလ အလုပ်အကျွေး အန္တေဝါသိက တပည့်ဖြစ်၍ ဝိဿာသဂါဟနှင့် သိမ်းဆည်းထားရာ တံတိုင်း ရှည် ဆရာက သူ့ကို ပေးအပ်ခဲ့သည်လည်း မဟုတ်၊ တောရ ဆရာကြီးနှင့် တဦးကို တဦး ပစ္စည်းမကင်းရှိသည်, ဖြစ်သည် အဆိုနှင့်သာ တပည့်တော် ဝိဿာသဂါဟဖြင့် သိမ်းထားသည့် ပစ္စည်းရပ်များကို တံတိုင်းရှည် ဆရာ သိမ်းယူ ရှိပါသောကြောင့် ရှေ့တော်တွင် မှန်ရာဖြစ်ပါရမည့်အကြောင်း ခြေ တော်ဦးခိုက် ရှိခိုးလျှောက်ဝံ့ပါသည် ဘုရား။

တပည့်တော် တံတိုင်းရှည် ရှင်နန္ဒမာလာ လျှောက်ပါသည် ဆရာတော် ဘုရား....၊

ဘုရားတပည့်တော်မှာ ရွာမုန်းကြီးတောရ ဆရာ ပြန်တော်မူရာသို့ ကိစ္စကို ဆောင်ရွက်မည် သွားသည့်ကာလ တိုက်နေ တပည့်သံဃာ တစုတို့က ပစ္စည်း နှင့် စပ်သည့်စကားများကို ပြောဆိုကြလျှင် ရွှေအင်းကျောင်းတိုက်နေ ဦးနန္ဒ, နှဲဦးနေ ဆရာ ဦးဝိလာသတို့က တောရ ဆရာတော်ကြီး အသက်ရှိစဉ်က "မြို့ဆရာတော်နှင့် ငါ့ပစ္စည်း မကွဲ မပြားပေ" ဟု အမိန့်ရှိသည့် စကားကို ကြားလိုက်ရသည် ဆိုလျှင် တိုက်သံဃာတို့က သက်ာမကြေ ရှိ၍ သင်တို့အလို ရှိရာ ဝိနိစ္ဆယကို ခံဘော့ဟု အကြိမ်ကြိမ်လွှဲလျှင် ဇင်းနောက် သံဃာတစုတို့

သက်ာကြေနပ်ပါပြီဟု အကြိမ်ကြိမ် ဝန်ချသောကြောင့် ဂရုဘဏ် လဟုဘဏ် ပစ္စည်းရပ်များကို ဝေဘန်၍ စာပေပိဋကတ်မှာလည်း တပါးလျှင် လေးထုပ်ကျ ပေးပြီးလျှင် ကျန်စာစုကို ရွာကျောင်း ဦးပညာသီလ၀ တို့ထံ အပ်နှံထားခဲ့ပါသည်၊ ယခုတဖန် ပြီး,ပြီးသည့် အမှုကို မပြီးလိုကြောင်းနှင့် လျှောက်ထားသည်ကို တပည့်တော်လည်း မကျန်းမမာ အလူးအလဲဖြစ်၍ တပည့်သံဃာတို့ကို လွှတ်၍ အမိန့်တော်မြတ်ရှိရာ နာခံပါရမည့် အကြောင်းကို လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

ရွာမှန်းကြီး တောရ ဘုန်းတော်ကြီး ဘ၀တပါးပြောင်းသွားရာ ဂရုဘဏ် လဟုဘဏ် အာရာမ် ပစ္စည်းများကို တံတိုင်းရှည် ဆရာတော်နှင့် သဇိ၀ သန္တာန်ကပင် မကွဲမပြား ဒိဋ္ဌိသန္တက ပြုကြသည့်အတိုင်း တံတိုင်းရှည် ဆရာတော်က စာပေပစ္စည်း ပရိက္ခရာများကို သိမ်းယူပါသည်ဟု လျှောက်ထားချက် ရှိသည်မှာ-

> ဣမံ တုယှံ ဒေမိ ဒဒါမိ ဒဇ္ဇာမိ ဩဏောဇေမိ ပရိစ္စဇာမိ ဝိဿဇ္ဇာမိ နိဿဇ္ဇာမီတိ ဝါ ဣတ္ထန္နာမဿ ဒေမိ (ပ) နိဿဇ္ဇာမီတိဝါ ဝဒတိ၊ သမ္မုခါဝါ ပရမ္မုခါဝါ ဝုတ္တေ ဒိန္နံယေဝ ဟောတီတိ ဒါနလက္ခဏ-ဿစ တုယှံ ဂဏှာမီတိ ဝုတ္တေ မယှံ ဂဏှာမီတိ ဝဒတိ၊ သုဒိန္နံ သုဂ္ဂဟိတဉ္စာတိ ဂဟဏလက္ခဏဿစ ဝုတ္တတ္တာ မမ သန္တကံ တဝစ မမစ ဟောတူတိ ဝေမဇ္ဈိဝစနေန သမာနပရိက္ခာရံ ကာတုံ ဝဋ္ဋတီတိ အာစရိယာတိ လိခိတံ။

ဟူ၍ ဝဇိရဗုဒ္ဓိဋီကာ မတသန္တက ကထာအဖွင့်၌ နယဂ္ဂါဟ၏ အစွမ်းဖြင့် ပြအပ်သော ဒိဋ္ဌသန္တက သမာနပရိက္ခာရ အစီအရင် လာသည်နှင့် အညီ တဦးနှင့် တဦး မကွဲမပြား သမာန ပရိက္ခာရ ပြုကြသော အရာဖြစ်သည်၊ ယင်းသို့ သမာန ပရိက္ခာရ ပြုကြသဖြင့် "ဒိဋ္ဌိ သန္တကံ ဟောတိ အဝိဘတ္တံ-စသည်ဖြင့် အဋ္ဌကထာဆရာ ပြအပ်သော ဒိဋ္ဌသန္တကသဘောသို့ သက်သည်၊ ဒိဋ္ဌသန္တက သဘောသို့ သက်သဖြင့်လည်း "ကေသွိ ကာလင်္ကတေ ဣတရေ သာမိ"ဟူသော အဋ္ဌကထာပါဠိနှင့် အညီ ရွာမှန်းကြီးတောရ ဆရာ ဝိညာဏ် စဲပြတ်လျှင် ရှိရစ်သော စာပေပစ္စည်းဘဏ္ဍာ ပရိက္ခရာတို့ကို တံတိုင်းရှည်ဆရာ အစိုးရလေသည်ဖြစ်၍ ရွာမှန်းကြီးတောရ ပိုင်ထိုက်သည့် ပစ္စည်းရပ်များကို တိုက်နေ သံဃာတို့က အဆီးအတား အနှောင့်အရှက် မရှိစေနှင့်၊တံတိုင်းရှည် ဆရာတော်က သိမ်းယူစေ၊ ရွာမှန်းကြီးတောရတွင် တံတိုင်းရှည် ဆရာတော်က တပည့်ရဟန်းတို့ကို အစောင့်အရှောက် ထားသည်မှာ ရွှာမှန်းကြီး ဂိုဏ်း

အုပ် အဆင့်အဆိုကို မခံမယူ မလိုက်မနာလိုလျှင် ၎င်းတိုက်မှာ မနေစေလင့်၊ တံတိုင်းရှည် ဆရာတော်က သိမ်း၊ မသိမ်းလိုလျှင် ရွာမုန်းကြီး ဂိုဏ်းအုပ်က ထုတ်။

သက္ကရာဇ် ၁၂၁၇-ခု၊ နယုန်လပြည့်ကျော် ၁၀-ရက်နေ့၊ သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

(၃၂) သက္ကရာဇ် ၁၂၁၇-ခု၊ ပဌမဝါဆိုလဆန်း ၁၅-ရက်နေ့ ညောင်ပင်ကန်ရွာ ကျောင်းနေ ရဟန်း ရှင်အာစာရမ္ဘ အစစ်ခံချက်ဘုရား....၊

ရှင်နန္ဒသည် ဥပဇ္ဈာယ်ဆရာ ရှင်ဝရမဥ္စူထံ ဝတ်ကြီး, ဝတ်ငယ်ပြု၍ နေရမည်၊ နေရင်းကျောင်းမှာ မနေလင့် ဆင့်ဆိုသည်ကို မနာမယူ နေသောကြောင့် အမိန့်တော်ခံ၍ အမိန့်တော်မြတ်နှင့် အညီ စီရင်ပါသည်ကို အစီအရင်မခံ၊ တုတ်, လှန်ကန် စွဲလျက် ရိက်နှက်ထွက်သွားပြီးလျှင် တဖန် လှေဦးကန်တကာများနှင့် ပေါင်းစည်း၍ ညောင်ပင်ကန်ရွာ ကျောင်းအတွင်းသို့ တုတ်, လှန်ကန် စွဲကိုင်၍ ကိုယ်, နှုတ် ကြမ်းကြုတ် ခက်ထန်လျက် ခိုက်ရန်ပြုလုပ်ပါသည်၊ ထို့ပြင်လည်း တတိယ မြေရှင်က ဒုတိယ မြေရှင်ကို တောင်းသည်ကာလ ဒုတိယ မြေရှင်ကလည်း ပဌမ မြေရှင်ထံ တောင်းသောအခါ ပဌမ မြေရှင်ကလည်း မြေခစ္စငှမှ ငွေပေးမည် ဆို၍ နေပါသည်၊ ဒုတိယ မြေရှင်မှာ မြေ မရ,ငွေမရ ဖြစ်ခြင်းသည် ပန်ကြားအပ်သောသူကို မပန်မကြား ကန်ပြုစုသော ရဟန်းပယောဂကြောင့် ကုန်ငွေကို ရဟန်း ပေးသင့်လျက် မပေးသောကြောင့် ဓုရနိက္ခေပဖြင့် စွန်းပြီသည်ထင်၍ သံသယကုက္ကုစ္စ ရှိပါသည် ဘုရား။

သက္ကရာဇ် ၁၂၁၇-ခု၊ ပဌမဝါဆိုလဆန်း ၁၁-ရက်နေ့ ရှင်နန္ဒ အစစ်ခံချက်ဘုရား....၊

ဦးအာစာရမ္ဘက ဥပဇ္ဈာယ်ဆရာ ရှင်ဝရမဥ္စူ ထံ ဝတ်ကြီး, ဝတ်ငယ် ပြု၍ နေရမည် ဆင့်ဆိုရာ ရပ်ရွာမှာ ဆွေမျိုးညာတိတို့က ဆောက်လုပ်သည့် ကျောင်းဖြစ်၍ ဆွေမျိုး ညာတိတို့က သည်ကျောင်းမှာပင် နေတော်မူပါဟု အကြိမ်ကြိမ် လျှောက်ထား တောင်းပန်သောကြောင့် ဥပဇ္ဈာယ် ဆရာအား နေရင်း ကျောင်းမှာပင် နေရအောင် အခွင့်ပန်၍ ရလျှင် ကျောင်းကိုလည်း ဦးအာစာရမ္ဘကို ပြန်၍ လျှောက်ပါသည်၊ မည်သည့် အကြောင်းနှင့် ခေါ်ချသည်ကို မသိရ၊ ခေါ်ချလာသောကြောင့် တပည့်တော် သွား၍ ရောက်

လျှင် ရိုက်နှက်မည်ပြု၍ ပြေးရပါသည်၊ ပြေးရာသို့လိုက်၍ ရိုက်ပါသည်၊ ဘုရားတပည့်တော် ဆရာ ရှင်နန္ဒမာလာ-အား ပဥ္စမ မြေရှင်က ကန်တူးပါတော့ဟု အခွင့်ပြုပါသည်၊တတိယမြေရှင်ကလည်း မြေရှင်ရင်းကပင် အခွင့်ပြုပေးပြီးဖြစ်လျှင် ကောင်းလှပါပြီ၊ ဘုရားတပည့်တော်တို့မှာ ပေါင်ငွေကိုသာ အစိုးရပေသည်၊ မြေကို အစိုးမရပါ၊ အလိုတော်ရှိရာ ကန်ပြုစုတော်မူပါ လျှောက်ထားသောကြောင့် ကန်ပြုစုပါသည် ဘုရား။

ညောင်ပင်ကန်ရွာကျောင်းနေ ရဟန်းရှင်အာစာရနှ, လှေဦးကန်ရွာ ရဟန်းရှင်နန္ဒတို့သည် မသင့်လျော်သည့် အမှုနှင့် အာပတ္တိသန္ဒသန စောဒနာ ဖြစ်လာသည်ကို ဝိနည်းမိုရ်တို့ထံ အမှန်အကန် အဆုံးအဖြတ်ခံရမည် ဖြစ်လျက် ဓမ္မကံနှင့်အညီ မပြုမကျင့် တုတ်, လှန်ကန် ကိုင်စွဲ၍ ပုတ်ခတ် ရိုက်နှက်ခြင်းကို ပြုကြသည်မှာ- ခုနစ်သိန်းသော အမျိုးတို့၏နေရာ သာဝတ္ထိ ရှင်ရသေ့၏ သခ်မ်းကျောင်းရာ ရွှေ, ငွေ, ကျောက်, သံ, ဖလ်မှန်, ပတ္တမြား စသောအားဖြင့် များစွာသော ရတနာတို့၏ စုဝေးရာ ကောသလတိုင်း၏ အချက်အချာ သာဝတ္ထိပြည်၏ အနောက် စဥ်းငယ် ယွန်းသော တောင်မျက်နှာ အရပ်၌ ရတနာတို့၏ စုဝေးရာ ကောသလတိုင်း၏ အချက်အချာ သုဒတ္တ-မည်သော အနာထပိဏ် သူဌေးသည် ငါးဆယ့် လေးကုဋေသော အသပြာတို့ကို စွန့်၍ ဆောက်လုပ် လှူဒါန်းအပ်သော ဇေတဝန် ကျောင်းတော်၌ ကိန်းအောင်း မွေလျော် စံပျော်တော်မူစဥ်အခါ ဆဗ္ဗဂ္ဂီရဟန်းတို့က သတ္တရသဝဂ္ဂီ ရဟန်းတို့အား မုန်းထား ရန်ခိုက် မျက်မာန်အိုက်သဖြင့် ရိုက်နှက် ပုတ်ခတ်ကြရာတွင် မြတ်စွာဘုရားသခင်၏ ရွှေနားတော် ကြားသိတော်မူ၍-

"ယော ပန ဘိက္ခု ဘိက္ခုဿ ကုပိတော အနတ္တမနော ပဟာရံ ဒဒေယျ ပါစိတ္တိယံ" ဟူ၍ ထားတော်မူအပ်သော ပါစိတ် အာပတ် အာဏာတော် ပညတ်သို့ သက်သဖြင့် ဦးစီးဆင်ဆရာ၏ နှင်ရာအရပ်သို့ မသက်မူ၍ ဥမ္မဂ္ဂ ခရီးလမ်းသို့ ပရမ်းပတာ သွားသော ဆင်သည် ဦးစီး ဆင်ဆရာ၏ ချွန်း ဒဏ်ကို ခံရသကဲ့သို့ရင်း, မြင်းစီး ယောကျ်ား၏ နှင်ရာအရပ်သို့ မသက်မူ၍ ဥမ္မဂ္ဂ ခရီးလမ်းသို့ ပရမ်းပတာ သွားသော မြင်းသည် မြင်းစီး ယောကျ်ား၏ ဆုံးမအပ်သော ကြိမ်ဒဏ်ကို ခံရသကဲ့သို့ရင်း, မြတ်စွာဘုရားသခင်၏ ဆုံးမ ပဲ့ပြင် သွန်သင်တော်မူအပ်သော ဝိနည်းကျမ်းဂန် ဓမ္မကံ သဘောသို့ မသက်မူ၍ လှိုးလွဲချော်ချွတ်သဖြင့် ပါစိတ်အာပတ်-ဟူသော အာဏာတော်ဒဏ် သင့်ချေသည်၊ ထိုအာဏာတော်ပညတ် မာတိကာပါဠိ၏ ပဒဘာဇနီကို

ထုတ်၍ ပုဒ်တို့ကို ဝေဘန်ရာ ဘိက္ခုသာတိ အညသာ ဘိက္ခုသာ-ဟူသော ပါဠ်၌ အချင်းချင်း စပ်ယှဉ်၍ အညအပေက္ခဏ သဘောဖြင့် အသောဘဏ, သောဘဏ စေသသိက် နှစ်ပါးတို့သည် အညသမာန်း-ဟူသော အမည်ကို ရကုန်သကဲ့သို့ ရဟန်း ရှင်အာစာရမ္ဘ, ရှင်နန္ဒ တို့မှာ တဦးနှင့် တဦးသည် နှုတ်ကျူး လက်လွန် ပြုမိသူချည်း ဖြစ်ရကား- အချင်းချင်း စပ်ယှဉ်၍ အညသာ ဘိက္ခုသာ-ဟူသော ပဟာရဏကြိယာ ပဋိဂ္ဂဟဏ လက္ခဏာဖြင့် သမ္ပဒါနတ္တသို့ သက်ဝင်သည်၊ ကုပိတ အနတ္တမနသည် ဖြစ်စေအပ်သော သဝိညာဉ်က ဖရုသဝါစာ နှုတ်အမူအရာတို့ဖြင့် များစွာ ကြီးဝါး၍ လိုက်လံ ဘမ်းဆီး ရိုက်နှက်ကြကြောင်းနှင့် ထွက်ဆိုချက် ရှိသည့်အတိုင်း ကုပိတ အနတ္တမန သဘောသည်-

ဆီမီးတန်ဆောင်ကို တောင်ထိပ်မှာ ထွန်းသကဲ့သို့ရင်း, ကြီးလှစွာသော တောဆင်ကို လယ်ပြင်မှာထုတ်၍ ပြဘိသကဲ့သို့ရင်း အလွန် ထင်ရှားလျက် ဝိုးဝါးရန် မရှိပြီ၊ "ပဟာရံ ဒဒေယျာတိ ကာယေနဝါ ကာယပဋိဗဒ္ဓေနဝါ နိဿဂ္ဂိယေနဝါ အန္တမသော ဥပ္ပလပတ္တေနပိ ပဟာရံ ဒေတိ၊ အာပတ္တိ ပါစိတ္တိယဿ" ဟူသော ပဒဘာဇနီ ပါဠ်နှင့် အညီ ရဟန်း ရှင်အာစာရမ္ဘ, ရှင်နန္ဒတို့မှာ တဦးက ဘိနပ်နှင့် ပုတ်ခတ်ရိုက်နှက်၍ ကိုယ်လက် လွန်ကျူးရာ တဦးက လှန်ကန်ဖြင့် တုံ့ပြန်သည့်အကြောင်းများကို နှစ်ဦးသားတို့ ဖြောင့်ချက် ရှိသည့်အဘိုင်း ကာယပဋိဗဒ္ဓပဟာရဏ အင်္ဂါလက္ခဏာသို့ သက်သည်၊ ဥပသမ္ပန္နေ ဥပသမ္ပန္နသညီ ကုပိတော အနတ္တမနော ပဟာရံ ဒေတိ၊ အာပတ္တိ ပါစိတ္တိယဿ"အစရှိသော ပါဠ်၊ အာပတ္တိဝါရ စတုက္ကစက်၌လည်း ရဟန်း ရှင်အာစာရမ္ဘ, ရှင်နန္ဒတို့သည် "ဥတ္တိစတုတ္ထေန ကမ္မေန ဥပသမ္ပန္နောတိ" ဟူသော ပါဠ်နှင့်အညီ ဥတ္တိစတုတ္ထ ဥပသမ္ပဒကံဖြင့် ပဉ္စင်းခံသော ရဟန်းချည်း ဖြစ်ကြ၍ ဥပသမ္ပန္နေ ဥပသမ္ပန္နသညီ-ဟူသော ပဌမဝါရသို့ သက်သည် ဖြစ်၍ ပါစိတ်အာဏာတော်စက်မှ မထွက်မြောက်သာပြီ၊ ရိုက်နှက် ပုတ်ခတ်မည် ပြုပါသော်လည်း ချော်ချွတ် ယွင်းပျက်သဖြင့် ရိုက်နှက် ပုတ်ခတ်မိသည် မထင် ဟူ၍ ရှင်အာစာရမ္ဘ ပုဂ္ဂိုလ်က အဆိုမကုန်သဖြင့် အခွင့်တောင်း၍ လောင်းစွက်ပြန်သည်မှာ-

> ဥဂ္ဂိရတိ အာပတ္တိ ပါစိတ္တိယဿာတိ ထွေ သစေ ဥဂ္ဂိရိတ္ဝာ ဝိရဒ္ဓေါ ပဟာရံ ဒေတိ၊ အဝသံ ခါရေရတုံ အသက္ကောန္တဿ ပဟာ-ရော သဟသာ ပတတိ၊ န ပဟရိတုကာမတာယ ဒိန္နတ္တာ ဒုက္ကဋ္ဋံ၊တေန ပဟာရေန ဟတ္ထာဒိသု ယံကိဉ္စိ ဘိဇ္ဇတိ၊ ဒုက္ကဋမေဝ။

ဟူသော အဋ္ဌကထာ။

နပဟာရိတုကာမတာယ ဒိန္နတ္တာ ဒုက္ကဋန္တိ ဧတ္ထ ကိမိဒံ ဒုက္ကဋံ၊ ပဟာရ ပစ္စယာ, ဥဒါဟု ဥဂ္ဂိရဏပစ္စယာတိ ဥဂ္ဂိရဏ ပစ္စယာ၀၊ န ပဟာရ ပစ္စယာ၊ န ဟိ ပဟာရိတုကာမတာယ အသတိ တပ္ပစ္စယာ ကာစိ အာပတ္တိ ယုတ္တာ၊ ဥဂ္ဂိရဏသ ပန အတ္တနော သဘာဝေန အသဏ္ဍိတတ္တာ တပ္ပစ္စယာ ပါစိတ္တိယံ န ဇာတံ၊ အသုဒ္ဓစိတ္တေန ကတပယောဂတ္တာစ ဧတ္ထ အနာပတ္တိ နယုတ္တာတိ ဒုက္ကဋံ ဝုတ္တန္တိ ဂဟေတဗ္ဗံ။

ဟူသော ဝိမတိဋီကာများ၌ ချိမ်းခြိမ်းခြောက်ရာ ချော်ချွတ်၍ ရိုက်နှက်ပုတ်ခတ်မိသော်ရင်း, တုတ်လှန်ကန်ကိုင်ရာမှ မနိုင် ကျ၍ ရိုက်နှက်ပုတ်ခတ်မိသော်ရင်း, ပဟာရိတုကာမစိတ်၏ မရှိခြင်းကြောင့် ပဟာရဏ ပါစိတ်အာပတ် မသင့်၊ ချိမ်းခြိမ်းခြောက်ခြင်း၏လည်း မိမိသဘောဖြင့် မတည်ခြင်းကြောင့် ဥဂ္ဂိရဏ ပါစိတ် အာပတ်လည်း မသင့်၊ ကုပိတအနတ္တမန အသုဒ္ဓ စိတ်ဖြင့် ပြုအပ်သော ပယောဂဖြစ်၍လည်း အနာပတ္တိသဘော မထင်ရကား ဒုက္ကဋ အာပတ်၌ တည်ရာ၏ဟူ၍ မိန့်အပ်သော ဥပဒေသကို နယဂ္ဂါဟ ပြု၍ ပဟာရိ-တုကာမ စိတ်ဖြင့် ရိုက်နှက်ပုတ်ခတ်ရာ ချွတ်ယွင်း၍ မထိမပါးခဲ့သော် ပဟာ-ရဏ သဘောသို့ မရောက်ခြင်းကြောင့် ပဟာရဏ ပါစိတ်အာပတ် မသင့်၊ ချိမ်းခြိမ်းခြောက်ခြင်း အလို၏လည်း မရှိခြင်းကြောင့် ဥဂ္ဂိရဏပါစိတ် အာပတ်လည်း မသင့်၊ ကုပိတ အနတ္တမနအသုဒ္ဓစိတ်ဖြင့် ပြုအပ်သော ပယောဂဖြစ်၍လည်း အနာပတ္တိသဘော မထင်ရကား ဒုက္ကဋ်အာပတ်ဖြင့် ဆုံးဖြတ်သင့်၏၊ ဆုံးဖြတ်သင့်ငြားလည်း အများတကာတို့၏ ရှေ့ဓမ္မာက်ဝယ် အထင်အရှား ရိုက်နှက်ပုတ်ခတ်ကြောင်းကို ရှင်နန္ဒအစစ်ခံချက် မြင်သူတို့ အစစ်ခံချက်ရှိသည့် အတိုင်း ရဟန်း ရှင်နန္ဒ, ရှင်အာစာရ မှ နှစ်ဦးသားတို့မှာ မိမိတို့နေရာ ရပ်ရွာတွင် သံဃာတို့ ရှေ့မှောက်ဝယ် ပဟာရဏ ပါစိတ်ကို ဒေသနာ ကံဖြင့် ကုစားစေ။

လောကကြောင်းအားဖြင့် ဆံကို ဆွဲငင်ခြင်းစသော ပုတ်ခတ်ခြင်း ဆယ် ပါးတို့တွင် ပါးနားမျက်နှာ ပုတ်ခတ်ခြင်း၌ မနုဆရာတို့ ငွေနှစ်ဆယ် လျော် ဖြစ် လျော်ဒဏ် ပညတ်ထားသော်လည်း ရဟန်းတို့မှာ မတင်သာပြီ၊ လူတို့ကဲ့သို့ နှုတ်ကြမ်းလက်ကြမ်း ပြုကျင့်သသူဖြစ်၍ အာယတိံသံဝရ အလို့ငှါ မိမိတို့ နေရာ ရပ်ရွာတွင် မထေရ်ကြီးတို့ထံ ဒဏ်အခေါက် သုံးဆယ်ထမ်းစေ။

ပဥ္စမ မြေရှင် မိဝင်း၊ တတိယ လက်ရှိမြေရှင် ငရန်အောင်တို့ ကသိုလ်ပြုရာ လူရှင်အသိ လျှာဒါန်း၍ ဝိနည်း ဓမ္မကံနှင့်အညီ ရေကန် ပြုစုသည်ကို ရဟန်း ပယောဂ ရှိလေဟန်နှင့် အချို့သံဃာ အချို့ ပုဂ္ဂိုလ်တို့က စောဒနာသည်၊

ဥစ္စာရှင် မူလစ္ဆင္ဇ လှူပြီးဖြစ်သည်၊ တစုံတရာ ပုဂ္ဂိုလ်သံဃာတို့က အပြောအဆို စောဒနာ မရှိစေနှင့်၊ မြေရှင်တို့ လှူသည့်အတိုင်း ရဟန်းရှင်လူတို့ သုံးဆောင်ကြစေ၊ ကံပြုရင်း ရဟန်း ရှင်နန္ဒမာလာ မှာလည်း တစုံတရာ ကုက္ကုစ္စမရှိ၊ သာသနာတော်၌ ချမ်းသာစွာ နေထိုင်စေ၊

သက္ကရာဇ် ၁၂၁၇ - ခု၊ ပဥမဝါဆိုလဆန်း ၁၂-ရက်နေ့၊ သာသနာပိုင်ဆရာတော်ဘုရားကြီး အမိန့်တော်။

(၃၃) သက္ကရာဇ် ၁၂၁၇-ခု၊ ပဥမဝါဆိုလပြည့်ကျော် ၉-ရက်နေ့ ထန်းတောဦးရွာ ပေကျော်,တေရပ်တို့ အစစ်ခံချက်ဘုရား....၊

မြေရှင် ဘုရားတပည့်တော်တို့ဘေး ညို၊ ညိုသမီး မိအိမ်သူ၊ ၎င်းသား ငရှမ်း၊ ၎င်းသား တေရပ်ကြီး ဖြစ်ပါသည်၊ ဘေး-ညို, ညိုသမီး မိအိမ်သူ၊ ၎င်းသမီး မိဦး၊ သား ငပေကျော် မြေကို ဘုရားတပည့်တော်တို့ ဘိုးဘွားမှ ဆင်းသက်၍ လာကြောင်းကို သက်သေပေးနိုင်ပါသည်၊ ငကောင်း ငထွားဖြိုးတို့ ဘုရားတပည့်တော် မြေဖြစ်ကြောင်းကို အသိပါဘုရား၊ အချင်းဖြစ်သော မြေ၏ အနီးအစပ်ဝင်လျက်ရှိသော မြေများလည်း ဘုရားတပည့်တော်တို့ မြေဖြစ်၍ ယခုလက်ရှိ လက်မကွာ လုပ်ကိုင် စားသောက်လျက် ရှိပါသည်။

သက္ကရာဇ် ၁၂၁၇-ခု၊ ပဥမဝါဆိုလပြည့်ကျော် ၉-ရက်နေ့ ထန်းတောဦးရွာ ကျောင်းနေ ရဟန်းရှင်ပုည အစစ်ခံချက်ဘုရား....၊

မြေရှင် ဘိုးကျော်စင်၊ ၎င်းသား ဘိုးလယ်၊ ၎င်းညီ ငသာပို၊ နှစ်မ မိအိုးဖြူ၊ မိအိုးဖြူသား ဘုရားတပည့်တော် ရှင်ပုညဖြစ်ပါသည်၊ ၎င်းအာရာမ်မြေကို ဘုရားတပည့်တော် ဘွားမက ဆင်းသက်လာကြောင်းကို သက်သေပြ၍ ဆိုပါမည်၊ အဘိုးပုံ ဘုရားတပည့်တော်တို့ မြေဖြစ်ကြောင်းကို အသိပါဘုရား၊ အနီးအပါး သုံးမျက်နှာအရပ်တွင် လယ်မြေများကိုလည်း အမွေဆိုင် သားမြေးတို့က ငပေကျော်တို့ အနိုင်အထက်မှု၍သာ လုပ်ကိုင် စားသောက်၍ နေကြောင်းကို ပြော၍ အထင်အရှား အသိအကြားပင် ဖြစ်ပါသည်ဘုရား။

ကျောက်ပန်းတောင်းမြို့ စီရင်စု ထန်းတောဦးရွာ ရဟန်းရှင်ပုည,ရှင်သဒ္ဓမ္မ, ငပေကျော် တေရပ်ကြီးတို့ မြေအာရာမ် သစ်ပင်အမှုနှင့် လျှောက်ထား ပြောဆိုကြသည်မှာ ငပေကျော် တေရပ်ကြီးတို့က တပည့်တော်တို့ ဘိုးဖြစ်သူ ညိုဆိုသူသည် ဘုန်းကြီး ဦးအဂ္ဂိန္ဒအား တာ နှစ်ဆယ်ခန့် မြေဒႀ ရပ်ကို တသက်လျာ လှူခဲ့သည်၊ ၎င်းအာရာမ်မြေ၏ လေးမျက်နှာ ဝန်းကျင်အရပ်ကိုလည်း လှူရင်း

သူ ညီသမီး မိအိမ်သူ၊ ၎င်းသား ငရှမ်း၊ နှစ်မ မိဦး၊ ၎င်းသားမြေး တပည့်တော်တို့ ဘိုးလာ ဘလာ လက်ရှိ လက်မကွာ ယခုထက်တိုင် လုပ်ကိုင် စားသောက်ရကြောင်းနှင့် လျှောက်ထားချက်ရှိသည်။

ရဟန်း ရှင်ပုညတို့ကလည်း ဘိုးဖြစ်သူ ငကျော်စင်က တူရဟန်း ရှင်အဂ္ဂိန္ဒအား မူလစ္ဆဋ္ဌ အဖြစ်ဖြင့် လှူပါသည်၊ ၎င်းမြေ၏ ဝန်းကျင် အရပ်ကိုလည်း ငကျော်စင် သားဘိုးလယ်၊ ၎င်းသမီး မိဖြူ၊ ၎င်းသား တပည့်တော် ရှင်ပုညတိုင်အောင် အမွေ မပြတ် လာကြောင်းနှင့် လျှောက်ထားချက် ရှိသည်၊ ၎င်းနှစ်ဦးသားတို့ လျှောက်ချက်စကားတွင် ရဟန်း ရှင်ပုညတို့က အမွေဆက် အမွေခံ ဖြစ်လျက် မည်သည့်အကြောင်း မည်သည့် အမှုနှင့်စပ်၍ မည်သည့် ကာလဘွင် ညီသား မြေးတို့ လက်သို့ ရောက်သည်ဟူ၍ အသေအချာ မပြောမဆိုနိုင်၊ ရဟန်းရှင်ပုညတို့မှာ အဆင်းအားဖြင့် နိဖြူ, ပုံသဏ္ဌာန်အားဖြင့် ကြီးသည် ငယ်သည်ကိုမျှ မသိသော ယောကျ်ားသည် နွားပျောက်ရှာ၍ ရမည်ခဲယဉ်းသကဲ့သို့ မိမိတို့ပိုင်ထိုက်သည့် အာရာမ်မြေ ထိုမြေ၏ အနီးအပါး မြေများသည် သူတပါးတို့၏ လက်သို့ စဉ်ထွက်ဟန်ကို အကြောင်းယုတ္တိ ခု နှစ်သတ္တရာဇ်နှင့် အသေအချာ မဆိုနိုင်ပဲလျက် စွဲလမ်းချေသော် စွဲလမ်းသူတို့၏ အပေါ်၌ စွဲလမ်းသမျှ ဝန်ကို ခံရသော ဓမ္မသတ်ဖြတ်ထုံးသို့ သက်လျက် ရှိချေသည်၊ ဝန်းကျင် မြေအရပ်ကို လက်ရှိ လက်မကွာ ဘိုးလာ ဘလာ ငတေရပ်ကြီး ငပုကျော်တို့ လက်ရှိလက်မကွာ လုပ်ဆောင်ရလျက် တာနှစ်ဆယ်ခန့် မြေရပ်ကိုလွှဲ၍ အမွေဆက် အမွေခံရဟန် ၎င်းတို့က မပြောဆိုသင့်၊ ညီသားမြေးတို့ပိုင် မြေဖြစ်ကြောင်းကို သိသာပြီ၊ မြေရှင်မှန်သည်နှင့် အညီ ၎င်းအချင်းဖြစ် တာနှစ်ဆယ်ခန့် မြေကို ငပုကျော် ငတေရပ်ကြီးတို့က သိမ်းယူစေ၊ ရဟန်း ရှင်ပုည, ရှင်သဒ္ဓမ္မတို့မှာ မိမိတို့ ဘေးဘိုးက ဆင်းသက်၍ လာသော အမွေဥစ္စာဖြစ်သည် ဟူ၍၎င်း, ဆရာ ရှင်အဂ္ဂိန္ဒက ပေးအပ်ခဲ့သည်ဟူ၍၎င်း မစွဲလမ်းသင့်ပြီ၊ဘုရားသခင် အလိုတော်နှင့် အညီ တရားကျမ်းဂန်ကို ထောက်စာသော်-

အဟိ မူသိကသောဏ္ဍဝ-ဟူသော တိကနိပါတ ဓနိယ ထေရဂါထာပါဠိ။

အဟိ မူသိကသောဏ္ဍဝါတိ အဟိ ဝိယ မူသိကာယ ခတဗိလံ သေဝတိ သေဝေယျ သေနာသနံ၊ ယထာနာမ သပ္ပေါ သယမဋ္ဌ-နေ အာသယံ အကတွာ မူသိကာယ အညေနဝါ ကတေ အာသယေ ဝသိတွာ ယေန ကာမံ ပက္ကမတိ၊ ဧဝမေဝံ ဘိက္ခု သယံ သေနာသန ကရဏာ သံကိလေသံ အနာပဇ္ဇိတွာ ယတ္ထကတ္ထစိ ဝသိတွာ ပက္ကမေ-ယျာတိ အတ္ထော။

ဟူသော ၎င်းအဋ္ဌကထာများနှင့် အညီ ဤလောက၌ မြွေတို့၏ သဘော သည် မိမိကိုယ်တိုင် မတူးမယက်ပဲ ကြွက် ခြပုန်းတို့၏ တူးဆွရာ တွင်းကျင်းတို့၌ သာ နေ၍ တစုံတခုသော အကြောင်းကြောင့် သပ္ပါယမဖြစ်ခဲ့သော် သင့် လျော် လျောက်ပတ်သော အရပ်တပါးသို့ ပြောင်းသွား၍ နေသောသူတို့၏ ထုံးကို နှလုံးသွင်းထား၍ မြတ်စွာဘုရား၏ သာသနာတော်ဝယ် ကျင့်ဆောင် နေထိုင်သော ရဟန်းတို့မှာလည်း ဒါယကာတို့က ဆောက်လုပ် လှူဒါန်းသော ကျောင်းသင်္ခမ်း အရိပ်အာဝါသကို ပလိဗောဓတခု မပြုမကျင့် မဖင့်မနွဲ့ စွဲလမ်းခြင်းမရှိ မငြိမကပ် သပ္ပါယ မဖြစ်ခဲ့သော် သင့်လျော်ရာ ဌာနသို့ ပြောင်း ကြွ၍ နေရာ၏ဟူ၍ အစိန္တေယျ သုံးလူ့ထွတ်ထား ဘုရားသခင်၏ အလို တော်ကျ ပြအပ်တော်မူသော အဋ္ဌကထာပါဠ်ကို ထောက်၍ မြေရှင် သား မြေးတို့က ရဟန်း ရှင်အဂ္ဂိန္ဒအား တသက်လျှာ လှူကြောင်းကို စာချုပ်စာရင်း နှင့် တကွ တင်ပြလျက်ရှိသည်ကို ရဟန်းရှင်အဂ္ဂိန္ဒ၏ အမွေခံ ရဟန်း ရှင်ပုည, ရှင်သဒ္ဓမ္မတို့က ရကြောင်း မပြောဆိုသင့်ပြီ၊ မြေအာရာမ် စသည်ကိုစွဲ၍ ခိုက် ရန်ငြင်းခုံကြလျှင်လည်း–

ဝေမေဝ မနုဿေသု၊ ဝိဝါဒေါ ယတ္ထ ဇာယတိ။
ဓမ္မဋ္ဌံ ပဋိဓာဝန္တိ၊ သော ဟိ နေသံ ဝိနာယကော၊
ဓနာပိ တတ္ထ ဇီယန္တိ၊ ရာဇကောသော ပဝဍ္ဎတိ။

ဟူ၍ ဒဿပုပ္ဖဇာတ်၌ အကြွင်းအကြွင်းသူတို့၌ အဝိဇ္ဇာဟူသော မှောင် မသင်းသဖြင့် ငြင်းခုံလုယက်ကြသော် ဓမ္မဝိနိစ္ဆယအရာ ပညာရှိတို့သာ ကိုး ကွယ်ရာ ဖြစ်၍ ပြေးသွားဆည်းကပ်ရခြင်းကို ငြင်းခုံ လုယက်ကြသူတို့၏ ဥစ္စာ ကုန်ခမ်းခြင်း မင်း၏ရွှေတိုက်တော်မှာ ဥစ္စာပွားများခြင်း၏ အကြောင်းသာ ဖြစ်၍ စင်စစ်အကျိုးမဖြစ်ကြောင်းကို ဟောတော်မူသည်နှင့်အညီ ယခု ရဟန်း ရှင်ပုည, ရှင်သဒ္ဓမ္မတို့မှာ အာရာမ်မြေမှုကို စွဲ၍ ဆင်းရဲငြိုငြင်စွာ ရွှေမြို့တော် သို့ တက်ရသော အဖြစ် တဦးနှင့် တဦး ခိုက်ရန်ပွားသဖြင့် အနိဋ္ဌဖလဝိပါက လက္ခဏာ သဘောဖြင့် ဒေါသန္တရ စိတ်ကြောင့် နောင်တမလွန်ဝယ် အပါယ် နရက်သို့ ကျရောက်အံ့သော အပြစ်များသည် ထင်ရှားကပ်ရှိချေသည်၊ရဟန်း ရှင်ပုည, ရှင်သဒ္ဓမ္မတို့မှာ–

ဥပမာအားဖြင့် ဆိုသော် လေးကျွန်းသေဌ်နင်း စကြာမင်း၏ သားဖြစ် လျက် ဒွန်းစဏ္ဍား လူယုတ်မာတို့၏ အမှုအရာ တွေလာထူးဆန်းလျက် ပန်း မှိုက် စွန့် စသော အမှုကို ပြုကျင့်သည်သာ ဆိုသကဲ့သို့ အစိန္တေယျ သုံးသူ့

ထွတ်ထား ဘုရားသခင်၏ တပည့်သားတော်ဖြစ်လျက် မြေအာရာမ်မှုကိုစွဲ၍ ခိုက်ရန် ဖြစ်ပွားကြခြင်းသည် အလျှင်းမသင့်ပြီ၊ ၎င်းအချင်းဖြစ် မြေအတွင်း ရဟန်းတို့ စိုက်ပျိုးသည့် အာရာမ် သစ်ပင်များမှ ဆယ်ပင် တပင်၊ ဆယ်ခိုင် တခိုင်၊ ဆယ်ဘို့ တဘို့ ရဟန်းတို့က မြေရှင်လူတို့အား ပေးစေ၊ ကြွင်းသည့် သစ်ပင်ကို ရဟန်းတို့က သိမ်းယူစေ၊ ရဟန်းတို့က သစ်ပင်ကိုမလို၊ လူတို့က အလိုရှိလျှင် လူတို့က တန်ဘိုးပေး၍ ယူစေ၊ ၎င်းမြေအမှုနှင့်စပ်၍ ရဟန်းတို့ အား ငပုကျော်-ငတရပ်ကြီးတို့ ပြစ်မှားမိသည့်ကံကို ကန်တော့စေ၊ရဟန်းတို့ ကလည်း ၎င်းအမှုနှင့်စပ်၍ ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် ဆုံးမအပ်သော ပဋိညာကမ္မနိယကံကို ငြိမ်းစေ၍ ပဋိသာရဏီယကံဖြင့် တော်လှန်စေ။

သက္ကရာဇ် ၁၂၁၇-ခု၊ ပဌမဝါဆိုလပြည့်ကျော် ၁၃-ရက်နေ့၊သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

သုဝိဇာနံ သိင်္ဂါလာနံ၊ သကုဏာနဉ္စ ဝဿိတံ၊
မနုဿဝဿိတံ ရာဇ၊ ဒုဗ္ဗိဇာနတရံ တတော။

ဟူ၍ မြေခွေး ကြက်ငှက်တို့၏ ဘာသာခေါ်ထူး ကျူးရင့်သောအသံကို နာခံမိသဖြင့် သိလွယ်သောအဖြစ်, လူတို့၏ စကားကို မှတ်သားနာခံသဖြင့် အမှန်အကန် သိနိုင်ခဲသောအဖြစ်ကို တေရသကနိပါတ ဒူတဇာတ်၌ ဟော တော်မူသည်နှင့် အညီ အမှန်အကန်သိနိုင်ခဲသဖြင့် အမှုသည် နှစ်ဦးတို့၏ ဆင် ခြေ ဆင်လက် ရှက်တင်ကြသော စကားကို မှတ်သား၍ စစ်ဆေး မေးမြန်းကြ စေ၊ အမိန့်တော် ဗျာဒိတ်ကို ဦးထိပ်ထက် ရွက်ဆင်ကြသဖြင့် “ဥဘိန္နံ ဝစနံ သုတွာ၊ ယထာ ဝဒ္ဓော တထာ ကရေ” ဟူသော ပါဠိဖြင့် အမှုသည်နှစ်ဦး တို့၏ စကားကို မှတ်သား ဆင်ခြင်၍ ဝိနည်းခမ္ဘကံ ကျမ်းဂန် ထုံးစံ ရှိသည့် အတိုင်း ဆုံးဖြတ်ရာ၏ဟူ၍ စတုက္ကနိပါတ် ရထလဋ္ဌိ ဇာတ်တော် လာရှိသည် နှင့်အညီ ကရုဏာ မေတ္တာဖြန်းလျက် မေးမြန်း စီစစ်ကြရာ အမှုသည် နှစ်ဦးတို့ အစစ်ခံချက်။

သက္ကရာဇ် ၁၂၁၇-ခု၊ တန်ဆောင်မုန်းလဆန်း ၂-ရက်နေ့ တကာ ကောလာ အစစ်ခံချက်ဘုရား....၊

စလေမြို့-ဒက္ခိဏဝန်ကျောင်းတိုက်အတွင်း သီတင်းသုံးနေသော မထေရ် ကြီးတဦး ပြန်တော်မူရာ ဘုရားတပည့်တော်က နိဗ္ဗာန်ကျောင်း ဆောက်လုပ် လှူဒါန်း၍ သရီရ ဓာတုပနကိစ္စအမှုကို ရွက်ဆောင်ပြီးလျှင် ခင်ကြီးပေ-ကို ပုဂ္ဂလိကအဖြစ် လှူဒါန်းပါသည်၊ ၎င်းနောက် ခင်ကြီးပေ သေလွန်၍ ဤ

ကျောင်းကို သူတထူး အခြားသံဃာတို့အား မပေးမအပ်ခဲ့သဖြင့် သံဃိက ဖြစ်လျှင် သံဃာကြီးတို့ထံ ပြုပြင်ပါရအောင် အခွင့်ပန်ပြီးလျှင် သာမဏေ မောင်ရှင်ပုညအား ကိုယ်တော်ပြောင်းရွှေ့၍ ပြုလုပ်ပါဟု အပ်နှင်းပေသည်၊ သာမဏေ မောင်ရှင်ပုညလည်း မပြုမပြင် နေသောကြောင့် ဘုရားတပည့် တော်ပင် ပြောင်းရွှေ့ပြီးလျှင် ငွေ ခွက် ၁၀-ကျော်အကုန်ခံ၍ အသစ် သွတ် သွင်း ပြုလုပ်ရပါသည်၊ ပြုပြင်၍ ပြီးသည့်နောက် ယခုမှ သာမဏေ ရှင် ပုညက ငါ့အား လှူပြီးဖြစ်သည်ဟု အတင်း နေထိုင်လာပါသည်ဘုရား။

အပိ ဟန္တွာ ဟတော ဖြူတိ၊ ဇေတွာ ဇိတောတိ ဘာသတိ၊
ပုဗ္ဗမက္ခာယိနော ရာဇ၊ အညဒတ္ထု န သဒ္ဒဟေ။
တသ္မာ ပဏ္ဍိတဇာတိယော၊ သုဏေယျ ဣတရဿပိ။

ဟူ၍ စတုက္ကနိပါတ် ရထလဋ္ဌိဇာတ်၌ ရှေးဦးစွာ လျှောက်ဆို ရှက်တင် သော အမှုသည်၏ စကားကိုသာ မယုံကြည်ဦးပဲ အထူးထူးသော ပရိယာယ် စကားလှယ် ဝေဝုစ်တို့ဖြင့် မှန်အောင်ဖြည့်ဖြူးလျက် တဦးသောသူ၏ စကား ကိုလည်း နားထောင်ရာသော ဥပဒေသ လာရှိသည့်အတိုင်း အမှုသည် သာမဏေ ရှင်ပုညကို စစ်မေးရာ–

သာမဏေ ရှင်ပုည အစစ်ခံချက် ဘုရား....၊

ရှေးဦးစွာ ဆောက်လုပ်သည့် ကျောင်းသည် သံဃိကဖြစ်ပါသည်၊ ယခု နောက် အသစ်လောင်း၍ ပြောင်းရွှေ့ ဆောက်သည့် ကျောင်းမှာ ဘုရား တပည့်တော်ကိုလည်း မလှူ၊ တပါး သံဃာများကိုလည်း မလှူသေး ဖြစ်ပါ ဘုရား။

အညံ့ ဘဏတိ ဝါစာယ၊ အညံ ကာယေန ကုဗ္ဗတိ၊
ဝါစာယ နောစ ကာယေန၊ န တံ ဓမ္မံ အဓိဋ္ဌိတော။ ။ဟူ၍၎င်း,
ဝါစာယ သခိလော မနောဝိဒုဂ္ဂေါ၊
ဆန္နော ကူပသယောဝ ကဏှသပ္ပေါ။ ။ဟူ၍၎င်း

ဆက္ကနိပါတ် ဓမ္မဓဇ ဇာတ်၌ အချို့သော ပုထုဇန် ပုဂ္ဂိုလ် လူမိုက် အစုတို့သည် "နှုတ်မှာ စောဘုရား၊ လက်မှာ ကားရား"ဆိုသော ရှေးစကား နှင့် အညီ ယထာကာရီ တထာဝါဒီ မဟုတ်၍ နှုတ်အမူအရာ ကိုယ်အမူအရာ မတူလှာ ခြားနားလျက် ကွဲပြားထူးဆန်းသောကြောင့် ဖုံးလွှမ်းသော တွင်း ခေါင်း၌ ပုန်းအောင်း၍ နေသော မြွေဟောက်ကဲ့သို့၎င်း, ရေနောက်ဝယ်

ကျက်စား၍ သွားလာသော ငါးကဲ့သို့ရင်း ဟုတ်မှန်တိုင်းသော သဘောကို မပြောမဆိုသောကြောင့် အလိုကို သိနိုင်ခဲရကား "ပုနပ္ပုနံ အနုဝဋ္ဋတဗ္ဗော" ဟူသော ပါဠိတော်နှင့်အညီ တဘန်ထပ်၍ စစ်ဆေး မေးမြန်းရာ–

သာမဏေ ရှင်ပုည အစစ်ခံချက် ဘုရား....၊

တကာ ကောလာ-က သံဃာတော်များထံ အခွင့်ပန်လျှင် "တကာ ကြည် ညိုသည့်ပုဂ္ဂိုလ်ကို ညွှန်းတော့ဟု သံဃာကြီးများက ဆို၍ ဘုရားတပည့်တော် ရှင်ပုည-ကို ကြည်ညိုပါသည်ဟု တကာ ကောလာ လျှောက်ထားသော ကြောင့် သံဃာကြီးများက ညွှန်း၍ ဘုရားတပည့်တော်ကိုပင် လှူပါမည်၊ ကိုယ်တော်ကလည်း တတ်အားသမျှ စောင်မကြည့်ရှုပါဟု အပ်နှင်းပါသည်၊ ယခုမှ သဒ္ဓါတရား ဖေါက်ပြန်၍ ကန့်ကွက် ဆီးတားပါသည် ဘုရား။

စလေမြို့ တကာ ကောလာ, သာမဏေ ရှင်ပုညတို့ ကျောင်းအမှုနှင့် လျှောက်ထား ပြောဆိုကြသည်မှာ-စလေမြို့ ဒက္ခိဏဝန်ကျောင်းတိုက်အတွင်း မထေရ်ကြီးတဦး သေလွန်ရာ နိဗ္ဗာန်ကျောင်း ငွေ တပိဿာကျော် အကုန် ခံလျက် ဆောက်လုပ်လှူဒါန်း၍ သရီရ ဈာပနကိစ္စပြီးသော် ပုဂ္ဂလိကအဖြစ် ဖြင့် ခင်ကြီးပေကို လှူသည်၊ ၎င်း သေလွန်ပြန်သည့်နောက် တစုံတယောက် သော ပုဂ္ဂိုလ်အား မပေးမအပ်ခဲ့သဖြင့် သံဃိကဖြစ်၍ သံဃာတို့ထံ အခွင့် ပန်ပြီးလျှင် ငွေ အခွက် တဆယ်ကျော်ခန့် လောင်းစွက်၍ ကျောင်းဆောက် လုပ်ပါသည်ဟု ထွက်ဆိုချက် ရှိသည်၊ ၎င်း ကျောင်းကို ရှေးအထက်က သာမဏေ ရှင်ပုည ကို လှူပါသည် ဆိုဘူးသည့် စကားနှင့် ရှင်ပုည ယခု သိမ်းယူမည် ရှိသည်မှာ လောကကြောင်းအားဖြင့်–

(၁) သံသရာရေးကိုလို၍ ပေးခြင်း,
(၂) ချစ်၍ ပေးခြင်း,
(၃) ကြောက်၍ ပေးခြင်း,
(၄) မိုက်၍ ပေးခြင်း,
(၅) အတတ်ပညာ လို၍ ပေးခြင်း,
(၆) ကာမဂုဏ်လို၍ ပေးခြင်း–

အားဖြင့် မနုသာရရွှေမျဉ်း ဓမ္မသတ်ကျမ်းများ၌ လာသော ခြောက်ပါး သော ပေးခြင်းလက္ခဏာတို့တွင် သံသရာရေးကိုလို၍ တကာ ကောလာ-က ပေးလှူပါမည်ဟု မြွက်ဆိုပြီးမှ မပေးယူပြန်သောကြောင့် "သံသရာလိုစား၊

ပေးသည်များမှာ၊ မတောင်းရာပြီ၊ တောင်းရှာမိတွန်၊ ထိုလူတန်ကို၊ ဒဏ်ခြောက်ချက်ကျ၊ ပုတ်ခတ်ရ၏" ဟူ၍ တွင်းသင်းတိုက်ဝန် မဟာစည်သူ ဖွဲ့စီကုံးသော မနုသာရမြွသတ် လင်္ကာ လာရှိသည်နှင့်အညီ လောကီကြောင်းကို ယောက်သော် ဒဏ်ခြောက်ချက် သင့်ငြားလည်း ဘုရားသခင် ပညတ်တော် ဝိနည်းဒေသနာ အားဖြင့် ဒက္ခိဏောဒက ပရိစာဂ စေတနာ ပြဌာန်း၍ လှူဒါန်းသေးသည် မဟုတ်၊ အနာဂတ်ကာလကို စွဲ၍ လှူဒါန်းမည် ဆိုဘူးရုံမျှဖြင့် အဘင်း အခမ္မပြု၍ မနေထိုင်သင့်၊ ဘုရားသခင် တပည့်သားတော်ဖြစ်က ပစ္စည်းလေးပါး၌ ကပ်ငြိလျက် မစွဲလမ်းသင့်ရာ၊ လှူဒါန်းပြီးပင် ဖြစ်စေကာတမူ ဒါယကာ မကြည်ဖြူက ယူ၍ ကောင်းမြတ်နိုင်တော့မည် မဟုတ်၊ သူက မကြည်ဖြူသောကြောင့် အလိုမတူ ကွဲပြားလျက် စီးပွားဘက် ပြုလိုသော ယောကျ်ားကဲ့သို့ အမှားသို့သာ သက်ဝင်ရာသည်၊ အကြောင်းကို ဆင်ခြင်လျှင် ဤသာမဏေအား တပါးသောသူတို့က တိုင်ပင် မြှောက်စား၍ တရားဆိုင်ပြိုင်ရဟန် လက္ခဏာ ရှိသည်။

ဥပမာအားဖြင့် ဆိုလျှင် ရှေးသရောအခါ မင်းဆရာ ပုဏ္ဏားတဦးသည် ထူးမြတ်လွန်ကဲစွာ ဇွေကြွန်လက္ခဏာနှင့် ပြည့်စုံသော မြင်းကိုစီး၍ တံစီးညွန်ကင်းသော လမ်းခရီးအပြင်ဝယ် စိုင်းနှင်သောအခါ များစွာသော ဗိုလ်လူခပင်းတို့က မြင်းကို အံ့သြ၍ ထောမနာကြသော အသံကို နာခံမှတ်သားကြားသိခဲ့သဖြင့် မိမိအိမ်သို့ ရောက်လျှင် ချစ်ခင်သော မယားအား ပြောကြားလေသည်မှာ "များစွာသော ဗိုလ်လူခပင်းတို့သည် မြင်းကိုသာ အံ့ချီး၍ မြင်းစီးသောပုဏ္ဏား ငါ့အားသော်တမူ အဘယ်သူ တယောက်မျှ ချီးမြှောက်ပြောစားခြင်း မရှိသေ" ဟု ဆိုလျှင် အိမ်ရှင် မယားက ပုဏ္ဏားမိုက်သည်၏ အဖြစ်ကို ဖွင့်လှစ်၍ ထားဘိသကဲ့သို့ ထင်ရှားအောင် ပြမည်ဟု ကြံစည်နှလုံးသွင်း၍ "မြင်းကဲ့သို့ ချီးမွမ်းစေလိုလျှင် မြင်းမှာဆင်သော ကကြိုး တန်းဆာများကို မြင်းအား ဆင်သကဲ့သို့ လူတွင် ဆင်ပြီးမှ ကုန်းကွ၍ သွားလေ"ဟု ဆိုလျှင် ဆိုတိုင်း ပြု၍ သွားသဖြင့် များစွာသော သူအပေါင်းက သောင်းသောင်း ရယ်မော၍ သောသောညံ့လျှင် ဟန်ပန်မရသေး၍ အပြေးမညက်သောကြောင့် မနှစ်သက်၍ ရယ်သွမ်းသွေးဟန် ထင်ပြန်လေရကား အားပါးထုတ်၍ အဟုတ်ပြေးရာတွင်မှ သာလွန်၍ ရယ်သွမ်း သွေးကြသဖြင့် ပုဏ္ဏေးမ အမိုက်ကြောင့် ငါ၌ အရှက်ကြီးရသည်ဟု နောင်တ ပူပင်လျက် ရင်ထုမနာ ရှိသကဲ့သို့ မိမိအား ထိုက်သည် သင့်သည်ကို မစာနာဘဲ သူတကာတို့ မြှောက်စားသည်ကို အကယ် ထင်မှတ်၍ တရားဆင်သဖြင့် ယုတ်နိမ့်ခြင်းသို့ ရောက်ချေရကား ပုဏ္ဏားကဲ့သို့ အရှက်ကိုသာ ရလျက်ရှိချေသည်၊

နဂိုရုပ-က မလှခြင်းရှိရာတွင် တခါရွံ့၍မဲ့ပြုံးသည် ဆိုသော ရှေးစကား ကဲ့သို့ သံသရာဘဝဟောင်းက အကြောင်းမပါ၍ သဒ္ဒါတရား ပျက်စီးရာ တွင် တခါထပ်၍ တရားဆင်ပြန်သောကြောင့် ရှေးထက် တိုးပွား၍ သဒ္ဒါ တရား ပျက်စီးရာသာ ဖြစ်သည်။ သေဝိတဗ္ဗ, အသေဝိတဗ္ဗ သေနာသန နှစ် ပါးကို ဘုရားဟော ထင်ရှား ရှိသည်တွင် ဒါယကာက သဒ္ဒါတရား ဖေါက် ပြန်လျက် ခိုက်ရန်ဖြစ်ပွားသော ကျောင်း ဖြစ်၍ အသေဝိတဗ္ဗ, ပရိဝဇ္ဇိတဗ္ဗ သေနာသန ဖြစ်သည်၊ သာမဏေ ရှင်ပုညက သံဃာတို့ ပေးသည် ဟူ၍ အမြွက် ထောင်လျက် ၎င်းကျောင်းကို မသိမ်းဆည်းသင့်၊ ကျောင်းရှင် ဒါယကာ ကောလာ သဒ္ဒါတရားရှိသည်အတိုင်း လှူဒါန်းစေ။

ဥေ္ယျမွာတိ မုနိပဝရ ဉာဏကိတ္တိ သိရီသဒ္ဓမ္မဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဒုတိယ မောင်းထောင် သာနာပိုင် ဆရာတော်ဘုရားကြီး အမိန့်တော်။

ဤတွင် ဝိဝါဒ ဝိနိစ္ဆယကျမ်း ပြီး၏။

သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ထိုသိုလောက,ဓမ္မ နှစ်ဌာန အမှုတို့ကို စီရင်ဆုံးဖြတ်ရာ အကျဉ်း သံခေပဖြစ်၍ "ပညာသာမိ ကဝိဓဇ သိရီပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မောင်းထောင် ဆရာတော်ဘုရားသည် မျက်မှောက် ထင်ထင် သိမြင်ရသည့်အတိုင်း စာတမ်း စစ်ချက်နှင့် တကွ အကျယ်ဝိတ္ထာရ ဖွင့်ပြ ရေးသားအပ်သော ဤသည့် ဝိဝါဒ ဝိနိစ္ဆယ ကျမ်းကို ရှေးမူနှင့် မတူ ပါရဂူ ဉာဏ်ရှင်တို့ ဆင်ခြင်၍ သုံးသပ်တော် မူကြပါကုန်။

အတုလဖြတ်ထုံး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မဟာအတုလယသဓမ္မရာဇဂုရု-တံဆိပ် နာမံတော် ရှိသော ကုန်းဘောင်ပြည် တည်ထောင်ဦး မင်းတရားကြီး ဆရာတော်ဘုရားသည် လောက ဓမ္မရာဇ အကြောင်းသုံးပါးနှင့်အညီ စီရင်ဆုံးဖြတ်သည့်-

အတုလ ဖြတ်ထုံး

သုံးပါးသော ရတနာ ဆရာမြတ်တို့အား ရှိခိုးပြီး၍ လောက,ဓမ္မ ဟုတ်မှန်ရာ တရားဆုံးဖြတ်ခြင်း၌ တောင့်တကုန်သော ပညာရှိ လူ ရဟန်း တို့အား ညက်လှစွာသော ဖယောင်းသားရိုးတို့ကို ပုံ၍ထိပ်မှ နှိပ်၍နှိပ်၍ ထားဘိသကဲ့သို့ မှတ်သား ယူလွယ်စိမ့်သောငှါ ဘုရားကျွန်, ကျောင်းကျွန်, ဘုရားမြေ ကျောင်းမြေ, လူ ရဟန်းတို့ ရောရှက်သည့် အမှုကို ရှေးနေ တရားတကျိပ်တို့ ချောက်လဲဟန်, တရားသူကြီး ငါးကျိပ် ငါးယောက်တို့ ကောက်ခွဲစီရင်ဟန်, အမှုသည် တရားတကျိပ်တို့ စိတ်တူ လက်ဘက်စား၍ပြီးဟန်,ဖြတ်ပုံကို ဆင်ခြေကောက်ဟန်, ပြီးချက်ဖြတ်စာနှင့်တကွ စီရင်ပေအံ့။

ဓမ္မဂန်ကြောင်း ဓမ္မသတ်ကြောင်း ရာဇသတ်ကြောင်း စကားသုံးရပ်ကို ပညာရှိ လူ ရဟန်းအပေါင်းတို့ ထောက်ထား နှိုင်းပြား၍ ယူလေ၊ တရားရောက်ရာကိုသာ ဆိုကောင်းလျက် ဆင်ခြေ ယုတ္တိ ရာသီစကားလောင်း အတည်အချုပ်ကောက်ပုံ ဖြတ်ဟန်ဆိုသည့်စကား ရိုးတတ်လွယ်၏၊ အရေးဖြစ်ခဲသည်၊ ဗျတ္တိဖြစ်လွယ်၏၊ ဗလဖြစ်ခဲသည်၊ ဖြစ်ခဲသောကြောင့် အရေးအရာနှင့် ခင်းခင်း ကျင်းကျင်း ဗျတ္တိ, ဗလစုံလင်မှ စကားတတ်လွယ်သောကြောင့် စကားတတ်စေလို၍ အစုံကို ဆိုသည်။

(၁) ပဌွင်း ဂုဏာလင်္ကာ အစီရင်တော်ခံပါသည်- ပေါက်မြိုင် တိုက်နေ ရှင်ပဏ္ဍိတတို့သည် ရဟန်းတော်နှင့် နီးစပ် ကြည်ညိုသည့် တကာ-တကာမတို့ သဒ္ဓါကြည်ညိုခြင်း ပျက်ပြယ်လအောင် ပရိသတ် အလယ်တွင် ဂုဏာလင်္ကာတို့သည် တရားကို မစောင့်၊ သေရက် သောက်စား ရှင်ပျက် ဖြစ်သည်ဟု ကျေးဇူးမဲ့ကိုပြော၍ ရှိရခဲ့သည်၊ ရဟန်းဖြစ်မှုကို မဆိုလင့်ဦး၊ ထန်းရည်အရက်ကို လူ့လက်ထက်ကပင် မသုံးပါကြောင်းကို လျှောက်ပါသည်၊ (ဂုဏာလင်္ကာ အစီရင်ခံချက်။)

ပေါက်မြှိုင်တိုက်နေ ပဏ္ဍိတနှင့် သံဃာတစုတို့ လျှောက်ပါသည်–ရှင်ဇဂာလင်္ကာ လျှောက်သည့်အတိုင်း လူ့လက်ထက်က သောက် မသောက်ကို မသိနိုင်ပါ၊ ရဟန်းဖြစ်မှ ရှင်ဇဂာလင်္ကာ ရဟန်းတော်တို့ ရွှေတွင်ပင် ပေါက်မြှိုင်ရွာ ဆွမ်းကျွေးရာ ပရိသတ်အလယ်တွင် သောက်သည်ကိုမြင်၍ ပရိသတ်ထဲတွင် စပ်မိလျှင် ပရိသတ်အထဲတွင် သေသောက်ကြောင်းကို ပြောပါတော့သည်၊ ကြည်ညိုခြင်း ပျက်စေလို၍ တကာတို့ကို မပြောပါကြောင်းကို လျှောက်ပါသည်၊ (ပဏ္ဍိတတို့ လျှောက်ချက်။)

နှစ်ဦးသားတို့ လျှောက်ချက်ကို နာထောက်သော် ပေါက်မြှိုင်သံဃာတို့က ထန်းရည်အရက် သောက်ကြောင်းကို အစွဲအလမ်း သာဓကနှင့် အတည်တည် အရပ်ရပ် လျှောက်သည်ကို ဇဂာလင်္ကာ မသောက်ပါသာ ဆို၍ သာဓကေ အတည်တည် အရပ်ရပ် မလျှောက်ချေ၊ ပဏ္ဍိတတို့နည်း မသောက်ကြောင်းကို သာဓကနှင့်တကွ ထပ်လောင်း၍ လျှောက်စေ၊ ကောက်ယူလျှင်- ပဏ္ဍိတတို့ လျှောက်သည့် ပေါက်မြှိုင် ဆွမ်းကျွေး ပရိသတ်အလယ်တွင် တရားနှင့်အညီ အပ်သည့် ထန်းရည်ချိုကို တကာတို့ ကပ်လှူလာသောကြောင့် ပရိသတ် အလယ်တွင်ပင် သောက်၏၊ ဘုရားခွင့်မပြု၊ မအပ်သည့် ထန်းရည်ကို ရဟန်းတော် ဇဂာလင်္ကာ မသောက်ကြောင်းကို လျှောက်ပါသည်၊ (ဇဂာလင်္ကာ လျှောက်ချက်။)

ပေါက်မြှိုင်သံဃာ ပဏ္ဍိတတို့ လျှောက်ပါသည်- ပရိသတ်အလယ်တွင် အပ်သည့် ထန်းရည်ကို လှူသောကြောင့် သောက်၏၊မအပ်သည့် ထန်းရည်ကို မသောက်၊ ဖြောင့်၍ရှိချေပြီ၊မအပ်သည့် ထန်းရည်ဖြစ်ကြောင်းကို ပေါက်မြှိုင် သံဃာတို့က လောင်းပေ ဆိုလျှင် - ထန်းရည် ဟူ၍ လျှောက်ချက် ရှိပါပြီ၊ လျှောက်သည့် ထန်း-ပါတိုင်းပင် မအပ် ဆိုရချိမ့်မည် မဟုတ်၊ ထန်း-ပါတိုင်း ပင် မအပ်ဆိုတန်လျှင် တင်လဲကစ၍ပင် မအပ်ယူရမည့်အရာ ရောက်ခဲ့သည်၊ မအပ်ကြောင်းကို စကားပြေသာ လူတရားကဲ့သို့ မချေသင့်၊ ပါဠိအဋ္ဌကထာ, ဋီကာ ပုဒ်ပါဌ် ဆောင်၍ ထန်းရည်ချို မအပ်ကြောင်းကို ချေပေ ဆိုလျှင်– "တာလနာဠိကေရာဒီနံ ပုပ္ဖရသသာ ဂဟိတာဘိနဝကာလတော ပဋ္ဌာယ" ဟူ၍လည်း ပုပ္ဖါသဝ၏ မျိုးစေ့ဖြစ်ရာ အကြောင်းကို တေရသကဏ်, ဝိမတိ ဋီကာဆရာတို့ ဆိုပါသောကြောင့် ရှင်ဇဂာလင်္ကာ ပရိသတ် အလယ်တွင် သောက်သော ထန်းရည်သည် သေမျိုးစေ့မှန်၍ ဇဂာလင်္ကာကို သေသောက် ပင် လျှောက်ပါတော့သည်။

ဂုဏာလင်္ကာ သေမျိုးစေ့ကို သောက်ကြောင်း ဋီကာပုဒ်ပါဠိနှင့် သူက ချေ ပြန်ချေသည်၊ ဂုဏာလင်္ကာက သေမျိုးစေ့ကို မသောက်ကြောင်းကို ပုဒ်ပါဠိ ကျမ်းဂန်နှင့်ပြ၍ ချေပေဆိုလျှင်-ပေါက်မြိုင်သူမြတ်တို့ လျှောက်သည့်အတိုင်း တကာတို့လည်း သေမျိုးစေ့ ဆို၍ မကပ်၊ ရဟန်းတော် ဂုဏာလင်္ကာလည်း သေမျိုးစေ့ကို မသောက်၊ ထန်းရည်ချိုကပ်၍ သောက်ပါတော့သည်၊ လျှောက် ချက် ရှိပါပြီ၊ သူမြတ်တို့က ချေပြန်သည်၊ "တာလနာဠိကေရာဒီနံ ပုပ္ဖရသော ဂလိတာဘိနဝကာလတော ပဋ္ဌာယ" လျှောက်သည့် ဋီကာ ပါဠိလည်း ထန်းရည်ကိုပြသည့် ပါဠိလည်း မဟုတ်၊ ထန်းရည်ကို မအပ်ကြောင်း ပါဠိ၊ အဋ္ဌကထာ, ဋီကာပုဒ်ပါဠိပြမှ ထန်းရည်ချို အပ်ကြောင်းကို ရဟန်းတော် ဂုဏာလင်္ကာရ ပုဒ်ပါဠိနှင့် ချေသင့်ပါမည် လျှောက်သည်၊(ဂုဏာလင်္ကာလျှောက် ချက်။)

ပေါက်မြိုင်သံဃာတို့ လျှောက်သည့် ဋီကာပါဠိသည် မေရယ မျိုးစေ့ ဖြစ် ချေကြောင်းကိုပြသည့် ပါဠိ မှန်ချေသည်၊ ထန်းရည်ချိုကို မအပ်သည် ပါဠိနှင့် ချေပေဆိုလျှင်-ဂုဏာလင်္ကာ သောက်သည့် ထန်းရည်ချိုပင် မေရယ၏ မျိုးစေ့ မှန်၍ မအပ်လျှောက်ပါတော့သည်၊ (ပေါက်မြိုင် သံဃာတို့ အဆို။)

ရဟန်းတော် ဂုဏာလင်္ကာ သောက်သည့် ထန်းရည်ချို သေမျိုးစေ့မဟုတ် ထန်းရည်ချိုဖြစ်၍ အပ်သောကြောင့်ပင် သောက်ပါတော့သည်၊ (ဂုဏာလင်္ကာ အချေ။)

နှစ်ဦးသားတို့ အာဂုံပုဒ်ပါဠိ ဆောင်စေသော်လည်း နေရာကျအောင် တယောက်ကို တယောက် မဆိုနိုင်၊ အာဂုံမဆောင်နိုင်လျှင် နေတော့၊ ယုတ္တိ လာ၍ သာမကေသက်သေနှင့် သေနသေမျိုးစေ့ ဖြစ်ကြောင်းကို ပဏ္ဍိတတို့က ဆိုစေ၊ထန်းရည်ချို သေမျိုးစေ့ မဟုတ်ကြောင်းကိုလည်း ဂုဏာလင်္ကာက ယုတ္တိ ရာသီနှင့်တကွ သာမကေပြ၍ ဆိုပေ၊မွေ့ဂန်မှုကို မိန်းမရန်တွေ့ ဆိုရမည် မဟုတ် ဆိုလျှင် ထန်းရည်ချိုကို ချိုးရှိသည့် အိုးတခြားနှင့် အရိပ်ထဲတွင်းပင် ကြာကြာ ထားလျှင် သေရင့် ဖြစ်ပါတော့သည်၊ သေချိုးပင် နေပူမှာ ထားလျှင်လည်း မကြာမမြင့်ခင် ထန်းရည်ခါး ဖြစ်ပါလေတော့သည်၊ သည်အချက်သည် ယုတ္တိ ဖြစ်ပါတော့သည်၊ လျှောက်သည့်အတိုင်း ဖြစ်, မဖြစ်ကို ထန်းရည်ကို မပြတ် ကိုင်သည့် ထန်းသမား သက်သေ ဖြစ်ပါတော့သည်၊ ထန်းသမားကို အစစ် ခံပါတော့မည်၊ (ပဏ္ဍိတတို့လောင်း၍ လျှောက်သည်အချက်။)

ထန်းရည်ချိုမှာ ထန်းလျက်တင်လဲ၏ အနုသောမပက္ခ မှန်သောကြောင့် ထန်းလျက် တင်လဲ ချက်၍ ဖြစ်ပါတော့သည်၊ သေနသေခါးကို ထန်းလျက်

တင်လဲချက်၍ ဖြစ်ရိုးမရှိ၊ သည်အချက်သည် ယုတ္တိရာသီ ဖြစ်ပါတော့သည်၊ ရဟန်းတော် ဂုဏလင်္ကာ လျှောက်သည့်အတိုင်း မှန်မမှန်ကို ထန်းလျက်တင်လဲ မပြတ်ချက်သည့် ထန်းသမား ရှိပါ၏၊ ထန်းသမား သက်သေ ဖြစ်ပါတော့သည်၊ ထန်းသမားကို အစစ်ခံပါတော့မည်၊ (ထန်းရည်ချိုသောက် ဂုဏလင်္ကာလောင်း၍ လျှောက်သည့်အချက်။)

ယုတ္တိရာသီ သာဓကသက်သေကို အစွမ်းရှိသည့်အတိုင်း နှစ်ဦးပင် လျှောက်ကြပြီ၊ ဆရာရိုးပြ ဆိုလျှင်- ရဟန်းတော် ပဏ္ဍိတတို့ မြစ်တောင်ဘက်နေ ပါဠိ အဋ္ဌကထာ, ဋီကာ ကျွမ်းကျင်သည်- ဟူ၍ အများဆိုကြပါသည်၊ စစ်ကိုင်း ရှင်သာဂရ ဆရာကြီး ရဟန်းတော် ဂုဏလင်္ကာ ယခု လျှောက်ချက် အတိုင်း ထန်းရည်ချိုကို သေနု မဆိုသင့်ကြောင်း အယူရှိသည်ကို လျှောက်ပါသည်၊ (ဂုဏလင်္ကာ လျှောက်ချက်။)

ထန်းရည်ချိုကို သောက်သင့်သည် အယူရှိသော ဂုဏလင်္ကာနှင့် ပေါက်မြိုင်တိုက်နေ ပဏ္ဍိတတို့ သံဃာတစု အယူကွဲပြား၍ အမိကရဏ်း ခိုက်ရန်ဖြစ်ကြသည်ကို အစွမ်းအရည် ထွက်သည့်အတိုင်း စိတ်ရှိနေ၁က် သက်၁မရှိရအောင် လျှောက်စေလျှင် နှစ်ဦးပင် အစွမ်းအရည် ထွက်သမျှ ကုန်ကြပြီ၊ သည့်ပြင်တိုး၍ လျှောက်စေသော်လည်း မင်းတို့ အစွမ်းအရည် တိုး၍ မထွက်ပြီ၊ မိန်းမ ရန်တွေ့ ဆိုသကဲ့သို့ သူလေးပါးသာ ကြားတော့မည်၊ သည်မျှ ဆိုလျှောက်နိုင်ကြပေသည်ပင် ခြီးမွမ်းဘွယ်ရှိ၏၊ သည့်ပြင် မလျှောက်နှင့်တော့၊ ပေါက်မြိုင် ပဏ္ဍိတတို့က ထန်းရည်ချိုကို သေနု လျှောက်သည်မှာလည်း-

တာလနာဠိကေရာဒီနံ-ထန်း, အုန်း အစရှိသည်တို့၏၊ ပုပ္ဖရသော-အပွင့် အရည်သည်၊ ဂလိတာဘိနဝကာလတော – လျှောသစ်စ ကာလမှ၊ ပဋ္ဌာယ-စ၍၊ ဗီဇံ–ပုပ္ဖာသဝ,မေရယ၏ မျိုးစေ့မည်၏ ဟု–

မေရယ၏ မျိုးစေ့ ဖြစ်ကြောင်းကို တေရသကဏ် ဝိမတိဋီကာ ဆရာကျော်တို့ ပြချေသောကြောင့် ထန်း, အုန်း အစရှိသော ခနွန်း ကွမ်းဆောင်, ပေ တို့၏ အပွင့် အရည်ကို အနို့မှ လျှောသစ်စသော ကာလကပင် မေရယ၏ မျိုးစေ့ဖြစ်၍ မသောက်အပ်ချေပြီ၊ သောက်လျှင် ပါစိတ်အာပတ် သင့်ချေ၏၊ ပေါက်မြိုင် ပဏ္ဍိတတို့ သံဃာတစု လျှောက်သည်အတိုင်း မျိုးစေ့ မှန်ချေ၏၊ မှတ်ရမည်၊ ယိုသစ်စ ကာလကပင် မျိုးစေ့မှန်ကြောင်းကို ဋီကာဆရာတို့ ပြချေသောကြောင့် သေမျိုးစေ့ သေနုမှန်လျှင် ဆိုး၍ တစုံတခု မပြုချေသော် သေခါးအဖြစ်သို့ ရောက်လာချိမ့်မည်၊ သေခါးဖြစ်လျှင် ထန်းလျက်, တင်လဲ ချက်၍ မဖြစ်ရချေ။

အရည်ရှိ၍ ထန်းလျက်, တင်လဲ ချက်လိုသော ထန်းသမားတို့သည် လုံ့လ ပြု၍ ခံအိုးကို မီးဖုတ်ခြင်း, သေသစ်ခေါက် ခတ်ခြင်းသည် မေရယ၏ မျိုးစေ့ ပျက်၍ သေခါးကို မတက်ရအောင် စီရင်သည့် ပယောဂ မှန်ချေ၏၊ ဂဏ္ဌိ လက်ာ ဖျော်ချက်အတိုင်း ထန်းရည်ချိုသည် သေမျိုးစေ့ မဟုတ် မှန်၏ မှတ်ရမည်၊ ဂဏ္ဌိလက်ာ ဖျော်သည့်အတိုင်း မျိုးစေ့ကို ထန်းသမား ဖျက်၍ သေချို ဖြစ်ရသောကြောင့် အပ်ချေ၏ မှတ်ရမည်၊ "တာလ နာဠိကေရာဒိနံ ပုပ္ဖရသော စိရပရိဝါသိတော မေရယောနာမ"ဟု ဋီကာဆရာတို့ ဆိုသော ကြောင့် အပ်၏ ဆိုသည်၊ ထန်းချိုပင် ကာလရှည်မြင့်၍ အချဉ်, အချို့,အခါး ဘောက်ပြန်လျှင် မေရယ အဖြစ်သို့ ရောက်ချေပြီ မအပ်ဟူ၍ ဂဏ္ဌိလက်ာ မှတ်ရမည်၊ ထန်းရည်ချိုကို နေပူမှာ ထားသော် အခါး ဖြစ်ချေ၏၊ သို့ဖြစ်၍ မအပ်။

ပဏ္ဍိတ ဖျော်သည်မှာလည်း-ထန်းရည်ချိုကိုသာ နေပူမှာ ထား၍ အခါးဖြစ်သည် မဟုတ်၊ ထန်းလျက်ကို နေပူမှာစိမ်၍ ထားလျှင် ကစော်စိမ်း ပင် ဖြစ်ချေ၏၊ ကစော်စိမ်းပင် ဖြစ်လတ္တံ့ဟူ၍ ထန်းလျက်ကို မစားကောင်း မယူသင့်သကဲ့သို့ ထန်းရည်ချိုကိုလည်း နေပူမှာ ထားလျှင် အခါး ဖြစ်လတ္တံ့ ဟူ၍ မသောက်ကောင်း မယူသာချေ၊ ပဏ္ဍိတတို့ မှတ်ရမည်။

ဆရာရိုးကို ကိုး၍ ဖျော်ကြသည့်အတိုင်း မှန်လျှင် မင်းတို့ ဆရာများ သည် နွားနောက်ကို ရှေ့ကသာ ကြည့်မိသည့်သူလည်း ကျွဲနှင့်တူ၏၊နောက်က ကြည့်မိသည့် သူလည်း နွားနှင့် တူ၏ မှတ်လေကုန်သကဲ့သို့ မအပ်ဆိုသည့် ပါဠိ အဋ္ဌကထာရိုးကို စွဲမိသသူလည်း မအပ်စုကိုသာ ရှာ၍ အပ်သည်အချက် လပ်နေလသည်၊အပ်သည်ကို စွဲမိသည့် ဆရာလည်း အပ်သည့် ပါဠိ အဋ္ဌကထာ ရိုးကိုသာ ရှာ၍ မအပ်သည့်အရာ လပ်လေသည်၊ ဆရာတို့က အယူဝါဒ ကွဲ ပြား၍ မနှောမိလေသောကြောင့် သိဿာနုသိဿ တပည့် အဆက်ဆက် ဝါဒကွဲ၍ အဓိကရုဏ်း မငြိမ်း ရှိလေသည်၊ အဓိကရုဏ်း မငြိမ်းလျှင် ရဟန်း စကားကို ရဟန်းချင်းသာ မဆိုကြ၊ အလိမ္မာနည်းသည့် တပည့်တို့ လက် ထက်တိုင်လျှင် ရှင်ရည်တိုး၍ လူပရိသတ်တို့ အလယ်၌ တကာ, တကာမ တို့ကို နားလည်လိမ့်မည်ကဲ့သို့ ပါဠိ အဋ္ဌကထာ စာစောင် ပေစောင်ကို သိ၍ ပကာသနပြု၍ အဘက်ပြုကြလေသည်၊ လူတို့တရားမှာ မဟုတ် မမှန်ပဲ တယောက်ကို တယောက် ဦးလည်ပြတ် ရာဇဝတ်စကားကို စွပ်လျှင် အသက် ဘိုး လျော်စေ၊ဥစ္စာကို စွပ်လျှင် စွပ်တိုင်း နှုတ်လွန် မတော် မလျော် ဆိုချေလျှင် တရားကို ခံစေ၊ ဂုဏ်အင်ကို ထောက်၍ ပူဇော်စေ၊ ဓမ္မသတ်, ရာဇသတ်

လောက သမ္မုတိပညတ် ထင်ရှားရှိသည်၊ ရဟန်းတို့မှာ တယောက်ကို တယောက် ရဟန်းပဋ္ဌင်းချင်း မဟုတ်မမှန်ပဲ ပါရာဇိကကို စွပ်စွဲလျှင် သံဃာဒိသိသ် အာပတ်သင့်စေ၊သံဃာဒိသိသ် အာပတ်ကို စွပ်စွဲလျှင် ပါစိတ်အာပတ်သင့်စေ၊ ပါရာဇိက သံဃာဒိသိသ်မှ တပါး အာပတ်ငါးဘုံနှင့် စပ်သည်ကို စွပ်စွဲလျှင် ဒုက္ကဋ်အာပတ် သင့်စေ၊ ရဟန်းတို့ သိက္ခာပုဒ် ရန့်ရင်းသည်ကို လူသာမဏေတို့အား ကြားလျှင် ပါစိတ်သင့်စေ၊ မရန့်ရင်းသော အာပတ်ငယ်ကို ကြားလျှင် ဒုက္ကဋ်သင့်စေ၊ ဘုရားပညတ် ရှိချေသည်။

ဂုဏာလင်္ကာတို့ သေသောက်စားသည် ဟူ၍ ပဏ္ဍိတ သံဃာတစုအရာ မဟုတ်ပဲ တကာ-တကာမတို့ကို ပြောဆိုခြင်းသည် မသွားကားဆို၏ ဂန္တုတိ၊ မစားကား ဆို၏ ဘုဥ္စတိ ဆိုဘိသကဲ့သို့ ရှိချေသည်၊ ကြည်ညိုခြင်း ပျက်စေလို၍ မပြောကား ဆို၏၊ ပြောရာ ရောက်ချေသည်၊ သည်အကျင့်ကိုလည်း နောင် မကျင့်နှင့် ဖျောက်ကြ၊လူနှစ်ယောက် နွားနောက်ကို တပိုင်းစီသား မြင်၍ နွားမှန်သည် - ကျွဲမှန်သည်၊ အငြင်းအခုံရှိ၍ နေစဉ် တစုံတယောက်သော တောသူ တောသား ရောက်လာ၍ မင်းတို့ ငြင်းခုံကြသည့် သတ္တဝါမှာ နွားလည်း မဟုတ် ကျွဲလည်း မဟုတ်၊ သည်သတ္တဝါမျိုးသည် နွားတပိုင်း-ကျွဲတပိုင်းနှင့် တူ၏၊ တပိုင်းစီနှင့် တူသောကြောင့် နွားနောက် ခေါ်သည့်ဟု ပြောလျှင် ငြင်းသူနှစ်ယောက် ငါတို့နှစ်ယောက်သား ထင်မိထင်ရာ ငြင်းချေသည် ဟူ၍ စိတ်ချမ်းသာ ကိုယ်ချမ်းသာ မေတ္တာမပြား ရှိကြသကဲ့သို့ ပေါက်မြိုင် ပဏ္ဍိတ စသော သံဃာတစုတို့နှင့် ဂုဏာလင်္ကာ ထန်းရည်ချိုကို သေမျိုးစေ့မဟုတ် ငြင်းကြသည်မှာ ပါဠိ အဋ္ဌကထာ အာဂုံ ယုတ္တိ အလားအလာ ရှေ့ရှေ့ နောက်နောက် ဟိတ်သာဓက ဟာရပဒဌာန် မနှိုင်းပြားနိုင်၍သာ ငြင်းမိကြချေသည်၊ ပဏ္ဍိတတို့ ဆိုသည့်အတိုင်း ထန်းရည်နို့မှ ယိုစက မေရယ မျိုးစေ့မှန်ချေ၏၊ ဂုဏာလင်္ကာလည်း မှတ်။

ဂုဏာလင်္ကာ ဆိုသည့်အတိုင်း ထန်းရည်ချိုကို သေန သေမျိုးစေ့ ခေါ် ကောင်းလျက် သူ့ဇာတိကို ဖျက်သောကြောင့် ထန်းရည်ချို ဟူ၍ အမည် ဝေါဟာရပင် ခြားပြန်ပလေသည်၊ မဖေါက်ပြန်၊ သေချိုအဖြစ်၌ တည်သည့် ကာလ သောက်ကောင်းချေ၏ဟု ပေါက်မြိုင်တိုက်နေ ပဏ္ဍိတမှစ၍ သံဃာ အပေါင်းတို့လည်း မှတ်။

ကုန်းဘောင်ပြည်ထောင်ဦး သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ် ဆရာတော် မဟာအတုလယသဓမ္မ ရာဇဂုရု တံဆိပ်နာမံတော်ရှိသော

သာသနာပိုင် ဆရာတော်ဘုရားကြီး ဆုံးမစီရင်လျှင် စီရင်ချက်အတိုင်း ဦးထိပ်ရွက်ပါတော့မည် ဝန်ခံ၍ ဂုဏလင်္ကာ ပေါက်မြိုင် ပဏ္ဍိတ သံဃာတစုတို့ အမှုသည် သံဃာနှစ်ဦး ဆန္ဒတူ၍ သက္ကရာဇ် ၁၁၁၁–ခု၊ ပြာသိုလဆန်း ၅ ရက်နေ့ ပြီးသည့် ဖြတ်စာ။

(၂) ပဋ္ဌင်း ဉာဏ အစီရင်တော် ခံပါသည်– တောကြီး ရှင်ဂမ္ဘီသည် ရဟန်းဉာဏပိုင်သည့် ထားမောက် ငွေစင်တမတ်ပေး၍ ဝယ်သည်ကို ခိုးယူ၍ သံဃာတို့ရှေ့ စစ်ကြောလျှင် တရားမှ ကင်းချေပြီ၊ ဆုံးဖြတ်၍ရှိလျက် ပင်းတလဲ သံဃာတို့ ဘုရားရှေ့မျက်နှာကို မထောက်၊ ဂမ္ဘီ–မိဘမျက်နှာကိုသာ ထောက်၍ ကံကြီး, ကံငယ် ပေါင်းဖက်၍ နေကြောင်းကို လျှောက်ပါသည်၊ (ဉာဏ လျှောက်ချက်။)

ပဋ္ဌင်း ဂမ္ဘီ အစီရင်တော် ခံပါသည်– ရှင်ဉာဏ လျှောက်သည့် အတိုင်း ပုထုဇဉ်ဂတိဖြစ်၍ မှားမိပေ၏၊ မှားသည့်ဥစ္စာကုံ မကွယ်၊ သူမစွပ်ခင် အပ်ပါသည်၊ ပင်းတလဲသံဃာတို့ တရားကို အရာမကျ မကောက်ဦးနိုင်သေး၍ နေပါကြောင်း သံဃာတော်တို့သည် ရဟန်းတော် ဂမ္ဘီ–မျက်နှာကိုသာ ကြည့်၍ ဘုရားရှင် ရှေ့မျက်နှာတော်ကို မကြည့်လို၍ မနေပေကြောင်းကို လျှောက်ပါသည်၊ (ဂမ္ဘီ လျှောက်ချက်။)

နှစ်ဦးသားတို့ စကား လျှောက်ချက်မှာ– အဖြောင့်ချည်းပင် ဖြစ်သည်၊ ဉာဏ ထား တမတ်တန်ကား ဆို၏၊ သုံးဆောင်ပြီးလော စစ်လျှင် မသုံးဆောင်ပါသေး လျှောက်၏၊ ခုတ်ထစ်မှသာ သုံးဆောင်သည် မဟုတ်၊ ဝယ်ပြီးနောက် တစုံတခု မပြုစေလော စစ်လျှင် သံဆိုး သံကောင်း သိလို၍ သွေးစေ၏၊ ကျမှ မကျပါသေး လျှောက်၏၊ ငွေစင်တမတ် ပေး၍ ဝယ်သော သံကို ချင်းပြီးမှ ကျောက်စရစ် တလုံးပင် နှုတ်လည်း အတိုး လျော့၏၊ တမတ်ပေး၍ ဝယ်သော ပုဆိုးကို ချည်တပင်မျှ နှုတ်သော်, ဖွပ်သော်, တချက်မျှ ပြတ်သော် အတိုး ယုတ်၏၊ တမတ်ပေး၍ ဝယ်သော ထားတစင်းကို တချက်မျှ ခုတ်သော် သိလို၍ ကျောက်တွင် တချက်မျှ သွေးသော် အတိုးအရင်း လျော့၏၊ တမတ် မပြည့်၊ တမတ်မပြည့်သော် ပါရာဇိက မရောက်၊ လူမပြုရ၊ ထုလ္လစ္စည်းသာ သင့်၏ ဟောတော်မူချေသည်၊ ဉာဏထား တမတ်တန်ကို သွေးပြီးဟု ဉာဏ လျှောက်သောကြောင့် အတိုးလျော့သော် အတိုးအရင်း လျော့၍ တမတ် မပြည့်တန်ပြီးမှ ခိုးသောကြောင့် ဂမ္ဘီ ပါရာဇိက မရောက်,လူမပြုရ၊ထုလ္လစ္စည်း အာပတ်ကို ဒေသနာကြားစေ စီရင်၍ အမှုသည် နှစ်ဦးနှင့် သံဃာ မျက်နှာ စုံညီ ဆန္ဒတူ၍ သက္ကရာဇ် ၁၁၁၈–ခု၊ တန်ခူးလပြည့်နေ့ ပြီးသည့် ဖြတ်စာ။

(၃) ရဟန်းတော် ရှာကြီးနေ ဂုဏာကရ လျှောက်ပါသည်- ယင်းတော်သံဃာတော်တို့ တိုက်နေ ဝါယာမသည် ရှမ်းပြည်မှာ ရဟန်းပြု၍ လူကွဲသို့ လေးလက်နက်နှင့် ယင်စစ်များကို တိုက်လေပြီး၊ သူကလည်း တိုက်ကြောင်း ပြောပါသည်၊ ယင်းတော် သံဃာတို့ အပေါင်းအဖက်ပြု၍ ဝါယာမနှင့် တချက်တည်း ရှိကြပါကြောင်းကို လျှောက်ပါသည်။ (ဂုဏာကရ လျှောက်ချက်။)

ယင်းတော် သံဃာတော်တို့ လျှောက်ပါသည်– ဂုဏာကာရ လျှောက်ချက်တွင်မှ သိရပါသည်၊ စင်ကြယ်သည့် အဖြစ်သာ နှလုံးရှိ၍ ဝင်လာလျှင် သိက္ခာထပ်၍ နေပါစေသည်၊ သူ့ကို ရှိပါလေပြီ လျှောက်ပါသည်။ (ယင်းတော်သံဃာတို့ လျှောက်ချက်။)

ယင်းတော် သံဃာတို့ လျှောက်သည့် အတိုင်း သူ့ကို ရှိပါသည်ဆို၍ စစ်လျှင် ရှင်ဂုဏာကရ လျှောက်သည့်အတိုင်း မှန်ပါချေသည်၊ သိက္ခာတင်လျှင် ရပါသေးသည် ဆို၍ ရဟန်းတရား၌ မွေ့လျော်လှပါသောကြောင့် နေပါသည်၊ (ဝါယာမ–နှုတ်ထွက်။)

ရှမ်းတောမှာနေ၍ ယင်စစ်ကို တိုက်ကြောင်းမှာ ပြောင့်ပြီ၊ ပဥ္စင်းခံရင်းကို စစ်မေးလျှင် ကာလသရောတွင် ရှမ်းပြည်သို့ရောက်၍ ယခု ယင်စစ်တိုက်သည့် ဆရာတို့ထံ၌ ပဥ္စင်းခံပါသည်၊ ယင်အရိုင်းတို့အတွင်း ဖြစ်၍ သူတို့မှာ ပဥ္စင်း, သာမဏေတိုင်း လေး လက်နက်မကွာ ထား၍ အဆက်ဆက် တိုက်ရပါသည်၊ (ဝါယာမ-အစစ်ခံချက်။)

ပဥ္စင်းခံသောဆရာတို့သည် ကမ္မသမ္ပတ္တိကို သိမည်ထား၍ ကြားမှ မကြားဘူးသည့် ဆရာများ ဖြစ်သည်၊ ဝါယာမ ကို ပဥ္စင်းခံ၍ ဥပသမ္ပဒကံ မြောက်စရာမရှိ၊ ဆရာများပင်လည်း ယင်တိုက်ဆရာဖြစ်၍ ပဥ္စင်းခံစဉ်က သိက္ခာသော်လည်း ယင်ကိုတိုက်၍ လူကို သတ်လေပြီးသည်ကို သိက္ခာပုဒ် တည်နိုင်မည် မဟုတ်၊ ထိုပုဂ္ဂိုလ်များ ဝါယာမကို ပဥ္စင်းခံ၍ သိက္ခာမရ၊ သိက္ခာမလျှော၊ ဝါယာမ ယင်ကို တိုက်သော်လည်း ပါရာဇိက ရောက်စရာ သိက္ခာပုဒ် မရှိ၊ ယင်းတော် သံဃာတို့ထံ နေရာတွင် သည်သိက္ခာကိုသာ သိက္ခာ မှတ်၍ ကောင်းကောင်းကျင့်၊ ရှမ်းပြည်က သိက္ခာမှာ မယုံမှားနှင့်၊ သံဃာတို့လည်း သည်အတိုင်းမှတ်၍ ပေါင်းဖက်ကြ စီရင်လျှင် စီရင်ချက်အတိုင်း သံဃာနှစ်ဦး ဆန္ဒတူ၍ သက္ကရာဇ် ၁၁၂၁–ခု၊ နတ်တော်လပြည့်နေ့ ပြီးသည့် ဖြတ်စာ။

ပါရာဇိက ရောက်သောက်သည့် အမှုကိုပင် ကျင့်၏ ဆိုသော်လည်း ထိုပုဂ္ဂိုလ်၌ ပါရာဇိကရောက်စရာ ရဟန်းသိဘ ရှိရင်းရှိသည်, မရှိသည် နည်းကို ထောက်၍ ဆင်ခြင် စစ်ကြောလေ။

(၄) ဘုရားကျွန်တော်မ- လှဝန် လျှောက်ပါသည်- ဘုန်းကြီး ရှင်စံသွင် ကျွန်တော်မနှင့် အိမ်ထောင်ဘက်မည် ကတိရှိ၍ အုံ့အိမ်ရာ ယှဉ်နေပြီးမှ သွေဖည်၍ ရဟန်းပြန်၍ ခံကြောင်းကို လျှောက်ပါသည်၊ (မိလှဝန်-လျှောက်ချက်။)

ဘုန်းကြီး ရှင်စံသွင် လျှောက်ပါသည်- မိလှဝန် လျှောက်သည့် အတိုင်း နှလုံးဖေါက်ပြန်၍ ရှိမိသည် မှန်ပေ၏၊ ကာမဂုဏ် ဆုံးရှုံးအောင် မစပ်ပါ၊ အိပ်နေမိကာသာ ဖြစ်ကြောင်းကို ရှိခိုးနားတော်လျှောက်ပါသည်၊ (ရှင်စံသွင် လျှောက်ချက်။)

ကာမဂုဏ် ဆုံးရှုံးအောင် မစပ်ကြောင်းကို စစ်မေးလျှင် အန္တောဂဓ ဖြစ်၍ ကိလေသာမငြိမ်း စိုးစဉ်း ထိပါးရုံမျှ ဖြစ်ပါသည် လျှောက်သည်၊ သိမ် မွေသည့်အမှု ဖြစ်သည်၊ အရှက် အကြောက်ကို မငဲ့သာ သိသာအောင် လျှောက်၊ ဗစ်ပြန်လျှင် တခဏမျှ အတွင်းသို့ ဝင်ပေ၏၊သုက်မထွက် လျှောက် ဆိုပါသည်၊ အစစ်ခံ လည်းသည်သာ၊ ဘုရားရှင် တရားကြောင်းမှာ "ပကတိ ဝါတေန အသမ္ဘုဋ္ဌေ အလ္လောကာသဋ္ဌာနေ အန္တမသော တိလဖလ မတ္တမ္ပိ" ရှိချေသည်၊ အထူးစီရင်စရာ မရှိပြီ၊ သိက္ခာပုဒ် ပညတ်တော်မှ ကင်းချေပြီး သည်ကို ရဟန်းတရားကို တပ်စွန်း၍ မနေသာ၊ သူ့ပစ္စည်းကို ခိုး၍ အသက် မွေးသကဲ့သို့ လှေပေါက်နှင့် ကူးသွားသကဲ့သို့ ရှိတော့မည်၊ ရဟန်းပြု၍ကျင့်မှ နိဗ္ဗာန်ရသည်မဟုတ်၊ လူတရားနှင့် ပါရမီဖြည့်၍ နိဗ္ဗာန်ရသည်လည်း မရေတွက်နိုင်၊ ထောင်တန်သော ပတ္တမြားကို စပါးနှင့် ဝယ်လိုဝယ်၊ ငွေနှင့် ဝယ်လိုဝယ်၊ ပတ္တမြားရလျှင် ပြီးတော့သည်၊ သင်္ကန်းနှင့် နေ၍ အကျိုးမရှိပြီ၊ ပုဆိုးလဲပေ စီရင်လျှင် အမိန့်တော်ကို ဦးထိပ်ထက် ရွက်ပါတော့မည် ဆို၍ စံသွင် ပုဆိုးလဲသည်၊ သက္ကရာဇ်-၁၁၁၂-ခု၊ တော်သလင်းလပြည့်နေ့ ပြီး သည့် ဖြတ်စာ။

(၅) ရဟန်းတော် သာရဝံသ လျှောက်ပါသည်- ဆရာ ရှင်ဂုဏ သည် တပည့်ဖြစ်၍ လက်ရောက် ပေးပါလေပြီးသည့် သပိတ်, သင်္ကန်းတို့ကို ယခု မကြည်မသာ ရှိကြလျှင် လုယူ၍ ရှိပြန်ရခဲ့သည်၊ (ရှင်သာရဝံသ လျှောက်ချက်၊)

ရဟန်းတော် ဂုဏလျှောက်ပါသည်- တပည့်ဖြစ်၍ ပေးသည်မှန်၏၊ တပည့် ဝတ်, ဆရာဝတ် မကုန်၊ မလေးမစား ပြုသောကြောင့် ရဟန်းတော် ဂုဏ သပိတ်ရင်းဖြစ်၍ ယူပါတော့သည်၊ ရဟန်းတော် ဂုဏ မေတ္တာရှိပေးသာ ဖြစ်

သည်၊ တစုံတခု ကျေးဇူးမရှိ မလဲမလှယ်ပါကြောင်းကို လျှောက်ပါသည်၊ (ဂုဏ-လျှောက်ချက်။)

နှစ်ဦးသား အစီရင် ခံကြသည်မှာ- တပည့်က ရိုးရိုးမှန်သည့်အတိုင်း အစီရင်ခံသည်၊ ဆရာက လောကဝတ် လူ့တရားရိပ်ကို ခို၍ လျှောက်သည်၊မေတ္တာရှိ၍ ပေးသည်ကို မေတ္တာပျက်လျှင် ယူပြန်ရ၏၊ လူ့တရားမှာသာ ဆိုသည်၊ ရဟန်းတရားမှာ မဆို၊ သူ့ကိုပေးပြီးဖြစ်လျှင် သူပိုင်သည်၊ ဝိနည်း၌ မလိမ္မာသောကြောင့် သကသညာမှတ်၍ ပေးပြီးသည့် သင်္ကန်းကို ယူလျှင် နိဿဂ္ဂိသာ သင့်စေ၊ သူပိုင်လေသည်ကို တရားနှင့်အညီ သိလျက်နှင့်ယူ၍ သူစိတ်ချလျှင် ဘဏ္ဍာထိုက်သည့် အလျောက် ပါရာဇိကရောက်စေ၊ တရားရှိချေသည်၊ ယခုမှာ တရား၌ မလိမ္မာ၍ ယူခြင်းဖြစ်သည်၊ နိဿဂ္ဂိအာပတ်ကို ဒေသနာကြား၍ သူ့သင်္ကန်းကို အပ်စေ၊ စီရင်လျှင် အမိန့်တော်အတိုင်း ဦးထိပ်ရွက်ပါဘော့မည် ဝန်ခံ၍ သက္ကရာဇ် ၁၁၂၀-ပြည့် တပေါင်းလဆန်း ၁-ရက်နေ့ ပြီးသည့် ဖြတ်စာ။

ဥစ္စာ၌ ခင်မွတ်၍ ရတန်၏ ထင်မှတ်၍ သတိမရှိ ပြုလေ့ရှိသော ရဟန်းတို့သည် ပါရာဇိက ရောက်မှန်းမသိ ရောက်သည် များ၏၊သည်နည်းကိုထောက်၍ ဆင်ခြင်ကြကုန်ရာသည်။

(၆) **ဘုရားကျွန်တော်မ မိချမ်းသာ အစီရင်တော် ခံပါသည်**- ယွန်းကျောင်း ဘုန်းကြီးကို သဒ္ဓါကြည်ညိုပါသောကြောင့် ကျောင်းဆောက်၍ အပြီးမရောက်ခင် နေလောက်ရုံရှိလျှင် ဘုန်းတော်ကြီးတွင် နေရာမရှိ၍ တက်နေနှင့်ပါတော့ အပ်သည်၊ ကျွန်တော်မ- ရေစက်ချ၍ အနုမောဒနာ မပြုရပါသေး၊ ဘုန်းတော်ကြီး အသက်မရှည် ကံတရားသို့ ရောက်ခဲ့လျှင် ကျွန်တော်မ သဒ္ဓါသည့် ပုဂ္ဂိုလ်ကို ပင့်ခေါ်၍ တင်မည်ပြုပါလျှင် ဘုန်းတော်ကြီး သံဃာတို့က တကာမနှင့် မဆိုင်၊ တို့သံဃာသာ ပိုင်သည်, ဆိုင်သည် ဆို၍ သဒ္ဓါရာကို မဘင်ပါရ၊ ဆီးကာဟန့်တား၍ ရှိခဲ့သည်၊ (မိချမ်းသာ-လျှောက်ချက်။)

ယွန်းကျောင်း သံဃာတို့ အစီရင်ခံပါသည်-တကာမ မိချမ်းသာ ကျောင်းဆောက်၍ ဆရာဘုန်းကြီးကို တင်လှူသည်၊ ဆရာ အသက်မရှည် သေလွန်ခဲ့လျှင် အခန္တဝါသိက တပည့်သံဃာဖြစ်၍ ဆရာအရိပ်အရာကျောင်းကို တပည့်သံဃာတို့ အရာသာ ဖြစ်သောကြောင့် အခြားကို ကျောင်းအမက ပိုင်လိုဟန်နှင့် စိတ်ရှိရာ တင်မည်ဆို၍ တားပါတော့သည်၊ (ယွန်းကျောင်း-သံဃာတို့ လျှောက်ချက်။)

မိချမ်းသာနှင့် ယွန်းကျောင်း သံဃာတို့ စကားကို အစီရင် ခံကြသည်မှာ– ကျောင်းနေလောက်ရုံ ပြီး၍ တက်နေနှင့်တော် မူပါတော့ နှုတ်မှတ်၍ အပ်ချေသည်၊ အပ်သည့်အတိုင်းလည်း ဘုန်းတော်ကြီး လက်ရောက် တက်နေချေသည်၊ တရား မဂ္ဂဝန်ကြောင်းမှာလည်း–

မုဉ္စစေတနုပ္ပတ္တိတော ပဌာယ န ဒါယကော ဇာယရော၊ ဘိက္ခု သံဃော ဝ ဇာယရော။

ဟူ၍ ကျမ်းလာချေသောကြောင့် မုဉ္စစေတနာ ဖြစ်သည်ကာလမှ စ၍ ကျောင်းဒါယိကာမ ကျောင်းကို မပိုင် အစိုးမရချေပြီ၊ တက်နေသည့် ပုဂ္ဂိုလ် သံဃာတို့သာ ပိုင်သည်၊ တက်နေတော် မူပါတော့ဟု ဘုန်းတော်ကြီးကို တကာမ အပ်သည့်ကာလကပင် မုဉ္စစေတနာဖြစ်၍ ဘုန်းတော်ကြီး ပိုင်ချေပြီးသည်၊ အနုမောဒနာ ပြုသည်မှာ မိမိအား ရောက်ပြီးသော ကုသိုလ်ကို အများ ဝမ်းမြောက်ခစေလို၍သာ ထပ်၍ပြုသည်၊ ဒါနကမ္မပထအခြား၊ အနုမောဒနာကမ္မပထ အခြားဖြစ်သည်၊ ဘုန်းကြီးကို တက်၍ နေစေသည်ကတည်းကပင် ဒါနကမ္မပထ ဖြစ်၍ ဘုန်းတော်ကြီး ပိုင်ချေပြီးသည်၊ အနုမောဒနာ မပြုရသောကြောင့် ကျောင်းကို ပိုင်ကောင်း၏၊ စိတ်ရှိရာ တင်ရကောင်း၏ မဆိုသာချေ၊ အောင်ကျော်ထံမှ ဝယ်သည့်နွားကို ဝယ်သူ လက်တိုင်အောင် အောင်ကျော် မပိုင်ပဲနှင့် အောင်ကျော် နွား တွင်စေသကဲ့သို့ မိချမ်းသာ ကျောင်းဆောက်ရင်း ဖြစ်၍ ဘုန်းကြီး ပိုင်သည်ကာလ တိုင်အောင် မိချမ်းသာ ကျောင်းဟု မူလအရင်းသို့ လိုက်၍သာ တွင်ချေတော့သည်၊ ကျောင်းကို မပိုင်ချေပြီ၊ သံဃာတို့စိတ်ရှိရာ တင်စေ၊ ကောက်ခွဲစီရင်လျှင်–

မင်းကေရာဇ်တို့ ဆောက်သည့်ကျောင်းများမှာ တဦးဘုန်းကြီး သေလွန်လျှင် ကျောင်းတွင် သံဃာအများရှိပါ၏၊ သံဃာတို့မပိုင် မစီရင်ရကြောင်း ကျောင်း တကာ မင်းကေရာဇ်တို့ စိတ်ရှိရာ မင်းအဆက်ဆက် တင်ထုံးရှိပါသည်၊ ရေမြေရှင် မင်းကေရာဇ်ဆိုသမျှ သာသနာပြုဖြစ်ကြောင်းကို မိချမ်းသာ ရှေ့နေက ထောက်လဲပြန်သည်။

မင်းကေရာဇ်တို့ ကျောင်းနှင့် လူဆင်းရဲကျောင်း မတိုင်းမနှိုင်းသာချေ၊ မင်းကေရာဇ်တို့မှာ လောကိယရလောကာဓိပတိဖြစ်၍ ဘုရားရတနာမှသော်လည်း မင်းကို မမှီပဲသော် သာသနာရေး မပြီးရာသောကြောင့် 'အနုဇာနာမိ ဘိက္ခဝေ ရာဇာနံ အနုဝတ္တိတုံ'' ဟူ၍ ဟောတော်မူသောကြောင့် လူတို့

မတင်သာ၊ သံဃာပိုင်သောကြောင့် သံဃာကိုပင် တင်သည်၊ ရေမြေကို အစိုးရသော မင်းကရောဇ်ဖြစ်၍ မင်းကရောဇ်ဂုဏ်နှင့် အင်တန်ရာ သံဃာကို ရွေး၍ တင်သည်သာ အထူးဖြစ်သည်၊ မင်းကရောဇ် သံဃာကိုရွေး၍ တင်လျှင် ငါလည်း ရွေး၍တင်ရကောင်း၏၊ မိချမ်းသာ မင်းကရောဇ်နှင့် အင်တူဂုဏ်ရည် တိုင်း၍ မဆိုသာချေ၊ ငါ့ကောက်ချက်အတိုင်း ပြီးစေ၊ စီရင်လျှင် ကျောင်း တကာမ မိချမ်းသာ, ယွန်းကျောင်းသံဃာတို့ ဆရာတော်စီရင်ချက်အတိုင်း မျက်နှာစုံညီ ဆန္ဒတူ၍ သက္ကရာဇ် ၁၁၂၂-ခု၊ တပို့တွဲလဆန်း ၁၅-ရက်နေ့ ပြီးသည်၊ (ကျောင်းတရား ဖြတ်စာ။)

(၇) **ပဋ္ဌင်း ဝိမလာစာရ ချေပါသည်**- အညာသို့သွားရာ ခရီးတွင် ရှမ်းတရပ်ကို တွေ့၍ သဒ္ဓါကြည်ညိုပါသည့်အခိုက် ပိုးစုံထိုး ထီး တဆယ် တန် လှူသည်ကို "မဆောင်းကောင်း မည်သာ၊ မခံကောင်း မရှိရာ"ဟု ခံယူခဲ့ ပါသည်ကို မအူဆိပ်တွင် ရှင်စန္ဒာလင်္ကာ မမေးမမြန်း မစုံမစမ်း ရဟန်းတော် ဝိမလာစာရတွင် ပါသည့် ထီးတဆယ်တန်ကို ဆုတ်ဖြတ်၍ ရှိရပါကြောင်းကို လျှောက်ပါသည်၊ (ဝိမလာစာရ လျှောက်ချက်။)

ပဋ္ဌင်း-စန္ဒာလင်္ကာ လျှောက်ပါသည်—တရပ် လှူလေသည်, ဝယ်လေသည် ကို မသိနိုင်ပါ၊ မအပ်သည့် အသုံးအဆောင် ပရိက္ခရာကို ဆိပ်အတက်ရွာတွင်း သို့ဆောင်း၍ လာသည်ကို တွေ့လျှင် "အကပ္ပိယ ပရိက္ခာရံ ဂဟေတွာ ဝိစရန္တိ ဘိက္ခုံ ဒိသွာ ဆိန္ဒေယျဝါ ဆိန္ဒာပေယျဝါ"ဟု အဋ္ဌကထာဆရာ ဆိုတော်မူ သည်နှင့်အညီ မအပ်သည့် ပရိက္ခရာမှန်၍ ဆောင်းလျက်တွေ့လျှင် ဖျက်သည် မှန်၏၊ ရှင်ဝိသာစာရ ထီးထားရာမှာ ယူ၍ မဖျက်ကြောင်းကို လျှောက်ပါ သည်၊ (စန္ဒာလင်္ကာ လျှောက်ချက်။)

နှစ်ဦးသားတို့ စကားကို နာထောက်သော်- စန္ဒာလင်္ကာ ကလည်း အဋ္ဌ- ကထာ စကားရပ်ကို ခို၍ ငါပြုသည့်အချက် တရားနှင့်ညီ၏ နှစ်လုံးရှိ၍ လျှောက်သည်၊ဝိမလာစာရမူကား ငါပင် မပြုသင့်ချေဟု နှလုံးပြု၍ နေကောင်း လျက် ပစ္စည်း၌ တပ်စွမ်း၍ လောဘ အာရုံကို မဆည်နိုင်၍ မရသော်လည်း ဖျက်သူကိုမှ အပြစ်ဘင်အပ်စေတော့ နှလုံးရှိ၍ လျှောက်သည်၊ တယောက် လည်း တပ်ခြင်းမူးလွန်း၏၊ တယောက်လည်း လိုချင်မူးလွန်း၏၊ တရားကို ကောက်လျှင်မူကား-စန္ဒာလင်္ကာ လျှောက်သည့် အဋ္ဌကထာအတိုင်း တထည် လုံး မအပ်လျှင် ဖျက်ရာ၏ အထည်ကို အပ်၍ အခြယ်အလှယ် မအပ်လျှင် အထည်ကို မဖျက်သာချေ၊ ပိုးစုံထီးမှာ အထည်အပ်လျက် အခြယ်အလှယ်သာ အလုပ်မျှသာ မအပ်ဖြစ်ချေသည်၊"ပဋ္ဌဗန္ဓန ဆတ္တာဒိကေ အကပ္ပိယဘာဂေဝ

နာသေတဗ္ဗော''ဟူ၍ အဋ္ဌကထာ ဆရာ ဆိုသောကြောင့် အထည် ထီးကို မဖျက်သာချေ၊ ပိုးစုံကိုမှ အဆုံး မဖျက်သင့်ချေ၊ အမှုကုန်ရုံသာ ဖျက်သင့်ချေသည်၊ တရုပ်ထီး တဆယ်တန်၏ ဆိုသည်၊ ယုတ္တိမရှိ၊ ဖျက်မိသည့်ထီး၌ ပိုးကို ဖြေစေ၍ စုံရာကို ပြတ်ခစေ၊ ပြတ်သမျှ ထီးဘိုးကို ဝိမလာစာရ မနာလိုလျှင် စန္ဒာလကာ က ပေးစေ၊ တရားကိုကား ရှေ့ရှုပြု၍ ဖျက်၏၊ တရားက လွန်ချေသည်၊ ဝိမလာစာရ မှုကား တရားကို အလွန်ကျင့်သည်၊ တန်းဆာအသုံးအဆောင်ကို ရှာသည်၊ ရှာသည့်အတိုင်း ကျင့်သည်၊ ထီးကိုဆောင်း၍ လာလျက် မဆောင်း လျှောက်သည့်အချက်, အကပ္ပိယ ပရိက္ခရာကို ဆောင်းသည့်အချက်ကြောင့် သင့်သည့် အာပတ်ကိုလည်း ယခု သံဃာတောင်တွင် ဝန်ချ၍ ဒေသနာကြားစေ၊ နောင် မဝံ့အောင် သဲ အခေါက် သုံးဆယ် ထမ်းစေ၊ ကမ်းပါး လျှောက်သည့်သူကို ကျလိမ့်မည်ကြောင့် ဆိုလိုက်သည်ကို ထောက်စာသကဲ့သို့ ရေနစ်လိမ့်မည်ကြောင့် ဆံကို ဆွဲသည်ကို ဆွဲဘိသကဲ့သို့ သင်း–ရှင်လေ, ရှင်လွင့် တရားကို စောင့်မည့်သူ မဟုတ်၊ စီရင်ချက်အတိုင်း စန္ဒာလကာ ကလည်း ထီးဘိုး ပေးစေ၊ ဝိမလာစာရကိုလည်း ဒဏ်ထမ်းစေ စီရင်လျှင် အမိန့်တော်ကို ဦးထိပ်ထက် ရွက်ပါတော့မည် ဆို၍ နှစ်ဦးဆန္ဒတူ၍ သံဃာများနှင့် တကွ သက္ကရာဇ် ၁၁၂၁–ခု၊ နတ်တော်လဆန်း ၁–ရက်နေ့ ပြီးသည့် ဖြတ်စာ။

သည်ကိုထောက်၍ ရဟန်းတဦး ဥစ္စာကို တဦး မဖျက်ရ၊ ဖျက်၍ ဆုံးသည်ကို ဥစ္စာရှင် သည်းမခံလျှင် လျော်စေ၊ မလျော်၍ ဥစ္စာရှင်က မရချေပြီ ဝန်ချရမည်၊ ဆုံးသည့် ဥစ္စာ တမတ်လည်း တန်မည်၊ ဖျက်သူလည်း ငါမပေးပြီ၊ ငါ့ကို ပေးအောင် သင်း မဝံ့ပြီဟု ဝန်ချမည်၊ 'ဥဘိန္နံ ဓုရနိက္ခေပေန အာပတ္တိ ပါရာဇိကဿ''ဟု ကျမ်းလာသည်အတိုင်း ထိုပုဂ္ဂိုလ် ရဟန်းအဖြစ်၌ ကင်းလေသတည်း၊ တရားကို မလိမ္မာသည့်သူတို့ လူမှုကို လျှပ်ပေါ်သမျှ သိက္ခာပုဒ်နှင့် သေရသည် နည်း၏ ကျိုး၍ ဒုဿီလအဖြစ်နှင့် သေရသည် များ၏ မှတ်လေ။ (အမှာစကားချပ်–သတိရှိစေ။)

(ဂ) သုံးထောင့်အိုင် ဇာနိုသာရ လျှောက်ပါသည်–ကုက္ကုစ ရှင်ဝရ က ရဟန်းတော် ဇာနိုသာရ ကို ပရိသတ်အလယ်တွင် အကျိုးအပြတ်ဆို၍ ရှိရခဲ့သည်၊ ကျိုး,မကျိုးဘို ရွှေဘော်မှာ အစစ်ခံပါမည်၊ (ဇာနိုသာရ လျှောက်ချက်။)

ရဟန်းတော် ဝရ လျှောက်ပါသည် – ရှင်ဇာနိုသာရ တိတ်တိတ် ကျိုးသည် မဟုတ်၊ ကုက္ကုစ ထောင် ကျွန် လက်မကွာစေပါသည်၊ ပေန်းခဲ ကို ရှင်

ဇန္ဒသာရ က ပြေးလေတော့ တိုက်တွန်း၍ ပြေးလျှင် ထင် ကျွန်ကို ရှာမရ၊ အရပ်တွင် အသိဖြစ်ပါသည်၊ ထင်ရှားအောင် ရှင်ဇန္ဒသာရ ကျိုးသော ကြောင့် ကိုယ့်ရှင် ကိုယ်ကျိုးမှန်း မသိ၍ သိပါစိမ့်မည်ဟု ပရိသတ်အလယ် တွင် အကျိုး ဆိုတော့သည်။ (ရှင်ဝရ လျှောက်ချက်။)

ရဟန်းတော် ရှင်ဇန္ဒသာရ လျှောက်ပါသည်– ထင် ကျွန် ငပန်းခဲမှာ တခြားမဟုတ်၊ ရဟန်းတော် ဇန္ဒသာရနှင့် အနီးအစပ် တူသား ဖြစ်ပါသည်၊ မိဘ ရှိစဉ် ငွေ ခုနစ်ကျပ်နှင့် အငယ်ကပင် ထင်အိမ်မှာ နေရပါသည်၊ ရွေး ပေးမည် ဆိုပါသည်ကို ထင် အပိုင် ဝယ်လေဟန်, ငွေများလေဟန် ဆို၍ အရွေး မခံသောကြောင့် ရပ်ရွာသို့ သွား၍ ငွေသာ ရှာခဲ့၊ တရားမရောက် သည့်အရာကို ထင် ဆိုသော်လည်း ဖြစ်ရမည် မဟုတ်၊ မလွှတ်လျှင် တိတ် တိတ်ပင် ပြေးတော့၊ ငွေရောက်မှ ဆောင်မည် ဆို၍ လွှတ်လိုက်ပေသည်၊ ထင် မနာလိုလျှင် ငပန်းခဲ လုပ်ခစ်တွင်၍သာ၊ ရဟန်းတော် ဇန္ဒသာရ ကျိုးစု မရှိပါ၊ ရှင်ဝရ-သာ ငပန်းခဲ ပြေးလျှင် နှမ မိအိုးကို ခေါ်သင့်၏၊ ထင်ကို ဆို၍ ထင်နှင့် စုံရာတို့ရွှေ ဆိုရလျှင် မိအိုး ငွေ ခုနစ်ကျပ် ရှင်ဝရ လုံ့လ ကြောင့် ကုန်ရပါသည်၊ ရှင်ဝရ သာ ကုန်သည့်ငွေကို မပေးလျှင် ကျိုးတောက် တန်ပါကြောင်းကို လျှောက်ပါသည်။ (ရှင်ဇန္ဒ ရှေ့နေက လောင်း၍ ချေသည်။)

မိအိုး ကို ဆိုင်သည်ဟု ရဟန်းတော် ဝရ ဆိုလေသောကြောင့် ထင် အမှုရှာသည်၊ ရှင်ဇန္ဒ သာရ လျှောက်သည်မှာ မိအိုး ကို ထင် စေရကောင်း ၏ အနိုင်ပြုလျှင် ရဟန်းတော် ဝရ မဆိုကြောင်းနှင့် ဆိုသည်ကို စီရင်သည်၊ ရွာသူကြီးကိုပင် ပြပါတော့မည်။ (ဝရ ရှေ့နေက လောင်းသည်။)

သူကြီးအိမ်သို့ မိအိုး ရောက်မှ တောင်းပန်သည်၊ မဆိုင်ဆိုသည် မှန်ပေ၏၊ ငပန်းခဲ ပြေးလျှင် ငပန်းခဲနှင့် မိအိုး မွေးပေါက်ဘော် မိကြွေး, ဘကြွေးပင် ဖြစ်သည်၊ မိအိုးကို တရားစွဲဟု ရှင်ဝရက ထင်ကို ဆိုကြောင်းကို ရှင်ဝရ တိုက်နေ ဂဏ္ဍကိုပင် ပြတော့သည်၊ (ဇန္ဒသာရက လောင်းသည်။)

ဇန္ဒသာရ လောင်းသည့်အတိုင်း ဂဏ္ဍကို စစ်လျှင် မှန်ချေသည် လျှောက် ပါသည်၊ ဂဏ္ဍလျှောက်သည့်အတိုင်း ကြားသူ ပြဆိုလျှင် ရှင်တေဇော, ရှင် ပညာတို့ ရှိကြောင်းကို ပြ၍ စစ်လျှင် မှန်ချေ၏၊ ထွက်ဆိုသည့် သက်သေသာ မဟုတ်၊ သက်ကံ တိုင်အောင်ပင် ဆိုချေပြီးသည်၊ မိအိုးစကားမှာ မှန်ချေပြီး သည်၊ ငပန်းခဲကို ငွေရှာသာ ဇန္ဒသာရက စေသည် လျှောက်သည့်အချက်

မှန် မမှန်ကိုစစ်လျှင် ငပန်းခဲ မိထွေးကိုခေါ်၍ ငွေနှင့် ယခုရောက်၍ အမှုဆောင် မည်ဆဲဆဲ ရှိကြောင်းကို လျှောက်သည်။

နှစ်ဦးစကားကို စစ်ကြော၍ကုန်ပြီ၊ရှင်ဝရ ရဟန်းဖြစ်လျက် ရဟန်းစကား ကို မပြော၊ ဇာနုသာရကို ဆုံးရှုံးစေလို၍ ပရိကပ္ပလေသမတ္တနှင့် အန္တိမကို စွပ်ရာ ရောက်ချေသည်၊ ဝန်ခံ၍ ဝတ်နေစေ၊ မိအိုးကိုလည်း ဝရ တိုက်တွန်း ၍ ငွေခုနစ်ကျပ် ကျသည် မှန်ချေသည်၊ ဘဏ္ဍာဒေယျ ကျမ်းဂန်လာသည်နှင့် အညီ မိအိုးမသဒ္ဓါလျှင် ဝရက ဆပ်ပေးစေ စီရင်ချက်အတိုင်း မတည် ဖေါက် ပြန်လျှင် ဝရ-ပုဆိုးလဲစေ၊နောင်လည်း သည်ကဲ့သို့ တယောက်ကိုတယောက် ဂရဟိတ လူတို့ကပင် သင်၍ ပြုသည် မကြားရစေနှင့်၊ ထေင်လည်း သူ့သား ကို ငွေခုနစ်ကျပ်နှင့် ကိုယ်ကိုပင် ရလိုဟန်နှင့်ပြု၍ အရွေးမခံသည်မှာ သည် အရာကို သတိရှိ၍ လူချင်း ထောက်သည့်သူဖြစ်လျှင် ခံစုမျှမရှိပြီ၊ ငွေခုနစ်ကျပ် ကိုလည်း လက်မခံသာ စီရင်လျှင် အမိန့်တော်ကို ဦးထိပ်ထက်ရွက်၍ ဘုရား ကျွန်တော် ငွေကို မခံပါပြီ ဝန်ခံသည်၊မိအိုးကလည်း ကျွန်တော်မ ကြမ္မာယိုး၍ ခံပါတော့မည်၊ ရှင်ဝရ ငွေခုနစ်ကျပ်ပြန်သည်ကို မယူပါပြီလျှောက်၍ မျက်နှာ စုံညီ ဆန္ဒတူ၍ သက္ကရာဇ် ၁၁၂၁–ခု၊ ကဆုန်လဆန်း ၅–ရက်နေ့ ပြီးသည့် ဖြတ်စာ။

တောစင်းကို မသိဘဲ တောမြင်တိုင်း ဝင်သသူလည်း ဘေးလွတ်ခဲ၏၊ လောက,ဓမ္မ အကျေ့အကောက်တရားကို မကျွမ်းကျင်ဘဲ မင်းစိုးရာဇာ ရော နှော၍ တကြွကြွ ပြုလေ့ရှိသော ရှင်လည်း ပါရာဇိက လွတ်ခဲ၏ မှတ်လေ၊ သတိရှိစေ။

(၉) **ဘုရားကျွန်တော်မ–မိညို ရှိနိုးအစီရင်တော် ခံပါသည်**-ကျွန်တော်မ မောင် ပဥ္စင်းမြတ်ထွန်း သေလွန်လျှင် ဘုရားကျွန်တော်မ-မောင် ဖြစ်၍ ဘုတ် ကြည်း သင်္ဂြိုဟ်ပါသည်၊ ရဟန်းတို့နှင့် ဆိုင်သည့် သပိတ်, သင်္ကန်း အသုံး အဆောင်ကိုလည်း သံဃာတို့ တရားရှိသည့်အတိုင်း ခွဲဝေယူပါလေပြီ၊မောင် ပဥ္စင်းမြတ်ထွန်း လက်ကိုင်ရှိသည့် ငွေနှစ်ဆယ်ကျော်ကို ကျွန်တော်မ မွေး ပေါက်ဖေါ်သာ သိမ်းရကောင်းပါသည်ကို ပဥ္စင်း မြတ်သာကလည်း ငါတို့ သံဃာဆိုင်သည်၊ မဟာဒဏ် ငပုတို့ကလည်း ရဟန်းတို့လက်တွင် အကပ္ပိယ ပစ္စည်း ကြေးငွေနှင့် စပ်သည်ကို မွေးပေါက်ဖေါ်လည်း မဆိုင်၊ရဟန်းအမှုကို ထမ်းသည့် ငါတို့မဟာဒဏ် သိမ်းစုအရာ ရောက်သည်၊ ရဟန်းအမွေဆိုသည် ကို အမိန့်တော်နှင့်အညီ တို့အရာသာဆို၍ မခံမယူရှိရခဲ့သည်၊ (မိညိုလျှောက် ချက်။)

ရဟန်းတော် ပဥ္စင်းမြတ်သာ အစီရင်တော်ခံပါသည်- ပဥ္စင်းမြတ်ထွန်း လက်တွင်ရှိသည့် ငွေနှစ်ဆယ်ကျော်ကို ရဟန်းတော်တို့သာ ဆိုင်၏ဟု မခံ၊ "ပုဂ္ဂလိကေ မတေ သံဃိကော" ဆိုသည်နှင့်အညီ လက်တွင်ရှိသည့် ဥစ္စာကို သူတပါးကို မပေး၊ ရဟန်းသေလျှင် သံဃာသာ ပိုင်ရာသည် ကျမ်းဂန် ရှိပါသောကြောင့် သံဃာ့ဥစ္စာဖြစ်၍ ပဥ္စင်းမြတ်ထွန်းတွင် ရှိသည့် ငွေနှစ်ဆယ် ကျော်ကို မိညိုလည်း မဆိုင်၊ မဟာဒဏ်လည်း မဆိုင်၊ သံဃာတော်တို့ အရာ သာ ဖြစ်၍ ဟန့်တားပါတော့သည်၊ (ပဥ္စင်း-မြတ်သာ လျှောက်ချက်။)

မဟာဒဏ် ငပု အစီရင်တော်ခံပါသည်- ဂိဏ်းပုဂ္ဂိုလ် သံဃာတော်တို့ ရွှေ ငွေကို ခံကောင်း သာယာကောင်း၏ ဘုရားခွင့်မပြုသောကြောင့် သံဃာတို့ လည်း မဆိုင်၊ ရဟန်းသေလျှင် ရဟန်းချင်းသာ တရားကျမ်းဂန်နှင့် အညီ အမွေခံစေ၊ လောက,ဓမ္မ ထုံးစံရှိပါသောကြောင့် မိညို ပဥ္စင်းမြတ်ထွန်း မွေး ပေါက်ဖော် ဖြစ်သော်လည်း ရဟန်း မဟုတ်၍ မဆိုင်၊ ရဟန်းတို့ လက်တွင် အကပ္ပိယပစ္စည်း ကြေးငွေရှိလျှင် သေသည့် ရဟန်းကို မဆိုလင့်ဦး၊မသေသည့် ရဟန်းလက်တွင်ပင် ရှိသည်ကို မဟာဒဏ်တို့ သိမ်းစေ၊ ဗျာဒိတ်တော်ထွက် အမိန့်တော်နှင့် အညီ မင်းပြဋ္ဌာန်းရာ ကျွန်တော်တို့နှင့်သာ ဆိုင်သည်ဖြစ်၍ နှစ်ဦးကိုပင် ဟန့်တားပါတော့သည်၊ (မဟာဒဏ်ဝန်-ငပု လျှောက်ချက်။)

ပဥ္စင်းမြတ်ထွန်း၏ နှမ မိညို,ပဥ္စင်းမြတ်သာ,မဟာဒဏ် ငပုတို့ သေလေသည့် ပဥ္စင်း မြတ်ထွန်းရှိ ငွေနှစ်ဆယ်ကျော်ကို သူပိုင်လို၏ ငါပိုင်လို၏ အစီရင်ခံကြ သည်မှာ မိညိုလည်း မောင်-ပဥ္စင်း မြတ်ထွန်း မွေးပေါက်ဖော် အမွေခံဘက် ကား ဖြစ်၏၊ လူဆွေလူမျိုးကို စွန့်၍ သာသနာတော်၌ သာကီဝင်အမျိုးသို့ ဝင်လေသောကြောင့် သာကီဝင်မျိုးတို့ အမွေကို မိညို ကူး၍ မခံသင့်ချေ၊ "အန္တမသော မာတုဂါမော ဝိဘာဂေါ ဒါတဗ္ဗော" ဟု ကျမ်းဆရာတို့ ဆို သောကြောင့် မောင်-ပဥ္စင်း မြတ်ထွန်းနာသည်မှစ၍ သေသည်တိုင်အောင် စောင်မ၍ ဂိလာနုပဋ္ဌာက အရာ၌ ရဟန်း အမွေခံ သုံးရပ်တို့တွင် တယောက် ဝင်ပင် ဖြစ်တော့သည်၊ ရဟန်းအမွေခံ သုံးရပ်ကို စစ်ပြန်လျှင် ရဟန်းအား သူနာလုပ်ကျွေးသောသူတို့ အမွေခံသည့် ဥစ္စာကား သက်န်းသုံးထည် သပိတ် တလုံးသာ ဖြစ်ခဲ့သည်၊ အမွေခံ တရားဝင်သောကြောင့် မိညို အမွေခံလိုလျှင် သပိတ် သင်္ကန်းတွင် ဝေစုကျ ခံစေ၊ တရားရောက်ချေသည်၊ "ဘိက္ခုသ္မိံ ဘိက္ခုဝေ ကာလင်္ကတေ သံဃော သာမိ" ဟူ၍ ကျမ်းလာသောကြောင့် သေသော ရဟန်းဥစ္စာ-သူတပါးကို မပေး၊ ကျန်သမျှ သံဃာသာ ပိုင်၏ ဆို

သည့် တရားကြောင်းကို ထောက်၍ ပဋ္ဌင်း မြတ်သာကလည်း ငါကျိုးမဟုတ်၊ သံဃာ ပိုင်ထိုက်သောကြောင့် သံဃာ အဆိုလျှောက်သည် ဖြစ်တော့သည်၊ သံဃာပိုင်ထိုက်၏ဆိုသည့် ဥစ္စာရပ်ကို ကျမ်းဂန်နှင့်အညီ စစ်လျှင် "ယံ တတ္ထ လဟုကဘဏ္ဍံ လဟုကပရိက္ခာရံ ဂရုကဘဏ္ဍံ ဂရုကပရိက္ခာရံ" ဟု ကျမ်းလာ သောကြောင့် ရဟန်းတို့ ပရိက္ခရာ ဂရုဘဏ် လဟုဘဏ်ကို စစ်လျှင် ရွှေငွေ မပါရှိခဲ့သည်၊ မပါသည်သာ မဟုတ် "န ဘိက္ခဝေ ဇာတရူပ ရဇတံ ကေနစိ ပရိယာယေန သာဒိတဗ္ဗန္တိ ဝဒါမိ" ဟောတော်မူချေသောကြောင့် ရွှေခဲ ငွေခဲကို အမွေခံ၍ ရသည်ကို မဆိုလင့်ဦး၊ သူလှူလာ၍ သာယာအပ်၏ ဟော တော်မမူချေ၊ သို့တရားရှိသည်ကို ထောက်၍ သေလေသည့် ပဋ္ဌင်း မြတ်ထွန်း လက်ရှိ ငွေနှစ်ဆယ်ကျော်ကို သံဃာ့ဒါန ငါအကျိုးစုဖြစ်သည် ဟူ၍ ပဋ္ဌင်း မြတ်သာလည်း အစီရင်မခံသာ ဖြစ်ချေသည်။

မဟာဒဏ် ပေလည်း သေလေသည့် ပဋ္ဌင်း မြတ်ထွန်းနှင့် လူမွေလည်းမစပ်၊ ရှင်မွေသည်း မစပ်ဖြစ်၍ ပိုင်ကောင်း ရကောင်း၏ မဆိုသာ ဖြစ်တော့သည်၊ ပဋ္ဌင်း မြတ်ထွန်း ငွေနှစ်ဆယ်ကျော်မှာ ပဋ္ဌင်း မြတ်သာ လက်မကွာ သိမ်းမြန်း သောကြောင့် သာမိက အရှင်ရှိသည့် ဥစ္စာပင်လည်း ယူရ၏၊ ဘုရား ခွင့်မပြု သောကြောင့် ရဟန်းဥစ္စာ မဟုတ် အသာမိကလည်း ယူရ၏၊ အသာမိကယူ လျှင်လည်း သံဃာပိုင် ဆိုရ၏၊အသာမိကယူလျှင်လည်း မင်းဇေရှ ဇ်တို့ မသိ သမျှ ဦးရာပိုင်ပင် ယူရ၏၊ ဓမ္မဂန်မှုမှာ တရားကိုအစိုးရ၍ ဓမ္မိသရ ဖြစ်တော် မူသော ဘုရား စကားတော်ကိုသာ အမှန်ယူရမည်၊ လောကမှု၌လည်း လူ အပေါင်းကို အစိုးရတော်မူသောကြောင့် လောကိသရ ဖြစ်တော်မူသော မင်းကေရာဇ် စကားကိုသာ အမှန်အခိုင် ယူရမည်၊ ငွေဆိုသည် တရားလည်း လောက အမွေခံမည် ဆိုသည့်အရာသာ ဖြစ်ချေသည်၊ မဟာဒဏ် ပေတို့ ရဟန်းမှုမှာ ထမ်းကျွန်ဖြစ်၍ ရဟန်းသေ လက်ရှိကို မဆိုလင့်ဦး၊ မသေသေး သည့် ရဟန်းတို့လက်တွင် အကပ္ပိယ ကြေးငွေရှိလျှင် မဟာဒဏ်တို့က သိမ်းစေ၊ အမိန့်တော်ရ ဖြစ်ချေသည်၊ ဓမ္မဂန်ကြောင်းတရားကို ထောက်၍သာ တရား စစ်သည်၊ လောကကြောင်းကို ထောက်လျှင် အမိန့်တော် လက်ရှိ ရကတည်း ကပင် ပဋ္ဌင်းမြတ်ထွန်း ငွေနှစ်ဆယ်ကျော်ကို မဟာဒဏ် ပေတို့ ငွေဖြစ်နှင့်ချေ ပြီ နှလုံးရှိ၍ မိညိုလည်း စိတ်ဖြေတော့၊မဟာဒဏ်ပေတို့လည်း မောင်-ပဋ္ဌင်း မြတ်ထွန်း မွေးပေါက်ဖေါ်ဖြစ်၍ ရာဇဒဏ်သင့်လည်း ငါ့ပေါက်ဖေါ်သာ ခံရမည်၊ သူ့မြိတင်လည်း ပေါက်ဖေါ်ဟူ၍ သကြိုပ်ချေသောကြောင့် ငါပင် ခံရမည်၊ မင်းမှာ အခွန်ရသည်ဟူ၍ ငါ့မောင် ဥစ္စာကို ခံစားလေသည်ဟု

မိန်းမစိတ်ဖြစ်၍ အသက်နှင့်အမျှ နှလုံးမကြည် ရှိလေတော့မည်၊ ငွေနှစ်ဆယ် ကျော်ကို ရသည်ဟူ၍ တသက်လုံး ကြွယ်ကြမည် မဟုတ်၊ ဆိုင်, မဆိုင် မဆို နှင့်တော့၊ မိညို, မဟာဒဏ်ပေတို့ အမျှစီယူ၍ ပြေနေကြတော့၊ ပဠင်းမြတ်သာ မှာ တရားပင်ရောက်သော်လည်း သက်နဲ့နှင့် မကင်းသမျှ ငွေနှင့် မဆိုင်ချေ၊ နှလုံးရှိ၍ စိတ်ပြေတော့၊ဆုံးမ စီရင်လျှင် ဆုံးမချက်အတိုင်း မိညို, မဟာဒဏ် ပေ, ပဠင်းမြတ်သာတို့ သုံးဦး မျက်နှာစုံညီ သက္ကရာဇ် ၁၁၂၀-ပြည့် တော် သလင်း လဆန်း ၅-ရက်နေ့ စိတ်တူ လက်ဘက်စား၍ ပြီးသည့် ဖြတ်စာ။

စီရင်ချက်တွင် ပိုင်စေ နိုင်စေ ရစေ စကားမပြတ် ဆုံးမတမ်းပါလျှင် စီရင် သသူ မရလွန်းသည်မှတ်လေ၊ မွေးပေါက်ဖေါ်ဖြစ်၍ မိညိုကို ပေးရမည်လည်း ရဟန်းမွေနှင့် လူမဆိုင်၊ သံဃာကို ပေးရမည်လည်း သံဃာနှင့် ငွေ မဆိုင်၊ မဟာဒဏ်တို့ကို ပေးရမည်လည်း လူမွေလည်း မဆိုင်သည့် ကောက်ပုံ၊ လောက,ဓမ္မ ပညာရေး ဝိုင်းခြား၍ ထူးဆန်း၍ ပညာရည်ရှိလျှင် ပြင်ပါလေ၊ ခွင့်ပြုလိုက်သည်။

(၁၀) ဘုရားကျွန်တော်မ ဘွားညို အစီရင်တော် ခံပါသည်– ဘုန်းကြီး ရှင်ဂုဏနှင့် ဒွန်းဇံ သား ပေန်းညို ငကျော်ပန်းတို့ တပည့် နှစ်ယောက်နှင့် ရွှေယင်မျှော်ကို ဘုရားရှိခိုး သံဃာအများနှင့် လာ၍ ပေါက်မြိုင် ရွာသို့ ရောက်လျှင် အခြားဘုန်းကြီးတို့ စရပ်, တန်ဆောင်း တည်းခိုကြပါသည်၊ ဘုန်းကြီး ရှင်ဂုဏက ကျွန်တော်မ၏ ကျီမြင်းစောင်းတွင် တည်းလိုသည် ဆို လျှင် ကျီထဲတွင် ထားသည့် ဥစ္စာဘဏ္ဍာနှင့်ဖြစ်သည်၊ သင့်ရာ တည်းတော်မူ ပါ လျှောက်သည်ကို နင့်ဥစ္စာကို ငါ ခိုးမည်လောဆို၍ အနိုင်တည်းခိုနေလျှင် ကျွန်တော်မ ရဟန်းဖြစ်၍ မဝံ့ရှိရပါသည်၊ ဒွန်းဇံသား ပေန်းညို ငကျော်ပန်း တို့ ညီအစ်ကိုယ်လည်း ကျီအောက် ကျီထက် တက်,သက် လူးလာနေပါသည်၊ ကျွန်တော်မ ကျီထဲတွင် ကာလဆိုး၍ မြှုပ်ထားသည့် ငွေနှစ်ပိဿာပျောက်၍ ရှိရခဲ့သည်၊ ဘုန်းကြီး ရှင်ဂုဏကို ငွေခိုး ကျွန်တော်မ မယိုး၊ ဘုန်းကြီးတပည့် ငကျော်ပန်း ပေန်းညိုတို့ ကျီအောက် ကျီထက် တက်, သက်သည် ကိုလည်း အများသိပါ၏၊ငကျော်ပန်းတို့အမိ ဒွန်းဇံနှင့် အိပ်အတူ စားမကွဲ ရင်အုပ်သား မှန်ပါသည်၊ တရားရောက်ရာ အမိဒွန်းဇံ ခံကောင်းပါသည်၊ စုံရာတို့ထံ အစီရင်ခံလျှင် စားတူ အိပ်မကွဲ ရင်အုပ်သား မှန်ချေသည်၊ အမိဒွန်းဇံက ငွေ နှစ်ပိဿာကို လျော်စေ၊ စုံရာတို့ စီရင်၍ ရှိပါလျက် ဘုန်းကြီး ရှင်ဂုဏပင် ဒွန်းဇံက အာခံ၍ စီရင်သည်အတိုင်း မပြီးရှိပါကြောင်းကို အစီရင်တော် ခံပါ သည်၊ (ဘွားညိုလျှောက်ချက်။)

ကျွန်တော်မ ဒွန်းဇံ အစီရင်တော် ခံပါသည်- သား ပေန်းညို ငကျော်ပန်းတို့ကို သူကောင်းတကာ သားမြေးနည်း လောက,ဓမ္မ လိမ္မာစေလို၍ ဘုန်းကြီး ရှင်ဂုဏတွင် တပည့်ပြု၍ ဆုံးမပါ အပ်သည်မှန်၏၊ ရွှေယင်မျှော်ဘုရားသို့ ကျွန်တော်မလည်း မသွား၊ ပေါက်မြိုင်ရွာ ဘွားညို ကျိုမှာလည်း ကျွန်တော်မ မတက်မသက် မအိမ်မနေ၊ဘွားညိုမှာ ငွေပျောက်လေရာ ကျွန်တော်မကို လျော်ရကောင်းသည်၊ စုံရာတို့ရွှေ အပ်၍ တရား ပြုလေသောကြောင့် အကျအကုန် အပင်အပန်းနှင့် ရှိရပါကြောင်းကို အစီရင်တော် ခံပါသည်။

ဘွားညို ဒွန်းဇံတို့ ဥစ္စာပျောက်စကား အစီရင်ခံသည်မှာ ဒွန်းဇံ သားနှစ်ယောက်ကို လိမ္မာစေလို၍ တပည့်ပြုပါဟု ဘုန်းကြီး ရှင်ဂုဏတွင် လက်ရောက် အပ်၍ ရှိချေပြီးသည်၊ သင်းတို့ကို မဆုံးမနိုင်လျှင် နင့်သားကို နင်ယူငါ မဆုံးမနိုင် အပ်ရမည်ကို မအပ်၊ စိတ်တူမျှ အနီးအဝေးသွားရာ တပည့်ဖြစ်၍ ခေါ်ချေပြီးသည်၊ ထို ရှင်ဂုဏသည် လောကဝတ်ကြောင်းလည်း မလိမ္မာ၊ ဓမ္မဂန်ကြောင်းလည်း မလိမ္မာသည် ဖြစ်၍ ဘဏ္ဍာတိုက် ဖြစ်ကြောင်း အရံရှင်က ကြားလျက်နှင့် ရဟန်း ဂုဏ်ကို ကိုး၍ သူ့ဘဏ္ဍာတိုက်မှာ တည်းကတည်းကပင် ဓမ္မဂန်ကြောင်းကို မျှော်နှင့်ပြီ။

လောလသာမဏေရေဟိဝါ ဥပဇ္ဈာကေဟိဝါ ပရဿ ဘဏ္ဍာဂါရေ နိသီဒတိ၊ တတ္တ ဘဏ္ဍေ နဋ္ဌေ တဿ ဂီဝါ။

ကျမ်းလာသည်နှင့်အညီ သူတပါးတို့ ဘဏ္ဍာတို့၌ လျှပ်ပေါ်သော သာမဏေ အလုပ်အကျွေး လူတပည့်တို့နှင့် တည်းနေချေအံ့၊ ထိုတိုက်၌ ပျောက်သမျှ ဥစ္စာကို အလုပ်အကျွေး လူသာမဏေတို့နှင့် ဆရာဘုန်းတော်ကြီး လျော်စေ၊ ကျမ်းလာချေသောကြောင့် ငွေနှစ်ပိဿာ မြှုပ်ထားကြောင်း ဘွားညိုကို ကျမ်းကိုင်စေ၊ ဘွားညို ကျမ်းကိုင်ဝံ့လျှင် ဘုန်းကြီး ဂုဏ ငွေနှစ်ပိဿာ လျော်စေ၊ ဘုန်းကြီး ဂုဏ နှင့် သဟာယ မိတ်ပြု၍ ခရီး အတူလာသည့် ပုဂ္ဂိုလ်တို့လည်း ထို ရှင်ဂုဏ မလိမ္မာ၍ သူ့ဘဏ္ဍာတိုက်မှာ အိပ်မည်ပြုသည်ကို မအိပ်လေနှင့် တားရိုးရှိလျက် မတားချေသောကြောင့် "အဝသေသာ သဟာယကာ ဘဝိတဗ္ဗံ" ကျမ်းလာသည်နှင့်အညီ နှစ်ပိဿာအနက် တဝက်ကျ ခရီးသွားအဖက် ပုဂ္ဂိုလ်တို့ ဝိုင်း၍ လျော်စေ၊ ဘုန်းကြီး ဂုဏ ကို တပည့်လုပ်ပါ၊ ဒွန်းဇံ သား နှစ်ယောက်ကို လက်ရောက် အပ်၍ ကာလအရှည့် အစေ အပါး လက်မကွာ လိုက်သွား၍ ဘုန်းကြီး ဂုဏနှင့် နေ့မကွာ ညဥ့်မကင်း ရှိချေပြီးသည်၊ ဘုန်းကြီး ဂုဏ ဘွားညို ကျိုမှာ တည်းလာရာတွင်

ဥစ္စာပျောက်သည်ကို “နွားဖမ်း ကျွဲဖမ်း မလိမ္မာသသူ နဖါးကို မကိုင်၊ အမြီး ကို ဆွဲ၍ဖမ်းသကဲ့သို့” ဘွားညို တရားစကား ရောက်ရာ ထိုခင်ကြီးရှင် ဂုဏ ကိုကား မစွဲ၊ ပေန်းညို့ကျော်ပန်းတို့နှင့် အမိ ဒွန်းဇံကို တရားစွဲချေသည့်အရာ သည် မစွဲပိုင်ချေ၊ ဒွန်းဇံမှာ ကျကုန်သမျှ ဥစ္စာရပ်ကို အမှန်ဆိုစေ၍ ဘွားညိုက ပြန်ပေး စီရင်လျှင်–

တပည့်တော်တို့ ဘွားညို လျှော်ကောင်းသည် တရားမပြုပါ၊ ဘွားညိုနှင့် ဒွန်းဇံ တရားပြိုင်လေရာ တပည့်တော်မှာ တရား ခံရခဲ့သည်၊ ထိုခင်ကြီး ရှင်ဂုဏ စိတ်မပြေသောကြောင့် ထပ်၍ လဲသည်။

တရားသူကြီးတို့မည်သည် အမှုသည် နှစ်ဦးတို့ အစီရင် ခံချက် လျှောက် တန်း ဆင်ခြေကိုသာ နာထောက်၍ ရှုံးလိုရှုံး, နိုင်လိုနိုင် ကောက်ခွဲ စီရင် သည်လည်း ရှိ၏၊ ရှေ့နေတို့ စကားကို အလေးမပြု၊ တရားစကားရင်း ရှိရာ ကောက်စီရင်သည်လည်း ရှိ၏၊ ဘွားညိုနှင့် ဒွန်းဇံ အစီရင်ခံသည်ကို ထောက် လျှင် ဘွားညိုနှင့် ဒွန်းဇံကို တရားမစွဲပိုင်ချေ၊ ကျသမျှပင် ပြန်ပေး စီရင်စုပင် ရှိသည့်အတိုင်း ဆင်ခြေ မပါသော်လည်း ဘွားညို ဒွန်းဇံ ဘုန်းကြီး ရှင်ဂုဏ အဖေါ်သံဃာတစု လေးဦးသားတို့ပင် တရားရောက်ရာ ကောက်ခွဲလိုက်သည်၊ ကေရာဇ်မင်းတို့ ဓမ္မတာလည်း အကျဉ်းကို အကျယ် မဖြစ်စေနှင့်၊ အငယ်ကို အကြီး မဖြစ်စေနှင့်၊ အမှုကြီးကို အမှုငယ်သာ ဖြစ်စေ၊ အမှုကျယ်ကို အကျဉ်း သာ ဖြစ်စေ၊ အမိန့်တော်ပြန်ထုံး ရှိချေသည်၊ မင်းသာ မဟုတ်၊ ဘုရားပညတ် မှာလည်း ဂိဟိပရိသံယုတ္တ ဂရုကာပတ္တိ မှတပါး သေးသေး ပေါက်ပေါက် သံဃာတို့တွင် အမှုကို အကျယ် မဆိုစေနှင့်၊ တိဏဝတ္ထာရကကံ ပြု၍သာ ငြိမ်းစေ၊ ဘုရား ပညတ်တော်မူသည်၊ ငါဆုံးဖြတ်စီရင်သည်လည်း မင်းကေရာဇ် အလို, ဘုရားအလိုကို ထောက်၍သာ ကျော်င်း, ဘုရားနှင့် စပ်သည့် အမှုတို့ကို ကောက်ခွဲစီရင်သည်၊ တရားသူကြီးပြုလို အသက်ခမ္မးလိုသောကြောင့် မစီရင်၊ ရဟန်းတရားကို မကျွမ်းကျင်သောကြောင့် တကြိမ် ချော်လေ ငြိမ်းသည်ကို တခါ ထပ်ပြန်ချင်သကဲ့သို့ အထွေထွေ မလဲနှင့် ဆိုလျှင် ဘွားညို ဒွန်းဇံ ဘုန်းကြီး ရှင်ဂုဏ သံဃာတစု လေးဦး မျက်နှာစုံညီ အမိန့်တော်အတိုင်းဦးထိပ် ရွက်ပါတော့မည် ဆို၍ သက္ကရာဇ် ၁၁၁၀-ခု၊ တန်ခူးလဆန်း ၁၅-ရက်နေ့ ငြိမ်းသည့် ဖြတ်စာ။

မွေဂန်ကြောင်းနှင့် မှန်ပြီ၊ လောကဝတ်ကြောင်း ယုတ္တိရာသီနှင့် တကွ ထုး၍ ပညာရည် ထွက်လျှင် ပြင်ပါလေ၊ ယောင်ယောင် ဝါးဝါးနှင့်လည်း မပြင်နှင့်၊ ကောက်ထုံး ပညာရှိ အဆက်ဆက်တို့ မှတ်ကုန်ရာသတည်း။

(၁၁) ဘုရားကျွန်တော်မ ဘွားလှ အစီရင်တော်ခံပါသည်–ကျွန်တော်မ သမီး အငယ် အရွယ်ကို ဆိတ်ကွယ်ရာ၌ ပဥ္စင်းပန်းကျော် ဆွဲကိုင် ဖက်ယမ်း၍ ပြုဘိသည်ကို ခံနေရပါတော့သည်၊ (ဘွားလှ လျှောက်ချက်။)

ပဥ္စင်းပန်းကျော် အစီရင်ခံပါသည်–ရဟန်းတရားကို စောင့်ထိန်း ကျင့်ဆောင်၍ ဆိတ်ကွယ်ရာ နေပါသည်ကို တကာမ ဘွားလှ သမီး မိငြိမ်းသွင် ဆိတ်ကွယ်ရာသို့ တိုးဝင်လာသောကြောင့် ရဟန်းပင် ဖြစ်လည်း ပုထုဇဉ်ဂတိကိလေသာ ကျွန်ဖြစ်၍ ဆွဲကိုင်ဖက်ယမ်းမိသည် မှန်၏၊ ကာမဂုဏ်မှု မစပ်ရှက်ပါ၊ ဘွားလှသမီး မိငြိမ်းသွင် ဆိတ်ကွယ်ရာမှာ နေသည်ကို ရဟန်းတော်ပန်းကျော် မဆွဲမကိုင်ကြောင်းကို လျှောက်ပါသည်၊ (ပဥ္စင်းပန်းကျော် လျှောက်ချက်။)

ဘွားလှနှင့် ပဥ္စင်းပန်းကျော် ကာမတရားကို အစီရင် ခံကြသည်မှာ–ဘွားလှ သမီး မိငြိမ်းသွင်သည် မိန်းမတကာတို့ စောင့်တမ်း ဟိရီ,ဩတ္တပ္ပ တရားကို မစောင့်၊ သူနေရာ ကျောင်းသို့ အကြိမ်ကြိမ် သွားသည့်အရာသည် မိန်းမတကာတို့ ကျင့်တမ်းတရားကို ကျူးလွန်သည်၊ ပဥ္စင်းပန်းကျော်လည်း ဘုရားပညတ်တော် သိက္ခာပုဒ်ကို စောင့်ထိန်းလို၍ ရဟန်းပြုသည်ကား ဟူ၏၊ ကျူးလွန်စရာ အကျဉ်းအမြောင်း မတွေ့ခိုက်သာ စောင့်ရာ ရောက်ခဲ့သည်၊ နှစ်ဦးပင် ဟိရီ,ဩတ္တပ္ပ မရှိ၊တရားလွန်ချည်း ဖြစ်သည်၊လွန်မိသမျှသာ လွန်စေ၊ နောက် မိငြိမ်းသွင်လည်း မိန်းမစဉ် မီအောင်ကျင့်၊ ပဥ္စင်းပန်းကျော်လည်း ရဟန်းစဉ် မီအောင်ကျင့်၊ ဆုံးမ စီရင်လျှင်–

သူ့သမီးငယ်, သားငယ်တို့ကို ကိုယ်လက်ရောက် ဆွဲကိုင်၍ ကာမဂုဏ် စပ်ရှက်လျှင် သုံးဆယ် လျော်စေ၊ မစပ်ရှက်လျှင် တဆယ့်ငါးကျပ် လျော်စေ၊ ဓမ္မသတ်ထုံးစံ ရှိပါသည်၊ ထွန်းနှင့် ပဥ္စင်း စံကောင်း နွားပျောက် စကားမှာလည်း ရဟန်း ပဥ္စင်း ဖြစ်လျက် တရားရောက်သည့်အတိုင်း နွားဘိုး လျော်စေ၊ လယ်တွင်းဆရာတော် ကျမ်းဂန်ရှိသည် ဟူ၍ စီရင်ထုံး ရှိပါသည်၊တရားပြော ဆုံးမတော်မူသည်မှာ သင့်ပေ၏၊ ပုထုဇဉ် ဂတိဖြစ်၍ တရားပြော မခံနိုင်ခြင်းကြောင့် တရားရောက်ရာကို အလိုရှိ၍ ရွှေတော်သို့ ရောက်ပါသည် မိငြိမ်းသွင် ရွှေနေက လျှောက်လဲသည်။

ဘုရားသဗ္ဗညုရှိစဉ် ရှင်ဥဒါယီကျောင်းကို ကြည့်လိုသည်ဟူ၍ ပုဏ္ဏား သွီးခင်ပွန်း အတွင်းသို့ ဝင်၍ ကြည့်ရှုကြလျှင် ပုဏ္ဏားမမြင်ခင် ပုဏ္ဏားမယားကို ဆွဲကိုင် ဖက်ယမ်း၍ ရှင်ဥဒါယီ ရဟန်းပြုကျင့်သည်ကို ငါ့မယားကို ကျူး

လွန်ဘိသည်ဟူ၍ ပုဏ္ဏားလည်း တရားမပြု၊ တရားဒက် ရောက်ချေသည်၊ တဆယ့်ငါးကျပ် လျော်စေ ဟူ၍လည်း မစီရင်၊ ရှင်ဥဒါယီလည်း မလျော်၊ လျော်ထိုက်လျက် မလျော်သော် တရား၌ မည်သို့ဖြစ်မည်ဟူ၍ ဘုရား မပညတ် သောကြောင့် မိငြိမ်းသွင်လည်း ပုဏ္ဏေးမနှင့် မခြား၊ ပဠင်း ပန်းကျော်လည်း ဘုရားရှင် တပည့် ရှင်ဥဒါယီထက် မထူးကြောင်း တရားရောက်ကို လျှောက် ပါသည်၊ ပဠင်း ပန်းကျော် ရှေ့နေက ထောက်၍ လဲသည်။

မသန့်မရှင်း ကာမစကားဖြစ်၍ တိတ်တိတ် ပြီးစေလိုသောကြောင့် ပြေနေ ကြတော့ စီရင်သည်၊ပဠင်း ပန်းကျော်လည်း ဘုရား ပညတ်တော်ကို မစောင့်၊ မင်းမိန်းမကို ဆွဲကိုင်သော အပြစ်ကြောင့် အာပတ်သင့်၍ သံဃာ့ဘောင်၌ ဝန် ခံပြီးမှ ပရိဝါသ်,မာနတ် နေရခြင်းသည် ဘုရားရှင်ကွမ်းဘိုး အလျော်ပင် ဖြစ် တော့သည်၊ ပါရာဇိက သိက္ခာပုဒ်မှ ကင်းသောကြောင့် လူပြုစေလည်း မစီရင် သာ၊ လူမဟုတ်၍ လူတရားအတိုင်းလည်း လျော်စေ မစီရင်သာ၊ ရဟန်းတို့ ကိုယ်ထိလက်ရောက်ရှိက အပြစ်သိက္ခာပုဒ်နှင့် စပ်၍ လူတရားအတိုင်း လျော် စေ ဟူ၍ ဘုရားက မပညတ်၊ ဓမ္မသတ်၌လည်း မရှိ၊ အဒိန္နာဒါန် သိက္ခာပုဒ် တွင်သာ ဥဇ္ဈာမှုဖြစ်၍ လျော်သင့်က လျော်စေ၊ ဘုရား ပညတ်၍ လျော်ရ သည်၊ အဒိန္နာဒါန် သိက္ခာပုဒ် တရားနှင့် မတိုင်သာ၊ ပဠင်း ပန်းကျော်လည်း ဘုရား ပညတ်တော်၌ မတည်၊ ကျူးလွန်သည် ဖြစ်သောကြောင့် တရားနှင့် အညီ သံဃာ့ဘောင်မှာ ဝန်ခံ၍ ဝတ်နေစေ၊ မိငြိမ်းသွင်လည်း မိန်းမတို့ ကျင့် တမ်း တရားက ကျူးလွန်၍ ရဟန်းတိုင်အောင် နှောင့်ရှက်လာသောကြောင့် သူကြီးတို့က အရှက်ကွဲအောင် ဆုံးမ၍ ပြီးစေလျှင် အမှုသည် နှစ်ဦးတို့ မျက်နှာ စုံညီ စီရင်ချက်အတိုင်း ဦးထိပ်ရွက်ပါတော့မည်ဟု ဝန်ခံ၍ သက္ကရာဇ် ၁၁၁၂- ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၅-ရက်နေ့ ပြီးသည့် ဖြတ်စာ။

ဝိနည်းတရားတော်ကို မလိမ္မာသူတို့ လူမှုကို လျှပ်ပေါ်သမျှ သိက္ခာပုဒ်နှင့် သေရသည် နည်း၏၊ ဒုသီလအဖြစ်နှင့် သေရသည်များ၏ မှတ်လေ၊ (သတိ ရှိစေ။)

(၁၂) ဘုရားကျွန်တော် စော်ဘွား အစီရင်တော် ခံပါသည်- မောင် ပဠင်းသစ် စကြောကျောင်း ဘုန်းကြီးတပည့် ငရွှေအင်းသည် ကျွန်တော့်သမီး နှင့် အိမ်ထောင်ဘက်မည် ရောက်ပေါက်စပ်ရှက်၍ အထင်အရှားရှိမှ သွေဖည် ဖင့်နွဲ၍ တဘက်လှည့် မိဘတို့ စကြောကျောင်း ဘုန်းကြီးမှာ အပ်၍ ပဠင်းခံ လျှင် ဘုန်းကြီးလည်း လက်ခံခဲ့သည်၊ ကျွန်တော့် သမက် ငရွှေအင်းကို မိဘ

ဖြစ်သူ ချောင်း ဝေါင်းပုံ စကြောကျောင်း ဘုန်းကြီးတို့ ပေးအပ်ကောင်းပါ သည်၊ ကျွန်တော်တို့ကို အကျိုးနဲ့ အရှက်ကွဲ မပြုပါသင့်ကြောင်းကို လျှောက် ပါသည်၊ (စော်ဘွား လျှောက်ချက်။)

ကျွန်တော် ချောင်း ဝေါင်းပုံတို့ လျှောက်ပါသည်- ကျွန်တော့် သား ငွေအင်းနှင့် စော်ဘွားသမီး မွေးလှကို အိမ်ထောင်ဘက်ပါစေ၊ ကျွန်တော် တို့ မစေ မဆို၊ သားတယောက်သာ ရှိ၍ ရဟန်းပြုမည် နှစ်, လ အရှည် ပြောသည်ကို အရပ်သိပါ၏၊ သားရဟန်းမပြုမီလည်း ငါ့သွီးနှင့် ရောက် ပေါက် စပ်ရှက်သည် ရဟန်း မပြုသာ စော်ဘွား တိုင်တန်းသည် မရှိ၊ ကျွန်တော့် သားကိုလည်း ပုန်းကွယ်၍ ရဟန်းမပြု၊ ဆွေကြီးမျိုးရာနှင့် အရပ် တွင် အထင်အရှား နေ့ရက်အရှည် ပွဲသဘင်ခံ၍ စကြောကျောင်း ဆရာ့ထံ ရဟန်းပြုသည်ကို အများသိပါ၏၊ သားရဟန်းဖြစ်၍ ဆရာ့ထံ ရောက်မှ ငါ့ သမက် ငွေအင်းကို ဆရာတကာ အပ်ကောင်းသည်ဟု အကျိုးယုတ် အရှက် ကွဲ စော်ဘွားတရားစွဲ၍ ပြုကြောင်းကို လျှောက်ပါသည်၊ (ချောင်း လင်မယား လျှောက်ချက်။)

နှစ်ဦးသားတို့ စကားကို နာထောက်သော် ငွေအင်းနှင့် စော်ဘွားသမီး မွေးလှ အငယ် အရွယ်ချင်းဖြစ်၍ ကာမမှု စပ်ရှက်သည်မှာ မှန်ရာချေ၏၊ ငွေအင်းကို ပဉ္စင်း ခံမည် အထင်အရှား ပွဲသဘင်နှင့်ပြုစဉ် စော်ဘွား မခံ သာကြောင်း ဟန့်တား စွဲကိုင်ရမည်ကို လူချင်း မျက်နှာရည် ဂုဏ်အင် မတူ သောကြောင့် မစွဲမကိုင်ဝံ့၊ အားနာနိုး၍ နေသည်မှာလည်း မှန်ရာချေ၏၊ အားနာ၍ နေသည်မှာ တရားမဝင်၊ စွဲလမ်း ထောက်တန်သည်တွင် မစွဲ၊ ရဟန်းဖြစ်မှ စွဲချေသည့်အရာ တရားစွဲချော်ချေသည်၊ စကြော ဘုန်းကြီးမှာ အပြစ်မဆိုသာ၊ ပဗ္ဗဇ္ဇဒေါသ ရဟန်းပြုခြင်း၌ အပြစ်ကိုမေးရာမှာလည်း မယား ခွင့်လွှတ်၏လော မေးစေ၊ဘုရားဟောတော် မမူဖြစ်ချေသည်၊ရခဲခြင်း ငါးပါး တွင် အလွန်ရခဲသော ရဟန်းအဖြစ်ကို ရလေပြီးသာ၊ ငွေအင်းကိုလည်း လူထွက်၍ အိမ်ထောင်ဘက်စေ မစီရင်သာ၊ ရဟန်းဖြစ်ပြီးသော သူကိုလည်း တရား အတိုင်း လျှော်ပေး မစီရင်သာ၊ ရောက်ပေါက် စပ်ရှက်၍ သူ့သွီး အဆင်း အရွယ် ဖေါက်ပြန်သည်ကိုလည်း ကြမ္မာယိုး၍ နေတော့ မစီရင် သာ၊ ငွေအင်း ရဟန်းပြု၍ သုံးဝါတိုင်အောင် မွေးလှ အိမ်ရာမထောင်ပဲ နေစေ၊ သုံးဝါစေ့၍မှ လူမထွက်၊ ရဟန်းဘဝ၌ ပျော်၍နေလျှင် မွေးလှ အိမ်ရာထောင်ဝိုင်စေ၊ငွေအင်းအမွေကိုလည်း ခံဝိုင်စေ၊ သည်အတိုင်း မိဘ တို့ နှလုံးတူလျှင်လည်း ပြေစေတော့၊ ငါ့သားကို လူဖြစ်လိုဖြစ်၊ ရှင်ဖြစ်လိုဖြစ်

မွေးလှ ခင်ပွန်းပြုခြင်းကိုပင် အလိုမရှိ၊ မိဘတို့ နှစ်ဦးလုံးလျှင်လည်း တရားကို ခံကြ၊ ပဋ္ဌင်း ငရွှေအင်းလည်း သဘောတူ၍ မျက်နှာစုံညီ လွှဲချေပြီးသည်၊ လောကတရား ရောက်ရာ ငရွှေအင်း မိဘတို့ တရားကိုခံ၍ ပြေစေ၊ ပဋ္ဌင်း ငရွှေအင်းကိုလည်း လူထွက်ကောင်းသည်, ဆရာဘုန်းကြီး အပ်ကောင်းသည် မတောင်းသာ စီရင်လျှင် ပဋ္ဌင်းငရွှေအင်း မိဘတို့က ငါ့သားကို မွေးလှ လင် ဆိုသည်ကိုပင် တသက် အလိုမရှိပါ၊ တရားကို ခံပါတော့မည် ဆို၍ ၁၁၁၃-ခု၊ ကဆုန်လဆန်း ၁၅-ရက်နေ့ အမှုသည်နှစ်ဦး မျက်နှာစုံညီ စိတ်တူ လက်ဘက်စား၍ ပြီးသည့် ဖြတ်စာ။

ငံ့စေ, အမွေခံစေ ကောက်သည်မှာ ပဋ္ဌင်းသစ် မိဘတို့ ခံဝန်စေလို၍ မိန့်လိုက်သည် မှတ်လေ။

(၁၃) **ဘုရားကျွန်တော်မ ဂေါင်းဇံ လျှောက်ပါသည်**- သုံးထပ်ကျောင်း ဆရာ တပည့် မောင်ပဋ္ဌင်း- ထွန်းကျော်သည် လူ့လက်ထက်က ကျွန်တော်မ နှင့် သဘောတူ ရောက်ပေါက် စပ်ရှက်၍ အိမ်ထောင်ဖက်မည် ရှိပါသည်၊ ရဟန်းပြုလိုပါသည် ခွင့်တောင်း၍ နှစ်ဝါ ခွင့်ပြုပါသည်၊နှစ်ဝါတိုင်၍ လူမပြု၊ သား တကောင်နှင့် ဆင်းရဲ၍ ကိုးကွယ်ရာ မရ ရှိပါသည်၊ မောင်ပဋ္ဌင်း ထွန်းကျော်သည် ကတိအတိုင်း လူပြု၍ အိမ်ထောင်ဖက်ကောင်းပါသည်၊ အိမ်ထောင် ဖက်ပါရမည့်အကြောင်း လျှောက်ပါသည်၊ (ဂေါင်းဇံ လျှောက်ချက်။)

ပဋ္ဌင်း ထွန်းကျော် လျှောက်ပါသည်- ဂေါင်းဇံ လျှောက်သည့် အတိုင်း နှုတ်ကတိနှင့် ရဟန်းပြုသည် မှန်၏၊ ရဟန်းတရား၌ မွေ့လျော်ပါသော ကြောင့် နှမဂေါင်းဇံနှင့် ကတိရှိသည့်အတိုင်း လူ့ဘဝသို့ ပြန်၍ အိမ်ထောင် မဖက်လိုပါကြောင်း လျှောက်ပါသည်၊ (ပဋ္ဌင်း ထွန်းကျော် လျှောက်ချက်။)

နှစ်ဦးသားတို့ လျှောက်သည်မှာ- ဂေါင်းဇံကလည်း ပစ္စုပ္ပန် အကျိုးကို အလိုရှိ၍ ကတိရှိသည့်အတိုင်း လျှောက်သည်၊ ပဋ္ဌင်း ထွန်းကျော်ကလည်း ဘုရားရှင် အရိပ်တွင် သံသရာကျိုးကို ခို၍ လျှောက်သည့်အတိုင်း သံသရာ ကျိုးကို လို၍ ရဟန်းတရားနှင့် မွေ့လျော် ပျော်ပိုက်သည် မှန်လျှင် လူထွက်၍ အိမ်ထောင်ဖက်စေ, တရားဒဏ် ခံစေ မစီရင်သာ၊ ရဟန်းပြုခွင့်လွှတ်ကြသည် လည်း မည်သူမတိုက်တွန်း၊ နင်တို့အလို ိုပင် နှလုံးပြု၍ ရဟန်းပြုကြသည်ဖြစ် သည်၊ ဂေါင်းဇံကလည်း ပဋ္ဌင်းထွန်းကျော်ကို သားအမှတ်နှင့် သာဘာနာ တော် အမွေဥစ္စာကိုသာ ခံတော့၊ လင်ပြုရကောင်းသည် နှလုံး မရှိနှင့်တော့၊ အလိုက်ဘာသာ အိမ်ရာထောင်လိုလျှင်လည်း ထောင်ပိုင်စေ၊ ရဟန်း ထွန်း

ကျော်မှုကား ရဟန်းအဖြစ်၌ ပျော်ပါသည် ဆိုသည့်အတိုင်း ရဟန်းအဖြစ်၌ မြဲစေ၊ ဝေါင်းဇံကို မျက်နှာလွှဲလို၍ မပြုသာချေ၊ လူထွက်၍ ဝေါင်းဇံ အလွတ်ရှိသေးလျှင်လည်း ဝေါင်းဇံနှင့်သာ အိမ်ထောင် ဖက်စေ၊ အိမ်ထောင်မဖက်လိုလျှင် တရားကို ခံစေ၊ ဆုံးမစီရင်လျှင် စီရင်ချက်အတိုင်း ဦးထိပ်ရွက်ပါတော့မည်ဆို၍ ဝေါင်းဇံနှင့် ပဥ္စင်း ထွန်းကျော် မျက်နှာစုံညီ ဆန္ဒတူ၍ သက္ကရာဇ် ၁၁၁၃-ခု၊ တန်ခူးလဆန်း ၁-ရက်နေ့တွင် ပြီးသည့် ဖြတ်စာ။

(၁၄) ဘုရားကျွန်တော်မ ငြိမ်းကောင်း လျှောက်ပါသည်- မောင် ပဥ္စင်း ကောင်းထင် ရဟန်းမပြုမီ လူလက်ထက်က ဘုရားကျွန်တော်မနှင့် ရောက်ပေါက်စပ်ရှက်၍ လင်မယား အရာမြောက်မှ ကျောင်းသို့ တိတ်တိတ် သွား၍ ရဟန်းပြုလေသည်၊ ရဟန်းအဖြစ်နှင့် မွေ့လျော်၍ နေသည်ကိုလည်း လူပြု၍ အိမ်ထောင်ဖက်ရကောင်း၏ ကျွန်တော်မ မဝံ့ပါ၊ ယခုလူဖြစ်ပြန်လျှင် ဆရာ ဝရီးဘုန်းတော်ကြီးက ငြိမ်းကောင်းနှင့် အိမ်ထောင်မဖက်ရဘူး တားဆို၍ မရောက်မပေါက် မချဉ်းမကပ် နေခဲ့သည်၊ ဝရီးဘုန်းကြီး ရှင်စန္ဒသာရလည်း အိမ်ထောင်ဖက်မှုကို မစီရင်သင့်ပါ၊ လူထွက် ကောင်းထင်လည်း မချဉ်း မကပ် မနေသင့်ပါကြောင်းကို လျှောက်ပါသည်၊ (ငြိမ်းကောင်း လျှောက်ချက်။)

ဘုရားကျွန်တော် ကောင်းထင် လျှောက်ပါသည်- ငြိမ်းကောင်းနှင့် သံသရာကံစပ်၍ မိဘ ဝရီး သဘောမတူဘဲလျက် အိမ်ထောင်ဖက်ပါသည်၊ ကျွန်တော့် လက်တွင်းပင် ငွေ-ငွေရှေကျော် တို့နှင့် မစောင့်မရပ် ဖေါက်ပြန်ခိုးကြောင်၍ သယောက်မျောက်မပြုဘိသောကြောင့် ကျွန်တော့် မိဘ, ဝရီး ဘုန်းကြီးတို့ အာဏာကို ဆန်၍ အိမ်ထောင် ဖက်မိချေသောကြောင့် ရှက်ကြောက် အားနာရှိ၍ ငြိမ်းကောင်း ဖေါက်ပြန်သော်လည်း အမှုမလို၊ တိတ်တိတ် ရဟန်းပြု၍ နေပါသည်၊ ယခု လူဖြစ်ပြန်လျှင် ငြိမ်းကောင်း အိမ်ထောင် ဖက်လိုသည် ဆိုသော်လည်း မဖက်နိုင်ပါ၊ ကျွန်တော့် ဝရီးကို ရဟန်းဖြစ်လျက် အိမ်ထောင်မှုကို စီရင်သည်ဟု အနာဒရ ငြိမ်းကောင်း မလျှောက်သင့်ပါကြောင်းကို အစီရင်တော် ခံပါသည်၊ (ကောင်းထင် လျှောက်ချက်။)

ငြိမ်းကောင်းနှင့် လူထွက် ကောင်းထင် လျှောက်သည်မှာ- ကောင်းထင် လျှောက်သည့်အတိုင်း မှန်ချေလျှင် ကောင်းထင်ကို ငြိမ်းကောင်း အိမ်ထောင် ဖက်ရကောင်း၏ မဆိုသာချေ၊ သုံးကြိမ် သံဃာတို့ အပြစ်အလျှောက် သမုတ်လေပြီးသော ရှင်ကိုလည်း သံဃာ့ဘောင်သို့ ဝင်ရကောင်း၏ ကံမငြိမ်းသမျှ မဆိုသာ၊ ဥက္ခိတ္တက အရာ၌ တည်စေ၊ ဓမ္မဂန်ကြောင်း ထုံးစံ ရှိချေသည်၊ သုံးလင်တပြိုင်နက် ဆုံးလေပြီးသည့် မိန်းမလည်း မည်သူ့ကို အိမ်ထောင်ဖက်

ရကောင်း၏ ခရီးအပြစ် တရားအလျောက် ခံရကောင်း၏ မဆိုသာ၊ ပြည့်တန်းဆာ အရာ၌တည်စေ၊ ရာဇသတ်-ဓမ္မသတ် ထုံးစံ ရှိချေသည်၊ငြိမ်းကောင်း အကျင့် ဖြစ်ချေသည်၊ နှလုံးပိုက်၍ တိတ်တိတ်သာ နေတော့၊ နင့်လင် မရလေရာ၊ ဘုန်းကြီး ရှင်စန္ဒသာရကိုလည်း အနာဒရ ရဟန်းရည် မသွင်းမဆိုသင့်ပေ၊ နင်တို့စကားလည်း လူမှု သက်သက် ဖြစ်သည်၊ ရှင်စန္ဒသာရကို ထောက်၍သာ ငါစီရင်သည်၊ ငကောင်းထင်လည်း နင်-ငြိမ်းကောင်း ကျေးဇူးမဲ့ကို နောင် အထွေထွေ ပြောသည် မပြုနှင့်၊ စီရင်လျှင် စီရင်ချက် အတိုင်း အမိန့်တော်ကို ဦးထိပ်ထက် ရွက်ပါတော့မည်ဆို၍ သက္ကရာဇ် ၁၁၁၂-ခု၊ ဝါဆိုသပြည့်နေ့ စိတ်တူ လက်ဘက်စားသည့် ဖြတ်စာ။

(၁၅) ဘုရားကျွန်တော် ထွန်း အစီရင်တော်ခံပါသည်- ကျွန်တော့်သမီး အငယ်အရွယ်ကို ပဥ္စင်း ငရွှေအင်း ရောက်ပေါက် ဖက်စပ်၍ သားလုံး မြေးကောင်း အထင်အရှား ရှိပါသည်ကို အိမ်ထောင်လည်း မဖက်၊ တရားကိုလည်း မခံ၊ ငါ ရဟန်းသားကိုကားဟု အတင်းပြု၍ ရှိရခဲ့သည်၊ (ငထွန်း လျှောက်ချက်။)

ပဥ္စင်း ငရွှေအင်း အစီရင်တော်ခံပါသည်- ငထွန်းသမီး အငယ်အရွယ် ရှိလေရာ အိမ်ထောင် ဖက်လိုသည်ဟု ရဟန်းတော် မသွားမရောက်၊ ငထွန်းသမီး ကာမဂုဏ်ကို လို၍ နေ့ညဉ့် မပြတ် အခေါက်များစွာ ကျောင်းသို့လာလျှင် ပုထုဇဉ်ဂတိ မှားယွင်းမိသည် မှန်ပါ၏၊ အိမ်ထောင် ဖက်မည်လည်း မဆို၊ တရားဒဏ်ကို ခံကောင်းသည်ဆိုလျှင် ရဟန်းသား လူတရားကို ခံရိုးထုံးစံ မရှိ၍ မခံဘူးဟု ဆိုပါတော့သည်၊ (ပဥ္စင်း ငရွှေအင်း လျှောက်ချက်။)

တကာငထွန်း သမီးနှင့် ပဥ္စင်း ငရွှေအင်းတို့ ကာမမှုကို အစီရင်ခံကြသည်မှာ- အမှုသည်နှစ်ဦး တယောက်ကို တယောက် ကွယ်၍ လျှောက်ကြသည် မဟုတ်၊ ဟုတ်မှန်သည်အတိုင်း နှစ်ဦးပင် ဖြောင့်ကြလေပြီးသည်၊ အိမ်ထောင် ဖက်မည်ဆို၍ ကာမဂုဏ် စပ်ရှက်မှ တရားဒဏ် ခံရောက်သည် မဟုတ်၊ အိမ်ထောင်ဖက်မည် ကြံရင်းမရှိပါ လျှောက်၍လည်း လွတ်ရိုးမရှိ၊ ကာမဂုဏ်မှုကို ရဟန်းဖြစ်လျက် မခစောင့်၊ သူယုံအောင် စပ်ရှက်ချေပြီး ဖြစ်သောကြောင့် ရှေး ပဥ္စင်း ခံဘူးလေသောကြောင့်သာ သက်န်းနှင့် မကင်းသေး၍ ပဥ္စင်း ငရွှေအင်း ခေါ်ရသည် ဖြစ်တော့သည်၊ သိက္ခာပုဒ်မှ ကင်း၍ ထင်းကလား, ယောက်သွားပုပ် ဒုဿီလအရာ၌ တည်၍ ငရွှေအင်း လူဖြစ်ချေပြီးသည်၊ ပုဆိုးလဲ၍ အိမ်ထောင်ဖက်လိုလည်း ဖက်စေ၊ အိမ်ထောင် မဖက်လျှင် တရား

ဒဏ် ရှိသည့်အတိုင်း သုံးဆယ် လျှော်စေ၊ ငွေနှင်းက တရားကို ခံစေ၊ စီရင်လျှင်-

ပဥ္စင်း ပန်းကျော် ဘွားလှသွီး ငြိမ်းသွင်ကို ကာမမှုစပ်ရှက်သည်၌ ရဟန်း ဖြစ်၍ လူတရားကို မခံစေနှင့်၊ ဆရာတော် စီရင်ထုံး ရှိပါသောကြောင့် ငွေနှင်း သွီးကို ကာမစပ်လိုသည် ဟူ၍ အိမ်ရာ တိုင်ရောက် မသွားမရောက် ပါရ ကြောင်းကို လျှောက်ပါသည်၊ (ပဥ္စင်း ငရွှေအင်း ရှေ့နေက ထောက်၍ လဲသည်။)

အလျှော်မြင်လျှင် အစီရင်ပြန်စေ ထုံးစံရှိသည့်အတိုင်း တရား အောင်သ သူတို့ တရားခံဘူးသည် ထုံးစံမရှိကြောင်း စရိတ်အပုံမှစ၍ ကျကုန်သမျှ ပြန်စေ စီရင်ထုံး ရှိကြောင်းကို လျှောက်ပါသည်၊ (ငွေနှင်း ရှေ့နေက ထောက်လဲပြန်သည်။)

ပဥ္စင်းပန်းကျော် ဘွားလှသွီး ငြိမ်းသွင်ကို ဆွဲကိုင် ဖက်ယမ်း ကာသာ ကာမဂုဏ်မှု ဆုံးရှုံးအောင် မစပ်ရှက်၍ ရဟန်းတရားမှ မကင်းသေးသော ကြောင့် ဆွဲကိုင် ဖက်ယမ်းသည့် လူ့တရားကို သိက္ခာပုဒ်နှင့် ရဟန်း ကူး၍ မခံ စေနှင့်၊ ဘုရား ပညတ်သည့်အတိုင်း ပရိဝါသ်မာနတ် ကိုသာ ဝန်ခံစေ စီရင် သည်၊ ငရွှေအင်း ငွေနှင်းသွီးကို ကိုယ်ထိ လက်ရောက် ကာမဂုဏ် စပ်ရှက်၍ သားလုံး မြေးကောင်း တိုင်အောင် ထင်ရှားချေပြီးသည်၊ လူဖြစ်၍ လူတရား သာ ခံစေ စီရင်သည်၊ ပဥ္စင်း ပန်းကျော်နှင့် နှိုင်း၍ ငရွှေအင်း လျှောက်သင့် မည် မဟုတ် ဖြစ်သည်။

အလျှော်မြင်လျှင် အစီရင်ပြန်စေ ထုံးရှိသည့် အတိုင်း တရားနိုင်သူတို့ တရား ခံရမြဲထုံး မဟုတ် မှန်၏၊ သို့သော် နင့်သွီး ငြိမ်းသာ ကာမဂုဏ်ကို လိုသည်ဟူ၍ ကျောင်းမှာနေသည့် ရဟန်းကိုသွား၍ တိုးရှိုးထုံး မဟုတ်သည် ကို တိုးရှိုးဘိသောကြောင့် ထုံးမရှိသည်ကို ပြုသောကြောင့် ထုံးမရှိခြင်း တရားကို ခံစေသည်၊ နှစ်ဦးပင် စိတ်မပြေနိုင်ပါ လျှောက်သည်၊ ကျောင်းဘုရား သံဃာတို့နှင့် စပ်သည်ကို ယောက, ဓမ္မ နှိုင်းပြား၍ အသင့်ဆုံးမ စီရင်တော် မူပါဟု မင်းကေရာဇ်က အပ်သောကြောင့် သင့်ရာ ကောက်ခွဲ စီရင်သည်ကို မပြီးဘူးဆို၍ သင့်မည် မဟုတ်ချေ၊ ငါကား မင်းကေရာဇ်ကို တထပ် ဆက်စု မရှိ၊ အမှုသည်တို့ မပြီးလျှင် အမှုသည်နှစ်ဦးကို ချုပ်၍ ပြီးရမည်၊ အနိုင်စီရင်၍ ရှိသောအကြောင်း ရှေ့နေနှစ်ဦးက သံတော်ဦးတင် အမိန့်တော်ပြန်မှ ငါက ကောက်တမ်းကို ဆက်သွင်းမည်ဆိုလျှင် အမိန့်တော်အတိုင်း ဦးထိပ်ရွက်

ပါတော့မည် ဆို၍ ငထွန်းနှင့် ပဋ္ဌင်း ရွှေအင်း အမှုသည် နှစ်ဦး မျက်နှာစုံညီ စိတ်တူလက်ဘက်စား၍ သက္ကရာဇ် ၁၁၁၅-ခု၊ ဝါခေါင် လပြည့်ကျော် ၆-ရက်နေ့တွင် ပြီးသည့် ဖြစ်စာ။

လောက, ဓမ္မ နှိုင်းပြား၍ စီရင်သည့် ကောက်ပုံ ဓမ္မဂန်ကြောင်း မှန်ပြီ၊ လောကဝတ်ကြောင်း လိုသေး၏ဟု ထူး၍ ပညာအရည် ထွက်လျှင် ပြင်ဆင်ကြပါလေကုန်။

ဤတွင်ရွှေ အတုလဖြတ်ထုံး ပြီး၏ရှင့်။

ဝိနိစ္ဆယရာသိကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဂန္ထာရမ္ဘ အာသီသ ဂါထာ

ယုတ္တာယုတ္တံ ဝိစိန္တေယျ၊ ယုတ္တံ ဂဏှေယျ ပညဝါ၊
အယုတ္တံ စေ ဝိဝဇ္ဇေယျ၊ မာနဒေါသံ န စာကရေ။

မြတ်စွာဘုရား သာသနာတော်၌ သိက္ခာပုဒ်သုံးပါး ဖြူထွားစင်ကြယ်ခြင်းကို အလိုရှိသော နဝ မဇ္ဈိမ ထေရတွင်မှန်း မြတ်ရဟန်းတို့အား မှတ်သား ကြည့်ရှု ကသိုဏ်းပြုရာ နဝဥပေါသထာဒိက ဝိနိစ္ဆယ အစုစုတို့ကို ဝိနည်း ပါဠိ အဋ္ဌကထာ, ဋီကာ ကျမ်းဂန်တို့မှ ထုတ်နုတ်ယူငင် မာတိကာစဉ်လျက် စီရင် ဆုံးဖြတ်ပေအံ့သတည်း။

ဝိနိစ္ဆယ မာတိကာ အစဉ်

၁ ဥပုသ် ကိုးပါး
၂ ပဝါရဏာ ကိုးပါး
၃ ဥပုသ် ကံ လေးပါး
၄ ပဝါရဏာ ကံလေးပါး
၅ ပါတိမောက် နှစ်ပါး
၆ ပါတိမောက္ခုဒ္ဒေသ ကိုးပါး
၇ အာပတ္တိ နှစ်ပါး
၈ အနာပတ္တိ တပါး
၉ သာဝသေသာပတ္တိ ခြောက်ပါး
၁၀ အနာဝသေသာပတ္တိ တပါး
၁၁ ဒုဋ္ဌုလ္လာပတ္တိ နှစ်ပါး
၁၂ အဒုဋ္ဌုလ္လာပတ္တိ ငါးပါး
၁၃ ဂရုကာပတ္တိ နှစ်ပါး
၁၄ လဟုကာပတ္တိ ငါးပါး
၁၅ ကုဋိ လေးပါး
၁၆ ပရိဘောဂ လေးပါး
၁၇ တနည်း–ပရိဘောဂ လေးပါး
၁၈ သီလ လေးပါး
၁၉ သုဒ္ဓိ လေးပါး
၂၀ သပိတ် ကိုးလုံး
၂၁ သင်္ကန်း ကိုးထည်
၂၂ သင်္ကန်းအဓိဋ္ဌာန်တင် ရှစ်ပါး
၂၃ သပိတ်အဓိဋ္ဌာန်တင် လေးပါး
၂၄ သင်္ကန်းဝိကပ္ပနာ နှစ်ပါး
၂၅ သပိတ်ဝိကပ္ပနာ နှစ်ပါး
၂၆ သင်္ကန်းအဓိဋ္ဌာန်ကျ ရှစ်ပါး, ကိုးပါး
၂၇ သပိတ်အဓိဋ္ဌာန်ကျ ကိုးပါး
၂၈ သပိတ်အပြား ဆယ်လုံး
၂၉ ဘေဇဉ် ငါးပါး
၃၀ အဖျော် ရှစ်ပါး
၃၁ သီးကြီး ကိုးပါး

၃၂ ဖပါးမျိုး ခုနစ်ပါး
၃၃ ပဝါရိတ်သင့်ခြင်း အင်္ဂါငါးပါး
၃၄ အတိရိတ် ဝိနည်းကံ ခုနစ်ပါး
၃၅ ကပ်ခြင်း သုံးပါး
၃၆ အကပ်ခံခြင်း ငါးပါး
၃၇ အကပ်မမြောက်သော ဝတ္ထု
၃၈ အကပ်မခံအပ်သော ဝတ္ထု
၃၉ သေဝိတဗ္ဗ လေးပါး
၄၀ အသေဝိတဗ္ဗ လေးပါး
၄၁ ကာလိက လေးပါး
၄၂ ဆိုးရည်အပြား ခြောက်ပါး
၄၃ အာပတ်သင့်ခြင်း ခြောက်ပါး
၄၄ အာပတ်ကို ဖြစ်စေ တတ်သော သမုဋ္ဌာန် ခြောက်ပါး
၄၅ ပညတ်ရင်း ကိုးပါး
၄၆ ဝိနည်း ပညတ်တော်မူရာ အရပ် ခုနစ်ပါး
၄၇ ဝိနည်း ပညတ်တော်မူရခြင်း အကျိုးဆယ်ပါး
၄၈ အကပ္ပိယအသား ဆယ်ပါး
၄၉ သံဃာ့ကံ လေးပါး
၅၀ ကံပျက်ခြင်း ငါးပါး
၅၁ သမ္မုတ္တိ ငါးပါး
၅၂ ရှိမခိုးရ ပုဂ္ဂိုလ် ရှစ်ပါး
၅၃ ကုလဒူသက ရှစ်ပါး
၅၄ အနေသန နှစ်ဆဲ့ဘပါး
၅၅ သမုဋ္ဌာန် တဆယ့်သုံးပါး
၅၆ ဝိပ္ပတ္တိ လေးပါး
၅၇ ဥက္ခေပနီယကံ သုံးပါး
၅၈ ပဗ္ဗာဇနီယကံ ဝဇ္ဇနီယပုဂ္ဂိုလ် နှစ်ကျိပ်တယောက်
၅၉ သိက္ခာသုံးပါး
၆၀ မျိုးစေ့ ရောက်ခြင်း ဗီဇဂါမ ငါးပါး
၆၁ ဘူတဂါမ ဗီဇဂါမ အခြင်းအရာ
၆၂ ရဟန်းတို့ ကပ္ပိခြင်း ငါးပါး
၆၃ အဓိကရဏ်း လေးပါး
၆၄ သမထ ခုနစ်ပါး
၆၅ မဂ်အပြား သုံးဆယ်
၆၆ ပဌမပါရာဇိက ရောက်လောက်သော ဝတ္ထု
၆၇ သိမ်အပြားအကျယ်
၆၈ သရဏဂုံ အပြား
၆၉ ဥပဇ္ဈာယ် ပြုထိုက် မပြုထိုက်
၇၀ အမှီမရှိပဲ နေထိုက် မနေထိုက်
၇၁ သမောဓာန ပါရာဇိက နှစ်ဆဲ့ လေးပါး
၇၂ အဘဗ္ဗပုဂ္ဂိုလ် တဆယ့်တပါး
၇၃ ပါရာဇိက လေးပါး အင်္ဂါ
၇၄ ခိုးခြင်း နှစ်ဆယ့်ငါးပါး
၇၅ ဓင်း နှစ်ဆယ့်ငါးပါးသရုပ်

ဤတွင် ဝိနိစ္ဆယ မာတိကာ ပြီး၏။

ဤမာတိကာတို့ကို အာဂုံနှုတ်တက် ဆောင်ရွက် ကြည့်ရှု မှတ်သားရမည်၊ ယင်းသို့ ဆောင်ရွက်မှတ်သားမှ ဝိနည်းအဆုံးအဖြတ်ကို သိကျွမ်း နားလည်မည်၊ သိကျွမ်းနားလည်မှ ရဟန်းတို့ အသက်ရှည်မည်၊ ရဟန်းတို့ အသက် ဝိနည်းရှိမှ ဘုရားသခင် အလိုတော်ပြည့်၍ ဘုရားသားတော် မှန်ချေမည်၊ ဝိနည်းဒေသနာ အာဏာတော်ကို မသင်မကြား မကြည့်မရှု သတိမပြု ဗဟု ကိစ္စ အာမိသ လာဘ်လာဘကိုသာ နှလုံးသွင်း၍ ဂရုပြုခြင်း, ဓမ္မဝိနယကို မသင်မကြား မမှတ်မသား မကြည့်မရှုပဲ နိပ္ပဋ္ဌတိ, ဘုဥ္စတိနှင့်သာ နေ့, ရက် နာရီ ကာလ ကုန်ချေလျှင် မြတ်စွာဘုရား အလိုတော်မကျ ဖြစ်၍ ဘုရား. သားတော် မဟုတ်၊ ဘုရားမြတ်စွာ ရန်သူ အစစ်ဖြစ်၍ နတ်ရွာမဂ်ဖိုလ်နိဗ္ဗာန် နှင့် ဝေး၍ သာသနာတော်တွင်း၌ လူဖြစ်ကျိုး ရဟန်းဖြစ်ကျိုး မခံရ၊ ဆင်, မြင်း, နွား ကျွဲ ပမာ တူချေမည်၊ ဘုရားသာသနာတော်၌ လူဖြစ်ကျိုး, ရဟန်း ဖြစ်ကျိုး ခံရအောင် ဓမ္မဝိနယကို နေ့ညမကင်း နှလုံးသွင်း၍ မပျင်းဝိရိယ ဝါယာမဖြင့် ကြိုးပမ်းကြပါကုန်။

ဤခုနစ်ဆယ့် ငါးပါးသော ဝိနိစ္ဆယကို အစဉ်အတိုင်း ဆုံးဖြတ်ပေအံ့။

၁-ဥပုသ် ကိုးပါး ဟူသည်ကား

ပန္နရသီ ဥပုသ်, စာတုဒ္ဒသီ ဥပုသ်, သာမဂ္ဂီ ဥပုသ်- ဟူ၍ ဒိဝသအားဖြင့် သုံးပါး။

သံဃာ့ ဥပုသ်, ဂဏ ဥပုသ်,ပုဂ္ဂလ ဥပုသ်–ဟူ၍ ကာရကအားဖြင့် သုံးပါး။

သုတ္တုဒ္ဒေသ ဥပုသ်, ပါရိသုဒ္ဓိ ဥပုသ်, အဓိဋ္ဌာန်ဥ ပုသ်-ဟူ၍ ကတ္တဗ္ဗာကာရ အားဖြင့် သုံးပါး။

ပေါင်း ကိုးပါးဟု မှတ်ရမည်၊ ထိုကြောင့် သိက္ခာပဒဝလဥ္စနၥ–

> ဒိဝသဝသေန စာတုဒ္ဒသီ ပန္နရသီ သာမဂ္ဂီတိ၊ ကာရကဝသေန သံဃောဂဏော ပုဂ္ဂလောတိစ၊ ကတ္တဗ္ဗာကာရဝသေန သုတ္တုဒ္ဒေသော ပါရိသုဒ္ဓိ အဓိဋ္ဌာနန္တိစ၊ ဥပေါသထော နဝဝိဓော ဟောတိ။ ။ဟူ၍ မိန့်၏။

အဓိပ္ပါယ်ကား-စာတုဒ္ဒသီ-စာတုဒ္ဒသီ ဥပုသ်၊ ပန္နရသီ-ပန္နရသီ ဥပုသ်၊သာမဂ္ဂီ-သာမဂ္ဂီ ဥပုသ်၊ ဣတိ-ဤသို့၊ ဒိဝသဝသေန-နေ့၏ အစွမ်းအားဖြင့်၊ ဥပေါ-သထာ - ဥပုသ်တို့သည်၊ တယော - သုံးပါးတို့တည်း၊ သံဃော–သံဃာဥပုသ်၊

ဂဏော-ဂဏဥပုသ်၊ ပုဂ္ဂလော-ပုဂ္ဂလ ဥပုသ်၊ ဣတိ-ဤသို့၊ ကာရကဝသေန-ကာရက၏ အစွမ်းအားဖြင့်၊ ဥပေါသထာ-ဥပုသ်တို့သည်၊ တယော-သုံးပါးတို့တည်း၊ သုတ္တုဒ္ဒေသောစ-သုတ္တုဒ္ဒေသ ဥပုသ်ရင်း၊ ပါရိသုဒ္ဓိစ – ပါရိသုဒ္ဓိဥပုသ်ရင်း၊အဓိဋ္ဌာနဥ္စ-အဓိဋ္ဌာန်ဥပုသ်ရင်း၊ ဣတိ-သို့၊ ကတ္တဗ္ဗာကာရဝသေန–ကတ္တဗ္ဗာကာရ၏ အစွမ်းဖြင့်၊ ဥပေါသထာ-တို့သည်၊ တယော-သုံးပါးတို့တည်း၊ ဣတိ-သို့၊ ဥပေါသထော-သည်၊ နဝဝိဓော-ကိုးပါး အပြားရှိသည်၊ ဟောတိ-ဖြစ်၏။ ။ ဟု–ကျမ်းလာသည်ကို နှလုံးသွင်း။

ထိုကိုးပါးသော ဥပုသ်တို့တွင် စာတုဒ္ဒသီ, ပန္နရသီဥပုသ် နှစ်ပါးသည် ဟေမန္တ ဥတု၊ ဂိမှ ဥတု၊ ဝဿာန ဥတု-ဟု သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် တဥတု တဥတု၌ ရှစ်ပက္ခ ရှစ်ပက္ခရှိ၏၊ ထိုရှစ်ပက္ခတို့တွင် တတိယပက္ခ သတ္တမပက္ခ နှစ်ပါးစီသည် စာတုဒ္ဒသီ ဥပုသ်တည်း၊ကြွင်းသော ဆယ့်ရှစ်ဥပုသ်သည်ကား ပန္နရသီ ဥပုသ်တည်း၊ ထိုကြောင့် တနှစ်၌ စာတုဒ္ဒသီ ခြောက်ဥပုသ် ပန္နရသီ ဆယ့်ရှစ်ဥပုသ် ပေါင်း၍ နှစ်ဆယ့်လေးဥပုသ် ဖြစ်သတည်း၊ ဤကား ပကတိ ဥပုသ်တည်း။ ထို့ကြောင့် ကင်္ခါအဋ္ဌကထာကျမ်း၌-

> တတ္ထ ဟေမန္တဂိမှဝဿာနာနံ တိဏ္ဏံ ဥတူနံ တတိယသတ္တမပက္ခေသု ဒွေဒွေကတွာ ဆ စာတုဒ္ဒသိကာ၊ အဝသေသာ အဋ္ဌာရသ ပန္နရသိကာတိ ဧဝံ ဧကသံဝစ္ဆရေ စတုဝီသတိ ဥပေါသထာ၊ ဣဒံ တာဝ ပကတိစာရိတ္တံ။ ။ဟု မိန့်၏။

အတ္ထကား-တတ္ထ တာသု နဝသု ဥပေါသထာသု-ထိုကိုးပါး ကုန်သော ဥပုသ်တို့တွင်၊ဟေမန္တ ဂိမှဝဿာနာနံ-ဆောင်း,နွေ,မိုး ဟု ဆိုအပ်ကုန်သော၊ တိဏ္ဏံ - သုံးပါးကုန်သော၊ ဥတူနံ–ဥတုတို့၏၊ ဒွေဒွေ - နှစ်ပါး နှစ်ပါး တို့ကို၊ ကတွာ–၍၊ စာတုဒ္ဒသိကာ - စာတုဒ္ဒသီ ဥပုသ်တို့သည်၊ ဆ-ခြောက်ဥပုသ်တို့သည်၊ ဟောန္တိ-ကုန်၏၊ အဝ သေသာ-စာတုဒ္ဒသီဥပုသ်မှ ကြွင်းကုန်သော၊ အဋ္ဌာရသ - တဆယ့်ရှစ်ပါးကုန်သော၊ ပန္နရသိကာ-ပန္နရသီ ဥပုသ်တို့သည်၊ ဟောန္တိ-ကုန်၏၊ ဣတိဧဝံ-ဤသို့၊ ဧကသံဝစ္ဆရေ-တနှစ်၌၊ စတုဝီသတိ ဥပေါ-သထာ-နှစ်ဆယ့်လေးဥပုသ် တို့သည်၊ ဟောန္တိ-ကုန်၏၊ ဣဒံ-ဤသည်ကား၊ တာဝ-ရှေးဦးစွာ၊ ပကတိစာရိတ္တံ၊ ပကတိ-ဥပုသ်တည်း။

ဥတုသုံးပါး ဟူသည်ကား-တန်ဆောင်မုန်း လပြည့်ကျော် ၁-ရက်နေ့မှစ၍ တပေါင်းလပြည့်တိုင်အောင် လေးလကား ဟေမန္တဥတုတည်း၊ တပေါင်း လပြည့်ကျော် ၁-ရက်နေ့မှစ၍ ဝါဆိုလပြည့်တိုင်အောင် လေးလကား ဂိမှ

ဥတုတည်း၊ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်တိုင်အောင် လေးလကား ဝဿာနဥတုတည်း၊ ထို့ကြောင့် ကင်္ခါဋီကာ၌-

> ဟေမန္တဂိမှဝဿာနာနံ တိဏ္ဏံ ဥတူနံ့ ဟေမန္တဥတုနာမ အပရကတ္တိက ကာဠပက္ခပါဋိပဒတော ပဋ္ဌာယ ဖဂ္ဂုနပုဏ္ဏမ ပရိယောသာနာ စတ္တာရော မာသာ၊ ဂိမှဥတုနာမ ဖဂ္ဂုနဿ ကာဠပက္ခပါဋိပဒတော ပဋ္ဌာယ အာသဠှပုဏ္ဏမ ပရိယောသာနာ စတ္တာရောမာသာ၊ ဝဿာနဥတုနာမ အာသဠှဿ ကာဠပက္ခ ပါဋိပဒတော ပဋ္ဌာယ အပရကတ္တိကပုဏ္ဏမ ပရိယောသာနာ စတ္တာရော မာသာ ဟု-မိန့်၏။

အဋ္ဌကား-ဟေမန္တ ဂိမှဝဿာနာနံ တိဏ္ဏံ ဥတူနံ့ ပါဌေ- ဟေမန္တ ဂိမှဝဿာနာနံ တိဏ္ဏံ ဥတူနံ-ဟူသော ဤပါဌ်၌၊ ဟေမန္တဥတုနာမ-ဟေမန္တ ဥတုမည်သည်ကား၊ အပရကတ္တိက ကာဠပက္ခပါဋိပဒတော-တန်ဆောင်မုန်း လပြည့်ပက္ခ အထွက်တရက်နေ့မှ၊ ပဋ္ဌာယ-စ၍၊ ဖဂ္ဂုနပုဏ္ဏမပရိယောသာနာ-တပေါင်းလပြည့် တိုင်အောင်သော၊ စတ္တာရောမာသာ - လေးလ တို့သည်၊ ဟောန္တိ-ကုန်၏၊ ဂိမှဥတုနာမ-ဂိမှဥတု မည်သည်ကား၊ ဖဂ္ဂုနဿ-တပေါင်းလ၏၊ ကာဠပက္ခ ပါဋိပဒတော-လပြည့်ပက္ခ အထွက် တရက်နေ့မှ၊ ပဋ္ဌာယ-စ၍၊ အာသဠှပုဏ္ဏမပရိယောသာနာ-ဝါဆိုလပြည့်တိုင်အောင်သော၊ စတ္တာရော မာသာ-လေးလတို့သည်၊ ဟောန္တိ-ကုန်၏၊ အာသဠှဿ-ဝါဆိုလ၏၊ ကာဠပက္ခပါဋိပဒတော - လပြည့်ပက္ခ အထွက် တရက်နေ့မှ၊ ပဋ္ဌာယ - စ၍၊ အပရကတ္တိကပုဏ္ဏမ ပရိယောသာနာ - တန်ဆောင်မုန်းလပြည့် တိုင်အောင်သော၊ စတ္တာရောမာသာ - လေးလတို့သည်၊ ဝဿာနဥတုနာမ-ဝဿာနဥတု မည်ကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

တဥတု တဥတု၌ ရှစ်ဥပုသ် ရှစ်ပက္ခရှိသည်ဟု မှတ်ရမည်၊ ပက္ခ-ဟူသည်ကား ဥပုသ်နေ့ လပြည့်,လကွယ်နေ့ကို ပက္ခ-ဟု ဆိုသည်၊ ထိုပက္ခကို သိစေခြင်းငှါ ပြပေအံ့၊ တဥတု၌ ရှစ်ပက္ခ-ဟူသည်ကား တန်ဆောင်မုန်းလကွယ် ပန္နရသီဥပုသ် - ပဌမပက္ခ၊ နတ်တော်လပြည့် ပန္နရသီဥပုသ် - ဒုတိယပက္ခ၊ နတ်တော် လကွယ်နေ့ စာတုဒ္ဒသီဥပုသ်- တတိယပက္ခ၊ ပြာသိုလပြည့်နေ့ ပန္နရသီဥပုသ်- စတုတ္ထပက္ခ၊ ပြာသိုလကွယ်နေ့ ပန္နရသီဥပုသ်- ပဉ္စမပက္ခ၊ တပို့တွဲလပြည့်နေ့ ပန္နရသီဥပုသ်-ဆဋ္ဌမပက္ခ၊ တပို့တွဲလကွယ်နေ့ စာတုဒ္ဒသီဥပုသ် - သတ္တမပက္ခ၊ တပေါင်းလပြည့်နေ့ ပန္နရသီဥပုသ်- အဋ္ဌမပက္ခ-ဟု ဟေမန္တဥတု၌ ရှစ်ပက္ခ, ရှစ်ဥပုသ် ဟုမှတ်၊ ဤနည်းအတူ ဂိမှဥတု, ဝဿာန

ဥတု တို့၌ ပက္ခကိုရင်း, စာတုဒ္ဒသီ ဥပုသ် ပန္နရသီဥပုသ်ကိုရင်း သိအပ် မှတ်အပ်၏၊ ထိုကြောင့် ကန်္ခါဋီကာ၌–

ကတ္တိကဿစ ကာလမှာ၊ယာဝ ဖဂ္ဂုနပုဏ္ဏမာ၊
ဟေမန္တကာလောတိ ဝိညေယျော၊ အဋ္ဌ ဟောန္တိ ဥပေါသထာ၊
ဖဂ္ဂုနဿစ ကာလမှာ ယာဝ အာသဠှပုဏ္ဏမာ၊
ဂိမှကာလောတိ ဝိညေယျော၊ အဋ္ဌ ဟောန္တိ ဥပေါသထာ၊
အာသဠှဿစ ကာလမှာ၊ ယာဝ ကတ္တိကပုဏ္ဏမာ၊
ဝဿကာလောတိ ဝိညေယျော၊ အဋ္ဌ ဟောန္တိ ဥပေါသထာ။ ။
ဟူ၍-မိန့်၏။

အတ္ထကား-ကတ္တိကဿစ-တန်ဆောင်မုန်းလ၏၊ ကာလမှာ-လပြည့်ပက္ခမှ၊ ယာဝဖဂ္ဂုနပုဏ္ဏမာ-တပေါင်းလပြည့်တိုင် လေးလတို့ကို၊ ဟေမန္တကာလောတိ-ဆောင်းဥတု ဆီးနှင်းထန်သော အေးချမ်းသော ကာလဟူ၍၊ဝိညေယျော-သိရာ၏၊ ဥပေါသထာ–ဥပုသ်ပက္ခတို့သည်၊ အဋ္ဌ-ရှစ်ပါးတို့သည်၊ ဟောန္တိ-ကုန်၏၊ ဖဂ္ဂုနဿစ-တပေါင်းလပြည့်၏လည်း၊ ကာလမှာ - လပြည့်ပက္ခမှ၊ ယာဝ အာသဠှပုဏ္ဏမာ - ဝါဆိုလပြည့်ပက္ခတိုင်အောင် လေးလတို့ကို၊ ဂိမှကာလောတိ-ဂိမှဥတု ပူသောအခါ ဟူ၍၊ ဝိညေယျော - သိရာ၏၊ ဥပေါသထာ – ဥပုသ်ပက္ခတို့သည်၊ အဋ္ဌ – ရှစ်ပါးတို့သည်၊ ဟောန္တိ – ကုန်၏၊ အာသဠှဿစ – ဝါဆိုလ၏လည်း၊ ကာလမှာ-လပြည့်ပက္ခမှ၊ ယာဝကတ္တိကပုဏ္ဏမာ - တန်ဆောင်မုန်း လပြည့်တိုင် လေးလတို့ကို၊ ဝဿကာလောတိ-ဝဿာနဥတု မိုးလ ဟူ၍၊ ဝိညေယျော–သိရာ၏၊ ဥပေါသထာ–ဥပုသ်ပက္ခတို့သည်၊ အဋ္ဌ-ရှစ်ပါးတို့သည်၊ ဟောန္တိ-ကုန်၏။ ။ဟု-ကျမ်းလာသည်ကို မှတ်ရမည်။

တဥတု ရှစ်ဥပုသ် ရှစ်ပက္ခတို့တွင် တတိယပက္ခ သတ္တမပက္ခသည် စာတုဒ္ဒသီ နှစ်ဥပုသ်, ကြွင်းသော ခြောက်ပက္ခသည် ပန္နရသီ ခြောက်ဥပုသ် ဖြစ်သည်၊ ထို့အတူဖြစ်၍ သုံးဥတုကို စာတုဒ္ဒသီ ခြောက်ဥပုသ်,ပန္နရသီ တဆယ့်ရှစ်ဥပုသ် ဖြစ်သောကြောင့် တနှစ်ကို နှစ်ဆယ့်လေးဥပုသ် မှတ်ရမည်၊ ထိုကြောင့် ကန်္ခါဋီကာ၌–

တတိယသတ္တမ ပက္ခေသု ဒွေဒွေ ကတွာ ဆ စာတုဒ္ဒသိကာတိ ဟေမန္တဿ ဥတုနော တတိယေစ သတ္တမေစ ပက္ခေ ဒွေစာတုဒ္ဒသိကာ၊ ဧဝမိတရေသံ ဥတူနန္တိ ဆ စာတုဒ္ဒသိကာ၊ သေသာ ပန္နရသိကာတိ သေသာ အဋ္ဌာရသ ပန္နရသိကာ ဟု-မိန့်၏။

အတ္တကား-တတိယ သတ္တမပကေ္ခသု ဆ စာတုဒ္ဒသိကာတိ-ဟူသည်ကား၊ ဟေမန္တသာ-ဆောင်းဖြစ်သော၊ ဝါ-ဆီးနှင်းထန်သော၊ ဥတုနော-ဥတု၏၊ တတိယေ-တတိယဖြစ်သော၊ ပက္ခေစ-ပက္ခ၌လည်းကောင်း၊ သတ္တမေ-သတ္တမ ဖြစ်သော၊ ပက္ခေစ-ပက္ခ၌လည်းကောင်း၊ ဒွေ-နှစ်ပါးကုန်သော၊ စာတုဒ္ဒ-သိကာ-စာတုဒ္ဒသီ ဥပုသ်တို့တည်း၊ ဧတရေသံ-ဟေမန္တဥတုမှ တပါးကုန်သော၊ ဥတူနံ - ဂိမှဥတု, ဝဿာန ဥတုတို့အား၊ ဧဝံ – ဤဟေမန္တ ဥတု အတူတည်း၊ ဣတိ-ဤသို့၊ စာတုဒ္ဒသိကာ-စာတုဒ္ဒသီ ဥပုသ်တို့သည်၊ ဆ-ခြောက်ဥပုသ်တို့တည်း၊ သေသာ ပန္နရသိကာတိ-ဟူသည်ကား၊ သေသာ-စာတုဒ္ဒသီဥပုသ်မှ ကြွင်းကုန်သော၊ အဋ္ဌာရသ-တဆယ့် ရှစ်ဥပုသ်တို့သည်၊ ပန္နရသိကာ-ပန္နရသီ ဥပုသ်တို့တည်း-ဟု ကျမ်းလာသည်ကို မှတ်ရမည်။

သာမဂ္ဂိဥပုသ် ဟူသည်ကား- ကောသမ္ဗက ခန္ဓက၌ လာသောနည်းဖြင့် နှစ်စုကွဲသော သံဃာ၌ ဩသာရဏကံဖြင့် ငြိမ်းစိမ့်သောငှါ သံဃာ၏ ညီညွတ်ခြင်းကို ပြု၍ ထိုညီညွတ်သောနေ့၌ ဥပုသ်ပြုအပ်၏,ပါတိမောက် ပြအပ်၏ဟု ဟောတော်မူသောကြောင့် စာတုဒ္ဒသီ, ပန္နရသီ ဥပုသ်နေ့ကို ထား၍ အမှတ်မရှိသော နေ့၌ သံဃာညီညွတ်၍ ဥပုသ်ပြုခြင်းသည် သာမဂ္ဂိ ဥပုသ် မည်၏၊ ထိုကြောင့် ကင်္ခါဝိတရဏီ အဋ္ဌကထာ၌-

> ယဒါ ပန ကောသမ္ဗကခန္ဓကေ အာဂတနယေန ဘိန္နေ ဘိက္ခု-သံဃေ ဩသာရိတေန တသ္မိံ ဘိက္ခုသ္မိံ သံဃော တဿ ဝတ္ထုဿ ဝူပသမာယ သံဃသာမဂ္ဂိံ ကရောတိ၊တဒါ တာဝဒေဝ ဥပေါသထော ကာတဗ္ဗော၊ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗန္တိ ဝစနတော ဌပေတွာ စာတုဒ္ဒ-သ ပန္နရသေ အညောပိ ယောကောစိ ဒိဝသော သာမဂ္ဂိဥပေါသထ ဒိဝသောနာမ ဟောတိ-ဟု မိန့်၏။

ယဒါ ပန-အကြင် အခါ၌ကား၊ ကောသမ္ဗက ခန္ဓကေ-ကောသမ္ဗက ခန္ဓက၌၊ အာဂတနယေန-လာသော နည်းဖြင့်၊ ဘိန္နေ-နှစ်စုကွဲသော၊ ဘိက္ခု သံဃေ-ရဟန်းသံဃာ၌၊ ဩသာရိတေန-သွင်းသဖြင့်၊ တသ္မိံ ဘိက္ခုသ္မိံ-ထို ရဟန်းသံဃာ၌၊ တဿ ဝတ္ထုဿ-ထိုအကြောင်း၏၊ ဝူပသမာယ-ငြိမ်းစိမ့် သောငှါ၊ သံဃော-သံဃာသည်၊ သံဃသာမဂ္ဂိံ-သံဃာ၏ ညီညွတ်ခြင်းကို၊ ကရောတိ-ပြု၏၊ တဒါ-ထိုအခါ၌၊ တာဝဒေဝ-ထိုသံဃာညီညွတ်သော အခါ ၌လျှင်၊ ဥပေါသထော-ဥပုသ်ကို၊ ကာတဗ္ဗော-ပြုအပ်၏၊ ပါတိမောက္ခံ-ပါတိ မောက်ကို၊ ဥဒ္ဒိသိတဗ္ဗံ-ပြအပ်၏၊ ဣတိ-ဤသို့၊ ဝစနတော – ဟောတော်မူ

သောကြောင့်၊ စာတုဒ္ဒသ ပန္နရသေ-စာတုဒ္ဒသီ,ပန္နရသီဉပုသ်တို့ကို၊ဌပေတွာ-၍၊ အညောဝိ - တပါးလည်း ဖြစ်သော၊ ယောကောစိ - အမှတ်မရှိသော၊ ဒိဝသော-နေ့သည်၊ သာမဂ္ဂိဉပေါသထ ဒိဝသောနာမ-သာမဂ္ဂိ ဉပုသ် မည်သည်၊ ဟောတိ-ဖြစ်၏-ဟု ကျမ်းလာသည်ကို မှတ်။

သံဃာ ဟူသည်ကား-စတုဝဂ္ဂကံ ဖြစ်၍ တသိမ်တည်း၌ လေးယောက်သော ရဟန်းမှစ၍ များသော ရဟန်းတို့သည် နေကုန်သည်ရှိသော် ပါတိမောက်ကိုသာ မြတ်စွာဘုရား ခွင့်ပြုတော်မူသောကြောင့် လေးယောက်သော ရဟန်းတို့မှစ၍ များသော ရဟန်းတို့သည် တသိမ်တည်း၌ စည်းဝေး၍ ပါတိမောက်ကို သံဃာ့ဉ ်တ်ထား၍ ပြအပ်၏၊ ထိုကြောင့် ကခ်ါအဋ္ဌကထာ၌-

ဧကသိမာယံ စတူသု ဘိက္ခူသု ဝိဇ္ဇမာနေသု ပါတိမောက္ခုဒ္ဒေသော ၀ အနုညာတော-ဟု မိန့်၏။

အတ္ထကား-ဧကသိမာယံ-တသိမ်တည်း၌၊စတူသုဘိက္ခူသု-လေးယောက်သော ရဟန်းတို့သည်၊ ဝိဇ္ဇမာနေသု-ရှိကုန်သော်၊ ပါတိမောက္ခုဒ္ဒေသော၀-, ပါတိမောက် ပြခြင်းကိုသာလျှင်၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ အနုညာတော-ခွင့်ပြုတော်မူအပ်၏-ဟု ကျမ်းလာသည်ကို မှတ်။

သံဃာ့ဉ ်တ် ဟူသည်ကား-သုဏာတု မေ အာဝုသော သံဃော၊အဇ္ဇုပေါသထော ပန္နရသော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဉပေါသထံ ကရေယျ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျ။

ဟု သီတင်းကြီးသော ရဟန်းသည် ဉ ်တ်ကို ထားရာ၏၊ သီတင်းကြီး မစွမ်းနိုင်လျှင် သီတင်းငယ်ကို သီတင်းကြီးက တိုက်တွန်းသဖြင့် သီတင်းငယ် ထားရာ၏။

အတ္ထကား- အာဝုသော-ငါ့ရှင်တို့၊သံဃော-သံဃာသည်၊မေ မမ-ငါ၏၊ ဝစနံ-စကားကို၊ သုဏာတု-နာစေသတည်း၊ အဇ္ဇ-ယနေ့-ဉပေါသထော-ဉပုသ်နေ့သည်၊ ပန္နရသီ-ပန္နရသီ ဉပုသ်တည်း၊ သံဃဿ-သံဃာအား၊ ပတ္တကလ္လံ - လျောက်ပတ်သောအခါသည်၊ ယဒိဘဝေယျ - အကယ်၍ ဖြစ်အံ့၊ ဧဝံ-ဤသို့ ဖြစ်သည် သတိ-ရှိသော် သံဃော-သံဃာသည်၊ ဉပေါသထံ-ဉပုသ်ကို၊ကရေယျ-ပြုရာ၏၊ပါတိမောက္ခံ-ပါတိမောက်ကို၊ဥဒ္ဒိသေယျ-ပြရာ၏၊ (စာတုဒ္ဒသီ ဉပုသ်နေ့ဖြစ်လျှင် အဇ္ဇုပေါသထော စာတုဒ္ဒသော-ဟု ဆိုရမည်၊ သီတင်းငယ် ဉ ်တ်ထားလျှင် ဘန္တေ-ဟု ဆိုရမည်။)

သံဃာ မစည်းဝေးမီ ရှေးဦးစွာ ဥပုသ်အိမ်သိမ်၌ ပြုရသော ပုဗ္ဗကရဏ လေးပါးကား – တံမြက် လှည်းခြင်း, ဆီမီး ညှိထွန်းခြင်း, သုံးဆောင်ရေ သောက်ရေ တည်ထားခြင်း, နေရာ ခင်းခြင်း ဤလေးပါးတည်း။

ဥပုသ် မပြုမီ ပြုရသော ပုဗ္ဗကိစ္စ ငါးပါးကား–ဆန္ဒကို ဆောင်ခြင်း, ပါရိသုဒ္ဓိကို ဆောင်ခြင်း, ဥတုကို ကြားခြင်း, ဥပုသ်အိမ် သိမ်အပြင်၌ ရောက်သော ရဟန်းသံဃာကို ရေတွက်ခြင်း, ရဟန်းမိန်းမတို့ကို ဆုံးမဩဝါဒ ပေးခြင်း ဤ ငါးပါးတည်း။

ဂဏဥပုသ် ဟူသည်ကား-သုံးယောက်သော ရဟန်းတို့သည် သိမ်သို့ကပ်၍ သီတင်းကြီးရဟန်းသည် လက်အုပ်ချီ၍-

> သုဏန္တု မေ အာယသ္မန္တာ၊အဇ္ဇုပေါသထော ပန္နရသော၊ယဒိ-
> ယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိ ဥပေါသထံ ကရေ-
> ယျာမ။ ။ဟု ဂဏဉတ်ကို သီတင်းကြီး ရဟန်းက ထားရမည်။

ရင်းဉတ်၏ **အဋ္ဌကား**– အာယသ္မန္တာ-အရှင်တို့၊ မေမမ-ငါ၏၊ ဝစနံ-စကားကို၊ သုဏန္တု-နာစေကုန်သတည်း၊ အဇ္ဇ-ယနေ့၊ ဥပေါသထော-ဥပုသ် သည်၊ ပန္နရသော-ပန္နရသီ ဥပုသ်နေ့တည်း၊ အာယသ္မန္တာနံ-အရှင်တို့အား၊ ပတ္တကလ္လံ-လျောက်ပတ်သော အခါသည်၊ ယဒိ ဘဝေယျ-ဖြစ်ငြားအံ့၊ ဧဝံ-ဤသို့ဖြစ်သည်၊ သတိ-ရှိသော်၊ မယံ-ငါတို့သည်၊ အညမညံ-အချင်းချင်း၊ ပါရိသုဒ္ဓိဥပေါသထံ-ပါရိသုဒ္ဓိ ဥပုသ်ကို၊ ကရေယျာမ-ပြုကြကုန်အံ့။

ဟု-ဉတ်ထားပြီးသော် သီတင်းကြီးသော ရဟန်းသည် လက်အုပ်ချီ၍-

> ပရိသုဒ္ဓေါ အဟံ အာဝုသော၊ပရိသုဒ္ဓေါတိ မံ ဓာရေထ ဟု–သုံး
> ကြိမ် ရွတ်ရမည်။

အဋ္ဌကား- အာဝုသော၊ငါ့ရှင်တို့၊ အဟံ-ငါသည်၊ ပရိသုဒ္ဓေါ-အာပတ်မှ စင်ကြယ်ပြီ၊ ပရိသုဒ္ဓေါတိ-အာပတ်မှ စင်ကြယ်သောသူ ဟူ၍၊ တုမှေ-သင်တို့သည်၊ မံ-ငါ့ကို၊ ဓာရေထ၊ မှတ်ကြကုန်လော့၊ (ဓာရေထ ဆိုခြင်းသည် ကား သုံးပါးဖြစ်၍ ဆိုသည်မှတ်။)

“ဣတရေဟိ ဘန္တေတိဝတ္တာ ဝေမေဝ ဝတ္တဗ္ဗံ”ဟု-ကခ်ါ၌ဆိုသောကြောင့် သီတင်းငယ်နှစ်ပါးက“ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ” ဟု သုံးကြိမ်စီ ရွတ်ရမည်။

အဋ္ဌကား- ဘန္တေ-အရှင်ဘုရားတို့၊ အဟံ-သည်၊ ပရိသုဒ္ဓေါ-အာပတ်မှ စင်ကြယ်ပြီ၊ မံ-ကို၊ ပရိသုဒ္ဓေါတိ-အာပတ်မှ စင်ကြယ်သောသူဟူ၍၊ တုမှေ-

အရှင်ဘုရားတို့သည်၊ ဓာရေထ-မှတ်တော်မူကုန်လော့၊ (ဝေံ ဉတ္တိံ ဌပေတွာ ကာရေတဗ္ဗော-ဟူသော ကင်္ခါအဋ္ဌကထာနှင့် အညီတည်း။)

ပုဂ္ဂလဉပုသ် ဟူသည်ကား-တယောက်တည်းသော ရဟန်းသည် သိမ်သို့ ကပ်၍ တပါးသော ရဟန်းတို့သည် မလာသည်ရှိသော် ပုဗ္ဗကိစ္စကို ပြုပြီး၍ ပန္နရသီဉပုသ်နေ့ ဖြစ်အံ့ "အဇ္ဇ မေ ဉပေါသထော ပန္နရသော အဓိဋ္ဌာမိ" ဟု သုံးကြိမ် ရွတ်ရမည်၊ စာတုဒ္ဒသီ ဉပုသ်နေ့ဖြစ်မူ "အဇ္ဇ မေ ဉပေါသထော စာတုဒ္ဒသော အဓိဋ္ဌာမိ" ဟု သုံးကြိမ်ရွတ်ရမည်၊ ဤကား ပုဂ္ဂလဉပုသ်တည်း။

သုတ္တုဒ္ဒေသ ဉပုသ်ဟူသည်ကား – လေးယောက်သော ရဟန်းမှစ၍ များသော ရဟန်းတို့သည် တသိမ်တည်း၌ စည်းဝေး၍ ပါတိမောက် ပြခြင်းသည် သုတ္တုဒ္ဒေသ ဉပုသ်မည်၏။

ပါရိသုဒ္ဓိဉပုသ် ဟူသည်ကား နှစ်ပါးသော ရဟန်းဖြစ်မူ ဉတ်ကိုမထားရပြီ၊ ဆိုခဲ့ပြီးသောနည်းဖြင့် "ပရိသုဒ္ဓေါ အဟံ အာဝုသော၊ ပရိသုဒ္ဓေါတိ မံ ဓာရေဟိ" ဟု သုံးကြိမ် သီတင်းကြီးရဟန်းက ရွတ်ရမည်၊သီတင်းငယ် ရဟန်းက "ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ" ဟု သုံးကြိမ် ရွတ်ရမည်၊ ထိုကြောင့် ကင်္ခါ အဋ္ဌကထာ၌-

> ယတ္ထ ပန ဒွေ ဘိက္ခူ ဝိဟရန္တိ၊ တတြ ဉတ္တိံ အဋ္ဌပေတွာ ဝုတ္တ-နယေနေဝ ပါရိသုဒ္ဓိ အာရောစေတဗ္ဗာတိ၊ အယံ ပါရိသုဒ္ဓိ ဉပေါ-သထော။ ။ဟု မိန့်၏။

အနက်ကား- ယတ္ထပန – အကြင် ကျောင်းသိမ်၌၊ ဒွေဘိက္ခူ-နှစ်ပါးသော ရဟန်းတို့သည်၊ ဝိဟရန္တိ-နေကုန်၏၊ တတြ-ထိုကျောင်းသိမ်၌၊ ဉတ္တိံ-ဉတ်ကို၊ အဋ္ဌပေတွာ-မထားမူ၍၊ ဝုတ္တနယေနေဝ-ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်၊ ပါရိသုဒ္ဓိ – စင်ကြယ်ခြင်းကို၊ အာရောစေတဗ္ဗာ – ကြားအပ်၏၊ ဣတိ အယံ-ဤသည်လျှင်၊ ပါရိသုဒ္ဓိဉပေါသထော- ပါရိသုဒ္ဓိ ဉပုသ်တည်း။ ။ဤကား ပါရိသုဒ္ဓိ ဉပုသ်တည်း။

အဓိဋ္ဌာန်ဉပုသ် ဟူသည်ကား–"ပုဗ္ဗကိစ္စံ သမာပေတွာ၊အဓိဋ္ဌေယျဝ မေ-ကဘော" ဟု ခုဒ္ဒသိက္ခာ ဆရာဆိုသောကြောင့် တယောက်သော ရဟန်းသည် သိမ်သို့ ကပ်၍ ပုဗ္ဗကိစ္စကို ပြည့်စုံစေပြီး၍ စာတုဒ္ဒသီ ဉပုသ်နေ့ဖြစ်အံ့ "အဇ္ဇ မေ ဉပေါသထော စာတုဒ္ဒသော အဓိဋ္ဌာမိ"ဟု သုံးကြိမ်မိဋ္ဌာန်၍ ရွတ်ရမည်၊ ပန္နရသီဖြစ်အံ့ "အဇ္ဇ မေ ဉပေါသထော ပန္နရသော အဓိဋ္ဌာမိ" ဟု သုံးကြိမ် ရွတ်ရမည်။ ။ဤကား အဓိဋ္ဌာန် ဉပုသ်တည်း၊ ဤကား ဉပုသ်

ကိုးပါးတည်း၊ သီလလေးပါးကို စင်ကြယ်လိုသော အမျိုးသား ရဟန်းတို့သည် မှတ်ရှုကသိုဏ်း ပြုကြကုန်။

(၂) ပဝါရဏာ ကိုးပါး ဟူသည်ကား

စာတုဒ္ဒသီ ပဝါရဏာ, ပန္နရသီ ပဝါရဏာ, သာမဂ္ဂီ ပဝါရဏာ, သံဃေ ပဝါရဏာ, ဂဏေ ပဝါရဏာ, ပုဂ္ဂလေ ပဝါရဏာ, ဒွေဝါစိကာ ပဝါရဏာ, တေဝါစိကာ ပဝါရဏာ, သမာနဝဿိကာ ပဝါရဏာတိ နဝပဝါရဏာ။

ဟု ဝိနယသင်္ဂဟ ပကိဏ္ဏကပိုင်း အဆုံး၌ လာသည်နှင့်အညီ စာတုဒ္ဒသီ ပဝါရဏာ, ပန္နရသီပဝါရဏာ, သာမဂ္ဂီ ပဝါရဏာ, သံဃပဝါရဏာ, ဂဏ ပဝါရဏာ, ပုဂ္ဂလပဝါရဏာ, ဒွေဝါစိက ပဝါရဏာ, တေဝါစိက ပဝါရဏာ, သမာနဝဿိက ပဝါရဏာ–ဟူ၍ ကိုးပါးတည်း။

ထို ကိုးပါးတို့တွင် စာတုဒ္ဒသီ ပဝါရဏာ ဟူသည်ကား–ပုရိမဝါဆိုသော ရဟန်းတို့သည် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ရာဇန္တရာယ်, စောရန္တရာယ်, အဂ္ဂိန္တရာယ်, ဥဒကန္တရာယ်, မနုဿန္တရာယ်, အမနုဿန္တရာယ်, သရီသပန္တရာယ်, ဝါဠန္တရာယ်, ဇီဝိတန္တရာယ်, ဗြဟ္မစရိယန္တရာယ် ဤ အန္တရာယ် ဆယ်ပါးတို့တွင် တပါးပါးသော အန္တရာယ်ကြောင့် ပဝါရဏာ မပြုရသေးသော ရဟန်းတို့သည် သီတင်းကျွတ် လကွယ်နေ့၌ ပဝါရဏာ ပြုရခြင်းသည် စာတုဒ္ဒသီ ပဝါရဏာမည်၏။

ပန္နရသီ ပဝါရဏာ ဟူသည်ကား–ပုရိမဝါသို့ ကပ်သော ရဟန်းတို့သည် သီတင်းကျွတ်လပြည့်နေ့ ပဝါရဏာ ပြုခြင်း, ပစ္ဆိမဝါဆိုသော ရဟန်းတို့သည် တန်ဆောင်မုန်းလပြည့်နေ့၌ ပဝါရဏာ ပြုခြင်းသည် ပန္နရသီ ပဝါရဏာ မည်၏။

သာမဂ္ဂီပဝါရဏာ ဟူသည်ကား–ကောသမ္ဗကခန္ဓက၌ လာသောနည်းဖြင့် နှစ်စုကွဲသော သံဃာတို့၌ ငြိမ်းငြီးသော ကံရှိသော ရဟန်းတို့သည် သီတင်းကျွတ် လဆုတ် တရက် နေ့မှစ၍ တန်ဆောင်မုန်းလဆန်း တဆယ့်လေးရက်တိုင်အောင် တရက်ရက်၌ သံဃာညီညွတ်၍ ပဝါရဏာ ပြုခြင်းသည် သာမဂ္ဂီ ပဝါရဏာ မည်၏။

သံဃပဝါရဏာ ဟူသည်ကား– "အနုဇာနာမိ ဘိက္ခဝေ ပဉ္စန္နံ သံဃေ ပဝါရေတုန္တိ"ဟု ခွင့်ပြုတော်မူသည်နှင့်အညီ ပဝါရဏာကံသည် ပဉ္စဝဂ္ဂကံ ဖြစ်၍ ငါးယောက်သော ရဟန်းတို့မှစ၍ များစွာသော ရဟန်းတို့သည် သိမ်သို့ ကပ်၍ သီတင်းကြီးသော ရဟန်းသည် လက်အုပ်ချီ၍–

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ-

ဟု သုံးကြိမ် ဥတ်ထား၍ သံဃာ့ထေရ်ဖြစ်လျှင် အာဝုသော-ဟု ဆို။

အဓိပ္ပာယ်-ဘန္တေ-အရှင်ဘုရားတို့၊(အာဝုသော-ငါ့ရှင်တို့၊) သံဃော-သံဃာသည်၊ မေ မမ-ငါ၏၊ ဝစနံ-စကားကို၊ သုဏာတု-နာစေသတည်း၊ အဇ္ဇ-ယနေ့၊ ပဝါရဏာ-ပဝါရဏာသည်၊ ပန္နရသီ-ပန္နရသီ ပဝါရဏာတည်း၊ သံဃဿ-သံဃာ၏၊ ပတ္တကလ္လံ-လျောက်ပတ်သော အခါသည်၊ ယဒိအတ္ထိ-အကယ်၍ ရှိအံ့၊ ဝေ-ဤသို့ ရှိသည်၊ သတိ-ရှိသော်၊ သံဃော-သံဃာသည်၊ ပဝါရေယျ-ဖိတ်ရာ၏။

ဤသို့ ဥတ်ထားပြီးလျှင် သီတင်းကြီးသော ရဟန်းသည် လက်အုပ်ချီ၍-

သံဃံ အာဝုသော ပဝါရေမိ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ-ဟု တိက္ခတ္တုံ။

အဓိပ္ပာယ်- အာဝုသော-ငါ့ရှင်တို့၊ အဟံ-ငါသည်၊ သံဃံ-သံဃာကို၊ ပဝါရေမိ-ဖိတ်၏၊ ဒိဋ္ဌေန ဝါ-မြင်သဖြင့်ဖြစ်စေ၊ သုတေန ဝါ-ကြားသဖြင့်ဖြစ်စေ၊ ပရိသင်္ကာယ ဝါ-ယုံမှားသင်္ကာရှိသဖြင့်ဖြစ်စေ၊ အာယသ္မန္တော-အရှင်တို့သည်၊ မံ-ငါ့ကို၊ အနုကမ္ပံ-အစဉ်သနားသည်ကို၊ ဥပါဒါယ-အကြောင်းပြု၍၊ ဝဒန္တု-ဆိုကုန်လော့၊ ပဿန္တော-အပြစ်ကို မြင်သည်ရှိသော်၊ အဟံ-ငါသည်၊ ပဋိကရိဿာမိ-ကုပါအံ့။

ဤသို့ သီတင်းကြီးဖိတ်ပြီးမှ သီတင်းငယ် ရဟန်းတို့က လက်အုပ်ချီ၍-

သံဃံ ဘန္တေ ပဝါရေမိ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ- ဟု တိက္ခတ္တုံ။

ဂဏပဝါရဏာကား- "အနုဇာနာမိ ဘိက္ခဝေ စတုန္နံ အညမညံ ပဝါရေတုန္တိ" ဟု-ခွင့်ပြုတော်မူသောကြောင့် လေးယောက်သော ရဟန်းတို့သည် တသိမ်တည်း၌ စည်းဝေး၍ ပုဗ္ဗကရဏ ပုဗ္ဗကိစ္စ ပတ္တကလ္လတို့ကို ပြည့်စုံစေပြီး၍ သီတင်းကြီးသော ရဟန်းသည် လက်အုပ်ချီ၍-

သုဏန္တု မေ အာယသ္မန္တော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပဝါရေယျာမ-ဟု တိက္ခတ္တုံ ဂဏဉတ်ထား။

အတ္ထကား- အာယသ္မန္တော-အသက်ရှည်သော အရှင်တို့၊ မေ မမ-ငါ၏၊ ဝစနံ-စကားကို၊ သုဏန္တု-နာကုန်လော့၊ အဇ္ဇ-ယနေ့၊ ပဝါရဏာ-သည်၊ ပန္နရသီ-ပန္နရသီ ပဝါရဏာတည်း၊ အာယသ္မန္တာနံ-အရှင်တို့အား၊ပတ္တကလ္လံ-လျောက်ပတ်သော အခါသည်၊ ယဒိဘဝေယျ - ဖြစ်ရာ၏၊ မယံ-ငါတို့သည်၊ အညမညံ-အချင်းချင်း၊ ပဝါရေယျာမ – ဖိတ်ကြကုန်အံ့။ (ဤကား ဉတ် အနက်။) ဉတ်ထားပြီးလျှင် သီတင်းကြီးရဟန်းက လက်အုပ်ချီ၍-

အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။

အတ္ထကား- အာဝုသော-ငါ့ရှင်တို့၊ အဟံ-ငါသည်၊ အာယသ္မန္တေ-အရှင်တို့ကို၊ ပဝါရေမိ-ဖိတ်၏၊ ဒိဋ္ဌေန ဝါ-မြင်သဖြင့်ရင်း၊ သုတေန ဝါ-ကြားသဖြင့်ရင်း၊ ပရိသင်္ကာယ ဝါ-ယုံမှားသဖြင့်ရင်း၊ မံ-ငါ့ကို၊ အာယသ္မန္တော-အရှင်တို့သည်၊ အနုကမ္ပံ-အစဉ်သနားသည်ကို၊ ဥပါဒါယ-အကြောင်းပြု၍၊ ဝဒန္တု - ဆိုကုန်လော့၊ ပဿန္တော - အပြစ်ကိုမြင်ကုန်သည် ရှိသော်၊ ပဋိ-ကရိဿာမိ ကုပါအံ့။ ဟု-သုံးကြိမ် ဖိတ်ပြီးသော် သီတင်းငယ်ရဟန်းက-

အဟံ ဘန္တေ အာယသ္မန္တေ ပဝါရေမိ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။ ။ဟု-သုံးကြိမ် ဖိတ်အပ်၏၊ (အနက်မှာ-ဘန္တေ-အရှင်ဘုရားတို့ ဟူ၍သာ ခြားသည် အတူတူ။)

အနုဇာနာမိ ဘိက္ခဝေ တိဏ္ဏံ အညမညံ ပဝါရေတုန္တိ။

ဘိက္ခဝေ-တို့၊ တိဏ္ဏံ-သုံးယောက်ကုန်သော ရဟန်းတို့အား၊ အညမညံ-အချင်းချင်း၊ ပဝါရေတုံ-ဖိတ်စိမ့်သောငှါ၊ အနုဇာနာမိ-ခွင့်ပြုတော်မူ၏။

ဟု-ခွင့်ပြုတော်မူသောကြောင့် သုံးယောက်သော ရဟန်းတို့သည် သိမ်သို့ ကပ်၍ တယောက်သော ရဟန်းသည် လက်အုပ်ချီ၍-

သုဏန္တု မေ အာယသ္မန္တာ၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒါ-ယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပဝါရေယျာမ။

ဟု-ဉတ်ကို သုံးကြိမ်ထား၍ သီတင်းကြီးသော ရဟန်းက-

အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ၊ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တာ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။

ဟု-သုံးကြိမ် သိတင်းကြီး ရှုတ်ဖိတ်ပြီးလျှင် သိတင်းငယ် ရဟန်းက-

အဟံ ဘန္တေ အာယသ္မန္တေ ပဝါရေမိ၊ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ၊ ဟု-သုံးကြိမ်ဖိတ်အပ်၏။

"အနုဇာနာမိ ဘိက္ခဝေ ဒွိန္နံ အညမညံ ပဝါရေတုန္တိ" ဟု ခွင့်ပြုတော်မူသောကြောင့် နှစ်ပါးသော ရဟန်းဖြစ်မူကား ဥတ်မထားမူ၍ သိတင်းကြီးသော ရဟန်းက လက်အုပ်ချီ၍-

အဟံ အာဝုသော အာယသ္မန္တံ ပဝါရေမိ၊ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ ဝဒတု မံ အာယသ္မာ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။

ဟု သုံးကြိမ်ဖိတ်အပ်၏၊ သိတင်းငယ်ရဟန်းက-

အဟံ ဘန္တေ အာယသ္မန္တံ ပဝါရေမိ၊ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ ဝဒတု မံ အာယသ္မာ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။ ။ဟု-သုံးကြိမ် ရှုတ်အပ်၏။

ပုဂ္ဂလပဝါရဏာ ဟူသော်ကား- "ပုဗ္ဗကိစ္စံ သမာပေတွာ အဓိဋ္ဌေယျေ မေ ကခတာ" ဟု-ခုဒ္ဒသိက္ခာ၌ ဆိုသောကြောင့် တယောက်သော ရဟန်းသည် သိမ်သို့ ကပ်၍ ပုဗ္ဗကိစ္စကို ပြည့်စုံစေပြီး၍ တပါးသော ရဟန်းတို့၏ မလာသည်ကို နှလုံးပိုက်၍-

အဇ္ဇ မေ ပဝါရဏာ ပန္နရသီ အဓိဋ္ဌာမိ။

ဟု-သုံးကြိမ် ရှုတ်အပ်၏၊ စာတုဒ္ဒသီ ပဝါရဏာနေ့ ဖြစ်မူ-

အဇ္ဇ မေ ပဝါရဏာ စာတုဒ္ဒသီ အဓိဋ္ဌာမိ။

ဟု-သုံးကြိမ် ရှုတ်အပ်၏၊ ဤကား ပုဂ္ဂလ ပဝါရဏာတည်း။

ဒွေဝါစိက ပဝါရဏာ ဟူသည်ကား- အန္တရာယ်ဆယ်ပါးတို့တွင် တပါးပါး ရှိသည်ဖြစ်အံ့၊ရဟန်းတို့သည် ငြင်းခုံခြင်း ဖြစ်အံ့၊ လူတို့သည် လှူခြင်းဒါနများအံ့၊ ထိုသို့ဖြစ်သည်ရှိသော် တေဝါစိက ပဝါရဏာ ပြုအံ့သော နေ့ညဉ့်သည် နည်း၏၊ သံဃာတို့သည် အကယ်၍ တေဝါစိက ပဝါရဏာကို ပြုသည်ဖြစ်အံ့၊ ပဝါရဏာပြုသည် မမည်၊ ပဝါရဏာပြုသည် မဖြစ်ရာ၊ ညဉ့်၏ ကုန်ခြင်းသို့ ရောက်ရာ၏၊ ဤသို့ အကြောင်းရှိသော် ဒွေဝါစိက ပဝါရဏာကို

ပြုရာ၏၊ အဘယ်သို့ ပြုရာသနည်းဟူမူ တယောက်သော ရဟန်းသည် လက်အုပ်ချီ၍-

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဒွေဝါစိကံ ပဝါရေယျ။ ။ဟု-သီတင်းကြီး ရဟန်းက ဉတ်ထားပြီးလျှင်-

သံဃံ အာဝုသော ပဝါရေမိ၊ ဒိဋ္ဌေနဝါ သုတေနဝါ ။ပ။ ပဋိကရိဿာမိ၊

ဟု- နှစ်ကြိမ်ရွတ်ပြီးမှ "ဥတရေပတိ ဘန္တေတိ ဝတွာ ဧဝမေဝ ဝတ္တဗ္ဗံ" ဟု ဆိုသောကြောင့် သီတင်းငယ် ရဟန်းတို့က လက်အုပ်ချီ၍-

သံဃံ ဘန္တေ ပဝါရေမိ။ပ။ပဋိကရိဿာမိ။

ဟု-နှစ်ကြိမ်စီ ရွတ်အပ်၏၊ ဤသို့ နှစ်ကြိမ်စီ ရွတ်ခြင်းသည် ဒွေဝါစိက ပဝါရဏာ မည်၏။

ဧကဝါစိက ပဝါရဏာ ဟူသည်ကား- ယခင် ဆိုခဲ့ပြီးသော အန္တရာယ်အကြောင်း ရှိသည်ဖြစ်အံ့၊ တပါးသောရဟန်းသည် လက်အုပ်ချီ၍-

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ။ပ။ သံဃော ဧကဝါစိကံ ပဝါရေယျ။

ဟု ဉတ်ကို ထား၍ ပဝါရဏာကို တကြိမ်စီ ရွတ်ခြင်းသည် ဧကဝါစိက ပဝါရဏာ မည်၏။

သမာနဝဿိက ပဝါရဏာ ဟူသည်ကား- "ဒွေစ ဗဟူပိ သမာနဝဿာ ဧကတော ပဝါရေတုံ လဗ္ဘန္တိ" ဒွေစ-ဤဉပုသ်အိမ် သိမ်၌ ဗဟူပိ-များစွာလည်း ဖြစ်ကုန်သော၊ သမာနဝဿာဝါ- ဝါတူ ရဟန်းတို့သည်၊ ဧကတော-တပေါင်းတည်း၊ ဝါ-တပြိုင်နက်၊ ပဝါရေတုံ-ပဝါရဏာ ပြုခြင်းငှါ၊ လဗ္ဘန္တိ - ရအပ်ကုန်၏- ဟု ကင်္ခါ အဋ္ဌကထာ၌ လာသောကြောင့် တယောက်သော ရဟန်းသည် လက်အုပ်ချီ၍-

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ။ပ။ သံဃော သမာနဝဿိကံ ပဝါရေယျ။

ဟု ဉတ်ထားပြီးလျှင် ဝါတူခြင်း, တပေါင်းတည်း တပြိုင်နက် ပဝါရဏာကို ရွတ်ကြခြင်းသည် သမာနဝဿိက ပဝါရဏာ မည်၏။ ထိုကြောင့် ကင်္ခါဋီကာ၌-

ပဝါရဏာကမ္မေပိ သတိ အန္တရာယေ ဒွေဝါစိကံ ကေဝါစိကံ သမာနဝဿိကံ ပဝါရေတုံ ဝဋ္ဋတိ။

အဓိပ္ပာယ်ကား– ပဝါရဏာကမ္မေပိ - ပဝါရဏာ ကံ၌လည်း၊ အန္တရာယေ- သည်၊ သတိ-သော်၊ ဒွေဝါစိကံဝါ-ဒွေဝါစိက ပဝါရဏာကိုရင်း၊ ကေ- ဝါစိကံဝါ–ကိုရင်း၊ သမာနဝဿိကံဝါ-သမာနဝဿိက ပဝါရဏာကိုရင်း၊ ပဝါရေတုံ-ပဝါရဏာ ပြုခြင်းငှါ၊ ဝဋ္ဋတိ-အပ်၏။

ဟု ဆိုသောကြောင့် ဒွေဝါစိကပဝါရဏာ, ကေဝါစိက ပဝါရဏာ, သမာနဝဿိကပဝါရဏာတို့ကို တစုံတခုသော အန္တရာယ်ကြောင့် ပြီးလွယ် စိမ့်သောငှါ သံဃာတို့အား ခွင့်ပြုတော်မူသည်ဟု သိအပ် မှတ်အပ်၏၊ ဤကား ပဝါရဏာ ကိုးပါးတည်း၊ ထိုပဝါရဏာကို သိက္ခာသုံးပါးကို အလိုရှိသော ထေရ်ရဟန်းတို့ ကြိုးပမ်း၍ ကြည့်ရှု မှတ်သားကြစေကုန်သတည်း။

(၃) ဥပုသ်ကံ လေးပါး ဟူသည်ကား

အဓမ္မေန ဝဂ္ဂန္တိ ဧတ္ထ ကေသိမာယံ စတူသု ဘိက္ခူသု ဝိဇ္ဇမာ- နေသု ပါတိမောက္ခုဒ္ဒေသော ၀ အနုညာတော၊ တီသု ဒွီသုစ ပါရိ- သုဒ္ဓိဉပေါသထော၀၊ ဣဓ ပန တထာ အကတတ္တာ အဓမ္မေနာတိ ဝုတ္တံ၊ ယသ္မာပန ဆန္ဒပါရိသုဒ္ဓိ သံဃေဝ ဂစ္ဆတိ၊ န ဂဏေ ပုဂ္ဂလေ၊ တသ္မာ ဝဂ္ဂန္တိ ဝုတ္တံ–ဟု ကင်္ခါဋီကာ၌ လာ၏။

အဓိပ္ပာယ်ကား- အဓမ္မေန ဝဂ္ဂန္တိဧတ္ထ ပါဌေ ။ပ။ ဟူသောဤပါဌ်၌၊ ကေသီ- မာယံ-တသိမ်တည်း၌၊ စတူသု ဘိက္ခူသု-လေးယောက်ကုန်သော ရဟန်းတို့ သည်၊ ဝိဇ္ဇမာနေသု-ရှိကုန်သော်၊ ပါတိမောက္ခုဒ္ဒေသော၀ - ပါတိမောက် ပြခြင်းကိုသာလျှင်၊ အနုညာတော - ခွင့်ပြုတော်မူ၏၊ တီသု - သုံးယောက် သော ရဟန်းတို့၌ရင်း၊ ဒွီသုစ နှစ်ယောက်သော ရဟန်းတို့၌ရင်း၊ ပါရိသုဒ္ဓိ ဥပေါသထော၀ - ပါရိသုဒ္ဓိ ဥပုသ်ကိုသာလျှင်၊ အနုညာတော-ခွင့်ပြုတော် မူ၏၊ ဣဓပန-ဤအရာ၌ကား၊ တထာ ထိုသို့ခွင့်ပြုတော်မူတိုင်း၊အကတတ္တာ- မပြုသောကြောင့်၊ အဓမ္မေနာတိ-အဓမ္မဟူ၍၊ ဝုတ္တံ-မိန့်အပ်၏၊ ယသ္မာပန- အကြင်ကြောင့်ကား၊ ဆန္ဒပါရိသုဒ္ဓိ-ဆန္ဒပါရိသုဒ္ဓိသည်၊ သံဃေဝ-သံဃာ၌ သာလျှင်၊ ဂစ္ဆတိ – ရောက်၏၊ ဂဏေပုဂ္ဂလေ – ဂိုဏ်းပုဂ္ဂိုလ်၌၊ န ဂစ္ဆတိ– မရောက်၊ တသ္မာ-ထို့ကြောင့်၊ ဝဂ္ဂန္တိ-ဝဂ်ဟူ၍၊ဝုတ္တံ-မိန့်အပ်၏။

ထိုပါဌ်၏ အဓိပ္ပါယ်ကား– တသိမ်တည်း၌ နေသော လေးယောက်ကုန် သော ရဟန်းတို့သည် ရှိကုန်သော် ပါတိမောက်ကို ပြခြင်းကိုသာလျှင် ခွင့်ပြု

တော်မူ၏၊ သုံးယောက်သောရဟန်း, နှစ်ယောက်သော ရဟန်း ရှိကုန်သော် ပါရိသုဒ္ဓိဥပုသ်ကို ခွင့်ပြုတော်မူ၏၊ ဤအရာ၌ကား ခွင့်ပြုတော်မူသော အခြင်းအရာဖြင့် မပြုသည်၏ အဖြစ်ကြောင့် အဝမ္မေန-ဟု မိန့်၏၊ ဆန္ဒပါရိသုဒ္ဓိသည် သံဃာရှိရာ၌သာ ရောက်၏၊ ဂိုဏ်းပုဂ္ဂိုလ်၌ မရောက်၊ထို့ကြောင့် ဝဂ်ဖြစ်၏ဟု မှတ်ရမည်။

> စတုဗ္ဗိဓံ ဥပေါသထကမ္မန္တိ အဓမ္မေန ဝဂ္ဂံ ဥပေါသထကမ္မံ၊ အဓမ္မေန သမဂ္ဂံ ဥပေါသထကမ္မံ၊ ဓမ္မေန ဝဂ္ဂံ ဥပေါသထကမ္မံ၊ ဓမ္မေန သမဂ္ဂံ ဥပေါသထကမ္မန္တိ။

ဟူသောပါဠိနှင့်အညီ တရားမဟုတ်သဖြင့် ဝဂ်ဖြစ်သော ဥပုသ်ကံ၊ တရားမဟုတ်သဖြင့် ညီညွတ်သော ဥပုသ်ကံ၊ တရားဟုတ်သဖြင့် ဝဂ်ဖြစ်သော ဥပုသ်ကံ၊တရားဟုတ်သဖြင့် ညီညွတ်သော ဥပုသ်ကံ-ဟူ၍ လေးပါးတည်း။

သိသာစေလွယ် အဓိပ္ပါယ် တနည်းကား- တသိမ်တည်း၌ လေးယောက်ကုန်သော ရဟန်းတို့သည် နေကုန်၏၊ ထိုလေးယောက်တို့တွင် တယောက်သော ရဟန်း၏ ဆန္ဒပါရိသုဒ္ဓိကို ဆောင်၍ သုံးယောက်သော ရဟန်းတို့သည် ဂဏဉတ်ကို ထား၍ ပါရိသုဒ္ဓိဥပုသ်ကို ပြုအံ၏။

သုံးယောက်သော ရဟန်းတို့သည် တသိမ်တည်း၌ ရှိကုန်သော် တယောက်သော ရဟန်း၏ ဆန္ဒပါရိသုဒ္ဓိကို နှစ်ယောက်သော ရဟန်းတို့သည် သံဃာ့ဉတ်ကို ထား၍ ပါတိမောက်ကို ပြ၏၊ထိုသို့ပြခြင်းသည် တရားမဟုတ်သဖြင့် ဝဂ်ဖြစ်သောကြောင့် အဓမ္မဝဂ္ဂ ဥပေါသထကံ မည်၏။

အကယ်၍ကား လေးယောက်သော ရဟန်းတို့သည် စည်းဝေး၍ ဂဏဉတ်ကို ထား၍ ပါရိသုဒ္ဓိကို ပြုကုန်၏၊သုံးယောက်သော ရဟန်း, နှစ်ယောက်သော ရဟန်းတို့သည် သံဃာ့ဉတ်ကို ထား၍ ပါတိမောက်ကို ပြကုန်၏၊ ထိုသို့ပြခြင်းသည် အဓမ္မေန သမဂ္ဂဥပုသ်ကံ မည်၏။

လေးယောက်သော ရဟန်းတို့တွင် တယောက်သောရဟန်း၏ ပါရိသုဒ္ဓိကို ဆောင်၍ သုံးယောက်သော ရဟန်းတို့သည် သံဃာ့ဉတ်ကို ထား၍ ပါတိမောက်ကို ပြကုန်၏၊ သုံးယောက်သော ရဟန်းတို့တွင် တယောက်သော ရဟန်း၏ ပါရိသုဒ္ဓိကိုဆောင်၍ နှစ်ယောက်သော ရဟန်းတို့သည် ဂဏဉတ်ကို ထား၍ ပါရိသုဒ္ဓိကို ပြုကုန်၏၊ ထိုသို့ပြုခြင်းသည် ဓမ္မေန ဝဂ္ဂဥပုသ်ကံ မည်၏။

လေးယောက်သော ရဟန်းတို့သည် တသိမ်တည်း၌ စည်းဝေး၍ သံဃာ့ဉတ်ကို ထား၍ ပါတိမောက်ကို ပြကုန်၏၊ သုံးယောက်သော ရဟန်းတို့ စည်းဝေး၍ ပါရိသုဒ္ဓိကို ပြုကုန်၏၊ နှစ်ယောက်သော ရဟန်းသည် အချင်းချင်း ပါရိသုဒ္ဓိဥပုသ်ကို ပြုကုန်၏၊ တယောက်သော ရဟန်းသည် အဓိဋ္ဌာန် ဥပုသ်ကို ပြုကုန်၏၊ ထိုသို့ပြုခြင်းသည် ဓမ္မေန သမဂ္ဂဥပုသ်ကံ မည်၏၊ ဤကား ဥပုသ်ကံ လေးပါးတည်း။

၄-ပဝါရဏာကံ လေးပါး ဟူသည်ကား

စတုဗ္ဗိမံ ပဝါရဏာ ကမ္မန္တိ အဓမ္မေန ဝဂ္ဂံ ပဝါရဏာ ကမ္မံ၊အဓမ္မေန သမဂ္ဂံ ပဝါရဏာ ကမ္မံ၊ ဓမ္မေန ဝဂ္ဂံ ပဝါရဏာကမ္မံ၊ ဓမ္မေန သမဂ္ဂံ ပဝါရဏာကမ္မန္တိ။

ဟူသော ပါဠိနှင့်အညီ တရားမဟုတ်သဖြင့် ဝဂ်ဖြစ်သော ပဝါရဏာကံ၊ တရားမဟုတ်သဖြင့် ညီညွတ်သော ပဝါရဏာကံ၊ တရားဟုတ်သဖြင့် ဝဂ်ဖြစ်သော ပဝါရဏာကံ၊ တရားဟုတ်သဖြင့် ညီညွတ်သော ပဝါရဏာကံ-ဟူ၍ လေးပါးတည်း။

တသိမ်တည်း၌ ငါးယောက်သော ရဟန်းတို့သည် နေကုန်သည်ရှိသော် တယောက်သော ရဟန်း၏ ပဝါရဏာကို ဆောင်၍ လေးယောက်သော ရဟန်းတို့သည် ဂဏဉတ်ကို ထား၍ ဂဏ ပဝါရဏာကို ပြုကုန်၏၊ လေးယောက်သော ရဟန်းတို့သည်၎င်း, သုံးယောက်သော ရဟန်းတို့သည်၎င်း တသိမ်တည်း၌ နေကုန်သည်ရှိသော် တယောက်သော ရဟန်း၏ ပဝါရဏာကို ဆောင်၍ သုံးယောက်သော ရဟန်း, နှစ်ယောက်သော ရဟန်းတို့သည် သံဃာ့ဉတ်ကို ထား၍ သံဃာ့ပဝါရဏာကို ပြုကုန်၏၊ ထိုသို့ ပြုခြင်းသည် အဓမ္မေန ဝဂ္ဂပဝါရဏာကံမည်၏။

အကယ်၍ အလုံးစုံ ငါးယောက်သော ရဟန်းတို့သည် စည်းဝေး၍ ဂဏဉတ်ကို ထား၍ ဂဏ ပဝါရဏာကို ပြုကုန်၏၊ လေးယောက်သော ရဟန်း, သုံးယောက်သော ရဟန်းတို့သည် သံဃာ့ဉတ်ကို ထား၍ သံဃာ့ ပဝါရဏာကို ပြုကုန်၏၊ ထိုသို့ပြုခြင်းသည် အဓမ္မေန သမဂ္ဂ ပဝါရဏာကံမည်၏။

ငါးယောက်သော ရဟန်းတို့တွင် တယောက်သော ရဟန်း၏ ပဝါရဏာကို ဆောင်၍ လေးယောက်သော ရဟန်းတို့သည် သံဃာ့ဉတ်ကို ထား၍ သံဃာ့ပဝါရဏာကို ပြုကုန်၏၊ လေးယောက်သော ရဟန်း, သုံးယောက်

သော ရဟန်းတို့တွင် တယောက်သော ရဟန်း၏ ပဝါရဏာကို ဆောင်၍ သုံးယောက်သော ရဟန်း, နှစ်ယောက်သော ရဟန်းတို့သည် ဂဏဉတ်ကို ထား၍ ဂဏပဝါရဏာကို ပြုကုန်၏၊ ထိုသို့ ပြုခြင်းသည် ဓမ္မေန ဝဂ္ဂပဝါရဏာ ကံ မည်၏။

အလုံးစုံသော ငါးယောက်သော ရဟန်းတို့သည် တပေါင်းတည်း စည်းဝေး၍ သံဃာ့ဉတ်ကို ထား၍ သံဃာ့ပဝါရဏာ ပြုကုန်၏၊ လေးယောက်သော ရဟန်း, သုံးယောက်သော ရဟန်းတို့သည် ဂဏဉတ်ကို ထား၍ ဂဏပဝါရဏာကို ပြုကုန်၏၊ နှစ်ယောက်သော ရဟန်းသည် အချင်းချင်း ပဝါရဏာ ပြုကုန်၏၊ တယောက်သော ရဟန်းသည် အဓိဋ္ဌာန် ပဝါရဏာကို ပြုကုန်၏၊ ထိုသို့ ပြုခြင်းသည် ဓမ္မေန သမဂ္ဂ ပဝါရဏာကံမည်၏။ ။ဤကား ပဝါရဏာကံ လေးပါးတည်း။

၅–ပါတိမောက် နှစ်ပါး ဟူသည်ကား

ဒွိဝိမံ ပါတိမောက္ခန္တိ ဘိက္ခုပါတိမောက္ခံ ဘိက္ခုနီပါတိမောက္ခန္တိ ဒွိဝိမံ ပါတိမောက္ခံ။

ဟူသော ပါဠိနှင့်အညီ ဘိက္ခုပါတိမောက်, ဘိက္ခုနီပါတိမောက်အားဖြင့် ဤနှစ်ပါးတည်း။

၆–ပါတိမောက္ခုဒ္ဒေသ ကိုးပါး ဟူသည်ကား

နဝဝိမံ ပါတိမောက္ခုဒ္ဒေသန္တိ ဘိက္ခူနံ ပဉ္စုဒ္ဒေသာ၊ ဘိက္ခုနီနံ ဥပေတွာ အနိယတုဒ္ဒေသာ အဝသေသာ စတ္တာရောတိ နဝဝိမံ ပါတိမောက္ခုဒ္ဒေသံ။

ဟူသော ကင်္ခါပါဠိနှင့်အညီ နိဒါနုဒ္ဒေသ, ပါရာဇိကုဒ္ဒေသ, သံဃာဒိသေသုဒ္ဒေသ, အနိယတုဒ္ဒေသ, ဝိတ္ထာရုဒ္ဒေသ– ဤငါးပါးကား ဘိက္ခုဥဒ္ဒေသတည်း၊ နိဒါနုဒ္ဒေသ, ပါရာဇိကုဒ္ဒေသ, သံဃာဒိသေသုဒ္ဒေသ,ဝိတ္ထာရုဒ္ဒေသ, ဤလေးပါးကား ဘိက္ခုနီဥဒ္ဒေသတည်း၊ ဘိက္ခုဥဒ္ဒေသ, ဘိက္ခုနီဥဒ္ဒေသ, ၎င်းနှစ်ပါးကို ပေါင်း၍ ဥဒ္ဒေသကိုးပါး ဖြစ်သတည်း။

၇–အာပတ္တိ နှစ်ပါး ဟူသည်ကား

ကာယဒွါရေ အာပဇ္ဇိတဗ္ဗာ ကာယကမ္မန္တိ ဝုစ္စတိ၊ ဝစီဒွါရေ အာပဇ္ဇိတဗ္ဗာ ဝစီကမ္မန္တိ ဝုစ္စတိ။

ဟူသော ကင်္ခါပါဠိနှင့်အညီ ကာယဒွါရကြောင့်ဖြစ်သော ဝစီဒွါရကြောင့် ဖြစ်သော အာပတ်နှစ်ပါးတည်း။

ဂ-အနာပတ္တိ တပါး ဟူသည်ကား

"မနောဒွါရေ အာပတ္တိနာမ နတ္ထိ" ဟူသော ကင်္ခါပါဠိနှင့်အညီ မနော ဒွါရ ဖြင့် အာပတ်သင့်ခြင်းသို့ မရောက်သောကြောင့် အနာပတ္တိတပါးတည်း။

၉-သာဝသေသာပတ္တိ ခြောက်ပါး ဟူသည်ကား

"သ အာပတ္တိက္ခန္ဓာ သာဝသေသာပတ္တိနာမ" ဟူသော ကင်္ခါပါဠိနှင့် အညီ သံဃာဒိသိသ်, ထုလ္လစ္စည်း, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်, ဒုဗ္ဘာသိ ဤခြောက်ပါးသည် အကြွင်းသိက္ခာပုဒ် ရှိသေးသောကြောင့် သာဝသေသာ-ပတ္တိ မည်၏။

၁၀-အနာဝသေသာပတ္တိ တပါး ဟူသည်ကား

"ဧကော ပါရာဇိကာပတ္တိက္ခန္ဓာ အနာဝသေသာပတ္တိ နာမ" ဟူသော ကင်္ခါပါဠိနှင့် အညီ ပါရာဇိက အာပတ်သည် သာဇီဝ အကြွင်းမရှိသော ကြောင့် အနာဝသေသာပတ္တိ မည်၏။

၁၁-ဒုဋ္ဌုလ္လာပတ္တိ နှစ်ပါး ဟူသည်ကား

"ဒွေ အာပတ္တိက္ခန္ဓာ ဒုဋ္ဌုလ္လာပတ္တိနာမ" ဟူသော ကင်္ခါ အဋ္ဌကထာနှင့် အညီ ပါရာဇိက, သံဃာဒိသိသ် ဤနှစ်ပါးသည် ရုန့်ရင်း ကြမ်းထမ်းသော အာပတ် ဖြစ်သောကြောင့် ဒုဋ္ဌုလ္လ အာပတ်မည်၏။

၁၂-အဒုဋ္ဌုလ္လာပတ္တိ ငါးပါး ဟူသည်ကား

"ပဉ္စာပတ္တိက္ခန္ဓာ အဒုဋ္ဌုလ္လာပတ္တိနာမ" ဟူသော ကင်္ခါ အဋ္ဌကထာနှင့် အညီ ထုလ္လစ္စည်း, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်, ဒုဗ္ဘာသိ ဤငါးပါးသည် အဒုဋ္ဌုလ္လာပတ္တိ မည်၏။

၁၃-ဂရုကာပတ္တိ နှစ်ပါး ဟူသည်ကား

"ဒွေ အာပတ္တိက္ခန္ဓာ ဂရုကာပတ္တိ နာမ" ဟူသော ကင်္ခါ အဋ္ဌကထာနှင့် အညီ ပါရာဇိက အာပတ်, သံဃာဒိသိသ် အာပတ် ဤနှစ်ပါးတို့သည် အပြစ် လေးသောကြောင့် ဂရုက အာပတ်မည်၏။

၁၄-လဟုကာပတ္တိ ငါးပါး ဟူသည်ကား

'ပဥ္စာပတ္တိက္ခန္ဓာ လဟုကာပတ္တိ နာမ'' ဟု ကခါ၌ ဆိုသောကြောင့် ထုလ္လစ္စည်း, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်, ဒုဗ္ဘာသိ ဤငါးပါးသည် အပြစ်ပေါ့သောကြောင့် လဟုကာပတ္တိ ငါးပါး မည်၏။

၁၅-ကုဋိ လေးပါး ဟူသည်ကား

အနုဇာနာမိ ဘိက္ခဝေ စတဿော ကပ္ပိယ ကုဋိယော။

ဘိက္ခဝေ-တို့၊ စတဿော-လေးပါးကုန်သော၊ ကပ္ပိယ ကုဋိယော-ကပ္ပိယ ကုဋိတို့ကို၊ အနုဇာနာမိ-ခွင့်ပြုတော်မူ၏။

ဟု-မဟာဝါပါဠိတော် လာသည်နှင့် အညီ ဥဿာဝနန္တိကကုဋိ၊ ဂေါနိသာဒိကကုဋိ၊ ဂဟပတိကုဋိ၊ သမ္မုတိကုဋိ ဟူ၍-လေးပါးတည်း၊ ထိုလေးပါးတို့တွင် ဥဿာဝနန္တိကကုဋိသည်-

ဂေဟေ သံဃဿဝေကဿ၊ ကရမာနေဝ မိရိယံ၊
ပဌမိဋ္ဌကထမ္ဘာဒိံ၊ ဌပေယျုဿာဝနန္တိကာ၊
ကပ္ပိယကုဋိံ ကရောမ၊ ကပ္ပိယကုဋိံ ကရောမာတိ။

အတ္ထကား- ယေဘုယျေန -များသောအားဖြင့်၊ သံဃဿဝါ-သံဃာ၏ ဥစ်း၊ ဧကဿဝါ-တယောက်သော ရဟန်း၏, တပါးပါးသော ပုဂ္ဂိုလ်၏ ဥစ်း၊ ဂေဟေ-ကျောင်းကို၊ ကရမာနေ-သော်၊ ကပ္ပိယကုဋိံကရောမ ကပ္ပိယကုဋိံကရောမာတိ-ကပ္ပိယကုဋိံကရောမ, ကပ္ပိယကုဋိံ ကရောမ ဟူ၍၊ ဇဝံ-ဤသို့၊ ဠရိယံ ဠရိယန္တော - ဆိုလျက်၊ ပဌမိဋ္ဌကထမ္ဘာဒိံ-ရှေးဦးစွာ မြေသို့သက်သော အုတ်, ရှေးဦးစွာစိုက်သော တိုင် အစရှိသည်ကို၊ ဌပေယျ-ထားရာ၏၊ သော-ဤကပ္ပိယ ကုဋိသည်၊ ဥဿာဝနန္တိကာ - ဥဿာဝနန္တိက ကုဋိ မည်၏။

ဟု-ခုဒ္ဒသိက္ခာ ဘူမိနိဒ္ဒေသ၌ ဆိုသောကြောင့် သံဃာဥစ္စာ ပုဂ္ဂိုလ်ဥစ္စာ ဖြစ်သော ရှေးဦးစွာသော သည်တိုင်, အုတ်ကျောက်တို့ကို ချသောအခါ ဒါယကာတို့နှင့် များစွာသောရဟန်းတို့ခြံရံ၍ ကပ္ပိယကုဋိံကရောမ-ဟု တိုင်, အုတ် ကျောက် မြေသို့ ကျသည်နှင့် တပြိုင်နက် မရှေး မနှောင်း ကျစဉ်ဆို၍ ပြုသော ကုဋိသည် သမုတ်ခြင်းတို့၏အဆုံး၌ ဖြစ်သောကြောင့် ဥဿာဝနန္တိက ကုဋိမည်၏။ ။ဂေါနိသာဒိက ကုဋိ ဟူသည်ကား-

ယေဘုယျေန အပရိက္ခိတ္တော အာရာမော သကလောပိ ဝါ
ဝုစ္စတေ ဂေါနိသာဒီတိ။

ယေဘုယျေန-များသောအားဖြင့်၊အပရိက္ခိတ္တော-အရံမရှိသော၊ အာရာမော ဝါ - ကျောင်းကိုလည်းကောင်း၊ သကလော-အလုံးစုံ အရံမရှိသော၊ အာရာမော ဝါ-ကျောင်းကို လည်းကောင်း၊ ဂေါနိသာဒီတိ - ဂေါနိသာဒိ ကုဋ္ဋိဟူ၍၊ ဝုစ္စတေ-ဆိုအပ်၏။

ဟု ခုဒ္ဒသိက္ခာဘူမိနိဒ္ဒေသ၌ ဆိုသောကြောင့် အာရာမဂေါနိသာဒိက ကုဋ္ဋိ, ဝိဟာရဂေါနိသာဒိက ကုဋ္ဋိဟု နှစ်ပါး အပြားရှိ၏၊ ထို နှစ်ပါးတို့တွင် အာရာမဂေါနိသာဒိကကုဋ္ဋိ ဟူသည်ကား-သံဃာ့ဥစ္စာ,ပုဂ္ဂိုလ်ဥစ္စာဖြင့် နေရာ အလို့ငှါ ကုဋ္ဋိကို ပြုအံ့ ၊ထိုသို့ပြုရာ၌ အရံ ဥပစာရ အုတ်တံတိုင်းမရှိ၊ ကျောင်း သည်လည်း အရံ မရှိကုန်၊ထိုကုဋ္ဋိသည် အာရာမဂေါနိသာဒိက ကုဋ္ဋိမည်၏။

ဝိဟာရဂေါနိသာဒိကကုဋ္ဋိ ဟူသည်ကား-အကြင်ကျောင်းသည် အလုံးစုံ သည်လည်းကောင်း, အချို့တို့သည်လည်းကောင်း အရံ ရှိ၏၊ တံတိုင်း ဥပစာ အရံသည်ကား မရှိ၊ ထိုကုဋ္ဋိသည် ဝိဟာရဂေါနိသာဒိက ကုဋ္ဋိမည်၏၊ ထိုနှစ် ပါးသော ကုဋ္ဋိ၌ ဥပစာအရံ မရှိသည်သာလျှင် ပမာဏ ဖြစ်သည်၊ ကျောင်း၌ အရံမရှိသည်ကား ပမာဏ မဟုတ်။ ။ဂဟပတိ ကုဋ္ဋိ ဟူသည်ကား-

ဘိက္ခုံ ဌပေတွာ အညေဟိ၊ ဒိန္နော တေသံဝ သန္တကော၊
အတ္ထာယ ကပ္ပိယကုဋ္ဋိယာ၊ ဂေဟော ဂဟပတီ မတော။

အနက်ကား- ဘိက္ခုံ-ရဟန်းယောက်ျားကို၊ ဌပေတွာ-ထား၍၊ အညေဟိ-တပါးကုန်သော သူတို့သည်၊အကပ္ပိယကုဋ္ဋိယာ-အကပ္ပိယ ကုဋ္ဋိ၏၊အတ္ထာယ-ငှါ၊ ဒိန္နော - သော၊ ဂေဟောဝါ-ကျောင်းကိုလည်းကောင်း၊ တေသံ-ထို ရဟန်း ယောက်ျားမှ တပါးကုန်သော လူ, နတ် စသော သူတို့၏၊သန္တကော-ဥစ္စာဖြစ်သော၊ ဂေဟောဝါ-အိမ်ကျောင်းကိုလည်းကောင်း၊ ဂဟပတိဣတိ-ဂဟပတိကုဋ္ဋိဟူ၍၊ မတော-သိအပ်၏။

ဟု ခုဒ္ဒသိက္ခာ အဋ္ဌကထာ ဘူမိနိဒ္ဒေသ၌ ဆိုသောကြောင့် ရဟန်း ယောက်ျားကိုထား၍ သီတင်းသုံးဘော် လေးယောက် လူ,နတ် စသော သူတို့ သည် လက်ဖြင့်ဘိုင်၍ ' ကပ္ပိယကုဋ္ဋိ' ဒေမ၊ ကပ္ပိယကုဋ္ဋိ' ကတွာ ပရိဘုဉ္ဇထ'' ဟု ဆို၍ လှူသောကျောင်းသည် ဂဟပတိ ကုဋ္ဋိမည်၏ဟု မှတ်။

သမ္မုတိ ကုဋ္ဋိ ဟူသည်ကား- သမ္မုတိ သံဃ သမ္မတာ။

အတ္ထကား- သံဃာသမ္မတာ - သံဃာသည် ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် သမုတ်အပ်သော ကုဋိကို၊ သမ္မုတိဏ္ဏတိ-သမ္မုတိကုဋိ ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

ဟု ဂုဏ်း၌ ဆိုသောကြောင့် သံဃာသည် ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် သမုတ်သော ကျောင်းကုဋိသည် သမ္မုတိကုဋိမည်၏၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော လေးပါးသောကုဋိသည် ကပ္ပိယ ကုဋိ မည်၏။

ထိုလေးပါးသော ကုဋိတို့၏ ပျက်ရာသော အကြောင်းကား-

ဥဿာဝနန္တိကာ ယေဟိ၊ ထမ္ဘာဒီဟိ အဓိဋ္ဌိတာ၊
တေသုယေဝ ပါပနီတေသု၊ တဒညေသုပိ တိဋ္ဌတိ။

သဗ္ဗေသု အပနီတေသု၊ ဘဝေ ဇဟိတဝတ္ထုကာ။
ဂေါနိသာဒီ ပရိက္ခိတ္တေ၊ သေသာ ဆဒနဝိဗ္ဘမာတိ။

အတ္ထကား-ဥဿာဝနန္တိကာ-ဥဿာဝနန္တိက ကုဋိကို၊ယေဟိ ထမ္ဘာဒီဟိ-အကြင်သည့်တိုင် စသည်တို့ဖြင့်၊ အဓိဋ္ဌိတာ-အဓိဋ္ဌာန်အပ်ကုန်၏၊ တေသု-ထို အဓိဋ္ဌာန်အပ်သော တိုင် အစရှိသည်တို့ကို၊ အပနီတေသု-ပယ်အပ်ကုန်သည် ရှိသော်၊တဒညေသုပိ-ထို အဓိဋ္ဌာန်အပ်သောတိုင် အစရှိသည်တို့မှ တပါးကုန် သော တိုင် အစရှိသည်တို့၌လည်း၊ တိဋ္ဌတိယေဝ-တည်သလျှင်ကတည်း။

သဗ္ဗေသု-အလုံးစုံသော တိုင် စသည်တို့ကို၊ အပနီတေသု-ပယ်အပ်ကုန် သည် ရှိသော်၊ ဇဟိတဝတ္ထုကာ-စွန့်အပ်သော အရာရှိသည်၊ ဘဝေ-ဖြစ်၏၊ ဂေါနိသာဒီ - ဂေါနိသာဒိကကုဋိသည်၊ ပရိက္ခိတ္တေ - အုတ် အစရှိသည်တို့ ရံသည် ရှိသော်၊ ဇဟိတဝတ္ထုကာ-စွန့်အပ်သော အရာရှိသည်၊ ဘဝေ-ဖြစ်၏၊ သေသာ-ကြွင်းသော သမ္မုတိကုဋိ, ဂဟပတိ ကုဋိတို့သည်၊ ဆဒနဝိဗ္ဘမာ- အမိုး ပျက်ကုန်သည်ရှိသော် ဇဟိတဝတ္ထုကာ-စွန့်အပ်သော အရာရှိသည်၊ ဘဝေ-ဖြစ်၏။

ဟု ခုဒ္ဒသိက္ခာ အဋ္ဌကထာ ဘူမိနိဒ္ဒေသ၌ ဆိုသောကြောင့် ဥဿာဝနန္တိက ကုဋိကား-အကြင် တိုင်, အကြင် အုတ်ကျောက်တို့ဖြင့် အဓိဋ္ဌာန်အပ်၏၊ ထို အဓိဋ္ဌာန်၍ ပြုအပ်သော သည့်တိုင် အုတ် ကျောက်တို့ကို ပယ်ကုန်သော်လည်း ထိုအဓိဋ္ဌာန် အပ်သော တိုင်, အုတ်,ကျောက်မှ တပါး ကြွင်းသော တိုင် အုတ် ကျောက်တို့၌လည်း တည်သေးသည်လျှင်ကတည်း၊ ကုဋိ မပျက်သေး၊ တည် သေး၏၊ အလုံးစုံ တိုင် စသည်တို့ကို ပယ်ကုန်သည် ရှိသော် ပျက်၍ ကပ္ပိယ ဥဿာဝနန္တိက ကုဋိသည် အကပ္ပိယ ဥဿာဝနန္တိက ကုဋိ ဖြစ်၏။

ဂေါနိသာဒိကကုဋိ ပျက်ခြင်းကား-တံတိုင်း အရံ စသည်တို့ဖြင့် ရံသည် ရှိသော် ဂေါနိသာဒိက ကုဋိ ပျက်၏၊ အကပ္ပိယ ကုဋိဖြစ်၏၊ ကြွင်းသော သမ္မုတိကုဋိ, ဂဟပတိ ကုဋိတို့သည် အချင်မှုကိုထား၍ အလုံးစုံ အမိုး ပျက်သည်ရှိသော် အကပ္ပိယ ကုဋိဖြစ်၏၊ ကုဋိ ပျက်၏၊ အချင်တို့၏ အထက်၌ တခုသော ပိတုန်းပိတ်, ခေါင်အုပ်မျှ ကြွင်းသေးသည် ဖြစ်အံ့၊ စောင့်သေး၏၊ ထိုကုဋိသည် မပျက်သော ကုဋိမည်၏။

ဤကား ကုဋိလေးပါး၏ အခြင်းအရာကို သီလလေးပါးကို အလိုရှိသော အမျိုးသား ရဟန်းတို့သည် ကြည့်ရှု မှတ်သားကြကုန်၊ ထိုကပ္ပိယကုဋိ လေးပါး၌ အန္တောဝုတ္ထ, အန္တောပက္ကကို ပြုအပ်၏၊ အကပ္ပိယကုဋိ၌ အန္တောဝုတ္ထ, အန္တောပက္ကကို မပြုအပ်-ဟု သိအပ်၏။

၁၆-ပရိဘောဂ လေးပါး ဟူသည်ကား

ထေယျ ပရိဘောဂ, ဣဏ ပရိဘောဂ, ဒါယဇ္ဇ ပရိဘောဂ, သာမိ ပရိဘောဂ ဟူ၍ လေးပါးတည်း၊ ထို လေးပါးတို့တွင် ထေယျ ပရိဘောဂ-ဟူသည်ကား-

တတ္ထ သံဃမဇ္ဈေ နိသီဒိတွာ ပရိဘုဉ္ဇန္တဿ ဒုဿီလဿ ပရိဘောဂေါ ထေယျပရိဘောဂေါနာမ။

အတ္ထကား- တတ္ထ-ထို လေးပါးသော ပရိဘောဂတို့တွင်၊ သံဃမဇ္ဈေ-သံဃာအလယ်၌၊ နိသီဒိတွာ-နေ၍၊ ပရိဘုဉ္ဇန္တဿ-သုံးဆောင်သော၊ ဒုဿီလဿ - သီလမရှိသော ရဟန်း၏၊ ပရိဘောဂေါ - သုံးဆောင် ခြင်းသည်။ ထေယျပရိဘောဂေါနာမ-ခိုး၍ သုံးဆောင်သည်နှင့် တူသောကြောင့် ထေယျ ပရိဘောဂ မည်၏။

ဟု ဝိနယသင်္ဂဟ အဋ္ဌကထာ၌ လာသည်နှင့်အညီ သံဃာ့အလယ်၌ နေ၍ သုံးဆောင်သော သီလမရှိသော ရဟန်း၏ သုံးဆောင်ခြင်းသည် ခိုး၍ သုံးဆောင်သည်နှင့် တူသောကြောင့် ထေယျ ပရိဘောဂ မည်၏။ ။ဣဏ ပရိဘောဂ ဟူသည်ကား-

သီလဝတော အပစ္စဝေက္ခိတွာ ပရိဘောဂေါ ဣဏပရိဘောဂေါ-နာမ။

အတ္ထကား- သီလဝတော-သီလရှိသော ရဟန်း၊ သာမဏေသည်၊ အပစ္စ-ဝေက္ခိတွာ-ပစ္စဝေက္ခဏာ မဆင်ခြင်မူ၍၊ ပရိဘောဂေါ-သုံးဆောင်ခြင်းသည်၊

ဣဏ ပရိဘောဂေါနာမ-သူ့မြီကို ယူ၍ သုံးဆောင်သည်နှင့် တူသောကြောင့် ဣဏ ပရိဘောဂမည်၏။

ဟု-ဝိနယသင်္ဂဟ အဋ္ဌကထာ၌ ဆိုသောကြောင့် သီလရှိသော ရဟန်းသာမဏေသည် ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာ မဆင်ခြင်မူ၍ သုံးဆောင်ခြင်းသည် သူ့မြီကို ယူ၍ သုံးဆောင်သည်နှင့် တူသည်၏ အဖြစ်ကြောင့် ဣဏပရိဘောဂ မည်၏ဟုမှတ်။ ။ဒါယဇ္ဇ ပရိဘောဂ ဟူသည်ကား–

သတ္တန္နံ သေက္ခာနံ ပစ္စယပရိဘောဂေါ ဒါယဇ္ဇပရိဘောဂေါ နာမ။

အတ္ထကား– သတ္တန္နံ - ခုနစ်ပါးကုန်သော၊ သေက္ခာနံ - ဘုရားသားတော် အစစ် ဖြစ်သော သေက္ခတို့၏၊ ပစ္စယပရိဘောဂေါ-မြတ်စွာဘုရား ခွင့်ပြုတော်မူသော ပစ္စည်းလေးပါးတို့ကို သုံးဆောင်ခြင်းသည်၊ ဒါယဇ္ဇ ပရိဘောဂေါ နာမ-အမွေခံ အဖြစ်ဖြင့် သုံးဆောင်ထိုက်သောကြောင့် ဒါယဇ္ဇ ပရိဘောဂ မည်၏။

ဟု-ဝိနယသင်္ဂ အဋ္ဌကထာ ရူပိယာဒိ ပဋိဂ္ဂဟဏ ဝိနိစ္ဆယကထာ၌ ဆိုသောကြောင့် သောတာပတ္တိ မဂ္ဂဋ္ဌ်, သောတာပတ္တိ ဖလဋ္ဌ်, သကဒါဂါမိ မဂ္ဂဋ္ဌ်, သကဒါဂါမိ ဖလဋ္ဌ်, အနာဂါမိ မဂ္ဂဋ္ဌ်, အနာဂါမိ ဖလဋ္ဌ်, အရဟတ္တမဂ္ဂဋ္ဌ်-ဤ ခုနစ်ယောက်သော သေက္ခ ပုဂ္ဂိုလ်တို့သည် ဘုရားခွင့်ပြုတော်မူသော ပစ္စည်းလေးပါးတို့ကို အမွေခံအဖြစ်ဖြင့် သုံးဆောင်ထိုက်သောကြောင့် ဒါယဇ္ဇ ပရိဘောဂမည်၏ဟု မှတ်။

သတ္တန္နံ သေက္ခာနံ-ဟူသောပုဒ်၌ ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်ကို သင်္ဂြိုဟ်အပ်သွင်းအပ် ရေတွက်အပ်၏၊ ထိုကလျာဏ ပုထုဇဉ် သေက္ခတို့၏ မြီမရှိသော သုံးဆောင်ခြင်းသည် အာနဏျပရိဘောဂ မည်၏။

ထိုအာနဏျ ပရိဘောဂကို ဒါယဇ္ဇ ပရိဘောဂ၌ သင်္ဂြိုဟ်အပ်၏၊ သီလရှိသော ရဟန်းသည် ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ခြင်းသည် အာနဏျ ပရိဘောဂ မည်၏၊ ဝါ-မြီမရှိသော သုံးဆောင်ခြင်းမည်၏၊ ထို့ကြောင့် ဝိနယာလင်္ကာရ ဋီကာ၌–

သတ္တန္နံ သေက္ခာနန္တိ ဧတ္ထ ကလျာဏ ပုထုဇ္ဇနာပိ သင်္ဂဟိတာ၊ တေသံ အာနဏျပရိဘောဂ ဿ ဒါယဇ္ဇပရိဘောဂေ သင်္ဂဟိတတ္တာတိ ဝေဒိတဗ္ဗံ၊ သီလဝတော ပစ္စဝေက္ခိတ ပရိဘောဂေါ အာနဏျ ပရိဘောဂေါတိ ဝုစ္စတိ။

အတ္ထကား-သတ္တန္နံ့ သေက္ခာနန္တိ ထွေ-သတ္တန္နံ့ သေက္ခာနံ ဟူသော ပုဒ်၌၊ ကလျာဏပုထုဇ္ဇနာဝိ-ကလျာဏ ပုထုဇဉ်တို့ကိုလည်း၊သင်္ဂဟိတာ-သင်္ဂြိုဟ်အပ် ကုန်၏၊ တေသံ-ထိုကလျာဏ ပုထုဇဉ် သေက္ခတို့၏၊ အာနဏျပရိဘောဂဿ-အာနဏျ ပရိဘောဂကို၊ဒါယဇ္ဇပရိဘောဂေ-ဒါယဇ္ဇ ပရိဘောဂ၌၊ သင်္ဂဟိ-တတ္တာ - သင်္ဂြိုဟ် ရေတွက်အပ်သည်၏ အဖြစ်ကြောင့်တည်း၊ ဣတိ - ဤသို့၊ ဝေဒိတဗ္ဗံ – သိအပ်၏၊ သီလဝတော – သီလရှိသော ရဟန်း သာမဏေ၏၊ ပစ္စဝေက္ခိတ ပရိဘောဂေါ – ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင် ခြင်းကို၊ အာနဏျ ပရိဘောဂေါ ဣတိ-အာနဏျ ပရိဘောဂဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ ဟု-မိန့်၏။ သာမိပရိဘောဂ ဟူသည်ကား-

ခီဏာသဝါနံ ပရိဘောဂေါ သာမိ ပရိဘောဂေါ နာမ၊ တေ ဟိ တဏှာယ ဒါသဗျံ အတီတတ္တာ သာမိနော ဟုတွာ ပရိဘုဉ္ဇန္တိ။

အတ္ထကား- ခီဏာသဝါနံ - ရဟန္တာ ပုဂ္ဂိုလ်တို့၏၊ ပရိဘောဂေါ - သုံးဆောင်ခြင်းသည်၊ သာမိပရိဘောဂေါ နာမ-အရှင်၏ အဖြစ်ဖြင့် သုံးဆောင် ထိုက်သောကြောင့် သာမိပရိဘောဂ မည်၏၊ တေ - ထို ရဟန္တာ တို့သည်၊ တဏှာယ–တဏှာ၏၊ ဒါသဗျံ-ကျွန်၏ အဖြစ်ကို၊ အတီတတ္တာ-လွန်သည်၏ အဖြစ်ကြောင့်၊ သာမိနော - အရှင်တို့သည်၊ ပရိဘုဉ္ဇန္တိဝိယ-သုံးဆောင်ကုန် သကဲ့သို့၊ ဟုတွာ-ဖြစ်ကုန်၍၊ ပရိဘုဉ္ဇန္တိ- သုံးဆောင်ကုန်၏။

ဟု ဝိနယသင်္ဂဟ အဋ္ဌကထာ ရှုဝိယာဒိ ပဋိဂ္ဂဟဏ ဝိနိစ္ဆယ ကထာ၌ ဆို သောကြောင့် ရဟန္တာအရှင်မြတ်တို့၏ သုံးဆောင်ခြင်းသည် အရှင်၏ အဖြစ် ဖြင့် သုံးဆောင်ထိုက်သောကြောင့် သာမိ ပရိဘောဂ မည်၏၊ ထို ရဟန္တာ အရှင်မြတ်တို့သည် တဏှာ၏ ကျွန်၏အဖြစ်ကို လွန်ပြီးသည်ဖြစ်၍ အရှင်၏ အဖြစ်ဖြင့် သုံးဆောင်ထိုက်သောကြောင့် သာမိ ပရိဘောဂ မည်၏ဟု မိန့်၏။

၁၇-တနည်း-ပရိဘောဂ လေးပါး ဟူသည်ကား

လဇ္ဇီပရိဘောဂ,အလဇ္ဇီပရိဘောဂ,ဓမ္မိယပရိဘောဂ, အဓမ္မိယ ပရိဘောဂ ဟူ၍ လေးပါးတည်း၊ ထိုလေးပါးတို့တွင် လဇ္ဇီပရိဘောဂ ဟူသည်ကား-

သဉ္စိစ္စ အာပတ္တိံ နာ ပဇ္ဇတိ၊ အာပတ္တိံ န ပရိဂူဟတိ၊
အဂတိဂမနံ န ဂစ္ဆတိ၊ ဧဒိသော ဝုစ္စတိ လဇ္ဇီပုဂ္ဂလော။

အတ္ထကား- သဉ္စိစ္စ-လွန်ကျူးလိုသော စေတနာရှိသည်ဖြစ်၍၊ အာပတ္တိံ-အာပတ်သင့်ခြင်းသို့၊ နာပဇ္ဇတိ-မရောက်၊ အာပတ္တိံ-သင့်သော အာပတ်ကို၊

နပရိဂ္ဂဟတိ-မရှို့ဝှက်၊ အဂတိဂမနံ-မလားအပ်သည်ကို၊ န ဂစ္ဆတိ-မလား၊ ဒေိသော-ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို၊ လဇ္ဇီပုဂ္ဂလောတိ-လဇ္ဇီပုဂ္ဂိုလ်ဟူ၍၊ ဝုစ္စတိ-၏။

ဟု-ပရိဝါပါဠိတော် (အပရဂါထာသင်္ဂဟ) ၌ ဆိုသောကြောင့် လွန်ကျူးလိုသောစိတ်ဖြင့် အာပတ်သို့မရောက်၊ သင့်သော အာပတ်ကိုလည်း မရှို့ဝှက်၊ ဆန္ဒာဂတိ, ဒေါသာဂတိ, မောဟာဂတိ, ဘယာဂတိ-တည်းဟူသော မလားမလိုက်အပ်သော အဂတိ လေးပါးသို့ မလားမလိုက်၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို လဇ္ဇီပုဂ္ဂိုလ်ဟု ဆိုအပ်၏၊ ထိုသူနှင့် ပေါင်းဖေါ် သုံးဆောင်ခြင်းသည် လဇ္ဇီပရိဘောဂ မည်၏ဟု မှတ်၊ အလဇ္ဇီပရိဘောဂ ဟူသည်ကား-

သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ၊ အာပတ္တိံ ပရိဂ္ဂူဟတိ၊
အဂတိဂမနံ ဂစ္ဆတိ၊ဒေိသော ဝုစ္စတိ အလဇ္ဇီပုဂ္ဂလော။

အဋ္ဌကား- ယောပုဂ္ဂလော - အကြင်ပုဂ္ဂိုလ်သည်၊ သဉ္စိစ္စ - လွန်ကျူးလိုသော စေတနာရှိသည်ဖြစ်၍၊ အာပတ္တိံ - အာပတ်သို့၊ အာပဇ္ဇတိ-ရောက်၏၊ အာပတ္တိံ-သင့်သော အာပတ်ကို၊ ပရိဂ္ဂူဟတိ - ရှို့ဝှက်၏၊ အဂတိ ဂမနံ-မလားအပ်သော အရာသို့၊ ဂစ္ဆတိ-ရောက်၏၊ ဒေိသော-ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို၊ အလဇ္ဇီပုဂ္ဂလောတိ-အလဇ္ဇီပုဂ္ဂိုလ်ဟူ၍၊ ဝုစ္စတိ-၏။

ဟု-ပရိဝါပါဠိ လာရှိသည်နှင့်အညီ အကြင် ပုဂ္ဂိုလ်သည် စိတ်စေတနာနှင့် တကွ အာပတ်သင့်ခြင်းသို့ ရောက်၏၊ သင့်သော အာပတ်ကိုလည်း ဖုံးလွှမ်းရှို့ဝှက်၏၊ ချစ်သော အားဖြင့် လိုက်ခြင်း ဆန္ဒာဂတိ၊ မုန်းသဖြင့် လိုက်ခြင်း ဒေါသာဂတိ၊ မသိမမြင် မိုက်မဲတွေဝေသဖြင့် လိုက်ခြင်း မောဟာဂတိ၊ ကြောက်သဖြင့် လိုက်ခြင်း ဘယာဂတိ-ဟု ဆိုအပ်သော အဂတိလေးပါးသို့ လိုက်ခြင်း ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို အလဇ္ဇီပုဂ္ဂိုလ်ဟု ဆိုအပ်၏၊ ထိုပုဂ္ဂိုလ်ကို ပေါင်းဖေါ်မှီခိုခြင်း သုံးဆောင်ခြင်းသည် အလဇ္ဇီ ပရိဘောဂ မည်၏။

ဓမ္မိယပရိဘောဂ မည်သည်ကား- ''ဓမ္မိယောတိ ဘိက္ခာစာရိယာဒိဟိ ဥပ္ပန္နော'' ဓမ္မိယောတိ-ဓမ္မိယပရိဘောဂ မည်သည်ကား၊ဘိက္ခာစာရိယာဒိဟိ-ဆွမ်းခံခြင်း အစရှိသည်တို့ဖြင့်၊ ဥပ္ပန္နော-ဖြစ်သော ဆွမ်းတည်း။ ။ဟု-ဝိနယာလင်္ကာရ ဋီကာနှင့် အညီ တရားနှင့်လျော်စွာ သလုံးမြင်းခေါင်းဖြင့် ရင်း၍ ဆွမ်းခံခြင်းကြောင့်ရသော ဆွမ်းကို သုံးဆောင်ခြင်းသည် ဓမ္မိယပရိဘောဂ မည်၏။

အဓမ္မိယ ပရိဘောဂ ဟူသည်ကား- "အဓမ္မိယောတိ အနေသနာဒိဟိ ဥပ္ပန္နော" အဓမ္မိယောတိ-အဓမ္မိယ ပရိဘောဂ ဟူသည်ကား၊ အနေသနာဒိဟိ- အနေသန စသည်တို့ဖြင့်၊ ဝါ-မသင့်သော ရှာမှီးခြင်းတို့ဖြင့်၊ ဥပ္ပန္နော-ဖြစ်သောဆွမ်းတည်း။ ။ဟု-ဝိနယာလင်္ကာရ ဋီကာနှင့်အညီ တရားနှင့်မလျော်သော အနေသန စသည်တို့ဖြင့် ရှာ၍ရသော ဆွမ်းပစ္စည်းတို့ကို သုံးဆောင်ခြင်းသည် အဓမ္မိယ ပရိဘောဂမည်၏၊ ထို့ကြောင့် ဂဏ်ဋီကာ၌ပင်-

ဓမ္မိယာ ဓမ္မိယပရိဘောဂေါ ပစ္စယ ဝသေနေဝ ဝေဒိတဗ္ဗော။

အဏ္ဏကား-ဓမ္မိယာ ဓမ္မိယပရိဘောဂေါ-ဓမ္မိယပရိဘောဂ, အဓမ္မိယ ပရိဘောဂကို၊ ပစ္စယ ဝသေနေဝ-ပစ္စည်း၏ အစွမ်းဖြင့်သာလျှင်၊ ဝေဒိတဗ္ဗော-သိအပ်၏။ ။ဟု-မိန့်၏။

အာဒိတော ပဋ္ဌာယ ဟိ အလဇ္ဇီနာမ နတ္ထိ။

အဏ္ဏကား-ဟိသစ္စံ-မှန်၏၊ အာဒိတော-အစမှ၊ ပဋ္ဌာယ-စ၍၊ အလဇ္ဇီနာမ-အလဇ္ဇီမည်သည်၊ နတ္ထိ-မရှိ။ ။ဟု-ဝိနယသင်္ဂဟ အဋ္ဌကထာ၌ လာ၏။

အာဒိတော ပဋ္ဌာယ အလဇ္ဇီနာမ နတ္ထီတိ ဣမိနာ ဒိဋ္ဌ ဒိဋ္ဌေသု အာသင်္ကာနာမ န ကာတဗ္ဗာ၊ ဒိဋ္ဌသုတာဒိ ကာရဏေ သတိဧဝ ကာတဗ္ဗာနီတိ ဒဿေတိ။

အဏ္ဏကား- အာဒိတော ပဋ္ဌာယ အလဇ္ဇီနာမ နတ္ထီတိ ဣမိနာ-အာဒိတော ပဋ္ဌာယ အလဇ္ဇီနာမ နတ္ထိ ဟူသော ဤပုဒ်ဖြင့်၊ ဒိဋ္ဌဒိဋ္ဌေသု-မြင်မြင်ရာရာတို့၌၊ အာသင်္ကာနာမ - ရွံရှာခြင်း မည်သည်ကို၊ န ကာတဗ္ဗာ - မပြုအပ်ကုန်၊ ဒိဋ္ဌသုတာဒိ ကာရဏေ - မြင်ခြင်း ကြားခြင်း ဟူသော အကြောင်းသည်၊ သတိဧဝ-ရှိသော်သာလျှင်၊ ကာတဗ္ဗာနိ-ပြုအပ်ကုန်၏၊ ဣတိ-သို့၊ ဒဿေတိ-ပြ၏။

ဟု-ဝိနယာလင်္ကာရ၌ လာသည်နှင့်အညီ အာဒိတော ပဋ္ဌာယ အလဇ္ဇီနာမ နတ္ထိ ဟူသော ပုဒ်ဖြင့် မြင်မြင်ရာရာတို့၌ ရွံရှာခြင်း မည်သည်ကို မပြုအပ်၊ မြင်ခြင်း ကြားခြင်း အကြောင်းရှိသည် ရှိသော် ရွံရှာခြင်းကို ပြုအပ်ကုန်၏ဟု မိန့်၏။

အာဒိတော ပဋ္ဌာယ အလဇ္ဇီနာမ နတ္ထီတိ ဣမိနာ ဒိဋ္ဌဒိဋ္ဌေသုယေဝ အာသင်္ကာ န ကာတဗ္ဗာတိ ဒဿေတိ၊ အဏ္ဏနော ဘာရဘူတာ သဒ္ဓိဝိဟာရိကာဒယော ပေပိ နိဝါရေတဗ္ဗာတိ ဒဋ္ဌဗ္ဗာ ဟု - ဝိနယာလင်္ကာရ ဋီကာ၌ မိန့်၏။

အတ္ထကား- အာဒိတောပဋ္ဌာယ အလဇ္ဇီနာမ နတ္ထိတိ ဣမိနာ-အာဒိတော ပဋ္ဌာယ အလဇ္ဇီနာမ နတ္ထိ ဟူသော ဤပါဠိဖြင့်၊ဒိဋ္ဌဒိဋ္ဌေသုယေဝ မြင်မြင်ရာရာ တို့၌သာ လျှင်၊ အာသင်္ကာ- ရွံရှာခြင်းကို၊ န ကာတဗ္ဗာ မပြုအပ်ကုန်၊ ဣတိ- သို့၊ ဒဿေတိ – ပြ၏၊ အတ္တနော - မိမိ၏၊ ဘာရဘူတာ-ဝန်ဖြစ်၍ ဖြစ်ကုန် သော၊ သဒ္ဓိဝိဟာရိကာဒယော - အတူနေတော်တပည့် အစရှိသော သူတို့ သည် သန္တိ - ရှိကုန်၏၊ တေပိ - ထိုအတူနေတော် တပည့် အစရှိသည်တို့ကို လည်း၊ နိဝါရေတဗ္ဗာ-မြစ်အပ်ကုန်၏၊ ဣတိ-ဤသို့၊ ဒဋ္ဌဗ္ဗာ-မှတ်အပ်ကုန်၏၊ ဟု မိန့်၏။

အမိပ္ပါယ်ကို မရေးလိုက်ပြီ၊ ပါဠိ အနက်အလျောက် သိလေ။ ။ဤကား ပရိဘောဂလေးပါး နှစ်လီကို ဘုရားမြတ်စွာ မိန့်ခွန်းတော် ဦးထိပ်ရွက်တင် ပန်ဆင်ကုန်သော ဘုရားမြတ်စွာ သားတော်ဖြင်ကုန်သော ထေရ် ရဟန်းတို့ သည် ကြိုးပမ်းကြည့်ရှု မှတ်သားကြပါကုန်။ ။ပြီး၏။

၁၈-သီလ လေးပါး ဟူသည်ကား

ပါတိမောက္ခ သံဝရသီလ, ဣန္ဒြိယသံဝရသီလ အာဇီဝသံဝရသီလ, ပစ္စယ သန္နိဿိတသီလ- ဟူ၍ လေးပါးတည်း။ ။ထို လေးပါးတို့တွင် ပါရာဇိက, သံဃာဒိသိသ်, ထုလ္လစ္စည်း, ပါစိတ်, ပါဋိဒေသနီ,ဒုက္ကဋ်, ဒုဗ္ဘာသိ-ဤအာပတ် ခုနစ်ဘုံကို စောင့်စည်းခြင်းသည် ပါတိမောက္ခသံဝရ သီလ မည်၏။

စက္ခုဒြေ, သောတဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ မနိန္ဒြေ-ဤဣန္ဒြေ ခြောက်ပါးကို စောင့်စည်းခြင်းသည် ဣန္ဒြိယသံဝရ သီလမည်၏။

ဘုရားမြတ်စွာသည် မအပ်ဟု မြစ်တော်မူသော အနေသန ကုလဒူသက ကုဟန လပန ဝမ္ဘန အသန္တ သမ္ဘာဝန ရူပိယသံဝေါဟာရ ကယဝိက္ကယ- အစရှိသော ဗုဒ္ဓပဋိကုဋ္ဌ ဖြစ်သော ပစ္စည်း အာမိသ လာဘ်လာဘကို ဝေးစွာ ပယ်၍ တရားနှင့်အညီ ဘုရားသခင်သည် ရဟန်းတို့အား ခွင့်ပြုတော်မူသော ပစ္စည်းဖြင့် အသက်မွေးခြင်းသည် အာဇီဝသံဝရ သီလ မည်၏။

ဘုရားသခင် ခွင့်ပြုတော်မူသော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး- တည်း ဟူသော ပစ္စည်းလေးပါးတို့ကို သုံးဆောင်သော ကာလ ပစ္စဝေက္ခဏာ ဆင် ခြင်၍ သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတ သီလ မည်၏။ ။ဤကား သီလ လေးပါးတည်း၊ ဤသီလလေးပါးကို သိသစင်ကြယ်ခြင်းကို အလိုရှိသော အမျိုးသား ရဟန်းတို့သည် မှတ်သား ကြည့်ရှု အလေးပြုကြပါကုန်။ ။ပြီး၏။

၁၉-သုဒ္ဓိ လေးပါး ဟူသည်ကား

ဒေသနာသုဒ္ဓိ, သံဝရသုဒ္ဓိ, ပရိယေဋ္ဌိသုဒ္ဓိ, ပစ္စဝေက္ခဏသုဒ္ဓိ- ဤလေးပါးတည်း၊ ထိုလေးပါးတို့တွင် ဒေသနာသုဒ္ဓိ ဟူသည်ကား-

> တတ္ထ ဒေသနာသုဒ္ဓိနာမ ပါတိမောက္ခသံဝရသီလံ၊ တံ ဟိ ဒေသနာယ သုဇ္ဈနတော ဒေသနာသုဒ္ဓီတိ ဝုစ္စတိ။

အနက်ကား- တတ္ထ-ထိုလေးပါးသော သုဒ္ဓိတို့တွင်၊ ဒေသနာ သုဒ္ဓိနာမ-ဒေသနာသုဒ္ဓိ မည်သည်ကား၊ ပါတိမောက္ခသံဝရသီလံ-ပါတိမောက္ခသံဝရ သီလတည်း၊ ဟိ သစ္စံ-မှန်၏၊တံ-ထိုပါတိမောက္ခသံဝရ သီလကို၊ ဒေသနာယ-ဒေသနာကြားသဖြင့်၊ သုဇ္ဈနတော-စင်ကြယ်သောကြောင့်၊ ဒေသနာသုဒ္ဓီတိ-ဒေသနာသုဒ္ဓိဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

ဟု-ခုဒ္ဒသိက္ခာဋီကာ၌ ဆိုသောကြောင့် ပါတိမောက္ခ သီလတည်း၊ ထို ပါတိမောက္ခ သီလကို ဒေသနာကြားသဖြင့် စင်ကြယ်သောကြောင့် ဒေသနာ သုဒ္ဓိ မည်၏၊ သံဃာဒိသိသ် အာပတ်ကို ပရိဝါသ်မာနတ် ကျင့်ပြီး၍ အဗ္ဘာန် သွင်းသဖြင့် စင်ကြယ်ခြင်းကြောင့် ဒေသနာသုဒ္ဓိ၌ သွင်းအပ်၏။

အဘယ်ပါဌ်ကြောင့် သိအပ်သနည်း ဟူမူ- "ဝုဋ္ဌာနသာပိစ ဧတ္ထ ဒေသနာယမေ သင်္ဂဟော ဒဋ္ဌဗ္ဗော" ဟု - ခုဒ္ဒသိက္ခာဋီကာ၌ ဆိုသောကြောင့် သိအပ်၏။

အနက်ကား- ဝုဋ္ဌာနသာပိစ - ဝုဋ္ဌာနကံကိုလည်း၊ ဧတ္ထ-ဤအရာ၌၊ ဒေသနာယမေ-ဒေသနာသုဒ္ဓိ၌သာလျှင်၊ သင်္ဂဟော-သင်္ဂြိုဟ်ခြင်းကို၊ ဒဋ္ဌဗ္ဗော-မှတ်အပ်၏။

ပါရာဇိကအာပတ်သို့ ရောက်ပြီးသော သူသည် ရဟန်းမဟုတ်ပြီဟု ဝန်ခံသဖြင့် စင်ကြယ်သောကြောင့် ဒေသနာသုဒ္ဓိ မည်၏၊ အဘယ်ပါဌ်ကြောင့် သိအပ်သနည်း ဟူမူ-

ဆိန္နမူလာပတ္တိနံ ပန အဘိက္ခုကာ ပဋိညာယေဝ ဒေသနာသုဒ္ဓိ ဟု-ဝိနယာလင်္ကာရ ဋီကာပါဌ်ကိုထောက်၍ သိအပ်၏။

အနက်ကား- ဆိန္နမူလာပတ္တိနံ ပန - ပါရာဇိကသို့ ရောက်ပြီးသော သူတို့အားကား၊ အဘိက္ခုကာ ပဋိညာယေဝ-ရဟန်းမဟုတ်သည်၏ အဖြစ်ကို ဝန်ခံသဖြင့်လျှင်၊ ဒေသနာသုဒ္ဓိ-ဒေသနာသုဒ္ဓိ မည်၏။ ။ ဟု - ကျမ်းဂန်လာသည်ကို မှတ်၊ သံဝရသုဒ္ဓိ ဟူသည်ကား-

သံဝရသုဒ္ဓိနာမ ဣန္ဒြိယသံဝရသီလံ၊ တံ ဟိ န ပုနေဝံ ကရိဿာ-မီတိ စိတ္တာဓိဋ္ဌာန သံဝရေနေဝ သုဇ္ဈနတော သံဝရသုဒ္ဓီတိ ဝုစ္စတိ ဟု-ခုဒ္ဒသိက္ခာဋီကာ၌ လာ၏။

အဓိပ္ပါယ်- သံဝရသုဒ္ဓိနာမ - သံဝရသုဒ္ဓိမည်သည်ကား၊ ဣန္ဒြိယသံဝရ သီလံ-စက္ခုစသော ဣန္ဒြေကို စောင့်ခြင်းသီလတည်း၊ ဟိသစ္စံ-မှန်၏၊ တံ- ထို ဣန္ဒြိယသံဝရသီလကို၊ ပုန-တဖန်၊ အဟံ-ငါသည်၊ ဧဝံ-ဤသို့၊ နကရိဿာမိ-မပြုပြီ၊ ဣတိ-သို့၊ စိတ္တံ-စိတ်ကို၊ အဓိဋ္ဌာနသံဝရေနေဝ-အဓိဋ္ဌာန်ဆောက်တည်၍ စောင့်စည်းခြင်းဖြင့်သာလျှင်၊ သုဇ္ဈနတော-စင်ကြယ်သောကြောင့်၊ သံဝရ သုဒ္ဓီတိ-ဟူ၍၊ ဝုစ္စတိ-၏။

ဟု-ခုဒ္ဒသိက္ခာဋီကာ၌ ဆိုသောကြောင့် စက္ခုစသော ဣန္ဒြေကို စောင့်စည်းခြင်းသည် ဣန္ဒြိယသံဝရသီလတည်း၊ ထိုစက္ခုစသော ဣန္ဒြေကို တဖန် ငါမပြုပြီ ဟု စိတ်ကိုဓိဋ္ဌာန်ခြင်းဖြင့် စင်ကြယ်သောကြောင့် သံဝရသုဒ္ဓိမည်၏ ဟု-မှတ်၊ ပရိယေဋ္ဌိသုဒ္ဓိ ဟူသည်ကား-

အာဇီဝပါရိသုဒ္ဓိသီလံ၊ တံ ဟိ အနေသနံ ပဟာယ ဓမ္မေန သမေန ပစ္စယေ ဥပ္ပါဒေန္တဿ ပရိယေသနာယ သုဒ္ဓတ္တာ ပရိယေဋ္ဌိသုဒ္ဓီတိ ဝုစ္စတိ။

အဓိပ္ပါယ်- အာဇီဝပါရိသုဒ္ဓိသီလံ-အာဇီဝပါရိသုဒ္ဓိသီလတည်း၊ဟိသစ္စံ-မှန်၏၊ တံ ထိုအာဇီဝပါရိသုဒ္ဓိသီလကို၊ အနေသနံ-မသင့်သော ရှာမှီးခြင်းကို၊ ပဟာယ-ပယ်၍၊ ဓမ္မေန-တရားနှင့်၊ သမေန-ညီသဖြင့်၊ ပစ္စယေ-ပစ္စည်းတို့ကို၊ ဥပ္ပါဒေန္တဿ-ဖြစ်စေသောရဟန်း၏၊ ပရိယေသနာယ-ရှာမှီးခြင်း၌၊သုဒ္ဓတ္တာ-စင်ကြယ်သောကြောင့်၊ပရိယေဋ္ဌိသုဒ္ဓီတိ-ပရိယေဋ္ဌိသုဒ္ဓိ ဟူ၍၊ဝုစ္စတိ-ဆိုအပ်၏၊

ဟု- ခုဒ္ဒသိက္ခာဋီကာ၌ ဆိုသောကြောင့် အာဇီဝပါရိသုဒ္ဓိ သီလတည်း၊ ထိုအာဇီဝပါရိသုဒ္ဓိ သီလကို မသင့်သော ရှာမှီးခြင်းကို ပယ်၍ တရားနှင့်အညီ ပစ္စည်းတို့ကို ဖြစ်စေသော ရဟန်း၏ ရှာမှီးခြင်း၌ စင်ကြယ်သောကြောင့် ပရိယေဋ္ဌိသုဒ္ဓိမည်၏ ဟုမှတ်၊ ပစ္စဝေက္ခဏာသုဒ္ဓိ ဟူသော်ကား-

ပစ္စယပရိဘောဂ သန္နိဿိတသီလံ၊ တံ ဟိ ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမီတိအာဒိနာ နယေန ဝုတ္တေန ပစ္စဝေက္ခဏေန သုဇ္ဈန-တော ပစ္စဝေက္ခဏ သုဒ္ဓီတိ ဝုစ္စတိ။

အတ္ထကား-ပစ္စယပရိဘောဂသန္နိဿိတသီလံ-ပစ္စယပရိဘောဂ သန္နိဿိတ သီလတည်း၊ ဟိ သစ္စံ-မှန်၏၊ တံ - ထိုပစ္စယသန္နိဿိတ သီလကို၊ ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိတိအာဒိနာ - ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ - ဤသို့ အစရှိသော၊ နယေန-နည်းဖြင့်၊ ဝုတ္တေန-ဟောတော်မူသော၊ ပစ္စဝေက္ခဏေန-ပစ္စဝေက္ခဏာ ဆင်ခြင်သဖြင့်၊ သုဇ္ဈနတော-စင်ကြယ်သောကြောင့်၊ ပစ္စဝေက္ခဏာသုဒ္ဓိတိ - ပစ္စဝေက္ခဏာသုဒ္ဓိ ဟူ၍၊ ဝုစ္စတိ - ဆိုအပ်၏။

ဟု-ခုဒ္ဒသိက္ခာဋီကာ၌ ဆိုသောကြောင့် ပစ္စယပရိဘောဂ သန္နိဿိတသီလတည်း၊ ထိုပစ္စယပရိဘောဂ သန္နိဿိတသီလကို ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ-အစရှိသည် ဟောတော်မူသောနည်းဖြင့် ပစ္စဝေက္ခဏာ ဆင်ခြင်သောကြောင့် ပစ္စဝေက္ခဏာသုဒ္ဓိမည်၏ ဟု-မှတ်၊ ထိုပစ္စဝေက္ခဏာ ဆင်ခြင်ရာ၌ကား-

စီဝရံ ပရိဘောဂေ ပရိဘောဂေ ပစ္စဝေက္ခိတဗ္ဗံ" ဟု ဆိုသောကြောင့် သင်္ကန်းကို သုံးဆောင်တိုင်း သုံးဆောင်တိုင်း ဆင်ခြင်အပ်၏၊ "ပိဏ္ဍပါတော အာလောပေ အာလောပေ ပစ္စဝေက္ခိတဗ္ဗံ" ဟု ဆိုသောကြောင့် ဆွမ်းကို လုပ်တိုင်း လုပ်တိုင်း ဆင်ခြင်အပ်၏၊ "သေနာသနံ ပရိဘောဂေ ပရိဘောဂေ ပစ္စဝေက္ခိတဗ္ဗံ" ဟု- ဆိုသောကြောင့် ကျောင်းကို တန်စက်တွင်းသို့ ဝင်တိုင်း ဝင်တိုင်း ဆင်ခြင်အပ်၏၊ ဆေးပစ္စည်းကို "ပရိဘောဂေ ကရောန္တဿ အနာပတ္တိ" ဟု - ဆိုသောကြောင့် ဆေးပစ္စည်းကို သုံးဆောင်သော ကာလ၌ ဆင်ခြင်အပ်၏၊ ဤကား သုဒ္ဓိလေးပါးတည်း ထို သုဒ္ဓိလေးပါး စင်ခြင်းကို အလိုရှိသော အမျိုးသား ရဟန်းတို့သည် မှတ်သား ကြည့်ရှုလေ့လာကြပါကုန်။ ။ပြီး၏။

၂၀—သပိတ် ကိုးလုံး ဟူသည်ကား

"ဝေမေတေ နဝပတ္တာ" ဟူသော ကင်္ခါနှင့်အညီ ဥက္ကဋ္ဌ သပိတ်,ဥက္ကဋ္ဌုက္ကဋ္ဌ သပိတ်, ဥက္ကဋ္ဌောမက သပိတ်,မဇ္ဈိမ သပိတ်, မဇ္ဈိမုက္ကဋ္ဌ သပိတ်, မဇ္ဈိမောမက သပိတ်, ဩမက သပိတ်, ဩမကုက္ကဋ္ဌ သပိတ်, ဩမကောမက သပိတ် ဟူ၍ ကိုးလုံးတည်း၊ ထို ကိုးလုံးသော သပိတ်၏ ပမာဏကို ဆရာကြီးတို့ ဆုံးဖြတ်တော်မူသည်ကား-"ဒွေ မဂဓနာဠိယော ဂဟေတွာ" ဟူသော ကင်္ခါနှင့်အညီ မဂဓရောဇ် နှစ်ကွမ်းစားတည်း၊ ထိုမဂဓရောဇ် နှစ်ကွမ်းစားသည် အဘယ်သို့ ဖြစ်သနည်း ဟူမူ-

ဒွေ မဂ္ဂနောဠိယောတိ ဧတ္ထ မဂ္ဂနောဠိနာမ ယာယ မဂ္ဂမိကာယ တုလာယ အစ္စတေရသပလံ ပရိမိတံ ဥဒကံ ဂဏှာတိ။

အဋ္ဌကထာ– ဒွေ မဂ္ဂနောဠိယောတိ ဧတ္ထ– ဒွေ မဂ္ဂနောဠိယော-ဟူသော ပုဒ်၌၊ မဂ္ဂနောဠိနာမ-မဂ္ဂရောဇ်ကွမ်းစား မည်သည်ကား- ယာယ မဂ္ဂမိကာယ- အကြင် မဂ္ဂရောဇ်တိုင်း၌ သုံးဆောင်သော၊ တုလာယ-ချိန်ဖြင့်၊ အစ္စတေ- ရသပလံ–အခွဲနှင့်တကွ တဆယ့်သုံးပိုလ်ဖြင့်၊ ပရိမိတံ-နှိုင်းဆသော၊ ဥဒကံ- ရေကို၊ ဂဏှာတိ–ယူ၏။

ဟု-ဝိနယာလင်္ကာရ ဋီကာ၊ ကင်္ခါဋီကာများနှင့်အညီ မဂ္ဂရောဇ်တိုင်း၌ သုံးစွဲသော ချိန်ဖြင့် အခွဲနှင့်တကွ တဆယ့်သုံးပိုလ်ဖြင့် နှိုင်းရှည့်အပ်သော ရေဖြင့် ဝင်သော ခွက်ကို ယူအပ်၏။

တပိုလ် ဟူသည် ကား-"ပဉ္စကဟာပဏံ ပလံ" ဟု ကင်္ခါဋီကာ၌ ဆိုသော ကြောင့် ငါးကျပ်ကို တပိုလ်ဟု ဆိုသတည်း၊ အခွဲနှင့်တကွ တဆယ့်သုံးပိုလ် သည် ခြောက်ဆယ့်နှစ်ကျပ် နှစ်မတ်သော ရေကို ချိန်၍ ယူအပ်၏၊ ထို ရေဝင် သော ခွက်သည် တကွမ်းစားတည်း၊ ထို ကွမ်းစားဖြင့် နှစ်ကွမ်းစားရှိသော ဆန်ကို– "လောကိယာနံ ကိရ တေဟိပိ ဒွေဂုဏော ဟောတိ" ဟူ၍လည်း ကောင်း "ဧဝံ သောတေ နာဠိယာ မဂ္ဂနောဠိ ဒွိဂုဏာတိ ဒဿိတာ" ဟူ၍ လည်းကောင်း, ဝိနယာလင်္ကာရ ဋီကာ၌ ဆိုသောကြောင့် ယခု ကွမ်းစားဖြင့် နှစ်ဆတက်ဖြစ်၍ နှစ်ပြည် ရှိ၏၊ ထို နှစ်ပြည်ရှိသော သုံးနှစ် ဟောင်းလေပြီး သော သလေးဆန်ကိုချက်သော ထမင်းသည် သုံးဆတက်သည်ဖြစ်၍ ခြောက် ပြည် ရှိ၏။

တဿ ဩဒနဿ စတုတ္ထဘာဂပမာဏော နာတိဃနော နာတိ- တနုကော ဟတ္ထဟာရိယော သဗ္ဗသမ္ဘာရသင်္ခတော မုဂ္ဂသူပေါ ပက္ခိပိ ဘဗ္ဗော။

အဋ္ဌကထာ– တဿ ဩဒနဿ-ထိုထမင်း၏၊ စတုတ္ထဘာဂပမာဏော-လေး ဘို့ တဘို့ ပမာဏဖြစ်သော၊ နာတိဃနော–မပျစ်လွန်းသော၊ ဝါ-မကြဲလွန်း သော၊ ဟတ္ထ ဟာရိယော–လက်ဖြင့် ယူကောင်းသော၊ သဗ္ဗသမ္ဘာရသင်္ခတော- အလုံးစုံ အဆောက်အဦဖြင့် စီရင် ပြုလုပ်အပ်သော၊ မုဂ္ဂသူပေါ-ပဲနောက် ဟင်းကို၊ ပက္ခိပိဘဗ္ဗော-ထည့်အပ်၏။ ။ ဟု-ကင်္ခါအဋ္ဌကထာ၌ ဆိုသည်နှင့် အညီ ထို ဆွမ်း၏ လေးဘို့ တဘို့ ပမာဏဖြစ်သော မပျစ်လွန်း မသွက်လွန်း မကြဲလွန်းသော လက်ဖြင့် ယူကောင်းသော အလုံးစုံ အဆောက်အဦဖြင့် စီရင် ပြုလုပ်အပ်သော ပဲနောက်ဟင်းလည်း သုံးခွက် ရှိ၏။

အာလောပဿ အနုရူပံ ယာဝစရိမာလောပပွဟောနကံ မဿ-
မံသာဒိဗျဉ္ဇနံ ပဋိဂ္ဂဏှိတဗ္ဗံ။

အဿကား– အာလောပဿ-ဆွမ်းလုပ်အား အနုရူပံ - လျော်ကပ်သော၊ ယာဝစရိမာလောပပွဟောနကံ–အဆုံး ဆွမ်းလုပ်တိုင်အောင်လောက်သော၊ မဿမံသာဒိဗျဉ္ဇနံ - ငါး အမဲ အစရှိသော ဟင်းလျာကို၊ ပဋိဂ္ဂဏှိတဗ္ဗံ - ထည့်အပ်၏။

ဟု ကခ်ါ အဋ္ဌကထာနှင့်အညီ အဆုံး ဆွမ်းလုပ်အား လျော်ကပ်သော ဆွမ်း၏ လေးဘို့တဘို့ ရှိသော အဆုံး ဆွမ်းလုပ် တိုင်အောင်လောက်သော ငါး အမဲ အစရှိသော ဟင်းလျာတို့သည် အပ်၏၊ ထိုဟင်းလျာသည် သုံးခွက်ရှိ၏၊ အလုံးစုံ ဆွမ်း, ဝဲနောက်ဟင်း, ငါး အမဲ ဟင်းလျာတို့ကို ပေါင်းသော် ကိုးပြည် ရှိ၏။

ဧဝမေတံ သဗ္ဗမ္ပိ ပဋိဂ္ဂဏှံ သစေ ပတ္တဿ မုခဝဋ္ဋိယာ ဟေဋ္ဌိမရာဇိ-
သမံ တိဋ္ဌတိ၊ သုတ္တေနဝါ ဟီရေနဝါ ဆိန္ဒန္တဿ သုတ္တဿဝါ
ဟီရဿဝါ ဟေဋ္ဌိမန္တံ ဖုသတိ၊ အယံ ဥက္ကဋ္ဌောနာမ ပတ္တော၊ သစေ
တံ ရာဇိံ အတိက္ကမ္မ ထူပိကတံ တိဋ္ဌတိ၊ အယံ ဥက္ကဋ္ဌောမကောနာမ
ပတ္တော၊ သစေ တံ ရာဇိံ န သမ္ပါပုဏာတိ၊ အန္တောဂဓမေဝ ဟောတိ၊
ဥက္ကဋ္ဌုက္ကဋ္ဌောနာမ ပတ္တော။

အဿကား– ဧဝံ–ဤသို့၊ ဧတံသဗ္ဗမ္ပိ-ထိုအလုံးစုံကိုလည်း၊ ပဋိဂ္ဂဏှံ-ထည့်အပ်၏၊ သစေ–အကယ်၍၊ ပတ္တဿ-သပိတ်၏၊ မုခဝဋ္ဋိယာ-မျက်နှာဝအရေး၏၊ ဟေဋ္ဌိမရာဇိသမံ-အောက်အရေးနှင့်အမျှ၊ တိဋ္ဌတိ-တည်၏၊ သုတ္တေနဝါ-ချည်ဖြင့်လည်းကောင်း၊ ဟီရေနဝါ–လျှော်ဖြင့်လည်းကောင်း၊ ဆိန္ဒန္တဿ–တံသုတ်တိုက်သော၊သုတ္တဿဝါ-ချည်၏လည်းကောင်း၊ဟီရဿဝါ-လျှော်၏လည်းကောင်း၊ ဟေဋ္ဌိမန္တံ-အောက်အစွန်းကို၊ဖုသတိ-ထိ၏၊ အယံပတ္တော-ဤသပိတ်သည်၊ ဥက္ကဋ္ဌောနာမ-ဥက္ကဋ္ဌ သပိတ်မည်၏၊ သစေ–အကယ်၍၊ တံ-ရာဇိံ-ထိုအရေးကို၊ အတိက္ကမ္မ–လွန်၍၊ ထူပိကတံ-စုန့်စုန့်တက်၍၊ တိဋ္ဌတိ-တည်၏၊ အယံပတ္တော-ဤ သပိတ်သည်၊ ဥက္ကဋ္ဌောမကောနာမ - ဥက္ကဋ္ဌောမက သပိတ်မည်၏၊ သစေ-အကယ်၍၊ တံရာဇိံ–ထိုအရေးကို၊ နသမ္ပာပုဏာတိ-မမှီမရောက်၊ အန္တောဂဓမေဝ - အတွင်း၌သာလျှင်၊ ဟောတိ-၏၊ အယံပတ္တော–ဤ သပိတ်သည်၊ ဥက္ကဋ္ဌုက္ကဋ္ဌောနာမ – ဥက္ကဋ္ဌုက္ကဋ္ဌ သပိတ် မည်၏။

ဟု ကင်္ခါအဋ္ဌကထာ၌ ဆိုသည်နှင့်အညီ ထို အလုံးစုံ ကိုးပြည်ကိုထည့်၍ ချည်ဖြင့် လည်းကောင်း, လျှော်ဖြင့်လည်းကောင်း တံသုတ်တိုက်၍ အနားရေးနှင့် မျှသော သပိတ်သည် ဥက္ကဋ္ဌ သပိတ် မည်၏၊ ထိုအနားရေးမှ စုန့်စုန့် တက်သော သပိတ်သည် ဥက္ကဋ္ဌောမက သပိတ် မည်၏၊ ထိုအနားရေးသို့ မရောက်၊ အတွင်း၌သာဖြစ်၍ ချောင်၏၊ ထိုသပိတ်သည် ဥက္ကဋ္ဌုက္ကဋ္ဌ သပိတ် မည်၏ဟု မှတ်။

ဥက္ကဋ္ဌတော ဥပဍ္ဎုပမာဏော မဇ္ဈိမော၊မဇ္ဈိမပတ္တတော ဥပဍ္ဎုပမာဏော ဩမကော၊ တေသံပိ ဝုတ္တနယေနေဝ ဘေဒေါ ဝေဒိတဗ္ဗော။

အတ္ထကား- ဥက္ကဋ္ဌတော – ဥက္ကဋ္ဌသပိတ်မှ၊ ဥပဍ္ဎုပမာဏော – ထက်ဝက်ပမာဏ ရှိသောသပိတ်သည်၊ မဇ္ဈိမော – မဇ္ဈိမသပိတ်တည်း၊ မဇ္ဈိမပတ္တတော- မဇ္ဈိမသပိတ်မှ၊ ဥပဍ္ဎုပမာဏော-ထက်ဝက်သော သပိတ်သည်၊ ဩမကော- ဩမက သပိတ် မည်၏၊ တေသံပိ-ထိုသပိတ်တို့၏လည်း၊ ဝုတ္တနယေနေဝ- ဥက္ကဋ္ဌ သပိတ်၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်၊ ဘေဒေါ-အပြားကို၊ ဝေဒိတဗ္ဗော-၏။

ဟု–ကင်္ခါအဋ္ဌကထာ၌ ဆိုသောကြောင့် ဥက္ကဋ္ဌ သပိတ်၌ ထည့်သော ဆွမ်း၏ ထက်ဝက်သော လေးပြည် တခွက်ရှိသော ဆွမ်းဟင်းတို့ကို ထည့်၍ အနားရေးနှင့်မျှသော သပိတ်သည် မဇ္ဈိမ သပိတ်မည်၏၊ ထိုမဇ္ဈိမ သပိတ်၌ သွတ်သောဆွမ်း၏ ထက်ဝက်ဖြစ်သော နှစ်ပြည် တစလယ် ရှိသော ဆွမ်းဟင်း ကို သွတ်၍ အနားရေးနှင့်မျှသော သပိတ်သည် ဩမက သပိတ်မည်၏၊ မဇ္ဈိမ သပိတ်သုံးလုံး, ဩမက သပိတ်သုံးလုံးတို့မှာ ဆိုအပ်ခဲ့ပြီးသော ဥက္ကဋ္ဌ သပိတ်သုံးလုံးတို့၏ ပမာဏကဲ့သို့ တံသုတ်တိုက်၍ မဇ္ဈိမုက္ကဋ္ဌ, မဇ္ဈိမောမက, ဩမကုက္ကဋ္ဌ, ဩမကောမကကို သိအပ်၏။

ဇာတိဝသေန တယော ဥက္ကဋ္ဌုက္ကဋ္ဌောစ ဩမကောမကောစာတိ ဒွေ- အပတ္တာ၊ တာလက ပရိဘောဂေန ပရိဘုဉ္ဇိတိ၊ သေသာ သတ္တပတ္တာ ပမာဏယုတ္တာနာမ။

အတ္ထကား- ဇာတိဝသေန ဇာတိ ဧကောသ နဝသု ပတ္တေသု–ထို ကိုးလုံးသော သပိတ်တို့တွင်၊ ဥက္ကဋ္ဌုက္ကဋ္ဌောစ – ဥက္ကဋ္ဌ သပိတ်ထက် ကြီးသော ဥက္ကဋ္ဌုက္ကဋ္ဌ သပိတ်ရင်း၊ ဩမကောမကောစ ဩမက သပိတ်အောက် ငယ် သော သပိတ်ရင်း၊ ဇာတိ–သို့၊ ဒွေ–နှစ်လုံးကုန်သော သပိတ်တို့သည်၊ အပတ္တာ-

သပိတ်မဟုတ်ကုန်၊ ထာလကပရိဘောဂေန–ခွက်အမှတ်ဟူသော သုံးဆောင်ခြင်းဖြင့်၊ ပရိဘုဥ္စတိ–သုံးဆောင်အပ်၏၊ သေသာ – ကြွင်းကုန်သော၊ သတ္တပတ္တာ – ခုနစ်လုံးကုန်သော သပိတ်တို့သည်၊ ပမာဏယုတ္တာနာမ–ပမာဏနှင့်ယှဉ်ကုန်၏။

ဟု–ကင်္ခါအဋ္ဌကထာ၌ ဆိုသောကြောင့် ထို ကိုးလုံးသော သပိတ်တို့တွင် ဥက္ကဋ္ဌ သပိတ်ထက်ကြီးသော ဥက္ကဋ္ဌုက္ကဋ္ဌ သပိတ်,ဩမက သပိတ်အောက် ငယ်သော ဩမကောမကသပိတ်–ဤနှစ်လုံးသော သပိတ်တို့သည် သပိတ်မဟုတ်ကုန်၊ ခွက်ဟူသော အမှတ်ဖြင့် သုံးဆောင်အပ်၏၊ ကြွင်းကုန်သော သပိတ်တို့သည် ပမာဏနှင့်ယှဉ်ကုန်၏၊ အဓိဋ္ဌာန် ဝိကပ္ပနာ ထိုက်သည်ဖြစ်၍ သပိတ်ဟူသော အမှတ်ဖြင့် သုံးဆောင်အပ်၏၊ နှစ်လုံးသော သပိတ်မှာ အဓိဋ္ဌာန် ဝိကပ္ပနာ မထိုက်သည်ဖြစ်၍ သပိတ်ဟူသော အမှတ်ဖြင့် မသုံးဆောင်အပ်ကုန် ဟု–မှတ်ရမည်။

သပိတ်သည် ဇာတ်အားဖြင့် သံသပိတ်, မြေသပိတ်အားဖြင့် နှစ်ပါး အပြားရှိ၏၊ထို့ကြောင့် ခုဒ္ဒသိက္ခာ၌– အယောပတ္တော ဘူမိပတ္တော၊ဇာတိယာ ကပ္ပိယာ ဒုဝေ။ ။ဟု–မိန့်၏၊ အယောပတ္တောစ–သံသပိတ်ငှင်း၊ဘူမိပတ္တော–စ – မြေသပိတ်ငှင်း၊ ဤတိ–သို့၊ ဒုဝေ – နှစ်လုံးကုန်သော သပိတ်တို့သည်၊ ဇာတိယာ–ဇာတ်အားဖြင့် ကပ္ပိယာ–အပ်ကုန်၏။

ထိုနှစ်လုံးသော သပိတ်တို့တွင် "အယောပတ္တော ပဉ္စဟိ ပါကေဟိ ပက္ကော" ဟု–ဝိနယာလင်္ကာရ ဋီကာ၌ ဆိုသောကြောင့် သံသပိတ်ကို ငါးကြိမ် ဘုတ်ခြင်းဖြင့် ကျက်၏၊ "မတ္တိကာပတ္တော ဒွီဟိ ပါကေဟိ ပက္ကော" ဟု–ဝိနယာလင်္ကာရဋီကာ၌ ဆိုသောကြောင့် မြေသပိတ်ကို နှစ်ကြိမ်ဘုတ်ခြင်းဖြင့် ကျက်၏ ဟု– မိန့်၏၊ အဆင်း၌ကား – "သမဏသာရုပ္ပ နီလဝဏ္ဏော ဟောတိ" ဟု–ငှင်းဝိနယာလင်္ကာရ ဋီကာ၌ ဆိုသောကြောင့် မကြောင်မကျား ညိုသော အဆင်းရှိသော သပိတ်သာလျှင် ရဟန်းတို့အား လျောက်ပတ်သည် ဖြစ်၍ အဓိဋ္ဌာန် ဝိကပ္ပနာ ထိုက်၏။

ဤကား သပိတ်ကိုးလုံး အတ္ထုပ္ပတ္တိတည်း၊ ထိုအတ္ထုပ္ပတ္တိကို မှတ်သား လေ့ကျက် ကြည့်ရှုကြပါလေကုန်။ ။ပြီး၏။

၂၁–သက်န်း ကိုးထည် ဟူသည်ကား

တိစီဝရိက, ဝဿိကသာဋိက, နိသီဒန, ပစ္စတ္ထရဏ, ကဏ္ဍုပဋိစ္ဆာဒိက, မုခပုဉ္ဆန, ပရိက္ခာရစောဠ–ဟု ကင်္ခါအဋ္ဌကထာ၌ ဆိုသောကြောင့် ဒုကုဋ်,

ကိုယ်ဝတ်,သင်းပိုင်, မိုးရေခံ,နိသီဒိုင်, အိပ်ရာခင်း,အမာလွှမ်း, မျက်နှာသုတ်, ပရိက္ခာရစောဠ-ဤကိုးထည်တည်း ဟု မှတ်။

၂၂-သက်နှ်း အဓိဋ္ဌာန်တင် ရှစ်ပါး ဟူသည်ကား

တိစီဝရိက် အဓိဋ္ဌာန်တင်, ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်, ကိုယ်ဖြင့် အဓိဋ္ဌာန်တင်, နှုတ်ဖြင့် အဓိဋ္ဌာန်တင်, အနီး အဓိဋ္ဌာန်တင်, အဝေး အဓိဋ္ဌာန်တင်, တထည် အဓိဋ္ဌာန်တင်, အများ အဓိဋ္ဌာန်တင်-ဟူ၍ ရှစ်ပါးတည်း၊ ထိုရှစ်ပါးတို့တွင် တိစီဝရိက် အဓိဋ္ဌာန်တင် ဟူသည်ကား-

ဣမံ သံဃာဋိံ အဓိဋ္ဌာမိတိအာဒိနာ နာမံ ဝတွာ အဓိဋ္ဌာတဗ္ဗံ။

အတ္ထကား- ဣမံ သံဃာဋိံ-ဤဒုကုဋ်ကို၊ အဓိဋ္ဌာမိ-အဓိဋ္ဌာန်တင်၏၊ ဣတိ အာဒိနာ - ဤသို့စသည်ဖြင့်၊ နာမံ - အမည်ကို၊ ဝတွာ-ဆို၍၊ အဓိဋ္ဌာတဗ္ဗံ-အဓိဋ္ဌာန် တင်အပ်၏။

ဟု-ဝိနယသင်္ဂဟအဋ္ဌကထာ၌ ဆိုသောကြောင့် တိစီဝရိက် ဆောက်တည်သော ရဟန်းသည် ဒုကုဋ်ကို တင်လိုသော် "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" ဟု ဆို၍ အဓိဋ္ဌာန်တင်ရမည်။

ကိုယ်ဝတ်ဖြစ်မူ "ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ"ဟု ဆိုရမည်၊ သင်းပိုင်ဖြစ်မူ "ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ" ဟု ဆိုရမည်။ ။ဤကား တိစီဝရိက် အဓိဋ္ဌာန်တင်နည်းတည်း။ ။တိစီဝရိက် အဓိဋ္ဌာန် တင်လောက်သော သက်နှ်း၏ ပမာဏကား-

> တဿ ပမာဏံ ဥက္ကဋ္ဌပရိစ္ဆေဒေန သုဂတ စီဝရတော ဦနကံ ဝဋ္ဋတိ၊ လာမကပရိစ္ဆေဒေန ပန သံဃာဋိယာ ဥတ္တရာသင်္ဂဿစ ဒီဃတော မုဋ္ဌိပဉ္စကံ တိရိယံ မုဋ္ဌိတ္တိကပမာဏံ ဝဋ္ဋတိ၊ အန္တရဝါသကော ဒီဃတော မုဋ္ဌိပဉ္စကော တိရိယံ ဒွိဟတ္ထောပိ ဝဋ္ဋတိ။

အတ္ထကား- တဿ - ထိုသုံးထည်သော တိစီဝရိက်သက်နှ်း၏၊ ပမာဏံ- ပမာဏသည်၊ ဥက္ကဋ္ဌပရိစ္ဆေဒေန - လွန်သော အပိုင်းအခြားဖြင့်၊သုဂတ စီဝရတော-မြတ်စွာဘုရား သက်နှ်းတော်မှ၊ ဦနကံ-အယုတ်သည်၊ ဝဋ္ဋတိ-အပ်၏၊ လာမကပရိစ္ဆေဒေနပန- ယုတ်သော အပိုင်းအခြားအားဖြင့်ကား၊ သံဃာဋိယာစ-ဒုကုဋ်၏လည်းကောင်း၊ ဥတ္တရာသင်္ဂဿစ-ကိုယ်ဝတ်၏ လည်းကောင်း၊ ဒီဃတော-အလျားမှ၊ မုဋ္ဌိပဉ္စကံ-အဆုပ်နှင့်တကွ ငါးတောင်သည်၊ ဝဋ္ဋတိ- အပ်၏၊ တိရိယံ-အနံကား၊ မုဋ္ဌိတ္တိကပမာဏံ - အဆုပ်ဖြင့် မှတ်အပ်သော သုံးတောင် အတိုင်းအရှည်သည်၊ ဝဋ္ဋတိ-၏၊ အန္တရဝါသကော- သင်းပိုင်သည်၊

ဒိဿတော-အလျားမှ၊ မုဋ္ဌိပဉ္စကော-အဆုပ်နှင့်တကွ ငါးတောင်သည်၊ဝဋ္ဋတိ-အပ်၏၊ တိရိယံ – အနံကား၊ ဒွိဟတ္ထောပိ – နှစ်တောင်သည်လည်း၊ ဝါ- နှစ်တောင်ထွာသည်လည်း၊ ဝဋ္ဋတိ–အပ်၏။

ဟု-ဝိနယသင်္ဂဟ အဋ္ဌကထာ၌ ဆိုသောကြောင့် ထိုတိစီဝရိက် အဓိဋ္ဌာန် တင်လောက်သော သင်္ကန်း၏ ပမာဏကား လွန်သော အပိုင်းအခြားအား ဖြင့် မြတ်စွာဘုရား သင်္ကန်းတော်အောက် အယုတ်သည် အပ်၏၊ ယုတ်သော အပိုင်းအခြား အားဖြင့်ကား ဒုကုဋ်၏ လည်းကောင်း, ကိုယ်ဝတ်၏ လည်း ကောင်း အလျားမှ အဆုပ်နှင့်တကွ ငါးတောင်တည်း၊ အနံမှကား အဆုပ်နှင့် တကွ သုံးတောင်တည်း၊ သင်းပိုင်၌ကား အလျားမှ အဆုပ်နှင့် တကွ ငါး တောင်တည်း၊ အနံမှကား နှစ်တောင် လည်းကောင်း, နှစ်တောင်ထွာ လည်း ကောင်းတည်း၊ ထိုအောက်ယုတ်သော်ကား တိစီဝရိက် အဓိဋ္ဌာန်မရဟု မှတ် အပ်၏၊ မုဋ္ဌိပဉ္စက-ဟု ဆိုခြင်းသည် အဘယ်ကိုထောက်၍ သိအပ်သနည်း ဟုမူ-

> စတုဟတ္ထေန မိနိတွာ ပဉ္စမံ ဟတ္ထံ မုဋ္ဌိကတွာ မိနိတဗ္ဗန္တိ အဓိပ္ပါ- ယော။

အတ္ထကား- စတုဟတ္ထေန - လေးတောင်ဖြင့်၊ မိနိတွာ-တောင်၍၊ ဝါ- နှိုင်းရှည့်၍၊ ပဉ္စမံ - ငါးခုမြောက်သော၊ ဟတ္ထံ - အတောင်ကို၊ မုဋ္ဌိကတွာ- အဆုပ်ပြု၍၊ မိနိတဗ္ဗံ – တောင်အပ်၏၊ ဝါ – နှိုင်းရှည့်အပ်၏၊ ဣတိ အယံ- ဤသည်လျှင်၊ အဓိပ္ပါယော-အဓိပ္ပါယ်တည်း။

ဟု - ဝိနယာလင်္ကာရ ဋီကာ၌ လာသည်နှင့် အညီ ငါးခုမြောက်သော အတောင်ကို အဆုပ်ပြု၍ တောင်အပ်,နှိုင်းရှည့်အပ်၏ဟု မိန့်၏။ ။ဒွိဟတ္ထော၌ ပိသဒ္ဒါဖြင့် နှစ်တောင်ထွာကို ဆည်းအပ်၏။

မြတ်စွာဘုရား သင်္ကန်းတော်အောက်ဟူရာ၌ မြတ်စွာဘုရား သင်္ကန်းတော် ပမာဏကား-

> တတြိဒံ သုဂတဿ သုဂတစီဝရပမာဏံ၊ ဒိဿသော နဝဝိဒတ္ထိ- ယော သုဂတဝိဒတ္ထိယာ၊ တိရိယံ ဆဝိဒတ္ထိယော၊ ဣဒံ သုဂတဿ သုဂတစီဝရပမာဏန္တိ။

ဟု-ဝိနည်းမာတိကာ၌ လာသည်နှင့်အညီ အလျားမှ မြတ်စွာဘုရား အထွာ တော်ဖြင့် ကိုးထွာတည်း၊ အနံမှကား ခြောက်ထွာတည်း၊ ဤကား မြတ်စွာ

ဘုရား သက်န်းတော် ပမာဏတည်း။ ။ဤကား တိစီဝရိက် အဓိဋ္ဌာန်တင်နှစ်ပါးတည်း။ ။ပရိက္ခာရစောဠ အဓိဋ္ဌာန်တင် ဟူသည်ကား-

ဝိကပ္ပနုပဂပစ္ဆိမ စီဝရပမာဏံ ပရိက္ခာရစောဠန္တိ အဓိဋ္ဌာတဗ္ဗံ။

အတ္ထကား- ဝိကပ္ပနုပဂပစ္ဆိမစီဝရပမာဏံ - ဝိကပ္ပနာ ပြုလောက်သောငယ်သော ပမာဏရှိသော သင်္ကန်းကို၊ ပရိက္ခာရစောဠန္တိ - ပရိက္ခာရစောဠဟူ၍၊ အဓိဋ္ဌာတဗ္ဗံ-အဓိဋ္ဌာန်တင်အပ်၏။ ။ဟု- ဝိနယသင်္ဂဟ အဋ္ဌကထာ၌လာ၏။

ဝိကပ္ပနုပဂပစ္ဆိမစီဝရပမာဏံ ပရိက္ခာရစောဠန္တိဧတ္ထ ပန ဝိကပ္ပနုပဂပစ္ဆိမစီဝရ ပမာဏံ နာမ သုဂတင်္ဂုလေန ဒီဃတော အဋ္ဌင်္ဂုလံ ဟောတိ၊တိရိယတော စတုရင်္ဂုလံ၊ဝနုကီဟတ္ထေန ဒီဃတော ဧကဟတ္ထံ ဟောတိ၊ တိရိယတော ဝိဒတ္ထိပမာဏံ၊ ဣဒါနိ ပကတိဟတ္ထေန ပန ဒီဃတော ဝိဒတ္ထာဓိကဟတ္ထံ ဟောတိ၊ တိရိယတော ဆဠင်္ဂုလာဓိက ဝိဒတ္ထိ ပမာဏံ၊ တေနာဟ တဿ ပမာဏန္တိ အာဒိ။

အတ္ထကား- ဝိကပ္ပနုပဂပစ္ဆိမစီဝရ ပမာဏံ ပရိက္ခာရစောဠန္တိဧတ္ထ ပန-ဝိကပ္ပနုပဂပစ္ဆိမစီဝရပမာဏံ ပရိက္ခာရစောဠံ ဟူသော ဤပုဒ်၌ကား၊ဝိကပ္ပနုပဂပစ္ဆိမစီဝရပမာဏံနာမ- ဝိကပ္ပနာပြုလောက်သော အဆုံးစွန်အောက် ငယ်သော သင်္ကန်းအတိုင်းအရှည် မည်သည်ကား၊ သုဂတင်္ဂုလေန-မြတ်စွာဘုရား လက်သစ်တော်ဖြင့်၊ ဒီဃတော - အလျားမှ၊ အဋ္ဌင်္ဂုလံ - လက်ရှစ်သစ်သည်၊ ဟောတိ - ၏၊ တိရိယတော - အနံမှ၊ စတုရင်္ဂုလံ - လက်လေးသစ်သည်၊ ဟောတိ-၏၊ ဝနုကီဟတ္ထေန - လက်သွားတောင်ဖြင့်၊ ဒီဃတော-အလျားမှ၊ ဧကဟတ္ထံ-တတောင်သည်၊ ဟောတိ-၏၊ တိရိယတော-အနံမှ၊ဝိဒတ္ထိပမာဏံ-တထွာအတိုင်းအရှည်သည်၊ ဟောတိ-ဖြစ်၏၊ ဣဒါနိ-ယခုအခါ၌၊ ပကတိဟတ္ထေနပန-ပြကတေ့သော လူတို့၏ အတောင်ဖြင့်ကား၊ ဒီဃတော-အလျားမှ၊ ဝိဒတ္ထာဓိကဟတ္ထံ - တထွာအလွန်ရှိသော တတောင်သည်၊ ဟောတိ-၏၊ တိရိယတော - အနံမှ၊ ဆဠင်္ဂုလာဓိကဝိဒတ္ထိပမာဏံ - ခြောက်သစ် အလွန်ရှိသော တထွာအတိုင်းအရှည်သည်၊ ဟောတိ-၏၊ တေန-ထိုကြောင့်၊တဿ-ထိုသင်္ကန်း၏၊ ပမာဏန္တိအာဒိံ-ပမာဏ အစရှိသည်ကို၊ အာဟ-၏။

ဟု-ဝိနယာလင်္ကာရဋီကာ၌ လာသည်နှင့်အညီ ဝိကပ္ပနာပြုလောက်သော အဆုံးစွန်အောက် ငယ်သော သင်္ကန်းအတိုင်းအရှည်မည်သည်ကား မြတ်စွာဘုရား လက်သစ်တော်ဖြင့် အလျားမှ လက်ရှစ်သစ်တည်း၊ အနံမှ လက်လေး

သစ်တည်း၊လက်သွားတောင်ဖြင့်ကား အလျားမှ တတောင်တည်း၊အနံမှကား တထွာတည်း၊ယခုအခါ ပကတိလူတို့၏ အတောင်ဖြင့်ကား အလျားမှ တထွာ အလွန်ရှိသော တတောင်တည်း၊ အနံမှကား ခြောက်သစ် အလွန်ရှိသော တထွာတည်း၊ ထိုကြောင့် ထိုသက်နီး၏ ပမာဏကို သိအပ် မှတ်အပ်၏။

ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်လိုသော ရဟန်းသည် သင်္ကန်းတထည် ဖြစ်မူကား-"ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ" နှစ်ထည်မှ စ၍ များမူကား "ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ" ဤကား ပရိက္ခာရစောဠ အဓိဋ္ဌာန်တင် တထည်နှစ်ထည် အနည်း အဓိဋ္ဌာန်တင်နည်းတည်း၊ နှစ်တောင့်ထွာ ဟတ္ထပါသ်ပြင်ဖြစ်၍ အဝေး၌ တထည်ဖြစ်မူကား "တံစီဝရံ ပရိက္ခာရ စောဠံ အဓိဋ္ဌာမိ" ဟု တထည် အဝေးပရိက္ခာရစောဠ အဓိဋ္ဌာန်တင်တည်း၊ အဝေး၌ နှစ်ထည်မှ စ၍ များမူကား "တာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ"ဟု ဆို၍ အဓိဋ္ဌာန်တင်။

ကိုယ်ဖြင့် အဓိဋ္ဌာန်တင်, နှုတ်ဖြင့် အဓိဋ္ဌာန်တင် နှစ်ပါးတည်း၊ ထိုနှစ်ပါး တို့တွင် ကိုယ်ဖြင့် အဓိဋ္ဌာန်တင် ဟူသည်ကား-

> နဝံ သံဃာဋိံ ဟတ္ထေန ဂဟေတွာ ဣမံ သံဃာဋိံ အဓိဋ္ဌာမီတိ စိတ္တေန အာဘောဂံ ကတွာ ကာယဝိကာရံ ကရောန္တေန ကာယေန အဓိဋ္ဌာတဗ္ဗံ၊ ဣဒံ ကာယေန အဓိဋ္ဌာနံ၊ တံ ယေနကေနစိ သရီရာဝယဝေန အဖုသန္တဿ နဝဋ္ဋတိ။

အတ္ထကား– နဝံသံဃာဋိံ-ဒုကုဋ်သစ်ကို၊ ဟတ္ထေန-လက်ဖြင့်၊ ဂဟေတွာ-ကိုင်၍၊ ဣမံ သံဃာဋိံ အဓိဋ္ဌာမီတိ–ဣမံ သံဃာဋိံ အဓိဋ္ဌာမိဟု၊ စိတ္တေန-ဖြင့်၊ အာဘောဂံ-နှလုံးသွင်းခြင်းကို၊ ကတွာ-ပြု၍၊ ကာယဝိကာရံ-ကိုယ်၏ဖေါက်ပြန်ခြင်းကို၊ ကရောန္တေန – ပြုသဖြင့်၊ ကာယေန – ကိုယ်ဖြင့်၊ အဓိဋ္ဌာတဗ္ဗံ-အဓိဋ္ဌာန်တင်အပ်၏၊ ဣဒံ-ဤသည်ကား၊ ကာယေန-ကိုယ်ဖြင့်၊ အဓိဋ္ဌာနံ–အဓိဋ္ဌာန်တင်ခြင်းတည်း၊ တံ-ထိုသင်္ကန်းကို၊ ယေနကေနစိ-အမှတ်မရှိသော၊ သရီရာဝယဝေန-ကိုယ်အစိတ်ဖြင့်၊အဖုသန္တဿ-မထိသောသူအား၊ နဝဋ္ဋတိ-မအပ်။

ဟု-ကင်္ခါအဋ္ဌကထာ၌ ဆိုသောကြောင့် အသစ်ဖြစ်သော ဒုကုဋ်ကို လက်ဖြင့်ကိုင်၍ "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" ဟု စိတ်ဖြင့် နှလုံးသွင်းခြင်းကို ပြု၍ ကိုယ်၏ ဖေါက်ပြန်ခြင်းကိုပြုသဖြင့် ကိုယ်ဖြင့်အဓိဋ္ဌာန်တင်အပ်၏၊ ထိုသင်္ကန်း

ကို တစုံတခုသော ကိုယ်အစိတ်ဖြင့် မထိမှုကား မအပ်ဟု သိအပ်၏၊ ဤကား ကိုယ်ဖြင့် အမိဋ္ဌာန်တင်ခြင်းတည်း။

နှုတ်ဖြင့် အမိဋ္ဌာန်တင်ခြင်း ဟူသည်ကား- " ဝါစာယ အမိဋ္ဌာနေပန ဝစီဘေဒံ ကတွာ ဝါစာယ အမိဋ္ဌာတဗ္ဗာ။"

အတ္ထကား- ဝါစာယ အမိဋ္ဌာနေပန-စကားဖြင့် အမိဋ္ဌာန်တင်ခြင်း၌ကား၊ ဝစီဘေဒံ-နှုတ်မြွက်ခြင်းကို၊ ကတွာ-ပြု၍၊ ဝါစာယ-စကားဖြင့်၊ အမိဋ္ဌာတဗ္ဗာ-အမိဋ္ဌာန်တင်အပ်ကုန်၏။

ဟု-ကင်္ခါအဋ္ဌကထာ၌ ဆိုသောကြောင့် နှုတ်မြွက်၍ တင်အပ်၏။ ။ဤကား စကားဖြင့် အမိဋ္ဌာန်တင်ခြင်းတည်း၊ အနီး,အဝေး အနည်း,အများကို ဆိုခဲ့ပြီးသည်ကို နှလုံးသွင်း၍ သိအပ်၏။ ။ဤကား သက်နိုး၌ အမိဋ္ဌာန်တင် ရှစ်ပါးတည်း။ ။ပြီး၏။

၂၃-သပိတ်အမိဋ္ဌာန်တင် လေးပါး ဟူသည်ကား

ကိုယ်ဖြင့် သပိတ်ကိုကိုင်၍"ဣမံ ပတ္တံ အမိဋ္ဌာမိ"ဟု နှလုံးသွင်း၍ အမိဋ္ဌာန် တင်ခြင်းသည် ကိုယ်ဖြင့်အမိဋ္ဌာန်တင်ခြင်းတည်း၊ စကားဖြင့် နှုတ်မြွက်၍ "ဣမံ ပတ္တံ အမိဋ္ဌာမိ" ဟု အမိဋ္ဌာန်တင်ခြင်းတည်း၊ အနီး အမိဋ္ဌာန်မှာ 'ဣမံ ပတ္တံ အမိဋ္ဌာမိ"ဟု တလုံးတင်၊ တလုံးတည်းသော သပိတ်သည် နှစ်တောင်ထွာ ပတ္တပါသ်ပြင်၌ရှိမူ "ဧတံ ပတ္တံ အမိဋ္ဌာမိ" ဟု ဆိုအပ်၏၊ ထိုကြောင့် ကိုယ်ဖြင့် အမိဋ္ဌာန်တင် နှုတ်ဖြင့် အမိဋ္ဌာန်တင် အနီးအမိဋ္ဌာန် အဝေးအမိဋ္ဌာန် တင် ဟူ၍ သပိတ်အမိဋ္ဌာန်တင် လေးပါးတည်း။ ။ပြီး၏။

၂၄-ဝိကပ္ပနာ နှစ်ပါး ဟူသည်ကား

"သမ္မုခါ ပရမ္မုခါတိ ဒုဝေ ဝုတ္တာ ဝိကပ္ပနာ " ဟု ခုဒ္ဒသိက္ခာ၌ လာသည် နှင့်အညီ ဝိကပ္ပနာသည် သမ္မုခါဝိကပ္ပနာ ပရမ္မုခါဝိကပ္ပနာ ဟူ၍ နှစ်ပါး တည်း၊ ထိုနှစ်ပါးတို့တွင် သမ္မုခါဝိကပ္ပနာ ဟူသည်ကား-

> စီဝရာနံ ဧကဗဟုဘာဝံ သန္နိဟိတာသန္နိဟိတဘာဝဉ္စ ဉတွာ ဣမံ စီဝရန္တိဝါ ဣမာနိ စီဝရာနီတိဝါ ဧတံ စီဝရန္တိဝါ ဧတာနိ စီဝရာ-နီတိဝါ ဝတွာ တုယှံ ဝိကပ္ပေမီတိ ဝတ္တဗ္ဗံ။

အတ္ထကား- စီဝရာနံ-သင်္ကန်းတို့၏၊ ဧကဗဟုဘာဝဉ္စ-တထည်တည်းအဖြစ် များသောအဖြစ်ကို လည်းကောင်း၊ သန္နိဟိတာသန္နိဟိတဘာဝဉ္စ - နီးသော အဖြစ် ဝေးသော အဖြစ်ကို လည်းကောင်း၊ ဉတွာ-သိ၍၊ ဣမံစီဝရန္တိဝါ-ဣမံ

စီဝရံ ဟူ၍ လည်းကောင်း၊ဣမာနိ စီဝရာနိတိဝါ-ဣမာနိ စီဝရာနိ ဟူ၍ လည်းကောင်း၊ ဧတံ စီဝရန္တိဝါ-ဧတံ စီဝရံ ဟူ၍လည်းကောင်း၊ ဧတာနိ စီဝရာနိ-တိဝါ-ဧတာနိ စီဝရာနိ ဟူ၍လည်းကောင်း၊ ဝတ္တာ-ဆို၍၊တုယှံ ဝိကပ္ပေမိတိ-တုယှံ ဝိကပ္ပေမိ-ဟု၊ ဝတ္တဗ္ဗံ-ဆိုအပ်၏။

ဟု-ဝိနယသင်္ဂဟအဋ္ဌကထာလာသည်နှင့် အညီ သင်္ကန်း၏ တထည်တည်း အဖြစ်, များသောအဖြစ်, နီးသောအဖြစ်, ဝေးသောအဖြစ်ကို နှလုံးသွင်း၍ "ဣမံ စီဝရံ၊ဣမာနိ စီဝရာနိ၊ဧတံ စီဝရံ၊ဧတာနိ စီဝရာနိ"ဟု ဆို၍ တယောက်သော ရဟန်းအထံ၌ တထည်ဖြစ်၍ အနီးဖြစ်မူ "ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ" ဟု ဆို၍ ဝိကပ္ပနာ ပြုအပ်၏၊ ထိုသို့ ဝိကပ္ပနာ ပြုကာမျှဖြင့် မသုံးဆောင်အပ်သေး၊သိမ်းခြင်းငှါသာ အပ်၏၊ အဘယ်ကြောင့်နည်း ဟူမူ ဝိကပ္ပနာကိုခံသော ရဟန်းသည် ပစ္စုဒ္ဓါရ်မပြုသေးသောကြောင့်တည်း၊ ထိုကြောင့် ခုဒ္ဒသိက္ခာ၌-

ဧတ္တာဝတာ နိဓေတုံဝ၊ ကပ္ပတိ နစ ကပ္ပတိ၊
ပရိဘောဂါဒိကံ တေန၊ အပစ္စုဒ္ဓဋဘာဝတော။

အဋ္ဌကား- ဧတ္တာဝတာ-ဤသို့ ဝိကပ္ပနာ ပြုကာမျှဖြင့်ကား၊ နိဓေတုံဝ-သိမ်းခြင်းငှါသာလျှင်၊ကပ္ပတိ-အပ်၏၊ တေန ဘိက္ခုနာ-ထိုဝိကပ္ပနာကိုခံသော ရဟန်းသည်၊ အပစ္စုဒ္ဓဋဘာဝတော - ပစ္စုဒ္ဓါရ် မပြုသေးသောကြောင့်၊ ပရိ-ဘောဂါဒိကံ - သုံးဆောင်ခြင်း အစရှိသော အမှုသည်၊ နစ ကပ္ပတိ-မအပ်၊ ဟု-ခုဒ္ဒသိက္ခာ၌ လာသည်ကို မှတ်။

ဝိကပ္ပနာကို ခံသောရဟန်းက ဤသို့ ဆိုအပ်၏၊ "မယှံ သန္တကံ ပရိဘုဉ္ဇ-ဝါ ဝိဿဇ္ဇေဟိဝါ ယထာပစ္စယံဝါ ကရောဟိ။"

အဋ္ဌကား- မယှံ-ငါ၏၊ သန္တကံ-ဥစ္စာကို၊ ပရိဘုဉ္ဇဝါ - သုံးဆောင်လို လည်း သုံးဆောင်လော၊ ဝိဿဇ္ဇေဟိဝါ-သူတပါးအား စွန့်လိုလည်း စွန့်လော၊ ယထာပစ္စယံ-ပစ္စည်းအလျောက်၊ ကရောဟိဝါ - ပြုလိုလည်း ပြုလော။ ။ဟု-ခုဒ္ဒသိက္ခာ လာသည်ကို မှတ်ရမည်။

အများဖြစ်မူ "မယှံ သန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ ယထာပစ္စယံဝါ ကရောဟိ" ဟု ဆို၊ ဤသို့ ဝိကပ္ပနာကိုခံသော ရဟန်းက ပစ္စုဒ္ဓါရ်ပြုမှ သုံးဆောင်ခြင်း အစရှိသည်ကို ပြုအပ်၏၊ ထိုကြောင့် ခုဒ္ဒသိက္ခာ၌-

တေန ပစ္စုဒ္ဓဋေယေဝ၊ ပရိဘောဂါဒိ ကပ္ပတိ။

အဋ္ဌကား- တေန ဘိက္ခုနာ-ထိုဝိကပ္ပနာကို ခံသောရဟန်းသည်၊ ပစ္စုဒ္ဓ-ဋေယေဝ-ပစ္စုဒ္ဓါရ် ပြုသော်သာလျှင်၊ ပရိဘောဂါဒိ-သုံးဆောင်ခြင်း အစရှိသည်၊ ကပ္ပတိ-အပ်၏။ ။ဟု-မိန့်၏။

အနုဒေတယျဟတ္ထော ဟတ္ထပါသောနာမ။

အနုဒေတယျဟတ္ထော-နှစ်တောင်ထွာသည်၊ ဟတ္ထပါသောနာမ-ဟတ္ထပါသ် ငယ် မည်၏။ ။ဟု-ကင်္ခါ၌ဆိုသောကြောင့် အနီးအဝေးဆိုရာ၌ နှစ်တောင် ထွာ ဟတ္ထပါသ်အတွင်းကို အနီးဟု နှလုံးသွင်း၍"ဣမံ စီဝရံ၊ ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ" ဟု ဆိုသည်၊ ဟတ္ထပါသ်ပြင်ကို အဝေးပြု၍ "ဧတံစီဝရံ၊ ဧတာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ" ဟု ဆိုသည်မှတ်၊ ပစ္စုဒ္ဓိုရ်ရ် မပြုပဲ သူတပါး အား စွန့်သော်လည်းကောင်း အကြောင်းနှင့်လျော်စွာ ပြုသော်လည်းကောင်း၊ ဒုက္ကဋ်အာပတ် သင့်၏၊ မိမိသုံးဆောင်သော် ပါစိတ်အာပတ် သင့်၏၊အဘယ် ကြောင့် သိအပ်သနည်း ဟူမူ-

ယော ပန ဘိက္ခု ဘိက္ခုဿဝါ ဘိက္ခုနိယာဝါ သိက္ခမာနာယဝါ သာမဏေရဿဝါ သာမဏေရိယာဝါ သာမံ စီဝရံ ဝိကပ္ပေတွာ အပစ္စုဒ္ဓါရဏံ ပရိဘုဉ္ဇေယျ ပါစိတ္တိယံ။

ဟု-ဝိနည်းမာတိကာ သုရာပါနဝဂ်၌ လာသောကြောင့် သိအပ်၏၊ ထို ကြောင့် ရှင်းဋီကာ၌-

"ဝိကပ္ပနန္တရမေဝ ပစ္စုဒ္ဓါရော ကာတဗ္ဗော" ဟု-မိန့်၏။

အတ္ထကား-ဝိကပ္ပနန္တရမေဝ-ဝိကပ္ပနာပြုသော အခြားမဲ့၌လျှင်၊ပစ္စုဒ္ဓါရော-ပစ္စုဒ္ဓိုရ်ရ်ကို၊ ကာတဗ္ဗော-ပြုအပ်၏။ ။ဤသို့ပစ္စုဒ္ဓိုရ်ရ်ပြုပြီးမှ မိမိသုံးဆောင်လို လျှင် အဓိဋ္ဌာန်တင်၍ သုံးဆောင်ရမည်ဟု မှတ်။ ။ဝိကပ္ပနာ ပြုလောက်သော သင်္ကန်း၏ ပမာဏကား-

အနုဇာနာမိ ဘိက္ခဝေ အာယာမေန အဋ္ဌင်္ဂုလံ သုဂတင်္ဂုလေန စတုရင်္ဂုလံ ဝိတ္ထတံ ပစ္ဆိမစီဝရံ ဝိကပ္ပေတုံ။

ဘိက္ခဝေ-တို့၊ အာယာမေန-အလျားအားဖြင့်၊ သုဂတင်္ဂုလေန - မြတ်စွာ ဘုရား လက်သစ်တော်ဖြင့်၊အဋ္ဌင်္ဂုလံ-လက်ရှစ်သစ်ရှိသော၊ စတုရင်္ဂုလဝိတ္ထတံ- အနံလက်လေးသစ်ရှိသော၊ပစ္ဆိမစီဝရံ-ပစ္ဆိမ သင်္ကန်းကို၊ဝိကပ္ပေတုံ-ဝိကပ္ပနာ ပြုစိမ့်သောငှါ၊ အနုဇာနာမိ-ခွင့်ပြုတော်မူ၏။

ဟု-မဟာဝါပါဠိတော်၌ လာသည်နှင့် အညီ အလျားအားဖြင့် မြတ်စွာ ဘုရား လက်ရှစ်သစ်ရှိသော၊ အနံအားဖြင့် မြတ်စွာဘုရား လက်လေးသစ်ရှိ သော ပစ္ဆိမသင်္ကန်းကို ဝိကပ္ပနာ ပြုအပ်၏ ဟု ခွင့်ပြုတော်မူသောကြောင့် မြတ်စွာ ဘုရား လက်တသစ်ကို မဇ္ဈိမပုရိသ - ဟု ဆိုအပ်သော ဝဍ္ဎကီ

လက်သမား၏ သုံးသစ်တည်း၊ ပကတိလူတို့၏ လေးသစ်ခွဲတည်း၊ ထိုကြောင့် အလျားမှ လက်သမားတို့၏ တတောင်တည်း၊ အနံမှ တထွာတည်း၊ ပကတိ ဖြစ်သော လူတို့၏ အလျားမှ တတောင်ထွာ၊ အနံ တထွာနှင့်လက်ခြောက် သစ် ရှိသော အငယ်ဆုံးဖြစ်သော သက်န်းကို ဝိကပ္ပနာ ပြုအပ်၏၊ ထို အောက် ယုတ်သော ငယ်သော သက်န်းကို ဝိကပ္ပနာ မပြုအပ်၊ ထိုထက် ကြီးမူ လွန်မူ ဝိကပ္ပနာပြုအပ်၏၊ ဤကား သမ္မုခါ ဝိကပ္ပနာပြုနည်းတည်း။

ပရမ္မုခါ ဝိကပ္ပနာ ပြုဟန်ကား- ဣမံ စီဝရံ တုယှံ ဝိကပ္ပနတ္ထာယ ဒမ္မိ။ ။ ဣမံစီဝရံ-ဤသက်န်းကို၊ တုယှံ-သင့်အား၊ ဝိကပ္ပနတ္ထာယ-ဝိကပ္ပနာ ပြုစိမ့် သောငှါ၊ ဒမ္မိ-ပေး၏။

ဟု-ခုဒ္ဒသိက္ခာ၌ လာသည်နှင့်အညီ တယောက်သော ရဟန်းအား ပေး အပ်၏၊ တယောက်သော ရဟန်းကလည်း "ဣမံ စီဝရံ တိဿဿ ဘိက္ခု- နော ဒမ္မိ" ဟုဆို၍ ဝိကပ္ပနာပြုအပ်၏၊ ဝိကပ္ပနာပြုသော အခြားမဲ့၌ ဝိကပ္ပနာ ကို ခံလိုသောရဟန်းက"တိဿဿ ဘိက္ခုနော သန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေ- ဟိဝါ ယထာပစ္စယံဝါ ကရောဟိ" ဟုဆို၍ ပစ္စုဒ္ဓိုရ်ပြုအပ်၏။

၂၅-သမ္မုခါဝိကပ္ပနာ, ပရမ္မုခါဝိကပ္ပနာနှစ်ပါး၏ ထူးခြင်း အကြောင်းကား

ဒွိန္နံ ဝိကပ္ပနာနံ ကိံ နာနာကရဏန္တိ သမ္မုခါ ဝိကပ္ပနာယ တာဝ သယံ ဝိကပ္ပေတွာ ပရေန ပစ္စုဒ္ဓရာပေတိ၊ တေနေဝ သာ သမ္မုခါဝိကပ္ပနာနာမ ဇာတာ၊ ပရမ္မုခါ ဝိကပ္ပနာယ ပရေနေဝ ဝိကပ္ပါပေတွာ ပရေနေဝ ပစ္စုဒ္ဓရာပေတိ၊ တေနေဝ သာ ပရမ္မုခါ ဝိကပ္ပနာ နာမ ဇာတာတိ ဣဒမေတ္ထ နာနာကရဏံ။

အဏ္ဏကား- ဒွိန္နံ-နှစ်ပါးကုန်သော၊ ဝိကပ္ပနာနံ-ဝိကပ္ပနာတို့၏၊ နာနာ- ကရဏံ-အထူးကား၊ ကိံ-အဘယ်နည်း၊ ဣတိပုစ္ဆာယံ-ဤသို့သော အမေး သည်၊ သတိ-ရှိသော်၊ သမ္မုခါဝိကပ္ပနာယ - သမ္မုခါဝိကပ္ပနာ၌၊ ပဌမံ- ဖြစ်သော၊ ဝိဓိံ-အစီအရင်ကို၊ တာဝ-ရှေးဦးစွာ၊ မယာ-ငါသည်၊ဝုစ္စတေ- မိန့်ဦးအံ့၊ သယံ-မိမိသည်၊ ဝိကပ္ပေတွာ-ဝိကပ္ပနာပြု၍၊ ပရေန-တပါးသော သူသည်၊ ပစ္စုဒ္ဓရာပေတိ - ပစ္စုဒ္ဓိုရ်ပြုစေ၏၊ တေနေဝ - ထိုကြောင့်သာလျှင်၊

သာ-ထိုဝိကပ္ပနာသည်၊ သမ္မုခါဝိကပ္ပနာနာမ-သမ္မုခါဝိကပ္ပနာ မည်သည်၊ ဇာတာ–ဖြစ်၏၊ ပရမ္မုခါဝိကပ္ပနာယ–ပရမ္မုခါဝိကပ္ပနာ၌၊ ပရေနေဝ–တပါးသောသူသည်ပင်လျှင်၊ ဝိကပ္ပါပေတွာ-ဝိကပ္ပနာပြုစေ၍၊ ပရေနေဝ–တပါးသော သူသည်ပင်လျှင်၊ ပစ္စုဒ္ဓရာပေတိ–ပစ္စုဒ္ဓိုရ်ပြုစေ၏၊ တေနေဝ–သာလျှင်၊ သာ–သည်၊ ပရမ္မုခါဝိကပ္ပနာနာမ–မည်သည်၊ ဇာတာ–၏၊ ဣတိ–သို့၊ ဣဒံ-ဤ ဝိကပ္ပနာ နှစ်ပါးသည်၊ ဧတ္ထ–ဤအရာ၌၊ နာနာကရဏံ–အထူးတည်း။

ဟူသော ခုဒ္ဒသိက္ခာဋီကာနှင့် အညီ သမ္မုခါဝိကပ္ပနာ၌ မိမိဝိကပ္ပနာပြု၍ သူတပါး ပစ္စုဒ္ဓိုရ်ပြုသည်၊ ပရမ္မုခါဝိကပ္ပနာ၌ တပါးသော သူကိုပင်လျှင် ဝိကပ္ပနာပြုစေ၍ တပါးသောသူပင်လျှင် ပစ္စုဒ္ဓိုရ်ပြုသည်၊ဤကား ဝိကပ္ပနာ နှစ်ပါး၏ ထူးခြင်းတည်းဟုမှတ်။ ။သပိတ်ဖြစ်မူကား– "ဣမံ ပတ္တံ ဣမာနိ ပတ္တာနိ တံပတ္တံ တာနိ ပတ္တာနိ တုယှံ ဝိကပ္ပေမိ" ဟု– ဆို၍ ဝိကပ္ပနာ ပြုအပ်၏၊ အနည်းအများ အဝေးအနီးကို နှလုံးသွင်း၍ ပြုအပ်၏။ ။ဤကား ဝိကပ္ပနာ ပြုခြင်း၏ ထူးသော အကြောင်းတည်း။

၂၆–သင်္ကန်းအဓိဋ္ဌာန်ကျခြင်း ရှစ်ပါး, ကိုးပါး ဟူသည်ကား

သူတပါးအား ပေးသဖြင့်၎င်း, ခိုးသူတို့လုယ၍ ယူသဖြင့်၎င်း, အကျွမ်းဝင်၍ ယူသဖြင့်၎င်း, လူထွက်သဖြင့်၎င်း, သိက္ခာကို စွန့်သဖြင့်၎င်း, သေသဖြင့်၎င်း, လိင်ပြန်သဖြင့်၎င်း ပစ္စုဒ္ဓိုရ်ပြုသဖြင့်၎င်း, လက်သန်း သည်းခွံမျှ ထုတ်ချင်း လျှိုပေါက်သဖြင့်၎င်း ဤ ကိုးပါးသော အကြောင်းတို့ကြောင့် တိစီဝရိက် အဓိဋ္ဌာန်ကျ၏၊အလုံးစုံသော သင်္ကန်းကို ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်မူကား ပေါက်ခြင်းကြောင့် အဓိဋ္ဌာန်မကျ၊ ရှေးရှစ်ပါးသော အကြောင်းကြောင့်ကား အဓိဋ္ဌာန်ကျ၏။ ။ထို့ကြောင့် ဝိနယသင်္ဂဟ အဋ္ဌကထာ၌–

> အညဿ ဒါနေန အစ္ဆိန္ဒိတွာ ဂဟဏေန ဝိဿာသဂ္ဂါဟေန ဟီနာယာဝတ္တနေန သိက္ခာပစ္စက္ခာနေန ကာလံ ကိရိယာယ၊ လိင်္ဂပရိဝတ္တနေန ပစ္စုဒ္ဓရဏေန ဆိဒ္ဒဘာဝေနာတိ ဣမေဟိ နဝဟိ ကာရဏေဟိ ဝိဇဟန္တိ၊ တတ္ထ ပုရိမေဟိ အဋ္ဌဟိ သဗ္ဗစီဝရာနိ အဓိဋ္ဌာနံ ဝိဇဟန္တိ၊ဆိဒ္ဒဘာဝေန ပန တိစီဝရဿေဝ သဗ္ဗဋ္ဌကထာသု အဓိဋ္ဌာနံ ဝိဇဟနံ ဝုတ္တံ။

အတ္ထကား- အညဿ - တပါးသော သူအား၊ ဒါနေနစ-ပေးသဖြင့်၎င်း၊ အန္တိန္နိတ္ဝာ-ခိုးသူတို့သည်လုရ၍၊ ဂဟဏေနစ-ယူသဖြင့်၎င်း၊ ဝိဿာသဂါ-ဟေနစ-အကျွမ်းဝင်၍ ယူသဖြင့်၎င်း, ဟီနာယာဝတ္တနေနစ-လူထွက်သဖြင့်၎င်း၊ သိက္ခာပစ္စက္ခာနေနစ - သိက္ခာကိုစွန့်သဖြင့်၎င်း၊ ကာလံ - သေခြင်းကို၊ ကိရိယာယစ-ပြုသဖြင့်၎င်း၊ လိင်္ဂပရိဝတ္တနေနစ-လိင်ပြန်သဖြင့်၎င်း၊ ပစ္စုဒ္ဓရ-ဏေနစ-ပစ္စုဒ္ဓိုရ်ပြုသဖြင့်၎င်း၊ ဆိဒ္ဒဘာဝေနစ - ထုတ်ချင်းလျှိ ပေါက်သဖြင့်၎င်း၊ ဣတိ ဣမေဟိ နဝဟိ ကာရဏေဟိ - ဤ ကိုးပါးသော အကြောင်းတို့ကြောင့်၊ အဓိဋ္ဌာနံ-အဓိဋ္ဌာန်ကို၊ ဝိဇဟန္တိ-စွန့်ကုန်၏၊ တတ္ထ-ထိုကိုးပါးတို့တွင်၊ ပုရိမေဟိ - ရှေးဖြစ်ကုန်သော၊ အဋ္ဌဟိ-ရှစ်ပါးကုန်သော အကြောင်းတို့ဖြင့်၊ သဗ္ဗစီဝရာနိ-အလုံးစုံသော သင်္ကန်းတို့သည်၊ အဓိဋ္ဌာနံ-အဓိဋ္ဌာန်ကို၊ ဝိဇဟန္တိ-စွန့်ကုန်၏၊ ဆိဒ္ဒဘာဝေနပန-ထုတ်ချင်းလျှိပေါက်သောအဖြစ်ဖြင့်ကား၊ တိစီဝရဿေဝ - တိစီဝရိက် ဆောင်သော ပုဂ္ဂိုလ်အားသာလျှင်၊ သဗ္ဗဋ္ဌကထာသု - ခပ်သိမ်းသော အဋ္ဌကထာတို့၌၊ အဓိဋ္ဌာနံ - အဓိဋ္ဌာန်ကို၊ ဝိဇဟနံ-စွန့်ခြင်းကို၊ဝုတ္တံ-၏၊ ဟု-ကျမ်းလာသည်ကို မှတ်ရမည်။ ။ပြီး၏။

၂၇-သပိတ်အဓိဋ္ဌာန် ကျရာသောအကြောင်း ကိုးပါး ဟူသည်ကား

ခိုးသူတို့ လုယူသဖြင့်၎င်း, သူတပါးအား ပေးသဖြင့်၎င်း, အကျွမ်းဝင်၍ ယူသဖြင့်၎င်း, လူထွက်သဖြင့်၎င်း, သေသဖြင့်၎င်း, ပစ္စုဒ္ဓိုရ်ပြုသဖြင့်၎င်း, လိင်ပြန်သဖြင့်၎င်း, သိက္ခာကိုစွန့်သဖြင့်၎င်း, ဆပ်ထမင်းလုံး ထွက်လောက်ရုံမျှ ပေါက်သဖြင့်၎င်း ဤ ကိုးပါးသော အကြောင်းတို့ကြောင့် သပိတ်သည် အဓိဋ္ဌာန်ကျ၏၊ ထိုကြောင့် ခုဒ္ဒသိက္ခာ၌-

အစ္ဆေဒ ဒါနဂါဟေဟိ၊ ဝိဗ္ဘမာ မရဏုဒ္ဓဋာ။
လိင်္ဂသိက္ခာဟိ ဆိဒ္ဒေန၊ ပတ္တာဓိဋ္ဌာနမုဇ္ဈတိ။ ။ဟု-မိန့်၏။

အတ္ထကား- အစ္ဆေဒ ဒါနဂါဟေဟိ-ခိုးသူတို့ လုရ၍ယူခြင်း, သူတပါးတို့အားပေးခြင်း, အကျွမ်းဝင်၍ ယူခြင်းတို့ဖြင့်၎င်း၊ ဝိဗ္ဘမာစ-လူထွက်ခြင်းဖြင့်၎င်း၊ မရဏုဒ္ဓဋာ - သေခြင်းဖြင့် ပစ္စုဒ္ဓိုရ် ပြုခြင်းဖြင့်၎င်း၊ လိင်္ဂသိက္ခာဟိစ-လိင်ပြန်ခြင်း, သိက္ခာကိုစွန့်ခြင်းတို့ဖြင့်၎င်း၊ ဆိဒ္ဒေနစ-ဆပ်ထမင်းလုံး ထွက်လောက်ရုံမျှ ပေါက်သဖြင့်၎င်း၊ ဣတိ ဣမေဟိ နဝဟိ အာကာရေဟိ-ဤ ကိုးပါးသော အကြောင်းတို့ကြောင့်၊ပတ္တော-သပိတ်သည်၊အဓိဋ္ဌာနံ-အဓိဋ္ဌာန်ကို၊ ဥဇ္ဈတိ-စွန့်၏။ ။ဟု-မှတ်ရမည်။

ဤကား သက်နိုးအဓိဋ္ဌာန်ကျရာသောအကြောင်း, သပိတ်အဓိဋ္ဌာန် ကျရာသော အကြောင်းတည်း။ ။ပြီး၏။

၂၈-သပိတ်ဆယ်လုံး သုံးဆောင်နည်းကား

> သစေပန ကောစိ အပတ္တကော ဘိက္ခု ဒသပတ္တေ လဘိတွာ သဗ္ဗေ အတ္တနာဝ ပရိဘုဉ္ဇိတုကာမော ဟောတိ၊ န သဗ္ဗေ အဓိဋ္ဌာ- တဗ္ဗာ၊ ဧကံ ပတ္တံ အဓိဋ္ဌာယ ပုနဒိဝသေ တံ ပစ္စုဒ္ဓရိတွာ အညော အဓိဋ္ဌာတဗ္ဗော၊ဧတေန ဥပါယေန ဝဿသတံပိ ပရိဟရိတုံ သက္ကာ။ ဟု-ကင်္ခါအဋ္ဌကထာ၌ လာ၏။

အတ္ထကား- သစေပန-အကယ်၍ကား၊ ကောစိ-တစုံတယောက်သော၊ အပတ္တကော - သပိတ်မရှိသော၊ ဘိက္ခု-ရဟန်းသည်၊ ဒသပတ္တေ-ဆယ်လုံးသော သပိတ်တို့ကို၊ လဘိတွာ-ရ၍၊ သဗ္ဗေ-အလုံးစုံသော ဆယ်လုံးသော သပိတ်တို့ကို၊ အတ္တနာဝ - မိမိသည်လျှင်၊ ပရိဘုဉ္ဇိတုကာမော-သုံးဆောင်လိုသည်၊ ဟောတိ-အံ့၊သဗ္ဗေ-အလုံးစုံသော သပိတ်တို့ကို၊ န အဓိဋ္ဌာတဗ္ဗာ- အဓိဋ္ဌာန် မတင်အပ်ကုန်၊ ဧကံပတ္တံ - တလုံးသော သပိတ်ကို၊ အဓိဋ္ဌာယ- အဓိဋ္ဌာန်တင်၍၊ ပုနဒိဝသေ – မိုးသောက်သော နေ့၌၊ တံ - ထိုသပိတ်ကို၊ ပစ္စုဒ္ဓရိတွာ – ပစ္စုဒ္ဓိုရ်ပြု၍၊ အညော – တလုံးသော သပိတ်ကို၊ အဓိဋ္ဌာ- တဗ္ဗော-အဓိဋ္ဌာန်တင်အပ်၏၊ ဧတေန ဥပါယေန-ဤသို့သော နည်းဖြင့်လျှင်၊ ဝဿသတံပိ - အနှစ်တရာ ပတ်လုံးလည်း၊ ပရိဟရိတုံ - သုံးဆောင်ခြင်းငှါ၊ သက္ကာ-တတ်ကောင်း၏။

ဤသို့ ကင်္ခါအဋ္ဌကထာ၌ ဆိုသည်နှင့်အညီ တစုံတယောက်သော သူသည် ဆယ်လုံးသောသပိတ်ကို ရ၍ ထိုအလုံးစုံ ဆယ်လုံးသော သပိတ်ကို မိမိ သုံးဆောင်လိုသည် ဖြစ်အံ့၊ ဆယ်လုံးသော သပိတ်ကို အဓိဋ္ဌာန် မတင်အပ်၊ ထိုဆယ်လုံးတို့တွင် တလုံးသောသပိတ်ကို ယနေ့ အဓိဋ္ဌာန်တင်၍ မိုးသောက်သောနေ့၌ အဓိဋ္ဌာန်တင်ပြီးသော သပိတ်ကို အဓိဋ္ဌာန်ချ၍ တလုံးသောသပိတ်ကို အဓိဋ္ဌာန်တင်၍ သုံးဆောင်အပ်၏၊ ဤသို့သောနည်းဖြင့် အနှစ်တရာပတ်လုံး သုံးဆောင်လိုသော် သုံးဆောင်အပ်၏၊ ဤသို့ မမေ့မလျော့ သတိပညာနှင့် ပြည့်စုံသော ရဟန်းတို့သည် တလုံးသောသပိတ်ကို အဓိဋ္ဌာန်ချ၍ တလုံးသော သပိတ်ကို အဓိဋ္ဌာန်တင်၍ အစဉ်မပြတ်ရအောင် သုံးဆောင်အပ်၏၊ အစဉ်

မှားသော် ကြွင်းသော ကိုးလုံးသော သပိတ်ပင် ဆယ်ရက်ကို လွန်သည်ဖြစ်၍ နိဿဂ္ဂိ အာပတ်သင့်၏ဟုမှတ်။ ။ဤကား သပိတ်ဆယ်လုံး သုံးဆောင်နည်း တည်း။ ။ပြီး၏။

၂၉-ဘောဇဉ်ငါးပါး ဟူသည်ကား

ဩဒနော သတ္တု ကုမ္မာသော၊ မစ္ဆော မံသဥ္စ ဘောဇနံ။

ဩဒနောစ-ထမင်းရင်း၊ သတ္တု-မှုံလုံးရင်း၊ ကုမ္မာသောစ-မုယောမှုံရင်း၊ မစ္ဆော-ငါးရင်း၊ မံသဥ္စ-အမဲရင်း၊ ဣမေပဉ္စ - ဤငါးပါးတို့တည်း။ ။ဟု-ခုဒ္ဒသိက္ခာ အဋ္ဌကထာ၌ လာ၏ဟု မှတ်။

အဓိပ္ပါယ်ကား- ထမင်း၊ မှုံလုံး၊ မုယောမှုံ၊ ငါး၊ အမဲ၊ ဤငါးပါးတည်း၊ ထိုငါးပါးတို့တွင် ထမင်း ဟူသည်ကား-

သတ္တန္နမေသံ ဓညာနံ၊ ဩဒနော ဘောဇ္ဇယာဂုစ။

သတ္တန္နံ-ခုနစ်ပါးကုန်သော၊ ဧသံဓညာနံ-ထိုစပါးတို့၏၊ ဘောဇ္ဇယာဂုစ-ထပ်ထပ်သော ယာဂုသည်၊ ဩဒနောနာမ-ထမင်းမည်၏။ ။ဟု-ခုဒ္ဒသိက္ခာ နှင့်အညီ စပါးခုနစ်ပါးတို့၏ ထပ်ထပ်သော ယာဂုသည် ထမင်းမည်၏။

သတ္တုဟူသည်ကား- ''ဘဋ္ဌဓညမယော သတ္တု'' ဘဋ္ဌဓညမယော၊ ကျက်စွာ လှော်အပ်သော စပါး ခုနစ်ပါးမှ ပြီးသော မှုံသည်၊ သတ္တုနာမ-သတ္တု မည်၏။ ။ဟု-ခုဒ္ဒသိက္ခာနှင့် အညီ ကျက်စွာ လှော်အပ်ပြီးသော စပါး ခုနစ် ပါးမှ ဖြစ်သော မှုံသည် သတ္တုမည်၏။

မုယော ဟူသည်ကား- '' ကုမ္မာသော ယဝသမ္ဘဝေါ'' ယဝသမ္ဘဝေါ-မုယောဆန်မှ ဖြစ်သောမှုံသည်၊ ကုမ္မာသော ကုမ္မာသ မည်၏။ ။ဟု-ခုဒ္ဒ သိက္ခာနှင့် အညီ မုယောမှ ဖြစ်သော မှုံသည် ကုမ္မာသ မည်၏။

မစ္ဆဟူသည်ကား- ''မစ္ဆော ဥဒကသမ္ဘဝေါ'' ဥဒကသမ္ဘဝေါ-ရေ၌ဖြစ် သော သတ္တဝါကို၊ မစ္ဆော-မစ္ဆဟူ၍၊ ဝုတ္တော-ဆိုအပ်၏။ ။ဟု-ခုဒ္ဒသိက္ခာ နှင့်အညီ ရေ၌ဖြစ်သော သတ္တဝါ ဟူသမျှသည် မစ္ဆ မည်၏။

မံသ ဟူသည်ကား- ''မံသောစ ကပ္ပိယော ဝုတ္တော'' ကပ္ပိယော-အပ်သော၊ မံသောစ-အသားကို၊မံသောတိ-မံသ ဟူ၍၊ဝုတ္တော-ဆိုအပ်၏။ ။ ဟု-ခုဒ္ဒသိက္ခာနှင့်အညီ အပ်သော အသားဟူသမျှကို မံသ-ဟု ဆိုအပ်၏၊ ဤကား ဘောဇဉ်ငါးပါးတည်း။ ။ပြီး၏။

၃၀-အဖျော်ရှစ်ပါး ဟူသည်ကား

အမ္ဗပါနံ ဇမ္ဗုပါနံ စောစပါနံ မောစပါနံ မဓုကပါနံ မုဒ္ဒိကပါနံ သာလူကပါနံ ဖါရုသကပါနဉ္စ ဣမာနိ အဋ္ဌပါနာနိ။ ။ဟူသော ကခ်ါ အဋ္ဌကထာနှင့်အညီ သရက်သီး အဖျော်,သပြေသီး အဖျော်, တောငှက်ပျော သီး အဖျော်, အိမ်ငှက်ပျောသီး အဖျော်, သစ်မည်စည်သီးအဖျော် မုဒရက် သီး အဖျော်, ကြာစွယ် အဖျော်, ဖက်သက်တရော်သီး အဖျော် ဤရှစ်ပါး တည်းဟု မှတ်။ ။ပြီး၏။

၃၁-သီးကြီးကိုးပါး ဟူသည်ကား

"တာလ နာဠိကေရ ပနသ လဗုဇ အလာဗု ကုမ္ဘဏ္ဍ ပုဿဖလ တိပုသ- ဖလ ဧဠာလုကသင်္ခါတံ နဝဝိဓံ" ဟူသော ကင်္ခါအဋ္ဌကထာနှင့် အညီ ထန်းသီး၊ အုန်းသီး၊ ပိန္နဲသီး၊ တောင်ပိန္နဲသီး၊ ဗူးသီး၊ ဖရုံသီး၊ သခွါး ပြေုတ်၊ သခွါးဆေစ်၊ သခွါးကြောင် ဤကိုးပါးတည်း။ ။ပြီး၏။

၃၂-စပါးမျိုး ခုနစ်ပါး ဟူသည်ကား

သာလိ ဝီဟိ ယဝေါ ကင်္ဂု၊ ကုဒြူသ ဝရ ဂေါဓုမာ။

အဏ္ဍကား- သာလိ-သလေး၊ ဝီဟိ-ကောက်ကြီးစပါး၊ ယဝေါ-မုယောစပါး၊ ကင်္ဂု-ဆပ်၊ ကုဒြူသ-လူး၊ ဝရ-ပြောင်းကြီး၊ ဂေါဓုမာ-နတ်ကောက်၊ ဣမေသတ္တ-ဤခုနစ်ပါးတို့တည်း။

ဟု ခုဒ္ဒသိက္ခာနှင့်အညီ သလေးစပါး၊ ကောက်ကြီးစပါး၊ မုယောစပါး၊ ဆပ်၊ နတ်ကောက်၊ ပြောင်းကြီး၊ လူး၊ ဤခုနစ်ပါးတည်း။

သမန်းအစရှိသော မြက်သီးတို့ကို လူး၌သွင်း၍ ရေတွက်အပ်၏၊ ပြောင်း လျင်ကို ပြောင်းကြီး၌ သွင်း၍ ရေတွက်အပ်၏၊ ကြိတ်ကို သလေးစပါး၌ သွင်း၍ ရေတွက်အပ်၏။ ။ထိုကြောင့် ခုဒ္ဒသိက္ခာ၌-

သာမာကာဒိတိဏ ကုဒြု-သကေ ဝရကစောရကော၊
ဝရကေ သာလိယဋ္ဌေဝ၊ နီဝါရော သင်္ဂဟံ ဂတော။

သာမာကာဒိတိဏံ-သမန်းအစရှိသော မြက်သီးသည်၊ ကုဒြုသကေ-လူး ၌၊ သင်္ဂဟံ-ရေတွက်ခြင်းသို့၊ ဂတံ၊ ရောက်၏၊ ဝရကစောရကော-ပြောင်း

လျှင်သည်၊ ဝရကေ – ပြောင်းကြီး၌၊ သင်ဟံ - ရေတွက်ခြင်းသို့၊ ဂတော-ရောက်၏၊ နိဝါရော-ကြိတ်သည်၊ သာလိယဋ္ဌေ၀-သလေး၌သာလျှင်၊သင်ဟံ-ရေတွက်ခြင်းသို့၊ ဂတော-ရောက်၏၊ ဟု-မိန့်၏။ ။ပြီး၏။

၃၃· ပဝါရိတ်သင့်ခြင်းအင်္ဂါ ငါးပါး ဟူသည်ကား

အသနံ ဘောဇနဥ္စေ၀ အဘိဟာရော သမီပတာ၊
ကာယဝါစာ ပဋိက္ခေပေါ၊ ပဉ္စ အင်္ဂါ ပဝါရဏာ။

အဏ္ဏကား- အသနဥ္စ၊ စားဆဲသည်လည်း၊ ဟောတိ-ဖြစ်၏၊ ဘောဇနဥ္စ-ဘောဇဉ် ငါးပါးတို့တွင် တပါးပါးသည်လည်း၊ ဟောတိ-ဖြစ်၏၊ အဘိဟာ-ရောစ-ရှေးရှု ဆောင်ခဲ့သည်လည်း၊ ဟောတိ-ဖြစ်၏၊ သမီပတာစ-နှစ်တောင်ထွာရှိသော ဟတ္ထပါသ် အတွင်းသို့ ရောက်သည်လည်း၊ ဟောတိ - ဖြစ်၏၊ ကာယဝါစာ ပဋိက္ခေပေါစ-ကိုယ်နှုတ်တို့ဖြင့် ပယ်သည်လည်း၊ ဟောတိ၊ဖြစ်၏၊ ဣမေဟိ ပဉ္စဟိ အင်္ဂေဟိ - ဤငါးပါးသော အင်္ဂါတို့ဖြင့်၊ ပဝါရဏာ-ပဝါရိတ် သင့်ခြင်းသည်၊ ဝါ - ပယ်ခြင်းသည်၊ ပဉ္စအင်္ဂါ - ငါးပါးသော အင်္ဂါရှိကုန်၏။

ဟု-ခုဒ္ဒသိက္ခာနှင့် အညီ ဆွမ်းစားစဉ်လည်း တပါး၊ ဘောဇဉ်ငါးပါးတို့တွင် တပါးပါးဖြစ်သည်လည်း တပါး၊ ရှေးရှုဆောင်ခဲ့သည်လည်း တပါး၊ နှစ်တောင်ထွာ ဟတ္ထပါသ်တွင်းသို့ ရောက်သည်လည်း တပါး၊ ကိုယ်ဖြင့်ငင်း, နှုတ်ဖြင့်ငင်း တန်ပြီဟု မြစ်သည်လည်း တပါး၊ ဤငါးပါးတည်း၊ ပဝါရိတ်သင့်သော ရဟန်းသည် နေရာမှ မထသေးသော ဝိနည်းမိုရ်အထံ၌ ''အတိရိတ္တံ ကရောထ ဘန္တေ'' ဟုဆို၍ အတိရိတ် ဝိနည်းကံ ပြုအပ်၏၊ ဝိနည်းမိုရ်ရဟန်းက ''အလမေတံ သဗ္ဗံ''ဟု ဆိုအပ်၏၊ဤကား မြစ်သောဘောဇဉ်ကို အတိရိတ် ဝိနည်းကံ ပြုရန်။

၃၄-အတိရိတ်ဝိနည်းကံ ခုနစ်ပါး ဟူသည်ကား

အတိရိတ္တံနာမ ကပ္ပိယ ကတံ ဟောတိ၊ ပဋိဂ္ဂဟိတကတံ ဟောတိ၊
ဥစ္စာရိတ ကတံ ဟောတိ၊ ဟတ္ထပါသ ကတံ ဟောတိ၊ ဘုတ္တာဝိနာ

ကတံ ဟောတိ၊ ဘုတ္တာဝိနာ ပဝါရိတေန အာသနာဝုဋ္ဌိတေန ကတံ ဟောတိ၊ အလမေတံ သဗ္ဗန္တိ ဝုတ္တံ ဟောတိ၊ ဂိလာနာတိရိတ္တံ န ဟောတိ၊ တေံ အတိရိတ္တံ နာမ။

အတိရိတ္တံနာမ-အတိရိတ် ဝိနည်းကံ ခုနစ်ပါးမည်သည်ကား၊ ကပ္ပိယ-ကတံ-အပ်သော သစ်သီး စသည်တို့ကို ကပ္ပိခြင်းကိုပြုသည်၊ ဟောတိ-၏၊ ပဋိဂ္ဂဟိတကတံ-အကပ်ခံအပ်သော ထမင်းစသော ဘောဇဉ်ကို ဝိနည်းကံပြုသည်၊ ဟောတိ-၏၊ ဥစ္စာရိတကတံ - အားလျစ်လျူရှိသော သူသည် ချီနိုင်သော ဘောဇဉ်ကို ဝိနည်းကံပြုသည်၊ ဟောတိ-၏၊ ဟတ္ထပါသကတံ-ဝိနည်းမိုရ်၏ ဟတ္ထပါသ်ငယ်၌ ဝိနည်းကံပြုသည်၊ ဟောတိ-၏၊ ဘုတ္တာဝိနာ-ကတံ-စားပြီး၍ စားဆဲသော ရဟန်းအထံ၌ ဝိနည်းကံပြုသည်၊ ဟောတိ-၏၊ ဘုတ္တာဝိနာ ပဝါရိတေန-စားဆဲ၌ ပဝါရိတ်သင့်သော ရဟန်းသည်၊ အာ-သနာဝုဋ္ဌိတေန ကတံ၊ နေရာမှမထသေးသော ဝိနည်းမိုရ်အထံ၌ "အတိရိတ္တံ ကရောထ ဘန္တေ" ဟု ဆို၍ ဝိနည်းကံပြုသည်၊ ဟောတိ-၏၊ အလမေတံ သဗ္ဗန္တိ-အလမေတံ သဗ္ဗံ ဟူ၍၊ ဝိနယဓရေန-ဝိနည်းမိုရ် ဆရာသည်၊ ဝုတ္တံ-ဆိုအပ်သည်၊ ဟောတိ-၏၊ ဂိလာနာတိရိတ္တံ-နာသောရဟန်း၏ အတိရိတ် ဝိနည်းကံသည်၊ န ဟောတိ-မဖြစ်၊ တေံ-ဤခုနစ်ပါးသည်၊ အတိရိတ္တံနာမ-အဘိရိတ်ဝိနည်းကံမည်၏။ ။ဟူ၍ ဝိနိစ္ဆယနှင့်အညီ အတိရိတ် ဝိနည်းကံသည် ခုနစ်ပါးတည်း။

ထိုခုနစ်ပါးတို့တွင် ကပ္ပိယကတ ဖြစ်သော သစ်သီး သစ်မြစ် အဖုစသည်တို့ကို ငါးပါးသော ကပ္ပိခြင်းဖြင့် ကပ္ပိခြင်းကို ပြုစေသည်လည်း တပါး၊ ပဋိဂ္ဂဟိတကတ ဟု ဆိုအပ်သော ကပ္ပိယမံသ ဖြစ်သော ဘောဇဉ်ကို ဝိနည်းကံ ပြုသည်လည်း တပါး၊ ဥစ္စာရိတကတ ဟု ဆိုအပ်သော အားလျစ်လျူရှိသော သူသည် ချီနိုင်သော ဘောဇဉ်ကို ဝိနည်းကံ ပြုသည်လည်း တပါး၊ ဟတ္ထပါသကတ ဟု ဆိုအပ်သော ဝိနည်းမိုရ်၏ ဟတ္ထပါသ်ငယ်၌ ဝိနည်းကံ ပြုသည်လည်း တပါး၊ ဘုတ္တာဝိနာကတ ဟု ဆိုအပ်သော စားပြီးစားဆဲသော ရဟန်းအထံ၌ ဝိနည်းကံပြုသည်လည်း တပါး၊ စားဆဲဖြစ်သော ပဝါရိတ် သင့်သော ရဟန်းသည် အာသနာဝုဋ္ဌိတေန ကတ ဟု ဆိုအပ်သော နေရာမှ မထသေးသော ဝိနည်းမိုရ် အထံ၌ "အတိရိတ္တံ ကရောထ ဘန္တေ" ဟု ဆို၍ ဝိနည်းကံပြုသည်လည်းတပါး၊ ဝိနည်းမိုရ်ပုဂ္ဂိုလ်က "အလမေတံ သဗ္ဗံ" ဟု ဆိုသည်လည်း တပါး၊ ဤခုနစ်ပါးတည်း။

အတ္ထကား- ဘန္တေ - အရှင်ဘုရား၊ အတိရိတ္တံ - အတိရိတ်ဝိနည်းကံကို၊ ကရောထ – ပြုကုန်လော့၊ အာဝုသော-ငါ့ရှင်၊ တေသဗ္ဗံ – ဤအလုံးစုံသော ဆွမ်းသည်၊မေ–ငါ့အား၊ အလံ ပရိယတ္တံ-သင့်ပြီ။ ။ဤကား-ပဝါရိတ် သင့်ခြင်း၏ အင်္ဂါ၊ အတိရိတ် ဝိနည်းကံ ခုနစ်ပါး၏ အကြောင်းတည်း။

၃၅–အာကပ်ခံခြင်း ၃–ပါး ဟူသည်ကား

ဒေဝေါဝါ မနုဿောဝါ တိရစ္ဆာနဂတောဝါ ကာယေန ကာယပဋိဗဒ္ဓေန နိဿဂ္ဂိယေနဝါ ဒေတိ။

အတ္ထကား– ဒေဝေါဝါ-နတ်သည်လည်းကောင်း၊ မနုဿောဝါ-လူသည် လည်းကောင်း၊ တိရစ္ဆာနဂတောဝါ-တိရစ္ဆာန်သည် လည်းကောင်း၊ ကာ- ယေနဝါ-ကိုယ်ဖြင့် လည်းကောင်း၊ ကာယပဋိဗဒ္ဓေနဝါ-ကိုယ်နှင့် စပ်သော တစုံတခုသော ဝတ္ထုဖြင့်လည်းကောင်း၊ နိဿဂ္ဂိယေနဝါ – လွှတ်လိုက်သဖြင့် လည်းကောင်း၊ ဒေတိ-ပေး၏။

- ဟူသောဝိနယသင်္ဂဟ(ဋ္ဌ)နှင့်အညီ နတ်သည်ဇင်း,လူသည်ဇင်း, တိရစ္ဆာန် သည်ဇင်း, ကိုယ်ဖြင့်ကပ်ခြင်း တည်းဟူသော ကာယလည်း တပါး၊ ကိုယ်နှင့် စပ်သော တစုံတခုသော ဝတ္ထုနှင့်ကပ်ခြင်း တည်းဟူသော ကာယပဋိဗဒ္ဓ လည်း တပါး၊ နှစ်တောင်ထွာ ဟတ္ထပါသ်အတွင်း၌ ရပ်လျက် လွှတ်လိုက်၍ ကပ်ခြင်း တည်းဟူသော နိဿဂ္ဂိလည်း တပါး၊ ဤကား ကပ်ခြင်း သုံးပါး တည်း။ ။ပြီး၏။

၃၆–အာကပ်ခံခြင်း ၂·ပါး ဟူသည်ကား

တဉ္စေ ဘိက္ခု ကာယေနဝါ ကာယပဋိဗဒ္ဓေနဝါ ပဋိဂ္ဂဏှာတိ။

အတ္ထကား- တံ-ထိုသို့ကပ်သည်ကို၊ ဘိက္ခု-ရဟန်းသည်၊ ကာယေနဝါ- ကိုယ်ဖြင့်ဇင်း၊ ကာယပဋိဗဒ္ဓေနဝါ – ကိုယ်နှင့်စပ်သော သပိတ်ခွက် စသည် ဖြင့်ဇင်း၊ ပဋိဂ္ဂဏှာတိ-ခံ၏။

ဟူသော ဝိနယသင်္ဂဟ(ဋ္ဌ)နှင့်အညီ ရဟန်းသည် ကိုယ်ဖြင့်ခံခြင်း တည်း ဟူသော ကာယပဋိဂ္ဂဟလည်း တပါး၊ ကိုယ်နှင့် စပ်သော သပိတ်ခွက် စသည်ဖြင့်ခံခြင်း တည်းဟူသော ကာယပဋိဗဒ္ဓပဋိဂ္ဂဟလည်း တပါး၊ ဤ နှစ်ပါးတည်း၊ ထိုနှစ်ရပ်ကိုပေါင်း၍ ဝါ–ကပ်ခြင်း အာကပ်ခံခြင်း နှစ်ရပ်ကို ပေါင်း၍ "ပဉ္စဟင်္ဂေဟိ ပဋိဂ္ဂဟဏံ ရုဟတိ" ဟု မိန့်၏။ ။ပဉ္စဟိ-ငါးပါးကုန်

သော၊ အင်္ဂေဟိ - အင်္ဂါတို့ဖြင့်၊ ပဋိဂ္ဂဟဏံ - အကပ်ခံခြင်းသည်၊ ရူဟတိ- ရောက်၏။ ။ဤကား အကပ်ခံခြင်း ငါးပါးတည်း။ ။ပြီး၏။

၃၇-အကပ်ခံခြင်းငါ့ မပြောက်သောဝတ္ထု ဟူသည်ကား

အသံဟာရိယေ တတ္တဇာတေ၊ သုခုမေ စိဉ္စအာဒိနံ၊
ပဏ္ဏေစာသယှဘာရေစ၊ ပဋိဂ္ဂါဟော နရူဟတိ။

အတ္တကား-အသံဟာရိယေစ-မချီနိုင်သော ပျဉ်, ကျောက်ဖျာ အစရှိသည်၌၎င်း၊ တတ္တဇာတေစ-ထိုအပင်၌ရောက်သော ပေါက်ရွက် ကြာပဒုမ္မာရွက် အစရှိသည်၌၎င်း၊ သုခုမေ-ငယ်စွာသော၊ စိဉ္စအာဒိနံ - မန်ကျည်းစသည်တို့၏၊ ပဏ္ဏေစ – အရွက်၌၎င်း၊ အသယှဘာရေစ – ထာမ မဇ္ဈိမ ပုရိသသည် မချီနိုင်သော ဝန်၌၎င်း၊ ပဋိဂ္ဂါဟော–အကပ်ခံခြင်းသည်၊ နရူဟတိ-မရောက်။

ဟူသော ခုဒ္ဒသိက္ခာနှင့်အညီ ထာမ မဇ္ဈိမ ယောကျ်ားသည် မချီနိုင်သော ပျဉ်, ကျောက်ဖျာ အစရှိသည်တို့၌၎င်း, ထိုအပင်၌ မကြွေမကျ အပင်နှင့် တကွ ရှိသော ပေါက်ရွက် ကြာပဒုမ္မာရွက် အစရှိသည်တို့၌၎င်း, သိမ်မွေ့ ငယ်စွာသော မန်ကျည်းရွက် အစရှိသော အရွက်တို့၌၎င်း, ထာမ မဇ္ဈိမ ယောကျ်ားသည် မချီနိုင်သော ဝန်၌၎င်း အကပ်ခံခြင်းငါ့ မရောက်ဟု သိအပ်၏။

မန်ကျည်းရွက် အစရှိသည်တို့၌ အကပ်ခံခြင်းမပြောက် ဟူသည်ကား ကြီးသော အင်ဘက်စသည်တို့၌ ရဟန်းကိုင်လျက် ထိုအင်ဘက် စသည်တို့၌ သပိတ်စသည်ကို တည်ထား၍ သပိတ်စသည်ကို မကိုင်မူ၍ အကပ်ခံ၏ ဟူသော အမှတ်ဖြင့် နေသည်ရှိသော် သပိတ် စသည်တို့၌ ထည့်သော ဝတ္ထုသည် အကပ်ရသကဲ့သို့ မန်ကျည်းရွက်စသည်တို့၌ မရဟု ဆိုအပ်၏၊မန်ကျည်းရွက် အစရှိသည်တို့ကို အကပ်ခံသော် မရဟု မဆို၊ မန်ကျည်းရွက်စသည်၌ သပိတ်စသည် တည်ထား၍ မန်ကျည်းရွက်စသည်ကို လက်နှီးပြု၍ အကပ်ခံခြင်းငါ့ မအပ်သည်ကို ဆိုသည်မှတ်။

အဘယ်မျှသော အကြောင်းဖြင့် အကပ်ခံခြင်းမှ ငြိမ်းရာသနည်းဟူမူကား သိက္ခာကိုစွန့်ခြင်း, သေခြင်း, လိင်ပြန်ခြင်း, ငဲ့ကွက်ခြင်းမရှိ စွန့်ခြင်း, ခိုးသူတို့ လုယူခြင်း, လူသာမဏေတို့အား ပေးခြင်း ဤ ခြောက်ပါးသော အကြောင်းတို့ဖြင့် အကပ်ခံခြင်းသည် ငြိမ်း၏။ ။ထို့ကြောင့် ခုဒ္ဒသိက္ခာ၌–

သိက္ခာမရဏလိင်္ဂေဟိ၊ အနပေက္ခဝိသဂ္ဂတော၊
အဇ္ဈေဒါနုပသမ္ပန္န-ဒါနာ ဂါဟောပသမ္ပတိ။

အနက်ကား- သိက္ခာမရဏလိင်္ဂေဟိ - သိက္ခာပုဒ်ကို စွန့်ခြင်း, သေခြင်း, လိင်ပြန်ခြင်းတို့ဖြင့်၎င်း၊ အနပေက္ခဝိသဂ္ဂတော စ - ငဲ့ကွက်ခြင်းမရှိ စွန့်သော အားဖြင့်၎င်း၊ အဇ္ဈေဒါ စ-ခိုးသူတို့ လုယူသော အားဖြင့်၎င်း၊ အနုပသမ္ပန္န-ဒါနာ စ - လူသာမဏေအား ပေးသဖြင့်၎င်း၊ ဣမေဟိ ဆဟိ အင်္ဂေဟိ - ဤခြောက်ပါးသော အင်္ဂါတို့ဖြင့်၊ ဂါဟော-အကပ်ခံခြင်းသည်၊ ဥပသမ္ပတိ-ငြိမ်း၏၊ ဟု-မိန့်၏။ ။ပြီး၏။

၃၇-အကပ်မခံဘဲ သုံးဆောင်အပ်သောဝတ္ထု ဟူသည်ကား

ကြည်လင်၍ မြူညွှန်စင်ကြယ်သော ရေကိုရင်း, ပြတ်၍မကျသော ကိုယ်၌ ကပ်သော သွားချေး မျက်ချေး နဖါချေးကိုရင်း, ကိုယ်၌ ပေါက်သော ဆား မျက်ရည် တံတွေး နှပ် တို့ကိုရင်း, သလိပ် ကျင်ငယ် ကျင်ကြီးကို ရင်း အကပ်မခံမူ၍ အလိုရှိသဖြင့် သုံးဆောင်အပ်၏၊ ထို့ကြောင့် ခုဒ္ဒ သိက္ခာ၌-

သုဒ္ဓဉ္စ နာတိဗဟလံ၊ ကပ္ပတေ ဥဒကံ တထာ၊
အင်္ဂလဂ္ဂမဝိစ္ဆိန္နံ၊ ဒန္တက္ခိကဏ္ဏဂူထကံ၊
လောဏဿုခေဠသိင်္ဃာဏိ၊ သေမှ မုတ္တကရီသကံ။ ။ဟု-မိန့်၏။

အတ္ထကား- နာတိဗဟလံ - မနောက်လွန်းသော၊ သုဒ္ဓံ - စင်ကြယ်သော၊ ဥဒကဉ္စ-ရေကိုလည်းကောင်း၊ တထာ-ထိုမှတပါး၊ အင်္ဂလဂ္ဂမဝိစ္ဆိန္နံ-ပြတ်၍ မကျသေးသော ကိုယ်၌ကပ်သော၊ ဒန္တက္ခိကဏ္ဏဂူထကံ-သွားချေး မျက်ချေး နဖါချေးကိုလည်းကောင်း၊ လောဏဿုခေဠသိင်္ဃာဏိ စ-ကိုယ်၌ပေါက်သော ဆား မျက်ရည် တံတွေး နှပ်တို့ကိုလည်းကောင်း၊ သေမှ မုတ္တကရီသကံ-သလိပ် ကျင်ငယ် ကျင်ကြီးတို့ကို လည်းကောင်း၊ ကပ္ပတေ - အကပ်မခံသော်လည်း အပ်၏-ဟု မှတ်ရမည်။

ကျင်ကြီး မြေတို့ကိုရင်း, သစ်စိမ်းပြာကို ရင်း မြွေခဲခြင်း အစရှိသော ကာလ၌ ကပ္ပိယ ကာရကသည် မစွမ်းနိုင်သော်ရင်း, ဆိုနိုင်ခက်သော်ရင်း အလုံးစုံယူ၍ မှီဝဲရာ၏၊ ထို့ကြောင့် ခုဒ္ဒသိက္ခာ၌-

ဂူထမတ္တိကမုတ္တာနိ ဆာရိကဥ္စ တထာဝိဓေ၊
သာမံ ဂဟေတွာ သေဝေယျ၊ အသန္တေ ကပ္ပကာရကေ။ဟု-မိန့်၏။

အဋ္ဌကား- ဂူထမတ္တိကမုတ္တာနိ-ကျင်ကြီးမြေတို့ကိုလည်းကောင်း၊ ဆာရိ-ကဥ္စ-သစ်စိမ်းပြာကိုလည်းကောင်း၊ တထာဝိဓေ-မြွေကိုက်ခဲသော ကာလ၌၊ ကပ္ပကာရကေ-ကပ္ပိယ ကာရကသည်၊ ဝါ-ကပ်မည့်သူသည်၊ အသန္တေ-မရှိသော်၊ ဝါ – မစွမ်းနိုင်သော်၊ ဝါ-ဆိုနိုင်ခက်သော်၊ သာမံ – မိမိ အလိုလို၊ ဂဟေတွာ-ယူ၍၊ သေဝေယျ-မှီဝဲရာ၏။

အသန္တေ၌ ဆိုနိုင်ခက်သော ကပ္ပိယကာရက, မစွမ်းနိုင်သော ကပ္ပိယ ကာရကသည်သာလျှင် ရှိ၏၊ ဆိုလွယ်သူ စွမ်းနိုင်သူ မရှိက ကပ္ပိယကာရက အသန္တ အဖို့၌သာလျှင် တည်၏၊ ထို့ကြောင့် ဋီကာသစ်၌–

အသန္တေ ကပ္ပကာရကေတိဣတ္ထ ဒုဗ္ဗစောပိ အသမတ္ထောပိ ကပ္ပိယ ကာရကော အသန္တပက္ခေယေဝ တိဋ္ဌတီတိ ဝေဒိတဗ္ဗော။

အဋ္ဌကား– အသန္တေ ကပ္ပကာရကေတိဣတ္ထ–အသန္တေ ကပ္ပကာရကေ ဟူသော ပုဒ်၌၊ ဒုဗ္ဗစောပိ-ဆိုနိုင်ခက်သည်လည်း ဖြစ်သော၊ အသမတ္ထောပိ-မစွမ်းနိုင်သည်လည်း ဖြစ်သော၊ ကပ္ပိယကာရကော-ကပ္ပိယ ကာရကသည်၊ အသန္တပက္ခေယေဝ-အသန္တပက္ခ၌သာလျှင်၊ တိဋ္ဌတိ–တည်၏၊ ဣတိ-ဤသို့၊ ဝေဒိတဗ္ဗော-သိအပ်၏၊ ဟု-မိန့်၏။

သစ်စိမ်းပြာမရှိသော် မိမိပင် စိမ်းသောသစ်ပင်၌ အခက်ကိုချိုး၍ ပြာဖုတ် အပ်၏၊ တူးပြီးသောမြေ မရှိသော် မိမိပင် မြေကိုတူး၍ မြေညက်ကို ပြုအံ့ သောငှါ အပ်၏၊ ထို့ကြောင့် ဋီကာ၌–

ကာလောတိ သပ္ပဒဋ္ဌသမယော၊ အတ္တနာပန ဆာရိကာယ အသတိ အလ္လဒါရုံ ရုက္ခတော ဆိန္ဒိတွာ မတ္တိကာယ အသတိ ဘူမိံ ခဏိတွာ ဂဟေတုံ ဝဋ္ဋတိ။ ။ဟု-မိန့်၏။

အဋ္ဌကား- ကာလောတိ - ကာလ ဟူသည်ကား၊ သပ္ပဒဋ္ဌသမယော-မြွေခဲသောအခါတည်း၊ ဆာရိကာယ-သစ်စိမ်းပြာသည်၊ အသတိ၊ မရှိသော်၊ အတ္တနာပန မိမိပင်လျှင်၊ အလ္လဒါရုံ-စိမ်းသောသစ်ခက်ကို၊ ရုက္ခတော-သစ် ပင်မှ၊ ဆိန္ဒိတွာ–ဖြတ်၍၊ ဂဟေတုံ-ယူခြင်းငှါ၊ ဝဋ္ဋတိ-အပ်၏၊ မတ္တိကာယ-တူးပြီးသောမြေသည်၊ အသတိ-မရှိသော်၊ ဘူမိံ-မြေကို၊ ခဏိတွာ-တူး၍၊ ဂဟေတုံ-ယူခြင်းငှါ၊ ဝဋ္ဋတိ-အပ်၏၊ ဟု-မိန့်၏။ ။ပြီး၏။

၃၉-သေဝိတဗ္ဗ လေးပါး ဟူသည်ကား

"စတ္တာရော နိဿယာ" ဟူသောပါဠိနှင့်အညီ ဆွမ်း သင်္ကန်း ကျောင်း ဆေး ဤလေးပါးတည်း၊ ထိုလေးပါးတို့တွင် ဆွမ်း၌ ပြားဟန်ကား-သံဃဘတ္တံ ဥဒ္ဒေသဘတ္တံ နိမန္တနံ သလာကဘတ္တံ ပက္ခိကံ ဥပေါသထိကံ ပါဋိပဒိကံ အာဂန္တုကဘတ္တံ ဂမိကဘတ္တံ ဂိလာနဘတ္တံ ဂိလာနုပဋ္ဌာကဘတ္တံ ဝိဟာရဘတ္တံ ဓုရဘတ္တံ ဝါရဘတ္တံ။

ဟူသောပါဠိနှင့်အညီ သံဃဘတ် ဥဒ္ဒေသဘတ် နိမန္တနဘတ် သလာကဘတ် ပက္ခိကဘတ် ဥပေါသထိကဘတ် ပါဋိပဒိကဘတ် အာဂန္တုကဘတ် ဂမိကဘတ် ဂိလာနဘတ် ဂိလာနုပဋ္ဌာကဘတ် ဝိဟာရဘတ် ဓုရဘတ် ဝါရဘတ်-ဟု တဆယ့်လေးပါး၊ ပိဏ္ဍပါတ်နှင့်သော် ဆွမ်း၌ တဆယ့်ငါးပါး ပြား၏၊ သင်္ကန်း၌ ပြားဟန်ကား-

> အနုဇာနာမိ ဘိက္ခဝေ ဆ စီဝရာနိ ခေါမံ ကပ္ပါသိကံ ကောသေယျံ ကမ္ဗလံ သာဏံ ဘင်္ဂန္တိ ဆ စီဝရာနိ အနုညာတာနိ။

အနက်ကား- ဘိက္ခဝေ-ရဟန်းတို့၊ ဆစီဝရာနိ-ခြောက်ထည်သော သင်္ကန်းတို့ကို၊ အနုဇာနာမိ-ခွင့်ပြုတော်မူ၏၊ ခေါမံ-ခေါမပုဆိုးငင်း၊ ကပ္ပါသိကံ-ဝါချည်ပုဆိုးငင်း၊ ကောသေယျံ – ပိုးချည်ပုဆိုးငင်း၊ ကမ္ဗလံ – ကမ္ဗလာငင်း၊ သာဏံ - ပိုက်ဆံလျှော်သင်္ကန်းငင်း၊ ဘင်္ဂံ-ခေါမလျှော် ဝါချည် ပိုးချည် သားမွေး ပိုက်ဆံလျှော် ဤငါးပါးစုံ ရော၍ ရက်သော သင်္ကန်းငင်း၊ ဣတိ-ဤသို့၊ ဆစီဝရာနိ-ခြောက်ထည်သော သင်္ကန်းတို့ကို၊ အနုညာတာ-နိ-ခွင့်ပြုတော်မူကုန်၏။

ဟု – မဟာဝါပါဠိတော်နှင့် အညီ ခေါမ သင်္ကန်း၊ ဝါချည် သင်္ကန်း၊ ပိုးချည် သင်္ကန်း၊ ကမ္ဗလာ သင်္ကန်း၊ ပိုက်ဆံလျှော် သင်္ကန်း၊ ငါးပါးစုံရော၍ ရက်သော သင်္ကန်း၊ ဤခြောက်ထည်သော သင်္ကန်းတည်း၊ မဟာဝါ အဋ္ဌကထာ၌ကား-

> တေသံ အနုလောမာနိ ဒုကူလံ ပဋ္ဋုဏ္ဏံ စီနပဋံ သောမာရပဋံ ဣဒ္ဓိမယံ ဒေဝဒတ္တိယန္တိ အပရာနိ ဆ အနုညာတာနိ။

အနက်ကား- တေသံ-ထိုခြောက်ထည်သော သင်္ကန်းတို့အား၊ အနုလောမာနိ – လျော်ကုန်သော သင်္ကန်းတို့ကား၊ ဒုကူလံ - ဘွဲပြုပုဆိုးငင်း၊ ပဋ္ဋုဏ္ဏံ-ပဋ္ဋုဏ္ဏတိုင်း၌ ဖြစ်သော သင်္ကန်းငင်း၊ စီနပဋံ - စိန့်ပြည်၌ဖြစ်သော သင်္ကန်း

ၡင်း၊ သောမာရပဋ္ဋ - သောမာရအရပ်၌ဖြစ်သော သက်န်းၡင်း၊ ဇုဒ္ဓိမယံ- တန်းခိုးဖြင့်ပြီးသော သက်န်းၡင်း၊ ဒေဝဒတ္တိယံ-နတ်လှူသော သက်န်းၡင်း၊ ဧတိ-သို့၊ အပရာနိ-တပါးကုန်သော၊ ဆ-ခြောက်ထည်သော သက်န်းတို့ကို၊ အနုညာတာနိ- ခွင့်ပြုတော်မူကုန်၏။

ဟူသော မဟာဝါအဋ္ဌကထာပါဠ်နှင့်အညီ ဘွဲ့ဖြုပ်ဆိုး၊ ပဋ္ဋုဏ္ဏတိုင်း၌ဖြစ် သော ပုဆိုး၊ စိန့်ပြည်၌ဖြစ်သော ပုဆိုး၊ သောမာရပြည်၌ ဖြစ်သော ပုဆိုး၊ ဟေိဘိက္ခု ပုဆိုးခေါ် တန်းခိုးဖြင့်ပြီးသော ပုဆိုး၊ နတ်လှူသော ပုဆိုးတည်း၊ ဤခြောက်ထည်နှင့် ယခင်ခြောက်ထည် ပေါင်းသော် တဆယ့်နှစ်ထည် ဖြစ်၏၊ ပံ့သုကူနှင့်သော် သက်န်း၌ တဆယ့်သုံးထည် ပြား၏။

ကျောင်း၌ ပြားဟန်ကား- "ဝိဟာရော အဍ္ဍယောဂေါ ပါသာဒေါ ဟမ္မိယံ ဂုဟာ" ဟူသော ပါဠ်နှင့်အညီ တံတိုင်းအရံရှိသောကျောင်း၊တဖက် စောင်း မိုးသော ကျောင်း၊ ပြာသာဒ်ရှည်၊ ပြာသာဒ် ဦးပြည်း၊ ဥမင်လိုဏ်၊ ရက္ခမူလနှင့်သော် ခြောက်ပါး အပြားရှိ၏။

ဆေး၌ ပြားဟန်ကား- " သပ္ပိ နဝနီတံ တေလံ မဓု ဖါဏိတံ " ဟူသော ပါဠ်နှင့်အညီ ထောပတ်, ဆီဦး, ဆီ, ပျား, တင်လဲ, ဂေါမုတ္တဖြင့် စိမ်သော ကြံဇု ရှစ်ရှား သဖန်းခါးနှင့်သော် ခြောက်ပါးပြား၏၊ ဤကား သေဝိတဗ္ဗ လေးပါးတည်း။ ။ပြီး၏။

၄၀-အသေဝိတဗ္ဗ လေးပါး ဟူသည်ကား

"စတ္တာရိ အကရဏီယာနိ " ဟူသော ပါဠ်နှင့် အညီ မဂ်သုံးပါး၌ မှိဲ ခြင်း လွန်ကျူးခြင်း မေထုနပါရာဇိက၊ သူသိမ်းဆည်းသော နီလကဟာပဏ ငါးပဲထိုက်သော ဝတ္ထုကို ခိုးယူလိုသော စိတ်ဖြင့် ခိုးယူခြင်း အဒိန္နာဒါန် ပါရာဇိက၊ လူဇာတ်၏ကိုယ်ကို သေစေလိုသော စိတ်ဖြင့် သတ်ခြင်းကြောင့် မနုဿဝိဂ္ဂဟ ပါရာဇိက၊ မိမိကိုယ်၌ ထင်ရှားမရှိသော ဈာန် မဂ်ဖိုလ် တရား စသည်ကို ငါရ၏ဟု မကောင်းသော အလိုဖြင့် သူတပါးအား ပြောဟော ခြင်းကြောင့် ဥတ္တရိမနုဿဓမ္မ ပါရာဇိက၊ ဤလေးပါးတည်း။ ။ပြီး၏။

၄၁-ကာလိက လေးပါး ဟူသည်ကား

ယာဝကာလိက၊ ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝိက၊ ဤ လေးပါးတည်း၊ ထိုလေးပါးတို့တွင် ယာဝကာလိက ဟူသည်ကား-

ပုရေဘတ္တံ ပဋိဂ္ဂဟေတွာ ပရိဘုဉ္ဇိတဗ္ဗံ ယံကိဉ္စိ ခါဒနီယံ ဘောဇနီယံ ယာဝမဇ္ဈန္တိကသင်္ခါတော ကာလော၊ တာဝ ပရိဘုဉ္ဇိတဗ္ဗတော ယာဝကာလိကံ။

အဋ္ဌကား– ပုရေဘတ္တံ-နံနက်ကာလက၊ ပဋိဂ္ဂဟေတွာ-အကပ်ခံ၍၊ ပရိဘုဉ္ဇိတဗ္ဗံ - သုံးဆောင်အပ်သော၊ ယံကိဉ္စိ - အလုံးစုံသော၊ ခါဒနီယံဝါ-ခဲဘွယ်ကိုလည်းကောင်း၊ဘောဇနီယံဝါ-စားဘွယ်ကို လည်းကောင်း၊ ယာဝ-အကြင်မျှလောက်၊မဇ္ဈန္တိကသင်္ခါတော-မွန်းတည့်ဟု ဆိုအပ်သော၊ကာလော-အခါသည်၊ အတ္ထိ-ရှိ၏၊ တာဝ - ထိုမျှလောက်၊ ပရိဘုဉ္ဇိတဗ္ဗတော-သုံးဆောင်အပ်သောကြောင့်၊ ယာဝကာလိကံ-ယာဝကာလိကမည်၏။

ဟု–ဝိနယသင်္ဂဟ အဋ္ဌကထာနှင့်အညီ နံနက်ကာလက အကပ်ခံ၍ သုံးဆောင်အပ်သော အလုံးစုံသော စားဘွယ်ခဲဘွယ်ကို အကြင်မျှလောက်သော မွန်းတည့်အခါသည် ရှိ၏၊ ထိုမျှလောက်သော သုံးဆောင်အပ်သော ခဲဘွယ်ဘောဇဉ်သည် ယာဝကာလိက မည်၏ဟုမှတ်။

ယာမကာလိက ဟူသည်ကား-ဆီးသီးအဖျော် ခံသီးအဖျော် မန်ကျည်းသီးအဖျော်-အစရှိသော အဖျော်ရှစ်ပါးနှင့် လျော်သော အဖျော်နှင့်တကွ သရက်သီး အဖျော် သပြေသီးအဖျော် အစရှိသော အဖျော်ရှစ်ပါးကို အကြင်မျှလောက်သော ညဉ့်၏ မိုးသောက်ဟု ဆိုအပ်သော ပစ္ဆိမယံသည် ရှိ၏၊ ထိုမျှလောက် ယနေ့ မွန်းလွဲမှစ၍ နံနက်အရုဏ်တက်သည့်တိုင်အောင်သုံးဆောင်အပ်သောကြောင့် ယာမကာလိက မည်၏၊ ထို့ကြောင့် ဝိနယသင်္ဂဟ အဋ္ဌကထာ၌-

သဒ္ဓိံ အနုလောမပါနေဟိ အဋ္ဌဝိဓံ ပါနံ ယာဝ ရတ္တိယာ ပစ္ဆိမယာမသင်္ခါတော ယာမော၊ တာဝ ပရိဘုဉ္ဇိတဗ္ဗတော ယာမကာလိကံ ဟု-မိန့်၏။

အဋ္ဌကား– အနုလောမပါနေဟိ - ဆီးသီး ခံသီး မန်ကျည်းသီး အစရှိသော လျော်သော အဖျော်တို့နှင့်၊ သဒ္ဓိံ-တကွ၊ အဋ္ဌဝိဓံ-သရက်သီး သပြေသီး အဖျော် အစရှိသော ရှစ်ပါးအပြားရှိသော အဖျော်ကို၊ ယာဝ-အကြင်မျှလောက်၊ ရတ္တိယာ - ညဉ့်၏၊ ပစ္ဆိမယာမသင်္ခါတော - မိုးသောက်ယံဟု ဆိုအပ်သော၊ယာမော-ယာမ်သည်၊အတ္ထိ-ရှိ၏၊တာဝ-ထိုမျှလောက်၊ပရိဘုဉ္ဇိတဗ္ဗတော - သုံးဆောင်အပ်သောကြောင့်၊ ယာမကာလိကံ - ယာမကာလိက မည်၏၊ ဟု-မှတ်။

သတ္တာဟ ကာလိက ဟူသည်ကား– ထောပတ် ဆီဦး ဆီ အစရှိသော ငါးပါးသော ဆေးကို အကပ်ခံပြီး၍ ခုနစ်ရက်ပတ်လုံး သိုမှီး၍ ထားအပ် သုံးဆောင်အပ်သောကြောင့် သတ္တာဟကာလိက မည်၏၊ ထိုကြောင့် ဝိနယ သင်္ဂဟ အဋ္ဌကထာ၌–

သပ္ပိအာဒိ ပဉ္စဝိဓံ ဘေသဇ္ဇံ ပဋိဂ္ဂဟေတွာ သတ္တာဟံ နိဓေတဗ္ဗ-တော သတ္တာဟကာလိကံ။ ။ဟု-မိန့်၏။

အဋ္ဌကထား– သပ္ပိအာဒိ - ထောပတ်အစရှိသော၊ ပဉ္စဝိဓံ-ငါးပါးအပြားရှိသော၊ ဘေသဇ္ဇံ - ဆေးကို၊ ပဋိဂ္ဂဟေတွာ-အကပ်ခံ၍၊ သတ္တာဟံ-ခုနစ်ရက်ပတ်လုံး၊ နိဓေတဗ္ဗတော - သိုမှီး အပ်သောကြောင့်၊ သတ္တာဟ ကာလိကံ– သတ္တာဟကာလိက မည်၏။

သောက်ရေ သုံးရေကိုထား၍ ယာဝကာလိက ယာမကာလိက သတ္တာဟ ကာလိက ဤ ကာလိက သုံးပါးမှ ကြွင်းသော အကပ်ခံအပ်ပြီးသော အလုံးစုံသော အမြစ်, အဖု, အသီး, အရွက်, အခေါက်, အကာ, အနှစ်, အပွင့် စသည်တို့သည်လည်း အသက်ထက်ဆုံး သိုမှီး၍ အနာစသော အကြောင်း ရှိသည် ရှိသော် သုံးဆောင်အပ်သောကြောင့် ယာဝဇီဝိက မည်၏ဟု ဆိုအပ်၏။

တနည်းတဖန် ၄–ပါးသော ကာလိကကို မကျဉ်းမကျယ် သိသာလွယ်အောင် ပြပြန်ဦးအံ့၊

ယာဝကာလိက ဟူသည်ကား – အမှုန့် ခဲဘွယ်, အမြစ်ခဲဘွယ်, အသီး ခဲဘွယ်, နွားနို့အရသာ, စပါး ခုနစ်ပါးမှ ဖြစ်သော ဘောဇဉ်, ယာဂု, ဝဲနောက်ဟင်း အစရှိသော ဤဝတ္ထုတို့သည် ယာဝကာလိက မည်ကုန်၏၊ ထိုကြောင့် ခုဒ္ဒသိက္ခာ၌–

ပိဋ္ဌံ မူလံ ဖလံ ခဇ္ဇံ၊ ဂေါရသော ဓညဘောဇနံ၊
ယာဂုသူပပ္ပဘုတယော၊ ဟောန္တေတေ ယာဝကာလိကာ။ ။ဟု မိန့်၏။

အဋ္ဌကထား- ပိဋ္ဌဉ္စ-အမှုန့် လည်းကောင်း၊ မူလဉ္စ - အမြစ် လည်းကောင်း၊ ဖလဉ္စ-အသီးလည်းကောင်း၊ ခဇ္ဇဉ္စ-ခဲဘွယ်လည်းကောင်း၊ ဂေါရသောစ-နွားနို့အရသာလည်းကောင်း၊ ဓညဘောဇနဉ္စ-စပါး ခုနစ်ပါးမှ ဖြစ်သော

သောဇဥ် လည်းကောင်း၊ ယာဂုသူပပ္ပဘုတယောစ – ယာဂု ပဲနောက်ဟင်း အစရှိသည်တို့ လည်းကောင်း၊ တေ – ထိုဝတ္ထုတို့သည်၊ ယာဝကာလိကာ- ကမည်ကုန်သည်၊ ဟောန္တိ-ကုန်၏။ ။ဤကား–ယာဝကာလိကတည်း။

သစ်မည်စည်သီး၊ မုဒရက်သီး၊ ကြာစွယ်၊ တော၄က်ပျော၊ အိမ်၄က်ပျော၊ သရက်သီး၊ သပြေသီး၊ ဖက်သက်တရော်သီးမှ ဖြစ်သော မီးဖြင့်မချက်သော ပညတ်တော်မူရင်း အဖျော်ရှစ်ပါးသည် ယာမကာလိက မည်၏၊ ထို့ကြောင့် ခုဒ္ဒသိက္ခာ၌–

မစုမုဒ္ဒိကသာလူက-စောစ မောစမ္ဗဇမ္ဗုဇံ၊
ဖါရုသံ နဂ္ဂိသန္တတ္တံ၊ပါနကံ ယာမကာလိကံ။ ။ဟု-မိန့်၏။

အတ္ထကား – မစုမုဒ္ဒိကသာလူက စောစ မောစမ္ဗဇမ္ဗုဇံ – သစ်မည်စည် မုဒရက် ကြာစွယ် တော၄က်ပျော အိမ်၄က်ပျော သရက်သီး သပြေသီးမှ ဖြစ်ထသော၊ ဖါရုသံ – ဖက်သက်တရော်သီးမှ ဖြစ်ထသော၊ နဂ္ဂိသန္တတ္တံ- မီးဖြင့် မချက်သော၊ ပါနကံ-ရှစ်ပါးစသော အဖျော်သည်၊ ယာမကာလိကံ- ယာမကာလိက မည်၏။

အဖျော် ဂ–ပါးနှင့် လျော်သော အသီး, အပွင့်, အရွက်, အရည်တို့တွင် အဖတ်နှင့်တကွ လျော်သော စပါးမျိုးတို့ကိုထား၍ ခပ်သိမ်းသော အသီးတို့ ၏ အရည်တို့သည်လည်းကောင်း, သစ်မည်စည်ပွင့်ကို ထား၍ ခပ်သိမ်းသော အပွင့်တို့၏ အရည်သည် လည်းကောင်း, ဟင်းရွက်ကျက်ရည်ကို ထား၍ ခပ်သိမ်းသော သစ်ရွက်တို့၏ အရည်သည်လည်းကောင်း, ရေအေးဖြင့် နယ် သော်၎င်း နေပူဖြင့် ချက်သော်၎င်း ယာမကာလိက မည်၏၊ ထို့ကြောင့် ၎င်း၌ပင်–

သာနုလောမာနိ ဓညာနိ၊ ၌ပေတွာ ဖလဇော ရသော၊
မဓူကပုပ္ဖ မညတြ၊ သဗ္ဗော ပုပ္ဖရသောပိစ။
သဗ္ဗပတ္တရသောစေဝ၊ ၌ပေတွာ ပက္ကဍာကဇံ၊
သီတောဒမဒ္ဒိတောဒိစ္စ၊ ပါကော ဝါ ယာမကာလိကော။ ။ ဟု-မိန့်၏။

အတ္ထကား– သာနုလောမာနိ - အဖတ်နှင့်တကွ ဖြစ်ကုန်သော၊ ဓညာနိ- ခုနစ်ပါးသော စပါးတို့ကို၊ ၌ပေတွာ-ထား၍၊ ဖလဇော-အသီးမှ ဖြစ်သော၊ ရသောစ-အရည်သည်လည်းကောင်း၊မဓူကပုပ္ဖံ-သစ်မည်စည်ပွင့်ကို၊အညတြ-

ဌပေတွာ-ထား၍၊ သဗ္ဗာ-အလုံးစုံသော၊ ပုပ္ဖရသောစ-အပွင့်အရည်သည် လည်းကောင်း၊ ပတ္တဥာကဇံ - ဟင်းရွက်ကျက်ရည်ကို၊ ဌပေတွာ - ထား၍၊ ဖလဇော-အသီးမှဖြစ်သော၊ ရသောစ-အရည်သည်လည်းကောင်း၊သဗ္ဗပတ္တ-ရသောစေဝ-ခပ်သိမ်းသောအရွက် အရည်သည်လည်းကောင်း၊ သီတောဒ-မဒ္ဒိတောဝါ - ရေချမ်းဖြင့်နယ်သော်၄င်း၊ အာဒိစ္စပါကောဝါ - နေပူဖြင့်ချက်သော်၄င်း၊ ယာမကာလိကော-ယာမကာလိက မည်၏။

ထောပတ်, ဆီဦး, ဆီ, ပျား, တင်လဲ ဤငါးပါးသည် သတ္တာဟကာလိက မည်၏၊ ထို့ကြောင့် ၄င်း၌ပင်-

သပ္ပိနောနီတတေလာနိ၊ မဓုဖါဏိတမေဝစ၊
သတ္တာဟကာလိကာ။ ။ဟု-မိန့်၏။

အတ္ထကား- သပ္ပိနောနီတတေလာနိ-ထောပတ်, ဆီဦး, ဆီတို့၄င်း၊ မဓု-ပျား၄င်း, ဖါဏိတံ - တင်လဲ၄င်း, ဣမေပဉ္စ-ဤငါးပါးတို့သည်၊ သတ္တာဟ-ကာလိကာ-သတ္တာဟကာလိက မည်ကုန်၏။ ။ဟု-လာ၏။

ထိုငါးပါးသော သတ္တာဟကာလိကတို့တွင် အကြင်သတ္တဝါတို့၏ အသားသည် ရဟန်းတို့အား အပ်၏၊ ပဝါရိတ်ကိုလည်း ဖြစ်စေတတ်၏၊ထိုသတ္တဝါတို့၏ နို့ရည်ကိုပြုသော ထောပတ်သည် အပ်သော ထောပတ် မည်၏။ ။ ထို့ကြောင့် ခုဒ္ဒသိက္ခာ၌-

သပ္ပိ ယေသံ မံသံ ပဝါရိတံ-ဟု လာ၏။

အတ္ထကား- ယေသံ-အကြင်သတ္တဝါတို့၏၊ မံသံ-အသားသည်၊ပဝါရိတံ-ပဝါရိတ်ကို ဖြစ်စေတတ်၏၊ တေသံ-ထိုသတ္တဝါတို့၏၊သပ္ပိ-နို့ရည်ကိုပြုသော ထောပတ်သည်၊ သပ္ပိ-ထောပတ်မည်၏။ ။ဟု-လာ၏။

ဆီသည်လည်း နှမ်းဆီ သားဆီကြည် ကြက်ဆူဆီ သစ်မည်စည်ဆီ မှန်ညင်းမှဖြစ်သော ဆီတို့သည် ဆီမည်၏ဟုသိ။ ။ထို့ကြောင့်၄င်းကျမ်း၌-

တေလံ တိလဝသေရဏ္ဍ-မဓုသာသပ သမ္ဘဝံ။ ။ဟု-ဆို၏။

အတ္ထကား-တိလဝသေရဏ္ဍမဓုသာသပ သမ္ဘဝံ - နှမ်း, သားဆီကြည်, ကြက်ဆူ, သစ်မည်စည် မှန်ညင်းမှဖြစ်သော၊ တေလံ-ဆီသည်၊တေလံနာမ-ဆီမည်၏။ ။ဟု-လာ၏။

ပျားကား– ပျားငယ်, ပျားကြီးတို့သည် ပန်းဝတ်ရက်ရည်ကို ယူ၍ ပြုအပ်သော ချိုသော အရသာရှိသော အရည်သည် ပျားမည်၏။ ။ထို့ကြောင့် ခုဒ္ဒသိက္ခာ၌–

ခုဒ္ဒါခုဒ္ဒမဓုကရိ-မက္ခိကာဟိ ကတံ မဓု။ ။ဟု-မိန့်၏။

အဓ္ဓကား– ခုဒ္ဒါခုဒ္ဒမဓုကရိ မက္ခိကာဟိ-ပျားငယ် ပျားကြီး ဖြစ်ကုန်သော ပျားတို့သည်၊ ကတံ – ပန်းဝတ်ရက်ရည်တို့ကို နှုတ်သီးဖြင့် စုတ်ယူ၍ ပြုအပ်သော၊ မဓု-ချိုမြိန်သော အရသာရှိသောအရည်သည်၊ မဓုနာမ-ပျားမည်၏။

အဖတ်နှင့်တကွ မရှိမူ၍ အရည်ကို မီးဖြင့်ချက်သည်ဖြစ်စေ, မီးဖြင့်မချက်မူ၍ အစိမ်းရည်ဖြစ်စေ ကြံမှဖြစ်သော အရည်အစရှိသည်သည် တင်လဲမည်၏၊ ထို့ကြောင့် ဋီကာ၌–

ရသာဒိဥစ္ဆုဝိကတိ၊ ပက္ကာပက္ကာစ ဖါဏိတံ။ ။ဟု-မိန့်၏။

အဓ္ဓကား– ပက္ကာစ-အဖတ်နှင့်တကွ မရှိမူ၍ မီးဖြင့်ချက်သည်လည်း ဖြစ်ထသော၊ အပက္ကာစ–မချက်သည်လည်း ဖြစ်ထသော၊ ရသာဒိဥစ္ဆုဝိကတိ-အရည် အစရှိသော ကြံအထူးသည်၊ ဖါဏိတံနာမ-တင်လဲ မည်၏။ ။ဟု-မိန့်၏။

အဖတ်နှင့်တကွ နံနက်ကာလ၌ မိမိချက်သော လူဆီကို ထား၍ ကြွင်းသော သားဆီကြည်သည် သတ္တာဟကာလိက ဖြစ်သော ဆီကြည်မည်၏။ ။ ထို့ကြောင့် ခုဒ္ဒသိက္ခာ၌–

> သဝတ္ထုပက္ကာ သာမံဝါ၊ ဝသာ ကာလေ အမာနုသာ။ ။ဟု-မိန့်၏။

သဝတ္ထုပက္ကာဝါ-အဖတ်နှင့်တကွ ချက်သည်လည်းဖြစ်ထသော၊ကာလေ-နံနက်ကာလ၌၊ သာမံဝါ – မိမိချက်သည်လည်း ဖြစ်ထသော၊ အမာနုသာ–လူဆီမှ တပါးသော၊ ဝသာ – သတ္တာဟကာလိက ဖြစ်သော ဆီကြည်သည်၊ ဟောတိ–၏။

ဆီကြည်မှ တပါးသော ယာဝကာလိက ဝတ္ထုတို့၏ နို့ရည် အစရှိသော ဝတ္ထုကို မချက်ရာ၊ ထို့ကြောင့် ဋီကာ၌–

အညေသံ န ပစေ ဝတ္ထုံ၊ ယာဝကာလိက ဝတ္ထုနံ။ ။ဟု-မိန့်၏။

အညေသံ-ဆိုကြည်မှ တပါးကုန်သော၊ ယာဝကာလိက ဝတ္ထုနံ-ယာဝကာလိက ဝတ္ထုတို့၏၊ဝတ္ထုံ-နို့ရည်အစရှိသော ဝတ္ထုကို၊ န ပစေ-မချက်ရာ။

နနွင်းဥ ချင်း ဆိတ်ဖူး ကြက်သွန် လင်းလေ ပန်းရင်း နွားမြေရင်း မိဝုတ် ဆောင်းမေးခါး ပဥ္စမူလ အစရှိသော အမြစ်ထိုအလုံးစုံသော အမြစ်တို့သည် ယာဝဇီဝိကမည်၏။ ။ထို့ကြောင့် ၎င်းကျမ်း၌-

ဟလိဒ္ဒိံ သိင်္ဂိဝေရဉ္စ၊ ဝစတ္တံ လသုဏံ ဝစာ၊
ဥသီရံ ဘဒ္ဒမုတ္တဉ္စာ-တိဝိသံ ကဋုရောဟိဏိ၊
ပဉ္စမူလာဒိကဉ္စာပိ၊ မူလံ တံ ယာဝဇီဝိကံ။ ။ဟု-မိန့်၏။

အတ္ထကား- ဟလိဒ္ဒိဉ္စ-နနွင်းဥရင်း၊ သိင်္ဂိဝေရဉ္စ-ချင်းရင်း၊ ဝစတ္တဉ္စ-ဆိတ်ဖူးရင်း၊ လသုဏဉ္စ-ကြက်သွန်ရင်း၊ ဝစာစ-လင်းလေရင်း၊ ဥသီရဉ္စ-ပန်းရင်းရင်း၊ ဘဒ္ဒမုတ္တဉ္စ-နွားမြေရင်းရင်း၊ အတိဝိသဉ္စ-မိဝုတ်ရင်း၊ ကဋုရောဟိဏိစ-ကုလား ဆောင်းမေးခါးရင်း၊ ပဉ္စမူလာဒိကဉ္စ-ပဥ္စမူလ အစရှိသော၊ မူလဉ္စ-အမြစ်သည်လည်းကောင်း၊ တံသဗ္ဗံ-ထိုအလုံးစုံသည်၊ ယာဝဇီဝိကံ-ယာဝဇီဝိကမည်၏။ ။ဟု-မိန့်၏။

အိပ်မွှေသီး ငြုတ်သီး သမင်စာသီး ပိတ်ချင်းသီး မုန်ညင်းသီး ကြက်ဆူ အစရှိသည်တို့၏အသီး ထိုအလုံးစုံသော အသီးတို့သည် ယာဝဇီဝိက မည်၏၊ ဝါ-တခါ လက်ထုတ် ပြူးတား ရုံး အစရှိသည်တို့၏ အရွက်, ဟင်းအလို့ငှါ ထိုက်သော အရွက်နကိုကြဉ်၍ ခပ်သိမ်းသော အရွက်တို့သည်လည်း ယာဝဇီဝိက မည်၏၊ ထို့ကြောင့် ခုဒ္ဒသိက္ခာ၌-

ဗိဠင်္ဂံ မရိစံ ဂေါဋ္ဌ-ဖလံ ပိပ္ပလိ ရာဇိကာ၊
တိဖလေရဏ္ဍကာဒီနံ၊ ဖလံ တံ ယာဝဇီဝိကံ။
ကပ္ပါသနိမ္ဗကုဋဇ-ပဋောလသုလသာဒိနံ၊
သူပေယျပဏ္ဏံ ဝဇ္ဇေတွာ၊ ပဏ္ဏံ တံ ယာဝဇီဝိကံ။ ။ဟု-မိန့်၏။

အတ္ထကား- ဗိဠင်္ဂဉ္စ-အိပ်မွှေသီးရင်း၊ မရိစဉ္စ-ငြုတ်သီးရင်း၊ ဂေါဋ္ဌဖလဉ္စ-သမင်စာသီးရင်း၊ ပိပ္ပလိစ-ပိတ်ချင်းသီးရင်း၊ ရာဇိကာစ-မုန်ညင်းသီးရင်း၊ တိဖလေရဏ္ဍကာဒီနံ-ကြက်ဆူ-အစရှိသည်တို့၏၊ ဖလဉ္စ-အသီးရင်း၊ တံသဗ္ဗံ-ထိုအလုံးစုံသော အသီးသည်၊ ယာဝဇီဝိကံ-က မည်၏။

ကပ္ပါသနိမ္ဗကုဋဇ ပဋောလသုလသာဒိနံ- ဝါ-တမာ လက်ထုတ် ဖြူးတား အစရှိသည်တို့၏၊ ပဏ္ဏဥ္စ – အရွက်ငင်း၊ သူပေယျပဏ္ဏံ - ဟင်းအလို့ငှါထိုက် သော သစ်ရွက်ကို၊ ဝဇ္ဇေတွာ-ကြဉ်၍၊ ပဏ္ဏဥ္စ-ခပ်သိမ်းသော အရွက်ငင်း၊ တံသဗ္ဗံ-ထိုအလုံးစုံသောအရွက်သည်၊ ယာဝဇီဝိကံနာမ-၏။ ။ဟု-လာ၏။

ကြို၏ အစေးကိုငင်း, ကြိမှ ဖြစ်သော အရည်ရှိသော ကြိခွံကိုငင်း ထား၍ အလုံးစုံသော အစေး, အခွံ, ဆား, သံ,ကျောက်, အရည်မရှိ သက်သက်သော ဖယောင်း, မှော်, မီးဖြင့် အကျွမ်းဖုတ်ပြီးသော အလုံးစုံသော ဝတ္ထု, ကျင်ကြီး အစရှိသော အပြားရှိသော ဝတ္ထု၊ ထိုအလုံးစုံသော ဝတ္ထုကို ယာဝဇီဝိကဟု သိအပ်၏၊ ထို့ကြောင့် ငင်းကျမ်း၌ပင်–

ဌပေတွာ ဥစ္ဆုနိယျာသံ၊ သရသံ ဥစ္ဆုဇံ တစံ၊
နိယျာသောစ တစော သဗ္ဗော၊ လောဏံ လောဟံ သိလာ တထာ၊
သုဒ္ဓသိတ္ထဉ္စ သေဝါလော၊ ယဉ္စကိဉ္စိ သုဇ္ဈာပိတံ၊
ဝိကဋာဒိပ္ပဘေဒဥ္စ၊ ဉာတဗ္ဗံ ယာဝဇီဝိကံ။

အတ္ထကား- ဥစ္ဆုနိယျာသဉ္စ - ကြိစေးကိုငင်း၊ သရသံ - အရည်ရှိသော၊ ဥစ္ဆုဇံ - ကြိမှဖြစ်သော၊ တစဉ္စ - အခွံကိုငင်း၊ ဌပေတွာ-ထား၍၊ သဗ္ဗော- အလုံးစုံသော၊ နိယျာသောစ-အစေးငင်း၊ တစောစ-အခွံငင်း၊ လောဏဉ္စ- ဆားငင်း၊ လောဟဉ္စ-သံငင်း၊ သိလာစ-ကျောက်ငင်း၊ တထာ-ထိုမှတပါး၊ သုဒ္ဓသိတ္ထဉ္စ-ပျားရည်မရှိ သက်သက်သော ဖယောင်းငင်း၊ သေဝါလောစ- မှော်ငင်း၊ သုဇ္ဈာပိတံ – မီးဖြင့်အကျွမ်းဖုတ်ပြီးသော၊ ယံကိဉ္စိ-ခပ်သိမ်းသော ဝတ္ထုငင်း၊ ဝိကဋာဒိပ္ပဘေဒဥ္စ - ကျင်ကြီးအစရှိသော အပြားငင်း၊ တံသဗ္ဗံ- ထိုအလုံးစုံကို၊ ယာဝဇီဝိကန္တိ-ယာဝဇီဝိက ဟူ၍၊ ဉာတဗ္ဗံ-သိအပ်၏၊ ဟုမှတ်။

ဤသို့ပြအပ်သော ယာဝဇီဝိကသည် များပြားသည်ဖြစ်၍ အကျဉ်းရုံး၍ ပြခြင်းငှါ–

မူလံ သာရံ တစော ဖေဂ္ဂု၊ ပဏ္ဏံ ပုပ္ဖံ ဖလံ လတာ၊
အာဟာရတ္ထမသာဓေန္တံ၊ သဗ္ဗံ တံ ယာဝဇီဝိကံ။ (ခုဒ္ဒသိက္ခာ)

အာဟာရတ္ထံ - အာဟာရကိစ္စကို၊ အသာဓေန္တံ - မပြီးစေတတ်သော၊ မူလဉ္စ-အမြစ်ငင်း၊ သာရဉ္စ-အနှစ်ငင်း၊ တစောစ - အခေါက်ငင်း၊ ဖေဂ္ဂုစ- အကာငင်း၊ ပဏ္ဏဉ္စ – အရွက်ငင်း၊ ပုပ္ဖဉ္စ – အပွင့်ငင်း၊ ဖလဉ္စ–အသီးငင်း၊

လတာစ-နွယ်ငင်း၊ တံသဗ္ဗံ-ထိုအလုံးစုံကို၊ ယာဝဇီဝိကန္တိ - ဟူ၍၊ ညတဗ္ဗံ-သိအပ်၏။

အလုံးစုံသော ကာလိကလေးပါးကို သုံးဆောင်ခြင်းသည် နံနက်အခါ၌ နာသော ရဟန်း, မနာသော ရဟန်းသည် အပ်၏၊ အနာရှိသော်ငင်း, မွတ်သိပ် ဆာလောင်သော်ငင်း, ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝိက တည်းဟူသော ကာလိက သုံးပါးတို့ကို နေလွဲသောအခါ၌ သုံးဆောင်အပ်၏၊ ထို့ကြောင့် ခုဒ္ဒသိက္ခာ၌-

သဗ္ဗကာလိကသမ္ဘောဂေါ၊ ကာလေ သဗ္ဗဿ ကပ္ပတိ၊
သတိ ပစ္စယေ ဝိကာလေ၊ ကပ္ပတေ ကာလိကတ္တယံ။ ။ဟု-မိန့်၏။

သဗ္ဗကာလိက သမ္ဘောဂေါ-အလုံးစုံသော ကာလိကကို သုံးဆောင်ခြင်းသည်၊ ကာလေ-နံနက်အခါ၌၊ သဗ္ဗဿ-နာသောရဟန်း, မနာသောရဟန်းအား၊ ကပ္ပတိ - အပ်၏၊ ပစ္စယေ - အကြောင်းသည်၊ သတိ - ရှိခဲ့သော်၊ ဝိကာလေပိ-မွန်းလွဲသော အခါ၌လည်း၊ ကာလိကတ္တယံ-ကာလိက သုံးပါး အပေါင်းကို၊ ကပ္ပတေ-သုံးဆောင်အပ်၏။ ။ဟု-မှတ်။

ဤကာလိက လေးပါးကို သိက္ခာသုံးပါးကို အလိုရှိသော ထေရ် ရဟန်းတို့သည် ကြိုးပမ်း၍ ကြည့်ရှုစေသတည်း။

၄၂-ဆိုးရည်အပြား ခြောက်ပါး ဟူသည်ကား

အမြစ်ဆိုးရည် ပင်စည်ဆိုးရည် အခေါက်ဆိုးရည် အရွက်ဆိုးရည် အသီးဆိုးရည် အပွင့်ဆိုးရည် အားဖြင့် ခြောက်ပါးသော ဆိုးရည်တို့ကို မြတ်စွာဘုရားသည် ခွင့်ပြုတော်မူအပ်၏၊ အဘယ်ပါဠိဖြင့် သိအပ်သနည်းဟူမူ-

မူလက္ခန္ဓတစပတ္တ-ဖလပုပ္ဖပဘေဒတော၊
ရဇနာနိ ဆဗ္ဗိဓာနိ၊ အနုညာတာနိ သတ္ထုနာ။ ။ဟူသော-ခုဒ္ဒသိက္ခာပါဠိဖြင့် သိအပ်၏။

အဏ္ဏကား- မူလက္ခန္ဓတစပတ္တ ဖလပုပ္ဖပဘေဒတော - အမြစ်, ပင်စည်, အခေါက်, အရွက်, အသီး, အပွင့် အပြားအားဖြင့်၊ ဆဗ္ဗိဓာနိ-ခြောက်ပါး အပြားရှိကုန်သော၊ ရဇနာနိ-ဆိုးရည်တို့ကို၊ သတ္ထုနာ-မြတ်စွာဘုရားသည်၊ အနုညာတာနိ-ခွင့်ပြုတော်မူအပ်ကုန်၏၊ ဟု-မိန့်၏။ ။ထိုခြောက်ပါးတို့တွင်-

ရဇနေသုပန ဟလိဒ္ဒိံ ဌပေတွာ သဗ္ဗံ မူလရဇနံ ဝဋ္ဋတိ။

ရဇနေသုပန–ခြောက်ပါးသော ဆိုးရည်တို့တွင်ကား၊ ဟလဒ္ဒိံ-နနွင်းဉကို၊ ဌပေတွာ - ထား၍၊ သဗ္ဗံ - အလုံးစုံသော၊ မူလရဇနံ - အမြစ် ဆိုးရည်သည်၊ ဝဋ္ဋတိ-အပ်၏။

ဟု–ဝိနယသင်္ဂဟ၌ ဆိုသောကြောင့် အမြစ်ဆိုးရည်တို့တွင် နနွင်းဉကို ထား၍ အလုံးစုံသော အမြစ်ဆိုးရည်သည် အပ်၏ဟု မှတ်ရမည်။

မဉ္ဇေဋ္ဌဉ္စ တုင်္ဂဟာရဉ္စ ဌပေတွာ သဗ္ဗခန္ဓရဇနံ ဝဋ္ဋတိ။

မဉ္ဇေဋ္ဌဉ္စ – ထန်းကျင့်ကိုလည်းကောင်း၊ တုင်္ဂဟာရဉ္စ – ပိန္နဲနွယ်ကိုလည်းကောင်း၊ ဌပေတွာ - ထား၍၊ သဗ္ဗခန္ဓရဇနံ - အလုံးစုံသော ပင်စည်ဆိုးရည်သည်၊ ဝဋ္ဋတိ-အပ်၏။

ဟု–ဝိနယသင်္ဂဟ အဋ္ဌကထာ၌ လာသောကြောင့် ထန်းကျင့် ပိန္နဲနွယ်တို့ကို ထား၍ အလုံးစုံသော ပင်စည်ဆိုးရည်တို့သည် အပ်၏ဟုမှတ်။

လောဒ္ဒဉ္စ ကဏ္ဍုလဉ္စ ဌပေတွာ သဗ္ဗတစရဇနံ ဝဋ္ဋတိ။

လောဒ္ဒဉ္စ - ဒေါက်ရပ်ခေါက်ကိုရင်း၊ ကဏ္ဍုလဉ္စ - ကြပိုင်ခေါက်ကိုရင်း၊ ဌပေတွာ - ထား၍၊ သဗ္ဗတစရဇနံ - အလုံးစုံသော အခေါက်ဆိုးရည်သည်၊ ဝဋ္ဋတိ-အပ်၏၊

ဟု–ဝိနယသင်္ဂဟအဋ္ဌကထာ၌ ဆိုသောကြောင့် ဒေါက်ရပ်ခေါက် ကြပိုင်ခေါက်တို့ကို ထား၍ အလုံးစုံသော အခေါက်ဆိုးရည်သည် အပ်၏ဟုမှတ်။

အလ္လိပတ္တဉ္စ နီလပတ္တဉ္စ ဌပေတွာ သဗ္ဗပတ္တ ရဇနံ ဝဋ္ဋတိ။

အလ္လိပတ္တဉ္စ-မဲရွက်ကိုရင်း၊ နီလပတ္တဉ္စ-ဒန်းရွက်ကိုရင်း၊ ဌပေတွာ-ထား၍၊ သဗ္ဗပတ္တရဇနံ-အလုံးစုံသော အရွက်ဆိုးရည်သည်၊ ဝဋ္ဋတိ–အပ်၏။

ဟု–ဝိနယသင်္ဂဟ အဋ္ဌကထာ၌ ဆိုသောကြောင့် မဲရွက် ဒန်းရွက်တို့ကို ထား၍ အလုံးစုံသော အရွက်ဆိုးရည်သည် အပ်၏ဟုမှတ်။

မဲရွက်မှာ လူတို့သုံးဆောင်လေပြီးသော မဲရွက်သည် တကြိမ်ဆိုးခြင်းငှါ အပ်၏၊ ထို့ကြောင့် ရင်း၌ပင်–

ဂိဟိပရိဘုတ္တကေန အလ္လိပတ္တေန ကော်ဝါရ် ရဇိတုံ ဝဋ္ဋတိ။

ဂိဟိပရိဘုတ္တကေန - လူတို့သုံးဆောင်လေပြီးသော၊ အလ္လိပတ္တေန-မဲရှက်ဖြင့်၊ ကောဝါရ်-တကြိမ်၊ ရဇိတုံ-ဆိုးခြင်းငှါ၊ ဝဋ္ဋတိ-အပ်၏။ ။ဟု-မိန့်၏။

ကိံသုကပုပ္ဖံ ကုသုမ္ဘပုပ္ဖံ ဌပေတွာ သဗ္ဗပုပ္ဖရဇနံ ဝဋ္ဋတိ။

ကိံသုကပုပ္ဖံ - ပေါက်ပွင့်ကိုရင်း၊ ကုသုမ္ဘပုပ္ဖံ – ဝတ်ပန်းပွင့်ကိုရင်း၊ ဌပေတွာ-ထား၍၊ သဗ္ဗပုပ္ဖရဇနံ-အလုံးစုံသော အပွင့်ဆိုးရည်သည်၊ ဝဋ္ဋတိ-အပ်၏။

ဟု-ရင်း၌ဆိုသောကြောင့် ပေါက်ပွင့် ဝတ်ပန်းပွင့်တို့ကိုထား၍ အလုံးစုံသော အပွင့် ဆိုးရည်သည် အပ်၏ ဟု-မှတ်။

ဖလရဇနေ န ယံကိဉ္စိ န ဝဋ္ဋတိ၊ ဝဋ္ဋတိဧဝ။

ဖလရဇနေ-အသီးဆိုးရည်၌၊ ယံကိဉ္စိ-အလုံးစုံသော အသီးဆိုးရည်သည်၊ န ဝဋ္ဋတိ-မအပ်သည်ကား၊ န-မဟုတ်၊ ဝဋ္ဋတိဧဝ-အပ်သလျှင်ကတည်း။

ဟု-ရင်း၌ ဆိုသောကြောင့် အသီးဆိုးရည်သည် မအပ်သော အသီးမည်သည် မရှိ၊ အပ်သည်သာတည်း၊ အပ်ငြားသော်လည်း သမဏသာရုပ္ပရှိသော အသီးဆိုးရည်သည်သာ သင့်မြတ်၏။ ။ဤကား ဆိုးရည်အပြား ခြောက်ပါး၏ အကြောင်းတည်း။ ။ပြီး၏။

၄၃-အာပတ်သင့်ခြင်း ခြောက်ပါး ဟူသည်ကား

> အလဇ္ဇိတာ အညာဏတာ ကုက္ကုစ္စပကတတာ အကပ္ပိယေ ကပ္ပိယသညိတာ ကပ္ပိယေ အကပ္ပိယသညိတာ သတိသမ္မောသာတိ ဣမေဟိ ဆဟာကာရေဟိ အာပဇ္ဇတိ။

အတ္ထကား- အလဇ္ဇိတာစ-အရှက်မရှိသောကြောင့်ရင်း၊ အညာဏတာစ-မသိသောကြောင့်ရင်း၊ ကုက္ကုစ္စပကတတာစ-အလို့လို့ ရှိသောကြောင့်ရင်း၊ အကပ္ပိယေ - မအပ်သည်၌၊ ကပ္ပိယသညိတာစ – အပ်၏ဟု အမှတ်ရှိသောကြောင့်ရင်း၊ ကပ္ပိယေ - အပ်သည်၌၊ အကပ္ပိယသညိတာစ -မအပ်သည်ဟု အမှတ်ရှိသည်၏ အဖြစ်ကြောင့်ရင်း၊ သတိသမ္မောသာစ - သတိ၏မေ့လျော့ခြင်းကြောင့်ရင်း၊ ဣတိ – ဤသို့၊ ဣမေဟိ ဆဟာကာရေဟိ – ဤခြောက်ပါးသော အခြင်းအရာတို့ဖြင့်၊ အာပတ္တိံ – အာပတ်သင့်ခြင်းသို့၊ အာပဇ္ဇတိ-ရောက်၏။

ဟု-ကင်္ခါအဋ္ဌကထာ၌ ဆိုသောကြောင့် အရှက်မရှိသောကြောင့်,မသိခြင်း ကြောင့်,အလို့လို့ရှိခြင်းကြောင့်, မအပ်သည်၌ အပ်၏ဟု မှတ်ခြင်းကြောင့်, အပ်သည်၌ မအပ်ဟုမှတ်ခြင်းကြောင့်, သတိမေ့လျော့ခြင်းကြောင့် ဤခြောက် ပါးသော အခြင်းအရာတို့ကြောင့် အာပတ်သင့်ခြင်းသို့ ရောက်၏ဟုမှတ်။

ထို ခြောက်ပါးတို့တွင် အရှက်မရှိခြင်းကြောင့် အဘယ်သို့ အာပတ်သင့် ခြင်းသို့ ရောက်သနည်းဟူမူ-

အကပ္ပိယဘာဝံ ဇာနန္တောယေဝ မဒ္ဒိတွာ ဝိတိက္ကမနံ ကရောတိ။

အတ္တကား- အကပ္ပိယဘာဝံ-မအပ်သော အဖြစ်ကို၊ ဇာနန္တောယေဝ- သိလျက်လျှင်၊ မဒ္ဒိတွာ-နှိပ်နင်း၍၊ ဝိတိက္ကမနံ-လွန်ကျူးခြင်းကို၊ ကရောတိ- ပြု၏။

ဟု-ကင်္ခါ၌ ဆိုသောကြောင့် မအပ်သောအဖြစ်ကို သိလျက်လျှင် သိက္ခာ ပုဒ်ကို နှိပ်နင်း၍ လွန်ကျူးခြင်းကို ပြုခြင်းသည် အရှက် မရှိသောကြောင့် အာပတ်သင့်ခြင်းသို့ ရောက်၏ဟု မှတ်။

မသိခြင်းကြောင့် အဘယ်သို့ အာပတ်သင့်ခြင်းသို့ ရောက်သနည်းဟူမူ-

အညာဏပုဂ္ဂလော ဟိ မန္ဒော မောမူဟော ကတ္တဗ္ဗာကတ္တဗ္ဗံ အဇာ- နန္တော အကတ္တဗ္ဗံ ကရောတိ၊ ကတ္တဗ္ဗံ ဝိရာဓေတိ၊ ဧဝံ အညာဏတာယ အာပဇ္ဇတိ။

အတ္တကား- အညာဏပုဂ္ဂလော-မသိသောပုဂ္ဂိုလ်သည်၊ မန္ဒော-နုံ့သော ပညာရှိသည်ဖြစ်၍၊ မောမူဟော-မိုက်မဲတွေဝေသည် ဖြစ်၍၊ကတ္တဗ္ဗာကတ္တဗ္ဗံ- ပြုအပ်သည် မပြုအပ်သည်ကို၊ အဇာနန္တော - မသိသည်ဖြစ်၍၊ အကတ္တဗ္ဗံ- မပြုအပ်သော အမှုကို၊ ကရောတိ - ပြု၏၊ ကတ္တဗ္ဗံ - ပြုအပ်သော အမှုကို၊ ဝိရာဓေတိ-ချွတ်ယွင်းစေ၏၊ ဧဝံ-ဤသို့၊ အညာဏတာယ-သိက္ခာပုဒ်ကို မသိ သဖြင့်၊ အာပဇ္ဇတိ-အာပတ်သင့်ခြင်းသို့ ရောက်၏။

ဟု-ကင်္ခါ၌ ဆိုသောကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို မကြည့်မရှု မသင်မကြားမူ၍ မသိသော ပုဂ္ဂိုလ်သည် နုံ့သော ပညာရှိသည် တွေဝေသည်ဖြစ်၍ ပြုအပ်သည် မပြုအပ်သည်ကို မသိသည်ဖြစ်၍ မြေတူး ခြင်း,ဘူတဂါမ် ဗီဇဂါမ်ကို ဖျက်ဆီးခြင်း အစရှိသော မပြုအပ်သော အမှုကို

ပြု၏၊ ထိုသို့ ပြုသောကြောင့် အာပတ်သင့်ခြင်းသို့ ရောက်၏၊ ဥပဇ္ဈာယဝတ် အစရှိသော ခုဒ္ဒသခန္ဓကဝတ်တို့ကို ပြုအပ်လျက် မပြုသောကြောင့် အာပတ်သင့်ခြင်းသို့ ရောက်၏၊ ဤသို့လျှင် သိက္ခာပုဒ်ကို မသိခြင်းကြောင့် အာပတ်သင့်ခြင်းသို့ ရောက်၏ဟု မှတ်။

အဘယ်သို့လျှင် ကုက္ကုစ္စနှိပ်စက်၍ အာပတ်သင့်ခြင်းသို့ ရောက်သနည်းဟူမူ—

ကပ္ပိယာကပ္ပိယံ နိဿာယ ကုက္ကုစ္စေ ဥပ္ပန္နေ ဝိနယဓရံ ပုစ္ဆိတ္វာ ကပ္ပိယဥ္စေ ကတ္တဗ္ဗံ သိယာ၊ အကပ္ပိယဥ္စေ န ကတ္တဗ္ဗံ၊ အယံပန ဝဋ္ဋတီတိ မဒ္ဒိတ္វာ ဝီတိက္ကမတိယေဝ၊ ဧဝံ ကုက္ကုစ္စ ပကတတာယ အာပဇ္ဇတိ။

ကပ္ပိယာကပ္ပိယံ - အပ်သည် မအပ်သည်ကို၊ နိဿာယ- မှီ၍၊ ကုက္ကုစ္စေ- ဝိနယကုက္ကုစ္စသည်၊ ဥပ္ပန္နေ-ဖြစ်လတ်သော်၊ ဝိနယဓရံ-ဝိနည်းမိုရ်ကို၊ ပုစ္ဆိတ္វာ-မေး၍၊ ကပ္ပိယံ-အပ်သည်၊ စေဟောတိ - အကယ်၍ဖြစ်အံ့၊ ကတ္တဗ္ဗံ-ပြုအပ်သည်၊ သိယာ - ဖြစ်ရာ၏၊ အကပ္ပိယံ-မအပ်သည်၊ စေဟောတိ-အကယ်၍ ဖြစ်အံ့၊ ကတ္တဗ္ဗံ-ပြုအပ်သည်၊ နသိယာ - မဖြစ်ရာ၊ အယံပန - ဤသည်ကား၊ ဝဋ္ဋတီတိ-အပ်၏ဟု၊ မဒ္ဒိတ္វာ-သိက္ခာပုဒ်ကို ကျော်နင်း၍၊ ဝီတိက္ကမတိယေဝ-- လွန်ကျူးသလျှင်ကတည်း၊ ဧဝံ – ဤသို့၊ ကုက္ကုစ္စပကတတာယ-အလို့လို့ နှိပ်စက်သဖြင့်၊ အာပဇ္ဇတိ-အာပတ်သင့်ခြင်းသို့ ရောက်၏။

ဟု- ကခ်ါ၌ ဆိုသည်နှင့် အညီ အလို့လို့နှိပ်စက်၍ အာပတ်သင့်ခြင်းသို့ ရောက်ခြင်းကား အပ်သည်, မအပ်သည် နှစ်ပါးကိုမှီ၍ အလို့လို့ နှိပ်စက်ခြင်း ဖြစ်လသော် ဝိနယဓရပုဂ္ဂိုလ်ကို မေး၍ အကယ်၍ အပ်သည်ဖြစ်အံ့၊ ပြုအပ်သည် ဖြစ်ရာ၏၊ အကယ်၍ မအပ်သည်ဖြစ်အံ့၊ ပြုအပ်သည် မဖြစ်ရာ၊ ဤသို့ဝိနည်းမိုရ်ကိုမေးမြန်း၍ ပြုအပ်လျက်မပြုဘဲ အပ်၏ဟု သိက္ခာပုဒ်ကို နှိပ်နင်း လွန်ကျူး၏၊ ဤသို့ လွန်ကျူးခြင်းကြောင့် အာပတ်သင့်၏၊ ဤအာပတ်သင့်ခြင်းသည် ကုက္ကုစ္စကြောင့် ဖြစ်သတည်းဟု မှတ်။

အဘယ်သို့ မအပ်သည်ကို အပ်၏ဟု အမှတ်ရှိခြင်းကြောင့် အာပတ်သင့်ခြင်းသို့ရောက်သနည်းဟူမူ- ဝံသား-စသည်ကို ဝက်သား-ဟု မှတ်၍ စား၏၊ မွန်းလွဲပြီးသည်ကို မွန်းမလွဲသေး-ဟု အမှတ်ရှိ၍ ယာဝကာလိကကို စား၏။ ဤသို့ မအပ်သည်မှန်လျက် အပ်၏ဟု အမှတ်နှင့်တကွ စားခြင်းကြောင့် အာပတ်သင့်ခြင်းသို့ ရောက်၏ဟုမှတ်၊ ထို့ကြောင့် ကခ်ါ၌ ...

အစ္ဆမံသံ သူကရမံသန္တိ ခါဒတိ၊ ဝိကာလေ ကာလသညိတာယ
ဘုဥ္ဇတိ၊ ဇဝံ အကပ္ပိယေ ကပ္ပိယသညိတာယ အာပဇ္ဇတိ-ဟုမိန့်၏။

အတ္ထကား-အစ္ဆမံသံ-ဝံသားကို၊ သူကရမံသန္တိ-ဝက်သားဟူ၍၊ခါဒတိ-စား၏၊ ဝိကာလေ-နေလွဲသောအခါ၌၊ ကာလသညိတာယ-မွန်းမလွဲသေးဟု အမှတ်ရှိ၍၊ ဘုဥ္ဇတိ-စား၏၊ ဇဝံ-ဤသို့၊ အကပ္ပိယေ-မအပ်သည်၌၊ ကပ္ပိယသညိတာယ-အပ်၏ဟု အမှတ်ရှိ၍ စားသဖြင့်၊ အာပဇ္ဇတိ-အာပတ်သင့်ခြင်းသို့ ရောက်၏။

အဘယ်သို့ အပ်သည်ကို မအပ်ဟု အမှတ်ရှိ၍ စားခြင်းကြောင့် အာပတ်သင့်ခြင်းသို့ ရောက်သနည်း ဟူမူ- အပ်သော ဝက်သား နွားသား-စသည်ကို မအပ်သော ဝံသား ့အောင်းသား-ဟု အမှတ်ရှိလျက် စား၏၊ မွန်းမတည့်မီ ပုရေဘတ္တကာလ ဖြစ်လျက်ကို မွန်းလွဲသော ပစ္ဆာဘတ္တဟု အမှတ်ရှိလျက် ယာဝကာလိကကို စား၏၊ ဤသို့ အပ်သည်ကို မအပ်ဟု အမှတ်ရှိလျက် စားခြင်းကြောင့် အာပတ်သင့်ခြင်းသို့ ရောက်၏ဟု မှတ်။ ထို့ကြောင့်... ကန်ါ အဋ္ဌကထာ၌....

သူကရမံသံ အစ္ဆမံသန္တိ ခါဒတိ၊ ကာလေ ဝိကာလသညိတာယ
ဘုဥ္ဇတိ၊ ဇဝံ ကပ္ပိယေ အကပ္ပိယသညိတာယ အာပဇ္ဇတိ-ဟု မိန့်၏။

အတ္ထကား-သူကရမံသံ-ဝက်သားကို၊ အစ္ဆမံသန္တိ-ဝံသား-ဟု အမှတ်ရှိလျက်၊ခါဒတိ-စား၏၊ ကာလေ-နံနက်မွန်းမလွဲသောအခါ၌၊ ဝိကာလသညိ-တာယ - မွန်းလွဲပြီဟု အမှတ်ရှိလျက်၊ ဘုဥ္ဇတိ-ယာဝကာလိကကို စား၏။ ဇဝံ-သို့၊ ကပ္ပိယေ-အပ်သည်၌၊ အကပ္ပိယသညိတာယ-မအပ်ဟု အမှတ်ရှိသဖြင့်၊ အာပဇ္ဇတိ-အာပတ်သင့်ခြင်းသို့ ရောက်၏။

အဘယ်သို့ သတိ၏ မေ့လျော့ခြင်းကြောင့် အာပတ်သင့်ခြင်းသို့ ရောက်သနည်းဟူမူကား-လူ သာမဏေတို့နှင့် တမိုးတရံတည်းသော ကျောင်း၌ အိပ်ခြင်း သဟသေယျ သိက္ခာပုဒ်၊ သက်န်းသုံးထည်နှင့် ကင်း၍ မနေအပ်သော စီဝရဝိပ္ပဝါသ သိက္ခာပုဒ်၊ အကာလ သက်န်း, ကာလ သက်န်းတို့ကို ဆယ်ရက်, တလ မလွန်စေအပ်သော အတိရေက ဒသာဟ သိက္ခာပုဒ်၊ အတိရေက မာသ သိက္ခာပုဒ် စသည်တို့၌ သတိ မေ့လျော့ခြင်းကြောင့် သုံးညွှထက် အလွန် အိပ်ခြင်း, သက်န်းနှင့် ကင်း၍ နေခြင်း, အကာလသက်န်း အဓိဋ္ဌာန်

ဝိကပ္ပနာ မပြုပဲ ဆယ်ရက်ကို လွန်စေခြင်း, ကာလ၌ လှူသော သင်္ကန်းကို အဓိဋ္ဌာန် ဝိကပ္ပနာ မပြုပဲ တလကို လွန်စေခြင်းကြောင့် အာပတ်သင့်ခြင်းသို့ ရောက်၏ဟု မှတ်။ ထို့ကြောင့် ကင်္ခါ၌....

သဟသေယျ စီဝရဝိပ္ပဝါသာဒိနိ သတိသမ္မောသာ အာပဇ္ဇတိ၊ ဟု မိန့်၏။

အတ္ထကား-သဟသေယျ စီဝရဝိပ္ပဝါသာဒိနိ-သဟသေယျ သိက္ခာပုဒ်, စီဝရဝိပ္ပဝါသ သိက္ခာပုဒ် အစရှိသည်တို့ကို၊ သတိသမ္မောသာ-သတိ၏ မေ့လျော့ခြင်းကြောင့်၊ အာပဇ္ဇတိ-အာပတ်သင့်ခြင်းသို့ ရောက်၏။ ။ဤကား အာပတ်သင့်ခြင်း ခြောက်ပါးတည်း။

၄၄-အာပတ်ကို ဖြစ်စေတတ်သော သမုဋ္ဌာန်ခြောက်ပါး ဟူသည်ကား

ကာယော၊ ဝါစာ၊ ကာယ ဝါစာ၊ ကာယစိတ္တံ၊ ဝါစာစိတ္တံ၊ ကာယဝါစာစိတ္တံ၊ ဧဝံ ဝုတ္တာနိ ဆ အာပတ္တိသမုဋ္ဌာနာနိ။

အတ္ထကား-ကာယော ကိုယ်၊ ဝါစာ-နှုတ်၊ ကာယ ဝါစာ-ကိုယ်,နှုတ်၊ ကာယစိတ္တံ-ကိုယ်, စိတ်၊ ဝါစာစိတ္တံ-နှုတ်, စိတ်၊ ကာယဝါစာစိတ္တံ-ကိုယ်, နှုတ်,စိတ်၊ ဧဝံ-သို့၊ ဆ-ခြောက်ပါးကုန်သော၊ အာပတ္တိသမုဋ္ဌာနာနိ-အာပတ်ကို ဖြစ်စေခြင်း အကြောင်းတို့ကို၊ ဝုတ္တာနိ-ဆိုအပ်ကုန်၏။

ဟု ကင်္ခါ၌ဆိုသောကြောင့် ကိုယ်၊ နှုတ်၊ ကိုယ်, နှုတ်၊ ကိုယ်,စိတ်၊ နှုတ်, စိတ်၊ ကိုယ်, နှုတ်, စိတ် ဤခြောက်ပါးသော အကြောင်းတို့ကြောင့် အာပတ်သင့်၏၊ ထို ခြောက်ပါးသော အာပတ် သင့်ခြင်း၏ အကြောင်း တို့ကို သမုဋ္ဌာန် ခြောက်ပါးဟု မှတ်၊ ရှေ့သုံးပါးကား-အစိတ္တကဟု မှတ်၊ နောက်သုံးပါးကား- သစိတ္တကဟု မှတ်၊ ဤကား-အာပတ်ကို ဖြစ်စေတတ်သော အကြောင်းခြောက်ပါးတည်း။

၄၅-ပညတ်ရင်း ကိုးပါး ဟူသည်ကား

ပညတ္တိ၊ အနုပညတ္တိ၊ အနုပ္ပန္နပညတ္တိ၊ သဗ္ဗတ္ထပညတ္တိ၊ ပဒေသပညတ္တိ၊ သာဓာရဏ ပညတ္တိ၊ အသာဓာရဏ ပညတ္တိ၊ ဧကတော ပညတ္တိ၊ ဥဘတောပညတ္တိဝသေန နဝဝိဓာ ပညတ္တိ။

အတ္ထကား– ပညတ္တိ အနုပညတ္တိ အနုပ္ပန္နပညတ္တိ သဗ္ဗတ္ထပညတ္တိ ပဒေသ ပညတ္တိ သာဓာရဏပညတ္တိ အသာဓာရဏပညတ္တိ ဧကတောပညတ္တိ ဥဘတော ပညတ္တိဝသေန-ပဌမပညတ်, အနုပညတ်, အနုပ္ပန္နပညတ်, သဗ္ဗတ္ထပညတ်, ပဒေသပညတ်, သာဓာရဏပညတ်, အသာဓာရဏပညတ်, ဧကတောပညတ်, ဥဘတော ပညတ်တို့၏ အစွမ်းအားဖြင့်၊ နဝဝိဓာ-ကိုးပါး အပြား ရှိသော၊ ပညတ္တိ၊ သိက္ခာပုဒ်ကို ပညတ်ခြင်းတည်း။

ဟု ကင်္ခါကျမ်းနှင့်အညီ ပဌမပညတ်, အနုပညတ်, အနုပ္ပန္နပညတ်,သဗ္ဗတ္ထ ပညတ်, ပဒေသပညတ်, သာဓာရဏပညတ်,အသာဓာရဏပညတ်,ဧကတော ပညတ်, ဥဘတောပညတ် အားဖြင့် ကိုးပါး အပြားရှိ၏။

ထို ကိုးပါးသော သိက္ခာပုဒ်ကို ပညတ်ခြင်းတို့တွင် အပြစ်မဖြစ်မီ သိက္ခာ ပုဒ်ကို ပညတ်ခြင်းသည် အနုပ္ပန္န ပညတ်မည်၏၊ ထို အနုပ္ပန္န ပညတ်သည် ဘိက္ခုနီမတို့အား ဂရုဓမ္မရှစ်ပါးကို ဝန်ခံခြင်းကိုသာလျှင် လာ၏၊ ထို့ကြောင့်- ကင်္ခါ၌....

တတ္ထ အနုပ္ပန္နပညတ္တိနာမ အနုပ္ပန္နေ ဒေါသေ ပညတ္တာ သာ အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏဝသေန သိက္ခုနီနံယေဝ အာဂတာ–ဟု မိန့်၏။

အတ္ထကား-တတ္ထ တာသု နဝဝိဓာသု ပညတ္တီသု၊ ထိုကိုးပါး အပြားရှိ သော သိက္ခာပုဒ်ကို ပညတ်ခြင်းတို့တွင်၊ အနုပ္ပန္နပညတ္တိနာမ–အနုပ္ပန္နပညတ် မည်သည်ကား၊ ဒေါသေ–အပြစ်သည်၊အနုပ္ပန္နေ–မဖြစ်မီ၊ ပညတ္တာ–သိက္ခာ ပုဒ်ကို ပညတ်ခြင်းတည်း၊ သာ–ထိုအနုပ္ပန္နပညတ်သည်၊ အဋ္ဌဂရုဓမ္မပဋိဂ္ဂဟ- ဏ ဝသေန–ရှစ်ပါးသော ဂရုဓမ္မကို ဝန်ခံခြင်း၏ အစွမ်းအားဖြင့်၊ ဘိက္ခုနီနံ ယေဝ–ရဟန်းမိန်းမတို့အားသာလျှင်၊ အာဂတာ–လာ၏-ဟု မိန့်၏။

ဝိနည်းမိုရ်လျှင် ငါးယောက်တို့၏ ပြည့်ကြောင်းဖြစ်သော ဂိုဏ်းဖြင့် ပဉ္စင်း ခံခြင်းကြောင့်၎င်း, အထပ်ထပ်သော ဘိနပ်ကို စီးခြင်းကြောင့်၎င်း, အခါ ခပ်သိမ်း ရေချိုးခြင်းကြောင့်၎င်း, သားရေအခင်းကို ဆောင်ခြင်းကြောင့်၎င်း, ပစ္စန္တရစ်၌ အာပတ် သင့်ခြင်းကို အာဏာ ထားတော် မမူသောကြောင့် ပဒေသပညတ်မည်၏၊ မဇ္ဈိမဒေသ၌သာလျှင် ထိုဝိနည်းမိုရ်လျှင် ငါးယောက် တို့၏ ပြည့်ကြောင်းဖြစ်သော ဂိုဏ်းဖြင့် ပဉ္စင်းခံခြင်း, အထပ်ထပ်သော ဘိနပ်ကို စီးခြင်း, အခါခပ်သိမ်း ရေချိုးခြင်း, သားရေအခင်းကို ဆောင် ခြင်း ဤလေးပါးတို့ကို ကြဉ်၍ ပဒေသ ပညတ် မည်သည်မရှိ ဆိုသောကြောင့်

ဝိနည်းမိုရ်လျှင် ငါးယောက်တို့၏ ပြည့်ကြောင်းဖြစ်သော ဂိုဏ်းဖြင့် ပဉ္စင်းခံခြင်းကြောင့်၎င်း, အထပ်ထပ်သော ဘိနပ်စီးခြင်းကြောင့်၎င်း, အခါခပ်သိမ်းရေချိုးခြင်းကြောင့်၎င်း, သားရေအခင်းကို ဆောင်ခြင်းကြောင့်၎င်း ပစ္စန္တရစ်၌ အာပတ်သင့်ခြင်းကို အာဏာထားတော် မမူသောကြောင့် ပဒေသပညတ်မည်၏၊ မဇ္ဈိမဒေသ၌ သာလျှင် ထိုဝိနည်းမိုရ်လျှင် ငါးယောက်တို့၏ ပြည့်ကြောင်းဖြစ်သော ဂိုဏ်းဖြင့် ပဉ္စင်းခံခြင်း အစရှိသည်တို့ကြောင့် အာပတ်သင့်ခြင်းသည် ဖြစ်၏၊ ထို့ကြောင့် ကင်္ခါ၌...

> အညတြ နတ္ထိ၊ ဝိနယဓရ ပဉ္စမေန ဂဏေန ဥပသမ္ပဒါ ဂဏံဂဏုပါဟနာ ဓုဝန္ဟာနံ စမ္မတ္ထရဏန္တိ ဧတေသံ ဝသေန စတုဗ္ဗိဓာ ပဒေသပညတ္တိနာမ၊ မဇ္ဈိမဒေသေယေဝ ဟိ ဧတေဟိ အာပတ္တိ ဟောတိ-ဟု မိန့်၏။

အဏ္ဍကာႏ–ဝိနယဓရ ပဉ္စမေန-ဝိနည်းမိုရ်လျှင် ငါးယောက်တို့၏ ပြည့်ကြောင်းဖြစ်သော၊ ဂဏေန–ဂိုဏ်းဖြင့်၊ဥပသမ္ပဒါစ–ပဉ္စင်ခံခြင်းသည်၎င်း၊ဂဏံဂဏုပါဟနာစ-အထပ်ထပ်သော ဘိနပ်ကို စီးခြင်းသည်၎င်း၊ဓုဝန္ဟာနဉ္စ–အခါခပ်သိမ်း ရေချိုးခြင်းသည်၎င်း၊ စမ္မတ္ထရဏဉ္စ–သားရေအခင်းကို ဆောင်ခြင်းသည်၎င်း၊ဧတေဟိ–ဤ လေးပါးတို့ကို၊အညတြ–ကြဉ်၍၊ပဒေသပညတ္တိနာမ-ပဒေသပညတ်မည်သည်၊ နတ္ထိ-မရှိ၊ ဣတိတသ္မာ-ထို့ကြောင့်၊ ဧတေသံ-ထို ဝိနည်းမိုရ်လျှင် ငါးယောက်တို့၏ ပြည့်ကြောင်းဖြစ်သော ဂိုဏ်းဖြင့် ပဉ္စင်းခံခြင်း စသည်တို့၏၊ ဝသေန–အစွမ်းဖြင့်၊ စတုဗ္ဗိဓာ–လေးပါး အပြားရှိသော ပညတ်သည်၊ ပဒေသ ပညတ္တိနာမ-ပဒေသ ပညတ်မည်၏၊ဟိ တဒေဝသစ္စံ–ထိုစကားသည် မှန်၏၊ မဇ္ဈိမဒေသေယေဝ-မဇ္ဈိမဒေသ၌သာလျှင်၊ ဧတေဟိ-ထိုဝိနည်းမိုရ်လျှင် ငါးယောက်တို့၏ ပြည့်ကြောင်း ဖြစ်သော ဂိုဏ်းဖြင့် ပဉ္စင်းခံခြင်းတို့ကြောင့်၊ အာပတ္တိ-အာပတ်သင့်ခြင်းသည်၊ ဟောတိ–၏။

ထိုဝိနည်းမိုရ်လျှင် ငါးယောက်တို့၏ ပြည့်ကြောင်းဖြစ်သော ဂိုဏ်းဖြင့် ပဉ္စင်းခံခြင်း အစရှိသော လေးပါးမှ တပါးသော ပဒေသ ပညတ်မည်သည် မရှိ၊ အလုံးစုံသော သိက္ခာပုဒ်တို့သည် သဗ္ဗတ္ထ ပညတ် မည်သည်သာလျှင် ဖြစ်ကုန်၏။ ။သာဓာရဏပညတ္တိဒုက်၎င်း, ကေတောပညတ္တိဒုက်၎င်း တူ၏။

သာဓာရဏပညတ္တိဒုက် ဟူသည်ကား-သာဓာရဏပညတ်, အသာဓာရဏ ပညတ် ဤနှစ်ပါးကို ဆိုသတည်း၊ ကေတောပညတ္တိဒုက် ဟူသည်ကား-ကေတောပညတ်, ဥဘတောပညတ် ဤနှစ်ပါးကိုဆိုသတည်း၊ ထိုနှစ်ပါးသော

ဒုက်တို့တွင် သာခာရဏပညတ်ဟူသည်လည်း ရဟန်းမိန်းမ,ရဟန်းယောက်ျား ဆက်ဆံသော သိက္ခာပုဒ်ကို ဆိုသတည်း၊ ဥဘတောပညတ် ဟူသည်လည်း ရဟန်း မိန်းမ, ရဟန်း ယောက်ျား ဆက်ဆံသည်ကို ဆိုသတည်း၊ ထို့ကြောင့် သာခာရဏပညတ်နှင့် ဥဘတောပညတ် တူသတည်း၊ အသာခာရဏ ပညတ် ဟူသည်လည်း ရဟန်းယောက်ျား, ရဟန်းမိန်းမ နှစ်ပါး မဆက်ဆံမူ၍ ရဟန်း ယောက်ျားကိုရင်း, ရဟန်းမိန်းမကိုရင်း အကြောင်းပြု၍ ပညတ်သော သိက္ခာ ပုဒ်ကိုသာ ဆိုသည်၊ ဧကတော ပညတ် ဟူသည်လည်း ထို့အတူတည်း၊ ထို့ကြောင့် အသာခာရဏ ပညတ်နှင့် ဧကတော ပညတ် တူသတည်း၊ ထို့ကြောင့် ကန်္ခါ၌–

တတော အညာ ပဒေသပညတ္တိ နာမ နတ္ထိ၊သဗ္ဗာနိ သဗ္ဗတ္ထပညတ္တိယေဝ ဟောန္တိ၊ သာခာရဏပညတ္တိဒုကဉ္စ ဧကတောပညတ္တိဒုကဉ္စ အတ္ထတော ဧကံ။

အတ္ထကား- တတော-ထိုဝိနည်းမိုရ်လျှင် ငါးယောက်တို့၏ ပြည့်ကြောင်း ဖြစ်သော ဂိုဏ်းဖြင့် ပဥ္စင်းခံခြင်း အစရှိသော လေးပါးမှ၊ အညာ-တပါး သော၊ ပဒေသပညတ္တိနာမ – ပဒေသပညတ်မည်သည်၊ နတ္ထိ-မရှိ၊ သဗ္ဗာနိ- အလုံးစုံသော သိက္ခာပုဒ်တို့သည်၊ သဗ္ဗတ္ထပညတ္တိယေဝ-သဗ္ဗတ္ထပညတ် မည် သည်သာလျှင်၊ဟောန္တိ-ကုန်၏၊ သာခာရဏပညတ္တိဒုကဉ္စ-သာခာရဏပညတ္တိ ဒုက် သည်လည်းကောင်း၊ ဧကတော ပညတ္တိဒုကဉ္စ - ဧကတော ပညတ္တိ ဒုက် သည်သည်းကောင်း၊ အတ္ထတော-အနက်အားဖြင့်၊ ဧကံ-တူ၏။

ထို့ကြောင့် အနုပ္ပန္နပညတ္တိကိုရင်း, သဗ္ဗတ္ထပညတ္တိဒုက်ကိုရင်း, ဧကတော ပညတ္တိဒုက်ကိုရင်း ထား၍ ကြွင်းကုန်သော လေးပါးကုန်သော သိက္ခာပုဒ် တို့၏ အလုံးစုံသော သိက္ခာပုဒ်တို့၌ အဆုံးအဖြတ်ကို သိအပ် မှတ်အပ်၏၊ ထို့ကြောင့် ကန်္ခါ၌–

တသ္မာ အနုပ္ပန္နပညတ္တိဉ္စ သဗ္ဗတ္ထပညတ္တိဒုကဉ္စ ဧကတောပညတ္တိဒုကဉ္စ ဌပေတွာ သေသာနံ စတဿန္နံ ပညတ္တီနံ ဝသေန သဗ္ဗတ္ထ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။ ။ဟု-လာ၏။

အတ္ထကား– တသ္မာ-ထို့ကြောင့်၊ အနုပ္ပန္နပညတ္တိဉ္စ-အနုပ္ပန္နပညတ်ကိုရင်း၊ သဗ္ဗတ္ထပညတ္တိဒုကဉ္စ – သဗ္ဗတ္ထပညတ္တိ ဒုက်ကိုရင်း၊ ဧကတောပညတ္တိဒုကဉ္စ– ဧကတောပညတ္တိဒုက်ကိုရင်း၊ ဌပေတွာ-ထား၍၊ သေသာနံ-ကြွင်းကုန်သော၊

စတသဿန္နံ-လေးပါးကုန်သော ပညတ္တိနံ-ပညတ်တို့၏၊ သဗ္ဗတ္ထ-အလုံးစုံသော သိက္ခာပုဒ်တို့၌၊ ဝိနိစ္ဆယော-အဆုံးအဖြတ်ကို၊ ဝေဒိတဗ္ဗော-သိအပ်၏။ ။ ဟု-မှတ်။

၄၆-ဝိနည်းသိက္ခာပုဒ်ကို ပညတ်တော်မူရာ အရပ်ဟုဆိုအပ်သော ဌာန ၇-ပါး ဟူသည်ကား

ဝေသာလီပြည် ရာဇဂြိုဟ်ပြည် သာဝတ္ထိပြည် အာဠဝီပြည် ကောသမ္ဗီပြည် သက္ကတိုင်း ဘဂ္ဂတိုင်း ဤခုနစ်ပါး အပြားရှိသော အရပ်သည် ခပ်သိမ်းသော သိက္ခာပုဒ်ကို ပညတ်တော်မူရာ အရပ်ဟုဆိုအပ်သော နိဒါန်းမည်၏ ဟုမှတ်။ ။ထို့ကြောင့် ကန်္ခါ၌-

> ဝေသာလိ ရာဇဂဟ သာဝတ္ထိ အာဠဝိ ကောသမ္ဗိ သက္က ဘဂ္ဂါနံ ဝသေန သတ္တဝိဓံ ပညတ္တိဋ္ဌာနံ၊ ဣဒံ ဟိ သဗ္ဗသိက္ခာပဒါနံ နိဒါနံ၊ ဟု-မိန့်၏။

အဋ္ဌကား-ဝေသာလိ ရာဇဂဟ သာဝတ္ထိ အာဠဝိ ကောသမ္ဗိ သက္က ဘဂ္ဂါနံ-ဝေသာလီပြည် ရာဇဂြိုဟ်ပြည် သာဝတ္ထိပြည် အာဠဝီပြည် ကောသမ္ဗီပြည် သက္ကတိုင်း ဘဂ္ဂတိုင်းတို့၏၊ ဝသေန-အစွမ်းဖြင့်၊ သတ္တဝိဓံ-ခုနစ်ပါး အပြားရှိသော၊ ပညတ္တိဋ္ဌာနံ-သိက္ခာပုဒ်တို့ကို ပညတ်ရာအရပ်တည်း၊ ဟိ-တဒေဝသစ္စံ-ထိုစကားသည်မှန်၏၊ ဣဒံ – ဤခုနစ်ပါး အပြားရှိသော အရပ်သည်၊ သဗ္ဗ-သိက္ခာပဒါနံ-ခပ်သိမ်းသော သိက္ခာပုဒ်တို့၏၊ နိဒါနံ-နိဒါန်းမည်၏။

ထိုခုနစ်ပါးတို့တွင် ဝေသာလီပြည်၌ အဘယ်မျှလောက်သော သိက္ခာပုဒ်ကို ပညတ်တော်မူသနည်း ဆိုလျှင်- 'ဒသ ဝေသာလိယံ ပညတ္တာ" ဟူသော ပရိဝါပါဠိတော်နှင့် အညီ ဆယ်ပါးသော သိက္ခာပုဒ်တို့ကို ပညတ်တော်မူ၏ ဟုမှတ်။

ဆယ်ပါးသော သိက္ခာပုဒ် ဟူသည်ကား

> ယေ ဝေသာလိယံ ပညတ္တာ၊
> တေ သုဏောဟိ ယထာတထံ၊
> မေထုနဝိဂ္ဂဟုတ္တရိ အတိရေကဉ္စ ကာဠကံ၊
> ဘူတံ ပရမ္ပရဘတ္တံ၊ ဒန္တပေါနေန အစေဠကော၊
> ဘိက္ခုနိသုစ၊ အဋ္ဌေဝ၊
> ဒသေတေ ဝေသာလိယံ ကတာ။ ။ဟု-ပရိဝါပါဠိ၌လာ၏။

ယေသိက္ခာပဒါ-အကြင်သိက္ခာပုဒ်တို့ကို၊ ဝေသာလိယံ-ဝေသာလီပြည်၌၊ ပညတ္တာ-ပညတ်ကုန်၏၊တေသိက္ခာပဒါ-ထိုသိက္ခာပုဒ်တို့ကို၊ ယထာတထံ-မှန်သောအလျောက်၊ သုဏောဟိ-နာလော့။ မေထုနဥ္စ-မေထုန်ပါရာဇိက ရှင်း၊ ဝိဂ္ဂဟဉ္စ - မနုဿဝိဂ္ဂဟ ပါရာဇိကရှင်း၊ ဉတ္တရိစ - ဉတ္တရိမနုဿဓမ္မ ပါရာဇိကရှင်း၊ အတိရေကဉ္စ - အဓိဋ္ဌာန် ဝိကပ္ပနာ မပြုသော သက်န်းကို ဆယ်ရက်လွန်အောင်ထား၍ သုံးဆောင်ခြင်းကြောင့် သင့်သော သိက္ခာပုဒ် ရှင်း၊ ကာဠကဉ္စ-သက်သက် မည်းသော သိုးမွေးဖြင့်ပြုသော အခင်းကို သုံး ဆောင်ခြင်း သုဒ္ဓကာဠကသန္ထတ သိက္ခာပုဒ်ရှင်း၊ ဘူတံ-ဟုတ်မှန်သော ဈာန် မဂ်ဖိုလ်တရားကို လူသာမဏေတို့အား ကြားခြင်း ဘူတာရောစန သိက္ခာပုဒ် ရှင်း၊ ပရံပရဘတ္တံ-ပရမ္ပရဘောဇဉ်ကို စားခြင်း ပရမ္ပရ သိက္ခာပုဒ်ရှင်း၊ ဒန္တ ပေါနေန - ဒန္တပေါန သိက္ခာပုဒ်နှင့်၊ သဟ-တကွ၊ အစေဠကော-တက္ကတွန်း တို့အား မိမိလက်ဖြင့် ခဲဘွယ် စားဘွယ်ကို ပေးခြင်း သိက္ခာပုဒ်ရှင်း၊ ဘိက္ခုနီ သုစ-ဘိက္ခုနီမတို့၌၊ အဗ္ဗောသော-ဆဲရေးခြင်း သိက္ခာပုဒ်ရှင်း၊ တေဒသ-သိက္ခာပဒါ-ဤ ဆယ်ပါးသော သိက္ခာပုဒ်တို့ကို၊ ဝေသာလိယံ-ဝေသာလီ ပြည်၌၊ ကတာ ပညတ္တာ-ပညတ်တော်မူကုန်၏။

ဤ ပရိဝါပါဠိတော်နှင့်အညီ မေထုန်ပါရာဇိက သိက္ခာပုဒ်၊ မနုဿဝိဂ္ဂဟ ပါရာဇိက သိက္ခာပုဒ်၊ ဉတ္တရိမနုဿဓမ္မ သိက္ခာပုဒ်၊ အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဲ အကာလသက်န်းကို ဆယ်ရက်ကို လွန်စေသော ဒသာဟနာဂတ အတိရေက စီဝရ သိက္ခာပုဒ်၊ သက်သက် မည်းသော သိုးမွေးဖြင့် အခင်းကိုပြုသော သုဒ္ဓ ကာဠက သန္ထတ သိက္ခာပုဒ်၊ ဟုတ်မှန်သော ဈာန်, မဂ်ဖိုလ်တရားကို လူ သာမဏေ တို့အား ငါရ၏ဟု ကြားခြင်း ဘူတာရောစန သိက္ခာပုဒ်၊ ပရမ္ပရ ဘောဇဉ်ကိုစားခြင်း ပရမ္ပရဘောဇန သိက္ခာပုဒ်၊ ရေဒန်ပူကို အကပ်မခံဘဲ စားခြင်း ဒန္တပေါန သိက္ခာပုဒ်၊တက္ကတွန်းအား မိမိလက်ဖြင့် ခဲဘွယ် စားဘွယ် တို့ကို ပေးခြင်း အစေဠကသိက္ခာပုဒ်၊ ဘိက္ခုနီမတို့ကို ဆဲရေးခြင်း ဘိက္ခုနီ အဗ္ဗောသန သိက္ခာပုဒ်၊ ဤဆယ်ပါးသော သိက္ခာပုဒ်တို့ကို ဝေသာလီပြည်၌ ပညတ်တော်မူ၏ဟု မှတ်။

ရာဇဂြိုဟ်ပြည်၌ အဘယ်မျှသော သိက္ခာပုဒ်ကို ပညတ်တော် မူသနည်း ဟူမူ- "ကေဝိသ ရာဇဂဟေ ကတာ" ဟူ၍ ပရိဝါပါဠိတော်၌ ဆိုသော ကြောင့် ရာဇဂြိုဟ်ပြည်၌ နှစ်ဆယ့်တပါးသော သိက္ခာပုဒ်တို့ကို ပညတ်တော် မူ၏ဟု မှတ်။

နှစ်ဆယ့်တပါးသော သိက္ခာပုဒ် ဟူသည်ကား

အဒိန္နာဒါန် သိက္ခာပုဒ်၊ အရှင် ဒဗ္ဗကို စွပ်စွဲခြင်းဟု ဆိုအပ်သော နှစ်ပါးသော အနုဒ္ဓံသနသိက္ခာပုဒ်၊ သံဃာကို သင်းခွဲခြင်း သံဃဘေဒက သိက္ခာပုဒ်၊ ဘေဒါနုဝတ္တက သိက္ခာပုဒ်၊ အဆွေမတော်သော ဘိက္ခုနီမ၏ သင်္ကန်းကို ယူခြင်း သိက္ခာပုဒ်၊ ရွှေ ငွေဖြင့် ကုန်စလယ်သွယ်ခြင်း ရူပိယသံဝေါဟာရ သိက္ခာပုဒ်၊ မိမိကိုယ်တိုင် ချည်ကိုတောင်း၍ သင်္ကန်းကို ရက်စေခြင်း သိက္ခာပုဒ်၊ အသက် နှစ်ဆယ်မပြည့်သူကို ပဥ္စင်းခံခြင်း သိက္ခာပုဒ်၊ သင်္ကန်းကို စိတ်ညီပေးပြီး၍ တဖန် ကဲ့ရဲ့ရှုတ်ချခြင်း သိက္ခာပုဒ်၊ ဘိက္ခုနီမ လုပ်ကျွေးသော ဆွမ်းကို စားခြင်း သိက္ခာပုဒ်၊ တောင်ထိပ်သဘင်၌ ကခြင်း, သီခြင်း စသည်ကို ရှုအံ့ဒသာငှါ သွားခြင်း သိက္ခာပုဒ်၊ ဝါတွင်း၌ ဒေသစာသွားခြင်းသိက္ခာပုဒ်၊ ဝါကျွတ်ပြီးလျက် ဒေသစာမသွားပဲ ထိုကျောင်း၌နေခြင်း သိက္ခာပုဒ်၊ ပေးသော ဆန္ဒသိုးမှ ကံဆောင်သော သိက္ခာပုဒ် ဤနှစ်ဆယ့်တပါးသော သိက္ခာပုဒ်တို့ကို ရာဇဗြိုဟ်ပြည်၌ ပညတ်တော်မူ၏ဟု မှတ်။ ။ထို့ကြောင့်-ပရိဝါပါဠိတော်၌ ...

> ယေ ရာဇဂဟေ ပညတ္တာ၊ တေ သုဏောဟိ ယထာတထံ၊
> အဒိန္နာဒါနံ ရာဇဂဟေ၊ ဒွေ အနုဒ္ဓံသနာ ဒွေပိစ ဘေဒါ။
> အန္တရဝါသကံ ရူပိယံ သုတ္တံ၊ ဥဇ္ဈာပနေနစ ပါစိတပိဏ္ဍံ၊
> ဂဏဘောဇနံ ဝိကာလေစ၊ စာရိတ္တံ နှာနံ ဦနဝီသတိ။
> စီဝရံ ဒတွာ ဝေါသာသန္တိ၊ ဧတေ ရာဇဂဟေ ကတာ၊
> ဂိရဂ္ဂစရိယာ တတ္ထေဝ၊ ဆန္ဒဒါနေန ဧကဝီသတိ-ဟု မိန့်၏။

အတ္ထကား-ယေသိက္ခာပဒါ-အကြင် သိက္ခာပုဒ်တို့ကို၊ ရာဇဂဟေ-ရာဇဗြိုဟ်ပြည်၌၊ ပညတ္တာ-ပညတ်တော်မူကုန်၏၊ တေသိက္ခာပဒါ-ထိုသိက္ခာပုဒ်တို့ကို၊ ယထာတထံ-ဟုတ်မှန်သောအလျောက်၊ သုဏောဟိ- နာလော့၊ ရာဇဂဟေ-၌၊ အဒိန္နာဒါနဥ္စ-အဒိန္နာဒါန် ပါရာဇိက သိက္ခာပုဒ်၎င်း၊ ဒွေ-နှစ်ပါးကုန်သော၊အနုဒ္ဓံသနာ-အရှင် ဒဗ္ဗကို စွပ်စွဲခြင်းတို့၎င်း၊ ဒွေပိစ-နှစ်ပါးလည်းဖြစ်ကုန်သော၊ ဘေဒါစ - သံဃဘေဒက, ဘေဒါနုဝတ္တက သိက္ခာပုဒ်တို့၎င်း၊ အန္တရဝါသကဥ္စ-အဆွေမတော်သော ရဟန်းမိန်းမ၏ သင်္ကန်းကို ယူခြင်း ၎င်း၊ ရူပိယဥ္စ-ရွှေ ငွေ စသည်ဖြင့် ကုန်စလယ်သွယ်ခြင်း၎င်း၊ သုတ္တဥ္စ-မိမိကိုယ်တိုင် ချည်ကို တောင်း၍ သင်္ကန်းကို ရက်စေခြင်း၎င်း၊ ဥဇ္ဈာပနေန-

ဥဇ္ဈာပန သိက္ခာပုဒ်နှင့်၊ သဟ-တကွ၊ ပါစိတပိဏ္ဍ္ဍ-ရဟန်းမိန်းမ စီရင်သော ဆွမ်းကိုစားခြင်းငှင်း၊ ဂဏဘောဇနံ-ဂဏဘောဇဉ်ကို စားခြင်းငှင်း၊ ဝိကာလေစ-နေလွဲညစာ စားခြင်းငှင်း၊ စာရိတ္တံ-ဆွမ်းစားဖေါ်ရှိလျက် လှည့်ပတ်၍ နေခြင်းငှင်း၊ နဟာနံ-လခွဲမပြည့်မီ ရေချိုးခြင်းငှင်း၊ ဦနဝီသတိ-အသက် နှစ်ဆယ် မပြည့်သေးသောသူကို ပဥ္စင်းခံခြင်းငှင်း၊ စီဝရံ-သင်္ကန်းကို၊ ဒတွာ-ပေးပြီး၍၊ ခီယနံ-ကဲ့ရဲ့ရှုတ်ချခြင်းငှင်း၊ ဝေါသာသန္တိ-ရဟန်းမိန်းမ လုပ်ကျွေးသော ဆွမ်းကိုစားခြင်းငှင်း၊ ဂိရဂ္ဂ-တောင်ထိပ်သဘင်၌ ကခြင်း, သီခြင်း, စသည်ကို ရှုအံ့သောငှါ သွားခြင်းငှင်း၊ စရိယာ-ဝါတွင်း၌ ဒေသစာ သွားခြင်းငှင်း၊ တဗ္ဗေဝ - ဝါကျွတ်ပြီးလျက် ဒေသစာ မသွားဘဲ ထိုကျောင်း၌ နေခြင်းငှင်း၊ ဆန္ဒဒါနေန-ပေးသောဆန္ဒသိုးမှ ကံဆောင်ခြင်းသိက္ခာပုဒ်နှင့်၊ သဟ-တကွ၊ ဧတေ ဧကဝီသတိ သိက္ခာပဒါ - ထို နှစ်ဆယ့် တပါးသော သိက္ခာပုဒ်တို့ကို၊ ရာဇဂဟေ-၌၊ ကတာ ပညတ္တာ-ပညတ်တော်မူကုန်၏။ ။ဟု မှတ်။

သာဝတ္ထိပြည်၌ အဘယ်မျှသော သိက္ခာပုဒ်တို့ကို ပညတ်တော်မူသနည်း ဟူမူ-"ဆဦန တိဏိသတာနိ၊ သဗ္ဗေ သာဝတ္ထိယံ ကတာ"ဟု ပရိဝါပါဠိတော် ၌ လာသောကြောင့် သာဝတ္ထိပြည်၌ အလုံးစုံ ခြောက်ခုယုတ် သုံးရာသော သိက္ခာပုဒ်တို့ကို သာဝတ္ထိပြည်၌ ပညတ်တော်မူကုန်၏ဟုမှတ်။

ခြောက်ခုယုတ် နှစ်ရာ့ကိုးဆယ့်လေးပါးသော သိက္ခာပုဒ် ဟူသည်ကား

ရဟန်းမိန်းမတို့အားပညတ်တော်မူသော ပါရာဇိကလေးပါး၊သံဃာဒိသိသ် တို့ကား တဆယ့်ခြောက်ပါး၊ အနိယတသိက္ခာပုဒ် နှစ်ပါး၊ နိဿဂ္ဂိသိက္ခာပုဒ် သုံးဆယ့်သေးပါး၊ ခုဒ္ဒကသိက္ခာပုဒ် တရာ့ ငါးဆယ့်ခြောက်ပါး၊ ဂါရယှဟု ဟောတော်မူအပ်သော ဘိက္ခာပုဒ် ဆယ်ပါး၊ သေခိယ သိက္ခာပုဒ် ခုနစ်ဆယ့် နှစ်ပါး၊ ခပ်သိမ်းကုန်သော ခြောက်ခုယုတ် သုံးရာသော သိက္ခာပုဒ်တို့ကို သာဝတ္ထိပြည်၌ ပညတ်တော်မူ၏-ဟုမှတ်၊ ထိုကြောင့် ပရိဝါပါဠိတော်၌-

> ယေ သာဝတ္ထိယံ ပညတ္တာ၊ တေ သုဏောဟိ ယထာတထံ၊
> ပါရာဇိကာနိ စတ္တာရိ၊ သံဃာဒိသေသာ ဘဝန္တိ သောဠသ၊
> အနိယတာ စ ဒွေ ဟောန္တိ၊ နိဿဂ္ဂိယာ စတုတိံသတိ၊
> ဆပဉ္စာသသတဉ္စေဝ၊ ခုဒ္ဒကာနိ ပဝုစ္စန္တိ။

ဒသဒယာဝစ ဂါရယှာ၊ ဒွေသတ္တတိစ သေခိယာ၊
ဆဥ္စနဝုတိကိသတာနိ၊ သဗ္ဗေ သာဝတ္ထိယံ ကတာ။ ။ဟု-မိန့်၏။

အတ္ထကား- ယေသိက္ခာပဒါ - တို့ကို၊ သာဝတ္ထိယံ-၌၊ ပညတ္တာ-ပညတ်တော်မူကုန်၏၊ တေသိက္ခာပဒါ - တို့ကို၊ ယထာတထံ - ဟုတ်မှန်သော အလျောက်၊ သုဏောဟိ၊ နာလေ့၊ စတ္တာရိ–လေးပါးကုန်သော၊ ပါရာဇိကာနိ - ဘိက္ခုနီ ပါရာဇိကတို့သည်၊ ဘဝန္တိ - ကုန်၏၊ သောဠသ - တဆယ့်ခြောက်ပါးကုန်သော၊ သံဃာဒိသေသာနိ - သံဃာဒိသိသ်တို့သည်၊ ဘဝန္တိ-ကုန်၏၊ အနိယတာ - အနိယတ သိက္ခာပုဒ်တို့ကား၊ ဒွေ - နှစ်ပါးတို့သည်၊ ဟောန္တိ-ကုန်၏၊ နိဿဂ္ဂိယာ-နိဿဂ္ဂိသိက္ခာပုဒ်တို့ကား၊ စတုတိံသ-သုံးဆယ့်လေးပါးတို့သည်၊ ဟောန္တိ - ကုန်၏၊ ခုဒ္ဒကာနိ - ခုဒ္ဒက သိက္ခာပုဒ်တို့ကား၊ ဆပညာသ သတဉ္စေဝ-တရာ့ ငါးဆယ့် ခြောက်ပါးတို့ဟူ၍၊ ပဝုစ္စန္တိ-ကုန်၏၊ ဂါရယှာ - ဂါရယှ ဟု ဟောတော်မူအပ်ကုန်သော သိက္ခာပုဒ်တို့ကား၊ ဒသဒယေဝ-ဆယ်ပါးတို့ သာလျှင်တည်း၊ သေခိယာ - သေခိယ သိက္ခာပုဒ်တို့ကား၊ ဒွေသတ္တတိ - ခုနစ်ဆယ့်နှစ်ပါးတို့တည်း၊ သဗ္ဗေ - အလုံးစုံကုန်သော၊ ဆဥ္စနဝုတိကိသတာနိ-ခြောက်ခုယုတ် သုံးရာသော သိက္ခာပုဒ်တို့ကို၊ သာဝတ္ထိယံ-၌၊ ကတာ ပညတ္တာ-ပညတ်တော်မူကုန်၏။

အာဠဝိပြည်၌ အဘယ်မျှသော သိက္ခာပုဒ်တို့ကို ပညတ်တော်မူသနည်းဟူမူ "ဆ အာဠဝိယံ ပညတ္တာ" ဟူသော ပရိဝါပါဠိတော်၌ ဆိုသောကြောင့် အာဠဝိပြည်၌ ခြောက်ပါးသော သိက္ခာပုဒ်တို့ကို ပညတ်တော်မူ၏။

ခြောက်ပါးသော သိက္ခာပုဒ် ဟူသည်ကား

ကုဋိကာရ သိက္ခာပုဒ်၊ပိုးချည်နှင့်ရောစ၍အခင်းပြုသော ကောသေယျမိဿက သိက္ခာပုဒ်၊သဟသေယျသိက္ခာပုဒ်၊မြေတူးခြင်း ပထဝီခဏနသိက္ခာပုဒ်၊နတ်သွီး သွားလေတော့ဟု ဆုံးမ၍ ပညတ်တော်မူသော ဘူတဂါမ သိက္ခာပုဒ်၊ ပိုးရှိသော ရေကို မြေစိုင်၌ရင်း, မြက်အစရှိသည်တို့၌ရင်း သွန်သော သိက္ခာပုဒ်၊ ဤ ခြောက်ပါးသော သိက္ခာပုဒ်တို့ကို အာဠဝိပြည်၌ ပညတ်တော်မူကုန်၏ ဟုမှတ်။ ။ထို့ကြောင့် ပရိဝါပါဠိတော်၌-

ယေ အာဠဝိယံ ပညတ္တာ၊ တေ သုဏောဟိ ယထာတထံ၊
ကုဋိကောသိယသေယျာစ၊ ခဏနေ ဂစ္ဆ ဒေဝတေ၊
သပ္ပါဏကဥ္စ သိဥ္စန္တိ၊ ဆ ဧတေ အာဠဝိယံ ကတာ။ ။ဟု-မိန့်၏။

အတ္ထကား– ယေသိက္ခာပဒါ – တို့ကို၊ အာဠဝိယံ-၌၊ ပညတ္တာ-ကုန်၏။ တေသိက္ခာပဒါ-တို့ကို၊ ယထာတထံ-ဟုတ်မှန်သော အလျောက်၊သုဏောဟိ-နာလော့၊ ကုဋိ-ကုဋိကာရ သိက္ခာပုဒ်ရင်း၊ ကောသိယံ - ပိုးချည်နှင့် ရော၍ အခင်းပြုသော ကောသေယျမိဿက သိက္ခာပုဒ်ရင်း၊သေယျာစ-သဟသေယျ သိက္ခာပုဒ်ရင်း၊ ခဏနေစ - ပထဝီခဏန သိက္ခာပုဒ်ရင်း၊ ဂစ္ဆဒေဝတေ-နတ်သွီးသွားလေတော့ဟု ဆုံးမ၍ ပညတ်တော်မူသော ဘူတဂါမ သိက္ခာပုဒ်ရင်း၊ သပ္ပါဏကဥ္စ - ပိုးရှိသောရေကို၊ သိဥ္စန္တိ - သွန်ကုန်၏၊ ဝါ-သွန်သော သိက္ခာပုဒ်ရင်း၊ တေသိက္ခာပဒါ-တို့ကို၊ အာဠဝိယံ-၌၊ ကတာ ပညတ္တာ-ပညတ်တော်မူကုန်၏။

ကောသမ္ဗီပြည်၌ အဘယ်မျှသော သိက္ခာပုဒ်တို့ကို ပညတ်တော်မူသနည်းဟူမူ "အဋ္ဌ ကောသမ္ဗိယံ ကတာ" ဟု-ပရိဝါပါဠိတော်၌ ဆိုသောကြောင့် ကောသမ္ဗီပြည်၌ ရှစ်ပါးသော သိက္ခာပုဒ်တို့ကို ပညတ်တော်မူ၏-ဟုမှတ်။

ရှစ်ပါးသော သိက္ခာပုဒ် ဟူသည်ကား

ဆောက်သူ ဒါယကာရှိသော ကြီးသောကျောင်းကို ဆောက်ခြင်း ဝိဟာရကာရ သိက္ခာပုဒ်၊ ဆိုဆုံးမခက်သော ဒုဗ္ဗစသိက္ခာပုဒ်၊ အညဝါဒက သိက္ခာပုဒ်၊ တံခါးလှည့်လောက်အောင် မထားဘဲ အထပ်ထပ်ကျံ၍ မိုးသော သိက္ခာပုဒ်၊ သေသောက်ခြင်း သုရာပါန သိက္ခာပုဒ်၊ သိက္ခာပုဒ်ကို မရိုသေခြင်း အနာဒရိယ သိက္ခာပုဒ် ပါဠိတော်နှင့် အညီ ဆိုဆုံးမပါလျက် မယူမကျင့်လိုသော သိက္ခာပုဒ်၊ ရှပ်ရှပ် အသံပြု၍ ဆွမ်းဟင်း ဘောဇဉ်တို့ကို စားခြင်း သုရုသုရု သိက္ခာပုဒ်၊ ဤရှစ်ပါးသော သိက္ခာပုဒ်တို့ကို ကောသမ္ဗီပြည်၌ ပညတ်တော်မူ၏ ဟု မှတ်။ ။ထို့ကြောင့် ဂဏ်းပါဠိတော်၌-

ယေ ကောသမ္ဗိယံ ပညတ္တာ၊ တေ သုဏောဟိ ယထာတထံ၊
မဟာဝိဟာရော ဒေါဝစဿံ၊ အညံ ဒွါရံ သုရာယစ၊
အနာဒရိယံ သဟဓမ္မော၊ ပယောပါနေန အဋ္ဌမံ။ ။ဟု-လာ၏။

အတ္ထကား– ယေသိက္ခာပဒါ-တို့ကို၊ ကောသမ္ဗိယံ-၌၊ ပညတ္တာ-ကုန်၏၊ တေသိက္ခာပဒါ-တို့ကို၊ ယထာတထံ-လျောက်၊သုဏောဟိ၊လော့၊ မဟာဝိဟာရော-ဆောက်သူ ဒါယကာရှိသော ကြီးသောကျောင်းကို ဆောက်ခြင်းရင်း၊ ဒေါဝစဿံ-ဆိုဆုံးမခက်သော ဒုဗ္ဗစ သိက္ခာပုဒ်ရင်း၊ အညံ - အညဝါဒက သိက္ခာပုဒ်ရင်း၊ ဒွါရံ – တံခါးလှည့်လောက်အောင် မထားဘဲ အထပ်ထပ်

လိမ်းကျံမိုးသော သိက္ခာပုဒ်ရင်း၊ သုရာယစ - သေသောက်ခြင်း သုရာပါန သိက္ခာပုဒ်ရင်း၊ အနာဒရိယံ-သိက္ခာပုဒ်ကို မရိုသေခြင်း အနာဒရိယ သိက္ခာပုဒ်ရင်း၊ သဟဓမ္မေစ - ပါဠိတော်နှင့်တကွ ဆိုဆုံးမပါလျက် မကျင့်လိုသော သိက္ခာပုဒ်ရင်း၊ ပယောပါနေန-သုရသုရ သိက္ခာပုဒ်နှင့်၊သဟ-တကွ၊ အဋ္ဌမံ-အဋ္ဌ-ရှစ်ပါးတို့တည်း။

သဂ္ဂတိုင်း ကပ္ပိလဝတ်ပြည်၌ အဘယ်မျှသော သိက္ခာပုဒ်တို့ကို ပညတ်တော်မူသနည်း ဟူမူကား- "အဋ္ဌ သက္ကေသု ဝုစ္စန္တိ" ဟူ၍ ပရိဝါပါဠိတော်၌ လာသောကြောင့် သဂ္ဂတိုင်း ကပ္ပိလဝတ်ပြည်၌ ရှစ်ပါးသော သိက္ခာပုဒ်တို့ကို ပညတ်တော်မူ၏-ဟုမှတ်။

ရှစ်ပါးသော သိက္ခာပုဒ် ဟူသည်ကား

အဆွမတော်သော ရဟန်းမိန်းမကို သိုးမွေးကို ဖွပ်စေသော သိက္ခာပုဒ်၊ ငါးဖွဲ့အောက် ယုတ်သော သပိတ်ရှိသေးလျက် သပိတ်သစ်ကို တောင်းခြင်း သိက္ခာပုဒ်၊ ဘိက္ခုနီမတို့ ကျောင်းသို့သွား၍ ဆုံးမခြင်း သိက္ခာပုဒ်၊ လေးလထက် လွန်၍ ဆီ ထောပတ်စသော ဆေးကိုတောင်းခြင်း သိက္ခာပုဒ်၊ အပ်ကျည်ကို ပညတ်ခြင်း သိက္ခာပုဒ်၊ ရွံရှာအပ်သော ဘေးရန်ရှိသော တောကျောင်း၌ ရှေးဦးစွာ မကြားဘဲ အရံအတွင်းသို့ ရောက်သော ဆွမ်းကို ခံ၍စားခြင်း သိက္ခာပုဒ် ဤခြောက်ပါးသော သိက္ခာပုဒ်တို့ကို ကပိလဝတ်ပြည်၌ ပညတ်တော်မူ၏၊ လက်နှစ်သစ်နိုက်၍ ရေဆေးခြင်း သိက္ခာပုဒ်၊ ဂရုမ်ဖြင့် ဆုံးမရာသို့ မသွားခြင်း, ဥပုသ်ပြုရာသို့မသွားခြင်း သိက္ခာပုဒ်ကို ဘိက္ခုနီမတို့၌ ဆိုအပ်ကုန်၏၊ ဤရှစ်ပါးသော သိက္ခာပုဒ်တို့ကို သဂ္ဂတိုင်း ကပိလဝတ်ပြည်၌ ပညတ်တော်မူ၏-ဟုမှတ်၊ ထို့ကြောင့် ရင်းပါဠိတော်၌-

ယေ သက္ကေသု ပညတ္တာ၊ တေ သုဏောဟိ ယထာတထံ၊
ဧဠကလောမာနိ ပတ္တော စ၊ ဩဝါဒေါ စေဝ ဘေသဇ္ဇံ၊
သူစိ အာရညိကော စေဝ၊ ဆ ဧတေ ကာပိလဝတ္ထဝေ၊
ဥဒကသုဒ္ဓိယာ ဩဝါဒေါ၊ ဘိက္ခုနီသု ပဝုစ္စန္တိ။ ။ဟု-လာ၏။

အတ္ထကား- ယေသိက္ခာပဒါ-တို့ကို၊ သက္ကေသု-သဂ္ဂတိုင်းတို့၌၊ ပညတ္တာ-ကုန်၏၊ တေသိက္ခာပဒါ-တို့ကို၊ ယထာတထံ-လျောက်၊ သုဏောဟိ-လော့၊ ဧဠကလောမာနိ-သိုးမွေးကို ဖွပ်စေသော သိက္ခာပုဒ်ရင်း၊ ပတ္တော စ - ငါးဖွဲ့အောက်ယုတ်သော သပိတ် ရှိသေးလျက် သပိတ်သစ်ကို တောင်းသော

သိက္ခာပုဒ်ငှင်း၊ ဩဝါဒေါစ - ဘိက္ခုနီမတို့၏ ကျောင်းသို့သွား၍ ဆုံးမခြင်း သိက္ခာပုဒ်ငှင်း၊ ဘေသဇ္ဇံ-လေးလထက်လွန်၍ ဆီ ထောပတ် စသော ဆေးကို တောင်းခြင်း သိက္ခာပုဒ်ငှင်း၊ သူစိစ-အပ်ကျည်ကို ပြုလုပ်ခြင်း သိက္ခာပုဒ်ငှင်း၊ အာရညိကောစေဝ- ရွံရှာ စက်ဆုပ်အပ်သော ဘေးရန်ရှိသော တောကျောင်း၌ ရှေးဦးစွာ မကြားဘဲ အရံအတွင်းသို့ ရောက်သော ဆွမ်းကို ခံ၍ စားခြင်း သိက္ခာပုဒ်ငှင်း၊ ဣတိ-ဤသို့၊ ဆ-ခြောက်ပါး ကုန်သော၊ ဧတေ-သိက္ခာပဒါ-တို့ကို၊ ကာပိလဝတ္ထုဝေ-ကပိလဝတ်ပြည်၌၊ ပညတ္တာ-ကုန်၏၊ ဥဒကသုဒ္ဓိယာ-လက်နှစ်သစ်နိုက်၍ ရေဆေးခြင်း သိက္ခာပုဒ်နှင့်၊ သဟ-တကွ၊ ဩဝါဒေါ - ဂရုဓံဖြင့် ဆုံးမရာသို့ မသွားခြင်း, ဥပုသ်အိမ်သို့ မသွားခြင်း သိက္ခာပုဒ်ကို၊ ဘိက္ခုနီသု-ရဟန်းမိန်းမတို့၌၊ ပဝုစ္စန္တိ-ဆိုအပ်ကုန်၏။

ဘဂ္ဂတိုင်း၌ အဘယ်မျှသော သိက္ခာပုဒ်တို့ကို ပညတ်တော်မူသနည်း ဟူမူ-''တယော ဘဂ္ဂေသု ပညတ္တာ'' ဟူသော ပရိဝါပါဠိတော်၌ ဆိုသော ကြောင့် ဘဂ္ဂတိုင်း၌ သုံးပါးသော သိက္ခာပုဒ်တို့ကို ပညတ်တော်မူ၏ဟု မှတ်။

သုံးပါးသော သိက္ခာပုဒ် ဟူသည်ကား

မနာမဖျားသော ရဟန်းသည် မီးညှိ၍ မီးလှုံသော သိက္ခာပုဒ်၊

ဆွမ်းအာမိသရှိသော လက်ဖြင့် သောက်ရေခွက်ကို ကိုင်သော သိက္ခာပုဒ်၊

ဆွမ်းလုံးနှင့် တကွသော သပိတ်ဆေးရေကို အိမ်ကြား၌ သွန်သော သိက္ခာပုဒ်၊ ဤသုံးပါးသော သိက္ခာပုဒ်တို့ကို ဘဂ္ဂတိုင်း၌ ပညတ်တော်မူ၏ဟု မှတ်။ ။ထို့ကြောင့် ပရိဝါပါဠိတော်၌ ...

ယေ ဘဂ္ဂေသု ပညတ္တာ၊ တေ သုဏောဟိ ယထာတထံ။
သမာဒဟိတွာ ဝိသိဗ္ဗေန္တိ၊ သာမိသေန သသိတ္ထကံ။ ။ဟု မိန့်၏။

အတ္ထကား-ယေသိက္ခာပဒါ-တို့ကို၊ ဘဂ္ဂေသု-ဘဂ္ဂတိုင်း၌၊ ပညတ္တာ-ကုန်၏၊ တေ သိက္ခာပဒါ-တို့ကို၊ ယထာတထံ-လျောက်၊ သုဏောဟိ-နာလော့၊ သမာဒဟိတွာ-မီးညှိ၍၊ ဝိသိဗ္ဗေန္တိ-လှုံကုန်၏၊ ဣတိဝုတ္တသိက္ခာပဒံ-ဤသို့ဟောသော သိက္ခာပုဒ်ငှင်း၊ သာမိသေန-ဆွမ်းအာမိသနှင့်၊သဟ-တကွ၊ ပါနီယ ထာလကံ-သောက်ရေခွက်ကို ကိုင်ခြင်းငှင်း၊သသိတ္ထကံ-ဆွမ်းလုံးနှင့် တကွသော သပိတ်ဆေးရေကို အိမ်ကြား၌ သွန်ခြင်း သိက္ခာပုဒ်ငှင်း၊ ဣမေ-တယော-ဤသုံးပါးတို့တည်း။

ဘိက္ခုပါရာဇိက လေးပါး၊ သံဃာဒိသိသ် ခုနစ်ပါး၊ နိဿဂ္ဂိပါစိတ် ရှစ်ပါး၊ ခုဒ္ဒကသိက္ခာပုဒ် သုံးဆယ့်နှစ်ပါး၊ ဂါရယှသိက္ခာပုဒ် နှစ်ပါး၊သေက္ခ သိက္ခာပုဒ် သုံးပါး ဤငါးဆယ့် ခြောက်ပါးသော သိက္ခာပုဒ်ကို နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ခြောက်ပါးသော ပြည်တို့၌ ပညတ်တော်မူကုန်၏-ဟု မှတ်။ ။ထို့ကြောင့် ပရိဝါပါဠိတော်၌ ...

ပါရာဇိကာနိ စတ္တာရိ၊ သံဃာဒိသေသာနိ ဘဝန္တိ၊
သတ္တစ နိဿဂ္ဂိယာနိ၊ အဋ္ဌ ဒွတ္တိံသ ခုဒ္ဒကာ။
ဒွေ ဂါရယှာ တယော သေက္ခာ၊ဆပ္ပညာသ သိက္ခာပဒါ၊
ဆသု နဂရေသု ပညတ္တာ၊ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ။ ။ဟု မိန့်၏။

အတ္ထကား-ပါရာဇိကာနိ-ဘိက္ခုပါရာဇိက တို့ကား၊ စတ္တာရိ-လေးပါးတို့ သည်၊ ဘဝန္တိ-ကုန်၏၊ သံဃာဒိသေသာနိ - သံဃာဒိသိသ်တို့ကား၊ သတ္တ-တို့သည်။ ဘဝန္တိ-ကုန်၏၊ နိဿဂ္ဂိယာနိ-နိဿဂ္ဂိတို့ကား၊ အဋ္ဌ-ရှစ်ပါးတို့ သည်။ ဘဝန္တိ-ကုန်၏၊ ခုဒ္ဒကာ-ခုဒ္ဒကသိက္ခာပုဒ်တို့သည်၊ ဒွတ္တိံသ-သုံးဆယ့် နှစ်ပါးတို့သည်၊ ဘဝန္တိ၊ကုန်၏၊ ဂါရယှာ-ဂါရယှသိက္ခာပုဒ်တို့ကား၊ ဒွေ-နှစ်ပါးတို့သည်၊ဘဝန္တိ-ကုန်၏၊သေက္ခာ-သေက္ခသိက္ခာပုဒ်တို့သည်၊တယော-သုံးပါးတို့သည်၊ ဘဝန္တိ-ကုန်၏၊ ဣတိ-သို့၊ ဆပ္ပညာသသိက္ခာပဒါ-ငါးဆယ့် ခြောက်ပါးသော သိက္ခာပုဒ်တို့ကို၊ အာဒိစ္စဗန္ဓုနာ-နေမင်း၏ အဆွေ ဖြစ် တော်မူသော၊ ဗုဒ္ဓေန-မြတ်စွာဘုရားသည်၊ဆသု နဂရေသု-ခြောက်ပြည်တို့၌၊ ပညတ္တာ-ပညတ်တော်မူကုန်၏။

အလုံးစုံ ခြောက်ခုယုတ် သုံးရာသော သိက္ခာပုဒ်တို့ကို များသောရဟန္တာ အခြံအရံရှိသော ဂေါတမအမည်တော်ရှိသော မြတ်စွာဘုရားသည် သာဝတ္ထိ ပြည်၌ ပညတ်တော်မူ၏။ ။ထို့ကြောင့် ၎င်းပါဠိတော်၌ ...

ဆဦန တီဏိသတာနိ၊ သဗ္ဗေ သာဝတ္ထိယံ ကတာ၊
ကာရုဏိကေန ဗုဒ္ဓေန၊ ဂေါတမေန ယသဿိနာ။ ။ဟု-မိန့်၏။

အတ္ထကား- သဗ္ဗေ-အလုံးစုံကုန်သော၊ ဆဦနတီဏိသတာနိ-ခြောက်ခု ယုတ် သုံးရာသော သိက္ခာပုဒ်တို့ကို၊ ကာရုဏိကေန-မဟာကရုဏာ ရှိတော် မူသော၊ ယသဿိနာ များသော ရဟန္တာ အခြံအရံရှိသော၊ ဂေါတမေန-ဗုဒ္ဓေန-ဂေါတမ အမည်တော်ရှိသော မြတ်စွာဘုရားသည်၊ သာဝတ္ထိယံ-သာဝတ္ထိပြည်၌၊ ကတာ-ပညတ်တော်မူကုန်၏။

ဤကား–ခုနစ်ပြည့်၌ အသီးအသီး သိက္ခာပုဒ်ကို ပညတ်တော်မူကြောင်း ကို နှုတ်တက် ဆောင်ရွက် ကြည့်ရှု မှတ်သားရန်ဖြစ်သတည်း။

၄၇–ဝိနည်းသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်းအကျိုး ဆယ်ပါး ဟူသည်ကား

ဒသ အတ္ထဝသေ ပဋိစ္စ သံဃသုဋ္ဌုတာယ သံဃဖါသုတာယ ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ ပေသလာနံ ဘိက္ခူနံ ဖါသုဝိဟာရာယ ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ သံဝရာယ သမ္ပရာယိကာနံ အာသဝါနံ ပဋိဃာတာယ အပ္ပသန္နာနံ ပသာဒါယ ပသန္နာနံ ဘိယျောဘာဝါယ သဒ္ဓမ္မဋ္ဌိတိယာ ဝိနယာနုဂ္ဂဟာယ။

အတ္ထကား–ဒသ အတ္ထဝသေ - ဆယ်ပါးသော အကျိုးထူးတို့နှင့် စပ်သည် တို့ကို၊ ပဋိစ္စ–စွဲ၍၊ သိက္ခာပဒံ–ကို၊ ပညပေဿာမိ–အံ့၊ သံဃသုဋ္ဌုတာယ–သံဃာသည် ကောင်းပြီဟု ဝန်ခံစိမ့်သောငှါ လည်းကောင်း၊ သံဃဖါသု-တာယ–သံဃာကို ချမ်းသာစိမ့်သောငှါငှါ၊ ဒုမ္မင်္ကူနံ-သီလ မရှိကုန်သော၊ ပုဂ္ဂလာနံ-ပုဂ္ဂိုလ်တို့အား၊ နိဂ္ဂဟာယ–နှိပ်ခြင်းငှါငှါ၊ ပေသလာနံ-သီလကို ချစ်ကုန်သော၊ ဘိက္ခူနံ-ရဟန်းတို့အား၊ ဖါသုဝိဟာရာယ-ချမ်းသာစွာနေစိမ့် သောငှါငှါ၊ ဒိဋ္ဌဓမ္မိကာနံ-မျက်မှောက်၌ ဖြစ်ကုန်သော၊ အာသဝါနံ-ဘေး ရန်တို့ကို၊ သံဝရာယ-စောင့်စိမ့်သောငှါငှါ၊ သမ္ပရာယိကာနံ-တမလွန်ဘဝ၌ ဖြစ်လတ္တံ့ကုန်သော၊ အာသဝါနံ–နရက် အစရှိကုန်သော ဘေးရန်တို့ကို၊ ပဋိဃာတာယ - တားမြစ်စိမ့်သောငှါငှါ၊ အပ္ပသန္နာနံ-မကြည်ညိုကုန်သေး သော သူတို့အား၊ ပသာဒါယ–ကြည်ညိုစိမ့်သောငှါငှါ၊ ပသန္နာနံ–ကြည်ညို ကုန်ပြီးသော သူတို့အား၊ ဘိယျောဘာဝါယ–လွန်စွာ ပွားစိမ့်သောငှါငှါ၊ သဒ္ဓမ္မဋ္ဌိတိယာ-သူတော်ကောင်း တရားကို တည်စိမ့်သောငှါ လည်းကောင်း၊ ဝိနယာနုဂ္ဂဟာယ-ဝိနည်းကို ချီးမြှောက်ခြင်းငှါ လည်းကောင်း၊ သိက္ခာပဒံ– ကို၊ပညပေဿာမိ–အံ့။ ။ဟု ပါရာဇိကဏ်ပါဠိတော် ပဌမ ပါရာဇိက သုဒိန္န ဘာဏဝါရ၌ လာသည်ကို သိအပ်, မှတ်အပ်၏၊မှတ်လေ။

၄၈–အကပ္ပိယအသား ဆယ်ပါး ဟူသည်ကား

လူသား, ဆင်သား, မြင်းသား, ခွေးသား၊ သစ်သား, ခြင်္သေ့သား, ကျား သား, အောင်းသား, ဝံသား, မြွေသား၊ ဤဆယ်ပါးတည်း။ ။ထို့ကြောင့် ခုဒ္ဒသိက္ခာ၌....

မနုဿ ဟတ္ထိအဿာနံ၊ မံသံ သုနခ ဒီပိနံ။
သီဟ ဗျဂ္ဃ တရစ္ဆာနံ၊ အစ္ဆဿ ဥရဂဿစ။ ။ဟု မိန့်၏။

အတ္ထကား-မနုဿ ဟတ္ထိ အဿာနဉ္စ၊ လူ ဆင် မြင်းတို့၏ငင်း၊ သုနခ ဒီပိနဉ္စ-ခွေး သစ်တို့၏ငင်း၊ သီဟ ဗျဂ္ဃ တရစ္ဆာနဉ္စ-ခြင်္သေ့ ကျား အောင်း တို့၏ငင်း၊ အစ္ဆဿစ-ဝံ၏ငင်း၊ ဥရဂဿစ-မြွေ၏ငင်း၊ မံသံ-အသားသည်၊ ဟောတိ-၏။ ။ဟု လာ၏။

ထိုအသား ဆယ်ပါးတို့တွင် လူသားတပါးသည် ထုလ္လစ္စည်း အာပတ် သင့်၏၊ ကြွင်းသော အကပ္ပိယ အသား ကိုးပါးသည် ဒုက္ကဋ်အာပတ် သင့်၏၊ ထို့ကြောင့် ငင်းကျမ်း၌ပင်"ထုလ္လစ္စယံ မနုဿာနံ၊ မံသေ သေသေသု ဒုက္ကဋံ" ဟု လာ၏။ ။**အတ္ထကား**-မနုဿာနံ-လူတို့၏၊ မံသေ-အသား၌၊ ထုလ္လစ္စယံ-ထုလ္လစ္စည်း အာပတ်သည်၊ ဟောတိ-၏၊သေသေသု-ကြွင်းကုန်သော အသား ကိုးပါးတို့၌၊ဒုက္ကဋံ-ဒုက္ကဋ်အာပတ်သည်၊ ဟောတိ-၏။ ။ဟု လာ၏။

ထိုဆယ်ပါးသော အကပ္ပိယသတ္တဝါတို့၌ အသားသာ မအပ်သည်မဟုတ်၊ အရိုး, အသွေး, အရေ, အမွေး တို့သည်လည်း မအပ်သည်သာ ဖြစ်၏၊ ထို့ကြောင့် ငင်းကျမ်း၌ "အဋ္ဌိပိ လောဟိတံ စမ္မံ၊ လောမမေသံ နကပ္ပတိ "ဟု မိန့်၏။ ။**အတ္ထကား**-ဧသံ-ထို လူ-အစရှိသည်တို့၏၊ အဋ္ဌိပိ-အရိုးသည်ငင်း၊ လောဟိတံပိ-သွေးသည်ငင်း၊ စမ္မံပိ-အရေသည်ငင်း၊ လောမံပိ-အမွေးသည် ငင်း၊ နကပ္ပတိ-မအပ်။ ။ဟု လာ၏။

ရည်၍ပြုသော အသားသည်ငင်း, မမေးသော အသားသည်ငင်း မအပ် ကုန်၊ထိုနှစ်ပါးတို့တွင် ဥဒ္ဒိဿ အသားမှုကား-ဒိဋ္ဌ, သုတ, ပရိသင်္ကိတ-ဟု ဆိုအပ်သော အစွန်းသုံးပါး မသန့်ရှင်းလျှင် မစားအပ်၊ အစွန်းသုံးပါး သန့် ရှင်းမှ အပ်သည်ဟုမှတ်၊ ကပ္ပိယအသားပင် ဖြစ်သော်လည်း မေးမြန်း၍ အပ် လျှင် စားအပ်၏၊ မအပ်လျှင် မစားအပ်ဟု မှတ်၊ အပ်သော အသားဟုသိလျှင် မေးခွင့် မရှိပြီ၊ ရည်၍ပြုသော အသားသည်လျှင် သစိတ္တက အာပတ် ဖြစ်၏။ ကြွင်းသော အသားတို့သည် အစိတ္တက အာပတ်တည်း၊ ထို့ကြောင့် ငင်း ကျမ်း၌ ''သစိတ္တကံဝ ဥဒ္ဒိဿ၊ ကတံ သေသာ အစိတ္တကာတိ''ဟု မိန့်၏။ ။ ဥဒ္ဒိဿကတံဝ-ရည်၍ပြုသော အသားသည်လျှင်၊ သစိတ္တကံ-စိတ်ရှိသော်သာ အာပတ် သင့်ခြင်းကို ပြုတတ်သည်၊ ဟောတိ-၏၊ သေသာ - ကြွင်းသော အသားတို့သည်၊ အစိတ္တကာ-စိတ်မရှိသော်လည်း အာပတ်သင့်ခြင်းကို ပြု တတ်ကုန်သည်၊ ဟောန္တိ-ကုန်၏။ ။ဟု ခုဒ္ဒသိက္ခာ၌ ဆို၏။

သုနခ-ဟု သာမညဆိုသော်လည်း အိမ်ခွေးသားသာ မအပ်သတည်း၊ တောခွေးသားမူကား အပ်၏၊ ထို့ကြောင့် ဝေသဇ္ဇက္ခန္ဓက အဋ္ဌကထာ၌....

သုနခမံသန္တိ ဧတ္ထ အရညကောကာနာမ သုနခသဒိသာ ဟောန္တိ၊ တေသံ မံသံ ဝဋ္ဋတိ။ ။ဟု မိန့်၏။

အတ္ထကား-သုနခမံသန္တိ ဧတ္ထ-သုနခမံသံဟူသောပုဒ်၌၊အရညကောကာ-နာမ-တောခွေး မည်သည်ကား၊ သုနခသဒိသာ-အိမ်ခွေးနှင့် သဏ္ဌာန်တူကုန်သည်၊ဟောန္တိ-ကုန်၏၊ တေသံ-ထိုတောခွေးတို့၏၊ မံသံ-သည်၊ ဝဋ္ဋတိ-၏။

"မစ္ဆဂဟဏေန သဗ္ဗံ ဇလဇံ ဝုတ္တံ"ဟူသော အဋ္ဌကထာပါဠ်ကိုမှီ၍ ရေမြွေသည်လည်း ရေ၌ဖြစ်သောကြောင့် ရေမြွေသားသည် အပ်၏ဟု အချို့သော ဆရာတို့ ဆိုကုန်၏၊ထိုစကားသည် မသင့်၊ အဘယ့်ကြောင့်နည်း ဟူမူ-"အဟိမံသန္တိ ယဿကဿစိ အပါဒကဿ ဒီဃဇာတိကဿ မံသံ နဝဋ္ဋတိ" ဟု ဆိုသောကြောင့်တည်း၊ အဟိမံသန္တိ-အဟိမံသံဟူသည်ကား၊ယဿကဿစိ-အမှတ်မရှိသော၊ အပါဒကဿ-အခြေမရှိသော၊ ဒီဃဇာတိကဿ-ကျောက်ရှည်မျိုးဖြစ်သော မြွေ၏၊ မံသံ-အသားသည်၊ နဝဋ္ဋတိ-မအပ်။ ။ဟူသော ဝေသဇ္ဇက္ခန္ဓက အဋ္ဌကထာပါဠ်နှင့် မညီသောကြောင့် မသင့်၊ ထိုသို့ မသင့်ဘဲလျက် အဘယ့်ကြောင့်"မစ္ဆဂဟဏေန သဗ္ဗံဇလဇံ ဝုတ္တံ။ ။မစ္ဆဂဟဏေန-မစ္ဆသဒ္ဒါကို ယူသဖြင့်၊ ဇလဇံ-ရေ၌ဖြစ်သော၊ သဗ္ဗံ-အလုံးစုံသော သတ္တဝါကို၊ ဝုတ္တံ-ဆိုအပ်၏" ဟူသော စကားကို အဋ္ဌကထာဆရာ အဘယ့်ကြောင့် ဆိုသနည်းဟူမူ "မစ္ဆဂဟဏေန ဇလဇံ ဝုတ္တံ" ဟူသော ဂါထာကို ပဋိသန္ဓေအားဖြင့် ရေ၌ဖြစ်သော သတ္တဝါကို ရည်၍ အဋ္ဌကထာဆရာဆိုသည်၊ ထို့ကြောင့် ရေ၌ ပဋိသန္ဓေ အားဖြင့် ဖြစ်မှု အပ်၏ဟု မှတ်ရမည်။ ။ဤကား အကပ္ပိယ အသားဆယ်ပါး အကြောင်းတည်း။ ။ပြီး၏။

၄၉-သံဃကံ လေးပါး ဟူသည်ကား

စတ္တာရိ အပလောကနကမ္မံ ဉတ္တိကမ္မံ ဉတ္တိဒုတိယကမ္မံ ဉတ္တိစတုတ္ထ ကမ္မန္တိ။

ဟူသော ဝိနယသင်္ဂဟ အဋ္ဌကထာ ကမ္မာကမ္မ ဝိနိစ္ဆယနှင့် အညီ အပလောကနကံ ဉတ္တိကံ ဉတ္တိဒုတိယကံ ဉတ္တိစတုတ္ထကံ ဤလေးပါးတည်း၊ ထိုလေးပါးတို့တွင် အပလောကနကံ ဟူသည်ကား ပန်ခြင်း မြဟ္မဒဏ်

ပေးခြင်း စသည်တို့ကို သိမ်တွင်း၌ရှိသော သံဃာကို ပန်ခြင်းတည်း၊ထို့ကြောင့် ဝိနယသင်္ဂဟ အဋ္ဌကထာ ကမ္မာကမ္မ ဝိနိစ္ဆယ၌—

အပလောကနကမ္မံနာမ သီမဋ္ဌက သံဃံ သောဓေတွာ ဆန္ဒာရဟာနံ ဆန္ဒံ အာဟရိတွာ သမဂ္ဂဿ သံဃဿ အနုမတိယာ တိက္ခတ္တုံ သာဝေတွာ ကတ္တဗ္ဗကမ္မံ။ ။ဟု-မိန့်၏။

အနက်ကား— အပလောကနကမ္မံ နာမ - အပလောကနကံ မည်သည်ကား၊ သီမဋ္ဌကသံဃံ-သိမ်အပြင်၌ တည်သော သံဃာကို၊ သောဓေတွာ-သုတ်သင်၍၊ ဆန္ဒာရဟာနံ - ဆန္ဒထိုက်ကုန်သော သူတို့၏၊ ဆန္ဒံ-ကို၊ အာဟရိတွာ-ဆောင်၍၊ သမဂ္ဂဿ-ညီညွတ်သော၊ သံဃဿ-၏၊ အနုမတိယာ-အလိုအားဖြင့်၊ တိက္ခတ္တုံ-သုံးကြိမ်၊ သာဝေတွာ-ကြားစေ၍၊ ကတ္တဗ္ဗကမ္မံ-ပြုအပ်သော ကံတည်း။

ဉတ္တိကံဟူသည်ကား— သိမ်အပြင်၌ရှိသော သံဃာကို သုတ်သင်၍ ဆန္ဒထိုက်သောသူတို့၏ဆန္ဒကို ဆောင်၍ ညီညွတ်သော သံဃာ၏ အလိုအားဖြင့် ဉပုသ်, ပဝါရဏာပြုရာ၌ ဉတ်ကို ထားခြင်းသည် ဉတ္တိကံတည်း၊ ထို့ကြောင့် ဝိနိစ္ဆယ၌—

ဉတ္တိကမ္မံနာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ဧကာယ ဉတ္တိယာ ကတ္တဗ္ဗကမ္မံ။ ။ဟု-မိန့်၏။

အနက်ကား- ဉတ္တိကမ္မံနာမ – ဉတ္တိကံမည်သည်ကား၊ ဝုတ္တနယေနေဝ-ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်၊ သမဂ္ဂဿ-ညီညွတ်သော၊ သံဃဿ-၏၊ အနုမတိယာ-အလိုအားဖြင့်၊ ဧကာယ ဉတ္တိယာ - ဉတ်တချက်ထားသဖြင့်၊ ကတ္တဗ္ဗကမ္မံ-ဉပုသ်, ပဝါရဏာ ပြုခြင်းသည်၊ ဉတ္တိကမ္မံနာမ-ဉတ္တိကံ မည်၏၊ ဟု ဆို၏။

ဉတ္တိဒုတိယကံ မည်သည်ကား—ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သိမ်အပြင်၌ရှိသော သံဃာကို သုတ်သင်၍ ဆန္ဒထိုက်သောသူ၏ ဆန္ဒကို ဆောင်၍ ညီညွတ်သော သံဃာ၏ အလိုဖြင့် ကထိန်ခင်းခြင်း သိမ်သမုတ်ခြင်း စသည်တို့၌ ဉတ်လျှင် နှစ်ချက်မြောက် ကမ္မဝါစာကို ရွတ်ခြင်းသည် ဉတ္တိဒုတိယကံ မည်၏၊ ထို့ကြောင့် ဝိနိစ္ဆယ၌—

ဉတ္တိဒုတိယကမ္မံနာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ဧကာယ ဉတ္တိယာ ဧကာယစ အနုဿာဝနာယာတိ ဧဝံ ဉတ္တိဒုတိယာယ အနုဿာဝနာယ ကတ္တဗ္ဗကမ္မံ။ ။ဟု-မိန့်၏။

အတ္ထကား-ဝုတ္တနယေနေဝ-ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်၊ သမဂ္ဂသာ-ညီညွတ်သော၊ သံဃဿ-၏၊ အနုမတိယာ-အလိုအားဖြင့်၊ ကောယ ဉတ္တိ-ယာစ-ဉတ်တချက်ဖြင့်၎င်း၊ ကောယ အနုဿာဝနာယစ-ကမ္မဝါစာ တချက်ရွတ်သဖြင့်၎င်း၊ ဥတိဓေ-သို့၊ ဉတ္တိဒုတိယာယ – ဉတ်လျှင် နှစ်ကြိမ်မြောက်သော၊ အနုဿာဝနာယ-ကမ္မဝါစာရွတ်သဖြင့်၊ ကတ္တဗ္ဗကမ္မံ - ကထိန်ခင်းခြင်း စသည်၌ ပြုအပ်သော ကံသည်၊ ဉတ္တိဒုတိယကမ္မံနာမ-ဉတ္တိဒုတိယကံ မည်၏။ ။ဟု-မှတ်။

ဉတ္တိစတုတ္ထကံမည်သည်ကား–သိမ်အပြင်၌ရှိသော သံဃာကို သုတ်သင်၍ ညီညွတ်သော သံဃာ၏ အလိုအားဖြင့် ပဉ္စင်းခံခြင်း စသည်တို့၌ ဉတ်တချက် ကမ္မဝါစာသုံးချက် ရွတ်ခြင်းသည် ဉတ္တိစတုတ္ထကံ မည်၏ဟုမှတ်၊ ထို့ကြောင့် ဝိနိစ္ဆယ၌-

> ဉတ္တိစတုတ္ထကမ္မံနာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနု-မတိယာ ကောယ ဉတ္တိယာ တီဟိစ အနုဿာဝနာဟိ ကတ္တဗ္ဗ-ကမ္မံ။ ။ဟု-မိန့်၏။

အတ္ထကား – ဝုတ္တနယေနေဝ – ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သာလျှင်၊ သမဂ္ဂဿ - ညီညွတ်သော၊ သံဃဿ – သံဃာ၏၊ အနုမတိယာ-အားဖြင့်၊ ကောယ ဉတ္တိယာစ–ဉတ် တချက်ဖြင့်၎င်း၊ တီဟိ အနုဿာဝနာဟိစ–သုံးချက်သော ကမ္မဝါစာ ရွတ်ခြင်းတို့ဖြင့်၎င်း၊ ကတ္တဗ္ဗကမ္မံ–ပဉ္စင်းခံခြင်း စသည်တို့ဖြင့် ပြုအပ်သော ကံသည်၊ ဉတ္တိစတုတ္ထကမ္မံနာမ–ဉတ္တိစတုတ္ထကံ မည်၏။

ထို လေးပါးသော ကံတို့တွင် အပလောကန ကံသည် သံဃာကိုသာ ပန်ကြား၍ ပြုအပ်၏၊ ဉတ္တိကံ အစရှိသော အစွမ်းဖြင့် မပြုအပ်ဟု မှတ်။ ။ထို့ကြောင့် ၎င်း၌ ...

> အပလောကနကမ္မံ အပလောကေတွာဝ ကာတဗ္ဗံ၊ ဉတ္တိကမ္မာ-ဒိဝသေန နကာတဗ္ဗံ။ ။ဟု မိန့်၏။

အတ္ထကား–အပလောကနကမ္မံ အပလောနကံကို၊ အပလောကေတွာဝ-သံဃာကို ပန်၍သာလျှင်၊ ကာတဗ္ဗံ-ပြုအပ်၏၊ ဉတ္တိကမ္မာဒိဝသေန-ဉတ္တိကံ အစရှိသည်တို့၏ အစွမ်းဖြင့်၊ နကာတဗ္ဗံ-မပြုအပ်။ ။ဟု လာ၏။

ဉတ္တိဒုတိယကံသည်– သံဃာကို ပန်ကြား၍ ပြုအပ်သော ကံလည်းရှိ၏၊ သံဃာကို မပန်ကြားမူ၍ ပြုအပ်သောကံလည်း ရှိ၏၊ ထိုနှစ်ပါးတို့တွင် သိမ်

သမုတ်သော ကံရင်း, သိမ်နုတ်သော ကံရင်း, ကထိန်လျှုသော ကံရင်း, ကထိန်နုတ်သော ကံရင်း, ကုဋီရာကို ကြားခြင်းရင်း, ကျောင်းရာကို ကြားခြင်းရင်း ဤခြောက်ပါးသောကံတို့သည် ဂရုကံ မည်ကုန်၏၊ သံဃာကိုပန်၍ ပြုခြင်းငှါ မဖြစ် မအပ်ဟုမှတ်၊ ဉတ္တိဒုတိယကံဖြင့် ပြုအပ်ကုန်၏ဟု မှတ်၊ ထို့ကြောင့် ဝိနိစ္ဆယ၌....

ဉတ္တိဒုတိယ ကမ္မံ ပန အပလောကေတွာ ကာတဗ္ဗံပိ အတ္ထိ၊ အကာတဗ္ဗံပိ အတ္ထိ၊ တတ္ထ သီမာသမ္မုတိ သီမာသမူဟနနံ ကထိန-ဒါနံ ကထိနုဒ္ဓါရော ကုဋိဝတ္ထုဒေသနာ ဝိဟာရဝတ္ထု ဒေသနာတိ ဣမာနိ ဆ ကမ္မာနိ ဂရုကာနိ၊ အပလောကေတွာ ကာတုံ နဝဋ္ဋတိ။ ဉတ္တိဒုတိယ ကမ္မဝါစံ သာဝေတွာဝ ကာတဗ္ဗာနိ။ ။ဟု မိန့်၏။

အတ္ထကား- ဉတ္တိ ဒုတိယကမ္မံပန- ဉတ္တိ ဒုတိယကံကိုကား၊ အပလော-ကေတွာ-သံဃာကို ပန်၍၊ ကာတဗ္ဗံပိ-ပြုအပ်သောကံသည်လည်း၊ အတ္ထိ-၏၊ အကာတဗ္ဗံပိ-မပြုအပ်သော ကံသည်လည်း၊ အတ္ထိ-၏၊ တတ္ထ-ထိုနှစ်ပါးတို့တွင်၊သီမာသမ္မုတိ-သိမ်သမုတ်ခြင်းရင်း၊ သီမာသမူဟနနံ-သိမ် နုတ်ခြင်းရင်း၊ ကထိနဒါနံ-ကထိန်လျှုခြင်းရင်း၊ ကထိနုဒ္ဓါရော-ကထိန် နုတ်ခြင်ရင်း၊ ကုဋိ-ဝတ္ထုဒေသနာ-ကုဋီရာကို ကြားခြင်းရင်း၊ ဝိဟာရဝတ္ထု ဒေသနာ-ကျောင်းရာကို ကြားခြင်းရင်း၊ ဣတိ-ဤသို့၊ ဣမာနိ ဆကမ္မာနိ-ဤ ခြောက်ပါးသော ကံတို့သည်၊ ဂရုကာနိ-ဂရုကံတို့တည်း၊ အပလောကေတွာ-သံဃာကို ပန်ကြား၍၊ ကာတုံ-ငှါ၊ န ဝဋ္ဋတိ-မအပ်။ ဉတ္တိ ဒုတိယကမ္မဝါစံ-ဉတ်လျှင် နှစ်ကြိမ်မြောက်သော ကမ္မဝါစာကို၊သာဝေတွာဝ-ကြား၍လျှင်၊ကာတဗ္ဗာနိ-ပြုအပ်ကုန်၏။ ။ဟုလာ၏။

ထိုခြောက်ပါးမှ ကြွင်းကုန်သော တဆယ့်သုံးပါးသော သမ္မုတိ ကံကိုကား လဟုကကံ ဖြစ်၍ သံဃာကို ပန်ကြား၍ ပြုခြင်းငှါ အပ်၏၊ ဉတ္တိကံ-ဉတ္တိစတုတ္ထကံ၏ အစွမ်းဖြင့် မပြုအပ်။

တဆယ့်သုံးပါးသော သမ္မုတိ ဟူသည်ကား ...သင်္ကန်းနှင့်ကင်း၍ မနေစိမ့်သောငှါ သမုတ်ခြင်း-စီဝရအဝိပ္ပဝါသ သမ္မုတိ၊ အိပ်ရာ နေရာခင်းစိမ့်သော ငှါ သမုတ်ခြင်း-သန္ထတသမ္မုတိ၊ ဆွမ်း ညွှန်းစိမ့်သောငှါ သမုတ်ခြင်း-ဘတ္တုဒ္ဒေသက သမ္မုတိ၊ ကျောင်းခံစိမ့်သောငှါ သမုတ်ခြင်း – သေနာသန ဂါဟာပက သမ္မုတိ၊ ဘဏ္ဍာတိုက်ကို စိုးစိမ့်သောငှါ သမုတ်ခြင်း-ဘဏ္ဍာ ကာရကသမ္မုတိ၊သင်္ကန်းခံစိမ့်သောငှါသမုတ်ခြင်း-စီဝရပဋိဂ္ဂါဟက သမ္မုတိ၊

သက်န်းဝေဘန်စိမ့်သော၄ါ သမုတ်ခြင်း–စီဝရဘာဇက သမ္မုတိ၊ ယာဂု ဝေဘန်စိမ့်သော၄ါ သမုတ်ခြင်း – ယာဂု ဘာဇက သမ္မုတိ၊ ခဲဘွယ်ကို ဝေဘန်စိမ့်သော၄ါ သမုတ်ခြင်း-ခဇ္ဇကဘာဇက သမ္မုတိ၊ အနည်းငယ်သော ဝတ္ထုကို ဝေဘန်စိမ့်သော၄ါ သမုတ်ခြင်း အပ္ပမတ္တကဝိဿဇ္ဇက သမ္မုတိ၊ ပုဆိုးခံစိမ့်သော၄ါ သမုတ်ခြင်း - သာဋကဂါဟာပက သမ္မုတိ၊ သပိတ်ခံစိမ့်သော၄ါ သမုတ်ခြင်း–ပတ္တဂါဟာပက သမ္မုတိ၊ အရံစောင့်ကို စေခြင်း, သာမဏေကို စေစိမ့်သော၄ါ သမုတ်ခြင်း– အာရာမိက ပေသက, သာမဏေရ ပေသက သမ္မုတိ၊ ဤ တဆယ့် သုံးပါးသော သမ္မုတိငှာ်း၊ ကျောင်းကို ခံခြင်း, သေသော ရဟန်း၏ သင်္ကန်းကို ဝေဘန်ခြင်း–သမ္မုတိငှာ်း၊ ဤ သမ္မုတိကံတို့သည် လဟုက ဂ်တို့တည်း၊ သံဃာကို ပန်၍သာ ပြုခြင်း၄ါ အပ်၏၊ ဉတ္တိကံ–ဉတ္တိဒုတိယကံ, ဉတ္တိစတုတ္ထကံတို့၏ အစွမ်းဖြင့် ပြုခြင်း၄ါ မအပ်ဟု မှတ်အပ်၏။ ။ထို့ကြောင့်ဝိနိစ္ဆယ၌....

အဝသေသာ တေရသ သမ္မုတိယော စီဝရအဝိပ္ပဝါသ သမ္မုတိစ၊ သန္ထတ သမ္မုတိ၊ ဘတ္တုဒ္ဒေသက သမ္မုတိ၊ သေနာသနဂ္ဂါဟာပက သမ္မုတိ၊ ဘဏ္ဍာဂါရက သမ္မုတိ စီဝရပဋိဂ္ဂါဟက သမ္မုတိ၊ စီဝရဘာဇက သမ္မုတိ၊ ယာဂုဘာဇက သမ္မုတိ၊ ခဇ္ဇဘာဇက သမ္မုတိ၊ အပ္ပမတ္တက ဝိဿဇ္ဇကသမ္မုတိ၊သာဋကဂါဟာပက သမ္မုတိ၊ပတ္တဂါဟာ-က သမ္မုတိ၊ အာရာမိကပေသက သာမဏေရပေသက သမ္မုတိစာတိ ဧတေသံ သမ္မုတီနံ ဝသေန တေရသ သမ္မုတိယော စ။သေနာသနဂ္ဂါ-ဟက မတက စီဝရဒါနာဒိ သမ္မုတိယောစာတိ တာနိ လဟုက ကမ္မာနိ၊အပလောကေတွာပိ ကာတုံ ဝဋ္ဋတိ၊ဉတ္တိကမ္မ ဉတ္တိစတုတ္ထ-ကမ္မဝသေန ပန နကာတဗ္ဗံ၊ ။ဟု-မိန့်၏။

အတ္တကား – အဝသေသာ – ခြောက်ပါးသော ကံတို့မှ ကြွင်းကုန်သော၊ တေရသသမ္မုတိယော- တဆယ့်သုံးပါးသောသမ္မုတိတို့သည်၊ စီဝရ အဝိပ္ပ-ဝါသ သမ္မုတိစ-သင်္ကန်းနှင့်ကင်း၍ နေစိမ့်သော သမုတ်ခြင်းငှာ်း၊သန္ထတ-သမ္မုတိစ - အိပ်ရာ နေရာ ခင်းခြင်း၄ါ သမုတ်ခြင်းငှာ်း၊ ဘတ္တုဒ္ဒေသက-သမ္မုတိစ-ဆွမ်း ညွှန်းစိမ့်သော၄ါ သမုတ်ခြင်းငှာ်း၊ သေနာသနဂ္ဂါဟာပက သမ္မုတိစ-ကျောင်းခံစိမ့်သော၄ါ သမုတ်ခြင်းငှာ်း၊ ဘဏ္ဍာဂါရက သမ္မုတိစ-ဘဏ္ဍာတိုက်ကို စိုးစိမ့်သော၄ါ သမုတ်ခြင်းငှာ်း၊ စီဝရပဋိဂ္ဂါဟက သမ္မုတိစ-သင်္ကန်း ခံစိမ့်သော၄ါ သမုတ်ခြင်းငှာ်း၊ စီဝရဘာဇကသမ္မုတိစ - သင်္ကန်း ဝေဘန်စိမ့်သော၄ါ သမုတ်ခြင်းငှာ်း၊ ယာဂုဘာဇကသမ္မုတိစ-ယာဂုဝေဘန်

စိမ့်သောငှါ သမုတ်ခြင်း၎င်း၊ ခဇ္ဇဘာဇကသမ္မုတိစ-ခဲဘွယ် ဝေဘန်စိမ့်သောငှါ သမုတ်ခြင်း၎င်း၊ အပ္ပမတ္တကဝိဿဇ္ဇကသမ္မုတိစ-အနည်းငယ်သော ဝတ္ထုကို ဝေဘန်စိမ့်သောငှါ သမုတ်ခြင်း၎င်း၊ သာဋကဂါဟာပကသမ္မုတိစ - ပုဆိုးဝေစိမ့်သောငှါ သမုတ်ခြင်း၎င်း၊ ပတ္တဂါဟာပကသမ္မုတိစ-သပိတ်ခံစိမ့်သောငှါ သမုတ်ခြင်း၎င်း၊ အာရာမိကပေသက သာမဏေရပေသက သမ္မုတိစ-အရံစောင့်ကိုစေခြင်း, သာမဏေကို စေစိမ့်သောငှါ သမုတ်ခြင်း၎င်း၊ ဣတိ-သို့၊ တေသံ သမ္မုတီနံ-ထိုသမ္မုတိတို့၏၊ ဝသေန-အစွမ်းဖြင့်၊ တေရသသမ္မုတိယောစ-တဆယ့်သုံးပါးသောသမ္မုတိတို့၎င်း၊သေနာသနဂ္ဂါဟက မတကစီဝရဒါနာဒိ သမ္မုတိယောစ - ကျောင်းကိုခံခြင်း, သေသော ရဟန်းတို့၏ သင်္ကန်းကို ဝေဘန်ခြင်းအစရှိသော သမ္မုတိတို့၎င်း၊ တာနိ-ထိုသမ္မုတိကံတို့သည်၊ လဟုက ကမ္မာနိ -- လဟုကကံတို့တည်း၊ အပလောကေတွာပိ-သံဃာကိုပန်ကြား၍လည်း၊ ကာတုံ-ပြုအံ့သောငှါ၊ ဝဋ္ဋတိ - ၏၊ ဥတ္တိကမ္မ ဥတ္တိစတုတ္ထကမ္မဝသေန ပန-ဥတ္တိကံ ဥတ္တိစတုတ္ထကံ၏ အစွမ်းအားဖြင့်ကား၊ န ကာတဗ္ဗံ-မပြုအပ်။ ။ဟု-မိန့်၏၊ ဤကား သံဃာကံ လေးပါးတည်း။

၅၀-ကံပျက်ခြင်း ငါးပါး ဟူသည်ကား

ဝတ္ထုတောဝါ ဥတ္တိတောဝါ အနုဿာဝနတောဝါ သီမတောဝါ ပရိသတောဝါ ဝိပဇ္ဇန္တိ ဟု-ကမ်္ဘ၌ ဆိုသောကြောင့် ဝတ္ထု၏ ပျက်ခြင်း, ဥတ်၏ ပျက်ခြင်း, ကမ္မဝါစာ၏ ပျက်ခြင်း, သိမ်၏ ပျက်ခြင်း, ပရိသတ်၏ ပျက်ခြင်း ဟူ၍ ငါးပါးအပြားရှိ၏၊ ထိုငါးပါးတို့တွင် ဝတ္ထု၏ ပျက်ခြင်း ဟူသည်ကား အသက်နှစ်ဆယ်အောက်ယုတ်သော သူကို၎င်း, ပါရာဇိက အာပတ်သို့ ရောက်ဘူးသော သူကို၎င်း, ပဉ္စင်း ခံခြင်းငှါ မထိုက်သော အဘဗ္ဗပုဂ္ဂိုလ် တကျိပ် တယောက်ကို၎င်း ဤ တကျိပ် သုံးယောက်သော ပုဂ္ဂိုလ်ကို ပဉ္စင်းခံခြင်းသည် ဝတ္ထုပျက်ခြင်းကြောင့် ကံပျက်၏၊ ထို့ကြောင့် ဝိနိစ္ဆယ၌-

> ဦနဝိသတိဝဿံဝါ အန္တိမဝတ္ထုအဇ္ဈာပန္နပုဗ္ဗံဝါ ကောဒသသုဝါ အဘဗ္ဗပုဂ္ဂလေသု အညတရံ ဥပသမ္ပာဒေန္တဿပိ ဝတ္ထုဝိပန္နံ အဓမ္မကမ္မံ ဟောတိ။ ။ဟု-မိန့်၏။

အတ္ထကား- ဦနဝိသတိဝဿံဝါ-ပဋိသန္ဓေမှစ၍ အသက်နှစ်ဆယ်အောက် ယုတ်သော သူကို၎င်း၊ ဝါ-အသက်နှစ်ဆယ် မပြည့်သောသူကို၎င်း၊ အန္တိမဝတ္ထုအဇ္ဈာပန္န ပုဗ္ဗံဝါ-ပါရာဇိကသို့ ရောက်ဘူးသောသူကို၎င်း၊ကောဒသသု-

တကျိပ် တယောက်ကုန်သော၊အဘဗ္ဗပုဂ္ဂလေသု-ရဟန်းပြုခြင်း၄၅ါ မထိုက်ကုန်သော ပုဂ္ဂိုလ်တို့တွင်၊ အညတရံဝါ – တယောက်ယောက်သော သူကိုဒင်း၊ ဥပသမ္ပဒါဒေန္တဿပိ-ပဉ္စင်းခံသောသူအားလည်း၊ဝတ္ထုဝိပန္နံ-ဝတ္ထုပျက်သော၊ အဓမ္မကမ္မံ-အဓမ္မကံသည်၊ ဟောတိ-၏။ ။ဟု-မိန့်၏။

ဥတ်၏ပျက်ခြင်းဟူသည်ကား-အကြင်သူအား ပဉ္စင်းခံခြင်း အစရှိသော ကံကို ပြု၏၊ ထိုသို့ပြုသော အခါ၌ ဝတ္ထုကိုလည်း မသုံးသပ်၊ ထိုသူ၏အမည်ကိုလည်း မယူ၊ "သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဓမ္မရက္ခိတော အာယသ္မတော ဗုဒ္ဓရက္ခိတဿ ဥပသမ္ပဒါပေက္ခောတိ-ပေက္ခော၊" ဟု ဆိုအပ်လျက် "သုဏာတု မေ ဘန္တေ သံဃော၊ အာယသ္မတော ဗုဒ္ဓရက္ခိတဿ ဥပသမ္ပဒါပေက္ခော" ဟု ဆိုကုန်၏၊ ဤသို့ ဆိုသည်ရှိသော် ဝတ္ထုကို မသုံးသပ်သည်မည်၏၊ ထို့ကြောင့် ဝိနိစ္ဆယ၌-

> ယဿ ဥပသမ္ပဒါဒိကမ္မံ ကရောတိ၊တံ န ပရာမသတိ၊ တဿ နာမံ န ဂဏှာတိ၊ သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဓမ္မရက္ခိတော အာယသ္မတော ဗုဒ္ဓရက္ခိတဿ ဥပသမ္ပဒါပေက္ခောတိ ဝတ္တဗ္ဗေ သုဏာတု မေ ဘန္တေ သံဃော၊ အာယသ္မတော ဗုဒ္ဓရက္ခိတဿ ဥပသမ္ပဒါပေက္ခောတိ ဝဒတိ၊ ဧဝံ ဝတ္ထုံ န ပရာမသတိ။ ။ဟု-မိန့်၏။

အနက်ကား– ယဿ-အကြင်သူအား၊ ဥပသမ္ပဒါဒိကမ္မံ – ပဉ္စင်းခံခြင်း အစရှိသော ကံကို၊ ကရောတိ-ပြု၏၊ တံ-ထိုပုဂ္ဂိုလ်ကို၊ နပရာမသတိ–မသုံးသပ်၊ တဿ-ထိုပုဂ္ဂိုလ်၏၊ နာမံ-အမည်ကို၊ န ဂဏှာတိ-မယူ၊ သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဓမ္မရက္ခိတော အာယသ္မတော ဗုဒ္ဓရက္ခိတဿ ဥပသမ္ပဒါ-ပေက္ခောတိ-သုဏာတု မေ ဘန္တေ သံဃော ။ပ။ ပေက္ခောဟူ၍၊ဝတ္တဗ္ဗေ-ဆိုအပ်လျက်၊သုဏာတု မေ ဘန္တေ သံဃော၊ အာယသ္မတော ဗုဒ္ဓရက္ခိတဿ ဥပသမ္ပဒါပေက္ခောတိ - သုဏာတု မေ ဘန္တေ ။ပ။ ပေက္ခော-ဟူ၍၊ဣတိ-သို့၊ ဝဒတိ-၏၊ ဧဝံ-ဤသို့ဆိုသည်ရှိသော်၊ ဝတ္ထုံ-ပဉ္စင်းလောင်းကို၊ နပရာမသတိ-မသုံးသပ်သည် မည်၏။

သံဃာကို မသုံးသပ်သည် မည်သည်ကား....သံဃာ၏ အမည်ကိုလည်း မယူ၊ သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဓမ္မရက္ခိတော-ဟု ဆိုအပ်လျက် သုဏာတု မေ ဘန္တေ၊ အယံ ဓမ္မရက္ခိတော-ဟူ၍ ဆို၏၊ဤသို့ ဆိုသည်ရှိသော် သံဃာကို မသုံးသပ်သည် မည်၏၊ ထို့ကြောင့် ၎င်း၌....

သံဃဿ နာမံ နဂဏှာတိ၊ သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဓမ္မရက္ခိတောတိ ဝတ္တဗ္ဗေ သုဏာတု မေ ဘန္တေ၊ အယံ-ဓမ္မရက္ခိတော ဝဒတိ၊ ဧဝံ သံဃံ နပရာမသတိ။ ။ဟု-မိန့်၏။

အဋ္ဌကထာ- သံဃဿ-၏၊ နာမံ-အမည်ကို၊ န ဂဏှာတိ-မယူ၊ သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဓမ္မရက္ခိတောတိ-သုဏာတု မေ။ပ။ရက္ခိတော-ဟူ၍၊ ဝတ္တဗ္ဗေ-ဆိုအပ်လျက်၊ သုဏာတု မေ ဘန္တေ၊ အယံ ဓမ္မရက္ခိတောတိ-သုဏာတု မေ ဘန္တေ။ပ။ ရက္ခိတော-ဟူ၍၊ဝဒတိ-၏၊ ဧဝံ-ဤသို့ဆိုသည်ရှိသော်၊ သံဃံ-ကို၊ နပရာမသတိ-မသုံးသပ်သည် မည်၏။ ။ဟု လာ၏။

ပုဂ္ဂိုလ်ကို မသုံးသပ်ခြင်း မည်သည်ကား...အကြင်ပဥ္စင်းအဖြစ်ကို ငဲ့သော သူ၏ ဥပဇ္ဈာယ်သည် ထိုပုဂ္ဂိုလ်ကို မသုံးသပ်၊ ထိုပုဂ္ဂိုလ်၏ အမည်ကို မယူ၊ ထို့ကြောင့် ၎င်း၌-

ယဿ ဥပသမ္ပဒါပေက္ခဿ ဥပဇ္ဈာယော တံ န ပရာမသတိ၊ တဿ နာမံ န ဂဏှာတိ။ ။ဟု-မိန့်၏။

အဋ္ဌကထာ-ယဿ ဥပသမ္ပဒါပေက္ခဿ-အကြင် ပဥ္စင်းအဖြစ်ကို ငဲ့သော သူ၏၊ ဥပဇ္ဈာယော-သည်၊ တံ-ထိုပဥ္စင်းအဖြစ်ကို ငဲ့သောသူကို၊ နပရာမသတိ-မသုံးသပ်၊ တဿ-ထိုပုဂ္ဂိုလ်၏၊ နာမံ-ကို၊ နဂဏှာတိ-မယူ။ ။ဟု လာ၏။

ဉတ်ကို မသုံးသပ်ခြင်း မည်သည်ကား- အချင်းခပ်သိမ်း ဉတ်ကိုမသုံးသပ်၊ ဉတ်ကို မရွတ်၊ ဉတ္တိဒုတိယကံ၌ ဉတ်ကိုမထား၊ ကမ္မဝါစာကိုသာ နှစ်ကြိမ်ရွတ်၏။ ဉတ္တိစတုတ္ထကံ၌လည်း ဉတ်ကိုမထား၊ ကမ္မဝါစာကိုသာ လေးကြိမ်ရွတ်ဖတ်ခြင်းကို ပြု၏၊ ဤသို့ပြုခြင်းသည် ဉတ်ကို မသုံးသပ်သည် မည်၏။ ဤသို့သော အကြောင်းတို့ဖြင့် ဉတ်မှ ကံသည် ပျက်၏-ဟုမှတ်၊ ထို့ကြောင့် ဝိနိစ္ဆယ၌-

သဗ္ဗေနသဗ္ဗံ ဉတ္တိံ န ပရာမသတိ၊ ဉတ္တိဒုတိယကမ္မေ ဉတ္တိံ အဋ္ဌပေတွာ ဒွိက္ခတ္တုံ ကမ္မဝါစာယ ဧဝ အနုဿာဝနကမ္မံ ကရောတိ၊ ဉတ္တိံ စတုတ္ထကမ္မေ ဉတ္တိံ အဋ္ဌပေတွာ စတုက္ခတ္တုံ ကမ္မဝါစာယ ဧဝ အနုဿာဝနကမ္မံ ကရောတိ၊ ဧဝံ ဉတ္တိံ နပရာမသတိနာမ၊ ဣမေဟိ ကာရဏေဟိ ဉတ္တိတော ကမ္မာနိ ဝိပဇ္ဇန္တီတိ ဒဋ္ဌဗ္ဗံ။ ။ဟု-မိန့်၏။

အတ္ထကား–သဗ္ဗေနသဗ္ဗံ-အချင်းခပ်သိမ်း၊ ဉတ္တိံ-ဉတ်ကို၊ နပရာမသတိ-မသုံးသပ်၊ ဉတ္တိဒုတိယကမ္မေ-ဉတ္တိဒုတိယကံ၌၊ ဉတ္တိံ-ဉတ်ကို၊ အဌပေတွာ-မထားမူ၍၊ ဒွိက္ခတ္တုံ-နှစ်ကြိမ်၊ ကမ္မဝါစာယ ဧဝ-ကမ္မဝါစာဖြင့် သာလျှင်၊ အနုဿာဝနကမ္မံ-အနုဿာဝနကံကို၊ ကရောတိ-၏၊ ဉတ္တိစတုတ္ထ-ကမ္မေပိ-၌လည်း၊ ဉတ္တိံ-ကို၊ အဌပေတွာ-၍၊စတုက္ခတ္တုံ-လေးကြိမ်၊ ကမ္မ-ဝါစာယဧဝ-ဖြင့်သာလျှင်၊ အနုဿာဝနကမ္မံ-ကံကို၊ ကရောတိ-၏၊ ဧဝံ-သို့၊ ကရိယမာနေ-ပြုရာ၌၊ ဉတ္တိံ-ဉတ်ကို၊ နပရာမသတိနာမ - မသုံးသပ်သည် မည်၏၊ ဣမေဟိ ကာရဏေဟိ-ဤသို့သောအကြောင်းတို့ဖြင့်၊ ဉတ္တိ-တော-ဉတ်အားဖြင့်၊ ကမ္မာနိ-ကံတို့သည်၊ ဝိပဇ္ဇန္တိ-ပျက်ကုန်၏၊ ဣတိ-ဤသို့၊ ဒဌဗ္ဗံ-၏။ ။ဟု မိန့်၏။

အနုဿာဝန အားဖြင့် ကံပျက်ခြင်းမည်သည်ကား...ဝတ္ထု အစရှိသည်ကို မသုံးသပ်ခြင်းကို ဆိုအပ်ခဲ့ပြီးသော နည်းကိုမှီ၍ သိအပ်၏၊ သုဏာတု မေ ဘန္တေ သံဃော–ဟူ၍ ပဌမ အနုဿာဝန ကံဖြင့်လည်း တကြိမ် ရွတ်ပြီးလျှင် အဖျား၌ ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ၊ပ။တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ–ဟူ၍ ရွတ်၏၊ ဝတ္ထုကိုလည်း မသုံးသပ်၊ သံဃာကိုလည်း မသုံးသပ်၊ ပုဂ္ဂိုလ်ကိုလည်း မသုံးသပ်၊ အနုဿာဝနကံကို ယုတ်စေ၏၊ ဉတ္တိဒုတိယကံ၌ ဉတ်ကိုသာ နှစ်ကြိမ်ရွတ်၏၊ ဉတ္တိစတုတ္ထကံ၌ ဉတ်ကိုသာ လေးကြိမ်ရွတ်၏၊ အနုဿာ-ဝနကို ယုတ်စေ၏၊ အက္ခရာကို စွန့်ချန်၍ အက္ခရာပုဒ်ကိုလည်း မကောင်းသဖြင့် ရွတ်ခြင်းကို ပြု၏၊ ဤသို့ရွတ်ခြင်းသည် အနုဿာဝနကံကို ယုတ်စေသည်သာလျှင်တည်း၊ ဤကား အနုဿာဝန အားဖြင့် ကံပျက်ခြင်းကို သိအပ်၏၊ ထို့ကြောင့် ၎င်းဝိနိစ္ဆယ၌–

> အနုဿာဝနတော ဝိပတ္တိယံ ပန ဝတ္ထုအာဒီနိ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာနိ၊ သုဏာတု မေ ဘန္တေ သံဃောတိ ပဌမာနုဿာဝနာ-ယဝ ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ ။ပ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိတိ ဝဒတိ၊ ဝတ္ထုံ နပရာမသတိ၊သံဃံ န ပရာမသတိ၊ ပုဂ္ဂလံ နပရာမသတိ၊ အနုဿာဝနံ ဟာပေတိ၊ ဉတ္တိ ဒုတိယကမ္မေ ဒွိက္ခတ္တုံ ဉတ္တိမေဝ ဌပေတိ၊ ဉတ္တိစတုတ္ထကမ္မေ စတုက္ခတ္တုံ ဉတ္တိမေဝ ဌပေတိ၊ ဧဝံ အနုဿာဝနံ ဟာပေတိ၊ အက္ခရံဝါ ဆဍ္ဍေတိ၊ ပဒံဝါ ဒုရုတ္တံ ကရော-တိ၊ အယံပိ သာဝနံ ဟာပေတိယေဝ။ ဣဒံ အနုသာဝနတော ကမ္မံ ဝိပတ္တိ ဝေဒိတဗ္ဗာ။ ။ဟု–မိန့်၏။

အဏ္ဏကား- အနုသာဝနတော – အနုသာဝနအားဖြင့်၊ ဝိပတ္တိယံပန– ကံပျက်ခြင်း၌ကား၊ ဝတ္ထုအာဒီနိ-ဝတ္ထု အစရှိသည်တို့ကို၊ ဝုတ္တနယေနေဝ- ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သာလျှင်၊ ဝေဒိတဗ္ဗာနိ – သိအပ်ကုန်၏။ ။ သုဏာတု မေ ဘန္တေ သံဃောတိ-သုဏာတု မေ ။ပ။ သံဃောဟူ၍၊ ပဌမာ- အနုဿာဝနာ ယဝါ-ပဌမအနုဿာဝနကံဖြင့်လည်း၊ဒုတိယံပိ ဧတမတ္ထံ ဝဒါမိ ။ပ။တတိယံပိ ဧတမတ္ထံ ဝဒါမီတိ-မိဟူ၍၊ဝဒတိ-၏၊ ဝတ္ထုံ-ကို၊နပရာမသတိ- မသုံးသပ်၊ သံဃံ-ကို၊ နပရာမသတိ-မသုံးသပ်၊ ပုဂ္ဂလံ–ကို၊ နပရာမသတိ- မသုံးသပ်၊ အနုဿာဝနံ-ကမ္မဝါစာကို၊ ဟာပေတိ-ယုတ်စေ၏၊ ဥတ္တိဒုတိယ ကမ္မေ-၌၊ ဒွိက္ခတ္တုံ-နှစ်ကြိမ်၊ ဥတ္တိမေဝ-ဥတ်ကိုသာလျှင်၊ ဌပေတိ-ထား၏၊ ဥတ္တိစတုတ္ထကမ္မေ - ၌၊ စတုက္ခတ္တုံ - လေးကြိမ်၊ ဥတ္တိမေဝ – ကိုသာလျှင်၊ ဌပေတိ – ၏၊ အနုဿာဝနံ – အနုဿာဝနကံကို၊ ဟာပေတိ – ယုတ်စေ၏၊ အက္ခရံဝါ-အက္ခရာကိုလည်း၊ ဆဍ္ဍေတိ-စွန့်၏၊ ပဒံဝါ-ပုဒ်ကိုလည်း၊ ဒုရုတ္တံ- မကောင်းသော ရွတ်ခြင်းကို၊ ကရောတိ - ၏၊ အယံပိ - ဤသို့ရွတ်ခြင်းသည် လည်း၊ သာဝနံ-ကြားခြင်းကို၊ ဟာပေတိယေဝ – ယုတ်စေသည်သာလျှင် တည်း၊ ဣဒံ-ဤသည်ကား၊ အနုဿာဝနတော-အနုဿာဝန အားဖြင့်၊ ကမ္မ ဝိပတ္တိ-ကံပျက်ခြင်းကို၊ ဝေဒိတဗ္ဗာ-၏။

သိမ်အားဖြင့် အဘယ်သို့ ကံပျက်ခြင်းကို သိအပ်သနည်းဟူမူ – တဆယ့် တပါးသော သိမ်၏အခြင်းအရာအားဖြင့် ကံတို့သည် ပျက်ကုန်၏၊ ထို့ကြောင့် ပရိဝါပါဠိ ကမ္မဝဂ္ဂ၌–

ဧကာဒသဟိ အာကာရေဟိ သီမတော ကမ္မာနိ ဝိပဇ္ဇန္တိ။ ။ဟု- လာ၏။

အဏ္ဏကား– ဧကာဒသဟိ အာကာရေဟိ-တဆယ့် တပါးသော အခြင်း အရာ တို့ဖြင့်၊ သီမတော – သိမ်အားဖြင့်၊ ကမ္မာနိ – ကံတို့သည်၊ ဝိပဇ္ဇန္တိ– ပျက်ကုန်၏။

တဆယ့်တပါးသော သိမ် ဟူသည်ကား

၁ အလွန်ကျဉ်းသော နှစ်ကျိပ်တယောက်သော သံဃာတို့သည် မစည်း ဝေး လောက်သော အတိခုဒ္ဒကသိမ်။

၂ သုံးယူဇနာထက် တဆံချည်မျှ လွန်၍ သမုတ်သော အလွန်ကျယ် သော ဗဟိသီမေဋ္ဌိတ သိမ်။

၃ နိမိတ်မစပ် ပြတ်သောနိမိတ်ရှိသော ခဏ္ဍနိမိတ္တ သိမ်။
၄ တောင်ရိပ်စသော နိမိတ်ရှိသော ဆာယာနိမိတ္တသိမ်။
၅ နိမိတ်မကြားမူ၍ သမုတ်သော အနိမိတ္တသိမ်။
၆ နိမိတ်ကြားသည်၏အပ၌ တည်၍ သမုတ်သော ဗဟိသီမေဋ္ဌိတသိမ်။
၇ မသမုတ်ဘဲ ပကတိသိမ်ဖြစ်သော မြစ်ကို ကမ္မဝါစာဖြင့် သမုတ်ပြန်သော နဒီသမ္မုန္န သိမ်။
၈ ပကတိသိမ်ဖြစ်လျက် သမုဒ္ဒရာကို ကမ္မဝါစာဖြင့် သမုတ်ပြန်သော သမုဒ္ဒသမ္မုန္န သိမ်။
၉ ပကတိ သိမ်ဖြစ်သော အလိုလို ရောက်သော ဇာတသာရ အိုင်ကို သမုတ်ပြန်သော ဇာတသရသမ္မုန္နသိမ်။
၁၀ မိမိတို့၏သိမ်ဖြင့် သူတပါးသိမ်ကို တစိတ်တခြမ်း စပ်ရှက်၍ သမုတ်သော သမ္ဘေဒသိမ်။
၁၁ မိမိတို့၏သိမ်ဖြင့် သူတပါးသိမ်ကို တစိတ်တခြမ်း လွှမ်းမိုး၍ သမုတ်သော အဇ္ဈောတ္ထရသိမ်။

ဤတဆယ့်တပါးသော သိမ်၏ အခြင်းအရာအားဖြင့် သီမဝိပတ္တိကြောင့် ကံပျက်၏ဟု မှတ်၊ ထို့ကြောင့် ဋင်း၌–

> အတိခုဒ္ဒကံ သီမံ သမ္မန္နတိ၊အတိမဟတိံ သီမံ သမ္မန္နတိ၊ ခဏ္ဍနိမိတ္တံ သီမံ သမ္မန္နတိ၊ ဆာယာနိမိတ္တံ သီမံ သမ္မန္နတိ၊ အနိမိတ္တံ သီမံ သမ္မန္နတိ၊ ဗဟိသီမေ ဌိတော သီမံ သမ္မန္နတိ၊ နဒိယာ သီမံ သမ္မန္နတိ၊သမုဒ္ဒေ သီမံ သမ္မန္နတိ၊ဇာတသရေ သီမံ သမ္မန္နတိ၊သီမာယ သီမံ သမ္ဘိန္ဒတိ၊သီမာယ သီမံ အဇ္ဈောတ္ထရတိ၊ ဣမေဟိ ဧကာဒသဟိ အာကာရေဟိ သီမတော ကမ္မာနိ ဝိပဇ္ဇန္တိ။ ။ဟု-မိန့်၏။

အဋ္ဌကား- အတိခုဒ္ဒကံ – အလွန်ကျဉ်းသော၊ သီမံ-သိမ်ကို၊ သမ္မန္နတိ-သမုတ်၏၊ အတိမဟတိံ - အလွန်ကျယ်သော၊ သီမံ-ကို၊ သမ္မန္နတိ – ၏၊ ခဏ္ဍနိမိတ္တံ-နိမိတ်မစပ်သော၊ သီမံ-ကို၊ သမ္မန္နတိ-၏၊ ဆာယာနိမိတ္တံ-တောင်ရိပ်စသော နိမိတ်ရှိသော၊ သီမံ-ကို၊ သမ္မန္နတိ-၏၊ အနိမိတ္တံ–နိမိတ်ကိုမကြားမူ၍၊ သီမံ-ကို၊ သမ္မန္နတိ-၏၊ ဗဟိသီမေ-နိမိတ်ကြားသည်၏ အခြားမဲ့၌၊ ဝါ-အပ၌၊ ဌိတော-တည်လျက်၊ သီမံ – ကို၊ သမ္မန္နတိ–၏၊ နဒိယာ–မြစ်၌၊ သီမံ – ကို၊ သမ္မန္နတိ – ၏၊ သမုဒ္ဒေ–သမုဒ္ဒရာ၌၊ သီမံ–ကို၊ သမ္မန္နတိ–၏၊ ဇာတသရေ - အလိုလိုရောက်သော ထုံးအိုင်၌၊ သီမံ-ကို၊ သမ္မန္နတိ–၏၊

သီမာယ-မိမိသိမ်ဖြင့်၊ သီမံ-သူတပါးသိမ်ကို၊ သမ္ဘိန္ဒတိ-တစိတ်တခြမ်းစပ်၍ သမုတ်၏၊ သီမာယ-မိမိသိမ်ဖြင့်၊ သီမံ-သူတပါး၏ သိမ်ကို၊ အဇ္ဈောတ္ထရတိ-တစိတ်တခြမ်းလွှမ်းမိုး၍ သမုတ်၏၊ ဣတိ-သို့၊ ဣမေဟိ ကောဒသဟိ အာကာ-ရေဟိ-ဤတဆယ့်တပါးသော အခြင်းအရာတို့ဖြင့်၊ သီမတော-သိမ်အားဖြင့်၊ ကမ္မာနိ-တို့ကို၊ ဝိပဇ္ဇန္တိ-ပျက်ကုန်၏။ ။ဟု မှတ်။

ပရိသဝိပတ္တိ ဟူသည်ကား-ဤသာသနာတော်တွင်း၌ ဝဂ်ဖြစ်သော သံဃာသည် ငါးပါးအပြားရှိ၏၊ ငါးပါး ဟူသည်ကား-လေးယောက်အစုရှိသော စတုဝဂ္ဂ သံဃာဂိုဏ်း, ငါးယောက် အစုရှိသော ပဉ္စဝဂ္ဂ သံဃာဂိုဏ်း, တကျိပ် အစုရှိသော ဒသဝဂ္ဂ သံဃာဂိုဏ်း, နှစ်ကျိပ်အစုရှိသော ဝီသတိဝဂ္ဂ သံဃာဂိုဏ်း, နှစ်ကျိပ်ထက်အလွန် အစုရှိသော အတိရေကဝီသတိဝဂ္ဂ သံဃာဂိုဏ်း ဤသို့ အားဖြင့် ငါးပါး အပြားရှိ၏ - ဟု မှတ်၊ ထို့ကြောင့် မဟာဝါပါဠိ စမ္ပေယျက္ခန္ဓက၌-

> ပဉ္စ သံဃာ၊ စတုဝဂ္ဂေါ ဘိက္ခုသံဃော၊ ပဉ္စဝဂ္ဂေါ ဘိက္ခုသံဃော၊ ဒသဝဂ္ဂေါ ဘိက္ခုသံဃော၊ ဝီသတိဝဂ္ဂေါ ဘိက္ခုသံဃော၊ အတိရေက ဝီသတိဝဂ္ဂေါ ဘိက္ခုသံဃော။ ။ဟု-မိန့်၏။

အဓိပ္ပါယ်ကား- ဣဓ-ဤသာသနာတော်၌၊ စတုဝဂ္ဂေါ-လေးယောက် အစုရှိသော၊ ဘိက္ခုသံဃော-ရဟန်းသံဃာဂိုဏ်း၊ ပဉ္စဝဂ္ဂေါ-ငါးယောက် အစုရှိသော၊ ဘိက္ခုသံဃော-ဂိုဏ်း၊ ဒသဝဂ္ဂေါ-တကျိပ် အစုရှိသော၊ ဘိက္ခုသံဃော-ဂိုဏ်း၊ ဝီသတိဝဂ္ဂေါ-နှစ်ကျိပ်အစုရှိသော၊ ဘိက္ခုသံဃော-ဂိုဏ်း၊ အတိရေကဝီသတိဝဂ္ဂေါ-နှစ်ကျိပ်ထက် အလွန် အစုရှိသော၊ ဘိက္ခုသံဃော-ဂိုဏ်း၊ ဣတိ-သို့၊ သံဃာ-တို့သည်၊ ပဉ္စ-ငါးပါး အပြားရှိကုန်၏။

ထို ငါးစုသော သံဃာတို့တွင် လေးယောက် အစုရှိသော အကြင်သံဃာသည် ဥပသမ္ပဒကံ, ပဝါရဏာကံ, အဗ္ဘာနကံ ဤသုံးပါးသော ကံတို့ကိုထား၍ ဓမ္မကံဖြင့် ညီညွတ်သော သံဃာသည် ခပ်သိမ်းသော ကံတို့၌ ကံအား လျော်ကပ်ကုန်၏၊ တယောက်မျှ ယုတ်မူ ကံပျက်၏-ဟု မှတ်၊ ထို့ကြောင့် မဟာဝါပါဠိ စမ္ပေယျက္ခန္ဓက၌-

> တတြ ဘိက္ခဝေ ယွာယံ စတုဝဂ္ဂေါ ဘိက္ခုသံဃော ဌပေတွာ တီဏိ ကမ္မာနိ ဥပသမ္ပဒံ ပဝါရဏံ အဗ္ဘာနံ ဓမ္မေန သမဂ္ဂေါ သဗ္ဗ-ကမ္မေသု ကမ္မပ္ပတ္တော။ ။ဟု-မိန့်၏။

အတ္ထကား- ဘိက္ခဝေ-တို့၊ တတြ-ထိုငါးစုသော သံဃာတို့တွင်၊ စတု-ဝဂ္ဂေါ - လေးယောက်အစုရှိသော၊ ယွာယံ - ယောအယံ ဘိက္ခုသံဃော-အကြင် ရဟန်းသံဃာသည်၊ ဥပသမ္ပဒဉ္စ - ဥပသမ္ပဒကံကိုရင်း၊ ပဝါရဏဉ္စ-ပဝါရဏာကံကိုရင်း၊ အဗ္ဘာနဉ္စ-အဗ္ဘာန ကံကိုရင်း၊ တီဏိ ကမ္မာနိ-သုံးပါး ကုန်သော ကံတို့ကို၊ ဌပေတွာ-ထား၍၊ ဓမ္မေန-ဓမ္မကံဖြင့်၊ သမဂ္ဂေါ-ညီညွတ် သော သံဃာသည်၊ သဗ္ဗကမ္မေသု-ခပ်သိမ်းသော ကံတို့၌၊ ကမ္မပ္ပတ္တော-ကံ အားလျောက်ပတ်၏။ ။ဟု လာ၏။

ငါးယောက်အစုရှိသော သံဃာသည် မဇ္ဈိမဒေသ ဇနပုဒ်၌ ဥပသမ္ပဒကံကို ရင်း အဗ္ဘာနကံကိုရင်း ထား၍ ဓမ္မကံဖြင့် ညီညွတ်သော သံဃာသည် ခပ် သိမ်းသော ကံတို့၌ ကံအားလျောက်ပတ်၏-ဟု မှတ်၊ ထိုကြောင့် ရင်း၌-

ယွာယံ ပဉ္စဝဂ္ဂေါ ဘိက္ခုသံဃော ဌပေတွာ ဒွေကမ္မာနိ မဇ္ဈိမေသု ဇနပဒေသု ဥပသမ္ပဒံ အဗ္ဘာနံ ဓမ္မေန သမဂ္ဂေါ သဗ္ဗကမ္မေသု ကမ္မပ္ပတ္တော။ ။ဟု-မိန့်၏။

အတ္ထကား- ပဉ္စဝဂ္ဂေါ - ငါးယောက် အစုရှိသော၊ ယွာယံ ယောအယံ-ဘိက္ခုသံဃော-သည်၊ မဇ္ဈိမေသု - မဇ္ဈိမဒေသ ဖြစ်ကုန်သော၊ ဇနပဒေသု-ဇနပုဒ်တို့၌၊ ဥပသမ္ပဒဉ္စ-ကိုရင်း၊ အဗ္ဘာနဉ္စ-ကိုရင်း၊ ဒွေကမ္မာနိ-နှစ်ပါးကုန် သော ကံတို့ကို၊ ဌပေတွာ - ထား၍၊ ဓမ္မေန - ဓမ္မကံဖြင့်၊ သမဂ္ဂေါ-ညီညွတ် သော သံဃာသည်၊ သဗ္ဗကမ္မေသု - တို့၌၊ ကမ္မပ္ပတ္တော-ကံအားလျောက်ပတ် ၏။ ။ဟု-မိန့်၏။

တကျိပ်အစုရှိသော အကြင်ရဟန်း သံဃာသည် အဗ္ဘာနကံ တပါးကို ထား၍ ဓမ္မကံဖြင့် ညီညွတ်သော ရဟန်းသံဃာသည် ခပ်သိမ်းသော ကံတို့၌ ကံအား လျောက်ပတ်ကုန်၏-ဟု မှတ်၊ ထိုကြောင့် ရင်း၌-

ယွာယံ ဒသဝဂ္ဂေါ ဘိက္ခုသံဃော ဌပေတွာ ဧကံ ကမ္မံ အဗ္ဘာနံ ဓမ္မေန သမဂ္ဂေါ သဗ္ဗကမ္မေသု ကမ္မပ္ပတ္တော။ ။ဟု-မိန့်၏။

အတ္ထကား- ဒသဝဂ္ဂေါ-တကျိပ်အစုရှိသော၊ ယွာယံ ယောအယံ ဘိက္ခု သံဃော-သည်၊ ဧကံ-တခုသော၊ အဗ္ဘာနံ-အဗ္ဘာနကံကို၊ ဌပေတွာ-ထား၍၊ ဓမ္မေန-ဖြင့်၊ သမဂ္ဂေါ-ညီညွတ်သော သံဃာသည်၊ သဗ္ဗကမ္မေသု-ခပ်သိမ်း သော ကံတို့၌၊ ကမ္မပ္ပတ္တော-၏။ ။ဟု-လာ၏။

နှစ်ကျိပ် အစုအရှိသော အကြင် ရဟန်းသံဃာသည် ဓမ္မကံဖြင့် ညီညွတ်သော သံဃာသည် အလုံးစုံသောကံတို့၌ ကံအား လျှောက်ပတ်ကုန်၏။ ။ ထိုကြောင့် ၎င်း၌ပင်–

ယွာယံ ဝီသတိဝဂ္ဂေါ ဘိက္ခုသံဃော ဓမ္မေန သမဂ္ဂေါ သဗ္ဗကမ္မေ-
သု ကမ္မပ္ပတ္တော။ ။ဟု-မိန့်၏။

အဋ္ဌကား-ဝီသတိဝဂ္ဂေါ - နှစ်ကျိပ် အစုရှိသော၊ ယွာယံ ယောအယံ ဘိက္ခုသံဃော-သည်၊ ဓမ္မေန-ဖြင့်၊ သမဂ္ဂေါ-သည်၊ သဗ္ဗကမ္မေသု-တို့၌၊ ကမ္မပ္ပတ္တော–၏။

နှစ်ကျိပ်ထက် လွန်သော အစုရှိသော သံဃာသည် ၎င်းနည်းပင် မအပ်သော ကံမည်သည် မရှိ၊ကံအားလျှောက်ပတ်သည်လျှင် ကတည်း၊တယောက်မျှ ယုတ်မူ ကံပျက်၏၊ အတိရေက ဝီသတိကံမှာ နှစ်ကျိပ်က လွန်သမျှ သံဃာကို အတိရေကဝီသတိဟု ဆိုသည်၊ ဤကား–ပရိသဝိပတ္တိ မည်၏ဟုမှတ်။

၅၁–သမ္ပတ္တိငါးပါး ဟူသည်ကား

ဝတ္ထုသမ္ပတ္တိ၊ဉတ္တိသမ္ပတ္တိ၊ကမ္မဝါစာသမ္ပတ္တိ၊ သီမသမ္ပတ္တိ၊ ပရိသသမ္ပတ္တိ-ဟု ငါးပါးအပြားရှိ၏၊ထိုငါးပါးတို့တွင် ယခင်ဆိုခဲ့ပြီးသော ဝတ္ထုဝိပတ္တိမဖြစ်မူ၍ ဝတ္ထုပြည့်စုံခြင်းသည် ဝတ္ထုသမ္ပတ္တိမည်၏၊ ဉတ္တိဝိပတ္တိ မဖြစ်မူ၍ ဉတ်၏ ပြည့်စုံခြင်းသည် ဉတ္တိသမ္ပတ္တိ မည်၏၊ ကမ္မဝါစာ ဝိပတ္တိ မဖြစ်မူ၍ ကမ္မစာ၏ ပြည့်စုံခြင်းသည် ကမ္မဝါစာ သမ္ပတ္တိမည်၏၊ သီမဝိပတ္တိ မဖြစ်မူ၍ သိမ်၏ ပြည့်စုံခြင်းသည် သီမသမ္ပတ္တိ မည်၏၊ ပရိသ ဝိပတ္တိ မဖြစ်မူ၍ ပရိသတ်၏ ပြည့်စုံခြင်းသည် ပရိသသမ္ပတ္တိ မည်၏ဟု မှတ်ရမည်၊ ဤကား–ဝိပတ္တိ သမ္ပတ္တိတို့ကို ဆိုရာ ဆိုကြောင်းနည်းကို သိက္ခာသုံးပါးကို အလိုရှိသော အမျိုးသား ရဟန်းတို့သည် မပြတ်မှတ်သား ကြည့်ရှု ကသိုဏ်းပြုကြပါကုန်။

၅၂-ရှိမခိုးရာသော ပုဂ္ဂိုလ် ဟူသည်ကား

ဥက္ခိတ္တက ရဟန်း၊ လူ၊ သာမဏေ၊ နာနာသံဝါသက ရဟန်း၊ မိန်းမ၊ ဝါငယ်သော ရဟန်း၊ သံဃာဒိသိသ်သို့ ရောက်ပြီးသော ရဟန်း၊ ပဏ္ဍုက် ဤသူတို့ကို ရှိမခိုးအပ်ဟု မှတ်၊ ထို့ကြောင့် ခုဒ္ဒသိက္ခာ၌-

ဥက္ခိတ္တာနုပသမ္ပန္န-နာနာသံဝါသ ဇုတ္ထိယော၊
နဝေါစ ဂရုကဋ္ဌောစ၊ ပဏ္ဍကောစ အဝန္ဒိယာ။ ။ဟု–မိန့်၏။

အတ္ထကား- ဥက္ခိတ္တာနုပသမ္ပန္နံ နာနာသံဝါသ ဣတ္ထိယောဝ-ဥက္ခိတ္တက သုံးယောက်, ပဉ္စင်းမဟုတ်သော သာမဏေ, လူ, နာနာသံဝါသက ရဟန်း, မိန်းမတို့ကိုရင်း၊ နဝေါ စ-ဝါငယ်သော ရဟန်းကိုရင်း၊ ဂရုကဋ္ဌောစ- သံဃာဒိသိသ်၌တည်သော ရဟန်းကိုရင်း၊ပဏ္ဍကောစ-ပဏ္ဍုက်ကိုရင်း၊အဝန္ဒိ- ယာ-ရှိမခိုးအပ်ကုန်-ဟု မှတ်။ ။ပြီး၏။

၅၃-ကုလဒူသက ရှစ်ပါး ဟူသည်ကား

ကုလဒူသကောတိ ကူလာနိ ဒူသေတိ ပုပ္ဖေနဝါ ဖလေနဝါ စုဏ္ဏေနဝါ မတ္တိကာယဝါ ဒန္တကဋ္ဌေနဝါ ဝေဠုယာဝါ ဝေဇ္ဇိကာယ ဝါ ဇင်္ဃပေသနိကေနဝါ။ ။ဟု-ပါရာဇိကပါဠိ၌ လာ၏။

အတ္ထကား- ကူလဒူသကောတိ - ကူလဒူသက ဟူသည်ကား၊ ပုပ္ဖေနဝါ- ပန်းပေးသဖြင့်ရင်း၊ ဖလေနဝါ-သစ်သီးပေးသဖြင့်ရင်း၊ စုဏ္ဏေနဝါ-ကသယ် မှုန့် ပေးသဖြင့်ရင်း၊ မတ္တိကာယဝါ - မြေဖြူ မြေဝါ မြေစိုင် ပေးသဖြင့်ရင်း၊ ဒန္တကဋ္ဌေနဝါ-ဒန်ပူပေးသဖြင့်ရင်း၊ ဝေဠုယာဝါ-ဝါးပေးသဖြင့်ရင်း၊ ဝေဇ္ဇိ- ကာယဝါ - ဆေးကုသဖြင့်ရင်း၊ ဇင်္ဃပေသနိကေနဝါ-အစေအပါး ခံသဖြင့် ရင်း၊ ကုလာနိ-ဒါယကာတို့၏ သဒ္ဓါစေတနာတို့ကို၊ ဒူသေတိ-ဖျက်ဆီး၏။

ဟူသော (ပါရာဇိက ပါဠိ) ကူလဒူသက သိက္ခာပုဒ်နှင့်အညီ ပန်းပေးခြင်း, သစ်သီး ပေးခြင်း, ကသယ်မှုန့် ပေးခြင်း, မြေဖြူ မြေဝါ မြေစိုင် ပေးခြင်း, ဒန်ပူပေးခြင်း, ဝါးပေးခြင်း, ဆေးကုခြင်း, အစေအပါးခံခြင်း-ဤ ရှစ်ပါး တည်းဟု မှတ်၊ ဤကား ကူလဒူသက ရှစ်ပါးတည်း။ ။ပြီး၏။

၅၄-အနေသန နှစ်ဆယ့်တပါး ဟူသည်ကား

ကောဝီသတိ အနေသနံနာမ ဝေဠုဒါနံ ပဏ္ဏဒါနံ ပုပ္ဖဒါနံ ဖလ ဒါနံ ဒန္တကဋ္ဌဒါနံ မုခေါဒကဒါနံ သိသနှာနဒါနံ စုဏ္ဏဒါနံ မတ္တိကာ ဒါနံ စာတုကမျတံ မုဂ္ဂသူပျတံ ပါရိဘဋျတံ ဇင်္ဃပေသနိယကမ္မံ ဝေဇ္ဇကမ္မံ ဒူတကမ္မံ ပဟိဏဂမနံ ပိဏ္ဍပဋိပိဏ္ဍဒါနံ အနုပ္ပဒါနံ ဝတ္ထုဝိဇ္ဇံ နက္ခတ္တဝိဇ္ဇံ အင်္ဂဝိဇ္ဇန္တိ။ ။ဟု-သိက္ခာပဒဝလဉ္စနီ၌လာ၏။

အတ္ထကား- ကောဝီသတိ အနေသနံနာမ-နှစ်ဆယ့်တပါးသော ် နေသန မည်သည်ကား၊ ဝေဠုဒါနံ - ဝါးပေးခြင်းရင်း၊ ပဏ္ဏဒါနံ - သစ်ရွက်ပေးခြင်း ရင်း၊ ပုပ္ဖဒါနံ-ပန်းပေးခြင်းရင်း၊ ဖလဒါနံ-သစ်သီးပေးခြင်းရင်း၊ ဒန္တကဋ္ဌ-

ဒါနံ – ဒန်ပူ ပေးခြင်းငှင်း၊ မုခေါဒကဒါနံ – မျက်နှာသစ်ရေ ပေးခြင်းငှင်း၊ သိသန္နာနဒါနံ - ဦးခေါင်းဆေးရေ ချိုးရေ ပေးခြင်းငှင်း၊ စုဏ္ဏဒါနံ ကသယ်မှုန့် ပေးခြင်းငှင်း၊ မတ္တိကာဒါနံ-မြေဖြူ မြေဝါ မြေစိုင် ပေးခြင်းငှင်း၊ စာတုကမျတံ-မိမိကိုယ်ကိုနှိမ့်ချ၍ ဒါယကာတို့ကို ချီးမြှင့်၍ ဆိုခြင်းငှင်း၊မုဂ္ဂသူပျတံ-ပဲနောက်ဟင်းကဲ့သို့ မမှန်တချက် မှန်တချက် ဆိုခြင်းငှင်း၊ ပါရိဘဋျတံ-ရှာသူသားငယ်တို့အား ချီပိုး ထိန်းယခြင်းငှင်း၊ ဇင်္ဃပေသနိယံ-အိမ်တပါးမှ အိမ်တပါးသို့ အခစေအပါးခံခြင်းငှင်း၊ ဝေဇ္ဇကမ္မံ-ဆေးကုခြင်းငှင်း၊ဒူတကမ္မံ-တမန်အမှုကို ပြုခြင်းငှင်း၊ ပဟိဏဂမနံ - အစေအပါး ခံခြင်းငှင်း၊ ပိဏ္ဍပဋိ-ပိဏ္ဍဒါနံ-ဆွမ်းကို ဆွမ်းတုံ့ ပေးခြင်းငှင်း၊ အနုပ္ပဒါနံ-လင်ကို ဝှဲ၍ တန်ဆိုး ပေးခြင်းငှင်း၊ ဝတ္ထုဝိဇ္ဇံ – အိမ်ခင်း အိမ်ရာကို ကြားခြင်းငှင်း၊ နက္ခတ္တဝိဇ္ဇံ-နက္ခတ်ကို ကြားခြင်းငှင်း၊ အင်္ဂဝိဇ္ဇံ-အင်္ဂါကြီးငယ် ကြန်အင်လက္ခဏာ ဖတ်ခြင်းငှင်း၊ ဣတိ-ဤသို့၊ ဧကဝီသတိ-နှစ်ဆယ့်တပါးတို့သည်၊ ဟောန္တိ–ကုန်၏။

ဝါးပေးခြင်း၊ သစ်ရွက်ပေးခြင်း၊ပန်းပေးခြင်း၊သစ်သီးပေးခြင်း၊ ဒန်ပူပေးခြင်း၊ မျက်နှာသစ်ရေပေးခြင်း၊ ဦးခေါင်းဆေးရေ, ချိုးရေပေးခြင်း၊ ကသယ်မှုန့်ပေးခြင်း၊ မြေဖြူ, မြေဝါ, မြေစိုင်ပေးခြင်း၊ မိမိကိုယ်ကိုနှိမ့်ချ၍ ဒါယကာတို့ကို ချီးမြှင့်၍ ဆိုခြင်း၊ ပဲနောက်ဟင်းကဲ့သို့ မမှန်တချက် မှန်တချက်ဆိုခြင်း၊ ရှာသူ သားငယ်တို့အား ချီပိုး ထိန်းယခြင်း၊ အိမ်တပါးမှ အိမ်တပါးသို့ အခစေအပါး ခံခြင်း၊ ဆေးကုခြင်း၊ တမန်အမှုကို ပြုခြင်း၊ လယ်ဇစရှိသော အပသို့ အစေအပါးခံခြင်း၊ ဆွမ်းကို ဆွမ်းတုံ့ပေးခြင်း၊ လင်ကိုဝှဲ၍ တန်ဆိုး ပေးခြင်း၊ အိမ်ခင်း, အိမ်ရာကြားခြင်း၊ နက္ခတ်ကို ကြားခြင်း၊ အင်္ဂါကြီး, ငယ် ကြန်အင်လက္ခဏာကို ဖတ်ခြင်း ဤ နှစ်ဆယ့်တပါးသည် မရှာမှီးအပ်သောကြောင့် အနေသန နှစ်ဆယ့်တပါးမည်၏ဟု မှတ်။

၅၅–သမုဋ္ဌာန် တေရသ ဟူသည်ကား

ပဌမ ပါရာဇိကသမုဋ္ဌာန်၊ အဒိန္နာဒါန သမုဋ္ဌာန်၊ သဉ္စရိတ္တ သမုဋ္ဌာန်၊ သမနုဘာသနာ သမုဋ္ဌာန်၊ ကထိန သမုဋ္ဌာန်၊ ဧဠကလောမ သမုဋ္ဌာန်၊ ပဒသောဓမ္မသမုဋ္ဌာန်၊ အဒ္ဓါနသမုဋ္ဌာန်၊ ထေယျသတ္ထ သမုဋ္ဌာန်၊ ဓမ္မဒေသနာ သမုဋ္ဌာန်၊ ဘူတာရောစန သမုဋ္ဌာန်၊ စောရိဝုဋ္ဌာပန သမုဋ္ဌာန်၊ အနနုညာတ သမုဋ္ဌာန်-ဟူ၍ တဆယ့်သုံးပါးတည်း၊ဤတဆယ့်သုံးပါးတို့တွင် စောရိဝုဋ္ဌာပန သမုဋ္ဌာန်, အနနုညာတ သမုဋ္ဌာန် ဤနှစ်ပါးတို့ကား ဘိက္ခုနီ ဝိဘင်း၌ လာ၏ ခိုးသူမကိုရဟန်းပြုသောကြောင့် ဖြစ်သောအာပတ်သည်လျှင် စောရိ-

ဝုဋ္ဌာပန သမုဋ္ဌာန်ရှိသော အာပတ်မည်၏၊လင် ခွင့်မပြုသော မိန်းမကို ရဟန်း ပြုခြင်းကြောင့် သင့်သော အာပတ်သည် အနနုညာတ သမုဋ္ဌာန် ရှိသော အာပတ် မည်၏၊ ဤသမုဋ္ဌာန် နှစ်ပါးမှ တပါးသော တဆယ့် တပါးကား ဘိက္ခုဝိဘင်း၌ လာ၏၊ အကျယ်ကို သိလိုမူကား-ပရိဝါပါဠိ၌ သမုဋ္ဌာန ဝါရ အစရှိသည်ကို အတန်တလဲလဲ ရှုလေ။

ထို တဆယ့်သုံးပါးသော သမုဋ္ဌာန်ရှိသော အာပတ်တို့တွင် အကြင် အာပတ်သည် ကိုယ်,စိတ်ကြောင့် ဖြစ်၏၊ ဤအာပတ်သည် ပဌမ ပါရာဇိက သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန် ရှိသော အာပတ်မည်၏ဟု မှတ်အပ်၏၊ထို့ကြောင့်- ကင်္ခါဝိတရဏီ၌....

> တတ္ထ ယာ ကာယစိတ္တတော သမုဋ္ဌာတိ၊ အယံ ပဌမပါရာဇိက-သမုဋ္ဌာနာ နာမ။ ။ဟု ဆို၏။

အတ္ထကား- တတ္ထ-ထို တဆယ့်သုံးပါးသော သမုဋ္ဌာန် ရှိကုန်သော အာပတ်တို့တွင်၊ယာအပတ္တိ-အကြင် အာပတ်သည်၊ကာယစိတ္တတော-ကိုယ်,စိတ်ကြောင့်၊ သမုဋ္ဌာတိ-ဖြစ်၏၊ အယံ အာပတ္တိ-ဤ အာပတ်သည်၊ ပဌမပါရာ-ဇိက သမုဋ္ဌာနာ နာမ-ပဌမပါရာဇိက သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ် မည်၏။ ။ဟု မှတ်။

အကြင်အာပတ်သည် သစိတ္တက အာပတ်ဖြစ်ကုန်သော ကာယစိတ္တ, ဝါစာစိတ္တ, ကာယဝါစာ စိတ္တ-တည်းဟူသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်၏၊ ဤသို့ဖြစ်သော အာပတ်သည် အဒိန္နာဒါန သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ်မည်၏။ ။ဟု မှတ်ရမည်။ ထို့ကြောင့် ကင်္ခါ၌....

> ယာ သစိတ္တကေဟိ တီဟိ သမုဋ္ဌာနေဟိ သမုဋ္ဌာတိ၊ အယံ အဒိန္နာဒါန သမုဋ္ဌာနာ နာမ၊ ၊ဟု မှတ်အပ်၏။

အတ္ထကား- ယာအတ္တိ-အကြင်အာပတ်သည်၊ သစိတ္တကေဟိ-သစိတ္တက ဖြစ်ကုန်သော၊ တီဟိ-သုံးပါးကုန်သော၊ သမုဋ္ဌာနေဟိ-သမုဋ္ဌာန်တို့ကြောင့်၊ သမုဋ္ဌာတိ-ဖြစ်၏၊ အယံအာပတ္တိ-ဤအာပတ်သည်၊ အဒိန္နာဒါန သမုဋ္ဌာနာ-နာမ-အဒိန္နာဒါန် သိက္ခာပုဒ်ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ်မည်၏။ ။ဟု မှတ်ရမည်၊

အကြင် အာပတ်သည် ကိုယ်ကြောင့်၊ နှုတ်ကြောင့်၊ ကိုယ်,နှုတ်ကြောင့်၊ ကိုယ်, စိတ်ကြောင့်၊ နှုတ်, စိတ်ကြောင့်၊ ကိုယ်, နှုတ်, စိတ်ကြောင့် ဤခြောက်

ပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်၏၊ ဤအာပတ်သည် သဥ္စရိတ္တ သိက္ခာပုဒ် သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ်မည်၏ဟု မှတ်ရမည်၊ ထို့ကြောင့် ကခ်ါ၌.... .

ယာ ဆဟိ သမုဋ္ဌာတိ၊ အယံ သဉ္စရိတ္တ သမုဋ္ဌာနာ နာမ။ ။ဟု ဆို၏။

အတ္ထကား-ယာ အာပတ္တိ-အကြင်အာပတ်သည်၊ ဆဟိ-ကာယ၊ဝါစာ၊ ကာယ,ဝါစာ၊ ကာယ,စိတ္တ၊ ဝါစာ,စိတ္တ၊ ကာယ, ဝါစာ,စိတ္တ-ဟု ဆို အပ်ကုန်သော ခြောက်ပါးကုန်သော သမုဋ္ဌာန်တို့ကြောင့်၊ သမုဋ္ဌာတိ-ဖြစ်၏၊ အယံအာပတ္တိ-ဤအာပတ်သည်၊ သဉ္စရိတ္တသမုဋ္ဌာနာနာမ-သဉ္စရိတ္တ သမုဋ္ဌာန် ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ်မည်၏။ ။ဟု မှတ်။

အကြင် အာပတ်သည် ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော သမုဋ္ဌာန် ကြောင့်သာလျှင်ဖြစ်၏၊ဤအာပတ်သည် သမနုဘာသနသိက္ခာပုဒ်၌ သမုဋ္ဌာန် ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ်မည်၏ဟု မှတ်ရမည်။ ။ထို့ကြောင့် ကခ်ါ ကျမ်း၌-

ယာ ဆဋ္ဌေနေဝ သမုဋ္ဌာတိ၊ အယံ သမနုဘာသန သမုဋ္ဌာနာနာမ၊ ဟု-ဆို၏။

အတ္ထကား- ယာအာပတ္တိ - အကြင် အာပတ်သည်၊ ဆဋ္ဌေနေဝ-ခြောက်ခု တို့၏ ပြည့်ကြောင်း ဖြစ်သော သမုဋ္ဌာန်ကြောင့်သာလျှင်၊ သမုဋ္ဌာတိ-ဖြစ်၏၊ အယံ အာပတ္တိ-သည်၊ သမနုဘာသန သမုဋ္ဌာနာနာမ-သမနုဘာသန သိက္ခာ ပုဒ်၌ သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ်မည်၏ဟု မှတ်အပ်၏။

အကြင်အာပတ်သည် ကာယဝါစာ သမုဋ္ဌာန်,ကာယဝါစာ စိတ္တသမုဋ္ဌာန် တို့ကြောင့် ဖြစ်ကုန်၏၊ ဤအာပတ်သည် ကထိနသမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန်ရှိ သော အာပတ်မည်ကုန်၏ဟု မှတ်ရမည်။ ။ထို့ကြောင့် ကခ်ါ၌-

ယာ တတိယဆဋ္ဌေဟိ သမုဋ္ဌာတိ၊ အယံ ကထိနသမုဋ္ဌာနာနာမ ဟု-ဆို၏။

အတ္ထကား- ယာ အာပတ္တိ - သည်၊ တတိယဆဋ္ဌေဟိ - သုံးခုတို့၏ ပြည့် ကြောင်း, ခြောက်ခုတို့၏ ပြည့်ကြောင်း ဖြစ်ကုန်သော သမုဋ္ဌာန်တို့ကြောင့်၊ သမုဋ္ဌာတိ-၏၊ အယံ အာပတ္တိ-သည်၊ ကထိနသမုဋ္ဌာနာနာမ-ကထိန သိက္ခာ ပုဒ် သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ်မည်ကုန်၏။ ။ဟု မှတ်ရမည်။

အကြင်အာပတ်သည် ကာယသမုဋ္ဌာန်, ကာယစိတ္တသမုဋ္ဌာန်တို့ကြောင့် ဖြစ်၏၊ ဤအာပတ်သည် ဧဠကလောမ သိက္ခာပုဒ် သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ်မည်၏ဟု မှတ်ရမည်။ ။ထို့ကြောင့် ကန်္ခါ၌-

ယာ ပဌမစတုတ္ထေဟိ သမုဋ္ဌာတိ၊အယံ ဧဠကလောမ သမုဋ္ဌာနာ-နာမ။ ။ဟု-မိန့်၏။

အတ္ထကား- ယာ အာပတ္တိ-သည်၊ ပဌမစတုတ္ထေဟိ-ပဌမသမုဋ္ဌာန်,စတုတ္ထ သမုဋ္ဌာန်တို့ကြောင့်၊ သမုဋ္ဌာတိ - ၏၊ အယံအာပတ္တိ-သည်၊ ဧဠကလောမ သမုဋ္ဌာနာနာမ - ဧဠကလောမ သိက္ခာပုဒ် သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ်မည်ကုန်၏။ ။ဟု မှတ်။

အကြင်အာပတ်သည် ဝါစာသမုဋ္ဌာန်, ဝါစာစိတ္တ သမုဋ္ဌာန်တို့ကြောင့် ဖြစ်၏၊ ဤအာပတ်သည် ပဒသောဓမ္မ သိက္ခာပုဒ်၏ သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန် ရှိသော အာပတ်မည်၏-ဟု မှတ်ရမည်။ ထို့ကြောင့် ကန်္ခါ၌-

ယာ ဒုတိယပဉ္စမေဟိ သမုဋ္ဌာတိ၊ အယံ ပဒသောဓမ္မ သမုဋ္ဌာနာ-နာမ။ ။ဟု-မိန့်၏။

အတ္ထကား- ယာအာပတ္တိ-သည်၊ ဒုတိယပဉ္စမေဟိ-ဒုတိယသမုဋ္ဌာန် ပဉ္စမ သမုဋ္ဌာန်တို့ကြောင့်၊ သမုဋ္ဌာတိ-၏၊ အယံ အာပတ္တိ-သည်၊ ပဒသော ဓမ္မ သမုဋ္ဌာနာနာမ - ပဒသော ဓမ္မသိက္ခာပုဒ် သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန် ရှိသော အာပတ်မည်ကုန်၏။ ။ဟု-မှတ်လေ။

အကြင်အာပတ်သည် ကာယသမုဋ္ဌာန်, ကာယဝါစာ သမုဋ္ဌာန်, ကာယ စိတ္တ သမုဋ္ဌာန်, ကာယဝါစာစိတ္တ သမုဋ္ဌာန်ဟူသော ပဌမ သမုဋ္ဌာန်, တတိယ သမုဋ္ဌာန်, စတုတ္ထ သမုဋ္ဌာန်, ဆဋ္ဌသမုဋ္ဌာန်တို့ကြောင့် ဖြစ်၏၊ ဤအာပတ် သည် အဒ္ဓါနသိက္ခာပုဒ်၏ သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ်မည်၏ဟု မှတ်ရမည်။ ထို့ကြောင့် ကန်္ခါ၌-

ယာ ပဌမ တတိယ စတုတ္ထ ဆဋ္ဌေဟိ သမုဋ္ဌာတိ၊ အယံ အဒ္ဓါန သမုဋ္ဌာနာနာမ။ ။ဟု-မိန့်၏။

အတ္ထကား-ယာအာပတ္တိ-သည်၊ပဌမ တတိယ စတုတ္ထ ဆဋ္ဌေဟိ-ပဌမ သမုဋ္ဌာန်, တတိယ သမုဋ္ဌာန်, စတုတ္ထ သမုဋ္ဌာန်, ဆဋ္ဌ သမုဋ္ဌာန် တို့ကြောင့်၊

သမုဋ္ဌာတိ-၏၊အယံအာပတ္တိ-သည်၊အဒ္ဓါနသမုဋ္ဌာနာနာမ-အဒ္ဓါနသိက္ခာပုဒ်သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ်မည်ကုန်၏။ ။ဟု-မှတ်။

အကြင် အာပတ်သည် ကာယဝါစာ ဟူသော စတုတ္ထသမုဋ္ဌာန်, ကာယဝါစာစိတ္တ ဟူသော ဆဋ္ဌ သမုဋ္ဌာန် တို့ကြောင့် ဖြစ်၏၊ ဤအာပတ်သည် ထေယျသတ္ထ သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ်မည်ကုန်၏ဟု မှတ်ရမည်။ ။ထို့ကြောင့် ကခါ၌-

ယာ စတုတ္ထ ဆဋ္ဌေဟိ သမုဋ္ဌာတိ၊ အယံ ထေယျသတ္ထ သမုဋ္ဌာနာနာမ။ ။ဟု-မိန့်၏။

အတ္ထကား- ယာအာပတ္တိ-သည်၊ စတုတ္ထဆဋ္ဌေဟိ-စတုတ္ထသမုဋ္ဌာန်,ဆဋ္ဌသမုဋ္ဌာန်တို့ကြောင့်၊ သမုဋ္ဌာတိ-၏၊ အယံအာပတ္တိ-သည်၊ ထေယျသတ္ထသမုဋ္ဌာနာနာမ-ထေယျသတ္ထ သိက္ခာပုဒ် သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန် ရှိသော အာပတ်မည်ကုန်၏ ဟုမှတ်။

အကြင်အာပတ်သည် ဝါစာစိတ္တဟူသော ငါးခုတို့၏ ပြည့်ကြောင်း ဖြစ်သော သမုဋ္ဌာန်ကြောင့် သာလျှင် ဖြစ်၏၊ ဤအာပတ်သည် ဓမ္မဒေသနာသိက္ခာပုဒ်၏ သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန် ရှိသော အာပတ် မည်ကုန်၏ဟု မှတ်ရမည်၊ ထို့ကြောင့် ကခါ၌...

ယာ ပဉ္စမေနေဝ သမုဋ္ဌာတိ၊ အယံ ဓမ္မဒေသနာ သမုဋ္ဌာနာ နာမ။ ဟုလာ၏။

အတ္ထကား-ယာအာပတ္တိ-အကြင် အာပတ်သည်၊ ပဉ္စမေနေဝ - ငါးခုတို့၏ ပြည့်ကြောင်း ဖြစ်သော ပဉ္စမသမုဋ္ဌာန်ကြောင့် လျှင်၊ သမုဋ္ဌာတိ-၏။ အယံ အာပတ္တိ-သည်၊ဓမ္မဒေသနာ သမုဋ္ဌာနာနာမ-ဓမ္မဒေသနာသိက္ခာပုဒ်၏ သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ်မည်ကုန်၏ဟု သိ။

အကြင် အာပတ်သည် အစိတ္တက ဖြစ်သော ကာယ သမုဋ္ဌာန်၊ ဝါစာ သမုဋ္ဌာန်၊ ကာယ, ဝါစာ သမုဋ္ဌာန် တည်းဟူသော သုံးပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်၏၊ ဤအာပတ်သည် ဘူတာရောစန သိက္ခာပုဒ်၏ သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ်မည်ကုန်၏ဟု နှစ်လုံးသွင်းရမည်၊ ထို့ကြောင့် ဋီကာ၌....

ယာ အစိတ္တကေဟိ တီဟိ သမုဋ္ဌာနေဟိ သမုဋ္ဌာတိ၊အယံ ဘူတာရောစန သမုဋ္ဌာနာ နာမ။ ။ဟု မိန့်၏။

အတ္ထကား-ယာ အာပတ္တိ-သည်၊ အစိတ္တကေဟိ-အစိတ္တက ဖြစ်ကုန်သော၊ တီဟိ သမုဋ္ဌာနေဟိ-သုံးပါးသော သမုဋ္ဌာန်တို့ကြောင့်၊ သမုဋ္ဌာတိ-၏၊ အယံအာပတ္တိ-သည်၊ ဘူတာရောစန သမုဋ္ဌာနာ နာမ-ဘူတာရောစန သိက္ခာပုဒ်၏ သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ် မည်ကုန်၏ဟု နှလုံးပိုက်။

အကြင် အာပတ်သည် ဝါစာ စိတ္တ-ဟူသော ပဉ္စမသမုဋ္ဌာန်, ကာယဝါစာ စိတ္တဟူသော ဆဋ္ဌမ သမုဋ္ဌာန် ဤနှစ်ပါးသော သမုဋ္ဌာန်တို့ကြောင့် ဖြစ်၏၊ ဤ အာပတ်သည် စောရိဝုဋ္ဌာပန သိက္ခာပုဒ်၏ သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ် မည်ကုန်၏ယု သတိသွင်း၊ ထို့ကြောင့် ဋ္ဌင်း၌ပင်-

> ယာ ပဉ္စမ ဆဋ္ဌေဟိ ဒွိဟိ သမုဋ္ဌာနေဟိ သမုဋ္ဌာတိ၊အယံ စောရိ-ဝုဋ္ဌာပန သမုဋ္ဌာနာ နာမ။ ။ဟု ပြ၏။

အတ္ထကား-ယာ အာပတ္တိ-သည်၊ပဉ္စမ ဆဋ္ဌေဟိ-ပဉ္စမ သမုဋ္ဌာန်, ဆဋ္ဌမ သမုဋ္ဌာန် ဖြစ်ကုန်သော၊ဒွိဟိ သမုဋ္ဌာနေဟိ-နှစ်ပါးသော သမုဋ္ဌာန်တို့ကြောင့်၊ သမုဋ္ဌာတိ-၏၊အယံ အာပတ္တိ-သည်၊ စောရိဝုဋ္ဌာပနသမုဋ္ဌာနာ နာမ-စောရိ-ဝုဋ္ဌာပနသိက္ခာပုဒ်၏ သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ်မည်ကုန်၏။ ။ဟု သတိတိုက်ကို သွင်း။

အကြင်အာပတ်သည် ဝါစာ-ဟူသော ဒုတိယ သမုဋ္ဌာန်, ကာယဝါစာဟူသော တတိယ သမုဋ္ဌာန်, ဝါစာစိတ္တ-ဟူသော ပဉ္စမသမုဋ္ဌာန်, ကာယဝါစာစိတ္တ-ဟူသော ဆဋ္ဌမ သမုဋ္ဌာန်တို့ကြောင့် ဖြစ်၏၊ ဤ အာပတ်သည် အနနုညာတသိက္ခာပုဒ်၏ သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ်မည်ကုန်၏ဟု သတ်သမ္ဘဇည ဖြစ်စေ၊ ထို့ကြောင့် ဋ္ဌင်း၌-

> ယာ ဒုတိယ တတိယ ပဉ္စမ ဆဋ္ဌေဟိ သမုဋ္ဌာတိ၊ အယံ အနနုညာတ သမုဋ္ဌာနာ နာမ။ ။ဟု ပြ၏။

အတ္ထကား-ယာ အာပတ္တိ-သည်၊ ဒုတိယ, တတိယ, ပဉ္စမ, ဆဋ္ဌေဟိ-ဒုတိယသမုဋ္ဌာန်, တတိယသမုဋ္ဌာန်, ပဉ္စမသမုဋ္ဌာန်,ဆဋ္ဌမသမုဋ္ဌာန်တို့ကြောင့်၊ သမုဋ္ဌာတိ-၏၊ အယံ အာပတ္တိ-သည်၊ အနနုညာတ သမုဋ္ဌာနာ နာမ-အနနုညာတ သိက္ခာပုဒ်၏ သမုဋ္ဌာန်ကဲ့သို့ သမုဋ္ဌာန်ရှိသော အာပတ် မည်ကုန်၏ ဟု မှတ်လေ။ ။ဤကား-သမုဋ္ဌာန် တေရသတည်း-ဟု သိလေ။

၅၆-ဝိပတ္တိ လေးပါး ဟူသည်ကား

သီလဝိပတ္တိ၊ အာစာရဝိပတ္တိ၊ အာဇီဝဝိပတ္တိ၊ ဒိဋ္ဌိဝိပတ္တိ-ဟူ၍ လေးပါး တည်း-ဟု မှတ်။ ထိုလေးပါးတို့တွင် သီလဝိပတ္တိ ဟူသည်ကား....

စတ္တာရိ ပါရာဇိကာနိ တေရသ သံဃာဒိသေသာ အယံ သီလ-ဝိပတ္တိ။

အတ္ထကား-စတ္တာရိ-လေးပါးကုန်သော၊ပါရာဇိကာနိ-ပါရာဇိက အာပတ်တို့ရင်း၊ တေရသ-တဆယ့် သုံးပါးကုန်သော၊ သံဃာဒိသေသာ – သံဃာဒိသိသ်တို့ရင်း၊ အယံ အာပတ္တိ–ဤအာပတ် နှစ်ပါးဘည်၊ သီလဝိပတ္တိနာမ–သီလဝိပတ္တိ မည်၏။ ။ဟု ပရိဝါပါဠိ၌ ဆိုသောကြောင့် ပါရာဇိက အာပတ်လေးပါး, သံဃာဒိသိသ် တဆယ့်သုံးပါးတို့သည် သီလဝိပတ္တိမည်၏ဟု သတိတိုက်ကိုသွင်း။ ။အာစာရဝိပတ္တိဟူသည်ကား–

ထုလ္လစ္စယံ ပါစိတ္တိယံ ပါဋိဒေသနိယံ ဒုက္ကဋံ ဒုဗ္ဘာသိတံ အယံ အာစာရ ဝိပတ္တိနာမ။

အတ္ထကား–ထုလ္လစ္စယံ-ထုလ္လစ္စည်းအာပတ်၊ ပါစိတ္တိယံ-ပါစိတ်အာပတ်၊ ပါဋိဒေသနိယံ–ပါဋိဒေသနိယအာပတ်၊ ဒုက္ကဋံ-ဒုက္ကဋ်အာပတ်၊ ဒုဗ္ဘာသိတံ–ဒုဗ္ဘာသိတအာပတ်၊အယံအာပတ္တိ-ဤအာပတ် ငါးဘုံသည်၊အာစာရ ဝိပတ္တိ-နာမ-အာစာရ ဝိပတ္တိမည်၏။ ။ဟု ပရိဝါပါဠိတော်၌ လာသောကြောင့် ထုလ္လစ္စည်း အာပတ်, ပါစိတ် အာပတ်, ပါဋိဒေသနိ အာပတ်, ဒုက္ကဋ် အာပတ်, ဒုဗ္ဘာသိ အာပတ် ဤအာပတ် ငါးဘုံတို့သည် အာစာရ ဝိပတ္တိမည်၏ဟု မှတ်ရမည်၊ အာဇီဝ ဝိပတ္တိ-ဟူသည်ကား–

အာဇီဝ ဟေတု ပညတ္တာနံ ဆန္နံ သိက္ခာပဒါနံ ဝသေနာတိ အာဇီဝဟေတု အာဇီဝကာရဏာ ပါပိစ္ဆော ဣစ္ဆာပကတောအသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ၊ အာပတ္တိ ပါရာဇိကဿ။အာဇီဝ-ဟေတု အာဇီဝကာရဏာ သဉ္စရိတ္တံ သမာပဇ္ဇတိ၊ အာပတ္တိ သံဃာဒိ-သေသဿ၊ အာဇီဝဟေတု အာဇီဝကာရဏာ ယော တေ ဝိဟာရေ ဝသတိ၊ သော ဘိက္ခု အရဟာတိ ဘဏတိ၊ ပဋိဝိဇာနန္တဿ အာပတ္တိ ထုလ္လစ္စယဿ၊အာဇီဝဟေတု အာဇီဝကာရဏာ ဘိက္ခု ပဏီတ ဘော-ဇနာနိ အဂိလာနော အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇတိ၊

အာပတ္တိ ပါစိတ္တိယဿ၊ အာဇီဝဟေတု အာဇီဝကာရဏာ ဘိက္ခုနိ ပဏီတ ဘောဇနာနိ အဂိလာနာ အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဥ္ဇတိ၊အာပတ္တိ ပါဋိဒေသနိယဿ။ အာဇီဝဟေတု အာဇီဝကာရ-ဏာ ဘိက္ခု သူပံဝါ ဩဒနံဝါ အဂိလာနော အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဥ္ဇတိ၊ အာပတ္တိဒုက္ကဋဿ၊အာဇီဝဝိပတ္တိပစ္စယာ ဣမာ ဆ အာပတ္တိယော အာပဇ္ဇတီတိ ဧဝံ ပရိဝါပါဠိယံ ဒဿိတာနံ ဆန္နံ သိက္ခာပဒါနံ ဝသေန။ ။ဟု တေရသကဏ္ဍဋီကာ၌ လာ၏။

အတ္ထကား-အာဇီဝဟေတု-အာဇီဝဟူသောအကြောင်းကြောင့်၊ပညတ္တာနံ-ပညတ်တော်မူကုန်သော၊ ဆန္နံ-ခြောက်ပါးကုန်သော၊ သိက္ခာပဒါနံ-သိက္ခာပုဒ်တို့၏၊ ဝသေန-အစွမ်းဖြင့်၊ ဝါ-အာဇီဝဟေတု ပညတ္တာနံ ဆန္နံ သိက္ခာ-ပဒါနံ ဝသေနာတိ-ဝသေန ဟူသည်ကား၊အာဇီဝဟေတု အာဇီဝကာရဏာ-အာဇီဝ ဟူသော အကြောင်းကြောင့်၊ ပါပိစ္ဆော-ယုတ်မာသော၊ ဣစ္ဆာ-ပကတော--မကောင်းသော အလိုဖြင့် နှိပ်စက်သော၊သိက္ခု-သည်၊ အသန္တံ-မိမိကိုယ်၌ ထင်ရှားမရှိသော၊ အဘူတံ-မဟုတ်မမှန်သော၊ ဥတ္တရိမနုဿ-ဓမ္မံ-လူတို့၏ ကုသိုလ်ကမ္မပထ ဆယ်ပါးထက် မြတ်သော ဈာန်, မဂ်ဖိုလ်တရားကို၊ ဥလ္လပတိ-ပြောဟော၏၊ပါရာဇိကဿ-ပါရာဇိက အာပတ်သို့၊ အာပတ္တိ-အာပဇ္ဇနံ-ရောက်ခြင်းသည်၊ ဟောတိ-၏။ ။အာဇီဝဟေတု အာဇီဝကာရ-ဏာ-အသက် မွေးခြင်း ဟူသော အကြောင်းကြောင့်၊ သဥ္စရိတ္တံ-အောင်တမန် သွားခြင်းသို့၊ သမာပဇ္ဇတိ-ရောက်၏၊ သံဃာဒိသေသဿ - သံဃာဒိသိသ် အာပတ်သို့၊ အာပတ္တိ အာပဇ္ဇနံ-ရောက်ခြင်းသည်၊ ဟောတိ-၏၊ အာဇီဝဟေတု အာဇီဝကာရဏာ-အာဇီဝကိုငဲ့၍၊ ယောဘိက္ခု-သည်၊ တေ-သင်၏၊ ဝိဟာရေ-ကျောင်း၌၊ဝသတိ-နေ၏၊သောဘိက္ခု-သည်၊အရဟာတိ-ရဟန္တာ တည်းဟု၊ဘဏတိ-ဆို၏၊ပဋိဝိဇာနန္တဿ-သူတပါးသိသည်ရှိသော်၊ ထုလ္လစ္စယဿ-ထုလ္လစ္စည်း အာပတ်သို့၊ အာပတ္တိအာပဇ္ဇနံ-ရောက်ခြင်းသည်၊ ဟောတိ-၏။ ။အာဇီဝ ဟေတု အာဇီဝကာရဏာ-အသက် မွေးခြင်းကို ငဲ့သည်ဖြစ်၍၊ ပဏီတဘောဇနာနိ-ပဏီတဘောဇဉ်တို့ကို၊အဂိလာနော-မနာမဖျားသော၊ ဘိက္ခု- ရဟန်းသည်၊အတ္တနော-မိမိ၏၊ အတ္ထာယ-အကျိုးငှါ၊ ဝိညာပေတွာ-တောင်း၍၊ဘုဥ္ဇတိ-စား၏၊ပါစိတ္တိယဿ-သို့၊အာပတ္တိအာပဇ္ဇနံ-သည်၊ ဟောတိ-၏။ ။အာဇီဝဟေတု အာဇီဝကာရဏာ-အာဇီဝကို ငဲ့သည်ဖြစ်၍၊ပဏီတ ဘောဇနာနိ-ပဏီတ ဘောဇဉ်တို့ကို၊ အဂိလာနာ-မနာမဖျား

သော၊ဘိက္ခုနီ-ရဟန်းမိန်းမသည်၊ အတ္တနော-၏၊ အတ္ထာယ-၄ါ၊ ဝိညာ-ပေတွာ-၍၊ဘုဥ္ဇတိ-၏၊ပါဋိဒေသနီယဿ-ပါဋိဒေသနီအာပတ်သို့၊အာပတ္တိ-အာပဇ္ဇနံ-သည်၊ ဟောတိ-၏။ ။အာဇီဝဟေတု အာဇီဝကာရဏာ-အာဇီဝကို ငဲ့သည်ဖြစ်၍၊ ဘိက္ခု-သည်၊ သူပံဝါ-ဟင်းကိုရင်း၊ ဩဒနံဝါ-ထမင်းကိုရင်း၊ အဂိလာနော-မဖျား မနာဘဲ၊အတ္တနော-၏၊ အတ္ထာယ-၄ါ၊ ဝိညာ-ပေတွာ-၍၊ ဘုဥ္ဇတိ-၏၊ ဒုက္ကဋဿ-ဒုက္ကဋ်အာပတ်သို့၊ အာပတ္တိ အာပဇ္ဇနံ-သည်၊ ဟောတိ-၏။ ။အာဇီဝဝိပတ္တိပစ္စယာ-အသက်မွေးခြင်းကို ပျက်ခြင်းအကြောင်းကြောင့်၊ ဣမာ ဆ အာပတ္တိယော-ဤ ခြောက်ပါးသော အာပတ်တို့သို့၊ အာပဇ္ဇတိ-၏၊ ဣတိဣဒံ-သို့၊ ပရိဝါပါဠိယံ-ပရိဝါပါဠိတော်၌၊ ဒဿိတာနံ-ပြအပ်ကုန်သော၊ ဆန္နံ-ခြောက်ပါးကုန်သော၊ သိက္ခာပဒါနံ-သိက္ခာပုဒ်တို့၏၊ ဝသေန-အစွမ်းဖြင့်။ ။ဟူ၍ တေရသကဏ် ဋီကာ၌ လာသောကြောင့် အာဇီဝဟေတုကို ငဲ့၍ မိမိကိုယ်၌ ထင်ရှားမရှိသော ဈာန်, မဂ်ဖိုလ်တရားကို ရ၏ဟု ပြောဟောသော် ပါရာဇိက အာပတ်သို့ရောက်၏။ ။အာဇီဝဟေတုကိုငဲ့၍ အောင်တမန်သွားသောကြောင့် သံဃာဒိသိသ်အာပတ်သို့ ရောက်၏။ ။အာဇီဝဟေတုကို ငဲ့၍ သင်၏ ကျောင်း၌နေသော ရဟန်းသည် ရဟန္တာ-တည်းဟု ပြောဟောသောကြောင့် ထုလ္လစ္စည်း အာပတ်သို့ ရောက်၏၊ ။အာဇီဝဟေကို ငဲ့၍ ပဏီတဘောဇဉ်ကို မနာ မဖျားသော ရဟန်းသည် မိမိအလို့၄ါ တောင်း၍ စားသောကြောင့် ပါစိတ် အာပတ်သို့ ရောက်၏။ ။အာဇီဝဟေတုကို ငဲ့၍ ပဏီတဘောဇဉ်ကို မနာ မဖျားသော ဘိက္ခုနီမသည် မိမိအလို့၄ါ တောင်း၍စားသောကြောင့် ပါဋိဒေသနီ အာပတ်သို့ ရောက်၏။ ။အာဇီဝဟေတုကို ငဲ့၍ ရဟန်းသည် ဟင်းကိုရင်း, ထမင်းကိုရင်း, မနာ မဖျားဘဲ မိမိအလို့၄ါ တောင်း၍ စားသောကြောင့် ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ ဤအာပတ်ခြောက်ပါးသည် အာဇီဝဝိပတ္တိမည်၏ဟု သတိတိုက်ကိုသွင်း။

ဒိဋ္ဌိဝိပတ္တိ ဟူသည်ကား – မိစ္ဆာဒိဋ္ဌိ, အန္တဂ္ဂါဟိကဒိဋ္ဌိ အယံဒိဋ္ဌိဝိပတ္တိ-ဟူသော ပရိဝါပါဠိတော်၌ လာသည်နှင့်အညီ မှားသောအမြင်ဖြင့် အလှူပေး၍ အကျိုးမရှိ,သီလဆောက်တည်၍ အကျိုးမရှိဟုယူခြင်း ဟူသော အန္တဂ္ဂါ-ဟိက ဒိဋ္ဌိအယူသည် ဒိဋ္ဌိဝိပတ္တိမည်၏ ဟု မှတ်၊ ဤကား ဒိဋ္ဌိဝိပတ္တိတည်းဟု မှတ်ရမည်။ ။ပြီး၏။

၅၇-ဥက္ခေပနိယကံ သုံးပါး ဟူသည်ကား

အာပတ်ကို မရှုလို၍ သံဃာတို့ နှင်ထုတ်သော ဥက္ခိတ္တကတယောက် သင့်သောအာပတ်ကို မကုလို၍ သံဃာတို့နှင်ထုတ်သော ဥက္ခိတ္တကတယောက် မကောင်းသော အယူကို မစွန့်လိုသောကြောင့် သံဃာတို့ နှင်ထုတ်သော ဥက္ခိတ္တကတယောက် ဤသို့အားဖြင့် ဥက္ခိတ္တက သုံးယောက်တည်း၊ ထို့ကြောင့် ကင်္ခါဝိတရဏီ၌–

အာပတ္တိယာ အဒဿနေ ဥက္ခိတ္တကော၊ အာပတ္တိယာ အပ္ပဋိကမ္မေ ဥက္ခိတ္တကော၊ ပါပိကာယ ဒိဋ္ဌိယာ အပ္ပဋိနိဿဂ္ဂေ ဥက္ခိတ္တကော။ ။ဟု-မိန့်၏။

အတ္ထကား- အာပတ္တိယာ-အာပတ်ကို၊ အဒဿနေ-မရှုလိုသောကြောင့်၊ ဥက္ခိတ္တကော-သံဃာနှင်ထုတ်သော ဥက္ခိတ္တကလည်းကောင်း၊ အာပတ္တိယာ-အာပတ်ကို၊ အပ္ပဋိကမ္မေ-မကုလိုသောကြောင့်၊ ဥက္ခိတ္တကော-သံဃာနှင်ထုတ်သော ဥက္ခိတ္တက လည်းကောင်း၊ ပါပိကာယ-ယုတ်မာသော၊ ဒိဋ္ဌိယာ-အယူကို၊ အပ္ပဋိနိဿဂ္ဂေ – မစွန့်လိုသောကြောင့်၊ ဥက္ခိတ္တကော - သံဃာနှင်ထုတ်သော ဥက္ခိတ္တကလည်းကောင်း၊ ဣတိ-ဤသို့၊ တယော-သုံးပါးတို့တည်း၊ ပြီး၏။

၅၈-ပဗ္ဗာဇနီယကံ ဟူသည်ကား

အဿဇိ ပုနဗ္ဗသုက ရဟန်းတို့ကဲ့သို့ ဒါယကာတို့အား ပန်းပေးခြင်း သစ်သီးပေးခြင်း စသော ကုလ ဒူသကတို့ကို ပြုခြင်းကြောင့် နှင်ထုတ်ခြင်း သည် ပဗ္ဗာဇနီယကံ မည်၏ဟု သတိကိုသွင်း။

ဝဇ္ဇနီယပုဂ္ဂိုလ် နှစ်ကျိပ်တယောက် ဟူသည်ကား

ဂဟဋ္ဌော, ဘိက္ခုနီ, သိက္ခမာနာ, သာမဏေရော, သာမဏေရီ, သိက္ခာပစ္စက္ခာတကော, အန္တိမဝတ္ထု အဇ္ဈာပန္နကော, အာပတ္တိယာ အဒဿနေ ဥက္ခိတ္တကော, အာပတ္တိယာ အပ္ပဋိကမ္မေ ဥက္ခိတ္တကော, ပါပိကာယဒိဋ္ဌိယာ အပ္ပဋိနိဿဂ္ဂေ ဥက္ခိတ္တကော, ပဏ္ဍကော, ထေယျ သံဝါသကော,တိတ္ထိယပက္ကန္တကော, တိရစ္ဆာနဂတော,မာတုဃာတကော ပိတုဃာတကော, အရဟန္တဃာတကော, ဘိက္ခုနိ ဒူသကော, သံဃဘေဒကော, လောဟိတုပ္ပါဒကော, ဥဘတောဗျဉ္ဇနကောတိ။

ဟူ၍ကင်္ခါဝိတရဏီအဋ္ဌကထာ၌ ဆိုသောကြောင့် လူ ဘိက္ခုနီ, သိက္ခမာန်, သာမဏေ ယောကျ်ား, သာမဏေ မိန်းမ, ပါရာဇိကသို့ ရောက်သောသူ, ဥက္ခိတ္တက သုံးယောက်, ပဏ္ဍုက်, ထေယျသံဝါသက, တိတ္ထိယပက္ကန္တက, တိရစ္ဆာန်, အမိကို သတ်သောသူ, အဘကို သတ်သောသူ, ရဟန္တာကို သတ်သောသူ, ဘိက္ခုနီမကို ဖျက်ဆီးသောသူ, ညီညွတ်သော သံဃာကို သင်းခွဲသောသူ, ဘုရားသခင်ကို သွေးစိမ်းတည်အောင်ပြုသောသူ, ဥဘတော ဗျည်း ဤကား ကြဉ်အပ်သော ဝဇ္ဇနီယပုဂ္ဂိုလ် နှစ်ကျိပ်တယောက်တည်းဟု မှတ်၊ ထိုနှစ်ကျိပ်တယောက်သော ပုဂ္ဂိုလ်တို့တွင်-

တိဝိဓေ ဥက္ခိတ္တကေ သတိ ဥပေါသထံ ကရောန္တော သံဃော ပါစိတ္တိယံ အာပဇ္ဇတိ။

တိဝိဓေ - သုံးပါး အပြားရှိသော၊ ဥက္ခိတ္တကေ - ဥက္ခိတ္တက ရဟန်းသည်၊ သတိ-ရှိသော်၊ ဥပေါသထံ - ဥပုသ်ကို၊ ကရောန္တော - ပြုသော၊ သံဃော- သံဃာသည်၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သို့၊ အာပဇ္ဇတိ-ရောက်၏။

ဟု-ကင်္ခါ၌ ဆိုသောကြောင့် နှစ်ကျိပ်တယောက်သော ဝဇ္ဇနီယ ပုဂ္ဂိုလ်တို့တွင် ဥက္ခိတ္တက ရဟန်းသည် နှစ်တောင်ထွာ ဟတ္ထပါသ်အတွင်း၌ ရှိလျက် ဥပုသ်ကိုပြုသော သံဃာသည် ပါစိတ်အာပတ် သင့်၏-ဟု မှတ်ရမည်။ ။ ထိုမှကြွင်းသော ပုဂ္ဂိုလ်တို့ ရှိမူကား "သေသေသု ဒုက္ကဋံ" ဟု ကင်္ခါ၌ ဆိုသောကြောင့် ဥက္ခိတ္တက သုံးယောက်မှ ကြွင်းသော တကျိပ်ရှစ်ယောက်သော ပုဂ္ဂိုလ်တို့ ဟတ္ထပါသ်တွင်း၌ ရှိလျက် ဥပုသ်ကိုပြုသော ရဟန်း သံဃာသည် ဒုက္ကဋ်အာပတ်သင့်၏-ဟုမှတ်။

ထို နှစ်ကျိပ်တယောက်သော ပုဂ္ဂိုလ်တို့ကို နှစ်ထောင့်ထွာ ဟတ္ထပါသ်မှ အပပြုအပ်သည်၏ အဖြစ်ကြောင့် ဝဇ္ဇနီယမည်၏။ ။ထိုကြောင့် ကင်္ခါ၌-

တေ ဟတ္ထပါသတော ဗဟိကရဏဝသေန ဝဇ္ဇေတဗ္ဗာ။ ။ဟု-မိန့်၏။

အဏ္ဍကား- တေ-ထိုနှစ်ကျိပ်တယောက်သော ပုဂ္ဂိုလ်တို့ကို၊ ဟတ္ထပါသ-တော-ဟတ္ထပါသ်မှ၊ ဗဟိကရဏ ဝသေန - အပပြုသည်၏ အစွမ်းအားဖြင့်၊ ဝဇ္ဇေတဗ္ဗာ-ကြဉ်အပ်၏-ဟု မိန့်၏။

တိတ္ထိတို့ကို နှစ်ကျိပ်တယောက်သော ပုဂ္ဂိုလ်တို့တွင် ဂဟဋ္ဌ၌ သွင်းရမည်၊ ထို့ကြောင့် ကင်္ခါ၌ " တိတ္ထိယာ ဂဟဋ္ဌေနေဝ သင်္ဂဟိတာ " ဟု - မိန့်၏၊

တိတ္တိယာ-တိတ္တိတို့ကို၊ ဂဟာဋ္ဌေနေ၀-ဂဟဋ္ဌသဒ္ဒါဖြင့်သာလျှင်၊ သင်္ဂဟိတာ-ပေါင်း၍ ယူအပ်၏။ ။ဟု မိန့်၏။

"တိရစ္ဆာနဂတောတိ ယထာ ဥပသမ္ပဒါ ပဋိက္ခိတ္တာ" ဟူ၍ ကခ်ါ၌ ဆိုသောကြောင့် တိရစ္ဆာန်ဟူသော သတ္တဝါသည် ပဉ္စင်းခံခြင်းကို ပယ်အပ်၏ ဟူရာ၌ တိရစ္ဆာန်သည် ဝဇ္ဇနီယပင်ဝင်သည်၊ထိုသို့ဝင်သော်လည်း ငယ်သော ယင် အစရှိသော တိရစ္ဆာန်တို့သည် နှစ်တောင့်ထွာ ဟတ္ထပါသ်တွင်း၌ပင် ရှိသော်လည်း ဥပုသ်ပြုသော ရဟန်း သံဃာတို့သည် အာပတ်မသင့်ကုန်၊ အဘယ့်ကြောင့်နည်းဟူမူ အာပတ်၏ အင်္ဂါ မလောက်သောကြောင့်တည်းဟု မှတ်၊ အဘယ်ပါဠ်ကို ထောက်၍ သိအပ်သနည်းဟူမူ- "မက္ခိကာဒယော အဗ္ဗောဟာရိကာ" မက္ခိကာဒယော- ယင်အစရှိသော တိရစ္ဆာန်တို့သည်၊ အဗ္ဗောဟာရိကာ-အာပတ်အင်္ဂါ မလောက်ကုန်သည်၊ဟောန္တိ-၏၊ဟု-မိန့်၏၊ ထိုမက္ခိကာဒယော အစရှိသောပါဠ်သည် အချို့သောကခ်ါစာ၌ပါ၏၊ အချို့ သော ကခ်ါစာ၌ မပါ၊ ပါသော ကခ်ါစာစကားအရ ယုတ္တိယုတ္တာကိုထောက် ၍ ရေးသားလိုက်သည်။

ထိုနှစ်ကျိပ်တယောက်သော ဝဇ္ဇနီယ ပုဂ္ဂိုလ်တို့တွင် ပဏ္ဍကော-ဟူသော ပါဠ်၌ ပဏ္ဍုက်သည်-အာသိတ္တပဏ္ဍုက်, ဥသူယပဏ္ဍုက်, ဩပက္ကမိကပဏ္ဍုက်, နပုံသကပဏ္ဍုက်, ပက္ခပဏ္ဍုက်-ဟူ၍ ငါးပါးအပြားရှိ၏၊ ထိုငါးပါးတို့တွင် သူတပါး၏ အင်္ဂါဇာတ်ကို မိမိခံတွင်းဖြင့် စုတ်၍ သုတ်ဖြင့် မိမိအင်္ဂါဇာတ်ကို သွန်ရ-သွင်းရလျှင် ကိလေသာ တည်းဟူသော ရန်သူမီး ပူပန်ခြင်းငြိမ်းသော ပဏ္ဍုက်သည် အာသိတ္တ ပဏ္ဍုက်မည်၏၊ သူတပါးတို့ မေထုန်မှီဝဲသော အမူ အကျင့်ကိုမြင်၍ ငြူစူရသဖြင့် ကိလေသာရန်သူမီး ပူပန်ခြင်းငြိမ်းသောပဏ္ဍုက် သည် ဥသူယ ပဏ္ဍုက်မည်၏၊ ဝှေးစေ့ကို ထုတ်ပြီးသောသူသည် ဩပက္ကမိက ပဏ္ဍုက်မည်၏၊ ပဋိသန္ဓေ အခါ၌ပင်လျှင် ဘောမရှိသောသူသည် နပုံသက ပဏ္ဍုက်မည်၏၊ လဆန်းပက္ခ၌ ပဏ္ဍုက်မဖြစ် လကွယ်ပက္ခ၌ ပဏ္ဍုက်ဖြစ်၏၊ ဤပဏ္ဍုက်သည်လျှင် ပက္ခပဏ္ဍုက်မည်၏၊ ထိုငါးယောက်သော ပဏ္ဍုက်တို့ တွင် အာသိတ္တ ပဏ္ဍုက်, ဥသူယ ပဏ္ဍုက်နှစ်ယောက်ကိုထား၍ ဩပက္ကမိက ပဏ္ဍုက်, နပုံသက ပဏ္ဍုက်, ပက္ခပဏ္ဍုက်တို့ကို ဤအရာ၌ အလိုရှိအပ်၏ဟု မှတ်ရမည်။ ။ထို့ကြောင့် ကခ်ါအဋ္ဌကထာ၌-

> အာသိတ္တပဏ္ဍကဉ္စ ဥသူယပဏ္ဍကဉ္စ ဌပေတွာ ဩပက္ကမိကပဏ္ဍကော နပုံသကပဏ္ဍကော ပဏ္ဍကဘာဝပက္ခေ ဌိတော ပက္ခပဏ္ဍကောစ ဣဓ အဓိပ္ပေတော။ ။ဟု-မိန့်၏။

အတ္ထကား– အာသိတ္တ ပဏ္ဍကဥ္စ-အာသိတ္တ ပဏ္ဍုက်ကိုရင်း၊ ဥသူယပဏ္ဍ-ကဥ္စ - ဥသူယပဏ္ဍုက်ကိုရင်း၊ ဌပေတွာ - ထား၍၊ ဩပက္ကမိကပဏ္ဍကောစ-ဩပက္ကမိက ပဏ္ဍုက်ကိုရင်း၊ နပုံသကပဏ္ဍကောစ – နပုံသက ပဏ္ဍုက်ကိုရင်း၊ ပဏ္ဍကဘာဝပက္ခေ - ပဏ္ဍုက် အဖြစ်ဟု ဆိုအပ်သောအဖို့၌၊ ဌိတော-တည်သော၊ ပက္ခပဏ္ဍကောစ - ပက္ခပဏ္ဍုက်ကိုရင်း၊ ဣဓ - ဤအရာ၌၊ အဓိပ္ပေ-တော-အလိုရှိအပ်၏။ ။ဟု–မိန့်၏။

သိက္ခာပစ္စက္ခာတကော ဟူသောပါဌ်၌ အကြင်ရဟန်းသည် မိမိသိက္ခာသာဇီဝကို စွန့်၏၊ ထိုသို့စွန့်ပြီးသော်ငါ့အား တစုံတယောက်သော သူသည် မသိဟု တဘန်ရဟန်း၏ အမူအရာကို ပြုကျင့်ပြန်၏၊ ထိုသူသည် သိက္ခာပစ္စက္ခာတက မည်၏ဟုမှတ်၊ ထို့ကြောင့် ကင်္ခါ၌- "သိက္ခံ ပစ္စက္ခာယ န မံ ကောစိ ဇာနာတီတိ ပုန ဝေ ပဋိပဇ္ဇန္တော" ဟု–မိန့်၏။ ။**အတ္ထကား**–ယော ဘိက္ခု–သည်၊ သိက္ခံ-သိက္ခာကို၊ ပစ္စက္ခာယ–စွန့်၍၊ ကောစိ–တစုံတယောက်သောသူသည်၊ မံ-ငါ့ကို၊ န ဇာနာတိ–မသိ၊ ဣတိဝေ–ဤသို့၊ ပုန–တဘန်၊ ပဋိပဇ္ဇန္တော-ကျင့်သောသူတည်း။ ။ဟု–မိန့်၏။

တိရစ္ဆာနဂတော ဟူသောပါဌ်၌ တိရစ္ဆာန်ဟူသည်ကား-လူဇာတ် ဖြစ်သောသူကို ထား၍ ကြွင်းသော နတ် ပြဟ္မာ စသော အလုံးစုံသော သူတို့သည် တိရစ္ဆာန် မည်၏ဟု မှတ်ရမည်၊ ထို့ကြောင့် ကင်္ခါ၌– "ဌပေတွာ ပန မနုဿဇာတိကံ အဝသေသော သဗ္ဗောပိ တိရစ္ဆာနဂတောနာမ"ဟု-မိန့်၏၊ **အတ္ထကား**–မနုဿဇာတိကံ–လူဇာတ်ကို၊ ဌပေတွာ–ထား၍၊ အဝသေသော–ကြွင်းသော၊ သဗ္ဗောပိ - အလုံးစုံသော သူသည်လည်း၊ တိရစ္ဆာနဂတော-နာမ-တိရစ္ဆာန် မည်၏။ ။ဟု-မိန့်၏။

ထေယျ သံဝါသကော – ဟူသော ပါဌ်၌ ထေယျ သံဝါသကသည်- "ထေယျ သံဝါသကော ပန တိဝိဓော လိင်္ဂတ္ထေနကော သံဝါသတ္ထေနကော ဥဘယတ္ထေနကောတိ"။ ။ထေယျသံဝါသကောပန - ထေယျ သံဝါသက-ဟူသည်ကား၊ လိင်္ဂတ္ထေနကောစ–အသွင်ကို ခိုးသော ထေယျသံဝါသကရင်း၊ သံဝါသတ္ထေနကောစ–အပေါင်းအဘော်ကို ခိုးသောသံဝါသတ္ထေနကရင်း၊ ဥဘယတ္ထေနကောစ-အသွင်,အပေါင်းအဘော် နှစ်ပါးစုံကို ခိုးသော ဥဘ-ယတ္ထေနကရင်း၊ ဣတိ-သို့၊ တိဝိဓော – သုံးပါးအပြားရှိ၏။ ။ဟူသော ကင်္ခါအဋ္ဌကထာ၌ ဆိုသည်နှင့် အညီ လိင်္ဂတ္ထေနက, သံဝါသတ္ထေနက, ဥဘယတ္ထေနက-ဟူ၍ သုံးပါးအပြား ရှိကုန်၏၊ ထိုသုံးပါးတို့တွင် အကြင်

သူသည် မိမိအလိုလို ရဟန်း သာမဏေပြု၍ ရဟန်းဝါကိုလည်း မရေတွက်၊ သတင်းကြီး၏ အစဉ်ဖြင့် ရဟန်းတို့၏ရင်း, သာမဏေတို့၏ရင်း ရှိခိုးခြင်းကို မသာယာ၊နေရာကိုလည်း မမြစ်၊ ဥပုသ် စသည်တို့၌ မပြု၊မထင်၊ ဤသူသည် မစင်ကြယ်သော စိတ်ရှိသည်၏ အဖြစ်ဖြင့် ထိုသူသည် အသွင်မျှကိုသာ ခိုးသည်၏ အဖြစ်ကြောင့် လိင်ထေနက မည်၏ဟု မှတ်၊ ထို့ကြောင့် ကန်္ခာ၌–

ယော သယံ ပဗ္ဗဇိတွာ န ဘိက္ခုဝဿာနိ ဂဏေတိ၊ န ယထာဝုဍ္ဎံ ဘိက္ခူနံ ဝါ သာမဏေရာနံဝါ ဝန္ဒနံ သာဒိယတိ၊ န အာသနေန ပဋိဗာဟတိ၊ န ဥပေါသထာဒိသု သန္ဒိဿတိ၊ အယံ အသုဒ္ဓစိတ္တ-တာယ လိင်္ဂမတ္တဿေဝ ထေနိတတ္တာ လိင်္ဂထေနကောနာမ။ ။ဟု မိန့်၏။

အဋ္ဌကား–ယောနရော-အကြင်သူသည်၊ သယံ-မိမိအလိုလို၊ ပဗ္ဗဇိတွာ-ရဟန်းပြု၍၊ ဘိက္ခုဝဿာနိ–ရဟန်းဝါတို့ကို၊ နဂဏေတိ-မရေတွက်၊ယထာ-ဝုဍ္ဎံ-သတင်းကြီးစဉ်၊ဘိက္ခူနံဝါ-ရဟန်းတို့၏ရင်း၊သာမဏေရာနံဝါ-သာမဏေတို့၏ရင်း၊ ဝန္ဒနံ–ရှိခိုးခြင်းကို၊ န သာဒိယတိ–မသာယာ၊ အာသနေန-နေရာဖြင့်၊ န ပဋိဗာဟတိ - မတားမြစ်၊ ဥပေါသထာဒိသု – ဥပုသ် စသည်တို့၌၊ န သန္ဒိဿတိ-မထင်၊အယံ-ဤသူသည်၊ အသုဒ္ဓစိတ္တတာယ-မစင်ကြယ်သော စိတ်ရှိသည်၏ အဖြစ်ဖြင့်၊လိင်္ဂမတ္တဿေဝ-အသွင်၏သာလျှင်၊ ထေနိတတ္တာ–ခိုးသည်၏ အဖြစ်ကြောင့်၊လိင်္ဂထေနကောနာမ - လိင်ထေနက မည်၏။

အကြင်သူသည်ကား ...ရဟန်းတို့သည် ရှင်ပြုအပ်သော သာမဏေ ဖြစ်လျက် သင်္ကန်းတို့ကိုပယ်၍ ထိုသင်္ကန်းတို့၌ ဝတ်ဦးမည်ဟု အားထုတ်ခြင်းနှလုံးရှိသည်ဖြစ်၍လျှင် မေထုန်မှီဝဲခြင်း အမှုကို ပြုပြီး၍ တဖန် သင်္ကန်းတို့ကို ဝတ်ပြန်၏၊ ထိုသို့ဝတ်၍ သာမဏေအဖြစ်ကို ဝန်ခံ၏၊ ဤသူသည် ရဟန်းတို့ ပေးသောအသွင်ကို မစွန့်သောကြောင့် ရဟန်းတို့၏ အသွင်ကို ခိုးတတ်သောသူ မဟုတ်၊ ရဟန်းအသွင်နှင့် လျော်သော အပေါင်းအဘော်ကို မသာယာသည်၏ အဖြစ်ကြောင့် သံဝါသထေနကလည်း မဖြစ်၊ ပါရာဇိက အာပတ်သို့ ရောက်သောသူလည်း ဤနည်းအတူပင်ဘည်းဟု မှတ်၊ထို့ကြောင့် ကန်္ခာ၌–

ယော ပန ဘိက္ခူဟိ ပဗ္ဗဇိတော သာမဏေရော သမာနော ကာ-သာယာနိ အပနေတွာ တေသု ဥဿာဟော မေထုနဓမ္မံ ပဋိသေ-

> ဝိတ္ထာ ပုန နိဝါသေတ္ဝာ သာမဏေရဘာဝံ ပဋိဇာနာတိ၊အယံ ဘိက္ခု-
> ဟိ ဒိန္နလိင်္ဂဿ အပရိစ္စတ္တတ္တာ န လိင်္ဂတ္ထေနကော၊ န လိင်္ဂါနုရူပဿ
> သံဝါသဿ သာဒိတတ္တာ နာပိ သံဝါသတ္ထေနကော။ ။ဟုမိန့်၏။

အတ္ထကား- ယောနရောပန-သည်ကား၊ ဘိက္ခူဟိ-တို့သည်၊ ပဗ္ဗဇိတော-ရဟန်း ပြုသော၊ သာမဏေရော - သာမဏေသည်၊ သမာနော-ဖြစ်လျက်၊ ကာသာယာနိ-သင်္ကန်းတို့ကို၊ အပနေတွာ-ပယ်၍၊ တေသု-ထိုသင်္ကန်းတို့၌၊ ဥဿာဟော၀-ဝတ်ဦးမည်ဟု နှလုံးရှိသည်ဖြစ်၍လျှင်၊ မေထုနံ၀မ္မံ-မေထုန် အကျင့်ကို၊ပဋိသေဝိတွာ-မှီဝဲသောကြောင့်၊ဝါ-မှီဝဲ၍၊ ပုန-တဖန်၊ကာသာ-ယာနိ-တို့ကို၊နိဝါသေတွာ-၍၊သာမဏေရဘာဝံ-ကို၊ ပဋိဇာနာတိ-ဝန်ခံ၏၊ အယံ-ဤသူသည်၊ ဘိက္ခူဟိ-တို့သည်၊ဒိန္နလိင်္ဂဿ-ပေးအပ်သောအသွင်ကို၊ အပရိစ္စတ္တတ္တာ-မစွန့်သည်၏ အဖြစ်ကြောင့်၊ လိင်္ဂတ္ထေနကော-လိင်္ဂတ္ထေနက သည်၊ န ဟောတိ-မဖြစ်၊ လိင်္ဂါနုရူပဿ - ရဟန်းအသွင်နှင့် လျော်သော၊ သံဝါသဿ-အပေါင်းအဘော်ကို၊ သာဒိတတ္တာ -သာယာသည်၏ အဖြစ် ကြောင့်၊ သံဝါသတ္ထေနကောပိ-သံဝါသတ္ထေနကသည်လည်း၊ နဟောတိ-မဖြစ်။

"အန္တိမဝတ္ထုံအဇ္ဈာပန္နကောပိ ဧသေဝ နယော၊"။ ။အန္တိမဝတ္ထုံအဇ္ဈာ-ပန္နကောပိ-ပါရာဇိကသို့ ရောက်သောရဟန်း၌လည်း၊ ဧသေဝနယော-ဤနည်း လျှင် နည်းရှိ၏၊ တနည်း....

> ယောစ ခေါ သာမဏေရော သမာနော ဝိဒေသံ ဂန္တွာ ဘိက္ခု-
> ဝဿာနိ ဂဏေတိ၊ ယထာဝုဍ္ဎံ ဝန္ဒနံ သာဒိယတိ၊ အာသနေန
> ပဋိဗာဟတိ၊ဥပေါသထာဒိသု သန္ဒိဿတိ၊ အယံ သံဝါသမတ္တဿေဝ
> ထေနိတတ္တာ သံဝါသတ္ထေနကောနာမ။ ။ဟု ကင်္ခါ၌ မိန့်၏။

အတ္ထကား- ယောစခေါ-အကြင်သူသည်လည်း၊ သာမဏေရော-သည်၊ သမာနော-လျက်၊ ဝိဒေသံ - အရပ်တပါးသို့၊ ဂန္တွာ - သွား၍၊ ဘိက္ခု-ဝဿာနိ-ရဟန်းဝါတို့ကို၊ ဂဏေတိ-ရေတွက်၏၊ ယထာဝုဍ္ဎံ-သတင်းကြီး စဉ်၊ ဝန္ဒနံ-ရှိခိုးခြင်းကို၊ သာဒိယတိ-သာယာ၏၊ အာသနေန-ဖြင့်၊ ပဋိ-ဗာဟတိ-တားမြစ်၏၊ ဥပေါသထာဒိသု-ဥပုသ် စသည်တို့၌၊ သန္ဒိဿတိ-ထင်၏၊ အယံ-သည်၊ သံဝါသမတ္တဿေဝ-အပေါင်းအဘော်မျှကို သာလျှင်၊ ထေနိတတ္တာ-ခိုးသည်၏ အဖြစ်ကြောင့်၊ သံဝါသတ္ထေနကောနာမ-သံဝါ-သတ္ထေနကမည်၏၊(ထိုရဟန်း၏ဝါကိုရေတွက်ခြင်းအစရှိသော အလုံးစုံသော

ကြိယာအထူးကို ဤအနက်၌ သံဝါသ ဟု သိအပ်၏၊) အကြင်သူသည် မိမိ အလိုလို ရဟန်းသာမဏေပြု၍(သင်္ကန်းကို အလိုလိုဝတ်၍)ကျောင်းသို့သွား ပြီးသော် သတင်းကြီးစဉ် ရှိခိုးခြင်းကို သာယာ၏၊ နေရာဖြင့်လည်း တားမြစ် ၏၊ ရဟန်းဝါတို့ကို ရေတွက်၏၊ ဥပုသ်စသည်၌ အတူတကွ ရဟန်းကောင်း နှင့် ပြု၏၊ ဤသူသည် အသွင်ကိုင်း, အပေါင်းအဖေါ်ကိုင်း နှစ်ပါးစုံကို ခိုးသောကြောင့် ဥဘယတ္ထေနက မည်၏၊ ထို့ကြောင့် ကင်္ခါအဋ္ဌကထာ၌-

> ယော ပန သယံ ပဗ္ဗဇိတွာ ဝိဟာရံ ဂန္ဒွာ ယထာဝုဍ္ဎံ ဝန္ဒနံ သာဒိယတိ၊ အာသနေန ပဋိဗာဟတိ၊ ဘိက္ခုဝဿာနိ ဂဏေတိ၊ ဥပေါသထာဒိသု သန္ဒိဿတိ၊ အယံ လိင်္ဂဿစေဝ သံဝါသဿစ ထေနိတတ္တာ ဥဘယတ္ထေနကောနာမ။ ။ဟုလာ၏။

အတ္ထကား-ယောပန နရော-အကြင်သူသည်၊သယံ-မိမိအလိုလို၊ ပဗ္ဗဇိတွာ-၍၊ ဝိဟာရံ-ကျောင်းသို့၊ ဂန္ဒွာ-၍၊ ယထာဝုဍ္ဎံ-သတင်းကြီးစဉ်၊ ဝန္ဒနံ-ရှိခိုး ခြင်းကို၊ သာဒိယတိ-၏၊ အာသနေန-ဖြင့်၊ ပဋိဗာဟတိ-တားမြစ်၏၊ ဘိက္ခု-ဝဿာနိ-တို့ကို၊ဂဏေတိ-ရေတွက်၏၊ ဥပေါသထာဒိသု-ဥပုသ် အစရှိသည် တို့၌၊သန္ဒိဿတိ-၏၊အယံ-သည်၊လိင်္ဂဿစေဝ-အသွင်ကိုင်း၊သံဝါသဿစ-အပေါင်းအဘော်ကိုင်း၊ထေနိတတ္တာ-ခိုးသည်၏အဖြစ်ကြောင့်၊ဥဘယတ္ထေ-နကောနာမ-မည်၏။ ။ဟု လာ၏။

တိတ္ထိယ ပက္ကန္တကော-ဟူသော ပါဌ်၌…. အကြင် ပဉ္စင်းဖြစ်သောသူသည် တိတ္ထိတို့၏ အဖြစ်ကို အလိုရှိသည် ဖြစ်၍ မိမိအလိုလိုမှုလည်း သမန်းမြက် ဖြင့် ရက်သော သင်္ကန်းကို ဝတ်ခြင်း အစရှိသော တိတ္ထိတို့၏ အသွင်ကို ယူ၏၊ ထိုတိတ္ထိတို့၏ အထံ၌မှုလည်း ရဟန်းပြု၏၊ အဝတ် မဝတ်သည်ဖြစ်၍ မှုလည်း တက္ကတွန်းတို့၏ အထံသို့သွား၍ အကျင့်ဝတ်တို့ကိုယူ၏၊ ဤသူသည် တိတ္ထိယပက္ကန္တက မည်၏-ဟု သိအပ်၏၊ ထို့ကြောင့် ကင်္ခါအဋ္ဌကထာ၌-

> ယောပန ဥပသမ္ပန္နော တိတ္ထိယဘာဝံ ပတ္ထယမာနော သယံဝါ ကုသစီရာဒိကံ တိတ္ထိယလိင်္ဂံ အာဒိယတိ၊ တေသံဝါ သန္တိကေ ပဗ္ဗဇတိ၊ နဂ္ဂေါဝါ ဟုတွာ အာဇီဝကာနံ သန္တိကံ ဂန္ဒွာ တေသံ ဝတ္တာနိ အာဒိယတိ၊ အယံ တိတ္ထိယပက္ကန္တကောနာမ။ ။ဟု မိန့်၏။

အတ္ထကား-ယောပနဥပသမ္ပန္နော-အကြင်ပဉ္စင်းအဖြစ်သို့ ရောက်ပြီးသော သူသည်၊ တိတ္ထိယဘာဝံ-တိတ္ထိတို့၏ အဖြစ်ကို၊ ပတ္ထယမာနော-အလိုရှိသည်

ဖြစ်၍၊ သယံဝါ-မိမိအလိုလိုမှုလည်း၊ ကုသစီရာဒိကံ-သမန်းမြက်ဖြင့် ရောသော သက်န်းကို ဝတ်ခြင်းအစရှိသော၊ တိတ္ထိယလိင်ံ-တိတ္ထိတို့၏ အသွင်ကို၊ အာဒိယတိ-ယူ၏၊ တေသံဝါ-ထိုတိတ္ထိတို့၏လည်း၊ သန္တိကေ-အထံ၌၊ ပဗ္ဗဇတိ-ရဟန်းပြု၏၊နဂ္ဂေါဝါ-အဝတ် မဝတ်သည်လည်း၊ ဟုတွာ-၍၊ အာဇီဝကာနံ-အာဇီဝက တက္ကတွန်းတို့၏၊ သန္တိကံ-အထံသို့၊ ဂန္တွာ-၍၊ တေသံ-တို့၏၊ ဝတ္တာနိ-အကျင့်ဝတ်တို့ကို၊ အာဒိယတိ-ယူ၏၊ အယံ-သည်၊ တိတ္ထိယပက္ကန္တကောနာမ-မည်၏။ ။ဟုလာ၏။ မာတုဃာတကော-ဟူသောပုဒ်၌-

ယေန မနုဿဇာတိကာ ဇနေတ္တိ သယံပိ မနုဿဘူတေနေဝ သဉ္စိစ္စ ဇီဝိတာ ဝေါရောပိတာ၊ အယံ မာတုဃာတကောနာမ။ ။ ဟု မိန့်၏။

အတ္ထကား-ယေန-အကြင်သူသည်၊မနုဿဇာတိကာ-လူဇာတ်ဖြစ်သော၊ ဇနေတ္တိ-အမိရင်းကို၊ သယံပိ-လည်း၊ မနုဿဘူတေနေဝ-လူဇာတ်ဖြစ်လျက်လျှင်၊ သဉ္စိစ္စ-သေစေလိုသော စေတနာရှိသည် ဖြစ်၍၊ ဇီဝိတာ-ဇီဝိတိန္ဒြေမှ၊ ဝေါရောပိတာ-ချ၏၊ အယံ-သည်၊ မာတုဃာတကောနာမ-မာတုဃာတက မည်၏။

ဟု ကင်္ခါအဋ္ဌကထာ၌ ဆိုသောကြောင့် အကြင်လူဇာတ်ဖြစ်သောသူသည် လူဇာတ်ဖြစ်သော နို့ရည်တိုက် ကျွေးမွေးပေသော အမိရင်းကို မိမိလည်း လူဇာတ် ဖြစ်လျက် သေစေလိုသော စေတနာ ရှိသည်ဖြစ်၍ အသက်ဟု ပညတ်အပ်သောဇီဝိတိန္ဒြေမှ ချ၏၊ ဤသူသည် မာတုဃာတက မည်၏ဟုမှတ်၊ မနုဿဇာတိကော-ဟု ဆိုသောကြောင့် မိမိလည်းလူဇာတ် အမိဖြစ်သောသူလည်း လူဇာတ်ဖြစ်မှ မာတုဃာတက ဖြစ်သည်၊ တယောက်ယောက်က လူဇာတ်မဟုတ်လျှင် မာတုဃာတကသို့ မရောက်ဟု မှတ်ရမည်။ ။ပိတုဃာတကလည်း နည်းတူ မှတ်ရမည်၊ အရဟန္တဃာတကော ဟူသော ပုဒ်၌ကား-

ယေန အန္တမသော ဂိဟိလိင်ေ ဌိတောပိ မနုဿဇာတိကော ခီဏာသဝေါ သဉ္စိစ္စ ဇီဝိတာ ဝေါရောပိတော၊ အယံ အရဟန္တဃာတကောနာမ။ ။ဟု-မိန့်၏။

အတ္ထကား- ယေန-အကြင်သူသည်၊ အန္တမသော-အယုတ်သဖြင့်၊ ဂိဟိလိင်ေ - လူ၏အသွင်၌၊ ဌိတောပိ - တည်သော်လည်း၊ မနုဿဇာတိကော-

လူဇာတ်ဖြစ်သော၊ ဒိဏ္ဏာသဝေါ-ရဟန္တာကို၊ သဉ္စိစ္စ-၍၊ဇီဝိတာ၊ အသက်မှ၊ ဝေါရောပိတော-ချ၏၊ အယံ-သည်၊ အရဟန္တဃာတကောနာမ-မည်၏။

ဟု-ကန်ခ်ါ၌ဆိုသောကြောင့် အကြင်သူသည် အယုတ်အားဖြင့် လူ့အသွင်ဖြစ်သော လူ့ဘို၏ အဝတ်ကိုဝတ်လျက် ဖန်ရည်စွန်းသော သင်္ကန်းကိုပင် မဝတ်သော အဝတ် ကြောင်ကျား၌ တည်သော အာသဝေါ ကုန်ပြီးသော လူဇာတ်ဖြစ်သော ရဟန္တာကို သေစေလိုသော စိတ်နှင့်တကွ ဝါ-သေစေလို စေတနာရှိသည်ဖြစ်၍ အသက်ဟု ပညတ်အပ်သော ဇီဝိတိန္ဒြေမှချ၏၊ သတ်၏၊ ဤသူသည် အရဟန္တဃာတကမည်၏၊ အဝတ်ကြောင်နှင့်တည်သော ရဟန္တာကိုသတ်လျှင် အရဟန္တဃာတက ဖြစ်သေး၏၊ ဖန်ရည်စွန်းသော သင်္ကန်းနှင့် ဘုရားမြတ်စွာ သာသနာ၌တည်သော ရဟန္တာကို သတ်လျှင်မူကား ဆိုဘွယ်မရှိဟု မှတ်အပ်၏။ ။ဘိက္ခုနိဒူသကော ဟူသောပုဒ်၌ကား-

ယော ပန ပကတတ္တံ ဘိက္ခုနိံ တိဏ္ဏံ မဂ္ဂါနံ အညတြသ္မိံ မဂ္ဂေ ဒူသေတိ၊အယံ ဘိက္ခုနီ ဒူသကောနာမ။

ယောပန-ကား၊ ပကတတ္တံ-ပကတတ်ဖြစ်သော၊ ဘိက္ခုနိံ-ရဟန်းမိန်းမကို၊ တိဏ္ဏံ-သုံးပါးကုန်သော၊ မဂ္ဂါနံ-မဂ်တို့တွင်၊ အညတြသ္မိံ-တခုခုသော၊ မဂ္ဂေ-မဂ်၌၊ ဒူသေတိ-ဖျက်ဆီး၏၊ အယံ-သည်၊ ဘိက္ခုနီဒူသကောနာမ-မည်၏။

ဟု-ကန်ခ်ါ၌ လာသောကြောင့် အကြင်သူသည် ပကတတ် ဖြစ်သော ရဟန်းမိန်းမကို ဝစ္စမဂ်, မုခမဂ်, ပဿာဝမဂ် တည်းဟူသော သုံးပါးသော မဂ်တို့တွင် တပါးပါးသော မဂ်၌ မေထုန်မှီဝဲခြင်းဟု ဆိုအပ်သော မကောင်းသော အကျင့်ဖြင့် ဖျက်ဆီး၏၊ ဤသူသည် ဘိက္ခုနီဒူသက မည်၏ဟုမှတ်၊ သံဃဘေဒက ဟူသောပုဒ်၌-

ယော ဒေဝဒတ္တော ဝိယ သာသနံ ဥဒ္ဓမ္မံ ဥဗ္ဗိနယံ ကတွာ စတုန္နံ ကမ္မာနံ အညတရဝသေန သံဃံ ဘိန္ဒတိ၊အယံ သံဃဘေဒကောနာမ၊

အဋ္ဌကား-ယောဘိက္ခု-အကြင်ရဟန်းသည်၊ ဒေဝဒတ္တောဝိယ-ဒေဝဒတ်ကဲ့သို့၊ သာသနံ - သာသနာတော်ကို၊ ဥဒ္ဓမ္မံ-ဓမ္မမဟုတ်သည်ကို၊ ဥဗ္ဗိနယံ-ဝိနည်းမဟုတ်သည်ကို၊ ကတွာ - ၍၊ စတုန္နံ - သော၊ ကမ္မာနံ-ကံတို့တွင်၊ အညတရဝသေန-တပါးပါး၏ အစွမ်းဖြင့်၊ သံဃံ-ကို၊ ဘိန္ဒတိ-ခွဲ၏၊ အယံ-သည်၊ သံဃဘေဒကောနာမ-သံဃဘေဒက မည်၏။

ဟု-ကန်၌ဆိုသောကြောင့် အကြင်ရဟန်းသည် ဒေဝဒတ်ကဲ့သို့ သာသနာတော်ကို ဓမ္မမဟုတ်သည်ကို ဓမ္မပြု၍ပြ၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်းပြု၍ပြ၏၊ အပလောကနကံ, ဉတ္တိကံ, ဉတ္တိဒုတိယကံ, ဉတ္တိစတုတ္ထကံ တည်းဟူသော လေးပါးသော ကံတို့တွင် တပါးပါးသော ကံ၏ အစွမ်းဖြင့် ညီညွတ်သော သမဂ္ဂ သံဃာကို ခွဲ၏၊ ဤရဟန်းသည် သံဃဘေဒကကံ မည်၏ဟု မှတ်၊ လောဟိတုပ္ပါဒကော ဟူသော ပုဒ်၌ကား-

> ယော ဒေဝဒတ္တောဝိယ ဒုဋ္ဌစိတ္တေန ဝဓကစိတ္တေန တထာဂတဿ ဇီဝမာနက သရီရေ ခုဒ္ဒကမက္ခိကာယ ပိဝနမတ္တံပိ လောဟိတံ ဥပ္ပါဒေတိ၊ အယံ လောဟိတုပ္ပါဒကောနာမ။

ယော-သည်၊ ဒေဝဒတ္တောဝိယ-ဒေဝဒတ်ကဲ့သို့၊ ဒုဋ္ဌစိတ္တေန-ဒေါသနှင့် ယှဉ်သော စိတ်ဟု ဆိုအပ်သော၊ ဝဓကစိတ္တေန – သတ်လိုသော စိတ်ဖြင့်၊ တထာဂတဿ – မြတ်စွာဘုရား၏၊ ဇီဝမာနက သရီရေ – အသက်ရှိသော ကိုယ်တော်၌၊ ခုဒ္ဒက မက္ခိကာယ-ယင်ငယ်တခုသည်၊ ပိဝနမတ္တံပိ-သောက်လောက်ရုံမျှသော၊ လောဟိတံ-သွေးကို၊ ဥပ္ပါဒေတိ-ဖြစ်စေ၏၊အယံ-ဤသူသည်၊ လောဟိတုပ္ပါဒကောနာမ-မည်၏။

ဟု-ကန်၌ ဆိုသည်နှင့်အညီ အကြင်သူသည် ဒေဝဒတ်, ကောကာလိက ကဲ့သို့ ဒေါသနှင့်ယှဉ်သော စိတ်ဟု ဆိုအပ်သော သတ်လိုသော စိတ်ဖြင့် မြတ်စွာဘုရား၏ သက်တော် ဝိညာဉ်ရှိသော ရွှေအဆင်းနှင့် တူသော ကိုယ်တော်၌ ယင်ငယ်တကောင်သည် သောက်လောက်ရုံမျှသော သွေးကို ဖြစ်စေ၏၊ ဤသို့ပြုသော, ဖြစ်စေသောသူသည် လောဟိတုပ္ပါဒကမည်၏-ဟု မှတ်ရမည်၊ ဉဘတော ဗျဉ္ဇနကော ဟူသောပုဒ်၌ကား-

> ယဿ ဣတ္ထိ နိမိတ္တုပ္ပါဒနကမ္မတော စ ပုရိသနိမိတ္တုပ္ပါဒန ကမ္မတော စ ဉဘတော ဒုဝိဓံပိ ဗျဉ္ဇနံ အတ္ထိ၊ အယံ ဉဘတော ဗျဉ္ဇနကောနာမ။

ယဿ ဇနဿ -အကြင်သူအား၊ ဣတ္ထိနိမိတ္တုပ္ပါဒန ကမ္မတော စ – မိန်းမနိမိတ်ကိုဖြစ်စေ တတ်သော ကံကြောင့်၎င်း၊ ပုရိသနိမိတ္တုပ္ပါဒန ကမ္မတော စ-ယောကျ်ား နိမိတ်ကို ဖြစ်စေတတ်သော ကံကြောင့်၎င်း၊ ဉဘတော-နှစ်ပါးသော ကံကြောင့်၊ ပဝတ္တံ-ဖြစ်သော၊ ဒုဝိဓံ-နှစ်ပါးအပြားရှိသော၊ ဗျဉ္ဇနံ-

နိမိတ်သည်၊ အတ္ထိ–၏၊ အယံဇနော – သည်၊ ဥဘတော ဗျဉ္ဇနကောနာမ– ဥဘတောဗျည်းမည်၏။

ဟု–ကန်္ခါ၌ ဆိုသည်နှင့်အညီ အကြင်သူသည် မိန်းမနိမိတ်ဘောကို ဖြစ်စေတတ်သော ကံကြောင့်ရင်း, ပုရိသနိမိတ် ဘာဝရုပ်ကို ဖြစ်စေတတ်သော ကံကြောင့်ရင်း နှစ်ပါးသော ကံကြောင့်ဖြစ်သော နှစ်ပါးသော ဘာဝ ရုပ် နိမိတ်သည် ထိုသူအား ရှိ၏၊ ထိုဘာဝ ရုပ် နိမိတ် နှစ်ပါးရှိသော သူသည် ဥဘတောဗျည်းမည်၏ဟု မှတ်။ ။ဤကား ကြဉ်အပ်သော ဝဇ္ဇနီယပုဂ္ဂိုလ် နှစ်ကျိပ် တယောက်တို့၏ အကြောင်းတည်း၊ ပြီး၏။

၃၉–သိက္ခာ သုံးပါး ဟူသည်ကား

အဓိသီလ သိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာ–ဟူ၍ သုံးပါးအပြား ရှိ၏၊ ထိုသုံးပါးတို့တွင် အဓိသီလသိက္ခာ ဟူသည်ကား–

ပါတိမောက္ခသံဝရသီလံ ပန အဓိသီလန္တိ ဝုစ္စတိ၊

ပါတိမောက္ခ သံဝရသီလံပန – အာပတ်ခုနစ်ဘုံကို စောင့်ခြင်းဟု ဆိုအပ်သော ပါတိမောက္ခ သံဝရသီလကိုကား၊ အဓိသီလန္တိ– အဓိသီလသိက္ခာဟူ၍၊ ဝုစ္စတိ– ဆိုအပ်၏။

ဟု–သမန္တပါသာဒိကအဋ္ဌကထာ၌ လာသည်နှင့်အညီ ပါရာဇိကလေးပါး အာပတ်တဘုံ သံဃာဒိသိသ် တဆယ့်သုံးပါး ဟည်းဟူသော အာပတ်တဘုံ ထုလ္လစ္စည်း အာပတ်ဘုံ ပါစိတ်အာပတ်တဘုံ ပါဋိဒေသနီအာပတ်တဘုံ ဒုက္ကဋ်အာပတ်တဘုံ ဒုဗ္ဘာသီ အာပတ်တဘုံ ဤအာပတ်ခုနစ်ဘုံကို စောင့်စည်းခြင်း ပါတိမောက္ခ သံဝရသီလသည် အဓိသီလသိက္ခာမည်၏ဟု မှတ်။

ဝိပဿနာပါဒကံ အဋ္ဌသမာပတ္တိစိတ္တံ အဓိစိတ္တန္တိ ဝုစ္စတိ၊

ဝိပဿနာပါဒကံ – ဝိပဿနာ၏ အခြေဖြစ်သော အဋ္ဌသမာပတ္တိစိတ္တံ– သမာပတ်ရှစ်ပါးနှင့် ယှဉ်သော စိတ်ကို၊ အဓိစိတ္တန္တိ–အဓိစိတ္တသိက္ခာဟူ၍၊ ဝုစ္စတိ–၏။

ဟူသော သမန္တ ပါသာဒိက အဋ္ဌကထာနှင့်အညီ ဝိပဿနာ၏ အခြေဖြစ်သော သမာပတ် ရှစ်ပါးနှင့်ယှဉ်သော စိတ်သည် အဓိစိတ္တသိက္ခာမည်၏ ဟု မှတ်။

တိလက္ခဏာကာရပရိစ္ဆေဒ ဉာဏံ အဓိပညာတိ ဝုစ္စတိ။

တိလက္ခဏာကာရပရိစ္ဆေဒဉာဏံ - လက္ခဏာရေး သုံးပါးကို ပိုင်းခြား သော ဉာဏ်အမြင်ကို၊ အဓိပညာတိ–အဓိပညာဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

ဟူသော ၎င်းအဋ္ဌကထာနှင့်အညီ လက္ခဏာရေး သုံးပါးကို ပိုင်းခြားသော ဉာဏ်အမြင်ကို အဓိပညာ သိက္ခာမည်၏ဟုမှတ်။ ။တနည်းကား-

> အဓိသီလေတိ ပါတိမောက္ခသီလေ၊ အဓိစိတ္တေတိ လောကိယ သမာဓိဘာဝနာယ၊ အဓိပညာတိ လောကုတ္တရ မဂ္ဂ ဘာဝနာယ၊ သက်ေဿ ဟောတိ။

အတ္ထကား- အဓိသီလေတိ - အဓိသီလသိက္ခာဟူသည်ကား၊ ပါတိမောက္ခ သီလေ–ပါတိမောက္ခ သီလတည်း၊ အဓိစိတ္တေတိ – အဓိစိတ္တ သိက္ခာဟူသည် ကား၊ လောကိယ သမာဓိဘာဝနာယ-လောကီ သမာဓိကို ပွားခြင်းတည်း၊ အဓိပညာတိ-အဓိပညာသိက္ခာဟူသည်ကား၊ လောကုတ္တရ မဂ္ဂ ဘာဝနာယ- လောကုတ္တရာဖြစ်သော မဂ်ကို ပွားခြင်းတည်း၊ သက်ေဿ - ကြီးအပ်သည်၊ ဟောတိ-၏။

ဟူသော မဟာဝါအဋ္ဌကထာ၌ ဆိုသည်နှင့်အညီ အဓိသီလဟူသည်ကား ပါတိမောက္ခ သီလတည်း၊ အဓိစိတ္တဟူသည်ကား လောကီဖြစ်သော သမာဓိ ကို ပွားစေခြင်းတည်း၊ အဓိပညာ ဟူသည်ကား လောကုတ္တရာဖြစ်သော မဂ် ကို ပွားစေခြင်းတည်း။ ။ဤကား သိက္ခာသုံးပါးတည်း။ ။ပြီး၏။

၆၀-မျိုးရောက်ခြင်း ဗီဇငါးပါး ဟူသည်ကား

"ပဉ္စဗီဇာနိ မူလဗီဇံ ခန္ဓဗီဇံ ဖဠုဗီဇံ အဂ္ဂဗီဇံ ဗီဇဗီဇန္တိ" ဟူသော ပါဠိ နှင့်အညီ အမြစ်၌ မျိုးရောက်သော ဗီဇ, အခက်ပင်စည်၌ မျိုးရောက်သော ဗီဇ, ကြီစသော အဆစ်၌ မျိုးရောက်သော ဗီဇ, အညွန့်၌ မျိုးရောက်သောဗီဇ, အစေ့၌မျိုးရောက်သော ဗီဇ ဤသို့အားဖြင့် ငါးပါးအပြားရှိ၏ဟု သိ။

၆၁-ဘူတဂါမ, ဗီဇဂါမ အခြင်းအရာကား

အမြစ် ပင်စည် အညွန့် အရွက်ထွက်ပြီးသော အမြစ် ဗီဇစသော ဗီဇ ငါးပါး သည် ဘူတဂါမ မည်၏၊ ထို ဘူတဂါမ်ကို ဖျက်ဆီးမှုကား ပါစိတ်အာပတ် သင့်၏၊ ထို့ကြောင့်-ခုဒ္ဒသိက္ခာ အဋ္ဌ၌"ဘူတဂါမ သမာရမ္ဘေ ပါစိတ္တိယံ"ဟု

မိန့်၏။ ။**အတ္ထကား**-ဘူတဂါမသမာရမ္ဘေ-မြက်,သစ်ပင် အစရှိသည်ကို ဖျက်ဆီးခြင်းကြောင့်၊ပါစိတ္တိယံ-ပါစိတ်အာပတ်သင့်၏-ဟု လာ၏၊အမြစ်,ပင်စည်,အညွန့်, အရွက် မထွက်သေးသော အမြစ်ဗီဇ အစရှိသော ဗီဇ ငါးပါးသည် ဗီဇဂါမ်မည်၏၊ ထိုဗီဇဂါမ်ကို ဖျက်ဆီးခြင်းသည် ဒုက္ကဋ် အာပတ် သင့်၏ဟု မှတ်၊ ထို့ကြောင့် ခုဒ္ဒသိက္ခာ၌ "အာရမ္ဘေ ဒုက္ကဋံ ဗီဇံ၊ဘူတဂါမဝိယောဇိတံ" ဟု မိန့်၏။ ။ဘူတဂါမဝိယောဇိတံ-ဘူတဂါမ်မှ လွတ်သော၊ဗီဇံ-ဗီဇဂါမ်ကို၊ အာရမ္ဘေ-ဖျက်ဆီးခြင်းကြောင့်၊ဒုက္ကဋံ-ဒုက္ကဋ် အာပတ်သည်၊ဟောတိ-၏။ ။ ဟု မိန့်၏။

ထိုဘူတဂါမ်သည် ရေ၌ဖြစ်သော ဘူတဂါမ်, ကုန်း၌ဖြစ်သော ဘူတဂါမ် ဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ရေ၌ဖြစ်သော ဘူတဂါမ်ကား အရွက် ရှိသည်, မရှိသည်ဖြစ်သော တိလဗီဇမျိုးရှိသော မှော် စသည်တို့ကို ရေ၌ ဖြတ်ခြင်း, ဖျက်ဆီးခြင်း အစရှိသည်ကို ပြုသောရဟန်းအားရင်း, ရေမှ ချီသော ရဟန်းအားရင်း ပါစိတ် အာပတ် သင့်၏-ဟု မှတ်၊ ထို့ကြောင့် သိက္ခာပဒဝလဉ္ဇနီ၌...

ဇလဋ္ဌံ သပဏ္ဏာပဏ္ဏကံ တိလဗီဇဇာတိကံ သေဝါလာဒိကံ ဥဒကေ ဆေဒနဘိန္ဒနာဒိကံ ကရောန္တဿဝါ ဥဒကတော ဥဒ္ဓရဏံ ကရောန္တဿဝါ ပါစိတ္တိယံ။ ။ဟု မိန့်၏။

အတ္ထကား-ဇလဋ္ဌံ-ရေ၌ဖြစ်သော သစ်ပင်သည်၊ သပဏ္ဏာပဏ္ဏကံ-အရွက် ရှိ, မရှိဖြစ်သသော၊ တိသဗီဇ ဇာတိကံ-တိလဗီဇမျိုးရှိသော၊ သေဝါလာဒိကံ-မှော်, အမြစ် စသည်ကို၊ ဥဒကေ-ရေ၌၊ ဆေဒနဘိန္ဒနာဒိကံ-ဖြတ်ခြင်း, ဖျက်ဆီးခြင်း စသည်ကို၊ ကရောန္တဿဝါ-ပြုသော ရဟန်းအားရင်း၊ ဥဒကတော-ရေမှ၊ ဥဒ္ဓရဏံ-ချီခြင်းကို၊ ကရောန္တဿဝါ-ပြုသော ရဟန်းအားရင်း၊ ပါစိတ္တိယံ-သည်၊ ဟောတိ၏ ဟု မိန့်၏။

ရေမှ သူဘပါးတို့ နုတ်လေပြီးသော စိမ်းသော မှော်ကို ဖျက်ဆီးသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏၊ ထို့ကြောင့် သိက္ခာပဒ၌ "ဥဒကတော ဥဒ္ဓရိတံ ဟရိတံ ဝိကောပေန္တဿ ဒုက္ကဋံ" ဟု မိန့်၏။ ။ဥဒကတော-ရေမှ၊ ဥဒ္ဓရိတံ-သူဘပါးတို့ နုတ်လေပြီးသော၊ ဟရိတံ - စိမ်းသော ပလိမှော်ကို၊ ဝိကောပေန္တဿ-အား၊ ဒုက္ကဋံ-သည်၊ ဟောတိ-၏။

ထိုပလိမှော်ကို မချီ မကြွမူ၍ လက်ဖြင့် ထိုမှ ဤမှ ပယ်၍ ရေချိုးသော ရဟန်းအားရင်း, ရေနှင့်တကွ လက်ခုပ် စသည် ချီ၍ တဖန် ရေ၌ ထားသော ရဟန်းအားရင်း အာပတ် မသင့်ဟု မှတ်၊ ထို့ကြောင့် ရင်း၌ပင်-

အနုက္ခိပိတွာ ဟတ္ထေန ဣတော စိတော အပနေတွာ နဟာယန္တဿ၊ ဥဒကေန သဟ ဟတ္ထမုဋ္ဌာဒိကံ ဥက္ခိပိတွာ ပုန ဥဒကေ ပက္ခိပေန္တဿ အနာပတ္တိ။ ။ဟု မိန့်၏။

အဋ္ဌကာ း-အနုက္ခိပိတွာ-ထိုပလိမှော်တို့ကို မချီမူ၍၊ ဟတ္ထေန-လက်ဖြင့်၊ ဣတော စိတော-ထိုမှ ဤမှ၊ အပနေတွာ-ပယ်၍၊ နဟာယန္တဿ - ရေချိုးသော ရဟန်းအားရင်း၊ ဥဒကေန-ရေနှင့်၊ သဟ-တကွ၊ ဟတ္ထမုဋ္ဌာဒိကံ-လက်ခုပ် စသည်ကို၊ ဥက္ခိပိတွာ-ချီ၍၊ ပုန-တဖန်၊ ဥဒကေ-ရေ၌၊ ပက္ခိပေန္တဿ-ထားသော ရဟန်းအားရင်း၊ အနာပတ္တိ- အာပတ် မသင့်၊ ။ဟု လာ၏။

သူတပါးတို့ ဖျက်ဆီးပြီးသော စိမ်းသောမှော် စသည်တို့ကို ဖျက်ဆီးသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏၊ အဘယ့်ကြောင့်နည်းဟူမူ-ဗီဇဂါမ် ဖြစ်သောကြောင့်တည်း-ဟုမှတ်၊ ရှေ့ဒုက္ကဋ်လည်း ဤနည်းအတူတည်း-ဟု မှတ်၊ ထို့ကြောင့် ရင်း၌-

အဉ္ဉေဟိ ပန ဆေဒနဝိကောပေန္တံ ဟရိတသေဝါလာဒိံ ဝိကောပေန္တဿ ဒုက္ကဋံ။ ။ဟု-မိန့်၏။

အဋ္ဌကာ း-အဉ္ဉေဟိပန-သူတပါးတို့သည်၊ဆေဒနဝိကောပေန္တံ-ဖြတ်ပြီး ဖျက်ပြီးသော၊ ဟရိတသေဝါလာဒိံ-စိမ်းသောမှော် စသည်ကို၊ ဝိကောပေန္တဿ-အား၊ ဒုက္ကဋံ-သည်၊ ဟောတိ-၏။ ။ဟု ဆို၏။

ကြည်းကုန်း၌ ရောက်သော သစ်ပင် ချုံနွယ် ကြီး,ငယ်တို့ကို သူတပါးတို့ ဖျက်လေပြီးသော ရှင်ကောင်းသော ငှက်ပျော,ပဒေါင် စသည်တို့၏ အငုတ်ကို ဖျက်ဆီးမှု ပါစိတ်အာပတ် သင့်၏၊ မရှင်ကောင်းသော စိမ်းသော ထန်း အုန်း စသည်တို့၏ အငုတ်ကို ဖျက်အံ့၊ ဒုက္ကဋ်၊ အသီး မသီးသေးသော စိမ်းသော ငှက်ပျော, ကျူ, ဝါး စသည်တို့ကို ဖျက်အံ့၊ ပါစိတ်၊ အသီး သီးပြီးသော ငှက်ပျော, ကျူ, ဝါး စသည်တို့ကို ဖျက်ဆီးအံ့၊ ဒုက္ကဋ် သင့်၏၊ ထို့ကြောင့် သိက္ခာပဒဝလဉ္ဇနဋီ၌-

ထလဋ္ဌာနိ ရုက္ခဂစ္ဆလတာဒီနိ ဆိန္နမာနာနံပိ ဝနုမာနကာနံ ကဒလိဝနုကအမ္ဗာဒကာဒီနံ ခါဏုံဝါ ဝိကောပေန္တဿ ပါစိတ္တိယံ၊ အဝနုကာနံ တာလနာဠိကေရာဒီနံ ခါဏုံဝါ ဝိကောပေန္တဿ ဒုက္ကဋံ။

အဖလိကေ ဟရိတေ ကဒလိ နဠ ဝေဠု တိဏာဒယော ဝိကောပေန္တဿ ပါစိတ္တိယံ၊ ဖလိကေ ပန ဝိကောပေန္တဿ ဒုက္ကဋံ။ ။ဟု မိန့်၏။

အဋ္ဌကထား– ထလဋ္ဌာနိ–ကြည်းကုန်း၌ ဖြစ်ကုန်သော၊ ရုက္ခဂစ္ဆလတာဒီနိ–သစ်ပင် ချုံနွယ် သစ်ပင် ကြီး,ငယ် စသည်တို့ကို၊ဆိန္နမာနာနံပိ–သူတပါး တို့ ဖြတ်ပြီးသည်လည်း ဖြစ်ကုန်သော၊ ဝနုမာနကာနံ–ရှင်ကောင်းသေးသည် ဖြစ်ကုန်သော၊ ကဒလိဝနုကအမ္ဗာဒကာဒီနံ–ငှက်ပျော,ပညောင်စသည်တို့၏၊ ခါဏုံဝါ–အငုတ်ကိုရင်း၊ ဝိကောပေန္တဿ–အား၊ ပါစိတ္တိယံ–၏၊ အဝနု-ကာနံ–မရှင်ကောင်းသည် ဖြစ်ကုန်သော၊ တာလ နာဠိကေရာဒီနံ – ထန်း, အုန်း စသည်တို့၏၊ ခါဏုံ–အငုတ်ကို၊ ဝါ–စိမ်းသောအငုတ်ကို၊ ဝိကော-ပေန္တဿ–အား၊ ဒုက္ကဋံ–၏။ ။အဖလိကေ–အသီးမသီးကုန်သော၊ ဟရိတေ–စိမ်းကုန်သော၊ ကဒလိနဠဝေဠုတိဏာဒယော–ငှက်ပျော, ကျူ, ဝါး, မြက် စသည်တို့ကို၊ ဝိကောပေန္တဿ–အား၊ ပါစိတ္တိယံ–၏။ ။ဖလိကေပန–အသီး သီးသော ငှက်ပျော စသည်တို့ကိုမူကား၊ ဝိကောပေန္တဿ–အား၊ ဒုက္ကဋံ–၏။

မဏ္ဍပ် စသည်အလို့ငှါ မြေ၌ မြှုပ်စိုက်၍ထားသော နံ့ပဲ အင်ကြင်း အစရှိသော သစ်တို့သည် ဖြစ်ကုန်၏၊ ထိုနံ့ပဲ,အင်ကြင်း စသော တိုင်တို့သည် အမြစ်သည်ရင်း, အရွက်သည်ရင်း ထွက်သည်တို့ကို ဖျက်ဆီးအံ့၊ ပါစိတ်၊ ဖြတ်၍ အစုပြု၍ ထားကုန်သော ထိုနံ့ပဲ စသော သစ်ကိုင်း, သစ်သား တို့သည် အမြစ်သည်ရင်း, အရွက်သည်ရင်း မထွက်သည်၌ ဖျက်ဆီးမူကား–ဒုက္ကဋ်ဟု မှတ်၊ ထို့ကြောင့် ဝင်း၌ပင်–

မဏ္ဍပါဒီနံ အတ္ထာယ ဘူမိယံ နိက္ခိပိတ္ဝာ ဌပိတေ ဇမ္ဗုသာလာဒိရုက္ခေ၊ တေ မူလေဝါ ပဏ္ဏေဝါ နိဂ္ဂတေ ဝိကောပေန္တဿ ပါစိတ္တိယံ၊ ဆိန္ဒိတွာ ပန ရာသိံကတွာ ဌပိတေ၊ မူလေဝါ ပဏ္ဏေဝါ ဝိနိဂ္ဂတေ ဝိကောပေန္တဿ ဒုက္ကဋံ။ ။ဟု မိန့်၏၊

အဋ္ဌကထား–မဏ္ဍပါဒီနံ–မဏ္ဍပ် စသည်တို့၏၊အတ္ထာယ–အလို့ငှါ၊ ဘူမိယံ–မြေ၌၊ နိက္ခိပိတ္ဝာ–မြှုပ်စိုက်၍၊ဌပိတေ–ထားကုန်သော၊ ဇမ္ဗုသာလာဒိရုက္ခေ–နံ့ပဲ,အင်ကြင်းစသော တိုင်သစ်သားတို့သည်၊ ဟောန္တိ–ကုန်၏၊ တေ–ထိုနံ့ပဲ,

အင်ကြင်းစသော တိုင် သစ်သားတို့သည်၊ မူလေဝါ-အမြစ်သည်၎င်း၊ ပဗ္ဗေ-ဝါ-အရွက်သည်၎င်း၊ နိဂ္ဂတေ – ထွက်သည်တို့ကို၊ ဝိကောပေန္တဿ-အား၊ ပါစိတ္တိယံ–၏၊ဆိန္နတ္တာပန-ဖြတ်၍ကား၊ ရာသိံ-အစုကို၊ ကတွာ-၍၊ဌပိတေ-ထားသည့်ရှိသော်၊တေ-ထိုနံ့ပဲ စသည်တို့သည်၊ မူလေဝါ-၎င်း၊ပဗ္ဗေဝါ-၎င်း၊ ဝိနိဂ္ဂတေ–မထွက်သည်တို့ကို၊ ဝိကောပေန္တဿ-အား၊ ဒုက္ကဋံ-၏။ ။ဟု လာ၏။

တံတိုင်း စသည်တို့၌ ပေါက်သော အရွက် နှစ်ဆင့် သုံးဆင့်နှင့် ယှဉ်သော မှော်ကို ဖျက်အံ့၊ ပါစိတ်အာပတ် သင့်၏၊ အရွက် နှစ်ဆင့် သုံးဆင့်မှ ကင်းသော မှော်ကို ဖျက်ဆီးအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ခြောက်သော မှော်ကို သုတ်သင်အံ့၊အပြစ်မရှိ၊ အိုးစရည်းစသည်တို့၏ အပ၌ ရောက်သော မှော်ကို ၎င်း မပွင့်သေးသော မှိုငုံကို၎င်း ဖျက်အံ့, နုတ်အံ့၊ ဒုက္ကဋ်၊ အိုး၏ အတွင်း၌ တည်သော မှော်ကို၎င်း, ပွင့်ပြီးသော မှိုကို၎င်း ဖျက်သော်ကား အာပတ်၏ အင်္ဂါမလောက်၊ စိမ်းစိုသော သစ်ပင်မှ လွတ်သော အစေးကို၎င်း, ခြောက်သော သစ်ပင်၌ ငြိ၍ တည်သော အစေးကို၎င်း, ခြောက်သော ထင်းကို ချိုးသော်၎င်း အပြစ်မရှိဟုမှတ်။ ။ထို့ကြောင့် သိက္ခာပဒဝလဥ္ဇနန်၌–

ပါကာရာဒိသု ဒွိတိ ပဏ္ဏယုတ္တံ သေဝါလံ ဝိကောပေန္တဿ ပါစိတ္တိယံ၊ဒွိတိပဏ္ဏရဟိတံ ဝိကောပေန္တဿ ဒုက္ကဋံ၊သုက္ခံ သောဓေန္တဿ ပန နတ္ထိ ဒေါသော၊ ဃဋာဒိနံ ဗဟိ သေဝါလံဝါ အဟိဆတ္တကံဝါ ဝိကောပေန္တဿ ဒုက္ကဋံ။ ဃဋအန္တော ဌိတေ ပန အဗ္ဗောဟာရိကတ္တာ နတ္ထိ ဒေါသော၊ ဖုလ္လမ္ပိ၊ အလ္လရုက္ခတော မုစ္စိတွာ ဌိတံဝါ လဂ္ဂံဝါ နိယျာသံ ဂဏှန္တဿဝါ သုက္ခကဋ္ဌာနိ ဘိန္ဒန္တဿ။ ။ဟု-မိန့်၏။

အဋ္ဌကား– ပါကာရာဒိသု-တံတိုင်း စေတီ အစရှိသည်တို့၌၊ ဒွိတိပဏ္ဏ-ယုတ္တံ-နှစ်ရွက် သုံးရွက် စသည်တို့နှင့် ယှဉ်သော၊ သေဝါလံ-မှော်ကို၊ဝိကော-ပေန္တဿ-အား၊ပါစိတ္တိယံ-၏၊ဒွိတိပဏ္ဏရဟိတံ-နှစ်ရွက် သုံးရွက်မှကင်းသော၊ သေဝါလံ-ကို၊ ဝိကောပေန္တဿ–အား၊ ဒုက္ကဋံ-၏၊ သုက္ခံ–ခြောက်သော မှော်ကို၊ သောဓေန္တဿပန-သုတ်သင်သော ရဟန်းအားကား၊ ဒေါသော-သည်၊နတ္ထိ–မရှိ၊ ဃဋာဒိနံ–အိုး အစရှိသည်တို့၏၊ဗဟိ-အပ၌၊ သေဝါလံဝါ-၎င်း၊ အဟိဆတ္တကံဝါ-မှိုငုံကို၎င်း၊ ဝိကောပေန္တဿ-အား၊ ဒုက္ကဋံ-၏၊ ဃဋ-အန္တော-အိုး၏အတွင်း၌၊ ဌိတေပန-တည်သော မှော်ကိုကား၊ အဗ္ဗောဟာရိ-ကတ္တာ-အာပတ်အင်္ဂါ မလောက်သောကြောင့်၊ ဒေါသော-သည်၊ နတ္ထိ–မရှိ၊

ဖုလ္လမ္ဗိ-ပွင့်ပြီးသော မှိုသည်လည်း၊နတ္ထိ-အပြစ်မရှိ၊အလ္လရက္ခတော-စိုစွတ်သော သစ်ပင်မှ၊ မုဋ္ဌိတွာ-လွှတ်၍၊ ဋ္ဌိတံ-သော၊ နိယျာသံဝါ-အစေးကိုဂ်ငင်း၊သုက္ခ-ရုက္ခ-ခြောက်သော သစ်ပင်၌၊ လဂ္ဂံ-ငြိကပ်သော၊ နိယျာသံဝါ-အစေးကို ငင်း၊ ဂဏ္ဍသဝါ-ယူသော ရဟန်းအားငင်း၊ သုက္ခကဋ္ဌာနိ-ထင်းခြောက် တို့ကို၊ဘိန္ဒန္တဿ-ချိုးသောရဟန်းအားငင်း၊ ဒေါသော-သည်၊နတ္ထိ-မရှိ။ ။ ဟု မိန့်၏။

စိုသော သစ်ပင်၌ တွယ်ကပ်ငြိသော အစေး ချိတ်မှိုတို့ကိုငင်း, စိမ်းစိုသော သစ်ပင်၌ လက်သည်းစသည်တို့ဖြင့် ရေးခြစ်သော်ငင်း ပါစိတ်အာပတ်သင့် ၏၊ ထို့ကြောင့် ခုဒ္ဒသိက္ခာ၌-

လာခါနိယျာသဆတ္တာနိ၊ အလ္လရုက္ခေ ဝိကောပိယ၊
ဂဏှတော တတ္ထ ပါစိတ္တိ၊ ဆိန္ဒတောဝါပိ အက္ခရံ။ ။ဟု-မိန့်၏။

အတ္ထကား- အလ္လရုက္ခေ-စိမ်းသော သစ်ပင်၌၊ လာခါနိယျာသဆတ္တာနိ-ချိပ်အစေးမှိုတို့ကို၊ ရုက္ခံ-သစ်ပင်ကို၊ ဝိကောပိယ-ဖျက်စေ၍၊ ဂဏှတောဝါ-ယူသော ရဟန်းအားငင်း၊ တတ္ထ-ထိုစိမ်းသော သစ်ပင်၌၊ အက္ခရံ-အက္ခရာကို၊ ဆိန္ဒတောဝါပိ-ရေးသော ရဟန်းအားငင်း၊ ပါစိတ္တိယံ-သည်၊ဟောတိ-၏။

အုန်းအစရှိသည်ကို သစ်မျောက်လက် အစရှိသည်တို့ဖြင့် ညှပ်အံ့သောငှါ ငင်း, မြက်အစရှိသည်ကို ဖြတ်အံ့သောငှါငင်း, ထုံးသည်ကိုပြုအံ့သောငှါငင်း မအပ်ဟု မှတ်ရမည်။ ။ထို့ကြောင့် ခုဒ္ဒသိက္ခာ၌-

ဝိဋ္ဌေတုံ နာဠိကေရာဒိံ၊ ဒါရုမက္ကဋကာဒိနာ၊
ဆိန္ဒိတုံ ဂဏ္ဌိကံ ကာတုံ၊ တိဏာဒိံ နစ ကပ္ပတိ။ ။ဟု-မိန့်၏။

အတ္ထကား- နာဠိကေရာဒိံ-အုန်း အစရှိသည်ကို၊ ဒါရုမက္ကဋကာဒိနာ-သစ်မျောက်လက်အစရှိသည်ဖြင့်၊ ဝိဋ္ဌေတုံစ-ညှပ်အံ့သောငှါငင်း၊ တိဏာဒိံ-မြက်အစရှိသည်ကို၊ ဆိန္ဒိတုံစ-ဖြတ်အံ့သောငှါငင်း၊ ဂဏ္ဌိကံ-ထုံးသည်ကို၊ ကာတုံစ-ပြုအံ့သောငှါငင်း၊ န ကပ္ပတိ-မအပ်။ ။ဟု-မိန့်၏၊ ဤကား ဘူတဂါမ်, ဗီဇဂါမ် အကြောင်းတည်း။

၆၂-ရဟန်းတို့ ကပ္ပိခြင်း ငါးပါး ဟူသည်ကား

အဂ္ဂိပရိစိတံ သတ္ထပရိစိတံ နခပရိစိတံ အဗီဇံ နိဗ္ဗဋ္ဋဗီဇံ ပဉ္စမံ၊

ဟူသော ရှုဠဝါပါဠိ ခုဒ္ဒကဝတ္ထုက္ခန္ဓကနှင့်အညီ မီးဖြင့် ကပ္ပိခြင်း,ထားဖြင့် ကပ္ပိခြင်း, လက်သည်းဖြင့် ကပ္ပိခြင်း, အစေ့နသော သစ်သီး, မျိုးထုတ်၍-

အစေ့ကို ထုတ်၍ စားကောင်းသော သစ်သီး ဤသို့အားဖြင့် ကပ္ပိခြင်း ငါးပါး အပြားရှိ၏ ဟူ၍ မှတ်ရမည်။

အစုကို ပြု၍ထားသော သစ်သီး သစ်ရွက်ကိုဂင်း, ဖြတ်၍ ထားသော မျိုးရောက်ကုန်သော သစ်ခက် စသည်တို့ကိုဂင်း တခုသော အဖို့၌ ကပ္ပိခြင်းကို ပြုသည်ရှိသော် အလုံးစုံသော သစ်သီး သစ်ရွက် သစ်ခက်တို့ကို ကပ္ပိသည် ဖြစ်ကုန်၏၊ စည်းဖွဲ့သော နွယ်ကြိုး စသည်ကိုကား ကပ္ပိခြင်းကို ပြုခြင်းငှါ မအပ်ဟု မှတ်အပ်၏။ ။ထို့ကြောင့် သိက္ခာပဒ၌—

ရာသိံ ကတွာ ဥပိတ ဖလာဖလံ ဝါ ဆိန္ဒိတွာ ဥပိတာနိ ရုဟနရုက္ခ-သာခါဒိနိ ဝါ ကေသွိံ ဘာဂေ ကပ္ပိယံ ကတေပိ သဗ္ဗာနိ ကပ္ပိယ-ကတာနိ ဟောန္တိ၊ ဒါရုမိဿက ဥစ္ဆုကလာပံ ဒါရုမှိ နခါဒိဟိ ဝိလေခေတွာ ကပ္ပိယံ ကာတုံ ဝဋ္ဋတိ၊ ဗန္ဓဝလ္လိပန ကပ္ပိယံ ကာတုံ န ဝဋ္ဋတိ။ ။ဟု-မိန့်၏။

အတ္ထကား— ရာသိံ-အစုကို၊ ကတွာ—၍၊ ဥပိတ ဖလာဖလံ ဝါ-ထားသော သစ်သီး သစ်ရွက်ကိုဂင်း၊ ဆိန္ဒိတွာ – ဖြတ်၍၊ ဥပိတာနိ – ထားကုန်သော၊ ရုဟနရုက္ခသာခါဒိနိ ဝါ – ရောက်ကုန်သော သစ်ခက် အစရှိသည်တို့ကိုဂင်း၊ ကေသွိံ ဘာဂေ-တခုသော အဖို့၌၊ ကပ္ပိယံ-ကပ္ပိခြင်းကို၊ ကတေပိ-ပြုသည် ရှိသော်လည်း၊ သဗ္ဗာနိ-ခပ်သိမ်းကုန်သော သစ်သီး သစ်ရွက် သစ်ခက်တို့ကို၊ ကပ္ပိယကတာနိ-ကပ္ပိခြင်းကို ပြုအပ်ကုန်သည်၊ ဟောန္တိ-ကုန်၏၊ ဒါရုမိဿက-ဥစ္ဆုကလာပံ – သစ်သားနှင့် ရောသော ကြံစည်းကို၊ ဒါရုမှိ – သစ်သား၌၊ နခါဒိဟိ-လက်သည်း ထားငယ် စသည်တို့ဖြင့်၊ဝိလေခေတွာ—ခြစ်ဆိတ် ခုတ်လှီး၍၊ ကပ္ပိယံ—ကို၊ ကာတုံ-ငှါ၊ ဝဋ္ဋတိ-၏၊ ဗန္ဓဝလ္လိပန-ဖွဲ့စည်းသော နွယ်လျှော်ကိုကား၊ကပ္ပိယံ—ကပ္ပိခြင်းကို၊ ကာတုံ-ငှါ၊ နဝဋ္ဋတိ—မအပ်။ ။ဟု-မိန့်၏။

ကြက်သွန် ချင်း ဖန်ခါးသီး စသည်တို့ကို သစ်ရွက်၌ထည့်၍ ထားရာ၌ သစ်ရွက်ကို ကပ္ပိခြင်းပြုအံ့သောငှါ မအပ်၊ ထိုကြက်သွန်စသည်တို့၏ အထက်၌ စိမ်းသောသစ်ရွက်ကို ထား၍ ထိုစိမ်းသော သစ်ရွက်ကိုလျှင် ကပ္ပိခြင်းကို ပြုခြင်းငှါ အပ်၏၊ ထမင်း၌ ရောသော ငရုတ်သီး စသည်ကို မုယောထမင်းလုံး ကိုလည်း ထိုး၍ ကပ္ပိခြင်းကို ပြုခြင်းငှါ အပ်၏ဟု မှတ်။ ။ထို့ကြောင့် သိက္ခာပဒ၌—

လသုဏသိင်္ဂိဝေရ ဟရိတကီအာဒီနိ ပဏ္ဏေ ပက္ခိပိတွာ ပဏ္ဏံ ကပ္ပိယံ ကာတုံ နဝဋ္ဋတိ၊ တေသံပန ဥပရိ ဟရိတပဏ္ဏံ ဌပေတွာ တမေဝပဏ္ဏံ ကပ္ပိယံ ကာတုံ ဝဋ္ဋတိ၊ ဘတ္တေ မိဿကမရိစာဒိဖလံ ယဝဘတ္တသိတ္ထံ ဝိဇ္ဈိတွာ ကပ္ပိယံ ကာတုံ ဝဋ္ဋတိ။

အတ္ထကား– လသုဏသိင်္ဂိဝေရ ဟရိတကီအာဒီနိ – ကြက်သွန်, ချင်း, ဖန်ခါးသီး စသည်တို့ကို၊ ပဏ္ဏေ – အရွက်၌၊ ပက္ခိပိတွာ–ထည့်၍၊ ပဏ္ဏံ–သစ်ရွက်ကို၊ ကပ္ပိယံ–ကို၊ကာတုံ–ငှါ၊ နဝဋ္ဋတိ-မအပ်၊ တေသံပန–ထိုကြက်သွန် စသည်တို့၏၊ ဥပရိ–အထက်၌၊ ဟရိတပဏ္ဏံ–စိမ်းသော သစ်ရွက်ကို၊ ဌပေတွာ–၍၊ တမေဝပဏ္ဏံ – ထိုစိမ်းသော သစ်ရွက်ကိုလျှင်၊ ကပ္ပိယံ–ကို၊ ကာတုံ–ငှါ၊ ဝဋ္ဋတိ–၏၊ဘတ္တေ–ထမင်း၌၊မိဿကမရိစာဒိဖလံ–ရောသော ငရုတ်သီးစသည်ကို၊ ယဝဘတ္တသိတ္ထံပိ – မုယောထမင်းလုံးကိုလည်း၊ ဝိဇ္ဈိတွာ–ထိုး၍၊ ကပ္ပိယံ–ကို၊ ကာတုံ–ငှါ၊ ဝဋ္ဋတိ–၏။ ။ဟု–မိန့်၏။

အခွံနှင့် တစပ်တည်း အစေ့ရှိသော မှည့်သော သီးသီး စသည်ကို အခွံကို ထိုး၍ ကပ္ပိခြင်းငှါအပ်၏၊ အခွံနှင့် မစပ်သည်ရှိသော် အခွံကိုပယ်၍ ကပ္ပိခြင်းကို ပြုအပ်၏၊ အဖျော်, ယာဂု စသည်တို့၌ ထည့်အပ်သော ငရုတ် ချင်း စသည်တို့ကို ယူ၍ ကပ္ပိခြင်းကို ပြုခြင်းငှါ အပ်၏ဟု မှတ်။ ။ထို့ကြောင့် သိက္ခာပဒ၌–

> ကပါလေန ဧကာဗဒ္ဓပက္ကဗီဇယုတ္တံ ကပိတ္ထာဒိဖလံပိ ဝိဇ္ဈိတွာ ကပ္ပိယံ ကာတုံ ဝဋ္ဋတိ၊ အသမ္ဗန္ဓေ သတိ နကာတဗ္ဗံ၊ ပါနယာဂုအာဒိသု ပက္ခိတံ မရိစဖလသိင်္ဂိဝေရာဒိံ ဂဟေတွာ ကပ္ပိယံ ကာတုံ ဝဋ္ဋတိ။ ။ ဟု–မိန့်၏။

အတ္ထကား– ကပါလေန-အခွံနှင့်၊ ဧကာဗဒ္ဓပက္ကဗီဇယုတ္တံ-တစပ်တည်း မှည့်သော အစေ့နှင့်ယှဉ်ထသော၊ ကပိတ္ထာဒိဖလံပိ – သီးသီး စသည်ကိုလည်း၊ ဝိဇ္ဈိတွာ-ထိုး၍၊ ကပ္ပိယံ - ကို၊ ကာတုံ-ငှါ၊ ဝဋ္ဋတိ–၏၊ အသမ္ဗန္ဓေ-အခွံနှင့် မစပ်သည်၊ သတိ – ရှိသော်၊ န ကာတဗ္ဗံ – မပြုအပ်၊ ပါနယာဂုအာဒိသု– အဖျော်,ယာဂု အစရှိသည်တို့၌၊ ပက္ခိတံ-ထည့်သော မရိစဖလသိင်္ဂိဝေရာဒိံ-ငရုတ်သီး ချင်း အစရှိသည်ကို၊ ဂဟေတွာဝါ-ဆယ်ယူ၍လည်း၊ ကပ္ပိယံ-ကို၊ ကာတုံ-ငှါ၊ ဝဋ္ဋတိ-အပ်၏။ ။ဟု–မှတ်။

ကပ္ပိခြင်းကိုပြု၍ ထားသော ချင်းအစရှိသည်တို့သည် အကြင် အခါ၌ အမြစ် အရွက် အညွန့်တို့သည် ထွက်ကုန်အံ့၊ တဖန် ကပ္ပိခြင်းကိုပြု၍ သုံးဆောင်ရာ၏၊အဘယ့်ကြောင့်နည်းဟူမူ ထိုကပ္ပိခြင်းကိုပြုပြီးသော်ဗီဇဂါမ်သည် ထိုအမြစ် အရွက် ပေါက်သော အခါ၌ ဘူတဂါမ် ဖြစ်သောကြောင့်တည်း ဟု မှတ်ရမည်၊ အဘယ်ပါဠိကို ထောက်၍ သိအပ်သနည်းဟူမူ-

နိက္ခိတ္တေ ကပ္ပိယံ ကတွာ မူလပဏ္ဏာနိ ဇာယရုံ၊
ကပ္ပိယံ ပုန ကာရေယျ၊ ဘူတဂါမော ဟိ သော တဒါ။

ဟူသော ခုဒ္ဒသိက္ခာပါဠိကို ထောက်၍ သိအပ်၏။

အနက်ကား- ကပ္ပိယံ - ကပ္ပိခြင်းကို၊ ကတွာ-၍၊ နိက္ခိတ္တေ-ထားအပ်သော ချင်းအစရှိသည်၌၊ မူလပဏ္ဏာနိ-အမြစ် အရွက် တို့သည်၊ ဇာယရုံ-ဖြစ်ကုန်၏၊ ပုန-တဖန်၊ ကပ္ပိယံ-ကို၊ ကာရေယျ-ပြုစေရာ၏၊ ဟိကသ္မာ-အဘယ့်ကြောင့် နည်းဟူမူကား၊ သော ဗီဇဂါမော-ထိုကပ္ပိခြင်းကို ပြုပြီးသော ဗီဇဂါမ်သည်၊ တဒါ - ထိုအမြစ် အရွက် ပေါက်သော အခါ၌၊ ဘူတဂါမော-ဘူတဂါမ် သည်၊ ဟောတိ-၏။ ။ဟုမှတ်၊ ဤကား ရဟန်းတို့ ကပ္ပိခြင်း၏အကြောင်း တည်း။ ။ပြီး၏။

၆၃-အဓိကရုဏ်း လေးပါး ဟူသည်ကား

ဝိဝါဒါဓိကရဏံ အနုဝါဒါဓိကရဏံ အာပတ္တာဓိကရဏံ ကိစ္စာ-
ဓိကရဏန္တိ စတ္တာရိ အဓိကရဏာနိ။

ဝိဝါဒါဓိကရဏန္တိ-ငြင်းခုံခြင်း အဓိကရုဏ်းလည်းကောင်း၊ အနုဝါဒါ-ဓိကရဏန္တိ-စွပ်စွဲသော အဓိကရုဏ်းလည်းကောင်း၊ အာပတ္တာ ဓိကရဏန္တိ-အာပတ် ခုနစ်ဘုံကို ဆိုခြင်းကြောင့်ဖြစ်သော အဓိကရုဏ်း လည်းကောင်း၊ ကိစ္စာဓိကရဏန္တိ-သံဃကိစ္စဟူသော အဓိကရုဏ်းလည်းကောင်း၊ဣတိ-ဤသို့၊ အဓိကရဏာနိ-တို့သည်၊ စတ္တာရိ - လေးပါးတို့တည်း။ ။ဟု-ကင်္ခါကင်္ခ ဝိနိစ္ဆယ၌ ဆိုသောကြောင့် ဝိဝါဒါဓိကရုဏ်း,အနုဝါဒါဓိကရုဏ်း,အာပတ္တာ-ဓိကရုဏ်း, ကိစ္စာဓိကရုဏ်း-ဟူ၍ လေးပါး အပြားရှိကုန်၏ဟုမှတ်။

ထိုလေးပါးတို့တွင် ဝိဝါဒါဓိကရုဏ်းကား-ဤသာသနာတော်၌ ရဟန်းတို့သည် သုတ်အဘိဓမ္မာ မဟုတ်သည်ကို သုတ်အဘိဓမ္မာဟူ၍ ငြင်းခုံကြကုန်၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်းဟူ၍ ငြင်းခုံကြကုန်၏၊ ဘုရားဟောတော်မမူ

သည်ကို ဘုရားဟောတော်မူ၏ ဟူ၍ ငြင်းခုံကြကုန်၏၊ ပြကုန်၏၊ မကျင့်အပ် သည်ကို ကျင့်အပ်ကုန်၏ဟူ၍ ငြင်းခုံကြကုန်၏၊ ပြကုန်၏၊ အာပတ်မသင့်သည် ကို အာပတ်သင့်၏ ဟူ၍ ငြင်းခုံကြကုန်၏၊ ပြကုန်၏၊ လဟုက အာပတ်ကို ဂရုကအာပတ်ဟူ၍ ငြင်းခုံကြကုန်၏၊ ပြကုန်၏၊ အကြွင်းရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ်ဟူ၍ ငြင်းခုံကြကုန်၏၊ ပြကုန်၏၊ ရုန့်ရင်းသော အာပတ်ကို မရုန့်ရင်းသော အာပတ်ဟူ၍ ငြင်းခုံကြကုန်၏၊ပြကုန်၏၊ဤသည် ကား ငြင်းခုံခြင်း ဟူသော ဝိဝါဒါဓိကရုဏ်းမည်၏ ဟု-မှတ်၊ ထို့ကြောင့် ဝိနိစ္ဆယ၌-

ဣဓ ဘိက္ခူ ဝိဝါဒေန္တိ ဒီပေန္တိ အဓမ္မံ ဓမ္မောတိ၊အဝိနယံ ဝိနယောတိ ဝိဝါဒေန္တိ ဒီပေန္တိ၊အဘာသိတံ ဘာသိတန္တိ ဝိဝါဒေန္တိ ဒီပေန္တိ၊ အနာစိဏ္ဏံ အာစိဏ္ဏန္တိ ဝိဝါဒေန္တိ ဒီပေန္တိ၊ အပညတ္တံ ပညတ္တန္တိ ဝိဝါဒေန္တိ ဒီပေန္တိ၊အနာပတ္တိံ အာပတ္တီတိ ဝိဝါဒေန္တိ ဒီပေန္တိ၊လဟုက အာပတ္တိံ ဂရုကအာပတ္တီတိ ဝိဝါဒေန္တိ ဒီပေန္တိ၊သာဝသေသာ အာပတ္တိံ အနာဝသေသာ အာပတ္တီတိ ဝိဝါဒေန္တိ ဒီပေန္တိ၊ဒုဋ္ဌုလ္လာအာပတ္တိံ အဒုဋ္ဌုလ္လာအာပတ္တီတိ ဝိဝါဒေန္တိ ဒီပေန္တိ၊ ဣဒံ ဝိဝါဒါဓိကရဏံ နာမ။ ။ဟုလာ၏။

အတ္ထကား- ဣဓ-ဤသာသနာတော်၌၊ ဘိက္ခူ-သည်၊ အဓမ္မံ-ဓမ္မမဟုတ် သည်ကို၊ ဓမ္မောတိ-သုတ်, အဘိဓမ္မာဟူ၍၊ ဝိဝါဒေန္တိ - ငြင်းခုံကြကုန်၏၊ ဒီပေန္တိ-ပြကုန်၏၊ အဝိနယံ-ဝိနည်းမဟုတ်သည်ကို၊ ဝိနယောတိ-ဝိနည်းဟူ၍၊ ဝိဝါဒေန္တိ-ငြင်းခုံကြကုန်၏၊ဒီပေန္တိ-ကုန်၏၊ အဘာသိတံ-ဘုရားဟောမဟုတ် သည်ကို၊ ဘာသိတန္တိ-ဘုရားဟောဟူ၍၊ဝိဝါဒေန္တိ-ငြင်းခုံကြကုန်၏၊ဒီပေန္တိ- ကုန်၏၊ အနာစိဏ္ဏံ-အလေ့အကျင့် မဟုတ်သည်ကို၊ အာစိဏ္ဏန္တိ-အလေ့အကျင့် ဟူ၍၊ ဝိဝါဒေန္တိ-ကုန်၏၊ ဒီပေန္တိ-ကုန်၏၊ အပညတ္တံ-မပညတ်သည်ကို၊ ပညတ္တန္တိ-ပညတ်၏ ဟူ၍၊ ဝိဝါဒေန္တိ-ကုန်၏၊ ဒီပေန္တိ-ကုန်၏၊အနာပတ္တိံ- အာပတ်မသင့်သည်ကို၊ အာပတ္တီတိ-အာပတ်သင့်သည် ဟူ၍၊ ဝိဝါဒေန္တိ- ကုန်၏၊ ဒီပေန္တိ-ကုန်၏၊သဟုက အာပတ္တိံ-ပေါ့သော အာပတ်ကို၊ ဂရုက- အာပတ္တီတိ-လေးသော အာပတ်ဟူ၍၊ ဝိဝါဒေန္တိ-ကုန်၏၊ ဒီပေန္တိ-ကုန်၏။ သာဝသေသာအာပတ္တိံ-အကြွင်းရှိသော အာပတ်ကို၊ အနဝသေသာ အာ- ပတ္တီတိ-အကြွင်းမရှိသော အာပတ်ဟူ၍၊ ဝိဝါဒေန္တိ ကုန်၏၊ဒီပေန္တိ-ကုန်၏၊ ဒုဋ္ဌုလ္လာအာပတ္တိံ - ရုန့်ရင်းသောအာပတ်ကို၊ အဒုဋ္ဌုလ္လာအာပတ္တိံ-မရုန့်ရင်း

သော အာပတ်ဟူ၍၊ ဝိဝါဒေန္တိ-ငြင်းခုံကြကုန်၏၊ဒိပေန္တိ-ပြကြကုန်၏၊ဣဒံ-ဤသည်ကား၊ ဝိဝါဒါဓိကရဏံနာမ-ဝိဝါဒါဓိကရဏ်းမည်၏။ ။ဟု မှတ်ရမည်။

အနုဝါဒါဓိကရဏ်း မည်သည်ကား.... သာသနာတော်၌ ရဟန်းတို့သည် တပါးသော ရဟန်းကို သီလပျက်ခြင်း၌၎င်း, အကျင့်ပျက်ခြင်း၌၎င်း, အယူပျက်ခြင်း၌၎င်း, အသက်မွေးခြင်း၏ ပျက်ခြင်း၌၎င်း စွပ်စွဲကုန်၏၊ ဤသို့ ဟောတော်မူအပ်သော တစုံတခုသောပျက်ခြင်း၌ မြင်ခြင်း အစရှိသည်တို့ကို အစဉ်လျှောက်၍ သီလ၏ ပျက်ခြင်း အစရှိသည်တို့ကို ဆိုသော စောဒနာခြင်းသည် အနုဝါဒါဓိကရဏ်း မည်၏ ဟု-မှတ်၊ ထို့ကြောင့် ဝိနိစ္ဆယ၌ပင်-

> ဣဓ ဘိက္ခု ဘိက္ခုံ အနုဝဒန္တိ သီလဝိပတ္တိယာဝါ အာစာရဝိပတ္တိယာဝါ ဒိဋ္ဌိဝိပတ္တိယာဝါ အာဇီဝဝိပတ္တိယာဝါတိ ဝုတ္တံ ကဿစိ ဝိပတ္တိယာ ဒိဋ္ဌာဒီနိ အနုဂန္တွာ သီလဝိပတ္တိအာဒီနိ ဝဒနစောဒနာ အနုဝါဒါဓိကရဏံ နာမ။ ။ဟု လာ၏။

အဋ္ဌကား-ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည်၊ ဘိက္ခုံ-တပါးသော ရဟန်းကို၊ သီလဝိပတ္တိယာဝါ-သီလပျက်ခြင်း၌၎င်း၊ အာစာရဝိပတ္တိယာဝါ-အကျင့်ပျက်ခြင်း၌၎င်း၊ ဒိဋ္ဌိဝိပတ္တိယာဝါ-အယူ၏ ပျက်ခြင်း၌၎င်း၊ အာဇီဝဝိပတ္တိယာဝါ-အသက်မွေးခြင်း၏ ပျက်ခြင်း၌၎င်း၊ အနုဝဒန္တိ-စွပ်စွဲကုန်၏၊ ဣတိ-ဤသို့၊ ဝုတ္တံ-ဟောတော်မူအပ်သော၊ကဿစိဝိပတ္တိယာ-တစုံတခုသော ပျက်ခြင်း၌၊ ဒိဋ္ဌာဒီနိ-မြင်ခြင်း အစရှိသည်တို့သို့၊ အနုဂန္တွာ-အစဉ်လျှောက်၍၊ သီလဝိပတ္တိအာဒီနိ - သီလ၏ ပျက်ခြင်း စသည်တို့ကို၊ ဝဒနစောဒနာ-ဆိုသော စောဒနာခြင်းသည်၊ အနုဝါဒါဓိကရဏံနာမ-စွပ်စွဲခြင်းမည်၏၊ ဝါ-အနုဝါဒါဓိကရဏ်း မည်၏။ ။ဟု မှတ်။

အာပတ္တာဓိကရဏ်း မည်သည်ကား အာပတ် ခုနစ်ဘုံတို့ကို သိအပ်ကုန်၏၊ ခုနစ်ဘုံသော အာပတ်ကိုသာ အလိုရှိအပ်၏၊ ဤသည်ကား အာပတ္တာဓိကရဏ်းမည်၏ ဟု မှတ်အပ်၏၊ အဘယ်ပါဠ်ကို ထောက်၍ သိအပ်သနည်းဟူမူကား-

> အာပတ္တာဓိကရဏံနာမ သတ္တအာပတ္တိယော မတာ၊ သတ္တ အာပတ္တိယောဝ အဓိပ္ပေတော၊ ဣဒံ အာပတ္တာဓိကရဏံနာမ။ ။ဟု မိန့်၏။

အတ္ထကား– အာပတ္တာဓိကရဏံနာမ-အာပတ္တာဓိကရဏ်းမည်သည်ကား၊ သတ္တအာပတ္တိယော – အာပတ်ခုနစ်ဘုံတို့ကို၊ မတာ–သိအပ်ကုန်၏၊ သတ္တ-အာပတ္တိယောဝ-ခုနစ်ဘုံသော အာပတ်တို့ကိုသာလျှင်၊ အဓိပ္ပေတာ – အလိုရှိအပ်ကုန်၏၊ ဣဒံ - ဤသည်ကား၊ အာပတ္တာဓိကရဏံနာမ – အာပတ္တာဓိကရဏ်းမည်၏။ ။ကိစ္စာဓိကရဏ်းဟူသည် အဘယ်နည်းဟူမူကား....

အပလောကနကမ္မာဒီနိ စတ္တာရိ သံဃကမ္မာနိ ကိစ္စာဓိကရဏာနိ-နာမ။

အပလောကနကမ္မာဒီနိ–အပလောကနကံ အစရှိကုန်သော၊ စတ္တာရိ-လေးပါးကုန်သော၊ သံဃကမ္မာနိ-သံဃကံတို့သည်၊ ကိစ္စာဓိကရဏာနိနာမ–ကိစ္စာဓိကရဏ်း မည်ကုန်၏။ ။ဟူသော ကမ္မာကမ္မ ဝိနိစ္ဆယနှင့်အညီ အပ-လောကနကံ အစရှိသော သံဃကံ လေးပါးသည် ကိစ္စာဓိကရဏ်း မည်၏ဟု မှတ်။ ။ဤကား အဓိကရဏ်း လေးပါးတည်း။

၆၄–ထိုအဓိကရဏ်းလေးပါး၏ ငြိမ်းကြောင်းဖြစ်သော သမထကား ခုနစ်ပါးတည်း၊ ခုနစ်ပါးဟူသည်ကား

သမ္မုခါဝိနယသမထောစ သတိဝိနယသမထောစ အမူဠ္ဟဝိနယသမထောစ ပဋိညာတသမထောစ ယေဘုယျသိက သမထောစ တဿပါပိယသိက သမထောစ တိဏဝတ္ထာရကသမထောစ သတ္တိမေ သမထာ သဗ္ဗတိက္ခုဟိ ဝိညာတဗ္ဗာ။

သမ္မုခါဝိနယ သမထောစ–သမ္မုခါဝိနယ သမထလည်းကောင်း၊ သတိ-ဝိနယသမထောစ–သတိဝိနယ သမထလည်းကောင်း၊အမူဠ္ဟဝိနယသမထောစ–အမူဠ္ဟဝိနယသမထ လည်းကောင်း၊ ပဋိညာတသမထောစ – ပဋိညာတသမထ လည်းကောင်း၊ ယေဘုယျသိက သမထောစ – ယေဘုယျသိက သမထ လည်းကောင်း၊ တဿပါပိယသိက သမထောစ – တဿပါပိယသိကသမထ လည်းကောင်း၊ တိဏဝတ္ထာရကသမထောစ-တိဏဝတ္ထာရက သမထ လည်းကောင်း၊ ဣတိ–သို့၊ သတ္တ-ခုနစ်ပါးကုန်သော၊ ဣမေ သမထာ-ဤ သမထတို့ကို၊ သဗ္ဗတိက္ခုဟိ-ခပ်သိမ်းသော ရဟန်းတို့သည်။ ဝိညာတဗ္ဗာ–သိအပ်ကုန်၏။

ဟူသော ကမ္မာကမ္မ ဝိနိစ္ဆယနှင့်အညီ သမ္မုခါဝိနယသမထ တပါး၊သတိ-ဝိနယသမထ တပါး၊ အမူဠ္ဟဝိနယသမထ တပါး၊ ပဋိညာတသမထ တပါး၊ ယေဘုယျသိကာသမထ တပါး၊ တဿပါပိယသိကာသမထ တပါး၊ တိဏ-ဝတ္ထာရကသမထတပါး၊ ဤခုနစ်ပါးကုန်သော သမထတို့ကို ခ်သိမ်းသော ရဟန်းတို့သည် သိအပ်ကုန်၏-ဟု သတိထား။

ထို ခုနစ်ပါးတို့တွင် ဝိဝါဒါ ဓိကရဏ်းကို သမ္မုခါဝိနယ သမထဖြင့်၎င်း, ယေဘုယျသိကာ သမထဖြင့်၎င်း ဤနှစ်ပါးသော သမထတို့ဖြင့် ငြိမ်းစေအပ်၏ ဟု မှတ်၊ ထို့ကြောင့် ဝိနိစ္ဆယ၌-

ဝိဝါဒါဓိကရဏံ သမ္မုခါဝိနယေန သမထေနဝါ ယေဘုယျ-သိကာယ သမထေနဝါ ဒွိဟိ သမထေဟိ ဝူပသမေတဗ္ဗံ။ ။ဟုဆို၏။

အတ္ထကား-ဝိဝါဒါဓိကရဏံ-ဝိဝါဒါဓိကရဏ်းကို၊သမ္မုခါဝိနယေန သမ-ထေနဝါ-သမ္မုခါဝိနယသမထဖြင့်၎င်း၊ ယေဘုယျသိကာယ သမထေနဝါ-ယေဘုယျသိကာယသမထဖြင့်၎င်း၊ဣတိ-သို့၊ ဒွိဟိ သမထေဟိ-နှစ်ပါးသော သမထတို့ဖြင့်၊ ဝူပသမေတဗ္ဗံ-ငြိမ်းစေအပ်၏။

သမ္မုခါဝိနယ သမထသည်သည်း သံဃာ့မျက်မှောက် ဖြစ်သော သံဃ သမ္မုခလည်း တပါး၊တရား၏ မျက်မှောက်ဖြစ်သော ဓမ္မသမ္မုခလည်းတပါး၊ ဝိနယသမ္မုခလည်းတပါး၊ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်သော ပုဂ္ဂလသမ္မုခလည်း တပါး၊ ဤသို့အားဖြင့် သမ္မုခါဝိနည်း၌ သမ္မုခသည် လေးပါးအပြားရှိ၏ဟု မှတ်။ ထို့ကြောင့် ၎င်းဝိနိစ္ဆယ၌-

ကာရကသံဃဿ သာမဂ္ဂိဝသေန သမ္မုခီဘာဝေါ သံဃသမ္မုခ-တာ။ ။ဟု-မိန့်၏။

အတ္ထကား- ကာရကသံဃဿ-ကာရကသံဃာ၏၊ သာမဂ္ဂိဝသေန-ညီညွတ်သည်၏ အစွမ်းဖြင့်၊ သမ္မုခီဘာဝေါ-မျက်မှောက်သော အဖြစ်သည်၊ သံဃသမ္မုခတာ-သံဃာ့မျက်မှောက် မည်၏။

ငြိမ်းစေအပ်သော ဝတ္ထု၏ ဟုတ်မှန်သောကြောင့် တရား၏ မျက်မှောက် ဖြစ်သော ဓမ္မသမ္မုခတာမည်၏-ဟုမှတ်၊ ထို့ကြောင့် ၎င်းဝိနိစ္ဆယ၌-

သမေတဗ္ဗဿ ဝတ္ထုနော ဘူတတ္တာ ဓမ္မသမ္မုခတာ။ ။ဟုမိန့်၏။

အတ္ထကား- သမေတဗ္ဗဿ – ငြိမ်းစေအပ်သော၊ ဝတ္ထုနော – ဝတ္ထု၏၊ ဘူတတ္တာ – ဟုတ်မှန်သောကြောင့်၊ ဓမ္မသမ္မုခတာ – တရား၏ မျက်မှောက် မည်၏။

စောဒနာသဖြင့် အပြစ်ကို အောက်မေ့တတ်သော ပုဂ္ဂိုလ်၏မျက်မှောက် သော အပြစ်သည် ဝိနည်း၏ မျက်မှောက်သော ဝိနယ သမ္မုခတာ မည်၏ ဟု မှတ်၊ ထို့ကြောင့် ၎င်း၌ပင်–

စောဒနာသာရဏပုဂ္ဂလဿ သမ္မုခတာ ဝိနယသမ္မုခတာနာမ။ ။ ဟု-မိန့်၏။

စောဒနာသာရဏ ပုဂ္ဂလဿ–စောဒနာသော အပြစ်ကို အောက်မေ့တတ် သော ပုဂ္ဂိုလ်၏၊ သမ္မုခတာ-မျက်မှောက်သောအပြစ်သည်၊ ဝိနယသမ္မု–ခတာနာမ-ဝိနည်း၏ မျက်မှောက် မည်၏။

အကြင်ရဟန်းသည် ငြင်းခုံခြင်းကို ပြုတတ်၏၊ အကြင်ပုဂ္ဂိုလ်နှင့် ငြင်းခုံခြင်းကို ပြုတတ်၏၊ အကြင်ပုဂ္ဂိုလ်သည် ငြင်းခုံခြင်းကို ဖြစ်စေတတ်၏၊မိမိရန်သူ ဖြစ်ကုန်သော ထိုငြင်းခုံခြင်းကို ပြုတတ်ကုန်သော နှစ်ယောက် ကုန်သော ရဟန်းတို့၏ မျက်မှောက်သောအပြစ်သည် ပုဂ္ဂလသမ္မုခတာ မည်၏-ဟုမှတ်၊ ထို့ကြောင့် ၎င်း၌–

ယော ဝိဝဒတိ၊ ယေန ဝိဝဒတိ၊ ယေန ဝိဝါဒေတိ၊တေသံ ဥဘိန္နံ အတ္တပစ္စတ္ထိကာနံ သမ္မုခီဘာဝေါ ပုဂ္ဂလသမ္မုခတာနာမ။ ။ဟု မိန့်၏။

ယော–အကြင်ရဟန်းသည်၊ ဝိဝဒတိ – ငြင်းခုံတတ်၏၊ ယေန ပုဂ္ဂလေန-အကြင်ပုဂ္ဂိုလ်နှင့်၊ ဝိဝဒတိ-ငြင်းခုံခြင်းကိုပြုတတ်၏၊ ယေန ပုဂ္ဂလေန–အကြင် ပုဂ္ဂိုလ်သည်၊ ဝိဝါဒေတိ-ငြင်းခုံခြင်းကို ဖြစ်စေတတ်၏၊ အတ္တပစ္စတ္ထိကာနံ-မိမိရန်သူဖြစ်ကုန်သော၊ တေသံ ဥဘိန္နံ-ထိုငြင်းခုံတတ်သော နှစ်ယောက်သော ရဟန်းတို့၏၊ သမ္မုခီဘာဝေါ-မျက်မှောက်သော အပြစ်သည်၊ ပုဂ္ဂလသမ္မုခ-တာနာမ-ပုဂ္ဂိုလ်၏ မျက်မှောက်မည်၏-ဟု မှတ်။

အနုဝါဒါ ဓိကရဏ်၌ကား ...သမ္မုခါဝိနယ သမထ တပါး, သတိဝိနယ သမထ တပါး, အမူဠ္ဟဝိနယ သမထ တပါး, ယေဘုယျသိက သမထ တပါး ဤလေးပါးသော သမထတို့ဖြင့် ငြိမ်းစေသော အပြစ်တို့ကို သိအပ်,မှတ်အပ် ၏၊ ထို့ကြောင့် ၎င်းဝိနိစ္ဆယ၌–

အနုဝါဒါဓိကရဏံ သမ္မုခါဝိနယေနစ သတိဝိနယေနစ အမူဠ္ဟဝိနယေနစ တထာ ယေဘုယျသိက သမထေနာတိ စတူဟိ သမထေဟိ ဝူပသမေတာ ဝေဒိတဗ္ဗာ။ ။ဟု မိန့်၏။

အဓ္ဓကား- အနုဝါဒါဓိကရဏံ-အနုဝါဒါဓိကရဏ်းကို၊ သမ္မုခါဝိနယေ-နစ-သမ္မုခါဝိနယ သမထဖြင့်လည်းကောင်း၊ သတိဝိနယေနစ-သတိဝိနယ-သမထဖြင့် လည်းကောင်း၊ အမူဠ္ဟဝိနယေနစ - အမူဠ္ဟဝိနယသမထဖြင့်လည်းကောင်း၊တထာ-ထိုမှတပါး၊ ယေဘုယျသိက သမထေနစ - ယေဘုယျသိက သမထဖြင့်လည်းကောင်း၊ ဣတိ-ဤသို့၊စတူဟိ သမထေဟိ – လေးပါးသော သမထတို့ဖြင့်၊ ဝူပသမေတာ–ငြိမ်းစေသော အဓိကရဏ်းကို၊ ဝေဒိတဗ္ဗာ–သိအပ်၏။

ထိုလေးပါးသော သမထတို့တွင် သမ္မုခါဝိနယ သမထသည်ကား၊ လဟုက အာပတ်သို့ ရောက်သော ရဟန်းသည် သံဃာ့အထံ၌ရင်း, ဂိုဏ်းအထံ၌ရင်း, ပုဂ္ဂိုလ်အထံ၌ရင်း ဒေသနာကြားသဖြင့်ရင်း, မျက်မှောက်ဆုံးမသဖြင့်ရင်း ငြိမ်းခြင်းသည် သမ္မုခါဝိနယ သမထ မည်၏ဟုမှတ်။ ထိုကြောင့်ရင်း၌–

လဟုကာပတ္တိ အာပဇ္ဇိတွာ သံဃေဝါ ဂဏေဝါ ပုဂ္ဂလေဝါ ဒေသနာယ သမ္မုခါဝိနယေန သမထော သမ္မုခါဝိနယောနာမ။ ။ ဟု–မိန့်၏။

အဓ္ဓကား- လဟုကာပတ္တိ - လဟုကအာပတ်သို့၊ အာပဇ္ဇိတွာ-ရောက်၍၊ သံဃေဝါ-သံဃာ၌ရင်း၊ ဂဏေဝါ–ဂိုဏ်း၌ရင်း၊ ပုဂ္ဂလေဝါ-ပုဂ္ဂိုလ်၌ရင်း၊ ဒေသနာယ - ဒေသနာကြားသဖြင့်ရင်း၊ သမ္မုခါဝိနယေန-မျက်မှောက်ဆုံးမသဖြင့်ရင်း၊ သမထော-ငြိမ်းခြင်းသည်၊ သမ္မုခါဝိနယောနာမ-မည်၏။ ။ ဟု-လာ၏။

သတိဝိနယ သမထ၌ကား သတိ၏ ပြန့်ပြောခြင်းသို့ ရောက်ပြီးသော ကင်းသော အာသဝေါရှိသော ပုဂ္ဂိုလ်အား ပြုအပ်သော အရင်းမရှိသော သီလဝိပတ္တိ၌ စောဒနာခြင်းသည် သမ္မုခါသမထဖြင့်ရင်း ကမ္မဝါစာဖြင့်ပေးသော သတိဝိနယ သမထဖြင့်ရင်း ငြိမ်းစေခြင်းသည် သတိဝိနယ သမထ မည်၏၊ ထိုကြောင့် ရင်း၌ပင်-

သတိဝေပုလ္လပတ္တဿ ခီဏာသဝဿ ကတာ အမူလိကာ သီလဝိပတ္တိစောဒနာ သမ္မုခါဝိနယေနစ ကမ္မဝါစာယ ဒိန္နေန သတိဝိနယေနစ သမထော သတိဝိနယသမထောနာမ။ ။ဟု–မိန့်၏။

အဓိပ္ပါယ် - သတိဝေပုလ္လပတ္တဿ-သတိ၏ ပြန့်ပြောခြင်းသို့ ရောက်သော၊ ခီဏာသဝဿ – ရဟန္တာ၏၊ ဝါ-ကုန်ပြီးသော အာသဝေါရှိသော ပုဂ္ဂိုလ်အား၊ ကတာ-ပြုအပ်သော၊ အမူလိကာ-အရင်းမရှိသော၊ သီလဝိပတ္တိစောဒနာ-သီလပျက်ခြင်း၌ စောဒနာခြင်းသည်၊သမ္မုခါဝိနယေနစ-သမ္မုခါဝိနယသမထဖြင့်ရင်း၊ ကမ္မဝါစာယ – ကမ္မဝါစာဖြင့်၊ ဒိန္နေန–ပေးသော၊ သတိဝိနယေနစ-သတိဝိနယ သမထဖြင့်ရင်း၊သမထော-ငြိမ်းခြင်းသည်၊သတိဝိနယ-သမထောနာမ-သတိဝိနယသမထမည်၏။

ရူးသောရဟန်းသည် ပြုအပ်သော အာပတ်ကို စောဒနာခြင်းသည် မျက်မှောက် ဆုံးမသဖြင့်ရင်း, ပေးအပ်သော အမူဠ္ဟဝိနယ သမထဖြင့်ရင်း ငြိမ်းစေခြင်းသည် အမူဠ္ဟဝိနယ သမထမည်၏-ဟု မှတ်ရမည်၊ ထိုကြောင့်ရင်း၌ပင်-

> ဥမ္မတ္တကဿ ဘိက္ခုနော ကတာ အာပတ္တိစောဒနာ သမ္မုခါဝိနယေနစ ဒိန္နေန အမူဠ္ဟဝိနယေနစ ဝူပသမော အမူဠ္ဟဝိနယ သမထော နာမ။ ။ဟု-လာ၏။

အဓိပ္ပါယ်– ဥမ္မတ္တကဿ ဘိက္ခုနော - ရူးသော ရဟန်းအား၊ ကတာ-ပြုအပ်သော၊ အာပတ္တိစောဒနာ - အာပတ်ကို စောဒနာခြင်းသည်၊ သမ္မုခါဝိနယေနစ – မျက်မှောက် ဆုံးမသဖြင့်ရင်း၊ ဒိန္နေန - ပေးအပ်သော၊ အမူဠ္ဟဝိနယေနစ–အမူဠ္ဟဝိနည်းဖြင့်ရင်း၊ ဝူပသမော-ငြိမ်းခြင်းသည်၊ အမူဠ္ဟဝိနယသမထောနာမ-အမူဠ္ဟဝိနယသမထမည်၏ဟု မှတ်။

ယေဘုယျဝိနယသမထသည်ကား – ငြင်းခုံခြင်းကို ဖြစ်စေတတ်ကုန်သော အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မတတ်နိုင်သော သံဃာ၌ ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့၏ များသောအဖြစ်ကိုရင်း, နည်းသော အဖြစ်ကိုရင်း သိစေခြင်းငှါ ဆိုသော ကာလ၌ များသောပုဂ္ဂိုလ်တို့၏ အယူ၌ ငြိမ်းခြင်းသည် ယေဘုယျဝိနယ သမထမည်၏-ဟု မှတ်။ ထိုကြောင့် ရင်းကျမ်း၌ပင်-

> ဘဏ္ဍနဇာတာနံ အဓိကရုဏ် ဝူပသမေတုံ အသက္ကုဏေယျတာ သံဃေ ဓမ္မဝါဒိနံ ဗဟုတ္တံဝါ အပ္ပကတ္တံဝါ ဇာနိတုံ ဝဂ္ဂမာနကာလေ ဗဟုတ္တပုဂ္ဂလာနံ ဝါဒေ ဝူပသမော ယေဘုယျသိက သမထောနာမ။ ။ဟု–လာ၏။

အဓိပ္ပါယ် - ဘဏ္ဍနဇာတာနံ–ငြင်းခုံခြင်းကို ဖြစ်စေတတ်ကုန်သော၊ အဓိကရုဏ်-အဓိကရုဏ်းကို၊ ဝူပသမေတုံ-ငြိမ်းစေခြင်းငှါ၊ အသက္ကုဏေယျတာ-

မတတ်နိုင်သောကြောင့်၊ သံဃေ-၌၊ ဓမ္မဝါဒိနံ-ဓမ္မဝါဒီပုဂ္ဂိုလ်တို့၏၊ ဗဟုတ္တံ-ဝါ-များသောအဖြစ်ကိုင်း၊အပ္ပကတ္တံဝါ-နည်းသော အဖြစ်ကိုင်း၊ဇာနိတုံ-သိစေခြင်းငှါ၊ ဝဂ္ဂမာနကာလေ-ဆိုသောကာလ၌၊ ဗဟုတ္တပုဂ္ဂလာနံ-များသောပုဂ္ဂိုလ်တို့၏၊ဝါဒေ-အယူ၌၊ရူပသမော-ငြိမ်းခြင်းသည်၊ယေဘုယျသိက-သမထောနာမ-ယေဘုယျသိက သမထမည်၏။

အာပတ္တိ အဓိကရုဏ်း၌ကား- သမ္မုခါဝိနယသမထဖြင့်ငင်း, ပဋိညာတကရဏ သမထဖြင့်ငင်း, တိဏဝတ္ထာရက သမထဖြင့်ငင်း ဤ သုံးပါးသော သမထ တို့ဖြင့် အာပတ္တာဓိကရုဏ်းကို ငြိမ်းစေအပ်၏-ဟု မှတ်။ ထို့ကြောင့် ငင်း၌ပင်–

> အာပတ္တာဓိကရဏံ သမ္မုခါဝိနယသမထေန ပဋိညာတကရဏ သမထေန တိဏဝတ္ထာရက သမထေနဝါတိ တီဟိ သမထေဟိ ရူပသမေတဗ္ဗံ။ ။ဟု-မိန့်၏။

အတ္ထကား- အာပတ္တာဓိကရဏံ-အာပတ္တာဓိကရုဏ်းကို၊ သမ္မုခါဝိနယသမထေနဝါ-သမ္မုခါဝိနယ သမထဖြင့်ငင်း၊ပဋိညာတ ကရဏ သမထေနဝါ-ပဋိညာတ ကရဏ သမထဖြင့်ငင်း၊တိဏဝတ္ထာရကသမထေနဝါ-တိဏဝတ္ထာရက သမထဖြင့်ငင်း၊ ဣတိ-သို့၊ တီဟိ သမထေဟိ-သုံးပါးကုန်သော သမထ တို့ဖြင့်၊ ရူပသမေတဗ္ဗံ-ငြိမ်းစေအပ်၏။

ထိုသုံးပါးသော သမထတို့တွင် သမ္မုခါဝိနယသမထကို ဆိုအပ်ခဲ့ပြီးသော နည်းရှိသည်သာလျှင်တည်း ဟု မှတ်ရမည်။ ထို့ကြောင့် ငင်း၌- ''သမ္မုခါ-ဝိနယသမထံ ဝုတ္တမေဝ''။ ။သမ္မုခါ ဝိနယသမထံ-သမ္မုခါဝိနယ သမထကို၊ ဝုတ္တမေဝ-ဆိုခဲ့ပြီးသည်နှင့် အတူသာလျှင်တည်း။

ပဋိညာတကရဏ သမထဟူသည်ကား - လဟုကအာပတ်သို့ ရောက်၍ သံဃာ့အထံ၌ငင်း, ဂိုဏ်းအထံ၌ငင်း,ပုဂ္ဂိုလ်အထံ၌ငင်း,ဒေသနာကြားသဖြင့်ငင်း, မျက်မှောက်၌ ဝန်ခံသဖြင့်ငင်း ငြိမ်းစေခြင်းသည် ပဋိညာတ ကရဏ သမထ မည်၏-ဟု မှတ်။ ထို့ကြောင့် ဝိနိစ္ဆယ၌–

> လဟုကာပတ္တိံ အာပဇ္ဇိတွာ သံဃေဝါ ဂဏေဝါ ပုဂ္ဂလေဝါ ဒေသနာယ သမ္မုခေ ပဋိညာတ ကရဏေနစ ရူပသမော ပဋိညာတ-ကရဏ သမထောနာမ။ ။ဟု-မိန့်၏။

အတ္ထကား– လဟုကာပတ္တိံ-လဟုက အာပတ်သို့၊ အာပဇ္ဇိတွာ-ရောက်၍၊ သံဃေဝါ-သံဃာ့အထံ၌ငင်း၊ ဂဏေဝါ-ဂိုဏ်းအထံ၌ငင်း၊ ပုဂ္ဂလေဝါ-

ပဋိုလ်အထံ၌ရင်း၊ ဒေသနာယစ - ဒေသနာကြားသဖြင့်ရင်း၊ သမ္မုခေ-မျက်မှောက်၌၊ပဋိညာတကရဏေနစ -ဝန်ခံသဖြင့်ရင်း၊ ဝူပသမော-ငြိမ်းခြင်းသည်၊ ပဋိညာတကရဏ သမထောနာမ-သမထမည်၏။

တိဏဝတ္ထာရက သမထဟူသည်ကား - ငြင်းခုံခြင်း များသော ရဟန်းနှင့် မလျော်သော လွန်ကျူးခြင်းရှိသော ကောသမ္ဗီပြည်၌နေသော ရဟန်းတို့ကဲ့သို့ မျက်မှောက် ဆုံးမသဖြင့်ရင်း မစင်ရှိရာအရပ်ကို မြက်ဖုံး၍ နေရာခင်းသည်နှင့် တူသော တိဏဝတ္ထာရကသမထဖြင့်ရင်း ငြိမ်းခြင်းသည် တိဏဝတ္ထာရက သမထမည်၏ ဟု မှတ်။ ထို့ကြောင့် ရင်း၌-

ဘဏ္ဍနဇာတအသမဏာဇ္ဈာစာရော ကောသမ္ဗက ဘိက္ခူနံဝိယ သမ္မုခါဝိနယေနစ တိဏဝတ္ထာရကေနစ ဝူပသမော တိဏဝတ္ထာရက သမထောနာမ ဟောတိ။ ။ဟု-မိန့်၏။

အတ္ထကား – ဘဏ္ဍနဇာတ အသမဏာဇ္ဈာစာရော- ငြင်းခုံခြင်း များသော ရဟန်းနှင့် မလျော်ကပ်သော လွန်ကျူးခြင်းရှိသော၊ ကောသမ္ဗက ဘိက္ခူနံ-ဝိယ-ကောသမ္ဗီပြည်၌နေသော ရဟန်းတို့ကဲ့သို့၊ သမ္မုခါဝိနယေနစ-မျက်မှောက် ဆုံးမသဖြင့်ရင်း၊ တိဏဝတ္ထာရကေနစ-မစင်ရှိရာ အရပ်ကို မြက်ဖုံး၍ နေရာ ခင်းသည်နှင့် တူသော တိဏဝတ္ထာရက သမထဖြင့်ရင်း၊ ဝူပသမော-ငြိမ်းခြင်းသည်၊ တိဏဝတ္ထာရက သမထောနာမ-တိဏဝတ္ထာရက သမထမည်သည်၊ ဟောတိ-၏။

ကိစ္စာဓိကရဏ်းကို ငြိမ်းစေခြင်း သမထသည် တပါးသော သမ္မုခါ သမထဖြင့် ငြိမ်းစေအပ်၏၊ အဘယ်သို့ ငြိမ်းစေအပ်သည်ကို သိအပ်သနည်း ဟူမူ- အပလောကနကံ၊ ဉတ္တိကံ၊ ဉတ္တိဒုတိယကံ၊ ဉတ္တိစတုတ္ထကံ တို့ကို မျက်မှောက်ဖြစ်သော သမ္မုခါဝိနယ သမထ တပါးဖြင့် ငြိမ်းစေအပ်၏ ဟု မှတ်ရမည်။ ထို့ကြောင့် ဝိနိစ္ဆယ၌-

ကိစ္စာဓိကရဏံ ဧကေန သမ္မုခါဝိနယေန ဝူပသမေတဗ္ဗံ၊ အပလောကနကမ္မံ ဉတ္တိကမ္မံ ဉတ္တိဒုတိယကမ္မံ ဉတ္တိစတုတ္ထကမ္မံ စတုန္နံ သမ္မုခါနံ ဧကေန ဝူပသမော သမ္မုခါဝိနယသမထောနာမ။ ။ဟု-မိန့်၏။

အတ္ထကား- ကိစ္စာဓိကရဏံ - ကိစ္စာဓိကရဏ်းကို၊ ဧကေန-တပါးသော၊ သမ္မုခါဝိနယေန-သမ္မုခါဝိနယ သမထဖြင့်၊ ဝူပသမေတဗ္ဗံ-ငြိမ်းစေအပ်၏၊

အပလောကနကမ္မ-အပလောကနကံရင်း၊ ဉတ္တိကမ္မ-ဉတ္တိကံရင်း၊ ဉတ္တိ-ဒုတိယကမ္မ-ဉတ္တိ ဒုတိယကံရင်း၊ ဉတ္တိ စတုတ္ထကမ္မ-ဉတ္တိ စတုတ္ထကံရင်း၊ ဣတိ-သို့စတုန္နံ-လေးပါးကုန်သော၊ သမ္ဗုခါနံ-သမ္ဗုခါ တို့တွင်၊ ဧကေန-တပါးပါးသော သမ္ဗုခါဖြင့်၊ ရူပသမေဘ-ငြိမ်းခြင်းသည်၊ သမ္ဗုခါဝိနယ-သမထောနာမ-သမ္ဗုခါဝိနယသမထမည်၏။ ။ဟုလာ၏၊ဤကားအဓိကရဏ်း လေးပါး၏ အကြောင်းတည်း။ ။ပြီး၏။

၆၅-မင်အပြား သုံးဆယ် ဟူသည်ကား

မနုဿာမနုဿတိရစ္ဆာနဂတဘူတာ တိဿော ဣတ္ထိယော ဟောန္တိ၊တာသံ ဝစ္စမဂ္ဂ ပဿာဝမဂ္ဂ မုခမဂ္ဂဝသေန တယော တယော ကတွာ နဝ မဂ္ဂါ၊

မနုဿာမနုဿ တိရစ္ဆာနဂတ ဘူတာ-လူ နတ် ဘီလူး တိရစ္ဆာန် ဖြစ်၍ ဖြစ်ကုန်သော၊ တိဿော-သုံးယောက်ကုန်သော၊ ဣတ္ထိယော-မိန်းမတို့သည်၊ ဟောန္တိ-ရှိသည်ဖြစ်ကုန်၏၊ တာသံ-ထိုသုံးယောက်ကုန်သော မိန်းမတို့၏၊ ဝစ္စမဂ္ဂ ပဿာဝမဂ္ဂ မုခမဂ္ဂဝသေန - ဝစ္စ မဂ်, ပဿာဝ မဂ်, မုခမဂ် တို့၏ အစွမ်းဖြင့်၊တယော တယော-သုံးပါး သုံးပါးတို့ကို၊ ကတွာ-ပြု၍၊နဝမဂ္ဂါ-ကိုးပါးသော မဂ်တို့သည်၊ ဟောန္တိ-ကုန်၏။

ဟူသော သိက္ခာပဒဝဏ္ဏနာနှင့်အညီ လူမိန်းမ၌ ဝစ္စမဂ်, ပဿာဝမဂ်, မုခမဂ် အားဖြင့် သုံးပါး၊ နတ်, ဘီလူး မိန်းမတို့၌လည်း ဝစ္စမဂ်, ပဿာဝမဂ်, မုခမဂ် အားဖြင့် သုံးပါးစီ ဖြစ်သောကြောင့် မိန်းမ သုံးယောက်တို့၏ မဂ်ကို ပေါင်း၍ ကိုးပါးသော မဂ်သည် ဖြစ်၏။

တထာ မနုဿာမနုဿ တိရစ္ဆာနဂတာနံ တိဏ္ဏံ ဥဘတော ဗျဉ္ဇနာနံပိ ဟောန္တိ။

မနုဿာမနုဿတိရစ္ဆာနဂတာနံ-လူ နတ် ဘီလူး တိရစ္ဆာန် ဖြစ်ကုန်သော၊ တိဏ္ဏံ-ကုန်သော၊ ဥဘတောဗျဉ္ဇနာနံပိ - ဥဘတော ဗျည်းတို့အား လည်း၊တထာ-ထိုအတူ သုံးပါးစီဖြစ်၍ ကိုးပါးသော မဂ်တို့သည်၊ ဟောန္တိ-ကုန်၏။

ဟူသော သိက္ခာပဒ်နှင့်အညီ လူ ဥဘတောဗျည်း, ဘီလူး ဥဘတောဗျည်း, တိရစ္ဆာန် ဥဘတောဗျည်း ဤသုံးယောက်သော ဥဘတောဗျည်းတို့အားလည်း

ဝစ္စမဂ်, ပဿာဝ မဂ်, မုခမဂ် အားဖြင့် သုံးပါးစီဖြစ်၍ မဂ်ကိုးပါးတည်း၊ နှစ်ပါးပေါင်းသော် တဆယ့်ရှစ်ပါးဖြစ်၏။

မနုဿာ မနုဿ တိရစ္ဆာနဂတဘူတာ တယော ပုရိသာ ဟောန္တိ၊
တေသံ ဝစ္စမဂ္ဂ မုခမဂ္ဂဝသေန ဒွေ ဒွေ ကတွာ ဆမဂ္ဂါ။

မနုဿာ မနုဿ တိရစ္ဆာနဂတဘူတာ-လူ ဘီလူး တိရစ္ဆာန် ဖြစ်၍ ဖြစ်ကုန်သော၊ တယော-သုံးယောက်ကုန်သော၊ ပုရိသာ-ယောကျ်ားတို့သည်၊ ဟောန္တိ-ကုန်၏၊ တေသံ-ထိုသုံးယောက်တို့၏၊ ဝစ္စမဂ္ဂ မုခမဂ္ဂဝသေန-ဝစ္စမဂ်, မုခမဂ်တို့၏ အစွမ်းဖြင့်၊ ဒွေ ဒွေ-နှစ်ပါးစီ နှစ်ပါးစီ တို့ကို၊ ကတွာ-ပြု၍၊ ဆမဂ္ဂါ-ခြောက်ပါးသော မဂ်တို့သည်၊ ဟောန္တိ-ကုန်၏။

ဟူသော သိက္ခာပဒနှင့်အညီ လူယောကျ်ား, ဘီလူးယောကျ်ား, တိရစ္ဆာန်ယောကျ်ားအားဖြင့် ယောကျ်ား သုံးယောက်၊ ထိုယောကျ်ား သုံးယောက်တို့၏ ဝစ္စမဂ်, မုခမဂ် အားဖြင့် နှစ်ပါးစီ ရှိရကား ခြောက်ပါးသောမဂ်တို့သည် ဖြစ်ကုန်၏။

တထာ မနုဿာမနုဿ တိရစ္ဆာနဂတာနံ တိဏ္ဏံ ပဏ္ဍကာနန္တိ။

မနုဿာ မနုဿ တိရစ္ဆာနဂတာနံ-လူ ဘီလူး တိရစ္ဆာန် ဖြစ်ကုန်သော၊ တိဏ္ဏံ-သုံးယောက်ကုန်သော၊ ပဏ္ဍကာနံ-ပဏ္ဍုက်တို့အား၊ တထာ-ထိုအတူ၊ ဒွေ ဒွေကတွာ-နှစ်ပါးစီ နှစ်ပါးစီပြု၍၊ ဆမဂ္ဂါ-ခြောက်ပါးသောမဂ်တို့သည်၊ ဟောန္တိ-ကုန်၏။

ဟူသော သိက္ခာပဒနှင့်အညီ လူပဏ္ဍုက်, ဘီလူးပဏ္ဍုက်, တိရစ္ဆာန်ပဏ္ဍုက်ဟု ဆိုအပ်ကုန်သော သုံးယောက်ကုန်သော ပဏ္ဍုက်တို့အား မဂ်နှစ်ပါး, နှစ်ပါးစီပြု၍ မဂ်ပေါင်း ခြောက်ပါးဖြစ်သတည်း၊ မိန်းမ ဥဘတောဗျည်း ယောကျ်ားပဏ္ဍုက် တို့ကို ပေါင်း၍ မဂ်အပြား သုံးဆယ် ဖြစ်သတည်းဟု မှတ်ရမည်၊ ဤကား မဂ်အကျယ်အားဖြင့် သုံးဆယ်တည်း။ ။ပြီး၏။

၆၆-ပဌမ ပါရာဇိက ရောက်လောက်သောဝတ္ထု ဟူသည်ကား

အပဒါနံ အဟိမစ္ဆာ၊ ဒွိပဒါနဉ္စ ကုက္ကုဋီ။
စတုပ္ပဒါနံ မဇ္ဇာရီ၊ ဝတ္ထု ပါရာဇိကဿိမာ။

အပဒါနံ-အခြေမရှိသော သတ္တဝါတို့တွင်၊ အဟိမစ္ဆာ၊ မြွေမ, ငါးမတို့တည်း။ ဒွိပဒါနံ-အခြေ နှစ်ချောင်း ရှိသော သတ္တဝါတို့တွင်၊ ကုက္ကုဋီ-

ကြက်မတည်း၊စတုပ္ပဒါနံ-အခြေလေးချောင်း ရှိသောသတ္တဝါတို့တွင်၊မဇ္ဇာရီ-ကြောင်မတည်း၊ ဣမာ-ဤဆိုခဲ့ပြီးသော တိရစ္ဆာန်မတို့သည်၊ ပါရာဇိကသာ-ပါရာဇိက၏၊ ဝတ္ထု-အကြောင်းတို့တည်း။

ဟူသော ပါရာဇိကကဏ် အဋ္ဌကထာ၌ ဆိုသည်နှင့်အညီ အခြေ မရှိသော သတ္တဝါတို့တွင် မြွေမ, ငါးမသည် ပဌမပါရာဇိကဝတ္ထု လောက်၏၊ အခြေနှစ်ချောင်း ရှိသော သတ္တဝါတို့တွင် ကြက်မ,ခိုမသည် အယုတ်သဖြင့် ပဌမပါရာဇိကဝတ္ထု လောက်၏၊ အခြေ လေးချောင်းရှိသော သတ္တဝါတို့တွင် ကြောင်မ, ဖွတ်မတို့သည် အယုတ်သဖြင့် ပဌမ ပါရာဇိကဝတ္ထု လောက်၏ဟု မှတ်အပ်၏၊ ဥက္ကဋ္ဌ ပရိစ္ဆေဒ ဖြစ်၍ ဆိုအပ်ခဲ့ပြီးသော သတ္တဝါတို့ထက် ကြီးမူ ဆိုဖွယ် မရှိ၊ ပါရာဇိက ကေန္တတည်း။

၆၇-သိမ်အပြား ဟူသည်ကား

သီမာစ နာမေသာ ဗဒ္ဓသီမာ အဗဒ္ဓသီမာတိ ဒုဝိဓာ ဟောတိ။

သီမာစနာမ-သိမ်မည်သည်ကား၊ သောသီမာ-ဤသိမ်သည်၊ဗဒ္ဓသီမာစ-ဗဒ္ဓသိမ်ရင်း၊ အဗဒ္ဓသီမာစ-အဗဒ္ဓသိမ်ရင်း၊ ဣတိ-သို့၊ဒုဝိဓာ-နှစ်ပါး အပြား ရှိသည်၊ ဟောတိ-၏။

ဟု-ကင်္ခါအဋ္ဌကထာ၌ ဆိုသည်နှင့်အညီ ဗဒ္ဓသိမ် အဗဒ္ဓသိမ်ဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ဗဒ္ဓသိမ်သည်လည်း-

> အတိခုဒ္ဒကာ အတိမဟတီ ခဏ္ဍနိမိတ္တာ ဆာယာနိမိတ္တာ အနိမိတ္တာ ဗဟိသီမေ ဋ္ဌိတသမ္မတာ နဒိယာ သမ္မတာ သမုဒ္ဒေ သမ္မတာ ဇာတဿရေ သမ္မတာ သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ သီမာယ-သီမံ အဇ္ဈောတ္ထရန္တေန သမ္မတာတိ။

ဟု-ကင်္ခါ၌ ဆိုသည်နှင့်အညီ နှစ်ကျိပ်တယောက်သော ရဟန်းတို့သည် မဆန့်သော အလွန်ကျဉ်းသော အတိခုဒ္ဒကာ၊ သုံးယူဇနာထက် တဆံခြည်မျှ လွန်၍ သမုတ်ခြင်း တည်းဟူသော အတိမဟတီ၊ ကြိုးပြတ်သော နိမိတ်ရှိသော ခဏ္ဍနိမိတ္တာ၊ တောင်ရိပ်အစရှိသည်ကို နိမိတ်ပြုသော ဆာယာနိမိတ္တာ၊ နိမိတ် မထားဘဲ သမုတ်သော အနိမိတ္တာ၊ နိမိတ်ပြင်၌ တည်၍ သမုတ်သော ဗဟိသီမေဋ္ဌိတသမ္မတာ၊ မြစ်၌ ကမ္မဝါစာဖြင့် သမုတ်ခြင်း တည်းဟူသော နဒိယာ သမ္မတာ၊သမုဒ္ဒရာ၌ ကမ္မဝါစာဖြင့် သမုတ်ခြင်းဟူသော သမုဒ္ဒေ သမ္မတာ၊

အလိုလိုဖြစ်သော ဇာတသာရ ရေအိုင်၌ ကမ္မဝါစာဖြင့် သမုတ်ခြင်း တည်းဟူသော ဇာတဿရေ သမ္မုတာ၊ မိမိသိမ်ဖြင့် သူတပါးသိမ်ကိုစပ်၍ သမုတ်ခြင်း တည်းဟူသော သီမသမ္ဘေဒ၊ မိမိသိမ်ဖြင့် သူတပါးသိမ်ကို လွှမ်းမိုး၍ သမုတ်ခြင်း တည်းဟူသော အဇ္ဈောတ္ထရဏ၊ ဤတဆယ့်တပါးကုန်သော သိမ်ပျက်ခြင်း အပြစ်တို့ကို ပယ်၍ သုံးပါးသော သမ္မုတ္တိနှင့် ပြည့်စုံစွာ သမုတ်ခြင်းသည် ဗဒ္ဓသိမ်မည်၏။ ။ထိုဗဒ္ဓသိမ်သည်လည်း-

ခဏ္ဍသီမာ သမာနသံဝါသသီမာ အဝိပ္ပဝါသ သီမာတိ တဿာ-ယောဝ ပဘေဒေါ။

ခဏ္ဍသီမာ-ခဏ္ဍသိမ်၊ သမာနသံဝါသသီမာ-သမာနသံဝါသသိမ်၊ အဝိပ္ပ-ဝါသသီမာ-အဝိပ္ပဝါသသိမ်၊ ဣတိ-ဤသို့၊ တဿာယေဝ-ထိုဗဒ္ဓသိမ်၏သာလျှင်၊ ပဘေဒေါ-အပြားတည်း။

ဟူသော ကဉ်္ခါနှင့် အညီ ခဏ္ဍသိမ်, သမာနသံဝါသသိမ်, အဝိပ္ပဝါသသိမ်-ဟူ၍ သုံးပါး အပြားရှိ၏၊ ထိုသုံးပါးတို့တွင် ခဏ္ဍသိမ် ဟူသည်ကား-နိမိတ်ပိုင်းခြားသောကြောင့် ခဏ္ဍသိမ်မည်၏၊ ဥပုသ်အစရှိသော ကံကို တကွနက် ပြုခြင်းငှါ ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် သမုတ်ခြင်းသည် သမာန သံဝါသသိမ် မည်၏၊ တိစီဝရိက် ဆောင်သော ရဟန်းတို့သည် သင်္ကန်းနှင့် မကင်းစေခြင်းငှါ ဉတ္တိဒုတိယ ကာမ္မဝါစာဖြင့် သမုတ်ခြင်းသည် အဝိပ္ပဝါသ သိမ်မည်၏ဟု မှတ်။

သုံးပါးသော သမ္မုတ္တိ ဟူသည်ကား

နိမိတ္တသမ္မုတ္တိယာ ပရိသာသမ္မုတ္တိယာ ကမ္မဝါစာ သမ္မုတ္တိယာစ ယုတ္တာ။

ဟူသော ကဉ်္ခါအဋ္ဌကထာနှင့်အညီ နိမိတ်၏ပြည့်စုံခြင်း, ပရိသတ်၏ ပြည့်စုံခြင်း, ကမ္မဝါစာ၏ ပြည့်စုံခြင်း- ဤသုံးပါးတို့တည်း။ ။ထို သုံးပါးတို့တွင် နိမိတ်၏ ပြည့်စုံခြင်း ဟူသည်ကား-

ပဗ္ဗတနိမိတ္တံ ပါသာဏနိမိတ္တံ ဝနနိမိတ္တံ ရုက္ခနိမိတ္တံ မဂ္ဂနိမိတ္တံ ဝမ္မိကနိမိတ္တံ နဒီနိမိတ္တံ ဥဒကနိမိတ္တန္တိ။

ပဗ္ဗတနိမိတ္တံ-တောင်နိမိတ်၊ ပါသာဏနိမိတ္တံ-ကျောက်နိမိတ်၊ ဝနနိမိတ္တံ-တောနိမိတ်၊ ရုက္ခနိမိတ္တံ-သစ်ပင်နိမိတ်၊ မဂ္ဂနိမိတ္တံ-ခရီးနိမိတ်၊ ဝမ္မိကနိမိတ္တံ-

တောင်ဝို့နိမိတ်၊ နဒီနိမိတ္တံ - မြစ်နိမိတ်၊ ဥဒကနိမိတ္တံ-ရေနိမိတ်၊ ဣတိ ဣမေ-အဋ္ဌ-ဤရှစ်ပါးတို့တည်း။

ဟူ၍ ကခ်ါ၌ဆိုသည်နှင့်အညီ တောင်နိမိတ်, ကျောက်နိမိတ်,တောနိမိတ်, သစ်ပင်နိမိတ်, ခရီးနိမိတ်, တောင်ဝို့နိမိတ်, မြစ်နိမိတ်, ရေနိမိတ် ဤသို့အားဖြင့် ရှစ်ပါးတည်း၊ ဤနိမိတ်ရှစ်ပါးနှင့် ပြည့်စုံခြင်းသည် နိမိတ္တသမ္ပတ္တိ မည်၏ဟု မှတ်၊ ပရိသာသမ္ပတ္တိ ဟူသည်ကား-

သဗ္ဗန္တိမေန ပရိစ္ဆေဒေန စတူပါ ဘိက္ခူပါ သန္နိပတိတွာ။

သဗ္ဗန္တိမေန - အလုံးစုံတို့၏ အဆုံးဖြစ်သော၊ ပရိစ္ဆေဒေန-အပိုင်းအခြားအားဖြင့်၊ စတူပါ ဘိက္ခူပါ – လေးယောက်သော ရဟန်းတို့သည်၊ သန္နိ-ပတိတွာ-စည်းဝေး၍။

ဟူသော ကခ်ါအဋ္ဌကထာနှင့်အညီ စတုဝဂ္ဂကံဖြစ်၍ လေးယောက်သော ရဟန်းတို့၏ ပြည့်စုံခြင်းသည် ပရိသတ်သမ္ပတ္တိဟူ၍မှတ်၊ ပါရာဇိက ရောက်, မရောက်သော အဖြစ်ကို မသိနိုင်သည်ဖြစ်၍ "ဆပဥ္စမတ္တေ"ဟု ကျမ်းဆရာတို့ ဆိုသောကြောင့် ငါးယောက် ခြောက်ယောက်သော ရဟန်းတို့သည် ပရိသာသမ္ပတ္တိဟူ၍ မှတ်၊ ကမ္မဝါစာ သမ္ပတ္တိဟူသည်ကား-

ဉာနကရဏာဒိသမ္ပတ္တံ အဟာပေန္တေန သိထိလဓနိတဒီဃရဿာ-ဒိ ဝိသေသံ မနသိကရောန္တေန။

ဉာနကရဏာဒိသမ္ပတ္တံ - ဉာန်ကရိုဏ်းစသည်တို့၏ ပြည့်စုံခြင်းကို၊ အဟာ-ပေန္တေန - မယုတ်စေသဖြင့်၊ သိထိလဓနိတဒီဃရဿာဒိဝိသေသံ - သိထိလ ဓနိတ ဒီဃ ရဿ အစရှိသည်တို့၏အထူးကို၊ မနသိကရောန္တေန–နှလုံးသွင်းသဖြင့်။

ဟူသော ကခ်ါဋီကာနှင့်အညီ ဉတ္တိဒေါသ, အနုဿာဝန ဒေါသတို့ကို ပယ်၍ ဉတ္တိသမ္ပတ္တိ, အနုဿာဝန သမ္ပတ္တိနှင့် ပြည့်စုံစွာ ရွတ်ခြင်း ဖတ်ခြင်းသည် ကမ္မဝါစာသမ္ပတ္တိမည်၏။ ။ဤသို့ ကမ္မဝါစာဖြင့် ဖွဲ့သောကြောင့် ဗဒ္ဓသိမ်မည်၏ဟု မှတ်။ ။အဗဒ္ဓသိမ် ဟူသည်ကား-

ဂါမသီမာ သတ္တဗ္ဘန္တရသီမာ ဥဒကုက္ခေပသီမာတိ တိဝိဓာ။

ဂါမသီမာ-ဂါမ သိမ်ဧရာ၊ သတ္တဗ္ဘန္တရသီမာ - သတ္တဗ္ဘန္တရ သိမ်ဧရာ၊ ဥဒကုက္ခေပသီမာ-ဥဒကုက္ခေပ သိမ်ဧရာ၊ ဣတိ-သို့၊ တိဝိဓာ–၏။

ဟူသော ကဲ်ါနှင့် အညီ ဂါမသိမ်, သတ္တဗ္ဘန္တရသိမ်, ဥဒကုက္ခေပသိမ် ဟူ၍ သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် ဂါမသိမ်သည်လည်း ပကတိဂါမသိမ်, ဝိသုံဂါမသိမ်ဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ပကတိဂါမသိမ်ဟူသည်ကား–

ယာဝတာ ဧကံ ဂါမခေတ္တံ၊ အယံ ဂါမသီမာနာမ။

ယာဝတာ – အကြင်မျှလောက်သော၊ ဧကံ ဂါမခေတ္တံ – တခုသော ဂါမခေတ် သည်၊ အတ္ထိ-၏၊အယံ-ဤဂါမခေတ်သည်၊ ဂါမသီမာနာမ–ဂါမသိမ်မည်၏။ ။ဟု ကဲ်ါ၌ လာသည်နှင့်အညီ အကြင်မျှလောက်သော တခုသော ဂါမခေတ်သည် ဂါမသိမ် မည်၏-ဟု မှတ်။

ဂါမဂဟဏေန စေတ္ထ နဂရမ္ပိ ဂဟိတမေဝ ဟောတိ။

ဂါမဂဟဏေနစ--ဂါမသဒ္ဒါကိုယူသဖြင့်လည်း၊ဧတ္ထ-ဤအရာ၌၊နဂရမ္ပိ-မြို့ကိုလည်း၊ ဂဟိတမေဝ-ယူအပ်သည်သာလျှင်၊ ဟောတိ-၏။

ဟူသော ကဲ်ါဋီကာနှင့်အညီ ဂါမကိုယူသဖြင့်လည်း ဤအရာ၌ မြို့ကိုလည်း ယူအပ်၏။

ယတ္တကေ ပဒေသေ တဿ တဿ ဂါမဿ ဂါမဘောဇကာ ဗလိံ လဘန္တိ၊ သော ပဒေသော အပ္ပေါဝါ ဟောတု၊မဟန္တောဝါ ဟောတု၊ ဂါမသီမာတွေဝ သင်္ချံ ဂစ္ဆတိ။

ယတ္တကေ ပဒေသေ-အကြင်အရပ်၌၊တဿ တဿ ဂါမဿ-ထိုထိုရွာ၏၊ ဂါမဘောဇကာ-ရွာစားတို့သည်၊ ဗလိံ-အခွန်ကို၊လဘန္တိ-ရကုန်၏၊သော-ပဒေသော-ထိုအရပ်သည်၊ အပ္ပေါဝါ-ကျဉ်းသည်မူလည်း၊ ဟောတု–ဖြစ်စေ၊ မဟန္တောဝါ-ကျယ်သည်မူလည်း၊ ဟောတု–ဖြစ်စေ၊ ဂါမသီမာတွေဝ သင်္ချံ-ဂါမသိမ်ဟူသော အရေအတွက်သို့လျှင်၊ ဂစ္ဆတိ-ရောက်၏။

ဟူသော ကဲ်ါဋီကာနှင့်အညီ ပထဝိဿရ ဖြစ်သော မင်းသည် တစုံတယောက်သောသူအား ရွာစားပေး၏၊ ထိုရွာစားသည် အခွန်အတုတ်ကို ရရာဖြစ်သော အရပ်သည် ကျဉ်းသည်မူလည်း ဖြစ်စေ, ကျယ်သည်မူလည်း ဖြစ်စေ ထိုအရပ်သည် ဂါမဟူသော အရေအတွက်သို့ ရောက်၏။ "နဂရ-နိဂမသီမာသုပိ ဧသေဝ နယော" ဟု ဆိုသောကြောင့် မြို့,နိဂုံသည်လည်း ဤနည်းအတူတည်း။ ။ဤကား ပကတိဂါမသိမ်တည်း-ဟု မှတ်။ ဝိသုံဂါမသိမ် ဟူသည်ကား–

ယံပိ ကေသွိံယေ၀ ဂါမခေတ္တေ ကေပဒေသံ အယံ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမ-သီမာ ဟောတိယေ၀။

ယံပိ-အကြင် ပကတိ ဂါမသိမ်ကိုလည်း၊ ကေသွိံ ယေ၀ ဂါမခေတ္တေ-တခုသော ဂါမခေတ်၏ အတွင်း၌လျှင်၊ ကေပဒေသံ-တစိတ်တဒေသသော အရပ်ကို၊ ဥဒ္ဓရိတွာ-နုတ်၍၊ အယံ-ဤနုတ်သော အရပ်သည်၊ ဝိသုံဂါမော-အသီးအခြား ဝိသုံဂါမသည်၊ ဟောတု-ဖြစ်စေ၊ ဣတိ-သို့၊ ပရိစ္ဆိန္ဒိတွာ-နယ်နိမိတ် ပိုင်းခြား၍၊ရာဇာ-မင်းသည်၊ ကဿစိ-တစုံတယောက်သော သူအား၊ ဒေတိ-ပေး၏၊ သောပိ-ထိုပိုင်းခြား၍ ပေးသော အရပ်သည်လည်း၊ ဝိသုံဂါမ-သီမာ-ဝိသုံဂါမသိမ်သည်၊ ဟောတိယေ၀-ဖြစ်သလျှင်ကတည်း။

ဟူသော ဝိနယာလင်္ကာရ ဋီကာနှင့်အညီ ရေ မြေကို အစိုးရသော မင်းသည် တခုသော ဂါမခေ၏ အတွင်း၌ တစိတ်တဒေသသော အရပ်ကို နုတ်ယူ၍ ဤနုတ်ယူသောအရပ်သည် အသီးအခြား ဝိသုံဂါမဖြစ်စေဟု နယ်နိမိတ် ပိုင်းခြား၍ တစုံတယောက်သောသူအား ပေး၏၊ ထိုသို့ ပိုင်းခြား၍ ပေးသော အရပ်သည် ကျဉ်းသည်မူလည်း ဖြစ်စေ, ကျယ်သည်မူလည်း ဖြစ်စေ အသီးအခြား ဝိသုံဂါမ ဖြစ်၏ဟု မှတ်။

တသ္မာ သာစ ဣတရာစ ပကတိဂါမနဂရနိဂမသီမာ ဗဒ္ဓသီမာ သဒိသာယေ၀ ဟောန္တိ။

ဟု ဋီကာ၌ ဆိုသောကြောင့် တခုသော ပကတိဂါမ, တခုသော ဝိသုံဂါမ, တခုသောမြို့, တခုသော နိဂုံသည် ဗဒ္ဓသိမ်နှင့် တူသည်ဖြစ်၍ ပဝါရဏာ, ဥပသမ္ပဒ စသော သံဃာ့ကံကို ပြုအပ်၏။ ဤကား ဂါမသိမ်တည်းဟုမှတ်။ နိဂမ နဂရ ဂါမတို့၏ အထူးကား-

အပါကာရပရိက္ခေပေါ သာပဏော၊ နိဂမော၊ သပါကာရာပဏံ နဂရံ၊ တံ တံ ဝိပရီတော ဂါမော။

အပါကာရပရိက္ခေပေါ-အရံကားမရှိ၊သာပဏော-ဈေးကားရှိ၏၊နိဂမော-နိဂုံတည်း၊ သပါကာရာပဏံ-အရံလည်း ရှိ၏, ဈေးလည်း ရှိ၏၊ နဂရံ-မြို့တည်း၊တံ တံ ဝိပရီတော-ထိုအရံ, ထိုဈေးမှ ကင်းမူကား၊ ဂါမော-ရွာတည်း။

ဟူသော ကင်္ခါဋီကာနှင့်အညီ အရံ မရှိ ဈေးသာရှိမူကား နိဂုံ မည်၏၊ အရံလည်းရှိ၊ ဈေးလည်း ရှိမူကား မြို့မည်၏၊ အရံလည်း မရှိ၊ ဈေးလည်း မရှိမူကား ရွာမည်၏။ ။ဇနပဒ, ရဋ္ဌ ဆိုသည်ကား-

ဇနပဒေါတိ ကေဿ ရဇ္ဇော ရဋ္ဌေ ကောကော ကောဋ္ဌာသော၊
ရဋ္ဌန္တိ သကလရဋ္ဌံ။

ဇနပဒေါတိ-ဇနပုဒ်ဟူသည်ကား၊ ကေဿ-တယောက်သော၊ ရဇ္ဇော-၏၊ ရဋ္ဌေ-မင်းပြုသော ကျေးလက်ခရိုင်နှင့်တကွသော တိုင်း၌၊ ကောကော ကောဋ္ဌာသော-တခုတခုသော အစုကို၊ ဇနပဒေါတိ-ဟူ၍၊ဝေဒိတဗ္ဗော-၏၊ ရဋ္ဌန္တိ-ရဋ္ဌဟူသည်ကား၊ သကလရဋ္ဌံ-အလုံးစုံသောတိုင်းကို၊ ရဋ္ဌန္တိ-ဟူ၍၊ ဝေဒိတဗ္ဗံ-၏။

ဟု-ပါရာဇိကဏ် အဋ္ဌကထာနှင့်အညီ တယောက်သော မင်းသည် မင်းပြုသော ကျေးလက်ခရိုင်နှင့် တကွသော တိုင်း၌ တခုတခုသော အစုသည် ဇနပုဒ်မည်၏၊ ရဋ္ဌဟူသည်ကား ကာသိ, ကောသလတို့ကဲ့သို့သော တတိုင်းတနိုင်ငံလုံးသည် ရဋ္ဌမည်၏ဟု မှတ်။ သတ္တဗ္ဘန္တရသိမ် ဟူသည်ကား-

အဂါမကေ အရညေ သမန္တာ သတ္တဗ္ဘန္တရာ သတ္တဗ္ဘန္တရသီမာ-နာမ။

အဂါမကေ - ရွာမရှိသော၊ ဝါ - ရွာမဟုတ်သော၊ အရညေ - တော၌၊ သမန္တာ-ထက်ဝန်းကျင်မှ၊ သတ္တဗ္ဘန္တရာ-ခုနစ်အဗ္ဘန္တရ ရှိသောအရပ်သည်၊ သတ္တဗ္ဘန္တရသီမာနာမ-သတ္တဗ္ဘန္တရသိမ် မည်၏။

ဟု-ကခ်ါ၌ ဆိုသည်နှင့်အညီ ရွာမဟုတ်သော တော၏ထက်ဝန်းကျင်မှ ခုနစ်အဗ္ဘန္တရ ရှိသော အရပ်သည် သတ္တဗ္ဘန္တရသိမ်မည်၏ဟု မှတ်။

သမန္တာ သတ္တဗ္ဘန္တရာတိ မဇ္ဈေ ဌိတာနံ သဗ္ဗဒိသာသု သတ္တဗ္ဘန္တရာ၊ ဝိနိဗ္ဗေဓေန စုဒ္ဒသ ဟောန္တိ။

သမန္တာ သတ္တဗ္ဘန္တရာတိ - သမန္တာ သတ္တဗ္ဘန္တရာ ဟူသည်ကား၊ မဇ္ဈေ-အလယ်၌၊ ဌိတာနံ တည်ကုန်သော သူတို့၏၊ သဗ္ဗဒိသာသု - ခပ်သိမ်းသော အရပ်တို့၌၊သတ္တဗ္ဘန္တရာ-ခုနစ်အဗ္ဘန္တရတို့သည်၊ဟောန္တိ-ကုန်၏ ဝိနိဗ္ဗေဓေန-ထုတ်ချင်းလျှိုသော အားဖြင့်၊ စုဒ္ဒသ - တဆယ့်လေးပါးသော အဗ္ဘန္တရတို့သည်၊ ဟောန္တိ-ကုန်၏။ ။ဟူသော ကခ်ါနှင့်အညီ အလယ်၌တည်၍ ခပ်သိမ်းသော အရပ်တို့၌ ခုနစ်အဗ္ဘန္တရစီ ဖြစ်ရကား ထုတ်ချင်းလျှို တဆယ့်လေး အဗ္ဘန္တရ ဖြစ်ကုန်၏ဟု မှတ်။

" တတ္ထ ဧကံ အဗ္ဘန္တရံ အဋ္ဌဝီသတိဟတ္ထပ္ပမာဏံ ဟောတိ၊ " တတ္ထ-ထိုခုနစ်အဗ္ဘန္တရတို့တွင်၊ဧကံ-တခုသော၊ အဗ္ဘန္တရံ-သည်၊ အဋ္ဌဝီသတိဟတ္ထ-

ပမာဏံ-နှစ်ဆယ့်ရှစ်တောင် ပမာဏရှိသည်၊ ဟောတိ-၏။ ။ဟု-ကခ်ါ၌ ဆိုသောကြောင့် တခုသော အဗ္ဘန္တရကို နှစ်ဆယ့်ရှစ်တောင် ရှိ၏ဟူ၍မှတ်။

အယဥ္စ သီမာ ပရိသာဝသေန ဝဍ္ဎတိ၊တသ္မာ သမန္တာ ပရိသာပရိ-ယန္တတော ပဋ္ဌာယ အဗ္ဘန္တရပရိစ္ဆေဒေါ ကာတဗ္ဗော။

အယဉ္စသီမာ-ဤသတ္တဗ္ဘန္တရ သိမ်သည်လည်း၊ ပရိသာဝသေန၊ ပရိသတ်၏ အစွမ်းအားဖြင့်၊ ဝဍ္ဎတိ-ပွား၏၊ တသ္မာ-ထို့ကြောင့်၊ သမန္တာ-မှ၊ ပရိသာ-ပရိယန္တတော -ပရိသတ်၏အစွန်းမှ၊ ပဋ္ဌာယ - စ၍၊ အဗ္ဘန္တရပရိစ္ဆေဒေါ- အဗ္ဘန္တရအပိုင်းအခြားကို၊ ကာတဗ္ဗော-ပြုအပ်၏။

ဟူသော ကခ်ါနှင့်အညီ ဤသတ္တဗ္ဘန္တရသိမ်သည် ပရိသတ်၏ အစွမ်းဖြင့် ပွား၏၊ ထို့ကြောင့် ထက်ဝန်းကျင် ပရိသတ်၏ အစွန်းမှ စ၍ အဗ္ဘန္တရ အပိုင်းအခြားကို ပြုအပ်၏၊ နှစ်စုသော သံဃာတို့သည် အသီးအခြား ဥပုသ်ကို အကယ်၍ပြုအံ့၊ နှစ်ပါးကုန်သော သတ္တဗ္ဘန္တရတို့၏ အကြား၌ တခုသော သတ္တဗ္ဘန္တရကို ဥပစာရ အလို့ငှါ ထားအပ်၏။ ။ထို့ကြောင့် ကခ်ါ၌-

သစေ ပန ဒွေ သံဃာ ဝိသုံ ဥပေါသထံ ကရောန္တိ၊ဒွိန္နံ သတ္တဗ္ဘန္တ-ရာနံ အန္တရေ အညမေကံ သတ္တဗ္ဘန္တရံ ဥပစာရတ္ထာယ ဌပေတဗ္ဗံ။

သစေပန-အကယ်၍ကား၊ ဒွေ သံဃာ-နှစ်ဦးသော သံဃာတို့သည်၊ဝိသုံ-အသီးအခြား၊ ဥပေါသထံ – ဥပုသ်ကို၊ ကရောန္တိ-ပြုကုန်၏၊ ဒွိန္နံ-နှစ်ပါးကုန်သော၊ သတ္တဗ္ဘန္တရာနံ – သတ္တဗ္ဘန္တရတို့၏၊ အန္တရေ – အတွင်း၌၊ အညံ-တပါးသော၊ ဧကံ-တခုသော၊သတ္တဗ္ဘန္တရံ-သတ္တဗ္ဘန္တရကို၊ ဥပစာရတ္ထာယ-ဥပစာရ အလို့ငှါ၊ ဌပေတဗ္ဗံ-ထားအပ်၏။ ။ဥဒကုက္ခေပသိမ် ဟူသည်ကား-

နဒိယာဝါ ဇာတဿရေ ဝါ သမုဒ္ဒေဝါ ဘိက္ခူဝေ ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပါ၊ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာတိ ဝုတ္တာ။

ဘိက္ခဝေ-ရဟန်းတို့၊ နဒိယာဝါ-မြစ်၌ရင်း၊ သမုဒ္ဒေဝါ-သမုဒ္ဒရာ၌ရင်း၊ ဇာတဿရေဝါ - အလိုလိုဖြစ်သော အိုင်၌ရင်း၊ ယံဌာနံ - အကြင်ဌာနကို၊ မဇ္ဈိမဿ - အားလျှစ်လျှုရှိသော၊ ပုရိသဿ-ယောကျ်ား၏၊ သမန္တာ-ထက်ဝန်းကျင်မှ၊ဥဒကုက္ခေပါ-ရေကိုကြဲချ၏၊ အယံ-ဤရေတကျဖြင့် ပိုင်းခြားသော သိမ်သည်၊ တတ္ထ-ထိုရေကျရာအရပ်၌၊ သမာနသံဝါသာ-တူသော ပေါင်းဖေါ်ခြင်းရှိ၏၊ ဧကူပေါသထာ-တကွဥပုသ်ပြုခြင်းရှိ၏၊ ဣတိ-ဤသို့၊ ဝုတ္တာ-

ဆိုအပ်၏၊ အယံ – ဤသိမ်သည်၊ ဥဒကုက္ခေပသီမာနာမ – ဥဒကုက္ခေပသိမ် မည်၏။

ဟူသော ကင်္ခါနှင့်အညီ မြစ်၌၎င်း, သမုဒ္ဒရာ၌၎င်း, အလိုလိုဖြစ်သော ဇာတဿရအိုင်၌၎င်း, အကြင် အားလျှစ်လျူရှိသော ယောကျ်ားသည် ထက်ဝန်းကျင်မှ ရေကိုကြဲချ၏၊ ထိုရေကျရာ အရပ်၌ တူသော ပေါင်းဖေါ်ခြင်း ရှိသဖြင့် တကွနက် ဥပုသ်ပြုခြင်းငှါ အပ်၏ဟုဆို၏၊ ဤအရပ် ဤသိမ်သည် ဥဒကုက္ခေပသိမ် မည်၏ ဟု မှတ်။ ။ဇာတဿရအိုင် ဟူသည်ကား–

> ကေနစိ ခဏိတွာ အကတော သယံဇာတော သောဗ္ဘော သမန္တ- တော အာဂတေန ဥဒကေန ပူရိတော တိဋ္ဌတိ၊ ယတ္ထ နဒိယံ ဝုတ္တပ္ပကာရေ ဝဿကာလေ ဥဒကံ သန္တိဋ္ဌတိ၊အယံ ဇာတဿရော- နာမ။

ကေနစိ–တစုံတယောက်သော သူသည်၊ ခဏိတွာ–တူး၍၊ အကတော- မပြုအပ်သော၊ သယံ-အလိုလို၊ ဇာတော-ဖြစ်သော၊ ယောပနသောဗ္ဘော- အကြင်ထုံးအိုင်သည်၊ သမန္တတော-ထက်ဝန်းကျင်မှ၊အာဂတေန-လာသော၊ ဥဒကေန–ရေဖြင့်၊ ပူရိတော–ပြည့်သည်ဖြစ်၍၊ တိဋ္ဌတိ–တည်၏၊ ယတ္ထ- အကြင်အိုင်၌၊ ဝုတ္တပ္ပကာရေ-ဆိုအပ်ပြီးသော အပြားရှိသော၊ ဝဿကာလေ- မိုးကာလ၌၊ ဥဒကံ–ရေသည်၊ သန္တိဋ္ဌတိ - ကောင်းစွာတည်၏၊ အယံ-ဤမိုး ကာလ၌, ဝါ - မိုးလေးလ၌ တည်သော အိုင်သည်၊ ဇာတဿရောနာမ- ဇာတဿရအိုင်မည်၏။

ဟူသော ကင်္ခါအဋ္ဌကထာနှင့်အညီ တစုံတယောက်သော သူသည် မတူး မဆွ အလိုလိုဖြစ်သော အိုင်၏ ထက်ဝန်းကျင် အရပ်မှ လာသော ရေဖြင့်ပြည့် ၍ ကောင်းစွာတည်၏၊ အကြင်အိုင်၌ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော ရေသည် ကောင်းစွာ တည်၏၊ ဤမိုးလေးလ ရေတည်သော အိုင်သည် ဇာတဿရအိုင် မည်၏ဟု မှတ်။

ဤဥဒကုက္ခေပ သိမ်သည် ထိုမြစ်အစရှိသည်တို့၏ အတွင်း၌သာလျှင် ရအပ်၏၊ အပ၌ မရအပ်၊ ထို့ကြောင့် မြစ်၌၎င်း. ဇာတဿရ အိုင်၌၎င်း အကြင်မျှလောက်သော အရပ်၌ ပကတိမိုးရွာသော မိုးလေးလတို့၌ ရေသည် လွှမ်း၏၊ သမုဒ္ဒရာ၌ အကြင်အရပ်သည် ပြကတေ့သော လှိုင်းတံပိုးတို့သည် သက်၍ ကောင်းစွာ တည်၏၊ ထိုအရပ်မှစ၍ ကပ္ပိယဘူမိမည်၏၊ ထိုအရပ်၌

တည်၍ ဥပုသ်အစရှိသော ကံကို ပြုခြင်းငှါ အပ်၏ ဟု မှတ်ရမည်။ ထို့ကြောင့် ကခ်ါ၌-

အယံ ပန ဓေတေသံ နဒီအာဒိနံ အန္တောသယေ ဝ လဗ္ဘတိ၊ န ဗဟိ၊ တသ္မာ နဒိယာဝါ ဇာတဿရေဝါ ယတ္တကံ ပဒေသံ ပကတိဝဿ-ကာလေ စတုသု မာသေသု ဥဒကံ ဩတ္ထရတိ၊သမုဒ္ဒေ ယသ္မိံ ပဒေသေ ပကတိဝီစိယော ဩတရိတွာ သဏ္ဌဟန္တိ၊ တတော ပဋ္ဌာယ ကပ္ပိယ-ဘူမိ၊ တတ္ထ ဌတွာ ဥပေါသထာဒိကမ္မံ ကာတုံ ဝဋ္ဋတိ။ ။ဟု-မိန့်၏။

အတ္ထကား- အယံပန-ဤဥဒကုက္ခေပ သိမ်ကိုကား၊ ဓေတေသံ နဒီအာဒိနံ-ထိုမြစ်အစရှိသည်တို့၏၊ အန္တောသယေဝ-အတွင်း၌သာလျှင်၊ယသ္မာ-ကြောင့်၊ လဗ္ဘတိ-ရအပ်၏၊ ဗဟိ-အပ၌၊ နလဗ္ဘတိ-မရအပ်၊ တသ္မာ-ထို့ကြောင့်၊ နဒိ-ယာဝါ-မြစ်၌ဖြစ်စေ၊ ဇာတဿရေဝါ-၌ဖြစ်စေ၊ယတ္တကံ-အကြင်မျှလောက်သော၊ ပဒေသံ-အရပ်ကို၊ပကတိဝဿကာလေ-ပြကတေ့ မိုးရွာသော ကာလ၌၊စတူ-သု-လေးလကုန်သော၊မာသေသု-လတို့၌၊ ဥဒကံ-ရေသည်၊ ဩတ္ထရတိ-လွှမ်း၏၊ သမုဒ္ဒေ-၌၊ ယသ္မိံ ပဒေသေ - အကြင်အရပ်၌၊ ပကတိဝီစိယော-ပြကတေ့သော လှိုင်းတံပိုးတို့သည်၊ ဩတရိတွာ-သက်၍၊ သဏ္ဌဟန္တိ - တည်ကုန်၏၊ တတော-ထိုအရပ်မှ၊ ပဋ္ဌာယ-စ၍၊ ကပ္ပိယဘူမိ-ကပ္ပိယမြေမည်၏၊ တတ္ထ-ထိုလေးလ ရေလွှမ်းရာ အရပ်၌၊ ဌတွာ-တည်၍၊ ဥပေါသထာဒိကမ္မံ-ဥပုသ်စသော ကံကို၊ ကာတုံ-ပြုခြင်းငှါ၊ ဝဋ္ဋတိ-၏။

ထိုမြစ် ထိုအိုင်၌ သုံးပါးသော အဝန်းတို့ဖြင့် ဖုံးလွှမ်း၍ဝတ်သော သင်းပိုင်ကို မချီမပင့်မူ၍ ကူးသော ဘိက္ခုနီမ၏ သင်းပိုင်နားကို လက်တသစ် နှစ်သစ်မျှ စွတ်သော ရေရှိသောမြစ်သည်, သယံဇာတအိုင်သည် ဥဒကုက္ခေပသိမ် မည်၏ ဟု မှတ်။ ထို့ကြောင့် ကခ်ါ၌-

တိမဏ္ဍလံ ပဋိစ္ဆာဒေတွာ အန္တရဝါသကံ အနုက္ခိပိတွာ ဥတ္တရန္တိ-ယာ ဘိက္ခုနိယာ ကေဒ္ဓင်္ဂုလမတ္တမ္ပိ အန္တရဝါသကော တေမိယတိ။ ဟု-မိန့်၏။

တိမဏ္ဍလံ-အဝန်းသုံးပါးညီစွာ၊ ပဋိစ္ဆာဒေတွာ-ဖုံးလွှမ်း၍၊ အန္တရဝါ-သကံ-သင်းပိုင်ကို၊ အနုက္ခိပိတွာ-မပင့်မူ၍၊ ဥတ္တရန္တိယာ-ကူးသော၊ ဘိက္ခုနိ-ယာ – ရဟန်းမိန်းမ၏၊ ကေဒ္ဓင်္ဂုလမတ္တမ္ပိ – လက်တသစ်, နှစ်သစ်မျှလည်း၊ အန္တရဝါသကော-သင်းပိုင်သည်၊ တေမိယတိ-စွတ်၏၊ အယံ-ဤမြစ်,ဤအိုင်သည်၊ ဥဒကုက္ခေပေါနာမ-မည်၏။ ။ဟု-မှတ်။

တတ္ထ ယထာ အက္ခဓုတ္တာ ဒါရုဂုဠံ ခိပန္တိ၊ ဧဝံ ဥဒကံဝါ ဝါလုကံဝါ ဟတ္ထေန ဂဟေတွာ မဇ္ဈိမေန ပုရိသေန သဗ္ဗထာမေန ခိပိတဗ္ဗံ၊တတ္ထ ယတ္ထ ဧဝံ ခိတ္တံ ဥဒကံဝါ ဝါလုကံဝါ ပတတိ၊ အယံ ဥဒကုက္ခေပေါ-နာမ။

တတ္ထ–ထိုရေတကျဖြင့် ပိုင်းခြားရာ၌၊ အက္ခဓုတ္တာ - အန်ကစားကုန်သော သူတို့သည်၊ ဒါရုဂုဠံ-အန်လက်ပစ်ကို၊ ခိပန္တိယထာ - ပစ်ကုန်သကဲ့သို့၊ ဧဝံ-တထာ-ထို့အတူ၊ဥဒကံဝါ-ရေကိုငင်း၊ဝါလုကံဝါ-သဲကိုငင်း၊ဟတ္ထေန-လက်ဖြင့်၊ဂဟေတွာ–ကိုင်ယူ၍၊ မဇ္ဈိမေန–အားလျှစ်လျူရှိသော၊ ပုရိသေန-သည်၊ သဗ္ဗထာမေန–အလုံးစုံသောအားဖြင့်၊ ခိပိတဗ္ဗံ-ပစ်အပ်၏၊ တတ္ထ–ထိုပစ်ရာ၌၊ ယတ္ထ–အကြင်အရပ်၌၊ ဧဝံ–သို့၊ ခိတ္တံ-ပစ်အပ်သော၊ ဥဒကံဝါ-သည်ငင်း၊ ဝါလုကံဝါ-သည်ငင်း၊ ပတတိ-ကျ၏၊ အယံပဒေသော–ဤရေ,သဲကျရာအရပ်သည်၊ ဥဒကုက္ခေပေါနာမ–ဥဒကုက္ခေပသိမ်မည်၏။

ဟူသော ကမ်္ဘာနှင့်အညီ အန်ခတ်သောသူသည် အန်စာကို ပစ်သကဲ့သို့ ရေကိုငင်း, သဲကိုငင်း လက်ဖြင့်ယူ၍ အား လျှစ်လျူရှိသော ယောက်ျား သည် အချင်းခပ်သိမ်း အားကုန်ပစ်၏၊ထိုရေ,သဲကျရာအရပ်သည် ဥဒကုက္ခေပ သိမ်မည်၏ဟု မှတ်၊ ဤသို့ သိမ်၏ အခြင်းအရာ အကျယ်ကို သိလိုလျှင် ဝိနယ သင်္ဂဟ အဋ္ဌကထာ, ကင်္ခါဝိတရဏီ အဋ္ဌကထာကျမ်းတို့ကို ကြည့်လေ၊ ယခုမူ ဂန္ထ ဂရု ဖြစ်မည်စိုး၍ တော်သင့်ရုံသာ ပြဆိုလိုက်သည်။ ဤကား သိမ်အပြား တည်း။ ။ပြီး၏။

၆ဂ–သရဏဂုံအပြား ဟူသည်ကား

အတ္တသန္နိယျာတန သရဏဂုံ, တပ္ပရာယဏ သရဏဂုံ, သိဿဘာဝူပဂမန သရဏဂုံ, ပဏိပါတ သရဏဂုံ–ဟူ၍ လေးပါးအပြားရှိ၏၊ထိုလေးပါးတို့တွင်

အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ။

အဇ္ဇာဒိံ ကတွာ–ယနေ့ကို အစပြု၍၊ အဟံ–ငါသည်၊ အတ္တာနံ–ကိုယ်ကို၊ ဗုဒ္ဓဿ–မြတ်စွာဘုရားအား၊ နိယျာတေမိ–ဆောက်နှင်း၏။

"အဇ္ဇာဒိံကတွာ အဟံ အတ္တာနံ ဓမ္မဿ နိယျာတေမိ၊"အဇ္ဇာဒိံကတွာ–ယနေ့ကိုအစပြု၍၊ အဟံ–သည်၊ အတ္တာနံ–ကိုယ်ကို၊ ဓမ္မဿ–အား၊ နိယျာ–တေမိ–ဆောက်နှင်း၏။

"အဋ္ဌာဒိံ ကတွာ အဟံ အတ္တာနံ သံဃဿ နိယျာတေမိ" အဋ္ဌာဒိံ ကတွာ-၍၊ အဟံ-သည်၊ အတ္တာနံ-ကိုယ်ကို၊ သံဃဿ-အား၊ နိယျာတေမိ-ဆောက်နှင်း၏။

ဤ အတ္တသန္နိယျာတန သရဏဂုံကို အဇာတသတ္တုမင်း ဆောက်တည်သည်ဟု မှတ်။

အဋ္ဌာဒိံ ကတွာ အဟံ ဗုဒ္ဓပရာယဏောတိ မံ ဓာရေထ၊
အဋ္ဌာဒိံ ကတွာ အဟံ ဓမ္မပရာယဏောတိ မံ ဓာရေထ၊
အဋ္ဌာဒိံ ကတွာ အဟံ သံဃပရာယဏောတိ မံ ဓာရေထ၊

အဋ္ဌာဒိံ ကတွာ-ယနေ့ကို အစပြု၍၊ အဟံ-သည်၊ ဗုဒ္ဓပရာယဏောတိ-ဘုရားလျှင် လည်းလျော င်း ပုန်းအောင်းရာ ဟူ၍၊ မံ-ကို၊ ဓာရေထ-မှတ်တော်မူကုန်လော့။ ။ဓမ္မ, သံဃကိုလည်း နည်းတူ အနက်ကို သိအပ်၏။

ဤ သရဏဂုံကား အာဠဝကဘီလူး ဆောက်တည်သော တပ္ပရာယဏ သရဏဂုံတည်း။

အဋ္ဌာဒိံ ကတွာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကောတိ မံ ဓာရေထ၊
အဋ္ဌာဒိံ ကတွာ အဟံ ဓမ္မဿ အန္တေဝါသိကောတိ မံ ဓာရေထ၊
အဋ္ဌာဒိံ ကတွာ အဟံ သံဃဿ အန္တေဝါသိကောတိ မံ ဓာရေထ၊

အဋ္ဌာဒိံ ကတွာ-၍၊ အဟံ-သည်၊ ဗုဒ္ဓဿ-၏၊ အန္တေဝါသိကောတိ-ဟူ၍၊ မံ-ကို၊ ဓာရေထ-ကုန်လော့။ ။ဓမ္မ-သံဃ-နည်းတူ။

ဤ သိဿဘာဝူပဂမန သရဏဂုံသည် အရှင်မဟာကဿပ ဆောက်တည်သည်ဟု မှတ်။

အဋ္ဌာဒိံ ကတွာ အဘိဝါဒနံ ပစ္စုပဋ္ဌာနံ အဉ္ဇလိကမ္မံ သာမိစိကမ္မံ ဗုဒ္ဓါဒီနံယေဝ တိဏ္ဏံ ဝတ္ထူနံ ကရောမီတိ မံ ဓာရေထ။

အဋ္ဌာဒိံ ကတွာ-ယနေ့ကို အစပြု၍၊ ဗုဒ္ဓါဒီနံယေဝ-ဘုရား အစရှိသည် သာလျှင် ဖြစ်ကုန်သော၊ တိဏ္ဏံ-သုံးပါးကုန်သော၊ ဝတ္ထူနံ-ရတနာတို့အား၊ အဘိဝါဒနဉ္စ-ရှိခိုးခြင်းကိုင်း၊ ပစ္စုပဋ္ဌာနဉ္စ-ခရီးဦးကြို ပြုခြင်းကိုင်း၊ အဉ္ဇလိကမ္မဉ္စ - လက်အုပ်ချီခြင်းကိုင်း၊ သာမိစိကမ္မဉ္စ - အရိုအသေ ပြုခြင်းကိုင်း၊ ကရောမီတိ-ပြု၏ဟူ၍၊ မံ-ငါ့ကို၊ ဓာရေထ-မှတ်ကုန်လော့။

ဤပဏ်ပါတ သရဏဂုံကို ပြဖွာယုပုဏ္ဏား ဆောက်တည်သည်၊ ဤကား- လောကီ သရဏဂုံ လေးပါးတည်း၊ ထိုလောကီသရဏဂုံ လေးပါးကို သုတ် သီလက္ခန်ပါဠိတော်၌ လာသည်ဟု မှတ်။ ။သာမဏေရပဗ္ဗဇ္ဇ ပြုရာ၌ သရဏဂုံ ကား-

သာမဏေရပဗ္ဗဇ္ဇာပန ဥဘတော သုဒ္ဓိယာဝ ဝဋ္ဋတိ၊ နော ဧက- တော သုဒ္ဓိယာ။

သာမဏေရပဗ္ဗဇ္ဇာပန-သာမဏေရပဗ္ဗဇ္ဇ အဖြစ်ကိုကား၊ ဥဘတောသုဒ္ဓိ- ယာဝ-ဆရာ တပည့် နှစ်ယောက် ဌာန်ကရိုဏ်း ဝိပြင်စွာ ရွတ်ခြင်းသည်သာ လျှင်၊ ဝဋ္ဋတိ-အပ်၏၊ ဧကတောသုဒ္ဓိယာ-တယောက်တည်း ဝိပြင်စွာ ရွတ် ခြင်းသည်၊ နောဝဋ္ဋတိ-မအပ်။

ဟု ဝိနယသင်္ဂဟ၌ ဆိုသည်နှင့်အညီ ဆရာ တပည့် နှစ်ယောက်ပင် ဌာန် ကရိုဏ်း ဝိပြင်စွာ ရွတ်အပ် ဆိုအပ်သောကြောင့် ဥဘတောသုဒ္ဓိ မည်၏။

ပဗ္ဗဇ္ဇာယပန ဣမာနိ တီဏိ သရဏာနိ ဗုကာရမကာရာဒိနံ ဖျဥ္ဇနာနံ ဌာနကရဏသမ္ပဒံ အဟာပေန္တေန အာစရိယေနပိ အန္တေဝါသိ- ကေနပိ ဝတ္တဗ္ဗာနိ။

ပဗ္ဗဇ္ဇာယပန-သာမဏေပြုရာ၌ကား၊ ဣမာနိ တီဏိ သရဏာနိ-ဤသုံးပါး သော သရဏဂုံတို့ကို၊ ဝါ-တို့သည်၊ ဗုကာရမကာရာဒိနံ-ဗု အက္ခရာ, မ အက္ခရာ အစရှိကုန်သော၊ ဖျဥ္ဇနာနံ-ဗျည်းတို့၏၊ ဌာနကရဏသမ္ပဒံ-ဌာန် ကရိုဏ်း ပြည့်စုံခြင်းကို၊ အဟာပေန္တေန-မယုတ်စေသဖြင့်၊ အာစရိယေနပိ- ဆရာသည်၎င်း၊ အန္တေဝါသိကေနပိ - တပည့်သည်၎င်း၊ ဝတ္တဗ္ဗာနိ-ရွတ်အပ်, ဆိုအပ်ကုန်၏-ဟု မှတ်။

ဣမာနိပန ဒဒမာနေန ဗုဒ္ဓံ သရဏံ ဂစ္ဆာမိတိ ဧဝံ ဧကသမ္ဗန္ဓာနိ အနုနာသိကန္တာနိဝါ ကတွာ ဒါတဗ္ဗာနိ၊ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိတိ ဧဝံ ဝိစ္ဆိန္ဒိတွာ မကာရန္တာနိဝါ ကတွာ ဒါတဗ္ဗာနိ။

ဣမာနိ-ဤသုံးပါးသော သရဏဂုံတို့ကို၊ ဒဒမာနေနပန-ပေးသဖြင့်ကား၊ ဗုဒ္ဓံသရဏံ ဂစ္ဆာမိတိ-ဗုဒ္ဓံသရဏံ ဂစ္ဆာမိဟူ၍၊ ဧဝံ-သို့၊ ဧကသမ္ဗန္ဓာနိ-တစပ် တည်းဖြစ်ကုန်သော၊ အနုနာသိကန္တာနိဝါ - နိဂ္ဂဟိတ် အဆုံးရှိသည် တို့ကို ထည်း ကတွာ-၍၊ဒါတဗ္ဗာနိ-ပေးအပ်ကုန်၏၊ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိတိ-ဗုဒ္ဓမ်

သရဏာမိ ဂစ္ဆာမိ ဟူ၍၊ ဝိစ္ဆိန္ဒိတွာ-ဖြတ်၍၊ မကာရန္တာနိဝါ-မအက္ခရာ ထင်ခြင်းတို့ကိုလည်း၊ ကတွာ-ပြု၍၊ ဒါတဗ္ဗာနိ-ပေးအပ်ကုန်၏။

ဟူသော ဝိနယသင်္ဂဟ အဋ္ဌကထာနှင့်အညီ နိဂ္ဂဟိတ် အဆုံးရှိသည်ကို ပေးရာ၌ တစပ်တည်းပြု၍ ပေးအပ်၏၊ မအက္ခရာကိုပြု၍ ပေးရာ၌ ဖြတ်၍ပေးအပ်၏၊ (မကာရန္တာနိဝါလည်း ပါဠ်ရှိ၏၊ မ သတ်အဆုံးရှိသည်ကို ဆိုသည်မှတ်ရမည်၊) အနုနာသိကန္တံ – နိဂ္ဂဟိတ် အဆုံးရှိသည်ကို၊ ကတွာ – ပြု၍၊ ဒါနကာလေ-ပေးသော ကာလ၌၊ အန္တရာ-အကြား၌၊ ဝိစ္ဆေဒေါ-ဖြတ်ခြင်းကို၊ န ကာတဗ္ဗော – မပြုအပ်၊ ဣတိ–သို့၊ သမ္ဗန္ဓာနိတိ–စပ်၍ ပေးအပ်ကုန်၏ ဟူ၍၊ အာဟ-၏။

ဟူသော ဝိနယာလင်္ကာရဋီကာ၌ ဆိုသည်နှင့်အညီ နိဂ္ဂဟိတ်အဆုံးရှိသည်ကို ပေးရာ၌ အကြား၌မဖြတ်မူ၍ တစပ်တည်းပြု၍ ပေးအပ်၏ဟုလာ၏။ ။ဤကား သရဏဂုံ အကြောင်းတည်း။

သာမဏေ ဖြစ်ရာသည်ကား အင်္ဂါသုံးပါးတည်း၊ သုံးပါးဟူသည်ကား-

ကေသစ္ဆေဒနံ ကာသာယစ္ဆာဒနံ သရဏဒါနန္တိ ဣမာနိ တီဏိ ကရောန္တော ပဗ္ဗာဇေတီတိ ဝုစ္စတိ။

ကေသစ္ဆေဒနံ-ဆံဖြတ်ခြင်း၊ ကာသာယစ္ဆာဒနံ-သင်္ကန်းလွှမ်းခြင်း၊ ဝါ-ဝတ်ခြင်း၊ သရဏဒါနံ–သရဏဂုံပေးခြင်း၊ ဣတိ ဣမာနိ တီဏိ-ဤသုံးပါးတို့ကို၊ ကရောန္တော–ပြု၍၊ ပဗ္ဗာဇေတိ–သာမဏေပြု၏၊ ဣတိ-သို့၊ဝုစ္စတိ-၏။

ဟူသော ဝိနယာလင်္ကာရ ဋီကာနှင့်အညီ ဆံရိတ်ခြင်း, သင်္ကန်းဝတ်ခြင်း, သရဏဂုံ ပေးခြင်း, ဆောက်တည်ခြင်း ဤသုံးပါးတို့ကိုပြု၍ သာမဏေအဖြစ်သို့ ရောက်၏ဟု ဆိုသည်ဟူ၍ မှတ်။

ပဋ္ဌင်းဖြစ်ရာသည် အင်္ဂါ ငါးပါးတည်း၊ ငါးပါးဟူသည်ကား–

သီမာ ဥတ္တိ ကမ္မဝါစာ ဝတ္ထု ပရိသ သမ္ပတ္တိတိ ပဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပဋ္ဌင်္ဂါတိ ပဝုစ္စတိ။

ဟူသော ဝိနယာလင်္ကာရ ဋီကာပါဠ်နှင့်အညီ သိမ်၏ ပြည့်စုံခြင်း,ဥတ်၏ ပြည့်စုံခြင်း, ကမ္မဝါစာ၏ ပြည့်စုံခြင်း, ဝတ္ထု၏ပြည့်စုံခြင်း, ပရိသတ်၏ ပြည့်စုံခြင်း-ဤငါးပါးနှင့် ပြည့်စုံသောကြောင့် ပဋ္ဌင်းမည်၏ ဟုမှတ်။ ။ဥပသမ္ပဒကံ၌ ဝတ္ထုဝိပတ္တိ တကျိပ်သုံးယောက် ဟူသည်ကား–

ဥိနဝိသတိ အန္တိမဝတ္ထုအဇ္ဈာပန္နက ထေယျသံဝါသက တိတ္ထိယ ပက္ကန္တက တိရစ္ဆာန မာတုဃာတက ပိတုဃာတက အရဟန္တဃာတက ဘိက္ခုနီဒူသက သံဃဘေဒက လောဟိတုပ္ပါဒက ဥဘတော ဗျဉ္ဇန – ဤတကျိပ်သုံးယောက်တည်း၊ ထို့ကြောင့် ကခ်ါ၌–

ဗုတိ ဗုမေ တေရသပုဂ္ဂလာ ဥပသမ္ပဒါယ အဝတ္ထုကာ၊ဗုမေ ပန ဌပေတွာ အညသ္မိံ ဥပသမ္ပဒါပေက္ခေ သတိ ဥပသမ္ပဒကမ္မံ ဝတ္ထု သမ္ပတ္တိ ဝသေန အကုပ္ပံ ဟောတိ။

ဗုတိဗုမေ တေရသပုဂ္ဂလာ-ဤတကျိပ်သုံးယောက်သော ပုဂ္ဂိုလ်တို့သည်၊ ဥပသမ္ပဒါယ–ပဉ္စင်းခံခြင်း၏၊ အဝတ္ထုကာ–ဝတ္ထုမဟုတ်ကုန်သည်၊ဟောန္တိ–ကုန်၏၊ ဗုမေ ပန တေရသာ – ဤတကျိပ် သုံးယောက်ကုန်သော ပုဂ္ဂိုလ်တို့ကို ကား၊ ဌပေတွာ-ထား၍၊ အညသ္မိံ–တပါးသော၊ ဥပသမ္ပဒါပေက္ခေ-ပဉ္စင်း အဖြစ်ကို ငဲ့သည်၊ သတိ-ရှိသော်၊ ဥပသမ္ပဒကမ္မံ – ဥပသမ္ပဒကံသည်၊ ဝတ္ထု သမ္ပတ္တိဝသေန-ဝတ္ထုပြည့်စုံခြင်း၏အစွမ်းဖြင့်၊ အကုပ္ပံ-မပျက်သည်၊ဟောတိ–၏။ ။ဟု ဖိနွ်၏။

ဤတကျိပ် သုံးယောက်သော ပုဂ္ဂိုလ်တို့သည် အဘဗ္ဗ ပုဂ္ဂိုလ်ဖြစ်၍ ပဉ္စင်းခံခြင်း၏ ဝတ္ထုမကုန်၊ ထိုတကျိပ် သုံးယောက်မှတပါး ပဉ္စင်းအဖြစ်ကို ငဲ့သည်ရှိသော် ဥပသမ္ပဒကံ၏ ဝတ္ထုပြည့်စုံခြင်း၏ အစွမ်းဖြင့် ကံမပျက်ဟု မှတ်။ ပြီး၏။

၆၉-ဥပဇ္ဈာယ်မပြုထိုက်, မပြုထိုက်သော အင်္ဂါ ဟူသည်ကား၊

ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် ဥပဇ္ဈာယ် ပြု၍ ပဉ္စင်းခံအပ်၏၊ နိဿယ်းကို ပေးအပ်၏၊ သာမဏေကို လုပ်ကျွေးစေအပ်၏ ဟု ဟောတော်မူ၏၊ ထို့ကြောင့် ဥပဇ္ဈာယ်ပြု ဘိုက်သည့် ရဟန်း၏ အင်္ဂါကား: အာပတ်သင့်သည်ကို သိအပ်၏၊ အာပတ် မသင့်သည်ကိုထည်း သိအပ်၏၊ ပေါ့သောအာပတ်ကိုထည်း သိအပ်၏ လေးသော ဂရုကအာပတ်ကို ထည်း သိအပ်၏၊ ဆယ်ဝါထည်း ပြည့်သည်မှုလည်း ဖြစ်စေ၊ ဆယ်ဂါထက် လွန်သည်မှုထည်းဖြစ်စေ ဤဆိုသင်္ဘောရှိကုန်သော ငါးပါးသော အင်္ဂါတို့ နှင့် ပြည့်စုံသော ရဟန်းသည် ဥပဇ္ဈာယ်ပြု၍ သူ့ကို ပဉ္စင်းခံအပ်၏၊ နိဿယည်းကို ပေးအပ်၏၊ သာမဏေကို လုပ်ကျွေးစေအပ်၏ဟု ဟောတော်မူသည်ကို မှတ်ရမည်။ ထို့ကြောင့် ပရိဝါပါဠိတော်, မဟာဝါပါဠိတော်တို့၌–

ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ဥပသမ္ပာဒေတဗ္ဗံ၊ နိဿယော ဒါတဗ္ဗော။ သာမဏေရော ဥပဋ္ဌာပေတဗ္ဗော၊ အာပတ္တိံ ဇာနာတိ၊ အနာပတ္တိံ ဇာနာတိ။ လဟုကံ အာပတ္တိံ ဇာနာတိ၊ ဂရုကံ အာပတ္တိံ ဇာနာတိ၊ ဒသဝဿော ဝါ ဟောတိ၊ အတိရေကဒသဝဿော ဝါ၊ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ဥပသမ္ပာဒေတဗ္ဗံ၊ နိဿယော ဒါတဗ္ဗော၊ သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။ ။ဟု မိန့်၏။

အဓိပ္ပာယ်– ဘိက္ခဝေ–တို့၊ ပဉ္စဟိ–ငါးပါးကုန်သော၊ အင်္ဂေဟိ–အင်္ဂါတို့နှင့်၊ သမန္နာဂတေန-ပြည့်စုံသော၊ ဘိက္ခုနာ - ရဟန်းသည်၊ ဥပသမ္ပာဒေတဗ္ဗံ - ဥပဇ္ဈာယ်ပြု၍ သူ့ကို ပဉ္စင်းခံအပ်၏၊ နိဿယော – နိဿယည်းကို၊ ဒါတဗ္ဗော–ပေးအပ်၏၊ သာမဏေရော - သာမဏေကို၊ ဥပဋ္ဌာပေတဗ္ဗော–လုပ်ကျွေးစေအပ်၏၊ အာပတ္တိံ – အာပတ်သင့်သည်ကို၊ ဇာနာတိ - သိ၏၊ အနာပတ္တိံ–အာပတ်မသင့်သည်ကို၊ ဇာနာတိ-၏၊ လဟုက အာပတ္တိံ–ပေါ့သော အာပတ်ကို၊ ဇာနာတိ-သိ၏၊ ဂရုက အာပတ္တိံ–ဂရုက အာပတ်ကို၊ ဇာနာတိ-သိ၏၊ ဒသဝဿော ဝါ-ဆယ်ဝါ ပြည့်သည်မူလည်း၊ ဟောတိ-၏၊ အတိရေကဒသဝဿော ဝါ-ဆယ်ဝါထက် လွန်သည်မူလည်း၊ ဟောတိ-၏၊ ဘိက္ခဝေ–တို့၊ ဣမေဟိ–ဤသို့ သဘောရှိကုန်သော၊ ပဉ္စဟင်္ဂေဟိ–တို့နှင့်၊ သမန္နာဂတေန–သော၊ ဘိက္ခုနာ-ရဟန်းသည်၊ ဥပသမ္ပာဒေတဗ္ဗံ–ဥပဇ္ဈာယ်ပြု၍ သူ့ကို ပဉ္စင်းခံအပ်၏၊ နိဿယော–နိဿယည်းကို၊ ဒါတဗ္ဗော-ပေးအပ်၏၊ သာမဏေရော-ကို၊ ဥပဋ္ဌာပေတဗ္ဗော-၏။

ဥပဇ္ဈာယ် မပြုထိုက်သော အင်္ဂါငါးပါးဟူသည်ကား-အာပတ် သင့်သည်ကိုလည်း မသိ၊ အာပတ် မသင့်သည်ကိုလည်း မသိ၊ လဟုက အာပတ်ကိုလည်း မသိ၊ ဂရုက အာပတ်ကိုလည်း မသိ၊ ဆယ်ဝါလည်း မပြည့်သေး၊ ထိုငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် ဥပဇ္ဈာယ်ပြု၍ သူ့ကို ပဉ္စင်းမခံအပ်၊ နိဿယည်း မပေးအပ်၊ သာမဏေတို့၏ အလုပ်အကျွေး မခံအပ်၊ ထို့ကြောင့် ပရိဝါပါဠိတော်၌–

ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ နဥပသမ္ပာဒေတဗ္ဗံ၊ နနိဿယော ဒါတဗ္ဗော၊ နသာမဏေရော ဥပဋ္ဌာပေတဗ္ဗော၊ အာပတ္တိံ နဇာနာတိ၊ အနာပတ္တိံ နဇာနာတိ၊ လဟုကံ အာပတ္တိံ နဇာနာတိ၊ ဂရုကံ အာပတ္တိံ နဇာနာတိ၊ ဦနဒသဝဿော ဝါ

ဟောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ န ဥပသမ္ပာဒေတဗ္ဗော၊ နနိဿယော ဒါတဗ္ဗော၊ န သာမ-ဏေရော ဥပဋ္ဌာပေတဗ္ဗော။ ။ ဟု မိန့်၏။

အဋ္ဌကား–ဘိက္ခဝေ-တို့၊ ပဉ္စဟိ-ငါးပါးကုန်သော၊ အင်္ဂေဟိ-အင်္ဂါတို့နှင့်၊သမန္နာဂတေန-ပြည့်စုံသော၊ဘိက္ခုနာ-ရဟန်းသည်၊နဥသမ္ပာဒေတဗ္ဗော-ဥပဇ္ဈာယ်ပြု၍ သူ့ကို ပဉ္စင်း မခံအပ်၊နိဿယော-နိဿယည်းကို၊နဒါတဗ္ဗော-မပေးအပ်၊ သာမဏေရော-သာမဏေကို၊ နဥပဋ္ဌာပေတဗ္ဗော-မလုပ်ကျွေးစေအပ်၊ အာပတ္တိံ-အာပတ်သင့်သည်ကို၊နဇာနာတိ-မသိ၊အနာပတ္တိံ-အာပတ်မသင့်သည်ကို၊ နဇာနာတိ-မသိ၊ လဟုကအာပတ္တိံ-လဟုက အာပတ်ကို၊ နဇာနာတိ-မသိ၊ ဂရုကအာပတ္တိံ-ဂရုက အာပတ်ကို၊ နဇာနာတိ- မသိ၊ဦနဒသဝဿော ဝါ-ဆယ်ဝါ မပြည့်သေးသည်မှုလည်း၊ ဟောတိ-၏၊ဘိက္ခဝေ-တို့၊ ဣမေဟိ-ဤသို့ သဘောရှိကုန်သော၊ ပဉ္စဟင်္ဂေဟိ-ငါးပါးသော အင်္ဂါတို့နှင့်၊ သမန္နာဂတေန-ပြည့်စုံသော၊ ဘိက္ခုနာ-သည်၊ နဥပသမ္ပာဒေတဗ္ဗော-ဥပဇ္ဈာယ်ပြု၍ သူ့ကို ပဉ္စင်းမခံအပ်၊နိဿယော-နိဿယည်းကို၊ နဒါတဗ္ဗော-မပေးအပ်၊သာမဏေရော-ကို၊ နဥပဋ္ဌာပေတဗ္ဗော-မလုပ်ကျွေးစေအပ်။ ။ဟု ပရိဝါပါဠိတော်၌ လာ၏။ ။ဤကား ဥပဇ္ဈာယ် ပြုထိုက်, မပြုထိုက်သော အင်္ဂါတည်း။ ။ပြီး၏။

အမှီမရှိဲ အသီးအခြား နေထိုက်, မနေထိုက်သော အင်္ဂါကား–

ပဉ္စဟုပါလိ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ယာဝဇီဝံ အနိဿိတေန ဝတ္ထဗ္ဗံ၊ကတမေဟိ ပဉ္စဟိ။ပ။ဥပေါသထံ ဇာနာတိ၊ဥပေါသထ-ကမ္မံ ဇာနာတိ၊ပါတိမောက္ခံဇာနာတိ၊ ပါတိမောက္ခုဒ္ဒေသံ ဇာနာတိ၊ ပဉ္စဝဿော ဝါ ဟောတိ၊ အတိရေကပဉ္စဝဿော ဝါ၊ ဣမေဟိ ခေါ ဥပါလိ ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ယာဝဇီဝံ အနိဿိတေန ဝတ္ထဗ္ဗံ။

ဥပါလိ – ဥပါလိ၊ ပဉ္စဟိ – ငါးပါးကုန်သော၊ အင်္ဂေဟိ – အင်္ဂါတို့နှင့်၊ သမန္နာဂတေန – သော၊ ဘိက္ခုနာ – သည်၊ ယာဝဇီဝံ – အသက်ထက်ဆုံး၊ အနိဿိတေန-အမှီမရှိသဖြင့်၊ဝတ္ထဗ္ဗံ-နေအပ်၏၊ ကတမေဟိ ပဉ္စဟိ-အဘယ် အင်္ဂါငါးပါးတို့နှင့်၊ သမန္နာဂတေန-သော ။ပ။ ဝတ္ထဗ္ဗံ-နေအပ်သနည်း ဟူမူကား၊ ဥပေါသထံ-ဥပုသ်ကို၊ ဇာနာတိ-သိ၏၊ ဥပေါသထကမ္မံ-ဥပုသ်ကံကို၊ ဇာနာတိ–သိ၏၊ ပါတိမောက္ခံ - ပါတိမောက်ကို၊ ဇာနာတိ-သိ၏၊ ပါတိ–

မောက္ခုဒ္ဒေသံ – ပါတိမောက်ဥဒ္ဒေသကို၊ ဇာနာတိ-သိ၏၊ ပဋ္ဌဝဿောဝါ-ငါးဝါပြည့်သည်မှုလည်း၊ ဟောတိ-၏၊ အတိရေက ပဋ္ဌဝဿောဝါ-ငါးဝါ ထက် အလွန်သည်မှုလည်း၊ ဟောတိ-၏၊ ဥပါလိ-ဥပါလိ၊ ဣမေဟိ-ဤသို့ သဘော ရှိကုန်သော၊ ပဥ္စဟင်္ဂေဟိ-တို့နှင့်၊သမန္နာဂတေန်-သော၊ ဘိက္ခုနာ-သည်၊ ယာဝဇီဝံ-အသက်ထက်ဆုံး၊ အနိဿိတေန-အမှီမရှိသဖြင့်၊ ဝတ္ထဗ္ဗံ-နေအပ်၏။

ဟု-ပရိဝါပါဠိတော်နှင့်အညီ ဥပုသ်ကို သိအပ်၏၊ ဥပုသ်ကံကို သိအပ်၏၊ ပါတိမောက်ကို သိအပ်၏၊ ပါတိမောက္ခုဒ္ဒေသကို သိအပ်၏၊ ငါးဝါပြည့် သည်မှုလည်းဖြစ်စေ၊ ငါးဝါထက်အလွန် သည်မှုလည်း ဖြစ်စေ၊ ဤငါးပါး သော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် အသက်ထက်ဆုံး အမှီမရှိဘဲ နေအပ်၏-ဟု သိအပ်,မှတ်အပ်၏။ သိလေ မှတ်လေ။

ထိုဆိုအပ်ခဲ့ပြီးသော အင်္ဂါငါးပါးနှင့် မပြည့်စုံသော ရဟန်းသည် အသက် ထက်ဆုံး အမှီမရှိဘဲကို မနေရာ၊ ထို့ကြောင့် ပရိဝါပါဠိတော်၌–

> ပဥ္စဟုပါလိ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ယာဝဇီဝံ န အနိဿိတေန ဝတ္ထဗ္ဗံ၊ကတမေဟိ ပဥ္စဟိ။ပ။ဥပေါသထံ နဇာနာတိ၊ဥပေါသထကမ္မံ နဇာနာတိ၊ ပါတိမောက္ခံ နဇာနာတိ၊ ပါတိမောက္ခုဒ္ဒေသံ နဇာနာတိ၊ ဦန ပဥ္စဝဿော ဟောတိ၊ ဣမေဟိ ခေါ ဥပါလိ ပဥ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ယာဝဇီဝံ န အနိဿိတေန ဝတ္ထဗ္ဗံ။ ဟု-မိန့်၏။

အဏ္ဏကား– ဥပါလိ-ဥပါလိ၊ပဥ္စဟိ-ငါးပါးကုန်သော၊အင်္ဂေဟိ-အင်္ဂါတို့ နှင့်၊ သမန္နာဂတေန-ပြည့်စုံသော၊ ဘိက္ခုနာ - သည်၊ ယာဝဇီဝံ - အသက် ထက်ဆုံး၊ အနိဿိတေန-အမှီမရှိဘဲ၊ နဝတ္ထဗ္ဗံ – မနေအပ်၊ ကတမေဟိ-ပဥ္စဟိ - အဘယ်အင်္ဂါ ငါးပါးတို့နှင့်၊ သမန္နာဂတေန-သော ။ပ။ နဝတ္ထဗ္ဗံ–မနေအပ်သနည်း ဟူမူကား၊ ဥပေါသထံ-ဥပုသ်ကို၊ နဇာနာတိ-မသိ၊ ဥပေါသထ ကမ္မံ-ဥပုသ်ကံကို၊ နဇာနာတိ - မသိ၊ ပါတိမောက္ခံ-ပါတိမောက်ကို၊ နဇာနာတိ-မသိ၊ ပါတိမောက္ခုဒ္ဒေသံ - ပါတိမောက္ခုဒ္ဒေသကို၊ နဇာနာတိ-မသိ၊ ဦန ပဥ္စဝဿောဝါ - ငါးဝါ မပြည့်သေးသည်မှုလည်း၊ ဟောတိ–၏၊ ဥပါလိ-ဥပါလိ၊ ဣမေဟိ - ဤသို့ သဘောရှိကုန်သော၊ ပဥ္စဟင်္ဂေဟိ-တို့နှင့်၊ သမန္နာဂတေန - စုံသော၊ ဘိက္ခုနာ-သည်၊ ယာဝဇီဝံ - အသက်ထက်ဆုံး၊ အနိဿိတေန-အမှီမရှိသဖြင့်၊ နဝတ္ထဗ္ဗံ–မနေအပ်။

ဟု-ဆိုသည်နှင့်အညီ ဥပုသ်အပြားကိုလည်း မသိ၊ ဥပုသ်ကံကိုလည်းမသိ၊ ပါတိမောက်ကိုလည်း မသိ၊ ပါတိမောက္ခုဒ္ဒေသကိုလည်း မသိ၊ ငါးဝါလည်း မပြည့်၊ ထိုငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် အသက်ထက်ဆုံး အမှီမရှိဘဲကို အသီးအခြား မနေအပ်ဟု သိအပ်, မှတ်အပ်၏။ ပြီး၏။

၇၁-ပါရာဇိက သမောဓာန နှစ်ဆယ့်လေးပါး ဟူသည်ကား

သမောဓာနေတွာ ပန သဗ္ဗာနေဝ စတုဝီသတိ ပါရာဇိကာနိ ဝေဒိတဗ္ဗာနိ၊ ကတမာနိ စတုဝီသတိ၊ ပါဠိယံ အာဂတာနိ တာဝ ဘိက္ခုနံ စတ္တာရိ၊ဘိက္ခုနီနံ အသာဓာရဏာနိ စတ္တာရီတိ အဋ္ဌ၊တာနိ ကောဒသန္နံ ပဏ္ဍကာဒီနံ အဘဗ္ဗဘာဝသင်္ခါတေဟိ ကောဒသဟိ ပါရာဇိကေဟိ သဒ္ဓိံ ဗာဝီသတိ၊ဂိဟိဘာဝံ ပတ္ထယမာနာယ ဘိက္ခုနိယာ ဝိဗ္ဘန္တဘာဝပါရာဇိကေန သဒ္ဓိံ ဝီသတိ၊ အပရာနိပိ လမ္ဗီ မုဒုပိဋ္ဌိကော ပရဿ အင်္ဂဇာတံ မုခေန ဂဏှာတိ၊ပရဿ အင်္ဂဇာတေ အဘိနိသီဒတီတိ ဣမေသံ စတုန္နံ ဝသေန စတ္တာရိ အနုလောမ ပါရာဇိကာနီတိ ဝဒန္တိ၊ဣတိ ဣမာနိစ စတ္တာရိ ပုရိမာနိစ ဝီသတီတိ သမောဓာနေတွာ သဗ္ဗာနေဝ စတုဝီသတိ ပါရာဇိကာနိ ဝေဒိတဗ္ဗာနိ။

အဋ္ဌကား- သမောဓာနေတွာပန - ပေါင်း၍ကား၊ သဗ္ဗာနေဝ ပါရာဇိကာနိ-အလုံးစုံသာလျှင် ဖြစ်ကုန်သော ပါရာဇိကတို့ကို၊စတုဝီသတိ-နှစ်ဆယ့်လေးပါး အပြားရှိကုန်၏ ဟူ၍၊ ဝေဒိတဗ္ဗာနိ-ကုန်၏၊ စတုဝီသတိ-နှစ်ဆယ့်လေးပါးတို့သည်၊ ကတမာနိ - အဘယ်သည်တို့ နည်းဟူမူကား၊ ပါဠိယံ-ပါဠိတော်၌၊ အာဂတာနိ-လာကုန်သော ပါရာဇိကတို့သည်၊ တာဝပဌမံ-ရှေးဦးစွာ၊ ဘိက္ခုနံ - ရဟန်းယောကျ်ားတို့၏၊ စတ္တာရိ - လေးပါးတို့ရင်း၊ အသာဓာရဏာနိ-ရဟန်းယောကျ်ားတို့နှင့် မဆက်ဆံကုန်သော၊ ဘိက္ခုနီနံ-ရဟန်းမိန်းမတို့၏၊ စတ္တာရိ-လေးပါးသော ပါရာဇိကတို့ရင်း၊ ဣတိ ဣမာနိ-အဋ္ဌ-၍ ရှစ်ပါးသော ပါရာဇိကတို့သည်၊ဟောန္တိ-ကုန်၏၊ တာနိ-ထိုရှစ်ပါးသော ပါရာဇိကတို့ကို၊ ကောဒသန္နံ-တကျိပ်တယောက်ကုန်သော၊ပဏ္ဍကာဒီနံ-ပဏ္ဍုက် အစရှိသည်တို့၏၊ အဘဗ္ဗဘာဝသင်္ခါတေဟိ-မထိုက်သောအဖြစ်ဟု ဆိုအပ်ကုန်သော၊ ကောဒသဟိ ပါရာဇိကေဟိ-တဆယ့်တပါးကုန်သော ပါရာဇိကတို့နှင့်၊ သဒ္ဓိံ-တကွ၊ ဗာဝီသတိ-တခုယုတ် နှစ်ဆယ်ကုန်သော ပါရာဇိကတို့သည်၊ဟောန္တိ-ကုန်၏၊ ဂိဟိဘာဝံ-လူအဖြစ်ကို၊ ပတ္ထယမာနာယ-တောင့်တသော၊ဘိက္ခုနိယာ-ရဟန်းမိန်းမ၏၊ဝိဗ္ဘန္တဘာဝပါရာဇိကေန-

လူအဖြစ်သို့ ရောက်သော ပါရာဇိကနှင့်၊သဒ္ဓိံ–တကွ၊ ဝီသတိ-နှစ်ဆယ်သော ပါရာဇိကတို့သည်၊ဟောန္တိ–ကုန်၏၊အပရာနိပိ–တပါးလည်း ဖြစ်ကုန်သော၊ လမ္ဗီ–အင်္ဂါဇာတ် ရှည်သော ရဟန်းရှင်း၊ မုဒုပိဋ္ဌိကော–ကျောက်ကုန်း နူးညံ့သော ရဟန်းရှင်း၊ ပရဿ-သူတပါး၏၊ အင်္ဂဇာတံ-အင်္ဂါဇာတ်ကို၊ မုခေန-ခံတွင်းဖြင့်၊ ဂဏှာတိ-စုတ်သောရဟန်းရှင်း၊ ပရဿ–သူတပါး၏၊ အင်္ဂ-ဇာတေ–အင်္ဂါဇာတ်၌၊ အဘိနိသီဒတိ – ထိုင်သော ရဟန်းရှင်း၊ ဣတိ-သို့၊ ဣမေသံ စတုန္နံ – ဤလေးပါးတို့၏၊ ဝသေန-အစွမ်းဖြင့်၊ စတ္တာရိ-လေးပါးတို့ကို၊ အနုလောမ ပါရာဇိကာနီတိ-အနုလောမ ပါရာဇိကမည်ကုန်၏ဟူ၍၊ ဝဒန္တိ-ကုန်၏၊ ဣတိ–ဤသို့၊ ဣမာနိ စတ္တာရိပိ-ဤ လေးပါးတို့ကို လည်းကောင်း၊ ပုရိမာနိ–ရှေး၌ဖြစ်ကုန်သော၊ ဝီသတိ-နှစ်ဆယ်သော ပါရာဇိကတို့ကိုလည်းကောင်း၊ သမောဓာနေတွာ-ပေါင်း၍၊ သဗ္ဗာနေဝ ပါရာဇိကာနိ-အလုံးစုံသာလျှင် ဖြစ်သော ပါရာဇိကတို့ကို၊ စတုဝီသတိ – နှစ်ဆယ့်လေးပါး အပြားရှိကုန်၏ဟူ၍၊ ဝေဒိတဗ္ဗာနိ-သိအပ်ကုန်၏၊ ။ဟူသော ကင်္ခါဝိတရဏီ အဋ္ဌကထာနှင့်အညီ ပေါင်းသော် ပါရာဇိကတို့သည် နှစ်ဆယ့် လေးပါး အပြားရှိကုန်၏–ဟု မှတ်။

နှစ်ဆယ့်လေးပါးဟူသည်ကား-ပါဠိတော်၌ လာသော ရဟန်းယောကျ်ားတို့အား ပညတ်တော်မူသော မေထုန ပါရာဇိက, အဒိန္နာဒါန် ပါရာဇိက, မနုဿဝိဂ္ဂဟ ပါရာဇိက, ဥတ္တရိမနုဿဓမ္မပါရာဇိက ဤသို့ အားဖြင့် ရဟန်းယောကျ်ားတို့၏ ပါရာဇိက လေးပါး။ ။ပါဠိတော်၌ ပညတ်တော်မူသော ရဟန်းမိန်းမတို့၏ ဥဗ္ဘဇာဏုမဏ္ဍလိက ပါရာဇိက,ဝဇ္ဇပဋိစ္ဆာဒိက ပါရာဇိက, ဥက္ခိတ္တာနုဝတ္တကပါရာဇိက,အဋ္ဌဝတ္ထုကပါရာဇိက၊ ဤလေးပါးသည် ရဟန်းမိန်းမတို့၏ ပါရာဇိကတည်း၊ထိုဘိက္ခုပါရာဇိက လေးပါး, ဘိက္ခုနီပါရာဇိက လေးပါး၊ ဤရှစ်ပါးနှင့် ပဏ္ဍုက် အစရှိသော ရဟန်းပြုခြင်းငှါ မထိုက်သော အဘဗ္ဗပုဂ္ဂိုလ် တကျိပ် တယောက်ကို ပေါင်းသော် တဆယ့်ကိုးပါးသော ပါရာဇိက- ဖြစ်၏၊ လူအဖြစ်ကို တောင့်တ၍ လူ့ အဝတ်ကို ဝတ်သော ရဟန်းမိန်းမ၏ လူအဖြစ်သို့ ရောက်သော ပါရာဇိကနှင့် ပေါင်းသော် ပါရာဇိက နှစ်ဆယ်ဖြစ်၏၊ အင်္ဂါဇာတ် ရှည်၍ မိမိအင်္ဂါဇာတ်ကို မိမိခံတွင်းသို့ စုတ်ခြင်း, မိမိ ဝစ္စမဂ်ကို မိမိ အင်္ဂါဇာတ်ဖြင့် သွင်းခြင်း လမ္ဗီ ပါရာဇိက၊ ကျောက်ကုန်း နူးညံ့သောကြောင့် မိမိအင်္ဂါဇာတ်ကို မိမိခံတွင်းဖြင့် စုတ်သော အနုလောမ မုဒုပိဋ္ဌိက ပါရာဇိက၊ သူတပါး၏အင်္ဂါဇာတ်ကို ခံတွင်းဖြင့် စုတ်သော အနုလောမပရအင်္ဂဇာတမုခဂဏှ ပါရာဇိက၊ သူတပါး၏အင်္ဂါဇာတ်

ကို မိမိဝစွမက်ဖြင့်ထိုင်သော အနုလောမ ပရအင်္ဂဇာတေ အဘိနိသီဒန ပါရာဇိက၊ ဤအနုလောမ ပါရာဇိက လေးပါးနှင့်ပေါင်းသော် သမောဓာန ပါရာဇိက နှစ်ဆယ့်လေးပါးတည်းဟု မှတ်ရမည်၊ ဤကား သမောဓာန ပါရာဇိက နှစ်ဆယ့်လေးပါးအကြောင်းတည်း။ ။ပြီး၏။

၇၂-အဘဗ္ဗပုဂ္ဂိုလ် တကျိပ်တယောက် ဟူသည်ကား။

ပဏ္ဍုက်,ဥဘတောဗျည်း, ထေယျသံဝါသက, တိတ္ထိယပက္ကန္တက,တိရစ္ဆာန, မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက, ဘိက္ခုနီဒူသက, သံဃဘေဒက ဤတကျိပ်တယောက်တည်း။

ဤတကျိပ်တယောက်သော အဘဗ္ဗ ပုဂ္ဂိုလ်တို့တွင် ပဏ္ဍုက်, ဥဘတောဗျည်း, တိရစ္ဆာန် ဤသုံးယောက်သော ပုဂ္ဂိုလ်တို့အား အဟိတ် ပဋိသန္ဓေ ဝတ္ထု ပေါက်ပြန်သောကြောင့် ရဟန်းပြုခြင်းငှါ မသိုက်၊ မဂ်ဖိုလ်ရခြင်းကို မြတ်စွာဘုရားသည် မြစ်ပယ်တော်မူ၏၊ လူချမ်းသာ, နတ်ချမ်းသာ ကိုကား မြစ်ပယ်တော်မမူ၊ ဤပုဂ္ဂိုလ် သုံးယောက်မှ ကြွင်းသော မာတုဃာတက,ပိတုဃာတက, အရဟန္တဃာတက, သံဃဘေဒက, လောဟိတုပ္ပါဒက, ထေယျသံဝါသက, တိတ္ထိယပက္ကန္တက, ဘိက္ခုနီဒူသက တို့သည် မိမိတို့ပြုသော အကျင့်အမှု ကြိယာ ပေါက်ပြန်သောကြောင့် ရဟန်းပြုခြင်းငှါ မထိုက်, မရ။

ထိုရှစ်ယောက်သော ပုဂ္ဂိုလ်တို့တွင် ထေယျသံဝါသက, တိတ္ထိယပက္ကန္တက, ဘိက္ခုနီဒူသက ဤသုံးယောက်သော ပုဂ္ဂိုလ်တို့အား မဂ်ဖိုလ်ကို မြစ်ပယ်တော်မူ၏၊ လူ နတ် ချမ်းသာကို မြစ်ပယ်တော်မမူ၊ ဤသုံးယောက်သော ပုဂ္ဂိုလ်မှ တပါးကုန်သော ငါးယောက်ကုန်သော မာတုဃာတက, ပိတုဃာတက,အရဟန္တဃာတက,သံဃဘေဒက, လောဟိတုပ္ပါဒကတို့အား နှစ်ပါးသော နတ်ရွာ,မဂ်ဖိုလ်ကို မြတ်စွာဘုရားသည် မြစ်ပယ်တော်မူ၏၊ ထိုသို့ မြစ်ပယ်တော်မူသော ထိုတကျိပ်တယောက်သော ပုဂ္ဂိုလ်တို့ကို အဘဗ္ဗပုဂ္ဂိုလ်ဟု မှတ်။ ။ထို့ကြောင့် သိက္ခာပဒ၌-

> အဘဗ္ဗပုဂ္ဂလေသု ပဏ္ဍကဥဘတောဗျဉ္ဇန တိရစ္ဆာနဂတာနံ တိဏ္ဏံ
> အဟေတုကဝဏ္ဏ ဝိပန္နတ္တာ ပစ္စင်မတ္တံပိ နတ္ထိ၊ မဂ္ဂေါဝ ရိတော၊
> သဂ္ဂေါ ပန အဝါရိတော၊ သေသာနံ အဋ္ဌန္နံ အတ္တနော ကြိယာယပိ
> ဝိပန္နတ္တာ ပစ္စင်မတ္တံ နတ္ထိ၊ တေသု တိဏ္ဏံ ထေယျသံဝါသက တိတ္ထိယ
> ပက္ကန္တက ဘိက္ခုနီဒူသကာနံ မဂ္ဂေါဝ ဝါရိတော၊ သဂ္ဂေါ ပန အဝါရိ-

တော၊ ဇာတရေသံ ပဉ္စန္နံ ဥဘယဝါရိတော၊ တသ္မာ ဇာမေ ကောဒသ
ပုဂ္ဂလာ အဘဗ္ဗပါရာဇိကာနာမ ဟောန္တိ။ ။ဟု-လာ၏။

အတ္ထကား-အဘဗ္ဗပုဂ္ဂလေသု-တကျိပ်တယောက်ကုန်သော အဘဗ္ဗပုဂ္ဂိုလ်တို့တွင်၊ ပဏ္ဍကဥဘတောဗျဉ္ဇန တိရစ္ဆာနဂတာနံ-ပဏ္ဍုက်, ဥဘတောဗျည်း, တိရစ္ဆာန်ဖြစ်ကုန်သော၊ တိဏ္ဏံ-သုံးယောက်ကုန်သော သူတို့အား၊ အဟေတုကဝတ္ထုဝိပန္နတ္တာ-အဟိတ်ဝတ္ထု ဖေါက်ပြန်သည်၏အဖြစ်ကြောင့်၊ ပဗ္ဗဇ္ဇာမတ္တံပိ-ရဟန်းအဖြစ်မျှ သည်လည်း၊ နတ္ထိ-မရှိ၊ မဂ္ဂေါ-မဂ်ကို၊ ဝါရိတော-မြစ်ပယ်တော်မူ၏၊ သင္ဂေါပန-နတ်ရွာကိုကား၊ အဝါရိတော-မြစ်ပယ်တော်မမူ၊ သေသာနံ - ကြွင်းကုန်သော၊ အဋ္ဌန္နံ-ရှစ်ယောက်ကုန်သော ပုဂ္ဂိုလ်တို့အား၊ အတ္တနော - မိမိ၏၊ ကြိယာယပိ - အပြုအမူ ကိရိယာ သည်လည်း၊ ဝိပန္နတ္တာ - ဖေါက်ပြန်သည်၏ အဖြစ်ကြောင့်၊ ပဗ္ဗဇ္ဇမတ္တံ – ရဟန်းအဖြစ်မျှ သည်၊ နတ္ထိ-မရှိ၊ တေသု-ထိုရှစ်ယောက်တို့တွင်၊တိဏ္ဏံ-သုံးယောက်ကုန်သော၊ ထေယျသံဝါသက တိတ္ထိယပက္ကန္တက၊ ဘိက္ခုနီဒူသကာနံ - တို့အား၊ မဂ္ဂေါ-မဂ်ကို၊ ဝါရိတော-မြစ်ပယ်တော်မူ၏၊ သဂ္ဂေါပန-နတ်ရွာကိုကား၊အဝါရိ-တော-မြစ်ပယ်တော်မမူ၊ဇာတရေသံ-၅၏ထေယျသံဝါသက,တိတ္ထိယပက္ကန္တက, ဘိက္ခုနီဒူသကတို့မှ တပါးကုန်သော၊ ပဉ္စန္နံ-ငါးယောက်ကုန်သော မာတုဃာတက ပိတုဃာတက အရဟန္တဃာတက သံဃဘေဒက လောဟိတုပ္ပါဒက တို့အား၊ ဥဘယဝါရိတော - နှစ်ပါးသော နတ်ရွာ, မဂ်ဖိုလ်ကို မြစ်ပယ်တော်မူ၏၊ တသ္မာ-ထိုသို့ မြစ်ပယ်တော် မူသောကြောင့်၊ ဇာမေ ကောဒသ-ပုဂ္ဂလာ - ၅၏တကျိပ်တယောက်သော ပုဂ္ဂိုလ်တို့သည်၊ အဘဗ္ဗပါရာဇိကာ-နာမ-အဘဗ္ဗပါရာဇိကမည်ကုန်သည်၊ ဟောန္တိ-ကုန်၏။ ။ဟု မှတ်၊ ၅၏ကား တကျိပ်တယောက်သောပုဂ္ဂိုလ်တို့၏ အထူးတည်း။ ။ပြီး၏။

၇၃-ပါရာဇိက လေးပါး အင်္ဂါ ဟူရာ၌

မေထုန ပါရာဇိက၏ အင်္ဂါကား-

"အင်္ဂါနိပန သေဝနစိတ္တံ မဂ္ဂေ မဂ္ဂပဝေသနန္တိ ဇာမာနေတ္တ ဒုဝင်္ဂိကာနိ၊"
အင်္ဂါနိပန – မေထုနပါရာဇိက အင်္ဂါတို့ကား၊ သေဝနစိတ္တံ – မှီဝဲလိုသော စိတ်ရှိသည်လည်း ဖြစ်စေ၊ မဂ္ဂေ–မဂ်၌၊ မဂ္ဂပဝေသနံ-မဂ်ကိုသွင်းသည်လည်း ဖြစ်စေ၊ ဇာတိ-၅၏သို့၊ ဧတ္တ-၅၏မေထုနပါရာဇိက၌၊ ဇာမာနိ ဒုဝင်္ဂိကာနိ–၅၏ အင်္ဂါနှစ်ပါးတို့တည်း။

ဟူသော ပါရာဇိကာ၏ အဋ္ဌကထာပါဠိနှင့်အညီ နှစ်ပါးတည်း၊ နှစ်ပါးဟူသည်ကား မေထုန်မှီဲလိုသောစိတ်လည်း ရှိစေ, မဂ်တခု၌ မဂ်တခု သွင်းသည်လည်း ဖြစ်စေ၊ ဤနှစ်ပါးတည်းဟုမှတ်။

အဒိန္နာဒါန်ပါရာဇိကာ၌ အင်္ဂါကား–

"အင်္ဂါနိ ပန မနုဿခန်ံ မနုဿဓနသညိ ပါဒေါဝဝတ္ထု ထေယျစိတ္တဥ္စ အဝဟာရေတိ ဣမာနေတ္ထ ပဥ္စင်္ဂါနိ၊"အင်္ဂါနိပန–အဒိန္နာဒါန် ပါရာဇိကာ အင်္ဂါတို့ကား၊ မနုဿခန်ံ–လူဥစ္စာလည်းဖြစ်စေ၊ မနုဿဓနသညိစ–လူသိမ်းဆည်းသော ဥစ္စာဟု အမှတ်လည်းရှိစေ၊ ပါဒေါဝတ္ထုစ – နီလကဟာပဏငါးပဲထိုက်သော ဝတ္ထုလည်း ဖြစ်စေ၊ ထေယျစိတ္တဥ္စ– ခိုးလိုသော စိတ်လည်း ရှိစေ၊ အဝဟာရောစ – ခိုးလည်းခိုးစေ၊ ဣတိ–ဤသို့၊ ဧတ္ထ–ဤအဒိန္နာဒါန် ပါရာဇိကာ၌၊ ဣမာနိ ပဥ္စင်္ဂါနိ–ဤအင်္ဂါ ငါးပါးတို့တည်း။

ဟူသောပါဠိနှင့်အညီ ငါးပါးတည်း၊ ငါးပါးဟူသည်ကား လူ၏ ဥစ္စာလည်းဖြစ်စေ,လူသိမ်းဆည်းသော ဥစ္စာဟု အမှတ်လည်းရှိစေ,နီလကဟာပဏငါးပဲထိုက်သော ဝတ္ထုလည်း ဖြစ်စေ, ခိုးလိုသော စိတ်လည်းရှိစေ,ခိုးလည်းခိုးစေ၊ ဤငါးပါးတည်းဟု မှတ်။

မနုဿဝိဂ္ဂဟ ပါရာဇိကာ၌ အင်္ဂါကား–

"အင်္ဂါနိပန မနုဿပါဏော မနုဿပါဏသညိတာ မရဏာဓိပ္ပါယ စိတ္တံ အတ္တူပက္ကမော၊ တေန ဥပက္ကမေန မရဏန္တိ၊ ဣမာနေတ္ထ ပဥ္စင်္ဂါနိ" အင်္ဂါနိပန၊မနုဿဝိဂ္ဂဟပါရာဇိကာ၌ အင်္ဂါတို့ကား၊မနုဿပါဏော-လူဇာတ်လည်း ဖြစ်စေ၊ မနုဿပါဏသညိတာ - အသက်ရှိ၏ဟု အမှတ်လည်း ရှိစေ၊ မရဏာဓိပ္ပါယစိတ္တံ-သေစေလိုသောစိတ်လည်း ရှိစေ၊ အတ္တူပက္ကမော–မိမိလုံ့လပြုသည်လည်းဖြစ်စေ၊တေန ဥပက္ကမေန-ထိုလုံ့လဖြင့်၊မရဏံ–သေလည်းသေစေ၊ ဣတိ–သို့၊ ဧတ္ထ–ဤမနုဿဝိဂ္ဂဟ ပါရာဇိကာ၌၊ ဣမာနိ ပဥ္စင်္ဂါနိ-ဤအင်္ဂါငါးပါးတို့တည်း။ ။ဟူသော ပါရာဇိကာ၏၌ လာသည်နှင့်အညီ လူဇာတ်လည်း ဖြစ်စေ, အသက်ရှိ၏ဟု အမှတ်လည်းရှိစေ, သေစေလိုသော စိတ်လည်း ရှိစေ, မိမိလုံ့လလည်း ပြုစေ, ထို လုံ့လဖြင့်လည်း သေစေ၊ ဤငါးပါးတည်းဟု မှတ်။

ဥတ္တရိမနုဿဓမ္မ ပါရာဇိကာ၌ အင်္ဂါကား–

အင်္ဂါနိပန အတ္တနိ အသန္တံ ဈာနာဒိဘေဒံ ပါပကေန ဣစ္ဆာပကတေန အာဒေရောစနံ၊ မနုဿဇာတိယာ၊သုဏမာနံ ပရေဿ ဝိနာ အာရောစနံ အမိမာနံ၊ တံခဏေ ဝိဇာနနန္တိ ဣမာနေတ္ထ ပဥ္စင်္ဂါနိ။

အင်္ဂါနိပန - ဥတ္တရိမနုဿဓမ္မ ပါရာဇိက အင်္ဂါတို့ကား၊ အတ္တနိ - မိမိ၌၊ ဈာနာဒိဘေဒံ-ဈာန် အစရှိသောအပြားသည်၊အသန္တံ-ထင်ရှားမရှိခြင်းရင်း၊ ပါပဣစ္ဆတာယ-မကောင်းသော၊ ဥလ္လာပနကတာယ - ယုတ်မာသော အလိုဖြင့်၊ အာရောစနံ-ကြားခြင်းရင်း၊ မနုဿဇာတိယာ-လူဇာတ် ဖြစ်သော သူအား၊ အာရောစနံ-ကြားခြင်းရင်း၊ သုဏမာနံ-ကြားသောသူသည်၊ပရေသံ-တပါးသော သူတို့အား မရည်မှူ၍၊ အဓိမာနံ-ရနိုးခြင်းကို၊ ဝိနာ - ကြဉ်၍၊ အာရောစနံ-ကြားခြင်းရင်း၊ တံခဏေ-ထိုကြားသောခဏ၌၊ ဝိဇာနနံ-သိခြင်းရင်း၊ ဣတိ-သို့၊ ဧတ္တ-ဤဥတ္တရိမနုဿဓမ္မ ပါရာဇိက၌၊ဣမာနိ ပဉ္စင်္ဂါနိ-ဤအင်္ဂါ ငါးပါးတို့တည်း။

ဟူသော ပါဠိနှင့်အညီ မိမိကိုယ်၌ ဈာန်, မဂ်ဖိုလ်တရား ထင်ရှားမရှိသည်လည်း တပါး, မကောင်းသောအလိုဖြင့် ကြားသည်လည်း တပါး, လူဇာတ်ဖြစ်သောသူကို ကြားသည်လည်း တပါး, ထိုကြားသောသူသည် တပါးသောသူအား မရည်မှူ၍ ရနိုးခြင်းကို ကြဉ်၍ မိမိအား ကြားသည်လည်း တပါး, ထိုကြားသောခဏ၌ သိသည်လည်း တပါး၊ ဤငါးပါးတည်းဟုမှတ်၊ ဤကား ပါရာဇိက အင်္ဂါလေးပါးတည်း။

၇၄-ခိုးခြင်း နှစ်ဆယ့်ငါးပါး ဟူသည်ကား

နာနာဘဏ္ဍ ပဉ္စက, ဧကဘဏ္ဍ ပဉ္စက, သာဟတ္ထိက ပဉ္စက, ပုဗ္ဗပယောဂပဉ္စက,ထေယျာဝဟာရပဉ္စက ဤသို့ ပဉ္စပဉ္စက၏ အစွမ်းအားဖြင့် နှစ်ဆယ့်ငါးပါးသော ခိုးခြင်းတို့သည် ဖြစ်ကုန်၏၊ ထို့ကြောင့် သိက္ခာပဒဝလဥ္ဇနဲ၌-

> ကတမေ ပဉ္စဝီသတိ အဝဟာရာ၊ နာနာဘဏ္ဍ ပဉ္စကံ ဧကဘဏ္ဍ-ပဉ္စကံ သာဟတ္ထိက ပဉ္စကံ ပုဗ္ဗပယောဂ ပဉ္စကံ ထေယျာဝဟာရ ပဉ္စကန္တိ ပဉ္စပဉ္စကဝသေန ပဉ္စဝီသတိ အဝဟာရာ ဝုတ္တာ-ဟုလာ၏။

အတ္ထကား-ပဉ္စဝီသတိ အဝဟာရာ-နှစ်ဆယ့်ငါးပါးသောခိုးခြင်းတို့သည်၊ ကတမေ-အဘယ်သည်တို့နည်း ဟူမူကား၊ နာနာဘဏ္ဍပဉ္စကံ-အထူးထူးသော ဥစ္စာကို ခိုးခြင်း, ဝါ-သက်ရှိ သက်မဲ့ဥစ္စာကို ခိုးခြင်း-နာနာဘဏ္ဍပဉ္စကရင်း၊ ဧကဘဏ္ဍ ပဉ္စကံ-တခုသော ဥစ္စာကို ခိုးခြင်း, ဝါ - သက်မဲ့ဥစ္စာကို ခိုးခြင်း ဧကဘဏ္ဍပဉ္စကရင်း၊ သာဟတ္ထိကပဉ္စကံ-မိမိလက်ဖြင့် ခိုးခြင်း သာဟတ္ထိက ပဉ္စကရင်း၊ ပုဗ္ဗပယောဂပဉ္စကံ-မခိုးမီ ရှေးအဖို့၌ ပါရာဇိက ရောက်ခြင်း

ပယောဂ ရှိသော ပုဗ္ဗပယောဂ ပဉ္စကရင်း၊ ထေယျာဝဟာရ ပဉ္စကံ-စဉ်းလဲသောခိုးခြင်း ထေယျာဝဟာရ ပဉ္စကရင်း၊ ဣတိ-သို့၊ ပဉ္စ ပဉ္စကဝသေန-ပဉ္စပဉ္စက၏ အစွမ်းဖြင့်၊ ပဉ္စဝီသတိ အဝဟာရာ – နှစ်ဆယ့်ငါးပါးသော ခိုးခြင်းတို့ကို၊ ဝုတ္တာ-ဆိုအပ်ကုန်၏။ ။ဟု–လာ၏။

ထိုငါးပါးသော ပဉ္စကတို့တွင် နာနာဘဏ္ဍပဉ္စက ဟူသည့် အဘယ်နည်း ဟူမူကား– တရားစိစစ်၍ ခိုးခြင်း-အာဒိယေယျ၊ဆောင်ယူ၍သွားသော ဥစ္စာကို ခိုးခြင်း-ဟရေယျ၊ အပ်နှံ၍ထားသော ဥစ္စာကို ခိုးယူခြင်း-အဝဟရေယျ၊ ဣရိယာပုထ်ကို ဖျက်၍ ခိုးခြင်း–ဣရိယာပထံဝိကောပေယျ၊ဥစ္စာထားရာမှ ရွှေ့စေ၍ ခိုးခြင်း-ဌာနာစာဝေယျ၊ဤငါးပါးတည်း၊ ထို့ကြောင့် သိက္ခာပဒ၌–

> အာဒိယေယျ ဟရေယျ အဝဟရေယျ ဣရိယာပထံ ဝိကောပေယျ ဌာနာစာဝေယျာတိ ပဉ္စ။ ။ဟု လာ၏။

အတ္ထကား–အာဒိယေယျ-တရားစိစစ်၍ ခိုးခြင်းရင်း၊ ဟရေယျ–ဆောင်၍သွားသော ဥစ္စာကို ခိုးခြင်းရင်း၊ အဝဟရေယျ-အပ်နှံ၍ထားသော ဥစ္စာကို မပေးမူ၍ ခိုးခြင်းရင်း၊ ဣရိယာပထံ-ဣရိယာပုထ်ကို၊ ဝိကောပေယျ-ဖျက်၍ ခိုးခြင်းရင်း၊ ဌာနာ–ဥစ္စာထားရာအရပ်မှ၊ စာဝေယျ – ရွှေ့စေ၍ ခိုးခြင်းရင်း၊ ဣတိ-သို့၊ ပဉ္စ–ငါးပါးတို့တည်း။ ။ဟု လာ၏။

ထိုငါးပါးတို့တွင် အာဒိယေယျ ဟူသည်ကား – သူတပါးတို့၏ အရံဥယျာဉ် စသည်တို့ကို ယူအံ့သောငှါ တရားစိစစ်သော ရဟန်းအား ခြိမ်းသော ကိုယ်နှုတ်ပယောဂတို့၌ ဒုက္ကဋ်အာပတ်၊ အရံရှင်၏ ယုံမှားခြင်းကို ဖြစ်စေအံ့ ထုလ္လစ္စည်း၊ ငါမပေးပြီဟု မိမိဝန်ချသဖြင့်ရင်း, ငါ့အား မရလတ္တံ့သတည်းဟု အရံရှင် ဝန်ချသဖြင့်ရင်း ပါရာဇိက၊ တယောက်သော သူက ဝန်ချခြင်းကို မပြုမူ ပါရာဇိကသို့ မရောက်၊ မလုယက် တရားမစိစစ်မူ၍ ထားသောဝတ္ထုမှ တမတ်ထိုက်သော ဝတ္ထုကို ခိုးလိုသော စိတ်ဖြင့် ခိုးအံ့၊ ပါရာဇိကဟုမှတ်၊ ထို့ကြောင့် သိက္ခာပဒ၌–

> အဒေယျံ အာရာမာဒိနိ ဂဏှတော့ အဘိယုဉ္ဇတော့ သဗ္ဗကာယဝစီပယောဂေသု ဒုက္ကဋံ၊ သာမိကဿ ဝိမတိံ ဥပ္ပါဒေတိ ထုလ္လစ္စယံ၊ နဒါနိမိတိ အတ္တနော ဓုရ နိက္ခေပေနစ န မယှံ ဘဝိဿတီတိ သာမိကဿ ဓုရနိက္ခေပေနစ ပါရာဇိကံ၊ ကေနစ ပန ဓုရနိက္ခေပေ အကတေ န ဟောတိ၊ အဝိဘတ္တနိတ္တာ ဌပိတဝတ္ထုတော ပါဒဂ္ဃနကဝတ္ထုံ ထေယျစိတ္တေန အဝဟရေယျ ပါရာဇိကံ။ ။ဟု-လာ၏။

အတ္ထကား- အညေသံ-တပါးသော သူတို့၏၊ အာရာမာဒိနိ-အရံစသည်တို့ကို၊ ဂဟေတုံ - ယူခြင်းငှါ၊ အဘိယုဉ္ဇတော - တရားစိစစ်သော သူအား၊ သဗ္ဗကာယ ဝစီပယောဂေသု-အလုံးစုံသော ကိုယ်နှုတ် ပယောဂတို့၌၊ဒုက္ကဋံ-ဒုက္ကဋ် အာပတ်သင့်၏၊ သာမိကဿ - အရှင်၏၊ ဝိမတိံ - ယုံမှားခြင်းကို၊ ဥပ္ပါဒေတိ-ဖြစ်စေ၏၊ ထုလ္လစ္စယံ - ထုလ္လစ္စည်းအာပတ် သင့်၏၊နဒဒါမိ-မပေးအံ့၊ ဣတိ-သို့၊ အတ္တနော-မိမိ၏၊ ဓုရနိက္ခေပေနစ-ဝန်ချသဖြင့်ရင်း၊ မယှံ-ငါ၏ဥစ္စာသည်၊ နဘဝိဿတိ-မဖြစ်လတ္တံ့သတည်း၊ ဣတိ-သို့၊ သာမိကဿ-အရှင်၏၊ ဓုရနိက္ခေပေနစ-ဝန်ချသဖြင့်ရင်း၊ ပါရာဇိကံ-ပါရာဇိကအာပတ်သည်၊ ဟောတိ-၏၊ ကေနပန-တယောက်သောသူသည်မူကား၊ ဓုရနိက္ခေပေ-ဝန်ချခြင်းကို၊အကတေ-မပြုမူကား၊ပါရာဇိကံ-ပါရာဇိကသည်၊ န ဟောတိ-မဖြစ်၊ အဝိစ္ဆိန္နိတ္တာ - မလုယက် မတရားမစိစစ်မူ၍၊ ဌပိတဝတ္ထုတော-ထားသောဝတ္ထုမှ၊ ပါဒဉ္စနကဝတ္ထုံ - တမတ်ထိုက်သော ဝတ္ထုကို၊ ထေယျစိတ္တေန - ခိုးလိုသောစိတ်ဖြင့်၊ အဝဟရေယျ - ခိုးငြားအံ့၊ ပါရာဇိကံ-သည်၊ ဟောတိ-၏။ ။ဟု-လာ၏၊ ဤကား အာဒိယေယျတည်း။

ဟရေယျ ဟူသည်ကား-တပါးသောသူ၏ ဥစ္စာ ပရိက္ခရာကို ဆောင်ယူ၍ သွားသောသူသည် ခိုးလိုသော စိတ်ဖြင့် ဥစ္စာပရိက္ခရာကို သုံးသပ်အံ့၊ဒုက္ကဋ်၊ ဥစ္စာပရိက္ခရာကို တုန်လှုပ်စေအံ့၊ ထုလ္လစ္စည်း၊ ဥစ္စာပရိက္ခရာတို့သည် နေရာမှ တဆံချည်မျှ ရွှေ့စေအံ့၊ ပါရာဇိကတည်းဟု မှတ်။ ။ထို့ကြောင့် သိက္ခာပဒ၌-

> အညဿ ပရိက္ခာရံ ဂဟေတွာ ဂစ္ဆန္တော ထေယျစိတ္တေန ပရာမသေယျ ဒုက္ကဋံ၊ ဖန္ဒာပေယျ ထုလ္လစ္စယံ၊ ဌာနာစာဝေယျ ပါရာဇိကံ၊ ဟု-လာ၏။

အတ္ထကား- အညဿ - တပါးသောသူ၏၊ ပရိက္ခာရံ-ဥစ္စာပရိက္ခရာကို၊ ဂဟေတွာ-ယူ၍၊ ဂစ္ဆန္တော - သွားသောသူသည်၊ ထေယျစိတ္တေန - ခိုးလိုသော စိတ်ဖြင့်၊ ပရာမသေယျ-သုံးသပ်ငြားအံ့၊ ဒုက္ကဋံ-ဒုက္ကဋ်အာပတ်သည်၊ ဟောတိ-၏၊ ဖန္ဒာပေတိ - တုန်လှုပ်စေအံ့၊ ထုလ္လစ္စယံ-ထုလ္လစ္စည်း အာပတ်သည်၊ ဟောတိ-၏၊ ဌာနာ-ဥစ္စာထားရာဆောင်ရာမှ၊ စာဝေယျ-ရွှေ့စေအံ့၊ ပါရာဇိကံ-သည်၊ ဟောတိ-၏။ ။ဤကား ဟရေယျတည်း။

အဝဟရေယျ ဟူသည်ကား-သူတပါးတို့သည် မိမိအထံ၌ အပ်နှံ၍ထားသော ဥစ္စာပရိက္ခရာကို ပေးပါလော့ဟု တောင်းသည်ရှိသော် သင့်ဥစ္စာကို ငါမယူဟု ဆို၍ မပေးအံ့၊ အရှင်မပေးသော ဥစ္စာကို ယူခြင်း၏ ရှေးအဖို့၌

ဖြစ်ခြင်းကြောင့် ဒုက္ကဋ်၊ ဥစ္စာရှင်၏ ယုံမှားခြင်းကို ဖြစ်စေအံ့၊ ထုလ္လစ္စည်း၊ ငါ့သည်မပေးပြီဟု မိမိဝန်ချသော စိတ်ကိုဖြစ်စေအံ့၊ ၎င်းဥစ္စာရှင်သည် ငါမရပြီဟု ဝန်ချသဖြင့်လည်း ပါရာဇိကသို့ ရောက်၏၊ တယောက်သူက ဝန်ချခြင်းကို မပြုမူကား ပါရာဇိကသို့ မရောက်ဟု မှတ်။ ထိုကြောင့် သိက္ခာပဒ၌-

အညေဟိ အတ္တနော သန္တိကေ ဥပိတပရိက္ခာရံ သာမိကော ဒေဟီ-တိ ဝုတ္တေ န ဂဏှာမိတိ ဝဒေယျ၊ အဒိန္နာဒါနဿ ပုဗ္ဗဘာဂတ္တာ ဒုက္ကဋံ၊ သာမိကဿ ဝိမတိံ ဥပ္ပါဒေယျ ထုလ္လစ္စယံ၊ နေဝဒဒါမိတိ အတ္တနော ဓုရနိက္ခေပေန တံစိတ္တံ ဘဝေယျ၊ နလဘာမိတိ သာမိ-ကဿ ဓုရနိက္ခေပေနစ ပါရာဇိကံ၊ ဧကေနပန ဓုရနိက္ခေပေ အကတေ န ဟောတိ။ ။ဟုမိန့်၏။

အတ္ထကား- အညေဟိ - တပါးသော သူတို့သည်၊ အတ္တနော - မိမိ၏၊ သန္တိကေ - အထံ၌၊ ဥပိတပရိက္ခာရံ - အပ်နှံ၍ ထားသော ပရိက္ခရာကို၊ သာမိကော-ဥစ္စာရှင်သည်၊ မေ-အကျွန်ုပ်၏၊ ဓနံ-ကို၊ ဒေဟိ-ပေးပါလော့၊ ဣတိ-သို့၊ ဝုတ္တေ-တောင်းလာသည် ရှိသော်၊ တေ-သင်၏၊ ဓနံ-ဥစ္စာကို၊ နဂဏှာမိ-ငါမယူ၊ ဣတိ-သို့၊ ဝဒေယျ-ဆိုအံ့၊ အဒိန္နာဒါနဿ-အရှင်မပေးသောဥစ္စာကို ယူခြင်း၏၊ပုဗ္ဗဘာဂတ္တာ-ရှေးအဖို့၌ဖြစ်သည်၏ အဖြစ်ကြောင့်၊ ဒုက္ကဋံ-သည်၊ ဟောတိ-၏၊ သာမိကဿ-အရှင်၏၊ဝိမတိံ-ကို၊ ဥပ္ပါဒေယျ-ဖြစ်စေအံ့၊ ထုလ္လစ္စယံ-သည်၊ ဟောတိ-၏၊ နေဝဒဒါမိ-ငါမပေး၊ ဣတိ-သို့၊ အတ္တနော-၏၊ ဓုရနိက္ခေပေနစ-ဝန်ချသဖြင့်လည်း၊ တံစိတ္တံ-ထိုစိတ်သည်၊ ဘဝေယျ-ဖြစ်ငြားအံ့၊ နလဘာမိတိ-မရပြီဟု၊ သာမိကဿ-အရှင်၏၊ ဓုရ-နိက္ခေပေနစ-လည်း၊ပါရာဇိကံ-သည်၊ ဟောတိ-၏၊ ဧကေနပန-တယောက်သော သူသည်ကား၊ ဓုရနိက္ခေပေ-ဝန်ချခြင်းကို၊ အကတေ-သော်၊ ပါရာ-ဇိကံ-သည်၊ နဟောတိ-မဖြစ်။ ။ဟု လာ၏၊ဤကား အဝဟရေယျတည်း။

ဣရိယာပထံ ဝိကောပေယျ ဟူသည်ကား....ဥစ္စာဘဏ္ဍာကို ဆောင်ခြင်းနှင့်တကွ ထိုဥစ္စာကို ယူအံ့ဟု ခိုးလိုသော စိတ်ဖြင့် ဣရိယာပုထ်ကို ဖျက်ခြင်း ပယောဂ၌ ဒုက္ကဋ်၊ ရှေ့လှမ်းသော ဖဝါးကို လွန်စေအံ့-ထုလ္လစ္စည်း၊နှစ်ကြိမ်မြောက်လှမ်းသော ဖဝါးကို လွန်စေအံ့-ပါရာဇိကသို့ ရောက်၏-ဟုမှတ်။ ထိုကြောင့် ၎င်းသိက္ခာပုဒ်၌-

သဟ ဘဏ္ဍဟာရကေန ဂမိဿာမိတိ ထေယျစိတ္တေန ဣရိယာ-ပထံ ဝိကောပနေ ပယောဂေ ဒုက္ကဋံ၊ ပဌမပါဒဝါရံ အတိက္ကမေယျ၊ ထုလ္လစ္စယံ၊ ဒုတိယပါဒဝါရံ အတိက္ကမေယျ ပါရာဇိကံ။ ။ဟု မိန့်၏။

အဏ္ဏကား-ဘက္ကပြဟာရကေန-ဥစ္စာဘက္ကာကို ဆောင်ခြင်းနှင့်၊သဟ-တကွ၊ ဂမိဿာမိ-သွားအံ့၊ ဣတိ-သို့၊ ထေယျစိတ္တေန-ခိုးလိုသောစိတ်ဖြင့်၊ ဣရိယာ-ပထံ-ကို၊ ဝိကောပနေ - ဖျက်သည် ရှိသော်၊ ပဿယောဂေ-၌၊ ဒုက္ကဋံ-သည်၊ ဟောတိ-၏၊ ပဌမပါဒဝါရံ-ရှေးဦးစွာသော ဖဝါးလှမ်းအကြိမ်ကို၊ အတိက္က-မေယျ-လွန်ငြားအံ့၊ ထုလ္လစ္စယံ-သည်၊ဟောတိ-၏၊ ဒုတိယပါဒဝါရံ-နှစ်ချက်သော ဖဝါးလှမ်းအကြိမ်ကို၊ အတိက္ကမေယျ-အံ့၊ ပါရာဇိကံ-သည်၊ဟောတိ-၏။ ။ဤကား ဣရိယာပထ ဝိကောပန-တည်း။

ဌာနာစာဝေယျ ဟူသည်ကား-တပါးသောသူတို့၏ ပရိက္ခာရာကို ခိုးယူလိုသော စိတ်ဖြင့် သုံးသပ်အံ့-ဒုက္ကဋ်၊ တုန်လှုပ်စေအံ့-ထုလ္လစ္စည်း၊ ဥစ္စာ ပရိက္ခာရာ ထားရာအရပ်မှ ရွှေ့စေအံ့၊ပါရာဇိက-ဟု မှတ်၊ ထို့ကြောင့် ဂဏ္ဌိ၌-

> အညေသံ ပရိက္ခာရံ ထေယျစိတ္တေန ပရာမသေယျ၊ ဒုက္ကဋံ၊ဖန္ဒာ-ပေယျ၊ ထုလ္လစ္စယံ၊ ဌာနာ စာဝေယျ၊ ပါရာဇိကံ။ ။ဟု မိန့်၏။

အဏ္ဏကား-အညေသံ-တပါးကုန်သောသူတို့၏၊ ပရိက္ခာရံ-ပရိက္ခာရာကို၊ ထေယျစိတ္တေန-ခိုးလိုသောစိတ်ဖြင့်၊ပရာမသေယျ-သုံးသပ်အံ့၊ဒုက္ကဋံ-၏၊ဖန္ဒာ-ပေယျ-အံ့၊ ထုလ္လစ္စယံ -၏၊ ဌာနာ-ဥစ္စာထားရာမှ၊ စာဝေယျ-ရွှေ့စေအံ့၊ ပါရာဇိကံ-သည်၊ ဟောတိ-၏။ ။ဤကား-ဌာနာစာဝနတည်း၊ ဤငါးပါး ကား နာနာဘဏ္ဍပဥ္စက-ဟု မှတ်။

ဤ နာနာဘဏ္ဍပဥ္စကမှာ သဝိညာဏက, အဝိညာဏက နှစ်ပါးတည်း၊ ကေဘဏ္ဍပဥ္စ ကား-အာဒိယေယျ, ဟရေယျ, အဝဟရေယျ, ဣရိယာပထံ ဝိကောပေယျ,ဌာနာစာဝေယျ၊ ဤငါးပါးတည်း၊ထိုငါးပါးမှာ အဝိညာဏက ဝတ္ထုတည်း၊ နာနာဘဏ္ဍ ပဥ္စကနှင့် အတူတူပင်တည်း ဟု မှတ်၊ ထို့ကြောင့် သိက္ခာပဒ၌-

> အာဒိယေယျ ဟရေယျ အဝဟရေယျ ဣရိယာပထံ ဝိကော-ပေယျ ဌာနာစာဝေယျာတိ ဣမေသု ပဥ္စသု အဝိညာဏကဝတ္ထုသ္မိံ-ယေဝ ဂဟိတော။ ။ဟု မိန့်၏။

အဏ္ဏကား- အထက် အာဒိယေယျ အစရှိသည်တို့နှင့် အတူတူပင်တည်း၊ ဤကား ကေဘဏ္ဍပဥ္စက တည်း။

သာဟတ္ထိကပဋ္ဌက ကား–မိမိလက်ဖြင့် ခိုးခြင်း-သာဟတ္ထိက၊ သူတပါးကို စေ၍ ယူခြင်း–အာဏတ္တိက၊ လွှတ်လိုက်၍ ခိုးခြင်း-နိဿဂ္ဂိယ၊ အကျိုးကို ပြီးစေတတ်သော ခိုးခြင်း-အတ္ထသာဓက၊ဝန်ချခြင်း - ဓုရနိက္ခေပ၊ ဤငါးပါး တည်း–ဟု မှတ်။ ထို့ကြောင့် သိက္ခာပဒ၌–

သာဟတ္ထိကော အာဏတ္တိကော နိဿဂ္ဂိယော အတ္ထသာဓကော ဓုရနိက္ခေပေါတိ ဣမေ ပဉ္စ။ ။ဟု လာ၏။

အတ္ထကား– သာဟတ္ထိကော–မိမိလက်ဖြင့် ခိုးခြင်းရင်း၊ အာဏတ္တိကော-သူတပါးကို စေ၍ ခိုးခြင်းရင်း၊နိဿဂ္ဂိယော-လွှတ်လိုက်၍ ခိုးခြင်းရင်း၊ အတ္ထ-သာဓကော–မခိုးမီက ပါရာဇိက ရောက်ခြင်းဟူသော အကျိုးကို ပြီးစေတတ် သော ခိုးခြင်းရင်း၊ ဓုရနိက္ခေပေါ–ဝန်ချခြင်းရင်း၊ ဣတိ–သို့၊ ဣမေပဉ္စ- ဤ ငါးပါးတို့တည်း။

ထိုငါးပါးတို့တွင် သာဟတ္ထိက ဟူသည်ကား–သူတပါး၏ဥစ္စာကို မိမိ လက်ဖြင့် ခိုးလိုသောစိတ်ဖြင့် ယူခြင်းတည်း၊ ထို့ကြောင့် သိက္ခာပဒကျမ်း၌–

ပရဘဏ္ဍဿ သဟတ္ထာ ထေယျစိတ္တေန ဂဟဏံ။ ။ဟု လာ၏။

အတ္ထကား– ပရဘဏ္ဍဿ – သူတပါး၏ ဥစ္စာကို၊ ထေယျစိတ္တေန–ခိုးလို သော စိတ်နှင့်၊ သဟ-တကွ၊ သဟတ္ထာ-မိမိလက်ဖြင့်၊ ဂဟဏံ-ယူခြင်းသည်၊ ဟောတိ-၏။ ။ဟု ဆို၏၊ ဤကား သာဟတ္ထိကတည်း။

အာဏတ္တိက ဟူသည်ကား – ဤမည်သောသူ၏ ဥစ္စာကို ခိုးယူလော့ဟု တပါးသော သူအား စေခြင်းတည်းဟုမှတ်။ ထိုကြောင့် ရင်း၌-

အသုကဿ ဘဏ္ဍံ ထေနေတွာ ဂဏှာဟီတိ အညဿ အာဏာ-ပနံ။ ။ဟု–လာ၏။

အတ္ထကား–အသုကဿ-ဤမည်သောသူ၏၊ဘဏ္ဍံ-ကို၊ ထေနေတွာ - ၍၊ ဂဏှာဟိ-ယူလော့၊ ဣတိ-သို့၊ အညဿ-တပါးသော သူအား၊ အာဏာပနံ-စေခြင်းသည်၊ ဟောတိ-၏။ ။ဟု လာ၏။ ဤကား အာဏတ္တိကတည်း။

နိဿဂ္ဂိယ ဟူသည်ကား – ကင်းထားရာ အရပ်မှ မိမိဥစ္စာကိုရင်း, တပါး သောသူ၏ ဥစ္စာကိုရင်း ဤမည်သောအရပ်ကို သွားသည်ရှိသော် ယူမည်၊ ယူလတ္တံ့သတည်း၊ ဤသို့ကြံသောအရပ်မှ အပသို့လွှတ်လိုက် ပစ်လိုက်ခြင်း တည်း ဟု-မှတ်။ ထိုကြောင့် သိက္ခာပဒ၌ပင်–

> အတ္တနော ဘဏ္ဍံ သုက်ဂဟဏဋ္ဌာနတော ဝါ အညဿ ဘဏ္ဍံဝါ အသုကသ္မိံ ဌာနေ ဂတေ သတိ ဂဏှိဿာမိတိ ပရိကပ္ပိတဋ္ဌာနတော- ဝါ ဗဟိနိပါတနံ။ ။ဟု-မိန့်၏။

အတ္ထကား- အတ္တနော-၏၊ ဘဏ္ဍံ-ဥစ္စာကို၊ သုက်ဂဟဏဋ္ဌာနတော ဝါ- ကင်းထားရာ အရပ်မှရင်း၊ အညဿ-တပါးသောသူ၏၊ ဘဏ္ဍံ-ကို၊ အသု- ကသ္မိံ ဌာနေ - ဤမည်သောအရပ်သို့၊ ဂတေ-သွားသည်၊ သတိ - ရှိသော်၊ ဂဏှိဿတိ-ယူလတ္တံ့သတည်း၊ ဣတိ-သို့၊ ပရိကပ္ပိတဋ္ဌာနတော ဝါ-ကြံသော အရပ်မှရင်း၊ ဗဟိ-သို့၊ နိပါတနံ-လွှတ်လိုက် ပစ်လိုက်ခြင်းသည်၊ ဟောတိ- ၏။ ။ဤကား နိဿဂ္ဂိယတည်း။

အတ္ထသာဓက ဟူသည်ကား - ဤမည်သော သူ၏ ဥစ္စာကို ဤမည်သော အရပ်၌ ခိုး၍ ယူချေလော့ဟု တပါးသော သူအား စေသည်ရှိသော် ထိုစေ အပ်သော သူသည် စေသောနေ့၌ မတတ်နိုင်ဟုဆို၏၊ အကြင်အခါ၌ မတတ် နိုင်မှု ထိုတတ်နိုင်သော အခါ၌ ခိုးယူလော့ဟု စေ၏၊ ထိုစေအပ်သော သူ သည် စင်စစ်အားဖြင့် ခိုးအံ့၊ စေတတ်သောသူအား စေသောခဏ၌ ပါရာ ဇိကသို့ ရောက်၏၊ စေအပ်သောသူအားကား ယူသောခဏ၌ ပါရာဇိကသို့ ရောက်၏ ဟု မှတ်လေ၊ ထို့ကြောင့် ၎င်း၌ပင်-

> အသုကဿ ဘဏ္ဍံ အသုကသ္မိံ ဌာနေ ထေနေတွာ ဂဏှာဟီတိ အညဿ အာဏာပိတေ တေန သက္ကောမိတိ ဝတ္တေ ယဒါ သက္ကော- သိ၊ တဒါ ဂဏှာဟီတိ အာဏာပေတိ၊ သော စေန္တေန အဝဟရတိ၊ အာဏာပကဿ အာဏတ္တိက္ခဏေယေဝ ပါရာဇိကံ၊ ဣတရဿ ဂဟိ- တက္ခဏေ ပါရာဇိကံ။ ။ဟု-လာ၏။

အတ္ထကား- အသုကဿ-ဤမည်သော သူ၏၊ဘဏ္ဍံ-ကို၊ အသုကသ္မိံ ဌာ- နေ-၌၊ ထေနေတွာ-၍၊ ဂဏှာဟိ-လော့၊ ဣတိ-သို့၊ အညဿ-တပါးသော သူအား၊ အာဏာပိတေ-စေသည်ရှိသော်၊ တေန-ထိုစေအပ်သောသူသည်၊ န သက္ကောမိတိ-မတတ်နိုင်ဟု၊ ဝတ္တေ-ဆိုသည်ရှိသော်၊ ယဒါ-၌၊သက္ကောသိ- ၏၊ တဒါ-ထိုအခါ၌၊ ဝါ-တတ်နိုင်သောအခါ၌၊ ဂဏှာဟိ-ယူလော့၊ဣတိ- သို့၊ အာဏာပေတိ - စေ၏၊ သော-ထိုစေအပ်သောသူသည်၊ စေန္တေန- စင်စစ်သဖြင့်၊ အဝဟရတိ-ခိုး၏၊ အာဏာပကဿ-စေတတ်သောသူအား၊ အာဏတ္တိက္ခဏေယေဝ - စေသောခဏ၌လျှင်၊ ပါရာဇိကံ-သည်၊ ဟောတိ-

၏၊ ဣတရဿ-စေအပ်သောသူအား၊ ဂဟိတက္ခဏေ-ယူသောခဏ၌၊ပါရာ-ဇိကံ-သည်၊ ဟောတိ-၏။

တနည်းလည်း-တယောက်သောသူ၏ ဆီအိုး၌ တမတ်ထိုက်သော ဆီကို မချွတ်သောက်ခြင်း စုတ်ခြင်းရှိကုန်သော ဘိနပ်စသည်တို့ကို ခိုးလိုသောစိတ်ဖြင့် ထည့်အံ့၊ မိမိလက်မှ လွတ်ကာမျှသော ခဏ၌ ပါရာဇိကသို့ ရောက်၏ ဟု မှတ်လေ၊ ထို့ကြောင့် ရင်း၌-

အထ ပရဿ တေလကုမ္ဘိယာ ပါဒဂ္ဃနကံ တေလံ အဝဿံ ပိဝနကာနိ ဥပါဟနာဒီနိ ထေယျစိတ္တေန ပက္ခိပတိ၊ ဟတ္ထတော မုတ္တက္ခဏေ ပါရာဇိကံ။ ။ဟု-လာ၏။

အတ္ထကား- အထ-ထို့မှတပါး၊ ပရဿ-တပါးသောသူ၏၊ တေလကုမ္ဘိ-ယာ-ဆီအိုး၌၊ ပါဒဂ္ဃနကံ-တမတ်ထိုက်သော၊ တေလံ-ဆီကို၊ အဝဿံ-မချွတ်၊ ပိဝနကာနိ-သောက်စုတ်ကုန်သော၊ ဥပါဟနာဒီနိ-ဘိနပ်စသည်တို့ကို၊ ထေယျစိတ္တေန - ဖြင့်၊ ပက္ခိပတိ - ထည့်၏၊ ဟတ္ထတော - မိမိလက်မှ၊ မုတ္တက္ခဏေ - လွတ်သောခဏ၌၊ ပါရာဇိကံ - သည်၊ ဟောတိ - ၏။ ။ ဤကား အတ္ထသာဓကတည်း။

ဓုရနိက္ခေပ ဟူသည်ကား-အရံစသည်တို့ကို တရားစိစစ်ရာ၌ရင်း, မိမိအထံ၌ ထားသော ပရိက္ခရာကို ဥစ္စာရှင်တောင်းသည်ရှိသော် ငါမယူဟု ချွတ်ယွင်းသော စကားကိုဆို၍ ယူရာ၌ရင်း, တသက်လျှာ အခိုက်အတန့် ယူသော ဥစ္စာကို ငါမပေးဟု ယူရာ၌ရင်း, ထိုဥစ္စာကို ငါမပေးပြီဟု မိမိဝန်ချသဖြင့်ရင်း, ငါ မရချေပြီဟု ဥစ္စာရှင် ဝန်ချသဖြင့်ရင်း ပါရာဇိကသို့ ရောက်၏ဟု မှတ်၊ ထို့ ကြောင့် ရင်း၌-

အာရာမာဒီနိ အနုယုဉ္ဇန္တာနေပိ အတ္တနော သန္တိကေ ဌပိတ-ပရိက္ခာရံ မယာ န ဂဟိတန္တိ၊ မုသာ ကတွာ ဂဟိတဘဏ္ဍာနေပိ တာဝ-ကာလိကံ ဂဟေတွာ အဒိန္နာဒါနေပိ နဒဒါမိတိ အတ္တနော ဓုရ နိက္ခေပေနစ နယိဘာဝိတိ သာမိကဿ ဓုရနိက္ခေပေနစ ပါရာဇိကံ-ဟု လာ၏။

အာရာမာဒီနိ-အရံစသည်တို့ကို၊ အနုယုဉ္ဇန္တာနေပိ-တရားစိစစ်ရာ၌ရင်း၊ အတ္တနော-၏၊ သန္တိကေ-၌၊ ဌပိတပရိက္ခာရံ-အပ်နှံ၍ထားသော ပရိက္ခရာ ကို၊ မယာ-သည်၊ နဂဟိတံ-မယူအပ်၊ ဣတိ-သို့၊ မုသာ-ချွတ်ယွင်းသော

စကားကို၊ ကတွာ-၍၊ ဂဟိတဌာနေပိ-ယူရာ၌ရင်း၊ တာဝကာလိကံ-အခိုက်အတန့် တခဏကို၊ ဂဟေတွာ-၍၊ အဒိန္နာဒါနေပိ-မပေးရာ၌ရင်း၊ နဒေါမိ-ငါမပေး၊ ဣတိ-သို့၊ အတ္တနော-၏၊ ဓုရနိက္ခေပေနစ-ဝန်ချသဖြင့်ရင်း၊နလဘာ-မိတိ-ငါမရပြီဟု၊ သာမိကဿ-ဥစ္စာရှင်၏၊ ဓုရနိက္ခေပေနစ-ဝန်ချသဖြင့်ရင်း၊ ပါရာဇိကံ-သည်၊ ဟောတိ-၏။ ။ဤကား ဓုရနိက္ခေပတည်း၊ ဤငါးပါးကား သာဟတ္ထိကပဉ္စက တည်း။

ပုဗ္ဗပယောဂပဉ္စက ဟူသည်ကား-ခိုးခြင်း ရှေးရှိသော ပုဗ္ဗပယောဂရင်း, ခိုးခြင်းနှင့် တကွရှိသော သဟပယောဂရင်း, ညီညွတ် တိုင်ပင်၍ ခိုးခြင်း-သံဝိဓာဝဟာရရင်း, အမှတ်ပြု၍ ခိုးခြင်း-သင်္ကေတကမ္မရင်း, မျက်စိ မှိတ်ခြင်း လည်ညိတ်ခြင်းစသော နိမိတ်ပြု၍ခိုးခြင်း-နိမိတ္တကမ္မရင်း ဤငါးပါးတို့တည်း-ဟုမှတ်၊ ထို့ကြောင့် သိက္ခာပဒ၌-

> ပုဗ္ဗပယောဂေါ သဟပယောဂေါ သံဝိဓာဝဟာရော သင်္ကေတ-
> ကမ္မံ နိမိတ္တကမ္မန္တိ ဣမေ ပဉ္စ။ ။ဟု လာ၏။

အတ္ထကား- ပုဗ္ဗပယောဂေါ-ခိုးခြင်း ရှေးရှိသော ပုဗ္ဗပယောဂရင်း၊ သဟပယောဂေါ - ခိုးခြင်းနှင့် တကွရှိသော ပယောဂရင်း၊ သံဝိဓာဝဟာရော-ညီညွတ်၍ ခိုးခြင်းရင်း၊ သင်္ကေတကမ္မံ-အမှတ်ပြု၍ ခိုးခြင်းရင်း၊ နိမိတ္တကမ္မံ-မျက်စိမှိတ်ခြင်း စသော နိမိတ်ပြု၍ ခိုးခြင်းရင်း၊ ဣတိ-သို့၊ ဣမေပဉ္စ-ဤငါးပါးတို့တည်း။

ထိုငါးပါးတို့တွင် ပုဗ္ဗပယောဂဟူသည်ကား - ဤမည်သောသူ၏ ဥစ္စာကို ခိုးယူလော့ဟု တပါးသော သူအား စေ၏၊ ထိုစေသော သူသည် မချွတ်မုချ ယူအံ့၊ စေတတ်သော သူအား စေသော ခဏ၌ ပါရာဇိကသို့ ရောက်၏၊ စေအပ်သော သူအားကား ယူသောခဏ၌ ပါရာဇိကသို့ရောက်၏ ဟု မှတ်။ ထို့ကြောင့်ရင်း၌ပင်-

> အသုကဿ ဘဏ္ဍံ ထေနေတွာ ဂဏှာဟီတိ အာဏာပေတိ၊ အာဏတ္တော အဝဿံ ဂဏှိဿတိ၊ အာဏာပကဿ အာဏတ္တိက္ခ-ဏေ ပါရာဇိကံ၊ အာဏတ္တဿပန ဂဟိတက္ခဏေ ပါရာဇိကံ။ ။ ဟု-လာ၏။

အတ္ထကား- အသုကဿ-ဤမည်သောသူ၏၊ဘဏ္ဍံ-ဥစ္စာကို၊ ထေနေတွာ-၍၊ ဂဏှာဟိ-လော့၊ ဣတိ-သို့၊ အာဏာပေတိ-စေ၏၊ အာဏတ္တော-စေအပ်

သော သူသည်၊ အဝသံ-မချွတ်၊ ဂဏှိသတိ-ယူလတ္တံ့၊ အာဏာပကဿ-စေတတ်သောသူအား၊ အာဏတ္တိကွဏေ-စေသောခဏ၌၊ ပါရာဇိကံ-သည်၊ ဟောတိ-၏၊ အာဏတ္တဿပန--စေအပ်သောသူအားကား၊ ဂဟိတက္ခဏေ-ယူသောခဏ၌၊ ပါရာဇိကံ – သည်၊ ဟောတိ-၏။ ။ဤကား ပုဗ္ဗပယောဂ တည်း။

ဤ ပုဗ္ဗပယောဂနှင့် အတ္ထသာဓက နှစ်ပါး၏ အဆုံးအဖြတ်သည် တူ၏၊ အဘယ်သို့ တူသနည်းဟူမူ - စေတတ်သော သူသည် မချွတ်စေအပ်သောသူ ခိုးယူအံ့၊ စေသော ခဏ မခိုးယူမီ ပါရာဇိကသို့ ရောက်၏၊ အတ္ထသာဓက လည်း ဤနည်း အတူ ပါရာဇိကသို့ ရောက်၏၊ ထို့ကြောင့် အဆုံးအဖြတ် တူကြ၏ ဟု မှတ်ရမည်။

သဟ ပယောဂ ဟူသည်ကား– တပါးသောသူ၏ အာရာမ်, လယ်ယာ အစရှိသော မြေတို့၏ အလွန်သော အဖို့တို့ကို ယူခြင်းပယောဂသည် ရှိလတ်သော် ခိုးသောပယောဂနှင့်တကွ ပါရာဇိကသို့ ရောက်၏၊ ထိုပါရာဇိကသည် နှစ်ယောက်သောသူတို့ ဝန်ချသဖြင့် ဖြစ်၏ ဟု မှတ်၊ ထို့ကြောင့် ရင်း၌ပင်–

> အညေသံ အာရာမခေတ္တာဒိဘူမိနံ အတိရေကဂါဟာပကဿ ပယောဂေ သတိ အဝဟာရ ပယောဂေန သဟ ပါရာဇိကံ၊ တံပိ ဥဘိန္နံ ဓုရနိက္ခေပေန ပါရာဇိက သိဒ္ဓိကော။ ။ဟု လာ၏။

အတ္ထကား-အညေသံ–တပါးကုန်သော သူတို့၏၊အာရာမခေတ္တာဒိဘူမိနံ-အာရာမ်, လယ် အစရှိကုန်သော မြေတို့၏၊ အတိရေကဂါဟာပကဿ-အလွန်သောအဖို့ကို ယူခြင်း၏၊ပယောဂေ-သည်၊သတိ-ရှိသော်၊ အဝဟာရ-ပယောဂေန-ခိုးလိုသောစိတ်၏ ပယောဂနှင့်၊ သဟ-တကွ၊ ပါရာဇိကံ-သည်၊ ဟောတိ-၏၊ တံပိ-ထိုပါရာဇိက ဖြစ်ခြင်းသည်လည်း၊ ဥဘိန္နံ-နှစ်ယောက်ကုန်သောသူတို့၏၊ ဓုရနိက္ခေပေန-ဝန်ချသဖြင့်၊ ပါရာဇိကသိဒ္ဓိကော – ပါရာဇိက သို့ ရောက်ခြင်းပြီးသည်၊ ဟောတိ-၏။ ။ဤကား သဟပယောဂတည်း။

သံဝိဓာဝဟာရ ဟူသည်ကား – တပါးသောသူ၏ဥစ္စာကို ခိုး၍ ယူအံ့ဟု တပါးသောသူတို့နှင့် ညီညွတ်တိုင်ပင်၍ သွားလေ၏၊ ဤသို့ ညီညွတ်တိုင်ပင်၍ လာကုန်သောသူတို့တွင် တယောက်သောသူသည် ထိုဥစ္စာကိုခိုးသော် ဥစ္စာ ထားရာ အရပ်မှ ဆံချည်တစိတ်မျှ ရွေ့သော် ခပ်သိမ်းကုန်သော သူတို့အား ပါရာဇိကသို့ ရောက်၏ဟု မှတ်။ ထို့ကြောင့်ရင်း၌ပင်–

အသုကဿ ဘဏ္ဍံ ထေနေတွာ ဂဏှာမာတိ အညေဟိ သဒ္ဓိံ သံဝိဒဟိတွာ ဂစ္ဆန္တိ၊ ဧဝံ သံဝိဒဟိတွာ အာဂစ္ဆန္တာနံ ကောဝ တံ ဘဏ္ဍံ ဌာနာ စာဝေတိ၊ သဗ္ဗေသံ ပါရာဇိကံ။ ။ဟု-လာ၏။

အဋ္ဌကား– အသုကဿ-ဤမည်သောသူ၏၊ ဘဏ္ဍံ-ဥစ္စာကို၊ထေနေတွာ-၍၊ ဂဏှာမ–ယူကုန်အံ့၊ ဣတိ-သို့၊ အညေဟိ–တပါးသော ရဟန်းတို့နှင့်၊ သဒ္ဓိံ-တကွ၊ သံဝိဒဟိတွာ-တိုင်ပင်၍၊ ဂစ္ဆန္တိ-သွားကြကုန်၏၊ ဧဝံ-ဤသို့၊ သံဝိဒဟိတွာ – တိုင်ပင်၍၊ အာဂစ္ဆန္တာနံ – လာကြကုန်သော သူတို့တွင်၊ ကောဝ-တယောက်သောသူသည်၊ တံဘဏ္ဍံ–ထိုဥစ္စာကို၊ ဌာနာ–အရပ်မှ၊ စာဝေတိ-ရွှေစေ၏၊ သဗ္ဗေသံ-ခပ်သိမ်းကုန်သော ရဟန်းတို့အား၊ ပါရာဇိကံ-သည်၊ ဟောတိ-၏။ ။ဤကား သံဝိဓာဝဟာရတည်း။

သင်္ကေတကမ္မ ဟူသည်ကား– နံနက်အခါ, ညအခါ၌ ဤမည်သောသူ၏ ဥစ္စာကို ဤမည်သော အိမ်၌ ခိုး၍ယူလော့-ဟု ဆိုသည်ရှိသော် အကယ်၍ နံနက်, ည-ဟု ဆိုအပ်သော အမှတ်ကို မချွတ်ယွင်းစေမူ၍ ယူအံ့၊ အမှတ်ကို ပြု၍ ပေးသောသူအား အမှတ်ကို ပေးသော ခဏ၌ ပါရာဇိကသို့ ရောက်၏၊ ယူသောသူအား ယူသောခဏ၌ ပါရာဇိကသို့ ရောက်၏ဟုမှတ်။ ။ထို့ကြောင့် ဝင်း၌-

ပုဗ္ဗဏှာပရဏှာဒိကာလေ အသုကဿ ဘဏ္ဍံ အသုကသ္မိံ ဂေဟေ ထေနေတွာ ဂဏှာဟီတိ ဝုတ္တေ သစေ သင်္ကေတံ အဝိရာဓေတွာ ဂဏှေယျ၊ သင်္ကေတ ကာရကဿ သင်္ကေတ ကရဏက္ခဏေ ပါရာဇိကံ၊ ဂါဟကဿ ဂဟိတက္ခဏေ ပါရာဇိကံ။ ။ဟု-လာ၏။

အဋ္ဌကား–ပုဗ္ဗဏှာပရဏှာဒိကာလေ – နံနက်အခါ, ညအခါ စသည်၌၊ အသုကဿ-ဤမည်သော သူ၏၊ဘဏ္ဍံ-ကို၊ အသုကသ္မိံဂေဟေ-ဤမည်သော အိမ်၌၊ထေနေတွာ-၍၊ဂဏှာဟိ-ယူလော့၊ဣတိ-သို့၊ဝုတ္တေ-ဆိုသော်၊သစေ-၍၊ သင်္ကေတံ-အမှတ်ကို၊ အဝိရာဓေတွာ-မချွတ်စေမူ၍၊ဂဏှေယျ-အံ့၊ သင်္ကေတကာရကဿ - အမှတ်ပြုသောသူအား၊ သင်္ကေတကရဏက္ခဏေ – အမှတ်ကို ပြုသော ခဏ၌၊ ပါရာဇိကံ-သည်၊ ဟောတိ – ၏၊ ဂါဟကဿ-ယူသောသူအား၊ ဂဟိတက္ခဏေ-ယူသောခဏ၌၊ ပါရာဇိကံ-သည်၊ ဟောတိ-၏။ ။ဤကား သင်္ကေတ ကမ္မတည်း။

နိမိတ္တကမ္မ ဟူသည်ကား - မျက်စိမှိတ်ခြင်း, မျက်မှောင်ချီခြင်း စသည်ကို ပြု၍ ဤမည်သောသူ၏ဥစ္စာကို ခိုး၍ယူလော့ဟု ဆိုသကဲ့သို့ နိမိတ်အမှတ်ကို

ပြ၍ ထိုပြသောနိမိတ်အမှတ်ကို မချွတ်စေမူ၍ ယူအံ့၊ နိမိတ်ပြသောသူအား နိမိတ်ပြသော ခဏ၌ ပါရာဇိကသို့ ရောက်၏၊ ယူသောသူအား ယူသောခဏ၌ ပါရာဇိကသို့ ရောက်၏ဟု မှတ်၊ ထိုကြောင့်ရှင်း၌—

> အက္ခိနိကူဏ ဘမုကုက္ခိပနာဒိ ကတွာ အသုကသ ဘဏ္ဍံ ထေနေ- တွာ ဂဏှာဟီတိ ဝုတ္တောဝိယ နိမိတ္တသညံ ကရောတိ၊ ကတနိမိတ္တ- သညံ အဝိရာဓေတွာ ဂဏှေယျ၊ နိမိတ္တကာရကဿ နိမိတ္တကရဏက္ခ- ဏေ ပါရာဇိကံ၊ ဂါဟကဿ ဂဟိတက္ခဏေ ပါရာဇိကံ။ ။ဟု- လာ၏။

အတ္ထကား- အက္ခိနိကူဏ ဘမုကုက္ခိပနာဒိ-မျက်စိမှိတ်ခြင်း မျက်မှောင်ချီခြင်း အစရှိသည်ကို၊ ကတွာ-၍၊ အသုကဿ-၏၊ဘဏ္ဍံ-ဥစ္စာကို၊ထေနေတွာ-၍၊ ဂဏှာဟိ – လော့၊ ဣတိ–သို့၊ ဝုတ္တောဝိယ-ဆိုသကဲ့သို့၊ နိမိတ္တသညံ- နိမိတ်၏ အမှတ်ကို၊ ကရောတိ-ပြ၏၊ကတနိမိတ္တ သညံ-ပြသော နိမိတ်အမှတ်ကို၊ အဝိရာဓေတွာ - မချွတ်စေမူ၍၊ ဂဏှေယျ–အံ့၊ နိမိတ္တကာရကဿ-နိမိတ် ပြသောသူအား၊နိမိတ္တကရဏက္ခဏေ-နိမိတ်ပြသော ခဏ၌၊ ပါရာဇိကံ-သည်၊ ဟောတိ–၏၊ဂါဟကဿ–ယူသောသူအား၊ ဂဟိတက္ခဏေ-ယူသောခဏ၌၊ ပါရာဇိကံ–သည်၊ ဟောတိ-၏။ ။ဤကား နိမိတ္တကမ္မတည်း။ ဤငါးပါး သည် ပုဗ္ဗပယောဂ ပဉ္စကတည်း။

ထေယျာဝဟာရပဉ္စက ဟူသည်ကား-စဉ်းလဲ၍ ခိုးခြင်း-ထေယျာဝဟာရ၊ အနိုင်အထက် လုယက်၍ ခိုးခြင်း-ပသယှာဝဟာရ၊ ကြံ၍ ခိုးခြင်း–ပရိကပ္ပါ- ဝဟာရ၊ မြက်သစ်ရွက် စသည်တို့ဖြင့် ဖုံးလွှမ်း၍ ခိုးခြင်း–ပဋိစ္ဆန္နာဝဟာရ၊ ကမ္ပည်းပြောင်း၍ ခိုးခြင်း-ကုသာဝဟာရ၊ ဤငါးပါးတည်း။ ။ထိုကြောင့် ရှင်း၌–

> ထေယျာဝဟာရော ပသယှာဝဟာရော ပရိကပ္ပါဝဟာရော ပဋိစ္ဆန္နာဝဟာရော ကုသာဝဟာရောတိ ဣမေပဉ္စ။ ။ဟု–လာ၏။

ထေယျာဝဟာရောစ–စဉ်းလဲ၍ ခိုးခြင်းရှင်း၊ ပသယှာဝဟာရောစ-အနိုင် အထက် လုယက်၍ ခိုးခြင်းရှင်း၊ ပရိကပ္ပါဝဟာရောစ–ဥစ္စာ,အရပ်နှစ်ပါးကို ကြံ၍ခိုးခြင်းရှင်း၊ ပဋိစ္ဆန္နာဝဟာရောစ-မြက် သစ်ရွက် စသည်ဖြင့် ဖုံးလွှမ်း၍ ခိုးခြင်းရှင်း၊ ကုသာ ဝဟာရောစ-ကမ္ပည်းပြောင်း၍ ခိုးခြင်းရှင်း၊ ဣတိ-သို့၊ ဣမေပဉ္စ-ဤငါးပါးတို့တည်း။

ထိုငါးပါးတို့တွင် ထေယျာဝဟာရ ဟူသည်ကား-ဥမင်တူးခြင်း စသည်တို့ဖြင့်၎င်း, ချိန်စဉ်းလဲ တင်းစဉ်းလဲ စသော လှည့်ပတ်ခြင်းကို ပြုခြင်းဖြင့်၎င်း, စဉ်းလဲသော အသပြာ စသည်ကို ဖေါက်ပြန်သဖြင့်၎င်း လှည့်ပတ်၍ယူအံ့၊ ပါရာဇိကသို့ ရောက်၏ဟုမှတ်။ ထို့ကြောင့် ၎င်း၌ပင်-

ဥမင်္ဂခဏနာဒိနာဝါ တုလာကူဋ မာနကူဋာဒိဝဉ္စနကိရိယာယဝါ ကူဋကဟာပဏာဒိပရိဝတ္တနေနဝါ ဝဉ္စေတွာ ဂဏှေယျ၊ ပါရာဇိကံ။ ။ဟု-လာ၏။

အတ္ထကား - ဥမင်္ဂခဏနာဒိနာဝါ-ဥမင်တူးခြင်း စသည်ဖြင့်၎င်း၊ တုလာကူဋမာနကူဋာဒိဝဉ္စနကိရိယာယဝါ - ချိန်စဉ်းလဲ တင်းစဉ်းလဲစသော လှည့်ပတ်ခြင်းကို ပြုခြင်းဖြင့်၎င်း၊ ကူဋကဟာပဏာဒိပရိဝတ္တနေနဝါ-စဉ်းလဲသော အသပြာစသည်ကို ဖေါက်ပြန်သဖြင့်၎င်း၊ ဝဉ္စေတွာ-လှည့်ပတ်၍၊ဂဏှေယျ-ယူအံ့၊ ပါရာဇိကံ-သည်၊ ဟောတိ-၏။ ။ဤကား ထေယျာဝဟာရတည်း။

ပသယှာဝဟာရ ဟူသည်ကား-ရွာကိုဖျက်ဆီးခြင်း စသည်တို့ကိုပြုသော ခိုးသူတို့ကဲ့သို့ တပါးသူနှင့် စပ်သောဥစ္စာကို အနိုင်အထက်ဖြင့် ယူမူလည်း ယူအံ့၊ ရွာစား မင်း, မင်းခ ယောက်ျားစသော သူတို့သည် ယူသင့်သည်ထက် အပိုအလွန် အခွန်အတုတ် ဥစ္စာတို့ကို ယူကုန်သကဲ့သို့ အနိုင်အထက်အလွန် ပြု၍ ယူအံ့၊ ပါရာဇိကသို့ ရောက်၏ဟုမှတ်။ ထို့ကြောင့် ၎င်း၌-

ဂါမဃာတကာဒယောဝိယ ပရာယတ္တံ ဗလက္ကာရေန ဂဏှေယျဝါ ဂဟေတဗ္ဗ ဗလိတော ဂါမဘောဇကရာဇ ရာဇဘဋာဒယောဝိယ အဓိကံဝါ ဂဏှေယျ ပါရာဇိကံ။ ။ဟု-လာ၏။

အတ္ထကား - ဂါမဃာတကာဒယောဝိယ - ရွာကိုဖျက်သော ခိုးသူစသော သူတို့ကဲ့သို့၊ ပရာယတ္တံ-တပါးသူနှင့် စပ်သောဥစ္စာကို၊ ဗလက္ကာရေန-အနိုင်အထက်ပြု၍၊ဂဏှေယျဝါ-ယူမူလည်း ယူအံ့၊ဂါမဘောဇက ရာဇ ရာဇဘဋာဒယောဝိယ-ရွာစား မင်း, မင်းခယောက်ျားစသော သူတို့သည်၊ဂဟေတဗ္ဗဗလိတော-ယူသင့်ယူဆိုက်သော အခွန်အတုတ်ထက်၊ အဓိကံ - အလွန်ကို၊ ဂဏှန္တိဝိယ - ယူကုန်သကဲ့သို့၊ အဓိကံဝါ-အလွန်ကိုလည်း၊ ဂဏှေယျ-အံ့၊ ပါရာဇိကံ-သည်၊ ဟောတိ-၏။ ။ဤကား ပသယှာဝဟာရတည်း။

ပရိကပ္ပါဝဟာရဟူသည်ကား - ခိုးအံ့သော၄ါ တိုက်တွင်းသို့ ဝင်လေ၍ အကယ်၍ ပုဆိုးဖြစ်အံ့ ယူမည်၊ အကယ်၍ ချည်ဖြစ်အံ့ မယူဟုကြံ၍ အိတ်ကို

ယူအံ့၊ ထိုအိတ်၌ပုဆိုးဖြစ်အံ့၊ ထားရာမှရွှေသော် ပါရာဇိကသို့ ရောက်၏ဟု မှတ်၊ ထို့ကြောင့် ဋီကာ၌ -

ထေယျစိတ္တေန အန္တောဂဗ္ဘံ ပဝိသေတွာ သစေ ဝတ္ထံ ဘဝိ-
ဿတိ၊ ဂဏှိဿာမိ၊ သစေ သုတ္တံ၊ နဂဏှိဿာမီတိ ပရိကပ္ပေတွာ
ပသိဗ္ဗကံ ဂဏှေယျ၊တသ္မိံ ဝတ္ထံ ဟောတိ၊ ဌာနာစာဝေယျ၊ပါရာဇိ-
ကံ။ ။ဟု-လာ၏။

အတ္ထကား - ထေယျစိတ္တေန-ခိုးအံ့သောငှါ၊ အန္တောဂဗ္ဘံ-တိုက်တွင်းသို့၊ ပဝိသေတွာ-ဝင်လေ၍၊သစေ-၍၊ ဝတ္ထံ-ပုဆိုးသည်၊ ဘဝိဿတိ-ဖြစ်လအံ့၊ ဂဏှိဿာမိ-ယူအံ့၊ သစေ-၍၊သုတ္တံ-ချည်သည်၊ဘဝိဿတိ-ဖြစ်လအံ့၊ နဂဏှိ-ဿာမိ - မယူအံ့၊ ဣတိ - ဤသို့၊ ပရိကပ္ပေတွာ-ကြံ၍၊ ပသိဗ္ဗကံ-အိတ်ကို၊ ဂဏှေယျ-အံ့၊ တသ္မိံ-ထိုအိတ်၌၊ ဝတ္ထံ-ပုဆိုးသည်၊ ဟောတိ-အံ့၊ ဌာနာ-ထားရာအရပ်မှ၊ စာဝေယျ-ရွှေပြောင်းအံ့၊ ပါရာဇိကံ-သည်၊ ဟောတိ-၏။ ။ ဟု လာ၏။

ထိုအိတ်၌ အကယ်၍ ချည်သည်ဖြစ်အံ့၊ ပါရာဇိကသို့ မရောက်၊ စောင့်သေး၏၊ ချည်၏အဖြစ်ကို သိပြီး၍ အကြင်ချည်ကို ရ၏၊ ထိုရသောချည်ကို ပင် ယူအံ့ဟု နှလုံးသွင်းသဖြင့် ယူ၍ အကယ်၍ သွားအံ့၊ ရှေးဦးစွာသော ခြေလှမ်း၏ အကြိမ်၌ ထုလ္လစ္စည်းအာပတ်သင့်၏၊ နှစ်ကြိမ်မြောက်သော ဖဝါး လှမ်းခြင်း၌ ပါရာဇိကသို့ ရောက်၏ဟု မှတ်၊ ထို့ကြောင့် သိက္ခာပဒ၌-

သစေ သုတ္တံ ဟောတိ၊ ရက္ခတိ၊ သုတ္တဘာဝံ ဇာနိတွာ ယံ လဒ္ဓံ၊
တံ ဂဟေတဗ္ဗန္တိ ဂဟေတွာ သစေ ဂစ္ဆတိ၊ပဌမပါဒဝါရေ ထုလ္လစ္စယံ၊
ဒုတိယပါဒဝါရေ ပါရာဇိကံ။ ။ဟု-လာ၏။

အတ္ထကား – သုတ္တံ – ချည်သည်၊ သစေဟောတိ – အကယ်၍ ဖြစ်အံ့၊ ရက္ခတိ-စောင့်သေး၏၊ သုတ္တဘာဝံ - ချည်၏ အဖြစ်ကို၊ ဇာနိတွာ-သိပြီး၍၊ ယံသုတ္တံ - အကြင်ချည်ကို၊ လဒ္ဓံ-ရအပ်၏၊ တံ-ထိုချည်ကိုပင်၊ ဂဟေတဗ္ဗံ-ယူအပ်၏၊ ဣတိ-သို့၊ ဂဟေတွာ-၍၊ သစေဂစ္ဆတိ-အကယ်၍ သွားအံ့၊ပဌမ ပါဒဝါရေ-ရှေးဦးစွာသော ခြေလှမ်းအကြိမ်၌၊ ထုလ္လစ္စယံ-ထုလ္လစ္စည်းသည်၊ ဟောတိ-၏၊ ဒုတိယပါဒဝါရေ-နှစ်ချက်သော ခြေလှမ်းအကြိမ်၌၊ ပါရာ-ဇိကံ-သည်၊ ဟောတိ-၏။

ထိုအိတ်ကို မြေ၌ ချထား၍ ချည်၏အဖြစ်ကို သိပြီးသော် ယူအံ့၊ ထားရာ အရပ်မှ တဆံချည်မျှ ရွှေသော် ပါရာဇိကသို့ ရောက်၏၊ ချည်၏ အဖြစ်ကို

သိသော ခဏ၌ ခိုးသူ ခိုးသူဟု ဆို၍ လိုက်လတ်သော် ထိုချည်ကို စွန့်ချ၍ ပြေးခဲ့၏၊ ပါရာဇိကသို့ မရောက်၊ ခပ်သိမ်းသော ပယောဂ၌ ဒုက္ကဋ်အာပတ် သင့်သည် ဖြစ်၏၊ထိုစွန့်ချခဲ့သော ချည်ကို ဥစ္စာရှင်သည် မြင်၍ ယူအံ့၊ အပြစ် မရှိ၊ တပါးသောသူ မြင်၍ယူအံ့၊ ဘဏ္ဍာစား ပေးအပ်၏၊ အကယ်၍ တပါး သောသူသည်လည်း မယူ၊ ဥစ္စာရှင်လည်း ဝန်ချခြင်းကို မပြုမူ၍ သွားကုန်အံ့၊ တဘန် ယူရင်းဖြစ်သော ရဟန်းသည် လာပြန်၍ ခိုးလိုသောစိတ်ဖြင့် ယူအံ့၊ နေရာမှ ရွေ့သော် ပါရာဇိကသို့ ရောက်၏-ဟု မှတ်၊ထို့ကြောင့် သိက္ခာပဒ၌-

> သုတ္တဘာဝသာ ဇာနနက္ခဏေ စောရောစောရောသိတိ အနုဗန္ဓော ဆဍ္ဍေတွာ ပလာယတိ၊ နတ္ထိ ပါရာဇိကံ၊သဗ္ဗပယောဂေ ဒုက္ကဋံ၊ ဆဍ္ဍိတဘဏ္ဍံ သာမိကာ ဒိသွာ ဂဏှေယျုံ သာဓု၊အညော ဒိသွာ ဂဏှေယျ ဘဏ္ဍဒေယျံ၊ သစေ အညောပိ နဂဏှာတိ၊ သာမိကာပိ ဓုရနိက္ခေပံ အကတွာ ဂတာ ဟောန္တိ၊ ပုန သော အာဂန္တွာ ထေယျစိတ္တေန ဌာနာ စာဝေတိ၊ ပါရာဇိကံ။ ။ဟု လာ၏။

အတ္ထကား-သုတ္တဘာဝသာ-ချည်၏အဖြစ်ကို၊ ဇာနနက္ခဏေ-သိသောခဏ၌၊စောရော-ခိုးသူသည်၊ အသိ-ဖြစ်၏၊ စောရော-ခိုးသူသည်၊အသိ-ဖြစ်၏။ ဣတိ-သို့ အနုဗန္ဓော-အစဉ်လိုက်လတ်သည်ဖြစ်၍၊ ဆဍ္ဍေတွာ-စွန့်ချ၍၊ပလာယတိ-ပြေးခဲ့၏၊ ပါရာဇိကံ-ပါရာဇိကသည်၊ နတ္ထိ-မရှိ၊ သဗ္ဗပယောဂေ-ခပ်သိမ်းသော ပယောဂ၌၊ ဒုက္ကဋံ-သည်၊ ဟောတိ-၏၊ ဆဍ္ဍိတဘဏ္ဍံ-စွန့်သော ဘဏ္ဍာကို၊ သာမိကာ-အရှင်တို့သည်၊ဒိသွာ-မြင်၍၊ ဂဏှေယျုံ-ကုန်အံ့၊ သာဓု-ကောင်း၏၊ အညော-တပါးသော သူသည်၊ ဒိသွာ-၍၊ ဂဏှေယျ-ယူအံ့၊ ဘဏ္ဍဒေယျံ-ဘဏ္ဍာစားသည်၊ ဟောတိ-၏၊ သစေ-၍၊ အညောပိ-တပါးသော သူသည်လည်း၊ နဂဏှာတိ-မယူ၊ သာမိကာပိ-အရှင်တို့သည် လည်း၊ဓုရနိက္ခေပံ - ဝန်ချခြင်းကို၊ အကတွာ - မပြုမူ၍၊ ဂတာ-သွားကုန် သည်၊ဟောန္တိ-ကုန်၏၊ ပုန-တဘန်၊ သော-ထိုယူရင်းဖြစ်သော ရဟန်းသည်၊ အာဂန္တွာ-လာပြန်၍၊ ထေယျစိတ္တေန-ခိုးလိုသောစိတ်ဖြင့်၊ ဌာနာ-နေရာမှ၊ စာဝေတိ-အံ့၊ ပါရာဇိကံ-သည်၊ ဟောတိ-၏။

ထိုရဟန်းသည် ငါသည် ထိုဥစ္စာကိုယူ၍ ယခုအခါ၌ ဤဘဏ္ဍာသည် ငါ၏ဥစ္စာတည်းဟု မိမိဥစ္စာဟူသော အမှတ်ဖြင့်ရင်း, ပံသုကူဟူသော အမှတ် ဖြင့်ရင်း ယူခြင်း၌ ဆိုဘွယ်မရှိ၊ အာပတ် မသင့်ကုန်၊ ဘဏ္ဍာစားကိုမူကား ပေးအပ်၏၊ ဝန်ချခြင်းကိုပြု၍ စွန့်အပ်သောကြောင့် ဘဏ္ဍာစား ပေးအပ်၏၊

အဘယ့်ကြောင့်နည်း ဟူမူ မိမိပယောဂဖြင့် ယူအပ်သောကြောင့်တည်း၊ ထို့ကြောင့် ဥစ္စာရင်းကိုသော်လည်း ပေးအပ်၏၊ ဥစ္စာ၏ တန်ဘိုးသော်ကိုလည်း ပေးအပ်၏၊ ဤသည်ကား ဥစ္စာပရိက္ခရာကို ကြံခြင်းဟုမှတ်၊ ထို့ကြောင့် ၎င်း၌-

ပဂေဝေတံ မယာ ဂဟိတံ၊ မမ ဒါနိ သန္တကန္တိ သကသညာယ-
ဝါ ပံသုကူလ သညာယဝါ ဂဟိတေ န အာပတ္တိ၊ ဘဏ္ဍဒေယျံပန
ဟောတိ၊ ခုရနိက္ခေပံ ကတွာ ဆန္ဒိတဘဏ္ဍံပိ ဂဏှေယျ၊ ဘဏ္ဍဒေယျ-
မေဝ ဟောတိ ၊ကသ္မာ၊ အတ္တနော ပယောဂေန ဂဟိတတ္တာ ဆန္ဒိ-
တတ္တာ ဘဏ္ဍဒေယျံနာမ၊ တဒေဝ ဘဏ္ဍံဝါ ဒါတဗ္ဗံ၊ ဘဏ္ဍဋ္ဌနကံ
မူလံဝါ ဒါတဗ္ဗံ၊ အယံ ဘဏ္ဍပရိကပ္ပေါနာမ။ ။ဟု လာ၏။

အတ္ထကား-မယာ-သည်၊ တံ-ထိုဥစ္စာကို၊ ဂဟိတံ-ယူအပ်၏၊ ဒါနိ-ယခုအခါ၌၊ မမ-ငါ၏၊ သန္တကံ-ဥစ္စာတည်း၊ ဣတိ-သို့၊ သကသညာယဝါ-မိမိဥစ္စာဟူသော အမှတ်ဖြင့်၎င်း၊ ပံသုကူလသညာယဝါ - ပံသုကူအမှတ်ဖြင့်၎င်း၊ဂဟိတေ-ယူခြင်း၌ပဂေဝ ပါဧဝ-အဘယ်ဆိုဘွယ်ရှိအံ့နည်း၊နအာပတ္တိ-အာပတ် မသင့်၊ဘဏ္ဍဒေယျံပန-ဘဏ္ဍာစားမူကား၊ ဟောတိ-၏၊ ခုရနိက္ခေပံ-ကို၊ ကတွာ-၍၊ ဆန္ဒိတဘဏ္ဍံပိ-စွန့်အပ်သော ဘဏ္ဍာကိုလည်း၊ ဂဏှေယျ-ယူအံ့ ဘဏ္ဍဒေယျမေဝ-ဘဏ္ဍာစားသည် သာလျှင်၊ ဟောတိ-၏၊ ကသ္မာ-အဘယ့်ကြောင့်နည်းဟူမူကား၊ အတ္တနော-၏၊ ပယောဂေန-ဖြင့်၊ ဂဟိတတ္တာ-၍၊ ဆန္ဒိတတ္တာ-စွန့်အပ်သောကြောင့်၊ ဘဏ္ဍဒေယျံနာမ - ဘဏ္ဍာစား မည်သည်၊ ဟောတိ-၏၊ တဒေဝဘဏ္ဍံဝါ-ထို ဘဏ္ဍာကိုလည်း၊ ဒါတဗ္ဗံ-ပေးအပ်၏၊ ဘဏ္ဍဋ္ဌနကံ အဘိုးထိုက်သော၊ မူလံဝါ-အဘိုး အရင်းကိုလည်း၊ ဒါတဗ္ဗံ-၏၊ အယံ-ကား၊ ဘဏ္ဍပရိကပ္ပေါနာမ - ဘဏ္ဍာကိုကြံခြင်းမည်သည်၊ ဟောတိ-၏။

တယောက်သောသူသည် တပါးသောသူ၏ဥစ္စာကို ယူ၍ ဤမည်သော အရပ်သို့ သွားသော ခဏ၌ ထိုသူသည် အကယ်၍ မြင်အံ့၊ ထိုသို့မြင်သော် ပေးအံ့၊ အကယ်၍ မမြင်သည်ဖြစ်အံ့၊ ထိုသို့ မမြင်သည်ရှိသော် ယူအံ့ဟု ကြံ၍ သွားလေသော် ထိုသူသည် မြင်၏၊ထိုသို့ကြံလျက် ယူသော ရဟန်းသည် ထိုကြံရာအရပ်ကို လွန်လေသည်ရှိသော် ပါရာဇိကသို့ ရောက်၏၊ ဤကား အရပ်ကို ကြံခြင်းဟု မှတ်၊ ထို့ကြောင့် သိက္ခာပဒ၌-

ကောစ အညေသံ ပရိက္ခာရံ ဂဟေတွာ အသုကဋ္ဌာန ဂတကၡဏော
သစေ ပဿန္တိ၊ဒဒါမိ၊နော စေ၊ ဂဏှာမီတိ ပရိကပ္ပေတွာ ဂစ္ဆန္တော

တေ ပဿန္တိ၊ တံ ပရိက္ခာရံ အတိက္ကာမေယျ၊ ပါရာဇိကံ၊အယံ
ဩကာသပရိကပ္ပါဝဟာရော။ ။ဟု လာ၏။

အတ္ထကား-ကော-တယောက်သောသူသည်၊ အညေသံ-တပါးသော
သူတို့၏၊ ပရိက္ခာရံ-ကို၊ ဂဟေတွာ-၍၊ အသုကဋ္ဌာနဂတဿကော-ဤမည်
သော အရပ်သို့ သွားသောခဏ၌၊ သစေပဿန္တိ-အကယ်၍ ထိုသူတို့ မြင်
ကုန်အံ့၊ ဒဒါမိ-ပေးအံ့၊ နောစေပဿန္တိ-အကယ်၍ မမြင်ကုန်အံ့၊ ဂဏှာမိ-
ယူအံ့၊ ဣတိ-သို့၊ ပရိကပ္ပေတွာ-ကြံ၍၊ ဂစ္ဆန္တော-သွားသည်ရှိသော်၊ တေ-
ထိုသူတို့သည်၊ ပဿန္တိ-မြင်ကုန်၏၊ တံပရိက္ခာရံ-ထို ကြံရာအရပ်ကို၊
အတိက္ကာမေယျ-လွန်စေအံ့၊ ပါရာဇိကံ-သည်၊ ဟောတိ-၏၊ အယံ-ဤသည်
ကား၊ ဩကာသပရိကပ္ပါဝဟာရော-အရပ်ကိုကြံခြင်း မည်သည်၊ ဟောတိ-၏။
ဤသို့ ဥစ္စာပရိက္ခာရာကို ကြံခြင်း, အရပ်ကို ကြံခြင်း နှစ်ပါးသည် ဝါ-ဤ
နှစ်ပါးကို ကြံ၍ ခိုးခြင်းသည် ပရိကပ္ပါဝဟာရ မည်၏၊ ဤကား ပရိကပ္ပါ-
ဝဟာရတည်း။

ပဋိစ္ဆန္နာဝဟာရ ဟူသည်ကား - တပါးကုန်သော သူတို့သည် ချွတ်၍
ထားအပ်သော လက်စွပ်စသည်တို့ကို မြင်၍ ထိုသူတို့သည် ဝန်မချသော
ဥစ္စာကို ခိုးလိုသောစိတ်ရှိလျက် မြက်, သစ်ရွက် စသည်တို့ဖြင့် ဖုံးလွှမ်းအံ့၊
ဒုက္ကဋ်၊ တုန်လှုပ်စေအံ့၊ ထုလ္လစ္စည်း၊ ထားရာအရပ်မှ ရွှေ့စေအံ့၊ ပါရာဇိကသို့
ရောက်၏၊ ပံသုကူ ဟူသော အမှတ်ဖြင့်ရင်း, မိမိဥစ္စာ ဟူသော အမှတ်ဖြင့်ရင်း
ထားရာအရပ်မှ ရွှေ့စေအံ့၊ အာပတ်မသင့်၊ ဘဏ္ဍာစားမှု ထိုက်၏၊ အဘယ့်
ကြောင့်နည်းဟူမူ မိမိပယောဂကြောင့်တည်း၊ ဝန်ချခြင်းကိုပြု၍ စွန့်သော
ဥစ္စာကို ခိုးလိုသော စိတ်ဖြင့် ယူခြင်း၌ကား ပါရာဇိကသို့ မရောက်၊ ဒုက္ကဋ်
သာလျှင် ဖြစ်၏၊ ဘဏ္ဍာစာမှုလည်း ဖြစ်၏၊ အကယ်၍ ဥစ္စာရှင်တို့ သိ၍
တောင်းဆိုအံ့၊ မပေးခြင်း၌ ပါရာဇိကသို့ ရောက်၏၊ အဘယ့်ကြောင့်နည်း
ဟူမူ မိမိပယောဂဖြင့် မမြင်၍ စွန့်၍ ဝန်ချရသောကြောင့်တည်း၊ ထိုသူသည်
လက်စွပ်စသည်တို့ကို တဘန်ရှာဦးမည်ဟု ဝန်ချခြင်းကို မပြုမူ၍ သွားလေ
ကုန်၏၊ ရဟန်းသည် ခိုးလိုသော စိတ်ဖြင့် မြှုပ်သောအရပ်၌သာလျှင် အထက်
အဖို့ကို အောက်ပြုအံ့၊ ထားရာအရပ်မှ ရွှေ့သော် ပါရာဇိကသို့ ရောက်၏၊ ထို
ကြောင့် သိက္ခာပဒ၌....

အညေပတိ ဆဋ္ဋိတ မုဒ္ဒိကာဒိနိ ဒိသွာ တေဟိ အဓုရနိက္ခေပံ ဘဏ္ဍံ
ထေယျစိတ္တေန သုက္ခပဏ္ဏာဒိဟိ ပဋိစ္ဆာဒေယျ၊ ဒုက္ကဋံ၊ ဖန္ဒာပေယျ၊

ထုလ္လစ္စယံ၊ ဌာနာ စာဝေယျ၊ ပါရာဇိကံ၊ ပံသုကူလသညာယဝါ သကသညာယဝါ ဌာနာစာဝေယျ အနာပတ္တိ၊ ဘဏ္ဍဒေယျံပန ဟောတိ၊ ကသ္မာ၊ အတ္တုပယောဂဟေတု၊ ခုရနိက္ခေပံ ကတွာ ဆဋ္ဋိတဘဏ္ဍံ ထေယျစိတ္တေန ဂဟိတေပိ နတ္ထိ ပါရာဇိကံ၊ ဒုက္ကဋမေဝ၊ ဘဏ္ဍဒေယျံပန ဟောတိ၊ သစေ သာမိကာ ဥဋ္ဌတွာ ယာစေယျုံ၊ အဒိန္နေ ပါရာဇိကံ၊ ကသ္မာ၊ အတ္တုပယောဂေန ဆဋ္ဋိတတ္တာ၊ မုဒ္ဒိကာဒီနိ အပဿိတွာ ပုန ယောဇေတွာ ဆဋ္ဋေတွာ ခုရနိက္ခေပံ အကတွာ ဂတာ ဟောန္တိ၊ ဘိက္ခု ထေယျစိတ္တေန တသ္မိံ ယေဝ ဌာနေ နိဒဟိတေ ဥပရိဘာဂံ အခေါကတွာ ဌာနာ စာဝေယျ၊ ပါရာဇိကံ။ ။ဟု လာ၏။

အနက်ကား- အညေဟိ-တပါးကုန်သောသူတို့သည်၊ ဆဋ္ဋိတမုဒ္ဒိကာဒီနိ-စွန့်အပ်သော လက်စွပ် အစရှိသည်တို့ကို၊ ဝါ-ချွတ်ထားအပ်သော လက်စွပ် စသည်တို့ကို၊ ဒိသွာ-မြင်၍၊ တေဟိ-ထိုလက်စွပ် စသည်တို့၏ အရှင်တို့သည်၊ အခုရနိက္ခေပံ-ဝန်မချသော၊ ဘဏ္ဍံ-ကို၊ ထေယျစိတ္တေန-ခိုးလိုသော စိတ်ဖြင့်၊ သုက္ခပဏ္ဏာဒီဟိ-ခြောက်သော မြက်, သစ်ရွက် စသည်တို့ဖြင့်၊ ပဋိစ္ဆာဒေယျ-ဖုံးလွှမ်းအံ့၊ ဒုက္ကဋံ-သည်၊ ဟောတိ-၏၊ ဖန္ဒာပေယျ-တုန်လှုပ်စေအံ့၊ ထုလ္လစ္စယံ-သည်၊ ဟောတိ-၏၊ ဌာနာ-ထားရာအရပ်မှ၊ စာဝေယျ-ရွေ့စေအံ့၊ ပါရာဇိကံ-သည်၊ ဟောတိ-၏၊ ပံသုကူလသညာယဝါ-ပံသုကူ ဟူသော အမှတ်ဖြင့်ငင်း၊ သကသညာယဝါ-မိမိဥစ္စာ ဟူသော အမှတ်ဖြင့်ငင်း၊ ဌာနာ-ထားရာအရပ်မှ၊ စာဝေယျ-ရွေ့စေအံ့၊ အနာပတ္တိ-အာပတ်မသင့်၊ ဘဏ္ဍဒေယျံပန-ဘဏ္ဍာစားမူကား၊ ဟောတိ-၏၊ ကသ္မာ-အဘယ့်ကြောင့်နည်းဟူမူကား၊ အတ္တုပယောဂဟေတု-မိမိ ပယောဂကြောင့်၊ ဟောတိ-ဘဏ္ဍာစားဖြစ်၏၊ ခုရနိက္ခေပံ-ဝန်ချခြင်းကို၊ ကတွာ-၍၊ ဆဋ္ဋိတဘဏ္ဍံ-စွန့်အပ်သော ဥစ္စာကို၊ ထေယျစိတ္တေန-ခိုးလိုသောစိတ်ဖြင့်၊ ဂဟိတေပိ-ယူခြင်း၌လည်း၊ ပါရာဇိကံ-သည်၊ နတ္ထိ-မရှိ၊ ဒုက္ကဋမေဝ-ဒုက္ကဋ်သာလျှင်၊ ဟောတိ-၏၊ ဘဏ္ဍဒေယျံပန -ဘဏ္ဍာစားသော်တမူကား၊ ဟောတိ-၏၊ သစေ-၍၊ သာမိကာ-အရှင်တို့သည်၊ ဥဋ္ဌတွာ-ကြားသိ၍၊ ယာစေယျုံ-တောင်းကုန်အံ့၊ အဒိန္နေ-မပေးခြင်း၌၊ ပါရာဇိကံ-သည်၊ ဟောတိ-၏၊ ကသ္မာ-အဘယ့်ကြောင့်နည်း ဟူမူကား၊ အတ္တုပယောဂေန-မိမိပယောဂဖြင့်၊ ဆဋ္ဋိတတ္တာ-စွန့်အပ်သောကြောင့်တည်း၊ မုဒ္ဒိကာဒီနိ-လက်စွပ် စသည်တို့ကို၊ အပဿိတွာ-မမြင်မူ၍၊ ပုန-တဖန်၊ ယောဇေတွာ - ရှာယူဦးမည်ဟု နှလုံးသွင်းခြင်းနှင့် ယှဉ်၍၊ ဆဋ္ဋေတွာ-စွန့်ခဲ့၍၊ ခုရနိက္ခေပံ-ဝန်ချခြင်းကို၊ အကတွာ-မပြုမူ၍၊ ဂတာ-သွား

လေကုန်သည်၊ ဟောန္တိ-ကုန်၏၊ ဘိက္ခု-ရဟန်းသည်၊ ထေယျစိတ္တေန-ခိုးလိုသောစိတ်ဖြင့်၊ နိဒဟိတေ-မြှုပ်ထေသော၊ တသ္မိံယေဝဌာနေ-ထိုအရပ်၌လျှင်၊ ဥပရိဘာဂံ-အထက်အဖို့ကို၊ အခေါကတွာ-အောက်၌ မြှုပ်၍၊ ဌာနာ-ထားရာ အရပ်မှ၊ စာဝေယျ-ရွေ့စေအံ့၊ ပါရာဇိကံ-ပါရာဇိကသည်၊ ဟောတိ-၏။ ဤကား ပဋိစ္ဆန္နာဝဟာရတည်း။

ကုသာဝဟာရ ဟူသည်ကား – ကမ္ပည်းစာကို ထား၍ သက်န်းဝေသော ခဏ၌ မိမိ၏ အဘိုးများစွာထိုက်သော အစုကိုသော်၎င်း, အဘိုးအနည်းငယ်ထိုက်သော အစုကိုသော်၎င်း ပြောင်း၍ တပါးသော သူ၏ ပါရာဇိကလောက်သောအစုကို ခိုး၍ ယူအံ့သော်ငှါ အလိုရှိသောသူသည် မိမိ၏အစု၌တင်သောကမ္ပည်းကိုယူ၍ တပါးသောသူ၏အစု၌ တင်သောခဏ၌ ပါရာဇိက မရောက် စောင့်သေး၏၊ တပါးသောသူ၏ အဖို့အစု၌ တင်သောကမ္ပည်းကို ယူ၍ မိမိအဖို့အစု၌ ထားအံ့၊ မိမိလက်မှ လွတ်ကတည်း၌လျှင် ပါရာဇိက အာပတ်သင့်၏ဟု မှတ်။ ထို့ကြောင့် သိက္ခာပဒ၌–

> ကုသပဏ္ဏံ ဌပေတွာ စီဝရဘာဇနက္ခဏေ အတ္တနော မဟဂ္ဃကောဋ္ဌာသံ အပ္ပဂ္ဃကောဋ္ဌာသံဝါ ပရိဝတ္တေတွာ ပရဿ ပါရာဇိကပဟောနက ကောဋ္ဌာသံ ထေနေတွာ ဂဟိတုမိစ္ဆန္တော အတ္တနော ကောဋ္ဌာသေ ဌပိတံ ကုသံ ဂဟေတွာ ပရဿ ကောဋ္ဌာသေ ဌပိတက္ခဏေ နတ္ထိ ပါရာဇိကံ၊ ပရဿ ကောဋ္ဌာသေ ဌပိတံ ကုသံ ဂဟေတွာ အတ္တနော ကောဋ္ဌာသေ ဌပိတေ ဟတ္ထတော မုတ္တမတ္တေယေဝ ပါရာဇိကံ-ဟု လာ၏။

အတ္ထကား-ကုသပဏ္ဏံ–ကမ္ပည်းစာကို၊ဌပေတွာ–ထား၍၊ စီဝရဘာဇနက္ခဏေ – သက်န်းဝေသော ခဏ၌၊ အတ္တနော-မိမိ၏၊ မဟဂ္ဃကောဋ္ဌာသံဝါ–အဘိုးများစွာထိုက်သောအဖို့အစုကိုသော်၎င်း၊ အပ္ပဂ္ဃကောဋ္ဌာသံဝါ-အဘိုးအနည်းငယ်ထိုက်သောအဖို့အစုကိုသော်၎င်း၊ ပရိဝတ္တေတွာ – ပြောင်း၍၊ ပရဿ – တပါးသောသူ၏၊ ပါရာဇိက ပဟောနကကောဋ္ဌာသံ–ပါရာဇိက လောက်သော အဖို့အစုကို၊ ထေနေတွာ - ခိုး၍၊ ဂဟိတုံ - ယူအံ့သော်ငှါ၊ ဣစ္ဆန္တော–အလိုရှိသော ရဟန်းသည်၊ အတ္တနော–၏၊ ကောဋ္ဌာသေ-အဖို့အစု၌၊ ဌပိတံ – တင်သော၊ ကုသံ - ကမ္ပည်းကို၊ ဂဟေတွာ–၍၊ ပရဿ-တပါးသော သူ၏၊ ကောဋ္ဌာသေ-အဖို့အစု၌၊ ဌပိတက္ခဏေ-တင်သောခဏ၌၊ ပါရာဇိကံ-သည်၊ နတ္ထိ-မရှိ၊ ပရဿ–တပါးသောသူ၏၊ ကောဋ္ဌာသေ-

အဖို့အစုဌ်၊ ဌပိတကုသံ-တင်သောကမ္ဗလာကို၊ ဂဟေတွာ-၍၊ အတ္တနော-၏၊ ကောဋ္ဌာသေ-၌၊ ဌပိတေ-တင်သည်ရှိသော်၊ ဟတ္ထတော-မိမိလက်မှ၊ မုတ္တမတ္တေယေဝ-လွတ်ကတည်း၌လျှင်၊ ပါရာဇိကံ-သည်၊ ဟောတိ-၏။ ။ ဟု-လာ၏။

အကယ်၍ ရှေးဦးစွာ တပါးသောသူ၏ ကမ္ဗလာကိုယူအံ့၊ ထိုမှလောက် ယူသောခဏ၌ စောင့်သေး၏၊ မိမိ၏အဖို့အစု၌ တင်သောခဏ၌လည်း စောင့်သေး၏၊ မိမိအဖို့အစုမှ ကမ္ဗလာကို ယူသောခဏ၌လည်း စောင့်သေး၏၊တပါးသောသူ၏ အဖို့အစု၌ တင်သောခဏ၌ လက်မှလွတ်ကတည်းကလျှင် ပါရာဇိကသို့ ရောက်၏ဟု မိန့်၏။ ထို့ကြောင့် သိက္ခာပဒဝလဉ္ဇနန်၌-

သစေ ပဌမတရံ ပရဿ ကုသံ ဂဏှေယျ၊တာဝ ရက္ခတိ၊အတ္တနော ကောဋ္ဌာသေ ဌပိတက္ခဏေပိ အတ္တနော ကောဋ္ဌာသတော ကုသံ ဂဟိတက္ခဏေပိ၊ ပရဿ ကောဋ္ဌာသေ ဌပိတက္ခဏေ ဟတ္ထတော မုတ္တမတ္တေယေဝ ပါရာဇိကံ။ ။ဟု-လာ၏။

အတ္ထကား- သစေ-အကယ်၍၊ ပဌမတရံ - ရှေးဦးစွာ၊ ပရဿ-တပါးသူ၏၊ ကုသံ-ကမ္ဗလာစာကို၊ ဂဏှေယျ - ယူအံ့၊ တာဝ - ထိုရွေ့လောက်၊ ရက္ခတိ-စောင့်သေး၏၊ အတ္တနော-မိမိ၏၊ကောဋ္ဌာသေ-အဖို့အစု၌၊ဌပိတက္ခဏေပိ-၌လည်း၊ ရက္ခတိ-စောင့်သေး၏၊အတ္တနော-မိမိ၏၊ကောဋ္ဌာသတော-အဖို့အစုမှ၊ ကုသံ - ကမ္ဗလာစာကို၊ ဂဟိတက္ခဏေပိ-ယူသောခဏ၌လည်း၊ ရက္ခတိ-စောင့်သေး၏၊ ပရဿ-တပါးသောသူ၏၊ ကောဋ္ဌာသေ-အဖို့အစု၌၊ ဌပိတက္ခဏေ - တင်ထားသော ခဏ၌၊ ဟတ္ထတော-မိမိလက်မှ၊ မုတ္တမတ္တေယေဝ-လွတ်ကတည်းကလျှင်၊ပါရာဇိကံ-သည်၊ဟောတိ-၏။ ။ဟု ကျမ်းလာသည်ကို မှတ်ရမည်။ ဤကား ကုသာဝဟာရတည်း၊ ဤငါးပါးသည် ထေယျာဝဟာရပဉ္စကတည်းဟု မှတ်။

မိမိဥစ္စာအမှတ်ဖြင့် ယူခြင်း၌ရင်း၊ အကျွမ်းဝင်၍ ယူခြင်း၌ရင်း၊ အခိုက် အတန့်တသက်လျာ တခဏမျှကို ပြု၍ ယူခြင်း၌ရင်း၊ တိရစ္ဆာန်တို့၏ ဥစ္စာ၊ ပြိတ္တာတို့၏ ဥစ္စာ ဘီလူးစသည်တို့၏ ဥစ္စာကို တိရစ္ဆာန်စသော သူတို့၏ ဥစ္စာအမှတ်ဖြင့် ယူခြင်း၌ရင်း ပံသုကူ ဟူသော အမှတ်ဖြင့် ယူခြင်း၌ရင်း ရှုးခြင်းစသော အပြစ်ဖြင့် ယူခြင်း၌ရင်း အာပတ်မသင့်ဟုမှတ်၊ ထို့ကြောင့် သိက္ခာပဒ၌-

သကာသညာယ ဂဟဏေစ ဝိသာသဂါဟေစ၊ တာဝကာလိကံ ကတွာ ဂဟဏေစ တိရစ္ဆာနဂတပေတပိသာစာဒီနံ သန္တကံ ဂဟဏေစ ပံသုကူလသညာယ ဂဟဏေစ ဥမ္မတ္တကာဒိဘာဝေန ဂဟဏေစ အနာပတ္တိ။ ။ဟု-လာ၏။

အတ္ထကား - သကာသညာယ - မိမိဥစ္စာဟူသော အမှတ်ဖြင့်၊ ဂဟဏေစ-၌ရင်း၊ ဝိသာသဂါဟေစ - အကျွမ်းဝင်၍ ယူခြင်း၌ရင်း၊ တာဝကာလိကံ-တသက်လျှာတခဏကို၊ ကတွာ-၍၊ ဂဟဏေစ-၌ရင်း၊ တိရစ္ဆာနဂတပေ-တပိသာစာဒီနံ - တိရစ္ဆာန်, ပြိတ္တာ, ဘီလူး စသည်တို့၏၊ သန္တကံ-ဥစ္စာကို၊ ဂဟဏေစ-၌ရင်း၊ပံသုကူလသညာယ-ပံသုကူ ဟူသောအမှတ်ဖြင့်၊ဂဟဏေ-စ-၌ရင်း၊ ဥမ္မတ္တကာဒိဘာဝေန-ရူးခြင်းစသော အဖြစ်ဖြင့်၊ဂဟဏေစ-၌ရင်း၊ အနာပတ္တိ-အာပတ်မသင့်။ ။ဟု-ကျမ်းလာသည်ကိုမှတ်၊ ဤကား နှစ်ဆယ့်ငါးပါး ခိုးခြင်း ပြီး၏။

ဤဝိနိစ္ဆယကို မျက်ဝါးဝဝ နေ့ညမကင်း နှလုံးသွင်း၍ မပျင်းသမှု ကသိုဏ်းပြု၍ ကြည့်ရှုကြလေကုန်။

ဤတွင် (ဝိနိစ္ဆယရာသိကျမ်း) ပြီး၏။

ကထိန ဝိနိစ္ဆယကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဂေါတ္တေန ဂေါတမော နာထော၊ ယော သေဋ္ဌိနာ ကတေ ဝနေ၊
ဝိဟာရံ ကထိနတ္ထာရံ၊ အနုဇာနာမိ သ ပါတု မံ။

(အာသီသပုဗ္ဗကပဏ္ဏာဝတ္တ ဂါထာ)

ဂေါတ္တေန-အနွယ်တော်အားဖြင့်၊ ဂေါတမော – ဂေါတမ အနွယ်တော်ရှိသော၊ ယောနာထော – အကြင် မြတ်စွာဘုရားသည်၊ သေဋ္ဌိနာ - အနာထပိဏ် သူဌေးကြီးသည်၊ ကတေ-တည်ထား ဆောက်လှူအပ်သော၊ ဝနေ–ဇေတဝန်ကျောင်းတော်၌၊ဝိဟာရံ ဝိဟရန္တော-နေတော်မူလျက်၊(ပါဝေယျ-ကာနံ–ကောသလတိုင်း၏ အနောက်မျက်နှာအဖို့၌ တည်သော ပါဝေယျကတိုင်းသား ဖြစ်ကုန်သော၊ ဘိက္ခူနံ–ပသေနဒိကောသလမင်းနှင့် အဘတူဖြစ်သော သုံးကျိပ်သော ဘဒ္ဒဝဂ္ဂီညီနောင် ရဟန်းတို့ကို၊ အာရဗ္ဘ-အကြောင်းပြု၍၊ဤ သုံးပုဒ်ကား ပါဌသေသ) ကထိနတ္ထာရံ-ကထိန်ခင်းခြင်းကို၊ အနုဇာ-နာမိ-ခွင့်ပြုတော်မူပြီ၊ သောနာထော–ထိုမြတ်စွာဘုရားသည်၊မံ–အကျွန်ုပ်ကို၊ ပါတုရက္ခတု - စောင့်ရှောက်စေသတည်း၊ ။ဤကား (အာသီသဂါထာ အနက်။)

ဤသို့ ကျမ်းပြုဆရာတို့၏ ဖွယ်ရာ ဓမ္မတာ သဘောဖြစ်သော အာသီသပုဗ္ဗက ဂန္ထာရမ္ဘဖြင့် ဖျောက်အပ်ပြီးသော အန္တရာယ်ရှိသည်ဖြစ်၍ ခပ်သိမ်းသော ဘုရားရှင်တို့သည် သုံးဆောင်မှီဝဲ လေ့ကျက် ပညတ် ချီးမွမ်းအပ်သော ကထိန်ခင်းရာသော အဆုံးအဖြတ်ကို ပါဠိအဋ္ဌကထာ ဋီကာကျမ်းတို့မှ ထုတ်နုတ် စုပေါင်း၍ မြန်မာ ဘာသာအားဖြင့် မြင့်မိုတောင်အောက် ခုံလောက်သုံးခုတို့၏ အကြား၌ ရတနာခုနစ်ပါး အတိပြီးသော သဲကိုထုတ်ဆောင်၍ သူခပ်သိမ်းတို့အား ပြဘိသကဲ့သို့ ရဟန်း ရှင်လူတို့အား မှတ်သား သိစေခြင်းငှါ သိသာအောင် ပြဆိုဆုံးဖြတ်ပေအံ့။

ဒေါသ-မာန-ဣဿာ-မစ္ဆရိယ-မက္ခ-ပလာသ အစရှိသော အကုသိုလ်တရားကို မဖြစ်စေမူ၍ ရဟန်း ရှင်လူ သူခပ်သိမ်းတို့သည် ကြည်ဖြူရွှင်လန်း ဝမ်းမြောက် ဝမ်းသာ လေ့လာ ဆောင်ရွက် ကျက်မှတ်ကြစေကုန်သတည်း။

ဤ ကထိနဝိနိစ္ဆယ၌ ပါဝင်သော ဝိနိစ္ဆယ မာတိကာ

၁။ ဝဿ,နိဒါန်း စသည်ကို ပြဆိုသော အဆုံးအဖြတ်၊
၂။ ကထိန်ခင်းခြင်း၄ါ ရထိုက်, မရထိုက်သော ပုဂ္ဂိုလ် အဆုံးအဖြတ်၊
၃။ ကထိန်သင်္ကန်း ဖြစ်ထိုက်,မဖြစ်ထိုက် အဆုံးအဖြတ်၊
၄။ ကထိန်ခင်းရာ, မခင်းရာ သိမ်အဆုံးအဖြတ်၊
၅။ ကထိန်ခင်းရာသော အဆုံးအဖြတ်၊
၆။ ကထိန်နုတ်ရာသော အဆုံးအဖြတ်၊
၇။ ကထိန်အာနိသင်ကို ဝေဘန်ရာဖြစ်သော အဆုံးအဖြတ်၊

(ဤ မာတိကာအစဉ်ကို မှတ်အပ်၏၊)

၁-ဝဿ, နိဒါန်း အဆုံးအဖြတ်

တိုခုနစ်ပါးသော မာတိကာတို့တွင် ဝဿ,နိဒါန်း စသည်ကို ပြဆိုသော အဆုံးအဖြတ်ကို ရှေးဦးစွာ ဤသို့မှတ်အပ်၏၊ ဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသောအခါ ပါဝေယျက တိုင်းသား ဖြစ်ကုန်သော ပသေနဒီကောသလမင်းကြီးနှင့်အဘတူသား ဖြစ်ကုန်သော သုံးကျိပ်သော ဘဒ္ဒဝဂ္ဂီ ရဟန်းတို့သည် ဘုရားသခင်ကို ဖူးမြင်အံ့သော၄ါ ပါဝေယျကတိုင်းမှ သာဝတ္ထိပြည်သို့ လာခဲ့ကြကုန်သော် သာကေတပြည်သို့ ဝါဆိုနေ့ ရောက်၍-

> န ဘိက္ခဝေ တဒဟု ဝဿူပနာယိကာယ ဝဿံ အနုပဂန္တ္ဂုကာ-မေန သဠ္ဌိစ္စ အာဝါသော အတိက္ကမိတဗ္ဗော၊ ယော အတိက္ကမေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူသော သိက္ခာပုဒ်ကို ပညတ်တော်မူရကား ထိုသာကေတပြည်၌ပင် ဝါကပ်ကြလေကုန်၏၊ ထိုသို့ ဝါကပ်ကုန်သော်လည်း ဤပြည်မှ ခြောက်ယူဇနာ အထက်၌ ငါတို့ဆရာ ဘုရားသခင် သီတင်းသုံး နေတော်မူလျက် ငါတို့သည် ဘုရားသခင်ကို မဖူးမြင်ရလေပြီဟု ငြီးငွေ့ ဆန့်ကျင် ကုန်လျက် ဝါတွင်း သုံးလကို လွန်စေ၍ ဝါမှထပြီးလသော် မဟာပဝါရဏာ နေ့၌ ပဝါရဏာ ပြုပြီး၍ ဂမိကဝတ်ကို ဖြည့်ကုန်လျက် သာဝတ္ထိပြည်သို့ သွားကြလေကုန်၏၊ထိုအခါမိုးကြီး သည်းထန်စွာ ရွာသောကြောင့် ကြည်းကုန်းမြင့်ရာ

အရပ်၌ လည်းကောင်း, ချိုင့်ဝှမ်းနိမ့်ရာ အရပ်၌လည်းကောင်း ရေအယဉ် ချည်း ဖြစ်လေ၏၊ နင်းရာ,နင်းရာအရပ်တို့၌ တင်သားကျွံနစ်မျှ ရွံ့ညွန်အတိ ဖြစ်လေ၏၊ ထိုသို့ဖြစ်သော်လည်း ဘုရားသခင်အား ဖူးမြင်လိုသော အာသာ ဆန္ဒ အားကြီးလှသောကြောင့် သည်းစွာသော အားထုတ်ခြင်းဖြင့် သွားကြ လေ၍ မိမိတို့သက်နှး၌ ရွံ့စေးရေညွန် အလိမ်းလိမ်းကပ်၍ ဆင်းရဲငြိုငြင်စွာ ဘုရားသခင်အထံသို့ရောက်ကြလေကုန်၏၊ ဘုရားသခင်လည်း ထိုအာဂန္တုက ရဟန်းတို့နှင့် ဝမ်းမြောက် ဝမ်းသာ ပဋိသန္ထာရ ပြုတော်မူ၏၊ ရဟန်းတို့က လည်း ထိုအကြောင်းကို လျှောက်ကြလေသော် ထိုရဟန်းတို့အား အနမတဂ္ဂ သုတ္တန် ဒေသနာကို ဟောတော်မူသဖြင့် အရဟတ္တဖိုလ်သို့ ရောက်စေတော် မူ၍ ခပ်သိမ်းသော ရဟန်းတို့အား သုခ္ခပါသု ဖြစ်စေခြင်းငှါ ခပ်သိမ်းသော ဘုရားရှင်တို့သည် မစွန့်အပ်သော, ခပ်သိမ်းသော ဘုရားရှင်တို့သည် ချီးမွမ်း မြတ်နိုးအပ်သော ကထိန်ခင်းခြင်းကို–

အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ။ ဟူ၍ ခွင့်ပြုတော်မူ၏။

ဤ သုံးကျိပ်သော ရဟန်းတို့သည် ရည်ရာ အရပ်သို့ မရောက်သော်လည်း ဝါဆိုနေ့ ကြိမ်ကြိုက်သောကြောင့် ခရီးအကြား၌ပင် ဝါကပ်သည်ကိုထောက် ၍ ဂမိကရဟန်းဖြစ်စေ, အာဝါသိက ရဟန်းဖြစ်စေ ပစ္ဆိမဝါ ရှိသေးသည် ဟူ၍ ပုရိမဝါကို မကပ်ပဲ မနေအပ်၊ နေချေသော် ပညတ်တော်မူရင်း သိက္ခာ ပုဒ်ဖြင့် အာပတ် သင့်သည်သာ၊ အချို့သော ရဟန်းတို့ကား လိုရာအရပ်သို့ မရောက်သေးသော ခရီးသွား ရဟန်းသည်ငှင်း, အရပ်တပါးသို့ သွားလို သော ကျောင်းနေရဟန်းသည်ငှင်း ပစ္ဆိမဝါရောက်မှ ကပ်မည်ဟူ၍ ပုရိမဝါ ကို လွန်စေဘိ၏၊ အာဂုံ ယုတ္တိမရှိ၊ အတ္တနောမတိ မျှသာ၊ အာပတ်သင့်၏ ဟု မှတ်လေ။

ယင်းသို့ဖြစ်သော် ဝါဆိုနေ့ရောက်လျက် ဝါမကပ်ပဲ နေကောင်းသော အရာ မရှိပြီလော ဟူငြားအံ့–

န ဘိက္ခဝေ အသေနာသနိကေန ဘိက္ခုနာ ဝဿံ ဥပဂန္တဗ္ဗံ၊ ယော ဥပဂစ္ဆေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူ၍ ဟောတော်မူသောကြောင့် ကျောင်းမရှိသော ရဟန်းတဦးသာ ဝါဆိုနေ့ ရောက်လျက် ဝါမကပ်ပဲ နေအပ်သည်၊ ဝါကပ်လျှင် အာပတ်

သင့်သည်၊ ကြွင်းသော ရဟန်းမှုကား-ဝါဆိုနေ့ရောက်လျှင် စင်စစ် ဝါကပ် ရမည်သာ၊ ဝါမကပ်လျှင် အာပတ်သင့်သည်သာ မှတ်လေ။

အချို့သောဆရာတို့ကား-ဝါဆို လထပ်သည့်နှစ်၌ ပစ္ဆိမဝါ မကပ်သင့်ပြီ၊ ပုရိမဝါသာ ကပ်သင့်တော့သည်ဟု အယူရှိကုန်၏၊ ထိုဆရာတို့၏ စကားကို-

ဒွေ ဝဿူပနာယိကာ ပုရိမိကာ ပစ္ဆိမိကာစ၊ တတ္ထ ပုရိမိကာ အာသာဠ္ဟိ ပုဏ္ဏမိတော ပါဋိပဒဒိဝသေ ဥပဂန္တဗ္ဗာ၊ ပစ္ဆိမိကာ သာဝဏ္ဏ ပုဏ္ဏမိတော ပါဋိပဒဒိဝသေ။

ဟူ၍ ပုရိမဝါကို ဝါဆိုလဆုတ် အထွက်တရက်နေ့၌ ကပ်အပ်၏၊ပစ္ဆိမ ဝါကို ဝါခေါင်လဆုတ် အထွက် တရက်နေ့၌ ကပ်အပ်၏- ဟု လာသော အဋ္ဌကထာပါဌ်ကို ထောက်၍ စင်စစ် ပယ်အပ်သည်သာ၊ ဝါဆို လထပ်သော နှစ်၌ ဝါခေါင်လမရှိမှုကား ပစ္ဆိမဝါကို ဝါခေါင်လဆုတ် အထွက်တရက် နေ့၌ ကပ်အပ်၏-ဟု အဋ္ဌကထာ၌ လာသောကြောင့် ထိုဆရာတို့ အယူ ဝါဒအတိုင်း သင့်သည် ဖြစ်ရာ၏၊ ဝါဆိုလ ထပ်သည်ဖြစ်စေ, မထပ်သည် ဖြစ်စေ နှစ်စဉ်မပြတ်လည်း ဝါခေါင်လရှိခဲ့လျက်ဝါမကပ်သော် အာပတ်သင့် သည်သာ ကေန်မုချ မှတ်ရမည်၊ ယင်းသို့ ခွင့်ပြုတော်မူပြီးလျှင် ကထိန်ခင်း ပြီးသော ရဟန်းတို့အား ခံစားရသော အကျိုးကို ပြတော်မူခြင်းငှါ-

အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ အတ္ထတ ကထိနာနံ ဝေါ ဘိက္ခဝေ ပဉ္စ ကပ္ပိဿန္တိ၊အနာမန္တစာရော အသမာဒါနစာရော ဂဏဘောဇနံ ယာဝဒတ္ထစီဝရံ ယောစ တတ္ထ စီဝရုပ္ပါဒေါ၊ သော နေသံ ဘဝိဿတီတိ အတ္ထတ ကထိနာနံ ဝေါ ဘိက္ခဝေ ဣမာနိ ပဉ္စ ကပ္ပိဿန္တိ။ ။ဟူ၍ ဟောတော်မူ၏။

အနက်ကား-ဘိက္ခဝေ-တို့၊ ဝဿံဝုဋ္ဌာနံ-ဝါကျွတ်ကုန်သော၊ ဘိက္ခူနံ- ရဟန်းတို့အား၊ ကထိနံ-ကို၊ အတ္ထရိတုံ-ခင်းစိမ့်သောငှါ၊ အနုဇာနာမိ- ငါဘုရား ခွင့်ပြုတော်မူ၏၊ ဘိက္ခဝေ-တို့၊ အတ္ထတ ကထိနာနံ-ကထိန်ခင်းကုန် သော ရဟန်းတို့အား၊ (ဝေါကား နိပါတ်ပုဒ်မျှသာ၊) ပဉ္စ-ငါးပါးကုန်သော အကျိုးတို့သည်၊ ကပ္ပိဿန္တိ-အပ်ကုန်လတ္တံ့၊ အနာမန္တစာရော-ကထိန် နုတ် သည်တိုင်အောင် ဖိတ်သော ဆွမ်းရှိလျက် ထင်ရှားရှိသော ရဟန်းတို့ကို မပန် မူ၍ ဒါယကာတို့အိမ်သို့ သွားရခြင်း။

ယောပန ဘိက္ခု နိမန္တိတော သဘတ္တော သမာနော သန္တံ ဘိက္ခုံ အနာပုစ္ဆာ ပုရေဘတ္တံဝါ ပစ္ဆာဘတ္တံဝါ ကုလေသု စာရိတ္တံ အာပဇ္ဇေယျ အညတြ သမယာ ပါစိတ္တိယံ၊ တတ္ထာယံသမယော၊ စီဝရဒါနသမယော စီဝရကာရသမယော အယံ တတ္ထ သမယော။ ဟူသော စာရိတ္တ သိက္ခာပုဒ်ဖြင့် အာပတ်မသင့်ဟု ဆိုလိုသည်။

အသမာဒါနစာရော-တိစီဝရိက် အဓိဋ္ဌာန်တင်သော သင်္ကန်းနှင့် ကင်း၍ နေရခြင်း။ ။အသမာဒါနစာရ ဟူသော်ကား-

ကထိန်ခင်းသော ရဟန်းတို့အား တိစီဝရိက်အဓိဋ္ဌာန်တင်သော သင်္ကန်း နှင့် ကင်း၍ အရုဏ်တက်စေသော်လည်း-

နိဋ္ဌိတစီဝရသ္မိံ ဘိက္ခုနာ ဥဗ္ဘတသ္မိံ ကထိနေ ဧကရတ္တမ္ပိ စေ ဘိက္ခု တိစီဝရေန ဝိပ္ပဝါသေယျ အညတြ ဘိက္ခု သမ္မုတိယာ နိဿဂ္ဂိယံ ပါစိတ္တိယံ။ ။ဟူ၍ လာသော ဒုတိယ ကထိန သိက္ခာပုဒ် ဖြင့် အာပတ် မသင့်ဟု ဆိုလိုသည်။

ဂဏဘောဇနံ-ဂဏဘောဇဉ်ကို စားခြင်း-

ဂဏဘောဇဉ် ဟူသော်ကား-ငါတို့အား ထမင်းပေးလော့-ဟု ရဟန်းတို့ ဝိညတ်ပြုသဖြင့်၎င်း, ငါတို့ထမင်းကို ခံလော့ဟု ဒါယကာတို့ အကပ္ပိယ ဝေါဟာရဖြင့် ဖိတ်ခြင်းကြောင့်၎င်း ဖြစ်သော ဆွမ်းတည်း၊ ထိုဆွမ်းကို လေးယောက်ထက် လွန်သော ရဟန်းတို့သည် တကွနက် ခံ၍ တကွနက် သုံးဆောင်ခြင်းကို ပြုငြားအံ့-

ဂဏဘောဇနေ အညတြ သမယာ ပါစိတ္တိယံ၊ တတ္ထာယံ သမယော၊ ဂိလာနသမယော၊ စီဝရဒါန သမယော၊ စီဝရကာလ သမယော၊ အဒ္ဓါနဂမန သမယော၊နာဝါဘိရုဟန သမယော၊ မဟာသမယော၊ သမဏဘတ္တ သမယော၊ အယံ တတ္ထ သမယော။

ဟူသော သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ် သင့်၏၊ ကထိန်ခင်းသော ရဟန်းတို့အား ထိုသိက္ခာပုဒ်ဖြင့် အာပတ် မသင့်ဟု ဆိုလိုသည်။

ယာဝဒတ္ထစီဝရံ-ကထိန် နုတ်သည့်တိုင်အောင် အလိုရှိတိုင်း အဓိဋ္ဌာန် ဝိကပ္ပနာ မပြုသော သင်္ကန်းကို ဝတ်ရုံ သုံးဆောင်ရခြင်း-

ကထိန်နုတ်သည့်တိုင်အောင် အလိုရှိတိုင်း အဓိဋ္ဌာန် ဝိကပ္ပနာ မပြုသော သင်္ကန်းကို ဝတ်ရုံ သုံးဆောင်သော်လည်း-

နိဋ္ဌိတစီဝရသ္မိံ ဘိက္ခုနော ဥဗ္ဘတသ္မိံ ကထိနေ ဒသာဟပရမံ အတိရေက စီဝရံ။ပ။နိဿဂ္ဂိယံ။

ဟူ၍ လာသော နိဿဂ္ဂိယ ပဌမသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ဟု ဆိုလိုသည်။

တတ္ထ-ထိုကထိန်ခင်းသောကျောင်း၌၊ ယောစီဝရပ္ပါဒေါ-အကြင် အမှတ်မရှိသော အခြင်းအရာဖြင့် ဖြစ်သော သံဃိက သင်္ကန်းသည်၊ အတ္ထိ-ရှိ၏၊ သော စီဝရပ္ပါဒေါ – သည်၊ နေသံ – ထိုကထိန်ခင်းသော ရဟန်းတို့အား၊ ဘဝိဿတိ-ဖြစ်လတ္တံ့။

ထိုကထိန်ခင်းသော ကျောင်း၌ မတာက သင်္ကန်းဖြစ်စေ, သံဃာကိုရည်၍ လှူအပ်သော သင်္ကန်းဖြစ်စေ သံဃာတို့၏ ဥယျာဉ် လယ်ယာတို့၌ ဖြစ်သော ပြောင်း,ဖဲ စသည်တို့ဖြင့်ဝယ်၍ ကပ္ပိယကာရကတို့ တောင်းအပ်သော သင်္ကန်းဖြစ်စေ ထိုကထိန်ခင်းသော ရဟန်းတို့အားသာ ရထိုက်၏ဟု ဆိုလိုသည်။

ဣတိ-သို့၊ ပဉ္စ–တို့သည်၊ ကပ္ပိဿန္တိ-လတ္တံ့၊ ဘိက္ခဝေ-တို့၊ အတ္ထတ-ကထိနာနံ-တို့အား၊ ဣမာနိပဉ္စ-ဤငါးပါးသော အကျိုးတို့သည်၊ကပ္ပိဿန္တိ-လတ္တံ့။

ဤသို့ ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူသော ဘုရားသခင်၏ ရှေးရှုတ်တော်ထွက် ဓမ္မစက်ဖြစ်သော သာမုက္ကံသိက ဒေသနာတော်၏ အနက်အဓိပ္ပါယ်ကို ကျနသေချာစွာ မှတ်သားပြီးမှ ဝစနတ္ထစသည်ကို ဤသို့ ဆိုလတ္တံ့သော နည်းဖြင့် သိအပ်၏။

ဝစနတ္ထကား- ပဉ္စာနိသံသေ အညတ္ထ ဂန္တုံ အဒတွာ သင်္ဂဏှနဋ္ဌေန ကထိနံ ဟူ၍ ဝိနယတ္ထမဉ္ဇူသာ အမည်ရှိသော ကင်္ခါဝိတရဏီဋီကာ၌ ဝစနတ္ထပြသောကြောင့် ပဉ္စာနိသံသေ အညတ္ထ ဂန္တုံ အဒတွာ သင်္ဂဏှာတီတိ ကထိနံ-ဟု ကတ္တုသာဓနကိတ်ဝိဂ္ဂြိုဟ်ပြု၊ ကထဓာတ် ဣနပစ္စည်း သက်၍ ပြီးသည်၊ ကထ သင်္ဂဟဏေ ဓာတ်နက်ဖေါ်၊ ဣနပစ္စည်းကိုကား ဇိတော ဣန သဗ္ဗတ္ထ သုတ်၌ ဣနသဗ္ဗတ္ထ-ဟူသော ယောဂဝိဘာဂဖြင့် လည်းကောင်း, သုပတောစ သုတ်၌ စသဒ္ဒါဖြင့်လည်းကောင်း သက်သေ။

တနည်းကား– ကဌတိ ကိစ္ဆေန ဇီဝတီတိ ကဋ္ဌနော၊ သစ်ပင်ရစေ။ ။ ကဋ္ဌနဿ ဘာဝေါ ကဋ္ဌနော၊ထိရတောစ ကဋ္ဌနော အဿ အတ္ထီတိ ကထိနံ၊

အကြွင်နာမ်ရုပ် တရားတို့သည် ဖြစ်ကုန်သည် ရှိသော် ကထိန မည်ရာ၏၊ ထိုနာမ်ရုပ်တရားတို့၏ သမူဟသမဝါယ ဟုဆိုအပ်သော ပညတ်ရစေ။ ။ ဤဝစနတ္ထကား ကဌ ကိစ္ဆဇီဝနေ-ဟူ၍ လာသော အဘိဓာန် ဋီကာနှင့်၎င်း, "ပဌာနိသံသေ အန္တောကရဏသမတ္ထတာယ ထိရန္တိ အတ္ထော" ဟူ၍ လာသော ဋီကာကြီး သုံးစောင်နှင့်၎င်း ညီ၏၊ (ဋီကာ အလို) ကဌတိ ကိစ္ဆေန ဇီဝတိတိ ကဌိနော၊ ကဌိနော ဝိယာတိ ကထိနံ၊ (ဆရာတို့ အလို။)

အချို့ဆရာတို့သည် ကဌ ကိစ္ဆဇီဝနေ မုဒ္ဓဇဒုတိယန္တော ဓာတု၊ ဠနော-ဟူသော အဘိဓာန်ဋီကာပါဌ်ကို ထောက်၍ ကဌိနသဒ္ဒါကို မုဒ္ဓဇဒုတိယက္ခရာ ရှိသင့်သည်ဟု ဆိုကုန်၏၊ ရေးရိုးလည်း ပြုကုန်၏၊ ထိုစကားသည် မသင့်၊ အဘယ့်ကြောင့်နည်း ဟူမူ အဘိဓာန်ဋီကာ၌ ကက္ခဠပရိယာယ် ဖြစ်သော ဂုဏသဒ္ဒါ ဖြစ်၍ဖြစ်သော ကဌိနသဒ္ဒါကို ရည်၍ ဆိုအပ်၏၊ သာသနာ့ ဝေါဟာရအားဖြင့် နာမသဒ္ဒါဖြစ်သော ကထိနသဒ္ဒါကို ရည်၍ မဆိုအပ်၊ ထို့ကြောင့် အဘိဓာန်ဋီကာ၌ ပဌ ကက္ခဠေ-ဟုမိန့်အပ်ပြီ၊ များစွာသော ပါဠိ အဋ္ဌကထာ ဋီကာတို့၌ သာသနာ့ ဝေါဟာရအားဖြင့် နာမသဒ္ဒါဖြစ်သော ကထိနသဒ္ဒါကို ဒန္တဇဒုတိယက္ခရာဖြင့်သာ များသောအားဖြင့် ရေးသားကုန် ၏၊ထို့ကြောင့် အဘိဓာန်ဋီကာ၌ ဝတ္ထုဝိပရိယယေ ကထိနန္တိပိ ဝုတ္တံ-ဟူ၍ မိန့် အပ်ပြီ။

တနည်းလည်း - ကတ္ထနံ ပသံသနံ-ဟု သဒ္ဒနီတိ၌ လာသောကြောင့်၎င်း, သိလာဃသုတ်၏အဖွင့် ချာသ၌ သိလာဃ ကတ္ထနေ-ဟု ဆိုသောကြောင့်၎င်း "ကထိနာစ သိလာဃာစ၊ ဝဏ္ဏနာစ နုတိတ္ထုတိ" ဟူ၍ ချီးမွမ်းခြင်း ဟော ပရိယာယ်အဖြစ်ဖြင့် အဘိဓာန်၌ လာသောကြောင့်၎င်း ကထျတေ သိလာ-ဃတေ ပသံသိယတေ ဗုဒ္ဓါဒီဟိတိ ကထိနံ – ဟူ၍ ကမ္မသာဓ် ဝစနတ္ထကို ပြုအပ်၏၊ ကထဓာတ် ဠနပစ္စည်း၊ ဤဝစနတ္ထကား- "ဠဒံ ကထိနဝတ္ထံနာမ ဗုဒ္ဓပသတ္ထံ" ဟူသော အဋ္ဌကထာပါဌ်နှင့်လည်း ညီ၏၊ တနည်းလည်း-ပဌာနိ သံသေ အန္တောကရဏ သမတ္ထတာယ ထိရန္တိ အတ္ထော-ဟူ၍ ဝိနည်းဋီကာ ကြီး သုံးစောင်၌ သာရကား ကထိနသဒ္ဒါသည် ဝိဂ္ဂဟ်ဝစနတ် ဓာတ်ပစ္စည်း တို့ဖြင့် မပြီးသော မြဲမြံခြင်းအနက်ကိုဟောသော အနိပ္ဖန္နပါဋိပဒိကပုဒ်တည်း၊ ပဌာနိသံသေ အန္တောကရဏ သမတ္ထတာယ-ဟူသောပုဒ်သည်လည်း ဝစနတ္ထ ကို ပြသော ပုဒ်မဟုတ်၊ မြဲမြံခြင်း၏ အကြောင်းကို ပြသော ဟိတ်ပုဒ်တည်း၊ အဘယ့်ကြောင့် ဝိဂ္ဂဟ် ဝစနတ္ထ ဓာတ်ပစ္စည်းတို့ဖြင့် မပြီးသနည်း ဟူငြားအံ့၊

ကထိနသဒ္ဒါသည် လေးပါးသောပုဒ်တို့တွင် နာမ်ပုဒ်၊ ငါးပါးသော နာမ်ပုဒ်တို့တွင် သုဒ္ဓနာမ်ပုဒ်၊လေးပါးသော သုဒ္ဓနာမ်ပုဒ်တို့တွင် ရုဠှီသုဒ္ဓနာမ်ပုဒ်၊နှစ်ပါးသော ပါဋိပဒိက ပုဒ်တို့တွင် အနိပ္ဖန္န ပါဋိပဒိက ပုဒ်တည်း၊ ထို့ကြောင့် ဝိဂ္ဂြိုဟ်ဝစနတ္ထ ဓာတ်ပစ္စည်းတို့ဖြင့် မပြီးသည်ဟူပေ၊ ထို့ကြောင့် ကျမ်းဆရာတို့သည်-

ရုဠှီချာတံနိပါတဉ္စု -ပသဂ္ဂါလပနံ တထာ၊
သဗ္ဗနာမန္တို မေတေသုၢန ကတော ဝိဂ္ဂဟော ဆသု။ ။ဟု မိန့်ပြီ။

အနက်ကား-ရုဠှီ-ငှင်း၊ အာချာတံ-ငှင်း၊ နိပါတဉ္စ-ငှင်း၊ ဥပသဂ္ဂေါ-ငှင်း၊ အာလပနံ-ငှင်း၊ တထာ-ထိုမျှ၊ သဗ္ဗနာမံ-ငှင်း၊ ဣတိ-သို့၊ ဧတေသု-ဆသု ပဒေသု-ဤခြောက်ပါးသော ပုဒ်တို့၌၊ ဝိဂ္ဂဟော-ကို၊ န ကတော-မပြုအပ်။

ဆရာတို့ကား-ကထဓာတ် ဣနပစ္စည်း ကြံ၍ ကထ သမတ္တနေ-ဟု ဓာတ်နက်ကို ဆိုကုန်၏၊ ဝစနတ္ထကိုလည်း "ကထတိ ပဉ္စာနိသံသေ အန္တော-ကရဏတ္ထာယ သမတ္ထေတီတိ ကထိနံ"ဟု ပြုကုန်၏၊ ထိုစကားသည် ဋီကာကြီးသုံးစောင်တို့၌'ထိရန္တိ အတ္ထော'ဟူသော စကားကိုမငဲ့မူ၍"ပဉ္စာနိသံသေ အန္တော ကရဏသမတ္ထတာယ" ဟူသော ဟိတ်ကို အနက်၏အဖြစ်ဖြင့် ယူ၍ ဆိုအပ်သည်ဖြစ်ရာ၏၊ ထိုပုဒ်သည် အနက်ကိုပြသော ပုဒ်မဟုတ်၊ မြဲမြံခြင်း၏ အကြောင်းကို ပြသော ဟိတ်ပုဒ်သာ ဖြစ်သည်ဟု မှတ်လေ။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ဝစနတ္ထဖြင့် ပြီးသော ကထိနနိပ္ဖန္န ပါဋိပဒိက ဖြစ်သော ကထိနသဒ္ဒါ၏ အရကား ပုရိမဝါကျွတ်သော ရဟန်းမဟုတ်သော ငါးယောက် အစုရှိသော သံဃာ, စီဝရမာသ-တရားသဖြင့်ဖြစ်သော သင်္ကန်း ဤသို့ အစရှိသော နာမ် ရုပ်တရား ရှိကုန်သည်ဖြစ်၏၊ ထို နာမ် ရုပ်တရားတို့၏ အပေါင်း၏ ညီညွတ် စုဝေးခြင်းဟု ဆိုအပ်သော သမ္မုတိ ပညတ်မျှသာတည်း၊ ပရမတ္ထ အားဖြင့် ကထိန မည်သော တခုသော တရားသည်မျှ မရှိ၊ အဘယ်ကို ထောက်၍ သိရသနည်းဟူငြားအံ့-

တေသညေ့ဝ ဓမ္မာနံ သင်္ဂဟော၊ သမဝါယော၊ နာမံ၊ နာမကမ္မံ၊ နာမဓေယျံ၊ နိရုတ္တိဗျဉ္ဇနံ အဘိလာပေါ၊ ယဒိဒံ ကထိနံ။ ။ဟူသော ပရိဝါပါဠိကို ထောက်၍ သိရသတည်း။

အနက်ကား-ယဒိဒံ ယံဣဒံ ကထံနန္တိနာမံ-အကြင်ကထိန်ဟူသော အမည်သည်၊ အတ္ထိ-၏၊ တံကထိနံ-ထိုကထိန်ဟူသော အမည်သည်၊ ယေသုဓမ္မေသု-အကြင် နာမ် ရုပ်တရားတို့သည်၊ သတိ သန္တေသု-ရှိကုန်လတ်သော်၊ ကထိနံ-နာမ-မည်သည်၊ဟောတိ-၏၊တေသညေ့ဝ ဓမ္မာနံ-ထိုနာမ်ရုပ်တရားတို့၏သာလျှင်၊ သင်္ဂဟော-ပေါင်းခြင်းတည်း၊ သမဝါယော-အညီအညွတ် တကွဖြစ်ခြင်းတည်း၊ တေသညေ့ဝ ဓမ္မာနံ-ထို နာမ်ရုပ်တရားတို့၏ သာလျှင်၊ နာမံ-နာမကမ္မံ နာမဓေယျံ-အမည်တည်း၊ဝါ,နာမံ-အမည်မျှသာတည်း၊နာမကမ္မံ-အမည်ကို မှတ်ခြင်းတည်း၊ နာမဓေယျံ-အမည်ကို ထားခြင်းတည်း၊ နိရုတ္တိ ဗျဉ္ဇနံ အဘိလာပေါ-သဒ္ဒါမျှသာတည်း၊ ဝါ,နိရုတ္တိ-မာဂဓဘာသာတည်း၊ ဗျဉ္ဇနံ-အနက်ကိုပြတတ်သော သဒ္ဒါတည်း၊ အဘိလာပေါ-ဝေါဟာရ စကားမျှသာ ဖြစ်သတည်း။

ဤပါဠိတော်၌ နာမံ နာမကမ္မံ-အစရှိသော ပါဌ်ဖြင့် ကထိန-ဟူသော အမည်သည် များစွာသော တရားတို့တွင် အမည်မျှသာတည်း၊ ပရမတ္ထအားဖြင့် တစုံတခုသော တရားသည်မျှ မရှိ-ဟူသော အနက်ကို ပြတော်မူ၏၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော စကားစဉ်ဖြင့် ကထိနသဒ္ဒါ၏ ဝစနတ္ထအရကို သိလေအပ်၏၊ အဋ္ဌကထာ, ဋီကာ သဘောယုတ္တိကို အစွမ်းအလျောက် နှိုင်းယှဉ်၍ ဝစနတ္ထ စသည်ကို ကြံစည်မှုကား များလှစွာ၏၊သို့သော်လည်း "ဆရာအားပြတပည့် နည်းမရ"ဆိုဘိသကဲ့သို့ရင်း, "နားထောင်သူလည်း ငြီး၊ ကျမ်းလည်း ကြီး" ဆိုဘိသကဲ့သို့ရင်း ရှိမည်ဖြစ်၍ နည်းအမြွက်ကိုသာ ထုတ်နုတ် စီရင်ရေးသားလိုက်သည်။ ။ဤကား ရှေးဦးစွာသော ဝတ္ထု, နိဒါန်း စသည်ကို ပြဆိုသော အဆုံးအဖြတ်။

၂-ကထိန် ခင်းထိုက်, မခင်းထိုက် ပုဂ္ဂိုလ် အဆုံးအဖြတ်

ယခုအခါ မာတိကာစဉ် ရောက်သည်အားလျော်စွာ ကထိန်ခင်းခြင်းငှါ ထိုက်, မထိုက်သောပုဂ္ဂိုလ် အဆုံးအဖြတ်ကို ဆိုပေအံ့။

ကထိန်ခင်းခြင်းငှါ အဘယ်ပုဂ္ဂိုလ်တို့သည် ထိုက်ကုန်သနည်း, အဘယ်ပုဂ္ဂိုလ်တို့သည် မထိုက်ကုန်သနည်းဟူမူကား-ဂိုဏ်း၏အစွမ်းအားဖြင့် ယုတ်စွအဆုံး ငါးယောက်သော ရဟန်းတို့သည် ထိုက်ကုန်၏၊ အလွန်အားဖြင့်ကား အရာအထောင်ပင် ဖြစ်သော်လည်း ထိုက်ကုန်၏၊ ငါးယောက်အောက် ယုတ်မူကား ကထိန်ခင်းခြင်းငှါ မထိုက်ကုန်၊ အလွန်ကိုမူကား မြစ်သော အရာ မရှိ။

ဝါကျွတ်သည်၏ အစွမ်းအားဖြင့် ပုရိမဝါကပ်၍ ပဌမ ပဝါရဏာနေ့၌ ပဝါရဏာပြုသော ရဟန်းတို့သာ ကထိန်ခင်းခြင်း၌ါ ထိုက်ကုန်၏။

ဝါပြတ်သောရဟန်း, ပစ္ဆိမဝါကပ်သော ရဟန်း, ဝါမကပ်သောရဟန်း, အရံခြားသော တပါးသော ကျောင်း၌ ဝါကျွတ်သောရဟန်း ဤရဟန်းတို့သည် ကထိန်ခင်းခြင်း၌ါ မထိုက်ကုန်။

ပုရိမဝါကပ်၍ ပဌမပဝါရဏာနေ့၌ ပဝါရဏာပြုသော ရဟန်းတို့သည် လေးပါး, သုံးပါး, နှစ်ပါး, တပါးသာ ဖြစ်၍ ဂိုဏ်းမပြည့်သည် ဖြစ်အံ့၊ ကထိန်ခင်းခြင်း၌ါ မထိုက်သော ဝါပြတ်သော ရဟန်းစသည်တို့ကို ဂိုဏ်းပြည့် ပြု၍ ခင်းအပ်၏၊ အာနိသင်ကိုမူကား ထို ဂိုဏ်းပြည့် ရဟန်းတို့အား မထိုက်ချေ၊ ထိုသို့မဟုတ် အသက်ပြည့်သော သာမဏေတို့ ပစ္ဆိမဝါ၌ ပဥ္စင်းခံသည် ဖြစ်အံ့၊ ထိုရဟန်းသစ်ကိုမူကား ဂိုဏ်းပြည့်ကိုလည်း ပြုအပ်၏၊အာနိသင်ကိုလည်း ရ၏၊ ထို့ကြောင့် အဋ္ဌကထာ၌–

> ဧကော ပရိပုဏ္ဏဝဿော သာမဏေရော၊ သော စေ ပစ္ဆိမိကာယ ဥပသမ္ပဇ္ဇတိ၊ ဂဏပူရကောစေဝ ဟောတိ၊အာနိသံသဉ္စ လဘတိ-ဟု မိန့်အပ်ပြီ။

ဤပါဌ်ဖြင့် အဋ္ဌကထာ ဆရာသည် သာမဏေတို့အား ဝါကပ်ခြင်းကို ခွင့်ပြုတော်မူ၏၊ အဘယ်သို့သော သဘောယုတ္တိကို ထောက်၍ သိရသနည်း ဟူမူ ပုရိမဝါကပ်သောကြောင့် အာနိသင်ကို ရထိုက်၏၊ ပစ္ဆိမဝါ၌ ပဥ္စင်းခံအပ်သောကြောင့် ဂိုဏ်းပြည့် ပြုထိုက်၏၊ ဤသို့ သဘောယုတ္တိကို ထောက်၍ သိရသတည်း၊ ဤအဋ္ဌကထာပါဌ်ကို ထောက်၍ သာမဏေတို့မှာ ဝါကြီး ဝါငယ် စိစစ်၍ ရှေ့နောက် သွားခြင်း, အဥ္စလိကမ္မ သာမိစိကမ္မဝိတိက စသည် မရှိဖြစ်၍ ရဟန်းတို့ကဲ့သို့ ဝါမကပ်သင့်၊ ကပ်သော်လည်း အကျိုး မရှိဟု အယူရှိသော ဆရာတို့၏ အယူဝါဒကို စင်စစ်ပယ်အပ် စွန့်အပ်သည် သာ၊အဋ္ဌကထာ, ဋီကာ မသင်ကြားဘူး သင်ကြားဘူးသော်လည်း မကျနစ်၍ ဆိုသည်သာ မှတ်လေ။

ပုရိမဝါကပ်၍ ပဌမ ပဝါရဏာနေ့၌ ပဝါရဏာပြုသော ငါးပါး၊ ငါး ပါး ထက် အလွန်ဖြစ်သော ရဟန်းတို့သည် ကထိန်ခင်းခြင်း၌ါ ထိုက်သော ဟူပြီ၊ ထိုသို့ဖြစ်သော်–

တတြ စေ ဘိက္ခဝေ ယွာယံ စတုဝဂ္ဂေါ ဘိက္ခုသံဃော ဌပေတွာ တီဏိကမ္မာနိ ဥပသမ္ပဒံ ပဝါရဏံ အဗ္ဘာနံ။

စသည်ဖြင့် ကထိန်ခင်းခြင်းကို စတုဝဂ္ဂ သံဃာပြုအပ်သော ကံဖြစ်ကြောင်းကို စမ္ပေယျ ခန္ဓကဉ် ဟောတော်မူသော ဘုရားစကားတော်နှင့် မဆန့်ကျင်ပြီလော ဟူငြားအံ့၊ "ကထိန ဒုဿဿ ဒါယကာ ပဉ္စမကောဋိယာ စတ္တာ-ရော ဟောန္တိ၊ စောာ ပဋိဂ္ဂါဟကော" ဟု ဋီကာဆရာတို့ မိန့်ဆိုသောကြောင့် ကထိန်သင်္ကန်းကို ပေးသောရဟန်းတို့သည် ယုတ်သောအစွန်းအားဖြင့် လေးယောက်သော ရဟန်း၊ ခံသောရဟန်း တယောက်ဖြစ်၍ စတုဝဂ္ဂ သံဃာပြုအပ်သောကံ ဖြစ်ရကား မဆန့်ကျင်ဟုဖြေ။

ကထိန်ခင်းခြင်း၌ ထိုက်သော အလုံးစုံသော ရဟန်းတို့သည်ပင် ကထိန်ခင်းအပ်သလောဟူမူ အလုံးစုံသော ရဟန်းတို့သည် မခင်းအပ်၊ အကြင်ရဟန်းအား သံဃာသည် ကထိန်သင်္ကန်းကိုပေး၏၊ ထိုရဟန်းသာ ခင်းအပ်၏၊ သံဃာသည် အဘယ်ရဟန်းအား ပေးအပ်သနည်းဟူမူ အကြင်ရဟန်းအား ညစ်နွမ်း ဆိုးရွား ခေါင်းပါးသော သင်္ကန်းရှိ၏၊ ထိုရဟန်းအား ပေးအပ်၏၊ ညစ်နွမ်းဆိုးရွား ခေါင်းပါးသော သင်္ကန်းရှိသော ရဟန်းများမှ သီတင်းကြီးသော ရဟန်းအား ပေးအပ်၏၊ သီတင်းကြီးသော ရဟန်းတို့တွင်လည်း အကြင်ရဟန်းသည် နေ့ချင်းပြီးအောင် သင်္ကန်းကိုပြု၍ ကထိန်ခင်းခြင်း၌ စွမ်းနိုင်၏၊ ထိုရဟန်းအား ပေးအပ်၏၊ သီတင်းကြီးသောရဟန်း မတတ်နိုင်၊ သီတင်းငယ်သော ရဟန်းသာ တတ်နိုင်သည် ဖြစ်အံ့၊ သီတင်းငယ်သော ရဟန်းအား ပေးအပ်၏၊ ထိုသို့ပေးအပ်သော်လည်း သံဃာသည် မဟာထေရ်အား ပေးကမ်း ချီးမြှင့်ခြင်းကို ပြုအပ်၏၊ ထို့ကြောင့် ထိုကထိန်သင်္ကန်းကို ရသော မဟာထေရ်သည် မစွမ်းနိုင်သည်ဖြစ်၍ ကထိန် သင်္ကန်းကို မခံလိုသည်ဖြစ်အံ့၊ သံဃာတို့က အရှင်ဘုရား ကထိန်သင်္ကန်းကို ခံပါကုန်လော့၊ အကျွန်ုပ်တို့သည် ချုပ်ခြင်း ဆိုးခြင်းကိုပြု၍ ပေးကုန်အံ့ဟု ဆိုအပ်၏၊ သံဃာသည် အဘယ်မျှ ပေးအပ်သနည်း ဟူမူ-

တိသု စီဝရေသု ယံ ဇိဏ္ဏံ ဟောတိ၊တဿတ္ထာယ ဒါတဗ္ဗံ-ဟု အဋ္ဌကထာဆရာ ဆိုသောကြောင့် သင်္ကန်းသုံးထည်တို့တွင် ရိနွမ်းဆိုးရွားသော သင်္ကန်းအလို့ငှါ တထည်ထည် လောက်အောင်ကိုသာ ပေးအပ်၏၊ နှစ်ထည်, သုံးထည် မပေးအပ်၊ ဤပါဠိဖြင့် သင်္ကန်း သုံးထည်တို့တွင် တထည်ထည်ဖြင့်သာ ခင်းအပ်၏၊ နှစ်ထည်, သုံးထည်ဖြင့် မခင်းအပ်ဟူသော အနက်ကိုလည်း အဋ္ဌကထာဆရာ ပြတော်မူ၏၊ ထို့ကြောင့်ရကား အဋ္ဌကထာ၌-

သစေ ကထိနတ္ထာရကဿ သေသစီဝရာနိပိ ဒုဗ္ဗလာနိ ဟောန္တိ၊ သံဆေန အပလောကေတွာ တေသံပိ အတ္ထာယ ဝတ္ထာနိ ဒါတဗ္ဗာနိ၊ ကမ္မဝါစာ ပန ဧကာယေဝ ဝဋ္ဋတိ-ဟု မိန့်အပ်ပြီ။

အနက်ကား- ကထိနတ္ထာရကဿ-ကထိန်ခင်းသော ရဟန်းအား၊ သေသ-စီဝရာနိပိ-ကြွင်းသော သင်္ကန်းတို့သည်လည်း၊ ဒုဗ္ဗလာနိ-ကုန်သည်၊ သစေ-ဟောန္တိ-ကုန်အံ့၊ သံဆေန-သည်၊ အပလောကေတွာ-ပန်၍၊ တေသံပိ-ထိုရိုနွမ်းသော သင်္ကန်းတို့၏လည်း၊ အတ္ထာယ-ငှါ၊ ဝတ္ထာနိ-အာနိသင် ဖျင်ပုဆိုးတို့ကို၊ ဒါတဗ္ဗာနိ-ကုန်၏၊ ပန-အံ့၊ ကမ္မဝါစာ-သည်၊ ဧကာယေဝ-ရှေးဦးတကြိမ်သာလျှင်၊ ဝဋ္ဋတိ-၏။

အချို့သော ဆရာတို့ကား- နှစ်ထည်, သုံးထည် ခင်းခြင်းငှါ အပ်၏ဟု အယူရှိကုန်၏၊ ခင်းခြင်းကိုလည်း ပြုကြကုန်၏၊ ယခင် အဋ္ဌကထာပါဠိကို ထောက်၍ စင်စစ် မအပ်၊ အမွှကံ ဖြစ်သည်သာ မှတ်လေ။

ထို ကထိန်ခင်းခြင်းငှါ ထိုက်သော မဟာထေရ်အား ပြကတေ့အားဖြင့် နှစ်ထပ်သော သင်္ကန်း၏ တလွှာသော အထည်သည် ထူအံ့၊ ကထိန်သင်္ကန်း သည် ပါးအံ့၊ လျော်ပတ်စေခြင်းငှါ နှစ်ထပ် လောက်အောင် မရသည် ရှိသော် တထပ်ကိုပင် ရုံအံ့ဟု မဟာထေရ်ကြီးက ဆိုသော်လည်း နှစ်ထပ် လောက်အောင်သာ ပေးအပ်၏၊ အကြင် ရဟန်းသည် အလိုကြီးသည်ဖြစ်၍ နှစ်ထပ်သောသင်္ကန်းကို ရလိုသောကြောင့် ဆို၏၊ ထိုရဟန်းအား မပေးအပ်၊ ထိုနှစ်ထပ် လောက်အောင် ရသော ရဟန်းသည်လည်း ကထိန်ခင်းပြီးသည် ရှိသော် ချုပ်ရိုးကို ဖြေ၍ သင်္ကန်းနှစ်ထည် ပြုအံ့ဟု နှလုံးသွင်း၍ မယူ,မခံအပ်၊ သံဃာတို့ ပေးအပ်သည် ဖြစ်၍ ကထိန်သင်္ကန်းကို ခံယူသော ရဟန်းသည် လည်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည် ဖြစ်ရာ၏၊ အင်္ဂါရှစ်ပါးဟူသည်ကား-

အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ၊ ပုဗ္ဗကရဏံ ဇာနာတိ၊ ပစ္စုဒ္ဓါရံ ဇာနာတိ၊ အဓိဋ္ဌာနံ ဇာနာတိ၊ အတ္ထာရံ ဇာနာတိ၊မာတိကံ ဇာနာတိ၊ ပလိဗောဓံ ဇာနာတိ၊ ဥဗ္ဘါရံ ဇာနာတိ၊အာနိသံသံ ဇာနာတိ၊ဣမေဟိ အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ။ ။ဟူသော ပရိဝါပါဠိတော် ဖြင့် သိအပ်၏။

အနက်ကား-အဋ္ဌဟိ-ကုန်သော၊ အင်္ဂေဟိ-တို့နှင့်၊ သမန္နာဂတော-သော၊ ပုဂ္ဂလော-သည်၊ ကထိနံ-ကို၊ အတ္ထရိတုံ-ငှါ၊ ဘဗ္ဗော-ထိုက်၏၊ ပုဗ္ဗကရဏံ-

ဖွပ်ခြင်း, ဖြတ်ခြင်း, စီရင်ခြင်း, စပ်ခြင်း, ချုပ်ခြင်း, ဆိုးခြင်း, ကပ္ပဗိန္ဒု ထိုးခြင်း တည်းဟူသော ခုနစ်ပါးသော ပုဗ္ဗကိစ္စကို၊ ဇာနာတိ-၏၊ ပစ္စုဒ္ဓါရံ-ပစ္စုဒ္ဓိုရ် ပြုရာသည်ကို၊ ဇာနာတိ-၏၊ အဓိဋ္ဌာနံ-အဓိဋ္ဌာန် တင်ရာသည်ကို၊ ဇာနာတိ-၏၊ အတ္ထာရံ-ကထိန်ခင်းရာသော အစီအရင်ကို၊ ဇာနာတိ-၏၊ မာတိကံ-မာတိကာရှစ်ပါးကို၊ ဇာနာတိ-၏၊ ပလိဗောဓံ-နှစ်ပါးသော ပလိဗောဓကို၊ ဇာနာတိ-၏၊ ဥဒ္ဓါရံ-ကထိန်နုတ်ရာသော အစီအရင်ကို၊ဇာနာတိ-၏၊ အာနိသံသံ-ကထိန်ခင်းခြင်း၏ အကျိုးကို၊ ဇာနာတိ-၏၊ အဋ္ဌဟိ-ရှစ်ပါးကုန်သော၊ ဣမေဟိ အင်္ဂေဟိ-တို့နှင့်၊ သမန္နာဂတော-သော၊ ပုဂ္ဂလော-သည်၊ ကထိနံ-ကို၊ အတ္ထရိတုံ-ငှါ၊ ဘဗ္ဗော-၏။

ဤပါဠိတော်၏ အဓိပ္ပါယ်ကို အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သာလျှင် ခင်းထိုက်၏၊အင်္ဂါရှစ်ပါးနှင့် မပြည့်စုံမူ ကထိန်မခင်းထိုက်၊ခင်းချေသော် ကထိန်မမြောက်၊ အဓမ္မကံ ဖြစ်တော့သည်၊ဤသို့မှတ်မယူအပ်၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်အံ့၊မှန်ကန်စွာ ပြုပြင်စီရင်နိုင်ရာ၏၊ မပြည့်စုံမူကား မှန်ကန်စွာ မပြုပြင်မစီရင်နိုင်ရာ၊မှန်ကန်စွာ မပြုပြင်မစီရင်နိုင်သော် ကထိန် မမြောက်၊ အဓမ္မကံ ဖြစ်၍ အာပတ် သင့်လေရာသောကြောင့် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ကထိန်ခင်းခြင်းငှါ ထိုက်၏-ဟု ဟောတော်မူသည်၊ ဤသို့သော အဓိပ္ပါယ်ကိုသာ မှတ်ယူအပ်သည်၊ ထို့ကြောင့် ဂဏ်းပရိဝါပါဠိတော်၌-

> ဒွိန္နံ ပုဂ္ဂလာနံ အတ္ထတံ ဟောတိ ကထိနံ အတ္ထာရကဿစ အနုမောဒကဿစ။ ၊ဟုမိန့်အပ်ပြီ။

အကယ်၍ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းသာ ခင်းအပ်သည်ဖြစ်အံ့၊ "အဋ္ဌဂ် သမန္နာဂတဿ အတ္ထာရကဿ" ဟု အထူးပြု၍ ဟောတော်မူရာ၏၊ ထိုသို့ကား ဟောတော်မမူ၊ သာမညအားဖြင့် ဟောတော်မူသောကြောင့် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောပုဂ္ဂိုလ်, မပြည့်စုံသော ပုဂ္ဂိုလ် နှစ်ပါးစုံပင် ကထိန်ခင်းထိုက်ကြောင်း သိရသည်။

အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သာ ကထိန် ခင်းထိုက်ကြောင်းကို ဟောတော်မူပြီးရကား ဤအရာ၌ သာမညပင် ဟောတော်မူသော်လည်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ် ဝိသေသကိုသာ မှတ်အပ်သောကြောင့် အင်္ဂါရှစ်ပါးနှင့် မပြည့်စုံသော ပုဂ္ဂိုလ်သည် ကထိန်ခင်းခြင်းငှါ မထိုက်သည်သာဟု ဆိုငြားအံ့၊ ထိုသို့ဆိုချေသော်-

သစေ ပုရိမိကာယ ဥပဂတာ ကထိနတ္ထာရကုသလာ န ဟောန္တိ၊ အတ္ထာရကုသလာ ခန္ဓကဘာဏကတ္ထေရာ ပရိယေသိတွာ အာနေ- တဗ္ဗာ၊ ကမ္မဝါစံ သာဝေတွာ ကထိနံ အတ္ထရာပေတွာ ဒါနဥ္စ ဘုဥ္စိတွာ ဂမိဿန္တိ၊ အာနိသံသော ပန ဣတရေသံယေဝ ဟောတိ။

ဟူသော (ဝိနယသင်္ဂဟ) အဋ္ဌကထာစကားသည် ချွတ်ယွင်းရာ၏၊အဋ္ဌက- ထာ ဟူသည် ဘုရားသခင်လက်ထက်တော်ကပင် ပဋိသမ္ဘိဒါပတ္တ, ဆဠဘိညာ ဖြစ်တော်မူသော ရဟန္တာအရှင်မြတ်တို့၏ ပရိပုစ္ဆာဓမ္မသာကစ္ဆာကိုပင် ဆိုအပ် သောကြောင့် စင်စစ်မှန်၏၊တစိုး တစိမျှ ချွတ်ယွင်းဖေါက်ပြန်သော အရာမရှိ၊ ထိုကြောင့် ယခင်ဆိုအပ်ပြီးသော နည်းဖြင့် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည် ဖြစ်စေ, မပြည့်စုံသည် ဖြစ်စေ ကထိန်ခင်းခြင်းငှါ ထိုက်သည်သာ ဖြစ်၏-ဟု နိသံသယ ကေန္တမှတ်ရာ၏။

ဤအဋ္ဌကထာပါဌ်၌ "ကထိနတ္ထာရကုသလာ န ဟောန္တိ" ဟူသော ပါဌ်ဖြင့် ကထိန်ခင်းသော ရဟန်း၏ အင်္ဂါရှစ်ပါးနှင့် မပြည့်စုံသော အဖြစ် ကို ပြသည်။

အနက်ကား- ပုရိမိကာယ—ပုရိမဝါ၌၊ ဥပဂတာ-ကပ်ကုန်သော ရဟန်း တို့သည်၊ ကထိနတ္ထာရကုသလာ-ကထိန်ခင်းခြင်းငှါ လိမ်မာကုန်သည်၊သစေ- နဟောန္တိ - အကယ်၍ မဖြစ်ကုန်အံ့၊ အတ္ထာရကုသလာ—ကထိန်ခင်းခြင်းငှါ လိမ်မာကုန်သော၊ ခန္ဓကဘာဏကတ္ထေရာ-ကထိနခန္ဓကကို ဆောင်ကုန်သော မဟာထေရ်တို့ကို၊ ပရိယေသိတွာ—၍၊ အာနေတဗ္ဗာ-ကုန်၏၊ ကမ္မဝါစံ-ကို၊ သာဝေတွာ-ဖတ်၍၊ ကထိနံ-ကို၊ အတ္ထရာပေတွာ-ခင်းစေ၍၊ ဒါနဥ္စ-အာမိသ ဒါနကိုလည်း၊ ဘုဥ္စိတွာ—သုံးဆောင်၍၊ ဂမိဿန္တိ - သွားကုန်လတ္တံ့၊ ပန- ထိုသို့ ဆောင်အပ်သော်လည်း၊ အာနိသံသော – ကထိန် အာနိသင်သည်၊ ဣတရေသံယေဝ – ကထိန်ခင်းခြင်းငှါ ထိုက်သော ရဟန်းတို့အားသာလျှင်၊ ဟောတိ-၏။

အင်္ဂါရှစ်ပါးတို့တွင် ပုဗ္ဗကရဏကိုသိ၏ ဟူသည်ကား"ပုဗ္ဗကရဏံ သတ္တဟိ ဓမ္မေဟိ သင်္ဂဟိတံ ဓောဝနေန ဝိစာရဏေန ဆေဒနေန ဗန္ဓနေန သိဗ္ဗနေန ရဇနေန ကပ္ပကရဏေန၊" ဟူသော ပရိဝါပါဠိတော်နှင့်အညီ ဖွပ်လျှော်ခြင်း, ပဥ္စခဏ်း သတ္တခဏ်း နဝခဏ်း စသည်ဖြင့် စီရင်ခြင်း, ဖြတ်ခြင်း, စပ်ခြင်း, ချုပ်ခြင်း, ဆိုးခြင်း, ကပ္ပဗိန္ဒုထိုးခြင်း ဤခုနစ်ပါးကို သိခြင်းတည်း၊ ဤပုဗ္ဗ- ကရဏ ခုနစ်ပါး၏သရုပ်ကို မှတ်မိကာ ရေတွက်တတ်ရုံကာမျှကို သိသည်

မဆိုလို၊ ခုနစ်ပါးသော ပုဗ္ဗကရဏကို ပြုခြင်း၄ါ စွမ်းနိုင်သည့်, လိမ်မာကျွမ်းကျင်သည်ကိုသာ ပုဗ္ဗကရဏကို သိ၏ဟု ဆိုလိုသည်။

ပစ္စုဒ္ဓိုရ်ပြုရာသည်ကို သိ၏ ဟူသည်ကား "ပစ္စုဒ္ဓါရော တီတိ ဓမ္မေဟိ သင်္ဂဟိတော သံဃာဋိယာ ဥတ္တရာသင်္ဂေန အန္တရဝါသကေန" ဟူသော ပရိဝါပါဠိတော်နှင့် အညီ ဒုကုဋ်ကို ပစ္စုဒ္ဓိုရ်ပြုခြင်း, ကိုယ်ဝတ်ကို ပစ္စုဒ္ဓိုရ်ပြုခြင်း, သင်းပိုင်ကို ပစ္စုဒ္ဓိုရ် ပြုခြင်း ဤသုံးပါးကို သိခြင်းတည်း၊ ဤအရာ၌လည်း ပစ္စုဒ္ဓိုရ်ပြုခြင်း သုံးပါး၏ သရုပ်သဘောကို မှတ်မိကာ ရေတွက်တတ်ရုံကာမျှကို သိသည်မဆိုလို၊ ဒုကုဋ် ဖြစ်အံ့၊ "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ" ကိုယ်ဝတ်ဖြစ်အံ့၊ "ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ၊" သင်းပိုင် ဖြစ်အံ့၊ "ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ၊" ဟု မချွတ်မယွင်း ပြုခြင်း၄ါ စွမ်းနိုင်သည့်, လိမ်မာ ကျွမ်းကျင်သည်ကိုသာ ပစ္စုဒ္ဓိုရ်ပြုရာသည်ကို သိ၏ဟု ဆိုလိုသည်။

အဓိဋ္ဌာန် တင်ရာသည်ကို သိ၏ ဟူသည်ကား "အဓိဋ္ဌာနံ တီတိ ဓမ္မေဟိ သင်္ဂဟိတံ သံဃာဋိယာ ဥတ္တရာသင်္ဂေန အန္တရဝါသကေန" ဟူသော ပရိဝါပါဠိတော်နှင့်အညီ ဒုကုဋ်, ကိုယ်ဝတ်, သင်းပိုင်ကို အဓိဋ္ဌာန် တင်ခြင်းဟူ၍ သုံးပါးအပြားရှိ၏၊ ထိုတွင်-ဒုကုဋ်ဖြစ်အံ့ "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" ကိုယ်ဝတ်ဖြစ်အံ့၊ "ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ" သင်းပိုင်ဖြစ်အံ့၊ "ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ" ဟု မချွတ်မယွင်း ပြုခြင်း၄ါ စွမ်းနိုင်သည့်, လိမ်မာကျွမ်းကျင်သည်ကိုသာ သိ၏ဟု ဆိုလိုသည်။

တနည်းကား- "တတ္ထ ယသ္မာ ဒွေဗိဝရသာ အဓိဋ္ဌာနာနိ ကာယေနဝါ အဓိဋ္ဌေတိ ဝါစာယဝါ အဓိဋ္ဌေတိ" အစရှိသော အဋ္ဌကထာပါဠ်နှင့်အညီ ကိုယ်ဖြင့် အဓိဋ္ဌာန်တင်ခြင်း, နှုတ်ဖြင့် အဓိဋ္ဌာန်တင်ခြင်း ဤ နှစ်ပါးသော အဓိဋ္ဌာန်တင်ခြင်းကို သိခြင်းတည်း၊ ဤနှစ်ပါးတို့တွင် ကိုယ်ဖြင့် အဓိဋ္ဌာန် တင်ခြင်း ဟူသည်ကား-ဒုကုဋ်ဟောင်း စသည်ကို ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ-စသည်ဖြင့် ပစ္စုဒ္ဓိုရ်ပြု၍ ဒုကုဋ်သစ်စသည်ကို လက်ဖြင့် ကိုင်၍"ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" စသည်ဖြင့် စိတ်ဖြင့် နှလုံးသွင်းခြင်းကိုပြု၍ ကိုယ်၏ ဖေါက်ပြန်ခြင်းကို ပြုသဖြင့် တင်ခြင်းသည် ကိုယ်ဖြင့် အဓိဋ္ဌာန်တင်ခြင်း မည်၏၊ နှုတ်ဖြင့် အဓိဋ္ဌာန်တင်ခြင်း ဟူသည်ကား-ယခင် ဆိုအပ်ပြီးသော နည်းဖြင့် ဝစီဘေဒကို ပြု၍ တင်ခြင်းသည် နှုတ်ဖြင့် အဓိဋ္ဌာန်တင်ခြင်းမည်၏၊ ဤသို့သိခြင်းကိုလည်း အဓိဋ္ဌာန်တင်ရာသည်ကို သိ၏ဟု ဆိုလိုသည်။

တနည်းကား– " တတြဲ ဒုဝိမံ အဓိဋ္ဌာနံ သစေ ဟတ္ထပါသေ ဟောတိ " အစရှိသော အဋ္ဌကထာပါဠိနှင့် အညီ သမ္မုခါအဓိဋ္ဌာန်, ပရမ္မုခါအဓိဋ္ဌာန် ဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် သမ္မုခါ အဓိဋ္ဌာန်ကို သင်္ကန်းသည် နှစ်တောင်ထွာဟတ္ထပါသ်အတွင်း၌ တည်သည်ဖြစ်အံ့၊ "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" စသည်ဖြင့် ဝစီဘေဒကိုပြု၍ တင်အပ်၏၊ ပရမ္မုခါ အဓိဋ္ဌာန်ကို ကား ဟတ္ထပါသ်မှ အပဖြစ်သော တိုက်ခန်း စသည်တို့၌၎င်း, အနီးဖြစ်သော ကျောင်း စသည်၌၎င်း တည်သော သင်္ကန်းကို "ဧတံ သံဃာဋိံ အဓိဋ္ဌာမိ" စသည်ဖြင့် ဝစီဘေဒပြု၍ တင်အပ်၏၊ ဤသို့ သိခြင်းကိုလည်း အဓိဋ္ဌာန်တင်ရာ သည်ကို သိသည်ဆိုလိုသည်၊ဤသို့ ဆိုအပ်ပြီးသော သုံးနည်းသော အဓိဋ္ဌာန် တင်ခြင်းတို့တွင် တနည်းနည်းကို သိလျှင်ပင် သိသည်မည်၏၊ နှစ်နည်း, သုံးနည်းကို သိမှုကား ဆိုဘွယ်မရှိ။

ကထိန်ခင်းခြင်းကို သိ၏ ဟူသည်ကား– ခင်းခြင်းသည် အပြားမရှိ၊ ဆိုလတ္တံ့သော နည်းဖြင့် ဝစီဘေဒကို ပြုခြင်း တပါးသာတည်း၊ ထိုစကားသည် မှန်၏၊ ဆိုလတ္တံ့သော နည်းဖြင့် နှုတ်မြွက်ခြင်းကို ပြုသဖြင့် သာလျှင် ကထိန် ခင်းခြင်း ပြည့်စုံ၏၊ ကိုယ်၏ ဖေါက်ပြန်ခြင်း ပြုသဖြင့် မပြည့်စုံ၊ ထို့ကြောင့် ဝိနယတ္ထမဉ္ဇူသာမည်သော ကင်္ခါဋီကာကျမ်း၌–

> အတ္ထရိတဗ္ဗန္တိ အတ္ထရဏံ ကာတဗ္ဗံ၊ တဉ္စ ခေါ တထာ ဝစီဘေဒ
> ကရဏမေဝါတိ ဒဋ္ဌဗ္ဗံ။ ။ဟု မိန့်အပ်ပြီ။

အနက်ကား–အတ္ထရိတဗ္ဗန္တိ – ဟူသည်ကား၊ အတ္ထရဏံ – ခင်းခြင်းကို၊ ကာတဗ္ဗံ–၏၊ တဉ္စခေါ–ထိုခင်းခြင်းကိုလည်း၊ တထာ–ထိုသို့သော အခြင်းအရာဖြင့်၊ ဝစီဘေဒကရဏမေဝ – ဝစီဘေဒ ပြုခြင်းကိုသာလျှင်၊ ဝုတ္တံ–၏၊ ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ–၏။

တနည်းကား–ခင်းခြင်းသည် ဝတ္ထုအပြားအားဖြင့် သုံးပါးတည်း၊ ထို သုံးပါးတို့တွင် ဒုကုဋ်ဖြင့် ခင်းလိုသည်ဖြစ်အံ့၊ ဒုကုဋ်ဟောင်းကို "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ" ဟု ပစ္စုဒ္ဓိရ်ပြု၍ ဒုကုဋ်သစ်ကို "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"ဟု အဓိဋ္ဌာန်တင်ပြီးမှ"ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"ဟု နှုတ်မြွက်၍ ဆိုအပ်၏၊ ကိုယ်ဝတ်ဖြင့် ခင်းလိုသည်ဖြစ်အံ့၊ ကိုယ်ဝတ်ဟောင်းကို "ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ"ဟု ပစ္စုဒ္ဓိရ်ပြု၍ကိုယ်ဝတ်သစ်ကို "ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ"ဟု အဓိဋ္ဌာန်တင်ပြီးမှ "ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ" ဟု နှုတ်မြွက်၍ ဆိုအပ်၏။

သင်းပိုင်ကို ခင်းလိုသည်ဖြစ်အံ့၊ သင်းပိုင်ဟောင်းကို "ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ"ဟု ပစ္စုဒ္ဓိုရ်ပြု၍ သင်းပိုင်သစ်ကို"ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ" ဟု အဓိဋ္ဌာန်တင်ပြီးမှ "ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ"ဟု နှုတ်မြွက်၍ ဆိုအပ်၏၊ ထို့ကြောင့် "သစေ သံဃာဋိယာ အတ္ထရိတုကာမော" စသည်ဖြင့် ဟောတော်မူအပ်ပြီ၊ ဤသို့ ဆိုအပ်ပြီးသော နည်းနှစ်ပါးတို့တွင် တပါးပါးကို သိက သိသည်ပင် မည်တော့သည်၊ နှစ်ပါးလုံးကို သိမူကား ဆိုဘွယ်မရှိ။

ဤအရာ၌ ဒုကုဋ်-စသည်ကို ယခင်ပြအပ်ပြီးသော နည်းဖြင့် မိမိတို့၏ ဝိသေသအမည်ဖြင့်သာ ပစ္စုဒ္ဓိုရ်ပြုအပ်ရာသလော၊ ထိုသို့မဟုတ် "ဣမံ စီဝရံ ပစ္စုဒ္ဓရာမိ"ဟု သာမညအားဖြင့် ပြုအပ်သလော ဟူငြားအံ့၊ ပရိက္ခာရစောဠ အဓိဋ္ဌာန် တင်အပ်သော သင်္ကန်းဖြစ်မူ "ဣမံ စီဝရံ ပစ္စုဒ္ဓရာမိ"ဟု သာမည အားဖြင့်သာ ပစ္စုဒ္ဓိုရ် ပြုအပ်၏၊ မိမိတို့၏ အမည် ဝိသေသဖြင့် မပြုအပ်၊ အဘယ့်ကြောင့်နည်း ဟူမူ ရှေး၌ သံဃာဋိ ဥတ္တရာသင် အန္တရဝါသက-ဟူသော အမည်ထူးကို မရသောကြောင့်တည်း၊ တိစီဝရိက် အဓိဋ္ဌာန် တင်သော သင်္ကန်းကိုမူကား မိမိတို့၏ အမည် ဝိသေသဖြင့် ပစ္စုဒ္ဓိုရ် ပြုအပ်၏၊ သာမညအားဖြင့် မပြုအပ်၊ အဘယ့်ကြောင့်နည်း ဟူမူ- ရှေး၌ပင် သံဃာဋိ ဥတ္တရာသင် အန္တရဝါသက-ဟူသော အမည်ထူးကိုဆိုရသောကြောင့်တည်း၊ ကထိန်ခင်းသော အရာ၌မူကား တိစီဝရိက် အဓိဋ္ဌာန်တင်သော ရဟန်းသာ ကထိန်ခင်းအပ်သောကြောင့် ယခင်ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် မိမိတို့၏အမည်ဖြင့်သာ ပစ္စုဒ္ဓိုရ် ပြုအပ်၏ဟု မှတ်လေ၊ ထို့ကြောင့် ကထိန်ခင်းသော အစီအရင်ကို ပြရာ၌ "ပစ္စုဒ္ဓါရော တီဟိ ဓမ္မေဟိ သင်္ဂဟိတော သံဃာဋိယာ" စသည်ဖြင့် ပရိဝါ၌ ဟောတော်မူအပ်ပြီ၊ ဤအရာ၌ ကထိန်ခင်းရာသော အစီအရင်ကို အရင်းမှစ၍ အဆုံးတိုင်အောင် ဆိုသင့်သော်လည်း အထက် မာတိကာစဉ်သို့ရောက်မှ သိသာလှအောင် ဆိုအံ့။ ။မာတိကာစဉ်ကို သိခြင်း ဟူသည်ကား-

အဋ္ဌိမာ ဘိက္ခဝေ မာတိကာ ကထိနဿ ဥဗ္ဘာရာယ ပက္ကမနန္တိကာ နိဋ္ဌာနန္တိကာ သန္နိဋ္ဌာနန္တိကာ နာသနန္တိကာ သဝနန္တိကာ အာသာ-ဝစ္ဆေဒိကာ သီမာတိက္ကန္တိကာ သဟုဗ္ဘာရာတိ။ ။ဟူ၍ မဟာဝါ ကထိန ခန္ဓက၌ ဟောတော်မူသော မာတိကာ ရှစ်ပါးကို သိခြင်းတည်း။

အနက်ကား-ဘိက္ခဝေ-တို့၊ ကထိနဿ-ကို၊ ဥဗ္ဘာရာယ - နုတ်ခြင်း၏၊ မာတိကာ-တို့သည်၊ ဣမာအဋ္ဌ-တို့တည်း၊ ပက္ကမနန္တိကာ-အရပ်တပါးသို့

သွားခြင်း အဆုံးရှိသော နုတ်ခြင်း၊ နိဋ္ဌာနန္တိကာ - သင်္ကန်းချုပ်၍ ပြီးခြင်း အဆုံးရှိသော နုတ်ခြင်း၊ သန္နိဋ္ဌာနန္တိကာ-ကထိန်ခင်းအပ်သော ကျောင်းသို့ မပြန်ပြီဟု ဝန်ချခြင်း အဆုံးရှိသော နုတ်ခြင်း၊ နာသနန္တိကာ - ပျက်ခြင်း အဆုံးရှိသော နုတ်ခြင်း၊ သဝနန္တိကာ – ကထိန် နုတ်ခြင်းသည် ပြီးပြီဟု ကြားခြင်း အဆုံးရှိသော နုတ်ခြင်း၊ အာသာဝစ္ဆေဒိကာ – သင်္ကန်းလျာ ပုဆိုးရနိုးခြင်း၌ အာသာပြတ်ခြင်း ရှိသော နုတ်ခြင်း၊ သီမာတိက္ကန္တိကာ- သင်္ကန်းကာလ၏ အဆုံးနေ့ဟုဆိုအပ်သော အပိုင်းအခြားကို လွန်ခြင်း အဆုံး ရှိသော နုတ်ခြင်း၊ သဟုဗ္ဘာရာ–ကထိန်ခင်းသော ကျောင်း၌ ရဟန်းတို့နှင့် တကွနုတ်ခြင်း၊ ဣတိ-သို့၊ဣမာအဋ္ဌ–ဤရှစ်ပါးတို့သည်၊မာတိကာ-တို့တည်း။

ဤအရာ၌ မာတိကာ ရှစ်ပါး၏ သရုပ်ကို မှတ်တတ်ကာ, ရေတွက်တတ် ရုံကာမျှ သိသည်ကို မဆိုလို၊ ပက္ကမနန္တိက စသည်တို့၏ အဓိပ္ပါယ်ကို အကျယ် သိသည်ကိုသာ သိ၏ဆိုလိုသည်၊ဤမာတိကာရှစ်ပါးတို့၏ အကျယ်အဓိပ္ပါယ် ကိုလည်း အထက်မာတိကာ အစဉ်သို့ ရောက်မှ သိသာလှအောင် ဆိုအံ့၊ ပလိဗောဓကို သိခြင်း ဟူသည်ကား-

ဒွေမေ ဘိက္ခဝေ ကထိနဿ ပလိဗောဓာ၊ ကတမေ ဘိက္ခဝေ ဒွေ ကထိနဿ ပလိဗောဓာ၊ အာဝါသ ပလိဗောဓောစ စီဝရပလိဗောဓောစ- စသည်ဖြင့် မဟာဝါ ကထိနခန္ဓက၌ ဟောတော်မူအပ်သော ပလိဗောဓ နှစ်ပါးကို သိခြင်းတည်း။

အနက်ကား - ဘိက္ခဝေ - တို့၊ ကထိနဿ - ၏၊ ပလိဗောဓာ-တို့သည်၊ ဣမေ ဒွေ-တို့တည်း၊ ဘိက္ခဝေ-တို့၊ ကထိနဿ–၏၊ ဒွေ-ကုန်သော၊ ပလိ- ဗောဓာ-တို့သည်၊ ကတမေ-မူကား၊ အာဝါသပလိဗောဓောစ-ၒင်း၊ စီဝရ- ပလိဗောဓောစ-ၒင်း၊ ဣမေ ဒွေ–တို့တည်း။

ထိုနှစ်ပါးသော ပလိဗောဓတို့တွင် အာဝါသ ပလိဗောဓ ဟူသည်ကား- ကထိန်ခင်းသော ကျောင်း၌ နေအံ့ဟု ငဲ့ကွက်ခြင်းတည်း၊အရပ်တပါးသို့သွား သော်လည်း ကထိန်ခင်းသော ကျောင်းသို့ တဖန်ပြန်အံ့ဟု ငဲ့ကွက်ခြင်းသည် အာဝါသပလိဗောဓ မည်၏၊ စီဝရပလိဗောဓ ဟူသည်ကား–ထိုကထိန်ခင်း သော ရဟန်းအား သင်္ကန်းကိစ္စ မပြုအပ်သေးသည်မူလည်း ဖြစ်အံ့၊ ပြု၍အပြီး သို့ မရောက်သေးသည်မူလည်း ဖြစ်အံ့၊ သင်္ကန်းလျာ ပုဆိုး ရနိုးခြင်းအာသာ မပြတ်သေးသည်မူလည်း ဖြစ်အံ့၊ ဤသို့သင်္ကန်းကိစ္စ မပြုသေးခြင်း,ပြု၍ မပြီး

သေးခြင်း, သက်န်းလျှာပုဆိုး ရနိုးခြင်း၌ အာသာ မပြတ်ခြင်းသည် စီဝရ ပလိဗောဓ မည်၏၊ ဤနှစ်ပါးသော ပလိဗောဓကို ယခင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သိသည်ကို သိ၏ဟု ဆိုသည်၊ ကထိန်နုတ်ခြင်းကို သိ၏ဟူသည် ကား–

အဋ္ဌန္နံ မာတိကာနံ ဝါ အန္တရုဗ္ဘာရတောပိ ဝါ၊
ဥဗ္ဘာရာပိ ဒုဝေ ဝုတ္တာ၊ ကထိနဿ မဟေသိနာ။

ဟူသော ဝိနယဝိနိစ္ဆယ ပါဠိနှင့်အညီ ဆိုအပ်ခဲ့ပြီးသော မာတိကာ ရှစ်ပါး တို့၏ အစွမ်းဖြင့်၎င်း, အန္တရုဗ္ဘာရ၏ အစွမ်းဖြင့်၎င်း နှစ်ပါးသော ကထိန် နုတ်ခြင်းကို သိခြင်းတည်း။

ထို နှစ်ပါးသော ကထိန်နုတ်ခြင်းတို့တွင် ကထိန်ခင်းသော ကျောင်း၏ ဥပစာရ သိမ်ပသို့ သွားသော ရဟန်းတို့၏ အစွမ်းဖြင့် ဟောတော်မူအပ်သော ခုနစ်ပါးသော ကထိန်နုတ်ခြင်း, ဥပစာရ သိမ်ပသို့ သွားပြီးလျှင် တဖန်ပြန်၍ ကထိန်ခင်းသော ကျောင်း၌ အန္တရုဗ္ဘာရကို မှီ၍ ရဟန်းတို့နှင့်တကွ အန္တ-ရုဗ္ဘာရကို ပြုသောကြောင့် သဟုဗ္ဘာရဟု ဆိုအပ်သော တပါးသော ကထိန် နုတ်ခြင်း ဤရှစ်ပါးသော ကထိန်နုတ်ခြင်းသည် ရှစ်ပါးသော မာတိကာ၌ ဝင်သောကြောင့် အဋ္ဌမာတိကုဗ္ဘာရမည်၏၊ ဥပစာရသိမ်ပသို့ မသွားမူ၍ ကထိန်ခင်းသော ကျောင်း၌ပင် နေ၍ ကထိန်နုတ်သော ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် ကထိန်နုတ်ခြင်းသည် မာတိကာ ရှစ်ပါးသို့ ဝင်သည်ဖြစ်၍ ကာလ အပိုင်းအခြားသို့ မရောက်မီ အကြား၌သာ နုတ်ခြင်းကို ပြုအပ်သော ကြောင့် အန္တရုဗ္ဘာရမည်၏၊ ထိုကထိန်နုတ်ခြင်းတို့တွင် သဟုဗ္ဘာရနှစ်ပါးကို ကမ္မဝါစာဖြင့် ပြုအပ်၏၊ ထိုသို့ပြုအပ်သော် အထူးကို အဘယ်သို့ မှတ်အပ် သနည်းဟူမူ သဟုဗ္ဘာရကို ဥပစာရသိမ်ပသို့ သွားသော ရဟန်းသည် တဖန် ပြန်ခဲ့၍ ထိုအန္တရုဗ္ဘာရကို မှီသည်ဖြစ်၍ ကထိန်ခင်းသော ဥပစာရသိမ်တွင်း ၌ တည်သော ရဟန်းတို့နှင့်တကွ ပြုအပ်၏၊ အန္တရုဗ္ဘာရကို ဥပစာရ သိမ်ပ သို့ မသွားမူ၍ ကထိန်ခင်းသော ကျောင်း၌ သိမ်တွင်း၌တည်သော ရဟန်းတို့ သည် ပြုအပ်၏၊ ဤကား အထူး။

ပက္ကမနန္တိက အစရှိသော ခုနစ်ပါးသော ကထိန်နုတ်ခြင်းတို့ကိုမူကား– ကမ္မဝါစာဖြင့် မပြုအပ်ကုန်၊ စင်စစ်သော်ကား နှစ်ပါးသော ပလိဗောဓ ပြတ်သဖြင့် အာနိသင်ငါးပါး ကင်းလေသောကြောင့် ကထိန်နုတ်ခြင်းမည် ၏၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သိခြင်းသည်သာ ကထိန်နုတ်ခြင်းကို

သိခြင်းမည်၏၊ ကထိန်နုတ်ရာသော အဆုံးအဖြတ်ကိုကား အထက် မာတိကာ စဉ်သို့ ရောက်မှ သိသာလှအောင် ဆိုအံ့။

အာနိသင်ကို သိ၏ ဟူသည်ကား- ''အတ္တတကထိနာနံ ဝေါ ဘိက္ခဝေ ပဥ္စ ကပ္ပိဿန္တိ အနာမန္တစာရော'' စသည်ဖြင့် မဟာဝါ ကထိနခန္ဓကဉ် ဟောသော အာနိသင်ငါးပါးကိုသိ၏ဟု ဆိုလိုသည်၊ထိုအာနိသင် ငါးပါး၏ အနက်အဓိပ္ပါယ်ကိုကား အောက်၌ ပြဆိုခဲ့ပြီးသောနည်းဖြင့် သိလေ။

ဤသို့လျှင် ပုရိမဝါကပ်၍ ပထမပဝါရဏာနေ့၌ ပဝါရဏာ ပြုကုန်သော လဇ္ဇီပေသလ သိက္ခာကာမ ကုက္ကုစ္စက ရဟန်းကောင်းတို့သည် မိမိတို့အား ပြဆိုခဲ့ပြီးသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံကြသည် ဖြစ်အံ့၊မိမိတို့ပင် ကထိန်ခင်း ခြင်းကို ပြုရာ၏၊အင်္ဂါရှစ်ပါးနှင့်မပြည့်စုံကြသည် ဖြစ်အံ့၊''သစေ ပုရိမိကာယ ဝဿူပဂတာ'' စသော အဋ္ဌကထာပါဠိနှင့်အညီ ကထိန ခန္ဓကကို ဆောင် သော ကထိန်ခင်းခြင်း၌ လိမ္မာသော မထေရ်တို့ကို အရပ်တပါးမှ ဆောင် ၍ ကထိန်ခင်းခြင်းကို ပြုရာ၏၊ဤကား နှစ်ခုမြောက်သော ကထိန်ခင်းခြင်း၌ ရထိုက်, မရထိုက်သော ပုဂ္ဂိုလ် အဆုံးဖြတ်ကိုဆိုသော စကားတည်း။

၃-ကထိန်သင်္ကန်း ဖြစ်ထိုက်, မဖြစ်ထိုက် အဆုံးအဖြတ်

ယခုအခါ မာတိကာအစဉ် ရောက်သည်အားလျော်စွာ ကထိန်သင်္ကန်း ဖြစ်ထိုက်, မဖြစ်ထိုက်သော အဆုံးအဖြတ်ကို ဆိုပေအံ့၊ အဘယ်သူ လှူအပ်သော သင်္ကန်းသည် ကထိန်သင်္ကန်း ဖြစ်သနည်း ဟူမူ-

ယေနကေနစိ ဒေဝေနဝါ မနုဿေနဝါ ပဉ္စန္နံဝါ သဟဓမ္မိကာနံ အညတရေန ဒိန္နံ ဝဋ္ဋတိ။

ဟူသော အဋ္ဌကထာပါဠိနှင့်အညီ အမှတ်မရှိသော နတ်သည်ဎင်း,လူသည် ဎင်း,သီတင်းသုံးဖော် ငါးယောက်တို့တွင် တယောက်ယောက်သော သူသည် ဎင်း လှူအပ်သော သင်္ကန်းသည် ကထိန်ဖြစ်ထိုက်၏ဟု ဖြေ၊ အဘယ်သို့ လှူအပ်သော သင်္ကန်းသည် ကထိန်သင်္ကန်း ဖြစ်သနည်းဟူမူ ''ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတိ''ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ဤမာဂဓဘာသာ ဖြင့်ဎင်း, ကထိန်သင်္ကန်းကို လှူပါ၏-ဟူ၍ မြန်မာဘာသာဖြင့်ဎင်း အမှတ် မရှိသော ဘာသာဖြင့် ဤစကားကို ဆို၍ လှူက-ကထိန်သင်္ကန်း ဖြစ်၏ဟု ဖြေ။

ကထိန်သင်္ကန်းလှူလိုသောသူတို့သည် ကထိန်သင်္ကန်းကို အဘယ်သို့လှူပါရ မည်နည်း၊အဘယ်သို့ လှူအပ်သော သင်္ကန်းကို ကထိန်ခင်းအပ်သနည်းဟု မသိ

သည် ဖြစ်၍ငင်း, သိလျက်ပင်သော်ငင်း မေးမူ ဤသို ကြားအပ်၏၊ ဒုကုဋ်ကိုယ်ဝတ်, သင်းပိုင် အားဖြင့် သုံးထည်သော သင်္ကန်းတို့တွင် တထည်ထည်သော သင်္ကန်း လောက်အောင် ဖျင်ပုဆိုးကို နေအရုဏ် တက်သောအခါ "ကထိန်သင်္ကန်းကို လှူပါ၏"ဟု လှူခြင်းငှါ အပ်၏၊ ထိုကထိန် သင်္ကန်း၏ ချုပ်ခြင်း,ဆိုးခြင်း အစရှိသော ပရိက်အလို့ငှါ ဤမျှသော အပ်, ဤမျှသော ချည်,ဤမျှသော ဆိုးရည် ပရိက်ပြုသော ဤမျှသော ရဟန်းတို့အား ယာဂု, ဆွမ်းအစရှိသော ခဲဘွယ်တောဇဉ်တို့ကိုလည်း လှူခြင်းငှါအပ်၏ဟု ကြားအပ်၏၊ ထို့ကြောင့် အဋ္ဌကထာ၌-

တိဏ္ဏံ စီဝရာနံ အညတရပဟောနကံ သူရိယုဂ္ဂမနသမယေ ဝတ္ထံ ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတိ၊ တဿ ပရိကမ္မတ္ထာယ ဧတ္တ-ကာနာမ သူစိယော ဧတ္တကံသုတ္တံ ဧတ္တကံ ရဇနံ ပရိကမ္မံ ကရောန္တာနံ ဧတ္တကာနံ ဘိက္ခူနံ ယာဂုဘတ္တဉ္စ ဒါတုံ ဝဋ္ဋတိ။ ။ဟူ၍ မိန့်အပ်ပြီ။

အနက်ကား-တိဏ္ဏံ-ကုန်သော၊ စီဝရာနံ-တို့တွင်၊ အညတရပဟောနကံ-တထည်ထည်လောက်သော၊ ဝတ္ထံ-ဖျင်ပုဆိုးကို၊ သူရိယုဂ္ဂမနသမယေ - နေအရုဏ်တက်သောအခါ၌၊ ကထိနစီဝရံ–ကို၊ ဒေမ-ကုန်၏၊ ဣတိ-သို့၊ ဒါတုံ-ငှါ၊ ဝဋ္ဋတိ–၏၊ တဿ-ထိုဖျင်ပုဆိုးကို၊ ပရိကမ္မတ္ထာယ-ချုပ်ခြင်း, ဆိုးခြင်း အစရှိသော ပရိက်အလို့ငှါ၊ ဧတ္တကာနာမ သူစိယော-ဤမျှသော အပ်တို့ကိုငင်း၊ ဧတ္တကံသုတ္တံ - ဤမျှသော ချည်ကိုငင်း၊ ဧတ္တကံရဇနံ–ဤမျှသော ဆိုးရည်ကိုငင်း၊ပရိကမ္မံ-ကို၊ ကရောန္တာနံ-ကုန်သော၊ ဧတ္တကာနံ ဘိက္ခူနံ–ဤမျှသော ရဟန်းတို့အား၊ ယာဂု ဘတ္တဉ္စ-ယာဂု ထမင်းကိုငင်း၊ ဒါတုံ – ငှါ၊ ဝဋ္ဋတိ-၏၊ ဣတိ-သို့၊အာစိက္ခိတဗ္ဗံ–ကြားအပ်၏။

ဤသို့သောစကားကို ကြားအပ်၏ဟု အဋ္ဌကထာဆရာ ခွင့်ပြုတော်မူခြင်းသည်လည်း ဒါယကာတို့က မေးသောကြောင့် ခွင့်ပြုတော်မူသည် မှတ်ရမည်၊ မမေးမူကား ပစ္စည်းနှင့်စပ်သော စကားကိုမျှ မကြားအပ်၊ ထို့ကြောင့် အဋ္ဌကထာ၌-

ကထိနံနာမ အတိဥက္ကဋ္ဌံ ဝဋ္ဋတိ၊ မာတရံပိ ဝိညာပေတုံ နဝဋ္ဋတိ၊ အာကာသတော ဩတိဏ္ဏသဒိသမေဝ ဝဋ္ဋတိ။ ။ဟုမိန့်အပ်ပြီ။

ကထိနံနာမ-သည်ကား၊ အတိဥက္ကဋ္ဌံ–ဝိညတ်နိမိတ် ဩဘာသ ပရိကထာမှ ကင်းလွတ်သည်ဖြစ်၍ တရားတော်နှင့်လျော်ညီစွာ ဖြစ်သဖြင့် အလွန်မွန်

မြတ်သော သင်္ကန်းသည်၊ ဝဋ္ဋတိ-အပ်၏၊ မာတရံပိ - ကိုလည်း၊ ဝိညာပေတုံ-ငှါ၊ န ဝဋ္ဋတိ-မအပ်၊ အာကာသတော-မှ၊ ဩတိဏ္ဏ သဒိသမေဝ-ကျသည်နှင့် တူသော သင်္ကန်းသည်သာလျှင်၊ ဝဋ္ဋတိ-၏။

ကထိန်ခင်းသော ရဟန်းသည်လည်း တရားတော်နှင့် လျော်ညီစွာ ဖြစ်သော ကထိန်သင်္ကန်းကို ခင်းသဖြင့် ဝတ်ကို သိအပ်၏၊ အဘယ်သို့ သိအပ်သနည်း ဟူမူ-

ရက်ကန်းသည်အိမ်မှ ဆောင်ခဲ့သော သဏ္ဌာန်ဖြင့် ကစီအလိမ်းလိမ်းကပ်သော ဖျင်ပုဆိုးသည် မအပ်၊ ညစ်နွမ်းသော ဖျင်ပုဆိုးသည်လည်း မအပ်၊ ထို့ကြောင့် ကထိန်ခင်းရန် ဖျင်ပုဆိုးကိုရသည်ရှိသော် ကောင်းစွာ ဖွပ်လျော်၍ ဖြတ်ခြင်း ချုပ်ခြင်း အစရှိသော သင်္ကန်း အဆောက်အဦတို့ကို စီရင်၍ များစွာသော ရဟန်းတို့နှင့်တကွ ထိုနေ့ပြီးအောင် ချုပ်ခြင်း ဆိုးခြင်း ကပ္ပဗိန္ဒုထိုးခြင်းကိုပြု၍ ခင်းအပ်၏၊ ပြီးပြီးသော ပရိက်ံရှိသော သင်္ကန်းကို ရမူကား ဖြတ်ခြင်း ချုပ်ခြင်း အစရှိသော ပရိက်ံကို မပြုရပြီ၊ ကထိန်ခင်းခြင်းငှါ ထိုက်သော ရဟန်းအား ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် ပေး၍ ခင်းခြင်းကိုသာ ပြုအပ်တော့သည်၊ ထို့ကြောင့် ဝိနယသင်္ဂဟ အဋ္ဌကထာ၌-

ဧဝံ ဒိန္နေ ပန ကထိနေ သစေ တံ ကထိနဒုဿံ နိဋ္ဌိတပရိကမ္မမေဝ ဟောတိ၊ ဣစ္စေတံ ကုသလံ။ ။ဟု မိန့်အပ်ပြီ။

ထိုသင်္ကန်းဖြင့် မခင်းမီခင် တပါးသောသူသည် ကထိန်သင်္ကန်းကို လှူသည်ဖြစ်အံ့၊ကထိန်သင်္ကန်းမှ တပါးသော များစွာသော ကထိန်အာနိသင် သင်္ကန်းတို့ကိုသည်း လှူသည်ဖြစ်အံ့၊ ထိုအာနိသင်သင်္ကန်း များစွာလှူနိုင်သော သူ၏ ဖျင် ပုဆိုးကို ခင်းအပ်၏။

အာနိသင်သင်္ကန်းကို များစွာမလှူနိုင်သော သူတို့အား ဤဆိုလတ္တံ့သော နည်းဖြင့် ဆုံးမ၍ သိစေအပ်၏။

ဒါယကာတို့ အလှူမည်သည်ကား သံဃာအား လှူသည်မှစ၍ များစွာ အကျိုးအာနိသင်ရှိ၏၊ ကထိန်ခင်းခြင်းမှုကား ရဟန်းတို့အား ကျေးဇူးများစေခြင်းငှါ ခွင့်ပြုတော်မူသည်၊ ထို့ကြောင့် ဉတ်ရသည် ဖြစ်စေ, မရသည်ဖြစ်စေ အကျိုးကြီးသည်သာ ဖြစ်၏ဟူ၍ရင်း ဒါယကာတို့ သင်တို့သည်လည်း သံဃာအား လှူ၏၊ ဤဒါယကာသည်လည်း သံဃာအားပင် လှူ၏၊ ဘုရားသခင်သည်လည်း-

ယော သီလဝါ သီလဝန္တေသု ဒဒါတိ ဒါနံ ဓမ္မေန လဒ္ဓံ
သုပသန္နစိတ္တော အဘိသဒ္ဒဟံ ကမ္မဖလံ ဥဠာရံ၊ တံ ဝေ ဒါနံ ဝိပုလ-
ပ္ဖလန္တိ ဗြူမိ။ ။ဟူ၍ ဟောတော်မူ၏။

သီလဝါ-သီလရှိသော၊ ယောဥပါသကော-သည်၊ သီလဝန္တေသု-သီလရှိကုန်သော ဘုရားတပည့်သား'သံဃာတို့၌၊ ဓမ္မေန-တရားသဖြင့်၊ လဒ္ဓံ-ရအပ်သော၊ ဒါနံ ဒေယျဓမ္မ-ဒါနဝတ္ထုကို၊ သုပသန္နစိတ္တော-ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍၊ ဥဠာရံ – မွန်မြတ်သော၊ ကမ္မဖလံ – ကို၊ အဘိသဒ္ဒဟံ-အဘိသဒ္ဒဟန္တော-ယုံကြည်သည်ဖြစ်၍၊ဒဒါတိ-၏၊တံဒါနံ-ကို၊ဝေ ကေဝလေန-ဖြင့်၊ ဝိပုလပ္ဖလန္တိ-ပြန့်ပြောသော အကျိုးရှိ၏ ဟူ၍၊ ဗြူမိ-ဟောတော်မူ၏။

ဤသို့ ဟောတော်မူသောကြောင့် သံဃာအား လှူသောကာလမှ စ၍ ကြီးမြတ်သော အကျိုးရှိ၏ ဤသို့ အစရှိသော တရားစကားဖြင့် သိစေ အပ်၏၊ သို့အရာ၌ ကထိန်ခင်းစိမ့်သောငှါ ဆောင်၍ လှူအပ်သော များစွာ သော သင်္ကန်းတို့တွင် ကထိန်ခင်းအပ်သော သင်္ကန်းတထည်သာလျှင် ကထိန် သင်္ကန်း မည်၏၊ ကြွင်းသော သင်္ကန်းတို့သည် များကုန်သော်လည်း အာနိ သင် သင်္ကန်းသာ မည်၏၊ ထို့ကြောင့် ဝိနယသင်္ဂဟ အဋ္ဌကထာ၌-

သစေ တသ္မိံ အနတ္ထတေယေဝ အညံ ကထိနသာဋကံ အာဟရ-
တိ၊အညာနိစ ဗဟူနိ ကထိနာနိသံသဝတ္ထာနိ ဒေတိ။- ။ဟု မိန့်အပ်ပြီ။

ဤပါဌ်ဖြင့်လည်း ကထိန် အာနိသင်ဟူသည် ဖျင်ပုဆိုးတို့ကို ဆိုအပ်ကုန် ပြီ၊ အဖိုးကို မဆိုအပ်သော အနက်ကို ပြတော်မူ၏၊ အကယ်၍ အဖိုးကို ဆို အပ်သည် ဖြစ်အံ့၊ "အညာနိစ ပတ္တာနိသံသာနိ ကထိနဝတ္ထာနိ" ဟု ဆို ရာ၏၊ ထိုသို့ကား မဆို၊ "အညာနိစ ဗဟူနိ ကထိနာနိသံသဝတ္ထာနိ ဒေတိ" ဟူ၍သာ ဆိုတော်မူ၏၊ထို့ကြောင့် အဖိုးကို မဆိုဟု သိအပ်၏၊ ထိုသို့သိအပ် သောကြောင့် များသောအာနိသင် ရှိသည်၏ အဖြစ်ကို အဖိုး၏အစွမ်းဖြင့် မယူမူ၍ ဖျင်ပုဆိုး၏ အစွမ်းဖြင့်သာ ယူအပ်၏။

"တဒဟေဝ သိဗ္ဗေတွာ" ဟူသော အဋ္ဌကထာပါဌ်၌ တဒဟေဝ-ဟူသော ပါဌ်ကို ကရဏသန္နိဋ္ဌိမှ လွတ်စေခြင်းငှါ ဆိုတော်မူ၏၊ ဒါယကာတို့လက်မှ ဖျင်ပုဆိုးကို ရသည့်နေ့၌ပင် သံဃာသည် ခင်းထိုက်သော ရဟန်းအား ပေး အပ်၏၊ ဒုတိယ စသောနေ့၌ ပေးမူကား နိစယသန္နိဓိ ဖြစ်၏၊ကထိန်ခင်းသော ရဟန်းသည်လည်း သံဃာ့လက်မှ ရသနေ့၌ပင် ဖွပ်ခြင်း ဖြတ်ခြင်း စသည်ကို ပြီးစေ၍ ကထိန်ခင်းအပ်၏၊ ဒုတိယ စသောနေ့၌ သင်္ကန်းကိစ္စ ပြီးစေ၍ ခင်းမူ

ကား ကရဏသန္နိမိဖြစ်၏၊ ဤသန္နိမိ နှစ်ပါး ကင်းလွတ်မှ ကထိန်ခင်းမြောက်သည်၊မကင်းလွတ်က မမြောက်၊ကထိန်ခင်းမမြောက်သော် အာနိသင် ငါးပါးကို မခံရချေ၊ ထို့ကြောင့် ဘုရားသခင်သည်-

န သန္နိမိကတေန အတ္ထတံ ဟောတိ ကထိနံ။ ။ဟူ၍ ဟောတော်မူအပ်ပြီ။

အနက်ကား – သန္နိမိကတေန – ကရဏသန္နိမိ, နိစယသန္နိမိကို ပြုသဖြင့်၊ ကထိနံ–ကို၊ အတ္ထတံ–ခင်းအပ်သည်၊ န ဟောတိ-မဖြစ်။

ယခုအခါ ဆရာတို့ကား အာနိသင် သင်္ကန်းကို ကထိန်မခင်းမီ ကျောင်းသို့ ဆောင်ခဲ့စေပြီးလျှင် သံဃာကို ရေတွက် ရည်မှတ်၍ ဖြတ်ခြင်း ချုပ်ခြင်းစသည်ကို ပြုကြကုန်ပြီးမှ ကထိန်ခင်းအပ်သော နေ့၌ ကထိန်အလို့ငှါ ဆောင်အပ်သော သင်္ကန်းနှင့်တကွ လှူစေ၍ ကထိန်ခင်းခြင်းကို ပြုပြီးမှ ဝေဘန်ကြကုန်၏။

အချို့အရပ်၌လည်း ဒါယကာတို့သည် အရံတွင်း၌ ရှိသော သံဃာကို ရေတွက်ပြီးလျှင် ရဟန်းအား ဒုကုဋ်, သာမဏေအား ကိုယ်ဝတ် သင်းပိုင် စသည်ဖြင့် ရည်မှတ်၍ အာနိသင် သင်္ကန်းတို့ကို ကျောင်းသို့ ဆောင်ပြီးလျှင် မိမိတို့ ရည်မှတ်သော အခြင်းအရာကို လျှောက်ထား၍ ဆယ်ကျောင်းဆယ်စု ငါးကျောင်းငါးစု စသည်ကိုပြု၍ ပေးအပ်ကုန်၏၊ ထိုဆရာတို့လည်း ဖွပ်ခြင်း ဖြတ်ခြင်း စသည်ကို ပြုကုန်၏၊ ပြုပြီးလျှင် တပေါင်းတစု ခေါက်လိပ်၍ မည်သည့် ကျောင်းသင်္ကန်း စသည်ဖြင့် လိပ်ကမ္ဗည်း ရေးမှတ်ပြီးလျှင် အသီးအသီး ဒါယကာတို့လက်သို့ ပေးအပ်ကုန်၏၊ ဒါယကာတို့လည်း ကထိန်ခင်းအံ့သော နေ့၌ ကထိန်သင်္ကန်းနှင့်တကွ ချုပ်ဆိုးပြီးသော သင်္ကန်းတို့ကို ကျောင်းသို့ တဖန် ဆောင်ပြန်၍ လှူကုန်၏၊အလှူခံပြီးလျှင်လည်း ကထိန်သင်္ကန်းကို ဉ,တ်ကမ္မဝါစာဖြင့် မပေးမီ အသီးအသီးကျောင်းသို့ ဆောင်၍ ဝေဘန်ကြကုန်၏။

ဤသို့သော အရာများသည် "တိဏ္ဏံ စီဝရာနံ အညတရ ပဟောနကံ သူရိယုဂ္ဂမန သမယေ ဝတ္ထံ ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတိ" ဟူသော အဋ္ဌကထာနှင့်အညီ ဤပါဠ်၌ "သူရိယုဂ္ဂမနသမယေ ဒါတုံ ဝဋ္ဋတိ"ဟူသော ပါဌ်ဖြင့် ကထိန်ခင်းအပ်သော နေ့၌သာ လှူအပ်ကြောင်းကိုပြသည်၊ ထိုသို့ ပြစေ ဖြစ်စေကာမူ "တိဏ္ဏံ စီဝရာနံ အညတရ ပဟောနကံ ဝတ္ထံ" ဟူသော ပါဌ်ဖြင့် ကထိန်အလို့ငှါ ဆောင်အပ်သော သင်္ကန်းကိုသာ ပြတော်မူသည်၊ အာနိသင် သင်္ကန်းကို ပြသောအရာမရှိ ဟူငြားအံ့၊အာနိသင် သင်္ကန်းဟူသည်

ကထိန်သင်္ကန်း၏ အခြံအရံ ကထိန်သင်္ကန်းနှင့် တကွ ဆောင်ယူလှူဒါန်းအပ်သော ဖျင်ပုဆိုးပင် ဖြစ်သောကြောင့် ကထိန်သင်္ကန်းသည် ပုဗ္ဗင်္ဂမပဓာန ဖြစ်ရကား ၎င်းကထိန်သင်္ကန်းကို ပြသဖြင့် အခြံအရံဖြစ်သော သင်္ကန်းတို့ကိုလည်း "ရာဇာ အာဂတော" ဟူသကဲ့သို့ ပဓာနနည်းအားဖြင့်၎င်း, "သဒ္ဓါ ဒေယျာနိ ဘောဇနာနိ ဘုဥ္ဇိတွာ"ဟူသကဲ့သို့ နိဒဿန နည်းအားဖြင့်၎င်း, "သဒ္ဓါတပတ္တော ရာဇကုမာရော"ဟူသကဲ့သို့ ဥပလက္ခဏ နည်းအားဖြင့်၎င်း ပြသတည်း။

ဤအဋ္ဌကထာပါဠိဖြင့် ကထိန်သင်္ကန်း, အာနိသင်သင်္ကန်း နှစ်ပါးစုံကိုပင် ကထိန်ခင်းအံ့သော နေ့၌သာ လှူအပ်ကြောင်းကို ပြသည်မှန်စေကာ ရှေးဦးစွာ ဖြတ်ခြင်း ချုပ်ခြင်း စသည်ကို ပြုကာမျှသာဖြစ်သည်၊လှူလေသည်မဟုတ်၊ ယင်းသို့ဖြစ်၍ အပြစ်မရှိ ဟူငြားအံ့၊ ထိုအာနိသင်သင်္ကန်းတို့ကို ကထိန်ခင်းအံ့သော ရဟန်းမှတပါး အလုံးစုံသောရဟန်းတို့အား အသီးအသီး ရည်မှတ်လေပြီး ဖြစ်သောကြောင့် ကထိန်သင်္ကန်းလည်း ပုဂ္ဂိုလ်အား ညွတ်သည် ရည်သည် ဖြစ်ရာ၏၊ သံဃာအား ညွတ်သည်, ရည်သည်မဖြစ်ရာ၊ မဖြစ်ကလည်း "သံဃဿ ကထိန စီဝရံ ဒေမ" ဟု ရဟန်းတို့က သင်၍ဆိုသော်လည်း ထိုသင်္ကန်းသည် သံဃိက မဖြစ်ရာ၊ သံဃိက ဖြစ်သော်လည်း ပုဂ္ဂိုလ်အား ညွတ်ရင်း ရည်ရင်းသင်္ကန်း ဖြစ်သောကြောင့် အဓမ္မိကဒါန ကိုးပါး, အဓမ္မိက ပဋိဂ္ဂါဟ ကိုးပါး,အဓမ္မိကပရိဘောဂတို့တွင် တပါးပါးသို့ သက်ဝင်ရာ၏၊ ထိုသို့ သက်ဝင်သည်ရှိသော် ဓမ္မေန သမေန ဥပ္ပန္နံ-ဟူ၍ လာသောကြောင့် ထိုအဓမ္မိက သင်္ကန်းဖြင့် ကထိန်ခင်းခြင်းသည် ကထိန်မမြောက်ရာ၊ ကထိန်ခင်းခြင်း မမြောက်သော် အာနိသင်ငါးပါး ပျက်ခဲ့ရာ၏၊ အာနိသင်ငါးပါး ပျက်ခဲ့သော် ရဟန်းတို့အား များသော အပြစ်ရှိသည် ဖြစ်ရာ၏၊ ယင်းသို့ ဖြစ်သောကြောင့် ကထိန်ခင်းအပ်သော နေ့၌ ဆောင်ယူ၍ ဆိုအပ်ပြီးသောနည်းဖြင့် သံဃာအား လှူအပ်သော သင်္ကန်းသာ ကထိန်သင်္ကန်း, အာနိသင်သင်္ကန်း မုချစင်စစ်ဖြစ်သည်ဟု မှတ်လေ။

အာနိသင်ဟူသည်ကား ကထိန်ခင်းအံ့သော နေ့၌ လှူအပ်သော သင်္ကန်းတို့တွင် ဥတ်ရသော သင်္ကန်းမှ ကြွင်းသော သင်္ကန်း, ကထိန်ခင်းစဉ် သေသော ရဟန်းတို့၏ သင်္ကန်း, ကထိန်မနုတ်မီ သံဃာကို ရည်၍ လှူသော သင်္ကန်း,သံဃာတို့ လယ်ယာ ဥယျာဉ်မှ ဖြစ်သော စပါး,ပြောင်း, ၀ဲ-စသည်ဖြင့် ကပ္ပိယကာရကတို့ လဲလှယ်ဆောင်ယူအပ်သော သင်္ကန်းတို့ကို ဆိုသည်၊ ထို့ကြောင့် အဋ္ဌကထာ၌-

ယောစ တတ္ထ စိဝရပ္ပါဒေါတိ ကထိနတ္ထတသီမာယ မတာက စီဝရံ ဝါ ဟောတု၊ သံဃံ ဥဒ္ဒိဿ ဒိန္နံ ဝါ၊ သံဃိကေန တတြုပ္ပါဒေန အာဘတံဝါ၊ယေနကေနစိ အာကာရေန ယံ သံဃိကစီဝရံ ဥပ္ပဇ္ဇတိ၊ တံ တေသံ ဘဝိဿတီတိ အတ္ထော။ ။ ဟု မိန့်အပ်ပြီ။

အနက်ကား–ယောစ တတ္ထ စိဝရပ္ပါဒေါတိ–ဟူသည်ကား၊ ကထိနတ္ထတ-သီမာယ-ကထိန်ခင်းသော ဥပစာရသိမ်၌၊မတာကစီဝရံဝါ-သေသော ရဟန်းတို့၏ သင်္ကန်းသည်လည်း၊ ဟောတု-စေ၊ သံဃံ-ကို၊ ဥဒ္ဒိဿ-၍၊ ဒိန္နံဝါ-လှူအပ်သော သင်္ကန်းသည်လည်း၊ ဟောတု-စေ၊ သံဃိကေန-ဖြစ်သော၊ တတြုပ္ပါဒေန - ထိုသံဃာ၏ လယ် ယာ ဥယျာဉ် စသည်တို့မှ ဖြစ်သော စပါး, ပြောင်း,ပဲ စသည်ဖြင့်၊အာဘတံဝါ-ဆောင်အပ်သည်လည်း၊ဟောတု-စေ၊ ယေနကေနစိ-အမှတ်မရှိသော၊အာကာရေန-ဖြင့်၊ ယံ သံဃိကစီဝရံ-သည်၊ ဥပ္ပဇ္ဇတိ-၏၊ တံသဗ္ဗံ-သည်၊ တေသံ ဘိက္ခူနံ - ထို ကထိန်ခင်းသော ရဟန်းတို့အား၊ ဘဝိဿတိ-လတ္တံ့၊ ဣတိအတ္ထော–ဤကား အနက်တည်း။

ကထိန်မခင်းမီ သံဃာအား လှူအပ်သော သင်္ကန်း, ကထိန်ခင်းဆဲ ပုဂ္ဂိုလ်အား လှူအပ်သော သင်္ကန်း, ကထိန်နုတ်ပြီးမှ လှူအပ်သော သင်္ကန်းများသည် အာနိသင် မမည်၊ ဤသို့သောအရာကို ထောက်၍ လင်္ကာပေသလ သိက္ခာကာမ ဖြစ်တော်မူသော အရှင်ကောင်းတို့သည် ကထိန်သင်္ကန်း, အာနိသင်သင်္ကန်းမြောက်အောင် အလှူခံခြင်း, ဒါယကာတို့အား လှူစေခြင်းကို ပြုပြီးမှ ကထိန်ခင်းကုန်ရာ၏၊ "ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတိ" ဟူသော အဋ္ဌကထာပါဠိ၌ "ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ" ဟူသော ကမ္မဝါစာပါဠိနှင့် အညီ "သံဃဿ ကထိနစီဝရံ ဒေမ" ဟု အဋ္ဌကထာဆရာ ဆိုသင့်လျက် ထိုသို့ ဆိုတော်မမူခြင်းသည် ရှေး၌ ပြုအပ်သော လေ့လာခြင်း ရှိသောကြောင့် 'သံဃဿ' ဟူ၍ သမ္ပဒါန်ကို အထူးမဆိုသော်လည်း ထင်ရှား၏ဟု နှလုံးပြုတော်မူ၍ မဆိုအပ်သည် ဖြစ်ရာ၏၊ (ဋီကာဆရာတို့ အလို။)

ကေ ဆရာတို့ကား သံဃဿ-ဟု မဆိုသော်လည်း သင်္ကန်းကာလ၌ လှူအပ်သော သင်္ကန်းသည် သံဃိကချည်းသာ ဖြစ်၏ဟု နှလုံးပြုတော်မူ၍ သမ္ပဒါန်ကို အထူး အဋ္ဌကထာဆရာ ဆိုတော်မမူဟု ဆိုကုန်၏၊ထိုစကားသည် မသင့်၊အဘယ့်ကြောင့်နည်းဟူမူ-ကာလ၌ လှူအပ်သောသင်္ကန်းသည် အလုံးစုံ သံဃိကချည်း မဖြစ်သောကြောင့်တည်း၊အဘယ်ကိုထောက်၍ သိအပ်သနည်းဟူမူ–

"ကာလေပိ သံဃဿဝါ ဥဒ္ဒံ အကာလစီဝရန္တိ, ပုဂ္ဂလဿဝါ ဥဒ္ဒံ တုယှံ ဒမ္မီတိ အာဒိနာ နယေန ဒိန္နံ၊ တေံ အကာလ စီဝရံနာမ၊" ဟူ၍ ကင်္ခါ ဝိတရဏီ အဋ္ဌကထာ၌ လာသောကြောင့် ပုဂ္ဂလိက သင်္ကန်းလည်း ရှိ၏ဟု သိရသတည်း။

အနက်ကား- ကာလေပိ - သင်္ကန်းကာလ၌လည်း၊ သံဃဿဝါ-အားမူလည်း၊ဥဒ္ဒံ အကာလစီဝရံ-ကို၊ ဒမ္မိ-၏၊ဣတိဝါ-ဝင်း၊ ပုဂ္ဂလဿဝါ-အားမူလည်း၊ ဥဒ္ဒံစီဝရံ-ကို၊ တုယှံ-အား၊ ဒမ္မိ-၏၊ ဣတိဝါ-ဝင်း၊ ဣတိအာဒိနာ-သော၊ နယေန-ဖြင့်၊ ဒိန္နံ-လှူအပ်၏၊ တေံ-သည်၊ အကာလစီဝရံနာမ-၏။

ထို့ကြောင့် မျက်ကွယ်၌ အမည်ကိုဆို၍ဝင်း, မျက်မှောက် ခြေရင်း၌ထား၍ဝင်း လှူအပ်သော သင်္ကန်းသည် ပုဂ္ဂလိက ဖြစ်သည်သာ မှတ်လေ၊ ထို့ကြောင့် အဋ္ဌကထာ၌-

> ပုဂ္ဂလဿ ဒေတီတိ ဥဒ္ဒံ စီဝရံ ဣတ္ထန္နာမဿ ဒမ္မီတိ ဧဝံ ပရမ္မုခါဝါ ပါဒမူလေ ဌပေတွာ ဥဒ္ဒံ တုမှာကန္တိ ဧဝံ သမ္မုခါဝါ ဒေတိ။ ။
> ဟူ၍ မိန့်အပ်ပြီ။

အနက်ကား-ပုဂ္ဂလဿ ဒေတီတိ-ဟူသည်ကား၊ဥဒ္ဒံ စီဝရံ-ကို၊ ဣတ္ထန္နာမဿ-ဤအမည်ရှိသော ရဟန်းအား၊ ဒမ္မိ-၏၊ ဣတိ ဧဝံ-သို့၊ ပရမ္မုခါဝါ-မျက်ကွယ်၌ဝင်း၊ ပါဒမူလေ-၌၊ ဌပေတွာ-၍၊ ဥဒ္ဒံ စီဝရံ-ကို၊ တုမှာကံ-အရှင်ဘုရားတို့အား၊ ဒမ္မိ-၏၊ ဣတိ ဧဝံ-သို့၊ သမ္မုခါဝါ-မျက်မှောက်၌ဝင်း၊ ဒေတိ-၏။

ဤသို့ လှူအပ်သည်ဖြစ်၍ ပုဂ္ဂလိက ဖြစ်သည်ရှိသော် ထိုသင်္ကန်းကို သံဃာအား ဝေဘန်အပ်သည်လည်း ရှိ၏၊မဝေဘန်အပ်သည်လည်း ရှိ၏၊ ထိုပုဂ္ဂိုလ်သည် မိမိ၏သဒ္ဓိဝိဟာရိက အန္တေဝါသိက ဖြစ်သော သံဃာအားဝင်း,တပါးသော သီတင်းသုံးဖေါ်အားဝင်း ဝေဘန်လိုသည်ဖြစ်အံ့၊ ဝေဘန်ရာ၏၊ မဝေဘန်လိုသော သူကို ဝေဘန်ရမည် ဟူ၍ တစုံတယောက်သော သူသည် မဆိုအပ်၊ထို့ကြောင့် ဋီကာဆရာတို့သည်"န ဟိ ပုဂ္ဂလဿ ဒိန္နံ ကေနစိ ဘာဇနီယံ ဟောတိ" ဟု မိန့်ပြီ။

ထိုမှတပါး ဧကေဆရာတို့ကား-"ကထိနဿ ဧကံမူလံ သံဃော"ဟု ပရိဝါပါဠိ၌ ဟောတော်မူသောကြောင့် ပုဂ္ဂိုလ်ကိုရည်၍ လှူအပ်သော်လည်း သံဃာနှင့် စပ်၏၊ သံဃိကဖြစ်၏၊ ဥပမာ အဘယ်သို့နည်းဟူမူ- "သီမာယ

ဒဗ္ဗိ၊ သေနာသနဿ ဒဗ္ဗိ" ဟူ၍ ဆိုသော်လည်း ထိုအလျှသည် သံဃိက ဖြစ်သကဲ့သို့ ထို့အတူ 'ကထိန စီဝရံ ဒဗ္ဗိ' ဟူ၍ ဆိုအပ်သည်ရှိသော် သံဃိက ဖြစ်၏၊ ဤသို့ဆိုကြကုန်၏၊ ထိုဆရာတို့စကား မသင့်သော အဖြစ်ကိုလည်း ဤသို့ ဆိုလတ္တံ့သောနည်းဖြင့် သိအပ်၏။

"ကထိနဿ စော် မူလံ သံဃော" ဟူသော စကားသည် ကထိန်၌ သံဃာလျှင် အကြောင်းရှိသည်၏ အဖြစ်ကို ပြ၏၊ ဥပမာကား-အမြစ်ရှိသော် သစ်ပင်တည်၏၊ မရှိသော် မတည်၊ ထို့ကြောင့် အမြစ်သည် သစ်ပင် တည်ရာ အကြောင်းဖြစ်သကဲ့သို့ ထို့အတူ သံဃာရှိသော် ကထိန်ဖြစ်၏၊ မရှိသော် မဖြစ်၊ထို့ကြောင့် သံဃာသည် ကထိန်၏အကြောင်း မည်၏။

အဘယ်သို့ သံဃာရှိသော် ကထိန်ဖြစ်သနည်း ဟူမူ– ယုတ်သော အပိုင်း အခြားဖြင့် စတုဝဂ္ဂ သံဃာသည် ကထိန်ခင်းခြင်း၄ါ ထိုက်သော ရဟန်းအား ဉတ္တိ ဒုတိယကမ္မဝါစာဖြင့် ကထိန်သင်္ကန်းကို ပေးအပ်သည်ဖြစ်၍ ထိုသင်္ကန်း ဖြင့် ခင်းမှသာလျှင် ကထိန်မည်၏၊ မပေးသော် မမည်၊ထို့ကြောင့် စတုဝဂ္ဂ သံဃာကို မရသော် အကြိမ်တထောင်ပင် ကထိနစီဝရံ ဒဗ္ဗိ-ဆိုသော်လည်း ကထိန်မမည်၊ ယင်းသို့ စတုဝဂ္ဂ သံဃာကို ရမှ ကထိန်မည်သည် ဖြစ်သော ကြောင့် ဥပစာရသိမ်ဖြင့် ပိုင်းခြားအပ်သော အကြင်ကျောင်း၌ တယောက်၊ နှစ်ယောက်, သုံးယောက်သော ရဟန်းတို့သာ ရှိကုန်၏၊ထိုကျောင်း၌ ကထိန် သင်္ကန်းဖြစ်လေသော် တပါးသောကျောင်းမှ ရဟန်းကို ပင့်ဆောင်၍ စတုဝဂ္ဂ သံဃာနှင့် ခံတတ်သောပုဂ္ဂိုလ် တယောက်အားဖြင့် ငါးယောက်သောရဟန်း ပြည့်သည် ရှိသော် ကထိန်ခင်းခြင်း၄ါ အပ်၏၊ ငါးယောက် မပြည့်သော် မအပ်၊ ဤသို့သံဃာရှိသော်သာ ကထိန်မည်၏၊ မရှိသော် မမည်သောကြောင့် ကထိန်၌ သံဃာလျှင် အကြောင်းရှိသည်၏ အဖြစ်ကို ရည်၍ 'ကထိနဿ စော် မူလံ သံဃော' ဟု ဟောတော်မူ၏။

ကထိနံ–ဟူ၍ဆိုကာမျှ သံဃိက သာဖြစ်၏၊ ပုဂ္ဂလိက မဖြစ်၊ ဤသို့သော အဓိပ္ပါယ်ကို ၎င်းဆရာတို့ဆောင်သော ပါဠ်၌ မရအပ်၊ ဥပမာကား-"ကိစ္စာဓိ ကရဏဿ စော်မူလံ သံဃော" ဟူသောပါဠ်၌ အပလောကနကံ, ဉတ္တိကံ, ဉတ္တိဒုတိယကံ, ဉတ္တိစတုတ္ထကံ-ဟု ဆိုအပ်သော အဓိကရဏ်းသည် စတုဝဂ္ဂ စသော သံဃာ ရှိသော်သာလျှင် ဖြစ်၏၊ မရှိသော်ကား မဖြစ်၊ ထို့ကြောင့် ကိစ္စာဓိကရဏ်း၌ သံဃာသာ အကြောင်းရှိသည်၏ အဖြစ်ကိုရည်၍ ကိစ္စာ ဓိကရဏဿ စော်မူလံ သံဃော-ဟူ၍ ဆိုအပ်သကဲ့သို့တည်း၊ ဤဆိုအပ်ခဲ့

ပြီးသော နည်းဖြင့် ထိုဆရာတို့ ဆိုသောစကား မသင့်သည်၏ အဖြစ်ကို ပြအပ်၏။

"သီမာယ ဒမ္မိ၊ သေနာသနာယ ဒမ္မိ" အစရှိသော ပါဠ်တို့၌ ထိုသို့လှူ အပ်သော အလှူသည် သံဃာနှင့်စပ်သည်သာ ဖြစ်သကဲ့သို့ ထို့အတူ 'ကထိနံ ဒမ္မိ' ဟူ၍ ဆိုသည်ရှိသော် ပုဂ္ဂိုလ်ကို ရည်၍ လှူအပ်သော်လည်း သံဃာနှင့် စပ်သည်သာ သံဃိက ဖြစ်သည်သာဟူ၍ ဆိုငြားအံ့၊ထိုစကားလည်း မသင့်၊ အဘယ့်ကြောင့်နည်းဟူမူ- "သီမာယ ဒမ္မိ၊ သေနာသနာယ ဒမ္မိ" အစရှိသော ပါဠ်တို့၌ သိမ်, ကျောင်းတို့သည် ဒါနပဋိဂ္ဂါဟက-မဟုတ်ကုန်၊ ထို့ကြောင့် သိမ်၌တည်သော သံဃာ, ကျောင်း၌တည်သော သံဃာနှင့် စပ်၏၊ ပုဂ္ဂိုလ် မူကား-ဒါနပဋိဂ္ဂါဟက စင်စစ်ဖြစ်သောကြောင့်"ဣမံ ကထိနစီဝရံ ဣတ္ထန္နာ-မဿ ဒမ္မိ"ဟူ၍ မျက်ကွယ်၌၎င်း, ထိုရဟန်း၏ခြေရင်း၌ထား၍ မျက်မှောက်၌ ၎င်း လှူအပ်သည်ဖြစ်အံ့၊ အဘယ်သို့လျှင် သံဃာနှင့် စပ်နိုင်အံ့နည်း၊ သံဃ-သန္တကဖြစ်ရအံ့နည်း၊ ဤသို့မဖြစ်ကသံဃာအား မညွှတ်မရည်သော သက်န်း ကို သံဃာအား ညွှတ်စေ ရည်စေရာရောက်၏၊ ရောက်သည်ရှိသော် ကိုးပါး သော အဓမ္မိကဒါနတို့တွင် တပါး ဖြစ်ခဲ့ရာ၏၊ ထိုသက်န်းကို ခံခြင်းသည် လည်း ကိုးပါးသောအဓမ္မိက ပဋိဂ္ဂါဟကတို့တွင် တပါးဖြစ်ခဲ့ရာ၏၊ထိုသက်န်း ကို သုံးဆောင်ခြင်းသည်လည်း ကိုးပါးသော အဓမ္မိက ပရိဘောဂ တို့တွင် တပါး ဖြစ်ခဲ့ရာ၏၊အဘယ်ကိုထောက်၍ သိအပ်သနည်းဟူမူ-

> နဝအဓမ္မိကဒါနာနိ သံဃဿ ပရိဏတံ အညသံဃဿဝါ စေတိယဿဝါ ပုဂ္ဂလဿဝါ ပရိဏာမေတိ၊ စေတိယဿ ပရိဏတံ အညစေတိယဿဝါ သံဃဿဝါ ပုဂ္ဂလဿဝါ ပရိဏာမေတိ၊ ပုဂ္ဂ-လဿ ပရိဏတံ အညပုဂ္ဂလဿဝါ သံဃဿဝါ စေတိယဿဝါ ပရိဏာမေတိ၊ နဝအဓမ္မိက ပဋိဂ္ဂဟာ၊ နဝအဓမ္မိကပရိဘောဂါ။

ဟူ၍ လာသော ပရိဝါပါဠိတော်ကို၎င်း,ပဋိဂ္ဂဟပရိဘောဂါတိ ဧတေသံ-ယေဝ ဒါနာနံ ပဋိဂ္ဂဟာ ပရိဘောဂါစ-ဟူသောအဋ္ဌကထာကို၎င်း ထောက် ၍ သိရသတည်း၊ အနက်ကား လွယ်၏၊ ဤသို့သော အကြောင်းကြောင့် ထိုစကားလည်း မသင့် ဟူပေ။

ဒါယကာတို့သည်သံဃာ့ထေရ်အား၎င်း,ကျမ်းဂန်တတ်ခြင်း,ဝတ်ဆောက် တည်ခြင်း အစရှိသည်တို့ဖြင့် ထင်ရှားသော ရဟန်းအား၎င်း, ဘတ္တုဒ္ဒေသက ရဟန်းအား၎င်း အကျွန်ုပ်တို့ဆွမ်းကို ခံအံ့သောငှါ ရှစ်ယောက်သော ရဟန်း

တို့ကိုပင့်ခေါ်၍ လာကုန်လော့ဟု စေလိုက်အံ့၊ အဆွေတော်သော်သူ, အလုပ်အကျွေးဖြစ်သော သူတို့သည် ပင့်စေငြားသော်လည်း ဤသုံးယောက်သော ရဟန်းတို့သည် အဘယ်ရဟန်းတို့ကို ပင့်ခေါ်ရမည်နည်းဟု မမေးအပ်၊ မာတိကာသို့ တင်ပြသဖြင့် သာလျှင် သံဃာမှ ရှစ်ပါးသော ရဟန်းတို့ကို ညွှန်းစေ၍ မိမိသည် မိမိလျှင် ကိုးယောက်မြောက် ရှိသည်ဖြစ်၍ သွားအပ်၏၊ အဘယ့်ကြောင့် မမေးအပ်သနည်းဟူမူ သံဃာအား ထိုရဟန်းတို့ကို အမှီပြု၍ လာဘ်ဖြစ်သောကြောင့်တည်း။

ကျမ်းဂန်တတ် ဓုတင်ဆောက်ခြင်း အစရှိသည်တို့ဖြင့် မထင်ရှားသော အာဝါသိက ရဟန်းဖြစ်မူကား ဆိုအပ်ပြီးသော နည်းဖြင့် စေလာသည်ဖြစ်အံ့၊ သံဃာမှညွှတ်၍ ပင့်ခေါ်ရအံ့လော, သိသောရဟန်းတို့နှင့် တကွ လာရအံ့လောဟု မေးခြင်းငှါ အပ်၏၊ ယင်းသို့ မေးသည်ရှိသော် ဒါယကာဆိုသော စကားကို မာတိကာသို့ တင်၍ အကြင်သို့သော အခြင်းအရာဖြင့် ဒါယကာတို့ ဆိုကုန်၏၊ ထိုသို့သော အခြင်းအရာဖြင့် ကျင့်အပ်၏၊ ဤသို့သောအရာတို့၌ သံဃာ၏လာဘ်သည် ပုဂ္ဂိုလ်ကိုမှီ၍ ဖြစ်၏ဟူသောစကားကို ထောက်၍ သံဃာ၏ လာဘ်သည် ပုဂ္ဂိုလ်ကိုမှီ၍ ဖြစ်၏၊ ပုဂ္ဂိုလ်အား ရောက်သော လာဘ်သည် သံဃာကို သုံးသပ်၍ လှူသည်ရှိသော် သံဃာနှင့် စပ်၏ဟု သိအပ်၏။

ဤသို့ ပရဝါဒ ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်တို့ ဆိုငြားအံ့၊ ထိုစကားကိုလည်း ဤသို့ ဆိုလတ္တံ့သော နည်းဖြင့် စွန့်အပ်,ပယ်အပ်၏၊ ထိုသို့ ဆိုအပ်ပြီးသော နည်းဖြင့် ဖိတ်ခြင်း၌ ပုဂ္ဂိုလ်ကိုသာ မဖိတ်၊ သံဃာနှင့်တကွ ပုဂ္ဂိုလ်ကိုဖိတ်၏၊ ထိုသို့ ဖိတ်သော်လည်း သံဃံ-ဟု မဆိုမူ၍ "အဠဘိက္ခူ" ဟု ဆိုအပ်သောကြောင့် သံဃာမှညွှတ်၍ ပင့်ခေါ်ရအံ့လော၊ ထိုသို့ မဟုတ် သိသော ရဟန်းတို့ကို ပင့်ခေါ်၍ လာရအံ့လောဟု မထင်ရှားသော ပုဂ္ဂိုလ်သည် မေးခြင်းငှါ ရ၏၊ သံဃာ့ထေရ်မူကား သံဃာကို ဆောင်၍ နေသောကြောင့် "အဠဘိက္ခူ" ဟူ၍ ဆိုသည်ရှိသော် သံဃာကို ထား၍ တပါးသော သူတို့ကို ယူခြင်း၏ အကြောင်းမရှိ၊ ကျမ်းတတ် ဓုတင်ဆောင်ခြင်း အစွမ်းဖြင့် ထင်ရှားသော ပုဂ္ဂိုလ်သည်လည်း သံဃာ၏ဘုန်းကို မှီ၍ နေသောကြောင့် "အဠဘိက္ခူ"ဟူ၍ ဆိုအပ်သည်ရှိသော် သံဃာမှသာလျှင် ယူအပ်၏၊ ဘတ္တုဒ္ဒေသက ရဟန်းသည်လည်း နေ့တိုင်းသံဃာ၏ ဆွမ်းကိုစီရင်သောကြောင့် အဠဘိက္ခူ-ဟူ၍ ဆိုအပ်သည်ရှိသော် သံဃာကိုထား၍ တပါးသောသူတို့ကို ယူခြင်း၏ အကြောင်းမရှိ၊ ဤသို့ ရှစ်ယောက်သော ရဟန်းတို့ကို ပင့်ခေါ်၍ လာကုန်

လေ့ဟု သံဃာနှင့်တကွ ဖိတ်အပ်သောကြောင့် ဤသုံးပါးသော ပုဂ္ဂိုလ်တို့သည် မေးခြင်းငှါ မရအပ်ကုန်။

သင်သည် လာလေ့-ဟု ပုဂ္ဂိုလ်ကိုသာ ဖိတ်သည်ရှိသော် သံဃာကို ခေါ်၍ မသွားအပ်၊ ဤသို့ရှစ်ယောက်သော ရဟန်းတို့ကို ပင့်ခေါ်၍ လာကုန်သော့ဟု-သံဃာနှင့်တကွ ပုဂ္ဂိုလ်ကို ဖိတ်အပ်သောကြောင့် သံဃာကို ပင့်ခေါ်အပ်၏၊ သင်တို့သည် လာကုန်သော့ – ဟု ပုဂ္ဂိုလ်ကိုသာ ဖိတ်သောကြောင့် သံဃာကို ပင့်ခေါ်အပ်သည် မဟုတ်၊ ထိုကြောင့် ပုဂ္ဂိုလ်၏ လာဘ်သည် သံဃာနှင့် စပ်၏ဟု ဆိုခြင်းငှါ မတတ်ကောင်း၊ အဋ္ဌကထာ အစရှိသော ကျမ်းတို့၌လည်း ပုဂ္ဂိုလ်ကို အမှီပြု၍ သံဃာ့လာဘ်သည် ဖြစ်၏-ဟူ၍သာ ဆိုအပ်၏၊ ပုဂ္ဂိုလ်လာဘ်သည် သံဃာနှင့်စပ်၏ဟု မဆိုအပ်၊ သင်္ကန်းရခြင်း၏ ခေတ်ဖြစ်၍ ဖြစ်သော ရှစ်ပါးသော မာတိကာတို့၌လည်း သံဃဿ ဒေတိ-ဟူ၍၎င်း,ပုဂ္ဂလဿ ဒေတိ- ဟူ၍၎င်း အသီးအသီးလာ၏၊အဋ္ဌကထာ၌လည်း"ပုဂ္ဂလဿ ဒေတီတိ ဣမံ စီဝရံ ဣတ္ထန္နာမဿ ဒမ္မီတိ ဧဝံ ပရမ္မုခါ ဝါ ပါဒမူလေ ဌပေတွာ ဣမံ ဘန္တေ တုမှာကံ ဒမ္မီတိ ဧဝံ သမ္မုခါ ဝါ ဒေတိ" ဟူ၍ အသီးပင် သံဝဏ္ဏနာကို ပြုတော်မူ၏။

ယခုကာလ၌မူကား သင်္ကန်းကို လှူလိုသော ဒါယကာ,ဒါယိကာမတို့သည် ကိုယ်တိုင်မလာမူ၍ သား သမီး ကျေးကျွန် စသည်တို့ကို စေ၍ သင်္ကန်းကို ဤမည်သော မထေရ်အား လှူလေ့ဟု ပုဂ္ဂိုလ်အားသာ လှူစေကုန်၏၊ကိုယ်တိုင်လာ၍ လှူကုန်သော်ထည်း ခြေရင်း၌ထား၍၎င်း,လက်၌ထား၍၎င်း,လက်ဖြင့် တည်စေ၍၎င်း လှူကုန်၏၊ အရှင်ဘုရား ဤသင်္ကန်းကို အရှင်ဘုရားတို့ကို ရည်၍ ဤမှူသောဥစ္စာကို စွန့်ထုတ်၍ ပြုအပ်၏၊ ဤသို့သော ယက္ခဏာအမူကို ပြုအပ်၏၊ အရှင်ဘုရားတို့သည် ဝတ်ရုံကုန်ထော့၊ ဤသို့အစရှိသော စကားတို့ကို ဆိုကုန်၏၊ ထိုပုဂ္ဂိုလ်၏ သုံးဆောင်ခြင်းကိုသာ အလိုရှိကုန်၏၊ သံဃာအား လှူခြင်းကို အလိုမရှိကုန်၊ အချို့သူတို့သည် မနှစ်သက်သော စကားကို ဆိုကုန်၏၊ ဤသို့ပုဂ္ဂိုလ်ကိုသာ ရည်၍ လှူအပ်သော သင်္ကန်း၏ သံဃာနှင့်စပ်ခြင်း၏ အကြောင်းမရှိ။

သစေ ပန တုမှာကံ အန္တေဝါသိကာနဉ္စ ဒမ္မီတိ ဝဒတိ၊ထေရဿစ အန္တေဝါသိကာနဉ္စ ပါပုဏာတိ၊

ဟု အဋ္ဌကထာ၌ လာသောကြောင့် ဤသို့ဆို၍ လှူအပ်သည် ရှိသော် ဆရာအားရင်း, အတွင်းတပည့်အားရင်း ရောက်၏၊ အတွင်းတပည့်မဟုတ်သော ရဟန်းအား မရောက်။

ဥဒ္ဒေသံ ဂဟေတုံ အာဂတော၊ ဂဟေတွာ ဂစ္ဆန္တောပိ အတ္ထိ၊ တဿပိ ပါပုဏာတိ။

ဟူ၍ရင်း အဋ္ဌကထာ၌ လာသောကြောင့် ဥပစာရသိမ်ပ၌ တည်သော ဓမ္မန္တေဝါသိက တပည့်အားလည်း ရောက်၏။

တုမှေဟိ သဒ္ဓိံ နိဗဒ္ဓစာရိက ဘိက္ခူနံ ဒမ္မီတိဝုတ္တေ ဥဒ္ဒေသံ အန္တေ-ဝါသိကံ ဝတ္တံ ကတွာ ဥဒ္ဒေသပရိပုစ္ဆာဒီနိ ဂဟေတွာ ဝိစရန္တာနံ သဗ္ဗေသံ ပါပုဏာတိ။

ဟူ၍ရင်း အဋ္ဌကထာ၌ လာသောကြောင့် ဤသို့ဆို၍ လှူသည်ရှိသော် ဓမ္မန္တေဝါသိကတပည့်, ဝတ်ကြီးဝတ်ငယ်ပြုသော အန္တေဝါသိကတပည့်တို့အား ရောက်၏၊ ဤသို့လျှင် အလှူမည်သည် အလှူပေးပုဂ္ဂိုလ်တို့၏ စကားအားလျော်စွာသာလျှင် ဖြစ်ခြင်းကြောင့် "ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ" ဟူ၍ရင်း အဋ္ဌကထာဆရာတို့ မိန့်ဆိုတော်မူကုန်၏၊ ဤသို့ဆိုအပ်ပြီးသော နည်းဖြင့် ယခုအခါ ဒါယကာတို့သည် များသောအားဖြင့် ပုဂ္ဂိုလ်ကိုသာ လှူကုန်၏၊ အရာအထောင်သော လူတို့တွင် ပညာရှိသော များသော အကြားအမြင်ရှိသော တယောက်သော ဒါယကာသည်သာလျှင် သံဃာအား လှူရာ၏၊ ပုဂ္ဂလိကသင်္ကန်းကိုလည်း သံဃိကဖြစ်အောင် မပြုအပ်သည် ရှိသော် ဥတ္တကမ္ဗဝါစာအား မထိုက်ချေ။

အဘယ့်ကြောင့် မထိုက်ကြောင်းကို သိသနည်း ဟူငြားအံ့၊ဥတ္တကမ္ဗဝါ၌ "ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ" ဟူ၍ ကထိန်သင်္ကန်း၏ သံဃိကအဖြစ်ကို ဟောတော်မူသောကြောင့်ရင်း, " သံဃော ဣမံ ကထိန ဒုဿံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒဒေယျ ကထိနံ အတ္ထရိတုံ" ဟူသော ပါဠိ၌လည်း သံဃာသည် ဒါယကတ်၏ ကတ္တား၊ ရဟန်းသည် သမ္ပဒါန်ဖြစ်၏၊ ထိုပုဂ္ဂလိက သင်္ကန်း၌ကား သံဃာသည် အစိုးမရသောကြောင့် ကတ္တား မဖြစ်သင့်၊ ရဟန်းသည်လည်း ပဋိဂ္ဂဟလက္ခဏာ မရှိသောကြောင့် သမ္ပဒါန်မဖြစ်သင့်၊ ဤသို့ဆန့်ကျင်သောကြောင့်ရင်း ပုဂ္ဂလိကသင်္ကန်း၏ ဥတ္တကမ္ဗဝါစာ မထိုက်ကြောင်းကို သိရသတည်း၊ အလှူပေးပုဂ္ဂိုလ်သည် သံဃာအား စွန့်အပ်သောကြောင့် သံဃိက ဖြစ်သော သင်္ကန်းကို အကြင်အခါ၌ သံဃာသည် ကထိန်ခင်းစိမ့်

သော၎ါ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား ပေးအပ်၏၊ ထိုအခါ ဉတ္တိဒုတိယကမ္မဝါစာကို ယခုအခါ လူတို့သည် ဉတ်ဟူ၍ ခေါ်ဝေါ်ကုန်၏၊ ထိုသင်္ကန်းကိုလည်း ဉတ်ရသော သင်္ကန်းဟု ခေါ်ဝေါ်ကုန်၏၊ ထိုသင်္ကန်းလှူသော ဒါယကာကိုလည်း ဉတ်ရသော ဒါယကာ-ဟူ၍ ခေါ်ဝေါ်ကြကုန်၏၊ ထို့ကြောင့် သံဃိကသင်္ကန်းသာ ဉတ်ရထိုက်၏၊ ပုဂ္ဂလိကသင်္ကန်းသည် မရထိုက်၊ ဉတ်ရပြီးသော ကာလမှစ၍ ထိုသင်္ကန်းသည် ကထိန်ခင်းသော ပုဂ္ဂိုလ်၏ သင်္ကန်း ဖြစ်လေသောကြောင့် ပုဂ္ဂလိကသင်္ကန်း ဖြစ်၏၊ ဤသို့ဆိုအပ်ပြီးသော အနက်အဓိပ္ပါယ်ကို နှလုံးသွင်း၍ သံဃိကသင်္ကန်းမှသာ ကထိန်ခင်းခြင်း၎ါ ထိုက်သည်၏အဖြစ်ကို စင်စစ် သိအပ်,မှတ်အပ်၏။

ဒိန္န ဣဒံ သံဃေန-ဟူသောပါဌ်၌ သံဃာသည် ဒါနတတ်၏ ကတ္တား၊ဣဒံ-ဟူသောပုဒ်သည် ကံဖြစ်ရကား ဤကထိန်သင်္ကန်း၏ သံဃိက ဖြစ်သောကြောင့် သံဃာသည် ကထိန်ခင်းထိုက်သော ပုဂ္ဂိုလ်အား ပေးအပ်လေသည်၊ "ကထိနတ္ထာရံ ကေ လဘန္တိ" ဟူသော အဋ္ဌကထာပါဌ်၏ အတ္ထသံဝဏ္ဏနာကို "ကေ လဘန္တိတိ ကေ သာဓေန္တိ၊ ပဉ္စဇနာ သာဓေန္တိ" ဟု ဋီကာကြီး သုံးစောင်၌ ပြ၏၊ ထိုဋီကာပါဌ်၌ ပဉ္စဇနာ-ဟူသော ပုဒ်ဖြင့် သံဃာကို ပြတော်မူ၏၊ အာနိသံသံ လဘန္တိ-ဟူသော ပါဌ်၌လည်း ကထိန်သင်္ကန်း၏ သံဃိက ဖြစ်သောကြောင့် အလုံးစုံသော သိမဋ္ဌက ရဟန်းတို့သည် အာနိသင်ကို ရကြကုန်၏၊ ဤသုံးပါးသော အကြောင်းကြောင့် ကထိန်ဟူ၍ ဆိုအပ်သည်ရှိသော် သံဃိကသာ ဖြစ်၏၊ ပုဂ္ဂလိကမဟုတ်၊ ဤသို့သော အဓိပ္ပါယ်ကို ယူ၍ ဒိန္န-ဟူသောပါဌ်, သာဓေန္တိ-ဟူသောပါဌ်, အာနိသံသံ လဘန္တိ-ဟူသောပါဌ် ဤသုံးရပ်သော ပါဌ်ကို ထောက်၍ ကထိန်ဟူ၍ ဆိုအပ်သည်ရှိသော် သံဃိကသာ ဖြစ်၏၊ ပုဂ္ဂလိကမဟုတ်ဟု သိအပ်၏၊ ဤသို့သောစကားကို ပြောဆိုသူ ဝိတဏ္ဍဝါဒ ပရဝါဒီ ထွက်ငြားအံ့၊ ထိုစကားကိုလည်း ဆိုလတ္တံ့သော နည်းဖြင့် စွန့်ပယ်အပ်၏။

ရှေးက ဒါယကာတို့သည် ပစ္စည်းလေးပါးကို များသောအားဖြင့် သံဃာအားသာ လှူကုန်သောကြောင့် သံဃာ၏ ပစ္စည်းလေးပါး ဝေဘန်ခြင်းကို ဆိုစရာသော စကားသည် အလွန်ကျယ်စွာ၏၊ ပုဂ္ဂိုလ်အား မှုကား-အပ္ပက အားဖြင့်သာလျှင် အပ်ကုန်၏၊ ထိုသို့ဖြစ်သောကြောင့် သံဃိကအား လှူအပ်သော ကထိန်သင်္ကန်းကို သံဃာသည် ကထိန်ခင်းထိုက်သော ရဟန်းအား ပေးအပ်သည်ကို ရည်၍ "ဒိန္န ဣဒံ သံဃေန" ဟူသော ပါဌ်ကို ဟောတော်မူအပ်၏။

သာခေန္တိ–ဟူသော အဋ္ဌသံဝဏ္ဏနာကိုလည်း ကထိန်သက်န်းကို ပေးတတ်သော ရဟန်းလေးပါး, ခံတတ်သော ရဟန်း တပါး ဤငါးပါးသော ရဟန်းတို့သည် ကထိန်သင်္ကန်း ပေးခြင်းအမှုကို ပြီးစေကုန်၏၊ ဤသို့သော အနက်ကို ရည်၍ ဋီကာဆရာတို့ ပြတော်မူကုန်၏။

အာနိသံသံ လဘန္တိ–ဟူသော ပါဠ်ကိုလည်း ခင်းသော ရဟန်း,အနုမောဒနာ ပြုသော ရဟန်းတို့အား အာနိသင် ရထိုက်ကြောင်းကိုသာ ရည်၍ အဋ္ဌကထာဆရာ မိန့်တော်မူအပ်၏၊ ဝိတဏ္ဍဝါဒ ပရဝါဒီပုဂ္ဂိုလ်တို့ အလိုအတိုင်း ထိုသုံးရပ်သော ပါဠ်တို့ဖြင့် ကထိန် ဟူ၍ ဆိုအပ်သည်ရှိသော် သံဃိကဖြစ်၏ ဟု မသိအပ်သည်သာ မှတ်အပ်၏၊ သံဃာအားဖြစ်သော သက်န်းကို သံဃာသည် ပေးအပ်သည်၏ အဖြစ်ကို အဘယ်ကိုထောက်၍ သိရသနည်းဟူမူ-

“ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ၊သံဃော ဣမံ ကထိနဒုဿံ ဣတ္ထန္နာမဿ ဒေတိ ကထိနံ အတ္ထရိတုံ”ဟူသော ပါဠိတော်ကိုရင်း, “သံဃော အဇ္ဇ ကထိနဒုဿံ လဘိတွာ ပုနဒိဝသေ ဒေတိ၊ အယံ နိစယသန္နိဓိ” ဟူသော အဋ္ဌကထာပါဠ်ကိုရင်း ထောက်၍ သိရသတည်း၊ သံဃသန္တက ဖြစ်သော သက်န်းသာ ဒါနကြိယာ၏ သံဃာ ကဏ္ဍား၊ရဟန်း သမ္ပဒါန် ဖြစ်ထိုက်သည်၏ အဖြစ်ကိုလည်း ယခင် ဆိုအပ်ခဲ့ပြီးသော ပါဠိကို ထောက်၍ပင် သိအပ်တော့သည်။

ဤသို့ဖြစ်သည်ရှိသော် ပုဂ္ဂလိကသက်န်းကို သံဃိက ဖြစ်အောင် အဘယ်သို့ ပြုရသနည်း ဟူငြားအံ့၊ ထိုအလှူခံပုဂ္ဂိုလ်သည် ဒါယကာတို့အား အလှူမည်သည် ပုဂ္ဂိုလ်အား လှူသောထက် သံဃာအား လှူအပ်သော အလှူသည် အကျိုးကြီးမြတ်၏၊ ထို့ကြောင့် သံဃာအား လှူလော့၊ သံဃာလှူပြီး၍ တဖန် သံဃာသည် ကထိန်ခင်းထိုက်သော ပုဂ္ဂိုလ်အား ကမ္မဝါစာဖြင့်ပေး၍ ထိုပုဂ္ဂိုလ်သည် ဝိနည်းအားလျော်စွာ ခင်းသော်သာလျှင် ကထိန်မည်၏၊ ထိုပုဂ္ဂိုလ်အား လှူ၍ ပုဂ္ဂိုလ်သည် မိမိအလိုလိုသာ ခင်းသည်ရှိသော် ကထိန်မမည်၊ ထို့ကြောင့် သံဃာအား လှူလော့ဟု တိုက်တွန်း၍ သံဃာအား လှူစေသော်လည်း ထိုသက်န်းသည် သံဃိက ဖြစ်၏၊ ကထိန် ခင်းခြင်းငှါလည်း ထိုက်၏၊ ဤသို့ပင် ပြောဆိုသော်လည်း ဒါယကာသည် အကြား အမြင်နည်းသောကြောင့် ထိုစကားကို မနာယူပဲ ဤသက်န်းကို အရှင်ဘုရားတို့အားသာ လှူ၏ဟု ဆိုအံ့၊ ထိုသို့ဆိုသည်ရှိသော် ပုဂ္ဂလိက အစွမ်းအားဖြင့်ပင် ခံ၍

ထိုပုဂ္ဂိုလ်သည် ၎င်းသက်နိုးကို သံဃာအား ဆင့်၍လှူသော်လည်း သံဃိက ဖြစ်၏၊ ကထိန် ခင်းခြင်း၄ါလည်း ထိုက်၏။

ယင်းသို့ဖြစ်သော် ရသည်ပင်၊ ရဟန်းအား လှူအပ်သောသက်နိုးသည် အဘယ်သို့ ကထိန်ခင်းခြင်း၄ါ ထိုက်အံ့နည်းဟူငြားအံ့၊ "ကထိနံ ကေန ဒိန္နံ ဝဋ္ဋတိ၊ ယေနကေနစိ ဒေဝေနဝါ မနုဿေနဝါ ပဉ္စန္နံဝါ သဟဓမ္မိကာနံ အညတရေန ဒိန္နံ ဝဋ္ဋတိ" ဟူ၍ ဝိနည်းမဟာဝါအဋ္ဌကထာ၌ လာသော ကြောင့် စင်စစ်မုချ ကေန္တ အပ်သည်ဟု ဖြေ။

ယင်းသို့ ဆရာဆိုတိုင်း ယခုအခါ၌ ပုဂ္ဂိုလ်အားသာ ရည်မှတ်၍ ပုဂ္ဂိုလ် ကိုသာ အမှီပြု၍ ဖြစ်သောကြောင့် ပုဂ္ဂလိက သက်နိုး ဖြစ်သင့်လျက် အဘယ့် ကြောင့် ဆရာ အဆက်ဆက်တို့သည် ဥတ်ရသော သက်နိုးမှ ကြွင်းသော သက်နိုးတို့ကို သံဃာအား ဝေဘန်၍သာ သုံးဆောင်ကြကုန်သနည်းဟူငြား အံ့၊ အချို့သော ရဟန်းတို့သည် ဆရာစဉ်ဆက် လာသောနည်းကို အစဉ်မှီး သဖြင့် ကျင့်ကုန်၏၊ အချို့သော ရဟန်းတို့သည် များစွာသော ရဟန်းတို့၏ အမှုအရာကိုမြင်၍ ဒိဋ္ဌာနုဂတိ၏ အစွမ်းအားဖြင့် ကျင့်ကုန်၏၊ များသော အကြားအမြင် ရှိသော အချို့ဆရာတို့လည်း ထိုအမှုအရာကို မနှစ်သက်ကုန် သော်လည်း ဆရာစဉ်ဆက် ပျက်အံ့သည်မှ ကြောက်သဖြင့် ကျင့်ကုန်၏၊ အချို့ပုဂ္ဂိုလ်တို့လည်း ထိုအမှုကို နှစ်သက်သဖြင့် အနက်ကို၎င်း, အဓိပ္ပါယ်ကို ၎င်း ညွတ်စေ၍ ယူကုန်၏၊ ကျမ်းဂန်သို့သာ အစဉ်လိုက်ကုန်သော ရဟန်းတို့ မှာမူကား ကျမ်းဂန်လာတိုင်းသာလျှင် အနက်ကိုယူ၍ သံဃိက, ပုဂ္ဂလိကကို လည်း မရောစေမူ၍ ကာလသက်နိုး, အကာလ သက်နိုးကိုလည်း မရောစေ မူ၍ ခံခတ်မူကုန်၏၊ ဘိက္ခုနီဝိဘင်း၌လည်း-

> ထုလ္လနန္ဒာဘိက္ခုနီ အကာလစီဝရံ ကာလစီဝရန္တိ အဓိဋ္ဌဟိတွာ ဘာဇာပေတိ၊ အထခေါ ဘဂဝါ နိဿဂ္ဂိယပါစိတ္တိယာပတ္တိံ ပညာ-ပေသိ။ ။ဟူ၍ ဟောတော်မူသည်။

ထို့ကြောင့် လဇ္ဇီပေသလ ဗဟုသုတသိက္ခာကာမ ဖြစ်တော်မူသော ရဟန်း တို့သည် များစွာသော ပါဠိ,အဋ္ဌကထာ-စသော ကျမ်းဂန်တို့ကို ကြည့်ရှု နိုင်းရှည့် နီးနှော ဆင်ခြင်၍ ကျမ်းဂန်သို့သာ အစဉ်လိုက်အပ်၏၊ သူတပါး တို့၏ အမှုအရာကို မယုံကြည်အပ်၊ လိုက်လည်း မလိုက်အပ်။

ဘုရားသခင် သက်တော်ထင်ရှား ရှိသောအခါ၌၎င်း ပရိနိဗ္ဗာန် ယူတော် မူပြီးနောက်မှ၎င်း ရှေး၌ဖြစ်ကုန်သော ဒါယကာတို့သည် များသောအားဖြင့်

ပစ္စည်းလေးပါးကို သံဃာအားသာလှူကုန်၏၊ထိုသို့သံဃိကကျောင်း,သံဃိက သင်္ကန်းသာ များသောကြောင့် ရှေးဆရာတို့သည် သံဃာအားဝေဘန်၍သာ သုံးဆောင်ကြကုန်၏။

ယခုကာလ၌ကား များသောအားဖြင့် ပစ္စည်းလေးပါးကို ပုဂ္ဂိုလ်အားသာ လှူကုန်၏၊ ထို့ကြောင့် ကျောင်းသည်လည်း ပုဂ္ဂလိက, သင်္ကန်းသည်လည်း ပုဂ္ဂလိကသာများသည်၊လူဆင်းရဲတို့သည်လည်း ချည်တောင်းသည်ကစ၍ ဤ သင်္ကန်းကို ကထိန်ကာလ၌ ဤမည်သော ရဟန်းကို လှူအံ့ဟု ကြံ၍ရင်း, ပြောဆို၍ရင်း အလုံးစုံသော ကိစ္စတို့ကို ပြုကုန်၏၊ ဥစ္စာများသောသူတို့သည် လည်း ဖျင်ပုဆိုးကို ဝယ်သည်မှစ၍ ထိုအတူ ကြံ၍ရင်း, ပြောဆို၍ရင်း ပြုကြ ကုန်၏၊ လှူသောကာလ၌ မိမိတို့ ကြံရင်း,ရည်ရင်းအတိုင်း သင်္ကန်းကို "ဤ မည်သော ရဟန်းအား လှူလော့"ဟု သား မြေး ကျေးကျွန်တို့ကိုလည်း စေ ကုန်၏၊ ကိုယ်တိုင် သွား၍လည်း သင်္ကန်းကို ခြေရင်း၌ရင်း, လက်၌ရင်း ထား၍ ဤသင်္ကန်းကို အရှင်ဘုရားအား လှူပါ၏ဆို၍ရင်း, ကြံ၍ရင်း လှူကုန် ၏၊ အရာအခထောင်သော လူတို့တွင် ပညာရှိသော တယောက်သောသူသာ ပုဂ္ဂိုလ်အား လှူသောအလှူထက် သံဃာအား လှူအပ်သောအလှူသည် အကျိုး ကြီးမြတ်၏-ဟု သိသည်ဖြစ်၍ ကထိန်သင်္ကန်းကို သံဃာအား လှူ၏-ဟု ဆို၍ ရင်း, ကြံ၍ရင်း လှူ၏၊ ထိုသို့လှူသော အလှူသာလျှင် သံဃိက ဖြစ်၏။

အလှူပေးပုဂ္ဂိုလ်သည် ပုဂ္ဂိုလ်အား လှူလို၏၊ ပုဂ္ဂိုလ်သည်ကား ထိုအလှူ ပေးပုဂ္ဂိုလ်၏ အကျိုးများခြင်းကို အလိုရှိသောကြောင့် ဒက္ခိဏဝိဘင်း သုတ် အစရှိသော ဒေသနာဖြင့် ပုဂ္ဂလိက ဒါနထက် သံဃိကဒါနအကျိုး ကြီးမြတ် သော အဖြစ်ကို သိစေ၍ သင်္ကန်းကို သံဃာအား လှူလော့-ဟု တိုက်တွန်း၏၊ အလှူပေးပုဂ္ဂိုလ်တို့ကလည်း ထိုရဟန်းစကားကို ဝန်ခံ၍ ဤကထိန်သင်္ကန်းကို သံဃာအား လှူ၏ဆို၍ရင်း, ကြံ၍ရင်း လှူသည်ဖြစ်အံ့၊ ထိုသို့လှူသော်လည်း သံဃိက ဖြစ်၏၊ ရဟန်းတို့က တိုက်တွန်းသော်လည်း ဒါယကာသည် ဉာဏ် ပညာ အကြားအမြင် နည်းသောကြောင့် ရဟန်းတို့စကားကို မနာယူမူ၍ ပုဂ္ဂိုလ်အားသာ လှူသည်ဖြစ်အံ့၊ ထိုအလှူသည် ပုဂ္ဂလိက ဖြစ်၏၊ ထိုသို့မဟုတ် ထိုရဟန်းက အလှူခံ၍ တဖန် သံဃာအား စွန့်လှူပြန်သည်ဖြစ်အံ့၊ထိုသင်္ကန်း သည် သံဃိက ဖြစ်၏၊ထိုသင်္ကန်းကို သံဃိက အစွမ်းအားဖြင့် ဝေဘန်အပ်၏၊ ဒါယကာသည်လည်း ပုဂ္ဂိုလ်အားသာ လှူအပ်သည် ဖြစ်အံ့၊ ပုဂ္ဂိုလ်သည် လည်း အလှူခံ၍ တဖန် သံဃာအား မစွန့်မလှူသည်ဖြစ်အံ့၊ ထိုသင်္ကန်းသည်

ပုဂ္ဂလိက ဖြစ်၏၊ ကထိန်ကာလဖြစ်ကာမျှဖြင့်၎င်း, ကထိန် ဟူသော စကားမျှဖြင့်၎င်း သံဃိက မဖြစ်။

ယခုကာလ၌မူကား ဤဆိုအပ်ပြီးသောနည်းဖြင့် ပုဂ္ဂလိကသာ များသည်၊ ထိုသို့ဖြစ်သော်လည်း ဆရာ အဆက်ဆက်တို့သည် မြင့်ရှည်စွာကာလပတ်လုံး တည်ထွန်းသော ထုံးစံပဝေဏီကို မဖျက်လိုသည်ဖြစ်၍ သံဃိကကဲ့သို့ဝေဘန်၍ သုံးဆောင်ကြကုန်၏၊ အကယ်၍ မုချသံဃိကဖြစ်အံ့၊ သံဃာ ပေးအပ်သည် ထက် အလွန် အပ်တချောင်းကိုမျှ မယူမသုံးထိုက်ချေ၊အချို့သောဆရာတို့ကား သံဃိကဟူ၍ကား ဆို၏၊ ဝေဘန်သောကာလ အစိုးတရ အလိုရှိတိုင်းစီရင်ကုန်၏၊ အချို့သော ရဟန်းတို့ကား မုချ သံဃိကမှတ်ထင်ကြ၍ မဝေဘန်လိုသောသူကိုလည်း နှိပ်စက်၍ ဝေဘန်စေကုန်၏။

ထိုပုဂ္ဂိုလ်၏ မိဘဆွေမျိုး စသောသူတို့သည် ငါတို့သားအား လှူကုန်အံ့၊ ငါတို့ဆွေမျိုးဖြစ်သော ရဟန်းအား လှူကုန်အံ့၊ ငါတို့အိမ်၌ ဆွမ်းခံသော ရဟန်တို့အား လှူကုန်အံ့၊ တပါးသော သဒ္ဓါပသန္နရှိသော ဒါယကာတို့သည်လည်း ဤမည်သော ရဟန်းအား လှူကုန်အံ့-ဟု စီရင်ပျက်ကွယ်၍၎င်း, ဤသင်္ကန်းကို ဤမည်သော ရဟန်းအား လှူ၏ဟု ဆို၍ မျက်မှောက်၌၎င်း, ခြေရင်း၌၎င်း ထား၍ လှူကုန်၏၊ ဤသို့လှူသော သင်္ကန်းသည် ပုဂ္ဂလိကသာတည်း၊ သံဃိကကို သုံးသပ်၍ မဆိုသောကြောင့် သံဃာနှင့်မစပ်၊ သံဃိက မဖြစ်၊ ကထိန်သင်္ကန်းကို လှူအံ့ဟူ၍၎င်း, ကထိန်သင်္ကန်းကို လှူအံ့သောငှါ သွားလေ၏ဟူ၍၎င်း, ကထိန်သင်္ကန်းဟူ၍၎င်း ရှေးကာလ, နောက်ကာလ၌ ခေါ်ဝေါ်ခြင်းသည်ကား မုချကထိန်ဖြစ်သော သံဃိက သင်္ကန်း၏ ကာလ၌ လှူအပ်သောကြောင့် ထိုမုချကထိန်သင်္ကန်း စစ်၏ အမည်ကို တင်စားသောအားဖြင့် ခေါ်ဝေါ်ခြင်းမျှသာ ဖြစ်သည်၊ ကထိနစစ်မဟုတ်ဟု သန္နိဋ္ဌာန်ကျမှတ်ရမည်။

ဤဆိုအပ်ပြီးသော နည်းဖြင့် ယခုကာလ၌ များသောအားဖြင့် ပုဂ္ဂိုလ်အားသာ လှူအပ်သောကြောင့် ပုဂ္ဂလိက သင်္ကန်းသည် ဥတ္တကမ္မဝါစာကို မထိုက်၊ သံဃိကသင်္ကန်းသာ ဥတ္တကမ္မဝါစာထိုက်သည်၊ ထိုက်သောသင်္ကန်းသာလျှင် ငါးပါးသော အာနိသင်၏ အကြောင်းဖြစ်သည်၊ ထို့ကြောင့် ပညာရှိသော ပုဂ္ဂိုလ်သည် ဒါယကာတို့ကို သံဃာအား လှူကုန်လော့၊ သံဃာအား လှူရခြင်းသည် အကျိုးကြီးမြတ်၏၊ ဤသို့ အစရှိသည်ဖြင့် တိုက်တွန်း၍သော်လည်း လှူစေအပ်၏၊ မိမိတို့ပုဂ္ဂလိက ခံ၍သော်လည်း သံဃာအား စွန့်လှူအပ်

၏၊ ဤသို့လျှအပ်သော သံဃိကဖြစ်သော သက်နှီးသည်သာ ဥတ်ကမ္ဗဝါ လည်း ထိုက်၏၊ အာနိသင် ငါးပါးကိုလည်း ပြီးစေနိုင်၏၊ ယင်းသို့ တိုက်တွန်းခြင်းသည် နိမိတ်ပြဘာစသည်ဖြစ်၍ ဓမ္မေန သမေန ဟူသောပါဠိနှင့် မဆန့်ကျင်ပြီလော ဟူငြားအံ့။

သံဃေ တွံ ဂေါတမိ ဒေဟိ၊ သံဃေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿတိ သံဃောစ။

ဟူသော ဘုရားသခင်စကားတော်နှင့် ညီလျော်သည်ဖြစ်၍ မဆန့်ကျင် အပ်သည်သာ ဖြစ်၏ဟု ဖြေလေ။

ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် ကထိန်သက်နှီး ဖြစ်ရာ မဖြစ်ရာ, ကထိန စီဝရံ-ဆိုကာမျှ သံဃိက, ပုဂ္ဂလိက ဖြစ်ရာမဖြစ်ရာကို ပါဠိအဋ္ဌကထာ ဋီကာ ကျမ်းဂန်သို့ မသက်ဝင် ဆန့်ကျင်သော စောဒကပရဝါဒီ အပရေ ကေစိ အညေ ကေစွေဆရာတို့ ဆိုခွင့်ဆိုရာများသော စောဒနာပရိဟာရ အမိပ္ပါယ် အနက် ခက်ဆစ်ခဲရပ် မလပ် မကြွင်းရအောင် အစောင်စောင်သော ကျမ်းဂန် တို့မှ ထုတ်နုတ်စီရင် ယှဉ်ဆုံးဖြတ်သော အရာကို အတ္တုက္ကံသန,ပရဝမ္ဘန- စသော ဒေါသမှကင်းသဖြင့် ဓမ္မဂါရဝ ဓမ္မဂရု ဖြစ်တော်မူသော ပုဂ္ဂိုလ် သူမြတ်တို့သည် အဖန်တလဲလဲ ကြည့်ရှုဆင်ခြင်၍ သင့်မူ ယူရာ၏၊ မသင့်မူ စွန့်ပစ်ရာ၏၊ "မိမိလည်း တခွဲဝန်ကိုမျှ မဆောင်နိုင်၊ သူတပါးတို့က တတင်း, ငါးစိတ် ထမ်းသည်ကိုလည်းအားမရ" ဆိုသကဲ့သို့မူကား မရှိစေအပ်၊ ဤကား သုံးခုမြောက်သော ကထိန်သက်နှီး ဖြစ်ရာ, မဖြစ်ရာသော အဆုံးအဖြတ်ကို ဆိုသော စကားတည်း။

၄-ကထိန်ခင်းရာ, မခင်းရာ သိမ် အဆုံးအဖြတ်

ယခုအခါ မာတိကာအစဉ် ရောက်ပြီ ဖြစ်၍ ကထိန်ခင်းရာ,မခင်းရာသော အဆုံးအဖြတ်ကို ဆိုပေအံ့။

ကထိန်ခင်းပေးသော ကမ္မဝါစာကို ဖတ်သောသိမ်၌ပင် ကထိန်ခင်းအပ် သသော၊ ထိုသို့မဟုတ် တပါးသောသိမ်၌ ခင်းအပ်သလောဟူမူ ကထိန်ပေး သော ကမ္မဝါစာ ဖတ်သော သိမ်သည် ဝသူပနာယိကခေတ် ဖြစ်သော ဥပစာရသိမ်တွင်း၌ တည်သည်ဖြစ်အံ့၊ ထိုသိမ်အပြင်၌ပင် ခင်းအပ်၏၊အဘယ် ကို ထောက်၍ သိရသနည်းဟူမူ-

ပရိနိဋ္ဌိတပုဗ္ဗကရဏမေဝ စေ ဒါယကော သံဃဿ ဒေတိ၊ သမ္ပဋိစ္ဆိတွာ ကမ္မဝါစာယ ဒါတဗ္ဗံ၊ တေနစ တသ္မိံ ယေဝ သီမာ-မဏ္ဍလေ အဓိဋ္ဌဟိတွာ အတ္ထရိတွာ သံဃော အနုမောဒါပေ-တဗ္ဗော၊ ။ဟူသော ဝဇိရဗုဒ္ဓိဋီကာကို ထောက်၍ သိရသတည်း။

အနက်ကား– ပရိနိဋ္ဌိတပုဗ္ဗကရဏမေဝ – ပြီးပြီးသော ပုဗ္ဗကိစ္စ ရှိသော သင်္ကန်းကိုသာလျှင်၊ ဒါယကော-သည်၊ သံဃဿ-အား၊ စေဒေတိ-အံ့၊ သမ္ပဋိစ္ဆိတွာ - ခံ၍၊ ကမ္မဝါစာယ - ဖြင့်၊ ဒါတဗ္ဗံ-၏၊ တေနစ – ထိုကထိန် သင်္ကန်းကို ရသော ရဟန်းသည်လည်း၊တသ္မိံ ယေဝ သီမာမဏ္ဍလေ-ထိုကထိန် သင်္ကန်းကို ပေးသော ကမ္မဝါစာဖတ်သော သိမ်အပြင်၌သာလျှင်၊ အဓိဋ္ဌဟိ-တွာ–၍၊ အတ္ထရိတွာ-၍၊ သံဃော–ကို၊ အနုမောဒါပေတဗ္ဗော-အပ်၏။

ဤဋီကာပါဌ်၌ တသ္မိံ ယေဝ သီမာမဏ္ဍလေ-ဟူ၍သာ ဆိုအပ်သောကြောင့် အမှတ်မရှိသော သိမ်အပြင်၌ ကမ္မဝါစာဖတ်၍ ထိုကမ္မဝါဖတ်သော အမှတ် မရှိသော သိမ်အပြင်၌ ခင်းအပ်၏ ဟူ၍ကား ဆိုတန်၏၊ ကထိန်ပေးသော, ကမ္မဝါစာကို ဖတ်သော ဗဒ္ဓသိမ်သည် ဝဿူပနာယိကခေတ် ဖြစ်သော ဥပစာရသိမ်တွင်း၌ တည်သည်ဖြစ်အံ့၊ ထိုသိမ်အပြင်၌ပင် ခင်းအပ်၏–ဟု ဝိသေသပြု၍ မဆိုသင့်ဟူငြားအံ့၊ ကမ္မဝါစာဖတ်သော သိမ်၌ကား ဗဒ္ဓသိမ် တည်း၊ ကထိန်ခင်းသော သိမ်ကား ဥပစာရသိမ်တည်း၊ ဥပစာရသိမ် မည် သည် ဗဒ္ဓသိမ်ကို လွှမ်း၍လည်း တည်သောကြောင့် ဗဒ္ဓသိမ်လည်း မည်၏၊ ဥပစာရသိမ်လည်း မည်၏၊ထိုကြောင့် ထိုဗဒ္ဓ, ဥပစာရ အမည် နှစ်ပါးရသော သိမ်အပြင်၌သာ ကထိန်ပေးသော ကမ္မဝါစာကို ဖတ်၍ ထိုသိမ်အပြင်၌ပင် ခင်းခြင်းကို ပြုအပ်၏၊ အမှတ်မရှိသော သိမ်အပြင်၌ ကမ္မဝါစာဖတ်၍ ထို ကမ္မဝါစာကို ဖတ်သော အမှတ်မရှိသော သိမ်အပြင်၌ပင် ခင်းခြင်းကို မပြု အပ်၊ ယင်းသို့ ဖြစ်သောကြောင့် ဝိသေသပြု၍ ဆိုသင့်သည်သာ-ဟု ဖြေ၊ ဥပစာရသိမ်အပြင်၌ ကထိန်ခင်းအပ်သည်၏ အဖြစ်ကို အဘယ်ကဲ့မြင်၍ သိရ သနည်း ဟူငြားအံ့၊

"သစေ ပန ကေသီမာယ ဗဟူဝိဟာရာ ဟောန္တိ၊သဗ္ဗေ ဘိက္ခူ သန္နိပါတေ-တွာ ကေတ္တ ကထိနံ အတ္ထရိတဗ္ဗံ၊" ဟူသော အဋ္ဌကထာပါဌ်၏ အတ္ထ သံဝဏ္ဏနာကို ပြုရာ၌–

"ကေသီမာယာတိ ကေဥပစာရသီမာယာတိ အတ္ထော ယုဇ္ဇတိ" ဟု ဖွင့်သော ဝဇိရဗုဒ္ဓိဋီကာကို မြင်၍ သိရသတည်း၊ ကမ္မဝါစာဖတ်သော သိမ် ၏ ဗဒ္ဓသိမ်၏ အဖြစ်ကိုကား-

"တေစ ခေါ ဟတ္ထပါသံ အဝိဇဟိတွာ ကေသီမာယံ ဌိတာ၊ သီမာ စ နာမေသာ ဗဒ္ဓသီမာ အဗဒ္ဓသီမာတိ ဒုဝိဓာ ဟောတိ" ဟု-ကင်္ခါဝိတရဏီ အဋ္ဌကထာ၌ လာသောကြောင့်၎င်း,

"သီမာစ နာမေသာ ကတမာ၊ယတ္ထ ဟတ္ထပါသံ အဝိဇဟိတွာ ဌိတာ၊ကမ္မပတ္တာနာမ ဟောန္တိတိ အနုယောဂံ သန္ဓာယ သီမံ ဒဿေန္တော ဝိဘာဂဝန္တာနံ သဘာဝဝိဘာဝနံ ဝိဘာဂဒဿနမုခေနေဝ ဟောတီတိ သီမာစနာမေသာတိအာဒိမာဟ" ဟူ၍ ဝိနယတ္ထမဉ္ဇူသာ အမည်ရှိသော ကင်္ခါဋီကာ၌ လာသောကြောင့်၎င်း သိရသတည်း။

အနက်ကား- တေစခေါ-ထိုရဟန်းတို့သည်လည်း၊ ဟတ္ထပါသံ-ကို၊ အဝိဇဟိတွာ-မစွန့်မူ၍၊ကေသီမာယံ-၌၊ ဌိတာ-သည်၊ ဟောန္တိ-ကုန်၏၊ စ-ဦးအံ့၊ သောသီမာနာမ-ကား၊ ဗဒ္ဓသီမာ-၎င်း၊ အဗဒ္ဓသီမာ-၎င်း၊ ဣတိ-သို့၊ဒုဝိဓာ-သည်၊ ဟောတိ-၏၊ (ရှေးပါဌ်အနက်။)

ယတ္ထ-အကြင်သိမ်၌၊ ဟတ္ထပါသံ-ကို၊ အဝိဇဟိတွာ-၍၊ဌိတာ-ကုန်သည်၊ ဟောန္တိ-ကုန်၏၊ ကမ္မပတ္တာနာမ-ကုန်သည်၊ ဟောန္တိ-ကုန်၏၊ သောသီမာနာမ-သည်ကား၊ ကတမာ-အဘယ်မျှအပြားရှိသနည်း၊ဣတိဣဒံ အနုယောဂံ-၍သို့သော စိစစ်ခြင်းကို၊ သန္ဓာယ-၍၊ သီမံ-ကို၊ ဒဿေန္တော - ပြတော်မူလိုသော အဋ္ဌကထာ ဆရာသည်၊ဝိဘာဂဝန္တာနံ-ဝေဘန်ခြင်းဂုဏ် ရှိကုန်သော တရားတို့၏၊ သဘာဝဝိဘာဝနံ-သဘောကို ထင်စွာပြုခြင်းသည်၊ ဝိဘာဂဒဿနမုခေနေဝ-ဝေဘန်ခြင်းကိုပြခြင်း အရင်းပြုသဖြင့်လျှင်၊ ဟောတိ-၏၊ ဣတိတသ္မာ-ကြောင့်၊ သီမာ စနာမေသာတိအာဒိံ-ကို၊ အာဟ-ပြီ၊ (နောက်ပါဌ်အနက်။)

ထိုပါဌ်တို့တွင် ဗဒ္ဓသိမ်သည် ခဏ္ဍသိမ်, သမာနသံဝါသသိမ်,အဝိပ္ပဝါသသိမ် - ဟူ၍ သုံးပါး၊ အဗဒ္ဓသိမ်သည်လည်း ဂါမသိမ်, သတ္တဗ္ဘန္တရသိမ်, ဥဒကုက္ခေပသိမ် - ဟူ၍ သုံးပါးပြား၏၊ ထို့ကြောင့် ကင်္ခါဝိတရဏီ အဋ္ဌကထာ၌-

> ဧဝံ ကောဒသဝိပ္ပတ္တိသီမာယော အတိက္ကမိတွာ တိဝိဓသမ္ပတ္တိယုတ္တာ နိမိတ္တေန နိမိတ္တံ သမ္ဗန္ဓိတွာ သမ္မတာ သီမာ ဗဒ္ဓသီမာတိ ဝေဒိတဗ္ဗာ၊ ခဏ္ဍသီမာ သမာနသံဝါသသီမာ အဝိပ္ပဝါသသီမာတိ တဿာယေဝ ပဘေဒေါ။ ။အဗဒ္ဓသီမာ ပန ဂါမသီမာ သတ္တဗ္ဘန္တရသီမာ ဥဒကုက္ခေပသီမာတိ တိဝိဓာ။ ။ဟု-မိန့်အပ်ပြီ။

အနက်ကား- ဧဝံ-သို့၊ကောဒသဝိပ္ပတ္တိသီမာယော-တို့ကို၊ အတိက္ကမိတွာ-၍၊ တိဝိဓသမ္ပတ္တိယုတ္တာ – သုံးပါး အပြားရှိသော ဘမ္ပတ္တိနှင့် ယှဉ်သော၊ နိမိတ္တေန-နှင့်၊ နိမိတ္တံ-ကို၊ သမ္မန္နိတွာ-၍၊ သမ္မတာ-သော၊ သီမာ-ကို၊ ဗဒ္ဓ-သီမာတိ-ဟူ၍၊ ဝေဒိတဗ္ဗာ-၏၊ ခဏ္ဍသီမာ-ဍင်း၊ သမာနသံဝါသသီမာ-ဍင်း၊ အဝိပ္ပဝါသသီမာ – ဍင်း၊ ဣတိအယံသီမာ-သည်၊ တဿာယေဝ-ထို ဗဒ္ဓသိမ်၏သာလျှင်၊ ပဘေဒေါ-အပြားတည်း။ ။ပန-အဖို့တပါးကို ဆိုဦးအံ့၊ အဗဒ္ဓသီမာ-သည်၊ ဂါမသီမာ-ဍင်း၊သတ္တဗ္ဘန္တရသီမာ-ဍင်း၊ဥဒကုက္ခေပ-သီမာ-ဍင်း၊ ဣတိ-သို့၊ တိဝိဓာ-သည်၊ ဟောတိ-၏။

ဤသို့လျှင် ဗဒ္ဓသိမ်သုံးပါး, အဗဒ္ဓသိမ်-သုံးပါးအားဖြင့် ခြောက်ပါးသော သိမ်တို့၌သာ ကမ္မပတ္တဖြစ်၍ စတုဝဂ္ဂ-စသော သံဃာသည် ပြုအပ်သော ဥတ္တိကံ အစရှိသည်တို့၏ ပြုအပ်သည်၏ အဖြစ်ကို အဋ္ဌကထာ၌ ဆိုအပ်သောကြောင့် သက်သက်သော ဥပစာရသိမ်၌ ကမ္မဝါစာ မဖတ်အပ်သည်၏ အဖြစ်ကို သိအပ်၏၊ ဥပစာရသိမ်တွင်း၌ ဗဒ္ဓသိမ်ရှိမူကား ထိုဗဒ္ဓသိမ်ကို လွှမ်း၍သော်လည်း ဥပစာရသိမ် သက်သောကြောင့် ဗဒ္ဓ, ဥပစာရ အမည် နှစ်ပါး ရကောင်းသော ထိုဗဒ္ဓသိမ်သည် ကမ္မဝါစာဖတ်ခြင်း၄ါဍင်း, ကထိန် ခင်းခြင်း၄ါဍင်း ထိုက်လေသည်ယု နိသံသယမုချမှတ်အပ်၏။

ဆရာဆောင်ခဲ့သော အဋ္ဌကထာပါဠိ၌ သိမ်ကို ခြောက်ပါးသာဟူ၍ လာ၏၊ ဍင်းအဋ္ဌကထာ၌ ပန္နရသဝိဓာ သီမာ-စသည်ဖြင့် သိမ် တဆယ့် ငါးပါး အပြားရှိကြောင်းကိုလည်း လာ၏၊ ထိုစကား နှစ်ရပ်သည် မဆန့် ကျင်ပြီလော ဟူငြားအံ့၊ ထိုစကားနှစ်ရပ်သည် အကြင်သို့သော အခြင်းအရာဖြင့် မဆန့်ကျင်၊ ထိုသို့သော အခြင်းအရာဖြင့် ယူအပ်၏၊ အဘယ်သို့ယူအပ်သော် မဆန့်ကျင်သနည်းဟူမူ တဆယ့်ငါးပါးသော သိမ်တို့တွင် ဥပစာရ သိမ်သည် သံဃာ၏ လာဘ်ကို ဝေဘန်ရာစသော အရပ်သာ ဖြစ်၏၊ လာဘ သိမ်သည် သံဃာ၏ မြေ၌ ဖြစ်သော ပစ္စည်းကို ခံယူရာ အရပ်သာ ဖြစ်၏၊ ထို့ကြောင့် ဤနှစ်ပါးသော သိမ်တို့သည် ကမ္မဝါစာ၏ ဖတ်ရာသိမ် မဟုတ် ကုန်၊ နိဂမသိမ်, နဂရသိမ်, ဇနပဒသိမ်,ရဋ္ဌသိမ်, ရဇ္ဇသိမ်, ဒီပသိမ်, စက္ကဝါဠ သိမ် ဤခုနစ်ပါးသောသိမ်တို့မူကား ဂါမသိမ်နှင့် အလားတူရကား ဂါမ သိမ်၌ အတွင်းဝင်လေပြီးဖြစ်သောကြောင့် အသီးမယူအပ်၊ ထိုသို့ဖြစ်သော ကြောင့် ဍင်း အဋ္ဌကထာ စကားနှစ်ရပ်သည် မဆန့်ကျင်၊ စင်စစ် ညီညွတ် နှီးနှောကြသည်သာ-ဟု ဖြေ။

ဥပစာရသိမ်၏ ဗဒ္ဓသိမ်ကို လွှမ်းမိုး၍ သက်သည်၏ အဖြစ်ကို အဘယ့်ကြောင့် သိရသနည်းဟူငြားအံ့၊"ဥပစာရသီမာနာမ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပေန အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နာ''ဟူ၍ အဋ္ဌကထာ၌ လာသောကြောင့် အရံ အရံထိုက်ရာ အရပ်တို့၏အတွင်း၌ ဗဒ္ဓသိမ်ရှိသည်ရှိသော် ဗဒ္ဓသိမ်ကို လွှမ်းမိုး၍ ဥပစာရသိမ် သက်ကြောင်းကို သိရသတည်း၊ ထိုဗဒ္ဓသိမ်ကို လွှမ်းမိုး၍ ဥပစာရသိမ် သက်သောကြောင့် ဥပစာရသိမ်၏အတွင်း၌ ရှိသော ဗဒ္ဓသိမ်သည် ဥပစာရသိမ်လည်း မည်ရကား ဂဏ္ဌိအဋ္ဌကထာ၌ပင် "ဥပစာရ သီမာယ ဒိန္နဒါနံ ခဏ္ဍသီမာ သီမန္တရိကာသု ဋ္ဌိတာနမ္ပိ ပါပုဏာတိ'' ဟုမိန့်အပ်ပြီ။

ထိုသို့ဖြစ်သည်ရှိသော်လည်း ဥပစာရသိမ်တွင်း၌ ဗဒ္ဓသိမ်ရှိမှုကား ထိုသိမ်၌ပင် ကထိန်ပေးသော ကမ္မဝါစာကို ဖတ်စေ၍ ထိုသိမ်၌ပင် ခင်းရာ၏၊ ဗဒ္ဓသိမ်မရှိမူကား အဘယ်သို့ ပြုရမည်နည်း ဟူငြားအံ့၊ ဥပစာရသိမ်တွင်း၌ ဗဒ္ဓသိမ် မရှိမူကား ဥပစာရသိမ်ပ၌ ရှိသော ဗဒ္ဓသိမ်သို့ရင်း, ဥဒကုက္ခေပ ရကောင်းသော အရပ်သို့ရင်း သွား၍ ကမ္မဝါစာကို ဖတ်စေ၍ ကျောင်းသို့ တဖန် ပြန်ခဲ့၍ ဝဿူပနာယိကခေတ် ဖြစ်၍ဖြစ်သော ဥပစာရသိမ်၌ တည်၍ ကထိန်ကို ခင်းအပ်၏ဟု ဖြေ။

ထိုသို့ခင်းသည်ရှိသော် ဉတ်ကမ္မဝါဖတ်သော သိမ်တပါး, ကထိန်ခင်းသော သိမ်လည်း တပါး ဖြစ်ခဲ့၏၊ ထိုသို့ဖြစ်က "ပရိနိဋ္ဌိတပုဗ္ဗကရဏမေဝ စေ ဒါယကော သံဃဿ ဒေတိ'' အစရှိသော ရှေး၌ပြခဲ့ပြီးသော ဝဇိရဗုဒ္ဓိဋီကာစကားနှင့် မဆန့်ကျင်ပြီလော ဟူငြားအံ့၊ ကမ္မဝါဖတ်သော သိမ်ကား ဗဒ္ဓသိမ်တည်း၊ ကထိန်ခင်းသော သိမ်ကား ဥပစာရ သိမ်တည်း၊ ဤသို့ စသည်ဖြင့် ဆိုအပ်ပြီးဖြစ်သောကြောင့် တပါးသော သိမ်၌ ဉတ်၊ တပါးသောသိမ်၌ ခင်းခြင်းဖြစ်၏ဟူသော စကား၌ အပြစ်မရှိ၊ ရှေးသောကာလ၌ များသော အားဖြင့် ဗဒ္ဓသိမ်လယ်၌ ရှိသော ကျောင်းဖြစ်သောကြောင့် သမဂ္ဂသံဃာကို စည်းဝေး၍ ကမ္မဝါကို ဖတ်စေ၍ ဥပစာရ, ဗဒ္ဓနှစ်ပါး မည်ထိုက်သော ထိုကျောင်း၌ ခင်းခြင်းကိုသာ ရည်၍ ဝဇိရဗုဒ္ဓိဋီကာ၌ ဆိုအပ်၏၊ တပါးသော ဋီကာဆရာတို့လည်း ဗဒ္ဓသိမ်လယ်၌ ရှိသော ကျောင်းမဟုတ် သော်လည်း ဥပစာရသိမ်၌ ဗဒ္ဓသိမ်ရှိခဲ့သော် ထိုသိမ်အပြင်၌ ကမ္မဝါစာဖတ်သော သိမ်အပြင်၌ ခင်းအပ်သည်၏ အဖြစ်ကို ဆိုအပ်၏၊ ယင်းသို့ ဆိုအပ်သောကြောင့် ဝဇိရဗုဒ္ဓိဋီကာစကားနှင့်လည်း မဆန့်ကျင်။

အကယ်၍ ဗဒ္ဓသိမ်လယ်၌တည်သော ကျောင်းလည်း မဟုတ်၊ ဥပစာရ သိမ်တွင်း၌ ဗဒ္ဓသိမ်လည်း မရှိငြားအံ့၊ ဤသို့သော ကျောင်း၌ကား ကမ္မဝါစာကို ဖတ်စေခြင်းငှါ မအပ်၊ တပါးသော ဗဒ္ဓသိမ်, ဥဒကုက္ခေပသိမ်သို့ သွား၍ ကမ္မဝါစာကို ဖတ်စေ၍ ကျောင်းသို့တဖန် ပြန်ခဲ့၍ ဝဿူပနာယိကခေတ် ဖြစ်သောဥပစာရသိမ်၌ တည်၍သာလျှင် ခင်းအပ်၏၊ ဤသို့ဆိုခဲ့ပြီသောနည်း ဖြင့်သာလျှင် အဆက်ဆက်သော များစွာသော ဆရာမြတ်တို့ သည်လည်း ခင်းလေ့ ပြုတော်မူကုန်၏၊ နောက်နောက်သော လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်ကုန်သော ရဟန်းကောင်းတို့သည် ဆိုအပ်ခဲ့ပြီးသော အထူးထူးသော နည်းနာနယ ပဒေသတို့ကို အဖန်တလဲလဲ ကြည့်ရှုမှတ်သား၍ ဆရာသမားတို့ အား ဆွေးနွေး မေးမြန်းလျက် ပါဠိ အဋ္ဌကထာ ဋီကာနှင့် ညီညွတ်သင့်မြတ် သည်ရှိသော် ယူကုန်ရာ၏၊ မညီမညွတ် မသင့်မြတ်မူကား စွန့်ကုန်ရာ၏။

အပရေ ဆရာတို့ကား ဗဒ္ဓသိမ်မရှိသော သက်သက်သော ဥပစာရသိမ် ၌ပင် ဉတ်ကမ္မဝါစာကိုလည်း ဖတ်ရွတ်စေ၍ ကထိန်ကိုလည်း ခင်း၏၊သိမ် တပါး၌ ဉတ်၊ သိမ်တပါး၌ ခင်းခြင်းကို မပြုအပ်ဟူ၍ ဆိုကြကုန်၏၊ထိုဆရာ တို့အလို နှလုံးသွင်းကား ဤသို့တည်း၊ "ကထိနတ္ထတသိမာယ" ဟူသော ဥပစာရသိမ်ကို ရည်၍ အဋ္ဌကထာဆရာ ဆိုအပ်၏ဟု ဝဇိရဗုဒ္ဓိဋီကာ၌ ကထိန် ခင်းရာ ဖြစ်သော သိမ်၏ ဥပစာရသိမ်၏ အဖြစ်ကို သိအပ်၏၊ ထိုဋီကာ၌ပင် "တဿံယေဝ သီမာယမ္ပလေ အမိဋ္ဌဟိတ္ဗာ အတ္ထရိတ္ဗာ သံဃော အနု- မောဒါပေတဗ္ဗော" ဟု ကမ္မဝါစာဖတ်သော သိမ်၌ပင် ခင်းအပ်သည် အဖြစ် ကိုလည်း ဆိုအပ်၏၊ ထို့ကြောင့် တပါးသောသိမ်၌ ဉတ်, တပါးသောသိမ် ၌ ခင်းခြင်းကို မပြုအပ်၊ထိုဥပစာရသိမ်၌ပင် ကမ္မဝါစာကိုဖတ်၍ ထိုကမ္မဝါစာ ကိုဖတ်သော သိမ်၌ပင် ခင်းအပ်၏၊ ဥပစာရသိမ်ပ၌ တည်သော ဗဒ္ဓသိမ်သို့ သွား၍ ခင်းခြင်းကိစ္စမရှိပြီ၊ ဤကား ထိုအပရေ ဆရာတို့အလို နှလုံးသွင်း တည်း၊ ထိုဆရာတို့ စကား၌ဤဆိုလတ္တံ့သောနည်းဖြင့် စိစစ်ခြင်းကို ပြုအပ်၏။

မာဂဓဘာသာ၌"ဉတ္တိ"ဟူ၍ဆိုအပ်သော ဤကထိန်ပေးသော ကံသည် လေးပါးသော သံဃာ့ကံတို့တွင် ဉတ္တိဒုတိယကံတည်း၊ ဉတ္တိဒုတိယ ကံ၏ ကိုးပါးသော အရာတို့တွင် ကထိန်ပေးခြင်းတည်း၊ ဂရုက, လဟုကတို့တွင် ဂရုကဘည်း၊ အကယ်၍ လေးပါးသော သံဃာ့ကံတို့ကို ဥပစာရသိမ်၌ ပြု အပ်၏ဟု ကျမ်းဂန်တို့၌ လာသည်ဖြစ်အံ့၊ ထိုဆရာတို့စကားအား လျော်စွာ ဥပစာရသိမ်၌ ကထိန်ပေးသော ဉတ်ကမ္မဝါစာကို ဖတ်အပ်သည် ဖြစ်ရာ၏၊ ကျမ်းဂန်တို့၌ကား - ဥပစာရ သိမ်၌ လေးပါးသော ကံတို့ကို ပြုအပ်၏ဟု

မလာ၊ စင်စစ်သော်ကား-သံဃာ့လာဘ်ကိုဝေဘန်ခြင်း, အာဂန္တုကဝတ်ကို ပြု၍ အာရာမ်သို့ ဝင်ခြင်း, ခရီးသွားရဟန်းတို့ ကျောင်း, အိပ်ရာ နေရာကို ပန်ခြင်း, နိဿယည်း ငြိမ်းခြင်း,ပရိဝတ် မာနတ် ကျင့်သော ရဟန်းတို့ အရုဏ် တက်ခြင်း, ရဟန်းမိန်းမတို့ အာရာမ်ဝင်ခြင်းကို ပန်ခြင်း ဤသို့အစရှိသော အမှုတို့ကိုသာလျှင် ဥပစာရသိမ်၌ ပြုအပ်၏ဟု လာ၏။

ယင်းသို့လာသောကြောင့် ကထိန်ပေးသော ဥတ္တိဒုတိယကံကို သက် သက်သော ဥပစာရသိမ်၌ မဖတ်အပ်ဟူသော အနက်သည် ငြိး၏၊ ဆရာ ရေတွက်၍ ပြအပ်သော ကိစ္စတို့ကိုသာ ဥပစာရသိမ်တွင်း၌ ပြုအပ်၏ဟူသော အနက်ကို အဘယ့်ကြောင့် သိအပ်သနည်းဟူငြားအံ့။

> အဝိပ္ပဝါသသီမာနာမ တိယောဇနာပိ ဟောတိ၊ ဧဝံသန္တေ တိယောဇနေ ဋိတာ လာဘံ ဂဏှိဿန္တိ၊ တိယောဇနေ ဌတွာ အာဂန္တုကဝတ္တံ ပူရေတွာ အာရာမံ ပဝိသိတဗ္ဗံ ဘဝိဿတိ၊ ဂမိကော တိယောဇနေ ဌတွာ သေနာသနံ အာပုစ္ဆိဿတိ၊ နိဿယ ပဋိပန္နဿ ဘိက္ခုနော တိယောဇနာတိက္ကမေ နိဿယော ပဋိပ္ပဿမ္ဘိဿတိ၊ ပါရိဝါသိကေန တိယောဇနံ အတိက္ကာမေတွာ အရုဏံ ဥဋ္ဌပေတဗ္ဗံ ဘဝိဿတိ၊ ဘိက္ခုနိယာ တိယောဇနေ ဌတွာ အာရာမပဝေသနံ အာပုစ္ဆိတဗ္ဗံ ဘဝိဿတိ၊ သဗ္ဗမေတံ ဥပစာရသီမာယ ပရိစ္ဆေဒဝသေနေဝ ကာတုံ ဝဋ္ဋတိ၊ တသ္မာ ဥပစာရသီမာယမေဝ ဘာဇေတုံ ဝဋ္ဋတိ။ ။ဤသို့ အစရှိသည်ဖြင့် အဋ္ဌကထာ၌ လာသောကြောင့် သိရ သတည်း။

အနက်ကား-အဝိပ္ပဝါသသီမာနာမ–မည်သည်ကား၊တိယောဇနာပိ-သုံး ယူဇနာအတိုင်းအရှည် ရှိသည်လည်း၊ဟောတိ-၏၊ ဧဝံသန္တေ-ဤသို့ဖြစ်သည် ရှိသော်၊ တိယောဇနေ-၌၊ ဋိတာ-တည်ကုန်သော ရဟန်းတို့သည်၊ လာဘံ-ကို၊ ဂဏှိဿန္တိ-လတ္တံ့၊ တိယောဇနေ-၌၊ ဌတွာ-၍၊ အာဂန္တုကဝတ္တံ-ကို၊ ပူရေတွာ-၍၊ အာရာမံ-သို့၊ ပဝိသိတဗ္ဗံ-သည်၊ ဘဝိဿန္တိ - လတ္တံ့၊ ဂမိကော-ခရီးသွားရဟန်းသည်၊ တိယောဇနေ-၌၊ ဌတွာ-၍၊ သေနာသနံ-ကို၊ အာပုစ္ဆိဿတိ-ပန်ကြားရလတ္တံ့၊ နိဿယ ပဋိပန္နဿ-နိဿယည်း ကျင့်သော၊ ဘိက္ခုနော-အား၊ တိယောဇနာတိက္ကမေ-ကြောင့်၊ နိဿယော-သည်၊ ပဋိပ္ပဿမ္ဘိဿတိ-ငြိမ်းလတ္တံ့၊ ပါရိဝါသိကေန-သည်၊ တိယောဇနံ-ကို၊ အတိက္ကာမေတွာ-၍၊အရုဏံ-ကို၊ဥဋ္ဌပေတဗ္ဗံ-တက်စေအပ်သည်၊ဘဝိဿတိ-

လတ္တံ့၊ ဘိက္ခုနိယာ–၏၊ တိယောဇနေ–၌၊ ဌတွာ–၍၊ အာရာမပဝေသနံ-ကို၊ အာပုစ္ဆိတဗ္ဗံ-သည်၊ဘဝိဿတိ-လတ္တံ့၊တေ၊သဗ္ဗံ-ဤအလုံးစုံကို၊ ဥပစာရ-သီမာယ–၏၊ ပရိစ္ဆေဒဝသေနေဝ – အပိုင်းအခြား၏ အစွမ်းဖြင့် သာလျှင်၊ ကာတုံ-ငှါ၊ ဝဋ္ဋတိ-၏၊ တသ္မာ-ကြောင့်၊ ဥပစာရသီမာယမေဝ-၌သာလျှင်၊ ဘာဇေတုံ-ငှါ၊ ဝဋ္ဋတိ-၏။ ။ဤသို့လာသော အဋ္ဌကထာကိုထောက်၍ ထို အပရေဆရာတို့စကားကို စွန့်ပစ်အပ်သည်သာ မှတ်လေ။

စီဝရပဋိဂ္ဂါဟကသမ္မုတိ, စီဝရနိဒဟကသမ္မုတိ, စီဝရဘာဇကသမ္မုတိ တို့ကို"သုဏာတု မေ ဘန္တေ သံဃော။လ။ဓာရေယာမီတိ ဣမာယ ကမ္မဝါစာ-ယဝါ အပလောကနေနဝါ အန္တောဝိဟာရေ သဗ္ဗသံဃမဇ္ဈေပိ ခဏ္ဍသီမာ-ယပိ သမ္မန္နိတုံ ဝဋ္ဋတိ၊"ဟူ၍၎င်း,

ဘဏ္ဍာအိမ်ကိုလည်း"ဣဒံ ပန ဘဏ္ဍာဂါရံ ခဏ္ဍသီမံ ဂန္တွာ ခဏ္ဍသီမာယ နိသိန္နေဟိ သမ္မန္နိတုံ န ဝဋ္ဋတိ၊ ဝိဟာရမဇ္ဈေယေဝ၊ သုဏာတု မေ ဘန္တေ သံဃော၊ယဒိ သံဃဿ ပတ္တကလ္လံ၊သံဃော ဣတ္ထန္နာမံ ဝိဟာရံ ဘဏ္ဍာဂါရံ သမ္မန္နေယျာတိ အာဒိနာ နယေန ကမ္မဝါစာယဝါ အပလောကနေနဝါ သမ္မန္နိတဗ္ဗံ"ဟူ၍၎င်း-

အဋ္ဌကထာ၌ပင် ဥပစာရသိမ်၌သာ ဥဘ္ဘိဒုတိယကမ္မဝါစာဖြင့် သမုတ် အပ်သည်၏အဖြစ်ကို လာသောကြောင့် ဥပစာရသိမ်သည် ဉတ်ကမ္မဝါစာ၏ ဖတ်ရွတ်ရာ မဟုတ်ဟု ဆိုသော ဆရာ့စကားကို ငါတို့ အဘယ်သို့ ယုံကြည်ရမည်နည်း ဟူငြားအံ့၊ ထိုဆရာတို့ကို ဤသို့ဆိုအပ်ကုန်၏၊ အဋ္ဌကထာ၌ လာသော"အန္တောဝိဟာရေ" ဟူသောပါဌ်, "ဝိဟာရမဇ္ဈေ" ဟူသော ပါဌ်တို့ကို ဥပစာရသိမ်ကိုရည်၍ ဆိုအပ်၏ဟု သင်တို့မှတ်ထင်သောကြောင့် ဤသို့ အယူရှိကုန်၏၊ ထိုပါဌ်တို့ကို ဥပစာရသိမ်ကိုရည်၍ အဋ္ဌကထာဆရာ ဆိုသည်မဟုတ်၊ စင်စစ်သော်ကား အဝိပ္ပဝါသသိမ်ဟု ဆိုအပ်သော သိမ်ကို ရည်၍ ဆိုတော်မူကုန်၏။

အဘယ်ကိုထောက်၍ သိသနည်းဟူမူ-ထိုအဋ္ဌကထာ၌ပင် "ခဏ္ဍသီမာယပိ သမ္မန္နိတုံ"ဟူ၍၎င်း, 'ခဏ္ဍသီမာယ နိသိန္နေဟိ သမ္မန္နိတုံ"ဟူ၍၎င်း ဆိုသော ကြောင့် သိရသတည်း၊ ထိုစကားသည် မှန်၏၊ ခဏ္ဍသိမ်နှင့် မဟာသိမ်သာ လျှင် ပဋိယောဂီ ဖြစ်၏၊ ဥပစာရသိမ်သည် ပဋိယောဂီ မဖြစ်၊ ပဋိယောဂီ ဟူသည်ကား ပြိုင်ဘက်ယှဉ်ဘက်ကို ဆိုလိုသည်၊ ယင်းသို့ ပြိုင်ဘက်ယှဉ်ဘက် ပဋိယောဂီ ဖြစ်သောကြောင့် မဟာသိမ်၌ ပြုအပ်သော ကံကို ခဏ္ဍသိမ်၌,

ခဏ္ဍသိမ်၌ပြုအပ်သော ကံကိုလည်း မဟာသိမ်၌ ပြုအပ်လေသည်၊ ဥပစာရ သိမ်၌မူကား မအပ် ဆိုလိုသည်။ ထို့ကြောင့် ရင်းအဋ္ဌကထာ၌–

ဣမံ ပန သမာနသံဝါသကသီမံ သမ္မန္နန္တေဟိ ပဗ္ဗဇ္ဇုပသမ္ပဒါဒီနံ သံဃကမ္မာနံ သုခကရဏတ္ထံ ပဌမံ ခဏ္ဍသီမာ သမ္မန္နိတဗ္ဗာ။လ။ ဧဝံ ဗဒ္ဓါသု ပန သီမာသု ခဏ္ဍသီမာယ ဌိတာ ဘိက္ခူ မဟာသီမာယ ကမ္မံ ကရောန္တာနံ န ကောပေန္တိ၊ တထာ မဟာသီမာယ ဌိတာ ခဏ္ဍ သီမာယ ကမ္မံ ကရောန္တာနံ၊ သီမန္တရိကာယ ပန ဌိတာ ဥဘိန္နမ္ပိ နကောပေန္တိ။ ။ဟူ၍ မိန့်အပ်ပြီ။

အနက်ကား-ပန-အဖွိုတပါးကို ဆိုဦးအံ့၊ ဣမံသမာနသံဝါသကသီမံ-ကို၊ သမ္မန္နန္တေဟိ-သမုတ်ကုန်သော ရဟန်းတို့သည်၊ ပဗ္ဗဇ္ဇုပသမ္ပဒါဒီနံ-ပဗ္ဗဇ္ဇ,ဥပ သမ္ပဒ အစရှိကုန်သော၊ သံဃကမ္မာနံ–တို့ကို၊ သုခကရဏတ္ထံ-၄ါ၊ ပဌမံ-စွာ၊ ခဏ္ဍသီမာ-ကို၊ သမ္မန္နိတဗ္ဗာ-၏။လ။ဧဝံ-သို့၊ ဗဒ္ဓါသု-သမုတ်ကုန်သော၊ သီမာသု–တို့၌၊ ခဏ္ဍသီမာယ-၌၊ ဌိတာ-ကုန်သော၊ ဘိက္ခူ-တို့သည်၊ မဟာ-သီမာယ - ၌၊ ကမ္မံ ကရောန္တာနံ-ကံပြုကုန်သော ရဟန်းတို့၏၊ ကမ္မံ – ကို၊ န ကောပေန္တိ–ကုန်၊ တထာ–ထိုအတူ၊ မဟာသီမာယ-၌၊ ဌိတာ-တည်ကုန် သော ရဟန်းတို့သည်၊ ခဏ္ဍသီမာယ-၌၊ ကမ္မံကရောန္တာနံ-တို့၏၊ ကမ္မံ-ကို၊ န ကောပေန္တိ-ကုန်၊ ပန-အထူးကို ဆိုဦးအံ့၊ သီမန္တရိကာယ–သီမန္တရိက်၌၊ ဌိတာ–တို့သည်၊ ဥဘိန္နမ္ပိ-နှစ်ပါးစုံသော မဟာသိမ်, ခဏ္ဍသိမ်၌ တည်ကုန် သော ရဟန်းတို့၏လည်း၊ကမ္မံ-ကို၊ န ကောပေန္တိ-ကုန်။ ။ဤသို့သော အာဂုံ ယုတ္တိကိုထောက်၍ ဥပစာရသိမ်သည် ဥတ္တကမ္မဝါစာ၏ ဖတ်ရွတ်ရာမဟုတ် ဟု နိသံသယ မုချ မှတ်လေ။

တနည်းလည်း-စောဒကဆရာတို့ဆောင်သော အဋ္ဌကထာပါဠိ၌“အန္တော ဝိဟာရေ, ဝိဟာရမဇ္ဈေ” ဟူသော ပါဠိတို့သည် ဥပစာရသိမ်ကို ရည်၍ ဆို သောပါဠိ မဟုတ်၊ အဝိပ္ပဝါသ သိမ်ဟု ဆိုအပ်သော မဟာသိမ်ကို ရည်၍ ဆိုအပ်သည်၏အဖြစ်ကိုရင်း, စောဒကဆရာတို့ ဆောင်အပ်သော ဘဏ္ဍာဂါရ သမ္မုတိပါဠိ၏ အစွမ်းအားဖြင့်ပင် သိအပ်၏၊ အဘယ်သို့ သိအပ်သနည်းဟူမူ ကား-စီဝရပဋိဂ္ဂါဟက အစရှိသောပုဂ္ဂလသမ္မုတိတို့ကို ကျောင်းတွင်း၌ အလုံး စုံသော သံဃာ့အလယ်၌ရင်း, ခဏ္ဍသိမ်၌ရင်း သမုတ်ခြင်းငှါ အပ်၏၊ဘဏ္ဍာ အိမ်ဟု ဆိုအပ်သော ဝိဟာရသမ္မုတိကိုကား ကျောင်းလယ်၌သာ သမုတ်

ခြင်းငှါ အပ်၏ဟူ၍ လာသော အဋ္ဌကထာစကား၌ အကြောင်းကို ရှာအပ်၏။

ထိုသို့ရှာမူ တပါးသောသိမ်၌ ဝတ္ထု, တပါးသောသိမ်၌ ကမ္မဝါစာ ဖြစ်ခဲ့၏ဟု ဆိုဘွယ်အပြစ်ကို ပယ်ခြင်းငှါ ပုဂ္ဂလသမ္မုတိ,ဝိဟာရသမ္မုတိ နှစ်ပါးကွဲပြား မတူ ဆိုတော်မူသောကြောင့် နိမိတ်ထူးကို ရအပ်၏၊ ထိုစကားသည်မှန်၏၊ ပုဂ္ဂလသမ္မုတိတို့ကို ပုဂ္ဂိုလ်သည်ပင် ဝတ္ထုဖြစ်သောကြောင့် မဟာသိမ်ဖြစ်၍ဖြစ်သော ကျောင်းလယ်၌ ပြုလိုကုန်သည် ဖြစ်အံ့၊ အလုံးစုံသော သံဃာ့အလယ်၌ ဝတ္ထုဖြစ်သော ပုဂ္ဂိုလ်ကို ဟတ္ထပါသ်သို့ ဆောင်၍ ပြုကုန်ရာ၏၊ ခဏ္ဍသိမ်၌ ပြုလိုကုန်သည်ဖြစ်အံ့၊ထိုဝတ္ထုဖြစ်သော ပုဂ္ဂိုလ်ကို ခဏ္ဍသိမ်၌ စည်းဝေးသော ကမ္မပတ္တဖြစ်သော သံဃာ၏ ဟတ္ထပါသ်သို့ဆောင်၍ ပြုကုန်ရာ၏၊ နှစ်ပါးစုံသော သိမ်၌ပင် ဆိုအပ်ပြီးသောအပြစ် မရှိဟုမှတ်။

ဘဏ္ဍာဂါရ သမ္မုတိကိုကား- ဘဏ္ဍာအိမ်၌ ကျောင်းဖြစ်သောကြောင့် ခဏ္ဍသိမ်သို့ ဆောင်ခြင်းငှါ မတတ်ကောင်းသောကြောင့် ထိုဝိဟာရသမ္မုတိကို ခဏ္ဍသိမ်၌ တည်၍ ပြုကုန်ငြားအံ့၊ ဘဏ္ဍာအိမ်ဟု ဆိုအပ်သောဝတ္ထုသည် မဟာသိမ်၌ ကမ္မဝါစာသည် ခဏ္ဍသိမ်၌ ဖြစ်၍ ဆိုအပ်ပြီးသောအပြစ်သည် ဖြစ်၏၊ ထိုအပြစ်ရှိသော် ဝတ္ထုဝိပန္န ဖြစ်၍ ကံပျက်၏၊ ထို့ကြောင့် မဟာသိမ်ဖြစ်၍ဖြစ်သော ကျောင်းလယ်၌သာလျှင် ထိုသမ္မုတိကို ပြုအပ်၏၊ ဤသို့သော အဋ္ဌကထာဆရာတို့၏ အလိုနှလုံးသွင်းကို ထောက်၍ ဥပစာရသိမ်၌ ဉတ္တိဒုတိယကံကို မပြုအပ်ဟု နိဿံသယ မုချမှတ်ပါကုန်။

ဝိဟာရသဒ္ဒါဖြင့် အဝိပ္ပဝါသသိမ်ဖြစ်၍ဖြစ်သော မဟာသိမ်ကိုသာ ဆိုအပ်၏၊ ဥပစာရသိမ်ကို မဆိုအပ် ဟူသော စကားကို အဘယ်သို့ယုံကြည်အပ်သနည်း ဟူငြားအံ့ ဤအဋ္ဌကထာပါဠ်ဖြင့် ယုံကြည်အပ်၏၊အဘယ်သို့ယုံကြည်အပ်သနည်းဟူမူကား-အကယ်၍ ဥပစာရသိမ်ကို ဆိုအပ်သည် ဖြစ်ငြားအံ့၊ ဥပစာရသိမ်မည်သည် ဗဒ္ဓသိမ်ကိုလွှမ်း၍လည်း ကျောင်းပွားကုန်သော်ငင်း, ရဟန်းပွားကုန်သော်ငင်း အမှတ်မရှိသည်၏ အစွမ်းအားဖြင့် ပွား၏၊ ထိုသို့ ဥပစာရသိမ်၏ ခဏ္ဍသိမ်ကိုလည်း လွှမ်း၍ တည်သောကြောင့် ကျောင်းနှင့်တကွ ခဏ္ဍသိမ်သည် တသိမ်တည်းပင် ဖြစ်၏၊ ထိုသို့ တသိမ်တည်း ဖြစ်သည်ရှိသော် ဝိဟာရသဒ္ဒါဖြင့် ယူအပ်သော ဥပစာရသိမ်၌တည်သော ဘဏ္ဍာအိမ်ကို ခဏ္ဍသိမ်၌တည်၍ သမုတ်ခြင်းငှါ တတ်ကောင်းသည် ဖြစ်ရာ၏၊"ခဏ္ဍသီမာယ နိသိန္နေဟိ သမ္မန္နိတုံ နဝဋ္ဋတိ"ဟု အဋ္ဌကထာဆရာ မြစ်တော်မူသောကြောင့်

ခဏ္ဍသိမ်၌တည်၍ သမုတ်ခြင်းငှါကား မတတ်ကောင်း၊ ထို့ကြောင့် ဤအရာ၌ ဝိဟာရသဒ္ဒါဖြင့် အဝိပ္ပဝါသသိမ်ဖြစ်၍ဖြစ်သော မဟာသိမ်ကိုသာ ဆိုအပ်၏၊ ဥပစာရသိမ်ကို မဆိုအပ်၊ ဤသို့သော အကြောင်းကြောင့် ယုံကြည်အပ်သည် သာဟု ဖြေ၊ ဥပစာရ သိမ်၏ အမှတ် မရှိသည်၏ အစွမ်းအားဖြင့် ပွားသည်၏ အဖြစ်ကိုကား–

ဥပစာရသီမာ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပေန အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နာ ဟောတိ၊ အပိစ ဘိက္ခူနံ ဓုဝသန္နိပါတဋ္ဌာနတောဝါ ပရိယန္တေ ဌိတဘောဇနသာလတော- ဝါ နိဗဒ္ဓဝသနက အာဝါသတောဝါ ထာမမဇ္ဈိမဿ ပုရိသဿ ဒွိန္နံ လေဍ္ဍုပါတာနံ အန္တော ဥပစာရသီမာ ဝေဒိတဗ္ဗာ၊ သာ ပန အာဝါသေသု ဝဍ္ဎန္တေသု ဝဍ္ဎတိ၊ ပရိဟာယန္တေသု ပရိဟာယတိ၊ မဟာပစ္စရိယံ ပန ဘိက္ခူသုပိ ဝဍ္ဎန္တေသု ဝဍ္ဎတီတိ ဝုတ္တံ၊ သစေ ဝိဟာရေ သန္နိပတိတဘိက္ခူဟိ ဧကဗဒ္ဓါ ဟုတွာ ယောဇနသတံပိ ပူရေတွာ နိသီဒန္တိ၊ ယောဇနသတံပိ သီမာဝ ဟောတိ၊ သဗ္ဗေသံ လာဘော ပါပုဏာတိ။ ။ဟူသော အဋ္ဌကထာကို ထောက်၍ သိအပ်၏။

အနက်ကား-ဥပစာရသီမာ–ကို၊ ပရိက္ခိတ္တဿ–သော၊ ဝိဟာရဿ–၏၊ ပရိက္ခေပေန-ဖြင့်၊ အပရိက္ခိတ္တဿ–သော၊ ဝိဟာရဿ-၏၊ ပရိက္ခေပါရ- ဟဋ္ဌာနေန-ဖြင့်၊ ပရိစ္ဆိန္နာ-သည်၊ ဟောတိ-၏၊ အပိစ-ဆိုဘွယ် ရှိသေး၏၊ ဘိက္ခူနံ-တို့၏၊ ဓုဝသန္နိပါတဋ္ဌာနတောဝါ - အမြဲစည်းဝေးရာ အရပ်မှငှင်း၊ ပရိယန္တေ–ကျောင်းစွန်၌၊ ဌိတဘောဇနသာလတောဝါ-တည်သော ဆွမ်း စားစရပ်မှငှင်း၊ နိဗဒ္ဓဝသနက အာဝါသတောဝါ–အမြဲနေသော ကျောင်းမှ ငှင်း၊ ထာမ မဇ္ဈိမဿ-အားလျစ်လျူရှိသော၊ ပုရိသဿ–၏၊ ဒွိန္နံ လေဍ္ဍုပါ- တာနံ-ခဲနှစ်ကျတို့၏၊ အန္တော–အတွင်း၌၊ ဥပစာရသီမာ–ကို၊ ဝေဒိတဗ္ဗာ-၏၊ ပန-ထိုသို့ ခဲနှစ်ကျဖြင့် ပိုင်းခြား အပ်သော်လည်း၊ သာ ဥပစာရသီမာ-သည်၊ အာဝါသေသု-တို့သည်၊ ဝဍ္ဎန္တေသု – ပွားကုန်သည်ရှိသော်၊ ဝဍ္ဎတိ – ၏၊ ပရိဟာယန္တေသု-ယုတ်ကုန်သည်ရှိသော်၊ ပရိဟာယတိ-၏၊ ပန–အဖွိုတပါး ကို ဆိုဦးအံ့၊ မဟာပစ္စရိယံ–၌၊ ဘိက္ခူသုပိ-တို့သည်လည်း၊ ဝဍ္ဎန္တေသု- ရှိသော်၊ ဝဍ္ဎတိ-၏၊ ဣတိ–သို့၊ ဝုတ္တံ-၏၊ ဝိဟာရေ-၌၊ သန္နိပတိတဘိက္ခူဟိ- တို့နှင့်၊ ဧကဗဒ္ဓါ–တစပ်တည်းစပ်ကုန်သည်၊ ဟုတွာ-၍၊ ယောဇနသတမ္ပိ- ယူဇနာတရာကိုလည်း၊ ပူရေတွာ-၍၊ သစေနိသီဒန္တိ–အကယ်၍နေကုန်သည်

ဖြစ်အံ့၊ယောဇနသတမ္ပိ–သည်လည်း၊ သီမာဝ–လျှင်၊ ဟောတိ–၏၊ သမ္ဗေသံ–ခပ်သိမ်းကုန်သော ရဟန်းတို့အား၊ လာဘော–သည်၊ ပါပုဏာတိ–၏။

အကာယ်၍ ဥတ္တိဒုတိယကံကို ဥပစာရသိမ်၌ မပြုအပ်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်သည်ရှိသော် အဘယ့်ကြောင့်ဥပစာရသိမ်၌ ကထိန်ခင်းအပ်သည်၏အဖြစ်ကို အဋ္ဌကထာ၌ ဆိုအပ်သနည်းဟူငြားအံ့၊ကထိန်ခင်းခြင်းမည်သည် သံဃာကံမဟုတ်၊ ပုဂ္ဂိုလ်၏ကံသာ ဖြစ်၏၊ ထိုကြောင့် ဝဿူပနာယိကခေတ် ဖြစ်၍ဖြစ်သော ဥပစာရသိမ်၌ ပြုအပ်သတည်း၊ ဉတ်ကမ္မဝါစာသည်ကား သံဃာကံ ဖြစ်သောကြောင့် ဥပစာရသိမ်၌ မပြုအပ်၊ ကောင်းစွာ သုတ်သင်ပြီးသော ဗဒ္ဓသိမ်, အဗဒ္ဓသိမ်၌သာ ပြုအပ်၏၊ ယင်းသို့ဖြစ်သောကြောင့် ဥပစာရသိမ်၌ ကထိန်ခင်းအပ်သည်၏ အဖြစ်ကို အဋ္ဌကထာဆရာ မိန့်အပ်၏ဟု ဖြေ။

> ကထိနံ အတ္ထရိတုံ ကေ လဘန္တိ၊ ဂဏနဝသေန တာဝ ပစ္ဆိမ-ကောဋိယာ ပဉ္စဇနာ လဘန္တိ၊ ဥဒ္ဓံ သတသဟဿမ္ပိ ပဉ္စန္နံ ဟေဋ္ဌာ န လဘန္တိ။

ဟူ၍ အဋ္ဌကထာ၌ ငါးပါး,ငါးပါးထက်အလွန် ကထိန်ခင်းခြင်းငှါရအပ်ကြောင်းကို ဆိုသည်ဖြစ်လျက် အဘယ့်ကြောင့် ကထိန်ခင်းခြင်း မည်သည် သံဃာ့ကံမဟုတ်၊ ပုဂ္ဂိုလ်၏ကံသာဖြစ်၏ဟု ဆိုအပ်သနည်း ဟူငြားအံ့။

“န သံဃော ကထိနံ အတ္ထရတိ၊ န ဂဏော ကထိနံ အတ္ထရတိ၊ ပုဂ္ဂလော ကထိနံ အတ္ထရတိ”ဟူ၍ ပရိဝါ၌ဟောတော်မူသောကြောင့်ငင်း, အပလောကန အစရှိသော လေးပါးသောသံဃာ့ကံတို့၏ အရာတို့၌ မဝင်သောကြောင့်ငင်း ကထိန်ခင်းခြင်းသည် သံဃာ့ကံမဟုတ်၊ ပုဂ္ဂိုလ်၏ ကံသာ ဖြစ်၏ဟု ဆိုသတည်း။

ယင်းသို့ဖြစ်သော် အဋ္ဌကထာဆရာစကားသည် ပရိဝါပါဠိတော်နှင့်မညီရကား ချွတ်ယွင်းသည်ဖြစ်ရာ၏ ဟူငြားအံ့၊ အဋ္ဌကထာ၌ ကထိန်ခင်းခြင်း၏ ဥပစာရဖြစ်၍ ဖြစ်သော ကထိန်ပေးသော ကမ္မဝါစာကို ဖတ်သော ကာလကိုရည်၍ ဆိုအပ်သောကြောင့် ညီညွတ်၏၊ စင်စစ်ချွတ်ယွင်းသည်မရှိ၊ ထိုစကားသည် မှန်၏၊ ကထိန်ပေးသော ကမ္မဝါစာကို ဖတ်သော အခါ၌ ကထိန်ပေးသော ရဟန်းလေးပါး, ခံတတ်သော ရဟန်းတပါး၊ ဤသို့ယှဉ်သော အစွန်းအားဖြင့် ငါးပါးသော ရဟန်းတို့သည် ကထိန်ခင်းခြင်းငှါ ရကုန်၏၊ ငါးပါးအောက်ယုတ်သော ရဟန်းတို့ကား မရအပ်ကုန်၊ ဤသို့

သော သဘောယုတ္တိကို ထောက်၍ ပါဠိတော်နှင့်အဋ္ဌကထာ မဆန့်ကျင်သည် အဖြစ်ကို သိအပ်၏။

ဥတ္တိဒုတိယကံ၏ သံဃာ့ကံ ဖြစ်ကြောင်းကို အဘယ့်ကြောင့် သိသနည်း ဟူငြားအံ့၊ "စတုန္နံ သံဃကမ္မာနံ ဉတ္တိဒုတိယကမ္မဿ နဝသု ဌာနေသု ကထိနံ ဒါနံ" ဟူ၍ လာသောကြောင့်ရင်း, "သုဏာတု မေ ဘန္တေ သံဃော၊ ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ" စသည်ဖြင့် ဘုရားဟောတော်မူသော ကြောင့်ရင်း သိအပ်သတည်း။

အပရေဆရာတို့ကား မဟာဝါပါဠိတော်၌ "ဧဝဉ္စ ပန ဘိက္ခဝေ ကထိနံ အတ္ထရိတဗ္ဗံ" ဟု အားထုတ်တော်မူပြီး၍ "ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော။လ။ဧဝံ ခေါ ဘိက္ခဝေ အတ္ထတံ ဟောတိ ကထိနံ"ဟူ၍ ကထိန်ပေးသော ဉတ်,ကမ္မဝါစာမှစ၍ အနုမောဒနာပြုသော ပါဠ်တိုင် အောင် တစပ်တည်း အစဉ်အတိုင်းလာ၏၊ ပရိဝါပါဠိတော်၌လည်း ကထိ- နတ္ထာရော ဇာနိတဗ္ဗော - ဟူသော ဥဒ္ဒေသ၏ နိဒ္ဒေသ၌ "သစေ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ ဟောတိ၊ သံဃေန ကထံ ပဋိပဇ္ဇိတဗ္ဗံ၊အတ္ထာရကေန ကထံ ပဋိပဇ္ဇိတဗ္ဗံ၊အနုမောဒကေန ကထံ ပဋိပဇ္ဇိတဗ္ဗံ"ဟု ပုစ္ဆာကိုထုတ်၍"သံဃော ဉတ္တိဒုတိယေန ကမ္မေန ကထိနတ္ထာရကဿ ဘိက္ခုနော ဒါတဗ္ဗံ ။လ။ အနုမောဒါမ" ဟူ၍ ဉတ်မှစ၍ အနုမောဒနာ ပြုသော ပါဠ်တိုင်အောင် တစပ်တည်း အစဉ်အတိုင်းလာ၏။

ယင်းသို့လာသောကြောင့် ဉတ်မှစ၍ အနုမောဒနာတိုင်အောင် ခပ်သိမ်း သော အစီအရင်သည် ကထိန်ခင်းခြင်း ကိရိယာ၌ ဝင်၏၊ ထိုသို့ ဝင်သော ကြောင့် ကထိန်ခင်းခြင်း ကိရိယာကို ဥပစာရသိမ်တွင်း၌ ပြုအပ်သည်ရှိသော် ဉတ်ဟုဆိုအပ်သော ကထိန်ပေးသော ကမ္မဝါစာကိုလည်း ဥပစာရသိမ်၌ ပြုအပ်သည်သာဖြစ်၏၊ ဤသို့သော အဓိပ္ပါယ်ကို နှလုံးပိုက်၍ မာဂဓဘာသာ ၌ ဉတ်ဟူ၍ ဆိုအပ်သော ကထိန်ပေးသော ကမ္မဝါစာသည် ခင်းခြင်း ကိရိယာ၌ ဝင်၏၊ ခင်းခြင်း ကိရိယာကိုလည်း ဥပစာရသိမ်၌ ပြုအပ်၏၊ ထို့ကြောင့် ကထိန်ပေးသော ကမ္မဝါစာကိုလည်း ဥပစာရသိမ်၌ ပြုအပ်သည် သာဟု ဆိုကုန်၏။

ထိုအပရေဆရာတို့ စကား၌ ဤသို့ စိစစ်ခြင်းကို ပြုအပ်၏၊ ခင်းခြင်း ကိရိယာသည် အသီးမလာသည်ရှိသော် ခပ်သိမ်းသော အစီအရင်သည် ထိုခင်းခြင်းကိရိယာ၌ ဝင်၏ဟု ဆိုသင့်ရာ၏၊ ထိုသို့ကား မဟုတ်၊ မဟာဝါ

ပါဠိတော်၌ရင်း, ပရိဝါ၌ရင်း ခင်းခြင်းကိရိယာသည် အသီးလာသည်သာ ဖြစ်၏၊ ထို့ကြောင့် ဉတ်ဟုဆိုအပ်သော ကထိန်ပေးသော ကမ္မဝါစာသည် ခင်းခြင်းကိရိယာ၌ မဝင်၊ ထိုသို့မဝင်သော်လည်း စင်စစ်အားဖြင့် ခင်းခြင်း ကိရိယာ၏ ဥပစာရဖြစ်သောကြောင့် ထိုဉတ်မှစ၍ အစဉ်အတိုင်း ဟော တော်မူ၏။

ဥပမာကား–"အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ"ဟူ၍ သီမာသမ္မုတိ ကို ခွင့်ပြုတော်မူ၍ "ဧဝဥ္စ ပန ဘိက္ခဝေ သမ္မန္နိတဗ္ဗာ" ဟူ၍ သိမ်သမုတ်သော အစီအရင်ကို ဟောတော်မူလိုသော ဘုရားသခင်သည် "ပဌမံ နိမိတ္တာ ကိတ္တေ တဗ္ဗာ။ပ။ ဧဝမေတံ ဓာရယာမိ" ဟူ၍ နိမိတ်ကို ကြားသဖြင့် သိမ်သမုတ် သော ကမ္မဝါစာကို ဟောတော်မူအပ်၏၊ ထိုစကား၌ နိမိတ်ကို ကြားခြင်း သည် သီမာသမ္မုတိကံမဟုတ်၊ ကမ္မဝါစာသည်သာလျှင် သီမာသမ္မုတိကံ ဖြစ် ၏၊ထိုသို့ ဖြစ်သော်လည်း သိမ်သမုတ်သော ကမ္မဝါစာ၏ ဥပစာရဖြစ်သော ကြောင့် နိမိတ်ကြားခြင်းနှင့်တကွ သိမ်သမုတ်သော ကမ္မဝါစာကို ဟော တော်မူသကဲ့သို့ရင်း, ဥပသမ္ပဒကံ၏ အစီအရင်ကို ဟောတော်မူလိုသော ဘုရားသခင်သည် "ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော၊ပ။ဧဝမေတံ ဓာရယာမိ" ဟူ၍ ဥပဇ္ဈာယ်ယူခြင်း အစရှိသည်နှင့်တကွ ဥပသမ္ပဒကံကို ဟောတော်မူ၏၊ ထိုသို့ ဟောတော်မူသော အရာ၌ ဥပဇ္ဈာယ်ယူခြင်း အစရှိသော အမှုသည် ဥပသမ္ပဒကံ မဟုတ်၊ ဉတ္တိစတုတ္ထ ကံသည်သာလျှင် ဥပသမ္ပဒကံ ဖြစ်၏၊ ထိုသို့ ဖြစ်သော်လည်း ဥပသမ္ပဒကံ၏ အနီး၌ ဖြစ်သောကြောင့် ဥပစာရ ဖြစ်၍ဖြစ်သော ဥပဇ္ဈာယ်ယူခြင်း အစရှိသည်နှင့်တကွ ဉတ္တိစတုတ္ထကံကို ဟောတော်မူသကဲ့သို့ရင်း ထို့အတူ ဤအရာ၌လည်း ကထိန်ပေးသော ကမ္မဝါ စာသည် ခင်းခြင်းကိရိယာမဟုတ်၊ ထိုသို့မဟုတ်သော်လည်း ခင်းခြင်းကိရိယာ ၏ ဥပစာရ ဖြစ်သောကြောင့် ကထိန်ပေးသော ဉတ္တိဒုတိယ ကမ္မဝါစာနှင့် တကွ ကထိန်ခင်းခြင်း ကိရိယာကို ဟောတော်မူအပ်၏၊ ယင်းသို့ ဖြစ်သော ကြောင့် ကထိန်ပေးသော ကမ္မဝါစာသည် ခင်းခြင်းကိရိယာ၌ မဝင်သည် သာဟု နိဿံသယမှချမှတ်လေ။

တနည်းလည်း- ဉတ္တိဒုတိယကမ္မဝါစာသည်ရင်း, ခင်းခြင်းသည်ရင်း ဤနှစ်ပါးသော တရားတို့သည် မတူသောကံ, မတူသောကတ္တား, မတူသော ကိရိယာ, မတူသောကာလ ရှိကုန်၏၊ ထို့ကြောင့်လည်း မာဂဓ ဘာသာ၌ ဉတ်ဟူ၍ ဆိုအပ်သော ဉတ္တိဒုတိယ ကမ္မဝါစာသည် ခင်းခြင်း ကိရိယာ၌ မဝင်ဟု သိအပ်၏။

အဘယ်သို့ မတူသော ကိရိယာရှိသနည်း ဟူမူကား-ကမ္မဝါစာ ဟူသည် ပေးခြင်းကိရိယာတည်း၊ ခင်းခြင်းဟူသည် တဆယ့်ငါးပါးသော တရားတို့၏ အကြောင်းဖြစ်သော ခင်းခြင်းကိရိယာတည်း၊ ဤသို့မတူသော ကိရိယာရှိ၏။

အဘယ်သို့မတူသော ကတ္တားရှိသနည်း ဟူမူ ကမ္မဝါစာ၏ ကတ္တားကား သံဃာတည်း၊ ခင်းခြင်း၏ ကတ္တားကား ပုဂ္ဂိုလ်တည်း၊ ဤသို့ မတူသော ကတ္တားရှိ၏။

အဘယ်သို့ မတူသော ကံရှိသနည်း ဟူမူ - ကမ္မဝါစာ၏ ကံကား ကထိန် သင်္ကန်းတည်း၊ ခင်းခြင်း၏ကံကား ကထိန်-ဟု ဆိုအပ်သော သမူဟပညတ် တည်း၊ ဤသို့ မတူသော ကံရှိ၏။

အဘယ်သို့ မတူသော ကာလရှိသနည်း ဟူမူ ကထိန်ပေးသော ကမ္မဝါ စာကား ပုဗ္ဗကရဏ ပစ္စုဒ္ဓါရ အဓိဋ္ဌာန်တို့၏ ရှေး၌ဖြစ်၏၊ ခင်းခြင်းကား ထိုပုဗ္ဗကရဏ စသည်တို့၏ နောက်၌ ဖြစ်၏၊ ဤသို့ မတူသော ကာလရှိ၏၊ တနည်းလည်း ခင်းခြင်းကို "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ" အစရှိ သည်ဖြင့် ဝစီဘေဒ ပြုခြင်းဟု ဆိုအပ်သော တပါးသောတရားဖြင့် သင်္ဂြိုဟ် အပ်၏၊ ဥတ်ကမ္မဝါ အစရှိသော များစွာသော တရားတို့ဖြင့် မသင်္ဂြိုဟ်အပ်။

ထို့ကြောင့် ပရိဝါ၌"အတ္ထာရော ကေန ဓမ္မေန သင်္ဂဟိတော ဝစီဘေ- ဒေန" ဟု ဟောတော်မူအပ်ပြီ၊ ဤသို့ ဆိုအပ်ပြီးသော အကြောင်းကြောင့် ဥတ်သည် ခင်းခြင်းကိရိယာ၌ မဝင်၊ ဤသို့ အပရေဆရာတို့ စကားကို စိစစ် နိုင်းရှည့်သဖြင့် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန်တို့နှင့် မညီ သဘောယုတ္တိ လည်း မသင့်ရကား စွန့်ပစ်အပ်သည်သာဟု မှတ်လေ၊ (ခဲရစ်)

ထိုမှတပါး အညေဆရာတို့ကား ဤသို့ဆိုကုန်၏၊ "ကထိနတ္ထာရံ ကေ- လဘန္တိ ကေ န လဘန္တီတိ ဂဏနဝသေန တာဝ ပစ္ဆိမကောဋိယာ ပဉ္စဇနာ လဘန္တိ၊ ဥဒ္ဓံ သတသဟဿံပိ၊ ပဉ္စန္နံ ဟေဋ္ဌာ နလဘန္တိ"ဟု အဋ္ဌကထာ၌ လာ သောကြောင့် အောက်ဖြစ်သော အစွန်းအားဖြင့် ငါးပါးသော ရဟန်းတို့ သည် ကထိန်ခင်းခြင်းကို ရအပ်ကုန်၏၊ငါးပါးအောက် ယုတ်မူကား မရအပ် ဟု သိအပ်၏။

"ပဉ္စန္နံ ဇနာနံ ဝဋ္ဋတီတိ ပစ္ဆိမကောဋိယာ စတ္ထာရော ကထိနဒုဿဿ ဒါယကာ၊ ဧကော ပဋိဂ္ဂါဟကောတိ ပဉ္စန္နံ ဇနာနံ ဝဋ္ဋတိ " ဟူ၍ လာသော ကင်္ခါဝိတရဏီ ဋီကာပါဌ်၌ ဝဋ္ဋတိ - ဟူသော ကိရိယာ၏ ကတ္တားသည်သာ

ကထိနတ္ထာရော-ဟု ရှိသောကြောင့် အတ္ထာရော-ဟူသောပါဠိဖြင့် "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"စသည်ဖြင့် ဆိုအပ်သော ခင်းခြင်း ကိရိယာကို မလိုအပ်၊ လေးပါးသော ရဟန်းတို့သည် ခင်းတတ်သော ရဟန်းတို့အား ဉတ်ဖြင့် ဆောင်ပေးခြင်း ကိုသာ အလိုရှိအပ်သည်ဟု သိအပ်၏၊ "ကထိ-နတ္ထာရံ ကေ လဘန္တိ။လ။ ဥဒ္ဒိ သတသဟဿန္တိ ဣဒံ အတ္ထာရကဿ ဘိက္ခုနော သံဃဿ ကထိနဒုဿဒါနကမ္မံ သန္ဓာယ ဝုတ္တံ" ဟူသော ဝိနိစ္ဆယ ဋီကာပါဌ်၌လည်း ဉတ်ဖြင့် ပေးခြင်းကိုသာရည်၍"ပဉ္စဇနာ ကထိ-နတ္ထာရံ လဘန္တိ" ဟူသော စကားကို အဋ္ဌကထာဆရာ မိန့်တော်မူအပ်၏၊ "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ" စသည်ဖြင့် ပုဂ္ဂိုလ်၏ ခင်းခြင်းကို ရည်၍ မဆိုအပ်-ဟု ဋီကာဆရာ၏ အဓိပ္ပါယ်ကို မှတ်အပ်၏၊ ဤသို့ ကခ်ါ ဝိတရဏီဋီကာ, ဝိနိစ္ဆယဋီကာကို ပြုကုန်သော ဆရာတို့သည် ဉတ္တိဒုတိယကံ သည် ခင်းခြင်းမည်၏ ဟု ဆုံးဖြတ်တော်မူသောကြောင့် ဥပစာရသိမ်၌ ကထိန် ပေးသော ဉတ်ကမ္မဝါစာကို ပြုခြင်းသည် သင့်မြတ်၏၊ ဤသို့ဆိုကုန်၏။

ထိုအညေဆရာတို့ စကား၌လည်း ဤသို့စိစစ်အပ်၏၊ ဉတ္တိဒုတိယကံသည် ခင်းခြင်းမည်၏ ဟု ဋီကာဆရာတို့ မဆိုကုန်ရာ၊ အကယ်၍ ဆိုကုန်သည်ဖြစ်အံ့၊ အဋ္ဌကထာနှင့် ဆန့်ကျင်ရာ၏၊ အဘယ်သို့ ဆန့်ကျင်သနည်းဟူမူ"ဆိန္နဝဿာ ဝါပန္တိမိကာယ ဝဿူပဂတာဝါ နလဘန္တိ၊ အညသ္မိံ ဝိဟာရေ ဝုတ္ထ-ဝဿာပိ နလဘန္တီတိ မဟာပစ္စရိယံ ဝုတ္တံ" ဟု အဋ္ဌကထာ၌ လာသောကြောင့် ထိုဆိန္နဝဿ - စသော ရဟန်းတို့သည် ကထိန်ခင်းခြင်းကို မရကုန်၊ အကယ်၍ ဉတ္တိဒုတိယ ကံသည် ခင်းခြင်းမည်သည် ဖြစ်အံ့၊ ထိုဆိန္နဝဿ စသော ရဟန်းတို့သည် ဉတ္တိဒုတိယကံ၌လည်း ဂိုဏ်းပြည့်အဖြစ်ဖြင့် မဝင်ကုန်ရာ၊ ထိုသို့မဝင်ထိုက်ကုန်ဘဲလျက် "ပုရိမိကာယ ဥပဂတာနံ ပန သဗ္ဗေ ဂဏပူရကာ ဟောန္တိ" ဟု အဋ္ဌကထာ၌ ဆိုအပ်သောကြောင့် ထိုဆိန္နဝဿ စသော ရဟန်းတို့သည် ဉတ္တိဒုတိယကံ၌ ဝင်သည်သာ ဖြစ်ကုန်၏၊ထို့ကြောင့် အဋ္ဌကထာဆရာသည် ငါးပါးသော အာနိသင်၏ အကြောင်းဖြစ်၍ဖြစ်သော "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ" အစရှိသော ဝစီဘေဒသည်သာ လျှင် ခင်းခြင်းမည်၏ ဟု ဆိုတော်မူ၏၊ ဉတ္တိဒုတိယကံသည် ခင်းခြင်းမည်၏ ဟု ဆိုတော်မမူ၊ ယင်းသို့ ဖြစ်သောကြောင့် ထိုဆိန္နဝဿ စသော ရဟန်းတို့သည် ငါးပါးသော အာနိသင်၏ အကြောင်းဖြစ်၍ ဖြစ်သော ကထိန်ခင်းခြင်းကို မရကုန်၊ ဉတ္တိဒုတိယကံ၌မူကား ဂိုဏ်းပြည့်ပြုခြင်းကို ရအပ်ကုန်၏ဟု သိအပ်၏၊ ဤသို့ အညေဆရာတို့ ဆိုအပ်ကုန်၏။

အဋ္ဌကထာ၌ "သစေ ပုရိမိကာယ ဥပဂတာ ဝဿာရောဝါ ပောဇ္ဇ၊ တဿ ဝါ ဝိနယ ဝါကေတနေ၊ ဍတရေ ဂဏာ ပူရကေ ကတ္ဟ ကထိနံ အတ္ထရိ-တဗ္ဗံ" ဟူ၍ ကထိန်ခင်းခြင်းငှါ မရထိုက်သော ဆိဿဝသ စသော ရဟန်းတို့ကို ဂိုဏ်းပြည့်ပြု၍ ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် ကထိန်ပုဆိုးကို ပေးစေ၍ ပုရိမဝါကပ်သော ရဟန်းတို့သည် ကထိန်ခင်းအပ်၏ဟု ဆိုသောကြောင့် ဋီကာဆရာတို့သည်လည်း ဥတ္တိဒုတိယ ကံသည်ပင် ခင်းခြင်းမည်၏ဟု မဆိုကုန်ရာ၊ ဆရာတို့အယူ နှလုံးသွင်း ချွတ်ယွင်း၍သာ ဥတ္တိဒုတိယကံသည် ခင်းခြင်းမည်၏-ဟုမှတ်ထင်လေသည်၊ ဤသို့လည်း ဆိုအပ်၏။

ဤအဋ္ဌကထာ စကား၌လည်း "ဍတရေ ဂဏာ ပူရကေ ကတ္ဟ ကထိနံ အတ္ထရိတဗ္ဗံ" ဟူသော စကားဖြင့် စတုဝဂ္ဂ သံဃာသည် ပြုအပ်သော ဥတ္တိဒုတိယကံသည်ပင် ခင်းခြင်းမည်၏ဟု အဋ္ဌကထာဆရာ ဆိုအပ်သည် မဟုတ်လော ဟူငြားအံ့၊ ထိုစကားသည် မသင့်၊ အဘယ့်ကြောင့်နည်း ဟူမူ- ရှေ့နောက် ဆန့်ကျင်သောကြောင့်တည်း၊ အဘယ်သို့ ဆန့်ကျင်သနည်း ဟူမူ - ရှေး၌ ဆိဿဝသ အစရှိသော ရဟန်းတို့အား ကထိန်ခင်းခြင်းငှါ မရအပ်ကုန်သည်၏ အဖြစ်ကို အဋ္ဌကထာဆရာ ဆိုအပ်၏၊ ဤအရာ၌ ဥတ္တိဒုတိယ ကံသည် ခင်းခြင်းမည်၏၊ ဤသို့ ဆိုသည်ရှိသော် ထိုဆိဿဝသ စသော ရဟန်းတို့၏လည်း ရအပ်သည်၏ အဖြစ်ကို ဆိုအပ်သည် ဖြစ်ရာ၏၊ အဋ္ဌကထာဆရာတို့သည် ရှေ့နောက် ဆန့်ကျင်သော စကားကို မဆိုကုန်ရာ၊ ယင်းသို့ဖြစ်သောကြောင့် ကတ္ဟ-ဟူသောပုဒ်ကို အတ္ထရိတဗ္ဗံ-ဟူသောပုဒ်နှင့် စပ်သည်ရှိသော် သမာနကာလ ဝိသေသန မစပ်မူ၍ ပုဗ္ဗကာလ ဝိသေသနသာ စပ်အပ်၏၊ ဤသို့စပ်သည်ရှိသော် ရှေ့စကား နောက်စကားသည် ဂင်္ဂါရေနှင့် ယမုနာရေကို ရောသကဲ့သို့ နှီးနှောသည်သာ ဖြစ်၏။

နောက်၌လည်း "ကမ္မဝါစံ သာဝေတွာ ကထိနံ အတ္ထရာပေတွာ ဒါနဥ္စ ဘုဥ္ဇိတွာ ဂမိဿန္တိ" ဟူ၍ အသီးအသီး ကမ္မဝါစာ ဖတ်ခြင်း ကထိန်ခင်းခြင်းကို ရှေ့နောက် အစဉ်အားဖြင့် အဋ္ဌကထာဆရာ ဆိုအပ်၏၊ ထိုကြောင့် ဥတ္တိဒုတိယကံသည် ခင်းခြင်းမည်သည် မဖြစ်၊ စင်စစ်ခင်းခြင်း၏ အကြောင်းသာလျှင် ဥပစာသာလျှင် ဖြစ်၏ဟု မှတ်အပ်၏၊ ထိုမှတပါး "န သံဃော ကထိနံ အတ္ထရတိ" ဟူသော ပရိဝါပါဠိဖြင့်လည်း ဥတ္တိဒုတိယကံသည် ခင်းခြင်းမမည်၊ ခင်းခြင်း၏အကြောင်း ဥပစာမျှသာ ဖြစ်၏ ဟူသော အနက်ကို သိအပ်၏။

အကယ်၍ ဥဒ္ဒိဒုတိယ ကံသည် ခင်းခြင်းမမည်သည် ဖြစ်အံ့၊ ကင်္ခါ ဝိတရဏီဋီကာ, ဝိနယဝိနိစ္ဆယဋီကာတို့၌ လာသောပါဠိတို့၏ အဓိပ္ပါယ်ကို အဘယ်သို့ ဆိုအပ်သနည်း၊ကင်္ခါဝိတရဏီဋီကာ၌ ဝဋ္ဋတိ-ဟူသော ကိရိယာ၏ ကတ္တားကို "သော ကထိနတ္ထာရော"ဟု ဆိုအပ်သည် မဟုတ်လော၊ ဝိနယ ဝိနိစ္ဆယ ဋီကာ၌လည်း ကထိနဒုဿဒါန ကမ္မံ - ဟူသောပုဒ်သည် သန္တာယ- ဟူသော ကိရိယာ၏ ကံ, ကထိနတ္ထာရံ ။လ။ ဇာဒံ-ဟူသော ပုဒ်သည် ဝုတ္တံ- ဟူသော ကိရိယာ၏ကံ ဖြစ်၏ဟု ဆိုအပ်သည် မဟုတ်လော၊ ဤသို့ဋီကာတို့၌ နီတတ္ထအားဖြင့် လာသော ပါဠိရှိလျက် ဥဒ္ဒိဒုတိယကံသည် ခင်းခြင်းမည်၏ ဟု ဋီကာဆရာတို့ မဆိုကုန်ဟု မဆိုသင့်၊ ဤသို့ အပြေဆရာတို့ ဆိုငြားအံ့၊ အကြင်သို့သော အခြင်းအရာဖြင့် အဋ္ဌကထာ စကားနှင့် ဋီကာစကားသည် ၎င်း, ရှေ့နောက် ဖြစ်သော အဋ္ဌကထာ စကားသည်၎င်း မဆန့်ကျင်သည် ဖြစ် ရာ၏၊ ထိုသို့သော အခြင်းအရာဖြင့် ဋီကာပါဠိတို့၏ အဓိပ္ပါယ်ကို ယူ အပ်၏။

အဘယ်သို့ ယူအပ်သနည်း ဟူမူ - "သော သဗ္ဗန္တိမေန ပရိစ္ဆေဒေန ပဉ္စန္နံ ဇနာနံ ဝဋ္ဋတိ" ဟူ၍ လာသော အဋ္ဌကထာစကား၌ စောဒက ဆရာသည် စောဒနာဘွယ် ရှိသောကြောင့် စောဒနာကို ဖြေအံ့သော၄ါ "ပဉ္စန္နံ ဇနာနံ ဝဋ္ဋတီတိ ပစ္ဆိမကောဋိယာ စတ္တာရော ကထိနဒုဿဒါယကာ၊ ဧကော ပဋိဂ္ဂါဟကောတိ ပဉ္စန္နံ ဇနာနံ ဝဋ္ဋတိ"ဟူသောပါဠိကို ဋီကာဆရာ ဆိုတော် မူ၏၊ အဘယ်သို့ စောဒနာဘွယ် ရှိသနည်းဟူမူ-အရှင် အဋ္ဌကထာဆရာကား ကထိန်ခင်းခြင်းသည် အလုံးစုံ အောက်ယုတ်သော အပိုင်းအခြားဖြင့် ငါး ယောက်သော ရဟန်းတို့အား အပ်သောဟူ၍ ဆို၏၊ အကယ်၍ ထိုသို့ဆိုချေ သော် ထိုကထိန်ခင်းခြင်းသည် ငါးယောက်သော ကထိန်ထိုက်သော ရဟန်း တို့အားသာလျှင် အပ်၏၊ တယောက်, နှစ်ယောက်, သုံးယောက်, လေး ယောက်သော ရဟန်းတို့အားကား မအပ်-ဟူသော အနက်သည် ရောက်၏၊ ထိုသို့ကား မဟုတ်၊တယောက်, နှစ်ယောက်,သုံးယောက်,လေးယောက်သော ရဟန်းတို့အားလည်း အပ်၏၊ အပ်သည်ဖြစ်သောကြောင့် ငါးယောက်သော ရဟန်းတို့အားသာလျှင် အပ်သောဟူ၍ မဆိုတန်၊ ဆိုချေသော် "န သံဃော ကထိနံ အတ္ထရတိ၊န ဂဏော ကထိနံ အတ္ထရတိ"ဟူ၍ လာသော ပါဠိတော် နှင့် ဆန့်သော ဝိရောဓိ ဒေါသ ရောက်၏ ဟူလိုသော်၊ဤသို့သော စောဒနာ ကို ဖြေလိုသည်ဖြစ်၍ "ပဉ္စန္နံ ဇနာနံ ဝဋ္ဋတိ ။လ။ ဝဋ္ဋတိ" ဟူသော ပါဠိကို ဋီကာဆရာ မိန့်အပ်၏။

ထိုပါဌ်၌ အဓိပ္ပါယ်ကား - စောဒကဆရာ အဋ္ဌကထာဆရာသည် ကထိန် ခင်းသောအခါ ငါးယောက်ခင်းခြင်းငှါ ထိုက်သော ရဟန်းတို့၏ အစွမ်းဖြင့် "သော သဗ္ဗန္တိမေန ပရိစ္ဆေဒေန ပဉ္စန္နံ ဇနာနံ ဝဋ္ဋတိ" ဟူသော ပါဌ်ကို ဆိုသည်မဟုတ်၊ စင်စစ်သော်ကား သံဃာသည် ခင်းတတ်သောရဟန်းအား ကထိန်သင်္ကန်းကို ပေးသောကာလ၌ ယုတ်သော အစွန်းဖြင့် ကထိန်သင်္ကန်း ကို ပေးတတ်သော ရဟန်းလေးပါး, ခံတတ်သောရဟန်းတပါး၊ဤသို့ ငါးပါး သော ပေးတတ်,ခံတတ်သော ရဟန်းရှိသည်၏ အဖြစ်ကြောင့် နောက်၌ပြုအပ် သော ထိုခင်းခြင်းသည် အကြောင်းပြည့်စုံသဖြင့် အကျိုး၏ ပြည့်စုံခြင်းကြောင့် အပ်၏ဆိုသည်၊ယင်းသို့ ဖြစ်သောကြောင့် ထိုအဋ္ဌကထာစကား၌ ပါဠိတော် နှင့် ဆန့်သော ဝိရောဓိဒေါသ မရောက်၊ သင့်မြတ် ညီညွတ်တည်သာ ဖြစ်၏ ဟူလိုသော်။

ဝိနယဝိနိစ္ဆယဋီကာ၌လည်း"ကထိနတ္ထာရံ ကေ လဘန္တိ၊ ကေ န လဘန္တိ- တိ ဂဏန ဝသေန တာဝ ပစ္ဆိမကောဋိယာ ပဉ္စဇနာ လဘန္တိ၊ ဥဒ္ဓံ သတသဟ- သံပိ၊ပဉ္စန္နံ ဟေဋ္ဌာ နလဘန္တိ"ဟူသော အဋ္ဌကထာစကား၌ သူတပါးတို့ မေး ဘွယ် ရှိသောကြောင့် ထိုအမေးကို ဖြေခြင်းငှါ "ဣဒံ အတ္ထာရကဿ ဘိက္ခု- နော သံဃဿ ကထိနဒုဿဒါနကမ္မံ သန္ဓာယ ဝုတ္တံ-ဟူသော ပါဌ်ကို ဋီကာ ဆရာ ဆိုအပ်၏၊ အဘယ်သို့ သူမေးဘွယ် ရှိသနည်း ဟူမူ အရှင်အဋ္ဌကထာ ဆရာ... 'ဟေဋ္ဌိမကောဋိယာ ပဉ္စန္နံ ဇနာနံ ဝဋ္ဋတိ" ဟူသော စကားကို ငါး ပါးသော အာနိသင်၏ အကြောင်းဖြစ်၍ ဖြစ်သော "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"အစရှိသော ခင်းခြင်းကိရိယာကို ရည်၍ ဆိုအပ်သလော၊ ထိုသို့မဟုတ်မူကား ခင်းခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော ကထိန်သင်္ကန်းကို ပေးသောကံကိုရည်၍ ဆိုအပ်သလော၊ ဤသို့ သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေအံ့သောငှါ ဆိုအပ်သတည်း။

အဖြေကား-စောဒကဆရာ "ဟေဋ္ဌိမကောဋိယာ ပဉ္စန္နံ ဇနာနံ ဝဋ္ဋတိ" ဟူသော စကားကို ငါးပါးသော အာနိသင်၏ အကြောင်းဖြစ်၍ ဖြစ်သော "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"အစရှိသော ခင်းခြင်းကိရိယာကို ရည်၍ အဋ္ဌကထာဆရာ ဆိုသည် မဟုတ်၊ စင်စစ်သော်ကား ခင်းခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော ကထိန်ပေးသောကံကိုရည်၍ ဆိုအပ်၏၊ ဤသို့ဖြေ။

ထိုပါဌ်၌ အဓိပ္ပါယ်ကား-သံဃာသည် ခင်းတတ်သော ပုဂ္ဂိုလ်အား ပေး အပ်သော သင်္ကန်းဖြင့်သာလျှင် ခင်းအပ်၏၊ ထေရ်စဉ်အားဖြင့် ရသော

သက်န်းဖြင့်၎င်း, ပုဂ္ဂလိက သက်န်းဖြင့်၎င်း မခင်းအပ်၊ ထိုကထိန်သက်န်းကို ပေးသော ကံသည်လည်း ကထိန်သက်န်းကို ပေးသော ရဟန်းလေးပါး, ခံသော ရဟန်းတပါးအားဖြင့် ဤငါးပါးသောရဟန်း ရှိသော်သာလျှင် ပြည့်စုံ၏၊ ငါးပါးအောက် ယုတ်သည်ရှိသော် မပြည့်စုံ၊ ယင်းသို့ဖြစ်သောကြောင့် ယုတ်သော အစွန်းဖြင့် ငါးပါးသော ရဟန်းတို့အား အကြောင်း ပြီးသဖြင့် အကျိုး၏ပြီးခြင်းကြောင့် အပ်၏ဟုဆိုလိုသည်၊ထိုသို့သော အကြောင်းကြောင့် "ကထိန ဒါနကမ္မံ ဝဋ္ဋတိ"ဟု မုချအားဖြင့်မဆိုမူ၍"သန္တာယ ဝဋ္ဋတိ"ဟု ဥပစာရအားဖြင့် ဋီကာဆရာ ဆိုတော်မူသတည်း၊ ဤသို့ဆိုသော်သာလျှင် အဋ္ဌကထာစကား၏ ရှေ့နောက် ဆန့်ကျင်ခြင်း သည့်၎င်း, အဋ္ဌကထာစကားနှင့် ဋီကာစကား၏ ဆန့်ကျင်ခြင်းသည်၎င်း မဖြစ်ဟု မှတ်အပ်၏။

အပလောကန-အစရှိသော သံဃာ့ကံကို ပြုစိမ့်သောငှါ အဗဒ္ဓသိမ်ကို ဘုရားသခင် ခွင့်ပြုတော်မူအပ်၏-ဟူသော ဝိနည်းလက္ခဏာနှင့်လည်း ညီ၏၊ "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ" အစရှိသော ခင်းခြင်းကိရိယာ စသည်မှုကား အပလောကန အစရှိသော လေးပါးသော သံဃာ့ကံတို့၌ မဝင်၊ အဓိဋ္ဌာန် အစရှိသည်တို့ကဲ့သို့ ငါးပါးသော အာနိသင် ရခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော ပုဂ္ဂိုလ်၏အမှုသာလျှင် ဖြစ်၏၊ ထို့ကြောင့် ဝဿူပနာယိကခေတ် ဖြစ်၍ဖြစ်သော ဥပစာရသိမ်၌ ပြုအပ်၏၊ ယင်းသို့ဖြစ်သောကြောင့် ဥပစာရသိမ်တွင်း၌ ဗဒ္ဓသိမ်မရှိသည်ရှိသော် ဥပစာရသိမ်ပ၌ ဗဒ္ဓသိမ်သို့၎င်း, ဥဒကုက္ခေပ, သတ္တဗ္ဘန္တရ ရကောင်းသော အရပ်သို့၎င်း သွား၍ ဉတ္တိဒုတိယကမ္မဝါစာဖြင့် ပေးစေ၍ ကျောင်းသို့တဖန် ပြန်ခဲ့ပြီးလျှင် ဥပစာရသိမ်တွင်း၌သာလျှင် ကထိန်ခင်းခြင်းကို ရှေးရှေးသော ဆရာမြတ်တို့သည် ပြုတော်မူကုန်၏၊ ထိုသို့ ပြုခြင်းသည် ကောင်းစွာပြုသည်သာ မည်၏ဟု မှတ်အပ်၏။

ဤသို့ မယူမူ၍ သက်သက်သော ဥပစာရသိမ်၌ပင် ဉတ္တိဒုတိယ ကံကို ပြုအပ်၏ဟု ယူသည်ရှိသော် ထိုဆရာတို့၏ ဒိဋ္ဌာနုဂတိသို့လိုက်၍ သိဿာနု-သိဿ ဖြစ်ကုန်သော နောက်သား ရဟန်းတို့သည် အမြဲနေစိမ့်သောငှါ ဝိဟာရဒါန အစရှိသော အပလောကနကံကို၎င်း, ဥပုသ်ပဝါရဏာ အစရှိသော ဉတ္တိကံကို၎င်း, သိမ်သမုတ်ခြင်းအစရှိသော ဉတ္တိဒုတိယကံကို၎င်း, ဥပသမ္ပဒ အစရှိသော ဉတ္တိစတုတ္ထကံကို၎င်း ဥပစာရသိမ်၌သာလျှင် ပြုကုန်ရာ၏၊ ထိုသို့ပြုကုန်သည်ရှိသော် ဘုရားသခင်၏ သာသနာတော်၌ ကြီးစွာသော အကြောင်းတို့ကို ဆောင်၍ ကထိနဝိနိစ္ဆယကျမ်း၌ ငါတို့ ဆိုအပ်ကုန်

ပြီ၊ သာသနာတော်၌ သူတော်ကောင်းတရားကို အရိုအသေအလေးအမြတ် ပြု၍ ယုတ္တိအာဂုံအားဖြင့် ထုတ်ဆောင်၍ စီရင်အပ်သော ဤကထိနဝိနိစ္ဆယ ကျမ်းကို သူတော်ကောင်းတို့သည် ကောင်းစွာ ကြည့်ရှု မှတ်သားကြစေကုန် သတည်း၊ အဖန်တလဲလဲ ကြည့်ရှုမှတ်သားလေ့လာ၍ သင့်မှု ယူရာ၏၊ မသင့် မှုကား စွန့်ရာ၏။

သည်မှတပါး များသော အကြောင်းသာဓကတို့ကို ဆောင်၍ ဗဒ္ဓသိမ်မရှိ၊ သက်သက်သော ဥပစာရသိမ်တွင်း၌ပင် ကထိန်သင်္ကန်းကို ကမ္မဝါစာဖြင့် ပေးသင့်ကြောင်းကို ဆိုကုန်၏၊ ထိုဆရာတို့အား စကားတုံ့ကို ပေးသဖြင့် အလွန်ကျယ်ဝန်းလတ္တံ့သည်ဖြစ်၍ ပယ်ရာပယ်ကြောင်း စကားကို မပြုမဆိုပြီ၊ ယခင် ဆိုအပ်ခဲ့ပြီးသော ယုတ္တိအာဂုံ သဘောအရ အဓိပ္ပါယ်ကို ထောက်၍ သက်သက်သော ဥပစာရသိမ်၌ လေးပါးသော သံဃာ့ကံတို့ကို ရရာမဟုတ် သည်၏ အဖြစ်ကို နိဿံသယ မုချ မှတ်ယူသင့်ကြတော့သည်၊ မယုံကြည် လိုမူကား ဘုရားသဗ္ဗညုတမှသော်လည်း အပါယ်လားကြောင်း မကောင်း သော မိစ္ဆာအယူ အမူအကျင့်ကို စွန့်ပစ်၍ နိဗ္ဗာန်ရောက်ကြောင်း ကောင်း သော အကျင့်အမူ အယူတော်ဖြောင့်အောင် စောင့်ဆောင်ပြသ ဆုံးမကံမြစ် ခြင်းငှါ မတတ်နိုင်ချေ၍ မက္ခလိဂေါသာလ, အဇိတကေသကမ္ဗလ စသော ခြောက်ယောက်သော ဆရာကြီးတို့သည် ဂိုဏ်းအသီးထောင်ထား အယူမှား ကြောင်းကို ကျမ်းဂန်အထင်အရှား ရှိလေပြီ၊ အထူးမဆိုသာ၊ ရာဂ ဒေါသ မောဟ အစရှိသော အသိန်းမက များစွာသော အတွင်းရန်သူတို့၏ အမြစ် သာ မှတ်ရမည်။

ဤကား လေးခုမြောက်သော ကထိန်ခင်းရာ, မခင်းရာသော
သိမ် အဆုံးအဖြတ်ကို ဆိုသော စကားတည်း။

၅-ကထိန်ခင်းရာသော အဆုံးအဖြတ်

ယခုအခါ မာတိကာစဉ် ရောက်သည်အားလျော်စွာ ကထိန်ခင်းရာသော အစီအရင်ကို ဆိုပေအံ့။

ကထိန်ခင်းလိုသော ရဟန်းတို့သည် ကထိန်ခင်းရာသော ခေတ် ဖြစ်သော သီတင်းကျွတ်လပြည့်ကျော် တရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်နေ့တိုင် နှစ်ဆယ့်ကိုးရက်အတွင်း တရက်ရက် ကထိန်ခင်းလိုသည့်နေ့ နေအရုဏ်တက် လျှင် ရှေး၌ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟု

ဥပစာရ သိမ်တွင်းကပင် လှူစေရ, ခံရမည်၊ အလှူခံပြီးလျှင် ဒုကုဋ်ဖြင့် ခင်းလိုသည် ဖြစ်အံ့၊ ဒုကုဋ်လောက်အောင်, ကိုယ်ဝတ်ဖြင့်ခင်းလိုသည်ဖြစ်အံ့၊ ကိုယ်ဝတ်လောက်အောင်, သင်းပိုင်ဖြင့် ခင်းလိုသည်ဖြစ်အံ့၊သင်းပိုင် လောက်အောင် အပြစ်ဒေါသမှ ကင်းသော ဖျင်ပုဆိုးကို ဥပစာရသိမ်တွင်း၌ ဗဒ္ဓသိမ် မရှိသည်ဖြစ်အံ့၊ ဥပစာရသိမ်ပ၌ ဖြစ်သော ဗဒ္ဓ, ဥဒကုက္ခေပ-စသော သိမ်သို့ သွားပြီးလျှင် ငါးယောက်, ငါးယောက်ထက် အလွန်ဖြစ်သောရဟန်းတို့သည် ဤသို့ဆိုလတ္တံ့သောနည်းဖြင့် မေးစိစစ်ခြင်း စသည်ကိုပြု၍ ကထိန်ခင်းခြင်းငှါ ထိုက်သော ရဟန်းတို့အား ဉတ္တိဒုတိယကမ္မဝါစာဖြင့် ပေးရာ၏။

ကထိနတ္ထိ အနာမန္တစာရာဒိပဉ္စာနိသံသေ အန္တောကရဏသမတ္ထ-တာယ ထိရန္တိ အတ္ထော။

ဟူသော ဋီကာပါဌ်နှင့်အညီ အနာမန္တစာရ-အစရှိသော ငါးပါးသော အာနိသင်အကျိုးတို့ကို အတွင်းပြုခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်ဖြင့် မြဲမြံခိုင်ခန့် ခြင်းတည်းဟူသော အနက်ကြောင့်ရင်း,“ကထတိ ပဉ္စာနိသံသေ အညတ္ထ ဂန္တုံ အဒတွာ သင်္ဂဏှာတီတိ ကထိန်”ဟူသော ဝစနတ္ထနှင့်အညီ အနာမန္တစာရ အစရှိသော အာနိသင် အကျိုးတို့ကို သူတပါးသို့ သွားခြင်းငှါ မပေးမူ၍ ကထိန် ခင်းသော ရဟန်းတို့အားသာ ထောက်ပံ့တတ်သောကြောင့်ရင်း, “ကထျတေ သိလာဃတေ ဗုဒ္ဓါဒိဟီတိ ကထိနံ”ဟူသော ဝစနတ္ထနှင့်အညီ ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့သည် ချီးမွမ်းတော်မူတတ်သောကြောင့် ရင်း, ‘ ကဌတိ ကိစ္ဆေန ဇီဝတီတိ ကဋ္ဌိနော၊ ကဋ္ဌိနောဝိယာတိ ကထိနံ ” ဟူသော ဝစနတ္ထနှင့်အညီ ကောင်းမွန်သော မြေအရပ်၌ သူတပါးတို့ မစိုက် မပျိုးပဲ အလိုအလျောက် ပေါက်သော သစ်ပင်ကြီးသည် မြဲမြံစွာ တည်တန့် ခိုင်ခံ့သကဲ့သို့ မြဲမြံခိုင်ခံ့သော အနက်ကြောင့်ရင်း အကြောင်းနှင့်လျော်သည် ဖြစ်၍ ခင်းအပ်သော သင်္ကန်းသည် ကထိန်မည်၏၊ “ကထိနဿ အတ္ထာရော ကထိနတ္ထာရော” ဟူသော ဝစနတ္ထနှင့်အညီ ကထိန်လျာသင်္ကန်းကို “ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ”အစရှိသည်ဖြင့် ခင်းခြင်းသည် ကထိနတ္ထာရ မည်၏။

မေး။ ထိုကထိန်ခင်းခြင်းကို ဆအသာမာရဏ စတုဝေသာရဇ္ဇ ဒသဗလ အစရှိသောဂုဏ်ကျေးဇူးအပေါင်းနှင့်ပြည့်စုံတော်မူသော သဗ္ဗညုဘုရားသခင် သည် ရာဇဂြိုဟ်ပြည်, ဝေသာလီပြည်, သာဝတ္ထိပြည်, အာဠဝိပြည်, ကောသမ္ဗီပြည်, သက္ကတိုင်း, ဘဂ္ဂတိုင်း-ဟု ဆိုအပ်သောသော သိက္ခာပုဒ် ပညတ်ရာ ဌာန ခုနစ်ပါးတို့တွင် အဘယ်ဌာန၌ ခွင့်ပြုတော်မူသနည်း။

ဖြေ။ သာဝတ္ထိပြည်၌ ခွင့်ပြုတော်မူပါသည်။

မေး။ အဘယ်ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူသနည်း။

ဖြေ။ ပါဝေယျကတိုင်းသား ဖြစ်ကုန်သော သုံးကျိပ်သော ဘဒ္ဒဝဂ္ဂီ ညီနောင် ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူသည်။

မေး။ အဘယ်သို့သော အကြောင်းကြောင့် ခွင့်ပြုတော်မူသနည်း။

ဖြေ။ ထိုပါဝေယျကတိုင်းသားဖြစ်ကုန်သော သုံးကျိပ်သော ဘဒ္ဒဝဂ္ဂီ ညီနောင် ရဟန်းတို့သည် ဝါမှထပြီးလျှင် မဟာပဝါရဏာနေ့၌ ပဝါရဏာပြု၍ သာကေတပြည်မှ ဘုရားရှိရာ သာဝတ္ထိပြည်သို့ ရှုံ့ညွှန် အလိမ်းအလိမ်း ကပ်သော သင်္ကန်းရှိသည်ဖြစ်၍ ဆင်းရဲငြိုငြင် ပင်ပန်းစွာ ဘုရားသခင်အထံတော်သို့ ရောက်လာသည်တွင် အနာမန္တစာရ-အစရှိသော အာနိသင် ငါးပါးကို ခံစားရသဖြင့် သံဃာတို့အား ချမ်းသာစေလိုသောကြောင့် ခွင့်ပြုတော်မူပါသည်။

မေး။ အဘယ်သူ လှူအပ်သော သင်္ကန်းဖြင့် ခင်းအပ်သနည်း။

ဖြေ။ "ယေနကေနစိ ဒေဝေနဝါ မနုဿေနဝါ ပဉ္စန္နံဝါ သဟဓမ္မိကာနံ အညတရေန ဒိန္နံ ဝဋ္ဋတိ"ဟူသော အဋ္ဌကထာပါဌ်နှင့်အညီ အမှတ်မရှိသော နတ်သည်၎င်း, လူသည်၎င်း, သီတင်းသုံးဖော် ငါးယောက်တို့တွင် တယောက်ယောက်သည်၎င်း လှူအပ်သော သင်္ကန်းဖြင့် ခင်းအပ်ပါသည်။

မေး။ အဘယ်သို့ ဆို၍ လှူအပ်သော သင်္ကန်းဖြင့် ခင်းရမည်နည်း။

ဖြေ။ ဣမံ ကထိန စီဝရံ သံဃဿ ဒေမ – ဟုဆို၍ လှူအပ်သော သင်္ကန်းဖြင့် ခင်းအပ်ပါသည်။

မေး။ ထိုသို့ဆို၍လှူအပ်သော ကထိန်သင်္ကန်းဖြင့် အဘယ်ပုဂ္ဂိုလ်ကို ခင်းရမည်နည်း။

ဖြေ။ "အနုဇာနာမိ ဘိက္ခဝေ ပုရိမဝဿံဝုတ္ထာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ"ဟူသောပါဠိတော်နှင့်အညီ ဤသီမဌှက ဥပစာရသိမ်တွင်း၌ ပုရိမဝါကပ်၍ ပဌမပဝါရဏာနေ့၌ ပဝါရဏာပြုကုန်သော ရဟန်းတို့အား ခင်းရပါသည်။

မေး။ ယခုလည်း "ဘန္တေ သံဃဿ ဣမံ ကထိနဒုဿံ ဥပ္ပန္နံ၊ သံဃော ဣမံ ကထိနဒုဿံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒဒေယျ"ဟူသော ပါဌ်နှင့်အညီ

သံဃာအား ကထိန်သက်န်းသည် ဖြစ်၏၊ ဤကထိန်သက်န်းကို ဤသိမဌက ဥပစာရ သိမ်တွင်း၌ ပုရိမဝါကပ်၍ ပဌမပဝါရဏာနေ့၌ ပဝါရဏာ ပြုကုန်သော ရဟန်းတို့တွင် အဘယ်ရဟန်းအား ပေးအပ်သနည်း။

ဖြေ။ ''ယော ဧတ္ထ ဇိဏ္ဏစီဝရော ဟောတိ၊ တဿ ဒါတဗ္ဗံ''ဟူသော ပါဠိနှင့်အညီ အကြင်ရဟန်းအား ရှိနွမ်းဆိုးရွား ခေါင်းပါးသော သင်္ကန်း ရှိ၏၊ ထိုရဟန်းအား ပေးအပ်ပါသည်။

မေး။ နတ္ထိ ဇိဏ္ဏစီဝရော - ဟူသော ပါဠိနှင့်အညီ ဤသံဃာအစည်းအဝေး၌ ရှိနွမ်းဆိုးရွား ခေါင်းပါးသော သင်္ကန်းရှိသော ရဟန်း မရှိ၊ ယင်းသို့ မရှိသော် အဘယ်ရဟန်းအား ပေးအပ်သနည်း။

ဖြေ။ ထေနပတိ ဝုနော ဒါတဗ္ဗံ-ဟူသောပါဠိနှင့်အညီ ထိုသို့ရှိနွမ်းဆိုးရွား ခေါင်းပါးသော သင်္ကန်းရှိသော ရဟန်း မရှိတပြီးကား သီတင်းကြီးအား ပေးအပ်ပါ၏။

မေး။ ကော ဧတ္ထ ဝုဍ္ဎော-ဟူသောပါဠိနှင့်အညီ ဤသံဃာအစည်းအဝေး၌ အဘယ်ရဟန်း သီတင်းကြီး ဖြစ်ပါသနည်း။

ဖြေ။ ဇုတ္တန္ဓရမော ဘိက္ခု ဝုဍ္ဎော-ဟူသော ပါဠိနှင့်အညီ ဤမည်သော ရဟန်း သီတင်းကြီး ဖြစ်ပါ၏။

မေး။ သောဘိက္ခု တဒဟေဝ စီဝရံ ကတွာ ကထိနံ အတ္ထရိတုံ သက္ကောတိ-ဟူသော ပါဠိနှင့်အညီ ထိုသီတင်းကြီးဖြစ်သော ရဟန်းသည် ကထိန်လျှာ ပုဆိုးကို ရသောနေ့၌ပင်လျှင် ဖွပ်ခြင်း စီရင်ခြင်း ဖြတ်ခြင်း စပ်ခြင်း ချုပ်ခြင်း ဆိုးခြင်း ကပ္ပဗိန္ဒုထိုးခြင်း တည်းဟူသော ပုဗ္ဗကိစ္စကိုပြု၍ ကထိန်ခင်းခြင်းငှါ စွမ်းနိုင်ပါမည်လော။

ဖြေ။ သော သက္ကောတိ - ဟူသော ပါဠိနှင့်အညီ သံဃာတော်သည် မထေရ်ကြီးအား အထောက်အပံ့ပြုသဖြင့် တတ်စွမ်းနိုင်ပါ၏။

မေး။ တတ်စွမ်းနိုင်၏ကား ဆိုပြီ၊ ထိုမထေရ်ကြီးသည် ''အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ဘိက္ခု ဘဗ္ဗော ကထိနံ အတ္ထရိတုံ၊ ပုဗ္ဗကရဏံ ဇာနာတိ၊ ပစ္စုဒ္ဓါရံ ဇာနာတိ၊ အဓိဋ္ဌာနံ ဇာနာတိ၊ အတ္ထာရံ ဇာနာတိ၊မာတိကံ ဇာနာတိ၊ ဥဗ္ဘာရံ ဇာနာတိ၊ပလိဗောဓံ ဇာနာတိ၊အာနိသံသံ ဇာနာတိ'' အစရှိသဖြင့် ခွင့်ပြုတော်မူအပ်သော ပါဠိတော်နှင့် လျော်ညီစွာ ပုဗ္ဗကရဏ

အပြားကို သိခြင်း, ပစ္စုဒ္ဓိရုံကို သိခြင်း, အဓိဋ္ဌာန်ကို သိခြင်း, ကထိန်ခင်းသော အစီအရင်ကို သိခြင်း, မာတိကာရှစ်ပါးကို သိခြင်း, ကထိန် နုတ်ရာသော အစီအရင်ကို သိခြင်း, ပလိဗောဓအပြားကို သိခြင်း, အာနိသင်အပြားကို သိခြင်း ဤအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သာ ကထိန်ခင်းခြင်း၌ ထိုက်၏၊ မပြည့်စုံသောပုဂ္ဂိုလ် မထိုက်ချေ၊ ယင်းသို့ဖြစ်၍ ဆိုအပ်ပြီးသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏လော။

ဖြေ။ အာဝုသော သမန္တာဂတော - ဟူသော ပါဠိနှင့်အညီ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံပါ၏။

သာဓု-သာဓု၊ ကောင်းစွ၊ ကောင်းစွ၊ သံဃာတော်သည် ဤအမည်ရှိသော မထေရ်ကြီးအား ဉတ္တိဒုတိယကမ္မဝါစာဖြင့် ဤသင်္ကန်းကို ပေးအပ်၏၊ ဤသို့ ဆိုအပ်ပြီးသော စကားအစဉ်ကို နှုတ်သို့ တက်အောင် ကျက်မှတ်၍သော်လည်း မေးခြင်း,ဖြေခြင်းကို ပြုရာ၏၊ ထိုသို့မတတ်နိုင်မူ စာကိုရွတ်ဖတ်၍သော်လည်း မေးခြင်း ဖြေခြင်းကို ပြုရာ၏၊ ဤသို့ မေးခြင်း ဖြေခြင်းကို ပြုပြီးမှ ဗျတ္တိပဋိဗလ ပုဂ္ဂိုလ်သည် ဤသို့ဆိုလတ္တံ့သော ဉတ္တိဒုတိယ ကမ္မဝါစာကို ဖတ်၍ ပေးရာ၏။

ကထိနကမ္မဝါစာပါဠ်

သုဏာတု မေ ဘန္တေ သံဃော၊ ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣမံ ကထိနဒုဿံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒဒေယျ ကထိနံ အတ္ထရိတုံ၊ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ၊ သံဃော ဣမံ ကထိနဒုဿံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒေတိ ကထိနံ အတ္ထရိတုံ၊ ယဿာယသ္မတော ခမတိ ဣမဿ ကထိနဒုဿဿ ဣတ္ထန္နာမဿ ဘိက္ခုနော ဒါနံ ကထိနံ အတ္ထရိတုံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ၊ ဒိန္နံ ဣဒံ သံဃေန ကထိနဒုဿံ ဣတ္ထန္နာမဿ ဘိက္ခုနော ကထိနံ အတ္ထရိတုံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

ဤဉတ္တိဒုတိယ ကမ္မဝါစာကို ဌာန်ကရိုဏ်း ဝိပြင်စွာ အက္ခရာပုဒ်ဗျည်းတို့ကို မချွတ်မယွင်းစေမူ၍ ဗျဥ္ဇနဗုဒ္ဓိဆယ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ ဉတ္တိဒေါသ စသည်မှ ကင်းစင်သျှက် သေချာစွာ ဖတ်ရွတ်၍ ပေးရာ၏။

ယင်းသို့ ပေးပြီးလျှင် ဝဿူပနာယိကခေတ်ဖြစ်သော ဥပစာရသိမ်တွင်း၌ ကျောင်းသို့တဖန် ပြန်၍ ထိုဥပစာရသိမ်တွင်း၌ ကျောင်းများသည် ဖြစ်အံ့၊ တခုခုသော ကျောင်း၌ စည်းဝေးပြီးလျှင် ထိုကထိန်ပုဆိုးကို ပဉ္စခဏ်း, သတ္တခဏ်း စသည် ဖြတ်၍ ချုပ်ခြင်း ဖွပ်ခြင်း ဆိုးခြင်း ကပ္ပဗိန္ဒုထိုးခြင်းကို ပြု၍ ခင်းအပ်၏။ အသီးအသီး ကျောင်း၌ မဝင်အပ်။

ခင်းဟန်ကား- ဒုကုဋ်ဖြင့် ခင်းလိုသည် ဖြစ်အံ့၊ ဒုကုဋ်ဟောင်းကို "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ"ဟု ပစ္စုဒ္ဓိုရ်ပြု၍ ဒုကုဋ်သစ်ကို "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" ဟု အဓိဋ္ဌာန်တင်ပြီးမှ "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"ဟု ခင်းရာ၏၊ ကိုယ်ဝတ်ဖြင့် ခင်းလိုသည် ဖြစ်အံ့၊ကိုယ်ဝတ်ဟောင်းကို "ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ" ဟု ပစ္စုဒ္ဓိုရ်ပြု၍ ကိုယ်ဝတ်သစ်ကို "ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ"ဟု အဓိဋ္ဌာန်တင်ပြီးမှ "ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ" ဟု ခင်းရာ၏၊ သင်းပိုင်ကို ခင်းလိုသည် ဖြစ်အံ့၊ သင်းပိုင်ဟောင်းကို "ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ" ဟု ပစ္စုဒ္ဓိုရ်ပြု၍ သင်းပိုင်သစ်ကို "ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ"ဟု အဓိဋ္ဌာန်တင်ပြီးမှ"ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ" ဟု ခင်းရာ၏။

ဤသို့ ခင်းပြီးသည်ရှိသော် သံဃာသို့ကပ်၍ ကိုယ်ဝတ် စံပယ်တင်သည်ကို ပြု၍ ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီပြီးလျှင် မိမိထက်ကြီးသူ ရှိသည် ဖြစ်အံ့၊ အနုမောဒနာ ပြုစိမ့်သော၄ါ-

> အတ္ထတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ။

မိမိထက် ကြီးသူ မရှိသည်ဖြစ်အံ့"အတ္ထတံ အာဝုသော သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ၊"

ဤသို့သော စကားကို သုံးကြိမ် ဆိုအပ်၏၊ သံဃာတို့လည်း ကိုယ်ဝတ် စံပယ်တင်၍ ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီပြီးလျှင် ကြီးသူဖြစ်အံ့၊ အနုမောဒနာ ပြုအံ့သော၄ါ-

> အတ္ထတံ အာဝုသော သံဃဿ ကထိနံ၊ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ။

ငယ်သူဖြစ်အံ့-"အတ္ထတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ။

ဤသို့သောစကားကို အသီးအသီးဝှင်း, တပြိုင်နက်ဝှင်း သုံးကြိမ်ဆိုအပ်၏၊ ဤကား နှစ်ပါးထက်အလွန် အနုမောဒနာပြုသော ရဟန်းတို့ ဆိုအပ်သော စကားတည်း။

အနုမောဒနာပြုသောရဟန်း တပါးတည်း ဖြစ်အံ့၊ ကိုယ်ဝတ် စံပယ်တင်ခြင်း စသည်ကိုပြု၍"အတ္တတံ အာဝုသော သံဃာသ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမိ" ဟု ဆိုအပ်၏။

အနုမောဒနာပြုသော ရဟန်းကလည်း "အတ္ထတံ ဘန္တေ သံဃာသ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ (ဒါမိ)" ဟု အကြီးအငယ် အားလျော်စွာ အာဝုသော ဘန္တေ အာလုပ်ကို လှယ်၍ဆိုလေ။

ဤအရာ၌ "သဟ ကထိနသ အတ္ထာရာ ပန္နရသဓမ္မာ ဇာယန္တိ"စသည်ဖြင့် ပရိဝါ၌ ဘုရားဟောတော်မူသောကြောင့် ကထိန် ခင်းသည်နှင့်တကွ အာနိသင်ငါးပါးကို ခံရသည်မဟုတ်လော၊ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် သံဃာကို အနုမောဒနာ ပြုစေရပြန်သနည်းဟု တစုံတယောက် လှုပ်ချောက် ကန့်ကွက်တတ်သော စောဒက ဆရာတို့ ဆိုငြားအံ့၊ ကထိန်ခင်းသော ရဟန်း အား ခင်းသည်နှင့်တကွ အာနိသင် ငါးပါးကို ခံရ၏၊ ထိုသို့ခံရသော်လည်း သံဃာအား ခံရသည်မဖြစ်သေး၊ ယင်းသို့ ဖြစ်သောကြောင့် သံဃာအားလည်း ခံရစေခြင်းငှါ သံဃာကို အနုမောဒနာ ပြုစေပြန်သည်၊ သံဃာလည်း အနုမောဒနာ ပြုရသည်၊ ဤသို့ပြုသည်ရှိသော် ကထိန်ခင်းသော ရဟန်း,အနုမောဒနာ ပြုသောရဟန်း နှစ်ပါးစုံတို့အား အာနိသင် ငါးပါးကို ခံရလေတော့သည်၊ ထို့ကြောင့် ပရိဝါ၌-

> ဒွိန္နံ ပုဂ္ဂလာနံ အတ္ထတံ ဟောတိ ကထိနံ အတ္ထာရကဿစ အနုမောဒကဿစ။ ။ဟူ၍ ဟောတော်မူအပ်ပြီ။

အဘယ်ရဟန်းတို့သည် အနုမောဒနာ ပြုအပ်သနည်း, အဘယ်ရဟန်းတို့ကား မပြုအပ်သနည်းဟူမူ- ထိုကျောင်း၌ ပုရိမဝါကပ်၍ ပဌမပဝါရဏာနေ့၌ ပဝါရဏာပြုကုန်သော ရဟန်းတို့သာ အနုမောဒနာ ပြုအပ်ကုန်၏၊ ဝါပြတ်သော ရဟန်း, ပစ္ဆိမဝါကပ်သော ရဟန်း, တပါးသော အာရာမ်၌ ဝါကျွတ်သော ရဟန်းတို့သည် အနုမောဒနာပြုခြင်းငှါ မအပ်ကုန်၊ ပုရိမဝါကျွတ်သော်လည်း အနုမောဒနာ မပြုသော ရဟန်းတို့သည် အာနိသင် ငါးပါးကို မခံရချေ၊ ပရိက္ခာရစောဠ၏ အစွမ်းဖြင့် အဓိဋ္ဌာန်တင်၍ သုံးဆောင်

သော ရဟန်းတို့အား ကထိန်ခင်းခြင်းငှါ မထိုက်၊ တိစီဝရိက် အဓိဋ္ဌာန်တင်၍ သုံးဆောင်သော ရဟန်းတို့သာ ကထိန်ခင်းခြင်းငှါ ထိုက်၏။

ထိုတိစီဝရိက် အဓိဋ္ဌာန်တင်၍ သုံးဆောင်သော ရဟန်းသည်လည်း အမြဲ ဆောင်သော ရဟန်းသာ ကထိန်ခင်းခြင်းငှါ အပ်သလော၊ ထိုသို့မဟုတ် အခိုက်အတန့် ဆောင်သော ရဟန်းတို့လည်း အပ်သလောဟူမူ- တိစီဝရိက် သည် ဓုတင်တိစီဝရိက်, ဝိနည်းတိစီဝရိက်၏ အစွမ်းဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် တိစီဝရိက်ကိုဆောင်သော ရဟန်းသည် "အတိရေကစီဝရံ ပဋိက္ခိပါမိ၊ တေစီဝရိကင်္ဂံ သမာဒိယာမိ" ဟု ဆောက်တည်၍ ဆောင် သောကြောင့် အခါခပ်သိမ်းပင် ဆောင်အပ်၏။

ဝိနည်းတိစီဝရိက်ဆောင်သော ရဟန်းတို့မူကား-အကြင်အခါ တိစီဝရိက် အဓိဋ္ဌာန်ဖြင့် အဓိဋ္ဌာန်တင်၍ ဆောင်လို၏၊ ထိုအခါ ထိုသို့သော အခြင်း အရာဖြင့် အဓိဋ္ဌာန်တင်၍ ဆောင်၏၊ အကြင်အခါ ပရိက္ခာရစောဠအဓိဋ္ဌာန် ဖြင့် အဓိဋ္ဌာန်တင်၍ ဆောင်လို၏၊ ထိုအခါ ထိုသို့သော အခြင်းအရာဖြင့် အဓိဋ္ဌာန်တင်၍ ဆောင်၏၊ထို့ကြောင့် တိစီဝရိက် အဓိဋ္ဌာန်၏ ဆောင်နိုင်ခဲ သောကြောင့် အခါခပ်သိမ်းဆောင်ခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ ပရိက္ခာရ စောဠ၏ အစွမ်းဖြင့် ဆောင်သော်လည်း ကထိန်ခင်းသနေ့၌ အဝတ်သင်္ကန်းရှိ သမျှကို ပစ္စုဒ္ဓိရ်ပြု၍ သင်္ကန်းသုံးထည်ကို အမည်ဖြင့် အသီးအသီး အဓိဋ္ဌာန် တင်၍ သုံးဆောင်ခြင်းသည် အခိုက်အတန့် တိစီဝရိက်ဆောင်သော ရဟန်း သည်လည်း ကထိန်ခင်းခြင်းငှါ ထိုက်သည်သာဟု ဖြေအပ်၏။

တိစီဝရိက် နှစ်ပါးတို့တွင် ဓုတင်တိစီဝရိက်ဟူသည်ကား-ဆိုအပ်ပြီးသော နည်းဖြင့် ဆောက်တည်၍ သင်္ကန်းသုံးထည်ကို အသီးအသီး အမည်ဖြင့် အဓိဋ္ဌာန်တင်၍ သုံးဆောင်ခြင်းသည် ဓုတင်တိစီဝရိက်မည်၏၊ ထိုရဟန်းအား အံသကိုဋ္ဌမှ တပါး စတုတ္ထသင်္ကန်းကို သာယာသောခဏ၌ ဓုတင်ပျက်၏၊ ၎င်းအဓိဋ္ဌာန်တင်အပ်သော သင်္ကန်းသုံးထည်ထက်အလွန် အံသကိုဋ္ဌသာ အပ် သည်၊ အယုတ်အားဖြင့် အဓိဋ္ဌာန်, ဝိကပ္ပနာလောက်သော အလျား နှစ်ထွာ အနံ တထွာပမာဏရှိသော ဖျင်ပုဆိုးကိုမျှ မခံမသိမ်းအပ်။

ဝိနည်းတိစီဝရိက်ဆောင်သော ရဟန်းအား-ဒုကုဋ် ကိုယ်ဝတ် သင်းပိုင် ဝဿိကသာဋိက ကဏ္ဍုပဋိစ္ဆာဒိ နိသီဒန် ပစ္စတ္ထရဏ မုခပုဉ္ဆန ပရိက္ခာရ စောဠ ဤကိုးထည်သော သင်္ကန်းကို အပ်၏၊ ထိုတွင် အစာမချေသေးသော ဖျင်ပုဆိုး, အစာချေပြီးသော်လည်း ခိုင်ခန့်သော ဖျင်ပုဆိုးဖြစ်အံ့၊ ဒုကုဋ်ကို

နှစ်ထပ်, ကိုယ်ဝတ်သင်းပိုင်ကိုတထပ် ရှည်မြင့်စွာ သိုမှီးအပ်သည်ဖြစ်၍ ရိန္ဒမ်းပြီးသော ဖျင်ပုဆိုးဖြစ်အံ့၊ ဒုကုဋ်ကို လေးထပ်, ကိုယ်ဝတ်သင်းပိုင်ကို နှစ်ထပ်ချုပ်အပ်၏၊ ပံသုကူဖြစ်မူကား အထပ်များသော်လည်း အပ်၏။

ပမာဏမူကား- အလွန်အားဖြင့် ဘုရားသခင်သင်္ကန်းတော် ပမာဏအောက် ယုတ်လျော့မှု အပ်၏၊ ဘုရားသခင် သင်္ကန်းတော် ပမာဏကိုကား ပါတိမောက်၌ လာသော နည်းဖြင့် သိလေ၊ အယုတ်အားဖြင့် ဒုကုဋ် ကိုယ်ဝတ်ဖြစ်အံ့၊ အလျားမှ အဆုပ်နှင့်တကွ ငါးတောင်၊ အနံမှ အဆုပ်နှင့်တကွ သုံးတောင်၊ သင်းပိုင်ဖြစ်အံ့၊ အလျားမှ အဆုပ်နှင့်တကွ ငါးတောင်၊ အနံ နှစ်တောင် ချုပ်အပ်၏၊ ယင်းသို့ ချုပ်ပြီးလျှင် ဆိုးခြင်း, ကပ္ပဗိန္ဒု ထိုးခြင်းကို ပြု၍ ဒုကုဋ်ဖြစ်အံ့၊ "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" ကိုယ်ဝတ်ဖြစ်အံ့၊ "ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ" သင်းပိုင်ဖြစ်အံ့၊ "ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ" ဤသို့ အသီးအသီး အဓိဋ္ဌာန်တင်အပ်၏၊ ထိုသင်္ကန်း သုံးထည်ကို တထည်စီသာ အပ်၏၊ နှစ်ထည်, သုံးထည် မအပ်၊ ဆိုအပ်ပြီးသော ပမာဏထက်လွန်သော ဒုကုဋ် ကိုယ်ဝတ် သင်းပိုင် ပမာဏအောက် ယုတ်သော ဒုကုဋ် ကိုယ်ဝတ် သင်းပိုင်ကို ပရိက္ခာရစောဠ-ဟူ၍ အဓိဋ္ဌာန်တင်အပ်၏။

မိုးရေခံ သင်္ကန်းကိုလည်း ဘုရားသခင် အထွာတော်ဖြင့် အလျားမှ ခြောက်ထွာ၊ အနံမှ နှစ်ထွာခွဲ၊ လက်သမားတောင်နှင့် အလျာမှ ကိုးတောင်၊ အနံမှ သုံးတောင်ထွာ ခြောက်သစ်၊ ယခုကာလ၌ဖြစ်သော လူတို့၏အတောင်ဖြင့် အလျားမှ တဆယ့်သုံးတောင်ထွာ၊ အနံမှ ငါးတောင်တထွာ သုံးသစ် ချုပ်၍ အဆင်းပျက်ရုံမျှ ဆိုးပြီးလျှင် မိုးလတွင် "ဣမံ ဝဿိကသာဋိကံ အဓိဋ္ဌာမိ" ဟု အဓိဋ္ဌာန်တင်အပ်၏၊ ထိုမိုးရေခံ သင်္ကန်းသည် တထည်သာ အပ်၏၊ နှစ်ထည် မအပ်၊ ပမာဏအောက်ယုတ်မှု အပ်၏၊ လွန်မှု မအပ်၊ မိုးလ လွန်မှု ပစ္စုဒ္ဓိုရ်ပြုပြီးမှ ဝိကပ္ပနာပြု၍ ထားအပ်၏၊ ဘုရား တောင် ထွာ ပမာဏကို လက်သမား တောင် ထွာဖြင့် သုံးထမ်းပိုး၊ လက်သမား တောင် ထွာ ပမာဏကို ပကတိ လူ့ဘို့ တောင် ထွာဖြင့် အခွဲတက်အပ်၏၊ နိသီဒုန်-စသည် တို့၌လည်း ဤနည်းကိုမှီ၍ ပမာဏကို သိလေ။

နိသီဒုန်ကိုလည်း ဘုရားသခင် အထွာတော်ဖြင့် အလျားမှ နှစ်ထွာ၊ အနံ တထွာခွဲ၊ အဆာ တထွာပြု၍ "ဣမံ နိသီဒနံ အဓိဋ္ဌာမိ" ဟု အဓိဋ္ဌာန်တင်အပ်၏၊ ထိုနိသီဒုန်လည်း တထည်သာအပ်၏၊ နှစ်ထည် မအပ်၊ ပမာဏအောက် ယုတ်မှု အပ်၏၊ လွန်မှု မအပ်၊ အိပ်ရာခင်းကိုလည်း "ဣမံ ပစ္စတ္ထရဏံ အဓိဋ္ဌာမိ"

ဟု အဓိဋ္ဌာန်တင်အပ်၏၊ အိပ်ရာခင်းမှာ ပမာဏ မရှိ၊ ကြီးသော်လည်းအပ်၏၊ များသော်လည်း အပ်၏။

အမာလွှမ်းသက်န်းကို ဘုရားသခင် အထွာတော်ဖြင့် အလျားမှ လေးထွာ, အနံမှ နှစ်ထွာပြု၍ အနာရှိသမျှကာလပတ်လုံး "ဣမံ ကဏ္ဍုပ္ပဋိစ္ဆာဒိံ အဓိဋ္ဌာမိ"ဟု အဓိဋ္ဌာန်တင်၍ သုံးအပ်၏၊ ထိုအမာလွှမ်း သက်န်းသည်လည်း တထည်သာ အပ်၏၊နှစ်ထည် မအပ်၊ ပမာဏအောက် ယုတ်မူ အပ်၏၊ လွန်မူ မအပ်၊ အနာကင်းလွတ်မူ ပစ္စုဒ္ဓိုရ်ပြုပြီးမှ ဝိကပ္ပနာပြု၍ ထားအပ်၏၊ မျက်နှာသုတ်သက်န်းကို "ဣမံ မုခပုဉ္ဆနစောဠံ အဓိဋ္ဌာမိ"ဟု အဓိဋ္ဌာန်တင်အပ်၏၊ တထည်ကို ဖွပ်လျှော်သောအခါ၊ တထည်ကို အလိုရှိသောကြောင့် နှစ်ထည် အပ်၏။

ပရိက္ခာရစောဠ သက်န်းကိုလည်း "ပရိက္ခာရစောဠဂဏနာ နတ္ထိ" ဟု အဋ္ဌကထာဆရာ ဆိုသောကြောင့် အလိုရှိတိုင်းပင် "ဣမံ စီဝရံ ပရိက္ခာရ-စောဠံ အဓိဋ္ဌာမိ"ဟူ၍၎င်း, များစွာသော သက်န်းတို့ကို တပေါင်းတည်း ပြု၍ "ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ"ဟူ၍၎င်း အဓိဋ္ဌာန်တင်အပ်၏၊ ထိုပရိက္ခာရစောဠသက်န်းကို–

> အနုဇာနာမိ ဘိက္ခဝေ အာယာမေန အဋ္ဌင်္ဂုလံ၊ သုဂတင်္ဂုလေန စတုရင်္ဂုလဝိတ္ထတံ ပစ္ဆိမ စီဝရံ ဝိကပ္ပေတုံ။

ဟူသော ပညတ်တော်နှင့်အညီ ဘုရားသခင် လက်သစ်တော်ဖြင့် အလျား ရှစ်သစ်, အနံ လေးသစ် ပမာဏရှိသော ဝိကပ္ပနာ မလောက်သော အိတ်, ရေစစ် အစရှိသော ပစ္ဆိမသက်န်းကို ယခင်ဆိုအပ်ပြီးသောနည်းဖြင့် ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်အပ်၏၊ ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ကုံးထည်သော သက်န်းတို့ကို အဓိဋ္ဌာန်တင်၍ ဝိနည်း တိစီဝရိက် ဆောင်သော ရဟန်းတို့အား သုံးဆောင်အပ်၏၊ အချို့သောဆရာတို့ကား ဝိနည်းတိစီဝရိက်ဆောင်သော ရဟန်းတို့အား သက်န်းရှစ်ထည်သာ အပ်၏၊ ပရိက္ခာရစောဠ သက်န်းကို မအပ်ဟုဆို၏၊ ထိုစကားသည် မသင့်၊ အဘယ့်ကြောင့်နည်းဟူမူ–

> သစေ အဓိဋ္ဌဟိတွာ ဌပိတဝတ္ထေဟိ သံဃာဋိအာဒီနိ ကရောတိ၊ နိဋ္ဌိတေ ရဇနေစ ကပ္ပေစ ဣမံ ပစ္စုဒ္ဓရာမိတိ ပစ္စုဒ္ဓရိတွာ ပုန အဓိဋ္ဌာ-တဗ္ဗာနိ။ ။ဟူသော အဋ္ဌကထာဆရာ ပဌမကထိန သိက္ခာပုဒ်အဖွင့်၌ ဆိုသောကြောင့်တည်း။

အဓိပ္ပါယ်ကား-အကာယ်၍ ပရိက္ခာရစောဠအဓိဋ္ဌာန်တင်၍ ထားအပ်သော ဖျင်ပုဆိုးတို့ဖြင့် ဒုကုဋ်အစရှိသည်တို့ကို ပြုအံ့၊ ဆိုးခြင်း, ကပ္ပဗိန္ဒုထိုးခြင်းကို ပြုပြီးသည်ရှိသော်ငင်း ပရိက္ခာရစောဠအဓိဋ္ဌာန်ကို "ဣမံ စီဝရံ ပစ္စုဒ္ဓရာမိ"ဟု ပစ္စုဒ္ဓိုရ်ပြု၍ တဖန် မိမိတို့၏ အမည်ဖြင့် အဓိဋ္ဌာန်တင်အပ်၏ဟု ဆိုလိုသည်၊ ဤပါဠိ၌"အဓိဋ္ဌဟိတွာ ဌပိတဝတ္ထေဟိ"ဟု သာမညရှိလျက် ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ ထားအပ်သော ဖျင်ပုဆိုး-ဟု အဘယ့်ကြောင့် သိသနည်းဟူမူ "အဓိဋ္ဌဟိတွာ ဌပိတဝတ္ထေဟိ တေနေဝ ဣမံ ပစ္စုဒ္ဓရာမိတိ ပရိက္ခာရစောဠဿ ပစ္စုဒ္ဓရဏံ ဒဿေတိ"ဟု ဝိနယာလင်္ကာရဋီကာ-စသည်တို့၌ ဆိုသော ကြောင့် သိရသတည်း။

ထို အဓိဋ္ဌဟိတွာ ဌပိတဝတ္ထေဟိ - ဟူသော အဋ္ဌကထာပါဠိဖြင့်လည်း တိစီဝရိက် ဓုတင်ဆောက်တည်သော ရဟန်းသည် ပံသုကူ-စသည်၏ အစွမ်း ဖြင့် ရအပ်သော ဖျင်ပုဆိုးကို ဆယ်ရက်တွင်း၌ ချုပ်ခြင်း, ဆိုးခြင်း စသည်ကို ပြီးစေ၍ ဝတ်ရုံခြင်းငှါ မတတ်နိုင်သည်ဖြစ်အံ့၊ ပရိက္ခာရစောဠ၏ အစွမ်းဖြင့် အဓိဋ္ဌာန်တင်၍ ဆယ်ရက်ကို လွန်စေအပ်၏၊ ဤသို့ အဓိဋ္ဌာန်မတင်မူ၍ ဆယ် ရက် လွန်စေသော် နိဿဂ္ဂိထိုက်၏ ဟူသောအနက်ကို ပြတော်မူ၏၊ထို့ကြောင့် ဝိသုဒ္ဓိမဂ်ကျမ်း၌-

ရဇိတကာလတော ပန ပဋ္ဌာယ နိက္ခိပိတုံ နဝဋ္ဋတိ ဓုတင်္ဂစော- ရော နာမ ဟောတိ။ ။ဟုမိန့်အပ်ပြီ။

ပုနအဓိဋ္ဌာတဗ္ဗာနိ-ဟူသော စကားကိုလည်း ဒုကုဋ် အစရှိသော အမည် ဖြင့် အဓိဋ္ဌာန်တင်၍ သုံးဆောင်လိုသော ရဟန်း၏ အစွမ်းဖြင့် အဋ္ဌကထာ ဆရာ ဆိုအပ်၏၊ ပရိက္ခာစောဠ အဓိဋ္ဌာန်တင်၍ သုံးဆောင်သော ရဟန်းဖြစ် မူကား တဖန် တင်ဘွယ်မရှိပြီ၊ ရှေးတင်အပ်ပြီးသော အဓိဋ္ဌာန်ပင် အပ်၏ဟု မှတ်လေ၊ ဤသို့သော အာဂုံယုတ္တိကိုထောက်၍ ထိုဆရာတို့စကား မသင့်သည် ၏ အဖြစ်ကို နိဿံသယမှတ်အပ်၏၊ အကြောင်းယုတ္တိကား များလှစွာ၏။

ထို ကိုးထည်သော သင်္ကန်းတို့တွင် အမည်ဖြင့် အဓိဋ္ဌာန် တင်အပ်သော ဒုကုဋ် ကိုယ်ဝတ် သင်းပိုင်မှ တပါးသော ဒုကုဋ် ကိုယ်ဝတ် သင်းပိုင်ကို အဓိဋ္ဌာန် မတင်အပ်၊တင်သော်လည်း တင်သည်မမည်၊ အတိရေက သင်္ကန်း ဖြစ်၍ နိဿဂ္ဂိထိုက်၏၊ ယင်းသို့ဖြစ်သော် အလွန်ဖြစ်သော သင်္ကန်းသုံးထည် ကို အဘယ်သို့ သုံးဆောင်ရမည်နည်း ဟူပြားအံ့၊ "အနုဇာနာမိ ဘိက္ခဝေ

အတိရေကစီဝရံ ဝိကပ္ပေတုံ” ဟူ၍ ဘုရားသခင် ဟောတော်မူသောကြောင့် ဝိကပ္ပနာပြု၍ သိုမှီးခြင်း စသည်ကို ပြုရာ၏၊ ယင်းသို့ပြုရသော် ဤပါဠိတော်သည်–

အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ၊ ဝဿိကသာဋိကံ ဝဿာနံ စာတုမာသံ အဓိဋ္ဌာတုံ၊ တတော ပရံ ဝိကပ္ပေတုံ၊ နိသီဒနံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ၊ ပစ္စတ္ထရဏံ အဓိဋ္ဌာတုံ နဝိကပ္ပေတုံ၊ ကဏ္ဍုပဋိစ္ဆာဒိံ ယာဝ အာဗာဓာ အဓိဋ္ဌာတုံ၊ တတော ပရံ ဝိကပ္ပေတုံ၊မုခပုဉ္ဆနစောဠံ အဓိဋ္ဌာတုံ နဝိကပ္ပေတုံ၊ ပရိက္ခာရစောဠံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ။

ဟူသော စီဝရခန္ဓက ပါဠိတော်နှင့် မဆန့်ကျင်ပြီလော ဟူပြားအံ့၊အကြင်သို့သော အခြင်းအရာဖြင့် မဆန့်ကျင်၊ထိုသို့သော အခြင်းအရာဖြင့် ယူအပ်၏။

အဘယ်သို့ယူသော် မဆန့်ကျင်သနည်းဟူမူ ဤပါဠိတော်၌ ကာလအပိုင်းအခြားရှိသော မိုးရေခံ, အမာလွှမ်းသင်္ကန်းနှစ်ထည်တို့၌သာ “တတော ပရံ ဝိကပ္ပေတုံ” ဟု ဟောတော်မူအပ်၏၊ ထိုနှစ်ထည်မှ ကြွင်းသော ခုနစ်ထည်သော သင်္ကန်းတို့၌ကား “ နဝိကပ္ပေတုံ ” ဟူ၍သာ ဟောတော်မူအပ်၏၊ ယင်းသို့ ဟောတော်မူသောကြောင့် ထိုသင်္ကန်းနှစ်ထည်တို့၌ အကြောင်းမရှိမူ အမြဲအဓိဋ္ဌာန်သာ တင်အပ်၏၊ ဝိကပ္ပနာ မပြုအပ်၊ ကာလ အပိုင်းအခြားရှိသော သင်္ကန်းနှစ်ထည်တို့၌မူကား ခွင့်ပြုတော်မူသော ကာလ၌သာ အဓိဋ္ဌာန်တင်အပ်၏၊ ထိုကာလကိုလွန်မူ ဝိကပ္ပနာပြုအပ်၏၊ ဤသို့သော အဓိပ္ပါယ်ကို ယူအပ်၏။

အဋ္ဌကထာ၌သည်း သင်္ကန်းသုံးထည်ကို အသီးအံသီး မိမိတို့အမည်ဖြင့် အဓိဋ္ဌာန်တင်၍ သုံးဆောင်သော ရဟန်းအား အဓိဋ္ဌာန် တင်ခြင်းငှါသာ ခွင့်ပြုတော်မူ၏၊ ဝိကပ္ပနာပြုစိမ့်သောငှါ ခွင့်ပြုတော်မမူ၊ မိုးရေခံ သင်္ကန်းကိုမူကား မိုးလေးလထက်အလွန် ဝိကပ္ပနာ ပြုစိမ့်သောငှါ ခွင့်ပြုတော်မူ၏၊ ထိုသို့ဖြစ်သော်လည်း အကြင်ရဟန်းသည် သင်္ကန်းသုံးထည်တွင် တထည်ထည်နှင့် ကင်း၍နေလို၏၊ ထိုရဟန်းအား တိစီဝရိက် အဓိဋ္ဌာန်ကို ပစ္စုဒ္ဓိုရ်ပြု၍ ချမ်းသာစွာ ကင်း၍နေစိမ့်သောငှါ ဝိကပ္ပနာ၏အခွင့်ကို ပေးတော်မူ၏၊ ဤသို့သော အဓိပ္ပါယ်ကို ဆိုတော်မူ၏၊ ဝဇိရဗုဒ္ဓိဋီကာ ပဉ္စမ ကထိန သိက္ခာပုဒ် အဖွင့်၌–

တိစီဝရံ အဓိဋ္ဌာတုန္တိ တွေ့ တိစီဝရံ တိစီဝရာဓိဋ္ဌာနေန အဓိဋ္ဌာတဗ္ဗ- ယုတ္တကံ၊ ယံ ဝါ တိစီဝရာဓိဋ္ဌာနေန အဓိဋ္ဌာတုံ နဝိကပ္ပေတုံ အနုဇာ- နာမိ၊ တဿ အဓိဋ္ဌာနကာလပရိစ္ဆေဒါဘာဝတော သဗ္ဗကာလံ ဇုန္တိ့သ္သ အဓိဋ္ဌာတုံယေဝ အနုဇာနာမိ၊ တံ ကာလပရိစ္ဆေဒံ ကတွာ ဝိကပ္ပေတုံ နာနုဇာနာမိ၊ သတိ ပန ပစ္စယေ ယဒါ တဒါ ဝါ ပစ္စုဒ္ဓရိ- တွာ ဝိကပ္ပေတုံ ဝဋ္ဋတိ။ ။ဟု-မိန့်အပ်၏။

အဓိပ္ပါယ်ကား- တိစီဝရိက် အဓိဋ္ဌာန်ဖြင့် အဓိဋ္ဌာန် တင်ထိုက်သော သင်္ကန်းသုံးထည်ကို အဓိဋ္ဌာန်တင်အပ်သော ကာလအပိုင်းအခြား မရှိသော ကြောင့် အခါခပ်သိမ်း အလိုရှိသော ရဟန်းအား အသီးအသီး မိမိတို့အမည် ဖြင့် အဓိဋ္ဌာန်တင်ခြင်းငှါသာ ခွင့်ပြုတော်မူ၏၊ ထိုသင်္ကန်းသုံးထည်ကို ကာလ အပိုင်းအခြားကိုပြု၍ ဝိကပ္ပနာ ပြုစိမ့်သောငှါ ခွင့်ပြုတော်မမူ၊ အကြောင်း ရှိမူကား ဟုတ်ဟုတ်ငြားငြားသောအခါ ပစ္စုဒ္ဓိုရ်ရုပြု၍ ဝိကပ္ပနာ ပြုခြင်းငှါ အပ်၏-ဟု ထိုပါဠိတော်၏ အဓိပ္ပါယ်ကို ပြဆိုတော်မူသည်။

ဤအရာ၌ ဝဇိရဗုဒ္ဓိဋီကာ စကားသည် ပါဠိတော် အဋ္ဌကထာတို့နှင့် ညီညွတ် နီးနှော၊သောကြောင့် ဆရာမြတ်တို့သည် နှစ်သက်လေးမြတ်တော် မူကြကုန်သည်၊ သာရတ္ထဒီပနီ, ဝိမတိတို့၌ လာသော စကားကိုကား ယခင် ဆိုအပ်ပြီးသော ပါဠိတော် အဋ္ဌကထာတို့နှင့် မညီမညွတ် မနီးနှောသော ကြောင့်ရင်း, ဒေါသမကင်းသောကြောင့်ရင်း ဝိနယာလင်္ကာရစသော ဋီကာ ဆရာတို့ မနှစ်သက် မလေးမြတ်ကုန်၊ ထိုဋီကာတို့၌ လာသော အရာကို အလွန်ကျယ်အံ့သည်ဖြစ်၍ မပြမဆိုပြီ၊ အလိုရှိသောသူတို့သည် ထိုဋီကာတို့၌ ကြည့်အပ်၏၊ ဤသို့ ''နဝိကပ္ပေတုံ'' ဟု-ဟောတော်မူသော်လည်း သင်္ကန်းတို့ ကို စင်စစ် ဝိကပ္ပနာ မပြုထိုက်သောကြောင့် ဟောတော်မူသည် မဟုတ်ရကား ယခင်ဆိုအပ်ပြီးသော ပါဠိတော်နှစ်ရပ်သည် ''ဂဏ်ေါဒကေန ယမုနောဒကံ ဝိယ'' ဟူသကဲ့သို့ စင်စစ်နီးနှောညီညွတ်၏၊တစိုးတစိမျှ ဆန့်ကျင်သည်မရှိဟု ဖြေ။

ဝိကပ္ပနာဟူသည် တိစီဝရိက် အဓိဋ္ဌာန်တင်အပ်သော သင်္ကန်းသုံးထည်မှ တပါးသော ဒုကုဋ်စသည်ကို ရသည်ရှိသော် ထိုသင်္ကန်းကို အဓိဋ္ဌာန်မတင် ဘဲ ဆယ်ရက်ကို လွန်စေအံ့၊ နိဿဂ္ဂိထိုက်ရာ၏၊ ဒုကုဋ်စသော အမည်ဖြင့် တင်သော်လည်း နှစ်ထည်, သုံးထည် စသည်တို့၌ အဓိဋ္ဌာန် မသက်မရောက်ရ ကား အတိရေက သင်္ကန်းဖြစ်၍ ဆယ်ရက်ကို လွန်သည်ရှိသော် နိဿဂ္ဂိ

တိုက်ရာ၏၊ ဆယ်ရက် အတွင်း၌ သူတပါးတို့အားလည်း ပေးစွန့်ခြင်းငှါ အလိုမရှိ၊ ယင်းသို့ဖြစ်သော သင်္ကန်းကို တစုံတယောက်သော ရဟန်းအထံ၌ "ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ" စသည်ဖြင့် သမ္မုခါ ပရမ္မုခါအား လျော်စွာ ဝိကပ္ပနာပြုသည်ဖြစ်အံ့၊ ထိုသို့ပြုကာမျှဖြင့် ထိုသင်္ကန်းသည် သိမ်းခြင်းငှါအပ်၏၊ နိဿဂ္ဂိမဖြစ်ပြီ၊ သုံးဆောင်ခြင်း, သူတပါးတို့အား ပေးစွန့်ခြင်း,အဓိဋ္ဌာန်တင်ခြင်းငှါ မအပ်သေး၊ ဝိကပ္ပနာခံရသော ရဟန်းက "မယှံ သန္တကံ ပရိ-ဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ ယထာပစ္စယံ ဝါ ကရောဟိ" စသည်ဖြင့် သမ္မုခါ ပရမ္မုခါအား လျော်စွာ ပေးစွန့်မှုကား သုံးဆောင်ခြင်း အစရှိသည်တို့သည်လည်း အပ်ကုန်၏၊ ဤသို့လျှင် သင်္ကန်းသုံးထည်မှ တပါးသော ဝိကပ္ပနာထိုက်သော သင်္ကန်းကို အဓိဋ္ဌာန်မတင်ဘဲလည်း သိမ်း သုံးဆောင်ရခြင်း အကျိုးငှါ ပညတ်အပ်သော အသီးအသီးသော ဝိနည်းကံတည်း၊ ထိုဝိနည်းကံကို–

> ဧတ္ထ သတိ ယော တိစီဝရေ ကေနစိ စီဝရေန ဝိပ္ပဝသိတုကာမော ဟောတိ၊ တဿ တိစီဝရာဓိဋ္ဌာနံ ပစ္စုဒ္ဓရိတွာ ဝိပ္ပဝါသသုခတ္ထံ ဝိကပ္ပနာယ ဩကာသော ဒိန္နော ဟောတိ။

ဟူ၍ တိစီဝရိက်အဓိဋ္ဌာန်တင်အပ်သော သင်္ကန်း၌သာ ဝိကပ္ပနာ၏အခွင့်ကို ပေးအပ်၏ဟု အဋ္ဌကထာဆရာ ပဌမ ကထိနသိက္ခာပုဒ်အဖွင့်၌ ပြပါလျက် ၎င်းသင်္ကန်းသုံးထည်မှ တပါးသော ဒုကုဋ် စသည်ကိုလည်း ဝိကပ္ပနာပြုအပ်၏-ဟု ဆိုသောစကားကို အဘယ်သို့ ယုံကြည်ရအံ့နည်း ဟူငြားအံ့၊

> အနုဇာနာမိ ဘိက္ခဝေ အတိရေကစီဝရံ ဝိကပ္ပေတုံ။ ။ဟူသော ပါဠိတော်ကို ထောက်၍၎င်း,

> ဝိကပ္ပနာနန္တရမေဝ ပစ္စုဒ္ဓရာပေတွာ အနဓိဋ္ဌိတံဧဝ တိစီဝရာရဟံ ဝိကပ္ပနာရဟံ စီဝရံ ဘုဉ္ဇိတုဉ္စ နိဒဟိတုဉ္စ ဣဒံ ပါဠိမုတ္တံ ဝိနယကမ္မန္တိ ခါယတိ။

ဟူသော ဋီကာကို ထောက်၍၎င်း မိုးရေခံစသော သင်္ကန်းတို့၌ကဲ့သို့ "ဒွေ ပန နဝဋ္ဌန္တိ" စသည်ဖြင့် အဋ္ဌကထာဆရာ ပြတော်မမူသောကြောင့်၎င်း စင်စစ် အပ်သည်သာတည်းဟု ဖြေ။

မိုးရေခံ, အမာလွှမ်း သင်္ကန်းတို့၌ကား "တတော ပရံ ဝိကပ္ပေတုံ" ဟူ၍ ကာလဝိသေသဖြင့် ဝိကပ္ပနာကို ခွင့်ပြုတော် မူသောကြောင့်၎င်း, 'ဒွေ ပန နဝဋ္ဌန္တိ" ဟူသော အဋ္ဌကထာဆရာ မြစ်တော်မူသောကြောင့်၎င်း အဓိဋ္ဌာန်

တင်အပ်သော သက်န်း၌သာ အခွင့်ပြုတော်မူအပ်သော ကာလအပိုင်းအခြားသို့ ရောက်လျှင် ဝိကပ္ပနာပြုအပ်၏။

သက်န်းသုံးထည်၌ကဲ့သို့ အဓိဋ္ဌာန်တင်အပ်သော မိုးရေခံ၊ အမာလွှမ်းမှ တပါးသော မိုးရေခံ, အမာလွှမ်း သင်္ကန်းတို့ကို ဝိကပ္ပနာမပြုအပ်၊ အဘယ့်ကြောင့်နည်း ဟူမူ မိုးရေခံသင်္ကန်းမှာ အခါမဟုတ်သည်၌ ရှာမှီးခြင်း, ချုပ်ဆိုးခြင်း စသည်ကို မပြုအပ်၊ ပြုသော် အာပတ်သင့်၏၊ အမာလွှမ်းသင်္ကန်းမှာ အမာမရှိက ကဏ္ဍုပဋိစ္ဆာဒိ-ဟူသော အမည်ပင်မဖြစ်သင့်၊ ဤသို့သော သဘောယုတ္တိကို ထောက်၍ ဤသင်္ကန်း နှစ်ထည်၌ အဓိဋ္ဌာန်တင်အပ်သော သင်္ကန်းကိုသာ ဝိကပ္ပနာပြုအပ်၏-ဟု မှတ်ယူသင့်သည်။

နိသီဒုန်၌ကား- နှစ်ထည်မအပ်သောကြောင့်၎င်း အဓိဋ္ဌာန်တင်အပ်သောကြောင့်၎င်း အဓိဋ္ဌာန် တင်အပ်သော နိသီဒုန်မှ တပါးသော နိသီဒုန်ကို ဝိကပ္ပနာမပြုအပ်၊ အဓိဋ္ဌာန်တင်အပ်သော နိသီဒုန်ကိုမူကား ကာလ အပိုင်းအခြားမရှိ၊အမြဲပင် အဓိဋ္ဌာန်တင်၍ သုံးဆောင်အပ်သောကြောင့် အကြောင်းရှိသော်သာ ဝိကပ္ပနာပြုအပ်၏၊ အကြောင်းမရှိမူကား ပြုဘွယ်မရှိပြီ။

မျက်နှာသုတ်၌ကား- နှစ်ထည်အပ်၏ ဟု အဋ္ဌကထာဆရာ ခွင့်ပြုတော်မူသောကြောင့် နှစ်ထည်ကိုသာ အဓိဋ္ဌာန်တင်၍ အလွန်ရမူကား သူတပါးတို့အား လှူဒါန်း ပေးစွန့်ရာ၏၊ ယင်းသည့် နှစ်ထည်ကိုလည်း ကာလအပိုင်းအခြားမရှိ၊ အမြဲပင်အဓိဋ္ဌာန်တင်၍ သုံးဆောင်အပ်သောကြောင့် အကြောင်းရှိသော်သာ ဝိကပ္ပနာပြုရာ၏၊ အကြောင်း မရှိမူကား ပြုဘွယ်မရှိပြီ။

အိပ်ရာခင်း, ပရိက္ခာရစောဠသင်္ကန်း ဤနှစ်ထည်တို့၌မူကား အလျား, အနံပမာဏ မရှိ၊ အရေအတွက် မရှိ၊အမြဲပင် အဓိဋ္ဌာန်တင်၍သော်လည်း သုံးဆောင်အပ်၏၊ ဝိကပ္ပနာ ပြု၍သော်လည်း ထားအပ်, သုံးဆောင်အပ်၏ ဟုမှတ်။

ထိုကိုးထည်သော သင်္ကန်းတို့တွင် တိစီဝရိက်သင်္ကန်းမှာ ဝိပ္ပဝါသ သုခ အကျိုး၄ါ ဝိကပ္ပနာကို ခွင့်ပြုတော်မူ၏၊ ထိုသုံးထည်ထက် အလွန် ဖြစ်သော ဒုကုဋ်-စသည်ကို အဓိဋ္ဌာန်လည်း မတင်အပ်၊ဆယ်ရက်ကိုလွန်မူ နိဿဂ္ဂီလည်း ဖြစ်ရာသောကြောင့် ဝိကပ္ပနာကို ခွင့်ပြုတော်မူ၏၊ မိုးရေခံ အမာလွှမ်းသင်္ကန်းတို့မှာ ကာလအပိုင်းအခြားကို လွန်မူ နိဿဂ္ဂီဖြစ်ရာသောကြောင့် ဝိကပ္ပနာကို ခွင့်ပြုတော်မူ၏၊ ကြွင်းသော သင်္ကန်းလေးထည်တို့တွင် နိသီဒုန်မှာ တထည်ကိုသာ အမြဲအဓိဋ္ဌာန်တင်၍ သုံးဆောင် အပ်သောကြောင့်၎င်း, နှစ်ထည်

မအပ်သောကြောင့်ရင်း ဝိကပ္ပနာ မပြုသင့်၊ မျက်နှာသုတ်မှာလည်း နှစ်ထည်ကို အမြဲအဓိဋ္ဌာန်တင်၍ သုံးဆောင်အပ်သောကြောင့်ရင်း နှစ်ထည်ထက်အလွန် မအပ်သောကြောင့်ရင်း ဝိကပ္ပနာ မပြုသင့်၊ အိပ်ရာခင်း, ပရိက္ခာရစောဠသင်္ကန်းတို့မှာလည်း အများပင် အဓိဋ္ဌာန်တင်၍ သုံးဆောင်အပ်သောကြောင့် ဝိကပ္ပနာ မပြုသင့်၊ ဤသို့ တစုံတယောက်သော စောဒကပုဂ္ဂိုလ်တို့ ဆိုငြားအံ့၊ "အနုဇာနာမိ ဘိက္ခဝေ အတိရေကစီဝရံ ဝိကပ္ပေတုံ" ဟူ၍ရင်း "အနုဇာနာမိ ဘိက္ခဝေ အာယာမေန အဋ္ဌင်္ဂုလံ သုဂတင်္ဂုလေန စတုရင်္ဂုလဝိတ္ထတံ ပစ္ဆိမစီဝရံ ဝိကပ္ပေတုံ" ဟူ၍ရင်း "ဧတေန ဥပါယေန သဗ္ဗတ္ထဝိကပ္ပနာယ အပ္ပဋိသိဒ္ဓဘာဝေါ ဝေဒိတဗ္ဗော" ဟူ၍ရင်း တိုက်ရိုက် မုချနီတတ္ထ ပါဠိအဋ္ဌကထာ လာရှိသောကြောင့် ထိုအလုံးစုံသော သင်္ကန်းကိုးထည်၌ ဝိကပ္ပနာ ပြုအပ်သည်သာဟု ဖြေ။

ယင်းသို့ ပါဠိအဋ္ဌကထာနှင့်အညီ သင်္ကန်းကိုးထည်၌ပင် ဝိကပ္ပနာပြုအပ်၏ဟု ဆိုတန်စေ၊ သင်္ကန်းသုံးထည်မှာ အဓိဋ္ဌာန် တင်အပ်သော သင်္ကန်း, မဘင်အပ်သော သင်္ကန်း၌ပင် ဝိကပ္ပနာ ပြုအပ်၏-ဟု အဘယ်ကို ထောက်၍ သိအပ်သနည်း ဟူငြားအံ့၊ " အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ အဓိဋ္ဌာတုံ နဝိကပ္ပေတုံ" ဟူသော ပါဠိတော်၏ အတ္ထသံဝဏ္ဏနာကို ပြုသောအရာ၌ ဝသိကသာဋိက စသည်တို့၌ကဲ့သို့ ဒွေ နဝဋ္ဋန္တိ-စသည်ဖြင့် အဋ္ဌကထာဆရာမြစ်တော် မမူသောကြောင့်ရင်း, "ဝိကပ္ပနာနုဋ္ဌရမေဝ" စသည်ဖြင့် ဋီကာဆရာ မိန့်ဆိုသောကြောင့်ရင်း သိရသတည်း။

မိုးရေခံ, နိသီဒိုန်, အမာလွှမ်း သင်္ကန်းတို့၌ကား "ဒွေ ပန နဝဋ္ဋန္တိ" ဟု မြစ်တော်မူသောကြောင့် အဓိဋ္ဌာန်တင်သော သင်္ကန်း၌သာ ဝိကပ္ပနာ ပြုအပ်၏၊ မတင်သော သင်္ကန်း၌ မပြုအပ်၊ မျက်နှာသုတ်၌လည်း နှစ်ထည်သာ အပ်၏ဟု ခွင့်ပေးတော် မူသောကြောင့် အဓိဋ္ဌာန်တင်သော သင်္ကန်း၌သာ ဝိကပ္ပနာ ပြုအပ်၏၊ မတင်သော သင်္ကန်း၌ မပြုအပ်၊ အိပ်ရာခင်း, ပရိက္ခာရစောဠ သင်္ကန်းတို့၌မူကား အများပင် အပ်သောကြောင့် အဓိဋ္ဌာန် တင်လိုလည်း တင်အပ်၏၊ ဝိကပ္ပနာပြု၍ သုံးဆောင်လိုလည်း အများပင် ဝိကပ္ပနာ ပြုအပ်၏၊ ဤသို့ဆိုအပ်ပြီးသော နည်းဖြင့် တိစီဝရိက် ဆောင်သော ရဟန်းအား သင်္ကန်း ကိုးထည်၌ အဓိဋ္ဌာန်ဝိကပ္ပနာပြု၍ သိမ်းသုံးဆောင်ခြင်းကို ပြုအပ်၏။

ဝိကပ္ပနာ ပြုသော ကာလ၌လည်း ဝိကပ္ပနာ ပြုပြီးသော အခြားမဲ့၌ပင် ဝိကပ္ပနာခံသော ရဟန်းက "မယှံ သန္တကံ ပရိဘုဉ္ဇဝါ"စသည်ဖြင့် စွန့်ခြင်း,

ပေးခြင်းကို ပြုအပ်၏၊ အချို့သောဆရာတို့ကား ဝိကပ္ပနာပြုအပ်သော သင်္ကန်းကို သုံးဆောင်သောကာလ ရောက်အောင် မပေးမစွန့်ပဲ သိုမှီးအပ်၏။ သုံးဆောင်သောကာလရောက်မှ ပေးခြင်းစွန့်ခြင်းကို ပြုစေ၍ အဓိဋ္ဌာန်တင်၍ သုံးဆောင်အပ်၏၊ အကယ်၍ သုံးဆောင်သောကာလမရောက်မီ ပေးခြင်း, စွန့်ခြင်းကို ပြုငြားအံ့၊ ပေးခြင်း, စွန့်ခြင်းဖြင့်ပင် ဝိကပ္ပနာကင်းလေသောကြောင့် အတိရေက သင်္ကန်းဖြစ်၏၊ ဆယ်ရက်လွန်သော် နိဿဂ္ဂိထိုက်၏၊ ယင်းသို့ဖြစ်သောကြောင့် မသုံးဆောင်သော သင်္ကန်းကိုသာ ဝိကပ္ပနာပြု၍ ထားရာ၏၊ ပေးခြင်း, စွန့်ခြင်းကို ပြုသည်ရှိသော် ဆယ်ရက်အတွင်း၌ အဓိဋ္ဌာန်တင်အပ်၏၊ အဋ္ဌကထာ၌ "တတော ပရံ ပရိဘောဂါဒိ ဝဋ္ဋတိ" အစရှိသော စကားသည်လည်း ပါဠိတော်နှင့် ဆန့်ကျင်၏၊ ဤသို့ဆိုကြကုန်၏၊ ထိုစကားသည် ဆရာတို့၏ အယူနှလုံးသွင်းခြင်းမျှသာတည်း၊ အဘယ့်ကြောင့်နည်းဟူမူ ပါဠိတော်၌–

"အန္တောဒသာဟံ အဓိဋ္ဌေတိ ဝိကပ္ပေတီတိ ဒသာဟံ စီဝရံ ဝိကပ္ပေတွာ အပစ္စုဒ္ဓရဏံ ပရိဘုဉ္ဇေယျ ပါစိတ္တိယံ"ဟူ၍၎င်း, "အနာပတ္တိ သော ပါဒေတိ တဿဝါ ဝိဿာသန္တော ပရိဘုဉ္ဇတိ" ဟူ၍၎င်း သာမညအားဖြင့် ဟောတော်မူသောကြောင့်၎င်း, အဋ္ဌကထာ၌လည်း "ဣမံ စီဝရံဝါ ဝိကပ္ပနံဝါ ပစ္စုဒ္ဓရာမိ" အစရှိသည်ဖြင့် ပေးခြင်း, စွန့်ခြင်းကို မပြုမူ၍ "မယှံ သန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ ယထာပစ္စယံဝါ ကရောဟိ" ဟူ၍ မိမိဥစ္စာ၏ အဖြစ်ကို မလွန်စေမူ၍ သာလျှင် သုံးဆောင်ခြင်း အစရှိသည်၏ အစွမ်းဖြင့် ပေးခြင်း, စွန့်ခြင်းကို ဆိုသောကြောင့်၎င်း, "တတော ပဘုတိ ပရိဘောဂါ-ဒယောပိ ဝဋ္ဋန္တိ"ဟူ၍ အဓိဋ္ဌာန်ကို တင်၍ အသီးသုံးဆောင်ခြင်း, သိုမှီးခြင်းကို ဆိုသောကြောင့်၎င်း ဝိကပ္ပနာ ပြုပြီးသည်၏ အခြားမဲ့၌သာလျှင် ပေးခြင်းကို ပြုစေ၍ အဓိဋ္ဌာန် မတင်ပဲ တိစီဝရိက်မှတပါးသော ဝိကပ္ပနာ ထိုက်သောသင်္ကန်းကို သုံးဆောင်ခြင်း သိုမှီးခြင်း၄ါ ခွင့်ပြုတော်မူအပ်သော အသီးဝိနည်းကံဟု မှတ်အပ်၏၊ ယင်းသို့ ဖြစ်သောကြောင့် အဋ္ဌကထာ၌ လာသောယခင် ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် မှတ်သား သုံးဆောင်ရာ၏။

> သစေ ပန ယဿ ဝိကပ္ပေတိ၊ သော ပညတ္တိကောဝိဒေါ န ဟောတိ၊ န ဇာနာတိ ပစ္စုဒ္ဓရိတုံ၊ တံစီဝရံ ဂဟေတွာ အညဿ ဗျတ္တဿ သန္တိကံ ဂန္တွာ ပုန ဝိကပ္ပေတွာ ပရေန ပစ္စုဒ္ဓရာပေတဗ္ဗံ၊ ဝိကပ္ပိတဝိကပ္ပနာနာမေသာ။

ဟူသော အဋ္ဌကထာပါဠ်ဖြင့်လည်း ဝိကပ္ပနာ ပြုသော အခြားမဲ့၌ပင် ပေးခြင်း စွန့်ခြင်းကို ပြုအပ်၏ ဟူသော အနက်ကို သိအပ်၏။

အနက်ကား- ပန - အဖို့တပါးကို ဆိုဦးအံ့၊ ယဿ ဘိက္ခုနော - အား၊ သစေဝိကပ္ပေတိ- အကယ်၍ ဝိကပ္ပနာပြုအံ့၊ သောဘိက္ခု-သည်၊ ပညတ္တိ-ကောဝိဒေါ-ဝိကပ္ပနာပြုပြီးသော အခြားမဲ့၌ပင် ဤသို့ ပေးခြင်း စွန့်ခြင်းကို ပြုအပ်၏ဟု ဝိနည်းကံကိုသိခြင်းဟုဆိုအပ်သော ပညတ်၌လိမ္မာသည်၊နဟောတိ-မဖြစ်၊ ပစ္စုဒ္ဓရိတုံ–ပေးခြင်း စွန့်ခြင်းငှါ၊ န ဇာနာတိ–မသိ၊ တံစီဝရံ-ကို၊ ဂဟေတွာ-၍၊ အညဿ-သော၊ ဗျတ္တဿ-ဝိနည်းသိက္ခာပုဒ်၌ လိမ္မာသော ရဟန်း၏၊ သန္တိကံ-သို့၊ ဂန္တွာ-၍၊ ပုန-တဖန်၊ ဝိကပ္ပေတွာ-၍၊ ပရေန-ကို၊ ပစ္စုဒ္ဓရာပေတဗ္ဗံ-ပေးခြင်း စွန့်ခြင်းကို ပြုစေအပ်၏၊ သော-ဤသို့ ပြုခြင်းသည်၊ ဝိကပ္ပိတဝိကပ္ပနာနာမ - ဝိကပ္ပနာပြုပြီးသော သင်္ကန်းကို ဝိကပ္ပနာ ပြုသည်မည်၏။

ဝိကပ္ပနာပြုရာသော အဆုံးအဖြတ်ကိုကား အလွန်ကျယ်အံ့စိုး၍မဆိုပြီ၊ ဤအရာသည် အလွန်ခဲခက်သည်၊ အဋ္ဌကထာဋီကာ ဂဏ္ဌိ ထေရဝါဒ အာစရိယဝါဒ များစွာ အထူးထူးအထွေထွေ ရှိသည်ဖြစ်သောကြောင့် နောက်နောက် ရဟန်းတို့လည်း အသုံးအဆောင် အမှတ်အသား ကွဲပြားမတူ အယူဝါဒ အသီးအသီး ရှိကြသည်၊အဖန်တလဲလဲ နှိုင်းရှည့်ဆင်ခြင်ပါကုန်၊ ဆရာသမားတို့အား လျှောက်ထား ဆွေးနွေးကြပါကုန်၊ သင့်မှုကား ယူရာ၏၊ မသင့်မှု စွန့်ရာ၏၊ (ခဲရပ်။)

ပရိက္ခာရစောဠအဓိဋ္ဌာန်တင်၍ သုံးဆောင်သော ရဟန်းတို့တွင် အချို့မှာ ဒုကုဋ် သင်းပိုင် ကိုယ်ဝတ်ဖျင်ပုဆိုး ပဋိမသင်္ကန်း ပမာဏရှိလျှင် ပရိက္ခာရစောဠတင်၍ချည်း သိမ်း သုံးဆောင်ကြကုန်၏၊ "ပရိက္ခာရစောဠေ ဂဏနာ နတ္ထိ ယတ္တကံ ဣစ္ဆတိ၊ တတ္တကံ အဓိဋ္ဌာတဗ္ဗမေဝ" ဟူသော အဋ္ဌကထာ ပါဠ်ကိုလည်း ကိုးစားမှတ်ပြုကြကုန်၏၊ထိုပါဠ်သည် ပရိက္ခာရစောဠ အဓိဋ္ဌာန် တင်၍ သုံးဆောင်သော ရဟန်းတို့၏ ပရိက္ခာရစောဠ သင်္ကန်းကို ပြသော ပါဠ်မဟုတ်၊ တိစီဝရိက် အဓိဋ္ဌာန်တင်သော ရဟန်းတို့၏ သင်္ကန်းကိုးထည်တွင် ပရိက္ခာရစောဠ သင်္ကန်းကို ပြသောပါဠ်သာ ဖြစ်သည်၊ ယင်းသို့ဖြစ်၍ "ခုတ်ရာတခြား ရှရာတပါး" ဆိုသကဲ့သို့ရင်း, "အမွဲ ပုဋ္ဌော လဗုဇံ ဗျာကာသိ" ဟူသကဲ့သို့ရင်း မဆီမဆိုင် ဖြစ်လေသည်၊ ရှေ့ငွေစင်စစ် ဖြစ်စေကာမူ အသုံးအစွဲ အခြယ်အလှယ် မသင့်က တင့်တယ်ဆန်းကြယ်သည် မဖြစ်သကဲ့

သို့ရင်း ဆင် မြင်း ကျွဲ နွား ကောင်းသော်လည်း စီးနင်း သုံးဆောင်သူ မကျင်ကျွမ်းလျှင် သူတပါးတို့ ယုတ်ညံ့သည် မှတ်ထင်၍ အဖိုးယုတ်လျော့ ညံ့သကဲ့သို့ရင်း ဓမ္မကံကြောင်း၌လည်း တရားလမ်းဖြောင့်ပင်မှန်သော်လည်း စွဲရာမှီရာ ကင်ကိုးရာ ချွတ်ယွင်းက ဝိတဏ္ဍဝါဒီပရဝါဒီ ပုဂ္ဂိုလ်တို့ ပြက်ရယ်မှု ပြုဘွယ်ဖြစ်လေသည်၊ ယခင် ဆိုအပ်ပြီးသော နည်းဖြင့် သုံးဆောင် သိမ်းခြင်းသည် အာစရိယပါစရိယ ဆရာစဉ်ဆက် ဘုရားသခင် လက်ထက်မှစ၍ ဖြစ်သည်နည်းပင် စင်စစ်မှန်သည်၊ ယခုတိုင်လည်း ကျမ်းဂန် တတ်မြောက်သည့် ဆရာမြတ်တို့ များသောအားဖြင့် ဤနည်းကိုသာ သုံးစမှတ်ပြုကြကုန်သည်။

အဝတ် သက်န်း ဟူသမျှကို ပရိက္ခာရစောဠ အဓိဋ္ဌာန်ချည်းတင်၍ သုံးဆောင်သည်မှာ "ပရိက္ခာရစောဠိယော သဗ္ဗံ၊ တထာ ဝတွာ အဓိဋ္ဌတိ" ဟူသော ခုဒ္ဒသိက္ခာပါဠိနှင့် ညီသည်၊ အများကို သိမ်း သုံးဆောင်သည်မှာ တိစီဝရိက် သာပင် ပရိက္ခာရစောဠ သက်န်း၌ အများ အပ်သောကြောင့် ပရိက္ခာရစောဠချည်း အဓိဋ္ဌာန်တင်၍ သုံးဆောင်သော ရဟန်းအားမူကား အများအပ်သည်သာ ဖြစ်ရကား "ပရိက္ခာရစောဠေ ဂဏနာ နတ္ထိ၊ ယတ္တကံ ဣစ္ဆတိ၊ တတ္တကံ အဓိဋ္ဌာတဗ္ဗမေဝ" ဟူသော အဋ္ဌကထာပါဠိနှင့်ညီသည်၊ အချို့သော ဆရာတို့ကား "သုခ ပရိဘောဂတ္ထံ တိစီဝရံ ပရိက္ခာရစောဠန္တိ အဓိဋ္ဌာတုံ ဝဋ္ဋတိ" ဟု သက်န်း သုံးထည်ကိုသာ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ ကြွင်းသော သက်န်းတို့၌ တိစီဝရိက် ဆောင်သော ရဟန်းတို့ကဲ့သို့ အဓိဋ္ဌာန်တင်ခြင်း ဝိကပ္ပနာပြုခြင်းကိုပြု၍ သိမ်းသုံးဆောင်ကြကုန်၏၊ ထိုဆရာတို့ကား တဂိုဏ်းတနွယ် အနည်းငယ်မျှသာတည်း၊ အာစရိယပရမ္ပရ အာစရိယ ပဝေဏီတို့မှ အဝွန့်ရှည်စွာဖြစ်သော အသုံးအဆောင်ကို ထူး၍ပြုခြင်း ကြံစည်ခြင်းသည် ထိုဆရာတို့ကို လွှန်နိုင်မည်မဟုတ်၊ ပါဠိ, အဋ္ဌကထာဋီကာလည်း တိုက်ရိုက်မှချကိုးစရာမရှိ၊ ယခင်ဆောင်အပ်သော ခုဒ္ဒသိက္ခာပါဠိနှင့်လည်း မညီ၊ သတိရှိလှစေ။

ဤသို့လျှင် အမြဲတိစီဝရိက် အဓိဋ္ဌာန်ဆောင်သော ရဟန်း, အခိုက်အတန့် တိစီဝရိက် အဓိဋ္ဌာန်ဆောင်သော ရဟန်းတို့မှာ ကထိန်ခင်းအပ်သောနေ့၌ အလုံးစုံသော မိမိဥစ္စာ အဝတ်သက်န်း ဖျင်ပုဆိုးတို့ကို နောက်က ဆိုခဲ့ပြီးသော နည်းဖြင့် ပစ္စုဒ္ဓိုရ်ပြုပြီးမှ သက်န်းသုံးထည်ကို မိမိတို့ အမည်ဖြင့် အသီးအသီး အဓိဋ္ဌာန်တင်အပ်၏၊ ကထိန် ခင်းပြီးလျှင်လည်း တိစီဝရိက် အဓိဋ္ဌာန်ကိုချ၍ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ သုံးဆောင်လိုလည်း သုံးဆောင်ရ၏၊ မချ

လိုလျှင်လည်း ကထိန်ခင်းသည့်နေ့မှစ၍ အကြား၌ ကထိန်မနုတ်သည်ဖြစ်အံ့၊ တပေါင်းလပြည့်နေ့တိုင် အကြား၌ ကထိန်နုတ်သည် ဖြစ်အံ့၊ ကထိန်နုတ်သနေ့တိုင် အာနိသင်ငါးပါးကို ရထိုက်သောကြောင့် ပရိက္ခာရစောဠ ဆောင်သည့် ကာလကဲ့သို့ပင် အလိုရှိတိုင်း အဝတ်သင်္ကန်းတို့ကို သုံးဆောင်အပ်၏၊ အထူးကျင့်ဘွယ် မရှိ။

တပေါင်းလပြည့်နေ့၌ ကထိန်နုတ်သနေ့ ရောက်မူကား ထိုနေ့ ထိုရက်မှစ၍ တိစီဝရိက်အဓိဋ္ဌာန်ကို မချလိုလျှင်လည်း ခုတင်,ဝိနည်း တိစီဝရိက်အား လျော်စွာ ရှေး၌ဆိုအပ်ပြီးသော နည်းဖြင့် မမေ့မလျော့ ကျင့်သုံးဆောက်တည်အပ်၏၊ ချလိုလျှင်လည်း သင်္ကန်း သုံးထည်ကို ရှေး၌ဆိုအပ်ပြီးသော နည်းဖြင့် ပစ္စုဒ္ဓိုရ်ပြု၍ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်အပ်၏၊ ကထိန်ခင်းသည့်ကာလ ပစ္စုဒ္ဓိုရ်ပြု၍ထားသော အဝတ်သင်္ကန်း ဖျင်ပုဆိုးတို့ကိုလည်း ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်အပ်၏၊ ထိုနေ့ကို မလွန်စေအပ်။ ။ဤတွင်ရွေ့ကား ငါးခုမြောက်သော ကထိန်ခင်းရာသော အစီအရင်ကို ဆုံးဖြတ်သော စကားတည်း။

၆-ကထိန်နုတ်ရာသော အဆုံးအဖြတ်

ယခုအခါ မာတိကာအစဉ် ရောက်သည်အားလျော်စွာ ကထိန်နုတ်ရာသော အဆုံးအဖြတ်ကို ဆိုပေအံ့။

> အဋ္ဌန္နံ မာတိကာနံဝါ အန္တရုဗ္ဘာရတောပိဝါ၊
> ဥဗ္ဘာရာပိ ဒုဝေ ဝုတ္တာ၊ ကထိနဿ မဟေသိနာ။

အဋ္ဌန္နံ-ကုန်သော၊မာတိကာနံ-တို့၏၊ဝသေနဝါ-ဇင်း၊အန္တရုဗ္ဘာရတော-ပိဝါ – အန္တရုဗ္ဘာရအားဖြင့်ဇင်း၊ ကထိနဿ-၏၊ ဥဗ္ဘာရာ – ကို၊ ဒုဝေ-ဟူ၍၊ မဟေသိနာ-သည်၊ ဝုတ္တာ-၏။

ဤသို့ ဝိနယဝိနိစ္ဆယကျမ်း၌ ဆိုအပ်သောကြောင့် ကထိန်နုတ်ခြင်းသည် မာတိကုဗ္ဘာရ, အန္တရုဗ္ဘာရ ဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် မာတိကုဗ္ဘာရကို-

> အဋ္ဌိမာ ဘိက္ခဝေ မာတိကာ ကထိနဿ ဥဗ္ဘာရာယ ပက္ကမနန္တိကာ နိဋ္ဌာနန္တိကာ သန္နိဋ္ဌာနန္တိကာ နာသနန္တိကာ သဝနန္တိကာ အာသာဝစ္ဆေဒိကာ သီမာတိက္ကန္တိကာ သဟုဗ္ဘာရာတိ။ ။ဟူသော ကထိနခန္ဓကပါဠိတော်ဖြင့် သိအပ်၏။

ဘိက္ခုဝေ-တို့၊ ကထိနသ္သ-ကို၊ ဥဗ္ဘာရာယ-နုတ်ခြင်း၏၊ မာတိကာ-တို့သည်၊ ဣမာအဋ္ဌ-တို့တည်း၊ ပက္ကမနန္တိကာ-အရပ်တပါးသို့ ဖဲခြင်းအဆုံးရှိသော ကထိန်နုတ်ခြင်းဇင်း၊ နိဋ္ဌာနန္တိကာ – သင်္ကန်းကိစ္စပြီးခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်းဇင်း၊ သန္နိဋ္ဌာနန္တိကာ-သင်္ကန်းကိုလည်း မပြုအံ့, ကထိန်ခင်းသော ကျောင်းသို့လည်း မပြန်အံ့ဟု ဆုံးဖြတ်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်းဇင်း၊ နာသနန္တိကာ-ပျောက်ခြင်းအဆုံးရှိသော ကထိန်နုတ်ခြင်းဇင်း၊ သဝနန္တိကာ-ကထိန်နုတ်ပြီးဟု ကြားခြင်းအဆုံးရှိသော ကထိန်နုတ်ခြင်းဇင်း၊ အာသာဝစ္ဆေဒိကာ - သင်္ကန်းလျာပုဆိုး ရနိုးခြင်း၌ အာသာ ပြတ်ခြင်းနှင့်ယှဉ်သော ကထိန်နုတ်ခြင်းဇင်း၊ သီမာတိက္ကန္တိကာ-ဥပစာရသိမ်၌ သင်္ကန်းကာလ၏ အဆုံးစွန်နေ့ဟု ဆိုအပ်သော အပိုင်းအခြားကို လွန်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်းဇင်း၊ သဟုဗ္ဘာရာ-ကထိန်ခင်းသော ကျောင်း၌ ရဟန်းတို့နှင့်အတူတကွ နုတ်ခြင်းဇင်း၊ ဣတိဣမာအဋ္ဌ–ဤရှစ်ပါးတို့တည်း။

ထိုရှစ်ပါးသော ကထိန်နုတ်ခြင်းတို့၏ မာတိကာတို့တွင် ကထိန်ခင်းပြီးသော ရဟန်းသည် ပြု၍ပြီးသော သင်္ကန်းကို ဆောင်ယူ၍ ကထိန်ခင်းသော ကျောင်းသို့ တဖန်မပြန်အံ့ဟု အရပ်တပါးသို့ ဖဲ၏၊ ထိုရဟန်းအား ဥပစာရသိမ်ကို လွန်သဖြင့်ပင် ကထိန်နုတ်ခြင်း ဖြစ်လေ၏၊ အာနိသင်ငါးပါးကို မရထိုက်ပြီ၊ ဤကထိန်နုတ်ခြင်းသည် "ပက္ကမနမေဝ အန္တော အဿာတိ ပက္ကမနန္တိကော"ဟူသော ဝစနတ္ထကြောင့် ပက္ကမနန္တိကမည်၏၊ ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ၊ ဗဟုကန္တိကော, ဗဟုနာရိကော-စသော ပြယုဂ်တို့၌ကဲ့သို့ သမာသ်ပုဒ်၏ အဆုံး၌ ကပစ္စည်းသက်၍ ပြီးသည်၊ "ပက္ကမနမေဝ အန္တော ပက္ကမနန္တော၊ သော အဿ အတ္ထီတိ ပက္ကမနန္တိကော" ဟု အဿတ္ထိတဒ္ဓိတ်ကြံသော်လည်း သင့်၏၊ နောက်နောက်သော မာတိကာပုဒ်တို့၌လည်း ဤနည်းအတူ သိလေ။

ကထိန် ခင်းပြီးသော ရဟန်းသည် ပြု၍ မပြီးသေးသော မိမိ၏ အဖို့ဖြစ်သော သင်္ကန်းကို ဆောင်ယူ၍ တပါးသောကျောင်းသို့ သွားလေ၏၊ ဥပစာရသိမ်ပသို့ ရောက်လတ်သော် ဤကျောင်း၌ပင် ဤသင်္ကန်းကို ပြုအံ့၊ ကထိန်ခင်းသော ကျောင်းသို့ မပြန်အံ့ဟု စိတ်အကြံ ဖြစ်လတ်၍ ဥပစာရသိမ်ပ၌ပင် ထိုသင်္ကန်းကိုပြု၏၊ ထိုသို့ပြုသော ရဟန်းအား ထိုသင်္ကန်းပြီးသည်ရှိသော် ကထိန်နုတ်ခြင်း ပြီးလေ၏၊ အာနိသင်ငါးပါးကို မရထိုက်ပြီ၊ ဤကထိန်နုတ်ခြင်းသည်"စီဝရနိဋ္ဌာနမေဝ အန္တော အဿာတိ နိဋ္ဌာနန္တိကော" ဟူသော ဝစနတ္ထကြောင့် နိဋ္ဌာနန္တိကမည်၏။

ကထိန်ခင်းပြီးသော ရဟန်းသည် ပြု၍မပြီးသေးသောသင်္ကန်းကို ဆောင်ယူ၍ အရပ်တပါးသို့ ဖဲ၍၊ ဥပစာရသိမ်ပသို့ ရောက်လတ်သော် ဤသင်္ကန်းမပြုအံ့၊ ကထိန်ခင်းသော ကျောင်းသို့လည်း တဖန်မပြန်အံ့ဟု နှလုံးချလေ၏၊ ထိုသို့သောဆုံးဖြတ်ခြင်းဖြင့် ထိုရဟန်းအား ကထိန်နုတ်ခြင်း ဖြစ်လေ၏၊ အာနိသင် ငါးပါးကို မရထိုက်ပြီ၊ ဤကထိန်နုတ်ခြင်းသည် "သန္နိဋ္ဌာနမေဝ အန္တော အဿာတိ သန္နိဋ္ဌာနန္တိကော" ဟူသော ဝစနတ္ထကြောင့် သန္နိဋ္ဌာနန္တိကမည်၏။

ကထိန်ခင်းပြီးသော ရဟန်းသည် ပြု၍မပြီးသေးသောသင်္ကန်းကို ဆောင်ယူ၍ အရပ်တပါးသို့သွား၏၊ ဥပစာရသိမ်ပသို့ ရောက်လတ်သော် ဤအရပ်၌ပင် ဤသင်္ကန်းကိုပြုအံ့၊ ကထိန်ခင်းသောကျောင်းသို့ မပြန်အံ့ဟု ကြံလတ်၍ ထိုသင်္ကန်းကိုပြုစဉ် ခိုးသူအစရှိသည်တို့သည် ခိုးယူလေ၏၊ မီးအစရှိသည်တို့လည်း လောင်လေ၏၊ ထိုရဟန်းအား ကထိန်နုတ်ခြင်း ဖြစ်လေ၏၊ အာနိသင် ငါးပါးကို မရထိုက်ပြီ၊ ဤကထိန်နုတ်ခြင်းသည် "နာသနမေဝ အန္တော အဿာတိ နာသနန္တိကော" ဟူသော ဝစနတ္ထကြောင့် နာသနန္တိကမည်၏။

ကထိန်ခင်းပြီးသော ရဟန်းသည် မပြုသေးသောသင်္ကန်းကို ဆောင်ယူ၍ ဤကထိန်ခင်းသော ကျောင်းသို့ ပြန်ဦးအံ့ဟု ကြံလျက် အရပ်တပါးသို့သွား၏၊ ဥပစာရသိမ်ပသို့ ရောက်လတ်သော် ဤအရပ်၌ပင် ဤသင်္ကန်းကိုပြုအံ့ဟု ကြံလတ်၍ သင်္ကန်းကို ပြု၍ ပြီးလတ်သော် ကထိန်ခင်းသော ကျောင်း၌ "သံဃာသည် ကထိန်ကို နုတ်ပြီးသတတ်" ဟု ကြားလေ၏၊ ထိုသို့ကြားကာမျှဖြင့် ထိုရဟန်းအား ကထိန်နုတ်ခြင်းသည် ဖြစ်လေ၏၊ အာနိသင် ငါးပါးကို မရထိုက်ပြီ၊ ဤကထိန်နုတ်ခြင်းသည် "သဝနမေဝ အန္တော အဿာတိ သဝနန္တိကော" ဟူသော ဝစနတ္ထကြောင့် သဝနန္တိကမည်၏၊

ကထိန်ခင်းပြီးသော ရဟန်းသည် တပါးသောအရပ်၌ သင်္ကန်းလျာပုဆိုး ရနိုးခြင်းဟူသော အကြောင်းကြောင့် သွားသေ၏၊ ဥပစာရသိမ်ပသို့ ရောက်လတ်သော် ဥပစာရသိမ်ပ၌ပင် သင်္ကန်းလျာပုဆိုး ရနိုးခြင်းရှိရာ အရပ်သို့ကပ်အံ့၊ ကထိန်ခင်းသောကျောင်းသို့ တဖန်မပြန်အံ့ဟု ကြံလတ်၍ ထိုဥပစာရသိမ်ပ၌ပင် ပုဆိုးရနိုးခြင်းရှိရာ အရပ်သို့ကပ်၍ သင်္ကန်းလျာပုဆိုး ရနိုးခြင်းကို မရသည်ဖြစ်၍ သင်္ကန်းလျာပုဆိုး ရနိုးခြင်း အာသာသည် ပြတ်၏၊ ထိုသို့ အာသာပြတ်ခြင်းဖြင့်သာလျှင် ထိုရဟန်းအား ကထိန်နုတ်ခြင်း ဖြစ်လေ၏၊ အာနိသင် ငါးပါးကို မရထိုက်ပြီ၊ ဤကထိန်နုတ်ခြင်းသည် "အာသာဝစ္ဆေ-

ဒေါ အသ အတ္ထီတိ အာသာဝစ္ဆေဒိကော'' ဟူသော ဝစနတ္ထကြောင့် အာသာဝစ္ဆေဒိက မည်၏။

ကထိန်ခင်းပြီးသော ရဟန်းသည် မပြုသေးသော သင်္ကန်းကို ဆောင်၍ ကထိန်ခင်းသော ကျောင်းသို့ တဖန်ပြန်အံ့ဟု ကြံ၍ တပါးသို့သွား၏၊ ထို ရဟန်းသည် ဥပစာရသိမ်ပသို့ ရောက်၍ သင်္ကန်းကို ပြုပြီးလတ်သော် ကထိန် ခင်းသော ကျောင်းသို့ ပြန်အံ့ဟု ကြံလျက် ဥပစာရသိမ်ပ၌ပင် ကထိန်ခင်း သော ကာလကို လွန်စေ၏၊ ထိုသို့ လွန်စေသော ရဟန်းအား ကထိန်နုတ် ခြင်း ဖြစ်လေ၏၊ အာနိသင်ငါးပါးကို မရထိုက်ပြီ၊ ဤကထိန်နုတ်ခြင်းသည် သင်္ကန်းကာလ၏ အန္တိမနေ့ဟု ဆိုအပ်သော အပိုင်းအခြားကို လွန်စေသော ကြောင့် ''သီမာတိက္ကန္တော အသ အတ္ထီတိ သီမာတိက္ကန္တိကော'' ဟူသော ဝစနတ္ထကြောင့် သီမာတိက္ကန္တိက မည်၏။

ကထိန် ခင်းပြီးသော ရဟန်းသည် မပြုသေးသော သင်္ကန်းကို ဆောင်ယူ၍ ဤကထိန်ခင်းသော ကျောင်းသို့ တဖန်ပြန်အံ့ဟုကြံ၍ အရပ်တပါးသို့သွား၏၊ သင်္ကန်းပြုပြီးသော် ကထိန်ခင်းသော ကျောင်းသို့ ပြန်အံ့ဟု ကြံလျက် တဖန် ပြန်ခဲ့၍ ကထိန်ခင်းသော ကျောင်း၌ ကထိန်နုတ်ခြင်းကို မီ၏၊ ထိုသို့မီသော ရဟန်းအား ထိုကျောင်း၌ ရဟန်းတို့နှင့်တကွ ကထိန်နုတ်ခြင်းသည် ဖြစ်အံ့၊ အာနိသင်ငါးပါးကို မရထိုက်ပြီ၊ ဤကထိန်နုတ်ခြင်းသည်''ဝိဟာရေ ဘိက္ခူဟိ သဟ ဥဗ္ဘာရော သဟုဗ္ဘာရော'' ဟူသော ဝစနတ္ထနှင့်အညီ ကထိန်ခင်းသော ကျောင်း၌ ရဟန်းတို့နှင့်တကွ နုတ်ခြင်းကို ပြုအပ်သောကြောင့် သဟုဗ္ဘာရ မည်၏။

ဤရှစ်ပါးသော ကထိန်နုတ်ခြင်းသည် ရှစ်ပါးသော မာတိကာ၌ ဝင် သောကြောင့် မာတိကုဗ္ဘာရ မည်၏။

ဥပစာရသိမ်ပသို့ မသွားမူ၍ ထိုဥပစာရ သိမ်တွင်းကျောင်း၌ပင် နေ၍ ကထိန်နုတ်သော ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် နုတ်ခြင်းသည် မာတိကာ ရှစ်ပါး၌ မဝင်သည်ဖြစ်၍ ကာလအပိုင်းအခြားသို့ မရောက်မီ အကြား၌သာ ပြုအပ်သောကြောင့် အန္တရုဗ္ဘာရမည်၏။

ဤသို့လျှင် မာတိကုဗ္ဘာရ, အန္တရုဗ္ဘာရ အားဖြင့် နှစ်ပါးသော ကထိန် နုတ်ခြင်း၏ သရုပ် အဓိပ္ပါယ်ကို သိလေ၊ မာတိကာရှစ်ပါး၌ အကျုံးဝင်သော သဟုဗ္ဘာရ, အကျုံးမဝင်သော အန္တရုဗ္ဘာရ၊ ဤကထိန်နုတ်ခြင်း နှစ်ပါးကို ဉတ္တိဒုတိယ ကမ္မဝါစာဖြင့်သာ ပြုအပ်၏။

ယင်းသို့ဖြစ်သော် ထိုနှစ်ပါးတို့၏ အထူးကို အဘယ်သို့ မှတ်အပ်သနည်းဟူမူ အန္တရုဗ္ဘာရကို ဥပစာရသိမ်ပသို့ မသွားမူ၍ ထိုကထိန်ခင်းသော ဥပစာရ သိမ်တွင်း၌တည်သော ရဟန်းတို့သည် ပြုအပ်၏၊ သဟုဗ္ဘာရကို သိမ်ပသို့သွားသော ရဟန်းသည် တဖန်ပြန်၍ ထိုအန္တရုဗ္ဘာရကို မိသည်ဖြစ်၍ ကထိန်ခင်းသော ဥပစာရသိမ်တွင်း၌တည်သော ရဟန်းတို့နှင့်တကွ ပြုအပ်၏၊ (ဤကား အထူး။)

မာတိကာ၌ အကျုံးဝင်သော ပက္ကမနန္တိက စသော ခုနစ်ပါးသော ကထိန်နုတ်ခြင်းတို့ကို ကမ္မဝါစာဖြင့် မပြုအပ်ကုန်၊ သက်သက် နှစ်ပါးသော ပလိဗောဓကို ဖြတ်သဖြင့် ငါးပါးသောအာနိသင်တို့မှ ကင်းလေသောကြောင့် ကထိန်နုတ်ခြင်း မည်လေကုန်၏။

ပလိဗောဓ နှစ်ပါးကိုကား"ကတမေစ ဘိက္ခဝေ ဒွေ ကထိနဿ ပလိဗော-ဓာ အာဝါသ ပလိဗောဓောစ စီဝရပလိဗောဓောစ" အစရှိသော ကထိန ခန္ဓကပါဠိကို မှီ၍ သိအပ်၏၊ ထိုနှစ်ပါးသော ပလိဗောဓတို့တွင် အကြင်ကျောင်း၌ ကထိန်ခင်း၏၊ ထိုကျောင်း၌ နေအံ့ဟူ၍၎င်း, အရပ်တပါးသို့ သွားသော်သည်း တဖန်ကထိန်ခင်းသောကျောင်းသို့ ပြန်အံ့ဟူ၍၎င်း ငဲ့ကွက်ခြင်း ရှိသည်ဖြစ်အံ့၊ ဤသို့ ကထိန်ခင်းသောကျောင်း၌ နေအံ့၊ တဖန်ပြန်အံ့ဟု ငဲ့ကွက်ခြင်းသည် အာဝါသပလိဗောဓ မည်၏။

ထိုရဟန်းအား သင်္ကန်းကို မပြုရသေးသည်ဖြစ်အံ့၊ ပြု၍အပြီးသို့ မရောက်သေးသည်မူလည်း ဖြစ်အံ့၊ တပါးသောအရပ်မှ သင်္ကန်းလျာပုဆိုး ရနိုးခြင်း အာသာ မပြတ်သေးသည်မူလည်း ဖြစ်အံ့၊ ဤသို့ ဖြစ်ခြင်းသည် စီဝရ ပလိ-ဗောဓ မည်၏၊ ထိုကြောင့် ဘုရား သခင်သည် ကထိနခန္ဓက၌ "ကထဉ္စ ဘိက္ခဝေ အာဝါသပလိဗောဓော ဟောတိ" အစရှိသည်ဖြင့် ဟောတော်မူအပ်ပြီ။

ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် ခွင့်ပြုအပ်သော ကထိန်နုတ်ခြင်း နှစ်ပါးတို့တွင် ဥပစာရသိမ်ပသို့ သွား၍ တဖန် ပြန်လာသော ရဟန်း၏ အစွမ်းဖြင့် သဟုဗ္ဘာရကို, ဥပစာရသိမ်ပသို့ မသွားသော ရဟန်း၏ အစွမ်းဖြင့် အန္တရုဗ္ဘာရကို ဤသို့ တပါးတည်းသော နုတ်ခြင်းကိုပင် နှစ်ပါးအပြားအားဖြင့် ဟောတော်မူအပ်သည်၊ အဘယ့်ကြောင့် အန္တရုဗ္ဘာရကို ဉတ္တိဒုတိယကမ္မဝါစာဖြင့် ကထိန်ကို နုတ်အပ်သနည်း ဟူမူ အလှူကြီးကို ပေးလိုကုန်သော ဒါယကာတို့သည် ရောက်လာတိုင်း ရောက်လာတိုင်းသော သံဃာအား

အကာလသက်နိုးကို လှူလိုသည် ဖြစ်၍ တောင်းပန်သောကြောင့် နုတ်ရသည် ဟူလော၊ ထို့ကြောင့် ဘိက္ခုနီဝိဘင်း၌–

တေန ခေါ ပန သမယေန အညတရေန ဥပါသကေန သံဃံ ဥဒ္ဒိဿ ဝိဟာရော ကာရာပိတော ဟောတိ၊ သော တဿ ဝိဟာ-ရဿ မဟေ ဥဘတော သံဃဿ အကာလစီဝရံ ဒါတုကာမော ဟောတိ၊ တေန ခေါ ပန သမယေန ဥဘတော သံဃဿ ကထိနံ အတ္ထတံ ဟောတိ၊ အထ ခေါ သော ဥပါသကော သံဃံ ဥပသင်္ကမိတွာ ကထိနုဒ္ဓါရံ ယာစိ။ ။အစရှိသည်ဖြင့် ဟောတော်မူအပ်၏။

"အနုဇာနာမိ ဘိက္ခဝေ ကထိနံ အတ္ထရိတုံ" ဟူ၍ရင်း, ဘိက္ခုနီဝိဘင်း၌ ကထိန်နုတ်စိမ့်သောငှါ ခွင့်ပြုတော်မူအပ်ပြီး၍ "ဧဝဉ္စ ပန ဘိက္ခဝေ ဥဒ္ဓရိ-တဗ္ဗံ၊ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော၊ သုဏာတု မေ။လ။ဓာရယာမိတိ" ဟူ၍ ကထိန်နုတ်ရာသော အစီအရင်ကို ဟောတော်မူ သောကြောင့်ရင်း ကထိန်ခင်းသော ဥပစာရ သိမ်တွင်း၌တည်သော ရဟန်း အပေါင်းတို့သည် ဗဒ္ဓ, ဥဒကုက္ခေပ စသော သိမ်၌ ဟတ္ထပါသ်သို့ဆောင်၍ အညီအညွတ် စည်းဝေးပြီးလျှင်–

သုဏာတု မေ ဘန္တေ သံဃော၊ယဒိ သံဃဿ ပတ္တကလ္လံ၊သံဃော ကထိနံ ဥဒ္ဓရေယျ သော ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ သံဃော ကထိနံ ဥဒ္ဓရတိ၊ ယဿာယသ္မတော ခမတိ ကထိနဿ ဥဒ္ဓါရော၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊သော ဘာသေယျ။

ဥဗ္ဘတံ သံဃေန ကထိနံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

ဟူသော ကမ္မဝါစာကို ဗျတ္တိပဋိဗလနှင့် ပြည့်စုံသော ပုဂ္ဂိုလ် ဖတ်ရွတ် အပ်၏။

ဤကထိန်နုတ်ခြင်းဖြင့် ရှေး၌ပြုအပ်သော ကထိန်ပုဆိုးကို ပေးသော ဉတ္တိ ဒုတိယ ကမ္မဝါစာကို နုတ်အပ်၏ဟု အချို့သော ဆရာတို့ ဆိုကုန်၏၊ ကထိန် ပုဆိုးကို ပေးသော ဉတ္တိဒုတိယ ကမ္မဝါစာကို နုတ်သည်မဟုတ်၊ စင်စစ်သော်ကား ခင်းသောအမှုကိုသာလျှင် နုတ်အပ်၏၊ အကယ်၍ ကထိန်ပုဆိုးကို ပေးသော ဉတ္တိဒုတိယ ကမ္မဝါစာကို နုတ်သည်ဖြစ်ငြားအံ့၊ ထိုကမ္မဝါစာဖြင့်

ကထိန်ပုဆိုးကို ပေးခြင်း၏ ပြီးသောကြောင့် ဤကထိန်နုတ်သော ကမ္မဝါစာဖြင့် ထိုရှေး၌ ပေးအပ်သော ကထိန်ပုဆိုးကို တဖန်ဆောင်အပ်သည်ဖြစ်ရာ၏၊ ငါးပါးသော အာနိသင်အကျိုး၏ ကင်းခြင်းသည် မဖြစ်ရာ၊ အကြင်ကြောင့် ဤကထိန်နုတ်သော ကမ္မဝါစာဖြင့် ငါးပါးသောအကျိုး၏ ကင်းခြင်းသည် သာလျှင် ဖြစ်ရာ၏၊ရှေး၌ပေးအပ်သော ကထိန်ပုဆိုးကို တဖန် ဆောင်စေခြင်းသည် မဖြစ်၊ ထို့ကြောင့် ငါးပါးသောအကျိုးကို ရခြင်း၏ အကြောင်းဖြစ်သော ခင်းခြင်း အမှုကိုသာလျှင် ဤကထိန်နုတ်အပ်သော ကမ္မဝါစာဖြင့် နုတ်အပ်၏၊ ကထိန်ပုဆိုးကိုပေးသော ဉတ္တိဒုတိယ ကမ္မဝါစာကို မနုတ်အပ်။

ယင်းသို့ဖြစ်သောကြောင့် ကထိန်နုတ်သော ကမ္မဝါစာကို ပြုသည်မှနောက်၌ သံဃာအားဖြစ်သော သင်္ကန်းသည် အကာလ သင်္ကန်းမည်၏၊ သံဃာသည် ငါးပါးသော အာနိသင်ကို မရပြီ၊ ထိုအကာလ သင်္ကန်းသည် ရဟန်းခပ်သိမ်းတို့နှင့် ဆက်ဆံသော သံဃိက သင်္ကန်းဖြစ်၍ ရောက်လာတိုင်း ရောက်လာတိုင်းသော သံဃာအား ဝေဘန်ထိုက်လေ၏၊ ဤသို့သော အနက်ကို ကထိန်ပုဆိုးကိုပေးသော ဉတ္တိ ဒုတိယကမ္မဝါစာ၏၎င်း, ကထိန် နုတ်သော ကမ္မဝါစာ၏၎င်း အနက်အဓိပ္ပါယ်ကို ကောင်းစွာ ဆုံးဖြတ်၍ ရှေ့နောက်ကို နှိုးနှော၍ ယုံကြည်အပ်၏။

ဤအရာ၌ ကထိန်နုတ်ခြင်းကို တောင်းပန်ကုန်သော သူခပ်သိမ်းတို့အားပင် ကထိန်နုတ်ခြင်းကို ပေးအပ်သလော၊ ထိုသို့မဟုတ် အချို့သောသူတို့အားသာ ပေးအပ်သလော၊ အကယ်၍ သူခပ်သိမ်းတို့အား ပေးအပ်သည်ဖြစ်အံ့၊ ကထိန်နုတ်သောကြောင့် ငါးပါးသော အာနိသင်ကင်းသဖြင့် သံဃာ၏ လာဘန္တရာယ်သည် ဖြစ်ခဲ့ရာ၏၊ အကယ်၍ အချို့သော သူအားသာ ပေးအပ်သည်ဖြစ်အံ့၊ မျက်နှာကြည့်သကဲ့သို့ ဖြစ်ရာ၏၊ ဤသို့သော စောဒနာပုစ္ဆာကို တစုံတယောက် လှုပ်ချောက်ကန့်ကွက်တတ်သော စောဒကဆရာတို့ ဆိုငြားအံ့၊ ကထိန်ခင်းခြင်းလျှင် အရင်းရှိသော လာဘ်ထက် ကထိန်နုတ်ခြင်းလျှင် အရင်းရှိသော လာဘ်သည် များသည် ဖြစ်အံ့၊ တောင်းပန်သော သူအား ကထိန်နုတ်ခြင်းကို ပေးအပ်၏၊ နည်းသည်ဖြစ်အံ့၊ မပေးအပ်၊ မျှသည်ဖြစ်အံ့၊ ကုလပသာဒကို ဖြစ်စေခြင်းငှါ ပေးအပ်၏၊ ဤသို့ ထိုစောဒနာကို ဖြေဆိုဆုံးဖြတ်အပ်၏၊ ထို့ကြောင့် အဋ္ဌကထာ၌-

ကီဒိသော ကထိနုဗ္ဘာရော ဒါတဗ္ဗော၊ ကီဒိသော နဒါတဗ္ဗောတိ၊
ယဿ အတ္ထာရ မူလကော အာနိသံသော မဟာ၊ ဥဗ္ဘာရမူလကော

အပွေါ၊ဝေရူပေါ နဒါတဗ္ဗော၊ ယဿ ပန အတ္တာရမ္မဏကော အာနိ-
သံသော အပွေါ၊ ဥဇ္ဈာရမ္မဏကော မဟာ၊ ဝေရူပေါ ဒါတဗ္ဗော၊
သမာနိသံသောပိ သဒ္ဓါပရိပါလနတ္ထံ ဒါတဗ္ဗောဝ။ ။ဟူ၍မိန့်အပ်ပြီ။

ငါးပါးသော အာနိသင်၏ အကြောင်းဖြစ်၍ ဖြစ်သော ခင်းခြင်းအမှုကို
သာ နှုတ်အပ်၏၊ ကထိန်ပုဆိုးပေးသော ဥဒ္ဒိဿဒုတိယကံကို မနှုတ်အပ်ဟူ၍
လည်း ဤအဋ္ဌကထာပါဠိဖြင့်ပင် သိအပ်၏။ ။ဤတွင်နေ့ရှကား ခြောက်ခု
မြောက် ကထိန်နှုတ်ရာသော အစီအရင်ကို ဆုံးဖြတ်ရာသော စကားတည်း။

၇-ကထိန်အာနိသင် ဝေဘန်ရာ အဆုံးအဖြတ်

ယခုအခါ မာတိကာအစဉ် ရောက်သည့်အားလျော်စွာ ကထိန်အာနိသင်
ကို ဝေဘန်ရာသော အဆုံးအဖြတ်ကို ဆိုပေအံ့။

ကထိန်အာနိသင် ဟူသည်ကား ကထိန်ခင်းအံ့သော နေ့၌ ကထိန်အလှုငှါ
ဆောင်အပ်သော ဖျင်ပုဆိုးတို့တွင် ဥတ်တင်သော သင်္ကန်းသည် ကထိန်
သာ မည်၏၊ အာနိသင် မမည်၊ ကြွင်းသော ဖျင်ပုဆိုးတို့သည်ကား အာနိသင်
သာ မည်၏၊ ကထိန်မမည်၊ ထို့ကြောင့် အဋ္ဌကထာ၌ "သစေ ကထိနစီဝရေန
သဒ္ဓိံ အာဘတံ အာနိသံသံ" ဟူသောပါဠိဖြင့် တထည်တည်းသော ကထိန်
ခင်းအပ်သော သင်္ကန်းသည်သာလျှင် ကထိန်သင်္ကန်း မည်၏၊ ထိုမှတပါး
ထိုသင်္ကန်းနှင့် အတူတကွ ဆောင်အပ်သော အလုံးစုံသော သင်္ကန်းသည်
အာနိသင် သင်္ကန်းမည်၏-ဟူသောအနက်ကို ပြ၏၊ ထို့ကြောင့် "အဝသေသ
ကထိနာနိသံသေ ဗလဝဝတ္ထာနိ ဝဿာဝါသိကဋ္ဌိတိကာယ ဒါတဗ္ဗာနိ" ဟု
ဝင်းအဋ္ဌကထာ၌ မိန့်အပ်ပြီ၊ ထိုပါဠိဖြင့်လည်း ဖျင်ပုဆိုးသာလျှင် ဤအရာ၌
အာနိသင် မည်၏၊ အပိုင်းသည် အာနိသင် မမည်၊ ကထိန်သင်္ကန်းနှင့် တကွ
ဆောင်အပ်သော တပါးသောဖျင်ပုဆိုးတို့၏ များသည်၏အစွမ်းဖြင့်သာ ခင်း
အပ်၏၊ ကထိန်သင်္ကန်း၏ အဖိုးအများ ထိုက်သည်၏ အစွမ်းဖြင့် မခင်းအပ်
ဟူသော အနက်ကို သိအပ်၏။

ယင်းသို့ ဆိုအပ်ပြီးသော နည်းဖြင့် အာနိသင်ဖြစ်သော သင်္ကန်းကို
ဝေဘန်ရာ၌ ယခုကာလ၌ ရဟန်းတို့သည် ကမ္ဗည်းကိုချ၍ ဝေဘန်ကုန်၏၊
ထိုသို့ဝေဘန်ခြင်းသည် သင့်သကဲ့သို့ မထင်၊ အဘယ့်ကြောင့် နည်းဟူမူကား
"အဝသေသကထိနာနိသံသေ ဗလဝဝတ္ထာနိ ဝဿာဝါသိကဋ္ဌိတိကာယ ဒါ-
တဗ္ဗာနိ၊ ဋ္ဌိတိကာယ အဘာဝေ ထေရာသနတော ပဋ္ဌာယ ဒါတဗ္ဗာနိ" ဟု
အဋ္ဌကထာ ဆိုသောကြောင့်တည်း။

ထိုပါဠိ၏ အဓိပ္ပါယ်ကား - ကထိန်ခင်းသော ရဟန်းအား ကြွင်းသော ရိုးနွမ်းဆိုးရွားသော သင်္ကန်းအလို့ငှါလည်း သံဃာကိုပန်၍ အာနိသင်ဖြစ်သော ဖျင်ပုဆိုး သင်္ကန်းတို့ကို ပေးဝေအပ်ကုန်၏၊ပေးပြီးမှ ကြွင်းသော အာနိသင်၌ ကောင်းနိုးရာရာ မွန်မြတ်ရာရာ ဖြစ်သော ဖျင်ပုဆိုး သင်္ကန်း တို့ကို ဝဿာဝါသိက ထေရ်စဉ်အားဖြင့် ပေးဝေအပ်ကုန်၏၊ ထေရ်စဉ်မရှိသည်ရှိသော် မထေရ်နေရာမှစ၍ ဝေဘန်အပ်ကုန်၏ဟု ဆိုလိုသည်၊ ကမ္ဗည်းတံချ၍ ဝေဘန်ရမည် မလာ။

ထိုသို့ဖြစ်သည်ရှိသော် အဘယ်သင်္ကန်း၌ ကမ္ဗည်းတံကိုချ၍ ဝေဘန်အပ်သနည်းဟူမူ ဘဏ္ဍာအိမ်၌ ထားအပ်သော သင်္ကန်းကိုသာ ကမ္ဗည်းတံကိုချ၍ ဝေဘန်အပ်ကုန်၏၊ အဘယ်ကိုထောက်၍ သိအပ်သနည်း ဟူငြားအံ့၊

> ဥဿန္နံ ဟောတိတိ ဗဟုရာသိကတံ ဟောတိ၊ဘဏ္ဍာဂါရံ နဂ္ဂဏှာ- တိ၊ သမ္မုခီဘူတေနာတိ အန္တော ဥပစာရသီမာယံ ဌိတေန၊ ဘာဇေ-တုန္တိ ကာလံ ဃောသာပေတွာ ပဋိပါဋိယာ ဘာဇေတုံ ။လ။ ဇဝံ ဌပိတေသု စိဝရပဋိဝိသေသု ကုသော ပါတေတဗ္ဗော။

ဟူ၍ လာသော အဋ္ဌကထာကိုထောက်၍ သိအပ်၏၊ ယင်းသို့ ဖြစ်သောကြောင့် ယခင်ဆိုအပ်ပြီးသော အဋ္ဌကထာနည်းဖြင့် သာလျှင် ဝေဘန်အပ်၏၊ ဤသို့ဝေဘန်ခြင်းကို ငါတို့နှစ်သက်၏ဟူ၍ ဝိနယာလင်္ကာရ စသော ဋီကာကျမ်းတို့၌ ဆိုသည်။

အချို့သော ရဟန်းတို့ကား တပါးပါးသော ရဟန်းအား တထည်တထည်သော သင်္ကန်း မလောက်သည်ရှိသော် သင်္ကန်းကို ရောင်းဝယ်၍ အကပ္ပိယ အနာမာသဝတ္ထုကို ယူ၍ ဝေဘန်ကြကုန်၏၊ ထိုအမှုသည် အလွန် ရန့်ရင်းသည်သာတည်း။

အချို့သော ရဟန်းတို့လည်း အချို့သင်္ကန်း အဖိုးများထိုက်သည်, အချို့သင်္ကန်း အဖိုးနည်းထိုက်သည် ဖြစ်သောကြောင့် အတိုးမျှသည်ကို ပြုခြင်းငှါ မတတ်ကောင်းဟူ၍ ရွေးနည်းအတူ ပြုကုန်၏၊ ထိုအမှုသည် ရန့်ရင်းသည်သာတည်း၊ ထိုသို့ပြုရာ၌ အကပ္ပိယ အနာမာသဝတ္ထုဖြင့် ရောင်းဝယ် ဖလှယ်ခြင်း၌ ၎င်း, ထိုအမှုစီရင်ခြင်း၌၎င်း, အဖိုးကို ယူခြင်း၌၎င်း အာပတ်သင့်သည်သာတည်း။

အချို့သော ရဟန်းတို့သည် ကထိန်မပျက်သည်ကို စီရင်နိုင်ခဲသည် ဟူ၍ နှလုံးထား၍ ခင်းခြင်းကို မပြုကုန်၊ ပုဂ္ဂလိက အစွမ်းဖြင့်သာလျှင် အလိုရှိတိုင်း

စီရင်ကုန်၏၊ ထိုအမှုသည် ဒါယကာတို့သည် ပုဂ္ဂိုလ်အားသာ လှူသည်ဖြစ်အံ့၊ ပုဂ္ဂိုလ်သည်လည်း သံဃာအား မစွန့်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်သည်ရှိသော် မိမိဥစ္စာဖြစ်သောကြောင့် သင့်သကဲ့သို့ ထင်၏။

ဒါယကာတို့သည် သံဃာအားငှင်း, ဂိုဏ်းအားငှင်း လှူသည်ဖြစ်အံ့၊ပုဂ္ဂိုလ်အား လှူသော်လည်း သံဃာအားငှင်း, ဂိုဏ်းအားငှင်း စွန့်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်သည်ရှိသော် သံဃာ, ဂိုဏ်းတို့၏ ဥစ္စာဖြစ်သောကြောင့် မသင့်သည်ဖြစ်ရာ၏။

အပရေဆရာတို့ကား ကထိန်အစွမ်းဖြင့် ခံသည်ရှိသော် စီရင်ခြင်း၄ါခဲ၏ဟု မှတ်ထင်ကုန်သည်ဖြစ်၍ ငါတို့သည် ကထိန်၏အစွမ်းဖြင့် မခံကုန်အံ့၊ ဝါဆိုသင်္ကန်း၏ အဖြစ်ဖြင့် ခံကုန်အံ့ဟုဆို၍ အလိုရှိတိုင်း စီရင်ကုန်၏၊ထိုအမှုလည်း မသင့်၊ အဘယ့်ကြောင့် နည်းဟူမူကား ဝါဆို သင်္ကန်း သည်လည်း သံဃာအား လှူသည်ဖြစ်အံ့၊ သံဃိကပင်ဖြစ်၏၊ ပုဂ္ဂိုလ်အား လှူသည်ဖြစ်အံ့၊ ပုဂ္ဂလိက ဖြစ်၏၊ ထို့ကြောင့် မသင့်သတည်း၊ အဘယ်ကို ထောက်၍ သိရသနည်း ဟူငြားအံ့၊

> သစေ ပန ပံသုကူလိကော ဝသတိ၊ အာဂတဉ္စ တံ ဒိသွာ တုမှာကံ ဝဿာဝါသိကံ ဒေမာတိ ဝဒန္တိ၊ တေန သံဃဿ အာစိက္ခိတဗ္ဗံ၊ သစေ တာနိ ကုလာနိ သံဃဿ ဒါတုံ န ဣစ္ဆန္တိ၊ တုမှာကံယေဝ ဒေမာတိ ဝဒန္တိ၊ သဘာဂေါ ဘိက္ခု ဝတ္တံ ကတွာ ဂါဟာပေတိ ဝတ္တဗ္ဗော၊ ပံသုကူလိကဿ ပနေတံ ဝဋ္ဋတိ။ ။ဟူ၍ လာသော အဋ္ဌကထာကို ထောက်၍ သိရသတည်း။

ဝါဆို သင်္ကန်းသည်လည်း သဒ္ဓါဒေယျ, တတြုပ္ပါဒ၏ အစွမ်းအားဖြင့် သာလျှင် နှစ်ပါးသာတည်း၊ ထိုတွင် သဒ္ဓါဒေယျသည်လည်း ကျောင်းရှိသော ဒါယကာတို့လှူသော သင်္ကန်းဟု ဆိုအပ်သော သဝိဟာရ, ကျောင်းမရှိသော ဒါယကာတို့လှူသော သင်္ကန်းဟု ဆိုအပ်သော အဝိဟာရ၏ အစွမ်းဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုတွင် အကြင်ကျောင်းရှိသော လူတို့သည် မိမိတို့ကျောင်းကို သုတ်သင်စိမ့်သောငှါ ပစ္စည်းကို လှူကုန်၏၊ ထိုလူတို့ ပစ္စည်းသည် သဝိဟာရမည်၏၊ ထိုပစ္စည်းကို ထိုကျောင်း၌နေသော ရဟန်းတို့သည် ခံအပ်, သုံးဆောင်အပ်၏၊ အကြင်လူတို့အား ကျောင်းမရှိ သက်သက်သော ပစ္စည်းကိုသာ လှူကုန်၏၊ ထိုလူတို့၏ ပစ္စည်းသည် အဝိဟာရ မည်၏၊ ထိုပစ္စည်းကို

ဝါဆိုသင်္ကန်းမရှိသော ကျောင်း၌နေသော ရဟန်းတို့သည် ခံအပ်, သုံးဆောင် အပ်၏။

. တကြိပ္ပါဒ ဝါဆိုသင်္ကန်း ဟူသည်ကား သဒ္ဓါသော လူတို့သည် ကပ္ပိယ ကာရကတို့လက်၌ ကပ္ပိယဝတ္ထုကို သုံးဆောင်စိမ့်သောငှါ ပေးလှူအပ်, ထား အပ်သော ဆန် စပါး-ရွှေငွေ အစရှိသော ဝတ္ထုဖြင့် ရောင်းဝယ် ဖလှယ်အပ် သော သင်္ကန်းတည်း။ဤကား အဋ္ဌကထာ၌လာသောစကားတည်း။ဤသို့လျှင် ဝါဆိုသင်္ကန်းကိုလည်း ရှေးကာလ၌ များသောအားဖြင့် သံဃာအားသာ လှူကုန်၏၊ ထို့ကြောင့် ကထိန စီဝရံ ဒေမ-ဟု ဆိုသည်ရှိသော် ကထိန်သင်္ကန်း ၏ အဖြစ်ဖြင့် ခံအပ်၏၊ဝဿာဝါသိကံ ဒေမ-ဟု ဆိုအပ်သည်ရှိသော် ဝါဆို သင်္ကန်း၏ အဖြစ်ဖြင့်သာ ခံအပ်၏၊ အဘယ့်ကြောင့်နည်း ဟူမူ "ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ" ဟူ၍ အဋ္ဌကထာ၌ ဆိုသောကြောင့် တည်း။

တစုံတခုသော စကားကို မဆိုမူ၍ လက်၌၎င်း, ခြေရင်း၌၎င်း ထား၍ သွားသည်ရှိသော် အဘယ်သို့ ပြုအပ်သနည်းဟူမူ ထိုသို့ထားသွားရာ၌ ဝတ္ထု ကို စေတီအား၎င်း, သံဃာအား၎င်း,တပါးသော ပုဂ္ဂိုလ်အား၎င်း ညွှတ်၏ဟု သိအပ်သည်ဖြစ်အံ့၊ ထိုညွှတ်ရင်း ပုဂ္ဂိုလ်တို့အလို့ငှါ ခံအပ်၏၊ မိမိအလို့ငှါ ညွှတ်၏ဟု သိသည်ဖြစ်အံ့၊ မိမိအလို့ငှါ ခံအပ်၏၊ တစုံတခုမျှမသိ၊ မိမိလက် ၌၎င်း, ခြေရင်း၌၎င်း တစုံတခုသော စကားကို မဆိုမူ၍ ထားသည်ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်၏ ပုဂ္ဂလိက ဖြစ်၏၊ အဘယ့်ကြောင့် နည်းဟူမူ စေတီအစရှိသည် တို့၏အလို့ငှါ ညွှတ်သောလာဘ်ကို တစုံတခုသောစကားကို မဆိုမူ၍ လက် ၌၎င်း, ခြေရင်း၌၎င်း ထားမြဲမဟုတ်သောကြောင့်တည်း၊ ထို့ကြောင့် အဋ္ဌ-ကထာ၌-

> ပုဂ္ဂလဿ ဒေတီတိ ဣမံ စီဝရံ ဣတ္ထန္နာမဿ ဒမ္မီတိ ဧဝံ ပရမ္မုခါ ဝါ ပါဒမူလေ ဌပေတွာ ဣမံ ဘန္တေ တုမှာကန္တိ ဧဝံ သမ္မုခါ ဝါ ဒေတိ.... အစရှိသည်ဖြင့် မိန့်အပ်ပြီ။

ယင်းသို့ အညေ့,ဧကေ, ကေစိ, အပရေဝါဒ မသင့်သော် အဋ္ဌကထာ ဋီကာကျမ်းဂန်တို့နှင့် ညီအောင် အဘယ်သို့ ဝေဘန်အပ်သနည်းဟူမူ "အဝ- သေသကထိနာနိသံသေ ဗလဝဝတ္ထာနိ ဝဿာဝါသိကဋ္ဌိတိကာယ ဒါတဗ္ဗာ- နိ" ဟူ၍ အဋ္ဌကထာဆရာ ဆိုသောကြောင့် အကြွင်းရဟန်းတို့သည် ဤဝါ၌ ဝါဆိုသင်္ကန်းကို ရကုန်၏၊ ထိုရသော ရဟန်းတို့၏ အောက်မှစ၍ တထည်

တထည်သော သင်္ကန်းကိုရင်း, ပုဆိုးစုံကိုရင်း ပေးအပ်၏၊ သင်္ကန်းတို့၏ရင်း, ပုဆိုးစုံတို့၏ရင်း အကြွင်းရှိသေးသည် ရှိသော် တဘန် မထေရ်နေရာမှ စ၍ ဒုတိယအဖို့ကို ပေးအပ်၏။

ထို့နောင်မှ သင်္ကန်းတို့သည်ရင်း, ပုဆိုးစုံတို့သည်ရင်း ကုန်ခြင်းသို့ ရောက်ကုန်လတ်သော် အကြင်ရဟန်းတို့သည် ရကုန်၏၊ ထိုရဟန်းတို့တွင် နောက်ဆုံး ရဟန်း၏ ဝါ-အစရှိသည်တို့ကို ကောင်းစွာ မှတ်အပ်ကုန်၏၊ သင်္ကသင်္ကထိုကထိန်ခင်းသနေ့၌ လှူအပ်သော သင်္ကန်းတို့သည် သာလျှင် ကထိန်၏ အာနိသင်မည်ကုန်သည် မဟုတ်၊ စင်စစ်သော်ကား ကထိန်နုတ်သည်တိုင်အောင် သံဃာကိုရည်၍ လှူအပ်သော သင်္ကန်းတို့သည်ရင်း,သံဃိကဖြစ်သော တဖြုံပွါဒဖြင့် အရံအစောင့်တို့သည် ဆောင်အပ်သော သင်္ကန်းတို့သည်ရင်း ကထိန်၏ အာနိသင်မည်ကုန်၏၊ ထို့ကြောင့် တိုသို့သဘောရှိသော သင်္ကန်း ဖြစ်ကုန်လတ်သော် ယခင် ဆိုအပ်ပြီးသော ကောင်းစွာမှတ်အပ်ပြီးသော ဝါရှိသော ရဟန်း၏အောက်မှစ၍ အဖန်တလဲလဲ ယူစေ,ခံစေအပ်၏။

"ဒွိတိကာယ အဘာဝေ ထေရာသနတော ပဋ္ဌာယ ဒါတဗ္ဗာနိ" ဟူ၍ အဋ္ဌကထာဆရာ ဆိုသောကြောင့် ထိုနှစ် ဝါဆိုသင်္ကန်း မဖြစ်သောကြောင့်ရင်း, ဖြစ်သော်လည်း ထေရ်စဉ်အားဖြင့် မယူစေသောကြောင့်ရင်း ဝဿာဝါသိက ထေရ်စဉ်မရှိသော် ရအပ်သော ကထိန်အာနိသင်၌ ထိုဥပစာရသိမ်၌ ခပ်သိမ်းသော ရဟန်းတို့ကို အစဉ်အားဖြင့် နေစေပြီးလျှင် မထေရ်နေရာမှ စ၍ ထေရ်စဉ်အတိုင်း တယောက်တယောက်သော ရဟန်းအား တထည်တထည်သော သင်္ကန်းကိုရင်း, ပုဆိုးစုံကိုရင်း ပေးအပ်၏၊ သိတင်းငယ်အား ပေးသော ကာလ၌လည်း မဟာထေရ်တို့ လာကုန်သည်ဖြစ်အံ့၊ အရှင်ဘုရားတို့ ထေရ်စဉ်ကို လွန်ပြီးဟူ၍မဆိုအပ်၊ ထေရ်စဉ်ကိုထား၍ ထိုမထေရ်တို့အား ပေးပြီးသည်မှနောက်၌ ထေရ်စဉ်အားဖြင့် ပေးအပ်၏၊ ထိုသို့မဟုတ် ဒုတိယအဖို့သည် မထေရ်နေရာသို့ သက်ပြီးသည်ရှိသော် ပဌမအဖို့သည် နောက်မှလာသော ရဟန်းတို့အား မရောက်၊ ဒုတိယအဖို့ကိုသာ ဝါစဉ်အားဖြင့်ပြ၍ ပေးအပ်၏၊ ဤထေရ်စဉ်ကို စိစစ်သောအရာကို အကျယ်သိလိုသော သူတော်ကောင်းတို့သည် ပစ္စည်းလေးပါးကို ဝေဘန်ခြင်းကို ပြဆိုဆုံးဖြတ်ရာ အဋ္ဌကထာမှ ယူအပ်၏။

ယင်းသို့ ထေရ်စဉ်အားဖြင့် တယောက်တယောက်သော ရဟန်းအား တထည်တထည်စီ ပေးဝေအပ်သည် ရှိသော် ကထိန်အာနိသင် သင်္ကန်းတို့

သည့် အချို့အဖိုးများထိုက်ကုန်၏၊ အချို့အဖိုးနည်း ထိုက်ကုန်၏၊ အဘယ်သို့လျှင် အဖိုးမျှတနိုင်အံ့နည်း ဟူငြားအံ့၊ ဘဏ္ဍာအိမ်၌ သက်န်းကို ဝေဘန်ရာ၌သာ အဖိုးတူမျှသည်၏ အဖြစ်ကို အလိုရှိအပ်၏၊ ထို့ကြောင့် စီဝရခန္ဓကဌ်-

> တေန ခေါ ပန သမယေန သံဃဿ ဘဏ္ဍာဂါရေ စီဝရံ ဥဿန္နံ ဟောတိ၊ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ၊ အနုဇာနာမိ ဘိက္ခဝေ သမ္မုခီဘူတေန သံဃေန ဘာဇေတုံ။ပ။အထခေါ စီဝရဘာဇကာနံ ဘိက္ခူနံ ဧတဒဟောသိ၊ ကထံနုခေါ စီဝရံ ဘာဇေတဗ္ဗန္တိ၊ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ၊ အနုဇာနာမိ ဘိက္ခဝေ ပဌမံ ဥစ္စိနိတွာ တုလယိတွာ ဝဏ္ဏာဝဏ္ဏံ ကတွာ ဘိက္ခူ ဂဏေတွာ ဝဂ္ဂံ ဗန္ဓိတွာ စီဝရပဋိဝီသံ ဌပေတုံ။ ။ဟူ၍ ဟောတော်မူအပ်ပြီ။

အနက်ကား- တေန ခေါ ပန သမယေန-၌၊ ဘဏ္ဍာဂါရေ-၌၊သံဃဿ-၏၊ စီဝရံ-သည်၊ ဥဿန္နံ - များသည်၊ ဟောတိ - ၏၊ ဘဂဝတော-အား၊ ဧတမတ္ထံ-ကို၊ အာရောစေသုံ-ကြားလျှောက်ကုန်၏၊ ဘိက္ခဝေ-တို့၊ သမ္မုခီဘူတေန-မျက်မှောက်ဖြစ်သော၊ သံဃေန-သည်၊ ဘာဇေတုံ-ငှါ၊ အနုဇာနာမိ-၏။ပ။အထခေါ-၌၊ •စီဝရဘာဇကာနံ-သက်န်းကို ဝေဘန်ကုန်သော၊ ဘိက္ခူနံ-တို့အား၊ ဧတံဧသော ပရိဝိတက္ကော-သည်၊ အဟောသိ-၏၊ ကထံ-အဘယ်သို့လျှင်၊ စီဝရံ-ကို၊ ဘာဇေတဗ္ဗံနုခေါ-ဝေဘန်အပ်သနည်း၊ ဣတိ-သို့၊ ဧတံဧသော ပရိဝိတက္ကော - သည်၊ အဟောသိ - ၏၊ ဘဂဝတော - အား၊ ဧတမတ္ထံ-ကို၊ အာရောစေသုံ-ကုန်၏၊ ဘိက္ခဝေ-တို့၊ ပဌမံ-စွာ၊ ဥစ္စိနိတွာ-ရွေးစစ်၍၊ တုလယိတွာ-နှိုင်းချိန်၍၊ ဝဏ္ဏာဝဏ္ဏံ-အဖိုးတူမျှသည့်, မတူမျှသည်ကို၊ ကတွာ-ဆင်ခြင်၍၊ ဘိက္ခူ-တို့ကို၊ ဂဏေတွာ-၍၊ ဝဂ္ဂံဗန္ဓိတွာ-အစုဖွဲ့၍၊ စီဝရပဋိဝီသံ-သက်န်းအဖို့ကို၊ ဌပေတုံ-ထားစိမ့်သောငှါ၊ အနုဇာနာမိ-၏။

ဤပါဠိတော်၌ ဥစ္စိနိတွာ-ဟူသောပါဌ်ဖြင့် ဤသက်န်းကား ရန့်ကြမ်း၏၊ ဤသက်န်းကား သိမ်မွေ့၏၊ ဤသက်န်းကား ထူ၏၊ ဤသက်န်းကား ပါး၏၊ ဤသက်န်းကား သုံးဆောင်ဘူးပြီ၊ အဟောင်းတည်း၊ ဤသက်န်းကား မသုံးဆောင် ဘူးသော အသစ်တည်း၊ ဤသက်န်းကား အလျားဤမျှ အနံဤမျှ ဟူ၍ ပုဆိုးဖျင်သက်န်းတို့ကို ရွေးစစ်ရမည် ဆိုလိုသည်၊ တုလယိတွာ-ဟူသောပါဌ်ဖြင့် ဤသက်န်းကား ဤမျှထိုက်၏၊ ဤသက်န်းကား ဤမျှထိုက်၏ဟူ၍ အဖိုးကို ပြတ်ဆိုပိုင်းခြားရမည် ဆိုလိုသည်။

ဝဏ္ဏာဝဏ္ဏကတ္တာ–ဟူသောပါဠိဖြင့် ခပ်သိမ်းသော ရဟန်းတို့အား ဆယ်သပြာ ဆယ်သပြာထိုက်သော တထည်တထည်စီသော သင်္ကန်း ရောက်သည်ဖြစ်အံ့၊ ဤသို့ရောက်ခြင်းသည် အပြစ်မရှိ၊ ထိုသို့မဟုတ် အချို့သင်္ကန်းသည် ကိုးသပြာ ရှစ်သပြာ ထိုက်သည်ဖြစ်အံ့၊ ကိုးသပြာ ထိုက်သော သင်္ကန်းကို တသပြာထိုက်သော သင်္ကန်းနှင့် ရှစ်သပြာထိုက်သော သင်္ကန်းကို, နှစ်သပြာထိုက်သော သင်္ကန်းနှင့် ခုနစ်သပြာထိုက်သော သင်္ကန်းကို ဖက်စပ်ယှဉ်တွဲ၍ ဤသို့သောနည်းဖြင့် မျှသောအဖိုးရှိသည်ကို ပြုရမည် ဆိုလိုသည်။

ဘိက္ခူ ဂဏေတွာ ဝဂ္ဂံ ဗန္ဓိတွာ–ဟူသော ပါဠိဖြင့် အကယ်၍ တယောက်တယောက်သော ရဟန်းအား အသီးအသီး ပေးဝေအပ်သည်ရှိသော် နေ့ရက်ရှည်ကြာလတ္တံ့သည့်ဖြစ်အံ့၊ တကျိပ်တကျိပ်သော ရဟန်းကို ရေတွက်၍ ဆယ်ခုဆယ်ခုသော သင်္ကန်းအဖို့တို့ကို တစုံ တပုံ တထုပ် တွဲပြု၍ ဤသို့ သင်္ကန်းအဖို့တို့ကို ပြုစိမ့်သောငှါ ခွင့်ပြုတော်မူ၏ဟု ဆိုလိုသည်။

ယင်းသို့ ထားအပ်သော သင်္ကန်းအဖို့တို့၌ ကမ္ပည်းတံကို ချအပ်၏၊ ထို့ကြောင့် အဋ္ဌကထာ၌ ‘ ဧဝံ ဌပိတေသု စီဝရပဋိဝိသေသု ကုသော ပါတေတဗ္ဗော’’ ဟူ၍ မိန့်အပ်ပြီ၊ ယင်းသို့ လာသော ပါဠိတော် အဋ္ဌကထာကို ထောက်၍ ဘဏ္ဍာအိမ်ဝယ် ထားအပ်သော သင်္ကန်း၌သာ အဖိုးမျှသည်၏ အဖြစ်ကို အလိုရှိအပ်၏၊ ကမ္ပည်းတံချခြင်းကိုလည်း အလိုရှိအပ်၏ ဟူသော အနက်ကို သိအပ်၏။

ဤကထိန်အာနိသင်သင်္ကန်းကို ဝေဘန်ရာ၌ကား အဖိုးမျှသည်၏ အဖြစ်ကို အလိုမရှိအပ်၊ ကမ္ပည်းတံကိုလည်း မချအပ်၊ ထို့ကြောင့် ကထိနခန္ဓက အဋ္ဌကထာ၌–

ဧဝံ အတ္ထတေ ပန ကထိနေ သစေ ကထိနစီဝရေန သဒ္ဓိံ အာဘတံ အာနိသံသံ ဒါယကာ ယေန အမှာကံ ကထိနံ ဂဟိတံ၊ တဿေဝ ဒေမာတိ ဒေန္တိ၊ ဘိက္ခုသံဃော အနိဿရော၊ အထ အဝိစာရေတွာဝ ဒတွာ ဂစ္ဆန္တိ၊ ဘိက္ခုသံဃော ဣဿရော၊ တသ္မာ သစေ ကထိနတ္ထာရကဿ သေသ စီဝရာနိပိ ဒုဗ္ဗလာနိ ဟောန္တိ၊ သံဃေန အပလောကေတွာ တေသံပိ အတ္ထာယ ဝတ္ထာနိ ဒါတဗ္ဗာနိ၊ကမ္မဝါစာ ပန ဧကာယေဝ ဝဋ္ဋတိ၊ အဝသေသေ ကထိနာနိသံသေ ဗလဝဝတ္ထာနိ ဝဿာဝါသိကဋ္ဌိတိကာယ ဒါတဗ္ဗာနိ၊ ဌိတိကာယ အဘာဝေ ထေရာသနတော ပဋ္ဌာယ ဒါတဗ္ဗာနိ။

ဟူ၍ ဆိုအပ်၏၊ အဋ္ဌပရိက္ခါရဒံ ကတွာ–ဟူ၍၎င်း, ကုသပါတော ကာ–တဗ္ဗော-ဟူ၍၎င်း မဆိုအပ်၊ ယင်းသို့ဖြစ်သောကြောင့် ကထိန်၏ အာနိသင်သက်န်းတို့ကို ဝဿာဝါသိက ထေရ်စဉ်အားဖြင့်၎င်း, သိတင်းကြီးမှ၎င်း စ၍သာလျှင် ပေးအပ်ကုန်၏၊ အဖိုးမျှသည်၏ အဖြစ်ကို မပြုအပ်၊ ကမ္ဗည်းတံချခြင်းကိုလည်း မပြုအပ်ဟူ၍ သိအပ်၏၊ အဋ္ဌကထာပါဠိ၏ အဓိပ္ပါယ်ကို အောက်၌ ဆိုအပ်ပြီးသောနည်းဖြင့် သိလေ။

ယခုအခါ၌ ဝါဆိုသင်္ကန်း၏ အစွမ်းဖြင့် မလှူအပ်သောကြောင့်၎င်း, ဝဿာဝါသိကထေရ်စဉ်ကို မပြုသောကြောင့်၎င်း ကထိန်ခင်းသော သင်္ကန်းမှ၎င်း, ကထိန်ခင်းသော ရဟန်းအား ကြွင်းသော သင်္ကန်းအလို့ငှါ ပေးအပ်သော သင်္ကန်းမှ၎င်း ကြွင်းသောကထိန်အာနိသင်၌ အားကြီးရာရာ ကောင်းနိုးရာရာ ဖြစ်သော သင်္ကန်း ဖျင်ပုဆိုးတို့ကို သိတင်းကြီးမှ စ၍ တယောက်တထည်တယောက်နှစ်ထည် စသည်ဖြင့် အထည်အမျှရအောင်သာ ပေးဝေအပ်၏၊ ထိုသို့ ပေးဝေအပ်သော သင်္ကန်းတို့တွင် မွန်မြတ်ရာရာ ကောင်းနိုးရာရာကို သိတင်းကြီးအား ပေးဝေအပ်၏၊ အဘယ်ကိုထောက်၍ သိရသနည်းဟူမူ–

> ပစ္ဆိမဝဿူပနာယိကဒိဝသေ ပန သစေ ကာလံ ဃောသေတွာ သန္နိပတိတေ သံဃေ ကောစိ ဒသဟတ္ထံ ဝတ္ထံ အာဟရိတွာ ဝဿာ–ဝါသိကံ ဒေတိ၊အာဂန္တုကော သစေ ဘိက္ခု သံဃတ္ထေရော ဟောတိ၊ တဿ ဒါတဗ္ဗံ၊ . နဝကော စေ ဟောတိ၊ သမ္မတေန ဘိက္ခုနာ သံဃတ္ထေရော ဝတ္တဗ္ဗော၊ သစေ ဘန္တေ ဣစ္ဆထ၊ ပဌမဘာဂံ မုဉ္စိ–တွာ ဣဒံ ဝတ္ထံ ဂဏှာထာတိ၊ အမုဉ္စန္တဿ န ဒါတဗ္ဗံ၊သစေ ပန ပုဗ္ဗေ ဂါဟိတံ မုဉ္စိတွာ ဂဏှာတိ၊ ဒါတဗ္ဗံ၊ ဧတေနေဝ ဥပါယေန ဒုတိယထေရတော ပဋ္ဌာယ ပရိဝတ္တေတွာ ပတ္တဋ္ဌာနေ အာဂန္တုကဿ ဒါတဗ္ဗံ၊ သစေ ပဌမ ဝဿူပဂတာ ဒွေ တီဏိ စတ္တာရိ ပဉ္စဝါ ဝတ္ထာနိ အလတ္ထုံ လဒ္ဓံ လဒ္ဓံ ဧတေနဝ ဥပါယေန ဝိဿဇ္ဇာပေတွာ ယာဝ အာ–ဂန္တုကဿ သမကံ ဟောတိ၊ တာဝ ဒါတဗ္ဗံ၊ တေန ပန သမကေ လဒ္ဓေ အဝသိဋ္ဌော အနုဘာဂေါ ထေရာသနေ ဒါတဗ္ဗော။ ။

ဟူ၍ သေနာသနခန္ဓက အဋ္ဌကထာ၌ ဆိုသောကြောင့် သိရသတည်း။

အနက်ကား- ပစ္ဆိမဝဿူပနာယိကဒိဝသေ-ပစ္ဆိမဝါကပ်သနေ့၌၊ကာလံ-ကို၊ ဃောသေတွာ-ကြွေးကြော်၍၊ သံဃေ–သည်၊ သန္နိပတိတေ-စည်းဝေးပြီးသည်ရှိသော်၊ ကောစိ–သူသည်၊ ဒသဟတ္ထံ-ဆယ်တောင်ပမာဏရှိသော၊

ဝတ္ထုံ–ကို၊ အာဟရိတွာ-၍၊ ဝသာဝါသိကံ -ဝါဆိုသင်္ကန်းကို၊ သစေ ဒေ–
တိ–အကယ်၍ ပေးသည်ဖြစ်အံ့၊ အာဂန္တုကော - သော၊ ဘိက္ခု – သည်၊
သံဃတ္ထေရော – သည်၊ သစေဟောတိ – အံ့၊ တဿ – ထိုသံဃာ့ထေရ်ဖြစ်
သော ညွှန်သည့် ရဟန်းအား၊ ဒါတဗ္ဗံ-၏၊ နဝကော – သီတင်းငယ်သည်၊
စေဟောတိ – အံ့၊ သမ္မတေန–သမုတ်အပ်သော၊ ဘိက္ခုနာ-သည်၊သံဃတ္ထေ-
ရော-ကို၊ ဝတ္တဗ္ဗော-၏၊ ဘန္တေ-ဘုရား၊ သစေဣစ္ဆထ-အံ့၊ ပဌမဘာဂံ – ရှေး
ဦးစွာသော အဖို့ကို၊ မုဥ္စိတွာ-၍၊ ဣဒံဝတ္ထုံ-ကို၊ ဂဏှထ-ကုန်လော့၊ ဣတိ-သို့၊
ဝတ္တဗ္ဗော-၏၊ အမုဥ္စန္တဿ-မလွှတ်သော ရဟန်းအား၊ နဒါတဗ္ဗံ – အပ်၊ ပန-
လွှတ်သောအဆုံးအဖြတ်ဆိုဦးအံ့၊ ပုဗ္ဗေ-၌၊ ဂါဟိတံ–ယူပြီးသော သင်္ကန်းကို၊
မုဥ္စိတွာ-၍၊ သစေဂဏှာတိ-အံ့၊ ဒါတဗ္ဗံ–ပေးအပ်၏၊ ဧတေနေဝ ဥပါယေန-
ဤသို့သော နည်းဖြင့်သာလျှင်၊ ဒုတိယထေရတော–မှ၊ ပဋ္ဌာယ-၍၊ ပရိဝတ္တေ-
တွာ–၍၊ ပတ္တဋ္ဌာနေ–ထေရ်စဉ်ရောက်ရာ၌၊ အာဂန္တုကဿ - အား၊ ဒါတဗ္ဗံ-
၏၊ ပဌမဝဿူပဂတာ–ရှေးဦးစွာ ဝါကပ်လင့်သော ရဟန်းတို့သည်၊ ဒွေဝါ
ဝတ္ထာနိ-နှစ်ထည်သော သင်္ကန်းတို့ကိုငင်း၊ တီဏိဝါ ဝတ္ထာနိ–ငင်း၊ စတ္တာရိ-
ဝါ ဝတ္ထာနိ–ငင်း၊ ပဉ္စဝါ ဝတ္ထာနိ - ငင်း၊ သစေအလတ္ထုံ - အကယ်၍ရကုန်
သည်ဖြစ်အံ့၊လဒ္ဓံလဒ္ဓံ–ရတိုင်းရတိုင်းသော သင်္ကန်းကို၊ဧတေနေဝ ဥပါယေန-
သာလျှင်၊ ဝိဿဇ္ဇာပေတွာ-၍၊ ယာဝ-အကြင်မျှလောက်၊ အာဂန္တုကဿ-
အား၊ သမကံ - သည်၊ ဟောတိ-၏၊တာဝ–လောက်၊ ဒါတဗ္ဗံ–၏၊ပန–ထိုမှ
တပါး၊ ဘေန-ထိုအာဂန္တုကရဟန်းသည်၊ သမကေ-မျှသောအဖို့ကို၊ လဒ္ဓေ-
ရပြီးသည်ရှိသော်၊ အဝသိဋ္ဌော– ကြွင်းသော၊ အနုဘာဂေါ-နောက်အဖို့ကို၊
ထေရာသနေ - မထေရ်နေရာ၌၊ ဒါတဗ္ဗော-၏။

ဤအဋ္ဌကထာပါဌ်၌ "အာဂန္တုကော သစေ ဘိက္ခု" ဟူသော ပါဌ်ဖြင့်
သင်္ကန်းကို ခံယူပြီးသည်မှနောက်၌ လာသော အာဂန္တုက ရဟန်းကိုပြသည်။

"ပတ္တဋ္ဌာနေ အာဂန္တုကဿ ဒါတဗ္ဗံ" ဟူသော ပါဌ်ဖြင့် ဝါစဉ်အားဖြင့်
ရောက်ရာ၌ အာဂန္တုက ရဟန်းအား ပေးအပ်၏-ဟူသော အနက်ကိုပြသည်။

ပဌမဝဿူပဂတာ-ဟူသော ပါဌ်ဖြင့် အာဂန္တုကရဟန်း မရောက်မီ ရှေး
ဦးစွာ ပစ္ဆိမဝါကပ်သနေ့၌ ဝါကပ်သော ရဟန်းကို ပြသည်။

လဒ္ဓံလဒ္ဓံ-ဟူသောပါဌ်ဖြင့် ဒါယကာတို့အထံမှ ရောက်လာတိုင်း ရောက်
လာတိုင်းသော ဝါဆိုသင်္ကန်းကို ပြသည်-ဟူ၍ ဝိမတိဝိနောဒနီဋီကာ၌ ဆို
သည်၊

"ပဉ္စမဘာဂံ မုဉ္စိတွာ" ဟူသော ပါဠိဖြင့် ဤနောက်မှ ဆောင်ယူ၍ လှူအပ်သော သင်္ကန်းသည် ရှေးဦးစွာ ခံယူသော သင်္ကန်းထက် အဖိုးများ ထိုက်သည်၏အဖြစ်ကို ပြသည်-ဟူ၍ ဝဇိရဗုဒ္ဓိဋီကာ၌ ဆိုသည်။

ယင်းသို့ အဋ္ဌကထာ,ဋီကာတို့၌ ဝါဆိုသင်္ကန်းကို ပေးဝေရာ၌ နောက်မှ ဆောင်ခဲ့သော အဖိုးများထိုက်သော သင်္ကန်းကို မဟာထေရ်မှစ၍ လဲလှယ် ပြီးလျှင် ထိုမဟာထေရ်တို့သည် အလိုမရှိအပ်သော သင်္ကန်းကိုသာလျှင် ဝါစဉ်အားဖြင့် ရောက်သော အာဂန္တုကရဟန်းအား ပေးဝေအပ်သည်၏ အဖြစ်ကို ဆိုသောကြောင့် မွန်မြတ်ရာရာ ကောင်းနိုးရာရာကို သီတင်းကြီး အား ပေးဝေအပ်၏ ဟူ၍ သိအပ်၏။

"သစေ ပဉ္စမဝဿူပဂတာ ဒွေ တီဏိ စတ္တာရိ ပဉ္စဝါ ဝတ္ထာနိ အလတ္ထုံ" ဟူ၍ သင်္ကန်းအရေအတွက်ဖြင့် သာလျှင် ဆိုသောကြောင့်၎င်း, အဖိုးအရေ အတွက်ဖြင့် မဆိုသောကြောင့်၎င်း, ကထိန်အာနိသင် သင်္ကန်း၏လည်း ဝါဆိုသင်္ကန်းနှင့် အလားတူသည်၏ အဖြစ်ကို အဋ္ဌကထာဆရာ ဆိုတော်မူ သောကြောင့်၎င်း ကထိန်အာနိသင် သင်္ကန်းတို့ကို သင်္ကန်း အရေအတွက်၏ အစွမ်းဖြင့်သာလျှင် ဝေဘန်အပ်ကုန်၏၊ အဖိုးမျှသည်၏ အစွမ်းဖြင့် ဝေဘန် အပ်ကုန်၏၊ ထို့ကြောင့် "ဗဟူနိ ကထိနာနိသံသဝတ္ထာနိ ဒေတိ၊ ယော အာနိသံသံ ဗဟုံ ဒေတိ၊တဿ သန္တကေန အတ္ထရိတဗ္ဗံ"ဟူ၍ အဋ္ဌကထာ၌ မိန့်အပ်ပြီ။

ထိုစကားသည် မှန်၏၊ များစွာသော ကထိန်အာနိသင် သင်္ကန်းတို့ကို ဝေဘန်အပ်သောအခါ၌ သံဃာအား ကျေးဇူးများကုန်၏၊ ဤသို့သော အနက်ကိုရည်၍ အဖိုးများထိုက်သော သင်္ကန်းကို လှူသော ဒါယကာတို့၏ အဝတ်သင်္ကန်းဖြင့် ခင်းအပ်၏ဟု မဆိုမူ၍ ကထိန်အာနိသင်သင်္ကန်း အထည် များစွာလှူသော ဒါယကာတို့၏ အဝတ်သင်္ကန်းဖြင့် ခင်းအပ်၏ဟု အဋ္ဌ-ကထာ ဆရာ မိန့်တော်မူသည်။

"ယောစ တတ္ထ စီဝရုပ္ပါဒေါ၊ သော နေသံ ဘဝိဿတိ"ဟု သင်္ကန်းသာ လျှင် ကထိန်ခင်းသော ရဟန်းတို့၏ ဥစ္စာ၏အဖြစ်ကို ဘုရားသခင် ဟော တော်မူသောကြောင့် သင်္ကန်းမှတပါး သံဃာကို ရည်၍ လှူအပ်ကုန်သော ဆွမ်းခဲဘွယ် ဘောဇဉ်အစရှိသော အာမိသ ဝတ္ထုတို့သည် ဥပစာရသိမ်တွင်း သို့ ဝင်လာသော ရောက်လာတိုင်း ရောက်လာတိုင်းသော သံဃာ၏ ဥစ္စာ

ဖြစ်ကုန်၏၊ ထို့ကြောင့် အဋ္ဌကထာ၌"ကထိနံ အတ္ထရာပေတွာ ဒါနဥ္စ ဘုဥ္ဇိတွာ ဂမိဿန္တိ၊ အာနိသံသော ပန ဉာတရေသံယေဝ ဟောတိ" ဟူ၍ မိန့်အပ်ပြီ။

ကထိန်သက်န်းနှင့် တကွ ဆောင်ယူ၍ လှူဒါန်းအပ်သော ညောင်စောင်း, အင်းပျဉ် အစရှိသော ဂရုဘဏ်ကို မဝေဘန်အပ်၊ သံဃိက အစွမ်းဖြင့်သာလျှင် သုံးဆောင်အပ်၏၊ ထို့ကြောင့်"ဂရုဘဏ္ဍာနိ နဘာဇေတဗ္ဗာနိ"ဟု အဋ္ဌကထာ၌ မိန့်အပ်ပြီ၊ ဂရုဘဏ် အသုံးအဖြတ်ကို အလိုရှိသော အရှင်ကောင်းတို့သည် အဋ္ဌကထာမှ ယူအပ်၏၊ ကျယ်လွန်းအံ့စိုး၍ မထုတ်ပြီ၊ သက်န်း ဆွမ်း လဟုဘဏ်မှတပါး လဟုဘဏ် ပရိက္ခရာတို့ကို အဋ္ဌကထာ ဋီကာတို့၌ အထူးမဆို၊ ထိုသို့ မဆိုသော်လည်း အာမိသ ဝတ္ထုကဲ့သို့ ဥပစာရသိမ်သို့ ဝင်လာ ရောက်လာသော သံဃာ ဝေဘန်၍ သုံးဆောင်အပ်သည်။

အဘယ့်ကြောင့်နည်းဟူမူ အကယ်၍ ဂရုဘဏ်ကဲ့သို့ မဝေဘန်အပ်သည် ဖြစ်ငြားအံ့၊ "ဂရုဘဏ္ဍာနိ န ဘာဇေတဗ္ဗာနိ" ဟူသကဲ့သို့ အဋ္ဌကထာဆရာ မြစ်တော်မူရာသည်၊ ထိုသို့လည်း မြစ်တော်မမူ၊ အကယ်၍ ကထိန်ခင်းသော ရဟန်းတို့အားသာ ထိုက်ငြားအံ့၊ ကထိနာနိသံသ သက်န်းကို ဝေဘန်ဆုံးဖြတ်သကဲ့သို့ အဋ္ဌကထာ၌ အထူးဝေဘန် ဆုံးဖြတ်သင့်သည်၊ ထိုသို့လည်း ဝေဘန် ဆုံးဖြတ်တော်မမူ၊ ယင်းသို့ဖြစ်သောကြောင့် အာမိသ ဝတ္ထုကဲ့သို့ ဝေဘန်၍ သုံးဆောင်သင့်သည်ဟူ၍ သဘောအလျောက် ထင်ပေသည်။

"အနုဇာနာမိ ဘိက္ခဝေ သာမဏေရာနံ ဥပဍ္ဎဘာဂံ ဒါတုံ" ဟူသော ပါဠိကို အမှီပြု၍ ကထိနာနိသံသ သက်န်းကို သာမဏေတို့အား ထက်ဝက်သော အဖို့ကိုသာ ပေးကုန်၏၊ ဤသို့ကား မပြုအပ်၊ ဘဏ္ဍာအိမ်၌ ထားအပ်သော အကာလ သက်န်းကို သာမဏေတို့အား ထက်ဝက်သော အဖို့ကိုပြု၍ ပေးအပ်၏၊ ဝါဆိုသက်န်း, ကထိန်အာနိသင် အစရှိသော ကာလသက်န်းကို မူကား အမျှသာ ပေးအပ်၏၊ ထို့ကြောင့် စီဝရခန္ဓက အဋ္ဌကထာ၌–

သာမဏေရာနံ ဥပဍ္ဎပဋိဝိသန္တိ ဧတ္ထ ယေ သာမဏေရာ အတ္တိဿရာ ဘိက္ခုသံဃဿ ကတ္တဗ္ဗကမ္မံ နကရောန္တိ၊ဥဒ္ဒေသပရိပုစ္ဆာသု ယုတ္တာ အာစရိယုပဇ္ဈာယာနံယေဝ ဝတ္တပဋိဝတ္တံ ကရောန္တိ၊အညေသံ န ကရောန္တိ၊ ဧတေသံယေဝ ဥပဍ္ဎဘာဂေါ ဒါတဗ္ဗော၊ ယေ ပန ပုရေဘတ္တဥ္စ ပစ္ဆာဘတ္တဥ္စ ဘိက္ခုသံဃဿေဝ ကတ္တဗ္ဗံ ကိစ္စံ ကရောန္တိ၊ တေသံ သမကော ဒါတဗ္ဗော၊ ဣဒဥ္စ ပိဋ္ဌိသမယေ ဥပ္ပန္နေန ဘဏ္ဍာဂါရေ

ဌပိတေန အကာလ စီဝရေနေဝ ကထိတံ၊ကာလစီဝရံ ပန သမကမေဝ ဒါတဗ္ဗံ။ ။ဟူ၍ မိန့်အပ်ပြီ။

အနက်ကား- သာမဏေရာနံ ဥပစ္စပဋိဝိသန္တိဗ္ဗေ - ၌၊ ယေသာမဏေရာ-တို့သည်၊ အဟ္တိဿရာ-မိမိတို့ကိုယ်ကို အစိုးရကုန်သည်ဖြစ်၍၊ဘိက္ခုသံဃဿ-၏၊ ကတ္တဗ္ဗကမ္မံ - ပြုအပ်အမှုကို၊ နကရောန္တိ – ကုန်၊ ဥဒ္ဒေသပရိပုစ္ဆာသုပ'ါဠိသင်ခြင်း,အဋ္ဌကထာ သင်ခြင်းတို့၌၊ ယုတ္တာ-အားထုတ်ကုန်သည် ဖြစ်၍၊ အာစရိယုပဇ္ဈာနံယေဝ – ဆရာဥပဇ္ဈာယ်တို့၏ သာလျှင်၊ ဝတ္တပဋိဝတ္တံ – ဝတ်ကြီး ဝတ်ငယ်ကို၊ ကရောန္တိ–ကုန်၏၊ အညေသံ - ဆရာဥပဇ္ဈာယ်မှ တပါးသော ရဟန်းတို့၏၊ ဝတ္တပဋိဝတ္တံ-ကို၊ နကရောန္တိ-ကုန်၊ တေသံယေဝ-ထိုသာမဏေတို့အားသာလျှင်၊ ဥပနာဘာဂေါ - ကို၊ ဒါတဗ္ဗော-၏၊ ပန-အဖိုတပါးကို ဆိုဦးအံ့၊ ယေသာမဏေရာ-တို့သည်၊ ပုရေဘတ္တဥ္စ-နံနက်အခါ၌၎င်း၊ ပစ္ဆာဘတ္တဥ္စ–ညအခါ၌၎င်း၊ ဘိက္ခုသံဃဿဝ-သာလျှင်၊ ကတ္တဗ္ဗံ-ပြုအပ်ဖြစ်သော၊ ကိစ္စံ - ကို၊ ကရောန္တိ-ကုန်၏၊ တေသံ သာမဏေရာနံ-တို့အား၊ သမကော–ကို၊ ဒါတဗ္ဗော-၏၊ စ–အံ့၊ ဣဒံဝစနံ-ဤဆိုအပ်ပြီးသော စကားကို၊ ပိဋ္ဌိသမယေ–သက်န်းကာလမှ နောက်ဖြစ်သော အခါ၌၊ဉပ္ပန္နေန-သော၊ ဘဏ္ဍာဂါရေ-၌၊ ဌပိတေန-သော၊ အကာလ စီဝရေနေဝ–ဖြင့်သာလျှင်၊ ကထိတံ-၏၊ ပန-အထူးကား၊ကာလစီဝရံ-ကို၊ သမကမေဝ-ရဟန်းနှင့် အတူအမျှသာလျှင်၊ ဒါတဗ္ဗံ–၏။

သာမဏေတို့သည် ဝါသို့သာ ကပ်အပ်သလော၊ကထိန်အာနိသင်ကိုလည်း ရကုန်သလော ဟူမူ-

> အထ စတ္တာရော ဘိက္ခူ ဥပဂတာ၊ ဧကော ပရိပုဏ္ဏဝဿော သာမဏေရော၊ သော စေ ပစ္ဆိမိကာယ ဥပသမ္ပဇ္ဇတိ၊ ဂဏပူရကော-စေဝ ဟောတိ၊အာနိသံသဉ္စ လဘတိ။

ဟူ၍ အဋ္ဌကထာ၌ ဆိုသောကြောင့်၎င်း,

> ပစ္ဆိမိကာယ ဥပသမ္ပန္နော ပဌမပဝါရဏာယ ပဝါရေတုံပိ လဘတိ၊ အဝဿိကောဝ ဟောတိ၊ အာနိသံသဉ္စ လဘတီတိ သာမဏေရာနံ ဝဿူပဂမနံ အနုညာတံ ဟောတိ၊ သာမဏေရာ ကထိနာနိသံသံ လဘန္တိတိ ဝဒန္တိ။

ဟူ၍ ဝဇိရဗုဒ္ဓိဋီကာ၌ ဆိုသောကြောင့်ရင်း သာမဏေတို့သည် ဝါသို့လည်း ကပ်အပ်ကုန်၏၊ ကထိန်သင်္ကန်းကိုလည်း ခံရ၏ဟု နိဿံသယ မုချ မှတ်ပါကုန်။

အနက်ကား-စတ္တာရော-ကုန်သော၊ ဘိက္ခူ-တို့သည်၊ ဥပဂတာ-ဝါသို့ ကပ်ကုန်သည်၊ အထဟောန္တိ-ကုန်၏၊ ဧကော-သော၊ ပရိပုဏ္ဏဝဿော-ပြည့်စုံသောနှစ်ရှိသော၊ သာမဏေရော-သည်၊ ပစ္ဆိမိကာယ-၌၊ သစေဥပ-သမ္ပဇ္ဇတိ-အကယ်၍ ပဉ္စင်းခံသည်ဖြစ်အံ့၊ ဂဏပူရကောစေဝ-သည်လည်း၊ ဟောတိ-၏၊ အာနိသံသဉ္စ-ကထိန်အာနိသင်ကိုလည်း၊ လဘတိ-၏၊ (အဋ္ဌကထာပါဠိအနက်။)

ပစ္ဆိမိကာယ-၌၊ ဥပသမ္ပန္နော-ပဉ္စင်းခံသော သာမဏေကြီးသည်၊ ပဌမ-ပဝါရဏာယ-၌၊ ပဝါရေတုံပိ - ပဝါရဏာပြုခြင်းငှါလည်း၊ လဘတိ-၏၊ အဝဿိကော၀-ဝါမရှိသေးသည်သာလျှင်၊ ဟောတိ-၏၊အာနိသံသဉ္စ လဘ-တီတိ ဣမိနာ – ဟူသော အဋ္ဌကထာပါဠိဖြင့်၊ သာမဏေရာနံ – တို့အား၊ ဝဿူပဂမနံ-ဝါကပ်ခြင်းကို၊ အနုညာတံ-သည်၊ ဟောတိ-၏၊ သာမဏေရာ-တို့သည်၊ ကထိနာနိသံသံ-ကို၊ လဘန္တိ-ကုန်၏၊ ဣတိ-သို့၊ အာစရိယာ-တို့သည်၊ ဝဒန္တိ-ဆိုကုန်၏။ (ဋီကာပါဠိအနက်)

တတြုပ္ပါဒဖြစ်သော ကထိန်အာနိသင်တို့၌ အရံစောင့်တို့သည် ဆန်အစရှိသည်တို့ဖြင့် သင်္ကန်း ဖျင်ပုဆိုးတို့ကို ဝယ်ကုန်သည်ဖြစ်အံ့၊ သင်္ကန်း ဖျင်ပုဆိုးတို့ဖြင့်လည်း ဆန်အစရှိသည်တို့ကို ဝယ်ကုန်သည်ဖြစ်အံ့၊ ထိုသို့ ဝယ်ရာ၌ အဘယ်သို့ ကျင့်ရမည်နည်း ဟူငြားအံ့။

> တတြုပ္ပါဒေန တဏ္ဍုလာဒိနာ ဝတ္ထေသု စေတာပိတေသု အတ္ထ-တ ကထိနာနမေဝ တာနိ ဝတ္ထာနိ ပါပုဏန္တိ၊ ဝတ္ထေဟိ တဏ္ဍုလာ-ဒိသု စေတာပိတေသု သဗ္ဗေသံ တာနိ ပါပုဏန္တီတိ ဝုတ္တံ။

ဟူ၍ ဝဇိရဗုဒ္ဓိဋီကာ၌ ဆိုသောကြောင့် ဝေဘန်သောကာလ၌ ထင်ရှားစွာသော ဝတ္ထု၏ အစွမ်းဖြင့် ဝေဘန်ခြင်းကို ပြုအပ်၏၊ ဆန်-အစရှိသည်တို့ဖြင့် သင်္ကန်းဖျင်ပုဆိုးတို့ကို ဝယ်ခဲ့ကုန်သည်ရှိသော် ကထိန်ခင်းသော ရဟန်းတို့သာ ဝေဘန်၍ သုံးဆောင် အပ်ကုန်၏၊ သင်္ကန်း ဖျင်ပုဆိုးတို့ဖြင့် ဆန်-အစရှိသည်တို့ကို ဝယ်ခဲ့ကုန်သည်ရှိသော် ခပ်သိမ်းသော ရဟန်းတို့သည် ဝေဘန်၍ သုံးဆောင် အပ်ကုန်၏ – ဟူ၍ ဝိနယာလင်္ကာရ-စသော ဋီကာတို့၌ ဆိုသည်၊ "သစေ ပန ကေသီမာယ ဗဟူဝိဟာရာ ဟောန္တိ"

ဟူသော အဋ္ဌကထာ၌ အဘယ်သိမ်ကို အလိုရှိသနည်း ဟူမူ ဥပစာရသိမ်ကို အလိုရှိအပ်၏၊ ထိုစကားသည် မှန်၏၊ ဥပစာရသိမ်၌သာလျှင် သံဃာ့လာဘ်ကို ဝေဘန်ခြင်း အစရှိသော အမှုသည် ပြီး၏၊ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ၌—

ကထိနတ္ထတသီမာယန္တိ ဥပစာရသီမံ သန္ဓာယ ဝုတ္တံ၊ ဥပစာရ-သီမဋ္ဌဿ မတကစီဝရာဒိဘာဂိယတာယ ဗဒ္ဓသီမာယ တတြုပ္ပါဒါ-ဘာဝတော ဝိညေယျမေတံ ဥပစာရသီမာဝေတ္ထ အဓိပ္ပေတာ။ ။

ဟူ၍ မိန့်အပ်ပြီ။

အနက်ကား—ကထိနတ္ထတသီမာယန္တိ—ဟူသော စကားကိုကား၊ ဥပစာရ-သီမံ-ကို၊ သန္ဓာယ—၍၊ဝုတ္တံ-၏၊ ဥပစာရသီမဋ္ဌဿ-ဥပစာရသိမ်၌ တည်သော ရဟန်း၏၊ မတကစီဝရာဒိဘာဂိယတာယ-မတကသင်္ကန်း အစရှိသည်ကို ဝေဘန်အပ်သည် အဖြစ်ကြောင့်၊ ဗဒ္ဓသီမာယ—၏၊ တတြုပ္ပါဒါဘာဝတော—တတြုပ္ပါဒ မရှိသည်၏ အဖြစ်ကြောင့်၊ ဧတ္ထ—ဤအရာ၌၊ ဥပစာရသီမာဝ—ကိုသာလျှင်၊ အဓိပ္ပေတာ—၏၊ ဧတံဝစနံ-ကို၊ ဝိညေယျံ—၏။

ဤတွင်ရွေ့ကား ခုနစ်ခုမြောက်သော ကထိန်အာနိသင်ကို ဝေဘန်ရာသော အဆုံးအဖြတ်ကို ဆိုသော စကားတည်း။

ခုနစ်ပါးသော မာတိကာတို့ဖြင့် တန်းဆာဆင်အပ်သော ကထိနဝိနိစ္ဆယ ကျမ်းကား ဤတွင်ရွေ့ ပြီးပြည့်စုံပြီ။

အလဇ္ဇီပဂ္ဂဟ ဝိနိစ္ဆယ

လျှောက်ထား တောင်းပန်ချက်

ရွှေတောင်မြို့ ဖျောက်ဆိပ်ရွာ အုတ်ကျောင်းတိုက်မှ ဥါရှောင်၍ အရည ဝါသီဖြင့် ပါရမီဆယ်ပါးကို ကြိုးစားဖြည့်ကျင့် ရှက်ဆောင်လေ့ရှိပါသော တောရ ပုဂ္ဂိုလ် အရှင်ဝိမလ လျှောက်ထား တောင်းပန်ပါသည်၊ ကျီးသဲ လေးထပ် ဆရာတော် အရှင်မုနိန္ဒာဘိဝံ သူမြတ်....

ယခု ဒါယကာအများတို့သည် ကျွန်ုပ်တို့ထံ လျှောက်ထားမေးမြန်းကြသည် မှာ–အလဇ္ဇီရဟန်းကို လှူဒါန်းမိသော ဒါယကာ, အမြိုကိုးကွယ်သော ဒါ ယကာတို့သည် ဥစ္စာကုန်၍ ကုသိုလ် မဖြစ်ရုံသာမက မှဆိုးကို ရိက္ခာထောက် သကဲ့သို့ ဖြစ်၍ရင်း, အဆိပ်ပင်ကို ရေသွန်းဘိသကဲ့သို့ ဖြစ်၍ရင်း သာသနာ တော်ကို ကူညီ၍ ဖျက်ဆီးသည် မည်သောကြောင့် ကြီးစွာသော မကောင်းမှု ဖြစ်၍ ငရဲခံရဦးမည်ဟု အချို့သော ပုဂ္ဂိုလ်တို့က ဟောပြောကြပါသည်၊ ထို စကားကို ဘုရားဟောမှန်မည်, မမှန်မည်ကို တပည့်တော်တို့ သိလိုပါသည် မိန့်တော်မူပါဟု အကြိမ်ကြိမ် လျှောက်ထားကြပါသည်၊ ကျွန်ုပ်တို့ကလည်း ဤပြဿနာကို ငါမဖြေဝံ့သေး၊ငါတို့ထက် ကျမ်းဂန်ကို နှံ့စပ်သိမြင်လိမ္မာသော ပုဂ္ဂိုလ်ကို လျှောက်ထား တောင်းပန်ဦးမည်ဟု ဆိုလိုက်ရပါသည်။

ထို့ကြောင့် အလဇ္ဇီရဟန်းကို လှူဒါန်း၍ အကျိုးရှိမည်, မရှိမည်၊ ငရဲ လား မည်း, မလားမည် ဟူသော စကားကို လူအများ သံသယ ကင်းလေအောင် ကျမ်းဂန်လာတိုင်း ထုတ်ဆော်၍ ပြတော်မူပါ။

တရပ်မှာလည်း လူတို့ အလှူကောင်းမှု ပြုရာ၌ ပွဲသဘင်ဖြင့် မြီးမြှောက်ကြ ခြင်းသည် အပါယ်လားကြောင်း မကောင်းမှု ဖြစ်မည်, မဖြစ်မည်ကိုလည်း ပြတော်မူပါ၊ တရားမဟုတ်သည်ကို ပြောဆိုမိခဲ့သော် ပြောဆိုသော ပုဂ္ဂိုလ် တို့သည်လည်း အကျိုးနဲ, နာသော သူတို့သည်လည်း အကျိုးနဲ၍ ငရဲ တံခါး ပွင့်လေတော့မည်၊ ထိုသူတို့အား သနားသဖြင့် အပါယ်တံခါးကို ပိတ်၍ နိဗ္ဗာန်လမ်းကြောင်းကို ပြတော်မူပါမည့် အကြောင်းကို တောင်းပန် ပါသည်၊ ကျီးသဲလေးထပ် ဆရာတော်..။

အလဇ္ဇီပဂ္ဂဟ ဝိနိစ္ဆယကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သက္ကရာဇ် ၁၂၂၀-ခု၊ သီတင်းကျွတ် လပြည့်ကျော် (၂) ရက်နေ့ တောင်းပန်လာသည်တွင် ရေးတင်ထုတ်လိုက်သည်။

ဇိမှမဂ္ဂံ ဇဟာဝိယ၊ ဥဇုမဂ္ဂံ ပကာသကော၊
ဇိနော လောကဂ္ဂနာယကော၊ သော မေ ဒေတု ဇယံ ဝရံ။

(ဂန္ဓာရမ္ဘ အာသီသ ဂါထာ။)

မဂ္ဂပ္ပဋိပန္နာနံ-လည်း လျှော ခြေလျင် အစဉ်သွားလာကုန်သော လူအပေါင်းတို့အား၊ ဇိမှမဂ္ဂံ-ဝေးလံ ကြမ်းထမ်း ဘေးဘျမ်း ထူမြောက် ခရီးကောက်ကို၊ ဇဟာ ဇဟာယ-ပိတ်ပင် စွန့်ပစ်၍၊ ဥဇုမဂ္ဂံ-သာယာဖြောင့်တန်း နီးသောလမ်းကို၊ ပကာသကော-ပြသွန်ပေတတ်သော၊ အဂ္ဂနာယကောဝိယ-လိမ္မာသော ခရီးညွှန်ယောက်ျားကဲ့သို့၊ ယောဇိနော-အကြင် မြတ်စွာဘုရားသည်၊ မဂ္ဂပ္ပဋိပန္နာနံ-လူ့ရပ် နတ်ဌာန် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို ဆင့်လောင်း ဖြည့်ကျင့်လိုသောသူတို့အား၊ ဇိမှမဂ္ဂံ-အကျင့်အမူ အယူတိမ်းပါး တရားကောက်ကို၊ ဇဟာယ-မလိုက်လံအောင် စွန့်ရှောင်စေ၍၊ ဥဇုမဂ္ဂံ-မဂ်ဖိုလ် နိဗ္ဗာန် ကူးရန်ဖြောင့်တန်း တရားလမ်းကို၊ပကာသကော-ထင်ရှားသိစေ ပြပေတော်မူတတ်၏၊ လောကဂ္ဂနာယကော-လူ့ပြည် နတ်ရပ် လောကခေတ်၌ မြတ်သော ခရီးညွှန်လည်း ဖြစ်တော်မူ၏၊ သောဇိနော-ထိုသို့သော ဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ မေ-ငါ့အား၊ ဝရံ ပတ္ထနီယံ-လိုအပ် တောင့်တအပ်သော၊ ဇယံ-အောင်ဆုကို၊ ဒေတု-ပေးတော်မူပါစေသတည်း။

သက္ကရာဇ် ၁၂၂၀-ခု၊သီတင်းကျွတ် လပြည့်ကျော် (၂) ရက်နေ့ တောင်းပန်လာသည်တွင် ရေးတင်ထုတ်လိုက်သည်မှာ-

အလဇ္ဇီရဟန်းကို လှူဒါန်းမိသော ဒါယကာ, ကိုးကွယ်သော ဒါယကာတို့သည် သာသနာတော်ကို ကူညီ၍ ဖျက်သည် မည်သောကြောင့် ကြီးစွာသော မကောင်းမှုဖြစ်၍ ငရဲခံရမည်-ဟူသော စကားသည် ဘုရားဟောတော်မူသော ဝိနည်းငါးကျမ်း ပါဠိတော်, အဘိဓမ္မာပါဠိတော် ခုနစ်ကျမ်း,

သုတ္တန်ပါဠိတော် လေးဆယ့်ငါးကျမ်းအားဖြင့် ဤသုံးရပ်သော ပါဠိတော်တို့၏အဖွင့်ဖြစ်သော အဋ္ဌကထာငါးဆယ့်ခုနစ်ကျမ်း,၎င်းတို့၏အဖွင့်ဖြစ်သော ဋီကာကျမ်း, ထိုပါဠိ အဋ္ဌကထာ ဋီကာတို့၏ အနက် အဓိပ္ပါယ်ကို အလွယ်တကူ မှတ်ယူစိမ့်သောငှါ အကျဉ်းချုပ်၍ ဆရာကြီးတို့ပြုအပ်သော ဝိနည်းလက်သန်း အဋ္ဌကထာ လေးကျမ်း, အဘိဓမ္မာလက်သန်းအဋ္ဌကထာ ခုနစ်ကျမ်း, သုတ်လက်သန်း အဋ္ဌကထာ သုံးကျမ်း, ၎င်းတို့၏ ဋီကာလေးကျမ်း, အနုဋီကာ ငါးမျိုး-ငါးကျမ်းတို့၌ တိုက်ရိုက်အားဖြင့်မဆို မပါမလာမရှိချေ၊ မိမိတို့၏ ပါရမီအခြေ နုံလေသောအလျောက် ကောက်ကျစ်သော မိစ္ဆာညဏ် သက်ဝင်၍ အဋ္ဌကထာ,ဋီကာ အရိပ်မြင်လျှင် လိုရာကိုဆွဲငင်၍ စိတ်ထင်တိုင်း ရေးပြုကြသော ဂန္ထိရ, ဝိနည်းကွန်ချာစသော မှတ်စုစာငယ်များတွင်သာ ဆို၍ စကားပါချေသည်၊ဤသို့သော အမှားစာသည် နှစ်လ ကြာသော် ပါဠိတော် အဋ္ဌကထာကို များစွာမသင်ဘူး၍ မချင့်မတိုင်း မနှိုင်းစာနိုင်သော သူတို့က ထိုစာ စကားများကိုပင် ဘုရားရှင်အာဏာတော်,အလိုတော်ထင်မှတ်၍ အလေးအမြတ်ပြုပြီးလျှင် သိသာနုသိသာတို့အား သင်ကြား ဟောပြ ယောင်ကြလေသည်၊ ယင်းသို့သော စကားပျက် အကျင့်တွက်များသည် ထင်ရှားရှိသောကြောင့် ဝိပရိဂါဟ ဖြစ်ကုန်ကြသော ရှင်လူ အပေါင်းတို့အား တရားကြောင်းလမ်းမှန်ကို ကေန်သိမြင်စိမ့်သောငှါ ယူဇနာလေးထောင်မြင့်သော ကောင်းကင်အထက် တိမ်ရွက်အထဲမှ ပုလဲဝလာဟက မုတ္တာ ရတနာကို ဆွတ်ကာ သီကုံးသကဲ့သို့ အလုံးစုံသော ပိဋကတ်မှ မြတ်ဘုရားအာဘော် တရားတော် ရတနာကို ကျမ်းလာတိုင်းထုတ်နုတ်၍ အကျဉ်းထုတ်ပြ ဆိုပေအံ့။

ရဟန်းတို့ ကျင့်ဆောင်အပ်သော သီလသည် ဥဒ္ဒေသအားဖြင့် ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလ-အားဖြင့် လေးပါး အပြားရှိသည်၊ ထိုလေးပါးတို့တွင် ပါတိမောက္ခသံဝရ သီလသည် သိက္ခာပုဒ်အစဉ်အားဖြင့် ပါရာဇိက လေးပါး၊ သံဃာဒိသိသ် တဆယ့်သုံးပါး၊ အနိယတ နှစ်ပါး၊ နိဿဂ္ဂိ ပါစိတ် သုံးဆယ်၊ သုဒ္ဓပါစိတ် ကိုးဆယ့်နှစ်ပါး၊ ပါဋိဒေသနီ လေးပါး၊ သေခိယ ခုနစ်ဆယ့်ငါးပါး၊ အဓိကရဏသမထ ခုနစ်ပါး-ဟူ၍ နှစ်ရာ့နှစ်ဆယ့် ခုနစ်ပါး အပြားရှိ၏။

ထိုသိက္ခာပုဒ်တို့ကို အကျဉ်းအားဖြင့်၎င်း, အကျယ်အားဖြင့်၎င်း, ဘိက္ခုဝိဘင်း၌ ဟောတော်မူသည်၊ စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ

ကာယိန္ဒြေ မနိန္ဒြေ-တည်းဟူသော ဣန္ဒြေခြောက်ပါးကို မြဲစွာ စောင့်စည်းကြောင်း ဖြစ်သောသီလသည် ဣန္ဒြိယသံဝရ သီလမည်၏။

အသက်မွေးခြင်း၏ စင်ရာစင်ကြောင်း ဖြစ်သော ကုလဒူသက ရှစ်ပါး, အနေသန နှစ်ဆယ့်တပါးတို့မှ ရှောင်ရှား စောင့်စည်းသော သီလသည် အာဇီဝပါရိသုဒ္ဓိသီလ မည်၏။

တရားသဖြင့် ရအပ်သော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ အားဖြင့် နှလုံးသွင်းသော သီလသည် ပစ္စယသန္နိဿိတ သီလမည်၏။

ထိုမှတပါး ကုသိုလ်ပြန့်ပွားအောင် အားထုတ်၍ ကျင့်စေခြင်းငှါ ပညတ်တော်မူအပ်သော ဒွါသီတိခန္ဓကဝတ် အစရှိသော ခန္ဓကနှ လာသော သိက္ခာပုဒ် နှစ်ထောင်သည် အဘိသမာစာရိက သီလမည်၏။

ထိုသီလ သိက္ခာပုဒ် အပေါင်းတို့တွင် ပါရာဇိက လေးပါး, အကျယ် နှစ်ဆယ့်လေးပါးတို့တွင် တပါးပါးကို လွန်ကျူးမိ၍ သီလအရင်း ပြတ်ကင်းပြီးသော ရဟန်းကို ပါပဘိက္ခု-ဟူ၍ ဆိုသည်၊ ထို့ကြောင့် ပါရာဇိကဏ် အဋ္ဌကထာ၌-

ပါပဘိက္ခူတိ အညတရေသု ဌာနေသု မူလစ္ဆိန္နော ပါရာဇိက-ပတ္တော ပါပဘိက္ခူတိ ဝုစ္စတိ-ဟူ၍ မိန့်တော်မူသည်။

ပါပဘိက္ခူတိ - ပါပဘိက္ခု ဟူသည်ကား၊ အညတရေသု ဌာနေသု-ပါရာဇိက နှစ်ဆယ့်လေးပါးတို့တွင် တပါးပါးသော အကြောင်းတို့ကြောင့်၊ မူလစ္ဆိန္နော - အရင်းပြတ်ပြီးသော၊ ပါရာဇိကပတ္တော-သာသနာတော်မှ ရှုံးခြင်းသို့ ရောက်သော ရဟန်းကို၊ ပါပဘိက္ခူတိ-ပါပဘိက္ခုဟူ၍၊ဝုစ္စတိ-၏၊

ထိုပါရာဇိက လေးပါးသို့ ရောက်ပြီးသော ရဟန်းသည် မြတ်သောသီလ မရှိ၊သီလအရင်း ကင်းလေဘိသောကြောင့် ဒုဿီလလည်းမည်၏၊ ထို့ကြောင့် တေရသကဏ် ဋီကာ၌-

ဒုဿီလဿာတိ နိဿီလဿ သီလဝိရဟိတဿ။ ။ဟူ၍ ဖွင့်တော်မူသည်။

ဒုဿီလဿာတိ-ဟူသည်ကား၊ နိဿီလဿ-သီလမရှိသော၊သီလဝိရဟိတဿ-သီလအရင်း ပြတ်ကင်းပြီးသော ပုဂ္ဂိုလ်အား၊ ဉာတိအတ္တော-၏ကား အနက်တည်း။

သံဃာဒိသိသ် တဆယ့်သုံးပါးတွင် တပါးပါးကို လွန်ကျူးသော ရဟန်းသည်လည်း မကောင်းသော သီလ, ညစ်နွမ်းသော သီလရှိသည် မည်သောကြောင့် သမိပူပစာရအားဖြင့် ဒုဿီလ ပါပဘိက္ခု-ဟူ၍ အချို့နေရာ၌ ကျမ်းဆရာတို့ ဆိုကုန်သည်၊ ဤသို့ ဆိုခြင်းသည်လည်း ဒုဿီလ ပါပဘိက္ခုအစစ်ဖြစ်သောကြောင့် ဆိုသည်မဟုတ်၊ အားထုတ်၍ ကုမစိမ့်သောငါ မြီးမြောက်လို၍ ဆိုသောအရာသာ ဖြစ်သည်၊ထိုအာပတ်ကို အပြစ်အလျော့က် ထမြောက်အောင် ဝုဋ္ဌာနကံပြုလျှင် စင်ကြယ်ခြင်းသို့ ရောက်ပြန်သည်၊ ထို့ကြောင့် ပါရာဇိကကဏ် အဋ္ဌကထာ၌–

ဣဓ ပန ပါရာဇိကံ အနာပန္နော အာစာရေ ဋ္ဌိတော ခုဒ္ဒါနုခုဒ္ဒကာ-
နိ သိက္ခာပဒါနိ မဒ္ဒိတွာ ဝိစရန္တော ပါပဘိက္ခူတိ အဓိပ္ပေတော၊
ရောဂနိဒါနံ ဥ တွာ ဝဇ္ဇေန ကတဘောသဇ္ဇမိဝ တဿ ပုဂ္ဂလဿ
သောတ္ထိဘာဝါယ သံဝတ္တတိ။ ။ဟူ၍ ပြတော်မူသည်။

အနိယတ နှစ်ပါး၊နိဿဂ္ဂိပါစိတ် သုံးဆယ်၊ သုဒ္ဓပါစိတ် ကိုးဆယ့်နှစ်ပါး၊ ပါဋိဒေသနီ လေးပါး၊ သေခိယ ခုနစ်ဆယ့်ငါးပါး၊ အဓိကရဏသမထ ခုနစ်ပါး ဟူ၍ နှစ်ရာ့တဆယ်သော သိက္ခာပုဒ်ကို လွန်ကျူးမိသော ရဟန်းတို့သည်ကား အာပတ်သင့်ခြင်း၏ အကြောင်း ခြောက်ပါးရှိသည်တွင် အကြင်ရဟန်းသည် ဤအမှုကိုပြုလျှင် ဤအာပတ်သင့်သည်ဟု သိလျက် ဝီတိက္ကမ စေတနာနှင့်တကွ လုံ့လပြု၍ အာပတ်သင့်စေ၏၊ သင့်ပြီးသော အာပတ်ကိုလည်း စင်စိမ့်သောငါ ဒေသနာမကြား ဝုက်ထား ဖုံးလွှမ်း၏၊ ဆန္ဒ ဒေါသ ဘယ မောဟ-ဟူသော အဂတိလေးပါးသို့ လိုက်လည်း လိုက်တတ်၏၊ ထိုအင်္ဂါ သုံးပါးနှင့် ပြည့်စုံသော ရဟန်းကိုသာ အလဇ္ဇီဟူ၍ ဆိုအပ်၏။

အာပတ်သင့်မည်ကို သိ၍ လွန်ကျူးမိသော ရဟန်း, ကုက္ကုစ္စ ရှိလျက် လွန်ကျူးမိသော ရဟန်း, မအပ်သည်၌ အပ်၏ဟု အမှတ်ရှိလျက် လွန်ကျူးမိသော ရဟန်း, အပ်သည်၌ မအပ်ဟု အမှတ်ရှိလျက် လွန်ကျူးမိသော ရဟန်း, သတိလွတ်ခြင်းကြောင့် လွန်ကျူးမိသော ရဟန်းတို့သည် အပြစ်အားလျော်စွာ အာပတ်သင့်သော်လည်း အလဇ္ဇီမဖြစ်၊ အလဇ္ဇီပုဂ္ဂိုလ်ဟူ၍ မဆိုအပ်၊ အဘယ့်ကြောင့်နည်း ဟူမူကား အလဇ္ဇီမှ တပါး အခြားသော အကြောင်း ဖြစ်သင့်လေသောကြောင့်တည်း၊ ထိုအနက်ကို ပြခြင်းငါ ပရိဝါပါဠိတော်၌-

အာပဇ္ဇတိ သဉ္စိစ္စ၊ အာပတ္တိံ ပရိဂူဟတိ၊
ဆန္ဒာဒိအဂတိံ ယာတိ၊ အလဇ္ဇီ ဧဒိသော သိယာ၊

နာပဇ္ဇတိစ သဉ္စိစ္စ၊ အာပတ္တိံစ နဂူဟတိ၊
နဂစ္ဆတိ ဂတိဋ္ဌာပိ၊ ဧဒိသော လဇ္ဇီပုဂ္ဂလော။

ဟူ၍ ဟောတော်မူသည်။

ယောဘိက္ခု-သည်၊ သဉ္စိစ္စ-စေတနာနှင့်တကွ လုံ့လပြု၍၊ အာပဇ္ဇတိစ-အာပတ်လည်းသင့်၏၊အာပတ္တိံစ-သင့်ပြီးသောအာပတ်ကိုလည်းပရိဂူဟတိ-ဒေသနာမကြား ဖုံးလွှမ်း၏၊ ဆန္ဒာဒိ အဂတိံစ-ဆန္ဒ အစရှိသော အဂတိ လေးပါးသို့လည်း၊ ယာတိ-လိုက်၏၊ ဧဒိသော-ဤသို့ သဘောရှိသော ရဟန်းသည်၊ အလဇ္ဇီ-သည်၊ သိယာ-၏။

ယောဘိက္ခု-သည်၊ သဉ္စိစ္စ-၍၊ နာပဇ္ဇတိစ-အာပတ်လည်း မသင့်၊ အာ-ပတ္တိံစ-သင့်ပြီးသော အာပတ်ကိုလည်း၊ နဂူဟတိ၊ မဖုံးလွှမ်း၊ အဂတိဋ္ဌာပိ-အဂတိလေးပါးသို့လည်း၊ န ဂစ္ဆတိ-မလိုက်၊ ဧဒိသော - ဤသို့ သဘောရှိသော ရဟန်းသည်၊ လဇ္ဇီပုဂ္ဂလော-လဇ္ဇီပုဂ္ဂိုလ် မည်၏။

ယင်းသို့ ကျမ်းလာသည်ကို ထောက်ထားသော် ဘုရားအာဏာတော်ဖြစ်သော သိက္ခာပုဒ်ကြီးငယ်တို့ကို အဘယ်အာပတ်နည်း သင့်လိုတိုင်း သင့်စေဟု ဝီတက္ကမစေတနာနှင့်တကွ လွန်ကျူးလိုသဖြင့် အထူးထူးသော အာပတ်တို့ကို သင့်စေလျက် သင့်စေပြီးသော အာပတ်ကိုလည်း ဝိနည်းကံဖြင့် မဖျောက်မဖျက် ထိမ်ဝှက်၍ထားသော အဂတိလေးပါးသို့ လိုက်စားတတ်သော ရဟန်းညစ် အလဇ္ဇီကိုရှာသော် သာသနာတော်၌ သဒ္ဓါ၍ ရဟန်းပြုလျက် ဆရာအဆက်ဆက်တို့၏ ဩဝါဒဖြင့် ကျင့်ကြသော ရဟန်းတို့ဘောင်၌ တထောင်တွင် တယောက်မျှ ရခဲအောင်ပင် ဖြစ်ရာသည်၊အကယ်၍ ပုထုဇန်တို့ အဂတိသို့ လိုက်ကာ မလိမ္မာသော စိတ်ဖြစ်၍ တရံတဆစ် အလဇ္ဇီ ဖြစ်ငြားသော်လည်း ငါ့ဘား မှားမိချေပြီဟု သံဝေဂစိတ်လာလျက် ဝုဋ္ဌာနကံ ဒေသနာကံဖြင့် ပယ်ဖျောက်ဘ သင့်သောအာပတ်မှ ထမြောက်၍ လဇ္ဇီသူတော်ကောင်း အဖြစ်သို့ ရောက်မည်ဟု မှတ်ရမည်။

ပြဆိုခဲ့ပြီးသော အင်္ဂါနှင့်ညီ၍ အလဇ္ဇီဖြစ်လေသော ရဟန်းတို့အားလည်း ဘုရားသခင်သည် အဘယ်မျှလောက် အပြစ်တင်၍ ပြဆိုတော်မူသနည်းဟူမူကား-ဘုရား ရှေ့လက်ထက်တော်၌ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ခြောက်ဆယ့်လေးပါးသော အပြစ်နှင့် ညီအောင် အလဇ္ဇီကျင့်နေသော ရဟန်းတို့အား တပည့်လုပ်၍ နိဿယည်းပေးရာတွင်-

န ဘိက္ခဝေ အလဇ္ဇီနံ နိဿယော ဒါတဗ္ဗော၊ ယော ဒဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူသော စကားဖြင့် ချစ်သားရဟန်းတို့ အလဇ္ဇီပုဂ္ဂိုလ်တို့အား တပည့်လုပ်၍ နိဿယည်းမပေးအပ်၊ အကြင်ရဟန်းသည် နိဿယည်းပေးငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်စေဟု ပညတ်တော်မူသည်။

ရဟန်းကောင်းတို့သည် ထိုဆဗ္ဗဂ္ဂီ အလဇ္ဇီတို့ကိုမှီ၍ နေခြင်းငှါ နိဿယည်း ယူကြရာတွင်–

နဘိက္ခဝေ အလဇ္ဇီနံ နိဿာယ ဝတ္ထဗ္ဗံ၊ယော ဝသေယျ၊အာပတ္တိ ဒုက္ကဋဿ။

ဟူသော စကားဖြင့် ချစ်သားရဟန်းတို့ အလဇ္ဇီပုဂ္ဂိုလ်တို့ကို မှီ၍ မနေအပ်၊ အကြင်ရဟန်းသည် မှီ၍နေငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်စေဟု-ပညတ်တော်မူသည်ကို ဝိနည်းမဟာဝါပါဠိတော်၌ လာသည်၊ အဋ္ဌကထာဆရာတို့ကလည်း အသစ်သော ဌာနသို့ ရောက်သော ရဟန်းသည် နိဿယ မုစ္စက မဟုတ်သောကြောင့် နိဿယည်းယူ၍ နေလိုသော ထိုရဟန်း၏ အလဇ္ဇီအဖြစ် လဇ္ဇီအဖြစ်ကို သိခြင်းငှါ လေးရက်, ငါးရက်ခန့် ကြာအောင် ဆိုင်းလင့်ကာ နေ၍ လဇ္ဇီအဖြစ်ကိုသိမှ နိဿယည်း ယူရမည်ဟူ၍ ဆိုသည်၊ ဋီကာကြီး လေးစောင် ဂဏ္ဌိ သုံးစောင်တို့၌လည်း ဤမျှသာဆိုသည်၊ ပါရာဇိကဏ် အဋ္ဌကထာ၌ သမ္ဘောဂကို ပြတော်မူရာဝယ်–

အလဇ္ဇီနော အလဇ္ဇိနာ သဒ္ဓိံ ပရိဘောဂေါ ဝဋ္ဋတိ၊အာပတ္တိယာ န ကာရေတဗ္ဗော၊ လဇ္ဇီနော အလဇ္ဇိနာ သဒ္ဓိံ ယာဝ န ဇာနာတိ၊ တာဝ ဝဋ္ဋတိ၊ အာဒိတော ပဋ္ဌာယ ဟိ အလဇ္ဇီနာမ နတ္ထိ၊ တသ္မာ ယဒါဿ အလဇ္ဇီဘာဝံ ဇာနာတိ၊ တဒါ ဝတ္တဗ္ဗော။

အစရှိသော ပါဠ်ဖြင့် အလဇ္ဇီရဟန်းသည် အလဇ္ဇီဖြစ်သော ရဟန်းတဦးနှင့် အတူတကွ သုံးဆောင်ကြခြင်းသည် အပ်သည်သာတည်း၊ တဦးဦးသော သူအား အာပတ်ဖြင့် မတင်အပ်၊ လဇ္ဇီသူတော်ကောင်း၏ အလဇ္ဇီနှင့်ပေါင်းဖက်ခြင်း၌ကား အကြင်မျှလောက် အလဇ္ဇီ၏ အဖြစ်ကို မသိသေး၊ ထိုမျှလောက် ကာလပတ်လုံး တကွသုံးဆောင်ခြင်း၌ အပြစ်မရှိ၊ အဘယ့်ကြောင့်နည်းဟူမူကား အစမှစ၍ အလဇ္ဇီဖြစ်သော ရဟန်းမည်သည် မရှိ၊ အလဇ္ဇီဆရာတို့ သိမ်ဝင်၍ ပဉ္စင်းခံသော ရဟန်းသည်လည်း လဇ္ဇီ သူတော်ကောင်း

ပင် ဖြစ်၏၊ ထို့ကြောင့် အလဇ္ဇီမှန်းမသိ၍ တကွသုံးဆောင်ရာ၌ အာပတ်မရှိ သည့်သာတည်း၊ အကြင်အခါ၌ ထိုရဟန်း၏ အလဇ္ဇီအဖြစ်ကိုသိအံ့၊ ထိုအခါ ဤသို့ဆိုအပ်၏၊ သင်သည် ကိုယ်ဖြင့် လည်းကောင်း, နှုတ်ဖြင့်လည်းကောင်း အာပတ်ကြီးငယ်တို့ကို လွန်ကျူး၍ ကျင့်လေ့ရှိ၏၊ နောင် ဤသို့မလွန်ကျူးနှင့် ဟု ဆိုအပ်၏၊ အကယ်၍ ထိုစကားကို မလိုက်နာဘဲ ကျင့်မြဲကျင့်ပြန်သည်သာ ဖြစ်အံ့၊ ထိုရဟန်းနှင့်တကွ သုံးဆောင်ခြင်းကို မပြုအပ်၊ အကယ်၍ ပြုခဲ့ငြား အံ့၊ ထိုသဇ္ဇီ သူတော်ကောင်းသည်လည်း အလဇ္ဇီအဝင်ပင် ဖြစ်ပြန်၏၊ ဤသို့ လျှင် တဦးသော အလဇ္ဇီသည် အရာအထောင်သော လဇ္ဇီ သူတော်ကောင်း တို့အား မကောင်းသော အသရေဖြင့် ရစ်လျက် အလဇ္ဇီအဖြစ်ကို ပြုတတ်၏၊ လဇ္ဇီ သူတော်ကောင်းသည်ကား လဇ္ဇီချင်းသာ ပေါင်းဖက် သုံးဆောင်ခြင်း သည် ရွှေခွက်၌ထည့်သော ထမင်းကို မင်းသားနှစ်ဦးတို့ ယှဉ်၍ သုံးဆောင် သည်နှင့် တူ၏-ဟူ၍ မိန့်တော်မူသည်၊ ဤမှတပါး ချီးမြှောက်ခြင်း အပြားကို ပြတော်မူရာဝယ်-

> အပရေ ဒွေ ပဂ္ဂဟာ လဇ္ဇိပဂ္ဂဟော အလဇ္ဇိပဂ္ဂဟော၊ အာမိသ-ပရိဘောဂေ ဓမ္မပရိဘောဂေတိ၊ တတ္ထ အလဇ္ဇိနော လဇ္ဇိံ ပဂ္ဂ-ဟေတုံ ဝဋ္ဋတိ၊ န သော အာပတ္တိယာ ကာရေတဗ္ဗော၊ သစေ ပန လဇ္ဇီ အလဇ္ဇိံ ပဂ္ဂဏှာတိ၊အနုမောဒနာယ အဇ္ဈေသတိ၊ ဓမ္မကထာယ အဇ္ဈေသတိ၊ ကုလေသု ဥပထမ္ဘေတိ၊ ဣတရောပိ အမှာကံ အာ-စရိယော ဤဒိသောစာတိ ပရိသတိ ဝဏ္ဏံ ဘာသတိ၊ သော သာသနံ ဩသက္ကာပေတိ၊ အန္တရဓာပေတီတိ ဝေဒိတဗ္ဗံ။

ဟူသော ပါဌ်ဖြင့် ချီးမြှောက်ခြင်းသည် လဇ္ဇီပုဂ္ဂိုလ်၏ ချီးမြှောက်ခြင်း, အလဇ္ဇီပုဂ္ဂိုလ်၏ ချီးမြှောက်ခြင်းဟူ၍ နှစ်ပါးအပြားရှိသည်၊ ထိုနှစ်ပါးတို့တွင် အလဇ္ဇီရဟန်းသည် လဇ္ဇီသူတော်ကောင်းကို ချီးမြှောက်ခြင်းငှါ အပ်၏၊ အာ ပတ်ဖြင့် မဆုံးဖြတ်အပ်၊ လဇ္ဇီရဟန်းကောင်းသည်ကား အလဇ္ဇီ ပုဂ္ဂိုလ်အား ပစ္စည်းလေးပါးဖြင့်သော်လည်း ချီးမြှောက်အံ့၊ ဆွမ်းအလှူခံစသည်၌ ဆွမ်း အနုမောဒနာ ပြုစိမ့်သောငှါလည်း တိုက်တွန်းအံ့၊ တရားဟောစိမ့်သောငှါ တိုက်တွန်းအံ့၊ မိမိအလုပ်အကျွေး ဆွေမျိုးတို့ကို သော်လည်း ထောက်ပံ့စေ အံ့၊ ဤကဲ့သို့ မချီးမြှောက်မူ၍လည်း ငါတို့ဆရာ ဤသို့ ဂုဏ်သတ္တိ ရှိ၏၊ ပရိသတ်အလယ်၌ ချီးမွမ်းမြှောက်စား၍ ဆိုအံ့၊ ထိုသို့ပြုသော လဇ္ဇီရဟန်း သည် သာသနာတော်ကို ဆုတ်ယုတ်စေသည် မည်၏၊ ကွယ်စေသည် မည်၏-ဟူ၍ မိန့်တော်မူသည်။

ဤသို့ ချီးမြှောက်ထောက်ပံ့ကာမျှဖြင့် အဘယ့်ကြောင့် သာသနာတော်ကို ဆုတ်ယုတ်စေသနည်းဟူမူကား ထိုလဇ္ဇီပုဂ္ဂိုလ်သည် လဇ္ဇီရဟန်းတို့ချီးမြှောက်ခြင်းကို ကွဲရှဲသော် မိမိအပြစ်ကို မထိတ်လန့်ဘဲ လွန်ကဲ၍သာ မကောင်းကျင့်လေရာသည်၊ တပါးသော လဇ္ဇီရဟန်းတို့အားလည်း ထိပါးလွှမ်းမိုးစေရာသည်၊ ထို့ကြောင့် မချီးမြှောက်အပ်-ဟူ၍ အဋ္ဌကထာ ဆိုတော်မူသည်ဟု ဋီကာဆရာတို့ မိန့်ကြ၏၊ ဤအဋ္ဌကထာ, ဋီကာတို့၏ စကားလည်း ရဟန်းတို့မှာ သာသနာကိုမှီ၍ အသက်မွေးရသည်ဖြစ်လျက် သာသနာတော်ရောင်မှေးမည်ကို အလေးပြုရာမကျစိမ့်သောငှါ ရဟန်းချင်းသာ မချီးမြှောက်အပ်ဟု ပြသောစကားဖြစ်လည်း။

လူဖြစ်သော ဒါယကာတို့က မလျှူအပ်, မချီးမြှောက်အပ်ဟု ပြသောအရာမဟုတ်၊ ဥပထမ္ဘေတိ-ဟူသော ကာရိက်ပုဒ်၏ အနက်ကို အချက်ကျ နားမလည်သောမှတ်စုဆရာတို့သည် ရဟန်းတို့အား ပညတ်ပါသည်ကို ဒါယကာကို ထင်မှား၍ ဒါယကာများ အလဇ္ဇီရဟန်းကို လှူဒါန်းလျှင် သာသနာတော်ကို ကူညီ၍ ဖျက်သည် မည်သောကြောင့် ငရဲခံရမည်ဟု ဒိဋ္ဌိဝိပတ္တိတရားဖြင့် ဟောကြားယောင် ပြုလေသည်၊ ထိုမှတပါး အလဇ္ဇီ၏ အဖြစ်ကို ပြသည်ကား....

အလဇ္ဇီဗဟုဿုတောဝိ သမာနော လာဘဂရုတာယ၊ တန္တိံ ဝိသံဝါဒေတွာ ဓမ္မံ ဥဒ္ဒိနယံ၊ သတ္ထုသာသနံ ဒီပေတွာ သာသနေ မဟန္တံ ဥပဒ္ဒဝံ ကရောတိ၊ သံဃဘေဒံပိ သံဃရာဇိံပိ ဥပ္ပါဒေတိ။

ဟူသော ပါဠ်ဖြင့် သုံးရပ်သော အင်္ဂါနှင့် ပြည့်စုံသော အလဇ္ဇီသည် ကျမ်းဂန်ပိဋကတ်၌ တတ်သိလိမ္မာသောဗဟုဿုတ ပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း ဝိနည်းမိုရ်အရာ၌ ထား၍ တရား မဆုံးဖြတ်စေအပ်၊ အဘယ့်ကြောင့်နည်းဟူမူကား–ထိုအလဇ္ဇီသည် လာဘသက္ကာရကို အလေးပြုသဖြင့် ဘုရားပါဠိကို ချွတ်ယွင်းစေ၍ တရား မဟုတ်သည်ကို အဟုတ်၊ ဝိနည်း မဟုတ်သည်ကို အဟုတ်၊ ဘုရားအဆုံးအမ မဟုတ်ပဲကို ဘုရားအဆုံးအမဟု ပြ၍ သာသနာတော်၌ ကြီးစွာသော ဘေးဥပဒ္ဒဝေါတို့ကိုလည်း ပြုတတ်၏၊ သံဃာကွဲပြားခြင်းကိုသည်းကောင်း, သံဃာ့အရေးအရာ ကိုလည်ကောင်း ဖြစ်စေတတ်၏၊ ထို့ကြောင့် အလဇ္ဇီပုဂ္ဂိုလ်ကို ဝိနည်းမိုရ်အရာ၌ထား၍ တရား မဆုံးဖြတ်စေအပ်ဟု ပြတော်မူသည်။

အလဇ္ဇီပုဂ္ဂိုလ်နှင့် လဇ္ဇီပုဂ္ဂိုလ်သည် အဓိကရုဏ်းဖြစ်ကြရာ၌ ဝိနည်းမိုရ် ဆရာတို့က နည်းပေးလမ်းပြ မပြုသင့်ကြောင်းကို ပရိဝါ အဋ္ဌကထာ, ဝိနယ သင်္ဂဟ အဋ္ဌကထာတို့၌ ..

> တတြ စေ အလဇ္ဇီ လဇ္ဇိံ စောဒေတိ၊ သောစ အလဇ္ဇီ ဗာလော ဟောတိ အဗျတ္တော၊ နယ နယော ဒါတဗ္ဗော။ ။အစရှိသည်ဖြင့် မိန့်တော်မူသည်။

အဓိပ္ပါယ်ကား-အလဇ္ဇီရဟန်းသည် လဇ္ဇီ သူတော်ကောင်းအား တခုခု သောအကြောင်းဖြင့် စောဒနာငြားအံ့၊ ထိုအလဇ္ဇီသည် ဆိုခွင့် ပြောခွင့်၌ မလိမ္မာသည်ဖြစ်အံ့၊ ဤသို့ဆိုရာ၏၊ ဤသို့ဆိုချေရာ၏-စသည်ဖြင့် တပါးသော ရဟန်းတို့က နည်းမပေးအပ်၊ အကယ်၍ နည်းပေးမူကား ထိုအလဇ္ဇီသည် လဇ္ဇီသူတော်ကောင်းအား လွှမ်းမိုးနှိပ်စက်၍ သူတပါး သဒ္ဒါပျက်ပြားအောင် ပြုရာ၏-ဟူ၍ ပြတော်မူသည်။

ဤသို့လျှင် အလဇ္ဇီပုဂ္ဂိုလ်သည် ရဟန်းကောင်းတို့ထံ နိဿယည်းမခံရခြင်း, ဆိုဆုံးမလျက် ထိုအကျင့်ကို မဖျောက်သော် အာမိသကို တကွ မသုံးဆောင် ရခြင်း, ပစ္စယ,ဓမ္မ နှစ်ပါးဖြင့် မချီးမြှောက် မထောက်ပံ့ရခြင်း, ဗဟုဿုတ ပင် ရှိသော်လည်း ဝိနည်းမိုရ်ပြု၍ တရား မဆုံးဖြတ်စေခြင်း, အဓိကရုဏ်း ဖြစ် ကြသော် နည်းပေး လမ်းပြ မပြုရခြင်း ဤမျှလောက်သော အပြစ်ကိုသာ ဝိနည်းပိဋကတ်၌ လာသည်၊ အလဇ္ဇီကို ဒါယကာတို့ မလှူအပ်၊ လှူ၍လည်း အကျိုးမဖြစ်၊ အပြစ်သာရှိသည်ဟူ၍ တစုံတခုသော ကျမ်းကြီး ကျမ်းခိုင်၌ မလာ၊ယင်းသို့ ကျမ်းမလာပဲလျက် ဆွဲလွဲချိတ်ငင်ကာ မှုဆိုးကို ရိက္ခာထောက် သကဲ့သို့ ဥပမာနှင့် တူပါလေယောင် ကျမ်းလာယောင် ကြံဖန်လျက် ဉာဏ် နုသောသူတို့အား လှည့်ဖြား ပြောဟောခြင်းသည် "အဓမ္မံ ဓမ္မောတိ ဒီပေတိ၊ အဝိနယံ ဝိနယောတိ ဒီပေတိ"ဟူသော စူဠဝါပါဠိတော်နှင့် ညီစွာ တရားမဟုတ်သည်ကို တရား၊ ဝိနည်းမဟုတ်သည်ကို ဝိနည်း-ဟု ပြသော အဓမ္မဝါဒီ, ဝိတဏ္ဍဝါဒီ သာသနာတော်၏ ဆူးငြောင့် အပါယ်ရောက် လမ်းပြ မကောင်းမှု ကုန်သည်ကြီး ဖြစ်လေတော့သည်။

ယင်းသို့ ပါဠိတော်အဖြောင့်ထားပါလျက် ဉာဏ်မှားဖြင့် ယူလေသည် ဖြစ်၍ သုံးခွင်လုံးမကိုင်ရှ် အမြိုက်ရှင်ဖြစ်တော်မူသော ဘုရားကိုယ်တော်မြတ် သည်-

> အတ္တနာ ဒုဂ္ဂဟိတေန အမှေစေဝ အဗ္ဘာစိက္ခတိ၊ အတ္တာနဉ္စ ခနတိ၊ ဗဟုံစ အပုညံ ပသဝတိ။ ။ဟူ၍ ဟောတော်မူသည်။

ယော-အကြင်သူမိုက်သည်၊ အတ္တနာ–မိမိသည်၊ ဒုဂ္ဂဟိတေန-မကောင်းသော အယူဖြင့်၊ အမှေစေဝ–ငါဘုရားတို့ကိုလည်း၊ အဗ္ဘာစိက္ခတိ-စွပ်စွဲ၏၊ အတ္တာနဉ္စ-မိမိကိုယ်ကိုလည်း၊ ခနတိ–တူးဖြိုဖျက်ဆီး၏၊ဗဟုံစ-များစွာလည်း၊ အပုညံ-မကောင်းမှုသည်၊ ပသဝတိ-ပွားများ၏။

ဤပါဠိတော်ကိုထောက်ဆ၍ မကောင်းမှု မဖြစ်ကြစိမ့်သောငှါ ဓမ္မကထာ အရာ၌ သိဿာနုသိဿတို့အား ဘုရားဟောသမျှ ကျမ်းပြောသမျှနှင့်သာ ဩဝါဒ ပေးကုန်ရာသည်။

ပြခဲ့ပြီးသော အင်္ဂါသုံးပါးနှင့်ညီစွာ အာပတ်ကို လွန်ကျူး၍ အလဇ္ဇီ ဖြစ်သော ရဟန်းကိုသျှက် လူတို့မလှူဒါန်းအပ်ဟု မြစ်တားသော ပါဠိအဋ္ဌကထာ မရှိ-ဟူ၍ ဆိုသော် ထိုအလဇ္ဇီကို လှူဒါန်းသဖြင့် အကျိုးရှိသည်-ဟူ၍ ဟောတော်မူသော ဒေသနာတော် ရှိပါ၏လောဟု ဆိုငြားအံ့၊ ပုဂ္ဂလိကဖြစ်သော အလှူခံ တကျိပ်လေးပါးတို့တွင် အဘယ်၌ သွင်း၍ ဟောတော်မူသနည်း ဟူငြားအံ့၊ ဝိနည်းပိဋကတ်၌ ပြအပ်သော နည်းအားဖြင့် ရဟန်းအလဇ္ဇီသည် သီလဝန္တ သုပ္ပဋိပန္န ပုဂ္ဂိုလ်ပင် ဖြစ်သည်၊ သုတ္တန်ပိဋကတ်တို့၌ လာသော နည်းအားဖြင့်ကား သောတာပတ္တိမဂ္ဂ ပဋိပန္နပုဂ္ဂိုလ်ပင် ဖြစ်သည်၊ ထို့ကြောင့် ရဟန်းသံဃာဟု ရည်မှတ်၍ လှူဒါန်းရသောသူသည် အသင်္ချေယျ အကျိုး ရှိသည်သာဟု မှတ်ရာသတည်း။

ထိုဝိနည်းပိဋကတ်အလိုအားဖြင့် သီလဝန္တ သုပ္ပဋိပန္န ပုဂ္ဂိုလ်၏အဖြစ်ကို အဘယ်ကိုထောက်ဆ၍ သိရကုန်အံ့နည်း ဟူမူကား....

> ပဉ္စမာ ဟိ ဒွေ အာပတ္တိခန္ဓာဟိ သီလဝိပတ္တိနာမ၊ အဝသေသာ ပဉ္စ အာစာရဝိပတ္တိနာမ၊ မိစ္ဆာဒိဋ္ဌိ အန္တဂ္ဂါဟိကဒိဋ္ဌိစ ဒိဋ္ဌိဝိပတ္တိနာမ၊ အာဇီဝဟေတုယာ ပညတ္တာနိ သိက္ခာပဒါနိ အာဇီဝဝိပတ္တိနာမ။

ဟူသော ပရိဝါအဋ္ဌကထာ, ဝိနည်းသင်္ဂြိုဟ်အဋ္ဌကထာတို့နှင့်ညီစွာ ပါရာဇိက, သံဃာဒိသိသ် အာပတ်သင့်သော ရဟန်းသည် သီလပျက်ဖြစ်၍ သီလဝိပတ္တိ မည်၏၊ထုလ္လစ္စည်း ပါစိတ် ဒုက္ကဋ်သင့်သော ရဟန်းသည် သီလကား မပျက်၊ အာစာရပျက်သောကြောင့် အာစာရဝိပတ္တိ မည်၏၊ မှားသောအယူ, ယုတ်သောအယူရှိသော ရဟန်းသည် သီလ,အာစာရကား မပျက်၊ အယူသာ

ပျက်သောကြောင့် ဒိဋ္ဌိဝိပတ္တိ မည်၏၊ အသက်မွေးလိုခြင်းဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်သော ကုလဒူသက ရှစ်ပါး, အနေသန နှစ်ဆယ့်တပါးတို့ကို ပြုသော ရဟန်းသည် သီလ, အာစာရ အယုဝ္ါဒကား မပျက်၊ အသက်မွေးခြင်းဟူသော အာဇီဝသာ ပျက်သည်ဖြစ်၍ အာဇီဝဝိပတ္တိ မည်၏၊ ထိုကြောင့် ပါရာဇိက သံဃာဒိသိသ် ဟူသော သိက္ခာပုဒ်ကြီးတို့ကို လုံခြုံလျက် ထုလ္လစ္စည်း, ပါစိတ်,ဒုက္ကဋ်အာပတ်သင့်သော အလဇ္ဇီသည် သီလပျက်မဟုတ်၊ အာစာရပျက် ဖြစ်ရကား သီလဝန္တ သုပ္ပဋိပန္န ပုဂ္ဂိုလ်ပင် ဖြစ်သည်ဟု ဆိုအပ်၏။

ပါစိတ်, ဒုက္ကဋ်သင့်၍ အလဇ္ဇီဖြစ်ရုံမျှမက ကာလဝိပတ္တိ ဒေသဝိပတ္တိ စသည်နှင့် ကြုံသောအခါ ဒါယကာ အလုပ်အကျွေး မရှိသော ရဟန်းတို့သည် လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း, ရွှေ ငွေသိမ်းခံခြင်း, မာတုဂါမတို့နှင့် ဖက်ယှဉ် ရောင်းဝယ်သဖြင့် ဒုဋ္ဌုလ္လဝါစာ-စသော သံဃာဒိသိသ်တို့ သင့်ခြင်းဖြင့် ဂရုက အာပတ်တိုင်အောင် ယိုယွင်း၍ အရင်းဖြစ်သော ပါရာဇိက လေးပါးကိုသာ လုံခြုံစွာ စောင့်ရှောက်လျက် နေကုန်အံ့၊ ထိုသို့သော ရဟန်းသည်လည်း သီလဝန္တ သုပ္ပဋိပန္နပင် ဖြစ်သည် မည်၏။

ယင်းသို့ ပါရာဇိက သိက္ခာပုဒ်မျှသာ ကြွင်း၍ အရင်းမပြတ်သေးသော ရဟန်း ငါးယောက် ရှိခဲ့လျှင် သာသနာတော်သို့ ဝင်လိုသောသူတို့ကို ရှင် ရဟန်းပြု၍ ဒသဝဂ်ရှိသောအခါ မဇ္ဈိမဒေသ၌ ဥပသမ္ပဒကံကို ဆောင်လျက် ဝိသတိဝဂ်, အတိရေကဝိသတိဝဂ် ရှိသောအခါ ကာလရှည်စွာ မိမိတို့ လွန်ကျူးခဲ့သော အာပတ်တို့ကို ဇာတ်တူရင်း ပေါင်း၍ ဒေသနာကံ,ဝုဋ္ဌာနကံဖြင့် ငြိမ်းစေသော် သင့်လေသမျှသော အာပတ်သည် သန့်စင်၍ တိမ်မြုပ်မတင် ကောင်းကင်မှတက်၍ ထွန်းသော လဝန်း၏ ဥပမာ ဘုရားသာသနာတော်သည် ကောင်းစွာ စင်ကြယ်လေ၏၊ မဂ်လေးတန်, ဖိုလ်လေးတန်နှင့် အဘိဉာဏ် သမာပတ် တည်းဟူသော မဟဂ္ဂုတ် လောကုတ္တရာ ပန်းသည် လန်းလန်းကြီး ပွင့်လေသေး၏ဟု ပြတော်မူလိုသော အရှင်ဗုဒ္ဓဃောသဆရာသည် ပါစိတ်အဋ္ဌကထာ ဝိလေခန သိက္ခာပုဒ် အဖွင့်၌–

ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊အသုညော လောကော အရဟန္တေဟိ အဿာတိ ဣမိနာ သုတ္တေန သာသနဿ ပဋိပတ္တိမူလန္တိ ဝတွာ ယာဝ ပဉ္စဘိက္ခူ သမ္မာပဋိပန္နာ သံဝိဇ္ဇန္တိ၊ တာဝ သာသနံ ဌိတံ ဟောတိ။ ။ဟူ၍ရင်း,

သစေ ပဉ္စ ဘိက္ခူ စတ္တာရိ ပါရာဇိကာနိ ရက္ခဏကာ ဟောန္တိ၊ တေ သဒ္ဓေ ကုလပုတ္တေ ပဗ္ဗာဇေတွာ ပစ္စန္တိမေ ဇနပဒေ ဥပသမ္ပာဒေတွာ ဒသဝဂ္ဂံ ဂဏံ ပူရေတွာ မဇ္ဈိမေ ဇနပဒေပိ ဥပသမ္ပဒံ ကရိသန္တိ၊ တေနေဝ ပါယေန ဝီသတိဝဂ္ဂဂဏံ သံဃံ ပူရေတွာ အတ္တနောပိ အဗ္ဘာနကမ္မံ ကတွာ သာသနံ ဝုဍ္ဎိံ ဝိရုဠှိံ ဝေပုလ္လံ ဂမယိဿန္တိ၊ ဧဝမယံ ဝိနယဓရော တိဝိဓေသာပိ သဒ္ဓမ္မဿ စိရဋ္ဌိတိယာ ပဋိပန္နော ဟောတီတိ။ ။ဟူ၍ရင်း မိန့်တော်မူသည်။

အနက်ကား-သုဘဒ္ဒ-သုဘဒ်၊ ဣမေစ ဘိက္ခူ-ဤရဟန်းတို့သည်လည်း၊ သမ္မာ-ကောင်းစွာကျင့်ကုန်လျက်၊ ဝိဟရေယျုံ-နေကုန်ငြားအံ့၊ လောကောလောကသည်၊ အရဟန္တေဟိ-ရဟန္တာတို့နှင့်၊ အသုညော-မဆိတ်မညံ့သည်၊ အဿ-ဖြစ်ရာ၏၊ ဣတိ-သို့၊ဣမိနာ သုတ္တေန-ဖြင့်၊ ပဋိပတ္တိ - အကျင့်သည်၊ သာသနဿ-၏၊ မူလံ-အရင်းမည်၏၊ ဣတိဝတွာ-ဤသို့ဆိုကုန်၍၊ ယာဝအကြင်မျှလောက်၊ ပဉ္စဘိက္ခူ-ငါးဦးသော ရဟန်းတို့သည်၊ သမ္မာပဋိပန္နာကောင်းစွာကျင့်ကုန်လျက်၊ သံဝိဇ္ဇန္တိ-ရှိကုန်အံ့၊ တာဝ-လောက်၊ သာသနံသည်၊ ဌိတံ-တည်သည်၊ ဟောတိ-၏။ ။ပဉ္စဘိက္ခူ-တို့သည်၊ စတ္တာရိပါရာဇိကာနိ-တို့ကို၊ ရက္ခဏကာ - စောင့်ရှောက်ခြင်း ရှိကုန်သည်၊ သစေဟောန္တိ-အကယ်၍ ဖြစ်ကုန်အံ့၊ တေ-ထိုပါရာဇိက အာပတ်မှ လုံခြုံစွာ တည်သော ရဟန်းတို့သည်၊ သဒ္ဓေ-သဒ္ဓါတရား ရှိကုန်သော၊ ကုလပုတ္တေ-တို့ကို၊ ပဗ္ဗာဇေတွာ-ရဟန်းပြု၍၊ ပစ္စန္တိမေ ဇနပဒေ-ပစ္စန္တရစ် ဇနပုဒ်၌၊ ဥပသမ္ပာဒေတွာ-ပဉ္စင်းခံ၍၊ ဒသဝဂ္ဂံ-ဒသဝဂ်ရှိသော၊ ဂဏံ-ဂိုဏ်းကို၊ ပူရေတွာ-ပြည့်စေ၍၊ မဇ္ဈိမေ ဇနပဒေပိ-မဇ္ဈိမဒေသ ဇနပုဒ်၌လည်း၊ဥပသမ္ပဒံ-ပဉ္စင်းခံခြင်းကို ကရိသန္တိ-လတ္တံ့၊ တေနေဝ ပါယေန-ဤသို့သောအကြောင်းဖြင့်၊ ဝီသတိဝဂ္ဂဂဏံ-ဝီသတိဝဂ် ဂိုဏ်းရှိသော၊ သံဃံ-သံဃာကို၊ ပူရေတွာ - ပြည့်စေ၍၊ အတ္တနောပိ-မိမိ၏လည်း၊ အဗ္ဘာနကမ္မံ-အဗ္ဘာန်သွင်းခြင်း အမှုကို၊ ကတွာ-၍၊သာသနံ-သည်၊ ဝုဍ္ဎိံ ဝိရုဠှိံ-ကြီးပွားစည်ပင်ခြင်းသို့၊ဝေပုလ္လံ-ပြန့်ပြောစည်ပင်ခြင်းသို့၊ ဂမယိဿန္တိ-ရောက်ကုန်လတ္တံ့၊ ဧဝံ-သို့၊ အယံဝိနယဓရော-ဤ ဝိနည်းကို ဆောင်သော ပုဂ္ဂိုလ်သည်၊ တိဝိဓေသာပိ-သုံးပါးအပြား ရှိသည် လည်း ဖြစ်သော၊ သဒ္ဓမ္မဿ-သူတော်ကောင်းတရား၏၊ စိရဋ္ဌိတိယာ-ကြာမြင့်စွာ တည်ခြင်းငှါ၊ ပဋိပန္နော-ကျင့်သည် မည်သည်၊ ဟောတိ-၏။

မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ, သံယုတ်အဋ္ဌကထာတို့၌ ဤအတူပင် လာသည်၊ ဤသို့ ပါဠိ အဋ္ဌကထာတို့၌ ပါရာဇိက လေးပါးကို လုံခြုံအောင်

စောင့်နိုင်သော ရဟန်းကိုပင် သီလဝန္တ သုပ္ပဋိပန္န-ဟု ဆိုအပ်သောကြောင့် အလင်္ကီသည်လည်း သီလဝန္တ သုပ္ပဋိပန္န-ဟု မှချသိအပ်သည်။

သုတ္တန်ပိဋကတ်၌ လာသော နည်းအားဖြင့် အလင်္ကီသည် သီလဝန္တပုဂ္ဂိုလ် ဖြစ်ဟန်ကို အဘယ်သို့ သိအပ်သနည်း ဟူမူကား-မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ ဒက္ခိဏဝိဘင်္ဂသုတ်၌ ''စုဒ္ဒသ ခေါ ပနိမာနန္ဒ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ''အစ ရှိသော ပါဠိဖြင့် ဘုရား, ပစ္စေကဗုဒ္ဓါ,ရဟန္တာ,အရဟတ္တဖိုလ်ကို မျက်မှောက် ပြုခြင်းငှါကျင့်သော ပုဂ္ဂိုလ်, အနာဂါမ်, အနာဂါမိဖိုလ်ကို မျက်မှောက် ပြု ခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်, သကဒါဂါမ်,သကဒါဂါမိဖိုလ်ကို မျက်မှောက် ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်, သောတာပန်,သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်, ကာမေသု ဝီတရာဂဖြစ်သော ဗာဟိရက ရဟန်း,သီလဝန္တဖြစ်သော ပုထုဇန်,ဒုဿီလ ဖြစ်သော လူပုထုဇန်, တိရစ္ဆာန် ဖြစ်သော သတ္တဝါ-ဟူ၍ အလှူခံပုဂ္ဂိုလ် တဆယ့်လေးပါး အပြားရှိသည်။

ထိုတဆယ့်လေးပါးတို့တွင် တိရစ္ဆာန်ကို ပေးလှူရသော် တရာသောဘဝ၌ အကျိုးခံစားရသည်၊ဒုဿီလဖြစ်သော လူကို ပေးလှူရသော် တထောင်သော ဘဝ၌ အကျိုးခံစားရသည်၊ သီလဝန္တဖြစ်သော လူကို လှူရသော် တသိန်း သော ဘဝ၌ အကျိုးခံစားရသည်၊ ကာမေသု ဝီတရာဂ ဗာဟိရကဖြစ်သော ရသေ့ ရဟန်းတို့၌ လှူရခြင်းသည် ကုဋေတသိန်းသော ဘဝတို့၌ အကျိုးခံစား ရသည်၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်၌ ပေးလှူရခြင်းသည် အသင်္ချေယျ အပ္ပမေယျ ဘဝတို့၌ အကျိုးခံစားရသည်၊ သောတာပန်, သကဒါဂါမ်-စသည်တို့၌ ပေးလှူရမူကား ဆိုဘွယ်မရှိ၊ နိဗ္ဗာန် တိုင်အောင်ပင် အကျိုးခံစားရသည် ဟူ၍ ဟောတော်မူသည်။

ဋင်းပါဠိကိုဖွင့်ရာ ပပဉ္စသူဒနီ အဋ္ဌကထာ၌ တိရစ္ဆာန် ပုထုဇန်ဒုဿီလ ပုထုဇန်သီလဝန္တ ဗာဟိရကပဗ္ဗဇ္ဇ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္န-ဟူသော အလှူခံငါးဦးတို့၏ သရုပ်ကို ထင်စွာပြလိုရကား....

> ပုထုဇ္ဇနဒုဿီလာနာမ ကေဝဋ္ဋမစ္ဆဗန္ဓာဒယော ပရံ ပီဠာယ ဇီဝိကံ ကပ္ပေတာ၊ပုထုဇ္ဇနသီလဝါနာမ ဂေါသီလဓာတုကောဟောတိ၊အသ- ဌော အမာယာဝီ ပရံ အပီဠေတွာ ဓမ္မေန သမေန ကသိဂေါရက္ခာဒယဝါ ဇီဝိကံကပ္ပေတာ၊ ဗာဟိရကော ကာမေသု ဝီတရာဂေတိ ကမ္မဝါဒိ- ကိရိယဝါဒီမှိ လောကိယပဉ္စာဘိညော၊ သောတာပတ္တိဖလသစ္ဆိကိရိ- ယာယ ပဋိပန္နေတိ ဧတ္ထ ဟေဋ္ဌိမကောဋိယာ တိသရဏံ ဂတော ဥပါ-

သကောပိ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နောနာမ၊ တဿ ဒိန္နဒါနံပိ အသင်္ချေယျံ အပ္ပမေယျံ-ဟူ၍ မိန့်တော်မူသည်။

မြန်မာဘာသာကား-တပါးသော သတ္တဝါတို့ကို နှိပ်စက်၍ အသက်မွေး ခြင်းကို ပြုတတ်သော မုဆိုးတံငါ စသည်တို့သည် ပုထုဇန်ဒုဿီလမည်၏၊ အမျိုးတို့၏ အကျင့်ကိုမျှ စောင့်ရှောက်လေ့ရှိသော စဉ်းလဲခြင်း ညှဉ်းပန်းခြင်း အားဖြင့် သူတပါးကို မနှိပ်စက်မူ၍ တရားသဖြင့် အသက်မွေးခြင်းကို ပြုတတ် သော သူသည် ပုထုဇန်သီလဝန္တ မည်၏၊ ကမ္မဝါဒီ ကိရိယဝါဒီ အယူ၌ ရဟန်းပြု၍ လောကီအဘိညာဏ် ငါးပါးကို ဝင်စားလေ့လာနိုင်သော ရဟန်း တို့သည် ဗာဟိရကကာမေသု ဝီတရာဂ ပုဂ္ဂိုလ်မည်၏၊ အောက်ဆုံးဖြစ်သော အပိုင်းအခြားအားဖြင့် သာသနာတော်၌ သရဏဂုံတည်သော ဥပါသကာကို အစပြု၍ သာမဏေ ရဟန်းအပေါင်းတို့သည် သောတာပတ္တိဖိုလ်ကို မျက် မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်ချည်း မည်ကုန်၏။

ထိုငါးပါးတို့တွင် အဆုံးဖြစ်သော သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္န၌ အကျုံးဝင်သော ပုဂ္ဂိုလ်တို့ကို သရုပ်ဖေါ်၍ ပြတော်မူခြင်းငှါ ဋီကာ အဋ္ဌကထာ၌-

> ပဉ္စသီလေ ပတိဋ္ဌိတဿ ပန တတော ဥတ္တရိ မဟပ္ဖလံ၊ ဒသသီလေ ပတိဋ္ဌိတဿ တတော ဥတ္တရိ၊ တဒဟုပဗ္ဗဇိတဿ သာမဏေရဿ တတော ဥတ္တရိ၊ ဥပသမ္ပန္နဘိက္ခုနော တတောဥတ္တရိ၊ ဥပသမ္ပန္နဿေဝ ဝတ္တသမ္ပန္နဿ တတော ဥတ္တရိ၊ ဝိပဿကဿ တတော ဥတ္တရိ၊ အာရဒ္ဓဝိပဿကဿ တတော ဥတ္တရိ၊ ဥတ္တမကောဋိယာ ပန မဂ္ဂသမင်္ဂီ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နောနာမ၊ တေဿ ဒိန္နဒါနံ တတော ဥတ္တရိ မဟပ္ဖလမေဝ။ ။ဟူ၍ ဟောတော်မူလေသည်။

ပန-ဖလပဋိပန္န ပုဂ္ဂိုလ်ကို သရုပ်ထုတ်၍ ဆိုလိုက်ဦးအံ့၊ ပဉ္စသီလေ-ငါး ပါးသော သီလ၌၊ ပတိဋ္ဌိတဿ-တည်သောသူအား၊ ဒိန္နံ-ပေးလှူရခြင်းသည်၊ တတော - ထိုသရဏဂုံ တည်သောသူကို လှူရသောထက်၊ ဥတ္တရိ – အလွန်၊ မဟပ္ဖလံ-ကြီးသော အကျိုးရှိ၏၊ ဒသသီလေ-ဆယ်ပါးသော သီလ၌၊ပတိဋ္ဌိ-တဿ-တည်သောသူအား၊ ဒိန္နံ-ပေးလှူရခြင်းသည်၊ တတော-ထိုပဉ္စသီတည် သောသူကို လှူရသည်ထက်၊ဥတ္တရိ-အလွန်၊ မဟပ္ဖလံ-၏၊ တဒဟုပဗ္ဗဇိတဿ- ထိုနေ့ရှင်ပြုသော၊ သာမဏေရဿ-အား၊ ဒိန္နံ-သည်၊ တတော- ထိုဥပါသကာ ကို လှူရသောထက်၊ ဥတ္တရိ-အလွန်၊ မဟပ္ဖလံ - ၏၊ ဥပသမ္ပန္နဘိက္ခုနော-

ပဋ္ဌင်းဖြစ်သော ရဟန်းအား၊ ဒိန္နံ-သည်၊ တတော-ထိုသာမဏေကို လှူရသော ထက်၊ ဥတ္တရိ-လွန်၊ မဟပ္ဖလံ-၏၊ ဝတ္တသမ္ပန္နဿ-အကျင့်ဝတ်နှင့် ပြည့်စုံ သော၊ ဥပသမ္ပန္နဿေဝ - ပဋ္ဌင်းဖြစ်သော သူအားသာလျှင်၊ ဒိန္နံ - သည်၊ တတော-ထိုပဋ္ဌင်းသာမဏေကို လှူရသောထက်၊ ဥတ္တရိ-လွန်၊ မဟပ္ဖလံ-၏၊ ဝိပဿကဿ - ဝိပဿနာရှုသော ရဟန်းအား၊ ဒိန္နံ - သည်၊ တတော- ထိုအကျင့်ဝတ်နှင့်ပြည့်စုံသော ပဋ္ဌင်းကို လှူရသောထက်၊ဥတ္တရိ-လွန်၊မဟပ္ဖလံ- ၏၊ အာရဒ္ဓဝိပဿကဿ - အားထုတ်အပ်သော ဝိပဿနာရှိသော ရဟန်း အား၊ ဒိန္နံ-သည်၊ တတော-ထိုဝိပဿနာရှုသော ရဟန်းကို လှူရသောထက်၊ ဥတ္တရိ-လွန်၊ မဟပ္ဖလံ-ရှိ၏၊ ဥတ္တမကောဋိယာ-လွန်သော အစွန်းဖြင့်၊ မဂ္ဂ- သမင်္ဂီ-မဂ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နေ့ာနာမ-သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ် မည်၏၊ တေဿ-ထို မဂ္ဂဋ္ဌပုဂ္ဂိုလ်အား၊ ဒိန္နဒါနံ-သည်၊ တတော-ထိုအာရဒ္ဓ ဝိပဿကပုဂ္ဂိုလ်ကို လှူရသောထက်၊ ဥတ္တရိ-လွန်၊ မဟပ္ဖလမေဝ-ကြီးသော အကျိုးရှိသည်သာတည်း။

ဤအဋ္ဌကထာပါဌ်ဖြင့် ကျင့်ဝတ်နှင့် မပြည့်စုံသော ရဟန်း, ကျင့်ဝတ်နှင့် ပြည့်စုံသော ရဟန်း, ကမ္မဋ္ဌာန်း ဝိပဿနာကို အားထုတ်သော ရဟန်း-ဟူ၍ သုံးပါးခွဲ၍ ပြသည်တွင် ရဟန်းအလင်္ဇီသည် ကျင့်ဝတ်တို့နှင့် မပြည့်စုံသော အာစာရဝိပတ္တိ ရဟန်းဖြစ်၍ သိက္ခာတင်စ ရဟန်းငယ်နှင့်တူသည်၊ ထိုရဟန်း ငယ်အားရှင်း, အလင်္ဇီရဟန်းအားရှင်း လှူသောဒါနသည် ဈာန်အဘိညာဉ်ကို ရသော ဗာဟိရက ရသေ့နှင့် သီလနှင့်ပြည့်စုံသောသာမဏေကို လှူရသော ထက် ဆယ်ဆတိုး၍ အကျိုးမြင့်မြတ်သည်ဟု ပြတော်မူသည်။

ယင်းသို့ သီလနှင့် ပြည့်စုံပါလျက် အာစာရပျက်ရုံ တစုံတခုသော ပါစိတ်, ဒုက္ကဋ် အာပတ်နှင့် ညီအောင် ကျော်နင်းသောကြောင့် ရဟန်းအလင်္ဇီ ခေါ် ထိုက်ရုံသော ပုဂ္ဂိုလ်ကို မဆိုထားဘိ၊ လေးပါးသော ပါရာဇိကသို့ရောက်၍ သီလမှောက် သီလပျက် ဖြစ်သော ဒုဿီလပါပ ဘိက္ခုယောင်ကိုရှင်း,ဖန်ရည် စွန်းသော သင်္ကန်းကို ဝတ်ရုံ လွှမ်းခြုံ လည်ရောက်ရုံမျှသော ဒုဿီလပုဂ္ဂိုလ်ကို ရှင်း သံဃာတော်ဟုရည်မှတ်၍လှူဒါန်းပူဇော်မှုကား အသင်္ချေယျ အပ္ပမေယျ အကျိုးရကြောင်းကို ဒက္ခိဏာဝိဘင်္ဂသုတ်, အင်္ဂုတ္တိုရ်ပါဠိတော်တို့၌-

ဘဝိဿန္တိ ခေါ ပနာနန္ဒ အနာဂတမဒ္ဓါနံ ဂေါတြဘုနော ကာသာဝကဏ္ဌာ ဒုဿီလာ ပါပဓမ္မာ တေသု ဒုဿီလေသု သံဃံ

ဉဒ္ဒိသ ဒါနံ ဒသသန္တိ၊ တဒါ ပါဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယျံ အပ္ပမေယျန္တိ ဝဒါမိ၊ နတွေဝါဟံ အာနန္ဒ ယေနကေနစိ ပရိယာယေန သံဃဂတာယ ဒက္ခိဏာယ ပါဋိပုဂ္ဂလိကဒါနံ မဟပ္ဖလတရံ ဝဒါမိ။ ။ဟူ၍ ဟောတော်မူသည်။

အဓိပ္ပါယ်ကား- ချစ်သား အာနန္ဒာ နောင် လာလတ္တံ့သော ကာလ၌ ရဟန်း၏ အနွယ်မျှသာ ဖြစ်ကုန်သော ဖန်ရည်စွန်းသော အဝတ်ကို လည် ရောက်ရုံမျှသာ ဖြစ်ကုန်သော သား, မယား မှီခဲ့သဖြင့် ယုတ်မာသော အကျင့်ရှိကုန်သော ဒုဿီလပုဂ္ဂိုလ်တို့သည် ထင်ရှားဖြစ်ကုန်လတ္တံ့။ ရဟန်း အရာ ကုသိုလ်ကိုရှာသော လူတို့သည် ထိုဒုဿီလတို့အား သံဃာတော်-ဟု ရည်မှတ်၍ အလှူအဒါန်း ပေးကမ်းလတ္တံ့။ ချစ်သား အာနန္ဒာ-ထိုအခါလည်း သံဃာအားရည်၍ ပြုအပ်သောဒါနသည် အသင်္ချေယျ အပ္ပမေယျ အကျိုးရှိ သည်သာတည်း-ဟု ဘုရားဟောတော်မူ၏၊ ချစ်သား အာနန္ဒာ သံဃာကို ရည်မှတ်၍ လှူအပ်သော ဒါနထက် ပုဂ္ဂလိက ဒါနအကျိုး ကြီးမြတ်၏ ဟူ၍ တစုံတခုသော ပရိယာယ် နည်းအားဖြင့် ငါဘုရား ဟောတော်မမူ၊ ကေန္တ မုချအားဖြင့် အသင်္ချေယျ အကျိုးများကြောင်းကို ငါဘုရား ဟောတော်မူ၏ ဟူလိုသည်။

ဤပါဠိတော်မြတ်ဖြင့် အဆက်ဆက် အကျိုးကြီးမြတ်ကြောင်းကို ဟော တော်မူသည်၊ ဘုရားအလိုတော် မမြော်မဆနိုင်ကြသော မန္ဒပုထုဇန်တို့က ရဟန်းယောင် ဒုဿီလကို သံဃိကကို ရည်၍ လှူရာ၌သာ အကျိုးရှိသည်၊ ပုဂ္ဂလိက လှူရာ၌ အကျိုးရှိ၏ဟု မသိ၍ ဖေါက်ဖေါက်ပြန်ပြန် အကောက် ကြံ၍ မှောက် လှန်ကြမည့်အခင်းကို လင်းမြင်တော်မူသဖြင့် ထိုအယူကို ဖြူ စင်စွာ သုတ်သင်စိမ့်သောငှါ "စတဿော ခေါ ဣမာ အာနန္ဒ ဒက္ခိဏာ ဝိသုဒ္ဓိယော"အစရှိသော ဉပရိပဏ္ဏာသ ဒေသနာဖြင့် လေးဖြာသော ဒက္ခိဏာ ဝိသုဒ္ဓိကို ပြတော်မူပြန်သည်၊ ထိုပါဠ်၏ အဓိပ္ပါယ်ကား-

ချစ်သား အာနန္ဒာ.... အလှူဒါန၏ မဟပ္ဖလဖြစ်သော ဒက္ခိဏာဝိသုဒ္ဓိတို့ သည်ကား လေးပါး အပြားရှိကုန်၏၊ လေးပါး ဟူသည်ကား....

၁။ အလှူပေးသော ဒါယကာ စင်ကြယ်၍ အလှူခံပုဂ္ဂိုလ် မစင်ကြယ် သော ဒါနလည်း တပါး၊

၂။ အလှူပေးသောဒါယကာ မစင်ကြယ်၍ အလှူခံပုဂ္ဂိုလ် စင်ကြယ်သော ဒါနလည်း တပါး၊

၃။ အလှူပေး ဒါယကာလည်း မစင်ကြယ်၊ အလှူခံပုဂ္ဂိုလ်လည်း မစင်ကြယ်သော ဒါနလည်း တပါး၊

၄။ အလှူပေး အလှူခံ နှစ်ပါးစုံ စင်ကြယ်သော ဒါနလည်း တပါး၊

ဤသို့အားဖြင့် လေးပါး အပြားရှိ၏၊ ထိုလေးပါးသော ဒါနတို့တွင် အကြင် သီသနှင့် ပြည့်စုံသော ဒါယကာသည် သီလမရှိသော ဒုဿီလပုဂ္ဂိုလ်၌ ပေးလှူ၏၊တရားသဖြင့်ရအပ်သောပစ္စည်းလည်းဖြစ်၏၊ကောင်းစွာ ကြည်ညိုသော စိတ်လည်း ရှိ၏၊ ကံ, ကံ၏အကျိုးကိုလည်း ယုံကြည်၏၊ ထိုအလှူသည် ဒါယကာ စင်ကြယ်သော အားဖြင့် များသော အကျိုးရှိ၏ ဟူ၍ ပြတော်မူခြင်းငှါ....

ယော သီလဝါ ဒုဿီလေသု ဒဒါတိ ဒါနံ၊
ဓမ္မေန လဒ္ဓံ သုပသန္နစိတ္တော၊
အဘိသဒ္ဒဟံ ကမ္မဖလံ ဥဠာရံ၊
သာ ဒက္ခိဏာ ဒါယကတော ဝိသုဇ္ဈတိ။

ဟူ၍ ဟောတော်မူသည်။

အကြင် သီလမရှိသော ဒါယကာသည် သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့၌ ပေးလှူ၏၊ မတော် မတရားသဖြင့် ရအပ်သော ပစ္စည်း ဖြစ်၏၊ ကောင်းစွာ ကြည်ညိုသော စိတ်လည်း မရှိ၊ မိဘ ဆွေမျိုးတို့၏ ကျင့်ရိုးကျင့်စဉ်ကိုသာ လိုက်၍ ပြု၏၊ ကံ, ကံ၏အကျိုးကိုလည်း မယုံကြည်၊ ထိုအလှူသည် အလှူခံ ပုဂ္ဂိုလ် စင်ကြင်သောအားဖြင့် များသောအကျိုးရှိ၏ဟု ပြခြင်းငှါ...

ယော ဒုဿီလော သီလဝန္တေသု ဒဒါတိ ဒါနံ၊
အဓမ္မေန လဒ္ဓံ အပ္ပသန္နစိတ္တော၊
အနဘိသဒ္ဒဟံ ကမ္မဖလံ ဥဠာရံ။
သာ ဒက္ခိဏာ ပဋိဂ္ဂါဟကတော ဝိသုဇ္ဈတိ။

ဟူ၍ ဟောတော်မူသည်။

အကြင် သီလမရှိသော ဒါယကာသည် သီလမရှိသော ဒုဿီလ ပုဂ္ဂိုလ်၌ ပေးလှူ၏၊ မတရားသဖြင့် ရအပ်သော ပစ္စည်းလည်းဖြစ်၏၊ ကောင်းစွာကြည်ညိုသော စိတ်လည်း မရှိ၊ မိမိကိုယ်ကို သူတပါး ချီးမွမ်းစေလို၍သာ ပြု၏၊ ကံ, ကံ၏အကျိုးကိုလည်း မယုံကြည်၊ထိုအလှူသည် အလှူပေး, အလှူခံ နှစ်ဦးပင် မစင်ကြယ်သောအားဖြင့် များသော အကျိုးမရှိဟူ၍ ပြတော်မူခြင်းငှါ–

ယော ဒုဿီလော ဒုဿီလေသု ဒဒါတိ ဒါနံ၊
အဓမ္မေန လဒ္ဓံ အပ္ပသန္နစိတ္တော၊
အနဘိသဒ္ဒဟံ ကမ္မဖလံ ဥဠာရံ၊
န တံ ဒါနံ ဝိပုလပ္ဖလန္တိ ဗြူမိ။

ဟူ၍ ဟောတော်မူသည်။

အကြင် သီလရှိသော ဒါယကာသည် သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့၌ ပေးလှူအပ်၏၊ တရားသဖြင့် ရအပ်သော ပစ္စည်းဖြစ်၏၊ ကောင်းစွာ ကြည်ညိုသော စိတ်လည်း ရှိ၏၊ ကံ ကံ၏ အကျိုးကိုလည်း ယုံကြည်၏၊ ထိုအလှူသည် အလှူပေး, အလှူခံ နှစ်ပါးလုံးပင် စင်ကြယ်သော အားဖြင့် များမြတ်ပြန့်ပြောသော အကျိုးရှိ၏ဟူ၍ ပြတော်မူခြင်းငှါ-

ယော သီလဝါ သီလဝန္တေသု ဒဒါတိ ဒါနံ၊
ဓမ္မေန လဒ္ဓံ သုပသန္နစိတ္တော၊
အဘိသဒ္ဒဟံ ကမ္မဖလံ ဥဠာရံ၊
တံ ဝေ ဒါနံ ဝိပုလပ္ဖလန္တိ ဗြူမိ။

ဟူ၍ ဟောတော်မူသည်။

ပါဠိတော်မြတ်၌ အလှူပေးသည် ဒုဿီလ၊အလှူခံသည် ဒုဿီလ၊မတရားသဖြင့် ရအပ်သော ပစ္စည်းကိုလည်း မကြည်ညိုသော စိတ်ဖြင့် ပေးလှူရာ၌ သာလျှင် အကျိုးများစွာ မရှိကြောင်းကို ဟောတော်မူသည်၊ အပြစ်ရှိသည် ဟူ၍မူ ဟောတော်မမူ၊ အလှူခံ ဒုဿီလပင် ဖြစ်သော်လည်း အလှူပေးသူ သီလရှိ၍ စေတနာထက်သန်၍ ဖြစ်က အကျိုးကြီးမြတ်ကြောင်းကို ပြတော်မူသည်၊ အလှူပေး အလှူခံ နှစ်ပါးလုံး သီလရှိလျက် စေတနာထက်မူကား ဆိုဘွယ်မရှိ၊ ဝိပုလမဟပ္ဖလပင် ဖြစ်တော့သည်-ဟု ပိဏ္ဍတ္ထအဓိပ္ပါယ်လာသည်၊ ဤပါဠိ၏ အရ၌ ရဟန်းယောင် ဒုဿီလကို ပုဂ္ဂလိက အလှူခံပင် ပြတော်မူသည်။

ဘုရားရှိတော်မူစဉ် ဘုရားအမှူးရှိသော သံဃာကို လှူရသော သံဃိကဒါနနှင့် ယခုရှိကြသော သမ္မုတိသံဃာတို့ကို ဘုရားအမှူးတင်ကာ လှူသော သံဃိကဒါနသည်လည်းကောင်း, သာသနာ့ အစွန်အဖျား၌ ရဟန်းယောင်မျှ ပြနိုင်ကြသော ဒုဿီလ ပုဂ္ဂိုလ်ကို သံဃာဟု ရည်မှတ်၍ လှူဒါန်းရသော သံဃိကဒါနသည်လည်းကောင်း သံဃဒါနချင်း တူ၏ဟူပြီ၊ အတူတူအကျိုး

ဖြစ်ပါအံ့သော ဟူငြားအံ့၊ ဆင်ပျံ့, မြင်းပျံတို့သည် တိမ်ယံ၌ ကျက်စား၍ ဇာနေယျလေးပါး အဝင်ဖြစ်သောကြောင့် အလွန်မြတ်၏ ဟူသော်လည်း လူမျိုးနှင့် နှိုင်းစာ၍ ဥပမာမှုအပ်သကဲ့သို့ သုံးရပ်သော သံဃာတို့သည် ဝေါဟာရ တူငြားသော်လည်း ဘုရားလက်ထက်ရှိသော သံဃာနှင့်တူစွာ မဆောင်အပ်၊ ထိုသို့သော ခေတ်ကာလ၌ ရထိုက်သော အကျိုးဖြင့်သာ တူပေရာ၏-ဟု ပြတော်မူခြင်းငှါ ပပဉ္စသူဒနီ အဋ္ဌကထာ၌-

ဗုဒ္ဓပမုခသံဃော တေရဟိ သံဃေန န ဥပနေတဗ္ဗော၊ တေရဟိ သံဃော အနာဂတေ ကာသာဝကဏ္ဌသံဃေန သဒ္ဓိံ န ဥပနေ-တဗ္ဗော၊ တေန တေနေဝ သမယေန ကထေတဗ္ဗံ။ ။ဟူ၍ မိန့်တော်မူသည်။

သံဃာမှ ညွန်း၍ ယူအပ်သော ပုထုဇန်ရဟန်းကို လှူဒါန်းရသော ဒါန နှင့် အရိယာ သောတာပန်အစစ်ကို လှူရသော ပုဂ္ဂလိကဒါနသည် အဘယ်က အကျိုးကြီးမည်နည်း၊ပုထုဇန်ရဟန်းကို သံဃာရည်မှတ်၍ လှူရသော ဒါနနှင့် ရဟန္တာကိုလှူရသော ပုဂ္ဂလိကဒါနသည် အဘယ်က အကျိုးကြီးမည်နည်းဟု နောက်သားတို့ တွေးကြံ၍ သံသယ ဖြစ်လေရာသောကြောင့် သက်ာယနကို ပျောက်ပ ရှင်းလင်းအောင် စဉ်းချိန်နှိုင်းဆ၍ ပြတော်မူခြင်းငှါ ၎င်းအဋ္ဌ-ကထာ၌-

သံဃတော ဥဒ္ဒိသိတွာ ဂဟိတသမဏော ပုထုဇ္ဇနော ဟိ ပါဋိပုဂ္ဂလိ-ကော သောတာပန္နော၊ သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿ ပုထုဇ္ဇနသမဏေ ဒိန္နံ မဟပ္ဖလတရံ၊ ဥဒ္ဒိသိတွာ ဂဟိတ သောတာ-ပန္နော၊ ပါဋိပုဂ္ဂလိကော သကဒါဂါမိတိအာဒိသုပိ ဧသေဝ နယော၊ သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿ ဟိ ခီဏာသဝေ ဒိန္နဒါန-တော ဥဒ္ဒိသိတွာ ဂဟိတေ ဒုဿီလေပိ ဒိန္နံ မဟပ္ဖလတရမေဝ။ ။ ဟု ပြတော်မူသည်။

သံဃတော - သံဃာမှ၊ ဥဒ္ဒိသိတွာ-ညွှန်း၍၊ ဂဟိတသမဏပုထုဇ္ဇနော-ယူအပ်သော ပုထုဇ္ဇန် ရဟန်းသည်၎င်း၊ ပါဋိပုဂ္ဂလိကော သောတာပန္နော-ပုဂ္ဂလိကဖြစ်သော သောတာပန်သည်၎င်း၊ ဣမေသု-ဤနှစ်ဦးတို့တွင်၊သံဃေ-သံဃာ၌၊ စိတ္တီကာရံ - ရိုညွတ်ခြင်းကို၊ ကာတုံ-ပြုခြင်းငှါ၊ သက္ကောန္တဿ-စွမ်းနိုင်သောသူအား၊ ပုထုဇ္ဇနသမဏေ – ပုထုဇ္ဇန် ရဟန်း၌၊ ဒိန္နံ - သည်၊ မဟပ္ဖလတရံ - ၏၊ ဥဒ္ဒိသိတွာ - သံဃာမှညွှန်း၍၊ ဂဟိတသောတာပန္နော-

ယူအပ်သော သောတာပန်သည်၎င်း၊ ပါဠိပုဂ္ဂလိကော သကဒါဂါမိ-ပုဂ္ဂလိက ဖြစ်သော သကဒါဂါမ်သည်၎င်း၊ ဇုမေသု-ဤနှစ်ဦးတို့တွင်၊ သောတာပန္နေ-သောတာပန်၌၊ ဒိန္နံ-လှူရခြင်းသည်၊ မဟပ္ဖလတရံ - ကြီးမြတ်သော အကျိုးရှိ၏၊ ဇုတိအာဒိသုပိ-ဤသို့အစရှိသည်တို့၌လည်း၊ဧသေဝနယော-ဤနည်းလျှင် နည်းရှိ၏၊ ဟိ-အကြွင်းမဲ့ပြလိုက်ဦးအံ့၊ သံဃေ-သံဃာ၌၊ စိတ္တီကာရံ-ရိုသေခြင်းကို၊ ကာတုံ-၄ါ၊ သက္ကောန္တဿ-စွမ်းနိုင်သော သူအား၊ ဓိဏာသဝေ-ရဟန္တာ ပုဂ္ဂိုလ်၌၊ ဒိန္နဒါနတော-လှူသော ဒါနထက်၊ ဥဒ္ဒိသိတွာ-သံဃာမှ ညွှန်း၍၊ဂဟိတေ-ယူအပ်သော၊ ဒုဿီလေပိ-သီလပျက်ချောင် ရဟန်းယောင် ၌လည်း၊ ဒိန္နံ-သည် ၊မဟပ္ဖလတရမေဝ-အလွန် အကျိုး ကြီးသည်သာတည်း၊ ဤကား-မဇ္ဈိမနိကာယ်၌ လာသော စကားစုတည်း။

အင်္ဂုတ္တရနိကာယ်, ပဉ္စကနိပါတ် အာဒိယသုတ်၌ အနာထပိဏ် သူဌေး အား ဩဝါဒပေးလိုသော မြတ်စွာဘုရားသည်....

> ဂဟပတိ အရိယသာဝကော ဥဋ္ဌာနဝိရိယာ မိဂတေဟိ ဘောဂေဟိ ဗာဟာဗလပရိစိတေဟိ သေဒါဝက္ခိတ္တေဟိ ဓမ္မိကေဟိ ဓမ္မိယလဒ္ဓေဟိ ပဉ္စဗလိကတာ ဟောတိ၊ ဉာတိဗလိ အတိထိဗလိ ပုဗ္ဗပေတဗလိ၊ ရာဇဗလိ ဒေဝတာဗလိ။ ။အစရှိသည်ဖြင့်ဟောတော် မူသည်။

အဓိပ္ပါယ်ကား- အနာထပိဏ်သူဌေးကြီး ဤပစ္စုပ္ပန်လောက, တမလွန် လောက၌ စည်းစိမ်ချမ်းသာကို အလိုရှိသော အရိယာသာဝက ဖြစ်သော သူဓတော်ကောင်းသည် ထကြွ သွားလာ အားထုတ်ခြင်းဖြင့် ရအပ်ကုန်သော လက်ရုံးအားဖြင့် လုပ်ကြံဆည်းပူးအပ်ကုန်သော ချွေးထွက်စာ ဖြစ်ကုန်သော ဓမ္မိယလဒ္ဓ ဥစ္စာရတနာ ရွှေ ငွေတို့ဖြင့် ဆွေမျိုး ဉာတိ အမိအဘ သားမယား တို့အား ပေးကမ်း ချီးမြှောက်ခြင်းတည်းဟူသော ဉာတိဗလိကိုင်၎င်း, မိမိထံသို့ ရောက်လာကုန်သော ရဟန်း ပုဏ္ဏား ခရီးသွား ဧည့်သည်သည်တို့အား ပေး ကမ်း ချီးမြှောက်ခြင်း တည်းဟူသော အတိထိဗလိကိုင်၎င်း, သေလွန်သော ဘိုးဘွား-စသည်ကို ရည်မှတ်၍ စားဦးပေးခြင်း တည်းဟူသော ပုဗ္ဗပေတ ဗလိကိုင်၎င်း,ရှင်ဘုရင် ပြည့်ရှင်မင်းတို့အား စားဦး သောက်ဦးပေးခြင်း တည်းဟူ သော ရာဇဗလိကိုင်၎င်း, ကိုယ်စောင့်နတ် အိမ်စောင့်နတ် မြို့ရွာစောင့် နတ် တို့အား အထိုက်အလိုက် ပ, သ ပူဇော်ခြင်းတည်းဟူသော ဒေဝတာဗလိကို ၎င်း ဤငါးပါးသော ဗလိဒါနတို့ကို မမေ့မလျော့ ပြုကုန်ရာသည်၊ ဤဒါန

တို့ကို ပြုရခြင်းကြောင့် မျက်မှောက် လောက၌ မရသေးသော စည်းစိမ်ဥစ္စာ တို့ကို ရလာခြင်း, ရန်သူမျိုးငါးပါးတို့သည် မကြံစည် မဖျက်ဆီးနိုင်ခြင်း, လူအပေါင်း နတ်အပေါင်းတို့၏ နှစ်လိုစုံမက်ခြင်း, အကျင့်သီလ စင်ကြယ် ခြင်း, တမလွန်ဘဝသို့ ပြောင်းရသောအခါ နတ်ရွာသို့ လားခြင်းတို့သည် ဖြစ်ကုန်၏-ဟူ၍ ဟောတော်မူသည်။

ဤပါဠိတော်၌ သေလွန်သော ဘိုးဘွား မိဘ သွီးသား စသည့်တို့၏ အလို့ ငှါ ထမင်း အစာ ထားခြင်း, စားဘွယ် သောက်ဘွယ် ထားခြင်း အမှုကိုပင် ကုသိုလ်ဖြစ်၏ ဟု ဟောတော်မူသည်ကို လူသာမညတို့ သံသယဖြစ်လေရာ သောကြောင့် အဋ္ဌကထာဆရာက မြဲမြံစွာ ဩဝါဒပေးလိုရကား-

> တသ္မာ ဣမံ သုဂတောဝါဒံ အနုဿရတာ ဂဟဋ္ဌေန ကာလက်- တ ညာတကာနံ ဗလိကမ္မံပိ ပါဏာတိပါတာဒိ ဝိရဟေန ကတ္တဗ္ဗမေ- ဝါတိ။ ။ဟူ၍ ဟောတော်မူသည်။

အနက်ကား-တသ္မာ-ထိုကြောင့်၊ ဣမံ သုဂတောဝါဒံ-ဤမျှလောက်သော ဘုရားသခင်၏ အဆုံးအမတော်ကို၊ အနုဿရတာ-အဖန်တလဲလဲ အောက် မေ့သော၊ ဂဟဋ္ဌေန-လူသည်၊ ကာလက်တ ညာတကာနံ-သေလွန်သော ဆွေ မျိုး အမိအဘတို့အား၊ ပါဏာတိပါတာဒိ ဝိရဟေန-ပါဏာတိပါတ စသည် မှ ကင်းသဖြင့်၊ ဗလိကမ္မံ - အဘိုးထိုက်လျော် ပူဇော်ခြင်းအမှုကို၊ ကတ္တဗ္ဗ- မေဝ-ပြုအပ်သည်သာလျှင်တည်း။

ဤမှ အထက်ဖြစ်သော ဆတ္တအင်္ဂုတ္တရပါဠိ၌ ဆဠင်္ဂသမန္နာဂတ ဒါနကို ပြတော်မူရာဝယ် အလှူဒါယကာတို့သည် မလှူမီကာလ, လှူဆဲကာလ, လှူပြီး အဆုံးကာလ၌ ကျရောက်သော စေတနာ၏ထက်သန်ခြင်း,အလှူခံပုဂ္ဂိုလ် တို့သည် ရာဂဝိနယ ဒေါသဝိနယ မောဟဝိနယ ဖြစ်အောင် ကျင့်ခြင်း ဟူသော အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသဖြင့် အသင်္ချေယျ အပ္ပမေယျ အကျိုး ကြီးမြတ်ကြောင်းကို ဟောတော်မူသည်၊ ဤကား-အင်္ဂုတ္တရနိကာယ၌ လာ သော စကားစုတည်း၊ ခုဒ္ဒကနိကာယ်၏ အစ ခုဒ္ဒကပါဌကျမ်း နိဓိကဏ္ဍသုတ် ၌ကား....

> စေတိယမှိစ သံဃေဝါ၊ ပုဂ္ဂလေ အတိထီသုဝါ၊
> မာတရိ ပိတရိစာပိ၊ အထော ဇေဋ္ဌမှိ ဘာတရိ။

အစရှိသော ပါဠိဖြင့် မြတ်စွာဘုရား၏ အသုံးအဆောင်ဖြစ်သော သပိတ် သင်္ကန်း-စသည်ကို ဥပါဒါန်၍ တည်အပ်သော ပရိဘောဂစေတီ,ဓာတ်တော် မွေတော်တို့ကို ဥပါဒါန်၍ တည်အပ်သော သဓာတုက စေတီ, ကိုယ်စား တော်စား ရုပ်ပွားဖြစ်သော ဥဒ္ဒိဿစေတီ-ဟူ၍ စေတီသုံးပါး၊ပရမတ္ထသံဃာ, သမုတိသံဃာ တည်းဟူသော သံဃာ နှစ်ပါး၊ တစုံတယောက်သောရဟန်း, တစုံတယောက်သော လူပုဂ္ဂိုလ် ခရီးသွားဧည့်သည်,အမိ အဘ အစ်မ အစ်ကို စသည်တို့ကို ကြည်ညိုဝမ်းမြောက်စွာ ပေးကမ်းလှူဒါန်းခြင်း, ထောက်ပံ့ခြင်း တည်းဟူသော ကုသိုလ်ရွှေအိုး စိုက်ပျိုးစိုက်နှံရာ၏၊ ယင်းသို့ စိုက်နှံရာသော သူသည် သံသရာဘဝ ဖြစ်သမျှ၌ မနောဘောဂ ါ လွှန်စွာပြည့်စုံခြင်း, မြေထဲ ရေထဲ၌ရှိသော အသာမိက ဘဏ္ဍာတို့ပင် ပေါ်တက်လာရခြင်း အစရှိသော အကျိုးကိုခံစားလျက် နိဗ္ဗာန်သို့ရောက်ရ၏ဟု ပြတော်မူသည်၊ ဤမှတပါး ကျမ်းအများတို့၌လည်း ဤနည်းအတူသာ လာကုန်သည်။

ယင်းသို့ နိကာယ်ကြီး ငါးပါးနှင့်တကွသော ဝိနည်း,အဘိဓမ္မာ ပါဠိတော် မြတ် အဋ္ဌကထာ အရပ်ရပ်တို့၌ မလှူအပ် မလှူထိုက်သော ပုဂ္ဂိုလ် ဟူ၍၎င်း, လှူလျှင် ကောင်းကျိုးမပေးပဲ ငရဲ လားတတ်သော ပုဂ္ဂိုလ်ဟူ၍၎င်း တစုံ တယောက်မျှ ရွေးကောက်၍ မလာပါ၊ ယင်းသို့ ကျမ်းမလာပဲလျက် မလှူရာ သော ပုဂ္ဂိုလ်ရှိသည် ဟူ၍ မယူသာပြီ၊ "ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ဝိစေယျ ဒါနံ သုဂတပသတ္ထံ" အစရှိသည်ဖြင့် ဇာနုဿောဏိပုဏ္ဏားအား ဟောသော တရားသည်လည်း အကျိုးများသည်ထက် များသည်ကို ရ၍ လှူစိမ့်သောငှါ ဟောတော်မူသည်၊အလဇ္ဇီကို လှူ၍ အကျိုးမရသော ပါဠိမဟုတ်၊သတိရှိစေ။

ယင်းသို့မဟုတ်ပဲလျက် မလိုရာဆွဲလျက် အနက်ယောဇနာပြီးလျှင် သာသ နာတော်၌ စွမ်းနိုင်ပါသမျှ ပါရမီဖြည့်ကြသော ဘုရားပရိသတ် ရဟန်းမြတ် အများကို လူမလိမ္မာတို့ ယုံမှား၍ ထိပါး နိုက်တိုက်မိအောင် တရားတော် ယောင် ဆောင်၍ စာစောင်ငယ် ပြုလုပ်လျက် ပုဒ်ပါဠိ ပါဠိ စီ၍ အလဇ္ဇီကို လှူလျှင် ငရဲလားကြောင်း, ရွေးချယ်၍သာ လှူသင့်ကြောင်း သူတော်ကောင်း ဟုတ်, မဟုတ်ကို သိအောင် ချင့်တွက်၍ လေးရက်, ငါးရက် တိုင်ပြီးလျှင် လဇ္ဇီမှန်းသိမှ ကိုးကွယ်ရမည်အကြောင်းများနှင့် ဟောကြားသင်ပြ ရေးထား ကြခြင်းတို့သည် ဘုရားအမိန့်တော် ရွှေနှုတ်ဖေါ်မွစက်နှင့် ချင့်နှိုင်း၍ စက် သော် ဘဝဂ်နှင့် အဝီစိလောက် ကွာသောကြောင့် အများသတ္တဝါတို့ ပျက် စီးရာ ပျက်စီးကြောင်း မကောင်းတကာ့ အဆိုးဲ ငရဲလမ်းကြီး ဖြစ်ရကား

မှတ်သား ယုံကြည်သဖြင့် အဆင့်အဆင့် ပြောယောင်သော သူတို့မှာ ကိုယ်တွင်တင်လာသော ချေးညှော်ကို ဆေးလျှော်မည် အကြံနှင့် လံပါးဖျဉ်းစဉ့် မစင်အိုးကို ချိုးမိသော ယောကျ်ားမိုက်ကဲ့သို့ အမှားတကာ့ထိပ်စု အရိယူပဝါဒကံနှင့်တကွ မိစ္ဆာဒိဋ္ဌိဝါဒသည် ထာဝရ ဖြစ်ရှာလေတော့မည်၊ လူဟူသမျှ တဘဝသာ သံသရာ၌ လည်၍ လူတဖန် ဖြစ်ပြန်ခြင်းဟု ဝိပရိတဂါဟယူကုန်ကြသော တပါး တိုင်းသားတို့သည် စစ်တိုက်ဆဲ သေမှု နတ်ပြည်သို့ သွားရ၏၊ ပြေးလွှား၍ သေမှု ငရဲပြည်သို့ လားရ၏- စသည်ဖြင့် လောကီစီးပွားကို ထောက်ထား၍ မလိမ္မာသူ အပေါင်းတို့အား မိုက်မဲသောတရားကို ရေးထားသော စာများကဲ့သို့ သဒ္ဒါ ပညာ အလိမ္မာနည်းပါးသော သတ္တဝါအများတို့သည် သားစဉ် မြေးဆက် အယူပျက်၍ နှစ်သက်စလောက်သော ရဟန်း သံဃာကိုလျက် မသဒ္ဒါ မကြည်ညို မလိုယုံသာမက ကဲ့ရဲ့ရှုတ်ချသော အရိယူပဝါဒကံဖြင့် နတ်ဌာန် လူ့ရွာ မဟာလမ်းမကြီး ပိတ်၍ မဆိတ်မည့် ပါယ်လေးတန်သို့သာ အဖန်ဖန် နစ်မွန်းထိမ့်မည်ကို မမြော်မဆ၊ ပစ္စက္ခဂတိတွင် မိမိကိုယ်ကို လင်္ကာသူတော်ကောင်း ထင်စေလိုသော စိတ်ထားနှင့် အရှင်ဂေါတမတရားကိုဖေါက် ဂေါတမမောက်တရားကို ထုတ်နုတ်ပြုစုသော ဂန္ထိရ, ဝိနည်းကွန်ချာစာတို့သည် မြတ်စွာဘုရားသည် တန့်နားမတည် အပြည်ပြည် အရွာရွာ လှည့်လည်ကာနှင့် သတ္တဝါအပေါင်းတို့ ကောင်းကျိုးကို မြော်ငဲ့၍ လေးဆယ့်ငါးဝါပတ်လုံး တပြိုးပြိုး ဟောသော တရားသည် ဆုံးပါးပျက်စီး၍ အချည်းနှီးဖြစ်အောင် ပြုလုပ်သည် မည်ရကား တရားကို ပယ်သည် မည်သည်၊ တရားကို ပယ်သောသူသည် ဘုရားကိုပင် ပယ်သည် မည်သည်၊ ထို့ကြောင့် သုတ်မဟာဝါ အဋ္ဌကထာ၌ "ဓမ္မံ ပဋိဗာဟန္တော ဗုဒ္ဓံ ပဋိက္ခိပတိ နာမ"ဟု ပြတော်မူသည်။

ယင်းသို့ တရားတော်ကို ပစ်ပယ်လျက် မစင်ကြယ်သော မိစ္ဆာဝါဒကို နည်းပြလေသောသူတို့အား ကြီးမားသောအပြစ် ဖြစ်ဟန်ကို ပါရာဇိကဏ် ပါဠိတော်၌ ဟောတော်မူသည်ကား...

> ဣမေ ဝတ ဘောန္တော သတ္တာ ကာယဒုစ္စရိတေန သမန္နာဂတာ၊ ဝစီဒုစ္စရိတေန သမန္နာဂတာ၊ မနောဒုစ္စရိတေန သမန္နာဂတာ၊ အရိယာနံ ဥပဝါဒကာ၊ မိစ္ဆာဒိဋ္ဌိကာ၊ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ၊ တေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပန္နာ။ ။ဟူ၍ ဟောတော်မူသည်။

ဘောဂန္တော-အို အချင်းတို့၊ ဣမေသတ္တာ-ဤ သတ္တဝါတို့သည်၊ ကာယ-ဒုစ္စရိတေန-ကာယဒုစရိုက် သုံးပါးနှင့်၊ သမန္နာဂတာ-ပြည့်စုံကုန်၏၊ ဝစီ-ဒုစ္စရိတေန-ဝစီဒုစရိုက် လေးပါးနှင့်၊ သမန္နာဂတာ-ပြည့်စုံကုန်၏၊ မနော-ဒုစ္စရိတေန-မနောဒုစရိုက် သုံးပါးနှင့်၊ သမန္နာဂတာ-ကုန်၏၊ အရိယာနံ-ဘုရားစသော အရိယာပုဂ္ဂိုလ်တို့ကို၊ ဥပဝါဒကာ-စွပ်စွဲကဲ့ရဲ့ကုန်၏၊ မိစ္ဆာ-ဒိဋ္ဌိကာ-မှားသော အယူရှိကုန်၏၊ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ - မှားသော အယူကို သူတပါးတို့အား ဆောက်တည်စေကုန်၏၊ တေ – ထိုသူတို့သည်၊ ကာယဿဘေဒါ-ကိုယ်ခန္ဓာ ပျက်သည်မှ၊ ပရမ္မရဏာ-သေသည်၏ အခြားမဲ့၌၊ အပါယံ-ချမ်းသာကင်းသော တိရစ္ဆာန်ဘုံသို့ရင်း၊ ဒုဂ္ဂတိံ-မကောင်းသော အလားရှိသော ပြိတ္တာဘုံသို့ရင်း၊ ဝိနိပါတံ-အထူးထူးသော ဆင်းရဲတို့၏ကျရာ ဖြစ်သော အသုရကာယ်ဘုံသို့ရင်း၊ နိရယံ-ငရဲဘုံသို့ရင်း၊ ဥပပန္နာဝတ-ကပ်ရောက်ကုန်လေပြီတကား။

ယင်းသို့ မြွက်ဖေါ် ဟောတော်မူသော ပါဠိတော်မြတ်၌ အရိယူပဝါဒကံ၏ ဖြစ်ပုံ လက္ခဏာကို ပြတော်မူလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် သမန္တပါသာဒိက အဋ္ဌကထာ၌–

> အရိယာနံ ဥပဝါဒကာတိ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝကာနံ အရိယာနံ အန္တမသော ဂိဟိသောတာပန္နာနံပိ အနတ္ထကာမာ ဟုတ္ဂာ အန္တိမဝတ္ထုနာဝါ ဂုဏပရိဓံသနေနဝါ ဥပဝါဒကာ၊ အက္ကောသကာ၊ ဂရဟာတိ ဝုတ္တံ ဟောတိ။ ။အစရှိသည်ဖြင့် မိန့်တော်မူသည်။

ထိုဝါကျ၏ မြန်မာဘာသာကား – အရိယာ ပုဂ္ဂိုလ်တို့ကို စွပ်စွဲခြင်းမည်သည်ကား ဘုရား ပစ္စေကဗုဒ္ဓါ ဘုရားတပည့် ဖြစ်သော ဒဿနအရိယာ, အာစာရအရိယာ ဟု ဆိုအပ်သော ရဟန်းတို့ကိုရင်း အယုတ်သဖြင့် အိမ်၌ နေသော လူ သောတာပန်ကိုရင်း အန္တိမဝတ္ထုဖြင့်ရင်း ဂုဏ်ကို ဖျက်ဆီးသဖြင့်ရင်း စွပ်စွဲပြောဆိုခြင်း, ဆဲရေးခြင်း, ကဲ့ရဲ့ခြင်းတို့သည် အရိယူပဝါဒကံ မည်၏–ဟူလိုသည်။

ထိုနှစ်ပါးသော စွပ်စွဲခြင်းတို့တွင် ဤပုဂ္ဂိုလ်တို့အား မြတ်သောတရားမရှိ၊ ဤသူတို့သည် ကောင်းစွာကျင့်သော ရဟန်းမဟုတ်ဟု ပြောဆို ဆဲရေးသော သူသည် အန္တိမဝတ္ထုဖြင့် စွပ်စွဲသည်မည်၏၊ ဤရဟန်းတို့အား ဈာန်မဂ်ဖိုလ် တရားမရှိ၊ ဇုန္ဒြိယသံဝရစသည်မှ ကင်း၍ ရဟန်းဖျင်းသာတည်းဟူ၍ ပြော

ဆို ဆဲရေးသော သူသည် ဂုဏပရိမံသနဖြင့် စွပ်စွဲသည်မည်၏၊ ထိုသို့စွပ်စွဲခြင်းသည် ထိုပုဂ္ဂိုလ်၏အပြစ်ကို သိသည်ဖြစ်စေ, မသိသည်ဖြစ်စေ စွပ်စွဲလေသမျှသည် အရိယူပဝါဒကံ ဖြစ်သည်သာတည်း၊ ထို့ကြောင့် ဝင်းအဋ္ဌကထာ၌-

တတ္ထ နတ္ထိ ဒုမေသံ သမဏဓမ္မော၊ အဿမဏာ ဧတေတိ ဝဒန္တော အန္တိမဝတ္ထုနာ ဥပဝဒတိ၊ နတ္ထိ ဣမေသံ ဈာနံဝါ ဝိမောက္ခောဝါ မဂ္ဂေါဝါ ဖလံဝါတိ ဝဒန္တော ဂုဏပရိမံသနေန ဥပဝဒတီတိ ဝေဒိ-တဗ္ဗော၊ သော စ ဇာနံဝါ ဥပဝဒေယျ အဇာနံဝါ၊ ဥဘယထာပိ အရိယူပဝါဒေါဝ ဟောတိ၊ ဘာရိယကမ္မံ သဂ္ဂါဝရဏံ မဂ္ဂါဝရဏဉ္စ၊ သတေကိစ္ဆံ ပန ဟောတိ၊ တဿစ အာဝိဘာဝတ္ထံ ဣဒံ ဝတ္ထုမုဒါ-ဟရန္တိ။ ။ဟူ၍ မိန့်တော်မူသည်။

တတ္ထ - ထိုနှစ်ပါးသော စွပ်စွဲခြင်းတို့တွင်၊ ဣမေသံ – ဤရဟန်းတို့အား၊ သမဏဓမ္မော-မြတ်သောတရား မည်သည်၊ နတ္ထိ-မရှိ၊ ဧတေ-ထိုကျင့်သောသူတို့သည်၊ အဿမဏာ-ရဟန်းမဟုတ်ကုန်၊ ဣတိဝဒန္တော – ဤသို့ဆိုသောသူသည်၊ အန္တိမဝတ္ထုနာ - အဆုံးစွန်သော ပါရာဇိကဝတ္ထုဖြင့်၊ ဥပဝဒတိ-စွပ်စွဲသည်မည်၏၊ဣမေသံ-ဤရဟန်းတို့အား၊ ဈာနံဝါ-ဈာန်တရားသည် ၎င်း၊ ဝိမောက္ခောဝါ – ဝိမောက္ခတရားသည်၎င်း၊ မဂ္ဂေါဝါ-မဂ်တရားသည်၎င်း၊ ဖလံဝါ-ဖိုလ်တရားသည်၎င်း၊ နတ္ထိ – မရှိ၊ ဣတိဝဒန္တော-ဤသို့ ဆိုသူသည်၊ ဂုဏပရိမံသနေန – ဂုဏ်ကို ဖျက်ဆီးသဖြင့်၊ ဥပဝဒတီတိ – စွပ်စွဲသည်မည်၏ ဟူ၍၊ ဝေဒိတဗ္ဗော–၏၊ သောစ-ထိုသူသည်ထည်း၊ ဇာနံဝါ-သိသည်ဖြစ်၍ ထည်း၊ ဥပဝဒေယျ – စွပ်စွဲသည်ဖြစ်စေ၊ အဇာနံဝါ-အကြောင်းကို မသိဘဲ လျက်သည်း၊ ဥပဝဒေယျ – စွပ်စွဲသည်ဖြစ်စေ၊ ဥဘယထာပိ–သိ,မသိ နှစ်ပါးသော စွပ်စွဲခြင်းအားဖြင့်ထည်း၊ အရိယူပဝါဒေါဝ-အရိယူပဝါဒကံသည် သာလျှင်၊ ဟောတိ-၏၊ ဘာရိယကမ္မံ-ဝန်လေးသောကံတည်း၊သဂ္ဂါဝရဏဉ္စ-နတ်ပြည်ရောက်ခြင်းကိုထည်း တားမြစ်တတ်၏၊ မဂ္ဂါဝရဏဉ္စ-မဂ်ရခြင်းကို ထည်း တားမြစ်တတ်၏၊ ပန-တားမြစ်တတ်သည်မှတပါး မတားမြစ်သည်ကို ဆိုဦးအံ့၊ သတေကိစ္ဆံ–သည်းခံစေခြင်းဖြင့် ကုစားခြင်းရှိသည်၊ ဟောတိ-၏၊ တဿစ-ထိုကံတားမြစ်ဟန်၏ထည်း၊ အာဝိဘာဝတ္ထံ – ထင်ရှား ဖြစ်စိမ့်သော ငှါ၊ ဣဒံဝတ္ထုံ-ဤဝတ္ထုကို၊ ဥဒါဟရန္တိ-ဆောင်ကုန်၏၊

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ရဟန်းကြီးတပါး, ရဟန်းငယ်တပါး ဤရဟန်းနှစ်ပါးတို့သည် တခုသောရွာတွင် ဆွမ်းခံဝင်ကြသော် ရွာဦး၌

၌နေသော ဒါယကာသည် လောလောပူသော ယာဂုကို တမှုတ်ထည်း လောင်းလာ၏၊ ထိုအခါ ရဟန်းကြီးသည် လေထခိုက်ကြုံသည်နှင့် ယာဂုကို မအေးမီ ငါသောက်မှ ဝမ်း၌လေရောဂါ ပျောက်နိုင်ချိမ့်မည်ဟု ကြံလျက် အိမ်ထွက်အဝတွင် ခင်းထားသော တုံးတခု၌ထိုင်၍ သပိတ်ကိုစောင်းလျက် သောက်၏၊ ထိုအခါ ရဟန်းငယ်က ရှင်ရဟန်းကြီးသည် အလွန်မွတ်သိပ် လေစွ၊ ဇာနေ့မရ အမြင်မလှပြုလျက် ငါ့ကိုအရှက်ခွဲသည်ဟု ဆို၏၊ထိုမှသည် အိမ်စဉ်အတိုင်း ဆွမ်းခံ၍ ပြန်ခဲ့ကြသဖြင့် ကျောင်းသို့ရောက်သော် ရဟန်းကြီး က ရဟန်းငယ်ကို ခေါ်၍ "ငါ့ရှင်...သင်အား ဘုရားသာသနာ၌ ကိုးကွယ်ရာ တရားရှိပါ၏လော"ဟု မေး၏၊ ရဟန်းငယ်ကလည်း "အကျွန်ုပ်၌ ကိုးကွယ်ရာ ရှိ၏၊ သောတာပန်ပင် ဖြစ်ပါသည်" ဟု ပြောလျှင် "ငါ့ရှင်သင်သည် အထက် မဂ် ဖိုလ် အလို့ငှါ အားမထုတ်သာပြီ၊ ငါသို့စင်သော အရိယာသာဝကကို ရှုတ်ချ ကဲ့ရဲ့သောကံသည် မဂ္ဂန္တရာယ်ဖြစ်လေပြီဟု ဆို၏၊ထိုအခါ ရဟန်းငယ် လည်း အလွန်ထိတ်လန့်ရကား မျှားစွာကန်တော့ရလေ၏၊ယင်းသို့ပူဇော်ကန် တော့မှ ဥပဝါဒကံငြိမ်းလျက် အထက်မဂ်တို့ကို အားထုတ်ရလေသတည်း။

ဤဥပဝါဒကံသည် သေသည်၏ အခြားမဲ့၌ စင်စစ် အကျိုးပေးတတ်ရ ကား အာနန္တရိယကံငါးပါးနှင့် အလားတူသော အတိဘာရိယ ကံပင် တည်း၊ ကန်တော့လျှင် ပြေငြိမ်းသောကြောင့် ကုဆေးရှိသည်သာ ဟူ၏၊ မျှားစွာသော ဒါနသီလရှိငြားသော်လည်း ဤကံရှိက နတ်ရွာလားအံ့သော သူလည်း နတ်ရွာသို့မရောက်၊ မဂ်ဖိုလ်သို့ ရောက်အံ့သော သူလည်း မဂ်ဖိုလ် သို့ မရောက်၊ အလုံးစုံမှောက်၍ ငရဲပေါက် ပွင့်လေတော့သည်၊ ထို့ကြောင့် အရိယာတို့အား ပြစ်မှားမိသော သူသည် လွတ်လိုပါမူကား ထိုပုဂ္ဂိုလ်ကို လည်းကောင်း, နေရာကိုလည်းကောင်း ပရိက္ခရာကိုလည်းကောင်း သေလွန် သောအခါ၌ သင်္ဂြိုဟ်ရာကို လည်းကောင်း အရိုအသေပြု၍ ကန်တော့မှ ထိုအပြစ် ပျောက်သည်ဟူ၍ ဆိုသည်။

ထိုဥပဝါဒကံကဲ့သို့ နတ်ရွာလားခြင်းကိုလည်းကောင်း, ဈာန်ရခြင်း မဂ်ဖိုလ်နိဗ္ဗာန် ရောက်ခြင်းကိုလည်းကောင်း တားမြစ်တတ်သော အန္တရာယ် တို့သည် ငါးပါး အပြားရှိကုန်၏၊ ငါးပါး ဟူသည်ကား – ကမ္မန္တရာယ်၊ ကိလေသန္တရာယ်၊ ဝိပါကန္တရာယ်၊ ဥပဝါဒန္တရာယ်၊ အာဏာဝီတိက္ကမန္တရာယ် ဟူ၍ ငါးပါးတို့တည်း၊ ထိုငါးပါးတို့တွင် အမိကိုသတ်သောကံ, အဘကို သတ်သောကံ, ရဟန္တာကို သတ်သောကံ, ဘုရားကို သွေးစိမ်းတည်အောင်

ပြုသောကံ, သံဃာကို သင်းခွဲသောကံ ဤကံငါးပါးတွင် တပါးပါး ပြုမိသောကံကြောင့် ဤဘဝ၌ မြင့်မိုရ်တောင်မျှလောက်သော စေတီကို တည်ခြင်း,ဇမ္ဗူဒိပါ ပြည့်မျှအောင် ပစ္စည်းလေးပါးဖြင့် လှူဒါန်းပူဇော်ခြင်း, ဥပေါသထသီလကို နေ့တိုင်းဆောက်တည်ခြင်း တည်းဟူသော ကုသိုလ်ကောင်းမှုတို့ကို အသက်ဆုံးအောင် ပြုသော်လည်း ထိုကုသိုလ်ကြောင့် နတ်ပြည် လူ့ပြည်၌ မဖြစ်ရပြီ၊ သေသည်၏ အခြားမဲ့၌ အဝီစိငရဲသို့သာ မလွဲမရှောင်သာ သွားရှာတော့သည်၊ ထိုကြောင့် ဤငါးပါးကို အာနန္တရိယကံ-ဟု ဟောတော်မူသတည်း၊ ဤငါးပါးသော ကံသည် ကမ္မန္တရာယ်မည်၏။

ပုထုဇ္ဇန်ဖြစ်သော ဘိက္ခုနီမကို ဆန္ဒမတူပဲ ဖျက်ဆီးသော ဘိက္ခုနီဒူသကကံသည်လည်း ထို့အတူ လူ၏ဘဝ နတ်၏ဘဝကိုလည်း မရစေတတ်၊ ဈာန်,မဂ်,ဖိုလ်ကိုလည်း မရစေတတ်၊သုဂတိ အလားကိုလည်း တားမြစ်တတ်သောကြောင့် ကမ္မန္တရာယ်ပင် မည်၏၊ အလိုတူသော ဘိက္ခုနီမကို ဖျက်ဆီးခြင်းကား သဂ္ဂန္တရာယ် မဖြစ်၊မဂ္ဂန္တရာယ်ဖြစ်၏၊ ရဟန္တာဖြစ်သော ဘိက္ခုနီမကို ဖျက်ဆီးခြင်းကား ခုနစ်ရက် မကြာမီ မဟာပထဝီ၌ မြုပ်ရ၏။

ကောင်းမှု, မကောင်းမှုကံ မည်သည် မရှိ၊ ပါဏာတိပါတ အစရှိသည်ကို ပြုသော်လည်း ပြုမိသောခဏ၌ ပျောက်လေသည်သာ တည်းဟု ကုသိုလ်အကုသိုလ်ကို မြစ်၍ ယူခြင်းသည် နတ္ထိကဒိဋ္ဌိမည်၏။

ကောင်းမှု,မကောင်းမှုသည် ရှိ၏၊ ထိုအမှုကိုပြုသောသူသည် မသေမီသာ အကျိုးအပြစ်ကို ခံစံရ၏၊ သေသောကာလ မခံစံရပြီဟု အကျိုးကို မြစ်၍ ယူခြင်းသည် အကိရိယ ဒိဋ္ဌိမည်၏။

ဤလောကကိုရင်း, သတ္တဝါတို့ကိုရင်း ထာဝရတည်သောဘုရား, ဗြဟ္မာ ဖန်ဆင်း၍ ဖြစ်၏၊ သေလျှင် ဝိညာဉ်တို့သည် ဘုရားထံသို့ သွားရ၏၊ ထို့ကြောင့် ရှေးဘဝလည်း မရှိ၊ နောက်ဘဝလည်း မရှိ၊ အမိအဘတို့ ကျေးဇူးလည်း မရှိ ဟူ၍ အကြောင်းကိုမြစ်၍ ယူခြင်းသည် အဟေတုကဒိဋ္ဌိမည်၏။

ဤဒိဋ္ဌိ အယူသုံးပါးသည် အလွန်များသော ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ တည်းဟူသော ကိလေသာကြောင့် ဖြစ်ရကား ကိလေသန္တရာယ်မည်၏၊ ဤအယူအကျင့်ရှိသော သူတို့သည် ဈာန် မဂ်ဖိုလ်ရမည်ကို မထိုထားဘိ၊ လူ့ပြည် နတ်ရွာကိုမျှ မလားရပြီ၊ ပထဝီကင်္ဂေါပက ဖြစ်၍ အပါယ်မြစ်၌သာ နစ်ရလေတော့သည်။

အာသိတ္တ ပဏ္ဍုက် ဥသူယပဏ္ဍုက် ဩပက္ကမိက ပဏ္ဍုက် ပက္ခပဏ္ဍုက် နပုံသကပဏ္ဍုက် တိရစ္ဆာန် ဥဘတောဗျည်း ဤပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေသည် ဈာန်မဂ်ဖိုလ်ကို မရစေတတ်၊ မြစ်တားတတ်သောကြောင့် ဝိပါကန္တရာယ် မည်၏၊ ကုသိုလ်တရားကို အားထုတ်နိုင်မှုကား နတ်ရွာသို့ လားတတ်သော ကြောင့် သဂ္ဂန္တရာယ်ကား မဖြစ်၊ ရဟန်းအရိယာ သံဃာတို့ကိုလည်းကောင်း, လူဖြစ်သော အရိယာကိုလည်းကောင်း ပြစ်မှားစွပ်စွဲဆဲရေးခြင်း ကဲ့ရဲ့ရှုတ်ချ ခြင်းတို့သည် ဥပဝါဒန္တရာယ် မည်၏၊ ထိုအန္တရာယ်ရှိသော လူတို့အား ကုသိုလ်တရား များသော်လည်း ထိုကုသိုလ်တရားတို့သည် အကျိုးမပေးပြီ၊ ဤဘဝ၌ ဈာန်, မဂ်ဖိုလ် ရထိုက်သောသူပင် ဖြစ်သော်လည်း ဈာန်မဂ်ဖိုလ်ကို မရ၊ နတ်ရွာလားထိုက်သောသူပင် ဖြစ်သော်လည်း နတ်ရွာသို့ မရောက်၊ ကုသိုလ်ကံ အလုံးစုံမှောက်၍ အပါယ်သို့သာ ရောက်လေတော့သည်၊ ထို့ ကြောင့်-ထိုစွပ်စွဲသော ကံသည် ဥပဝါဒန္တရာယ် မည်၏။

ဘုရားရှင်၏ အာဏာကို ကျော်နင်း၍ ပါတိမောက္ခသံဝရ သီလမှ ယို ယွင်းစေခြင်းသည် အာဏာဝီတိက္ကမန္တရာယ် မည်၏၊ ထိုကံလည်း ဈာန်, မဂ် ဖိုလ်တရားကို မြစ်တတ်၏၊ ထို့ကြောင့် ပါစိတ်အဋ္ဌကထာ အရိဋ္ဌသိက္ခာပုဒ် အဖွင့်၌....

သဂ္ဂမောက္ခာနံ အန္တရာယံ ကရောန္တီတိ အန္တရာယိကာ၊ တေ ကမ္မ ကိလေသ ဝိပါက ဥပဝါဒ အာဏာဝီတိက္ကမ ဝသေန ပဉ္စဝိဓာ၊ တတ္ထ ပဉ္စာနန္တရိယကမ္မာ ကမ္မန္တရာယိကာနာမ၊ တထာ ဘိက္ခုနီ- ဒူသကကမ္မံ၊ တံ ပန မောက္ခဿေဝ အန္တရာယံ ကရောတိ၊ န သဂ္ဂဿ၊ နိယတမိစ္ဆာဒိဋ္ဌိဓမ္မာ ကိလေသန္တရာယိကာနာမ၊ ပဏ္ဍကတိရစ္ဆာန- ဂတ ဥဘတောဗျဉ္ဇနကာနံ ပဋိသန္ဓိဓမ္မာ ဝိပါကန္တရာယိကာနာမ၊ အရိယူပဝါဒါ ဥပဝါဒန္တရာယိကာနာမ၊ တေ ပန ယာဝ အရိယေ နခမာပေန္တိ၊ တာဝဒေဝ၊ န တတော ပရံ။ သဉ္စိစ္စ အာပန္နာ အာပတ္တိ- ယော အာဏာဝီတိက္ကမန္တရာယိကာနာမ။ ။ဟူ၍ ဟောတော်မူပြီ။

ယင်းသို့ပြဆိုခဲ့ပြီးသော အန္တရာယ်ငါးပါးတို့တွင် ရဟန်းသံဃာ အရိယာ တို့အား ပြစ်မှားဆဲရေး စွပ်စွဲ ပြောဆိုခြင်း တည်းဟူသော ဥပဝါဒန္တရာယ် ကြောင့် အဘယ်သူတို့သည် အပါယ်လေးပါးသို့ လားရဘူးလေသနည်း ဟူမူ ကား....

လွန်လေပြီးသောကာလ ကဿပဘုရား ပရိနိဗ္ဗာန် လွန်တော်မူ၍ ခုနစ်လ မြောက် ရှိသောအခါ ဗြဟ္မာဓနမြို့မှ ကုန်သည်ညီနောင် နှစ်ဦးတို့သည် သာသ

နာဂတော်၌ ဝင်၍ သာဝကကြီးတို့ အထံ၌ ရဟန်းပြုကြသတည်း၊ အစ်ကိုကား သာဂတ အမည် ရှိ၏၊ ညီကား-ကပိလ အမည် ရှိ၏၊ ထိုသူတို့၏ မိခင်ကား-သာမိနီ အမည်ရှိ၏၊ နှမငယ်ကား-တာပနာ အမည်ရှိ၏၊ ထိုမိန်းမ သားအမိ နှစ်ဦးတို့သည်လည်း သားရဟန်းတို့ထံ ဘိက္ခုနီမ ပြုကြလေကုန်၏၊ ညီနောင် နှစ်ဦးတို့တွင် နောင်တော်ဖြစ်သော သာဂတထေရ်သည်ကား-ဆရာဥပဇ္ဈာယ်တို့ အထံ၌ ငါးနှစ်တိုင် ကျမ်းဂန်သင်ကြားပြီးမှ ဝိပဿနာခုရကို အားထုတ်အံ့ဟု ကြံ၍ တောအုပ်သို့ ဝင်ပြီးသော် ခုတင်ပဋ္ဌပတ်နှင့် ဝိပဿနာတရားကို အားထုတ်သဖြင့် မကြာမြင့်မီ ရဟန္တာဖြစ်လေ၏၊ ညီဖြစ်သော ကပိလ ထေရ်မူကား ငါသည် အသက်အရွယ် ငယ်သေး၏၊ ပိဋကတ်ကို တတ်အောင် သင်ဦးအံ့၊ ကြီးရင့်သောအခါမှ ဝိပဿနာကို အားထုတ်အံ့ဟု ကြံ၍ ကျမ်းဂန်သင်ပို့ကာသာ နေ၏၊ ပရိယတ္တိကိုအမှီပြု၍ တပည့်ပရိသတ်တို့ ပြန့်ပွားသဖြင့် များစွာသော လာဘသက္ကာရသည် ဖြစ်၏၊ ပရိသတ် များသည် ထက် များခြင်း, ပိဋကတ် တတ်ခြင်း တည်းဟူသော မာန်ဖြင့် ရစ်၍ မိမိထံ မကျိုးမနွံ မဆည်းကပ်သော ရဟန်းတို့အား သီလနွမ်း, သီလညစ် အလဇ္ဇီ စသည်ဖြင့် ဆို၍ လူကြည်ညိုပျက်စိမ့်သောငှါ မထိမဲ့မြင် ပြု၏၊ တပါးသော ရဟန်းတို့၏ ကပ္ပိယကိုပင် အကပ္ပိယ, ဓမ္မကိုပင် အဓမ္မ ပြောဆိုလေ့ ရှိ၏၊ မိမိသို့ ဆည်းကပ်သော ပရိသတ်တို့အားကား အာပတ်သင့်သည်ကို မသင့်၊ သာဝဇ္ဇကိုပင် အနဝဇ္ဇ-ဟူ၍ ချီးမြှောက်၏၊ မိမိပရိသတ်မှ တပါးသော လူ, ရဟန်းတို့အား အပြစ်မရှိသည်ကို အပြစ်ရှိ၏ဟု ပြောဆိုလေ့ ရှိ၏၊ အဆွေခင်ပွန်းဖြစ်သော လဇ္ဇီပေသလ ပုဂ္ဂိုလ်တို့က ငါ့ရှင် ကပိလ....ဤကဲ့သို့ မဆိုပါလင့်ဘုရား၊ပရိသတ်ဖြစ်သော ရဟန်းများသည် ချောက်ချားပင်ပန်းရှာတော့မည်၊ ဒါယကာအများလည်း ယုံမှားသံသယနှင့် အဂါရဝ ဖြစ်လေတော့မည် ဆို၍ တောင်းပန်ကြသော်လည်း "သင်တို့ ဘယ်ကိုသိသနည်း၊ အချည်းစည်း ဆုပ်သော လက်နှင့် တူစွာလျက် ငါ့ကို ဆရာပြုပြန်သလော"ဟု ဆို၍ ခြိမ်းမောင်း၏၊ ဆဲရေးနှိပ်စက် ပြက်ရယ်ကိုလည်း ပြု၏။

ထိုအကြောင်းကို နောင်တော် သာဂတထေရ် ကြားလေသော် သနားတော်မူသော ကရုဏာဖြင့် ညီတော့်ထံသို့ လာ၍ "ငါ့ညီ ကပိလ-ပရိယတ်ကို ဝိချသောရဟန်းမည်သည်ကား ဘုရားသာသနာ၏ အသက်ဖြစ်ပေသည်၊သင်ကဲ့သို့သော ပုဂ္ဂိုလ်တို့ ပြောဆိုသော စကားကို အများယုံကြည်၍ ဘုရားခွင့်ပြုပြီးသောကပ္ပိယကိုပင် သင်က အကပ္ပိယ၊သာဝဇ္ဇကိုပင် အနဝဇ္ဇ-ဟု အဘယ့်ကြောင့် ပြုသနည်း၊ အာပတ်မရှိသော သူအား အာပတ်ရှိသည်ဟု အပြစ်

တင်၍ တပါးသော ရဟန်းတို့ကို နှိပ်စက်ခြင်းသည် ငါတို့ ကျေးဇူးရှင် ဖြစ်သော ဘုရားသခင် သာသနာတော်ကို ဖျက်ဆီးသည် မည်သည်၊သတ္တဝါတို့အား ကြီးစွာသော ဒဏ်ကို ပေးသည်မည်သည်၊ သင်၏ တပည့်သား အလုပ်အကျွေးတို့ကို သနားစုံမက်ပါလော့၊ ငါတို့ဆရာ မြတ်စွာဘုရားသည် ဟောကြား ဆုံးမတိုင်းကိုသာ သင် ဟောပြောပါလော့''ဤသို့စသည်ဖြင့် ဩဝါဒပေး၍ သုံးကြိမ်တိုင်အောင် ဆုံးမ၏၊ယင်းသို့ ဆုံးမသော်လည်း မနာမယူလေလျှင် ငါ့ရှင် ကပိလ....သင်ပြုသော ကံကို သင်သာ ခံရတ္တံ့၊ သူတပါး ဘယ်အတွက်ရှိအံ့နည်း ဆို၍ ပြန်ကြလေ၏၊ ထိုနေ့မှစ၍ ကပိလ ရဟန်းကိုလည်း လဇ္ဇီပေသလဖြစ်သော သာမဏေကြီးတို့သည် စွန့်လေကုန်၏။

ဂိုဏ်းဆရာဖြစ်သော ကပိလ လည်း မိမိနှင့် သဘောတူသော တပည့်ရဟန်းတို့နှင့် ပေါင်းဖက်လျက် ဖျက်လိုသော တရားကို ဖျက်၊ စွက်လိုသော တရားကို စွက်ပြီးလျှင် ဘုရားသာသနာတော်ကို ဆုတ်ယုတ်စေ၏၊ ထိုနေ့အရှင် သာဂရထေရ် ပရိနိဗ္ဗာန်စံယူတော်မူ၏၊ ကပိလ ရဟန်းလည်း အသက်အတိုင်း နေ၍ စုတေလေသော် မဟာအဝိစိငရဲသို့ ကျ၍ ခံရလေ၏၊ကပိလ၏ မိခင်ဖြစ်သော သာဓိနီနှင့် နှမဖြစ်သော တာပနီ ဘိက္ခုနီမသည်လည်း သားကပိလ၏ အလိုသို့ လိုက်၍ မကျင့်သော လဇ္ဇီပေသလ ဖြစ်သော တပါးသော ရဟန်းကောင်းတို့ကို အလဇ္ဇီ ဒုသီလ-စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချခြင်းကို ပြုလေသောကြောင့် သေသောအခါ ထိုငရဲမှာပင် ကျရလေကုန်၏၊ အကျင့်အယူတူသော တပည့်ဒါယကာတို့သည်လည်း ငရဲမှာပင် ဖြစ်ကြရလေသည်။

ထိုအခါ မြို့ကျေးရွာ၌ ဥစ္စာပစ္စည်းကိုလုယက်၍ အသက်မွေးသောခိုးသားငါးရာတို့သည် မြို့ရွာကို တိုက်ဖျက်လေသောကြောင့် မင်းနှင့်တကွသော ဇနပုဒ်သားတို့သည် လိုက်၍ ဖမ်းလေသော် သေဘေးမှကြောက်သောကြောင့် တောသို့ ပြေးလာ၍ တောကျောင်းနေ ရဟန်းတဦးထံသို့ ကပ်၍''အရှင်မြတ် အကျွန်ုပ်တို့အား ကိုးကွယ်ရာကို ပေးပါ'' ဟု လျှောက်၏၊''ရဟန်းကလည်း ဒါယကာတို့အား သီလမှတပါး ကိုးစားရန် မရှိပြီ၊ပဉ္စသီလကို ဆောက်တည်ကြလော့'' ဟု ဆို၍ သီလကို ပေး၏၊ ယင်းသို့ သီလပေးပြီးသော အခါဒါယကာတို့သည် သီလရကြပြီ၊အသက်ဘေးရှိသော်လည်း သီလကိုမပျက်စေနှင့်ဟု ဆိုဆုံးမ၏၊ သီလဆောက်တည်၍ မျှားမကြာမီ လိုက်လာသော သူတို့သည် မိလေ၍ ထိုအရပ်၌ပင် ခိုးသားတို့ကို သတ်လေ၍ သေသောအခါ နတ်ရွာသို့ လား၍ ငါးရာလုံးတစုတည်း စောရဒေဝပုတ္တ-ဟု ဖြစ်ကြလေ

ကုန်၏၊ ထိုအခါမှသည် လူ့ပြည် နတ်ပြည် လှည့်လည်လာခဲ့၍ ဂါတို့ဘုရား ရွှေလက်ထက်တော်၌ သာဝတ္ထိပြည် တံခါးဝ၌နေသော တံငါ ငါးရာတို့၏ အမျိုး၌ ဖြစ်လာကုန်၏၊ ခိုးသားအကြီးသည် တံငါအကြီးဆုံး၏သားပင် ဖြစ်လာ၍ ရှေး၌ကဲ့သို့ အပေါင်းအဖက်ပြုကာသာ တံငါလုပ်ခြင်းဖြင့် အသက် မွေးကြ၏၊ ကပိလရဟန်းသည်လည်း ဘုရားတဆူမှသည် တဆူ၏အကြား ကာလပတ်လုံး ငရဲ၌ခံခဲ့၍ ဂါတို့ဘုရားဖြစ်တော်မူသောအခါ ဝိပါကာဝသေသ ကြောင့် အစိရဝတီမြစ်၌ ရွှေအဆင်းနှင့်တူသော ငါးကြင်းကြီး ဖြစ်လာ၏၊ ခံတွင်းမှ ဖြစ်သောအနံ့သည်ကား အလွန်ပုပ်၏၊ တနေ့သ၌ ထိုတံငါ ငါးရာ တို့သည် ပိုက်ကွန်ချရာဝယ် ရွှေငါးကြင်းကြီးကို မိ၍ အလွန်အဆင်း လှရ ကား အားရဝမ်းသာ ကြော်ငြာဟစ်ကြွေးပြီးလျှင် အနီး၌ ဝိုင်းအုံ၍ ကြည့် ကြ၏၊ ငါးသည် ခံတွင်းကို ဟ,သောကာလ အလွန်ပုပ်သော အနံ့သည် ဖြစ်၍ မခံနိုင်ကြရကား ဤငါးကြီး အလွန်ကြည်ညိုဘွယ်ရှိ၏၊ အကြောင်းကို သိရ အောင် ကောသလမင်းကြီးအထံသို့ ဆောင်ယူ၍ ပြအံ့ဟု တိုင်ပင်ကြပြီးလျှင် လှေတစင်း၏ စားကျင်း၌ ရေနှင့်ထည့်၍ ဆောင်ခဲ့ပြီးမှ မင်းကြီးကိုပြ၏၊ ကော သလမင်းလည်း ဤငါး၏အကြောင်းကို ဘုရားသခင်မှသာ သိရာတော့မည် ဟု ကြံ၍ ဘုရားအထံသို့ ဆောင်ခဲ့၏၊ ငါးလည်း ခံတွင်းကို ဖွင့်သော ခဏ၌ ဇေတဝန် ကျောင်းတော်အလုံး အပုပ်နံ့ လှိုင်လေ၏၊ ဘုရားသခင်လည်း ရွှေ ငါးကြင်းကို မြင်လျှင် ယခင်ဆိုခဲ့ပြီးသော ကပိလ ဘဝမှ ပြုခဲ့သမျှသော မကောင်းမှုကို သိတော်မူ၍ ဤသို့လှစ်ဖေါ် မိန့်တော်မူ၏။

မင်းကြီး ဤရွှေငါးကြင်းသည်ကား ကဿပဘုရားသခင် သာသနာတော်၌ များစွာသော အခြံအရံရှိသော ကပိလ ရဟန်းတည်း၊ လာဘ်ပူဇော်သက္ကာ၌ တပ်မက်သော တဏှာကြောင့် မိမိစကားကို မလိုက်နာကုန်သော တပါး သော ရဟန်းတို့အား အလဇ္ဇီ ဒုဿီလ–စသည်ဆို၍ ဆဲရေးကဲ့ရဲ့၏၊ တရား ဟုတ်သည်ကို မဟုတ်၊ မဟုတ်သည်ကို အဟုတ်ဆို၍ သာသနာကို ညှစ်နွမ်း စေ၏၊ ထို ကပိသသည် ဤမျှလောက်သော မကောင်းမှုကြောင့် အဝီစိငရဲ၌ မြင့်ရှည်စွာ ခံခဲ့ပြီးမှ ဝိပါကာဝသေသကြောင့် ဤငါးအဖြစ်ကို ရ၏၊ ရှေးက ရဟန်းဖြစ်၍ အနှစ်တထောင်မျှ ကာလပတ်လုံး ပိဋကတ်ကို သင်ကြားပို့ချ ကာ နေဘူးသော ကောင်းမှုကြောင့် ရွှေနှင့်တူသော အဆင်းကိုရ၏၊ ရဟန်း ကောင်းအများကို လူတကာတို့ယုံမှားအောင် ပြောဆို စွပ်စွဲဆဲရေးဘူးသော ကြောင့် ခံတွင်းမှ မကောင်းသော အနံ့သည် ဖြစ်သတည်း၊ "မင်းကြီး .. ဤငါး ကြင်းကြီးကို စကားပြောစေအံ့" ဟု မိန့်တော်မူပြီးလျှင် "သင်ငါးကြင်းသည်

ရှေးသောအခါ အဘယ်အမည် ရှိသနည်း''ဟု မေးတော်မူ၏၊ငါးကြင်းလည်း "အကျွန်ုပ် ကပိလရဟန်း ဖြစ်ပါသည်'' ဟု လျှောက်၏၊ "အဘယ်က သင် လာခဲ့သနည်း'' ဟု မေးတော်မူပြန်သော် "အရှင်ဘုရား အဝီစိငရဲမှ လာပါ သည်''ဟု လျှောက်၏၊ ''သင်၏ အစ်ကိုယ်ဖြစ်သော သာဂတကား အဘယ် ၌ နေသနည်း''ဟု မေးတော်မူ၏၊ "အရှင်ဘုရား နောင်တော် သာဂတကား နိဗ္ဗာန်ယူပါပြီ''ဟု လျှောက်၏၊"သင်၏ အမိနှင့်နှစ်မကား အဘယ်မှာနည်း'' ဟု မေးတော်မူပြန်သော်"အဝီစိငရဲမှာပင် ရှိပါသည်'' ဟု လျှောက်၏၊"ယခု သင်သည် အဘယ်သို့ သွားရအံ့နည်း'' ဟု မေးတော်မူပြန်သော် "အရှင် ဘုရား အဝီစိသို့သွားရပါဦးမည်'' ဟု လျှောက်ပြီး ဝိပ္ပဋိသာရ ဖြစ်ရကား ဦးခေါင်းဖြင့် လှေနံကိုတိုက်၍ သေလေ၏၊ ထိုစကားကို ကြားရသော များ စွာသော လူရဟန်းအပေါင်းတို့သည် ထိတ်လန့်ခြင်း သံဝေဂ ဖြစ်ကြကုန်၏၊ ယင်းသို့လူအပေါင်းတို့သည် ကြက်သီးထလျက် သံဝေဂဖြစ်ကြသည်ကို သိ၍ ထိုခဏနှင့် လျော်သော တရားစကားကို ဟောတော်မူခြင်းငှါ-

> မနုဇဿ ပမတ္တစာရိနော၊ တဏှာ ဝဍ္ဎတိ မာလုဝါ ဝိယ၊
> သော ပ္လဝတီ ဟုရာ ဟုရံ၊ ဖလမိစ္ဆံဝ ဝနသ္မိ ဝါနရော။

အစရှိသော ဂါထာကို ဟောတော်မူ၏၊ ငါး၏ စကားပြောခြင်းကို လူ အပေါင်း ကြားရသည်ကား ဘုရားသခင်၏ မနောမယိဒ္ဓိ တန်ခိုးတော် တည်း။

ဤကား ဓမ္မပဒ စတုဝိသဝဂ်၌လာသော ကပိလဝတ္ထုတည်း၊ သုတ္တနိပါတ် ပါဠိတော်အဋ္ဌကထာ၌လည်း ဤနည်းအတိုင်းပင် သင်္ဂါယနာတင်၏။

ငါတို့မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ နေ တော်မူသောအခါ "ကာယော တေ သဗ္ဗသော ဝဏ္ဏော''အစရှိသောဂါထာ ဖြင့် သူကရမုခပြိတ္တာ၏ အတ္ထုပ္ပတ္တိကို ဟောတော်မူ၏၊ အကြောင်းကား- ရှေးလွန်လေပြီးသောအခါ ကဿပဘုရားသခင်၏ သာသနာတော်၌ တဦး သော ရဟန်းသည် ကိုယ်ဖြင့်ကား မကောင်းမှုကို စောင့်စည်း ရှောင်ကြဉ်၏၊ နှုတ်ဖြင့်ကား မစောင့်စည်း၊ မိမိကိုယ်ကို ဒါယကာတို့ သူတော်ကောင်း ထင် စေလိုသော စိတ်ထားဖြင့် တပါးသော ရဟန်းတို့အား ဆဲရေးခြင်း,ဂုဏ်ကြက် သရေ မြှောက်ခြင်းကို ပြု၏၊ ရဟန်းတို့သည် ဘုရားသာသနာတော်၌ နေ၍ ဝိနည်းတရားကို အားထုတ်သင့်လျက် အလဇ္ဇီမှုဖြင့်သာ ပျော်ပါး၏၊ ငါကား ဤသူတို့နှင့် မပေါင်းဖက်လို စသည်ဖြင့် ပြောဆို၏၊ထိုအခါ ဒါယကာတို့က

ဤရဟန်းကား သူတော်ကောင်းတရားကို နှလုံးထားပေစွဟု ခြီးပမြှောက်စား လျက် လှူဒါန်းပူဇော်ကုန်၏၊ ထိုရဟန်းသည် အသက်အတိုင်းနေ၍ စုတေ လေသော် မြင့်ရှည်စွာပြုခဲ့သော မကောင်းမှု ဝစီကံကြောင့် တာပနငရဲ၌ ကျ လေ၏၊ ဘုရားတဆူမှသည် တဆူ၏ အကြား ကာလပတ်လုံး ငရဲခံပြီးမှ ငါတို့ ဘုရားပွင့်တော်မူသောအခါ ရာဇဂြိုဟ်ပြည်၏ အနီးဖြစ်သော ဂိဇ္ဈကုဋ်တောင် ခြေရင်း၌ လူ၏ကိုယ်နှင့် တူလျက် ဝက်ကဲ့သို့ နှုတ်သီးရှိသော အလွန်ဆာ လောင် မွတ်သိပ်ခြင်းဖြင့် နှိပ်စက်သော သူကရမုခပြိတ္တာ ဖြစ်လာ၏၊ ခန္ဓာ ကိုယ်သည် ရွှေအဆင်းကဲ့သို့ ဝင်းဝင်းညိမ့် တင့်တယ်၏၊ မျက်နှာ နှုတ်သီး ကား ဝက်နှင့် အလားတူသည် ဖြစ်၍ ကြောက်ဖွယ် ရှိ၏၊ အစာကိုလည်း ကောင်း, ရေကိုလည်းကောင်း မစားမသောက်ရ မွတ်သိပ်လှသည် ဖြစ်၍ တခွေခွေတွားကာရှာသဖြင့် တပ ါးသောသတ္တဝါတို့ စွန့်ခဲ့သော မစင်ကိုသာ စားရ၏၊ ငါတို့ဘုရား၏ သာဝကဖြစ်သော အရှင်နာရဒသည် ဂိဇ္ဈကုဋ် တောင်၌ နေလျက် တနေ့ နံနက်သောအခါ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်အံ့ ဟု တောင်မှ ဆင်းသက်သော် ဟင်းလင်းပြင်တခု၌ ထိုသူကရမုခ ပြိတ္တာကို မြင်၍ ယခင်ပြုခဲ့ဘူးသော ကံကို မေးလိုရကား "ကာယော တေ သဗ္ဗသော ဝဏ္ဏော" အစရှိသော ဂါထာကို ဆို၏။

ထိုဂါထာ၏ အဓိပ္ပါယ်ကား- အိုဒါယကာယောက်ျား....... သင်၏ ကိုယ် ကား ရွှေအဆင်းကဲ့သို့ ဝင်းဝင်းညိမ့် တင့်တယ်၏၊ မျက်နှာ နှုတ်သီးကား ဝက်အလားကဲ့သို့ ဆိုးရွားကြောက်လန့်ဘွယ်ရှိ၏၊ သင်သည် ရှေးသောအခါ အဘယ်မည်သော မကောင်းမှုကို ပြုဘူး၍ ထူးကဲလှသော ဤအတ္တဘောကို ရလေသနည်း-ဟုလိုသည်။

ထိုသို့ မေးသောအခါ ပြိတ္တာလည်း မိမိပြုခဲ့ဘူးသော ကံကြမ္မာကို ရှင် နာရဒအား လျှောက်လို၍ "ကာယေန သညတော အာသိံ၊ ဝါစာယာသိ- မသညတော" အစရှိသော ဂါထာကို ရွတ်၏။

ထိုဂါထာ၏ အဓိပ္ပါယ်ကား – အရှင်ဘုရား....... အကျွန်ုပ်သည် ရှေး သောအခါ ရဟန်းပြု၍ နေပါလျက် ကိုယ်ဖြင့်သာ မကောင်းမှုကို စောင့် စည်း၍ နှုတ်မစောင့်စည်းဘဲ စွပ်စွဲခြင်း, ဆဲရေးခြင်း စသော ဥပဝါဒကံ ကို အဖန်ဖန် ပြုခဲ့မိပေ၏၊ ထိုမကောင်းမှုကြောင့် စုတေသောအခါ ငရဲရွာ၌ ကြာမြင့်စွာခံခဲ့ပြီးမှ ပြိတ္တာ၏ဘဝကို ရပေသတည်း၊ အရှင်နာရဒ....ရှေးဘဝ က ကမ္မဋ္ဌာန်းဝိပဿနာကို အားထုတ်ခဲ့သော ကိစ္စကြောင့် အကျွန်ုပ်ဘဝကို

အောက်မေ့နိုင်သော ဉာဏ်အမြင်ဖြစ်၏၊ သက်နှင့်နေ၍ ကိုယ်ကို စောင့်စည်းခဲ့ဘူးသောကြောင့် လှပသော အဆင်းအရောင်သည် ဖြစ်၍ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်ကို ကြည်ညိုအောက်မေ့ ရွတ်ဖတ် သရဇ္ဈာယ်ခြင်းကြောင့် တန်းခိုးမှာပင် အတန်ရှိပါ၏၊ တပါးသော ရဟန်းသံဃာတို့အား ထိပါးဆဲရေးခြင်း၊ ဒါယကာအများကို တရားမဟုတ်သည်၌ တည်စေခြင်းကြောင့် မွတ်သိပ်ခြင်း ပြင်းပြစွာ ဤခန္ဓာကို ရပါသည် ထင်ပါ၏ဘုရား၊ အရှင်တို့သည် အကျွန်ုပ်ကဲ့သို့ မဖြစ်အောင် ဝစီကံအကုသိုလ်ကို ရှောင်တော်မူပါလေ”ဟု လျှောက်၏။

အရှင်နာရဒလည်း ထိုပြိတ္တာ၏စကားကို မှတ်သားခဲ့ပြီးမှ ရာဇဂြိုဟ်ပြည်မှ ဆွမ်းခံ၍ ပြန်ခဲ့သောအခါ သင့်ရာ၌ နေ့သန့်၍ ညချမ်းသောကာလ၌ ဘုရားထံတော်ရင်းသို့ ကပ်၍ ပြိတ္တာ၏အကြောင်းကို လျှောက်သည်တွင် ဘုရားသခင်လည်း “ချစ်သား နာရဒ…ဤပြိတ္တာကို ငါဘုရား ဖြစ်တော်မူသောနေ့ကပင် မြင်တော်မူ၏၊ သက်သေမရှိသောကြောင့် ငါမဟောပြသတည်း၊ ယခုမှာ သင်မြင်ရတပြီးကား ငါဟောကြားအံ့” ဟု မိန့်တော်မူ၏၊ ထိုပြိတ္တာလျှောက်ပြီးသော နည်းဖြင့် ဘုရားထပ်၍ ဟောတော်မူလေသတည်း၊ ဤဒေသနာကို ပေတဝတ္ထု ဒုတိယထုပ်၌ သင်္ဂါယနာတင်သည်။

ငါတို့ဘုရားလက်ထက် သာဝတ္ထိပြည်၏ အနီးဖြစ်သော ရွာတခု၌ နေသော သူကြွယ်တယောက်သည် သာသနာ၌ သဒ္ဒါယုံကြည်ခြင်း ရှိသည်ဖြစ်၍ မိမိအိမ်သို့ မပြတ်ကပ်လာသော ရဟန်းတဦးအား ပစ္စည်းလေးပါးဖြင့် ဖိတ်ပြီးလျှင် ကျောင်းဆောက်၍ ကိုးကွယ်၏၊ ထိုရဟန်းသည် သူကြွယ်၏ အိမ်သို့ နေ့တိုင်းနေ့တိုင်း ကြွ၍ ဆွမ်းဘုဉ်းပေး၏၊ တပါးသော အရပ်မှ လှည့်ပတ်၍ လာသော ရဟန်းသံဃာတို့သည် ဤကျောင်းသို့ရောက်လျှင် အတန်ငယ်နေကြကုန်၏၊ ကျောင်းတကာ သူကြွယ်လည်း ထိုအာဂန္တုက ရဟန်းတို့ကို မြင်လျှင် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ကောင်းမြတ်သော ပစ္စည်းတို့ဖြင့် လှူဒါန်းထောက်ပံ့၏၊ ဤသို့ ထောက်ပံ့ လှူဒါန်းသည်ကို ကြားသဖြင့် တပါးသော ရဟန်းသံဃာတို့လည်း လာရောက်နေထိုင်သည် များ၏၊ သူကြွယ်ဆရာရင်းပြုသော ကျောင်းရှင် ရဟန်းမှုကား သူကြွယ် ကျောင်းတကာသည် အာဂန္တုကရဟန်းတို့အား ကြည်ညိုစွာပေးလှူသည်ကို မနာလိုဝန်တို ငြူစူသော စိတ်ရှိသည်ဖြစ်၍ ထိုရဟန်းတို့၏ အပြစ်ကိုရှာလျက် မသဒ္ဒါအောင် ပြောဆို၏၊ “ကျောင်းတကာ….ယခုရောက်လာသော ရဟန်းကား ဝိနည်းကို

အလေးမပြု၊စားမှု ဝတ်မှု စီးပွားမှုကိုသာ အလေးပြုတတ်သော အလဇ္ဇီရဟန်းတို့တည်း၊ဤရဟန်းတို့ကို လျှဒါန်း ခြီးမြှောက်၍ အဘယ် အကျိုးရှိအံ့နည်း၊ တကာ့ကျောင်းမှာ ရှည်မြင့်စွာ မနေစေလင့်'' ဤသို့ စသည်ဖြင့် ပြောဆို၍ သူကြွယ်ကို မထီမဲ့မြင် ပြုစေ၏၊ သူကြွယ်လည်း မိမိဆရာအရှင် ပြောဆိုတိုင်း ယုံကြည်၍ ကျောင်း၌နေသော ရဟန်းတို့ကိုငင်း, အိမ်သို့ ရောက်လာသော ရဟန်းတို့ကိုငင်း နှိပ်စက် ညှဉ်းဆဲလျက် မောင်းမဲသော စကားကိုသာ ဆို၏၊ ထိုဆရာ့တကာနှစ်ဦးတို့သည် အသက်အတိုင်းနေ၍ စုတေလေသော် ရဟန်းမူကား မိမိကျောင်း၏အနီး ကျင်ကြီးအိမ်ပါး၌ မစင်ကိုစားရသော ပြိတ္တာ ဖြစ်လေ၏၊ သူကြွယ်လည်း ထိုရဟန်း၏ ဦးခေါင်းထက်၌နေသော ပြိတ္တာဖြစ်လေ၏၊ တရံရောအခါ အရှင်မဟာ မောဂ္ဂလာန်သည် ဤကျောင်းသို့လာရာ သူကြွယ်ပြိတ္တာကို မြင်၍ ယခုပြုခဲ့သော အကြောင်းကို မေးလိုရကား ''ဂူထကူပတော ဥဂ္ဂန္တွာ'' အစရှိသော ဂါထာကိုရွတ်၏။

''အို တကာယောကျ်ား...သင်သည် ရှေးအခါ လူ့ပြည်ဝယ် အဘယ်မည်သော မကောင်းမှုကို ပြုခဲ့ဘူးသောကြောင့် ညစ်ညူး စက်ဆုပ်ဖွယ်သော ဤအစာကို စားသောက်ကာ နေရသနည်း'' ဟု မေး၏၊ ပြိတ္တာကလည်း ''အရှင်ဘုရား အကျွန်ုပ် ရှေးလူဖြစ်သောအခါ ရဟန်းသံဃာတို့အား သဒ္ဓါ ညွတ်ပျောင်းသဖြင့် ကျောင်းကန်တည်ဆောက်၍ ကိုးကွယ်သော ဥပါသကာပင် ဖြစ်ပါ၏၊ ပါဏာတိပါတ-စသော ကာယဒုစရိုက်ကိုလည်း မပြု၊ မုသာဝါဒ, ပိသုဏာဝါစာ ဟူသော ဝစီကံကိုလည်း မဆိုပါ၊ အကျွန်ုပ် ကိုးကွယ်ပါသော ဆရာရဟန်း၏ စကားကို ယုံကြည်မှားသဖြင့် တရားကို ကျင့်ပေကုန်သော ရဟန်းတို့အား မလေးမစား မရိုမသေ မထီမဲ့မြင် ကြံမိ ဖြစ်မှားမိသော မနောဒုစရိုက်ရှိပါ၍ အကျွန်ုပ်၏ကျောင်း၌ နေလာသော အာဂန္တုက ရဟန်းတို့အားငင်း, အိမ်သို့ ရောက်လာသော ရဟန်းတို့အားငင်း စောင်းမြောင်းငြူစူလျက် နှိပ်စက်လိုသောအားဖြင့် အလဇ္ဇီ ဒုဿီလ ဖရုသဝါစာဖြင့် ဆဲရေးပါသည် အရှင်ဘုရား၊ သူတပါးအား ငြူစူဝန်တိုခြင်းများသော အကျွန်ုပ်၏ ကောင်းမှုကို မြစ်တတ်သော ဆရာရဟန်း၏ စကားကို နားထောင်မိသဖြင့် အတိဘာရိယ ဝစီကံကို အဖန်ဖန်ဆည်းပူးမိသော အပြစ်ကြောင့် ဤပြိတ္တာ၏ အဖြစ်သို့ ရောက်ပါသတည်း'' ဟု လျှောက်၏၊ ထိုစကားကို ကြားလျှင် ရှင်မောဂ္ဂလာန်လည်း ထိုကျောင်း၌နေသောရဟန်း၏ လားရာဂတိကို မေးလိုသည်ဖြစ်၍–

အမိတ္တော မိတ္တဝဏ္ဏေန၊ ယော တေ အာသိ ကုလူပကော၊
ကာယဿ ဘေဒါ ဒုပ္ပညော၊ ကိံ နု ပေစ္စဂတိံ ဂတော။

အစရှိသော ဂါထာကို ဆို၏၊ ထိုဂါထာ၏ မြန်မာဘာသာကား "အို တကာယောကျာ်း....သင့်အား အဆွေခင်ပွန်းကောင်းအယောင် ကောင်းကျိုးဆောင်သကဲ့သို့ သွန်သင်ပြသသော ရန်သူနှင့်တူသော သင်၏ဆရာ ရဟန်းသည် ခန္ဓာပျက်ကြွေ သေသောအခါ အဘယ်မှာ ဖြစ်လေသနည်း၊ သင်သိမှုကား ငါ့အား ကြားလျှောက်ဦးလော့"ဟု မေးတော်မူ၏။

ထိုအခါ ကျောင်းဒါယကာ ပြိတ္တာလည်း ထင်စွာ ကြားလျှောက်လို၍ "တဿေဝါဟံ ပါပကမ္မဿ၊သီသေ တိဋ္ဌာမိ မတ္ထကေ"အစရှိသော ဂါထာကို ရွတ်၏၊ မြန်မာဘာသာကား-အရှင်ဘုရား အကျွန်ုပ်အိမ်၌ အမြဲဆွမ်းစားလာသော ဆရာရဟန်းသည်ကား အခြားမှာ မဖြစ်၊ အကျွန်ုပ်၏ အောက်မှာပင် ပြိတ္တာဂင်း ဖြစ်၍ မွန်းနစ်ရပါသတည်း၊ ပြည်သူရွာသား ယောကျာ်းမိန်းမ စွန့်ပစ်၍ ချသော မစင်ကို အကျွန်ုပ် စားရ၏၊ အကျွန်ုပ်က တဖန် စွန့်ပစ်ပြန်သော မစင်ကို ထိုရဟန်းပြိတ္တာသည် စားသောက်ကာနေရပါသည်-ဟု လျှောက်၏။

ဤပြိတ္တာ လျှောက်သော စကားကို ကြားရလျှင် ရှင်မဟာ မောဂ္ဂလာန်လည်း "ဒါယကာ-သင်သည် ရှေးအခါ သဒ္ဓါတရားဖြင့် အားထုတ်ခဲ့သော ဒါန,သီလကိုသာ အာရုံပြုလော့"ဟု ဆုံးမခဲ့၍ ထိုမှ ခွါကြွတော်မူလာ၏၊ ညချမ်းအခါ ဘုရားမြတ်စွာ အထံတော်သို့ ရောက်သော် ထိုပြိတ္တာလျှောက်သောအတိုင်း ဘုရားသခင်အား နားတော်လျှောက်ပေ၏၊ ဘုရားသခင်လည်း ထက်ဝန်းကျင် စည်းဝေးလာသော ပရိသတ်လေးပါးတို့အား ထိုပြိတ္တာ၏ အတ္ထုပ္ပတ္တိကို အရင်းထား၍ ရဟန်းတို့အား ကဲ့ရဲ့ စွပ်စွဲ ဆဲဒရေးခြင်း၏အပြစ် ကြီးမားဟန်ကို ဟောညွှန်တော်မူသတည်း၊ ဤဒေသနာကို ပေတဝတ္ထုစတုတ္ထဝဂ် အဋ္ဌမသုတ်၌ သင်္ဂါယနာတင်၏။

ငါတို့ဘုရားကို အနာထပိဏ်သူဌေး ပင့်၍ ဇေတဝန်ကျောင်းတော်ကို လှူသောအခါ သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော ပြည်သူ ပြည်သားတို့သည် တသင်း တသင်း စည်းဝေး၍ သံဃာတို့အား ဆွမ်းသက်န်းတို့ဖြင့် လှူဒါန်း ပူဇော်ကြ၏၊ ထိုအခါ သဒ္ဓါယုံကြည်ခြင်း မရှိသော မိမိဥစ္စာကို တွယ်တာစုံမက်၍ မျက်မြင်ဘဝကိုသာ မြော်တတ်ကုန်သော လူတို့သည် အလှူပေး

သောသူတို့ကို ငြူစူစောင်းမြောင်းလျက် မကောင်းသော စကားဖြင့် ဤသို့ ကဲ့ရဲ့ကုန်၏၊ ရှင်ဂေါတမ၏ တပည့်ဖြစ်သော ဦးပြည်းရဟန်းတို့သည် မလုပ် မကိုင်ပဲ စားရအောင် လှည့်ပတ်သော စကားကို ယုံသဖြင့် ဤသူမိုက်တို့သည် ကိုယ်၌ရှိသော ဥစ္စာကို ဖြုန်းကြကုန်သည်၊ ဤရဟန်းတို့အား အိမ်ဦးမှာ ထား ၍ အစားကောင်း အဝတ်ကောင်း နေ့တိုင်းပေးသော်လည်း အဘယ် သူဌေး သူကြွယ်မှ မဖြစ်၊ ကိုယ်တွင်ရှိသော ဥစ္စာနှစ်ကို ချစ်လှစွာသော မယားနှင့် ကိုယ်စား၍ နေခြင်းသာကောင်း၏၊ဤသို့ အစရှိသဖြင့် ရဟန်းအားရင်း၊အလှူ ပေးသော သူအားရင်း များစွာကဲ့ရဲ့ကြကုန်၏၊ ထိုသူတို့သည် တစုံတခုသော သုစရိုက်တရားကိုမျှ အားမထုတ်ပဲ အသက်အတိုင်းနေ၍ စုတေကြသော် သာဝတ္ထိပြည်၏အနီး ကျင်ကြီး ကျင်ငယ် လူတို့စွန့်ရာဖြစ်သော ဌာန၌ အသွင် ဆိုးရွားလှသော ဖုတ်ပြိတ္တာ ဖြစ်လေကုန်၏၊တရံရောအခါ အရှင်မောဂ္ဂလာန် သည် ဆွမ်းခံဝင်တော်မူရာဝယ် ဤပြိတ္တာတို့ကို မြင်၍ "သင်တို့သည် အရိုးစု မျှသာ ဖြစ်သော သူကောင်ကဲ့သို့ မမြင်ဝံ့အောင် ကြုံလှီ၍ အနီ အနက် ကွက်ကျားသောအဆင်းဖြင့် ကြောက်မက်ဖွယ်ကြီး အဝတ်မဆီး အချည်စည်း သော ဤကိုယ်ကို ရလျက် စားကြွင်း, သစ်ရိပ်ကိုမျှ မိရာမရ၊ စက်ဆုပ်ဖွယ် မြေဌာန၌ ဖြစ်ကြရခြင်းသည် အဘယ်မည်သော မကောင်းမှုကို ပြုခဲ့ဘူးသော ကြောင့်နည်း"ဟု မေးတော်မူ၏၊ ထိုအခါ ပြိတ္တာတို့ကလည်း "အရှင်ဘုရား အကျွန်ုပ်တို့သည် မှားခြင်းကြီး မှားလေစွ၊ဘုရားတပည့်သားဖြစ်သောသံဃာ တို့ကိုလည်း များစွာအပြစ်တင်၍ မလှူကြအောင် ဆိုခဲ့မိပေ၏၊အလှူပေးသော သူတို့အားလည်း သဒ္ဓါပျက်ပြားအောင် များစွာကဲ့ရဲ့မိပေ၏၊ ထိုအကြောင်း ကြောင့် လူအပေါင်းတို့၏ အစာဟောင်း မစင်စွန့်ပစ်ရာဌာန၌ နဂ္ဂဒုဗ္ဗဏ္ဏ ပြိတ္တာ ဖြစ်ရပါသည်၊ အရှင်မောဂ္ဂလာန် တခါပြန်၍ လူ့ထံသို့ ရောက်ပါမူ ကား သူတပါးတို့ တဆကို ကျွန်ုပ်တို့က ဆယ်ဆပို၍ ကုသိုလ်ပြုချင်ပါ၏၊ အရှင်မြတ်တို့သည် ကယ်နိုင်လျှင် ကယ်တော်မူပါ" ဟု လျှောက်၏၊ အရှင် မောဂ္ဂလာန်လည်း ‌ ‌လျော်ကန် ချိုမြိန်သော စကားဖြင့် ထိုပြိတ္တာတို့အား ခြိမ်းမြောက်ခဲ့၍ ထိုအရပ်မှ ဖဲတော်မူခဲ့၏၊ ဤအကြောင်းကို ဘုရားသခင်အား လျှောက်သောအခါ မြတ်စွာဘုရားသည် ရှေးနည်းကဲ့သို့ပင် သံဃာပရိသတ် တို့အား ဟောကြားတော်မူ၏၊ ဤဒေသနာကို ပေတဝတ္ထု၊ ဒသမသုတ်၌င် သင်္ဂါယနာတင်၏။

ရှေးသောအခါ ဒါနသီလ စသော ကုသိုလ်ကောင်းမှုကို အားထုတ်လေ့ ရှိသော ပုဏ္ဏားကြီး တဦးသည် တရံရောအခါ မိမိနွားပျောက်၍ လိုက်လံ

ရှာဖွေသော် နွားကို မရသောကြောင့် စိတ်ဒုက္ခရှိလျက် တောအုပ်၏ အတွင်းတွင် တခုသောသစ်ပင်ရင်း၌ ထိုင်၍ မှိုင်ကာနေသည်တွင် မျက်စိလည်သောရဟန်းသည် မြင်၍ "တကာ ပုဏ္ဏား.... မြို့သို့သွားသောလမ်း အဘယ်မှာရှိသနည်း" ဟု မေး၏၊ ပုဏ္ဏားလည်း စကားမပြန်ပဲ ဆိတ်ဆိတ်သာ နေလျှင်ရှင်ရဟန်းကလည်း "တကာ ပုဏ္ဏား ခရီးညွှန်ပါ"ဟု အခါခါမေး၏၊ပုဏ္ဏားလည်း များစွာ အမျက်ထွက်သောကြောင့် "ဟယ်ရဟန်းပျက် ကျွန်မသား၊ ငါ့အား မမေးလင့်"ဟု ဆို၍ ဝေါက်ဝမ်း ဆဲရေး၏၊ ပုဏ္ဏားလည်း အသက်အတိုင်းနေ၍ စုတေလေသော် ရှည်မြင့်စွာ အားထုတ်ခဲ့သော ဒါန, သီလသည် အကျိုးမပေးပဲ ရဟန်းကိုဆဲရေးသော မကောင်းမှုကံကြောင့် သူ့ကျွန်မဝမ်း၌ ဝင်လာ၍ ဗီဇကမည်သောကျွန် ဖြစ်လေသည်-ဟူ၍ နာရဒဇာတ်တော်၌ လာသည်။

ရဟန်းတို့အား နှုတ်ပြစ်မှား၍ စွပ်စွဲဆဲရေးသော ဝစီကံကို မဆိုထားဘိ၊ မိမိအိမ်ဝ၌ မြေညက်ခံ လာရပ်လာသော ရဟန်းကို ရန်ငြိုး ငြိုးသော စိတ်ဖြင့် မျက်စောင်းထိုး၍ ကြည့်ဘူးရုံမျှသော မကောင်းမှုကြောင့် နောင်ဘဝသို့ ရောက်သောအခါ ခြေခွင်ခြင်း,လက်ကောက်ခြင်း,ခံတွင်း ပါးစပ်ရွဲ့ခြင်း, မျက်စိပြွင်းပြွခြင်း, နှာခေါင်းကြီးကျယ်ရှိခြင်း- တည်းဟူသော ယုတ်မာခြင်းငါးပါးနှင့် ပြည့်စုံလှသောကြောင့် "ပဉ္စပါပိ" အမည်ရှိသော သူဆင်းရဲသမီးဖြစ်လေသောအကြောင်းကို အသီတိနိပါတ် ကုဏာလဇာတ်၌ လာသည်။

ဤသို့လျှင် ရဟန်းသံဃာတို့ကို နှုတ်ပြစ်မှား၍ အလဇ္ဇီ ဒုဿီလ လောဘကြီး ဦးပြည်းဟု ဆဲရေးသော မကောင်းမှုကံ ဥပဝါဒန္တရာယ်တို့သည် အပါယ်လေးထပ်တွင် ရှစ်ရပ်သော ငရဲရွာနှင့် ပြိတ္တာတို့ ဘုံစဉ်တွင် စာရင်းဝင် အင်းဝင် ရွှေခွက်ဆင်ဘွဲ့ရ ဤလောကတွင် တရားမစင်ခဲကဲ့သို့ ဖြစ်ပေသည်၊ ပစ္စုပ္ပန်မျက်မှောက် လောကဘွင်လည်း ချစ်ကြင်စုံမက် နှစ်သက်လှစွာ မိတ်ကလျာတို့သည် မေတ္တာကင်းပြတ်ခြင်း, သူတော်ကောင်း အပေါင်းတို့ ကဲ့ရဲ့၍ မထီမဲ့မြင်ပြုသည်ကို ခံရခြင်း, ကြည့်ရှုစောင်မမြဲဖြစ်သော နတ်တို့သည် မစောင်မသဖြင့် ကြက်သရေမပွား တည်နားသော စည်းစိမ်ဥစ္စာ၏ ဆုတ်ယုတ်ခြင်း, ဒဏ်ဆယ်ပါးတို့သည် ကပ်လာဆိုက်ရောက်ခြင်း တည်းဟူသော အပြစ်ငါးပါးလည်း ထင်ရှား ရောက်တတ်သည် - ဟူ၍ အင်္ဂုတ္တိုရ် စသော ကျမ်းတို့၌ ပြဆိုချေသည်။

ယင်းသို့ဖြစ်ရကား ယခုခေတ်အခါ သာသနာ၌ ငါးဖြာသော ဒုလ္လဘနှင့်ကြုံကြိုသည်ဖြစ်၍ ရှင်ချစ်ဘုရား ဟောကြားသော ဒေသနာကို သဒ္ဓါယုံကြည်

သော အမျိုးသားအများ သူမြတ်တို့သည် ငါးရပ်မျက်မြင် အာနိသင်နှင့် သေလျှင်အပါယ်ငရဲသို့ မလွဲရောက်စေတတ်သော ဗုဒ္ဓအဂါရဝ ဓမ္မအဂါရဝ သံဃအဂါရဝ သာသနပဋိက္ကောသန ဂုဏပရိမံသန မက္ခ ပလာသ ဥဇ္ဈာ-ပနက ခိယျနက အက္ကောသန ဟု ဆိုအပ်သော ဘုရားကိုမရိုသေခြင်း,တရားကို မရိုသေခြင်း, သံဃာကို မရိုသေခြင်း, သာသနာတော်ကို မဟုတ်မတရားဖြင့် တားမြစ် ဖျက်ဆီးခြင်း, ကျေးဇူးအသရေကို ချေဖျောက် ပစ်လှင့်ခြင်း, အဖျင်းဖျင်း ပြောဆိုခြင်း, ကဲ့ရဲ့ရှုတ်ချခြင်း, အက္ကောသနဝတ္ထု ဆယ်ပါးတွင် တပါးပါးဖြင့်ဆဲရေးခြင်းလျှင် အခြံအရံရှိသော ဥပဝါဒန္တရာယ်တို့သည် စဉ်းငယ်မျှ မထိမပါးအောင် သတိထား၍ ရှောင်ရှား စွန့်ခွါကုန်ရာသည်။

ယင်းသို့ စွန့်ခွါသဖြင့် သောတာပန်တည်သော ကျောင်းအမ ဝိသာခါသည် အာဇီဝကတက္ကတွန်းတို့ကဲ့သို့ မိုးရေပြင်၌အချည်းနှီးရေချိုးကြသော သာဝကရဟန်းတို့ကို မြင်လျှင် အရှင်ကောင်းတို့အား သက်န်းမထောက်ပံ့၍ ရှားသည်ဟု သင်္ကန်းလှူခြင်းငှါသာလျှင် သဒ္ဓါစိတ်ပေါက်သကဲ့သို့ရင်း, မလ္လိကာမိဖုရားသည် ရေ၌ကစားကြသော ရဟန်းတို့ကို မြင်လျှင် မြင်သော်လည်း ခင်မင် ကြည်ညိုခြင်း မပျက်၊ ကြင်ဘက်ဖြစ်သော ကောသလမင်းကြီးအား သဒ္ဓါပွားအောင်သာ ကြံဆောင်၍ ပြောပါသဖြင့် ကြီးစွာသော တင်လဲခဲကိုလှူစေသကဲ့သို့ရင်း, ဗိမ္ဗိသာရမင်းသည် ယိုယွင်းသော အကျင့်ရှိကုန်သော ရဟန်းအလဇ္ဇီ ဆဗ္ဗဂ္ဂီတို့ကိုလျက် စုံမက်မြတ်နိုးစွာ လေးမြာသော ပစ္စည်းဖြင့် ထောက်မပြုစုသကဲ့သို့ရင်း မိမိထံသို့ အလှူခံဆိုက်ရောက်လျှင် ကြည်ညိုတတ်သော ကျေးဇူးဂုဏ်သိသာ ဖွေရှာ၍ အာရုံထားသဖြင့် သနားစုံမက် နှစ်သက်ခြင်းနှင့်တကွ ယုတ်သည်,လတ်သည် မြတ်သည်ဟု မရွေးပဲ ပေးလှူရမှု သုံးဆူသော ဉာဏ်ကို ကောန် ပေးတတ်သော ဒါနပါရမီ ဖြစ်တော့သည်၊ အလှူဒါယကာလည်း သောတာပန်အင်္ဂါဝင် လူတွင် လူထိး ကျမ်းဆရာကြီးတို့ ချီးမြှောက်သည်တို့နှင့် ညီတော့သည်၊ ထို့ကြောင့် ဗုဒ္ဓဝင်ပါဠိတော်၌–

ယထာပိ ကုမ္ဘော သမ္ပုဏ္ဏော၊ ယဿ ကဿစိ အဓောကတော၊
ဝမတေ ဥဒကံ နိဿေသံ၊ န တတ္ထ ပရိရက္ခတိ။
တထေဝ ယာစကေ ဒိသွာ၊ ဟီနမုက္ကဋ္ဌမဇ္ဈိမေ
ဒဒါဟိ ဒါနံ နိဿေသံ၊ ကုမ္ဘောဝိယ အဓောကတော။

ယဿကဿစိ-ခပ်သိမ်းသော၊ အဓောကတော-အောက်သို့ မျက်နှာပြု၍ ထားအပ်သော၊ သမ္ပုဏ္ဏော-ရေဖြင့် ပြည့်သော၊ ကုမ္ဘော-အိုးသည်၊ နိဿေသံ·

အကြွင်းမရှိသော၊ ဥဒကံ-ရေကို၊ ဝမတေ-အံလွှတ်၏၊ တတ္ထ-ထိုအိုး၌၊ ဥဒကံ-သည်၊ နပရိရက္ခတိယထာ-အစောင့် မကျန်သကဲ့သို့၊ တထေဝ-ထို့ အတူသာလျှင်၊ ဟီနမုတ္တဥမဇ္ဈိမေ-အယုတ် အလတ် အမြတ် ဖြစ်ကုန်သော၊ ယာစကေ-အလှူခံတို့ကို၊ ဒိသွာ-မြင်၍၊ အဓောကတော-အောက်သို့ မျက်နှာ ပြု၍ ထားအပ်သော၊ ကုမ္ဘောဝိယ-အိုးကဲ့သို့၊ ဒါနံ-အလှူကို၊ နိဿေသံ-အကြွင်းမဲ့၊ ဒဒါဟိ-ပေးလေလော့။ ။ဟူ၍ ဟောတော်မူသည်။

မရွေးမချယ်မူ၍ ပေးလှူသော ဒါယကာကို ကျမ်းဆရာတို့ ဘယ်သို့ ချီး မြှောက်သနည်း ဟူမူကား-

အဓိဂတသဒ္ဓါပသန္နာနံ အရိယသာဝကာနံ ပန ယံကိဉ္စိ သိက္ခာ-ပဒံ ဝိရဇ္ဈန္တံ ပဿန္တောပိ အဘိပသာဒေါဝ ဟောတိ၊ ။အစရှိသည် ဖြင့် မဇ္ဈိမနိကာယ် အဋ္ဌကထာ၌ လာသည်။

အဓိပ္ပါယ်ကား-အားကြီးသော သဒ္ဓါပညာနှင့်ပြည့်စုံကုန်သော အရိယာ သာဝက ဖြစ်သော ဒါယကာ, ဒါယိကာမတို့အား ရဟန်းတို့၌ စိုးစဉ်းသိက္ခာ ပုဒ် ချွတ်ယွင်းသည်ကို မြင်ငြားသော်လည်း သဒ္ဓါတရားမပျက်၊ စုံမက် ချစ် ခင်သဖြင့် ဤအရှင်ကောင်းတို့သည်ကား လူအများတို့ ပျော်ပါးစုံမက် နှစ် သက် ပြစ်မှား တွေဝေကြသော ရဇ္ဇန ဒုဿန မုယှန အရာကို ဝေးစွာ ပယ် ရှားသဖြင့် တရားထူး တရားမြတ်ကို စွဲကပ်ကျင့်သုံးရပေသည်တကားဟု များ စွာ ကြည်ညိုလျက် အလိုပြည့်အောင်သာ ရှက်ဆောင်ကူညီလေ့ရှိ၏၊သဒ္ဒါမြွေ ပညိခြွေ နုလှသော ပုထုဇန်မိုက်တို့သာလျှင် အပြစ်ရှာ၍ များစွာရှုကြည့်တတ် ၏ ဟူလိုသည်။

ဤကား အလဇ္ဇီရဟန်းကို လှူဒါန်း ချီးမြှောက်သဖြင့် အကျိုးမဖြစ် ငရဲမှာ နစ်သည် ဟူသောစကား, အလဇ္ဇီရဟန်းက အောက်၊ ဒါယကာက အထက် ခံရသည် ဟူသောစကားသည် တရားမမှန် ကျမ်းဂန် မရှိ၊ ဒိဋ္ဌိအလိုဖြင့် ပြော ဆိုသော စကားမိုက်အဖြစ်ကို စင်စစ်သိစေသော ပါဠိတော်စု ဝတ္ထုသာဓက အမြွက်တို့တည်း။

အလဇ္ဇီကိုလှူရသော် ငရဲလား၏ ဟူသော ဤစကား၏ ဖြစ်ခြင်း အရင်းကို ထောက်ဆသော် သက္ကရာဇ် ၁၁၉၀-ပြည့်နှစ်အတွင်း မြင်းမူရွာ အနောက် ကျောင်းဝယ် တောကျောင်းနေ ရှင်ဇာနဒ္ဓ သာရ သည် စိတ်ကူးရတိုင်း ရေးသား ပြုစုသော ဂန္ထိရစာမှ လာရင်းစကားဖြစ်သည်၊ ၎င်းစာ၌ ဤအရာတွင်သာ

မှားသည်မဟုတ်၊ မျက်လှည့်သည်လုပ်သော ယောကျ်ားသည် အခစား လှည့်ပတ်လို၍ လူဗိုလ်ပါ ပရိသတ်အတွင်း၌ ပွဲကျင်းသည်ဖြစ်၍ ပြသမှုအတတ်သည် အလှည့်ပတ်အယောင်သာလုပ်၍ မဟုတ်သည်ချည်းဖြစ်သကဲ့သို့ ကျမ်းဂန်အရာ၌ မလိမ္မာ မကျွမ်းကျင် ဆရာစဉ်တို့၏ ဥပဒေသကို မရခဲ့ရင်းတွင် နှလုံးသွင်း မလိမ္မာသော ညစ်ညူးလှသော အန္တဂ္ဂါဟိက အယူ မဖြူသော စိတ်ဉာဏ်ဖြင့် ကြံဖန်၍ဆိုသော စကားဖြစ်ရကား ကိုးစားယုံကြည်စရာ အဋ္ဌကထာ, ဋီကာမှ ပါဠိပါဠိ တတောင်, တထွာခန့်မျှ သာဓကပြုသော်လည်း သူ့အလိုဆွဲ၍ အလွဲလွဲ အချော်ချော် တော်သော အနက်ကို သွတ်သွင်းလျက် လိုရင်းမြောက် အဓိပ္ပါယ်ကိုသာ ဆိုရကား ဥပမာအားဖြင့် ဆားတဆုပ်ထဲတွင် သဲတတင်း သောင်းသကဲ့သို့ ကောင်းမြတ်သော ဓမ္မသာရကို ရှာယူ၍ မရနိုင်အောင်ဖြစ်သည်၊ ပုဒ် ပါဠိ ဝါကျ စီလုပ်၍ထည့်သမျှမှာလည်း ကာရက ကြိယာ ကံသွား ကတ္တားသွား စာစပ် ဝိဘတ် လိင်အန် ဟန်ပန်မရ သဒ္ဒယုတ္တိ အတ္ထယုတ္တိ နည်းမရှိသောကြောင့် စိစစ်ရွေးချယ်လျှင် ရယ်ချင်စဖွယ် လူသူငယ်တို့ ပြုလုပ်သော ရွှံ့ရုပ်နှင့် အလားတူခဲ့သည်၊ သို့စင်ပင်ဖြစ်သော်လည်း ယခုခေတ်အခါ ဤသည့်စာကိုပင် ကျမ်းဂန်လာထင်၍ ယူမှတ်သူ များသောကြောင့် ထိုစာသွားမမှန်, ဖေါက်ပြန်ဟန်ကို စာတင်၍ ပြလိုက်ဦးအံ့။

ဇင်းဂရုဂန္ဓိရ စာ၌ ကျမ်းဂန်သွင်းခြင်း၏ အပြား သုံးပါးကို ပြရာတွင် အကြင် သူသည် ပညတ်တော်မူခဲ့သော ပိဋကတ် စာပေ ကျမ်းဂန် တို့ကို သံသရာဝဋ်မှ ထွက်မြောက်စေခြင်းငှါ မသင် မကြည့်မရှု၊ လာဘ်သပ္ပကာ အကျော်အစော အချီးအမွမ်း လျှုဒါန်းပူဇော်သည်ကို ခံလို၍ရင်း, သူတပါးတို့၏ အမေးပြဿနာကို ဖြေနိုင်လို၍ရင်း, ငါကဲ့သို့ တတ်သလောဟု သူတပါးတို့အား ကဲ့ရဲ့ရှုတ်ချလို၍ရင်း ဤသို့ မကောင်းသောစိတ်ဖြင့် သင်ကြား မှတ်သားခြင်းကို ပြုကြကုန်၏၊ ထိုသူတို့အား သင်ကြားအပ်သော ပိဋကတ် ကျမ်းဂန်သည် မြွေကဲ့သို့ ကိုက်လေ၍ သေသောအခါ အပါယ်လေးပါး၌ ခံရလေကုန်၏၊ ထိုမှတပါး ဝတ္တု လင်္ကာ ဖတ်စာဖြစ်သော ဆုတောင်းခန်း, ပါရမီခန်း, ကိုးခန်းတို့ကိုလည်း ကြည့်ရှုမှတ်သား ဖတ်ရွတ်ကြကုန်၏၊ ထိုသူတို့အား မိမိတို့မှတ်သားလေ့ကျက်သော ပျို့လင်္ကာတို့သည် ကိုက်လေကုန်၍ အပါယ်လေးပါး၌ ခံရလေကုန်၏၊ ထိုသို့ ခံရသောအကြောင်းကို ပြတော်မူခြင်းငှါ—

ဒုဂ္ဂဟိတာယ တေ ဓမ္မာ၊ တေသံ မောဃပုရိသာနံ အဟိတာယ ဒုက္ခာယ သံဝတ္တန္တိ။

ဟူ၍ ဟောတော်မူသည်ဟု ပြဆိုကုန်၏၊ ဤကား ဂဏ္ဌိရ ဆရာ၏ အဆို စကားတည်း။

ထိုသာဓကပါဠ်၌ အမိပ္ပါယ်ဖြောင့်ကား-သူတပါးတို့အား ပလွှား နှိပ်စက် လို၍ ကျမ်းဂန်ကိုသင်ပြီးလျှင် ကျမ်း၏ အနက်အဓိပ္ပါယ်ကို ကောင်းစွာမဆင် ခြင်ကုန်၊ ထိုသို့ မဆင်ခြင်သော သူတို့အား သင်ကြားအပ်သော တရားတို့ဖြင့် သူတပါးတို့အား နှိပ်စက်ခြင်း အကျိုးရှိသည်ဖြစ်၍ မကောင်းသဖြင့် သင်ယူ ခြင်းသည် မဂ်ဖိုလ်, နိဗ္ဗာန်ဟူသော အကျိုးစီးပွားမရှိ၊ ဆင်းရဲပင်ပန်းရရုံသာ ဖြစ်ကုန်၏-ဟူ၍ ဤမျှလောက် မျက်မှောက်ဆင်းရဲကိုသာ ပြသည်၊ အပါယ် ဘေးကို မပြ၊ မကောင်းသော စိတ်ဖြင့် ဘယ်စာကို သင်ငြားသော်လည်း အပါယ်လမ်းကြောင်း မဟုတ်၊ ထိုသို့မဟုတ်ပဲလျက် အပါယ်လေးပါး၌ခံရ၏-ဟု ပါဠိပျက်၍ အနက်အဓိပ္ပါယ် ဆိုခြင်းသည်ကား "ဆိုချင်မက်မော၊ ဆိုလွယ် ဆောလျှင်၊ ဆိုသောသူသည်၊ ဆိုယွင်းဖြီက၊ ဆိုရိယုတ်စွ၊ ဆိုမလှတည်း၊ ဆိုစရပြီ၊ ဆိုသောတိလျှင်၊ ဆိုမိခါခါ၊ ဆိုချင်ရှာလည်း၊ ဆိုရာ လွဲလျက်၊ ယွင်းနှုတ်ထွက်ကို၊ ထွက်လတ်သော်တုံ၊ ရှင်၌ပုံ" ဆိုသကဲ့သို့ ၎င်းစာရှင် ဇာနန္ဒ သာရသည် ကျမ်းဂန်သင်သောသူ တတ်သိလိမ္မာသော သူတို့အား ငြူစူလေ သော မသူတော်၏အဖြစ်ကို စင်စစ်သိသာတော့သည်။

၎င်းဂဏ္ဌိရစာ၌ ပါဠ်ပါဠိ ပြလုပ်၍ "အိုဒါယကာ ယောက်ျား,ဒါယိကာ မိန်းမတို့ သီလသီတင်း ဆောက်တည်ခြင်းဖြင့် ကိုယ်၏ ကျင့်ဝတ်နှင့် ပြည့်စုံ သော သူတို့သည်ကား ပိဋကတ် စာပေကျမ်းဂန်ကို မသင်မကြား မတတ်ငြား သော်လည်း မတတ်သည်မမည်၊ ပိဋကတ်ကိုတတ်သည် လိမ္မာသည် ဆောင် သည်ပင် မည်၏၊ အကြင်သူသည် ပိဋကတ်သုံးပုံကို အာဂုံ ဆောင်ရွက်၍ သရဏ္ဍာယ် ပြောဟောနိုင်ငြားသော်လည်း အကျင့်ဝတ် သီလတရားနှင့် ပြည့် စုံအောင် မကျင့်သည်ဖြစ်အံ့၊ ပိဋကတ်ကို တတ်သည်, ဆောင်သည် မမည် ကုန်" ဟူ၍ ကျမ်းကိုးသောအခါ ဝိသုဒ္ဓိမဂ်မှာ ဟောတော်မူသည်ဟု ဆို၏၊ ဝိသုဒ္ဓိမဂ်၌ ထိုအနက်အဓိပ္ပါယ်မျိုးကို စိုးစဉ်းမျှမဆိုပါ၊ တပါးသော ကျမ်းတို့ ၌သည်း မလာ၊ အကြောင်းကိုစာနာသော် မိမိမတတ် မလိမ္မာသောကြောင့် သူ့ဘာသာအပြစ်တင်မည့်အရေးကို ဆတွေးကာ ဆီးလို၍ ဆိုသောစကား-ဟု ထင်ရှား သိသင့်တော့သည်။

၎င်းဂဏ္ဌိရစာ၌ "ကာယဝါစာနံ နေတိတိ ဝိနယော" ဟူသော ဝိဂြိုဟ်မှု ကို သာဓကပြု၍ "ချစ်သား ရဟန်းတို့ ကိုယ်နှင့်စပ်သဖြင့် ဗေဒင်ဂဏန်းတွက်

ခြင်း ဆေးကုခြင်း သစ်သီးပေးခြင်း အင်္ဂါရုပ်ဆိုး ချုပ်ခြင်း ကဲလား ထရံရက်ခြင်း အိမ်ရာ ကျောင်း ကန်စီရင်ခြင်း အစရှိသော ကုလဒူသက အမှုတို့ကို မပြုလင့်၊ မကြည့်တန်သည်ကို မကြည့်လင့်၊ မသွားတန်သည်ကို မသွားလင့်" ဟု ပညတ်တော်မူသည်၊ ရဟန်းတို့သည် ဒါယကာတို့ကို ချစ်ဖွယ်မျို့လွန်ချိုသော စကားကို မဆိုလင့်၊ ထိုမှတပါး ဒါယကာတို့၏ ကိုယ်ချမ်းလက်သာရှိ, မရှိ မေးခြင်းကို မပြုလင့်၊ အလုပ် အဆောင် ပြောင်း,ဲ စပါး ကောင်းကြောင်း, မကောင်းကြောင်း မေးခြင်းကို မပြုလင့်-ဟူ၍ ပညတ်တော်မူသည်၊ ထိုသို့ ပညတ်တိုင်း မလိုက်နာပဲ ကုလဒူသကကို ပြုသော ရှင်ပျက် အလဇ္ဇီတို့သည် အဆိပ်ထန်သော မြွေကဲ့သို့ရင်း,လောင်တတ်သော မီးကဲ့သို့ရင်း ဖြစ်၏၊ ထိုအလဇ္ဇီ ရှင်ပျက်တို့ကို လဇ္ဇီသူတော်ကောင်း ဖြစ်သော မိန်းမ ယောကျ်ားတို့သည် ဝေးစွာ ရှောင်ကြဉ်ရာ၏၊ မရှောင်ကြဉ်ပဲ ထိုအလဇ္ဇီ ရှင်ပျက်ဒုဿီလတို့ကို ရှိခိုးခြင်းကိုပြုသော သူတို့အား ထို အလဇ္ဇီတို့သည် မီးလောင်သကဲ့သို့ရင်း,မြွေပွေး မြွေဟောက်ကိုက်သကဲ့သို့ရင်း ပစ္စုပ္ပန်သံသရာ ချမ်းသာစီးပွားကို များစွာ ပျက်စီးလေကုန်၏ - ဟူ၍ ဘုရားဟောတော်မူလေသောဟန် ကျမ်းဂန်ဆိုလေသော အဟန်ဖြင့် ရေးသားထား၏၊ ထိုစကားအတိုင်းလည်း မလာ၊ အဋ္ဌကထာ ဋီကာတို့၌လည်း မရှိ၊ မိမိစိတ်ထင်ရာ အပြစ်ရှာ၍ သာသနာ၌ နေကြသော ရဟန်းများကို ဒါယကာတို့ သဒ္ဓါပျက်ပြားအောင် လှည့်စားသော အမှုသာ ဖြစ်သည်၊ ပါဠိ အဋ္ဌကထာတို့၌ လာသော ကုလဒူသက ရှစ်ပါး ဟူသော်ကား-

> ဒါရုံ ဝေဠုံ ဖလံ ပုပ္ဖံ၊ စုဏ္ဏံ နှာနမုခေါဒကံ၊
> မတ္တိကာ ဒန္တကဋ္ဌာဒိံ၊ န ဒဒေ ကုလသင်္ဂဟာ။

ဟူသော ခုဒ္ဒသိက္ခာပါဠိနှင့်အညီ သစ်သား ပေးခြင်း, ဝါး ပေးခြင်း, သစ်သီး ပေးခြင်း, ပန်း ပေးခြင်း, ကသယ်မှုန့် ပေးခြင်း, ချိုးရေ မျက်နှာသစ်ရေ ပေးခြင်း, မြေညက် ပေးခြင်း, ဒန်ပူ ပေးခြင်း-ဟူ၍ ရှစ်ပါးတည်း၊ ထိုရှစ်ပါးကို ပေးသင့်သောသူမှတပါး အခြားသောသူအား ဖြားယောင်း ချီးမြှောက်လိုသဖြင့် ပေးသော ရဟန်းအား ဒါယကာတို့၏ သဒ္ဓါတရားကို ပျက်အောင် ပြုသည်မည်သောကြောင့် ကုလဒူသက ဒုက္ကဋ် အာပတ်သင့်၏၊ ပေးထိုက်သော ဒါယကာအား ပေးခြင်း၌ အပြစ်မရှိ၊ ပေးသင့်သည်သာတည်း၊ အနေသန နှစ်ဆယ့်တပါး ဟူသော်ကား-

ပါရိဘင္ဂကတာမုဋ္ဌ-သူပဖုတာဝတ္ထုဝိဇ္ဇယာ၊
ပဟိဏာဒူတကမ္မေန၊ ဇင်္ဃပေသနိယေနဝါ။
အနုပ္ပဒါနပ္ပဋိပိဏ္ဍ-ဝေဇ္ဇကမ္မေန ဝါ ပန။
နာညေန ဝါပိ သမ္ဗုဒ္ဓ-ပ္ပဋိကုဋ္ဌေန ဇီဝယေ။

ဟူသော ခုဒ္ဒသိက္ခာပါဠိနှင့်အညီ ထိန်းယအတူ ရွာသူ သားငယ်တို့အား ချီပိုးရှက်ဆောင်ခြင်း, မကျက်နည်းပါး အကျက်များခြင်း ဝဲနောက်ဟင်းကဲ့သို့ အမှန်နည်းပါး မမှန်များသော စကားကို ဆိုခြင်း, အိမ်ရာမြေကြန် အတတ်ဖြင့် ပြုပြင်ခြင်း, လူတို့၏ အစေအပါးခံခြင်း,သတင်းစကားကိုဆောင်ခြင်း, တအိမ်မှ တအိမ်စေ၍ ခြေလျင် တမန်ပြုခြင်း, လာဘ်ကိုလို၍ တန်ဆိုး ပေးခြင်း, ဆွမ်းတုံ့ပေးခြင်း, ဆေးကုခြင်း,ဝစီဝိညတ်ပြုခြင်း, ကုဟန လပန သာမန္တ ဇပ္ပန မာယာသာဌေယျ ပြုခြင်း, အစ္ဆရိယမ္မကို ပြုခြင်း ယခင်ပြခဲ့သော ကုလဒူသကအမှုပြုခြင်းတို့ကို အသက်မွေးလိုသော အကြောင်းကြောင့် မပြုကောင်း,မပြုထိုက်၊လူတို့၏ အမှုကို ရှက်ဆောင်လျက် ထိုလူတို့ ပေးလှူအပ်သော လာဘ်ဖြင့် အသက်မွေးသော ရဟန်းသည် မရှာမှီးအပ်သည်ကို ရှာမှီးချေသောကြောင့် အနေသနကိုပြုသည်မည်၏၊ထိုသို့ပြုသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟူ၍သာ ဆိုသည်၊ အလဇ္ဇီ ဖြစ်သည်ဟူ၍ ပါဠိ အဋ္ဌကထာဋီကာတို့၌ မဆို၊ ပါဠိတော်၌ကား ခြောက်ဆယ့်လေးပါးသော ပါပသမာ-စာရတို့ကို ကျင့်တတ်သော ရဟန်းတို့ကိုသာ အလဇ္ဇီ ဟူ၍ ဆိုသည်၊ ခြောက်ဆယ့်လေးပါး ဟူသော်ကား....

ပန်းပင်ငယ်တို့ကို မိမိကိုယ်တိုင် စိုက်ခြင်း, သူ့ကိုစိုက်စေခြင်း, မိမိကိုယ်တိုင် ရေသွန်းခြင်း, သူ့ကို သွန်းစေခြင်း, မိမိ ဆွတ်ခြင်း, သူ့ကို ဆွတ်စေခြင်း မိမိ သီကုံးခြင်း, သူ့ကို သီကုံးစေခြင်း ပွင့်ညှာတဘက်ဆိုင်ရှိသော ပန်းကုံး, ပွင့်ညှာ နှစ်ဘက်ဆိုင် ထွက်သော ပန်းကုံး ပန်းခိုင် ပန်းလက်ကောက် ဦးဆောက်ပန်း နားသွယ်ပန်း ရင်လွှမ်းပန်းတို့ကို မိမိကိုယ်တိုင်ပြုခြင်း သူတပါးတို့ကို ပြုစေခြင်း ပန်းတို့ကိုဆောင်ယူ၍ ရွာ၌နေသော အမျိုးကောင်းသမီး အမျိုးကောင်း ချွေးမ အိမ်ရှင် မိန်းမ အိမ်ကျွန်မတို့ကို ဝေဘန် ပေးကမ်းလျက် အကျွမ်းဝင်အောင် ပြုခြင်း ထိုမိန်းမတို့နှင့် ထမင်းတပွဲတည်း အတူတူစားခြင်း ရေတခွက်တည်း သောက်ခြင်း တနေရာတည်း၌ အတူနေထိုင်ခြင်း တညောင်စောင်းတည်း၌ လျောင်းခြင်း တခုတည်းသော အခင်း၌ အတူခြံခြင်း နေလွဲသောအခါ၌ ဘောဇဉ်ခဲဘွယ်တို့ကို စားခြင်း သေအရက်ကို

သောက်ခြင်း ပန်းပန်ခြင်း နံ့သာလိမ်းခြင်း မိမိအလိုလို ကခုန်ခြင်း သီခြင်း တီးမှုတ်ခြင်း စံပယ်ခြင်း သူတပါးတို့ တီးမှုတ်ရာ၌ဝင်၍တီးမှုတ်ခြင်း သူတပါးတို့ တီးမှုတ်ရာ၌ ဝင်၍ ကခြင်း သီခြင်း သူတပါးတို့ သီချင်းသီရာ၌ ဝင်၍ တီးမှုတ်ခြင်း ရွှာသူသားငယ်တို့နှင့် ဖက်၍ ရှစ်ကွက်အန် ကစားခြင်း ဇယ်မြောက် ဇယ်တောက် ကစားခြင်း ခရီးအရေးလိုက်၍ ကစားခြင်း, ဇယ်ခတ်၍ ကစားခြင်း,အန်လောင်း၍ ကစားခြင်း,ကျည်းသားတောက်၍ ကစားခြင်း ဝါးခြမ်းလက်ပစ် ကစားခြင်း ထန်းရွက်တံပိုးမှုတ်၍ ကစားခြင်း တွင်းငယ်ဖြင့် ကစားခြင်း ကုန်းတန်း စီးတန်း ကစားခြင်း စကြာငယ်ဖြင့် ကစားခြင်း တောင်းငယ် တင်းငယ်ဖြင့် ကစားခြင်း, လှည်းရထားငယ်ဖြင့် ကစားခြင်း လေ့ငယ်ပြု၍ ကစားခြင်း ကုန်းယောင် ကွယောင်မူ၍ကစားခြင်း ဆင်အတတ် မြင်းအတတ် ရထားအတတ်ကို သင်ခြင်း ထားခုတ် ဆောက်ရိုက် အတတ်တို့ကို သင်ခြင်း ဆင်ပြိုင်ရာ မြင်းပြိုင်ရာ ရထားပြိုင်ရာတို့၌ ဆင်ဦး မြင်းဦး ရထားဦးက ပြေးလွှားခြင်း ကခုန်ခြင်း လေချွန်ခြင်း လက်ပမ်းပေါက်ခတ်ခြင်း လုံးထွေးခြင်း လက်ပမ်း, လက်ခွေသတ်ခြင်း ပွဲသဘင်၏ အလယ်၌ ဒုကုဋ်သင်းပိုင်ကိုဖြန့်၍ ကခြေသည်တို့ကို ကစေခြင်း မိမိတို့လည်း ဒုကုဋ်ထက်၌ ကခြင်း လူမိန်းမ လူယောကျ်ားတို့ကို မြင်လျှင် နဖူးတိုက်ခြင်း လက်ပိုက်ခြင်း တည်းဟူသော ဆိုအပ်ပြီးသော ယုတ်မာသော အမူအရာတို့ကို ပြုကျင့်ခြင်းတို့တည်း၊ ထို့ကြောင့် ပါရာဇိကဏ်ပါဠိတော်၌–

> အဿဇိပုနဗ္ဗသုကာနာမ ကိဋာဂိရိသ္မိံ အာဝါသိကာ ဟောန္တိ အလဇ္ဇီနော ပါပဘိက္ခူ၊ တေ ဧဝရူပံ အနာစာရံ အာစရန္တိ၊မာလာ- ဝစ္ဆံ ရောပေန္တိပိ ။ပ။ ဝိဝိဓံပိ အနာစာရံ အာစရန္တိ။ ။ဟူ၍ ဟော တော်မူသည်။

ယင်းသို့ ပြဆိုအပ်ပြီးသော ပါပသမာစာရ-ခြောက်ဆယ့်လေးပါးတို့နှင့် ပျော်ပါးသဖြင့် အရှက်မဲ့သော ရဟန်းတို့ကိုသာ အလဇ္ဇီ-ဟူ၍ ဟောတော်မူပါသည်ကို ပါဠိတော် အဋ္ဌကထာတို့၌ မလာမပါ၊ ပမာဏ မပြုလောက်သော နှုတ်ဆက်ခြင်း ထမင်းကျွေးခြင်း ဘိနပ်စီးခြင်း ထီးဆောင်းခြင်း လှေစီးခြင်း လှည်းစီးခြင်း သက်န်းမရုံခြင်း အမှုမျှဖြင့် အလဇ္ဇီပြုခြင်း၌ ဒုသီလချ၍ ပြဆိုခြင်းသည် ညွှင်းနာတကွက်ကို သမင်ရက် နှုနာသမုတ်၍ ဆေးလုပ်သောသူကဲ့သို့ အလှည့်စား အဖတ်တင်ရုံသာ ရှိမည်၊ သတိပညာရှိသော လူဟူသမျှတို့ မယုံကြပေရာ၊ ထိုသစ်သီးပေးခြင်း ပန်းပေးခြင်း

ထမင်းကျွေးခြင်း အစရှိသော လောကဝတ် ပဋိသန္ထာရကို ရဟန်းတို့သည် အဘယ်အခါ၌ ဒါယကာတို့အား ပြုထိုက်သနည်း ဟူမူကား-

အယံ ပဋိသန္ထာရောနာမ ဝိဟာရံ သမ္ပတ္တာယ ယဿကဿစိ အာဂန္တုကဿ ဒလိဒ္ဒဿဝါ စောရဿဝါ ဣဿရဿဝါ ကာ-တဗ္ဗာယေဝ၊ကထံ အာဂန္တုကာ တာဝ၊ ခီဏပရိဗ္ဗယံ ဝိဟာရံ သမ္ပတ္တံ ဒိသွာ ဍဒံ ပါနံ ပိဝါတိ ဒါတဗ္ဗံ၊ ပါဒမက္ခနတေလံ ဒါတဗ္ဗံ၊ကာလေ အာဂတဿ ယာဂုဘတ္တံ၊ ဝိကာလေ အာဂတဿ တဏ္ဍုလာ အတ္ထိ၊ တဏ္ဍုလာ ဒါတဗ္ဗာ၊ အဝေလာယ သမ္ပတ္တောပိ ဂစ္ဆာတိ နဝတ္တဗ္ဗော၊ သယနဋ္ဌာနံ ဒါတဗ္ဗံ၊ သဗ္ဗာ အပစ္စာသီသန္တေနေဝ ကာတဗ္ဗံ၊ မနုဿာ-နာမ စတုပစ္စယဒါယကာ ဇဝံ သင်္ဂဟေ ကရိယမာနေ ပုနပ္ပုနံ ပသီ-ဒိသွာ ဉပကာရံ ကရိဿန္တိတိ စိတ္တံ နဉပ္ပါဒေတဗ္ဗံ၊ စောရာနံ ပန သင်္ဃိကံပိ ဒါတဗ္ဗံ၊ ပဋိသန္ထာရာနိသံသဒီပနတ္ထဉ္စ စောရနာဂဝတ္ထု-အာဒီနိ မဟာအဋ္ဌကထာယံ ဝုတ္တာနိ၊ ဇဝံ မဟာနိသံသော ပဋိသန္ထာ-ရောတိ သလ္လက္ခေတွာ ကာတဗ္ဗော ပဏ္ဍိတေန ဘိက္ခုနာတိ။

ဟူ၍ သမန္တပါသာဒိက အဋ္ဌကထာ နှော-ချပ်၊ ဝိနယသင်္ဂဟအဋ္ဌကထာ ကူ-ချပ်၌ လာသည်။

မြန်မာ ဘာသာကား - ရဟန်းတို့သည် လူတို့အား ထမင်းကျွေးခြင်း, သစ်သီး ပေးခြင်း-အစရှိသော လောကဝတ် အမှုကိုကား ကျောင်းသို့ ရောက်လာသော တစုံတယောက်သော ဧည့်သည်အားရင်း, ဆင်းရဲနွမ်းပါးလှသော သူအားရင်း, တိုက်ဖျက် လုယက်တတ်သော ခိုးသူအားရင်း အစိုးရသော မင်းအားရင်း ပြုအပ်သည်သာလျှင်တည်း၊ အဘယ်သို့ ပြုအပ်သနည်းဟူမူ ကား ဧည့်သည်ဖြစ်သောသူသည် ရိက္ခာမပါပဲ ကျောင်းသို့ ရောက်လာသည် ကို မြင်သော် သင်သည် အဘယ်ကလာသနည်း၊ ပင်ပန်းစွာရှိမူကား ဤရေ ကို သောက်လော့-ဟု ပေးအပ်၏၊ ခြေသုတ်လိမ်းစရာ ဆီကို ပေးအပ်၏၊ နံနက်ထမင်းမစားမီ ရောက်လာသော သူအား ဤထမင်းကို စားလော့၊ ဤယာဂုကို သောက်လော့-ဟု ပေးအပ်၏၊ နေလွဲ၍ ညချမ်းရောက်လာသော သူအား ကျောင်း၌ ဆန်ရှိသည် ဖြစ်အံ့၊ ဆန်ကို ပေးအပ်၏၊ အချိန်မလှ ညမှောင်သောအခါ၌ပင် ရောက်လာငြားသော်လည်း "ဒါယကာတို့သည် ကား အချိန်အခါမဟုတ် ငါလက်မခံပြီ၊ လျှော်ကန်ရာ သွားလေတော့" ဟူ၍ မဆိုအပ်၊ လျောက်ပတ်သော အိပ်ရာနေရာကို ပေးအပ်၏၊ အာဂန္တု

တို့၌ ပြုထိုက်သော ဝတ်အလုံးစုံကို လဘ်ပူဇော်သက္ကာရကို မထောက်ထား မတောင့်တမဲ့ သုဒ္ဓစိတ်ဖြင့်သာ ပြုရာ၏၊ လူတို့ မည်သည်ကား ပစ္စည်းလေးပါးကို ပေးလှူတတ်၏၊ ငါကား ဤသို့ကြင်နာလေးမြတ် လောကဝတ်ဖြင့် ပြုအပ်သည်ရှိသော် အဖန်တလဲလဲကြည်ညို၍ ငါ့ကို ကျေးဇူးတုံ့ပြုလတ္တံ့ဟူ၍ နှလုံးသွင်းခြင်းကိုကား မဖြစ်စေအပ်၊ ဤမှတပါး နွမ်းပါးလှသော စိုးမင်းညာတိတို့ကိုလည်း ဤနည်းအတူ ပြုအပ်၏၊ ခိုးသူတို့အားကား သံဃိကဥစ္စာကိုသော်လည်း ပေးအပ်၏၊ ဤအရာ၌ ပဋိသန္ထာရ ပြုခြင်း၏ အကျိုးများကြောင်းကို ထင်ရှားပြခြင်းငှါ မဟာအဋ္ဌကထာ၌ စောရနာဂဝတ္ထု-စသည်တို့ကို ဆိုတော်မူ၏၊ ဤသို့လျှင် လူတို့အား သင့်လျော်သောအခါ၌ ပဋိသန္ထာရကို ပြုခြင်းသည် များမြတ်သော အကျိုးရှိသည်သာတည်းဟု ကောင်းစွာမှတ်သား၍ ပညာရှိသော ရဟန်းသည် ရှင်လန်း ပြုံးရွှင်စွာ လောကဝတ်ကို ပြုရာ၏-ဟူလိုသည်၊ ပါဌ်အနက် ရေး၍ရေးလျှင် ကျယ်သောကြောင့် ပါဠိထွက်ဆိုတိုင်း အမိပ္ပါယ်ကိုသာ ရေးလိုက်သည်။

လက်ဖြင့် မသုံးသပ်ရသေးသော ဆွမ်းဦးကို ဘယ်သူအား ပေးအပ် ကျွေးအပ်သနည်း ဟူမူကား- "မာတာပိတာတဒုပဋ္ဌာကာ ဘိက္ခုနိဿိတပဏ္ဍုနံ ဝေယျာဝစ္စကရဿစ"အစရှိသည်ဖြင့် လာသော အဋ္ဌကထာပါဌ်နှင့် အညီ အလျှခံရသဖြင့် လက်မျှ မသုံးသပ်ရသေးသော ဆွမ်းဦးကို မိခင် ဘခင်တို့အားငင်း, မိဘတို့ကို လုပ်ကျွေးသောသူအားငင်း, ရဟန်းတို့ကို မှီ၍ နေသောသူအားငင်း, သာမဏေလောင်းတို့အားငင်း, အမှုကြီး ငယ်ကို ရွက်ဆောင်သောသူအားငင်း, မင်းပြုလိုသော ခိုးသူအားငင်း, အစိုးရသောမင်း အားငင်း ပေးအပ် ကျွေးအပ်သည်သာတည်း၊ ထိုရှစ်ဦးသော သူတို့အား မကျန်းမမာရှိသောအခါလည်း ကောင်းစွာ ဆေးဝါးကုသအပ်၏။

ဘကြီး ဘထွေး မိကြီး မိထွေး အစ်ကို ညီ အစ်မ နှစ်မ-စသည်တို့အားကား ထိုသူတို့၏ ဥစ္စာဖြင့်သာ ဆေးဖော်၍ ကုသရာ၏၊ ထိုသူတို့၌ ဥစ္စာမရှိခဲ့သော် ရဟန်း၏ ဆေးကိုသော်လည်း အခိုက်အတန့်ပြု၍ ပေးအပ်၏၊ အမိအဘနှင့် စပ်နွယ်သမျှသော အမျိုးတို့၌ ရဟန်းက ပေးကမ်းခြင်း, ဆေးကုခြင်းကိစ္စကို မ,စ ဆောင်ရွက်ခြင်းကြောင့် ကုလဒူသက မဖြစ်၊ မရှိသောအခါ လိုသမျှသောဝတ္ထုကို တောင်း၍လည်း ဝိဝိညတ်ကြောင့်ဖြစ်သော အာပတ် မသင့် အပြစ်မရှိ ဟူ၍ ပြတော်မူသည်၊ အရွက် အပွင့်ကို အဘယ်သူတို့အား ပေးအပ်သနည်း၊ အဘယ်သူတို့အား မပေးအပ်သနည်း ဟူမူကား-

> မာတာပိတူနံ တာဝ ဟရိတွာပိ ဟရာပေတွာပိ ပက္ကောသိတွာပိ ပက္ကောသာပေတွာပိ ဒါတုံ ဝဋ္ဋတိ၊ သေသဉာတကာနံ ပက္ကောသာပေတွာဝ တဥ္စ ခေါ ဝတ္တုပူဇနတ္ထာယ။ မဏ္ဍနတ္ထာယ ပန သိဝလိင်္ဂါဒိပူဇနတ္ထာယဝါ ကဿစိပိ ဒါတုံ န ဝဋ္ဋတိ။

အစရှိသော ပါရာဇိကကဏ် အဋ္ဌကထာ ပါဠိနှင့်အညီ အမိအဘတို့အား ရဟန်းကိုယ်တိုင် ပန်းကို ဆောင်၍ရင်း, ကျောင်းသို့ခေါ်၍ရင်း, ခေါ်စေ၍ ရင်း ပေးခြင်းငှါအပ်၏၊ ကြွင်းသောဆွေမျိုးတို့အား ကျောင်းသို့ခေါ်စေ၍သာလျှင် ပေးအပ်၏၊ ထိုသို့ပေးခြင်းသည်လည်း ရတနာသုံးပါးကို ပူဇော်စေခြင်းငှါသာ ပေးအပ်၏၊ တန်းဆာဆင်ခြင်းငှါရင်း, နတ်ပူဇော်ခြင်းငှါရင်း မပေးအပ်၊ ရွာ၌နေသော ဒါယကာ, ဒါယိကာမတို့ကို ကျောင်း၌ ပန်းများစွာရှိကြောင်းကိုကား သတင်းကြား၍ လျှောက်လာသောကာလ "ဤပန်းဖြင့် ရတနာသုံးပါးကို ပူဇော်လော့"ဟု ဆိုအပ်၏၊ ဤကား ပန်းပေးသင့်သော အကြောင်းတည်း၊ငှက်ပျော, ပိန်းနဲ, သရက်-စသော သစ်သီးတို့ကိုမူကား-အဘယ်သူအား ပေးအပ်သနည်း ဟူမူကား-

> ဖလေပိ အတ္တနော သန္တကံ ဝုတ္တနယေနေဝ မာတာပိတူနံ သေသဉာတကာနဉ္စ ဒါတုံ ဝဋ္ဋတိ။လ။အတ္တနော သန္တကံယေဝ ဂိလာနမနုဿာနံဝါ သမ္ပတ္တဣဿရာနံဝါ ခီဏပရိဗ္ဗယာနံဝါ ဒါတုံ ဝဋ္ဋတိ။ ဖလဒါနံ န ဟောတိ။

အစရှိသော အဋ္ဌကထာ ပါဠိနှင့်အညီ မိမိ၏ဉစ္စာဖြစ်သော သစ်သီးကို ဆိုခဲ့ပြီးသော နည်းအားဖြင့် မိဘနှစ်ပါးတို့အားရင်း, ကြွင်းသော ဉာတိတို့အားရင်း, နာသော သူတို့အားရင်း မိမိထံသို့ ရောက်လာသော စိုးမင်းတို့အားရင်း, ရိက္ခာပြတ်သောသူတို့အားရင်း ပေးခြင်းငှါအပ်၏၊ သစ်သီးပေးခြင်းကြောင့် ကုလဒူသက မဖြစ်၊ သံဃာတို့အား သစ်သီးဝေစိမ့်သောငှါ သမုတ်၍ ထားသော ပုဂ္ဂိုလ်မူကား ဝေဘန်ဆဲသောအခါ၌ ရောက်လာသော သူ့ဘို့အား ရဟန်း၏ ထက်ဝက် ဝေစုပေးအပ်၏၊ သမ္မုတိမရသော ပုဂ္ဂိုလ်ဖြစ်မူကား သံဃာကို ပန်ကြား၍ ပေးအပ်၏၊ ဤကား အဋ္ဌကထာ၏ အမိန့်တည်း။

ရဟန်းသည် ဆွမ်းကိုရင်း, သစ်သီး အဖျော်-စသည်ကိုရင်း သုံးဆောင်၍ မကုန် ကျန်မူကား အနီးအပါး၌ ရှိသောသူတို့ကို အပစ္စာသီသ အားဖြင့် စွန့်

ကောင်းသည်သာတည်း ဟူ၍ ဝဇိရဗုဒ္ဓိဋီကာ၌ ဆို၏။ ဤကား သစ်သီးပေး လင့်သော အကြောင်းတည်း။

ဤသို့လျှင် လူတို့အား ပန်း သစ်သီးပေးခြင်း, ထမင်းကျွေးခြင်း, ဆေး ပေးခြင်း အစရှိသော အမှုသည် ပြုပြုသမျှ၌ ကုလဒူသကဖြစ်သည် မဟုတ်၊ ယုတ်မာသော လာဘဂိဒ္ဓ စိတ်ထားဖြင့် မပေးထိုက်သောသူတို့အား ပေးရာ ကျွေးရာ၌သာ ဒုက္ကဋ်အာပတ်သင့်သည်ဟု လာသည်။

ယင်းသို့လာသောအတိုင်း မိစ္ဆာဇီဝသို့ ရောက်၍ ဒုက္ကဋ်သင့်သော ရဟန်း သည် ရဟန်းပင် ဖြစ်သော်လည်း အလဇ္ဇီ မဆိုထိုက်သေး၊ အဘယ့်ကြောင့် နည်းဟူမူကား ထိုအပြစ်မျှဖြင့် သီလအာစာရ ပျက်သည် မဟုတ်၊ ရဟန်း၏ မူလဖြစ်သော ပါတိမောက္ခသံဝရသီလ လုံခြုံလျက် အသက်မွေး မသန့်ရှင်းရုံ သာ ဖြစ်သည်၊ ထိုပါတိမောက္ခ သံဝရရှိပေသော ရဟန်းသည်ကား ငရဲပွန်၌ ကဲ့ရဲ့ထိုက်သော အပြစ်မှ လွတ်ခြင်း, အပါယ်ဝဋ်ဒုက္ခမှ လွတ်ခြင်း အကျိုး ရှိတော့သည်၊ ထို့ကြောင့် မာတိကာအဋ္ဌကထာ၌-

> ယော နံ ပါတိ ရက္ခတိ၊ တံ မောက္ခေတိ မောစယတိ အပါယိကာ-
> ဒီဟိ ဒုက္ခေဟိ အတ္တာနုဝါဒါဒီဟိ ဝါ ဘယေဟိ ဝါတိ ပါတိမောက္ခံ-
> ဟူ၍ မိန့်၏။

ယော ဘိက္ခု-သည်၊ နံ သီလံ-ထိုသီလကို၊ ပါတိ ရက္ခတိ-စောင့်၏၊ တံ-ထိုစောင့်ရှောက်သော ပုဂ္ဂိုလ်ကို၊ အပါယိကာဒီဟိ - အပါယ်သို့ လားခြင်း အစရှိကုန်သော၊ ဒုက္ခေဟိ ဝါ-ဆင်းရဲတို့မှ လည်းကောင်း၊ အတ္တာနုဝါဒါ-ဒီဟိ-မိမိကိုယ်ကို စွပ်စွဲကဲ့ရဲ့ခြင်း အစရှိကုန်သော၊ ဘယေဟိ ဝါ-ဘေးတို့မှ၎င်း၊ မောက္ခေတိ မောစယတိ - လွတ်စေတတ်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ ပါတိမောက္ခံ - ပါတိမောက် မည်၏။

ဤအဋ္ဌကထာကို ထောက်၍ ပါတိမောက်၌လာသော သိက္ခာပုဒ် နှစ်ရာ့ နှစ်ဆယ့် ခုနစ်ပါး လုံခြုံလျှင် အလဇ္ဇီမဖြစ်ဟု စင်စစ်သိရာသည်၊ ကုလဒူသက အနေသနကြောင့် အာပတ်သင့်သော ရဟန်းသည် အထက်က ပြခဲ့သော အင်္ဂါသုံးပါးနှင့် ညီသော် အလဇ္ဇီမဆိုထိုက်ပါလော ဟူငြားအံ့၊ ဤအဘိ-သမာစာရိက သီလမပြည့်စုံ၍ အာပတ်သင့်ရုံမျှနှင့် အလဇ္ဇီမဆိုရချေ၊အကယ်၍ အလဇ္ဇီဆိုထိုက်လေမူ မဟာဝါခန္ဓက၌လာသော ဥပဇ္ဈာယ်ဆရာ၌ ပြုထိုက်သော ဝတ်ရှစ်ဆယ့်နစ်ပါး, နိဿယည်းဆရာ, ဥပဇ္ဈာစရိယ စသည်၌ပြုထိုက် သော ဝတ်ရှစ်ဆယ့်နှစ်ပါး, သဒ္ဒိဝိဟာရိက တပည့် အန္တေဝါသိကတပည့်

တို့၌ ပြုအပ်သော ဝတ်ရှစ်ဆယ့်နှစ်ပါးစီ ဤဝတ်တို့ကို မပြုသော ရဟန်းအားလည်း ဒုက္ကဋ်သင့်သည်-ဟု ဟောတော်မူသည်၊ ဥပဇ္ဈာယ် အင်္ဂါနှင့် မပြည့်စုံပဲ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံသောရဟန်း, ပွေးညှင်း တင်းတိပ်စသော အနာရှိလျက် ပဉ္စင်းခံသောရဟန်း,နိဿယမုစ္စက အင်္ဂါနှင့်မညီဘဲ နိဿယည်း လွတ်၍ နေသော ရဟန်းတို့အားလည်း ဒုက္ကဋ်အာပတ်သင့်သည်-ဟု ဟောတော်မူသည်၊ ထို့ကြောင့် ထိုသို့သော ရဟန်းဟူသမျှ "သံဃုပ္ပါဒ စေတိယုပ္ပါဒ ဝေဇ္ဇကမ္မာဒိနာ မိစ္ဆာဇီဝတ္တံ ပါပုဏာတိ"ဟူ၍ မိန့်တော်မူ၏။

လဇ္ဇီပေသလ ဘိက္ခုနောပိ-သီလကို ချစ်သောရဟန်းသည်လည်း၊ အပ္ပေကဒါ-တရံတခါ၊ သံဃုပ္ပါဒစေတိယုပ္ပါဒဝေဇ္ဇ ကမ္မာဒိနာ-သံဃာတို့၏ အမှုကိစ္စကို ပြုလုပ်ဆောင်ရွက်ခြင်း စေတီအမှုကိုပြုလုပ်ဆောင်ရွက်ခြင်း ဆေးဝါးပေးခြင်း-အစရှိသော ကုလဒူသကအနေသန အမှုဖြင့်၊မိစ္ဆာဇီဝတ္တံ-မကောင်းသော အာဇီဝအဖြစ်သို့၊ ပါပုဏာတိ-ရောက်တတ်၏။

ဤပါဠိဖြင့် ဒါယကာတို့က တိုက်တွန်း၍ သံဃာအမှုကို ပြုပြင်ရာ စေတီအမှုကို ပြုပြင်ရာ ဆေးဝါးပေးခြင်း, သစ်သီးပန်းပေးခြင်း အမှုကို ပြုမိရာ ထိုမိစ္ဆာဇီဝ အဖြစ်သို့ကား ရောက်၏၊ အလဇ္ဇီ မဖြစ်-ဟူသော အနက်ကိုကား ပစ္စက္ခတ္ထအားဖြင့် ပြတော်မူသည်။

ဤသို့ ပါဠိအဋ္ဌကထာ ကျမ်းလာကို ထောက်ထားသော် ယခင် ဂရုဂန္ထိရ စကားသည် မလောက်လားသော အပြစ်ငယ်မျှကို အဘဗ္ဗပါရာဇိက အဖြစ်သို့ ရောက်သကဲ့သို့ ယောက်သွားပုပ် ဥပမာ, မြွေဟောက် ဥပမာများနှင့် မလိမ္မာသူတို့ကို လှည့်စား၍ တကာ တကာမများပင် ကြဉ်အပ်ကြောင်း ရှောင်အပ်ကြောင်း မီးကဲ့သို့ လောင်တတ်သောကြောင့် ငရဲဘောင်သို့ ကျ၏-ဟု ပြဆိုခြင်းဖြစ်ရကား ဤသို့သော စကားကို မှတ်သားယုံကြည်လျှင် မြင်မြင်သမျှသော ရဟန်းကို လှူဒါန်းဖြီးမြောက်ဝံ့သူ မပေါ်၊ လှူလိုသော်ကား သူမြတ်လား - သူယုတ်လားဟု ရွေးစစ်သည်နှင့် အပြစ်တွေ များလှလျက် တကာ တကာမတို့လည်း ရဟန်းအရိယာတို့ကို ကဲ့ရဲ့စွပ်စွဲ ဆဲရေးခြင်းကို ပြုသော ဥပဝါဒကံဖြင့် တိရစ္ဆာန် ပြိတ္တာဘုံက မတက်၊ ရဟန်းဘောင် သူတော်ခွင်သို့ ဝင်လိုသူလည်း မရှိ၊ ဝင်မိသမျှ အားလုံးလည်း တက်တက် ပြန်းရှောင်ခွါ၍ လူသာလုပ်ခွင့် ရှိတော့သည်၊ယင်းသို့ မဟုတ်မလျား အလားကို မရှု၊ လဟုကံအရာကို ကြီးစွာသော ဂရုကံချ၍ ပြလေသောသူ ဖြစ်ရကား သားအဘ နှစ်ဦးတို့သည် သစ်ခုတ်ရာ အဘနဖူးမှာ ကိုက်လှာသော မှက်ကို

တချက်တည်းသေအောင် ပုဆိန်နှင့်ထိပ်ကို ရိုက်သော သားမိုက်၏ ဥပမာကဲ့သို့ လူနတ်သိကြား အများမိုဒိုရာ သာသနာကို မကြာခင်ပြုန်း၍ ငုံးငုံးတိ သေအောင် ပျက်ခေါင်ဘိနှုတ်သီးနှင့် ဖျက်ဆီးသောစကား ဘုရားရန်သူသာ မှတ်ရမည်၊ ထိုမှတပါးလည်း ဇင်းဂမ္ဘီရစာ၌–

ကထိနဒါနံ အသီလေ သတကောဋိသတသဟဿာနိ ဒိန္နေပိ
နစ အာနိသံသော။ မဟာရာဇ ကထိနဒါန ပဋိဂ္ဂဟိတုံ န ဝဋ္ဋတိ။

ဟု ပါဠိများလုပ်၍ အဓိပ္ပါယ်ဆိုသည်မှာ–မြတ်သော ဗိမ္ဗိသာရမင်းကြီး.... ဆေးဝါး မန္တရား,ဗေဒင်,တိတ္ထုံပါရာ အိပ်မက်လက္ခဏာ ကျမ်းဂါထာတို့ဖြင့် လက်ဖွဲ့–အစရှိသော ကုလဒူသက အမှုကို ပြု၍နေသော သီလ မရှိသော အလဇ္ဇီ ရှင်ကျန်းတို့၌ နှစ်ပေါင်း ကုဋေတသိန်းပင် ကထိန်သင်္ကန်းကို လှူပါသော်လည်း အကျိုးမရှိ၊ သဲတွင် ရေသွန်သကဲ့သို့ အကျိုးမရဖြစ်သည်၊ စေ့စေ့ နှလုံးသွင်းကုန်၊ ကထိန်လှူ၍ အကျိုးရသော ပုဂ္ဂိုလ်သည်ကား ဥတ်ကမ္မဝါ ၌ လိမ္မာသော ဥတ်တင်အံ့သော ကာလကို သိသော တောကျောင်းနေ သီလရှိသော ပုဂ္ဂိုလ်ဘို့သာ လှူရာ၏–ဟု ဟောတော်မူသည်။

ဗိမ္ဗိသာရ မင်းကြီးက အရှင်ဘုရား အဘယ်ပုဆိုးတို့သည် ကထိန်ခင်းခြင်း ၄ါ အပ်သနည်းဟု လျှောက်သည်တွင် ဘုရားရှင်က တကာမင်းကြီး တရားနှင့် မလျော်သော ပုဆိုးသည်လည်းကောင်း, အပေါက်ရှိသော ပုဆိုးသည် လည်းကောင်း, ဆံချည်မျှင်ပါသော ပုဆိုးသည်လည်းကောင်း, နွမ်းရှိသော ပုဆိုး သည်လည်းကောင်း, အတိုင်အဖေါက် မညီသော ပုဆိုးသည်လည်း ကောင်း ခိုး၍ရသော ပုဆိုးသည်လည်းကောင်း, အစာမချေသော ပုဆိုး သည်လည်းကောင်း, မဝတ်လောက်သော ပုဆိုးသည်လည်းကောင်း, အနိုင် အထက် လုယက်၍ရသော ပုဆိုးသည်လည်းကောင်း ဤသို့ဆိုအပ်ခဲ့ပြီးသော ပုဆိုး ကိုးမျိုးတို့သ ည်ကထိန်ခင်းခြင်း၄ါ မအပ်–ဟူ၍ ဟောတော်မူသည်။

ဤသို့သော အဓိပ္ပါယ်စကားရပ်တို့ကို ပါဠိ ပါဠိလုပ်၍ ပြ၏၊ ထိုသို့ ပြသောစကားအတိုင်း ဘုရားဟောပါဠိတော် အဋ္ဌကထာ ဋီကာ ကျမ်းများ စွာတို့၌ မလာ မရှိ၊ အဋ္ဌယုတ္တိကို စာနာသော် ကထိန်ခင်းရမည့် ခြင်းရာကို သာဝတ္ထိပြည်၌ ပါဝေယျက ရဟန်း သုံးကျိပ်တို့အား ပညတ်တော်မူသည်၊ ရာဇဂြိုဟ်ပြည်၌ မပညတ်၊ ကထိန်ခင်းခြင်းကို ပညတ်သောအခါ ဘုရား ဝါတော် နှစ်ဆယ် ကျော်ပြီး ဖြစ်၍ သာဝတ္ထိမြို့၌သာ နိယတဝါ ဆိုတော်မူ သည်၊ ရာဇဂြိုဟ်ပြည်၌လည်း ဝါမကပ်ရပြီ၊ ယင်းသို့ မကပ်ရသောကြောင့်

ဓမ္မိသာရ မင်းသည် ကထိန်ခင်းရာ၌ ဒါယကာ မပြုရ၊ ကထိန်ခင်းထိုက်သော အင်္ဂါဟု ပြသည်မှာလည်း တခုမျှကျမ်းထွက်မဟုတ်၊ ကြံဖန်၍ ပြုလုပ်သည်သာ ဖြစ်ရကား ရှေးသောအခါ မလိမ္မာများ၍ မယားမှ စွန့်ပစ်လိုက်ရသော ယောကျ်ားတဦးသည် ကျောင်းသို့ဝင်၍ သင်္ကန်းဝတ်ပြီးလျှင် ခင်ကြီးလုပ်၍ နေရာ ဆွမ်းခံရွာမှ ဒါယကာအများ တရားနာကပ်ကြသော် အတတ်ရင်း လည်း မရှိသည်နှင့် မိမိအလိုလိုကြံဆ၍-

တပွဒေါ တွပ္ပေါ တုံမှယော ကွင်းရှောနှင့်သတ် တောပဒတ် နတ် ရပ်ပြည်ဝယ် တက်ရသော-

ဟူ၍ တရားဟောသကဲ့သို့ ဉာဏ်သဘော မလိမ္မာတိုင်း အရိုင်းရိုင်း ရေး သားခြင်းသာ ဖြစ်သည်။

ဤမှ နောက်ကိုလည်း အဋ္ဌကထာ ဋီကာ အစွန်းအမြိတ်ကို စိတ်ရှိတိုင်း အဓိပ္ပါယ်ငင်၍ ဒါယကာတို့ကို မြင်လျှင် ရှင်သော မျက်နှာထားနှင့် စကား နှုတ်ဆက်ပြုသော ရဟန်း, ပန်းသစ်ပင်ဥယျာဉ် စိုက်ပျိုးသော ရဟန်း,ပရိက္ခရာ ကို လဲလှယ်သောရဟန်း,ထိုးကွင်း လက်ဖွဲ့လုပ်သောရဟန်း,ဆေးဝါးမန္တရား မှတ်သား ကုမသောရဟန်း, ဒါယကာတို့အား ပန်း သစ်သီးပေးခြင်း,ထမင်း ကျွေးခြင်း အမှုကို ပြုသော ရဟန်းတို့သည် အလဇ္ဇီ ရှင်ယုတ် ဖြစ်ကြောင်း, ဘိနပ်စီးလျက် ထီးဆောင်းလျက် ရွာတွင်းသို့ ဝင်လျှင် ဤအရှင် အလဇ္ဇီဟူ၍ သိအပ်ကြောင်း, ထိုအလဇ္ဇီတို့သည် ဒါယကာ, ဒါယိကာမတို့ ပစ္စည်းလေး ပါးကို မခံထိုက်ကြောင်း, လှူဒါန်းသော ဒါယကာတို့မှာ ဥစ္စာ ပြုန်းရုံသာ မက အပါယ်လေးပါးသို့ ကျမည့်အကြောင်း, ကုလဒူသကကို ပြုမိသော ရဟန်းသည် ပြုမိသော ဒေသ၌ တဆယ့်နှစ်ယူဇနာကျယ်သော မြို့ရွာပင် ဖြစ် သော်လည်း ဝင်၍ ဆွမ်းမခံအပ်ကြောင်းများနှင့် အထူးထူး အပြားပြား ပြဆို၏၊ ထို့နောက်မှ ပါရာဇိကသို့ရောက်သော ရဟန်းသည် အဝီစိငရဲကြီး၌ နှစ်ပေါင်း ဆယ်ကုဋေ တသောင်း ပတ်လုံး ခံရ၏၊ သံဃာဒိသိသ် သင့်သော ရဟန်းသည် တာပန ငရဲ၌ နှစ်ကုဋေ သုံးရာနှင့် လေးသောင်းပတ်လုံး ခံရကုန် ၏၊ ထုလ္လစ္စည်းသင့်သော ရဟန်းသည် နှစ်ပေါင်း ကုဋေတရာနှင့် ခြောက် သောင်းပတ်လုံး မဟာရောရုဝ ငရဲ၌ ခံရ၏၊ ပါစိတ်သင့်သော ရဟန်းသည် နှစ်ပေါင်း တဆယ့်လေးကုဋေ ခြောက်သောင်းပတ်လုံး ရောရုဝငရဲ၌ ခံရ၏၊ ပါဋိဒေသနီသင့်သော ရဟန်းသည် နှစ်ပေါင်း ကုဋေသုံးသိန်း ခြောက် သောင်း ကာလပတ်လုံး ကာဠသုတ် ငရဲ၌ခံရ၏၊ ဒုက္ကဋ်သင့်သော ရဟန်း သည် နှစ်ပေါင်း ကိုးသောင်းပတ်လုံး သဉ္ဇိဝ်းငရဲ၌ ခံရ၏။

ဟူ၍ ပါဠိပြုလုပ်လျက် ကျမ်းထုတ် ဖြစ်လေဟန်ဖြင့် ပြ၏၊ ယင်းသို့ ပြသော်လည်း ပညာရှိဟူသမျှကားပါဠိဝါကျအနေအထားဖြင့်ပင် ဝါကားလေသောကြောင့် ပါဠိခတော်၌လာသော မဟာစောရင့ါးရစ်တွင် ဇာတ်ဝိနည်းသုတ္တန်မဟုတ်မှန်ဘဲနှင့် ပြည်နိုင်ငံအရပ်ရပ်ကို စာအစ်၍ဖျက်ဆီးသော ပဥ္စမခိုးသူကြီးဖြစ်ကြောင်းကို သိကောင်းရာလှပြီ၊ အဘယ့်ကြောင့်နည်း ဟူမူကား- ဤသို့ပြဆိုသော ပါဠိအမိပ္ပါယ်များကဲ့သို့ တရားတော်အဝင်ဖြစ်သော ပါဠိတော်အဋ္ဌကထာ ဋီကာဂဏ္ဌိ ရှိရှိသမျှ တရား့ငါးဆယ်ကျော် ကျမ်းတို့၌ နှမ်းလုံးမျှအရိပ်အမြွက်မပါ၊ မဟာပဒေသ လေးပါးနှင့်လည်း မမျှ၊ သဒ္ဒယုတ္တိ အတ္ထယုတ္တိကိုလည်း မမြင်၊ ဝါချင်တိုင်းဝါပေါက်၍ ခြောက်လှန့်သောစကားဖြစ်သောကြောင့်တည်း၊ယင်းသို့ပင် ဝါသော်လည်း ငါဝါသည့်စကားကို ဆန်စားသည့် လူ့ဘုံဝယ် ယုံတန်၏ မယုံတန်ကို တွေးကြံ၍ မချင့်ပုံစံနှင့်ချင့်လိုက်သော်ထန်းပင်အောက် အိပ်နေသော ယုန်တစီးသည် ထန်းသီးမှည့် ကြွေသံကို မြေပြိုဟန်ထင်မှား၍ သတ္တဝါအများကို ဟာ-ရေသို့ဆင်း၊ရေသို့ဆင်း-ဟုအပြင်း ဟစ်ခအော်၍ သေဖေါ် ညှိပြီးလျှင် အိုင်ကြီး အတွင်းဝယ် ဆင်း၍ ငုပ်စေသကဲ့သို့ အမြစ်အခြေမရှိ၊ ဥဗ္ဘိနယ ဥဒ္ဒမ္မဖြစ်သော ဤဂန္ထိရ စာပျက်ဖြင့် နက်လှခသော ငရဲဘုံကို စုံဖေါ်ညှိသည်သာ မှတ်ရမည်။

ဂရုဂန္ထိရ စကားသည် တရားကျမ်းဂန် မဟုတ်ဟန်ကို ဆရာဆိုပြီး၊ ကျောင်းသို့ရောက်လာသော ဒါယကာတို့အား စကားချိုသာ ဦးစွာ နှုတ်ဆက်သင့်ဟန် ကျမ်းဂန် လာပါ၏လော ဟူငြားအံ့၊ ရဟန်း သံဃာသည် ဆည်းကပ်လာသော ဒါယကာယောကျ်ား ဒါယိကာ မိန်းမတို့အား လည်းကောင်း, ရဟန်းတို့အားလည်းကောင်း သင်္ဂဟတရား လေးပါးတို့ဖြင့် ချီးမြှောက်သင့်ကြောင်းကို ပြတော်မူခြင်းငှါ စတုက္ကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်၌-

စတ္တာရိမာနိ ဘိက္ခဝေ သင်္ဂဟဝတ္ထူနိ၊ ကတမာနိ စတ္တာရိ၊ ဒါနံ ပိယဝါစံ အတ္ထစရိယာ သမာနတ္တတာ၊ ဣမာနိခေါ ဘိက္ခဝေ စတ္တာရိ သင်္ဂဟဝတ္ထူနိ ဣမေဟိ သင်္ဂဟဝတ္ထူဟိ ဥပါသကာနံဝါ ဘိက္ခူနံဝါ သင်္ဂဟေတဗ္ဗာနိ။ ။ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ - တို့၊ သင်္ဂဟဝတ္ထူနိ - ရဟန်းမိတ်ကလျာ ဒါယကာတို့အား ချီးမြှောက်ရာသော အကြောင်းတို့သည်၊ ဣမာနိ စတ္တာရိ - ဤလေးပါးတို့တည်း၊ကတမာနိ စတ္တာရိ-အဘယ်လေးပါးတို့နည်းဟူမူကား၊ ဒါနံ-အထိုက်

အလျောက် ဝေဘန်ပေးကမ်းခြင်းငှင်း၊ ပိယဝါစံ - ချစ်ဖွယ်သော စကားကို ဆိုခြင်းငှင်း၊ အတ္ထစရိယာ – အကျိုးစီးပွား များအံ့သည့်ကို ကျင့်ခြင်းငှင်း၊ သမာနတ္တတာ–ကိုယ်တူထပ်မျှ ထားသော အဖြစ်ငှင်း၊ ဘိက္ခဝေ-တို့၊ ဣမာနိ စတ္တာရိ-ဤလေးပါးသော တရားတို့သည်၊ ခေါ-ပစ္စုပ္ပန်သံသရာ သင့်လျှစွာ သော၊ သင်္ဂဟဝတ္ထူနိ–ချီးမြှောက်ရာသော ဝတ္ထုတို့တည်း၊ ဣမေဟိ သင်္ဂဟ ဝတ္ထူဟိ-တို့ဖြင့်၊ ဥပါသကာနံ ဝါ - ဆည်းကပ်လာသော ဒါယကာ, ဒါယိ ကာမတို့အားငှင်း၊ ဘိက္ခူနံ ဝါ-ရဟန်းယောက်ျား ရဟန်းမိန်းမတို့အားငှင်း၊ သင်္ဂဟေဘဗ္ဗာနိ-ချီးမြှောက်အပ်ကုန်၏။

ဤသို့ရှေးနှုတ် လှစ်ဖော်၍ မိန့်တော်မူအပ်သော ပါဠိတော် မြွတ်ဖြင့် တပည့် ဖြစ်သော ရဟန်းတို့သည် မိမိထံသို့ ဆည်းကပ် ရောက်လာသော ဒါယကာ ဒါယိကာမတို့တွင် အချို့ ဆင်းရဲပင်ပန်းသဖြင့် ပေးကမ်းခြင်းကို အလိုရှိသော သူအား ပေးကမ်းခြင်းဖြင့် သင်္ဂြိုဟ်အပ်၏ ချစ်ဖွယ်သော စကား ကို ကြားနာလိုသော သူအား ချစ်ဖွယ်သော စကားဖြင့်သာ သင်္ဂြိုဟ်အပ်၏၊ အကျိုးစီးပွား များသော အကျင့်ကို တတ်လို သိလို မှတ်လိုသော သူအား ဤအမှုကို ပြုအပ်၏၊ ဤအမှုကိုမပြုအပ်၊ ဤသို့သောပုဂ္ဂိုလ်ကို မှီဝဲအပ်၏၊ ဤသို့ သော ပုဂ္ဂိုလ်ကို မမှီဝဲအပ်၊ ဤအတတ်ကို သင်ရာ၏၊ ဤအတတ်ကို မသင်ရာ၊ ဤသို့စသော တရားစကားဖြင့် ဟောကြား သင်္ဂြိုဟ်ရာ၏၊ ဆင်းရဲ,ချမ်းသာ အမှုကို ပြုခြင်း၌ အလိုရှိသော သူအား အစား အသောက် အဝတ်တန်းဆာ အိပ်ရာနေရာတို့ကို ပေး၍ မိမိကိုယ်ကဲ့သို့ ချီးမြှောက် သင်္ဂြိုဟ်ရာ၏၊ ချစ်သား ရဟန်းတို့ ဤသင်္ဂဟတရား လေးပါးကို ချစ်သားတို့သည် ကျင့်ရာ၏၊ သင်တို့ သာလျှင် ကျင့်ရာသည် မဟုတ်၊ ပညာရှိသောမင်း, ပညာရှိသော ပုဏ္ဏား, ပညာရှိသော သူဌေးသူကြွယ်ဟူသမျှပင် ကျင့်ရာသည်တည်း ဤသင်္ဂတရား လေးပါးနှင့် ပြည့်စုံသော သူသာလျှင် လောကီလောကုတ္တရာ ချမ်းသာစီးပွား ကြီးခြား ပြည့်စုံရာသတည်း ဟူ၍ အဋ္ဌကထာဆရာ ထင်စွာ ဖွင့်ပြတော်မူသည်။

ပန်းသစ်ပင် ဥယျာဉ်စိုက်ပျိုးသော ရဟန်း, ပရိက္ခရာစသည်တို့နှင့် ကပ္ပိယ ဝတ္ထုကို ဖလှယ်သော ရဟန်းတို့ကို အလဇ္ဇီနယ်တွင်းသို့ သွင်း၍ ပြဆိုသည် မှာလည်း သစ်ပင်စိုက်တိုင်း လဲလှယ်တိုင်း အာပတ်သင့်သည် မဟုတ်၊ အနာပတ္တိဝါရနှင့် ညီစွာ သစ်ပင် စိုက်ရသော တရား, လဲလှယ်ရသော တရားလည်း ထင်ရှားပင် ရှိသည်၊ယင်းသို့ တရားနှင့်ညီစွာ ပြုရှာသော ရဟန်း များကို တရားမညီ အလဇ္ဇီဟု ထင်မှား၍ သူတပါးတို့ ကဲ့ရဲ့ရှုတ်ချပြုခဲ့သော်

အာဂန္တုရောဂါ၌ သမားမလိမ္မာ၍ သူနာပျက်စီးခြင်း ရောက်သကဲ့သို့ သတ္တဝါတို့ မှားမှောက်၍ ငရဲရောက်ခဲ့လျှင် တရားကောက် ဟောပြောသော ဆရာတို့၏ ပရောဂဖြစ်ပေသည်၊ပန်းသစ်ပင် အဘယ်သို့ စိုက်ကောင်းသနည်း ဟူမူကား-သစ်ပင်စိုက်သောအပြားသည် အကပ္ပိယဝေါဟာရ, ကပ္ပိယဝေါဟာရ, ပရိယာယကထာ, ဩဘာသ, နိမိတ္တကမ္မ-ဟူ၍ ငါးပါးအပြားရှိသည်။

ထိုငါးပါးတို့တွင် စိမ်းစိုသော မြက်သစ်ပင်တို့ကို မိမိခုတ်ခြင်း, သူ့ကို ခုတ်စေခြင်း, တွင်းကို မိမိတူးခြင်း, သူ့ကို တူးစေခြင်း, ပန်းသစ်ပင်တို့ကို မိမိ စိုက်ခြင်း, သူ့ကို စိုက်စေခြင်း-စသည်တို့သည် အကပ္ပိယဝေါဟာရ မည်ကုန်၏၊ ဤ မြက် သစ်ပင်ကို ဖြတ်လော့, ခုတ်လော့၊ ဤတွင်းကို တူးလော့၊ ဤ သစ်ပင်ကို စိုက်လော့-ဟူ၍ လူတို့ကဲ့သို့ဆိုလျှင် မအပ်သောကြောင့် အကပ္ပိယ ဝေါဟာရ မည်၏။

ဤနေရာ၌ သစ်ပင်ကို ရှိစေချင်သည်၊ ဤနေရာ၌ တွင်းရှိစေချင်သည်၊ ဤပန်းပင်ငယ်ကို သိလော့၊ ဤရေကို သိလော့ - စသည်ဖြင့် ဆိုခြင်းသည် ကပ္ပိယဝေါဟာရ မည်၏။

လိမ္မာသောသူသည် ဤနေရာ၌ သစ်ပင်ကို စိုက်မူကား များမကြာမီ အကျိုး ခံစားရလတ္တံ့၊ ဤမည်သော ကျောင်းကန်၌ အရံ သစ်ပင် စိုက်ကြ၏၊ သင်တို့ မပြုလိုလော၊ ဤသို့ပြောဆိုခြင်းသည် ပရိယာယ်စကားမည်၏။

ပေါက်တူး, တူးရွင်း-စသည်တို့ကိုင်း, သစ်ပင်ငယ်တို့ကိုင်း ယူလိုရာ စိုက်လိုရာ၌ ထားသည်ရှိသော် သာမဏေ အရံစောင့်တို့သည် မြင်၍ ဤသစ် ပင်ကို စိုက်စေလိုသတည်းဟု သိသဖြင့် စိုက်လာခြင်းသည် ဩဘာသ မည်၏၊

ပေါက်တူး, တူရွင်း-စသည်တို့ကိုင်း,သစ်ပင်ငယ်တို့ကိုင်း ညွှန်ပြခြင်း, နေရာကိုပြခြင်းတို့သည် နိမိတ်ပြုသည် မည်၏။

ဤ ငါးပါးတို့တွင် တပါးပါးဖြင့်လည်း ဒါယကာတို့ကို ပေးကမ်း ချီး မြှောက်လို၍ စိုက်ပျိုးရာ၌ မအပ်၊ အသီးသုံးဆောင်ခြင်းငှါ စိုက်ရာ၌ကား အကပ္ပိယဝေါဟာရ နှစ်ပါးသာလျှင် မအပ်၊ အကြွင်းသုံးပါးဖြင့် စိုက်အပ်၏၊ ကျောင်းအာရာမ် အလို့ငှါလည်း, တောအလို့ငှါလည်း, အရိပ် အလို့ငှါလည်း စိုက်မူကား- အကပ္ပိယဝေါဟာရ တပါးသာ မအပ်၊ အကြွင်း လေးပါးဖြင့် စိုက်အပ်၏၊ ကျောက်စရစ်သဲ များသော ကပ္ပိယမြေတို့၌ကား ရဟန်းတို့ ကိုယ် တိုင် တွင်းတူး၍ စိုက်ကောင်း၏၊ရေသွန်းကောင်း၏ ဟူ၍ ပါရာဇိကဏ် အဋ္ဌ-

ကထာ၌ ဆိုသည်၊ ကပ္ပိယဝတ္ထုကို ကပ္ပိယဝတ္ထုဖြင့် လဲလှယ်ရာ၌ အကပ္ပိယ ဝေါဟာရ တခုကိုထား၍ အကြွင်းလေးပါးဖြင့် လဲလှယ်အပ်၏၊ အကပ္ပိယ ဝတ္ထုဖြင့် လဲလှယ်လိုသော် ကိုယ်တိုင်ကိုင်၍ မလဲလှယ်အပ်၊ လျော်သော ဥပါသကာတို့ကို ခိုင်းသဖြင့်သာ လဲလှယ်ရာ၏ဟူ၍ အဋ္ဌကထာ၌ ပြတော်မူသည်။

သစ်သီးပေးခြင်း, ဆေးကုခြင်း အစရှိသော အမှု၏ ကပ္ပိယကို ရှေးက ပြဆိုခဲ့ပြီ၊ မြတ်စွာဘုရားသည် ကြီးမားသော ကရုဏာဖြင့် သတ္တဝါတို့အား အကျိုးပွားများစိမ့်သောငှါ ပညတ်ခဲ့ပါသော သိက္ခာပုဒ်အစုကို ဂရုပြု၍ ပြဆိုသင့်သည်ကို ဆရာ အဘယ့်ကြောင့် လျှော့၍ ဆုံးဖြတ်သနည်း၊ "ဂရုက-လဟုကေသု သိက္ခာပဒေသု ဂရုကေယေဝ ဌာတဗ္ဗံ"ဟူ၍ ကျမ်းဂန်လာသည် မဟုတ်ပါလောဟု စောဒနာပြောအံ့၊ဘုရားရှင် အမိန့်တော်လာသည်ကို တိမ်း ရှောင်၍ ပြုသာအောင် တဆံလွှာမျှ လျှော့၍ ပြဆိုသည်မဟုတ်၊ ဗုဒ္ဓမဏ္ဍူညူ ဖြစ်တော်မူသော အဋ္ဌကထာဆရာတို့ သေချာစွာ ရေးထားသော ကျမ်းလာ စကားကို အများ သိစေလို၍သာ ပြဆို ထုတ်ဖေါ်ခြင်းဖြစ်သည်၊ ဓမ္မသာမိ ဖြစ်တော်မူသော ဘုရားကိုယ်တော်မြတ်မူကား လျှော့၍ ပြအပ်သော သတ္တ ဝါ၌ အဇ္ဈာသယကို လိုက်၍ လျှော့သောအရာ များစွာပင် ရှိသေး၏၊ကျမ်း လေးမည်စိုးသောကြောင့် နည်းခိုးပုံပြုစရာ ဝတ္ထုကိုသာ ဤမှာ ပြဆိုလိုက်အံ့။

ဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စံပယ်တော် မူသောအခါ မြို့၏ တောင်မျက်နှာ တံခါးဝ၌ နေသော သူကြွယ်တဦးသည် အရှင်ကဿပအား ကြည်ညိုလှသည်ဖြစ်၍ နေ့တိုင်း အိမ်သို့ပင့်၍ တထပ်စာ သော ဆွမ်းကို လှူ၏၊ အရှင်မြတ်လည်း လျောက်ပတ်သော တရားကို နေ့တိုင်း ဟော၍ ကြွတော်မူ၏၊ တနေ့သ၌ သူကြွယ်က "အရှင်ဘုရား–အကျွန်ုပ်အား လျော်သော တရားတခုကို ပေးပါ၊ အကျွန်ုပ် ကျင့်လိုပါသည်"ဟု လျှောက် ၏၊ အရှင်ကဿပလည်း "ဒါယကာ-သင် ကျင့်လိုမူကား သရဏဂုံသုံးပါး ကို ဆောက်တည်လော့၊ ဤသုံးပါးကို ဆောက်တည်သောသူသည် မဖွယ် ရာသော ဂုဏ် ငါးပါးဘို့ကို ပယ်ရှားရာ၏" ဟု မိန့်တော်မူ၏၊ သူကြွယ် လည်း ကောင်းပါပြီဟု ဝန်ခံ၍ သရဏဂုံ ဆောက်တည်လေ၏၊ ခုနစ်ရက်ခန့် ကြာလျှင် "အရှင်ဘုရား ဤတရားကိုကား အကျွန်ုပ်တတ်နိုင်ပါ၏၊ ဤထက် သာ၍ မြတ်သောတရားကို အကျွန်ုပ်အား ပေးတော်မူပါ၊ ကျင့်လိုပါသေး သည်" ဟု လျှောက်၏၊ အရှင်မြတ်က ပဉ္စသီငါးရပ်ကို ထပ်၍ ပေးပြန်၏၊

သူကြွယ်လည်း ပဥ္စသီကို ဆောက်တည်၍ တဖန် ခုနစ်ရက် လည်ပြန်လျှင် "ဤတရားကိုကား အကျွန်ုပ် တတ်နိုင်ပါပြီ၊ ဤထက်မြတ်သော တရားကို ပေးပါဦးလော့" ဟု လျှောက်၏၊ အရှင်ကလည်း 'ဒါယကာ သီတင်းနေ့၌ ဥပေါသထသီလကို ဆောက်တည်၍ ကျင့်သောရက်တို့၌ ဒုစရိုက်ဆယ်ပါးကို ရှောင်ရှားခြင်းတည်းဟူသော အရိယမဂ္ဂသီလကို အမြဲဆောက်တည်လော့" ဟု ဆို၏၊ ထိုတရားကို ဆောက်တည်၍ ခုနစ်ရက်မြောက်သောအခါ "ဤထက်သာ၍ မြတ်သောတရားကို ကျင့်လိုပါသည်"ဟု လျှောက်ပြန်၏၊ အရှင်ကဿပလည်း "ယင်းသို့ ကျင့်လိုမူကား သာသနာတော်သို့ ဝင်၍ ရှင်ပြုပေတော့ဟု" ဆို၏။

ထိုအခါ သူကြွယ်လည်း သားမယားကို ခွင့်တောင်းပြီးလျှင် ကျောင်းသို့ ဝင်၍ ရှင်ပြုလေ၏၊ ရှင်အဖြစ်သို့ ရောက်ပြီးသော် ဆောက်တည်ထိုက်သော လိင် ဒဏ် သေခိယ စသော သိက္ခာပုဒ်တို့ကို မယုတ်မလျော့အောင် ဆောက်တည်၏၊ ထိုသာမဏေအား အရင်းဖြစ်သော သရဏဂုံ ပဥ္စသီမှစ၍ အစဉ်သဖြင့် ကျင့်၍လာသောသူ ဖြစ်သောကြောင့် "အနုပုဗ္ဗသိက္ခာ သာမဏေ"ဟု ခေါ်ကြ၏၊ ထိုသာမဏေသည် တလခန့်ရှိသောအခါ ဆရာဖြစ်သော အရှင်ကဿပအား ဤသို့ လျှောက်ပြန်၏၊ "အရှင်ဘုရား ဤသာမဏေတို့၏ တရားကို အကျွန်ုပ် အားထုတ်နိုင်ပါပြီ၊ ဤထက်သာသော တရားကို ကျင့်လိုပါသေးသည်" ဟု လျှောက်၏၊ "ယင်းသို့ ကျင့်လိုမူကား ပဥ္စင်းခံဦးလော့"ဟု ဆို၍ သိမ်သို့သွင်း၍ ပဥ္စင်းခံကြလေကုန်၏၊ ရဟန်းဖြစ်ပြီးသောအခါ ဆရာ ဥပဇ္ဈာယ်တို့က ခေါ်၍ ဤသို့ဆို၏၊ "အရှင် အနုပုဗ္ဗသိက္ခာ...... ရဟန်း၏ အဖြစ်ကို ရသော် သင်ပေအားဖြင့် လေးပါးသော စတုပါရိသုဒ္ဓိ သီလကို ဖြည့်ကျင့်ရမည်၊ ဤမျှလောက်သော သိက္ခာပုဒ်သည်ကား ပါတိမောက္ခ သံဝရသီလ၌ ဝင်သည်၊ ဤမျှလောက်ကား ပစ္စယသန္နိဿိတ သီလ၌ ဝင်သည်" ဟူ၍ နှစ်ထောင့်နှစ်ရာ့ နှစ်ဆယ်ကျော်သော သိက္ခာပုဒ်တို့ကို ပြ၍ ဤမျှလောက်သော သိက္ခာပုဒ်တို့ကိုကား စားခြင်း၌ ကျင့်အပ်သည်၊ ဤမျှလောက်သော သိက္ခာပုဒ်တို့ကိုကား သွားခြင်း၌ ကျင့်အပ်သည်၊ ဤမျှလောက်ကိုကား စကားပြောခြင်း၌ ကျင့်အပ်သည်၊ ဤမျှလောက်ကိုကား အိပ်ခြင်း၌ ကျင့်အပ်သည်၊ ဤသိက္ခာပုဒ်တို့ကို မယိုမယုတ်ရအောင် အားထုတ်၍ ကျင့်လော့"ဟု ဆုံးမ၏၊ ထိုအခါ အနုပုဗ္ဗသိက္ခာမည်သော ရဟန်းလည်း များစွာသော သိက္ခာပုဒ်တို့ကို မယိုမယွင်းရအောင် ငါမကျင့်နိုင်ရာ၊ ရဟန်း၏ ကျင့်ဝတ် တရားကား အလွန်များ၏၊ ကွေးသောလက်ကို မဆန့်သာသကဲ့သို့ ရှိ၏၊

ဤသီလကို မကျင့်နိုင်သော် ရဟန်းပြုရခြင်းသည် အဘယ်အကျိုးရှိအံ့နည်း၊ လူထွက်ပြီးလျှင် လူ့ခွင်၌ နေ၍ သီလကို စွမ်းနိုင်သမျှ အားထုတ်ရသော် ကောင်း၏ ဟု ကြံပြီးလျှင် "အရှင်ဘုရားတို့ အကျွန်ုပ်ကား ရဟန်းတရားကို မကျင့်နိုင်ပြီ၊ လူထွက်တော့အံ့" ဟု ဆို၏၊ ထိုအခါ သံဃာတော်တို့ကလည်း များစွာ အကြောင်းကို ပြ၍ ဆုံးမပြောဆို၏၊ ပြောဆိုသော်လည်း လူထွက်လိုသော စကားကိုသာ ပြောရကား ဘုရားသခင် အထံတော်သို့ ခေါ်ခဲ့ကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် "ချစ်သားတို့.... ဤရဟန်းကို အဘယ့်ကြောင့် ငါဘုရားထံသို့ ဆောင်ခဲ့သနည်း" ဟု မေးတော်မူ၏၊ ရဟန်းသံဃာတို့က စေ့စုံစွာ လျှောက်လျှင် "ချစ်သား ရဟန်း....ကြိုးပမ်းလှစွာ ငါ၏ သာသနာကို ဝင်ပြီးလျက် ဘယ်အတွက်ကြောင့် လူထွက်လိုသနည်း" ဟု မေးတော်မူ၏၊ ထိုအခါ အနုပုဗ္ဗသိက္ခာလည်း "ဘုန်းတော်ကြီးသော မြတ်စွာဘုရား ရဟန်းတို့ကျင့်ရသော တရားသည် များလွန်းလှသည် ဖြစ်၍ အပြစ်ကင်းအောင် အကျွန်ုပ် ကျင့်ဆောင်နိုင်မည် မထင်သောကြောင့် လူထွက်လိုပါသတည်း" ဟု လျှောက်၏၊ ထိုအခါ မြတ်စွာဘုရားလည်း "ချစ်သားရဟန်း....သီလ များပြားကြောင်းကို သင့်အား အဘယ်သူဟောသနည်း" ဟု မေး၏၊ "ဆရာဥပဇ္ဈာယ်တို့ ဟောပြောကြပါသည်" ဟု လျှောက်၏၊ "ချစ်သား ဤသူတို့ကား တရားကို အစိုးမရသောကြောင့်၎င်း, မူလကို မသိသောကြောင့်၎င်း ဤသို့ ဟောမိလေသည်၊ ငါဘုရား ပညတ်ရင်း သီလကား သုံးပါးသာ ရှိ၏၊ ဤသုံးပါးလုံးအောင် ထိန်းစောင့်လျှင် ရဟန်းကောင်းကေန် ဖြစ်တော့သည်" ဟု မိန့်တော်မူ၏၊ "အရှင်ဘုရား သုံးပါးသာ ဖြစ်မူကား အကျွန်ုပ် စောင့်ရှောက်နိုင်ပါ၏၊ မိန့်တော်မူပါ" ဟု လျှောက်လျှင် "သင်ချစ်သား ကောင်းစွာမှတ်သားလော့၊ ကိုယ်ဖြင့် လွန်ကျူး၍ မကောင်းမှု ဖြစ်သည်ကိုလည်း မပြုလင့်၊ နှုတ်ဖြင့်လွန်ကျူး၍ မကောင်းမှုဖြစ်သည်ကိုလည်း မဆိုလင့်၊ စိတ်ဖြင့်ကြံစည်၍ မကောင်းမှုဖြစ်သည်ကိုလည်း မကြံလင့်၊ ဤဒွါရသုံးဖြာကို ကောင်းစွာစောင့်ရှောက်လော့၊ ဤသီလသုံးပါးကို လုံခြုံစွာ စောင့်ရှောက်နိုင်မူကား ငါဘုရား၏ တပည့်သား ရဟန်းကောင်း ဖြစ်တော့သည်" ဟု မိန့်တော်မူ၏၊ အနုပုဗ္ဗသိက္ခာလည်း ဤသီလ သုံးဖြာကို ကျွန်ုပ်ကောင်းစွာစောင့်ပါတော့မည်ဟု ဝန်ခံလျက် အထံတော်မှ ဖဲခဲ့၍ အားခဲကာ ကျင့်ဆောင်လေလျှင် မမြင့်ခင် ရဟန္တာအဖြစ်သို့ ရောက်လေ၏၊ ကိစ္စပြီးမြောက်သောအခါ အထက်ဆရာ ဥပဇ္ဈာယ်တို့ ဟောပြသော သိက္ခာပုဒ်တို့နှင့် နှိုင်းဆ၍ သိက္ခာပုဒ်ဟူသည် သီလသုံးပါး၌ ဝင်သည်ဟု သိရကား

ဆရာများသည် ဘုရား မဟုတ်သောကြောင့် မုချ လိုရင်းဖြစ်သော သီလ တရားကို ပိုင်းခြား၍ မပြတတ်ချေ၊ ဘုရားသခင်သည်သာလျှင် ဤတရား ကား လိုရင်းဖြစ်သည်၊ ဤတရားကား လိုရင်းမဟုတ်ဟု မုချသိတော်မူသော ကြောင့် ငါ့အား နေရာကျ ဆုံးမပြသ၍ အမြွက်ရသကို ပေးတော်မူသည်၊ အင်္ဂါလေးပါးထက် မိုက်သော မောဟမှောင်ကို ဉာဏ်တော်ဖြင့် ထွန်းလင်း စေသည်ဟု သဗ္ဗညုဘုန်းမော်၏ ကျေးဇူးတော်ကို အထပ်ထပ် ထောမနာရ ယေ၏၊ ဤအဋ္ဌုပ္ပတ္တိကို ကေနိပါတ် ကဋ္ဌနက္ခတ္တဇာတ်၌၎င်း, ဓမ္မပဒ၌၎င်း လာသည်။

ဘုရား သခင်သည်း တရားရှင် ဖြစ်တော်မူသော အလျောက် လျော့သင့် သော ပုဂ္ဂိုလ်အား လျော့၍ တင်းသင့်သောပုဂ္ဂိုလ်အား တင်း၍ ပညတ်တော် မူ၏ ဆိုသော် ဝိနည်းပညတ်၌ အာပတ်မည်သော တရားသည် ပညတ်လော ပရမတ်လော ကုသိုလ်လော အကုသိုလ်လော အဗျာကတလော ဟူငြားအံ့၊ ပေထက်အက္ခရာ တင်ကုန်သော ရဟန္တာငါးရာတို့သည်ကား "အာပတ္တိယော ပန ပညတ္တိယံဝါတိ ဒဋ္ဌဗ္ဗံ" ဟူသောစကားဖြင့် အာပတ်ဟူသမျှသည် ဘုရား အာဏာတော်ဖြစ်၍ ပညတ်မျှသာတည်း၊ အရှင်ဗုဒ္ဓဃောသ ဆရာကား– "ယံ ကုသလစိတ္တေန အာပဇ္ဇတိ၊ တံ ကုသလံ၊ ယံ အကုသလစိတ္တေန အာ- ပဇ္ဇတိ၊ တံ အကုသလံ" ဟူသော ပရိဝါ အဋ္ဌကထာပါဠ်ဖြင့် ပရမတ်- ဟု ဆို၏၊ အကြင် အာပတ်သို့ ကုသိုလ်စိတ်ဖြင့် ရောက်၏၊ ထိုအာပတ်သည် ကုသိုလ်မည်၏၊ အကြင်အာပတ်သို့ အကုသိုလ်စိတ်ဖြင့် ရောက်၏၊ ထိုအာပတ် သည် အကုသိုလ် မည်၏-ဟူ၍ ဆို၏၊ သာရတ္ထဒီပနီကို စီရင်သော ရှင်သာရိ ပုတ္တရာ မူကား–

ပုဗ္ဗဘာဂေ သေဝနစိတ္တံ အင်္ဂံ ကတွာ ကာယဒွါရသမ်္ဂါတံ ဝိညတ္တိံ ဇနေတွာ ပဝတ္တစိတ္တုပ္ပါဒသမ်္ဂါတံ အာပတ္တိံ အာပဇ္ဇတိ။

ဟူသော ပရိဝါဋီကာဖြင့် အာပတ်ကို ကုသိုလ် အကုသိုလ် အဗျာကတသို့ တင်၍ ဆုံးဖြတ်၏၊ ထိုဆရာနှစ်ပါးတို့၏ ဝိနိစ္ဆယကား မုချမဟုတ်၊ "သြဒနော ပစ္စတေ" ကဲ့သို့ အကျိုး၏အမည်ကို အကြောင်း၌ တင်စား၍ ခေါ်ဝေါ်သော ဖလူပစာရ နည်းအားဖြင့် ဆိုတော်မူသည်၊ မုချအားဖြင့်ကား ပညတ်-ဟူ၍ ဆို၏၊ အဘယ်ကိုထောက်၍ သိရာသနည်း ဟူမူကား ပါရာဇိကဏ် အဋ္ဌ- ကထာ၌ 'ဗာတ္တိံ သခေဝ စိတ္တာနိ အာပတ္တိသမုဋ္ဌာပကာနိ' စသည်ဖြင့် အာပတ် သင့်ကြောင်းဖြစ်သောစိတ်ကို အကုသိုလ်ဒွါဒသ, ကာမာဝစရကုသိုလ် ရှစ်ခု၊

ကာမာဝစရကိရိယာစိတ် ဆယ်ခု၊ အဘိညာဉ်ဒွေ အားဖြင့် သုံးဆယ့်နှစ်ပါး အပြားရှိသည်ဟု ပြခြင်းကြောင့် သိရ၏ဟူပေ။

အာပတ်ပညတ်ဖြစ်ကြောင်းကို အဘယ်သို့ သိအပ်သနည်းဟူမူ လောကဌ် စိုးမင်းတို့သည် ခိုးဝှက်သောသူ, သတ်ဖြတ်သော သူတို့အား ဤသို့သော မင်းဒဏ်ကို ခံစေအပ်၏ ဟူ၍ရင်း, ဒဏ်မှလွတ်စေ ဟူ၍ရင်း စီရင်နိုင်၏၊ ထိုသူ တို့ ကောင်းမှု မကောင်းမှုကို လပ်စေ-ဟူ၍ မစီရင်သကဲ့သို့ ဘုရားသခင်သည် လည်း ဤအမှုကိုပြုသော ရဟန်းအား ဤအာပတ်သင့်စေဟူ၍ရင်း, မသင့်စေ ဟူ၍ရင်း ပညတ်တော်မူနိုင်၏၊ ကုသိုလ်တရားကို အကုသိုလ် အဗျာကတ ဖြစ် စိမ့်သောငှါ မတတ်နိုင်၊ အကုသိုလ်တရားကိုလည်း ကုသိုလ်, အဗျာကတ တရား ဖြစ်စိမ့်သောငှါ မတတ်နိုင်၊ အဗျာကတ တရားကိုလည်း ကုသိုလ် အကုသိုလ် ဖြစ်စိမ့်သောငှါ မတတ်နိုင်၊ ထိုအနက် သဘောကို အဘယ် သာဓကဖြင့် သိရသနည်း ဟူမူကား-

ရှင်သုဒိန်သည် ရဟန်းအဖြစ်ဖြင့် မေထုန်ကို လွန်ကျူးလျက် အာဒိကမ္မိက ဟူသမျှ မည်သည့်အဖြစ်မျှ မဖြစ်သောကြောင့် အာပတ်မသင့်ဟု မိန့်တော် မူသည်၊ ရှင်ဓနိယထေရ်သည် မင်းကြီး၏သစ်တော်ကို ခိုးသောသူဖြစ်လျက် အာဒိကမ္မိကဖြစ်၍ အာပတ်မသင့်ဟု မိန့်တော်မူသည်၊ ဤကဲ့သို့ အာဒိကမ္မိက ဟူသမျှ မည်သည့်အဖြစ်မျှဖြင့် အာပတ်မသင့်ရအောင် ခွင့်ပေးတော်မူသည်၊ အကုသိုလ်မဖြစ် ဟူ၍ကား မိန့်တော်မမူ၊ အကယ်၍ အာပတ်သည် ပရမတ္ထ အကုသိုလ်ဖြစ်အံ့၊ အနာပတ္တိဟု ခွင့်မပြုနိုင်ရာ၊ ထို့ကြောင့် ပညတ်ဖြစ်ကြောင်း ကို သိရာ၏ ဟူပေ။

ထိုမှတပါးလည်း အာပတ္တိသမုဋ္ဌာန် ခြောက်ပါးတွင် အချို့ကား-လွန် ကျူးလိုသောစိတ် မရှိပဲ ကာယသမုဋ္ဌာန်, ကာယဝါစာသမုဋ္ဌာန်တို့ဖြင့် အာ ပတ်သင့်သည်၊ အချို့ကား-ကုသိုလ်စိတ်ဖြင့်, အချို့ကား-အကုသိုလ်စိတ်ဖြင့်, အချို့ကား - အဗျာကတ စိတ်ဖြင့် အာပတ်သင့်သည်၊ ကုသိုလ်စိတ်ဖြင့် သင့် သော အာပတ်ကား ကောင်းကျိုးကို ပေးသည်၊အကုသိုလ်စိတ်ဖြင့် သင့်သော အာပတ်ကား မကောင်းကျိုးကို ပေးသည်၊ အဗျာကတစိတ်ဖြင့် သင့်သော အာပတ်ကား အကျိုးကို မပေးတတ် ဖြစ်သည်၊ အကယ်၍ အာပတ်သည် ပရမတ္ထ ဖြစ်အံ့၊ အကုသိုလ် စိတ်ဖြင့် လွန်ကျူး မိသော ရဟန်းသည် အပြစ်အားလျော်စွာ ဒေသနာဂါမိ, ဝုဋ္ဌာနဂါမိကိုပြု၍ အာပတ်မှ ထမြောက် ခဲ့သော် ထိုအကုသိုလ်သည် အဟောသိကံ ဖြစ်၍ အကျိုးမပေးသည်သာ

ဖြစ်၏၊ ယင်းသို့ အကျိုးမပေးသည်ကား မဟုတ်၊ စင်စစ် အကျိုးပေးသည် ဟူ၍ ဟောတော်မူ၏၊ ထို့ကြောင့် အာပတ်ဟူသမျှသည် ပညတ်သာတည်း ဟု သိအပ်၏၊ ယင်းသို့ ပညတ်မျှသာ ဖြစ်ခဲ့သော်-

သာပတ္တိကေန ဘိက္ခဝေ စုတိယာ ဗွိန္နံ ဂတီနံ ဂစ္ဆတိ၊ နိရယံဝါ တိရစ္ဆာနယောနိံဝါတိ။

ဟူသော စကားတော်နှင့် ဘယ်သို့ လျော်အံ့နည်း ဟူငြားအံ့၊ ဤဒေသနာ တော်ကား အကုသိုလ်စိတ်ဖြင့် သင့်ကောင်းသော လောကဝဇ္ဇ သိက္ခာပုဒ် ကို ရည်၍သာ ဟောတော်မူသည်ဟု သိအပ်၏။

ဤကား- ဝိနယသင်္ခေပ အဋ္ဌကထာ၌ လာသော စကားစုတည်း၊ ဤသို့ ကျမ်းဂန်လာသည်ကို ထောက်ထား၍ အပြစ်မလောက်သော အနုခုဒ္ဒက သိက္ခာပုဒ်များကို ဘုရားသခင်ပင် လျှော့တော်မူလေသည်၊ ငါတို့ လွန်ကျူး၍ အထူးမပြစ်မှားသင့်ပေဟု သံဝေဂနှလုံးကို ဝိုက်သိမ်း၍ ယူကုန်ရာသည်။

ထိုမှတပါး ကျေးသားရွာသူ အလှူကောင်းမှုပြုကြသော ဒါယကာတို့ အလှူပေးရာ၌ ပွဲသမ်းသဘင် ကျင်းပ၍ ချီးမြှောက်ကြသည်မှာ ကုသိုလ်မဖြစ်၊ စင်စစ် ငရဲလားကြောင်း မကောင်းမှုကံချည်း ဖြစ်သည်ဟု ဟောပြောကြသော စကားသည် ဘုရားရှင် အမိန့်တော် မှန်, မမှန်ကို ကေန် သိလိုပါသည် ဟူရာ၌ ယူမှတ်သင့်သော အခြင်းအရာကို ပညာရှိတို့ သတိရကြအောင် ကျမ်းညှိ၍ ပြလိုက်ဦးအံ့။

ဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ကိန်းအောင်း စံပယ်တော်မူသောအခါ တာလပုဋ မည်သော ကချေသည်တို့၏ ရွာသူကြီး သည်' ဘုရားရှင် အထံတော်သို့ကပ်၍ ဤသို့ နားတော်လျှောက်၏၊ "အရှင် ဘုရား-အကျွန်ုပ်တို့၏ ဆရာဖြစ်ကုန်သော ကချေသည်ကြီးတို့ဆိုသော စကား ကို အကျွန်ုပ် ကြားရဘူးပါသည်၊ အကြင် ကချေသည်သည် သဘင်အလယ်၌ အမှန်ပြက်ပြယ်သော စကားဖြင့်၎င်း, မမှန်သော စကားဖြင့်၎င်း လူအများ တို့ကို ရွှင်စေတတ် မွေ့လျော်စေတတ်၏၊ ထိုကချေသည်သည် ခန္ဓာ ပျက် ကြွေ သေသည်၏ အခြားမဲ့၌ ပဟာသ မည်သော နတ်တို့၏ ဘုံဗိမာန်၌ ဖြစ် ရလေ၏ ဟူ၍ ကြားဘူးပါသည်၊ ဤအရာသည် ဟုတ်မှန်ပါ၏လော၊ အရှင် ဘုရားသည် အဘယ်သို့ ဟောတော်မူသနည်း" ဟု လျှောက်၏၊ ဘုရားသခင် ကလည်း "အလံ ဂါမဏိ တိဋ္ဌတေတံ၊ မာ မံ ဧတံ ပုစ္ဆီတိ" ဟူသော စကား

ဖြင့် အချင်းရှင်သူကြီး၊ ဤပြဿနာကို ဖြေတော်မမူလို၊ ဤစကားကို ငါဘုရားအား မလျှောက်လင့်၊ ရှင်သူကြီးသည် နှစ်ကြိမ်မြောက်အောင် မေးလျှောက်ပါသော်လည်း ကိုယ်တော်မြတ် ဖြေတော်မမူ၊ ရှေးအတူသာ မိန့်တော်မူ၍ သုံးကြိမ်စေ့အောင် လျှောက်သောအခါမှ ဤသို့ ဖြေတော်မူသည်။

အပိစ တျာဟံ ဗျာကရိဿာမိ၊ ပုဗ္ဗေ ခေါ ဂါမဏိ သတ္တာ အဝီ-တရာဂါ ရာဂဗန္ဓနဗဒ္ဓါ၊ တေသံ နဋ္ဋော ရင်္ဂမဇ္ဈေ သမဇ္ဇမဇ္ဈေ ယေ ဓမ္မာ ရဇနီယာ တေ ဥပသံဟရတိ ဘိယျောသောမတ္တာယ၊ ပုဗ္ဗေ ခေါ ဂါမဏိ သတ္တာ အဝီတဒေါသာ ဒေါသဗန္ဓနဗဒ္ဓါ၊ တေသံ နဋ္ဋော ရင်္ဂမဇ္ဈေ သမဇ္ဇမဇ္ဈေ ယေ ဓမ္မာ ဒေါသနီယာ၊ တေ ဥပသံ-ဟရတိ ဘိယျောသောမတ္တာယ၊ ပုဗ္ဗေ ခေါ ဂါမဏိ သတ္တာ အဝီတမောဟာ မောဟဗန္ဓနဗဒ္ဓါ၊ တေသံ နဋ္ဋော ရင်္ဂမဇ္ဈေ သမဇ္ဇ-မဇ္ဈေ ယေ ဓမ္မာ မောဟနီယာ၊ တေ ဥပသံဟရတိ ဘိယျောသော မတ္တာယ၊ သော အတ္တနာ မတ္တော ပမတ္တော ပရေ မဒေတွာ ပမာ-ဒေတွာ ကာယဿ ဘေဒါ ပရံ မရဏာ ပဟာသောနာမ နိရယော၊ တတ္ထ ဥပပဇ္ဇတိ၊ သစေ ခေါ ပနဿ ဧဝံ ဒိဋ္ဌိ ဟောတိ၊ ယော သော နဋ္ဋော ရင်္ဂမဇ္ဈေ သမဇ္ဇမဇ္ဈေ သစ္စာလိကေန ဇနံ ဟာသေတိ၊ ရမေတိ။ သော ကာယဿ ဘေဒါ ပရံ မရဏာ ပဟာသာနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇတီတိ။ သာဿ ဟောတိ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိကဿ ခေါ ပနာဟံ ဂါမဏိ ပုရိသပုဂ္ဂလဿ ဒွိန္နံ ဂတီနံ အညတရံ ဂတိံ ဝဒါမိ နိရယံဝါ တိရစ္ဆာနယောနိံ ဝါတိ ဧဝံ ဝုတ္တေ တာလ-ပုဋော နဋဂါမဏိ ပရောဒိ၊ အဿူနိ ပဝတ္တေသိ။ ။သံယုတ်ပါဠိတော် ခေါ်ချပ်တွင် လာသည်။

ပါဠိ၏ မြန်မာဘာသာကား-ရှင်သူကြီး၊ စင်စစ် သိလိုတပြီးကား သင့်အား ငါဟောကြားပေအံ့၊ ကျေးသား ရှင်သား ဖြစ်ကုန်သော သတ္တဝါတို့သည် ရှေးအခါကပင် ရာဂမကင်းကုန်၊ ရာဂဟူသော နှောင်ဖွဲ့ခြင်းဖြင့် ဖွဲ့မိကုန်၏၊ ထိုရှင်သူတို့အား အလွန်ရာဂဖြင့် ပွားစိမ့်သောငှါ ကပွဲသဘင်၏ အလယ်၌ အကြင်ဘပ်မက် နှစ်သက်ဖွယ်သော ကာမဂုဏ်အာရုံသဘောကို ရွှေ့ရှု ဆောင်ကုန်၏၊ ရှင်သူကြီး- ကျေးရှင်သား ဖြစ်ကုန်သော သတ္တဝါတို့သည် ရှေးအခါကပင် ဒေါသ,မောဟ မကင်းကုန်၊ ဒေါသ,မောဟ ဟူသော နှောင်ဖွဲ့ခြင်းဖြင့် ဖွဲ့မိကုန်၏၊ ထိုရှင်သူ တို့အား အလွန် ဒေါသ,မောဟ ဖြစ်

ပွားစိမ့်သော၄ါ ကချေသည်သည် ပွဲသဘင်၏ အလယ်၌ အကြင် ဒေါသဖြစ်ဘွယ် တွေဝေဘွယ်ရှိသော သဘောတို့ကို ရှေးရှုဆောင်ကုန်၏၊ ယင်းသို့ ရာဂ ဒေါသ မောဟတို့ တိုးပွားအောင် ဆောင်တတ်သော ထိုကချေသည်သည် မိမိလည်း ကာမဂုဏ်ငါးပါးဖြင့် မေ့လျော့ ယစ်မူးလျက် သူတပါးတို့ကိုလည်း မေ့လျော့ ယစ်မူးစေလျက် ကိုယ်ခန္ဓာပျက်ကြွေ သေသောအခါ ပဟာသမည်သော ငရဲ၌ ဖြစ်လေ၏၊ အကယ်၍ ကချေသည်သည် သေလွန်သောအခါ ပဟာသနတ်ပြည်၌ ဖြစ်၏ဟူ၍ အယူရှိသည်ဖြစ်အံ့၊ ထိုသူကား မှားသော အယူသာတည်း၊ ဤသို့ မဟုတ်မလျော်း မှားသော အယူကိုလျက် ကချေသည်၏ အမှု၌ လေ့ကျက်၍ အသက်မွေးသောသူအား နိရယဂတိ, တိရစ္ဆာနဂတိအားဖြင့် နှစ်ပါးသော ဂတိတို့တွင် တပါးပါးသော ဂတိသို့ ကပ်ငြိ ရောက်ပေါက်သည် သာလျှင်တည်းဟု မိန့်တော်မူသည်၊ ထိုစကားကို ကြားသောအခါ တာလပုဋ မည်သော ရွာသူကြီးသည် ငါတို့ကား မှားခြင်းကြီး မှားလေပြီဆို၍ ငိုကြွေး၏၊ ၎င်းပါဠိကို ဖွင့်ရာ အဋ္ဌကထာ၌ ပဟာသမည်သော ငရဲ၏တည်ရာဌာနကို ပြတော်မူခြင်း၄ါ–

> တဿ ပဟာသောနာမ နိရယောတိ အဝီစိယာ ကောဿိ ကောဌာ-
> သေ နစ္စန္တာဝိယ နင္စဝေသံ ဂဟေတွာဝ နစ္စန္တာနံ သန္တာယေတံ ဝုတ္တံ။ ။ဟူ၍ မိန့်တော်မူသည်။

အဓိပ္ပါယ်ကား…ပဟာသ ငရဲမည်သည်ကား အဝီစိ၏တခုသော အရပ်၏ အဖို့၌ ကဘိသကဲ့သို့ ကချေသည်၏အသွင်ကို ယူလျက် ခံရကုန်သော သတ္တဝါတို့ကို ရည်၍ ဟောတော်မူ၏ ဟူလိုသည်။

ပါဠိတော် အဋ္ဌကထာတို့ဖြင့် ပြည်သူရွာသားတို့အား ရာဂတရား,ဒေါသတရား,မောဟတရား ပွားများစည်ပင်အောင် ကြံဆောင်၍ ပြုလုပ်တတ်သော ကချေသည်တို့သိုသာလျှင် အယူအကျင့်မှားသဖြင့် အပါယ်သို့ လားကြောင်းကို ပြတော်မူသည်၊ အခပေး၍ သဘင်ခံသောသူ, သဘင်ပွဲလမ်း ကြည့်ရှုသော သူတို့ကို အဘယ်အပြစ်ရှိ၏ ဟူ၍ ဟောတော်မမူ၊ သုတ်ပါထေယျ ပါဠိတော်၌ကား "သမဇ္ဇာဘိစရဏံ ဘောဂါနံ အပါယမုခံ"အစရှိသည်ဖြင့် ပွဲလမ်းသဘင် ပျော်ရွှင်ကြည့်ရှုတတ်သော သူအား ပစ္စုပ္ပန်စီးပွား သံသရာ စီးပွား ပျက်ပြားခြင်း၏ အကြောင်းဖြစ်သည် ဟူ၍သာ ဟောတော်မူသည်၊ သံသရာအပြစ်ကို ပြတော်မမူ၊ ပရိဝါပါဠိတော် (ပဥ္စကဝါရ) ၌ကား-

ပဉ္စ ဒါနာနိ အပုညာနိ ပုညသမ္မတာနိ လောကသ္မိံ မဇ္ဇဒါနံ သမဇ္ဇဒါနံ ဣတ္ထိဒါနံ ဥသဘဒါနံ စိတ္တကမ္မဒါနံ။ ။ဟူ၍လာသည်၊ ၎င်း အဋ္ဌကထာ၌ကား-

သမဇ္ဇဒါနန္တိ နဋသမဇ္ဇာဒိဒါနံ၊ ဥသဘဒါနန္တိ ဂေါဂဏဿ အန္တရေ ဥသဘဝိဿဇ္ဇနံ၊ စိတ္တကမ္မဒါနန္တိ၊ အာဝါသံ ကာရေတွာ တတ္ထ စိတ္တကမ္မံ ကာရေတုံ ဝဋ္ဋတိ၊ ဣဒံ ပန ပဋိဘာနစိတ္တကမ္မံ သန္ဓာယ ဝုတ္တံ၊ ဣမာနိ ဟိ ပဉ္စ ကိဉ္စာပိ လောကဿ ပုညသမ္မတာနိ၊ အထ ခေါ အပုညာနိ၊ အကုသလာနိယေဝ။ ။ဟူ၍ ဖွင့်တော်မူသည်၊ ၎င်း ဋီကာ၌-

တတ္ထ နဋသမဇ္ဇဒါနန္တိ ပုညတ္ထာယ နဋနစ္စာဒိနိ အဉ္ဇေဟိ ဩလောကာပနံ၊ဂေါဂဏဿ အန္တရေ ဥသဘဝိဿဇ္ဇနံနာမ ဓေနူနံ အန္တရေ ဂဗ္ဘဂဟဏတ္ထာယ ဂေါဏေ ဝိဿဇ္ဇနံ၊ ပဋိဘာနစိတ္တကမ္မံ-နာမ မေထုနဓမ္မသမာယောဇိတံ ဣတ္ထိ ပုရိသရူပန္တိ ဂဏ္ဌိပဒေ ဝုတ္တံ။ ။ ဟူ၍ မိန့်သည်။

အနက်ကား - လောကသ္မိံ - လူ့ရွာ၌၊ အပုညာနိ-ကုသိုလ်မဟုတ်ကုန်ပဲ လျက်၊ ပုညသမ္မတာနိ-ကုသိုလ်ဟု သမုတ်အပ်ကုန်သော၊ ဒါနာနိ-အလှူတို့ သည်၊ ပဉ္စ - ငါးပါးတို့တည်း၊ မဇ္ဇဒါနံ - ယစ်မျိုးအလှူ၎င်း၊ သမဇ္ဇဒါနံ- ပွဲသဘင် အလှူ၎င်း၊ ဣတ္ထိဒါနံ-မိန်းမအလှူ၎င်း၊ ဥသဘဒါနံ-နွားလားအလှူ ၎င်း၊ စိတ္တကမ္မဒါနံ-မေထုန်မှီဲသော ပန်းချီဆေးရေးရုပ် အလှူ၎င်း၊ ဣတိ- သို့၊ ဣမေ ပဉ္စ-ဤငါးပါးတို့တည်း။

သမဇ္ဇဒါနန္တိ-ဟူသည်ကား၊နဋသမဇ္ဇာဒိဒါနံ-ကချေသဘင် ပဉ္စင်္ဂတူရိယာ စသော အလှူတည်း၊ ဥသဘဒါနန္တိ - ဟူသည်ကား၊ ဂေါဂဏဿ - နွား အပေါင်း၏၊ အန္တရေ-အတွင်း၌၊ ဥသဘဝိဿဇ္ဇနံ-နွားလားကို လွှတ်ခြင်း တည်း၊ စိတ္တကမ္မဒါနန္တိ - ဟူသည်ကား၊ အာဝါသံ-ကျောင်းကန် စရပ်ကို၊ ကာရေတွာ-ဆောက်လုပ်စေ၍၊ တတ္ထ-ထို ကျောင်း စရပ်၌၊စိတ္တကမ္မံ-ပန်းချီ ဆေးရေးခြင်းကို၊ ကာတုံ-ငှါ၊ ဝဋ္ဋတိ-၏၊ ဣဒံပန-ဤမအပ်ဟူသော ဆေးရေး ခြင်းသည်ကား၊ ပဋိဘာနစိတ္တကမ္မံ - မေထုန်စပ်ယှက်၍ တပ်မက်ဖွယ် ရေး ခြယ်သော အမှုကို၊ သန္ဓာယ - ရည်၍၊ ဝုတ္တံ-ဟောတော်မူအပ်၏၊ ဣမာနိ- ပဉ္စ-ဤ အလှူငါးပါးတို့ကို၊ လောကဿ-လူအပေါင်းသည်၊ ကိဉ္စာပိ ပုည-

သမ္မတာနိ–အကယ်၍ကား ကုသိုလ်ဟူ၍ သမုတ်အပ်ကုန်၏၊ အထခေါ-ထိုသို့ သမုတ်အပ်သော်လည်း၊ အပုညာနိ – ကုသိုလ်မဟုတ်ကုန်၊ အကုသလာနိ- ယေဝ-အကုသိုလ်တို့သာတည်း။

တတ္ထ - ထိုအဋ္ဌကထာ၌၊ နင္ဍသမဇ္ဇဒါနန္တိ-ဟူသည်ကား၊ ပုညတ္တာယ- ကုသိုလ်အလို့ငှါ၊ နင္ဍနစ္စာဒီနိ–ကချေသဘင် စသည်တို့ကို၊အညေဟိ-ပြည်သူ ရွာသား လူအများတို့ကို၊ ဩလောကာပနံ-ကြည့်စေခြင်းငှါ ခံသောသဘင် တည်း၊ဂေါဂဏာသ–နွားအပေါင်း၏၊ အန္တရေ-အတွင်း၌၊ ဥသဘဝိဿဇ္ဇနံ- နာမ-နွားလားလွှတ်ခြင်း မည်သည်ကား၊ ဓေနူနံ–နွားမတို့၏၊ အန္တရေ- အတွင်း၌၊ ဂဗ္ဘဂဟဏတ္ထာယ-ကိုယ်ဝန် ယူစိမ့်သောငှါ၊ ဂေါဏေ-နွားထီး တို့ကို၊ ဝိဿဇ္ဇနံ-လွှတ်ခြင်းတည်း၊ ပဋိဘာနစိတ္တကမ္မံနာမ-မည်သည်ကား၊ မေထုနဓမ္မသမာယောဇိတံ – မေထုန်အကျင့်ကို ယှဉ်တတ်စိမ့်သောငှါ ပုံပြု သော၊ ဇုတ္တိပုရိသရုပ်-မိန်းမ, ယောကျ်ားတို့၏ အရုပ်တည်း။

ဤပါဠိတော် အဋ္ဌကထာ ဋီကာတို့ဖြင့် သဘင် ရှုလိုသော မြို့သူ ရွာသား တို့အား ပျော်ပါး ရှုကြည့်စိမ့်သောငှါ ပြုလုပ်အပ်သော ပွဲသဘင် အလှူသည် လူတို့မှုကား ကုသိုလ်ဟူ၍ သမုတ်ကြ၏၊ ကုသိုလ်ကား မဖြစ်ဟူ၍ ပြဆိုသည်၊ အပါယ်လားကြောင်း ယုတ်ညံ့သော ပဋိသန္ဓေကို ပေးတတ်ကြောင်းကို မပြ မဆိုချေ၊အထက် သံယုတ်ပါဠိ အဋ္ဌကထာ သုတ်ပါထေယျတို့၌လည်း ကချေ သဘင်သည်တို့ကိုသာ ပဟာသ ငရဲ၌ဖြစ်ကြောင်းကို ပြသည်၊ ပွဲခံသောသူ ပွဲကြည့်သောသူတို့ ငရဲ၌ဖြစ်ကြောင်းကို မပြ။ ယင်းသို့ ကျမ်းဂန် မပြဲဘဲလျက် ဘုရား,ရဟန္တာ ကျမ်းဆရာတို့ထက် ကဲ၍ ပွဲခံရုံမျှ ကြည့်ရှုရုံမျှနှင့် အပါယ်သို့ ကျ၏ ဟူ၍ မဟောပြသာပြီ၊ အကယ်၍ ဟောငြားအံ့၊ ဘုရားတဆူ ပြုလိုသူ သာ–ဟု မှတ်ရမည်။

ပရိဝါ အဋ္ဌကထာ၌ ပွဲသဘင်အလှူသည် ကုသိုလ်ကား မဖြစ်၊ အကုသိုလ် သာ ဖြစ်၏ဟု ဆိုသောကြောင့် ထိုအကုသိုလ်သည် အပါယ်လားကြောင်း မကောင်းမှု မဟုတ်သော ဟူငြားအံ့၊ အကုသိုလ်ဖြစ်တိုင်း အပါယ်လားသည် ဟု ဘုရားဟောတော်မမူ၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဟူသော ကာမဂုဏ် ငါးပါးကို ခံစားခြင်း ဟူသမျှသည် ဆန္ဒရာဂ, သက်ပ္ပ ရာဂ အမည်ရသော လောဘစိတ်ဖြင့်သာ ခံစားခြင်း ဖြစ်သည်၊ ထိုစိတ်ဖြင့် ခံစားအပ်သော ကိုယ်ပိုင် ကာမဂုဏ်တို့၌ ပျော်ပိုက်သော ကိစ္စဟူသမျှသည် အပါယ်လေးပါးတွင် တပါးပါးသို့ လားတတ်သော ကံ,မဟုတ်၊ ယုတ်ညံ့

သော ပဋိသန္ဓေကို မပေးနိုင်၊ ထို့ကြောင့်-အင်္ဂုတ္တိုရ်အဋ္ဌကထာ, ဒီဃနိကာယ် အဋ္ဌကထာ မဟာဝဂ် အဖွင့်တို့၌-

သဒါရသန္တောသမူလကော ပန အပါယေ ပဋိသန္ဓိနာမ န- ဟောတိ။ ။ဟူ၍ မိန့်တော်မူသည်။

သဒါရသန္တောသမူလကော ပန-မိမိမယားနှင့် ပျော်ပါး ရောင့်ရဲခြင်းလျှင် အရင်းရှိသော ကံသည်ကား၊ အပါယေ-အပါယ်လေးဘုံ၌၊ ပဋိသန္ဓိနာမ-ပဋိသန္ဓေ နေရခြင်း မည်သည်၊ န ဟောတိ-မဖြစ်။

ယင်းသို့ ကိုယ်ပိုင်ဖြစ်သော မယား, လင်တို့၌ အဆင်းကို သာယာခြင်း, အသံကို သာယာခြင်း, အနံ့ကို သာယာခြင်း, အတွေ့ကို သာယာခြင်းတို့၏ အစွမ်းဖြင့် ဖြစ်သော အကုသိုလ်စေတနာ စင်လျက် အပါယ် ပဋိသန္ဓေကို မငင်တတ်သေးတုံ၏ရှင့်၊ ပွဲသဘင် ရှုခြင်း, ရုပ်ရုံ သဒ္ဒါရုံကို ခံစားခြင်း ဟူသမျှသည် အဘယ်မှာ အပါယ်ပဋိသန္ဓေကို ငင်နိုင်အံ့နည်း၊ ပစ္စုပ္ပန် ဘဝ၌ ဘောဂဗျသန, ရောဂပီဠိတ-စသော မကောင်းကျိုး ဖြစ်သည်ကို ရည်၍သာ အကုသိုလ် ဖြစ်သည်ဟု ပြတော်မူသည်။

အဘယ်၍ ကာမဂုဏ် ငါးပါးကို ခံစားသော စေတနာသည်ပင် ပဋိသန္ဓေ ကို ငင်၍ အပါယ်ခွင်သို့ ရောက်စေတတ်သည် ဖြစ်အံ့၊ လူ၏ဘောင်၌ ပျော် ပိုက်သောသူ ဟူသမျှသည် အပါယ်က မတက်နိုင်ရာပြီ၊ ဤ ယုတ္တိကိုလည်း စာနာရမည်၊ ကာမဂုဏ် ငါးပါးကို ခံစားသော အကုသိုလ်မျှမက ပါဏာတိ ပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရ ဟူသော ကာယကံ သုံးပါး,မုသာ ဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ-ဟူသော ဝစီကံ လေးပါး၊ အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ-ဟူသော မနောကံ သုံးပါး၊ ဤ ဆယ်ပါးသော အကုသိုလ်ဘရားကို မှားယွင်းသောသူသည်လည်း ပယောဂစေတနာ အင်္ဂါ စုံညီ၍ ကမ္မပထမြောက်မှသာ အပါယဂမနိယ ဖြစ်၏၊ ကမ္မပထ မမြောက်မူ အပါယဂမနိယမဖြစ်၊ထိုကမ္မပထ မြောက်,မမြောက်ကိုလည်း ဝတ္ထု,ကောဋ္ဌာသ, အာရုံ,စေတနာ,မူလ-ဤငါးပါးသော အခြင်းအရာအားဖြင့် ဆုံးဖြတ်အပ်၏၊ ဤ အခြင်းအရာငါးပါး မရှိမူ ကမ္မပထမြောက်သည်ဟု မဆုံးဖြတ်အပ်၊ ထို့ ကြောင့် အဋ္ဌသာလိနီအဋ္ဌကထာ (စိတ္တုပ္ပါဒကဏ္ဍ အကုသလကမ္မပထကထာ အဖွင့်) ၌-

ဣမေသံ ပန ဒသန္နံ အကုသလကမ္မပထာနံ ဓမ္မတော ကောဋ္ဌာသ- တော အာရမ္မဏတော ဝေဒနာတော မူလတောတိ ပဉ္စဟာကာရေဟိ ဝိနိစ္ဆယော။ ။ဟူ၍ မိန့်အပ်၏။

ကံဆယ်ပါးတို့တွင် တပါးပါးဖြင့် ကမ္မပထမြောက်မှလည်း အပါယ်သို့ ရောက်ကြောင်းကို သင်္ဂီတိသုတ် အဋ္ဌကထာ၌-

ကမ္မံယေဝ သုဂတိဒုဂ္ဂတီနံ ပထဘူတတ္တာ ကမ္မပထောနာမ၊ အပထဘူတော ပန ကမ္မမေဝ။ ။ဟူ၍ မိန့်အပ်၏။

သမ္မာဒိဋ္ဌိသုတ် ဋီကာ, မင်္ဂလတ္ထဒီပနီ ဋီကာတို့၌လည်း-

ကမ္မံယေဝစ သုဂတိဒုဂ္ဂတီနံ တတ္ထ ဥပ္ပဇ္ဇနကသုခဒုက္ခာနဉ္စ ပထ-ဘာဝေန ပဝတ္တံ ကမ္မပထောတိ ဝုစ္စတိ။ ။ဟူ၍ မိန့်၏။

ယင်းသို့လာသော သုတ် အဘိဓမ္မာ ဝိနည်းတို့နှင့် နှိုင်းဆသော် ပွဲခံကြ ပွဲကြည့်ကြသော သူတို့၏ စေတနာသည် ပါဏာတိပါတ စသော ကံဆယ်ခု တို့တွင် တခုခုမျှလည်း မဟုတ်၊ ဒုစရိုက်ဆယ်ပါး, ပါပကမ္မ ဆယ်ပါးတွင်မျှ လည်း မဝင်၊ ပျော်ရွှင်မြူးထူးရုံ ကာမဂုဏ် စီးပွားမျှသာ ဖြစ်သည်၊ အပါယ် လမ်းမကြီး ခရီးဆယ်ပါးတွင် တပါးပါးမျှ မဟုတ်ရကား အပါယ်လား၏ ဟူသော စကားသည် သုတ် ဝိနည်း အဘိဓမ္မာ ပါဠိတော် အဋ္ဌကထာမှ အလွန်ဝေးသော စိတ်တွေးတရားသာ ဖြစ်သည်ဟု ဆိုသင့်သည်။

ဤအရာတွင်သာမဟုတ်၊ဝိနည်းတရား၌ အပါယ်လားကြောင်း မကောင်းမှု ၏ အဖြစ်, နတ်ရွာသွားကြောင်း ကောင်းမှု၏ အဖြစ်ကို စင်စစ် ပြဆို၍ ရှိသော်လည်း အဘိဓမ္မာ၏အရာ ပရမတ္ထသဘောနှင့် နှီးနှော စာနာသဖြင့် သာဝဇ္ဇဓမ္မတွင် ကမ္မပထမြောက်မှသာ မုချ ယူရာသည်၊ မမြောက်သော် မယူရာ၊ သုတ် ဝိနည်းဒေသနာသည် အတ္ထာပတ္တိက နေယျတ္ထ ဝက်တွနည်း သာ များသောကြောင့် သုတ်ဝိနည်းတရားကို များစွာပင် ဟောသော်လည်း လိမ္မာသော ဓမ္မကထိက မမည်၊ အဘိဓမ္မာတရားနှင့် ညှိနှိုင်း၍ ဟောမှသာ မြတ်သော ဓမ္မကထိက မည်သည်ဟု ပြတော်မူခြင်းငှါ အဋ္ဌသာလိနီ အဋ္ဌ-ကထာ (နိဒါနကထာ) အဖွင့်၌-

အာဘိဓမ္မိက ဘိက္ခူယေဝ ကိရ ဓမ္မကထိကာနာမ၊ အဝသေသာ ဓမ္မကထံ ကထေန္တာပိ န ဓမ္မကထိကာ၊ ကသ္မာ တေ ဟိ ဓမ္မကထံ ကထေန္တာ ကမ္မန္တရံ ဝိပါကန္တရံ ရူပါရူပပရိစ္ဆေဒံ ဓမ္မန္တရံ အာ-လောဠေတွာ ကထေန္တိ။ ။ဟူ၍၎င်း,

အဘိဓမ္မံ ပရိဗာဟေန္တော ဇိနစက္ကေ ပဟာရံ ဒေတိ၊ သဗ္ဗညုတညာဏံ ပဋိဗာဟတိ၊သတ္ထု ဝေသာရဇ္ဇဉာဏံ ပဋိနိဝတ္တေတိ၊

သောတုကာမံ ပရိသံ ဝိသံဝါဒေတိ၊ အရိယမဂ္ဂေ အာဝရဏံ ဗန္ဓတိ၊ အဋ္ဌာရသသု ဘေဒကရဝတ္ထူသု ကေသွိ သန္ဒိဿတိ၊ ဥက္ခေပနီယ-ကမ္မ တဇ္ဇနီယကမ္မာရဟော ဟောတိ။ ။ဟူ၍ဝင်းမိန့်တော်မူသည်။

မြန်မာဘာသာကား-အဘိဓမ္မာကိုဆောင်၍ ဟောသော ရဟန်းတို့သည် သာလျှင် မြတ်သောဓမ္မကထိက မည်ကုန်သတတ်၊ ကြွင်းသော သုတ် ဝိနည်း တရားကို ဟောသော ရဟန်းတို့သည် မြတ်သော ဓမ္မကထိက မမည်ကုန်၊ အဘယ့်ကြောင့် နည်းဟူမူကား ထိုအဘိဓမ္မာ မတတ်ကုန်သော ရဟန်းတို့ သည် သုတ် ဝိနည်းတရား ရှိသည့်အတိုင်း ဟောပါငြားသော်လည်း ကုသိုလ် ဖြစ်သော တရားကိုပင် အကုသိုလ်၊ အကုသိုလ် ဖြစ်သော တရားကိုပင် ကုသိုလ် ဟူ၍ဝင်း, ကောင်းကျိုးကိုပင် မကောင်းကျိုး၊ မကောင်းကျိုးကိုပင် ကောင်းကျိုး ဟူ၍ဝင်း, ရုပ်တရားကိုပင်-နာမ်၊နာမ်တရားကိုပင်-ရုပ် ဟူ၍ဝင်း တရားအထူးကို ချောက်ချားဖျက်ဆီးလျက် ဟောတတ်ကုန်၏၊ ထို့ကြောင့် မြတ်သော မဓမ္မကထိက မမည်ကုန်၊ အဘိဓမ္မာနှင့်ညှို၍ ဟောသောသူသာ လျှင် အမှန်ကေန် ဟောနိုင်သည် ဖြစ်၍ ဓမ္မကထိက မည်သည်၊ ထို့ကြောင့် အဘိဓမ္မာတရားကို ပယ်ရှား၍ ဟောသောသူသည် ဤဘုရားရှင် သာသနာ ကို ကြီးစွာသော ဒဏ်ပေးသည် မည်၏၊ သဗ္ဗညုတဉာဏ်ကို တားမြစ်သည် မည်၏၊ ဘုရားသခင်၏ ဝေသာရဇ္ဇဉာဏ်ကိုလည်း နှစ်စေသည် မည်၏၊ တရားနာပရိသတ်အများကို မှောက်မှား ချွတ်ယွင်းစေသည် မည်၏၊ အရိယ မဂ်၌ ကြီးစွာသော အပိတ်အပင် ကန့်သင်းကိုဖွဲ့သည် မည်၏၊ သံဃာကွဲရ ခြင်း၏အကြောင်း တဆယ့်ရှစ်ပါးတွင် တပါးပါး၌လည်း ဝင်၏၊ ရဟန်းဖြစ်မှု ဥက္ခေပနီယ တဇ္ဇနီယကံကို ပြုခြင်းငှါ ထိုက်၏၊ လူဖြစ်မူကား "သင်သည် ဘုရားစကားနှင့် မတန်၊ အကြံကောက် ဉာဏ်ကောက်ဖြစ်သည်၊ သူတပါး၏ စားကြွင်းစားပြု၍သာ အသက်မွေးလေ"ဟု ဆိုခြင်းငှါ ထိုက်၏ဟူလိုသည်။

ယင်းသို့လာသော အဋ္ဌကထာကို ထောက်သဖြင့် မကောင်းမှုမှ ကြောက် ကုန်သော သူတော်ကောင်းတို့သည် တရားဖြင့် လမ်းမှန်ကျအောင် သုတ် ဝိနည်း အဘိဓမ္မာ ဒေသနာသုံးရပ်ကို ရောစပ်နှိုင်းချိန်၍ အစိန္တေယျ ဘုန်းမော် ၏ အလိုတော်ရင်းကို မယွင်းအောင် ယူမှတ်ကုန်ရာသည်။

ပွဲသဘင်ခံခြင်းသည် အပါယ်လားကြောင်း မကောင်းမှု မဖြစ်ဟု ဆရာဆို ပြီ၊ ထိုအမှုကိုပြုခြင်းကြောင့် ကောင်းကျိုးဖြစ်ဟန်ကို ကျမ်းဂန်ဘယ်သို့ လာ ပါသနည်း ဟူငြားအံ့၊ ဘုရားကိုဝင်း, တရားတော်ကိုဝင်း, သံဃာတော်ကို

ဌင်း ပူဇော်ချီးမြှောက်ခြင်း၄၇ ခံအပ်သော ပွဲသဘင် ဟူသမျှသည် မိမိကိုယ်တိုင်ကသော်ဌင်း, သူတပါးကို က,စေသော်ဌင်း ကုသိုလ်ဖြစ်၍ အကျိုးကြီးစွာခံရသည်သာတည်းဟု ပြလိုသော အဋ္ဌကထာဆရာသည် ဌင်းဒါန ငါးပါးအဖွင့်၌-

ဧတ္ထစ ဝတ္ထုတ္တယပူဇနတ္တာယ ကတံ နင္ဒသမဇ္ဇံ ကုသလံ ဟောတီတိ ဒဋ္ဌဗ္ဗံ။ ။ဟူ၍ မိန့်တော်မူသည်။

ဧတ္ထစ-ဤသမဇ္ဇ ဒါန၌လည်း၊ ဝတ္ထုတ္တယပူဇနတ္တာယ – ရတနာသုံးပါးကို ချီးမြှောက်ကော်ရော် ပူဇော်ခြင်း အကျိုး၄၇၊ ကတံ-ပြုအပ်သော၊ နဋ္ဋ-သမဇ္ဇံ-ကချေသဘင်သည်၊ ကုသလံ-ကုသိုလ်သည်၊ ဟောတိ-၏၊ ဣတိ-သို့၊ ဒဋ္ဌဗ္ဗံ-မှတ်အပ်၏။

ဤသို့သာသော အဋ္ဌကထာပါဌ်နှင့်အညီ အဘယ်သူသည် ရတနာသုံးပါးတို့အား ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ဖြင့် ပူဇော်ခဲ့ဘူး၍ အကျိုးခံစားရသနည်း ဟူမူကား-

အရှင် သုမင်္ဂလထေရ်၏ အလောင်းတော်သည် ရှေးသောကာလ အတ္ထဒဿီဘုရား ထင်ရှားဖြစ်တော်မူသောအခါ တဖက်ဆည်ကန်၏အနီး သစ်ပင်ကြီး တခု၌ ရက္ခဇိုဝ်းနတ်၏ အဖြစ်ဖြင့် ဖြစ်၍ နေ၏၊ တရံရောအခါ မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူလာ၍ ထိုကန်မှာ ရေသပ္ပါယ်တော်မူလိုသောကြောင့် ကိုယ်တော်၌ ဝတ်ရုံသော သင်္ကန်းကို တလံခန့်ရှိသောကောင်းကင်ပြင်၌ တည်စိမ့်သော၄၇ အမိဋ္ဌာန်လျက် ရေကန်ထက်သို့ သက်၍ ရေသပ္ပါယ်တော်မူ၏၊ထိုအခါ ရက္ခဇိုဝ်းနတ်သည် ထွက်သစ်သော နေဝန်းနှင့်တူစွာ တောက်ပလျက် ကောင်းကင်၌တည်သော သင်္ကန်းတော်ကို မြင်လျှင် ကြည်ရွှင်ဝမ်းမြောက်လှစွာ သောမနဿ ကုသိုလ်စိတ် ဖြစ်ရကား လက်အုပ်ချီကာ ထောမနာခြင်းကို ပြု၍ ပူဇော်ပြီးမှ မိမိအခြံအရံဖြစ်သော နတ်သမီးနတ်သားတို့ကိုခေါ်၍ နာပျော်ဘွယ်သော နတ်၏ သီချင်းတို့ဖြင့်ဌင်း, ပဉ္စင်ဒုံမင်း စောင်းငြင်း ခရာ အစရှိသော တူရိယာမျိုးတို့ဖြင့်ဌင်း ကခြင်း, သီခြင်းတီးမှုတ်ခြင်းတို့ဖြင့်ဌင်း ပူဇော်ကုန်၏၊ ထိုရက္ခဇိုဝ်းနတ်သည် ဤကောင်းမှုကြောင့် အသက်အတိုင်းနေ၍ စုတေလေသော် တာဝတိံသာ နတ်ပြည်၌ ဖြစ်၏၊ ထိုမှသည် ယာမာ တုသိတာ-စသော အထက် နတ်ပြည်၌ ဖြစ်၍ နတ်၏ချမ်းသာကို ခံစားပြီးမှ ငါတို့ဘုရား ပွင့်တော်မူသောအခါ တဦးသော အမျိုး

ကောင်းသား ဖြစ်၍ သုမင်္ဂလ–ဟူသော အမည်ကို မှည့်၏၊ အရွယ်သို့ရောက်သောအခါ သာသနာတော်၌ ကြည်ညိုခြင်းဖြစ်ရကား ဘုရားရှင်ထံ၌ ရဟန်းပြုလေ၏ ရဟန်းပြု၍ မကြာမြင့်မီ ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်၍ အရှင် သုမင်္ဂလထေရ်-ဟု ထင်ရှား၏၊ ထို အရှင်မြတ်သည် မိမိပြုခဲ့ဘူးသော ကုသိုလ်တရားကို ပရိသတ်လေးပါးတို့အား ကြားစိမ့်သော၄ါ "အတ္ထဒဿိ ဇိနဝရော" အစရှိသော အပဒါန် ဂါထာတို့ကို ကိုယ်တိုင် ဟောတော်မူ၏၊ ဤဂါထာတို့ကို အပဒါန်ပါဠိတော်၌ သင်္ဂါယနာတင်၏။

ငါတို့ဘုရား၏ သာဝကဖြစ်သော အရှင်ကောသနိယထေရ်၏ အလောင်းတော်သည် ရှေးအတ္ထဒဿီဘုရား ထင်ရှား ဖြစ်တော်မူသောအခါ မဟာဗောဓိပင်၏ အနီး တောင်ကြီးတခု၌ ဝရုဏ မည်သော ဘုမ္မဇိုဝ်းနတ် ဖြစ်၏၊ ထိုအခါ မြတ်စွာဘုရား ပွင့်တော်မူသည်ကို မြင်၍ ကြည်ရွှင်ဝမ်းမြောက်လှရကား လာ၍ တူရိယာပဉ္စင်ဖြင့် ထက်ဝန်းကျင် မှုတ်တီးလျက် ချီးမြှောက် ပူဇော်ခြင်းကို ပြု၏၊ ထိုကောင်းမှုကြောင့် စုတေသောအခါ နိမ္မာနရတိ မည်သော နတ်ပြည်၌ ဖြစ်လေ၏၊ ထိုမှသည် လူ့ပြည်သို့ သက်ပြန်၍ ကျွန်းရံ နှစ်ထောင်နှင့်တကွ လေးကျွန်းလုံးကို အစိုးရသော ဝရုဏစကြာမင်း ဖြစ်၏၊ ဤသို့ လူ့ပြည် နတ်ပြည်၌ဖြစ်သော စည်းစိမ်ချမ်းသာကို များစွာစံပြီးမှ ငါတို့ဘုရား ရှေ့လက်ထက်တော်၌ သာဝတ္ထိပြည်ဝယ် သူကြွယ်အမျိုး၌ ဖြစ်၍ အရွယ်ရောက်သောအခါ သာသနာတော်၌ ရဟန်းပြုသဖြင့် မကြာမြင့်မီ ရဟန္တာ အဖြစ်သို့ ရောက်၍ အရှင်ကောသနိယထေရ်-ဟု ထင်ရှားဖြစ်၏၊ ထိုအရှင်သည် ယခင်က ပြုခဲ့ဘူးသော ကောင်းမှုအထူးကို ပရိသတ်လေးပါးတို့အား ထင်ရှားပြတော်မူခြင်း၄ါ "ဝရုဏောနာမ နာမေန"အစရှိသော အပဒါန် ဂါထာကို ဟောတော်မူ၏၊ ဤဂါထာကိုလည်း အပဒါန် ပါဠိတော်၌ သင်္ဂါယနာ တင်၏။

အရှင်စိတကပူဇကထေရ်၏ အလောင်းတော်သည် ရှေးသိခီဘုရား ထင်ရှား ရှိတော်မူသောအခါ လင်းလွန်းပင်ကို စောင့်သော ရက္ခဇိုဝ်းနတ် ဖြစ်၍ ဘုရားရှင်ထံပါးသို့ အခြားသော နတ်တို့နှင့်တကွ လာသဖြင့် ဆည်းကပ်၍ တရားတော်ကို နာရသည်နှင့် လွန်စွာကြည်ညိုခြင်းဖြစ်၏၊ ဘုရားသခင် နိဗ္ဗာန် လားသောအခါ ငါတို့ဆရာဘုရားကို များစွာ မပူဇော်လိုက်ရဟု သံဝေဂ နှလုံးဖြစ်၍ မိမိပရိသတ်နှင့်တကွ လာလျက် ဘုရားသခင် သင်္ဂြိုဟ်တော်မူရာ၌ နံ့သာပန်း အခိုးအထုံတို့ဖြင့်၎င်း, တံခွန်ဆီမီးတို့ဖြင့်၎င်း ညီထွန်းလျက် ထက် ဝန်းကျင် ပျော်ရွှင် မြူးထူးဘွယ်ဖြစ်သော စည်,"စောင်း, ပတ်သာ တူရိယာ

မျိုးတို့ဖြင့် တီးမှုတ်လျက် ကခြင်း, သီချင်းတို့ဖြင့် မကြာ မကြာ ပူဇော်၏၊ ထိုကောင်းမှုကြောင့် ထိုဘဝမှ စုတေလေသော် တုသိတာနတ်ပြည်၌ ဖြစ်၏၊ ထိုမှသည် လူ့ပြည်, နတ်ပြည် လှည့်လည်ကာ စံစားခဲ့၍ ငါတို့ဘုရားသခင် ပွင့်တော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ သူကြွယ်ကြီးအမျိုး၌ ဖြစ်၏၊ အရွယ်သို့ ရောက်သောအခါ သာသနာတော်၌ ရဟန်းပြုသဖြင့် မမြင့်မီ ရဟန္တာ ဖြစ်၍ အရှင်ဝိတကထေရ်-ဟု ထင်ရှား၏၊ ထိုအရှင်မြတ်သည် ပရိသတ် လေးပါးတို့အား ကိုယ်တော်ပြုခဲ့ဘူးသော ကောင်းမှုတရားကို ထင်ရှား ပြတော်မူခြင်းငှါ "ဝသာဓိ ရာဇာယတနေ" အစရှိသော အပဒါန်ဂါထာကို ဟောတော်မူသည်။

လာဘ်များသော ရဟန်း၏ တေဒဂ်ရသော အသီတိသာဝက အဝင် ရှင်သီဝလိထေရ်၏ အလောင်းတော်သည် ဤကမ္ဘာမှပြန်၍ ရေသည့်ရှိသော် ကမ္ဘာတထောင် ရှစ်ရာထက် အတ္ထဒဿီဘုရား ထင်ရှားပြစ်တော်မူသော အခါ ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်၏အနီး သစ်ပင်ကြီးတခု၌ ဝရုဏ အမည်တွင်သော နတ်ဖြစ်၍ ဘုရားထင်ရှားရှိသောအခါ နတ်၏ချမ်းသာကို ခံစားလျက် မွေ့မွေ့လျော်လျော် နေ၏၊ ဘုရားနိဗ္ဗာန်ဝင်သောအခါမှ သဒ္ဓါတရားကိုရသဖြင့် ပွင့်တော်မူသောဗောဓိပင်ကို သက်တော်ထင်ရှား ဘုရားကဲ့သို့ မှတ်၍ မိမိပရိသတ် အခြံအရံနှင့်တကွ လာ၍ များစွာသော ကချေသည် ပဉ္စင်တူရိယာတို့ဖြင့် တီးမှုတ် က,သီကာ ပူဇော်၏၊ထိုကောင်းမှုကြောင့် စုတေသောအခါ အထက်နတ်ပြည်ခြောက်ရွာ၌ ပြောင်းကာ ပြောင်းကာ စံစားခဲ့ရ၏၊ လူ့ဘဝသို့ ရောက်ပြန်သောအခါသည်း အံ့ဩဘွယ်သော လူမင်း၏ ချမ်းသာကို ခြောက်သောင်းမျှသော ကချေတူရိယာတို့ဖြင့်ခြံရံလျက် ပျော်စံပယ်ရ၏၊ ငါတို့ဘုရားထက်ထက်တော်၌ သုပ္ပဝါသာ မင်းသမီး၏သား အရှင်သီဝလိ ဖြစ်လာ၏၊ ထိုအခါ ကိုယ်တော် ပြုခဲ့ဘူးသော ကောင်းမှု မူလ ကို အများသိစေခြင်းငှါ....

ဝါဒိဘာနဝ နဋ္ဌေန၊ သမ္မတာဥသမာဟိတော၊
သမ္ဗုဒ္ဓါဝိယ သမ္ဗုဒ္ဓါ၊ ဥပဋ္ဌိ ဗောဓိမုတ္တမံ။
တေန ဝိတ္တပ္ပသာဒေန၊ နိမ္မာနံ ဥပပဇ္ဇဟံ၊
သဋ္ဌိတူရိယသဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ။

အစရှိသော အပဒါန်ဂါထာကို ဟောတော်မူသည်။

အရှင် ဝိထိနှဝစ္ဆမထေရ်၏ အလောင်းတော်သည် ဘုရားသင်အား၊ သင်္ဃါနလှူရသောအခါ ကြီးစွာသော ပွဲသဘင် ကျင်းပ၍ ဒိုးမြောက်ခဲ့ရသော

ကောင်းမှုကြောင့် လူ့ပြည် နတ်ပြည် ကျင်လည်သမျှ၌ ရှစ်သောင်း ခြောက်ထောင်သော ကချေသဘင် ပဉ္စင်တူရိယာတို့သည် လကျာ လက်ဝဲမှငင်း, ရှေ့နောက်မှငင်း ခ,ယ ဝန်းရံလျက် တညံညံ မှုတ်တီး၍ ချီးမြှောက်သည်ကို ခံရသော လူမင်း နတ်မင်းတို့၏စည်းစိမ်ကို စံစားရကြောင်းကို ၎င်းအပဒါန်ပါဠိ, ထေရဂါထာ ပါဠိ ၎င်းအဋ္ဌကထာတို့၌ ထင်ရှားစွာ လာရှိကုန်သည်၊ ထို့ကြောင့် ဘုရားတရား သံဃာ ရတနာသုံးပါးတို့အား လှူဒါန်းပူဇော်အံ့ဟု ရည်မှန်း၍ သက်န်း, သပိတ်, ပရိက္ခရာစသည်ကို သာမဏေ, ရဟန်း ပဉ္စင်းများကို ဖြစ်စေ, ရုပ်ပွားတော်, စေတီတော်, တရားတော်ကို ဖြစ်စေ ပူဇော်ချီးမြှောက်လို၍ ကျင်းပအပ်သော ပွဲသဘင် တူရိယာတို့သည် လူ့ရွာ နတ်ရွာ၌ ကြီးမြတ်သော ဘောဂသမ္ပတ္တိ, ဣဿရိယသမ္ပတ္တိအကျိုးကို ဖွံ့ဖြိုးစွာ ခံစားရခြင်း၏ အကြောင်း ကောင်းမှုကောန်ဖြစ်သည်ဟု မှတ်ရမည်။

ထိုသို့ ကျမ်းလာသော ပါဠိ အဋ္ဌကထာ သာဓကဝတ္ထု အစုစုတို့ကို ထောက်ရှုနိုင်းစာလျှင် ဘုရားဘုန်းမော်၏ အလိုတော်မှကား သုံးပါးသော ဝဋ်၌ အပါယစက်ကွင်းမှ မရှင်းသေးသော သတ္တဝါတို့လည်း လွတ်ကွာသန့်ရှင်းအောင်, ဒုဂ္ဂတိဘုံတွင်း၌ ဆင်းရဲပင်ပန်း ရှိနွမ်းသော သတ္တဝါတို့ကိုလည်း လူချမ်းသာ နတ်ချမ်းသာ တန်နှုန်းကာဖြင့် သက်သာရာ ရအောင်, သုခသမ္ပတ္တိ ရှိပြီးသောသတ္တဝါတို့ကိုလည်း ခေမာဘူမိ သိရီရန်လုံ နိဗ္ဗာန်ဘုံကို ခိုလှုံခဲ့ရအောင် ဆောင်လိုတော်မူသော အာသီသ ကရုဏာတော်မြတ်ဖြင့် မပြတ်ဆုံးမလျက် ပုညကြိယာဝတ္ထု ကုသိုလ် ဒါန ပရိစ္စာဂ အရာ၌လည်း အားထုတ်နိုင်သမျှ ရွေးစ, ပဲစ မူးစ မတ်တန် အကြွင်းကျန်ကိုပင် တိရစ္ဆာန် လူ အလှူခံနှင့် လျော်စွာ စေတနာ ဖြောင့်ဖြောင့်ထား၍ စွန့်စားနိုင်ကြလျှင် သုခဝိပါက်ကို အဆက်ဆက် စံရကြောင်း,သီလစာရိတ္တအရာ၌လည်း ရတနာသုံးဦးကို ညွတ်နူးရုံမျှ လက်အုပ်မိုး၍ ရှိခိုးရုံမျှနှင့် အဆမတန် လူနတ်ဌာန်ဝယ် ဖြိုးလျှံကြွယ်ဝသော စည်းစိမ်ကို အကြိမ်ကြိမ် စံရကြောင်း, ဘာဝနာအရာ၌လည်း ဤခန္ဓာပဉ္စက၏ ခယသဘော, ဝယသဘော တွေးတောရုံမျှ ပြောဟောရုံမျှနှင့် အနန္တအကျိုးရှိကြောင်း,ပူဇာစ ပူဇနေယျာနံ-မင်္ဂလာ၌ နှစ်သက်ဝမ်းသာ လက်ပမ်းတီးကာ ခြေလက်မြှောက်ကာ ကခုန်ကာနှင့် ကြီးစွာသော အကျိုးရကြောင်း, ဗြဟ္မစိုရ်အရာ၌လည်း သတ္တဝါအပေါင်းတို့အား ကောင်းပါစေ ကြွယ်ပါစေ ဘေးကင်း ရန်ကင်းပါစေ-ဟု ဆုတောင်းပေလျှင်ပင် အသချေ်ယျ အကျိုးရှိကြောင်းနှင့် ဖျောင်းဖျောင်း ဖျဖျ ရန့်ကြမ်းလှသော

ဝေနေယျကို ငွမ်းမက နူးညံ့ သူတော်ကောင်း အံ့ရအောင် ရွက်ဆောင်ဆော်နိုး၍ ကောင်းကျိုးကို ပြတော်မူပါသည်။

ယခုကာလ သာဝကဘိက္ခု ပြုကြသူများမှာ ဘုရားအလိုတော်သို့ မလိုက်စိတ်စိုက်မိရာ လူတကာကို ဇာတ္တာပကတာ ပါပမိတ္တာကြီးနှင့် ခရီးလွဲလမ်းချ၍ ဒါနအရာ ပြုလုပ်ပါသည်ကို စေတနာအကျိုးမပေး၊ အလှူခံအကျိုးပေးသကဲ့သို့ ရဟန်းလေ ရဟန်းညစ် အလင်္ကာကိုလှူလျှင် သာသနာကို ကူညီ၍ ဖျက်သောကြောင့် အလင်္ကာအထက် ဒါယကာ အောက်က ခံနေရကြောင်း, ထိုကောင်းမှု စေတနာပင် အပါယ်ရွာသို့ ဆောင်တတ်ကြောင်း, ကုသိုလ်ကို ခင်၍ သဘင်ဖြင့်ချီးမြှောက်ပူဇော်ခြင်း မင်္ဂလာကိုပင် အပါယ်ရွာသို့ ဆောင်ကြောင်း ပြောင်းပြန်စကားနှင့် ဘုရားရှင် ဒေသနာ ကျမ်းရှိရာကို ဗီလာဦးစောက် မှောက်ချင်တိုင်း မှောက်ပြီးလျှင် ငရဲပေါက်လမ်းပြ သာသနာကို ဖျက်၍ ဓမ္မကို အဓမ္မ၊ လဟုကကို ဂရုက၊ သင်းကွဲကြောင်း ကြံဖန်၍ မှတ်ရန်မှတ်စု ပြုလုပ်နည်းပေးကြသည်မှာ ဧကနိပါတ်တွင် လာသော ဆရာကုဋ္ဌိလ ရသေ့စဉ်းလဲသည် မိမိ၏အထံ၌ သူကြွယ်နှံ့ထားသော တသိန်းတန် ရွှေအိုးကို ခိုးဝှက်သော အရေး၌ ဝန်လေး၏ မထင်၊ ဆံကျစ်တွင် ကပ်ငြိလျက်ပါသော မြက်မှိုက်လေးသစ်တထွာကို လွန်စွာ ဝန်လေးသည်ဟု ပြန်ပေးယောင် ပြုသော ကုဋ္ဌိလ ရသေ့ညစ်ကဲ့သို့ သဗ္ဗညုထိပ်ခေါင်တင် ကျေးဇူးရှင်ဘုရား၏ တည့်သားပရိသတ် ရဟန်းမြတ်တို့ကို ပုတ်ခတ်သည့် ဥပဝါဒကံနှင့် နိုင်ငံလုံးကြွက်ကြွက်ဆူ လူသင်းကွဲ ရှင်သင်းကွဲ အငြင်းပွဲဒရဇတ်နှင့် မိတ်ထပ်သင့် လူတကာပင် မေတ္တာ ကရုဏာ မဟာပြဟ္မစိုရ် ကုသိုလ်ကြီး ပျက်ယွင်း၍ အချင်းချင်း ကွဲပြားလေသော ဘေဒကရဝတ္ထု ပြုကြသည့် အရေးကို ဝန်လေးသည် မထင်၊ စာပါးသော ရဟန်းရှင်နှင့် ရောဝင် ပေါင်းဖက်ခဲ့သည့်အရာ ဝန်လေးသည်ဟု မှတ်ထင်ရသော အတ္တုက္ကံသန ပရဝမ္ဘန ပုဂ္ဂိုလ်တို့သည် ထိုထိုသို့သော ကျမ်းဂန်နယ၌ အတ္တကောသလ္လ ဉာဏ်ဖြင့် ဟုတ်မှန်စွာ သက်ဝင်၍ ဖြူစင်ဖြောင့်မတ်သော သတိ ပညာ သမ္မာဆန္ဒကို ရကြစေခြင်း အကျိုးငှါ အပိုင်းတရာ ဖြတ်ထားသော သားမြီး မွေးမျှင်ကို အစဉ်လိုက်မှန်အောင် တဆံတည်း ဆက်သကဲ့သို့ ဆရာ အဆက်ဆက်တို့ ဆောင်ရွက်သော ဓမ္မကျွန္တာ သင်္ဂါယနာတင် ကျမ်းစစ်မှ အဆီညှစ်၍ အနှစ်ကိုသာ ကောင်းစွာ တင်ပြအပ်သော နိဗ္ဗာန်လမ်းပြ အလင်္ကာပဂ္ဂဟ ဝိနိစ္ဆယသည် ဤမျှဖြင့် အပြီးသတ်၏။

အလင်္ကာပဂ္ဂဟာဝိနိစ္ဆယ–ကျမ်းပြီးနိဂုံး

သတဇ္ဆရိယသီလေန၊ ဓုတသလ္လေခဝုတ္တိနာ၊
ဝိမလောနာမ ထေရေန၊ အဇ္ဈေသိတံ ပုနပ္ပုနံ။
ပထဝိံ ပရိဝတ္တေတွာ၊ ပထဝေါဇမဓုဒ္ဓရာ၊
သတေန ဒုတ္တရံ ဌာနံ၊ စိန္တိတဗ္ဗံ သုကောသလ္လာ။
သံဝိဇ္ဇ ဂန္ဓဘာရမှိ၊ တဒန္တရေဝ ယံ ကတံ၊
သန္တာနံ သမရင်္ဂုယာ၊ ပတ္တတာခိလသာသနေ။
အဏ္ဍဝေ သိတ္တတေလံဝ၊ တံ နိဋ္ဌာယံ သုနိဋ္ဌိတံ၊
လိက္ခံ မိက္ခာရယောဝသော၊ ဗေသာခေ ကာလပဥ္စမေ။

(နိဂုံးလေးဂါထာ-ပထျာဝိပုလာ)

သဘဇ္ဆရိယသီလေန-ရဟန်း လူအပေါင်း သူတော်ကောင်းတို့ ခြီးသောင်း ဝမ်းမြောက် အံ့ခမာလောက်အောင် ဆောက်တည် ဖြည့်ကျင့်သော သံဝရ သီလ, အာစာရ သီလ, အဘိသမာစာရိကသီလ တည်းဟူသော အမိသီလ လည်းရှိထသော၊ ဓုတသလ္လေခဝုတ္တိနာ – ကိလေသာကို လွန်စွာသတ်ဖြတ် ခါတွက်တတ်သော ဓုတင်တေရသ် ပဋိပတ်နှင့် ဇောသတ္တာရသလ္လေခဟု ဓမ္မ ကျင့်ရိုး သူတော်မျိုးတို့ ကြိုးပမ်းခြိုးခြံ နိယမံဖြင့် အလွန်ကျင့်ဆောက်တည်လေ့ ရှိထသော၊ဝိမလောနာမ ထေရေန–အရှင်ဝိမလ အမည်ရသော အရည်ဝါသီ မဟာထေရ်သည်၊ သမရင်္ဂုယာ-အယူ ဖြောင့်မတ်ခြင်းဖြင့်၊ ဇနာနံ-ရှင် လူ အပေါင်းတို့၏၊ သုဂတိဂမနတ္တံ–ကောင်းမြတ်သော ဂတိကိုသာ လားပါစေ ခြင်း အကျိုးငှါ၊ ယံနိဋ္ဌာယံ–အကြင်နိဗ္ဗာန်လမ်းပြ ဝိနိစ္ဆယကို၊ ပုနပ္ပုနံ-အထပ် ထပ်၊ ဝါ, အဖန်တလဲလဲ၊ ဝါ, အကြိမ်များစွာ၊ ယသ္မာ-ကြောင့်၊ အဇ္ဈေသိတံ- တိုက်တွန်းတောင်းပန်အပ်ပြီ၊ တသ္မာ-ထိုသို့ တိုက်တွန်း တောင်းပန်အပ်သော ကြောင့်၊ မယာ-မုနိန္ဒာဘိဓဇ မည်ရထင်စွာ မထေရ်ငါသည်၊ ဂန္ဓဘာရမှိ- တရက်တာ၌ ခုနစ်ဝါ စာပို့ချသော ဂန္ဓဓုရဝန်သည်၊သံဝိဇ္ဇ သံဝိဇ္ဇမှိ-နေ့တိုင်း မချာ ရှိပါသော်လည်း၊ တဒန္တရေဝ–ထိုစာပို့ချသော အကြား အကြား၌ သာလျှင်၊ သန္တာနံ–ကုသိုလ်တရားကို အားထုတ်လို့လ ပြုကြသော သူတော် ကောင်းတို့၏၊ သမရင်္ဂုယာ-အယူဖြောင့်မတ်စေခြင်းအကျိုးငှါ၊ ယံနိဋ္ဌာယံ- အကြင်နိဗ္ဗာန်လမ်းပြ ဝိနိစ္ဆယ အဆုံးအဖြတ်ကို၊ ကတံ-ပြုပြင် စီရင်အပ်ပြီ၊ ပထဝိံ–တသိန်း နှစ်သောင်း ချင့်ပေါင်းထုထု ပံသုမည်သော မြေအလွှာကို၊

ပရိဝတ္တေတွာ–အောက် ထက် ပြန်လှန်၍၊ပထဝေါဇမခံ - ချိုမြိန်လှစွာသော မြေဩဇာကို၊ ဥဒ္ဓရာ–ထုတ်ဆောင် ယူငင် ပြုတော်သည်ထက်၊ သတေန-အဆ အရာ လွန်သဖြင့်၊ ဒုက္ကရံ-ပြုနိုင်ခဲလှစွာသော၊ ဣဒံ ဝိနိစ္ဆယံ-အလင်္ကာတို့အား ဗှိအပ်, မဗှိအပ်, လျှာအပ်, မလျှာအပ်–စသော ဤအဆုံးအဖြတ်ကို၊ သုကော- သလ္လာ သုကောသလ္လေဟိ-လွန်မြတ်သော ပဒကောသလ္လ, အတ္ထကောသလ္လ နယကောသလ္လဉာဏ်ရှိသော ပုဂ္ဂိုလ်တို့သည်၊ဝါ-လွန်မြတ်သော ပုဒ်၌လိမ္မာ သော ဉာဏ်, အနက်၌ လိမ္မာသော ဉာဏ်ရှိသော ပုဂ္ဂိုလ်တို့သည်၊ စိန္တိတဗ္ဗံ- ကြံစည်ယူငင် စီရင်အပ်၏၊ တံနိစ္ဆယံ-ထိုနိစ္ဆာန်လမ်းပြ ဝိနိစ္ဆယအဆုံးအဖြတ် သည်၊ အဏ္ဏဝေ-ငါးရှဉ့်ငါးစင်း မြစ်ခပင်းတို့ ခွန်သွင်းစီရင်ရာ မဟာသမုဒ္ဒ ပင်လယ်မ၌၊ သိတ္တတေလံ-သွန်းလောင်းအပ်သော ဆီရည်သည်၊ အခိလံ- သမုဒ္ဒရာ ရေမျက်နှာအလုံးသို့၊ ပတ္တတံဇဝ-ပျံ့နှံ့သကဲ့သို့၊ သာသနေ–ဘုရား မိန့်လစ် သက္ကရာဇ်ငါးထောင် ထွန်းပြောင်ထိန်ဝါ သာသနာတော်၌၊အခိလံ- နိုဝ်ငံပဘ်ကုံး လူအလုံးသို့၊ ပတ္တဘံ ပတ္တဘု-ပျံ့နှံ့စေသတည်း၊ တံနိစ္ဆယံ-ထို နိစ္ဆာန်လမ်းပြ အဆုံးအဖြတ်သည်၊ လိက္ခိ-လူတို့မှတ်ရာ နှစ်ကောဇာသည်၊ မိက္ခာရယေ ဝသော - ၁၂၂၉-ခုနှစ်ဖြစ်သော၊ ဗေသာခေ ကာသပဥ္စမေ- ကဆုန်လပြည့်ကျော်(၅)ရက်နေ့၌၊ သုနိဋ္ဌိတံ-အန္တရာယ်မဆီး ပြီးစီး အောင် မြင်၏။

ကျီးသဲလေးယပ် ဆရာတော်ဘုရားကြီး စီရင်ရေးသားအပ်သော
အလင်္ကာပဂ္ဂဟ ဝိနိစ္ဆယကျမ်း ဤတွင်ရွှေ ပြီးပြည့်စုံပြီ။

ကျမ်းပြီးနိဂုံး အာသိသပတ္ထနာလင်္ကာ ကေပိုဒ်

မင်္ဂလာဂုဏ်ရောင်၊ ထိန်ထိန်ပြောင်စိမ့်၊ ရွှေတောင်တသွန်၊ ဤကျမ်းမွန်ကို၊ သူမွန်ဆုံးဖြတ်၊ နီတဘ်နေယျတ်၊သိမှတ်ဆန်းကြယ်၊ထုံးနည်းနယ်လျှင်၊ မိပ္ပါယ်မတိမ်၊ မွေသိမ့်နက်နဲ၊ ရှုမရဲအောင်၊ ခက်ခဲရကား၊ အများအပြား၊ ထွေပြာဂန္ထန်၊ အု သည်းလှန်၍၊ လမ်းမှန်ဆုံးဖြတ်၊ နည်းပညတ်၌၊ မတတ်မမြင်၊ မကျွမ်းကျင်ပဲ၊ လူတွင်ပဏ္ဍိ၊ ကဝိအယောင်၊ ဟန်ဆောင်သသူ၊ဖြစ်လင့်မူကား၊ လောကူပမာ၊ ပုံပြင်ရှာလျှင်၊ တေဇာရောင်မြူး၊ ယုဂန်ဦးဝယ်၊ သောက်ရှူးအသွင်၊ လင်းလင်းထင်သား၊ မျက်ရှင်ပြည့်တန်၊ မဏိမွန်ကို၊ လမ်းစွန်တွေ့ငြား၊ ထိုယောက်ျား လျှင်၊ နည်းများ ဖိုးသင့်၊ ဉာဏ်ဖြင့်စာနာ၊ မသိရှာ၍၊ ဈေးမှာ လှည့်လည်၊ မုံ့သည်ထံပါး၊ လဲလှယ်စားသို့၊ တောသား ပလောင်၊ မြိုင်ချောင်ခိုဝင်၊ ချင်းကရင်လည်း၊ လူတွင်ကောင်းမြတ်၊ သုံးဆောင်လတ်သည့်၊ ထောပတ်ဆီဦ၊ မခုချိုမြိုက်၊နှစ်မခြိုက်သို့၊တော၌ပျော်ရွှင်၊ဆဒ္ဒန်ဆင်ကို၊ စုံလင်တွေ့ထူး၊ မမြင်ဘူးသည့်၊ လေးဦးပေါင်းစု၊ စက္ခုမစွမ်း၊ လူရည်နွမ်းသို့၊ ကြောင်းလမ်း မထင်၊ ပြစ်တင်မိုးဝါး၊ ယုံမှားသက်ာ၊ မိစ္ဆာသက်ဝင်၊ ဉာဏ်ဆန္ဒကျင်လိမ့်၊ ယခင်ကျမ်းမြတ်၊ နည်းဆုံးဖြတ်နှင့်၊ ပညတ်မူလ၊ ဓမ္မလက္ခဏာ၊ အရာရာဝယ်၊ ယုတ္တာယုတ္တိ၊ ကျွမ်းကျင်သိမူ၊ မဏိလျှံလက်၊ ပြည့်တန် မျက်ကို၊ ချိန်စက်ဖိုးကျ၊အနဂ္ဃဟု၊ မုချထင်ထင်၊ သိမြော်မြင်သို့၊ လူတွင်ယခု၊သုံးဆောင်ပြုသည့်၊ ဆီဦ ထောပတ်၊ ထူးမြတ် ရသာ၊ ပျားသကာကို၊ လွန်စွာမြိန်ရှက်၊ ကြိုက်နှစ်သက်သို့၊ မြိုင်နက်ခိုမှီး၊ ဆင်ပြောင်ကြီးကို၊ အမြီး ခြေလက်၊ နားရွက် နှာမောင်း၊ စွယ်ချောင်း သိမ်းရုံး၊ ကိုယ်လုံး ဖြူဖြူ၊ မြင်ဘူးသူတို့၊ ပုံတူမကွဲ၊ ရှိစမြဲတည့်၊မလွဲမှန်စွာ၊ ထိုကြောင့်သာလျှင်၊ သုတာမယ၊ ဉာဏတက်သစ်၊ ဥစ္စာနှစ်ကို၊ မလစ်စေမူ၊ ရှာမှီးစုသည့်၊ စတုဝံသာ၊ မျိုးလေးဖြာတို့၊ ဤစာ ဉာဏ်မျိုး၊ တန်းခိုးမမှိန်၊ ရောင်ရှိန်ငွါးငွါး၊ ပတ္တမြားကို၊ ရွှေနားသိဂ်ီ၊ နာရဏီဝယ်၊ ဉာဏ်လက်သွယ်ဖြင့်၊ ဆန်းကြယ် ပြုပြင်၊ ဖန်စီရင်၍၊ ကြည့်ရှုင်နေ့ည၊ ဆင်ကုန်ကြလော့၊ ပေါ်စထွန်းသစ်၊ ကျေးဇူးနှစ်ကို၊ မှတ်ရစ်စိမ့်ငှါ၊ ပညာအသျှု၊ ကုသိုလ်မူသည်။ ။ဆုယူဗောဓိ-ရွှေဉာဏ်တည်း။

ကျမ်းပြီးနိဂုံး လင်္ကာ

အောင်မှူးမင်္ဂလာ၊ မြိမ့်မြိမ့်သာစိမ့်၊ သပြေညာတိုက်၊ ဇေယျာသိုက်ဖြင့်၊ မကိုင်မြန်ဘောင်၊ ကြွင်နှန်းထောင်သည်၊ ကုန်းဘောင်မန္တာထ်၊ ဆေးတော်မြတ်မှ၊ နေနတ်နွယ်ပွင့်၊ ဆယ်ကြိမ်ဆင့်လျက်၊ စုံတင့်သမ္ဘာ၊ မုံရင့်မာ၍၊ ရိက်ရာတော်ဆက်၊ စောဘုန်းတက်လျှင်၊ ရံလကျာနေ၊ ညာမဟေနှင့်၊ အောင်ဘိသေပန်း၊ ဗွေသပန်းဝယ်၊ ရေဖျန်းခံယူ၊ စံတော်မူသည်၊ ဇမ္ဗူလုံးဖျား၊ မင်းနှစ်ပါးတို့၊ ပွားကုသိုလ်တော်၊ မန်းမြို့ပေါ်မှာ၊ လှံ့ကျော်ဝေးနီး၊ တိုက်တော်ကြီးတွင်၊ သင်မှီးကျမ်းဂန်၊ အတန်တန်ကို၊ ပြန်လှန်ရှုရှု၊ ဓာရဏကြောင့်၊ ပဌမမဏ္ဍိ၊ ဂုဏ်ထူးရှိသား၊ ဇာတိမညီး၊ ဆင့်ဆင့်တိုး၍၊ ရှေးရိုးပညတ်၊ ကျေပွန်နှစ်အောင်၊ အပတ်တကုတ်၊ အားအန်ထုတ်၍၊ လောကုတ်လောကီ၊ ကျမ်းထိုဤကို၊ ပါရမီအခြေ၊ ဖြစ်ပါစေဟု၊ သေခွေ သိပ်သည်း၊ ရှေးထုံးနည်းကို၊ နိဿယည်းမှန်ပု၊ နှိုင်းတန္တုဖြင့်၊ ဥဒါဟရဏ်၊ ဉာဏ်စွယ်စုံကို၊ ဂုဏ်အဆီပြ၊ နိဂြောဓ-ဟု၊ နာမရှန်းစို၊ မထေရ်ပျိုလျှင်၊ ပုဂ္ဂိုလ်အကျော်၊ ဆရာတော်ဟု၊ ထင်ပေါ်ကြေညာ၊ သုဓမ္မာဝယ်၊ သိင်္ဂါရောင်ချိပ်၊ ဘွဲ့ရွှေလိုင်နှင့် တံဆိပ်ခတ်ခံ၊ မင်းစံရောင်မြူး၊ ဂုဏ်နံ့ကျူးသည့်၊ ဆူးခါးဆရာတော်၊ သောင်းရစ်ကျော်သား၊ အဟော်အစ္စရိ၊ ဂုဏ်သိဒ္ဓိကို၊ နှံ့သိမြန်ခွင်၊ ကျေးငှက်ရှင်ထံ၊ နည်းနာခံယူ၊ စက်ပုံအစုံ၊ ရွှေပဒုံကို၊ ထိပ်မှုံပန်ဆင်၊ ရှိဦးတင်၍၊ သင်ကြားပြီးကာ၊ ဤကျမ်းစာကို၊ စွမ်းပါသမျှ၊ ပြစ်မရှအောင်၊ ကျနဝိပြင်၊ စက်ပုံတင်သည်၊ ဝေဒင်ဝေါဟာ၊ သက္ကရာမူ၊ ဓမ္မာဆုည၊ တိကေတွင်၊ မာသပြိသာ၊ ဝိသာခါမှတ်၊ နက္ခတ်အချိန်၊ မာဃဝိန်လျှင်၊ မနိန်စိတ်၌၊ နိုးဆော်ကြိုက်၍၊ သိုက်မြိုက်စီရင်၊ ပြီးအောင်မြင်သည်၊ ဆင်ခြင်ရှေ့ရှု၊ ကြွခဲ့ကြမ်ရှု၍၊ သာဓု-သာဓု-ခေါ်စေသောင်။

သုမနဝံသာဘိဓဇ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဆူးခါးဆရာတော်ဘုရားကြီး၏ ဓမ္မနန္ဒဝါသိက (ဦးနိဂြောဓ) အသျှင် တည်းဖြတ် သုတ်သင် ကြီးကြပ်ပြင်ဆင်သည်။

ဤတွင်ရွှေ ဝိနယသမုဟာ ဝိနိစ္ဆယကျမ်း တတိယတွဲ ပြီး၏။

ဗဟုသုတ များလိုပါလျှင်
အောက်ပါ ကျမ်းစာအုပ်များကို ဖတ်ပါ

မြဝတီဆရာတော် ရေးသားတော်မူသော

ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီး

★

ပဋ္ဌာကထာနကျမ်း

နှင့်

ဘုမ္မိပုဂ္ဂလ ဘေဒကျမ်း

★

ဘကြီးတော်ဘုရား လက်ထက်
မှန်နန်းတော်–နန်းမစနဲဆောင်၌ ရေးသားခဲ့သော

မှန်နန်းရာဇဝင်တော်ကြီး

ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊

အထက်ပါ စာအုပ်များကို အောက်ပါ ဌာနတွင်
ဝယ်ယူ ရရှိနိုင်ပါသည်၊

ဒေါ်ဖွားခင် (နှင့်-မောင်)ကိုလှမောင်
ရန်ကုန်-မန္တလေး ပိဋကတ်စာအုပ်ဆိုင်
ဈေးချို စိရုံ-အမှတ်(၂-၃)
မန္တလေး။

ဦးလှမောင်–ဒေါ်မိမိ၊
မိဘဂုဏ်ရောင်-စာအုပ်ဆိုင်
ဈေးချို စိရုံ-အမှတ် (၁၁-၁၂)
မန္တလေး။